
www.burmeseclassic.com

မဂ္ဂဇင်း

အမှတ်-၂၁၀ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## သဗ္ဗသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသော ဥတ္တိ၊ သဗ္ဗ သတ္တုန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဥပဒ္ဒဝန္တရာယော၊ ဂစ္ဆအမှုမှိ ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိနေထိုင်သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ပိုင်းဝန်းဖယ်ရှား။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရသိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရှည်သန်လျက် . . .

လပြည့်ဝန်း မဂ္ဂဇင်း

အမှတ် (၂၁၁)၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ

www.burmeseclassic.com

www.burmeseclassic.com




# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဦးပိန်တံတားမှသည် တောင်မင်းကြီးဘုရားဆီသို့ . . . . . . | မင်းဂုဏ် | ၅ |
| ၂။ | တောင်းသောဆုနှင့် ပြည့်ဝစေနိုင်သည့် ပုဂံပြည့်ငါးပြည့် အမိဋ္ဌာန် . . . . . . . . . . . . . . . . | တက္ကသိုလ်မျိုး | ၁၆ |
| ၃။ | ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်မှတ်တမ်း . . . | ဒေါ်ကြည်ကြည်မြ(မြန်အောင်) | ၂၅ |
| ၄။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ မိမိကိုယ်ကို သုံးသပ်ရန် သမ္မသန တရားတော် . . . . . . . . . . . . . . . . . . . . . . | ဓမ္မဒါန | ၃၇ |
| ၅။ | ကျွန်တော်သိသော ရွှေစည်းခုံဘုရားစေတီများ | ဆွေမြင့်သူ(ကြေး/မြေ) | ၄၄ |
| ၆။ | နေကောင်းရဲ့လား . . . . . . . . . . . . . . . . . . . . . | ယောဆရာတော် | ၅၀ |
| ၇။ | မိုးကောင်းဘုရား ငါးဆူနှင့် မဟာမုနိရုပ်ပွားတော် . . . . . . . . . . . . . . . | ဗေဒသုတေသီဆရာမျိုး | ၅၆ |
| ၈။ | ကြခတ်ဝါးရုံပမာ ရုပ်တကျော . . . . . . . . . | ဓမ္မဒူတ အရှင်ပညာဇောတ | ၆၄ |
| ၉။ | ထူးမှထူး . . . . . . . . . . . . . . . . . . . . . . . . | အရှင်ဆန္ဒာမိက | ၇၀ |
| ၁၀။ | အာဖဂန်နစ္စတန်မှ ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်များ . . . . . . | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု) | ၇၆ |
| ၁၁။ | တို့ပြည် တို့ရွာပါအေ့ . . . . . . . . . . . . . . . . . . . | မောင်ဆွေမွန် | ၈၉ |
| ၁၂။ | တောင်ယာဖျက်သည့် အဖျက်ကောင် . . . . . . . . . | မြင့်မိုရ်သွေးသစ် | ၉၃ |
| ၁၃။ | မင်းခေါင်းကို ပစ်ထည့်လိုက်မှာနော် . . . . . . . . . . . | ခိုင်ဇော်(ဒသန) | ၉၈ |
| ၁၄။ | ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား . . . . . . . . . . . . . | ရှင်ပုန်းမို | ၁၀၅ |
| ၁၅။ | အိန္ဒိယနိုင်ငံမှ မြွေဟောက်များ . . . . . . . . . . | Mariner လှဦး | ၁၀၉ |
| ၁၆။ | အနောက်နန်းမတော် မမြကလေး . . . . . . . . . . . . . | ရွှေတိုက်စိုး | ၁၂၀ |
| ၁၇။ | ငယ်ဘဝသို့ တမ်းချင်း . . . . . . . . . . . . . . . | သစ္စာဦး(ဇေယျာမြေ) | ၁၂၂ |
| ၁၈။ | ခုတိုင် ကျောချမ်းမိပါရဲ့ . . . . . . . . . . . . . . . . . | မြင့်နိုင်(ဟသ်ာတ) | ၁၂၇ |
| ၁၉။ | ယုံကြည်သော မြေလှမ်းများ . . . . . . . . . . . . . . . | စောမဉ္ဇူ(ဖျာပုံ) | ၁၃၂ |
| ၂၀။ | လွတ်မြောက်သွားတဲ့လူ . . . . . . . . . . . . . . | ဆွေလင်း(အောင်မြေ) | ၁၃၈ |
| ၂၁။ | အန္တရာယ်သူလျှို . . . . . . . . . . . . . . . . . . . . . . | နေမထူး | ၁၅၁ |
| ၂၂။ | ခွေကဗျာ အိပ်မက်ကမ္ဘာထဲက ဘော်ငွေရောင် ပုလဲပန်းများ . . . . . . . . . . | ကိုကြီးစော(သာပေါင်း) | ၁၆၂ |
| ၂၃။ | လူဝင်စားအဘွား ဒေါ်ထွား . . . . . . . . . . . . . . . . | စံကေတု | ၁၇၀ |
| ၂၄။ | ကြုံဖူးတယ် ထိုက္ခူးတယ် . . . . . . . . . . . . . . . . . . . | ရိရိငွေး | ၁၇၉ |
| ၂၅။ | လှည့်ဖြားရက်တဲ့ နဖူးစာကံရယ် . . . . | အောင်ကြည်သန်း(ဖောင်တော်သီ) | ၁၈၆ |
| ၂၆။ | သည်လူနဲ့ သည်ကံ . . . . . . . . . . . . . . . . . . . | ကိုချမ်း(ဆေး-၂) | ၁၉၆ |
| ၂၇။ | သတိထားရမည့် နာမည်ပညတ်များ . . . . | ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) | ၂၀၁ |


BURMESE CLASSIC .com


www.burmeseclassic.com


www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၈။ | မာလာဆောင်က နန်းနွဲ့နွဲ့ | စိန်ဝင်းမော် | ၂၀၈ |
| ၂၉။ | မြိုင်သာယာမှ ကျိန်စာရှင် | ဘိုဘို(ရွှေကံကူ) | ၂၁၀ |
| ၃၀။ | မိုင်တိုင်အမှတ် (×××) | ကောင်းစံဟိန်း(ဖန်နေဝန်း) | ၂၁၉ |
| ၃၁။ | ဗုဒ္ဓပစ္စည်း ဖျက်ဆီးမရ မရဏာ | မင်းတိုင်ပင်(မြရောင်မြေ) | ၂၂၅ |
| ၃၂။ | မုသားကျိန်စာ ဆိုခဲ့ကြသူများ | မောင်ရဲလေး(ဟသ်ာတ) | ၂၃၁ |
| ၃၃။ | နမ္မဒါမြစ်ရေပြင်မှာ | ခက်နွယ် | ၂၃၄ |
| ၃၄။ | ဒေါ်သ စေတသိက် | မာမက(သုတေသီ) | ၂၃၉ |
| ၃၅။ | ရှိလျက်နှင့် မရှိ | အရှင်ဉာဏဝရ(သာပေါင်း) | ၂၄၁ |
| ၃၆။ | သောက်လေသောက်လေ ငတ်မပြေ မိုးခါးရေ | ဉက္ကာဝင်းကျော် | ၂၄၄ |
| ၃၇။ | အတောင်ကျိုး ကြိုးကြာငှက်အိုကြီး | သာစည်အောင်တင် | ၂၄၆ |
| ၃၈။ | မြေကြီးက ရွှေသီးစေချင် | တွန်းအားရှင် | ၂၄၈ |
| ၃၉။ | မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ဝေးသူ | နိုင်မြင့်ဆွေ(တောင်စွန်း) | ၂၅၂ |
| ၄၀။ | သဒ္ဓါထက်၍ ပတ္တမြားအဆက်ခံရသူ | မောင်ချစ်ညို(ပဲခူး) | ၂၅၆ |
| ၄၁။ | စကားသုံးခွန်း | အောင်ကျော်ခိုင်(ဓေဒ) | ၂၅၉ |
| ၄၂။ | ဂျူနိဦးစော၏ နောက်ဆုံးစာနှစ်စောင်နှင့် နောက်ဆုံးနေ့ | နေဝန်းနီ | ၂၆၂ |
| ၄၃။ | နဝရတ် သျှတ္တရဂမ္ဘီရ | ဆရာဦးခန့်ကျော် | ၂၆၇ |
| ၄၄။ | ကျွန်တော့်ဘဝ ကောက်ကြောင်း | ညွန့်မောင်ဦး | ၂၇၁ |
| ၄၅။ | မုဆိုးနှင့်သားကောင် | လှမိုး(ပညာရေး) | ၂၇၉ |
| ၄၆။ | မြ | စိန်ဝင်းမော် | ၂၈၃ |
| ၄၇။ | အမ်ဗီ မာန်အောင်သင်္ဘောပေါ်မှ စာတ်ဆရာ ဦးဦးသာ | အနောက်တံခါးမှူးမောင်မှူး | ၂၈၅ |
| ၄၈။ | ရှေးခေတ် အင်းတော်ကြီးမှ အမှတ်တရများ | ခင်ခင်အေး | ၂၈၉ |
| ၄၉။ | ထမင်းတစ်စလောင်း ယာဂုတစ်ဇွန်း | ဆင်ဖြူကျွန်းအောင်သိန်း | ၂၉၂ |
| ၅၀။ | သုတစုံဖြာ ဤကမ္ဘာ | ပိုးဩရွှေလမင်း၊ မောင်ကောင်းယဉ် | ၂၉၆ |
| ၅၁။ | ကိုယ်ဝန်ဆောင်များနဲ့ ဓာတ်စာကုထုံးတွေ | ဒေါ်နေနေနိုင်ရည်(တိုင်းရင်းဆေးပညာ) | ၃၀၄ |
| ၅၂။ | အဖုအကျိတ် ပျောက်တဲ့ဆေး | ဦးကျွန်းဆိုင်(သန်လျင်တောရ၊ ဓမ္မသုတေသီ) | ၃၀၅ |
| ၅၃။ | ရှေးဆရာတော်တို့၏ ဆေးအလင်္ကာ | ဆန်းဝင်း(အောင်မြေ) | ၃၀၈ |
| ၅၄။ | ဆီးချိုရောဂါရှင်များအတွက် သင့်လျော်သည့် အစားအစာများ | ရီရီငွေ | ၃၁၀ |
| ၅၅။ | ဆီးလမ်းကြောင်း ရောဂါများ | တော်မြင့်(ငှက်ဖျား) | ၃၁၃ |


BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၅၆။ ဖို့မ ဆက်ဆံရေး ဘေးပန်းဆိုးကျိုးဖြစ်စေသော
ဆေးဝါးများ ...................... **လှတိုး(စိတ်ပညာ)** ၃၁၆

၅၇။ အာဒက်ဆိုင့် ဒုက္ခ ................ **မောင်မိုး(ပုလဲမြို့သစ်)** ၃၂၀

၅၈။ ပစ်မှတ်မှားတဲ့ အဘွား .................. **စောနိုင်ထူး** ၃၂၃

၅၉။ ပြုံးချင်စရာ ဟာသများ.................. **နီကြည်ကို** ၃၂၇

၆၀။ ကာတွန်းကဏ္ဍ ..... **ငွေနေ၊ မုဒုံအိမ်ဂျယ်၊ ကျော်မြို့လွင်၊ လင်းထူးဇော်** ၃၂၉

၆၁။ ပြုံးရယ်ရယ်ဟား ဟာသများ............... **ကလောင်စုံ** ၃၃၃

၆၂။ အောင်မေတ္တာစိတ် ကုသိုလ်ဟိတ်
ပရိတ်တော်များ ရွတ်ကြစို့ ................ **မင်းကြော့ရှိန်** ၃၃၅

၆၃။ ဥစ္စာစီးပွား ကြီးပွားတိုးတက်ကြောင်း ဂါထာ ....... **မောင်သိဒ္ဓိ** ၃၃၇

၆၄။ ချစ်သူ အိမ်ထောင်ဖက် ဆိုးလွန်းနေလျှင် .... **အောင်လံထူးဆရာဟိန်း** ၃၃၉

၆၅။ ညို နီ ဝါ သုံးရောင်ခြယ် ပယင်းကျောက် ........ **စိန်နုဝရုတ်** ၃၄၀

၆၆။ ထူးထူးခြားခြား "လေး"ဂဏန်းများ.......... **ဦးအေးကို(ယမုံနာ)** ၃၄၂

၆၇။ ရာဟုဖြတ် အမှောင်ကာလများ .......... **မင်းဟန်(သန်လျင်)** ၃၄၄

၆၈။ ပန်းချစ်သူများအတွက် ပန်းယတြာ ..... **အောင်ဘုန်းမြင့်(ကချင်မြေ)** ၃၄၆

၆၉။ ခမည်း ဘယ်လိုပေးမှာလဲ ................ **ဂမ္ဘီရဆရာပွင့်** ၃၄၉

၇၀။ ပြိုင်သူတကာ အနိုင်ယူမှာ .................. **အဂ္ဂမျိုး** ၃၅၀

၇၁။ ဗြိတိန်နိုင်ငံ ကိန်းဘရေ့ချ်မြို့စား
ရင်သွေး ဘာလေးလဲ ................ **ဆရာဦးအောင်မြိုင်** ၃၅၂

၇၂။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ခုနစ်ရက်သားသမီးများအတွက်
ဟောစာတမ်းနှင့် ယတြာ........... **ဦးညွန့်လှိုင်(ကြို့ပင်ကောက်)** ၃၅၃

၇၃။ ၂၀၁၃ ခုနှစ်၊ ရာသီခွင်နှင့်
ဇူလိုင်လ ဟောကိန်းများ ................ **ဆရာဦးသန့်ကျော်** ၃၅၆



**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

**စီစဉ်သူ**
ညာဏ်ပွင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ

**အယ်ဒီတာအဖွဲ့**
မောင်မောင်မြတ်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**
ဆန်းထွန်း၊ ၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုးအေ
စိုးမြင့်လေး၊ စကျွ၊ ရဲရင့်နိုင်၊ ဒေါ်ဇော်ဇော်အေ

**အတွင်းပလင်**
ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင်

**အထွေထွေ**
အောင်ဝင်းသန့်၊ အောင်အောင်

**မန္တလေး**
ထွန်းဦးစာပေ

**အုပ်ရေ**
၁၀၀၀

**စျေးနှုန်း**
၂၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com




ဦးပိန်တံတားမှသည်

# တောင်မင်းကြီးဘုရားဆီသို့

မင်းဂုဏ်

စစ်ကိုင်းတောင်မှ ဆင်းခဲ့ကြပြီးနောက် နေ့လယ်စာ စစ်ကိုင်းတွင်ရှိသည့် ပန်းဝါ စားသောက်ဆိုင်တွင် စားသောက်ခဲ့ကြသည်။ ထိုမှဆက်၍ ရောဝတီတံတား (ရတနာပုံ) တံတားသစ်ကြီးကိုဖြတ်ကာ အမရပူရဘက်သို့ ကူးခဲ့ကြသည်။

"အမရပူရ" မှာ ပါဠိစကားဖြစ်ပြီး မြန်မာဘာသာအား "သေခြင်းကင်းသောမြို့" ဟု အဓိပ္ပာယ်ရသည်။ မန္တလေး၏ တောင်ဘက်တွင်ရှိသဖြင့် ရှေးအခါက တောင်မြို့ဟု ခေါ်ခဲ့ကြပြီး ဒေသခံအချို့က ယခုတိုင် တောင်မြို့ဟု ခေါ်နေကြဆဲ ဖြစ်သည်။ မူလက ထီးပေါင်းကား (ထီးပေါင်းခ) ဟု ခေါ်ကြောင်း သိရသည်။

ဘိုးတော်ဘုရား ခေါ် ဗဒုံမင်းက ကောဇာသက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် စတင်တည်ထားခဲ့ရာ မြို့တည်နန်းတည်နှစ်ကို "ဦးအောင်လှူလှူ အမရ တည်ထ မြို့နှင့်နန်း" ဟူ၍လည်းကောင်း၊ "အင်းအိုင်ဝိုင်းလည် မြို့တော်တည်၊ ရွှေပြည် အမရ" ဟူ၍လည်းကောင်း အက္ခရာနေ့နံသင့် ကိန်းဂဏန်းဖြင့် မှတ်သားထားသည်။ မြန်မာရက်စဉ်သမိုင်းအရ ၂၁. ၁၀. ၁၇၈၂ ခုနှစ်တွင် စတင်တည်ခဲ့ကြောင်း သိရသည်။

မြို့သစ်တည်ဆောက်ပြီးနောက် မြို့တော်ကို အမရပူရ၊ နန်းမြို့ကို မြနန်းဘုံစံ၊ နန်းတော်ကို အောင်နန်းစံရာ ဟူ၍

www.burmeseclassic.com

www.burmeseclassic.com

အမည်ပေးခဲ့သည်။ ဗဒုံမင်း ခေါ် ဘိုးတော်ဘုရားသည် အမရပူရ၌ (၃၇)နှစ်ကြာ ထီးနန်းစိုးစံခဲ့သည်။ သာယာဝတီမင်းလက်ထက် အေဒီ ၁၈၃၇ တွင် ဒုတိယအကြိမ် နန်းတည်ခဲ့သည်။ ဘိုးတော်ဘုရားမှသည် မင်းတုန်းမင်းအထိ မင်းဆက်ငါးဆက် စိုးစံခဲ့သဖြင့် နန်းသက်အားဖြင့် (၇၇)နှစ်မျှ သက်တမ်းကြာမြင့်ခဲ့သည်။

အင်းဝမြို့မှ မြောက်ဘက် ခြောက်မိုင်အကွာ မန္တလေးမြို့အလယ်မှ တောင်ဘက် ငါးမိုင်အကွာခန့်တွင် တည်ရှိပြီး တောင်သမန်၊ တောင်ပြုံး၊ တောင်ကျည်း၊ တောင်မြင့် ဟူသော တောင်လေးလုံး ခြံရံ၍ တောင်သမန်အင်း၊ ဒုဋ္ဌဝတီ (မြစ်ငယ်မြစ်)၊ တက်သေးအင်း၊ အောင်ပင်လယ်ကန်၊ ဇောင်းကလောကန်၊ ကြူဝန်းဆည်၊ ဧရာဝတီမြစ်တို့ဖြင့် ဝန်းရံထားသည်။ အေဒီ ၁၇၈၂ ခုနှစ်တွင် စတင်ခဲ့ပြီး ခုနစ်လတိုင်တည်ဆောက်ခဲ့ကာ အေဒီ ၁၇၈၃ ခုနှစ်တွင် ထီးနန်းစိုက်ခဲ့ကြောင်း သိရသည်။

အမရပူရမြို့တွင် ဘကြီးတော်၏ ပုထိုးတော်ကြီးဘုရား၊ တောင်သမန်၊ ကျောက်တော်ကြီးဘုရား၊ တောင်သမန်အင်း၊ ဦးပိန်တံတား၊ ရတနာ့ဂူဘုရား၊ ဆောင်းဒါးရက်ကန်းကျောင်း၊ မဟာဂန္ဓာရုံကျောင်းတိုက် စသည်တို့မှာ ထင်ရှားသော နေရာများဖြစ်သည်ဟု ဆိုသည်။

တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့မှာ လွန်စွာပင်ပန်းတင့်သည့် ဆွဲဆောင်မှုရှိသော သဘာဝမြင်ကွင်းကျယ်တစ်ခုပင်ဖြစ်ရာ အမရပူရတွင် ခရီးသွားများ အထူးစိတ်ဝင်စားကြသည့် အဓိကနေရာများပင်ဖြစ်သည်။

တောင်သမန်အင်းသည် အမရပူရမြို့၏ အရှေ့ဘက်တွင်ရှိပြီး ကုန်းဘောင်ခေတ်ကပင် ထင်ရှားသော အင်းကြီးဖြစ်သည်။ ထိုတောင်သမန်အင်း၏ တောင်ဘက်တွင် တောင်သမန်ရွာ ရှိသည်။

ဦးပိန်တံတားသည် တောင်သမန်အင်းကိုဖြတ်လျက် တည်ဆောက်ထားသော သစ်သားတံတားဖြစ်ပြီး ကမ္ဘာပေါ်တွင် အရှည်ဆုံးသော သစ်သားတံတားဟု အဆိုရှိကြောင်း သိရသည်။ ဦးပိန်တံတား တည်ဆောက်ချိန်ကို "အင်းကအော်အာ ဆောက်လုပ်ကာ၊ အင်းကအော်ညီး ဆောက်လုပ်ပြီး" ဟူ သော နေ့နံသင့်ကိန်းဂဏန်း မှတ်သားချက်အရ မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ် ခရစ်နှစ် ၁၈၄၉ တွင် တည်ဆောက်ခဲ့ပြီး ၁၂၀၃ ခုနှစ် (၁၈၅၁) ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်ဟု ဆိုသည်။

ပုဂံမင်းလက်ထက် မြို့စာရေးဦးပိန်က တည်ဆောက်ခဲ့သဖြင့် ဦးပိန်တံတားဟု ခေါ်တွင်ခဲ့သည်။ တံတားကို လှိုင်းဒဏ် လေဒဏ်ခံနိုင်ရန် ဖြောင့်တန်းစွာမဆောက်ဘဲ တောင်ဘက်သို့ ဦးမော့လျက် ကွေ့ဝိုက်တည်ဆောက်ခဲ့သည်။ တိုင်များမှာ မြေဝင်တစ်ရပ်တစ်သူ (လက်ခုပ်တစ်ဖောင် သို့မဟုတ်



တံတားပေါ်တွင် တွေ့ရသည့် ဇရပ်သစ်တစ်ဆောင်



တောင်သမန်အင်း ရှုခင်းမြင်ကွင်း

၇ ပေခန့်)ရှိပြီး မြေဝင်တိုင်ခြေဖျားကို ထူးနှစ်ချက်ခတ်ကာ ဝရန်တာနှစ်ဖက် ကာရံလျက် အခင်းသုံးလွှာ ခင်းထားသည်။ ဤသို့ တည်ဆောက်ခဲ့ပုံကို "မြေဝင်တစ်သူ၊ ထူးမှုနှစ်ချက်၊ နှစ်ဖက်ဝရန်တာ၊ ခင်းသုံးလွှာနှင့်" ဟု ရေးမှတ်ထားသည်။

"နဝအင္ဂ ဇယမောင်ပိန်"ဟု မှတ်သားထားချက်အရ ဦးပိန်တံတား တည်စက တိုင်ပေါင်း ၉၈၄ တိုင် ရှိကြောင်း သိရပြီး နောင်တွင် တံတားထိပ်နှစ်ဖက်ရှိ အုတ်တံတားကို ဖြုတ်ကာ အသားတံတား အစားထိုးဆောက်လုပ်ခဲ့သဖြင့် တံတားတိုင်များ တိုးလာခဲ့သည်။ တံတားပေါ်၌ ဇရပ်လေးဆောင် ဆောက်လုပ်ထားပြီး ဘုရင့်စစ်လှေနှင့် ပြည်ကြီးမွန်ကဲ့သို့သော ဖောင်တော်များ လွယ်ကူစွာ ဖြတ်သန်းနိုင်ရန် ဖောင်ကြောင်း ကိုးကြောင်းကို ထည့်သွင်းထားသဖြင့် တိုင်ပေါင်းမှာ ၁၀၈၆ တိုင်ရှိသည်။

ဒုတိယကမ္ဘာစစ်အတွင်းက တောင်သမန်အင်းတွင် ရေကြီးသဖြင့် တံတားကြီး နစ်မြုပ်သွားခဲ့ရာ တိုင်အချို့ပြုတ်ထွက်ကာ အခန်းအချို့လည်း ပျက်စီးသွားခဲ့သည်။ ထိုအပျက်





www.burmeseclassic.com

www.burmeseclassic.com

အင်းများကို တောင်သမန်ရွာနေ အမရပူရ အမတ်ဦးဘသီက၊ ပြန်လည်ပြုပြင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင်လည်း ရေကြီးခဲ့ပြန်သဖြင့် အခန်း (၈၀)ကျော် ရေမျောသွားခဲ့ရာ မဟာဂန္ဓာရုံ ဆရာတော်ကြီးနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ပြည်သူအများ စုပေါင်းကာ ပြင်ဆင်ခဲ့ကြကြောင်း သိရသည်။

တံတားတည်ဆောက်ခဲ့သူ မြို့စာရေးဦးပိန်သည် ပုဂံမင်း၏ အိမ်တော်ပါ မင်းမှုထမ်းတစ်ဦးဖြစ်၍ ဘုရင်မင်းမြတ်နှင့် အကျွမ်းတဝင်ရှိသည်။ သို့ဖြစ်၍ မိုးကာလတွင် တောင်သမန်ရွာနေ လူအများ သွားလာရေး အဆင်ပြေစေရန်ဟူသောအကြောင်းပြချက်ဖြင့် ပုဂံမင်းထံ ခွင့်တောင်းလျက် စစ်ကိုင်း၊ အင်းဝ၊ နန်းတော်၊ အိမ်တော်များမှ သစ်သားဟောင်းများကို စုဆောင်းပြီး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

အချို့ ရာဇဝင်သမိုင်းများအဆိုအရ ဦးပိန်သည် မြို့ဝန်ဘိုင်ဆပ်၏ တပည့်ဖြစ်ပြီး အမရပူရ ထီးနန်းအား တောင်သမန်အင်း တစ်ဖက်ကမ်းရှိ ဘိုင်ဆပ်၏လူများ အလွယ်တကူဝင်ရောက်သိမ်းယူနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မြို့ဝန်ဘိုင်ဆပ်၏ အလိုကျ ပြည်သူတို့အား နှိပ်စက်မင်းမူခဲ့သည်ဟု ဆိုသည်။

မြန်မာသက္ကရာဇ် ၁၁၁၃ ခုနှစ် သီတင်းကျွတ်လတွင် ဘိုင်ဆပ်နှင့်အတူ အကျဉ်းကျနေသော မိနှစ် ဆိုသူအား လွှတ်ကာ နန်းတွင်း၌ ခစားစေခဲ့ရာ ငွေဖလားခိုးယူမှု ဖြစ်ခဲ့သည့်အပြင် အနောက်ဆောင်သို့ အခွင့်မရှိဘဲ ဝင်ထွက်၍ အစဉ်အလာ ချိုးဖောက်သည့်အမှုများ ပေါ်ခဲ့သည်။ သို့ဖြစ်၍ ဦးပိန်အား မြို့ဝန်ဘိုင်ဆပ်၊ တံခါးနီမှူး ရွှေဘော်၊ ဈေးကောင်း ငမှုန်တို့နှင့်အတူ ကွပ်မျက်ခဲ့သည်ဟု ဆိုသည်။



တောင်သမန်အင်းနှင့် ဦးပိန်တံတားမြင်ကွင်း



ဥတ်သမှုန်အပျော်စီးအဖွဲ့နှင့် လိုက်ပါသွားသည့် ဉာဏ်ပွင့် (စက်မှု)

ယခင်က တောင်သမန်အင်းစောင်းတွင် ခရီးသွားများ အပန်းဖြေနားနေနိုင်သည့် မယ်ဇယ်(မည်စည်)ပင်တန်းကြီး ရှိသည်။ ယခုကဲ့သို့ ဈေးဆိုင်ဈေးတန်းများ စည်ကားခြင်း မရှိသေးသဖြင့် မယ်ဇယ်ပင်တန်းကြီး၏ အေးမြသည့် အရိပ်အာဝါသ၊ တောင်သမန်အင်းကြီး၏ ရေပြင်ကျယ်နှင့် ရှည်လျားလှသည့် ဦးပိန်သစ်သားတံတားကြီးတို့၏ ရှုတိုင်းသာစွ သဘာဝပန်းချီကားပမာ မြင်ကွင်းအလှ ပသာဒကို ခရီးသွားများ စိတ်ချမ်းမြေ့ဖွယ် ခံစားနိုင်ခဲ့ကြသည်။

ထိုမယ်ဇယ်ပင်တန်းကြီးများကို ခရစ်နှစ် ၁၈၇၅ ခုနှစ်ခန့်က ရေချမ်းဒကာကြီး ဦးကြီး+ဒေါ်အိုတို့က စိုက်ပျိုးခဲ့ပြီး မူလက မယ်ဇယ်ပင် အရေအတွက် ၁၀၃ ပင် ရှိခဲ့သည်ဟု ဆိုသည်။ နောက်ပိုင်းတွင် ၉၅ ပင်သာ ရှိခဲ့ရာ အမရပူရ တောင်သမန်အင်းမြောက်ဘက် လင်းဇင်းတံတားနှင့် ဦးပိန်တံတားအကြားတွင် တည်ရှိသည်ဟု သိရသည်။ ယခုအခါတွင်မူ တိုးတက်စည်ကားလျက်ရှိသည့် ဈေးဆိုင်ကနားများ၏ လွှမ်းမိုးကြီးစိုးမှုကြောင့် မယ်ဇယ်ပင်တန်း၏ သဘာဝအလှမြင်ကွင်း ပသာဒတို့မှာ မှေးမှိန်လျက်ရှိသည်ဟု စာရေးသူ ခံစားမိသည်။

ဘုရားဖူးခရီးသွား ယာဉ်ကြီးများ ပေါင်းဆုံမိကြသဖြင့် တောင်သမန်အင်းစောင်းရှိ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ဖွယ်အရောင်းဆိုင်များမှာ ပျားပန်းခပ်မျှ စည်ကားလျက်ရှိသည်။ စားသောက်ဆိုင်များတွင် စားသောက်ဖွယ်ရာများ ရောင်းနေရသည်မှာ လက်မလည်အောင်ပင် ရှိချေသည်။

ဤနေရာတွင် အချိန်ရကြသဖြင့် အခွင့်အရေးရခိုက် တောင်သမန်အင်းရေပြင်တွင် ၎က်သမ္ဗန်စီးကာ အပန်းဖြေလိုကြသူများက ၎က်သမ္ဗန်စီးရန် ကြိုးစားကြသည်။ ဤနေရာတွင်လည်း ၎က်စီးလိုသူ များပြားလှသဖြင့် ကြံရဖန်ရ ညှိနှိုင်းမှုများ ပြုနေကြရသည်ကို တွေ့ရသည်။

ဉာဏ်ပွင့်(စက်မှု)မှာ ၎က်စီးမည့်အဖွဲ့နှင့် ပါသွားသည်။ စာရေးသူတို့မှာမူ ၎က်စီးရန် ဆန္ဒမရှိသဖြင့် တံတားပေါ် သို့ တက်ခဲ့ကြသည်။ တောင်သမန်အင်း၏ ပတ်ဝန်းကျင်သဘာဝ

www.burmeseclassic.com



အစားထိုး ပြုပြင်ထားသည့် ကွန်ကရစ်တိုင်များနှင့် လက်ရန်များ








ဟောင်းနွမ်း ဆွေးမြည့်နေပြီ ဖြစ်သော ရှေးဟောင်း တိုင်များ

www.burmeseclassic.com

www.burmeseclassic.com







တောင်မင်းကြီး မြတ်စွာဘုရား


www.burmeseclassic.com

www.burmeseclassic.com

အလှကို ကြည့်ရှုခံစားရင်း [illegible]

[illegible]

[illegible] တိုင်လုံး [illegible] အခန်းအရေအတွက် ၄၈၂ ခန်း ဇရပ် [illegible] ရှိသည်ဟု တံတား





ဦးပိန်တံတား မြင်ကွင်းများ



ပေါ်ရှိ ဇရပ်တစ်နေရာတွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် မှတ်တမ်းရေးထိုးထားသည်ကို တွေ့ရသည်။

ယခုအခါ တံတားပေါ် တွင် အလှူရှင်များ၏ စေတနာ အလျောက် ထပ်မံတည်ဆောက်ထားသဖြင့် ဇရပ်ပေါင်း များစွာ ရှိနေပြီး ဇရပ်တိုင်းတွင် ခရီးသွားများ နားနေနိုင်ရန် ထိုင်ခုံများ ဆောက်လုပ်ပေးထားသည်။ အချို့နေရာ များတွင် သစ်သားတိုင်လုံးများ ပျက်စီးနေသဖြင့် အင်္ဂတေ ကွန်ကရစ်တိုင်များ အစားထိုးပြုပြင်ထားသည်ကိုတွေ့ရသည်။

တံတားပေါ်မှ ဆင်းခဲ့ကြပြီးနောက် စားသောက်ဆိုင် တစ်ဆိုင်တွင် နေရာလွတ်ရှိနေသည်ကို ကံကောင်းထောက်မ စွာ တွေ့လိုက်ရသဖြင့် ဝင်ထိုင်ဖြစ်ခဲ့ကြသည်။ စားသောက် ဖွယ် မှာယူရန် စဉ်းစားနေခိုက် အုန်းသီးစိမ်းများကို တွေ့မိ သဖြင့် စားပွဲထိုးအား အုန်းစိမ်းရည် မှာလိုက်ကြသည်။ အုန်း သီးအခွံ နွာပေးမည့်သူ လက်မအားသေးသဖြင့် အတန်ကြာ ထိုင်စောင့်နေကြပြီးမှ ထိပ်ဝလှပ်ထားသည့် အုန်းသီးနှ တစ်လုံးစီတွင် ပိုက်တပ်ကာ လာချပေးသည်။ ရေငတ်နေပြီ ဖြစ်ကြောင်း တောင်းဆိုလာသည့် ခန္ဓာ၏အလိုလိုက်ကာ ပိုက် တံကို အလိုက်သင့်စုပ်ရင်း အုန်းနှရည်ကို တစိမ့်စိမ့်သောက်နေ မိသည်။

စိတ်အစဉ်ကမူ ရှေ့တူရူတွင် မြင်နေရသည့် သက် တမ်း (၁၆၁)နှစ်မျှရှိကာ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော ဦးပိန်တံတားကြီးပေါ်သို့ အာရုံကျရောက်လျက်ရှိသည်။

နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်၊ အင်းရေတိုက်စားမှုဒဏ် တို့အပြင် ကိုယ့်အကျိုးစီးပွားအတွက်သာ ကြည့်တတ်သည့် မသမာသူတို့၏ ဒဏ်ကိုပါ ဤမျှ ကာလကြာရှည်စွာ ခံခဲ့ရ သည့် ကမ္ဘာကျော်သစ်သားတံတားကြီး အိုမင်းဟောင်းနွမ်း လျက်ရှိနေပြီကို တွေ့ရသည်မှာ သံဝေဂရဖွယ်ပင်။

ပြုပြင်သင့်သည့်နေရာများတွင် အစားထိုးပြုပြင်မှုများ ဆောင်ရွက်ထားသည်ကိုလည်း တွေ့ရသည်။ နောက်ထပ် လည်း ပြုပြင်ဖွယ်ရာ အမြောက်အမြား ရှိနေပေပြီ။ အချို့ နေရာများတွင် မူလပုံစံမပျက်စေရန် ထောက်မ ဖာထေး ပြုပြင်ထားရာ ထိုပြုပြင်ထားချက်များမှာ ကာလတိုအတွက် သာ အထောက်အကူ ဖြစ်နိုင်ပေသည်။

အစားထိုး ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လာရာ၌ ကွန်ကရစ်တိုင်များ ဘေးလက်ရန်းများပါ တပ်ဆင်ထားသဖြင့် သပ်သပ်ရပ်ရပ် ရှိနေသည်ကို တွေ့ရသည်။ ကွန်ကရစ်တိုင် များဖြင့် အစားထိုးခြင်းက ရေရှည်လည်း ခိုင်သည်။ ဤသို့ ဆိုလျှင် တစ်စုံတစ်ခုသော ကာလရောက်လျှင် ကျွန်းတိုင်များ၊ သစ်သားများအစား ကွန်ကရစ်ဖြင့် လုံးဝပြောင်းလဲ တည် ဆောက်တော့မည့် အနေအထား ရှိနေသည်။

ဘိုးဘွားများ လက်ထက်က ကမ္ဘာပေါ်တွင် အရှည်ဆုံး သော သစ်သားတံတား ဟူ၍ ခိုင်ခံ့ဂုဏ်ဆောင်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ဤဦးပိန်တံတားကြီးသည် ထိုကာလသို့ရောက်လျှင် ထိုဂုဏ်သတင်း ပျက်ယွင်းရပေတော့မည်။

သို့ဖြစ်၍ ထိုဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် တံတားကြီးကို အစားထိုးပြုပြင် မွမ်းမံရာတွင် မြန်မာနိုင်ငံ၌ ပေါများလှသည့် အကြမ်းခံ ရေစိမ်ခံသည့် သစ်မျိုးကောင်းမျိုးသန့်များဖြင့် ရှေးလက်ရာမပျက် အစားထိုးပြုပြင်တပ်ဆင် တည်ဆောက်သင့်သည်ဟု စာရေးသူ ယူဆမိသည်။

ဤကား စာရေးသူ၏ ပုဂ္ဂလိက ခံစားချက် ထင်မြင်ယူဆချက်သာ ဖြစ်သည်။ စာရေးသူထက် ပိုမိုတတ်ကျွမ်းနားလည်သည့် ပညာရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ ထည့်သွင်းစဉ်းစားနိုင်ရန် ရေးသားဖော်ပြခြင်းမျှသာပင်။

တံတားကြီးကို ကြည့်ကာ အတွေးရေလျှဉ်ကြောနစ်မြောခံစားရင်း တစိမ့်စိမ့်စုပ်ယူ သုံးဆောင်နေသည့် အုန်းဝိုင်းရည်မှာ ကုန်မှန်းမသိ ကုန်ခဲ့ပေပြီ။ ထပ်မံစုပ်ယူ၍ မရတော့သော ကုန်ပြီဖြစ်ကြောင်း သတိထားမိတော့သည်။ အတွင်း၌မူနုံးခြစ်သာသာ အုန်းသီးအသားနုနုလေးများ ကျန်ရှိနေသည်ကို တွေ့ရသဖြင့် စားသုံးလိုသည့် ဆန္ဒက ပေါ်လာခဲ့သည်။

ဤတွင် ဓနုဖြူမြို့ရှိ ကျိုက်ကလွန်ပွန်း စေတီတော်ကြီးအား သွားရောက်ဖူးမြော်ခဲ့စဉ်က စေတီတော် ပရိဝုဏ်အတွင်းရှိ ပေါ်တော်မူစေတီ သိတင်းသုံးတော်မူရာ သံဖြူကျောင်းတိုက်တွင် တည်ခင်းရောင်းချသည့် အုန်းသီးစိမ်းဆိုင်၌ အုန်းရည်သောက်ခဲ့သည်ကို ပြန်လည်အမှတ်ရမိလာခဲ့သည်။

ထိုစဉ်က အုန်းသီးတစ်လုံးကို အစမ်းသဘော ခွဲခိုင်းကာ သောက်ကြည့်ရာ လူနှစ်ယောက် ဝလင်စွာ သောက်ပြီးသည့်တိုင် ပိုနေသေးသည်။ အုန်းရည်မှာလည်း အလွန်ချိုသည်။


ထို့ပြင် သဘောကောင်းသည့် ဈေးသည်ဇနီးမောင်နှံက ဇွန်းခြစ်သာသာ အုန်းသီးဆံနုနုလေးများကို ဇွန်းနှင့်ခြစ်ကာ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ပေးလိုက်ကြသေးသည်။ အုန်းသီးဖိုးမှာ ငါးရာသာ ပေးခဲ့ရသည်။

[စကားချပ် - ကျိုက်ကလွန်ပွန်း စေတီတော်သို့ သွားရောက်ခဲ့သည့် ဘုရားဖူးခရီးသွားဆောင်းပါးကို "ကျိုက်ကလွန်ပွန်း တင့်ရှန်းဝေဆာ စေတီမဟာ" ခေါင်းစဉ်ဖြင့် ၂၀၁၂ ခုနှစ် ဧပြိုင်လထုတ် လပြည့်ဝန်းမဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။]

ယခုလည်း ထိုစဉ်ကကဲ့သို့ အလားတူ အခွင့်အရေး ရလေမည်လားဟူသော မျှော်လင့်ချက်ဖြင့် စားပွဲထိုးအား ပြောင်းဆိုကြည့်ရာ ထိုကဲ့သို့သော ဝန်ဆောင်မှုမျိုး မလုပ်ပေးနိုင်ပါ ဟူသော အဖြေဖြင့်သာ ကျေနပ်ခဲ့ရပြီး အုန်းသီးနှစ်လုံးဖိုး နှစ်ထောင် ရှင်းပေးခဲ့ရသည်။



တောင်မင်းကြီးမြတ်စွာဘုရား စောင်းတန်းဝင်ပေါက်မုခ်ဦးကြီး



ဝန္ဓကုဋီဝင်ပေါက် ကမ္ပည်းစာတန်း

ဤဖြစ်ရပ်တွင် ကာလ၊ ဒေသ၊ ပယောဂ အရိပ်အကဲမခွဲခြား မသုံးသပ်မိခဲ့သော စာရေးသူ၏ အားနည်းချက်ကိုပင် သင်ခန်းစာယူမိခဲ့သည်။ အချိန်ကလည်း ပိုနေသေးသည်။ ထိုဆိုင်တွင်လည်း ဆက်၍ထိုင်လိုစိတ် မရှိတော့သဖြင့် မလှမ်းမကမ်းတွင် ဖူးတွေ့နေရသည့် တောင်သမန်အင်းစောင်း ဦးပိန်တံတား အနောက်ဘက်ထိပ်ရှိ တောင်မင်းကြီးဘုရားသို့ သွားရောက်ခဲ့ကြသည်။

စည်ကားလှသည့် တောင်သမန်အင်းစောင်း အပေါ်ဘက် လမ်းမကြီးအတိုင်း ဆိုင်ကယ်များ၊ စက်ဘီးများကို သတိထား ရှောင်ရှားရင်း လျှောက်လှမ်းခဲ့ကြပြီးနောက် မကြာမီပင် ဖန်ရောင် မှန်ရောင် ဝင်းပြောင်ကာ မြန်မာမှု အနုလက်ရာများဖြင့် ထည်ဝါစွာ ခြယ်မှုန်းထားသော စောင်းတန်းဝင်ပေါက်မုခ်ဦး ပြာသာဒ်ကြီးကို တွေ့လိုက်ရသည်။

အတော်အသင့် ရှည်လျားသည့် စောင်းတန်းစကြံ လမ်းတစ်လျှောက်မှာလည်း ကျောက်ပြားများ ခင်းထားကာ သန့်ရှင်းသပ်ရပ်လျက် ရှိသည်။ ထိုစောင်းတန်းအတိုင်း

www.burmeseclassic.com






ဈေးဟောင်း
ညီနောင်ဘု



ဂန္ဓကုဋိတိုက်တော်
အတွင်း၌ တွေ့ရသည့်
ဈေးဟောင်း
အနုလက်ရာ
ကနုတ်ပန်းပေါ်
ကျောက်စီရွှေပြိန်းချ
သေတ္တာကြီး



ဂန္ဓကုဋိ
တိုက်တော်တွ
မှန်စီရွှေချ
ရှစ်မြှောင့်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ခရစ်နှစ် ၁၈၅၅ ကာလ နေပူခံကိုယ်တော်ကြီး နှင့် မျက်မှောက်ခေတ် ဖူးမြင်ရသောပုံတော်

ဝင် ရောက်ခဲ့ကြရာ စောင်းတန်းဆုံးသည်နှင့် ဂန္ဓကုဋီတိုက်တော် အတွင်း၌ စံပယ်တော်မူလျက်ရှိသော ရုပ်ပွားတော်ကြီးကို ဖူးတွေ့လိုက်ရသည်။

တောင်သမန်အင်းစောင်းသို့ ရောက်ရှိခဲ့စဉ် ကာလ တစ်လျှောက်လုံး အဝိဇ္ဇာဦးဆောင်မှုဖြင့် ညစ်နွမ်းခဲ့သော စိတ်အစဉ်သည် ရုပ်ပွားတော်ကြီးအား ဖူးတွေ့လိုက်ရပြီး နောက် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော် ကျေးဇူး တော်တို့ကို ရည်မှန်းကာ ဆယ်ဖြာလက်စုံ ကြာပဒုံဖြင့် ဦးထိပ် တင်မိုး ရိုညွတ်ကျိုးစွာ ရှိခိုးပူဇော် ဖူးမြော်လိုက်ရသည့် ထို ခဏတွင်မှပင် ကြည်လင်လန်းဆန်း အေးငြိမ်းချမ်းသာခြင်းသို့ ရောက်ခဲ့ရတော့သည်။

ရုပ်ပွားတော်ကြီးမှာ လက်တော်မြေထိ (ဘူမိဖဿ မုဒြာ) ပုံတော်ဖြစ်ပြီး မျက်နှာတော်ကို မော်ဖူးရသည်အထိ တောင်ကြီးပမာ ကြီးမြင့်လှသဖြင့် တောင်မင်းကြီးဘုရား ဟူ၍လည်းကောင်း၊ မူလက အမိုးအကာမရှိ နေပူထဲတွင် စံနေတော်မူရသဖြင့် နေပူခံကိုယ်တော်ကြီး ဟူ၍လည်း ကောင်း၊ အမရပူရ ဆင်ဖြူဝန် တောင်မင်းကြီး ခေါ် ဝန်ကြီး အသည်ဝန် မင်းလှကျော်စွာက တည်ထားကိုးကွယ်ခဲ့သဖြင့် ဆင်ဖြူဝန်ဘုရား၊ တောင်မင်းကြီးဘုရား ဟူ၍လည်း ခေါ် တွင်ကြောင်း သိရသည်။

ရုပ်ပွားတော်ကြီး၏ ဉာဏ်တော်အမြင့် ၄၆ ပေ ၆ လက်မ၊ ဒူးတော်အစွန်းအကျယ် ၃၆ ပေ ၆ လက်မ၊ သင်းကျစ် တော်အလျား ၁၈ ပေ၊ ပါးစပ်တော်အကျယ် ၆ ပေ ၆ လက်မ၊ စမ္ဗခံရှေ့နောက် ပေ ၂၀၊ ပလ္လင်အမြင့် ၁၀ ပေ ၆ လက်မ၊ ပလ္လင်ရှေ့နောက် ၃၃ ပေ၊ ပလ္လင်တောင်မြောက် ၄၇ ပေ၊ မကိုဋ်တော် အရပ် ၁၃ ပေ ၁ လက်မဖြစ်ပြီး မူလ စတင် တည်ထားခဲ့သည်မှာ ၁၇၈၆ ခုနှစ်ဖြစ်ရာ ယခု စာရေးသူတို့ ဖူးတွေ့နေရသည်မှာ နှစ်ပေါင်း ၂၂၀ ကျော်အတွင်း ပြုပြင် မွမ်းမံခဲ့ပြီးနောက် ဖူးတွေ့ရသည့် အနေအထားဖြစ်ကြောင်း ဂေါပကအဖွဲ့မှ ထုတ်ဝေသည့် လက်ကမ်းစာစောင်ငယ်အရ သိရှိရသည်။


စင်စင် ရုပ်ပွားတော်ဟူသည် ဘုရားရှင်ကိုယ်တော် မြတ်ကြီးအား အမှတ်သတိ ရရှိစေကာ ဂုဏ်တော်အစုံကို အာရုံပြုလျက် ရိုသေမြတ်နိုး ရှိခိုးပူဇော်နိုင်ရန် ကိုးကွယ်ထား ခြင်းဖြစ်ရာ ရုပ်ပွားတော် ပုံတော်မှသည် ကျေးဇူးတော် ဂုဏ် တော်တို့ကို အလေးဂရုအာရုံပြု၍ မြတ်နိုးကော်ရော် ပူဇော် နိုင်မှသာ ကုသိုလ်တရား ပွားစီးနိုင်ပြီး နှလုံးစိတ်ဝမ်း အေး ချမ်းနိုင်ကြပေမည်။

ဂန္ဓကုဋီ တိုက်တော်ကြီးအတွင်း ကြမ်းပြင်ကို ကြွေ ပြားအပြည့် ခင်းထားပြီး ထုထည်ကြီးမားသည့် ရုပ်မြောင်ပုံ




www.burmeseclassic.com

www.burmeseclassic.com




တောင်ခမ်းကြီးဘုရားအတွင်း ရုတုထောင့်ရှိ ရှေးဟောင်းသိမ်တော်


တိုင်ကြီးများအားလည်း မှန်စီရွှေချလက်ရာများဖြင့် ခြယ်သထားသည်။ ဘုံခုနစ်ဆင့် ပြာသာဒ်အထွတ်တင်သည့် ထိုဂန္ဓကုဋိ အုတ်တိုက် ကျောင်းဆောင်တော်ကြီးကို အများပြည်သူကောင်းမှုဖြင့် ခရစ်နှစ် ၁၉၀၀ ဝန်းကျင်တွင် တည်ဆောက်ခဲ့ကြောင်း သိရပြီး နှစ်ပေါင်း တစ်ရာကျော် သက်တမ်းရှိပြီဖြစ်သော ထိုရှေးဟောင်း ဂန္ဓကုဋိတိုက်တော်ကြီး၏ တိုင်ကြီးများအား သံရက်မကြီးများဖြင့် အားဖြည့်ထောက်မ ပံ့ပိုးပေးခြင်းဖြင့် မူလလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်ထားသည်ကိုလည်း တွေ့ရသည်။ ပရိဝုဏ်ပြင်ပတွင် ဇောမျိုးစုံကပ်နေကြသူများ၏ ဆူညံသံများဖြင့် ပွက်လောရိုက်နေကြသော်လည်း



သတ္တဌာန မဉ္စလိန္ဒာရေထန်



မနုသီဟ



တောင်မင်းကြီးဘုရား အနောက်ဘက်စောင်းတန်း မုခ်ဦး



တောင်သမန်အင်းကြီး၏ အရှေ့မှအနောက်သို့ ၃၉၆၇ ပေရှည်သော ရှေးဟောင်းသစ်သားတံတားကြီး


www.burmeseclassic.com



တောင်မင်းကြီးဘုရား ဂန္ဓကုဋိတိုက်



တောင်မင်းကြီးဘုရား ပရဝဏ်အတွင်းရှိ
ရှေးဟောင်းညီနောင်ဘုရား လိုဏ်ပြာသာဒ်





တောင်မင်းကြီးဘုရား အရှေ့မြောက်ဝန်းကျင်ရှိ
ရှေးဟောင်းစေတီပုထိုးများ

ဘုရားရှင်၏ ဘုန်းတော်ကံတော်အရိပ်အောက်တွင် ခိုလှုံလျက်ရှိသော တောင်မင်းကြီးဘုရား ပရိဝုဏ်အတွင်း၌မူ သစ်ရိပ်ဝါးရိပ်တို့ဖြင့် အေးချမ်းဆိတ်ငြိမ်လျက် ရှိသည်။

ကျယ်ဝန်းသည့် ဘုရားပရိဝုဏ်အတွင်းဝယ် ဟောင်းနွမ်းယိုယွင်းနေပြီဖြစ်သော ရှေးဟောင်းညီနောင်ဘုရားဟု အမည်ရသည့် လိုဏ်ပြာသာဒ်နှစ်ဆူကို ဖူးတွေ့ရသည်။ သတ္တဌာန မုဋ္ဌလိန္ဒာရေကန်နှင့် လျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူကိုလည်းကောင်း၊ တောင်မင်းကြီးဘုရားအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော တောင်လေးလုံး ဆရာတော် ဦးပညာဇောတ (သာသနာ့ဓဇသီရိပဝရဓမ္မာစရိယ) (ကိုပညာ အမရပူရ)သီတင်းသုံးတော်မူသော ကျောင်းတိုက်နှင့် သမ္ဗုဒ္ဓေဘုရားကိုလည်းကောင်း ဖူးတွေ့ရပြီး ရာဟုထောင့်တွင် ရှေးဟောင်းသိမ်တော် တစ်လုံးကိုလည်း ရှေးမူလက်ရာအတိုင်း မွမ်းမံခြယ်သထားသည်ကို တွေ့ရသည်။

တောင်မင်းကြီးဘုရားအား ဖူးလိုသည့်ဆန္ဒလည်း ပြည့်ခဲ့ပြီ။ စာရေးသူတို့ စုရပ်တွင် ဆုံကြရမည့်အချိန်မှာလည်း နီးကပ်လာပြီဖြစ်၍ စုရပ်ဖြစ်သော တောင်သမန်လှေဆိပ်သို့ ဆောလျင်စွာပင် စာရေးသူတို့ ပြန်ခဲ့ကြရသည်။ ဘုရားဖူးခဲ့ရသည့် ကုသိုလ်ဇောမှသည် စုရပ်သို့ အမြန်ရောက်လိုသည့် ဇောစိတ်တို့ ရုတ်ခြည်းပင် ဝင်ရောက်လာသည်ကို သတိထားမိလိုက်သည်။

သို့ရာတွင် သတ်မှတ်ချိန်အတွင်း စုရပ်သို့ ပြန်ရောက်နိုင်သည်ကို တွက်ဆထားပြီးဖြစ်၍ စိုးရိမ်ပူပန်သောက မဖြစ်ခဲ့ရဘဲ ဘုရားဖူးခဲ့ရသည့် ရွှင်လန်းချမ်းမြေ့မှု စိတ်အစဉ်ကိုသာ ပြန်လည်နှလုံးသွင်း ဆင်ခြင်ရင်း တောင်မင်းကြီးဘုရား ထံတော်ပါးမှ ထွက်ခွာခဲ့ကြရာ တောင်သမန်လှေဆိပ်စုရပ်သို့ အချိန်မီ ချောမောစွာပင် ရောက်ရှိခဲ့ကြသည်။

သို့ဖြစ်၍ စာရှုသူများလည်း ကမ္ဘာကျော် ဦးပိန်တံတားရှိရာ တောင်သမန်အင်းသို့ ရောက်ခိုက်တွင် ထိုဦးပိန်တံတားအနောက်ဘက်ထိပ်ရှိ တောင်မင်းကြီးဘုရားသို့ တစ်ခါ တစ်ခေါက် သွားရောက်ဖူးမြော်နိုင်ကြစေရန် ရည်သန်လျက် ရေးသားဖော်ပြလိုက်ပါသည်။

❒ မင်းဂုဏ်


<u>ကိုးကား</u>

၁။ ယနေ့ မန္တလေး၊ နတ်မောက်ထွန်းရှိန် ပထမအကြိမ်၊ ၁၉၉၄ ခု ဇွန်လ။
၂။ မန္တလေး အဘိဓာန်၊ နေထွတ် ၁၉၉၉ ဩဂုတ်လ။
၃။ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ ပုဂံလမ်းညွှန်အဘိဓာန်၊ တင်နိုင်တိုး ၂၀၁၂ ဇူလိုင်လ။
၄။ တောင်မင်းကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့၏ လက်ကမ်းစာစောင်။





www.burmeseclassic.com

www.burmeseclassic.com

# တောင်းသောဆုနှင့် ပြည့်ဝစေနိုင်သည့် ပုဂံ ပြည့်ငါးပြည့် အဓိဋ္ဌာန်

တက္ကသိုလ်မျိုး




ရွှေဆံတော်စေတီ အရှေ့မြောက်ထောင့်ရှိ
ဝန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အကြွင်းမဲ့ယုံကြည် ကိုးကွယ်ကြသူများဖြစ်သည်။ မြတ်စွာဘုရားရှင်၏ အဆုံးအမ တရားတော်များနှင့်အညီ နေထိုင်ကြသူများ၊ ကျင့်ကြံအားထုတ်ကြသူများ ဖြစ်သည်။ မြတ်စွာဘုရားရှင်အပေါ် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားအတွက် သက်ဝင်ယုံကြည်ကြသည်နှင့်အညီ နေအိမ်၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်၊ ရုပ်တုတော်မြတ်ကို အိမ်ဦးခန်း၌ အမြင့်အမြတ်ထား၍ ကိုးကွယ်ကြသည်မှာ ဗုဒ္ဓဘာသာဝင်များ၏ အစဉ်အလာ ဓလေ့တစ်ရပ်ပင်ဖြစ်သည်။

နေအိမ်အသီးသီး၌ ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ ရုပ်ပွားတော်၊ ဆင်းတုတော်များကို အလေးအမြတ်ထား ပူဇော်ကြသလို မြန်မာနိုင်ငံအနှံ့၌လည်း ရှေးခေတ်အဆက်ဆက်ကပင် ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ ဓာတ်တော် မွေတော်များ ကိန်းဝပ်စံပယ်တော်မူသော စေတီပုထိုးပေါင်း မြောက်မြားစွာကိုလည်း တည်ထားကိုးကွယ်ခဲ့ကြသည်မှာ သရေခေတ္တရာခေတ်မှ စတင်ပြီး ပုဂံ၊ ပင်းယ၊ အင်းဝ၊ ဟံသာဝတီ၊ တောင်ငူ၊ ကုန်းဘောင်ခေတ်တိုင်အောင်ပင် ဖြစ်သည်။ ခေတ်အဆက်ဆက် တည်ထားခဲ့ကြသော စေတီပုထိုး ဘုရားပေါင်းမှာ အရေအတွက်အားဖြင့် မည်မျှရှိသည်ကို မှန်းဆရေတွက်၍ပင် မရအောင် များပြားလှသည်ကိုလည်း တွေ့ရသည်။

ထိုသို့ များပြားလှသော စေတီပုထိုး ဘုရားများအနက် ဆုတောင်းပြည့်ဝသော စေတီပုထိုး ဘုရားများလည်း အများအပြားပင် ရှိနေပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် အများစုသည် ငွေကြေးအကုန်အကျခံကာ မြန်မာနိုင်ငံအနှံ့၌ရှိသော ဆုတောင်းပြည့် တန်ခိုးကြီးဘုရားများ ထံမှောက်သို့ သွားရောက်ဖူးမြော်ပြီး မိမိတောင်းလိုသောဆုကို အဓိဋ္ဌာန်ပြု၍ ဆုတောင်းတတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။




ရွှေဆံတော်စေတီတော် အထက်ပစ္စယံသို့
တက်ရောက်နေကြသော ဘုရားဖူးများ



www.burmeseclassic.com

www.burmeseclassic.com



ရွှေဆံတော်ဘုရားအား ကြည်ညိုဖွယ် ဖူးတွေ့ရပုံ



ရှင်သာမဏေသိမ်အတွင်းရှိ အနော်ရထာမင်းကြီး
တောင်းမူတော် ရုပ်ပွားတော်အား
အနီးကပ်ဖူးမြော်ရပုံ

ခေတ်အစဉ်အဆက် သာမန်ပြည်သူပြည်သားများပင်
...တ်၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တော်မူကြသော ဘုရင်
... မင်းညီမင်းသားများ၊ မောင်းမမိဿံ၊ မိဖုရားများပင် ပါဝင်
...ည်။ ထိုနည်းဖြင့် ဘုရားဖူးထွက်သော အစဉ်အလာသည်
...တ်အဆက်ဆက်၌ ပေါ်ထွန်းလာခဲ့ပြီး တန်ခိုးကြီး ဘုရား
... စေတီတော်များ၌ လူစည်ကားလျက် ရှိနေခြင်းပင်ဖြစ်
...ည်။

မျက်မှောက်ခေတ်ကာလ၌ကား အဓိဋ္ဌာန်ဘုရားဖူး
... အစဉ်အလာတစ်ရပ် ထွန်းကားလာခဲ့သည်။ ကျိုက်ထီး

ရိုးဘုရား၌ အဓိဋ္ဌာန်ဝင်ခြင်း၊ ပုဂံ စွယ်တော်လေးဆူ၌ အဓိဋ္ဌာန်ဝင်၍ ဆုတောင်းခြင်း၊ ရန်ကုန်မြို့၌ တနင်္လာနေ့ နံနက် ၉ နာရီမှစပြီး ကိုးထပ်ကြီးဘုရားမှ စတင်ကာ အဓိဋ္ဌာန်ပုတီးစိပ်ပြီး နေရာကိုးဌာန၌ ကြီးကိုးကြိုး အဓိဋ္ဌာန်ဝင် ဆုတောင်းခြင်းများကို ပြုလုပ်ကြသည်။

ထိုအစဉ်အလာသည် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကာလ တစ်နည်းအားဖြင့် ၈၈ အရေးအခင်း ပြီးဆုံးပြီးနောက်ပိုင်းကာလ၌ ပေါ်ပေါက်လာခြင်း ဖြစ်သည်ကို စာရေးသူ အမှတ်ထားမိသည်။ စာရေးသူကိုယ်တိုင်လည်း မိမိကိုယ်ရေးကိုယ်တာ အခက်အခဲများနှင့် ရင်ဆိုင်နေရချိန်၌ ထိုအဓိဋ္ဌာန်များကို ကိုယ်တိုင်ဝင်ရောက် အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ဖူးပါသည်။ လောလောဆယ် ကြုံတွေ့နေရသော အခက်အခဲပြဿနာများကိုကား အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့သည်ကိုလည်း သတိထားမိသည်။

၂၀၀၃ ခုနှစ် နောက်ပိုင်းတွင် ပုဂံ၌ စွယ်တော်လေးဆူ ဘုရားဖူး ဆုတောင်းပြည့်အဓိဋ္ဌာန် ကျင့်စဉ်အပြင် ပုဂံပြည့်ငါးပြည့် ဘုရားဖူးအဓိဋ္ဌာန်တစ်ရပ် ပေါ်ထွန်းလာခဲ့သည်။ ထိုအဓိဋ္ဌာန်ကျင့်စဉ်နှင့် ပတ်သက်၍ ဘယ်အချိန် ဘယ်ကာလက မည်သူ၊ မည်သည့်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့သည်ကိုတော့ စာရေးသူ မလေ့လာမိသော်လည်း ပြည့်ငါးပြည့် ဘုရားဖူးအဓိဋ္ဌာန်နှင့် ပတ်သက်၍ စာရေးသူကိုယ်တိုင်



ရှင်သာမဏေသိမ်ရှိ ဆုတောင်းပြည့်ရုပ်ပွားတော်အနီးရှိ
မိုးရွာစေသော ကျောက်တင်ငါးရုပ်



www.burmeseclassic.com

www.burmeseclassic.com

သိရှိ အခိဋ္ဌာန်ဝင်ခဲ့သော ခုနှစ်မှာ ၂၀၀၆ ခုနှစ်ကာလပင် ဖြစ်ခဲ့လေသည်။

❑

၂၀၀၅ မှ ၂၀၀၆ ခုနှစ်ကာလသည် စာရေးသူ၏ ဘဝ၌ အခက်အခဲဆုံးနှင့် အကျပ်တည်းဆုံး အချိန်အခါပင်ဖြစ်သည်။ ၁၉၉၇ ခုနှစ်က စတင်ခဲ့သော အမွေမှုသည် ကိုးနှစ်ကြာပြီးနောက် အပြီးသတ် ဒီဂရီအမိန့်အရ စာရေးသူ အနိုင်ရရှိခဲ့သည်။ ကော်မရှင်နာ စစ်ဆေးပြီးနောက် အမွေပုံပစ္စည်းစာရင်းအရ အတိအကျ သတ်မှတ်ပေးခဲ့သည်။

စာရေးသူသည် တရားဥပဒေအရ အနိုင်ရခဲ့သည်။ သို့သော်လည်း စာရေးသူ၏ လက်ထဲသို့ကား မိဘအမွေအနှစ် တစ်ပြားတစ်ချပ်မျှ မရောက်ရှိ မရရှိသေးပေ။ အိမ်ခြံမြေနှင့် အတွင်းပစ္စည်းများ၏ စာရင်းသာ စာရေးသူ သိရှိခဲ့သည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့် အိမ်ခြံမြေများကိုကား လေလံတင် ရောင်းချရပေဦးမည်။ ရွှေ့ပြောင်းနိုင်သည့် အတွင်းပစ္စည်းများနှင့် ပတ်သက်၍ကား တစ်ဖက်တရားပြိုင် (တရားရှုံး)တို့ လက်ထဲ၌ရှိပြီး ထိုပစ္စည်းများ မကျန်ရစ်ဟု ငြင်းဆိုထား၍ ကာလတန်ဖိုးအရ ပေးရန် တောင်းဆိုထားဆဲကာလ ဖြစ်သည်။

အိမ်ခြံမြေများကို လေလံတင်ရောင်းချသော်လည်း ပထမအကြိမ်၌ လေလံဆွဲမည့်သူ မရှိ၍ ငွေမပေါ်ဘဲ ဒုတိယအကြိမ် လေလံထပ်၍ ပစ်ရပေဦးမည်။ အတွင်းပစ္စည်းများနှင့်ပတ်သက်၍ တရားရုံးတော်က ကာလတန်ဖိုးကို သတ်မှတ်ပေးသော်လည်း တရားရှုံးတို့၏ ထုံးစံအတိုင်း အထက်ရုံးအဆင့်ဆင့်သို့ ပြင်ဆင်မှု အယူခံ တက်ရောက်နေ၍ အမှုကမပြီးဆုံးနိုင်။

ရရန်ရှိသော မိဘအမွေအနှစ်ကား တရားနိုင်ထားသော်လည်း လက်ထဲသို့ မရောက်နိုင်သေး။ ထီဆုကြီး ပေါက်နေသော်လည်း လက်မှတ်ပျောက်ကိန်း ဆိုက်နေ၍ ဆုငွေထုတ်မရသောအဖြစ်နှင့် စာရေးသူကြုံတွေ့နေရသော အချိန်ကာလပင် ဖြစ်သည်။

ကိုးနှစ်တာကာလ အမှုအတွင်း စာရေးသူတို့ မိသားစုမှာ ရုံးစရိတ်၊ ရှေ့နေစရိတ်၊ အမှုစရိတ် စသည် ကုန်ကျစရိတ်ပေါင်း များစွာကြောင့် အကြွေးအတော်ပင် တင်ရှိနေသောကာလဖြစ်သည်။ ထို ၂၀၀၅ - ၂၀၀၆ ခုနှစ် ကာလသည် စာရေးသူ၏ ဘဝ၌ လွန်စွာ အခက်အခဲ အကျပ်အတည်းပေါင်းများစွာနှင့် ရင်ဆိုင်နေရသော ကာလပင်ဖြစ်သည်။

ထိုအခက်အခဲ အကျပ်အတည်းများမှ လွတ်မြောက်ရန် စာရေးသူတို့ မိသားစုသည် ဆုတောင်းအဓိဋ္ဌာန်ဝင်ခြင်းမှတစ်ပါး အခြားအားကိုး မရှိတော့ပေ။ နေအိမ်ရှိ ဘုရား၌ နေ့စဉ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လပြည့်လကွယ်နေ့၌ မာတ်ကြီးလေးပါး ဆွမ်းဆက်ကပ်ခြင်းများ ပြုလုပ်လှူဒါန်းပြီး အခက်အခဲ ပြဿနာအပေါင်းမှ လွတ်မြောက်ရန် ဆုတောင်းသလို စာရေးသူသည် နောင်တော်ကြီးဘုရား (ရွှေတိဂုံစေတီ)၌ တွေ့ရှိခဲ့သော ယောဂီဝတ် သူတော်စင်ပုဂ္ဂိုလ်၏ ဘုရားငါးဆူ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း (ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ရွှေဘုန်းပွင့်၊ ကျိုက္ကဆံ ဘုရားငါးဆူ) ကောင်းမှုကို ပြုလုပ်ခဲ့သည်။

ကျိုက်ထီးရိုးဘုရား အဓိဋ္ဌာန် ပုတီးစိပ်ကျင့်စဉ်ကိုလည်း မိတ်ဆွေသူငယ်ချင်း ရှေ့နေ၏ လမ်းညွှန်မှုအရ အကြိမ်ကြိမ်ကျင့်ကြံအားထုတ်ခဲ့သည်။ ပုဂံ စွယ်တော်လေးဆူ အဓိဋ္ဌာန်ကိုလည်း ဝင်ရောက်ခဲ့သည်။ တနင်္လာနေ့ နံနက် ၉ နာရီမှစ၍ ကိုးထပ်ကြီးဘုရားမှစ၍ ကြီးကိုးကြိး ဘုရား အဓိဋ္ဌာန်ကိုလည်း ဝင်ခဲ့သည်။

စာရေးသူ ကြုံတွေ့နေရသော အမွေမှုသည် ထိုအဓိဋ္ဌာန် ဆုတောင်းမှုများကြောင့် ထင်သည်။ သူတော်ကောင်း တရားသူကြီးတို့နှင့် ကြုံတွေ့ရပြီး နောက်ဆုံး အမွေမှု အနိုင်ရခဲ့သည်။

အထက်၌ ဆိုခဲ့သည့်အတိုင်း အမှုကိုကား နိုင်ခဲ့လေပြီ။ အမွေပုံကား လက်ထဲသို့ မရောက်သေး။ အချိန်မည်မျှကြာမည်ကိုလည်း ခန့်မှန်း၍မရအောင် ဖြစ်နေသောအချိန်၊ ငွေကြေးအကျပ်အတည်းနှင့်လည်း ရင်ဆိုင်နေရသောကာလ၊ ဒုတိယ လေလံတင်သော်လည်း လေလံအောင်ရန်ကား မလွယ်။ ထို့ကြောင့် စာရေးသူ ထီပေါက်ပြီး ထီလက်မှတ်ပျောက်နေရသော အချိန်နှင့် ကြုံနေရလေသည်ဟု ဆိုခြင်းဖြစ်သည်။

စာရေးသူ အမှတ်ရနေမိသည်။ စာရေးသူ၏ အလွန်ခင်မင်ရသော မိတ်ဆွေသည် အစိုးရဝန်ထမ်းဘဝ (ညွှန်မှူး)အဆင့်မှ အငြိမ်းစားယူမည်ဖြစ်၍ အငြိမ်းစား ယူပြီးသည့်နောက်တစ်နေ့၌ စာရေးသူနှင့်အတူ ပုဂံသွားပြီး ခရီးထွက်ရန်အတွက် ကားအကူအညီတောင်းလေသည်။ စာရေးသူ၌ ကိုယ်ပိုင်တိုယိုကာဗင်ကား ရှိသော်လည်း မောင်းမည့်သူမရှိ၍ ညီအလတ်ဖြစ်သူထံ အကူအညီတောင်းပြီး ညီ၏ကားဖြင့် ခရီးထွက်ရန် စီစဉ်ခဲ့ရသည်။ ညီအငယ်ဆုံးက လိုက်၍ မောင်းပို့ပေးမည်ဖြစ်ပြီး အဆင်ပြေခဲ့သည်။

ထိုသို့ ၂၀၀၆ ခုနှစ် ပုဂံဘုရားဖူးထွက်စဉ်၌ "ပုဂံ ပြည့်ငါးပြည့် ဘုရားဖူးအဓိဋ္ဌာန်" နှင့် ပတ်သက်၍ စတင်သိရှိခဲ့ရုံသာမက ကိုယ်တိုင်ကိုယ်ကျ အဓိဋ္ဌာန်ဝင်ခဲ့သည်။ ပုဂံ ပြည့်ငါးပြည့်၏ အဓိဋ္ဌာန်ကြောင့် စာရေးသူ အိမ်ခြံမြေ လေလံသည် ဒုတိယအကြိမ်မြောက်၌ အောင်ခဲ့လေသည်။

ပထမအကြိမ် လေလံတင်စဉ်က ကြမ်းခင်းဈေးဖြင့် လေလံဆွဲဝယ်မည့်သူ မရှိသော ခြံမြေနှင့် တိုက်မြေတို့မှာ ကြမ်းခင်းဈေးထက် များစွာပိုသောဈေးနှင့် လေလံဆွဲဝယ်ယူသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူအနေနှင့် ဆုတောင်းပြည့်ဝလှသော ပုဂံပြည့်ငါးပြည့် ဆုတောင်းပြည့်အဓိဋ္ဌာန် ဝင်ရောက်ခြင်းနှင့် ...တ်သက်၍ စာရှုသူတို့အား ယခင်ကလည်း တင်ပြခဲ့ဖူးပြီး ...ဖြစ်သော်လည်း ယခုအခါ၌ကား ပိုမိုပြည့်စုံစွာ ရေးသားတင်ပြ ...ကိုက်ရပေတော့သည်။

❑

ပုဂံခေတ်ဦးကို စတင်၍ တည်ထောင်ခဲ့သူကား သမုဒ္ဒ...ရာမင်းပင် ဖြစ်သည်။ ပုဂံ ၁၉ ရွာကို အခြေပြု၍ ယုန်လွှတ်...ကျွန်းအရပ်၌ အေဒီ ၁၀၇ ခုနှစ်တွင် မင်းပြုသည်။ ၁၅၂ ခုနှ်...သော့ကြောင်မင်း (ပျူမင်းထီး ခေါ် ပျူစောထီးမင်း၏ ဆရာ) ...ထွက်သည်။ ၁၆၇ ခုနှစ်၌ ပျူစောထီးမင်း နန်းတက်ရာမှ ...ခဲ့သော ပုဂံခေတ်သည် ၁၀၄၄ ခုနှစ်၌ နန်းတက်သော အနော်ရထာမင်းစော လက်ထက်အထိ ဗုဒ္ဓသာသနာတော် ...သည် မထွန်းကားခဲ့သေးပေ။

အနော်ရထာမင်းစော လက်ထက် ရှင်အရဟံမထေရ် ...မြတ်၏ လမ်းညွှန်မှုဖြင့် ဗုဒ္ဓသာသနာတော် (ထေရဝါဒ) သည် ...၌ ထွန်းစွာထွန်းကားလာခဲ့သည်။ ထိုအချိန် ထိုအခါမှစ၍ ...တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓာတ်တော် မွေတော်များကို ...ထားသည့်သွင်း၍ တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုး ...ဘုရားပေါင်းများစွာမှာ ပုဂံ၌ လက်ညှိုးထိုးမလွဲအောင်ပင် ...များလှပေသည်။

အထူးသဖြင့် အနော်ရထာမင်းကြီး လက်ထက်တော် ...၌ စေတီပုထိုး ဂူဘုရားပေါင်း များစွာတည်ထားခဲ့ရာ ထင်ရှား ...ကြား တန်ခိုးကြီးလှသော ဘုရားများအဖြစ် ယနေ့တိုင် ...ရှားစွာ ရှိနေသည်မှာ . . .

- ရွှေစည်းခုံဘုရား (၁၀၆၀ ပြည့်နှစ် ဇန်နဝါရီ ၁၄ ရက်) အနော်ရထာ လက်ထက်အတွင်း စေတီသာပြီးသည်။ ကျန်စစ်သားမင်းက အပြီးသတ် တည်ထားသည်။)
- တန့်ကြည်တောင်ဘုရား (စွယ်တော်ပွား ဌာပနာထား၍ တည်တော်မူသည်)
- လောကနန္ဒာဘုရား (စွယ်တော်ပွား ဌာပနာထား၍ တည်တော်မူသည်)
- တူးရွှင်းတောင်ဘုရား (စွယ်တော်ပွား ဌာပနာထား၍ တည်တော်မူသည်)
- ဖြက်တောင် ခရေ့တောင်ဘုရား (စွယ်တော်ပွား ဌာပနာထား၍ တည်တော်မူသည်)
- မဟာပိန္နဲဘုရား (ရွှေဆံတော်ဘုရား)
- ရွှေယင်မြော်ဘုရား

...သည့်ဘုရားများ ဖြစ်လေသည်။ အနော်ရထာမင်း ...၏ တောင်းမူတော် ဘုရားများအနက် စွယ်တော်ပွား ...တို့ ဌာပနာထည့်သွင်း ကိုးကွယ်တည်ထားသည့် (ရွှေစည်းခုံ၊ တန့်ကြည်တောင်၊ လောကနန္ဒာနှင့် တူးရွှင်းတောင် ဘုရားများသည်) ယခုအခါ၌ စွယ်တော်လေးဆူ အဓိဋ္ဌာန် ဘုရားများအဖြစ် ထင်ရှားလျက်ရှိပြီး အဓိဋ္ဌာန်ဆုတောင်းပြုသူများနှင့် စည်ကားလျက် ရှိနေပေသည်။ စွယ်တော်လေးဆူ နေ့ချင်းပြီး အဓိဋ္ဌာန်ဝင်၍ ဆုတောင်းပြည့်သူများလည်း မနည်းလှတော့ပြီ။

၂၀၀၆ ခုနှစ် စာရေးသူသည် မိတ်ဆွေသူငယ်ချင်းဖြစ်သူ၏ မိသားစုနှင့် ပုဂံဘုရားဖူး ထွက်လာစဉ်၌ မိတ်ဆွေ၏ သူငယ်ချင်းဖြစ်သူ၏ ဇနီးသည်မှာ ညောင်ဦးခရိုင် အရာရှိကြီး ဖြစ်နေ၍ အငြိမ်းစားယူလာသည့် မိတ်ဆွေအား ညောင်ဦးပုဂံဒေသရှိ ဘုရားစေတီ ဂူပုထိုးပေါင်းများစွာကို လိုက်လံပို့ဆောင် ကူသိုလ်ပြုခဲ့သည်။ ဧည့်ဝတ်လည်း ကျေပွန်လှသည်။

ထိုအရာရှိကြီးက . . .

"ဆုတောင်းအလွန်ပြည့်တဲ့ ပုဂံပြည့်ငါးပြည့်ဘုရားငါးဆူကို ပို့ပေးမယ်၊ ဘုရားတစ်ဆူချင်း ရှေ့မှောက်မှာ ဘုရားဂုဏ်တော် ရွတ်ပွားပြီး တောင်းလိုသောဆု တစ်ဆုတည်းကိုသာ ဘုရားတိုင်းမှာ တောင်းရမယ်၊ မတရားသောဆု၊ မမှန်ကန်သောဆုတော့ မဖြစ်စေနဲ့၊ မှန်ကန်သော တရားသောဆုသာ ဖြစ်ပါစေ အလွန်ပြည့်ဝတယ်၊ နိုင်ငံတော်အဆင့်ရှိတဲ့ လူကြီးတွေနဲ့ မိသားစုတွေ အဓိဋ္ဌာန်ဝင် ဆုတောင်းကြတယ်"

အခက်အခဲ ပြဿနာနှင့် ရင်ဆိုင်နေရသည့် စာရေးသူအနေနှင့် "ပုဂံပြည့်ငါးပြည့် ဘုရားငါးဆူ" အဓိဋ္ဌာန်ဝင်ရန် လိုလိုလားလား ဆုံးဖြတ်လိုက်သည်။ သေချာအောင်လည်း မေးလိုက်မိသည်။

"ဘုရားငါးဆူဆိုတာ စေတီငါးဆူမှာလား"

"မဟုတ်ပါဘူး၊ စေတီသုံးဆူနဲ့ သိမ်တော်တစ်ခုမှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော် ငါးဆူမှာပါ"

စာရေးသူအနေနှင့် ထပ်၍ စဉ်းစားမိလိုက်သည်။

"ဘယ်စေတီတော်တွေနဲ့ ဘယ်သိမ်မှာပါလဲ ခင်ဗျာ"

စာရေးသူ၏ အမေးစကားကို အရာရှိကြီးက ပြန်ဖြေရာတွင် . . .

"ရွှေဆံတော်ဘုရားမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူ၊ ဓမ္မရာဇကဘုရားမှာ နှစ်ဆူ၊ လောကနန္ဒာဘုရားမှာ တစ်ဆူ၊ ရှင်သာမဏေသိမ်မှာ တစ်ဆူ၊ အဲဒီရုပ်ပွားတော် ငါးဆူထံမှောက်မှာ ဆုတောင်းအဓိဋ္ဌာန်ဝင်ရမှာ၊ အဲဒီရုပ်ပွားတော် ငါးဆူစလုံးဟာ သာသနာပြုမင်း အနော်ရထာမင်းစောရဲ့ ကောင်းမှုတော်တွေပဲ"

ကျယ်ကျယ်ပြန့်ပြန့် စိတ်ရှည်ရှည်နှင့် ဖြေကြားပေးသော အရာရှိကြီးအား စာရေးသူ ကျေးဇူးအထူးတင်မိသော်လည်း သမိုင်းဆရာ လုပ်ခဲ့ဖူးသော စာရေးသူအနေနှင့် တွေးစရာတစ်ရပ်က ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com


www.burmeseclassic.com

အဓိဋ္ဌာန်ဝင်ရမည့် ဗုဒ္ဓရုပ်ပွားတော် ငါးဆူသည် အနော်ရထာမင်းကြီး၏ ကောင်းမှုတော်များဟု ဆိုခဲ့ရာ ရွှေဆံတော်စေတီ၊ လောကနန္ဒာစေတီနှင့် ရှင်သာမဏေသိမ်တို့မှာ အနော်ရထာမင်း ကောင်းမှုတော်များဖြစ်၍ အနော်ရထာမင်းကြီး၏ကောင်းမှုတော်၊ ရုပ်ပွားတော် သုံးဆူ ကိန်းဝပ်စံပယ်တည်ရှိနေသည်မှာ မထူးဆန်းသော်လည်း နရပတေ့စည်သူမင်းကြီး၏ ကောင်းမှုတော် ဓမ္မရာဇကစေတီတော်၌ အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ရုပ်ပွားတော်နှစ်ဆူသည် အဘယ်ကြောင့် ဒေသစာရီ ကြွချီတော်မူ၍ ရောက်ရှိနေလေသနည်း ဟူသော အတွေးသည် စာရေးသူ၏ အတွေးနယ်၌ ကျန်ရှိနေပေတော့သည်။

❑

စာရေးသူတို့ ပထမဦးဆုံး ဝင်ရောက်ဖူးမြော်သော ဘုရားမှာ ရွှေဆံတော်ဘုရားဖြစ်သည်။ ရွှေဆံတော်ဘုရားကို အနော်ရထာမင်းစောသည် ခရစ်နှစ် ၁၀၅၇ ခုနှစ်၌ တည်ထားခြင်း ဖြစ်သည်။ ရွှေဆံတော်စေတီတော်သည် လေးထောင့်ပစ္စယာ ငါးဆင့် နတ်လှေကား လေးသွယ်ဖြင့် တည်ထားသည်။ ပစ္စယာငါးဆင့်အထက်၌ ရှစ်ထောင့်ကြာဝန်းခုံလျက် ခေါင်းလောင်းပုံ ရင်ဖုံ့ခါးပတ် သပိတ်မှောက် ဖောင်းရစ်တို့ဖြင့် အထွတ်တင် တည်ဆောက်ထားခြင်း ဖြစ်သည်။

ရွှေဆံတော် စေတီတော်အား အနော်ရထာမင်းစောသုဝဏ္ဏဘုမ္မိ သထုံပြည်ကို အောင်မြင်ပြီးနောက် ပင့်ဆောင်လာသော ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်ကို ဌာပနာထည့်သွင်း၍ တည်ထားသောကြောင့် ရွှေဆံတော်စေတီဟု ဘွဲ့အမည်တွင်ခြင်း ဖြစ်သည်။ ရွှေဆံတော်စေတီ၏ ထူးခြားချက်မှာ ပစ္စယာအဆင့်ဆင့်၏ ပတ်လည်တွင် ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များကို သရုပ်ဖော်ထားသည်



ရှင်သာမဏေသိမ်ကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဂန္ဓကုဋိတိုက်အပြင်မှ ဖူးတွေ့ရပုံ

ကို ရှေးက အထင်အရှား တွေ့နိုင်သည်ဟု ဆိုကြသည်။

ယခုအခါ၌ကား ထပ်မံပြုပြင် မွမ်းမံမှုများကြောင့် ဇာတ်ကွက်ရုပ်ပုံများနှင့် မဟာပိန္နဲ နတ်ရုပ်များမှာ ပျက်စီးခဲ့ရ ပြီး ယခုအခါ မတွေ့မြင်ရတော့ပေ။ မဟာပိန္နဲနတ်ရုပ်များကို အစွဲပြု၍လည်း မဟာပိန္နဲဘုရားဟု ရှေးအခါက ဘွဲ့အမည်




ရှင်သာမဏေ
သိမ်ကျောင်းတိုက်



www.burmeseclassic.com

www.burmeseclassic.com



လောကနန္ဒာစေတီတော်အား ၂၀၀၆ ခုနှစ်၌ ဖူးမြော်ရပုံ

ဘွင်လေသည်။ ယခုအခါ ရွှေဆံတော်စေတီမှာ ထုံးဖွေးဖွေးနှင့် ယခုခေတ်တွင် တည်ထားသော စေတီတော်လားဟုထင်ရော ဖြစ်တော့သည်။ အမှန်မှာ မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ၌ "အနော်ရထာမင်းစောလည်း ဥဿာမင်းက ဆက်သိုက်သော ဆံတော်ဓာတ်ကို ဘုရားစည်းခုံတည်၍ ကိုးကွယ်တော်မူ၏။ ထိုဘုရားကို မဟာပိန္နဲ ဟူ၍ သမုတ်တော်မူ၏"

ဟု ဖော်ပြထားရာ ရွှေဆံတော်စေတီသည် မူလ မဟာပိန္နဲ ဘုရားဘွဲ့အမည်မှ ယခုအခါ ရွှေဆံတော်စေတီဟု ဘွဲ့အမည်တွင်ခဲ့သော အနော်ရထာမင်းစော ကောင်းမှုတော် ရှေးဟောင်းစေတီတော် တစ်ဆူပင်ဖြစ်သည်။

ရွှေဆံတော်စေတီတော်၏ ပစ္စယာငါးဆင့်အထိ တက်ရောက်နိုင်သော လှေကားမှ တက်၍ ပုဂံမြို့ရှုခင်းနှင့် ပုဂံမြို့ရှိ စေတီတော်ပေါင်းများစွာကို ကြည့်ရှုသော် မြင်ကွင်းကောင်း၍ ဘုရားဖူးအပေါင်း ရွှေဆံတော်စေတီရောက်တိုင်း အမြင့်ဆုံးပစ္စယာသို့ တက်ရောက်ကြသည်မှာ စည်ကားလှသည်။

ရွှေဆံတော် စေတီတော်ကြီး၏ မျက်နှာလေးဖက် ပေ ၅၀ခန့်အကွာတွင် ဘုရားကြေးဂူတိုက်ကဲ့သို့ ဂန္ဓကုဋီတိုက်များ တည်ထားပြီး ထိုဂန္ဓကုဋီတိုက်အတွင်း၌ သဲကျောက်အမာနှင့် ပြုလုပ် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်များ ရှိလေသည်။

ထိုရုပ်ပွားတော်များအနက် စာရေးသူတို့ အဓိဋ္ဌာန်ဝင် ဆုတောင်းရမည့် အနော်ရထာ မင်းစော၏ ကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော်သည် ရွှေဆံတော် စေတီတော်မြတ်၏ အရှေ့မြောက်ထောင့်၌ရှိသော အုတ်တိုက်ငယ် ဂန္ဓကုဋီတိုက်အတွင်း၌ သီတင်းသုံး စံပယ်တော်မူလေသည်။ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း သဲကျောက်ဖြင့် ထုလုပ်ထားသော ရုပ်ပွားတော်မြတ်ဖြစ်သည်။ ဉာဏ်တော်ငါးပေခန့် အမြင့်ရှိသည်။

စာရေးသူအနေနှင့် ထိုရုပ်ပွားတော်မြတ် ထံမှောက်၌ ဘုရားဂုဏ်တော်ကို အာရုံပြုပြီးနောက် မိမိတောင်းလိုသော ဆုတစ်ဆုတည်းကိုသာ တောင်းခဲ့သည်။ (ထိုစဉ်ကာလက တောင်းခဲ့သောဆုကား လေလံအောင်မြင်စေရန်ဖြစ်သည်။) ထိုဂန္ဓကုဋီတိုက်အတွင်း အလှူခံဌာနရှိ ဘုရားလူကြီးက ပြည့်ငါးပြည့် ဆုတောင်းအဓိဋ္ဌာန်ဝင်ရမည့် ရုပ်ပွားတော်မြတ်ဖြစ်ကြောင်း၊ ကျန်ရှိသော ရုပ်ပွားတော်လေးဆူမှာ ဓမ္မရာဇက စေတီတော်၌ နှစ်ဆူ၊ လောကနန္ဒာစေတီတော်၌ တစ်ဆူနှင့် သာမဏေသိမ်မှာ တစ်ဆူတို့ဖြစ်ကြောင်း ရှင်းပြလေသည်။

ထိုဗုဒ္ဓရုပ်ပွားတော်မြတ် ငါးဆူသည် အနော်ရထာမင်းစော၏ ကောင်းမှုတော်များသာဖြစ်ကြောင်း ထပ်မံရှင်းပြလေသည်။

ထိုအခါ စာရေးသူအနေနှင့် ဘုရားလူကြီးအား . . .

"ဓမ္မရာဇက စေတီတော်မှာ အနော်ရထာမင်းကြီးရဲ့ ကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဘယ်လိုရောက်နေတာလဲ၊ ဓမ္မရာဇက စေတီတော်ဟာ နရပတေ့စည်သူမင်းကြီးရဲ့



လောကနန္ဒာဘုရား အရှေ့ဘက်အာရုံခံ ဂန္ဓကုဋီတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ၂၀၁၁ ခုနှစ်၌ ဖူးမြော်ရပုံ





www.burmeseclassic.com

www.burmeseclassic.com



လောကနန္ဒာစေတီရှိ အနော်ရထာမင်းကောင်းမှုတော် ရုပ်ပွားတော်အား ၂၀၀၆ ခုနှစ်၌ ဖူးမြော်ရပုံ

ကောင်းမှုတော် မဟုတ်လား" ဟု စာရေးသူ၏ မေးခွန်းကို ကြားမိသော ဘုရားလူကြီးက . . .

"ဟုတ်ပါတယ်၊ အနော်ရထာမင်းကြီးဟာ ဗုဒ္ဓရုပ်ပွားတော် လေးဆူကို သူ့ရဲ့ကောင်းမှုတော် ရွှေဆံတော်ဘုရားမှာ ထုလုပ်ကိုးကွယ်ခဲ့တာပါ။ အနော်ရထာမင်းကြီးရဲ့ နောက်ပိုင်းကာလရောက်တော့ မြစ်တော်သူ နရပတေ့စည်သူမင်းကြီးက ဘေးတော် အနော်ရထာမင်းကြီးရဲ့ ကောင်းမှုဖြစ်တဲ့ ရွှေဆံတော်စေတီက ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူကို သူ့ရဲ့ကောင်းမှုတော် ဓမ္မရာဇကစေတီတော်ထံ ပင့်ဆောင်ပူဇော်ခြင်းဖြစ်လို့ အနော်ရထာမင်းကောင်းမှု ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူဟာ ဓမ္မရာဇက စေတီထံ၌ ကိန်းဝပ်စံပယ်တော်မူခြင်း ဖြစ်ပါတယ်၊ ကျန်တစ်ဆူကလဲ နရသူမင်းရဲ့ကောင်းမှု ဓမ္မရံကြီးဘုရားသို့ အစောပိုင်းကပင် ပင့်ဆောင် ပူဇော်ခဲ့ပါတယ်၊ အဲဒီ ဗုဒ္ဓရုပ်ပွားတော်ကတော့ ပြည့်ငါးပြည့် ဗုဒ္ဓရုပ်ပွားတော်ငါးဆူမှာ မပါဝင်ပါဘူး"


စာရေးသူသည် ရွှေဆံတော်ဘုရားမှ ဘုရားအလှူခံ ပုဂ္ဂိုလ်ကြီး ရှင်းပြမှ ဓမ္မရာဇကစေတီတော်သို့ အနော်ရထာမင်းစော၏ ကောင်းမှု ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ ဒေသစာရီ ကြွချီရောက်ရှိတော်မူသည့်အကြောင်းကို သဘောပေါက် သိရှိရလေသည်။

ရွှေဆံတော်ဘုရားရှိ ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို တောင်းဆုခြွေပြီးနောက် စာရေးသူတို့သည် ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူရာ နရပတေ့စည်သူမင်းကြီး၏ ကောင်းမှုတော် ဓမ္မရာဇက စေတီတော်သို့ ရောက်ရှိခဲ့သည်။

ဓမ္မရာဇကစေတီဟု ဘွဲ့တော်ခေါ်တွင်သော စေတီတော်မှာ ဓမ္မရာဇကဟုလည်း ဘွဲ့တော်ခေါ်တွင်ခဲ့ကြောင်း သိရသည်။ ထိုဓမ္မရာဇက စေတီတော်ကို ခရစ်နှစ် ၁၁၉၆ ခုနှစ်၌ နရပတိစည်သူမင်းကြီးက စတင်တည်ထားခဲ့ရာ တစ်နှစ်ခန့် ကြာမြင့်ခဲ့သည်။

ရေးထိုးထားသောကျောက်စာအရ ပုဂံခေတ်ငွေကြေး ၄၄၀၂၇ ကျပ် ကုန်ကျလှူဒါန်းခဲ့ကြောင်းနှင့် သိန်းယိုမင်း (သီဟိုဠ်ကျွန်း) ပေးပို့သော သရီရဓာတ်တော် အဆူ(၃၀)ကို ရွှေကြုတ်နှင့် ကျောက်ဖျာထက် တည်ထားပြီး ဌာပနာထည့်သွင်းကြောင်း တွေ့ရသည်။

ဓမ္မရာဇက စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်၌ အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူကို ဖူးမြော်ရသလို တောင်ဘက်မုခ်၌လည်း ကျန်တစ်ဆူကို ဖူးမြော်ရလေသည်။ စာရေးသူသည် ဓမ္မရာဇက စေတီတော်၌ သီတင်းသုံး စံပယ်တော်မူသော အနော်ရထာမင်းစော ကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူထံမှောက်၌ အဓိဋ္ဌာန်ဆုတောင်းပြီးနောက် ပုဂံပြည့်ငါးပြည့်ဗုဒ္ဓရုပ်ပွားတော်



လောကနန္ဒာစေတီတော်အား ၂၀၁၁ ခုနှစ်၌ ဖူးမြော်ရပုံ



www.burmeseclassic.com

www.burmeseclassic.com

ဆူအနက် သုံးဆူအား ဖူးမြော်ပြီးခဲ့ပြီဖြစ်၍ ကျန်ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူရာ လောကနန္ဒာဘုရားနှင့် ရှင်သာမဏေသိမ်ရှိရာသို့ ခရီးဆက်ရန် ရာဇကစေတီတော်မှ ထွက်ခွာခဲ့သည်။

အထွက်၌ စောင်းတန်းမုခ်ပေါက်ရှိရာသို့ သွားစဉ် ပကာရုံးခန်းကို တွေ့ရလေသောအခါ သိလိုသမျှကို မေးရန် ရုံးခန်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။ အဆင်သင့်ပင် အတွင်း၌ ဘုရားလူကြီးတစ်ဦးနှင့် တွေ့ရလေသည်။ ထို ဘုရားလူကြီးအနေနှင့် ပြည့်ငါးပြည့် ဆုတောင်းအမိဋ္ဌာန် ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် ပတ်သက်၍ အသေးစိတ် ပြခဲ့ရာ ရွှေဆံတော်ဘုရားလူကြီး ရှင်းလင်းပြောကြားချက် ထပ်တူဖြစ်နေသည်ကို တွေ့ရလေသည်။

စာရေးသူ ရောက်ရှိခဲ့သည့် ၂၀၀၆ ခုနှစ်ကာလတွင် ရာဇကဘုရားရှိ အနော်ရထာမင်းကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူအား ဖူးမြော်ကြသူများ အထူးပင်စည်ကား ရှိသည်ကိုလည်း ရှင်းပြလေသည်။

(စာရေးသူ ၂၀၁၀ ပြည့်နှစ်၌လည်းကောင်း၊ ၂၀၁၁ နှစ်၌လည်းကောင်း ရောက်ရှိစဉ်က ပြည့်ငါးပြည့် အမိဋ္ဌာန် ဘုရားဖူးကြသူတို့မှာ ၂၀၀၆ ခုနှစ်ကထက်ပို၍ပင် စည်ကား ရှိကြောင်း တွေ့ရလေသည်။)


❑



ခမ္မာရာဇကစေတီတော်ရှိ အနော်ရထာမင်းကြီးကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော်

စာရေးသူတို့သည် စတုတ္ထမြောက် အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ လောကနန္ဒာဘုရားသို့ ရောက်ရှိခဲ့သည်။ ဧရာဝတီမြစ်ကမ်းနဖူးထက်၌ တည်ထားသော လောကနန္ဒာ စွယ်တော်ဘုရားသည် အနော်ရထာမင်းစော အမိဋ္ဌာန်ပြု၍ စွယ်တော်ပွားတော်မူသော သီဟိုဠ်ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စွယ်တော်ပွားအား ဌာပနာထည့်သွင်း ပူဇော်ထားရာ အနော်ရထာမင်းကြီး၏ ကောင်းမှုတော်စေတီ ဖြစ်သည်။ လောကနန္ဒာ စွယ်တော်ဘုရား၏ အရှေ့ဘက် ရင်ပြင်တော်၌ရှိသော အာရုံခံတန်ဆောင်း ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်သည် အနော်ရထာမင်းစော ထုလုပ်ကိုးကွယ်ခဲ့သော ဆုတောင်းပြည့် ရုပ်ပွားတော်တစ်ဆူ ဖြစ်လေသည်။ ထိုရုပ်ပွားတော်မြတ်သည် ခမ္မာရာဇက စေတီတော်ရှိ ဆုတောင်းပြည့် ရုပ်ပွားတော်မြတ် နှစ်ဆူနှင့် ပုံသဏ္ဌာန်အားဖြင့် တူသော်လည်း ဉာဏ်တော် အနည်းငယ်မြင့်သည်ကို ဖူးတွေ့ရသည်။

စာရေးသူသည် ကျယ်ဝန်းလှသော ဂန္ဓကုဋိတိုက် အတွင်း၌ ဘုရားဂူဏ်တော်ကို အာရုံပြုရင်း မိမိတောင်းလိုသော တစ်ဆုတည်းသောဆုဖြစ်သည့် အမွေပုံပစ္စည်း လေလံ အောင်ရန်ကို ထပ်ကာထပ်ကာ တောင်းမိလေသည်။


ခမ္မာရာဇက စေတီတော်

www.burmeseclassic.com



ဓမ္မရာဇက စေတီတော်ရှိ အနော်ရထာမင်းကြီး
ကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော်

စာရေးသူသည် ပုဂံညောင်ဦးသို့ အကြိမ်များစွာရောက်ရှိခဲ့ဖူးသူတစ်ယောက်ဖြစ်သော်လည်း မြို့သစ်မြို့ အရှေ့ဘက်မှာရှိသည့် သာမဏေသိမ်ကျောင်းသို့ကား တစ်ကြိမ်တစ်ခါမျှ မရောက်ခဲ့ဖူးပေ။ ယခုမှ ပထမဆုံးအကြိမ် ရောက်ရှိခြင်းဖြစ်သည်။ သာမဏေသိမ်သည် ဘုရားစေတီပုထိုး မဟုတ်ပေ။ သိမ်ကျောင်းတိုက် တစ်ခုသာ ဖြစ်သည်။ အနော်ရထာမင်းစော၏ ကောင်းမှုတော်ဖြစ်သည်ဟု ဆိုသည်။

ထိုသိမ်ကျောင်းတိုက်အတွင်း၌ အနော်ရထာမင်းစော၏ ကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ထားရှိကိုးကွယ်လေသည်။ ထိုရုပ်ပွားတော်မှာလည်း လောကနန္ဒာဘုရားရှိ ဆုတောင်းပြည့်ဗုဒ္ဓရုပ်ပွားတော်နှင့် လက်ရာအလွန်တူသည်ကိုလည်း ဖူးမြော်ရသည်။

စာရေးသူသည် ပြည့်ငါးပြည့်အမိဋ္ဌာန် ဆုတောင်းခြင်း၏ နောက်ဆုံးအမိဋ္ဌာန်ဝင်ရာ ရှင်သာမဏေ သိမ်ကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ် ရှေ့မှောက်၌ ဘုရားဂုဏ်တော်ပွားများပြီး ဆုတောင်းအမိဋ္ဌာန် ဝင်ရောက်ခဲ့လေသည်။

သိမ်ကျောင်းတံခါးအား လာရောက်ဖွင့်ပေးသော ဆရာတော်ကလည်း ပြည့်ငါးပြည့် အမိဋ္ဌာန်ဝင်ရောက် ဆုတောင်းပြည့်ဝပုံကို အမိန့်ရှိလေသည်။ ထိုသိမ်ကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ဘေး၌ရှိသော ကျောက်ငါးရုပ်လေးများအား ရေလောင်းပူဇော်ပေးပါက မိုးခေါင်သော်လည်း မိုးရွာတတ်ပုံကိုလည်း ဆရာတော်က ရှင်းပြလေသည်။

စာရေးသူသည် အထက်ပါအတိုင်း ရွှေဆံတော်စေတီ၊ ဓမ္မရာဇကစေတီ၊ လောကနန္ဒာစေတီ၊ ရှင်သာမဏေသိမ်တို့၌ ကိန်းဝပ်စံပယ်တော်မူသော အနော်ရထာမင်းစော ကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော်မြတ် ငါးဆူထံမှောက်၌ အမိဋ္ဌာန်ဝင်ရောက်ပြီး တစ်ခုတည်းသော ဆုကို တောင်းခဲ့ရာ တောင်းသောဆုနှင့် ပြည့်ဝခဲ့ကြောင်း ထိုဆောင်းပါးရှေ့ပိုင်း၌ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုစဉ်ကာလက ၂၀၀၆ ခုနှစ်ဖြစ်၍ လွန်ခဲ့သော ခုနစ်နှစ်ကျော်ကာလက ဖြစ်စဉ်ဖြစ်ရပ်ကို အခြေခံ၍ ရေးသားခဲ့ခြင်းဖြစ်သည်။

စာရေးသူသည် အမွေပုံပစ္စည်း လေလံပွဲ အောင်မြင်သောကြောင့် ငွေကြေးအခက်ကြုံမှုမှ လွန်မြောက်ခဲ့ပြီးနောက်ပိုင်း ဆုတောင်းအလွန်ပြည့်သော ပုဂံပြည့်ငါးပြည့် ဘုရားငါးဆူထံမှောက်၌ ဆုတောင်းအမိဋ္ဌာန် ဝင်ရောက်မှုကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြန်သည်။

စာရေးသူသည် ရွှေဆံတော်စေတီ၊ ဓမ္မရာဇကစေတီ၊ လောကနန္ဒာစေတီနှင့် ရှင်သာမဏေသိမ်တော်များသို့ ၂၀၀၈ ခုနှစ်၌တစ်ကြိမ်၊ ၂၀၁၀ပြည့်နှစ်၌ တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်၌ တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ထပ်မံရောက်ရှိခဲ့သည်။ ရောက်တိုင်းလည်း ဗုဒ္ဓဂုဏ်တော်များကို ရွတ်ပွားပူဇော်ရင်း အမိဋ္ဌာန်ဆုတောင်းများကို ပြုခဲ့သည်။

ထိုသို့ သုံးကြိမ်တိုင်တိုင် ထပ်မံရောက်ရှိခဲ့တိုင်း အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ပြည့်ငါးပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ် ငါးဆူရှေ့၌ အမိဋ္ဌာန်ဆုတောင်း ဝင်ရောက်ခဲ့ပြန်သည်။ တစ်ဆုတည်းသောဆုကိုလည်း တောင်းခဲ့ပြန်သည်။ စာရေးသူတောင်းသော တစ်ခုတည်းသောဆုမှာ ၂၀၀၆ ခုနှစ်က တောင်းသော လောဘ၊ မောဟ၊ ဒေါသလွှမ်းမိုးသော ဆုကား မဟုတ်တော့ပေ။

အသက်အရွယ်အရ၊ အတွေ့အကြုံအရ စာရေးသူတောင်းသောဆုကား လောဘ၊ ဒေါသ၊ မောဟကင်းသော တစ်ခုတည်းသောဆုကိုသာ တောင်းခဲ့လေသည်။ စာရေးသူတောင်းသောဆုကား "နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ဝိပဿနာ ဉာဏ်အမြင်ကို အမြန်ဆုံးရပါလို၏ဘုရား" ဟူ၍ပင် ဖြစ်ပေတော့သည်။ စာရေးသူအနေနှင့် တောင်းသောဆုနှင့် အမြန်ပြည့်ဝပေတော့မည်ဟုလည်း မျှော်လင့်နေမိပါသည်။

❒ တက္ကသိုလ်စိုးမျိုး

**မှီငြမ်း**


၁။ မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ ၁၉၉၂။
၂။ ရက်စွဲစဉ်သမိုင်း၊ ပထမတွဲ။
၃။ သမိုင်းဝင် ပုဂံစေတီပုထိုးများ၊ ၁၉၉၄ ဦးသန်းဆွေ။
၄။ ပုဂံစေတီပုထိုးများသမိုင်း၊ ၂၀၀၈ ခု တင်နိုင်တိုး။
၅။ ရွှေဆံတော်နှင့် ဓမ္မရာဇကစေတီမှ ပုဂ္ဂိုလ်နှစ်ဦး၏ ပြောကြားချက်။
၆။ ကိုယ်တိုင် လေးကြိမ်သွားရောက်ဖူးမြော်ခြင်း။

www.burmeseclassic.com




မဟာဗောဓိ စေတီတော်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်

# ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ် မှတ်တမ်း

ဒေါ်ကြည်ကြည်မြ (မြန်အောင်)

ကျွန်မသည် ၁၉၆၉ ခုနှစ်၊ မတ်လတုန်းက လေယာဉ်ပျံ တစ်ခါစီးခဲ့ရဖူးပါသည်။ မိသားစု (၇)ယောက် မြန်အောင်မြို့မှ ငပလီကမ်းခြေသို့ သွားကြမည်မို့ ပြည် လေဆိပ်မှ တက်ရပါမည်။ ပြည်တွင် တစ်ညအိပ်ရပါသည်။ ထိုစဉ်က ယခုခေတ်လေယာဉ်ပျံတွေလို အကောင်းစားကြီးများ မရှိသေးပါ။ ဖော်ကာနှင့် ဒါကိုတာ (၂)မျိုးသာ ရှိပါသည်။ ဖော်ကာက (၂၄)ယောက်စီး ဖြစ်ပြီး၊ ဒါကိုတာက ပိုငယ်မည် ထင်ပါသည်။ ပြည် လေဆိပ်မှ သံတွဲ(မဇင်)လေဆိပ်သို့ မိနစ်(၂၀)ခန့်စီးရပြီး လူတစ်ယောက်လျှင် အသွားအပြန် ၅၁ ကျပ်သာ ကျပါသည်။ ခုခေတ်လူငယ်တွေကြားလျှင် ယုံတမ်းပုံပြင်ဟု ထင်ကြပါမည်။

လေယာဉ်ပေါ် ရောက်က တည်းက ကျွန်မ ကြောက်လိုက်တာ၊ အောက်ကို ငုံ့လို့တောင် မကြည့်ရဲခဲ့ပါ။ အတူပါလာသည့် (၈)နှစ်အရွယ် တူကလေး မောင်သောင်းထွဋ်ကတော့ လေယာဉ်မှန်ပေါက်မှ ငုံ့ကြည့်နေပြီး သူမြင်သမျှတွေကို သူ့အသံစာစာလေးနှင့် မနားတမ်း ပြောနေပါသည်။ အငယ်မ (၃)နှစ်အရွယ် မမိုးမိုးကတော့ ကြောက်တယ် ကြောက်တယ်နှင့် ငိုနေရာက အိပ်ချလိုက်ပါတော့သည်။

www.burmeseclassic.com

ငပလီရောက်လျှင် ဗမာ့ခေတ် ဦးအုန်းခင် + ဒေါ်ဒဂုန်ခင်ခင်လေးတို့ တည်ထောင်ထားသော ဗမာ့ခေတ် တည်းခိုဆောင်တွင် ငါးရက်တည်းခိုခဲ့ပါသည်။ ကျွန်မတို့ ခုနစ်ယောက်အိပ်လို့ ဆံ့ခဲ့သော စင်ရော်ဆောင် အခန်းတစ်ခန်းကို တစ်ည ၂၀ ကျပ်သာ ပေးခဲ့ရပါသည်။

ရောက်ခါစရက်က ပျော်သလို ရှိခဲ့သော်လည်း ပြန်ရက်နီးလေ ကျွန်မ စိတ်ညစ်လေ။ ဒီလေယာဉ်ပျံကြီး မစီးချင်လိုက်တာ၊ ဖြစ်နိုင်လျှင် ကိုယ့်ဘာသာ ကုန်းကြောင်းသာ ပြန်လိုက်ချင်ပါသည်။ အရမ်းကြီးကို စိတ်ညစ်ခဲ့ရပါသည်။ လေယာဉ်မန်နေဂျာက ပြန်ရက်ကို သူကိုယ်တိုင် တွက်ချက်ပြီး ကလေးတွေလည်းပါလို့ ဖော်ကာဆိုက်မည့်နေ့ကို စီစဉ်ပေးရှာပါသည်။

ကျွန်မတို့ ကံဆိုးချင်တော့ ဖော်ကာကြီးက ဆိုက်တော့လာပါရဲ့။ ၎င်းဖော်ကာနှင့် ခရီးသည်တစ်ဦးရဲ့ ဇနီး အဝတ်အစားအိတ်ကျန်ခဲ့လို့တဲ့ ဖော်ကာလေယာဉ် ခရီးသည်မတင်ဘဲ ပြန်တက်သွားပြီး နောက်ဝင်လာသည့် ဒါကိုတာနှင့် လိုက်ခဲ့ရပါသည်။ ဒါကိုတာရဲ့ အသံက ကြမ်းသလား မမေးနဲ့၊ ထိုင်ခုံကပ်ရက် လူချင်းစကားပြောရင်တောင် မနည်းအော်ပြီး ပြောရပါသည်။ အဲဒီကတည်းက ကျွန်မမှာ လေယာဉ်ပျံကြောက်သည့် ရောဂါကြီးက ရင်ထဲမှာ စွဲကျန်ခဲ့ပါသည်။

ယခုတစ်ခါ ကျွန်မတို့ ဆွေမျိုးတစ်သိုက် ကိုးကွယ်ဆည်းကပ်နေကြသော မူတင်ဆောင် ဝိနည်းမိုရ် ဆရာတော် လေးပါး ဗုဒ္ဓဂယာသို့ ဘုရားဖူးကြွကြပါမည်။

မြန်အောင်မြို့၏ ကျေးလက်မှ သုသာန်မူတင်ဆရာတော်တစ်ပါး၊ ပြည်သံတောင်တောရမှ တစ်ပါး၊ ပဲခူးဆယ်မိုင်ကုန်းတောရမှ နှစ်ပါး၊ ကပ္ပိယတစ်ယောက် လေယာဉ်တက်မည့်နေ့တွင် ကျွန်မတို့အိမ်သို့ နေ့ဆွမ်းအမီ ကြွလာပါမည်။ ညနေ ၄ နာရီ အရောက် လေဆိပ်သို့ ပို့ပေးရပါမည်။

အဲဒီရက်မတိုင်မီ တူမက စိတ်ကူးပေါ်လာပြီး . . . "အန်တီ ဆရာတော်တွေနဲ့ ဗုဒ္ဓဂယာကို လိုက်သွားပါ၊ တူမတို့က ငယ်သေးတယ်၊ ဘယ်တော့မှ သွားသွားရတယ်၊ ကိုယ့်ဆရာတော်တွေနဲ့ ဆိုတော့ အန်တီအားရှိတာပေါ့" တဲ့။

မြတ်စွာဘုရား ပွင့်တော်မူရာဌာနသို့ သွားတော့ သွားချင်သား၊ အဲဒီလေယာဉ်ပျံကြီး စီးရမှာကို ကြောက်နေတာက ခက်တာ။ ပြီးတော့ ဆရာတော်တစ်ပါးအတွက် (၁၀)သိန်းကို တူမလှူမှာမို့ ကျွန်မ အတွက်ပါဆိုလျှင် သိန်း (၂၀)နီးပါးမို့ တူမကိုလည်း အားနာနေပါသည်။

ကျွန်မသည် သာမန် အစိုးရဝန်ထမ်းသာ ဖြစ်ပါသည်။ ကျွန်မကို မှီခိုသူ ကျွန်မက ထောက်ပံ့ပေးကမ်းရမည့်သူ မရှိ၍ လုပ်သက် (၃၂)နှစ်တစ်လျှောက်လုံး လှူကာတန်းကာနှင့် နေခဲ့ပါသည်။ အငြိမ်းစားယူသောအခါ စုပြီးဆောင်းပြီး မရှိပါ။ ရသည့်ပင်စင်ကလည်း ၉၅ ခုနှစ်က ပင်စင်မို့ တစ်လမှ ၅၀၀ ကျပ်သာရပါသည်။ တူ၊ တူမတွေ ကျွေးတာကို စား၊ သူတို့ လစဉ်ကန်တော့ကြတာကို လှူ၊ ဒီလိုနှင့် နေခဲ့ပါသည်။ ဗုဒ္ဓဂယာကို သွားချင်လိုက်တာဟု ဆန္ဒမရှိခဲ့ပါ။ ရှင်းရှင်းဝန်ခံရလျှင် စိတ်ကူးနဲ့တောင် မမှန်းခဲ့ပါ။

တူမဖြစ်သူက စိတ်မြန်လက်မြန်သမား ပြောပြီးတာနှင့် တစ်ခါတည်း လိုအပ်သည့် ငွေကြေးပါ ထုတ်ပေးပြီး ကုမ္ပဏီကို မြန်မြန်ဆက်သွယ်ပါဆို၍ ဆရာတော် လေးပါး ဆက်သွယ်လက်စ (ရွှေတော်ဝင်)ကုမ္ပဏီသို့ ပြေးရပါတော့သည်။ ဆရာတော်များမှာ ဝတ္ထုမကိုင်၊ တစ်ထပ်ဆွမ်းကို သပိတ်နှင့် ဘုဉ်းပေးပြီး မာတုဂါမနှင့် တစ်မိုးအောက်တွင် ကျိန်းလေ့မရှိ၍ ဆရာတော်များ အပ်စပ်အောင် ဆောင်ရွက်တတ်သော ကပ္ပိယသူငယ်မောင်လှထွန်းကို မြန်အောင်မြို့နန္ဒဝန်ကျောင်း မိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၇၁) ယောဂီများမှ စုပေါင်းပြီး လှူဒါန်းပေးလိုက်ကြပါသည်။ ကျွန်မ လိုက်ပါမည်ဆိုတော့ မောင်လှထွန်းက "မယ်တော်ပါမှ ဖြစ်မှာ၊ ဆရာတော်လေးပါးနဲ့ ကျွန်တော်တစ်ယောက်တည်း နိုင်မယ်မထင်ဘူး" ဟု အားကိုးတကြီးပြောပါသည်။

၉-၁၁-၁၂ ရက်နေ့ ညနေ ၄ နာရီ ကျွန်မတို့ မင်္ဂလာဒုံလေဆိပ်သို့ ရောက်ကြပါသည်။ ည (၇း၃၀)လောက်မှ လေယာဉ်ပျံ ထွက်ဖြစ်ပါသည်။ လေယာဉ်ပျံက ကြီးလည်းကြီး၊ ငြိမ်လည်းငြိမ် ညဖြစ်မို့ အောက်ကို ငုံ့ကြည့်စရာလည်း မရှိ၍ ကျွန်မ ကြောက်စိတ်မပေါ်တော့ပါ။ သိပ်မကြာလိုက်သလိုနှင့် ကိုလ်ကတ္တားလေဆိပ်သို့ ရောက်ရှိသွားကြပါသည်။ ရွှေတော်ဝင်ကုမ္ပဏီမှ ကိုကျော်ကားဖြူကြီး နှစ်စီးဖြင့် လေဆိပ်မှ စောင့်ကြိုနေပြီး ကာလကတ္တားမြန်မာ ဘုန်းတော်ကြီးကျောင်းသို့ ခေါ်သွားသဖြင့် ကျွန်မတို့ အခက်အခဲမရှိ အစစ အဆင်ပြေသွားပါသည်။ ကျွန်မတို့ ရောက်သွားချိန်တွင် ထမင်းပွဲတွေ အဆင်သင့် ပြင်ဆင်ထားသည်ကို တွေ့ရပါသည်။

ဆရာတော်အရှင်နန္ဒက ဒီယခုနှစ်တွင် သက်တော် (၄၅) နှစ်ပြည့်၍ မြတ်စွာဘုရား (၄၅)ဝါဆိုတော်မူခဲ့သော ဗုဒ္ဓဂယာတွင် (၄၅)ရက်အားထုတ်တော်မူမည်ဟု ဆန္ဒရှိခဲ့၍ ကျန်သုံးပါးသည်လည်း မြတ်စွာဘုရား (၄၅)ဝါ ဆိုတော်မူခဲ့သော နေရာဌာနတွင် (၄၅)ရက် အားထုတ်ကြရန် ရည်ရွယ်ခဲ့ကြသည်မို့ ကပ္ပိယအဖြစ် လိုက်ပါလာသော မောင်လှထွန်းကလည်း ကိုးပါးသီလ ဆောက်တည်ပြီး (၄၅)ရက် အားထုတ်မည်။ ကျွန်မကလည်း (၁၇)ရက်ခရီးမို့ (၁၇) ရက် ဥပုသ်စောင့်မည်ဖြစ်၍ ထိုည ကျွန်မတို့ ထမင်း မစားကြတော့ပါ။

တူမက ကျွန်မကို နိုင်ငံရပ်ခြားမှာ ဥတုအပြောင်းအလဲမို့ ဖျားနာခဲ့သော် ဆရာတော်များလည်း တာဝန်ပို



www.burmeseclassic.com

www.burmeseclassic.com

မှာစိုးသည်တစ်ကြောင်း၊ တူမတို့ကလည်း လိုက်လာရန် မလွယ်ကူသဖြင့် (၁၇)ရက်အဖွဲ့ထဲ လိုက်စေခဲ့ပါသည်။

ကိုလ်ကတ္တားတွင် တစ်ညအိပ်ကြပြီးနောက် နောက်တစ်နေ့ မနက်စောစော အဆာပြေစားကြပြီး မြို့ထဲသို့ ထွက်ခဲ့ကြပါသည်။ စျေးဝယ်လိုသူက စျေးဝယ်ကြ၊ ကမ္ဘာ့အံ့ဖွယ် ညောင်ပင်ကြီးကိုလည်း သွားကြည့်ကြပါသည်။ နှစ်ပေါင်း (၂၅၀)ကျော်က ညောင်ပင်ကြီးမှာ ပင်စည်ကြီးက အို ဆွေးသွားပါလျက် မြန်မာအခေါ် ညောင်မုတ်ဆိတ်ပင်မျိုးနွယ်မို့ အောက်သို့ တွဲကျနေသော အမြစ်ပေါင်း(၃၀၀၀)ကျော်က မြေကြီးနှင့်ထိပြီး ပင်စည်တွေလို ဖြစ်နေတာ နေပြောက်မထိုးအောင်ပင် တစ်မျှော်တစ်ခေါ်ကြီး အုပ်ဆိုင်းညို့မှိုင်းနေသည်။

ဂုဏ်ယူဝင့်ကြွားစွာ ပြသထားသည်ကို တွေ့ရပါသည်။

ကိုလ်ကတ္တားတွင် ဘဝင်မကျစရာတစ်ခုကတော့ ကျေးလက်မြို့စွန်က နွမ်းပါးသူတွေ၏ အိမ်တွေကအစ မြို့လယ်ခေါင်က တိုက်ကြီးတွေအထိ တစ်အိမ်မှ အမိုး မမိုးရသေးသလို အိမ်ကို အပြီးမဆောက်ရသေးသလို တစ်ပိုင်း တစ်လစ်တွေချည်း ဖြစ်နေပါသည်။ အောက်ထပ်တွင် အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေကို ရောင်းချသောဆိုင်ကြီး ဖြစ်နေပါလျက် အိမ်ခေါင်မိုးမှာ တစ်ပိုင်းတစ်စတွေချည်း ဖြစ်နေပါသည်။ ကိုလ်ကတ္တားကို အားနာပါးနာနှင့် ရေးရပါလျှင် စစ်ပြီးခါစ ပြန်လည်ထူထောင်ရေးမှ မလုပ်ရသေးသည့် နိုင်ငံကြီးတစ်နိုင်ငံလို ဖြစ်နေပါသည်။

ကောင်းကွက်တစ်ခုကတော့ ဘယ်လောက်ပင် ဆင်းရဲနွမ်းပါးသည့် အုတ်တိုက်အိမ် စုတ်စုတ်ကလေးဖြစ်နေပါစေ လျှပ်စစ်မီးရောင် တထိန်ထိန်နှင့် တွေ့ရပါသည်။

ညအိပ်တည်းခဲ့သော ကျောင်းသို့ပြန် ရေမိုးချိုးကြပြီး ကိုလ်ကတ္တားကျောင်းမှ ဂယာသို့ မိုင်(၃၀၀)ခရီးကို ဆက်ထွက်ကြပါသည်။ တစ်ညလုံး ကားပေါ်တွင် အိပ်ပျော်တတ်သူတွေ အိပ်လိုက်လာကြပါသည်။ ကျွန်မသည် ညကားစီးရတိုင်း အိပ်မပျော်တတ်၍ ဘုရားစာဆိုပြီး လိုက်ခဲ့ပါသည်။ ဂယာမြန်မာဘုန်းတော်ကြီးကျောင်းသို့ နံနက် ၃ နာရီတွင် ရောက်ကြသော်လည်း ကျောင်းတံခါးမဖွင့်သေး၍ ကားထဲမှာပင် အိပ်ကြပြီး ၅ နာရီထိုးမှ ကျောင်းထဲဝင်ကြရပါသည်။

ကျွန်မတို့ ရွှေတော်ဝင်အဖွဲ့ (၆၄)ယောက် အိပ်ရာနေရာအားလုံး အဆင်သင့်ရှိထားနှင့်၍ စိတ်ချမ်းသာရပါသည်။ ဂယာမြန်မာကျောင်း၏ နေရာချထားရေး တာဝန်ခံ ဦးဇင်း ဦးကောသလ္လမှာ ရန်ကုန်မြို့ ကမ္ဘာအေး ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဓမ္မာစရိယ ဘွဲ့အောင်ပြီး ကျွန်မတို့ မြန်အောင်မြို့ မုံရွာ ပရိယတ္တိစာသင်တိုက်တွင် စာချဆရာတော်အဖြစ် (၁၀) နှစ်ကြာ စာပေပို့ချခဲ့ပြီးမှ နာလန္ဒာတက္ကသိုလ်တွင် ဒေါက်တာဘွဲ့လာယူပြီး သက်တော် (၇၇)နှစ်အရွယ် ဂယာမြန်မာကျောင်းဆရာတော်ဘုရား ကျန်းမာရေး မကောင်း၍ အနီးကပ် စောင့်ရှောက်နေသူ ဖြစ်ပါသည်။

ဂယာမြန်မာကျောင်းတွင် နံနက်စာ အဆာပြေစားကြပြီး မဟာဗောဓိစေတီတော်ကြီးကို သွားရောက်ဖူးမြော်ကြကာ ရွှေကြာသက်န်းများ ကပ်လှူကြပါသည်။ ကျွန်မတို့ အဖွဲ့မှာ (၆၄) ယောက်ဖြစ်၍ ရွှေကြာသက်န်း လေးထည်ကို အုပ်စုခွဲ၍ ကိုင်မြှောက်ကာ စေတီတော်ကြီးကို လက်ယာရစ် သုံးပတ်ပတ်ပြီး ပဋ္ဌာန်းဒေသနာတော်ကို ညီညီညာညာရွတ်ဆိုပူဇော်ရင်း ဘုရားကြီး၏အတွင်း ဂန္ဓကုဋိတိုက်အတွင်းသို့ တန်းစီဝင်ကြချိန်တွင် ကျွန်မသည် တစ်ခါမှ စိတ်ကူးထဲမှာပင် မမျှော်မှန်းခဲ့မတောင့်တနိုင်ခဲ့သော ဤဗုဒ္ဓဂယာမဟာဗောဓိစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းသို့ ရောက်ဖူးရပြီ။ စေတီတော်မြတ်ကြီးကို မျက်ဝါးထင်ထင် ဖူးတွေ့ခွင့်ရပေပြီဟု ရင်ထဲနှလုံးသားထဲမှ လှိုက်လှိုက်လှဲလှဲ ဝမ်းသာကြည်နူးဖြစ်မိကာ ထိန်းမနိုင်အောင်ပင် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျမိပါတော့သည်။ ပို့ဆောင်ပေးသော တူမကိုလည်း အထူးတလည် မေတ္တာပို့ရပါသည်။

ဂန္ဓကုဋိတိုက်အတွင်းမှ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ ခြေတော်ရင်းသို့ရောက်လျှင် မြတ်စွာဘုရားကြီး၏ မျက်နှာတော်ကို မော်၍ဖူးလိုက်သောအခါ ရောက်လေရာ တန်ခိုးကြီးဘုရားတော်တော်များများကို ဖူးမြော်ခဲ့ရဖူးပါသည်။ များသောအားဖြင့် ဘုရားတိုင်း၏ မျက်နှာတော်များတိုင်း ပြုံးတော်မူကြသည်သာ များပါသည်။ မဟာဗောဓိ စေတီတော်မြတ်ကြီး၏

ရင်းမှ တစ်ဆင့် ဝိတိုရိယဘုရင်မမြတိုက်သို့သွားကြပါသည်။ကိုလ်ကတ္တားတွင် တစ်ညအိပ်ခဲ့ရသော ကျောင်းမှ စေတီကလေးမှ လွဲ၍ ဖူးမြော်စရာ ဘုရားပုထိုးများကို မတွေ့ခဲ့ရပါ။

ကိုလ်ကတ္တားတွင် မီးအားတွေ အလွန်ကောင်းပါသည်။ ရောက်လေရာမှာ မီးတွေ ထိန်ထိန်လင်းနေပါသည်။ လမ်းတွေ အလွန်ကောင်းပါသည်။ ရုံးကျော်တံတားတွေကို နေရာတိုင်းမှာ တွေ့ရပါသည်။ အပေါ်လမ်း အောက်လမ်းစသည့် နှစ်ထပ်လမ်းတွေ ပေါပါသည်။ ဂင်္ဂါမြစ်ကို စာတွေထဲမှာသာ ဖတ်ဖူးခဲ့ရ၍ ဧရာဝတီမြစ်လောက်သာ ထင်ခဲ့ပါသည်။

တကယ့် ဂင်္ဂါမြစ်၏ အကျယ်မှာ သုံးမိုင်ကျယ်ဝန်းပြီး တံတားကြီးမှာလည်း အံ့သြစရာ ကောင်းလောက်အောင်ပင် ခိုင်ခံ့ထည်ဝါလှပါသည်။ အသွားတုန်းက ညမိုးချုပ်ချိန် ရောက်သွား၍ လေဆိပ်ကို အတွင်း အပြင် ရှုအောင်မမြင်ခဲ့ရပါ။ အပြန်ကျမှ လေဆိပ်ခေည့်ဆောင်၏ နံရံတွင် ဂင်္ဂါမြစ်ကူးတံတားကြီး၏ ပုံကို တခမ်းတနားကြီး



www.burmeseclassic.com

www.burmeseclassic.com




အနတ္တလက္ခဏသုတ် ဟောရာဌာန ဓမ္မေခစေတီ

ဂန္ဓကုဋိတိုက်အတွင်းမှ ရုပ်ပွားတော်ကြီး၏ ပြုံးတော်မူပုံမှာ အလွန်ကြည်ညို ဖွယ်ရာရှိတော်မူပါသည်။ မျက်နှာတော်တစ်ခုလုံး ပြုံးတော်မူနေပုံမှာ မတွေ့ရတာကြာပြီဖြစ်သော ကမ္ဘာအရပ်ရပ်မှ သားသမီး မြေးမြစ်များကို တစ်စုတစ်ဝေးတည်း ပြန်တွေ့လိုက်ရသလို ပါးအို့တော်လေးတွေကပါ ပြုံးချိုနေတော်မူပါသည်။

ကျွန်မသည် ဘုရားကိုယ်တော်မြတ်ကြီး၏ မျက်နှာတော်ကို မော်ဖူးနေစဉ် သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တော်တိုင်ကို အနီးကပ် ဖူးတွေ့နေရသလို ဘုရားကြီး၏ ကိုယ်ခန္ဓာတော်ထဲမှာပင် ဂေါတမမြတ်စွာဘုရား၏ ဝိညာဉ်တော် ဝင်ရောက်ကိန်းဝပ်နေသလို ခံစားကြည်ညိုနေမိပါသည်။

ဘုရားပွဲ၊ ကျောင်းပွဲတွေမှာ ကြက်ပျံမကျ စည်ကားလှသည်ဆိုတာ ဘာဟုတ်သေးလဲ။ ယခု မဟာဗောဓိစေတီတော်ကြီးတစ်ဝိုက်၌ စည်ကားလိုက်ပုံမှာ ကမ္ဘာပေါ်ရှိ တိုင်းပြည်ပေါင်းစုံမှ လူမျိုးပေါင်းစုံတို့ ရောက်လာလိုက်ကြသည်မှာ တကယ့် အံ့မခန်းလောက်ပါပေ။ လူမျိုးတွေကလည်း စုံမှ စုံ။ သူတို့ လာကြပုံမှာ တစ်ခုခု ထူးဆန်းလို့ မြင်ဖူးအောင် လာကြည့်တာမျိုး မဟုတ် တကယ့်ကို လေးလေးမြတ်မြတ် ကြည်ကြည်ညိုညို၊ သူတို့ ဘုရားရှိခိုးပုံ ရှိခိုးနည်းကလည်း တလေးတစား ဝပ်ဝပ်တွားတွား ရှိလှ၍ ကျွန်မတို့၏ ကိုးကွယ်



ဘုရားဟောင်း ဖွားမြင်တော်မူရာ လုမ္ဗိနီ

ရာ ဗုဒ္ဓမြတ်စွာအပေါ် သူတို့ လေးစားကြည်ညိုနေကြပုံကိုပင် ကျွန်မစိတ်ထဲက ပြန်၍ လေးစားနေမိပါသည်။

ကျွန်မသည် ကျွန်မနှင့်အတူ ကြွရောက်လာသော ဆရာတော် အရှင်နန္ဒကအား . . .

"ဘုရားဖူးတွေကလဲ များလိုက်တာနော်၊ ခရီးကြီးကို လာကြတာ နည်းတဲ့ ကြည်ညိုမှု မဟုတ်ဘူးနော်" ဟု လျှောက်မိပါသည်။ ဆရာတော်က . .

"မြတ်စွာဘုရား ဘုရားဖြစ်ခါနီးမက်ခဲ့တဲ့ အိပ်မက်ကြီး ငါးပါးထဲမှာ ဘုရားဆီကို ငှက်အမျိုးပေါင်းစုံ ငှက်ရောင်စုံတွေ လာလိုက်ကြတာ ဘုရားခြေတော်ရင်းလဲ ရောက်ရော ငှက်



အဂ္ဂီရစေတီ



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာ မဟာဗောဓိစေတီ

အားလုံး အဖြူရောင်ငှက်တွေချည်း ဖြစ်ကုန်တယ်လို့ မက်ခဲ့တာလေ၊ အဲဒီ အိပ်မက်အတိုင်းပဲပေါ့” ဟု မိန့်ပါသည်။

နေ့ဆွမ်းစားအပြီး မွန်းလွဲ ၂ နာရီတွင် ရွှေတော်ဝင်အဖွဲ့မှ ရဟန်းလောင်း လေးပါး သိမ်ဝင်ကြသည်။ သိမ်အထွက်တွင် ပင့်သံဃာတော်များနှင့် ဘုန်းကြီးပေါင်း(၁၃)ပါး သိမ်အထွက် လောင်းလှူရသည်။ ရွှေတော်ဝင်အဖွဲ့မှ မိန်းကလေး လေးယောက် သီလရှင်ဝတ်ကြသည်။ နောက်တစ်နေ့နံနက် ဂယာမြန်မာကျောင်းမှ ကားကြီး နှစ်စီးနှင့် ရာဇဂြိုဟ်သို့ ထွက်လာကြသည်။ ကားထဲတွင် နေ့လယ်စာ ဆွမ်း၊ ဆွမ်းဟင်းတစ်ခါတည်း ယူလာကြသည်။ တောင်ငါးလုံးခို ရာဇဂြိုဟ် ဆိုသည့်အတိုင်းဘယ်တိုပဲ ကြည့်လိုက်ကြည့်လိုက် မြင့်မြင့်မားမား တောင်တန်းကြီးတွေကို မျှော်မဆုံးအောင် တွေ့မြင်နေရသည်။

ဂျပန် ကမ္ဘာ့ငြိမ်းချမ်းရေးစေတီသို့ ကောင်းကင် စက်လှေကားကို ကြောက်ကြောက်နှင့်စီးပြီး သွားဖူးရသည့် ဂိဇ္ဈကုဋ်တောင်၊ ဝေဘာရတောင်၊ မြတ်စွာဘုရား သီတင်းသုံးတော်မူရာကျောက်လိုဏ်ဂူ၊ ရှင်မဟာကဿပ၊ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့ သီတင်းသုံးတော်မူရာ ဂူများသို့ ရောက်သည်။ ဂူများတွင် ဘုရားဖူးများ ရွှေချနေကြသည်ကို တွေ့ရသည်။

နောက်တစ်နေ့တွင် သင်္ကဿနဂိုရ် မြန်မာကျောင်းသို့ ရောက်ကြသည်။ မယ်တော်မိနတ်သားကို အဘိဓမ္မာတရားဟောကြားအပြီး တာဝတိံသာနတ်ပြည်မှ ပြန်လည်ဆင်းကြွလာရာ နေရာကို အာသောကမင်းကြီး (အစလစေတီ) ဟု တည်ထားခဲ့သောနေရာ စေတီပျက်၏ ကုန်းတော်ပေါ်တွင် ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ပူဇော်ကြရသည်။

နောက်တစ်နေ့ နံနက် သင်္ကဿနဂိုရ်မှအထွက် နယူးဒေလီသို့ သွား



တောအောက်လောင်ကျွမ်းရာ ဘာဂီရစေတီ



www.burmeseclassic.com

www.burmeseclassic.com



ထား၍ အဖွဲ့သားများ နံနက်အဆာပြေ စားချိန်တွင် ကပ္ပိယမောင်လှထွန်းမှ ဆရာတော်များ၏ ဆွမ်းသပိတ်များကို ယူလာကာ စားသောက်ဆိုင်အနောက် ခန်းသို့သွားပြီး ဆွမ်း၊ ဆွမ်းဟင်းများကို အလှူခံခဲ့ကာ ရန်ကုန်မှာကတည်းက စီစဉ်ယူဆောင်လာခဲ့သော အကြော် အလှော် စသည်များ လိုအပ်သလို ထပ်ဖြည့်ထားပြီး နံနက် ၉ နာရီလောက် တွင် ကားထဲမှာပင် ကပ်လှူလိုက်ပါ သည်။ ဆရာတော်များ ကားပေါ်မှာပင် နေ့ဆွမ်းဘုဉ်းပေးကြရပါသည်။

ရာလမ်းတွင် ကားတွေကျပ်နေ၍ နာရီ ဝက်မက လမ်းပိတ်နေသဖြင့် ရှေ့ဆက် ပြီး သွားမရသောကြောင့် လမ်းဘေး ကွင်းပြင်တစ်ခုတွင် ကားရပ်ပြီး ကား ပေါ်တွင် သံဃာတော် သီလရှင်များပါ ကမန်းကတန်း ဆွမ်းကပ်လိုက်ကြရ သည်။ မူတင်ဆောင်ဆရာတော် လေး ပါးအတွက်မူ စောစောကတည်းက ဒေါက်တာဇော်နှင့် ကိုကျော်တို့ ညီ အစ်ကိုကို အကျိုးအကြောင်း ပြောပြ



ဂျပန်ငြိမ်းချမ်းရေး စေတီမှအမြင်

ကားအတူစီးလာကြသော ဘုရားဖူးအဖွဲ့သားများ ကလည်း မိမိတို့ပါလာရာ မုန့်ပဲ ချိုချိုချဉ်ချဉ်ကလေးများကို ပါဝင် လှူဒါန်းပေးကြ၍ ဆရာတော်များ အဆင်ပြေ ပြည့်စုံ ကြပါသည်။

ဗုဒ္ဓဂယာသို့ ကျွန်မလိုက်မည်ဆိုသောအခါ မောင်လှ ထွန်းက . . "ကျွန်တော် တစ်ယောက်တည်း ဆရာတော် လေးပါးနဲ့ နိုင်မယ်မထင်ဘူး"ဟုဆိုခဲ့သော်လည်း တကယ် လက် တွေ့ကျတော့ သူတစ်ယောက်တည်းချည်း အစ အဆုံး ဆောင်ရွက်နေရရှာသည်။ မောင်လှထွန်း ဆွမ်းသပိတ်တွေ နှင့် စားသောက်ဆောင် နောက်ခန်းသို့ဝင်ချိန်တွင် ကျွန်မပါ လိုက်ပါလိုသော်လည်း ဥပုသ်နှင့်ဖြစ်၍ နေ့စဉ်ယောဂီဝတ် နှင့်မို့ အများအမြင်မှာ ဒီယောဂီဝတ် အဘွားကြီး နေရာ တကာ ပါတယ်ဟု အမြင်စောင်းကြမှာ စိုးပါသည်။

ဆွမ်းသပိတ်တွေကို ညမိုးချုပ် ခရီးနားချိန်ကျမှ ရေအဆင်ပြေရာနေရာမှာ မောင်လှထွန်းတစ်ယောက်တည်း ဆေးရပါသည်။(ဆရာတော်လေးပါး ကျွန်တော်တစ်ယောက် တည်း နိုင်မှာမဟုတ်ဘူး) ဆိုသော မောင်လှထွန်းသည်



ဝိတိုရိယ ဘုရင်မပြတိုက်



www.burmeseclassic.com

www.burmeseclassic.com

သူတစ်ယောက်တည်းနှင့် အစစအဆင် ပြေအောင် ဆောင်ရွက်သွားနိုင်ပုံကို ကျေးဇူးတင် ချီးကျူးမိရပါသည်။

ကျွန်မသည် ငယ်စဉ်ကတည်းက အမေ့သန်သူဖြစ်၍ ယခု အသက် (၇၇)နှစ်အရွယ်တွင် မေ့တတ်လိုက်သည်မှာ ခရီးစဉ်တစ်လျှောက်လုံး နေ့တွေလည်း မမှတ်မိ၊ ရက်တွေလည်း မမှတ်မိ။ စာအုပ်နှင့်ဘောလ်ပင်ယူလာခဲ့သော်လည်း တစ်ခုခုရေးမှတ်မည်ကြံ ဘောလ်ပင် ရှာမတွေ့၊ စာအုပ် ဘယ်ထားမိမှန်းမသိနှင့် တော်တော်လေး ကမောက်ကမနိုင်ပါသည်။ တစ်နေရာရောက် တစ်ညအိပ် နောက်တစ်နေ့ ဆက်ထွက်၊ စိတ်နဲ့ လိုက်မှတ်ဆိုတော့ အဆင်မပြေပါ။ ပြည်ပခရီးမို့ ရောက်တောင့် ရောက်ခဲ တွေ့ကြုံခံစားရတာလေးတွေကို မှတ်မိသလောက် ချမရေးခင် ရန်ကုန်-ကမ္ဘာအေး သာသနာ့တက္ကသိုလ်မှ လက်ထောက်မော်ကွန်းထိန်း ဆရာတော်ဦးနရိန္ဒ ပေးစွန့်သော မန္တလေးသာသနာ့တက္ကသိုလ်မဂ္ဂဇင်းထဲမှ စာချဆရာတော် မဟာဓမ္မာစရိယ တက္ကသိုလ်သောတုဇန ရေးသားသော "ဗုဒ္ဓဂယာမှ ပြန်ခဲ့သည်" ဆိုသည့် ဆောင်းပါးကို အရင်ဖတ်ဖြစ်ပါသည်။

ဆရာတော်တို့၏ (၁၄)ရက်ခရီးစဉ်အတွင်း ဘယ်နေ့ ဘယ်အချိန်က ဘယ်ကိုရောက်သည်။ ဘယ်မြို့မှ ဘယ်မြို့ ဘယ်နှမိုင်ဝေးသည်၊ ဘယ်မြို့ ဘယ်နေရာ၊ ဘယ်ဌာနမှာ မည်သည့် ဘုရားတွေကို ဖူးခဲ့ရသည် စသည်ဖြင့် စုံစုံစေ့စေ့ မှတ်တမ်းတင်နိုင်ခဲ့ကာ ခရီးစဉ် အစအဆုံး မိုင်ပေါင်း (၈၇၆)မိုင် ဝေးသည်အထိ မှတ်သားစုဆောင်းနိုင်ခဲ့ပြီး ဆောင်းပါးအဆုံးတွင် "ဗုဒ္ဓဂယာသို့ သွားရသဖြင့် ပိဋကတ်စာပေတို့၌ တွေ့နေရသော ဘုရားအဖြစ်သို့ ရောက်တော်မူသည့်နေရာ၊ ဇေတဝန်၊ ဝေဠုဝန်၊ မိဂဒါဝုန် စသော ဘုရားရှင်နှင့် ရဟန္တာ အရှင်မြတ်ကြီးများ သီတင်းသုံးတော်မူရာ နေရာဌာနများကို မျက်ဝါးထင်ထင် တွေ့မြင် သိရှိရပါသည်။ စာရေးရာတွင် စာသင်သားများ နားလည်ရန်အတွက် မိမိတွေ့ရှိသည်များကို ပြောခွင့်ကြုံပါက ပြောပြနိုင်ပါသည်" ဟု အဆုံးသတ်ထားပါသည်။

စာရေးဆရာလည်းဖြစ် မဟာဓမ္မာစရိယ စာချဆရာတော်လည်းဖြစ်သော ဆရာတော်သောတုဇနကို အထူးပင် လေးစားအားကျမိပါသည်။ ကျွန်မမှာ အိမ်ပြန်ရောက်ချိန်တွင် အိမ်မှ တူမ မိသားစု မြေးကလေးများကို စီကာပတ်ကုံး ပြောပြချင်ပါ၏။ ခေတ်လူငယ်တွေလည်းဖြစ်၊ ဆရာဝန်တွေပင် ဖြစ်နေကြသော မြေးတွေကို မူလတန်းအရွယ်လို ပြီးလွယ်စီးလွယ်ပြော၍လည်းမဖြစ်၊ သေချာကျန ပြောပြနိုင်မှ ဖြစ်မည်မို့ အခက်ကြုံနေရပါသည်။

(၁၇)ရက်ခရီးမို့ ရွှေတော်ဝင်မှ ကိုကျော်က နေရာအစုံ လိုက်ပို့ပေးရှာပါသည်။ ဂိုက်ဆရာတော်လေးမှာ နာလန္ဒာတက္ကသိုလ်တွင် ဒေါက်တာဘွဲ့ လာယူရင်း ရွှေတော်ဝင်တွင် ကြွရောက်လမ်းညွှန်ပေးနေသော (ဦးဇနက)ကလည်း ရောက်လေရာနေရာတိုင်း စိတ်ရှည်လက်ရှည် ရှင်းပြပေးတော်မူပါသည်။ အထူးသဖြင့် အဖွဲ့သား(၆၄)ဦးတွင် အသက် (၇၇)နှစ်အရွယ် ကူတွဲဖော် သားမြေးမပါ တစ်ယောက်တည်း တောက်တောက်တက်တက်နှင့် လိုက်ပါလာနေသော အဘွားအို ကျွန်မကို မျက်ခြည်ပြတ်မခံ စောင့်ရှောက်တွဲခေါ်ပေးတော်မူပါသည်။ ကုန်းကမူအတက်အဆင်းနေရာတိုင်း ဂရုတစိုက် တွဲခေါ်ပေး၍ ကျေးဇူးအထူးတင်ရပါသည်။

ရောက်လေရာ၌ ကုလားကလေးတွေ အတင်းလိုက်တောင်းကြသည်။ သီချင်းဆိုပြီး တောင်းနေသော ကုလားမလေးတွေ၏ အသံက ကောင်းလှသည်။ မြန်မာပြည်မှာသာ ဒီအသံမျိုးနှင့်ဆိုလိုက်ရလျှင် တစ်ခွေတည်းနှင့် ပေါက်ထွက်သွားနိုင်သည်။ နယူးဒေလီမြို့ကြီး စည်ကားလှသည်။ လမ်းတွေ အလွန်ကောင်းသည်။ ကားတွေ ပေါလွန်းလို့ လမ်းဆုံတစ်နေရာတွင် ကားပိတ်တာနှင့် ကြုံလိုက်လျှင် အနည်းဆုံး နာရီဝက်မက ခရီးဖင့်သွားတော့သည်။ လူတွေပေါ ကားတွေပေါ လမ်းတွေ အလွန်ကောင်း၊ အဆောက်အအုံကြီးတွေ အလွန်ကောင်း၊ အလွန်ခမ်းနား စည်ကားလှပါသော်လည်း ဘယ်နေရာရောက်ရောက် ပလပ်စတစ်ကြွပ်ကြွပ်အိတ်တွေ တဖွေးဖွေးနှင့် အမှိုက်ပုံတွေကို နေရာတိုင်းမှာ တွေ့ရသည်။ အိန္ဒိယနိုင်ငံကို အခြားနိုင်ငံများက "နိုင်ငံတကာအမှိုက်ပုံ"ဟု ခေါ်ကြကြောင်း ကြားသိခဲ့ရသည်။

အိန္ဒိယနိုင်ငံသည် အမျိုးဇာတ်အယူအစွဲ ပြင်းထန်ကြောင်း၊ ဇာတ်မြင့်ဇာတ်လတ်၊ ဇာတ်နိမ့်ဟု သုံးမျိုးရှိရာတွင် ဇာတ်နိမ့်သမားနည်း၍ သန့်ရှင်းရေးသမား မလုံလောက်တာလား မသိ၊ ဇာတ်မြင့်သမားကလည်း ကိုယ့်ခြံဝင်းအပြင် လမ်းပေါ်စသည် အမြင်မတော်၍သော်မှ သန့်ရှင်းရေးမလုပ်ကြ။ အမြင်မတော်၍ ထွက်လုပ်ခဲ့သော် အမျိုးဇာတ်နိမ့်သွားမှာစိုးလို့ ဒီအတိုင်းထားကြောင်း သိခဲ့ရသည်။ နေရာတိုင်း ရပ်ကွက်တိုင်း အမှိုက်ပုံတွေ မြင်မကောင်းအောင် ရှိနေသော်လည်း ဝန်ကြီးများရုံးစသည့် ဌာနဆိုင်ရာ ရုံးရပ်ကွက်မှာမူ အမှိုက်တစ်ပင်မရှိအောင်ပင် သန့်ရှင်းနေပါသည်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက (၄၅)ဝါကာလပတ်လုံး အနတ္တတရားကို တွင်တွင် ဟောခဲ့ပါသော်လည်း သူတို့၏ အတ္တစွဲ အမျိုးဇာတ်စွဲကြီးမားပြင်းထန်စိတ်ကို နောင်ပွင့်မည့် ဘုရားကိုယ်တော်မြတ်သော်မှ ကျွတ်အောင် ချွတ်နိုင်ပါမည်လား မသိပါ။

မြတ်စွာဘုရား၏ ညီနောင်တော်စပ်တော်မူသော မဟာနာမ်မင်းကြီးသည် သောတာပန်တည်ပြီး ဖြစ်ပါသည်။ ညနေချမ်းအချိန်တိုင်း မြတ်စွာဘုရားကျောင်းတော်သို့ သွားရောက်လေ့ရှိပါသည်။ မင်းတစ်ပါးပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း သောတာပန်တည်ပြီးမို့ အဆောင် အခမ်းအနားမပါ ရိုးရိုးကြွဟန်တူပါသည်။

တစ်နေ့ မြတ်စွာဘုရားကို လျှောက်ပါသည်။ ညနေချိန်ခါ မြတ်စွာဘုရားထံ ဖူးမြော်ရန်လာတိုင်း လမ်းမှာ မြင်းရထားတွေ လူတွေများလွန်း ရှုပ်ထွေးလွန်းပါသည်။ အကြောင်းမသင့်၍ ထိခိုက်အနာတရဖြစ်ပြီး သူ ကွယ်လွန်ခဲ့သော် အပါယ်ငရဲသို့ ကျရောက်မှာ စိုးကြောင်း လျှောက်ထားပါသည်။

မြတ်စွာဘုရားက မဟာနာမ်မင်းကြီး သောတာပန်တည်ပြီးဖြစ်၍ မြစ်ထဲ ချောင်းထဲသို့ ထောပတ်ဆီအပြည့်ရှိသော မြေအိုးလွတ်ကျကွဲခဲ့သော် မြေကြီးအိုးကသာ ရေအောက်သို့ နစ်ဝင်သွားပြီး ထောပတ်ဆီတွေကတော့ ရေပေါ်မှာ ပေါ်နေသလို ကောင်းမှုကုသိုလ်နှင့် ပြည့်စုံပြီးနေသောသူ ကွယ်လွန်ခဲ့သော် ရုပ်ခန္ဓာကြီးကသာ မြေကြီးအောက်သို့ ရောက်သွားမည်။ သူပြုခဲ့သော ကောင်းမှုကုသိုလ်များက ထောပတ်ဆီ ရေပေါ်သကဲ့သို့ အထက်သို့တက်သွားမည်ဟု မိန့်တော်မူခဲ့ကြောင်း တရားစာတွေထဲတွင် ဖတ်ရဖူးပါသည်။ ယခု နယူးဒေလီ၏ ညနေပိုင်း ညဦးပိုင်း ကားတွေ လူတွေ ရှုပ်ထွေးလွန်းတာကို ကြည့်ပြီး မဟာနာမ်မင်းကြီးကို သတိရမိပါသည်။

နယူးဒေလီသည် လူချမ်းသာတွေ ပေါပါသည်။ အဆောက်အအုံတွေ အလွန်ကောင်း အလွန်ခမ်းနား စည်ကားလှပါသည်။ သို့သော် တချို့နေရာများတွင် လမ်းတစ်ဖက်ခြမ်းက မိုးထိတိုက်ကြီးတွေနှင့် ခမ်းနားကြီးကျယ်လှပြီး တစ်ဖက်ခြမ်းက ဆင်းရဲစုတ်ပြတ်နေသော မိသားစုတွေကို တွေ့ရပါသည်။ တချို့နေရာတွင် အိပ်ရာအိပ်ခင်းပင်မရှိ၊ အဝတ်စဟောင်းကို မြေကြီးပေါ်တွင် ခင်းပြီး အိပ်နေကြပုံကို ကြည့်မြင်ရသည်မှာ စိတ်မချမ်းသာပါ။ ဒါလောက် မြေကြီးပေါ်ပြီး ကျယ်ဝန်းလှသော နိုင်ငံကြီးတွင် ဒါလောက်ဆင်းရဲမွဲတေသူများ ကျောတစ်နေရာစာကလေးမှ လုံခြုံမှုရှိမနေသူများ ရှိမနေသင့်၊ လူနေမှုအဆင့်အတန်း ဒါလောက်ကြီး မကွာဟသင့်ဟု တွေးနေမိပါသည်။

နယူးဒေလီဟိုတယ်မှာ တစ်ညအိပ်ခဲ့ရသည်။ နှစ်ယောက် တစ်ခန်း၊ အိပ်ရာအိပ်ခင်း အလွန်ကောင်း၊ တီဗွီ တယ်လီဖုန်း ရေချိုးခန်းမှာလည်း ရေပူရေအေး အစုံရသည်။ နံနက်စောစော ဟိုတယ်လက်ရာ ချာပါတီ အာလူးဟင်း အခန်းထဲအထိ လာပို့သည်။ တစ်ပွဲလျှင် ရူပီး(၄၀)။ အရသာကောင်းလှသည်။ တာ့ချ်မဟာသို့လည်း ရောက်ကြသည်။ ကားရပ်နားသည့်နေရာမှ တာ့ချ်မဟာသို့ ကုလားအုတ်လှည်းစီးပြီး သွားရသည်။ တစ်စီးလျှင် လူ(၁၀)ယောက်စီးရသည်။ ကုလားအုတ်ကြီးတွေ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ကုလားအုတ်တွေလောက် မလှကြ။ အရောင်က မွဲသည့်အပြင် အနံ့ကလည်း ဆိုးလှသည်။ ရှေ့လှည်းက အနံ့၊ နောက်လှည်းက အနံ့နှင့် အသက်ရှူလို့ မရ။ အပြန် ကားကလေးတွေနှင့် ဆင်းကြသည်။

၎င်းနယူးဒေလီမှ ဗာရာဏသီသို့ ထွက်လာကြသည့် ကားပေါ်မှာပင် အိပ်လာကြသည်။ အေးလိုက်တာမှ အလွန် နံနက် ၉ နာရီခွဲမှ ဗာရာဏသီ မြန်မာကျောင်းသို့ ရောက်ကြသည်။ ရောက်တာနှင့် ပဲနီပြုတ် ထမင်းကြော် ကြက်ဥကြော်၊ ကော်ဖီတို့နှင့် မြိန်ရှက်စွာ စားကြရသည်။ ခရီးစဉ်တစ်လျှောက်လုံး မြန်မာထမင်း မြန်မာဟင်းတွေနှင့် မြန်မာလက်ရာအတိုင်း စားကြရသည်။ ဆန်တွေကလည်း ကောင်းလှသည်။ တူမက စိတ်မချ၍သာ (၁၇)ရက်အဖွဲ့နှင့် လွှတ်လိုက်သော်လည်း ကျွန်မမှာ စားလို့ကောင်း တောင်တက် တောင်ဆင်း အကုန်အဆင်ပြေ သွားလေရာ လန်းလန်းဆန်းဆန်းရှိ၍ ကျွန်မ၏ ဆရာတော်အရှင်နန္ဒက . . . "ဒေါ်ငွေငွေအုန်း စိတ်ပူလို့သာနော်၊ ဒကာမကြီးရဲ့ ကျန်းမာရေးက (၄၅)ရက် နေလို့ရတယ်နော်" ဟု မိန့်ပါသည်။

ကျွန်မ အစစ ကံကောင်းသည်ဟု ဆိုရပါမည်။ ငယ်စဉ်ကတည်းက အစားအသောက် ဇီဇာမကြောင်ခဲ့၍ အစားအတွက်လည်း အဆင်ပြေပါသည်။ ညီမ တူမများကလည်း ဆေးဝါးတွေအပြည့်အစုံ ထည့်ပေးလိုက်ကြပါသည်။ ဘုရားဖူးအဖော်တွေကလည်း အဖွဲ့ထဲတွင် ကျွန်မက ဆံပင်ဖြူဖြူ အသက်အကြီးဆုံးမို့ ငှက်သိုက်ဘူးတွေ ပေးတိုက်ကြ၊ ခြေအိတ်လက်အိတ်တွေ လှူကြ၊ တိုင်းရင်းဆေးတွေ ပေးကြ၊ မုန့်ပဲ ချိုချိုချဉ်ချဉ်လေးတွေ ကျွေးကြနှင့် အားလုံး၏ မေတ္တာဓာတ်တွေကြောင့် ကျွန်မမှာ ခရီးပန်းတာ၊ ဖျား ခေါင်းကိုက် မူးဝေ ဘာမှမဖြစ်ပါ။ အဖွဲ့သား အားလုံးကို ကျေးဇူးတင်ပါသည်။

ညနေပိုင်း ဓမ္မစကြာ တရားဦး ဟောသည့်နေရာ၊ အနတ္တလက္ခဏသုတ်ဟောတော်မူသောနေရာ၊ ယသသတို့သားနှင့် အပေါင်းပါ (၄၅)ဦး၊ ပဉ္စဝဂ္ဂီ ငါးဦး စသည်ဖြင့် သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ စသည်ဖြင့် လမ်းညွှန်ဦးဇင်းဦးဇနကမှ ရှင်းလင်းပြောပြပေးပါသည်။

နေ့တွေ ရက်တွေ ရောက်ခဲ့သည့်နေရာတွေကို အစီအစဉ်တကျ မမှတ်မိတော့သော်လည်း ဘုရားဖြစ်တော်မူသောနေရာ၊ သုဇာတာ နို့ဆွမ်းကပ်လှူသောနေရာ မြက်ရိတ်သမားငစင် မြက်ရှစ်ဆုပ်လှူသော နေရာ၊ ရွှေခွက်မျှောတော်မူသောနေရာ စသည်တို့ကိုမှတ်မိပါသည်။ ရွှေခွက်မျှောသောနေရာသို့ သွားရာလမ်းတွင် ဒေါင်းမိသားစုလေးတွေကို ဟိုနား ငါးကောင်၊ ဒီနား လေးကောင် စသည်ဖြင့် တွေ့ရပါသည်။ ကလေးလေးတစ်ယောက် ဒေါင်းတောင်ကလေးကိုကိုင်ပြီး တစ်ဆယ် တစ်ဆယ်ပြောပြီး လာရောင်းနေပါသည်။ သူတို့ မြန်မာစကား မတတ်ကြပါ။ တောင်းသည့်ကလေးတွေက





www.burmeseclassic.com

www.burmeseclassic.com

လည်း လူတွေ့တိုင်း တစ်ဆယ် တစ်ဆယ် ဟုပြောနေကျ၊ မင်္ဂလာပါဟု တချို့က ပြောတတ်ကြပါသည်။ ရွှေခွက် မှောက်တော်မူရာ နေရဉ္စရာမြစ်မှာ သဲသောင်ပြင်အဖြစ်သာ မြင်ခဲ့ရသည်။ ရေလုံးဝ မရှိတော့ပါ။

မယ်တော်မာယာ၏ အိမ်နေရာမှာ အဝေးကကြည့်လျှင် ခံ့ညားထည်ဝါစွာ ဖွေးဖွေးလက်လက်မြင်ရပြီး အတွင်းမှာမူ တူးဖော်စဉ်ကအတိုင်း အုတ်ကျိုး အုတ်ပဲ့တွေကို ထိန်းသိမ်းထားပါသည်။ ဘုရားဖူးများ တန်းစီပြီး ဝင်ရပါသည်။ ကျွန်မသည် ဘယ်ကိုသွားသွား မလဲမပြိုအောင် ဖြည်းဖြည်းသက်သာသွား၍ အများနောက်မှာ ရှိနေတတ်ပါသည်။ မယ်တော်မာယာ၏ အိမ်ကို လိုက်လံရှင်းလင်းပြသပေးသည့် ဆရာတော်မှာ ရန်ကုန်မြို့ ကမ္ဘာအေး သာသနာ့တက္ကသိုလ်မှ မြန်မာစာနည်းပြ ဆရာတော် အရှင်ဣန္ဒာစက္က ဖြစ်ပါသည်။

ဘုရားဖူးအဖွဲ့၏ နောက်ဆုံးမှာ ရှိနေသော ကျွန်မကို လှမ်းခေါ်ပြီး သိဒ္ဓတ္ထမင်းသားလေး၏ ခြေရာတော်ဟု ယူဆရသော ခြေတော်ရာ ဖွေးဖွေးလက်လက်ကလေးကို ဂရုတစိုက် ခေါ်ပြပေးတော်မူရင်း အနီးမှ ဘုရားဖူးလူငယ်အုပ်စုကို "သက်ကြီးရွယ်အိုမို့ ဦးစားပေးပြီး ခေါ်ပြတာနော်"ဟု မိန့်တော်မူပါသည်။ ဆရာတော်၏ မေတ္တာစေတနာကို ကျေးဇူးတင်လေးစားမိပါ၍ ဆရာတော်၏လိပ်စာကို တောင်းယူခဲ့ပါသည်။ ဆရာတော်၏ ဇာတိမှာ ဇလွန်မြို့ကဟု သိရပါသည်။ ကျွန်မက မြန်အောင်ဇာတိမို့ တစ်တိုင်းတည်းသားချင်း ရေစက်ပါလို့ ထင်ပါရဲ့ဟု တွေးလိုက်မိပါသည်။

ဒေါ်နပုဏ္ဏား မာတ်တော်ဝေရာနေရာ အရိုးပြာများကို စုပုံပြီး စေတီတည်ရာနေရာတို့ကို ရောက်သောအခါ ဂယာဘုရားဖူးပြီး ပြန်လာသူတချို့ ပြောသံကြားဖူးပါသည်။ "ဘုရားဖူး သွားပါတယ်၊ အုတ်ပုံတွေချည်းပဲ"တဲ့။ အုတ်ပုံတွေဆိုလို့ တော်ရုံတန်ရုံ သေးသေးကွေးကွေး အမှတ်တရလေးတွေလား မှတ်ပါတယ် ခုခေတ် အုတ်ဈေးနှင့်များ တည်ဆောက်ရလျှင် မလွယ်လိုက်တာ။ ထိုခေတ် ထိုအခါက ဒီလောက်ကြီးမားလှသည့် အုတ်ပုံကြီးဖြစ်လာအောင် ကိုယ်တိုင် မြေတူးကြ၊ ကိုယ်တိုင် အုတ်ဖုတ်ကြ၊ လူတွေ ရာထောင်ချီပြီး နှစ်နှင့်ချီပြီး တည်ဆောက်နေကြပုံကို စိတ်ကူးနှင့် မြင်ယောင်ကြည့်မိပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က ကိုယ်တိုင်ကိုယ်ကျ ဘုရားနှင့် တရင်းတနှီး ဆည်းကပ်ခွင့်ရခဲ့သော ကောသလမင်းကြီး မြတ်စွာဘုရား၏ တရားတွေလည်း နာခွင့်ရခဲ့ပါလျက် ဘာမဂ်ဖိုလ်မှ မရခဲ့ရှာ။ မြတ်စွာဘုရားနှင့်ပတ်သက်၍ အမှတ်တရ တစ်ခုခု မှတ်မှတ်ထင်ထင် ထားခဲ့ဟန်မတူ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း(၃၀၀)နီးပါးကြာမှ လူဖြစ်လာရသော မြတ်စွာဘုရားကို မဖူးမြင်လိုက်ရ၊ တရားတော်ကို နာခွင့်မရရှာခဲ့သော သီရိဓမ္မာသောကမင်းကြီး၏ မြတ်စွာဘုရားကို လေးမြတ်ကြည်ညိုပုံ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားဓမ္မများ မကွယ်ပျောက်စေရန် တတိယသံဃာယနာတင်ခဲ့ပုံ၊ မြတ်စွာဘုရားနှင့် ဆက်စပ်သော နေရာဌာနတိုင်းကို ပြီးစလွယ် ဖြစ်ကတတ်ဆန်း သေးသေးကွေးကွေးလေးမဟုတ် ကြီးကြီးမားမား မှတ်မှတ်ထင်ထင် တခမ်းတနား ထည်ထည်ဝါဝါ ခံ့ခံ့ညားညား တည်ဆောက်တော်မူခဲ့ပုံတွေကို တွေးကြည့်စဉ်းစားမိတိုင်း သီရိဓမ္မာသောကမင်းကြီးကို အထူးပင် လေးစားမိရပါတော့သည်။

ဆရာတော်ကြီး တစ်ပါး၏ တရား တစ်ပိုင်းတစ်စလေးကို သတိရမိပါသည်။ အကုန် မမှတ်မိတော့ပါ။ ဒကာမိသားတစ်စု ဆရာတော်ထံ လာရောက်ကန်တော့ရင်း "တပည့်တော်တို့ ဗုဒ္ဓဂယာက ပြန်ခဲ့ပြီဘုရား၊ ဗုဒ္ဓဂယာ ဘုရားဖူးပြီးရင် အပါယ်တံခါးပိတ်ပြီဆိုတာ ဟုတ်လားဘုရား" ဆိုလို့ "ဘုရားကို ဖူးရုံနဲ့ အပါယ်တံခါးမပိတ်ပါဘူး၊ သံဝေဇနိယ လေးဌာနကို ဖူးမြင်ကန်တော့ရင်း သံဝေဂဉာဏ်တွေဝင် သံဝေဂတွေပွားပြီး ဝိပဿနာအားထုတ်ကြပါမှ အပါယ်တံခါးပိတ်တာ"လို့ ဟောလိုက်ကြောင်း နာခဲ့ရဖူးပါသည်။

ကျွန်မသည် သီရိဓမ္မာသောကမင်းကြီး တည်ဆောက်ပြုပြင်ထိန်းသိမ်းခဲ့သော အုတ်ပုံစေတီကြီးတွေကို ဖူးမြင်ရတိုင်း သံဝေဂဉာဏ်မပေါ်ဘဲ သီရိဓမ္မာသောကမင်းကြီးကို လေးစားသည့် စိတ်တွေသာ ပေါ်နေပါသည်။ ကျွန်မကို ဘုရားဖူးပို့ပေးသော တူမက . . .

"အန်တီနော် တူမတို့အတွက် ဘာလက်ဆောင်မှ မဝယ်ခဲ့နဲ့နော်၊ လှူစရာရှိတာတွေသာ အကုန်လှူခဲ့ပါ" ဟု မှာလိုက်သော်လည်း တူမအတွက် ကျွန်မ လေးစားကြည်ညိုမိသော သီရိဓမ္မာသောကမင်းကြီး၏ ပန်းပုကျောက်တိုင်တစ်ခု ဝယ်လာပေးလိုက်ပါသည်။ ကျောက်တိုင်ဆိုသော်လည်း ကျောက်သားမဟုတ်ပါ။ သစ်သားနှင့်ထုလုပ်ထားသော လုံးပတ် ၇ လက်မ၊ အမြင့် ၁၅ လက်မ အရွယ် ခြင်္သေ့ရုပ် လေးကောင်ပါသော ကျောက်တိုင် ဖြစ်ပါသည်။ (အိန္ဒိယတွင် ဈေးဝယ်လျှင် ဆစ်နိုင်မှ တန်ကာကျမယ်နော်)ဟု ဆရာတော် သောတုဇနရေးသည့်အတိုင်း ဆိုင်ရှင်ကုလားက ရူပီး ၁၅၀၀ ဟုဆိုပါသည်။ ကျွန်မသည် အားနာတတ်၍ ဈေးဝယ်တိုင်း ဈေးကြီးမိတတ်ပါသည်။ လမ်းညွှန် ဦးဇင်းဦးဇနက ကုလားစကားတတ်၍ ဦးဇနက ဆစ်ပေးမှ ရူပီး (၇၀၀)နှင့် ရခဲ့ပါသည်။

အိန္ဒိယသည် ကျယ်ဝန်းသော နိုင်ငံကြီးဖြစ်၍ ဘုရားဖူးသွားလျှင် တစ်ဌာနနှင့် တစ်ဌာန တမေ့တမောကြီး ကားစီးရပါသည်။ လမ်းဘေး ဝဲယာ ကြည့်လေရာ စိုက်ခင်းမျိုးစုံကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com

မဆုံးအောင် တွေ့နေရပါသည်။ မြန်မာနိုင်ငံနှင့် တချို့နေရာများတွင် ဥတု တူပုံရသည်။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်းခင်းတွေကို မြင်ရလျှင် (၁၃)နှစ်ကြာနေခဲ့ဖူးသော ပြင်ဦးလွင်ကို သတိရမိသည်။ ပဲစင်းငုံခင်းတွေကလည်း တစ်မျှော်တစ်ခေါ်၊ ကြံခင်းတွေလည်း နေရာတိုင်းမှာ တွေ့ရသည်။ ကြံပင်တွေမှာ ကျွန်မတို့ဆီက ကြံပင်တွေလို အညိုရောင် ထွားထွားကျိုင်းကျိုင်း မဟုတ်၊ ဝါတာတာ အလုံးသေးသေးလေးတွေကို တွေ့ရသည်။ လယ်ကွင်းတွေကလည်း တစ်မျှော်တစ်ခေါ်၊ တချို့ ရိတ်သိမ်းပြီးနေပြီ။ ကျွန်မတို့ဆီလို ရိုးပြတ်ရှည်ရှည် ကျန်အောင် မရိပ်ကြ၊ အပင်အရင်းနားကပ်ပြီး ရိတ်ကြသည်။ တိုက်အိမ်ကလေးတွေ၏ ခေါင်မိုးပေါ်တွင် ကောက်ရိုးပုံတွေတင်ထားကြသည်။ ကျွန်မတို့နိုင်ငံတွင် အမျိုးသမီးခါးဝတ်ကို မမြင်ကွယ်ရာမှာ လှမ်းကြသည်။ သူတို့၏ အိမ်ခေါင်မိုးတွေပေါ်တွင် ဆာရီတွေကို တလွင့်လွင့် လှန်းထားကြသည်။

ကျေးလက်၏ အိမ်ခေါင်မိုးတွေပေါ်တွင် တန်ဆောင်မုန်းလမို့ ခဝဲပွင့်တွေ ဝါဝင်းနေသည်ကို အဝေးမှပင် တွေ့မြင်နေရသည်။ တချို့အိမ်တွင် ဘူးသီးတွေ၊ တချို့အိမ်တွင် ကျောက်ဖရုံသီးတွေ သူတို့၏ ကျေးလက်ဒေသက အိမ်ကလေးတွေကို ကြည့်ပြီး ကျွန်မတို့၏ မြေလတ်ပိုင်းဒေသ ကျေးလက်အိမ်ကလေးတွေကို သတိရလွမ်းတမိသည်။ ထူးခြားတာတစ်ခု သူတို့ဆီမှာ သစ်ပင်မခုတ်ရ။ မချိုင်ရ။ ထင်း မဆိုက်ရ၍ ဘယ်အပင်ကိုပဲကြည့်ကြည့် တစ်ခြမ်းပိန်မရှိ။ အုပ်အုပ်ဆိုင်းဆိုင်း ဝိုင်းဝိုင်းမို့မို့နှင့် အဝေးမှကြည့်လိုက်လျှင် ပြေးပြီးအရိပ်ခိုလိုက်ချင်စိတ် ဖြစ်မိသည်။

လိုက်ချီးပင် အရွက်တွေနှင့်တူသော အပင်တွေကို နေရာတိုင်းမှာ တွေ့ရသည်။ အရိပ်ရပုံအလွန်လှ၍ သိဒ္ဓတ္ထမင်းသားတောထွက်စဉ်က အားထုတ်ခဲ့သည့် ဥရုဝေလတောဆိုတာ သည်လို အပင်မျိုးတွေ အများကြီးရှိတဲ့နေရာဖြစ်မှာပဲဟု တွေးမိပါသည်။ နေရာတိုင်းမှာ ထန်းပင်တွေ ပေါသော်လည်း တစ်ပင်မှ ထန်းသီး သီးနေတာ မတွေ့ရပါ။ ပြောင်းဖူးခင်းတွေကို နေရာတိုင်းမှာ တွေ့ရသည်။ အပွင့်ဝါဝါလေးတွေနှင့် မုန်ညင်းခင်းတွေကို အများဆုံး တွေ့ရသည်။ ဒါလောက်များတဲ့ မုန်ညင်းတွေ တစ်ခါမှ ကြော်ပြီး ကျွေးတာ မတွေ့ရ။ တို့စရာလည်း မကျွေး၊ ချဉ်ရည်ဟင်းထဲမှာလည်း မတွေ့။ အပွင့်တွေစုံနေပြီ ခူးလည်းမခူးကြပါလားဟု တွေးမိသည်။ နောက်ကျမှ မုန်ညင်းဆီထုတ်သော မုန်ညင်းမျိုးဖြစ်ကြောင်း သိရသည်။

ရွှေတော်ဝင် (၆၄)ယောက်ထဲမှ (၁၅)ရက်အဖွဲ့က နိုဝင်ဘာ(၂၄)ရက်နေ့တွင် ဂယာလေဆိပ်မှ ပြန်သွားကြပြီး ကျွန်မတို့(၁၇)ရက်အဖွဲ့သား (၂၀)ကျော်က ဂယာမြန်မာကျောင်းမှာ နှစ်ညအိပ်ကျန်ခဲ့ကြရပါသည်။ ခရီးစဉ်ဆုံးပြီမို့ ဘယ်မှသွားစရာမရှိ။ (၂)ရက်ကျန်ခဲ့ရသည်ကိုပင် ဝမ်းသာကျေနပ်ရပါသည်။ ကျွန်မ နေ့လယ်ထမင်းစားပြီးသည်နှင့် ဂယာမြန်မာကျောင်းနှင့် ဘုရားကြီးမှာ ၁၀ မိနစ်ခန့်သာ လမ်းလျှောက်ရ၍ တစ်ယောက်တည်း ဘုရားကြီးသို့ သွားပါသည်။ နံနက် ၄ နာရီထပြီး ကိုးပါးသီလယူ ဘုရားရှိခိုးပြီးနေသော်လည်း မဟာဗောဓိ စေတီတော်မြတ်ကြီး၏ အတွင်းမှ မြတ်စွာဘုရားကြီး၏ ခြေတော်ရင်းတွင် ကိုးပါးသီလကို တစ်ကြိမ်ထပ်ယူပါသည်။

နံနက်ပိုင်း ဘုရားဖူး လာကြသူတိုင်းလိုလိုပင် ဘုရားဈေးတွင် ဆွမ်းတော်ပွဲများ ဝယ်ယူကြပြီး ဘုရားကြီးကို ဆွမ်းတော်ကပ်လေ့ ရှိပါသည်။ ဆွမ်းတော်ပွဲတွေ အများကြီးကို ဘာလုပ်ပစ်မှာပါလိမ့်ဟု ပထမဆုံး ဘုရားကြီးကို ဖူးမြော်ရသည့်နေ့က တွေးခဲ့မိပါသည်။ ဘုရားဖူးလာသူများသည် လက်အုပ်ကလေးတွေချီလျက် တစ်ယောက်ချင်း တန်းစီပြီး ဝင်လာကြရပါသည်။ ဘုရားကြီး၏ ခြေတော်ရင်းသို့ ရောက်လျှင် ထိုင်ပြီး ရှိခိုးချိန်မရ နောက်မှာ လူတန်းကြီးက ရှိနေသည်မို့ ရပ်လျက်ကပင် ဦးညွှတ်ရှိခိုးပြီး ပြန်ထွက်ရပါသည်။ ကျွန်မသည် လူတန်းကြီးနှင့် လွတ်ရာ ထောင့်ကွေးလေးတွင် ကပ်ထိုင်ပြီး သီလယူရပါသည်။

ဘုရားကြီး၏ ပလ္လင်နားတွင် ဦးဇင်းတစ်ပါး အမြဲလို ရှိနေရပါသည်။ အဖွဲ့လိုက် ရွှေကြာသင်္ကန်းများ ကပ်လှူကြချိန်တွင် ဦးဇင်းမှ အလှူခံယူပြီး မြတ်စွာဘုရားကြီးကို လွှမ်းခြုံကပ်လှူပေးရပါသည်။ ဒီဦးဇင်း သည်နေရာမှာ နှစ်ပေါင်းဘယ်လောက်ကြာကြာကတည်းက ဆောင်ရွက်ခဲ့သည် မသိ။ သင်္ကန်းတော်ကို သေသေချာချာ ကိုု့.တွယ်ပြုပြင်ပြီး ဘုရားကြီး၏ကိုယ်တော်ပေါ်သို့ လွှမ်းခြုံပေးလိုက်ပုံမှာ တစ်ခဏလေးနှင့် အချိုးတကျ ချပ်ချပ်ရပ်ရပ် ရှိလှ၍ ကျွန်မ အံ့ဩမိပါသည်။

ဂယာမြန်မာကျောင်းတွင် ကျန်ခဲ့ရသည့်နေ့ နေ့ဆွမ်းစားပြီးချိန်တွင် ကျွန်မ ဘုရားကြီးသို့သွားကာ ဘုရားဖူးလာသူအများနှင့်အတူ တန်းစီပြီး ဝင်သွားသောအခါ ဘုရားကြီး၏ ပလ္လင်နားမှ ဦးဇင်းသည် နံနက်ပိုင်းက ဘုရားဖူးများ ကပ်လှူထားသော သစ်သီးဆွမ်းများကို ဝင်လာသမျှ ဘုရားဖူးအားလုံး တစ်လုံးစီ ဝေငှပေးနေသည်ကို တွေ့ရပါသည်။ ဘုရားကြီး၏ ဆွမ်းတော်စွန့်သစ်သီးများကို ရရှိကြသူတိုင်း ဝမ်းသာပြုံးရွှင်သွားကြပါသည်။ ကျွန်မလည်း သလဲသီးတစ်လုံးရခဲ့၍ သလဲသီးကို အိမ်အထိပြန်ယူခဲ့ပြီး တူ၊ တူမ၊ မြေးများကို ရတောင့်ရခဲ မဟာဗောဓိစေတီတော်မြတ်ကြီး၏ ဆွမ်းတော်စွန့်သစ်သီးဖြစ်၍ အန္တရာယ်ကင်းသည်ဟုဆိုကာ ကျွေးလိုက်ပါသည်။

ကျွန်မသည် ဂယာ မြန်မာကျောင်းတွင် ကျန်ခဲ့ရသည့် နှစ်ရက်ကို တစ်သက်တာ မေ့မရနိုင်အောင်ပင် ကြည်နူးကျေနပ်မိပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်လေဆိပ်တွင် အမှတ်တရ

ရွှေတော်ဝင်မှ (အဘွားကို ၁၇ ရက်ခရီးထဲ ထည့်ပေးလိုက်တယ်နော်) ဟုပြောလိုက်သော သမီးလေးကို အထူးပင် ကျေးဇူးတင်မိပါသည်။ ထိုနှစ်ရက်သည် ကျွန်မအတွက် ကုသိုလ်အရဆုံး စိတ်ချမ်းသာရဆုံးရက်များပင် ဖြစ်ပါတော့သည်။ နေ့လယ်စာ စားပြီးလျှင် ဘုရားကြီးထဲအရောက်သွား ဘုရားကန်တော့ သီလထပ်ယူပြီး ဗောဓိပင်ကြီးအနီးမှ အုတ်ခုံတစ်ခုပေါ်တွင် ထိုင်ကာ လာလာသမျှ ဘုရားဖူးတွေကို ကြည့်နေပြီး ရတတ်သမျှ ပရိတ်တော်များကို ရွတ်သည့်အခါရွတ်၊ စာအုပ်ခေတ်ချင်ဖတ်၊ ရေးချင်ရာ တိုတိုထွာထွာလေးတွေကို ရေးသည့်အခါရေး၊ စေတီတော်ပတ်လည်တွင် တူညီဝတ်စုံ ဖြူဖြူတွေကိုဝတ်ကာ ရွှေကြာသင်္ကန်းတွေကို တိုင်မြှောက်ပြီး မိမိတို့ဘာသာစကားဖြင့် ရွတ်ဆိုပူဇော်ပြီး လက်ယာရစ်ပတ်လှည့်နေကြသော နိုင်ငံခြားသားများကို ကြည့်နေပြီး သူတို့၏ ကောင်းမှုတွေကို သာဓုခေါ်ရင်း ညနေ နေဝင်ခါနီး အအေးခေတ် ပိုလာချိန်ကျမှ ဂယာမြန်မာကျောင်းသို့ ပြန်ခဲ့ပါသည်။

နေ့လယ်ပိုင်းတွင်လည်း နည်းနည်းအေးပါသည်။ ကျွန်မ ထိုင်နေရာ အုတ်ခုံနှင့် မနီးမဝေးတွင် ကျွန်မလိုပင် အေးအေးချမ်းချမ်း ထိုင်နေသော အသက်(၇၀)ကျော်အရွယ် အနောက်နိုင်ငံသားကြီးတစ်ယောက်ရှိနေပါသည်။ သူ့ ဒီလာလာထိုင်နေတာ ရက်နည်းနည်းကြာပြီလား မသိပါ။ သူခင်းထိုင်နေသော အခင်းတွေထဲမှ တစ်ခင်းကို ယူလာပြီး အခင်းမပါဘဲ ထိုင်နေသော ကျွန်မကို ပေးပါသည်။ ကျွန်မက နေပါစေဟု လက်ဟန်နှင့် ပြောပါသည်။ မရပါ။ ခင်မင်ရင်းနှီးဟန် ပြုံးပြုံးရွှင်ရွှင်ဖြင့်ပေးနေ၍ ယူပြီးထိုင်လိုက်ရပါသည်။

ဒုတိယနေ့တွင်လည်း နေ့လယ်စာစားပြီးသည်နှင့် ဘုရားကြီးသို့ သွားပြီး သီလထပ်ယူပါသည်။ မနေ့ကလိုပင် ရတတ်သမျှ ပရိတ်တော်များကို ရွတ်ဆိုပူဇော်ရင်း အတိုင်းတိုင်းအပြည်ပြည်မှ လာရောက်ကြကုန်သော လူမျိုးပေါင်းစုံတို့ ရွှေကြာသင်္ကန်းကပ်လှူနေကြပုံကို ကြည့်ရှုပြီး သာဓုတွေ ခေါ်နေရသည်။ ဘုရားဖူးအဖွဲ့များ တစ်ရုံမစဲလာရောက်ကြ၊ လှူဒါန်းပူဇော်နေကြပုံကို ပီတိဖြစ်နေမိပါသည်။ သူတို့၏ဘာသာစကားကို နားမလည်ပါသော်လည်း လူတစ်သိန်းသေလို့ သုဂတိတစ်ယောက် မရောက်ဟူသော တရားကို အခါခါ နာခဲ့ဖူးပါသော်လည်း ယခုလို တစ်နေ့ တစ်နေ့ လူသိန်းပေါင်းများစွာ လာရောက်ဖူးမြော်နေကြသော မြတ်စွာဘုရား၏ တပည့်သား သာဝကတွေကို တွေ့မြင်နေရသောအခါ သူတို့၏ အိမ်ပစ် ရာပစ် ငွေကုန်ကြေးကျခံ အပင်ပန်းခံပြီး လာရောက်ကြသူတွေ၏ လားရာသုဂတိဘုံဘဝကား သေချာသလောက်ရှိနေလောက်ပြီဟု သူတို့ကိုယ်စား ဝမ်းသာပီတိ ဖြစ်နေမိပါသည်။

ကျွန်မသည် နက်ဖြန်နံနက်လေယာဉ်နှင့် ပြန်ရတော့မည်မို့ မဟာဗောဓိစေတီတော်မြတ်ကြီးကို တဝကြီး ဖူးမြော်နေမိပါသည်။ စေတီတော်ကြီး၏ ညာဏ်တော်အမြင့်မှာ ခေါင်းပေါင်းပြုတ်ကျလောက်အောင် မော့်ပြီးဖူးရပါသည်။ ယခုလောက် မြင့်မားကြီးကျယ် ပုံတော်ထူးထူးဆန်းဆန်းကြည်ညိုညွတ်နူးဖွယ်ရာ ဘုရားကြီးကို ထူးဆန်းထွေလာသော စိတ်ကူးညာဏ်ဖြင့် တည်ဆောက်ခဲ့သည့် မင်းကြီးကို အထူးပင် လေးစားမိရပါသည်။ မင်းကြီးသည် ဘုရားသာသနာ



တာဂျ်မဟာရှေ့တွင် စာရေးသူ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း(၃၀၀)နီးပါးကျော်မှ လူဖြစ်ခဲ့ရ မြတ်စွာဘုရားကိုလည်း မဖူးမြင်လိုက်ရ မြတ်စွာဘုရား၏ အသံတော် တရားတော်ကိုမှ မနာကြားလိုက်ရ၊ အလွန် ဒေါသကြီးသော မင်းတစ်ပါးလည်းဖြစ်ခဲ့ပါလျက် တတိယသံဂါယနာတင် သာသနာ့ဒါယကာမင်းအဖြစ် သာသနာ၏ သမိုင်းတွင် အထင်အရှား ခံယူနိုင်ခဲ့သည့် မင်းကြီး၏ပါရမီကို လေးစားဂုဏ်ပြုမိသည့်အပြင် ကျွန်မတို့ ယုံကြည်မြတ်နိုး ကိုးကွယ်ဆည်းကပ်လျက်ရှိသော သဗ္ဗညုတမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဤနေရာ ဤဌာနတွင် တကယ်ပင်ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်။ ဤနေရာ ဤဌာနတွင် ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။ ဤနေရာ ဤဌာနတွင် ဓာတ်တော်မွေတော်များ ကြွင်းကျန်တော်မူခဲ့သည် စသည် စသည်တို့ကို လုံးဝသံသယမရှိ စိတ်ချ လက်ချ ကြည်ညိုနိုင်ကြအောင် ရည်ရွယ်ချက် စိတ်ကူးဉာဏ် ကြီးမားစွာဖြင့် ခိုင်ခိုင်မာမာ တည်ဆောက်ခဲ့သည်ကို လေးစား၍မဆုံး အံ့သြချီးကျူး၍ မဆုံးနိုင်အောင် ဖြစ်မိရပါသည်။

ဒေါ်နပုဏ္ဏား၏ ဓာတ်တော်ဝေရာ နေရာမှ စေတီ၏အကျယ်အဝန်းမှာလည်း အံ့သြဖွယ်ရာ ကြီးမားကျယ်ဝန်းလှပါသည်။ ဖြစ်ကတတ်ဆန်း ပြုလုပ်ထားသော အုတ်ပုံကလေးမဟုတ်။ မင်းကြီး၏ အမှတ်တရ စီမံတည်ဆောက်ထားခဲ့သော နေရာဌာနဟူသမျှ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ဆန်းဆန်းပြားပြားရှိလှသည် ဖြစ်၍ နှစ်ပေါင်း (၃၀၀)နီးပါးမျှ သာသနာတော်နှင့် နောက်ကျပြီး လူဖြစ်လာခဲ့ရသော သီရိဓမ္မာသောကမင်းကြီး၏ ရတနာသုံးပါးအပေါ် ကြည်ညိုလေးစားတော်မူပုံ အထောက်အထားများကို မြင်လိုက်ရရုံဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်အချိန်က ဂေါတမမြတ်စွာဘုရားပွင့်ထွန်းတော်မူခဲ့သည်မှာ ယုံတမ်းပုံပြင်မဟုတ်၊ ဒဏ္ဍာရီမဟုတ်၊ စိတ်ကူးထဲမှာ ဖန်ဆင်းထားသော ဒဏ္ဍာရီထဲမှ ကယ်တင်ရှင်မဟုတ်၊ သူများအပြောနှင့် မှန်းဆကြည်ညိုနေရသော ဖန်ဆင်းရှင်ဘုရား မဟုတ်ကြောင်း စိတ်ထဲတွင် ဘဝင်ကျကျ စိတ်ချ လက်ချ ယုံကြည်လိုက်ရပါသည်။



ဆောင်းပါးရှင်
ဒေါ်ကြည်ကြည်မြ
(မြန်အောင်)

၂၆. ၁၁. ၂၀၁၂ နေ့ နံနက်တွင် ကျွန်မတို့ (၁၇)ရက်အဖွဲ့ ကိုလ်ကတ္တားလေဆိပ်မှ ပြန်ခဲ့ကြပါသည်။ ကျွန်မသည် ဘဝသံသရာ တစ်လျှောက်တွင် သံဃာတော်များနှင့် ရေစက်နီးခဲ့ဟန်တူပါသည်။ ဗုဒ္ဓဂယာသို့ ဘုရားဖူးရန် လာစဉ်က ဝိနည်းမိုရ် တောရသံဃာတော်များနှင့် လိုက်ပါလာခဲ့ရပြီး ယခုအပြန်တွင်လည်း လေယာဉ်ပေါ်တွင် ကျွန်မ၏ ထိုင်ခုံနှင့် ကပ်ရက် ပြတင်းပေါက်ဘက်မှ ဆရာတော်တစ်ပါးနှင့် အတူ ထိုင်ခဲ့ရပါသည်။ ဆရာတော်၏ ဘွဲ့တော်မှာ ဦးဇဝန လယ်တီတိုက်ကျောင်း အုန်းချောင်းရွာ ပဲခူးတိုင်းမှ ဖြစ်ပါသည်။


ပဲခူးမြို့ ခြသေ့်သုံးကောင် ဆေးပေါ့လီပ်လုပ်ငန်းပိုင်ရှင် ဦးစံလင်း+ ဒေါ်မြမြဝင်းတို့ မိသားစုမှ ဒေါ်မြမြဝင်း၏ အသက်(၆၀)ပြည့် မွေးနေ့အလှူအဖြစ် ပဲခူးမြို့ စာသင်တိုက်များမှ ရွှေကျင်ဂိုဏ်းသံဃာတော် ငါးပါး၊ သုဓမ္မာသံဃာတော် ငါးပါး၊ သီလရှင်ဆရာကြီး နှစ်ပါးတို့ကို ဗုဒ္ဓဂယာ ဘုရားဖူးရန် ကုသိုလ်ပြုကြ၍ကြွရောက်လာရကြောင်း ဆရာတော်များ ဘုရားဖူးရင်း လှူဒါန်းမှုပြုနိုင်ရန် နဝကမ္မအဖြစ် တစ်ပါးလျှင် ဒေါ်လာ (၂၀၀)ကိုပါ ဖြည့်စွက်လှူဒါန်းလိုက်ကြကြောင်း သိခဲ့ရပါ၍ ကျွန်မ၏ (၁၇)ရက်ခရီးကာလအတွင်း ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုတို့ကို သတ္တဝါဝေနေယျအပေါင်းတို့အား အမျှပေးဝေရင်း ဦးစံလင်း+ ဒေါ်မြမြဝင်း မိသားစုတို့၏ ထူးမြတ်လှသော စိတ်ကူး ထူးမြတ်လှသော သဒ္ဓါတရားတို့ကို အရင်းခံ၍ ဆရာတော်အရှင်မြတ်တို့အား လှူဒါန်းလိုက်ကြသော ကုသိုလ်ကောင်းမှုတို့ကို ဝမ်းမြောက်ပီတိဖြစ်လှပါ၍ သတိရလိုက်သည့်အခါတိုင်း သာဓုခေါ်ကြိမ်ကြိမ် ခေါ်နေမိပါကြောင်း။

□ ဒေါ်ကြည်ကြည်မြ (မြန်အောင်)



www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

စစ်ရမှုရမြို့ မစ်လေဘာဒီဂီဝေိဘောင်း မန္တလေးမြို့

ဦးချပ်ဒေ့စမ္မာဂျိုဘ် ပေဘာကြီးဆုံးဒေါ်ပူဒေသာ

# မိမိကိုယ်ကို သုံးသပ်ရန် သမ္မာသနတရားတော်

(ခင်လမှအဆက်)

နို့မဟုတ်လို့ရှိရင် ရေပေါ် မှော်အုပ်နေတော့ မျက်နှာရိပ် မထင်ဘူးကွ (မှန်ပါ့ ဘုရား)။ ထင်သေးရဲ့လား (မထင်ပါ ဘုရား)။ ဒုက္ခသစ္စာခန္ဓာကြီးကလည်း ဉာဏ်နဲ့ထိုးကြည့်လိုက်တဲ့အခါ ဒုက္ခသစ္စာတွေ ပေါ်လာသေးရဲ့လား (မပေါ်ပါ ဘုရား)။ အဲ. . . ထိနိမိဒ္ဓဆိုတဲ့ မှော်တွေက အုပ်နေတာ (မှန်ပါ့ဘုရား)။ မြင်နိုင်သေးရဲ့လား (မမြင်နိုင်ပါဘုရား)။ ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ် (မှော်ကို ဖယ်ပစ်ရပါမယ်)။ သူ့ကို အရင်ရှု သူ့ကို အရင်ရှုပြီးတော့မှ သူနိုင်တော့မှ ကျန်တဲ့ခန္ဓာလှည့်ပါ (မှန်ပါ့)။ သဘောပါကြပလား (ပါပါတယ်)။ ဒါဖြင့် နီဝရဏ ဘယ်နှချက်ပြီးသွားပြီလဲ (သုံးချက် ပြီးသွားပါပြီ)။ သုံးချက်ပြီးသွားပြီ ဒကာ၊ ဒကာမတို့ (သုံးချက် ပြီးသွားပါပြီ)။ ဒါဟာ ပါဠိတော်တွေနဲ့လည်း ဦးခင်မောင် ကိုက်ပြီနော် (ကိုက်ပါတယ် ဘုရား)။

ကိုင်း. . . ဒကာ၊ ဒကာမတို့ အင်္ဂုတ္တိုရ်နဲ့ သတိပဋ္ဌာန် ဆိုတဲ့ သုတ်မဟာဝါ ပါဠိတော်ကြီးနဲ့ ညှိလိုက်ပါတယ် (မှန်ပါ့ဘုရား)။ တစ်ခါတလေကျတော့ ပုဏ္ဏားမေးတဲ့အထဲမှာ ဒကာ၊ ဒကာမတို့ ရပြီးသားတွေမေ့၊ မရသေးတာတွေ အကုန်ပျောက် ဆိုတဲ့ဥစ္စာ ဘယ်အကြောင်းကြောင့်တုံးဆိုတော့ ဒီအရောကြောင့်သာ မှတ်ကြပေတော့ (မှန်ပါ့ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားတို့ကလည်း ရောချင်တာက ကုန်နေတာပဲ (မှန်ပါ့)။ ဟင်းချက်တာတောင်မှ ရောနှောချက်ကြတယ်၊ ခင်ဗျားတို့ ဝါသနာကလေး (မှန်ပါ့ ဘုရား)။

အဲဒီလိုဖြစ်ပြီးသကာလ ခင်ဗျားတို့ဟာ သားနဲ့လဲ သွားမရောချင်ဘူးလား (ရောပါတယ်)။ သမီးနဲ့ကော (ရောပါတယ်)။ အင်း. . . သမီး သားနဲ့ကော (ရောပါတယ်)။ ငါ့မြေး မမြင်ကြဘူးလား၊ ငါ့မြေး အရုပ်များမှတ်နေကြသလား၊ ကိုယ်က ရောချင်တယ် (မှန်ပါ့ ဘုရား)။

ငါ့မြေး အရူးများမှတ်နေကြသလားဆိုပြီး အိမ်မှာ လူကြီးတွေက မမြည်တတ်ကြဘူးလား (မြည်ပါတယ် ဘုရား) ဘာပြုလို့ ဒီအသံထွက်လာသတုံး ဆိုတော့ မရောလို့၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

တစ်အိမ်လုံးမှာ ငါ့ထက်ကြီးတာ ဆင်ပဲရှိတော့တယ်။ ဒါကို ငါ့ကို အရုပ်လိုထားကြတယ်ဆိုတဲ့ဥစ္စာ ဒီအသံ ဘာသံပါလိမ့် (ရောချင်တဲ့အသံပါ ဘုရား)။

ဩော် . . . ခက်လိုက်တာ၊ ဘုရားကလည်း အရော မကြိုက်၊ ခင်ဗျားတို့ကလည်း မရောလို့ မျက်ရည်ကျ၊ ခက်လိုက်တဲ့ဖြစ်ခြင်း ဘယ့်နှယ်လုပ်ကြမှာတုံး။

ကိုင်း. . . ဒကာ၊ ဒကာမတွေ အရောတွေ မလာစေနဲ့နော် (မှန်ပါ့)။ အခု အရောကြောင့် အမှန်မြင်သေးရဲ့လား (မမြင်ပါ)။ အဲ. . . ဒီက ရှေ့ကျတော့ ဝိပဿနာလုပ်တော့မယ်ဆိုရင် သားနဲ့လည်း မရောပါနဲ့၊ သမီးနဲ့ကော (မရောပါနဲ့)။ အင်း. . . သားခင်မှုနဲ့လည်း မရောနဲ့၊ သမီးအလိုမကျမှုနဲ့ကော (မရောပါနဲ့)။ အိပ်ချင်မှုနဲ့လည်း (မရောပါဘုရား)။

မရောလိုက်ပါနဲ့တဲ့၊ မရောလိုက်ပါနဲ့။ ရေပေါ်မှာ ဒကာ၊ ဒကာမတို့ ဆေးနီ၊ ဆေးဝါ၊ ဆေးပြာ ရောတာကလည်း လောဘ ရောတာ (မှန်ပါ့)။ ရေဆူနေတာက (ဒေါသပါ ဘုရား)။ ဒေါသရောတာ၊ မှော်တွေအုပ်နေတာက ထိနမိဒ္ဓ ရောနေတာ (မှန်ပါ့)။ ရိပ်မိကြပလား (ရိပ်မိပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် စတုတ္ထပြောပါဦးမယ် ဒကာ၊ ဒကာမတို့၊ စတုတ္ထကို ဒကာ၊ ဒကာမတို့ ဘုန်းကြီးက ခိုင်းလိုက်တယ်၊ ဝိပဿနာရှုကြ ခန္ဓာထဲမှာ ဘာမှမရှိဘူး၊ ဩော် သခ်ီရနဲ့ အနိစ္စပဲရှိတယ်။ (သို့မဟုတ်) ဖြစ်ပျက်ပဲရှိတယ် (သို့မဟုတ်) သံခီတွေ့န ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ ဆိုတဲ့အတိုင်း ဒုက္ခသစ္စာပဲ ရှိပါတယ်။ အဲဒါကို ဉာဏ်ကလေးနဲ့ ထည့်ကြပါလို့၊ ဉာဏ်ကလေးနဲ့ တည်ကြပါလို့ ဒကာ၊ ဒကာမတို့ မမှာဘူးလား (မှာပါတယ်ဘုရား)။

ထည့်တော့ထည့်တာပဲဘုရား၊ မမြင်ဘူးဘုရား။ ဩော် မရှိလို့ မမြင်တာလား၊ ရှိလျက်နဲ့ မမြင်တာလား (ရှိလျက်နဲ့ မမြင်တာပါဘုရား)။ ရှိလျက်နဲ့မမြင်တာ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးဆိုတော့ ကိုယ့်ရှေ့နား အဖုံးရှိလိမ့်မယ် ဒကာ၊ ဒကာမတို့နော် (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာနဲ့ ဉာဏ်နဲ့ ကြားထဲမှာ အဖုံးဝင်နေတယ် (မှန်ပါ့ဘုရား)။ ဘာတဲ့တုံး (ဒုက္ခသစ္စာနဲ့ ဉာဏ်နဲ့ကြားထဲမှာ အဖုံးဝင်နေပါတယ် ဘုရား)။ ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာကြားမှာ အဖုံးဝင်နေပါတယ်၊ ရိပ်မိကြပလား (ရိပ်မိပါပြီ)။ ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာကြားထဲမှာ (အဖုံးဝင်နေပါတယ် ဘုရား)။ အဖုံးဝင်နေတယ်ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

အဲဒီတော့ ဥဒ္ဒစ္စ၊ ကုက္ကုစ္စ ဝင်တယ်တဲ့။ စာလိုတော့ ဝိက္ခိတ္တစိတ် ဝင်တယ်လို့ ဆိုတာပေါ့ဗျာ။ ခင်ဗျားတို့ ကျုပ်တို့ နားလည်မှုဆိုရင် စိတ်ပျံ့လွင့်တယ်၊ ဒါ ဥဒ္ဒစ္စနော် (မှန်ပါ့)။ နောင်တ တစ်ဖန် ပူပူပန်ပန်နေတယ်၊ ဒါ ကုက္ကုစ္စနော် (မှန်ပါ့ဘုရား)။အဲဒီတော့ ဒီစိတ်ကို ဒကာ၊ ဒကာမတို့က ခန္ဓာကိုယ်မရှုဘဲနဲ့ သူပေါ်လာတဲ့စိတ်ကို သူ့ကို အရင်ရှုပါ (မှန်ပါ့ဘုရား)။

ဥဒ္ဒစ္စ လာလို့ရှိရင် ဥဒ္ဒစ္စက စိတ်ပျံ့လွင့်တယ်။ ရန်ကုန်ရောက်၊ ပဲခူးရောက် ရောက်နေတယ်။ အို. . , ရန်ကုန်တို့၊ ပဲခူးတို့ မရောက်ပါဘူး၊ ဝမ်းထဲတွင်ဖြစ်ပြီး ဝမ်းထဲတွင် ချုပ်တာပါ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ခင်ဗျားတို့က လျှာမရှည်ပါနဲ့၊ သူ ဘယ်မှ မသွားပါဘူး (မှန်ပါ့ ဘုရား)။

သူက ဘယ်မှမသွားဘူး၊ ဝမ်းထဲတွင်ဖြစ်ပြီးတော့ (ဝမ်းထဲတွင် ချုပ်ပါတယ်)။ အို. . . စိတ်ကလွင့်လိုက်တာ မပြောပါနဲ့တော့၊ စိတ်ကလွင့်တာ မဟုတ်ဘူး ဒကာ၊ ဒကာမတို့ စိတ်က မလွင့်နိုင်ရှာပါဘူး၊ ဒီနားဖြစ်ပြီး ဒီနား သေရတာပါ။ ဦးခင်မောင် ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

သို့သော် လွင့်တယ်လို့ ဘယ့်နှယ်ကြောင့် စာတွေ ဘာတွေ ရေးရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ သူက ဒီနားကနေပြီး မှန်းချိန်လိုက်တာက ပဲခူးလှမ်းချိန်တာကိုးဗျ (မှန်ပါ့ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ရန်ကုန်ကို လှမ်းချိန်တယ်၊ သူချိန်တာက ဝေးလွန်းလို့သာပါ၊ သူက ဒီနေရာကပဲ (မှန်ပါ့)။

အဲဒီတော့ ဟိုကိုရှုရမှာမဟုတ်ဘူး ဒီရှုရမှာ (မှန်ပါ့)။ သူဖြစ်တဲ့နေရာမှာ ရှုရမှာ သဘောကျပလား (ကျပါပြီ)။ ဥဒ္ဒစ္စဖြစ်တဲ့နေရာ ဥဒ္ဒစ္စရှု၊ ကုက္ကုစ္စဖြစ်တဲ့နေရာကော (ကုက္ကုစ္စ ရှုရပါမယ်ဘုရား)။

အဲ. . . ဟဒယဝတ္ထုအပေါ်မှာ သူတို့အမြင်များတဲ့ အတွက် ဟဒယဝတ္ထုအပေါ်မှာပဲ ဖြစ်ပျက်ရှုပါ (မှန်လှပါ)။ သူရှုပြီးတော့မှ မောင်မြတို့ ဘာရှုမလဲ (ခန္ဓာကို ရှုရပါမယ်)။ ကျန်တဲ့ခန္ဓာပေါ့ဗျာ (မှန်ပါ့ ဘုရား)။

ကျန်ခန္ဓာရှုလိုက်တော့ ဒကာ၊ ဒကာမတို့ သူက ဘာနဲ့ တူသတုံးဆိုတော့ ရေကို လေတိုက်လို့ လှုပ်နေတုန်းကို ဒကာ၊ ဒကာမတို့ မျက်နှာနဲ့ သပ်လိုက်တော့ အရိပ်ထင်ပါ့မလား (မထင်ပါဘုရား)။


ဩော်. . . သူကလည်း စိတ်လှုပ်နေတာကိုး၊ လှုပ်တဲ့ စိတ် ပေါ်နေတာကိုး (မှန်ပါ့)။ ရိပ်မိကြပလား (ရိပ်မိပါပြီ)။





www.burmeseclassic.com

www.burmeseclassic.com




ဘာပေါ်တာပါလိမ့် (လှုပ်တဲ့စိတ် ပေါ်နေတာပါ ဘုရား)။ လှုပ်တဲ့စိတ် ပေါ်နေတော့ သူလှုပ်နေတုန်း မျက်နှာနဲ့ ဘယ်လိုဟပ်ဟပ် မျက်လုံး၊ မျက်ခုံး မြင်ရသေးရဲ့လား (မမြင်ရပါ ဘုရား)။ ဘာကြောင့်တုံး (ရေလှုပ်နေလို့ပါဘုရား)။

ဒီထဲမှာလည်း ဒကာ၊ ဒကာမတို့ ဝိပဿနာရှုမယ် ကြံလို့ရှိရင်၊ သူလှုပ်နေလို့ရှိရင် ရှုလို့မရဘူး (မှန်ပါ့ဘုရား)။ အဲဒီတော့ ဖြစ်ပျက်ခန္ဓာက ထလည်းမပြေးနဲ့ သူ့ရှုပစ်လိုက် (မှန်ပါ့ ဘုရား)။ ခင်ဗျားတို့က ထပြေးတတ်တဲ့ ဝါသနာက အတော်ကဲတယ် (မှန်လှပါ ဘုရား)။

ဟာ. . . ဒီနေ့တော့ စိတ်ကမငြိမ်သေးဘူး၊ မရှုသေးဘူး (မှန်ပါ့)။ အံမာ မငြိမ်သက်လို့သာ မရှုဘူးဆိုရင်ဖြင့် ခင်ဗျားတို့ဟာ နောက်စိတ်တွေ ဘယ်တော့မဆို မငြိမ်ဘူး (မှန်ပါ့ဘုရား)။ ရိပ်မိပလား (မှန်ပါ့)။ မရှုဘဲသာ နေကြတော့၊ လူမိုက်အလုပ်သာ လုပ်ကြတော့၊ ဒီအဓိပ္ပာယ် မရဘူးလား (ရပါတယ် ဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး နည်းပေးတာ ဖြစ်နေတယ်။ သင်္ဂါရဝအားဖောတဲ့တရားဖြစ်နေတဲ့အတွက် ဒီလှုပ်နေတဲ့ ပုံ့လွင့်ပူပန်တဲ့ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ ဘာလုပ်ကြမယ် (ဖြစ်ပျက် ရှုရပါမယ်)။ ဖြစ်ပျက်ရှုတာ သူချုပ်သွားသည့်တိုင်အောင်ရှုနော် (မှန်ပါ့ဘုရား)။

ရှုပြီးတော့မှ ဒီပြင်ခန္ဓာကို ကြည့်မယ်ဆိုတော့ ရေငြိမ်မှ မျက်နှာဟပ်ကြည့်ပါ (မှန်ပါ့ဘုရား)။ ကိုယ့်မျက်နှာရိပ် မမြင်ရပေဘူးလား (မြင်ရပါတယ် ဘုရား)။ အဲဒီမှာ ကိုယ့်ခန္ဓာ၏ ဖြစ်ပျက်တွေ အကုန်မြင်တယ် (မှန်ပါ့ ဘုရား)။ ဖယ်တတ်ကြပလား (ဖယ်တတ်ပါပြီ)။ ဒါဖြင့် ဘယ်နှမျိုးရှိသွားပြီလဲ (လေးမျိုး ရှိသွားပါပြီဘုရား)။

လေးမျိုး ရှိသွားပြီနော်။ အဖုံးလေးခုတော့ဖြင့် ဖွင့်ပေးပြီ။ အိမ်ကျရင် ပိတ်များနေဦးမှာလားလို့ သတိထားရသေးတယ် (မှန်ပါ့)။ ခင်ဗျားတို့က ဝါသနာ အတော်ဆိုးတယ်နော် (မှန်ပါ့)။ ဒကာ၊ ဒကာမတို့ ဒီဥစ္စာက ပဉ္စမအဖုံးကို ဖွင့်ပါတော့မယ် (မှန်ပါ့ဘုရား)။

ပဉ္စမအဖုံးဆိုတာ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာဆိုတာ သို့လော သို့လော တွေးတောယုံမှားနေတာ (မှန်ပါ့)။ အင်း. . . ဒီသော့ကလေးဟာ တခြားထားခဲ့မိသလား၊ အိတ်ထဲပါသလား ပြောမပြတတ်ဘူး (မှန်ပါ့)။ ဒီလိုကလည်း လာသေးတာကိုးဗျ နှစ်ခွနှစ်ခွ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

အဲ. . . နှစ်ခွတွေဖြစ်ပြီးသကာလ နေတာ ဝိစိကိစ္ဆာလို့ခေါ်တယ် (မှန်ပါ့)။ အဲဒီဝိစိကိစ္ဆာရှိလျက်နဲ့ သော့ထားမိတာ၊ မထားမိတာတော့ မပြောတတ်ဘူး၊ ကိုယ့်အချိန်ကလေးရောက်လို့ ထရှာဦးမယ်ဆိုရင် သော့က ဝင်ဝင်လာတယ် (မှန်ပါ့ဘုရား)။ ဖြစ်ပျက်ပါသေးရဲ့လား (မပါပါ ဘုရား)။

အဲဒါကြောင့် ဒီဝိစိကိစ္ဆာကို ဒီလိုမလုပ်ပါနဲ့၊ သူက သံသယရှိတယ်၊ အဲဒီသံသယကို ဖြစ်ပျက်ရှုပေးပါ (မှန်ပါ့ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

"သမောဟံ ဝါစိတ္တံ သမောဟံ စိတ္တံန္တိ ပဇာနာတိ" ပါဠိတော်ထဲသွင်းတော့၊ ရိပ်မိပလား (ရိပ်မိပါပြီ)။ အဲဒီတော့ ဒီမောဟစိတ်ကလေး ဘာလုပ်ပစ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်ရှုပြီးတဲ့နောက်မှ ကျန်တဲ့ခန္ဓာ နောက်မှလိုက်ပါ (မှန်ပါ့ဘုရား)။ သဘောပါကြပလား (ပါပါတယ်)။ ကျန်တဲ့ခန္ဓာ နောက်မှလိုက်ပါနော်။

အဲဒီတော့ ပုဏ္ဏားတဲ့၊ မင်းသည်ကားလို့ ဆိုလို့ရှိရင် ကွာတဲ့ ရေတွေက အနည်ထနေတယ်ကွ။ အဲဒီ အနည်ထနေတဲ့ ရေခွက်ထဲကရေကို မျက်နှာသွားဟပ်စမ်းပါလားကွာ၊ မြင်ရပါ့မလားတဲ့ (မမြင်ရပါ ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့က အနည်ထနေတော့ ခန္ဓာ မမြင်ဘူး (မှန်ပါ့ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ဝိစိကိစ္ဆာတည်းဟူသော အနည်တွေက ဘာဖြစ်နေသတုံး (ထနေပါတယ်)။ အဲ. . . ဝိစိကိစ္ဆာ အနည်ထလို့ ခန္ဓာရိပ်၊ အနိစ္စရိပ်၊ ဒုက္ခရိပ်၊ အနတ္တရိပ် မြင်သေးရဲ့လား (မမြင်ပါဘုရား)။

ဘယ့်နှယ်ကြောင့် မမြင်ပါလိမ့်မတုံးဆိုတော့ ဝိစိကိစ္ဆာ အနယ်ထနေလို့ (မှန်လှပါ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။ အဲဒီတော့ ဒီအနည်ထိုင်အောင် ကျုပ်တို့ ဝတ္တရားအတိုင်း လုပ်ရလိမ့်မယ် (မှန်ပါ့)။ အနည်ထိုင်အောင် ဘာလုပ်ရမယ် (ဝတ္တရားအတိုင်း လုပ်ရပါမယ်)။ ဝတ္တရားအတိုင်း လုပ်ရမယ်ဆို ဝိစိကိစ္ဆာ ဘာလုပ်ပစ်ရမလဲ (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။

အဲ. . . ဖြစ်ပျက် ရှုပြီးတော့မှ မောင်ထွန်းလှိုင်တို့၊ ဒကာဝတို့ ကျန်တဲ့ခန္ဓာလှည့်လိုက် (မှန်လှပါဘုရား)။ ကျန်တဲ့ခန္ဓာ လှည့်လိုက်တော့ အနည်ထိုင်ပြီးမှ မျက်နှာရိပ်ဟပ်လိုက်တဲ့အခါကျတော့ ကိုယ့်ခန္ဓာ၏အရိပ်ဟာ ဘယ်လိုဆိုတဲ့ဥစ္စာ မြင်လာမှာပေါ့ (မှန်ပါ့ဘုရား)။ သဘောကျပလား (ကျပါပြီ)



www.burmeseclassic.com

www.burmeseclassic.com

ဒါဖြင့် အဖုံးငါးချက်ဆိုတာ ဒကာ၊ ဒကာမတို့ သိလိုက်ပါတော့မယ်တဲ့၊ လောဘလည်း အဖုံးတစ်ချပ် (မှန်ပါ့)။ သူ့ကိုအရင်ရှုပစ်နော် (မှန်ပါ့)။ ပြီးမှ ကျန်ခန္ဓာကို (ဖြစ်ပျက်ရှုရပါမယ်)။

ဒေါသကတော့ (အဖုံးတစ်ချပ်ပါ ဘုရား)။ သူပေါ်နေရင် ဘယ်သူ့ကိုအရင်ရှုမတုံး (ဒေါသ အရင်ရှုရပါမယ်)။ သူ့အရင်ရှုပြီးမှ သူ့နိုင်တော့မှ ဘာလုပ်ရမတုံး (ကျန်ခန္ဓာရှုရပါမယ်)။ အဲ . . . ကျန်ခန္ဓာတွေ ဖြစ်ပျက်ရှု။

ထိနမိဒ္ဓဆိုတဲ့ အိပ်မှုကော၊ ဒကာ ဒကာမတို့ ငိုက်မျဉ်းမှုကော လာလို့ရှိရင် (ဖြစ်ပျက်ရှုရပါမယ်)။ သူ့အရင်ရှု သူ့ကိုနိုင်ပြီးသည့်နောက်မှ ဘာလုပ်ရမလဲ (ကျန်ခန္ဓာရှုရပါမယ်)။ အဲ. . . ကျန်ခန္ဓာကိုရှု တည့်ပြီ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။

တစ်ခါ ဥဒ္ဓစ္စ ကုက္ကုစ္စဆိုတဲ့ စတုတ္ထ ၄ နံပါတ်လာပြန်လည်း ဒကာ၊ ဒကာမတို့ သဘောကျပလား (ကျပါတယ်)။ သူ့အရင်ရှုနော် (မှန်ပါ့ဘုရား)။ သူ့ကို နိုင်ပြီးသည့်နောက်မှ (ကျန်ခန္ဓာ ရှုရပါမယ်)။

အဲ. . . ကျန်တာတွေ ရှုလိုက်လို့ရှိရင် မျက်နှာရိပ်နဲ့ ဟပ်လိုက် တည့်နေတာပဲ (မှန်ပါ့ ဘုရား)။ သဘောကျပြီနော် (ကျပါပြီ)။

အင်း. . . ၅ နံပါတ်က ဝိစိကိစ္ဆာပဲ၊ ဒကာ၊ ဒကာမတို့ သူ့ကို ဘာလုပ်ရမယ် (အရင်ရှုရပါမယ် ဘုရား)။

သူ့ကို အရင်ရှုလိုက် သံသယလေးဖြစ်နေတယ်။ ကျုပ်သံသယကလေးက မကင်းသေးဘူး။ ကဲ. . . မကင်းသေးတာလည်း ဖြစ်ပျက် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲ. . . ဒါတွေ ရှုပြီးတော့မှ သူ့နိုင်ပြီးသည့်နောက်မှ ဘာလုပ်မယ် (ကျန်ခန္ဓာရှု)။ အဲ . . . ကျန်ခန္ဓာရှုတော့ ဦးခင်မောင်ရေ အရှိနဲ့ အသိနဲ့ ကိုက်တော့မယ် (မှန်ပါ့ဘုရား)။ ဘာနဲ့ ကိုက်တော့မယ် (အရှိနဲ့ အသိနဲ့ ကိုက်တော့မယ်ဘုရား)။

အဲ. . . အရှိနဲ့ အသိနဲ့ ကိုက်တော့မယ်တဲ့။ အရင်တော့ အဖုံးတွေရှိနေတော့ အရှိနဲ့အသိ မကိုက်ဘူး (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ အခု အဖုံးငါးချက်ဖွင့်လိုက်တဲ့အခါကျတော့ အရှိက ဒုက္ခသစ္စာ၊ အသိက မဂ္ဂသစ္စာနဲ့ သွားကိုက်တယ်။ ဒုက္ခ မဂ္ဂ၊ ဒုက္ခ မဂ္ဂလို့ သွားကိုက်တယ် (မှန်ပါ့ ဘုရား)။ မကိုက်ဘူးလား (ကိုက်ပါတယ် ဘုရား)။ အရှိက ဘာတဲ့တုံး (ဒုက္ခသစ္စာပါ ဘုရား)။ အသိက (မဂ္ဂသစ္စာပါ ဘုရား)။

အဲ. . . ဒီလို သွားကိုက်တဲ့အခါကျတော့ ဒကာ၊ ဒကာမတို့ မဂ္ဂဖြဟ္မစရိယာအကျင့်ကြီးဟာ တန်းပြီးမပေါ်လာဘူးလား (ပေါ်လာပါတယ် ဘုရား)။

အင်း. . . ဘာနဲ့ဘာ သွားကိုက်ပါလိမ့်မလဲ ဒကာ၊ ဒကာမတို့ (အရှိနဲ့အသိ သွားကိုက်ပါတယ် ဘုရား)။ အရှိက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)။ အသိက ဘာသစ္စာ (မဂ္ဂသစ္စာပါ ဘုရား)။

အဲ. . . အရှိနဲ့အသိ သွားကိုက်လို့ရှိရင် ခင်ဗျားတို့သည် မဂ္ဂဗြဟ္မစရိယာအကျင့် ကျင့်ပြီးသား ဖြစ်ပါတယ် (မှန်ပါ့ ဘုရား)။ တရားတော့ ဟောလို့ကောင်းတယ်။ နာရီကလည်း စေ့ပြီ။ တနေ့ တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။

## မိမိကိုယ်ကိုယ် သုံးသပ်ရန် သမ္မာသန တရားတော်

သုံးဆယ့်တစ်ဘုံထဲမှာဖြင့် အသေလွတ်ရာရှာလို့ရှိရင် တွေ့ကြမှာ မဟုတ်ပါဘူးဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ထားရမယ် (မှန်ပါ့)။

သုံးဆယ့်တစ်ဘုံထဲမှာ အသေလွတ်တဲ့နေရာ ရှိပါ့မလား (မရှိပါ ဘုရား)။ သုံးဆယ့်ဆစ်ဘုံထဲမှာ အသေလွတ်တဲ့နေရာ (မရှိပါ ဘုရား)။

ဒီထဲမှာသာ ရှာနေတဲ့ပုဂ္ဂိုလ်ဟာဖြင့် မရှိရာရှာသောကြောင့် မရမှာလည်း သေချာတယ် (မှန်လှပါ ဘုရား)။ မရှိရာရှာသောကြောင့် (မရမှာလည်း သေချာပါတယ် ဘုရား)။

အဲဒီ မျက်စိလည်ပြီးသကာလ နေပြီဆိုမှဖြင့်လည်း သုံးဆယ့်တစ်ဘုံထဲမှာဖြင့် နတ်ပြည်ကောင်းနိုးနိုး၊ ဗြဟ္မာ့ပြည်ကောင်းနိုးနိုး၊ စကြဝတေး မန္ဓာတ်အဖြစ်နဲ့ လူ့ပြည်လာပြီးဖြစ်ရတာ ကောင်းနိုးနိုးဆိုပြီး သကာလ ဒီလိုရှာကြမယ် ဆိုလို့ရှိရင်ဖြင့် အသေလွတ်ရာ ရှာငြားသော်လည်း သေရာသာတွေ့မယ်ဆိုတာ မှတ်ကြစမ်းပါ (မှန်လှပါ ဘုရား)။

အသေလွတ်ရာ ရှာငြားသော်လည်း (သေရာသာတွေ့ပါမယ် ဘုရား)။ သေရာကိုသာ တွေ့မယ်ဆိုတာကိုဖြင့် ငြင်းဆန်နေဖို့ လိုသေးသလား (မလိုပါ ဘုရား)။

ဒါကြောင့် ဒကာ၊ ဒကာမတို့ သတိပေးရတယ်။ ဤခန္ဓာကိုယ်ကြီးသည်ကားဆိုလို့ရှိရင်ဖြင့် ဒီခန္ဓာမှတစ်ပါး ဘယ်ခန္ဓာပဲရရ သူ့အလုပ်က သေရာသွား၊ သေရာသွားအလုပ်ကို ဘယ်ခန္ဓာရရ အိုနာသေ ထပ်ခါတလဲလဲ ရတဲ့အလုပ်ကို ဒီခန္ဓာက လုပ်ချံနေရတာပဲဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ကိုင်း. . . ကိုယ့်ခန္ဓာ ကိုယ်ကြည့်လိုက်လို့ရှိရင် မြင်သာခဲ့ကြတယ်နော်။ ပေါင်းလိုက်တော့ ငါးခုရှိပါတယ်ကွ။ ပုဏ္ဏားကြီးက တပည့်တော်ကို မျက်လုံးကောင်းကောင်း တပ်ပေးစမ်းပါဆိုတဲ့ အခါကျတော့ ငါ ဖြုန်းခနဲ မတပ်နိုင်ဘူးကွ။

"သူတော်ဆည်းကပ် မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင် မှန်ပင်မင်ရကြောင်း" ဆိုပြီး . . .



လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်၊ ၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပါဠိနဲ့ဟောပြီး သကာလ ထားတာ ဒကာ၊ ဒကာမတွေကလည်း ဩော် . . ဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရချင်လို့ရှိရင် ဘယ်သူကစ၍ ဘယ်တုံးမှ ကိစ္စပြီးမှာပါလိမ့်မလဲဆိုတဲ့ အရေးကိုလည်း သိထားနှင့်ဖို့ရာ အင်မတန် အရေးကြီးပါတယ်ဆိုတာ သဘောပါကြလား (ပါပါပြီ ဘုရား)။

လိုက်ကြစမ်း၊ သူတော်ဆည်းကပ် (သူတော်ဆည်းကပ်) မြတ်တရားနာ (မြတ်တရားနာ) လွန်စွာအားထုတ် (လွန်စွာအားထုတ်) နာမ်နှင့်ရုပ်ကို (နာမ်နှင့်ရုပ်ကို) ဖြစ်ချုပ်ဉာဏ်ဖြင့် (ဖြစ်ချုပ်ဉာဏ်ဖြင့်) ဤငါးအင် (ဤငါးအင်) မှန်ပင် မဂ်ရကြောင်း (မှန်ပင် မဂ်ရကြောင်း)။

(ဤနည်းအတိုင်း သုံးခေါက်ချပေးသည်။)

ဒီလောက်ဆိုရင် နေ့တိုင်းချသွားရင် ရပါလိမ့်မယ်ဆိုတာ ဘာမှ ယုံမှားသံသယ ရှိဖို့မလိုပါဘူးနော် (မလိုပါ ဘုရား)။ သုံးရက်လောက်ဆိုရင် ဒကာ၊ ဒကာမတွေ ကိုယ်တိုင်ဆိုနိုင်ပြီး သကာလ သွားပါလိမ့်မယ် (မှန်ပါ့ ဘုရား)။

ကဲ . . . ဒါဖြင့် တရားစကြပါစို့။ သူတော်ကောင်းများလည်း ဆည်းကပ်ကြပါပြီ (မှန်ပါ့)။ မြတ်တရားလည်း နာကြပါပြီ။ လွန်စွာအားထုတ်ဆိုတော့ ဘုန်းကြီးက ဒကာ၊ ဒကာမတွေ သင်ထားတာ အရှိသားပဲ၊ နားက ဘာလုပ်မလဲ (နားက ထောင်ရပါမယ် ဘုရား)။

နားက တရားနာရတယ် (မှန်ပါ့)။ သဘောကျပလား (မှန်ပါ့ ဘုရား)။ ဉာဏ်က ဘယ်လှည့်ရသလဲ (ခန္ဓာလှည့်ရပါတယ် ဘုရား)။ ဉာဏ်က ခန္ဓာလှည့်ရတယ်နော်၊ နားကတော့ ဘုန်းကြီးပြောထားတာ နာလို့ (မှန်ပါ့)။ ဉာဏ်က ခန္ဓာလှည့်ထားတာကိုတဲ့ ခန္ဓာကတော့ဖြင့် ဖြစ်ပုံနဲ့ ချုပ်ပုံတွေပဲ သူပြောပြီး သကာလ နေမှာပဲဆိုတာလည်း အရှင်းသားပေါ့ဗျာ (မှန်ပါ့)။

အဲဒီအတိုင်း တရားနာကြပါ။ နားက တရားနာ ဉာဏ်က ခန္ဓာလှည့် (မှန်ပါ့ ဘုရား)။ နားက ဘာလုပ်ကြရမယ် (တရားနာရမယ်)။ ဉာဏ်ကတော့ ဘယ်လှည့်ရမလဲ (ခန္ဓာလှည့်ရပါမယ် ဘုရား)။

ဉာဏ်ကတော့ ခန္ဓာလှည့်ရမယ်၊ ခန္ဓာလှည့်ထားတော့ ခန္ဓာက ဘာတွေများ ပြောလိမ့်မယ်လို့ ထင်ကြသတုံး (ဖြစ်ပျက်တွေ ပြောပါလိမ့်မယ် ဘုရား)။

အေး . . . ဒုက္ခသစ္စာလည်း ပြောမယ်။ ဖြစ်ပျက်နေတဲ့ သဘောတွေလည်း ပြောပါလိမ့်မယ်။ ပြောချင်တာပြော ဒုက္ခသစ္စာမှ တစ်ပါး ဦးခင်မောင် ဘာမှမပြောဘူး (မှန်ပါ့ ဘုရား)။ သူ့အရှိကို သူပြောမှာကိုး (မှန်ပါ့ ဘုရား)။

ဒကာ၊ ဒကာမတွေ ဘာပြောမယ် ထင်ကြသလဲ (သူ့အရှိကို ပြောမှာပါ)။ သူ့ရှိတာက ဘာတဲ့တုံး (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတော့မှ ဖြစ်မှု ပျက်မှု (မှန်ပါ့ဘုရား)။ ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့် (ဖြစ်မှု ပျက်မှုပါ ဘုရား)။

ဖြစ်မှု ပျက်မှုပဲတဲ့။ အဲဒီ ဖြစ်မှု ပျက်မှု မြင်တော့မှ ဩော် . . . ကိုယ့်ခန္ဓာကြီးဟာ ဘာခန္ဓာကြီးပါလိမ့်မတုံးဆိုတော့ မွေးသေခန္ဓာကြီးပါလားဆိုတာ ပေါ်လာတယ် (မှန်ပါ့ ဘုရား)။

မွေးလိုက် သေလိုက် မွေးလိုက် သေလိုက် ခင်ဗျားတို့ ဝမ်းထဲကမွေးပြီး သုသာန်ပို့မှ အသေ၊ ဒီအသေကို ဆိုတာ မဟုတ်ဘူးနော် (မှန်ပါ့ ဘုရား)။ အခု ခန္ဓာထဲ ဝေဒနက္ခန္ဓာကလေးပေါ်လာလိုက် ခုပဲပျက်စီးသွားလိုက် ဆိုတော့ ဦးခင်မောင် မွေးသေမကျဘူးလား (ကျပါတယ် ဘုရား)။ သဘောပါကြလား (ပါပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ခန္ဓာကိုယ်ထဲမှာ မွေးသေနှစ်ခုသာ ရှိတယ်ဆိုတော့ ဖြစ်မှုပျက်မှုသာ ရှိတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

အဲဒါကို ဉာဏ်နဲ့ အိမ်ကျလဲလှည့်၊ ဒီမှာလဲလှည့်၊ လှည့်ထားပြီဆိုမှဖြင့် ဩော် . . . အခုရထားတဲ့ ခန္ဓာကြီးဟာ အကောင်းလား အဆိုးလား ဆိုတဲ့ဥစ္စာကို အရိယာမျက်လုံး တပ်ကြည့်လိုက်တဲ့အခါကျတော့ မွေးသေကိုပဲ မြင်ပါလိမ့်မယ် (မှန်ပါ့)။ ဘာမြင်မယ် ထင်ကြသလဲ (မွေးသေကို မြင်ပါလိမ့်မယ် ဘုရား)။

မွေးသေကို မြင်တဲ့အခါကျတော့ ဒကာ၊ ဒကာမတို့ ဩော် မိမိရထားတာကြီးဟာ အကောင်းမှတ်တယ်၊ အနိစ္စကြီးပါကလား၊ ဒုက္ခသစ္စာကြီးပါကလားဆိုတာ ဘယ်သူက ပြောပါလိမ့် (ခန္ဓာက ပြောပါတယ် ဘုရား)။

ခန္ဓာက ပြောလိမ့်မယ် ဆိုတဲ့ဥစ္စာ အဲဒီတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း ခန္ဓာကပြောတာ အမှန်ယူဟော့၊ သူများပြောဆိုတာက အနုဿဝ တစ်ဆင့်ကြား ဆိုတာကတော့ မှားသည်ရှိတယ်၊ မှန်သည်ရှိတယ်နော် (မှန်ပါ့)။ ခန္ဓာက ပြောတာကတော့ မှားစရာရှိသေးရဲ့လား (မရှိပါ ဘုရား)။

အဲဒါကြောင့် ခန္ဓာက အပြောကိုသိအောင်လို့ ဘုရားက ဒိဋ္ဌဓမ္မောလုပ်စမ်းပါကွ၊ ပစ္စတ္တဓမ္မောလုပ်စမ်းပါကွ၊ ဝိဒိတဓမ္မောလုပ်စမ်းပါကွ၊ ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်အောင် လုပ်စမ်းပါ ဆိုတဲ့ဥစ္စာ ဒကာသစ်တို့ ဘုရားက မတိုက်တွန်းဘူးလား (တိုက်တွန်းပါတယ် ဘုရား)။

အေး . . . ဒါကြောင့် ကိုမြရွှေတို့အားလုံး ခန္ဓာဉာဏ်လှည့်ကြပါစို့ဆိုတာ သတိပေးလိုက်ပါတယ်နော် (မှန်ပါ့ဘုရား)

ကိုင်း . . . ယနေ့ ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကုရုတိုင်းမှာနေတဲ့အခါကျတော့ ရဟန်းတွေက စည်းဝေးပြီးသကာလ လာကြတယ် (မှန်ပါ့)။





www.burmeseclassic.com

www.burmeseclassic.com

ရဟန်းတို့၊ မင်းတို့ခန္ဓာကိုယ်ကြီးများ မင်းတို့သုံးသပ်ကြရဲ့လားကွ၊ ဆင်ခြင်ကြရဲ့လားကွလို့ မေးလိုက်တယ်နော် (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီး ဆင်ခြင်ကြရဲ့လားကွ၊ သုံးသပ်ကြရဲ့လားကွလို့ မေးလိုက်တဲ့အခါကျတော့ ရဟန်းတစ်ပါးက တပည့်တော် ဆင်ခြင်သုံးသပ်ပါတယ် ဘုရား။ အေး ပြောစမ်း ပြောစမ်းကွာ၊ မင်း ဆင်ခြင်သုံးသပ်တာ ပြောစမ်းကွတဲ့။

တပည့်တော်ဟာ သုံးဆယ့်နှစ်ကောဋ္ဌာသ ဆင်ခြင်သုံးသပ်ပါတယ်ဘုရားလို့ ဆိုတော့ ဘုရားက အလိုမကျဘူး (မှန်ပါ့)။ ဘုရားက ဒါ ပြောစေချင်တာ မဟုတ်ဘူး (မှန်ပါ့)။

ဘုရားအလိုတော်မကျမှန်း သိတော့ အရှင်အာနန္ဒာက အနားရှိတော့ အရှင်ဘုရားပြောမှ၊ အရှင်ဘုရားဟောမှ သိရမည့် ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ် အရှင်ဘုရားတဲ့။ ဒါကြောင့် အရှင်ဘုရားပဲ ဟောတော်မူပါ၊ ပြောတော်မူပါ ဆိုတဲ့ အကြောင်း အရှင်အာနန္ဒာက တောင်းပန်တယ် (မှန်ပါ့)။

အရှင်အာနန္ဒာက တောင်းပန်တဲ့အခါကျတော့ အေး ကောင်းကောင်းမွန်မွန် နာကြကွ၊ ကောင်းကောင်းမွန်မွန် နှလုံးသွင်းကြကွဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ကြီးမှာ ဟောထားတာ ရှိပါတယ်။

အဲဒါ ဒီနည်းကိုလည်း ဆရာဘုန်းကြီးက သတိပေးလိုက်ပါတယ်။ ဒကာ၊ ဒကာမတို့ ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်ကြနော်၊ ဘယ့်နှယ်မှာပါလိမ့် (ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်ကြပါဘုရား)။ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်ကြစမ်းပါ၊ အလကားမနေပါနဲ့၊ ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်ကြစမ်းပါ၊ အလကားမနေပါနဲ့ ဆိုတာ ပြောလိုက်ပါတယ် (မှန်ပါ့ ဘုရား)။

သုံးသပ်နည်းကလေးက ဘုရား သုံးသပ်စေချင်တာက ဒကာ၊ ဒကာမတို့ ဇရာ၊ မရဏ၊ ဇရာ၊ မရဏ ဆိုတာ ဇရာက အိုမှု၊ မရဏက သေမှု (မှန်ပါ့)။ ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်မှာ ဇရာမရဏ ကိုယ်ခန္ဓာကြီး ပြေးနေတယ်ဆိုတာ မသိရဘူးလား (သိရပါတယ် ဘုရား)။

ဩော်. . . ဒီခန္ဓာကိုယ်ကြီးဟာ အရောက်သွားနေတာ ဘယ်ဆီများ သွားနေပါလိမ့်မလဲလို့ အကဲခတ်ကြည့်လိုက်တော့ ဇရာဆီရောက်အောင် သွားနေတယ် (မှန်ပါ့ဘုရား)။ မရဏဆီကော (ရောက်အောင်သွားနေပါတယ်ဘုရား)။ ဩော်. . . ဒီခန္ဓာကိုယ်ကြီး၏ လမ်းစဉ်နည်းကဖြင့် ကျုပ်တို့ကြိုက်တဲ့လမ်း သွားနေတာလား၊ သူ့ဝင်ကို နိယာမလမ်း သွားနေတာလား (သူ့ပင်ကို နိယာမလမ်း သွားနေတာပါ ဘုရား)။

ဩော်. . . ဒါဖြင့် ခန္ဓာရတဲ့ပုဂ္ဂိုလ်၏ သွားရာလမ်းခရီးဆိုရင် ဒကာ၊ ဒကာမတွေက သိပါပြီ (မှန်ပါ့ဘုရား)။ ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟာ ဒကာ၊ ဒကာမတို့ ဘယ်သွားနေပါလိမ့်မလဲ (ဇရာ၊ မရဏဆီ သွားနေပါတယ် ဘုရား)။

ဇရာ၊ မရဏဆီ သွားနေတယ်လို့ မောင်ထွန်းလှိုင်တို့ မမှတ်ရပေဘူးလား (မှတ်ရပါတယ် ဘုရား)။ ခန္ဓာကိုယ်ရတဲ့ ပုဂ္ဂိုလ်များ ဘယ်သွားနေကြသလဲ (ဇရာ၊ မရဏဆီ သွားနေပါတယ်)။ အိမ်သွားတယ်ဆိုတာလည်း အိမ်သွားရင်း ဇရာ၊ မရဏဆီ ရောက်တာပဲ (မှန်ပါ့)။ ကျောင်းသွားတယ် ဆိုတော့ ကျောင်းသွားရင်း ဇရာ၊ မရဏဆီကော မရောက်ဘူးလား (ရောက်ပါတယ်)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ အိမ်သွား ကျောင်းသွားတာ မှန်သလား။ ဇရာ၊ မရဏဆီ ခန္ဓာကြီး အပြေးစိုင်းနေတာက မှန်သလားလို့ အကဲခတ်ကြစမ်း (ဇရာ၊ မရဏဆီ အပြေးစိုင်းနေတာက မှန်ပါတယ် ဘုရား)။

အဲဒီလို သုံးသပ်ကြစမ်းပါတဲ့။ ဒီခန္ဓာကြီး၏ ဖြစ်စဉ်ဟာ ဘယ်များသွားနေပါလိမ့်မတုံး ဆိုလို့ရှိရင် ဇရာ၊ မရဏဆီ အပြေးအလွှား သွားနေတယ် (မှန်ပါ့ဘုရား)။

ဒကာ၊ ဒကာမတို့ သွားကောင်းတဲ့လမ်းလား၊ မသွားကောင်းတဲ့ လမ်းလား (မသွားကောင်းတဲ့လမ်းပါ ဘုရား)။ မသွားကောင်းတဲ့လမ်းဆိုတာ သေချာပလား (သေချာပါပြီ)။

အဲဒီ ခင်ဗျားတို့ အများစုတွေက မသွားကောင်းတဲ့ လမ်းကိုပဲ မျက်စိလည်ပြီးသကာလ ဒီဘဝက စုတေမနေ သေလွန်ရလို့ရှိရင်ဖြင့် လူကောင်း နတ်ကောင်း ဖြစ်ရပါလို၏ ဆိုတော့ ဇရာ၊ မရဏလမ်း ဒိုင်းဒိုင်းပြေးရပါလို၏ ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ် ဟုတ်လား (ရောက်ပါတယ် ဘုရား)။

ဘယ်ရောက်သွားပါလိမ့် (ဇရာ၊ မရဏဆီသို့ ဒိုင်းဒိုင်းပြေးတဲ့လမ်း ရောက်သွားပါတယ် ဘုရား)။ မဟုတ်ပါဘူး ဦးခင်မောင်ရယ်၊ ဇရာ၊ မရဏဆိုတာ ရှောင်ရမှာဆိုတော့ သေချာပါလျက်သားနဲ့ ခင်ဗျားတို့က ဒိုင်းဒိုင်းပြေးချင်တာ ဘာသဘောတုံးလို့ မေးတဲ့အခါကျတော့ သစ္စာမသိလို့ (မှန်ပါ့ဘုရား)။

ဇရာပိ (ဒုက္ခသစ္စံပါ ဘုရား)။ မရဏမ္ပိ (ဒုက္ခသစ္စံပါဘုရား)။ ဩော်. . . ဒီနှစ်လုံးကို ဒကာ၊ ဒကာမတွေက ပိုင်ပိုင်နိုင်နိုင် မသိတော့ ဒီနှစ်လုံးကို ဇရာကလည်း ဒုက္ခသစ္စာပဲကွ၊ မရဏကလည်း ဒုက္ခသစ္စာပဲကွလို့ ဘုရားက ဓမ္မစကြာမှာ သေသေချာချာ ဟောပါတယ်။ သတိပဋ္ဌာန် ပါဠိတော်ကြီးတွေမှာ သေသေချာချာ ဟောပါတယ်။

ဒါတွေကို ဉာဏ်နားနဲ့မထောင်ဘဲ ဖြစ်ပြီးသကာလ နေတော့ ဒီဇရာ၊ မရဏတွေ သွားရင်းမတ္တနဲ့ နောက် ဇရာ၊ မရဏ သွားဖို့ရာကို ဒကာ၊ ဒကာမတွေ ကြိုးစားနေတာများဟာ ခင်ဗျားတို့ဟာ အိုလမ်း၊ သေလမ်းကိုသွားလို့ လက်စမသတ်ချင်လို့ လုပ်နေတာနဲ့ တယ်တူသကိုး (မှန်လှပါဘုရား)။ မတူဘူးလား (တူပါတယ် ဘုရား)။

ဒီတစ်ခါ အိုလမ်း သေလမ်း သွားပြီးနောက် အိုလမ်း သေလမ်း မသွားဘူးလား၊ ကောင်းမှ မကောင်းတဲ့လမ်းကြီးပဲ ဆိုပြီး ရှောင်ဖို့ ရှားဖို့အချိန် မရောက်ဘူးလား (ရောက်ပါတယ်





www.burmeseclassic.com

www.burmeseclassic.com

ဘုရား)။ ထိုသို့ ရောက်ပါလျက်သားနဲ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘယ့်နှယ်ကြောင့် ဒီဘဝက စုတေမနေ သေလွန် ...ရှိရင် နောက်ဘဝ၌ လူကောင်းနတ်ကောင်း ဖြစ်ရပါလို ...ဆိုတော့ ဇရာ၊ မရဏလမ်းကို ဒိုင်းဒိုင်းပြေးရပါလို၏ ဆိုတဲ့ အဓိပ္ပာယ် ရောက် မရောက် (ရောက်ပါတယ် ဘုရား)။

အဲဒါ ဘာမသိလို့ပါလိမ့် (သစ္စာမသိလို့ပါ ဘုရား)။ ဒါကြောင့် သိအောင်လုပ်ကြစို့ရဲ့နော် (မှန်လှပါ ဘုရား)။

သိအောင် လုပ်ကြစို့ဆိုတော့ ဒကာ၊ ဒကာမတို့ ဇရာဟာ ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါ ဘုရား)။ မရဏက (ဒုက္ခသစ္စာပါ ဘုရား)။ ဩော်. . . အခု တရားနာနေတဲ့ ဒကာ၊ ဒကာမတွေသည် တရားနာရင်းနဲ့ ဘယ်များပြေးသွားကြပါလိမ့် (မရဏဆီ ပြေးသွားနေပါတယ် ဘုရား)။

ဒါဖြင့် ဒီထဲကများ ယောင်ယောင်ချာချာနဲ့ ဒကာ၊ ဒကာမတွေက ပါလာပြီး ဒီတရားနာတဲ့ ကုသိုလ်ကြောင့် တရားနှလုံးသွင်းရတဲ့ ကုသိုလ်ကြောင့် စုတေမနေ သေလွန်တော့ လူကောင်း နတ်ကောင်း ဖြစ်ရပါလို၏ဆိုတော့ ဦးခင်မောင် ဘယ်ပြေးပါရစေလို့ ပါသွားသလဲ (ဇရာ၊ မရဏဆီ ပြေးပါစေလို့ ပါသွားပါတယ် ဘုရား)။

ဇရာ၊ မရဏဆီ နောက်ထပ် ပြေးရပါလို၏ ဆိုတော့ ဟာ အရှုံးမပျောက်ပါလား (မှန်ပါ့ ဘုရား)။ ဒကာသစ် ဘယ်လို ဆိုပါ့မယ် (အရှုံးမပျောက်ပါ ဘုရား)။ ဦးဇံရင် ဘယ်လိုပါလိမ့် (အရှုံးမပျောက်ပါ ဘုရား)။ အရှုံးမပျောက်တာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အခု ပြေးနေရတာလည်း ကောင်းတဲ့လမ်း ပြေးရတာလား၊ မကောင်းတဲ့လမ်း ပြေးရတာလား (မကောင်းတဲ့လမ်း ပြေးရတာပါ ဘုရား)။ နောက်တစ်ခါ ဆုတောင်းထားတာကလည်း ဘယ်လမ်းပြေးဖြစ်အောင် တောင်းတာပါလိမ့် (မကောင်းတဲ့လမ်း ပြေးဖြစ်အောင် တောင်းတာပါ ဘုရား)။ ဩော်. . . ခင်ဗျားတို့ဟာကလည်း အခုက မကောင်း တော့ နောက်လည်းမကောင်းဘဲ ခင်ဗျားတို့ အသိရှိနေတာ တော်တော်အရုပ်ဆိုးနေပါကလား (မှန်ပါ့ ဘုရား)။ ဒါ ဘုန်းကြီးက မြင်တာလား၊ ခင်ဗျားတို့က မိုက်လုံးပိုတာလား သတိထားပါဦး (မိုက်လုံးပိုတာပါ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ဘုန်းကြီးက မြည်တာလား၊ ခင်ဗျားတို့ကိုယ်က စုံလုံးကန်းပြေး ပြေးနေတာလား (စုံလုံးကန်းပြေး ပြေးနေတာပါ ဘုရား)။ အတော်ဆိုးနေပါကလား (မှန်ပါ့ဘုရား)။

ဦးခင်မောင် ဘယ့်နှယ်ဖြစ်နေကြသလဲ (ဆိုးပါတယ် ဘုရား)။ အတော်ဆိုးတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

အခု ခန္ဓာကိုယ်ကြီးဟာ ဒါက ဒကာ၊ ဒကာမတွေ ခန္ဓာငါးပါးကြီး ထားပါဦးတော့။ ဥပမာ - အခု တရားနာတဲ့ ခန္ဓာငါးပါးကြီးဟာ အခု ရပ်နေသလား၊ ဇရာဆီ သွားနေသလား၊ မရဏဆီ သွားနေသလား (ဇရာ မရဏဆီ သွားနေပါတယ်)။

အိမ်ကလာတာနဲ့ အခု ဇရာ၊ မရဏနဲ့ နီးတယ် (နီးပါတယ် ဘုရား)။ မနီးဘူးလား (နီးပါတယ် ဘုရား)။ နီးရတဲ့ အထဲမှာဆိုတော့ ကောင်းတဲ့လမ်း ခန္ဓာကြီး သွားနေတာလား၊ ဆိုးတဲ့လမ်း သွားနေတာလား (ဆိုးတဲ့လမ်း သွားနေတာပါ ဘုရား)။

ဆိုးတဲ့လမ်း သွားနေတဲ့ အထဲကပဲ အခု တရားနာတဲ့ ပုဂ္ဂိုလ်တို့ ကုသိုလ်တွေ လုပ်ရတဲ့အတွက် လူကောင်း၊ နတ်ကောင်း ဖြစ်ရပါလို၏ ဆိုပြီးသကာလ ခင်ဗျားတို့ တောင်းမယ်ဆိုရင် ဒီလမ်းပဲ ထပ်ပြေးရပါလို၏ (မှန်ပါ့ ဘုရား)။

ဘယ်အဓိပ္ပာယ် ရပါလိမ့် (ဒီလမ်းပဲ ထပ်ပြေးရပါလို၏ ဘုရား)။ ဒီလမ်းပဲ ထပ်ပြေးရပါလို၏ ဆိုတော့ ဩော်. . မြင်းမျိုးများ ဖြစ်နေသလား ဦးခင်မောင် (မှန်လှပါ ဘုရား)။ မြင်းများ အမိဝမ်းခေါင်းက ထွက်လိုက်တဲ့အခါ အမေ့ကိုလှည့်ပတ်ပြီး မပြေးလား (ပြေးပါတယ် ဘုရား)။

နောက် ကြီးလာတော့လည်း သူ့ဝါသနာက ဘာလုပ်တတ်သလဲ (ပြေးတတ်ပါတယ်)။ ခင်ဗျားတို့က ဘာမျိုးများ ဖြစ်နေသလဲ။ ဒါဖြင့် ဒီလမ်းမကြီး ပြေးတဲ့မျိုး ဖြစ်နေပါတယ် (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ပြေးကောင်းသလား မပြေးကောင်းဘူးလား (မပြေးကောင်းပါ ဘုရား)။

မပြေးကောင်းတာ ဘာလို့ ခင်ဗျားတို့က ကပ်ဖွဲ့ကြီး ခြေလှမ်း လှမ်းရသတုံး ဆိုလို့ရှိရင်ဖြင့် သစ္စာမသိလို့ (မှန်ပါ့ ဘုရား)။ ဘာသစ္စာ မသိတာပါလိမ့် (ဒုက္ခသစ္စာ မသိတာပါ ဘုရား)။

ဇရာ ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါ)။ မရဏ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါ)။ အခု ခန္ဓာကြီး ဘယ်ကို ဒိုင်းဒိုင်း ပြေးနေသလဲ (ဒုက္ခသစ္စာဘက် ဒိုင်းဒိုင်းပြေးနေပါတယ်)။ နောက်ထပ် ပြေးချင်သေးသလား (မပြေးချင်ပါ ဘုရား)။

လေပျော့တယ်။ ဒါတောင်မှ လေပျော့သေးတယ်၊ သူက ပြေးလက်စ တယ်သတ်ချင်ပုံ မရသေးဘူး (မှန်ပါ့)။ ဒကာ၊ ဒကာမတွေက ပြေးလက်စ တယ် သတ်ပုံမရသေးပါဘူး။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုတာ ခင်ဗျားတို့ပါးစပ်ထဲ နှုတ်ကိုတက်နေတယ် (မှန်ပါ့)။ နှုတ်မတက်ကြဘူးလား (တက်ကြပါတယ် ဘုရား)။ တစ်ခါသေဖူး ဘာတဲ့ (ပျဉ်ဖိုးနားလည်ပါ ဘုရား)။

(ဆက်ရန်)

❒ ဓမ္မဒါန



www.burmeseclassic.com

www.burmeseclassic.com

(က) ပုဂံမြို့မှ "ရွှေစည်းခုံ" စေတီတော်မြတ်ကြီး

ရွှေစည်းခုံ စေတီတော်မြတ်ကြီး၏ ပထမဒါယကာမှာ အနော်ရထာမင်းကြီး ဖြစ်၍ အေဒီ ၁၀၅၉ ခုနှစ်တွင် တည်ထားခဲ့သည်။ ဆင်ဖြူတော်ဝပ်ရာ သဲစည်းခုံနေရာတွင် ဂေါတမမြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်နှင့် ဓာတ်တော်တို့ကို ဌာပနာပြီးတည်သည်။

ထို့နောက် သီဟိုဠ်မှ ပင့်ဆောင်ရောက်ရှိလာသော စွယ်တော်ပွားကိုပါ ထပ်ဆင့်ဌာပနာပြီး ဆက်လက်တည်ခဲ့သည်။ ထိုစွယ်တော်မှ ထပ်ဆင့်ပွားစွယ်တော်ကို တန့်ကြည့်တောင်၊ ထို့နောက် လောကနန္ဒာ၊ ထို့နောက် တူးရွှင်းတောင်တို့တွင် နောက်ထပ် စွယ်တော်စေတီသုံးဆူ တည်ထားကိုးကွယ်ခဲ့သည်။

မျက်မှောက်ကာလတွင် စွယ်တော်လေးဆူကို နေ့ ၁၂နာရီ မတိုင်မီ အပြီးဖူးမြော်ကြည်ညိုနိုင်ပါက လောကီ၊ လောကုတ္တရာ လွန်စွာ အကျိုးပေးသည်ဟု ဆိုကြသည်။ သို့သော် စွယ်တော်မြတ် စေတီလေးဆူ၏ ထံတော်ပါးတွင် တူညီသော လှူဖွယ်ဝတ္ထု၊ တူညီသော ဆုတောင်းဖြင့် ကန်တော့ကြရန်လိုအပ်သည်။

အနော်ရထာမင်းကြီးသည် အေဒီ ၁၀၇၇ ခုနှစ်တွင် နတ်ရွာစံခဲ့သဖြင့် ရွှေစည်းခုံ စေတီတော်ကြီးကို ပြီးပြတ်အောင် မတည်ဆောက်နိုင်ခဲ့ပါ။ အေဒီ

နှစ်တွင် ကျန်စစ်သားမင်းကြီး

ဟက်ပြီးနောက် ရာဇာဘိသိက်ခံယူသည့် အေဒီ ၁၀၈၆ ခုနှစ်တွင် ရွှေစည်းခုံစေတီတော်ကြီးကို ဆက်လက် တည်ဆောက်ခဲ့ရာ အေဒီ ၁၀၉၃ ခုနှစ်တွင် လုံး၀ ပြီးစီးသည်။ ကျန်စစ်သား မင်းကြီးသည် တူးရွှင်းတောင်မှ သဲ၊ ကျောက်၊ ထုံးများကို လူတန်းသုံးတန်းဖြင့် လက်ဆင့်ကမ်း သယ်ယူပြီး ရွှေစည်းခုံစေတီကြီးကို တည်ဆောက်သည်။ ၁၉၇၅ ခုနှစ်တွင် ပြင်းထန်သော ငလျင်လှုပ်ခဲ့၍ ရွှေစည်းခုံ စေတီတော်ကြီး၏ အထက်



ပုဂံမြို့မှ ရွှေစည်းခုံဘုရားကြီး

ကျွန်တော် သိသော

# ရွှေစည်းခုံဘုရား စေတီများ

ဆွေမြင့်သူ (ဗြေး/မြေ)

ပိုင်းလည်း ကွဲအက်ကွာကျခဲ့ရာ စေတီတော်ကြီးကို ပြန်လည်ပြုပြင်သောအခါ အတွင်းရှိ စေတီတော်တစ်ဆူ တွေ့ရသည်။ ထီးတော်ကို အသစ်တင်ရန် အပေါ်သို့ မ,တင်လိုက်သော အခါ၌လည်း အတွင်း၌ ပဥ္စလောဟာဖြင့် ပြုလုပ်ထားသော ခရေသီးတစ်ခုကို

တွေ့ရသည်။ ထိုအခါကျမှ နှစ်ထပ်

စေတီတော်ကြီး စစ်မှန်ကြောင်း သိကြ

ရသည်။

အပြင်ခရေသီးကြီး၏ လုံးပ

လည်မှာ ၂၈ ပေနှင့် ၁၀ လက်မ

အတွင်းခရေသီးကြီး၏ လုံးပတ်မှာ ၂

ပေရှိကြောင်း၊ အတွင်းထီးတော်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပုဂံမြို့မှ ရွှေစည်းခုံစေတီတော်မြတ်အား အဝေးမှ ဖူးမြော်ရပုံ

...အစစ် ဆပ်သွားဖူးမှာ အဝန်း ... ခဲ့ အပြင်ထီးတော်၏ ဆပ်သွား ... အဝန်း ၇ ပေ ရှိကြောင်းနှင့် ...သွားဖူးတွင် တပ်ဆင်ထားသော ...တ်သံပတ္တမြားတို့မှာ လုံးရေပေါင်း ... လုံးရှိကြောင်း သိရှိရသည်။

ရွှေစည်းခုံ စေတီတော်ကြီးကို ...အဆက်ဆက်တွင် လုံးတော်ပြည့် ...တ်နီး ကပ်ရန်မလိုဘဲ ယနေ့ထိ ...ရောင်တဝင်းဝင်းဖြင့် သပ္ပာယ်စွာ ...ကြရသည်။

ပုဂံခေတ် ပန်းတဉ်း (ကြေးသွန်း ...) ပန်းတမော့ (ကျောက်ဆစ် ...)နှင့် ပန်းရန်ပညာ ထူးခြားမှုများ ... နောင်လာနောက်သားများ အားပါး ... လေ့လာနိုင်ကြသည်။

ရွှေစည်းခုံ စေတီတော်ကြီး၏ ...သွယ်ရာများမှာ စာသလို့ စီရေး၍ ...င်အောင် ရှိပါတကား။

❖

## (...) မုံရွာမြို့မှ ရွှေစည်းခုံဘုရား

မုံရွာမြို့သည် စစ်ကိုင်းတိုင်း ဒေသ ... နီးစိုက်ရာမြို့တော်ဖြစ်၍ စစ်ကိုင်း ...ဒေသကြီး အောက်ပိုင်း၊ ချင်းတွင်း ... အရှေ့ဘက်ကမ်းတွင် တည်ရှိ ...။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာအရပ်မှ မိုင်၅၀ ခန့်ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၆၇ ပေခန့်တွင် ရှိသည်။

ရန်ကုန်မြို့နှင့် ဆိုသော် မန္တလေး မှတစ်ဆင့် ခရီးဆက်ပါက မိုင်ပေါင်း ၅၀၀ ခန့် ဝေးကွာသည်။ ရှေးယခင်က စစ်ကိုင်းတိုင်းဒေသကြီး၏ မြို့တော်မှာ စစ်ကိုင်းဖြစ်ခဲ့သော်လည်း ၂၀၀၃ ခုနှစ် မှစတင်၍ သလ္လာဝတီမြို့တော်သို့ မုံရွာ မြို့အားအနောက်မြောက်တိုင်း မြို့တော် အဖြစ် သတ်မှတ်ခဲ့ပြီး တိုင်းအဆင့် ရုံး/ဌာနများအား ပြောင်းရွှေ့ဖွင့်လှစ် ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါ သည်။

မုံရွာမြို့နှင့် ပတ်သက်၍ ဘုရား လေးဆူ၊ သိမ်လေးသိမ်၊ ဂူလေးဂူ၊ ကျစ် လေးပါး၊ ချောင်လေးချောင်၊ ကုန်းလေး ကုန်း၊ အိုင်လေးအိုင်၊ အင်းလေးအင်း ဟူ၍ အစဉ်အလာ မှတ်သားထားကြရာ ယင်းတို့အနက် ဘုရားလေးဆူမှာ . . .

၁။ ရွှေစည်းခုံ၊
၂။ ဆုတောင်းပြည့်၊
၃။ ချမ်းသာကြီး၊
၄။ ဘုရားလှ (မဟာရန်ဆီး) တို့ ဖြစ်ပါသည်။



မုံရွာမြို့မှ ရွှေစည်းခုံဘုရား



www.burmeseclassic.com

www.burmeseclassic.com



မုံရွာရွှေစည်းခုံဘုရားမှ ရုပ်ပွားတော်တစ်ဆူ

ရွှေစည်းခုံစေတီသည် မုံရွာမြို့နယ်၏ အထင်ကရ (သို့) အဓိကကျသော မြို့မရုံးကြီးလမ်း၏ မြောက်ဘက်၊ ဘူတာလမ်း၏တောင်ဘက်၊ ရုံးကြီးလမ်းနှင့် ဘူတာလမ်းကြားတွင် တည်ရှိသည်။ ရွှေစည်းခုံ စေတီတော်၏ ပရိဝုဏ်ပတ်ပတ်လည်တွင် စေတီများ၊ ဘုန်းတော်ကြီး ကျောင်းတိုက်များ ဝန်းရံလျက်ရှိသည်။

မုံရွာမြို့တွင် ကျော်စောထင်ရှားလူသိများ၍ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော် ကြည်ညိုလေ့ရှိသော တန်ခိုးကြီးဘုရား နှစ်ဆူမှာ ရွှေစည်းခုံဘုရားနှင့် ဆုတောင်းပြည့်ဘုရားတို့ ဖြစ်ပါသည်။

ရွှေစည်းခုံစေတီတော်၏ မူလဒါယကာမှာ ကပ္ပိလဝတ်ပြည်မှ သာကီဝင်မင်းမျိုး မဟာနာမ်မင်းကြီး၏ တူတော်များဖြစ်သော သကုဏ္ဍလ၊ ကုဏ္ဍလငယ်၊ ကုဏ္ဍလကြီး ညီနောင်သုံးပါးတို့ဖြစ်၍ မဟာသက္ကရာဇ် ၁၄၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်နေ့တွင် စတင်တည်ထားကိုးကွယ်ခဲ့ကြောင်း သိ
ရပြီး သမိုင်းအကျဉ်းမှာ အောက်
အတိုင်း ဖြစ်ပါသည်။

**သမိုင်းအကျဉ်း**

သာဝတ္ထိပြည် ကောသလ
ကြီးနှင့် ဝါသဘခတ္တိယ မင်းသမီး (သ
ကီဝင် မဟာနာမ်မင်းကြီး၏ ကျွန်
မွေးသူ) တို့မှ မွေးဖွားလာခဲ့သူသ
ဝိဋူဍဘ ဖြစ်လေသည်။

ဝိဋူဍဘ မင်းအဖြစ်သို့ ရော
သောအခါ နာကြည်းနေခဲ့သော အ
ကြောင့် သာကီဝင်တို့အား နို့စို့အရွယ်
မကျန် လိုက်လံသတ်ဖြတ်လေသည
မဟာနာမ်မင်းကြီးနှင့် ဆွေတော်
တော်များကိုမူ မသတ်ဘဲ ချန်ထား
သည်။

တစ်နေ့သော် ဝိဋူဍဘမင်းသ
မဟာနာမ်မင်းကြီးအား မိမိနှင့်အ
ပွဲတော်တည်ရန် ခေါ်လေသည်။ မဟ
နာမ်မင်းကြီးသည် မိမိ၏ ကျွန်မမှမွေ
၏သား (ဇာတ်နိမ့်သူ) နှင့်အတူ ပွဲတေ
မတည်လိုပေ။ ထိုသို့ ဆိုပြန်လျှင်လည
ဝိဋူဍဘမင်းက အမှန်ပင် သတ်ပေမည
၎င်း၏အသက်ကို မခံတော့၊ မိမိကို
မိမိသာ အဆုံးစီရင်တော့မည်ဟု စိ
တွင်ထားလျက် ဝိဋူဍဘမင်းအား ပွဲတေ
မတည်မီ ရေသန့်စင်ပါဦးမည်ဟု
တောင်းပြီး ဆံထုံးကြားတွင် ခြေကိုည
လျက် ရေထဲသို့ ခုန်ချလေသည်။ (
သော် ရေတွင် နဂါးတို့က ဆောင်
သွား၍ အသက်မသေဘဲ ၁၂နှစ်ကြာ
လူ့ပြည်သို့ ပြန်ရောက်သည်။)

ထိုသတင်းကို မဟာနာမ်မင်းကြ
၏ ဆွေတော်မျိုးတော်များ ကြားလ
ဝိဋူဍဘမင်း၏ ရန်ကိုကြောက်၍ လွ
ရာသို့ ထွက်ပြေးကြလေသည်။

သကုဏ္ဍလ၊ ကုဏ္ဍလငယ်၊ ကု
လကြီး ညီနောင်သုံးပါးတို့သည် မြန်
ပြည် နောက်ပိုင်းဖြစ်သော ဒေသမ
သို့ ရောက်ရှိလာကြပြီး ၎င်းတွင်
(အစိရဝတီမြစ်၊ သဗ္ဗ ဝတီမြစ်)ဖျာ

www.burmeseclassic.com



ညောင်ဦးမြို့မှ ရွှေစည်းခုံစေတီတော်အား အဝေးမှဓာတ်ပုံတွေ့ရပုံ

...တ်သို့ ထွက်ခွာခဲ့ကြလေ
...ပြည်းဖြည်း ချင်းတွင်းမြစ်
...ဆင်းလာခဲ့ကြရာ ဇရာဒတ်မြစ်
...သည့်အရပ်သို့တိုင်အောင်ရောက်
...ကြလေသည်။

...နောင် သုံးပါးတို့နှင့် နောက်ပါ
...အခုံတို့သည် ထိုအရပ်မှ မြောက်
...၍ ဆန်တက်ခဲ့ကြပြန်လေရာ
...ချင်းတောင်အရပ်)သို့ ရောက်ရှိ
...ခန်းချ နေထိုင်ကြလေသည်။

...သို့စခန်းချ နေထိုင်စဉ်အတွင်း
...များတွင် အရှေ့အရပ်ဆီမှ
...ပသော အလင်းတန်းကြီးကို
...ကြာ တွေ့မြင်ကြရပေသည်။

...င်းသုံးပါးတို့သည် ထိုအလင်း
... ပေါ်ထွက်ရာအရပ်သို့ အလုံး
...နှင့်ပြောင်းရွှေ့လာကြရာ သာယာ
...န်းမြေပြန့်ပြူးသည့် ကုန်းမြင့်
...သို့ ရောက်ရှိကြ၍ ကုန်းမြင့်
...အရပ်ဟု ခေါ်ကြလေသည်။

...င်းသုံးပါးတို့သည် တိုင်းပြည်မှ
...လာကြသဖြင့် မြတ်စွာဘုရား
...နှင့်ထေးကွာနေခဲ့ရာ ဘုရားရှင်အား
...ကြသည့် စိတ်ဆန္ဒများ လွန်စွာ
...တြရကား အားလုံးတိုင်ပင်၍
... ကြေးနီ၊ ကြေးဝါ၊ ရွှေ၊ ငွေ၊
... ခဲ ဘင် စသော ဓာတ်ကိုးပါး
... ပေါင်းစပ်၍ ပုံတော်အလို့ငှာ
...လောင်းကြလေသည်။

ပြီးလျှင် ပုံတော်အား ဆင်တော်၌ တင်၍ အဓိဋ္ဌာန်ပြုလျက် လွှတ်လေရာ ဤစည်းခုံအရပ်သို့ ရောက်လျှင် ဆင်တော်ဝပ်တော်မူသဖြင့် ဇေယျာဘုမ္မိ ဤနေရာတွင် ဓာတ်ကိုးပါးရုပ်ပွားတော်အား ဌာပနာတော်မူပြီး ကိုးတောင်ပြည့် စေတီ တည်တော်မူလေသည်။

## ရွှေစည်းခုံစေတီတော်မြတ်ကြီးအား အဆင့်ဆင့် ပြုပြင်ကိုးကွယ်ခဲ့ကြသော ဘုရားဒါယကာများ

၁။ မဟာသက္ကရာဇ် ၂၂၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့(တနင်္ဂနွေနေ့)တွင် သီရိဓမ္မာသောကမင်းကြီးမှ ထပ်မံပြုပြင်တော်မူသည်။ သက္ကရာဇ် ၄၀၅ ခုနှစ် ဝါဆိုလ၌ အနော်ရထာမင်းကြီး၏မယ်တော် ကွမ်းဆော်မိဖုရားမှ လည်းကောင်း၊

၂။ သက္ကရာဇ် ၄၄၆ ခုနှစ်၊ တန်ခူးလပြည့်(စနေနေ့)တွင် အနော်ရထာမင်းကြီးမှ လည်းကောင်း၊

၃။ သက္ကရာဇ် ၄၄၆-၄၅၄ နန်းတက်သော ကျန်စစ်သား မင်းကြီးမှလည်းကောင်း၊ သက္ကရာဇ် ၄၅၆ ခုနှစ်တွင် အလောင်းစည်သူ မင်းကြီးမှ လည်းကောင်း၊

၄။ သက္ကရာဇ် ၈၀၂ ခုနှစ်၊ နတ်တော်လဆုတ် ၁၃ရက်(တနင်္ဂနွေနေ့)တွင် နရပတိစည်သူ မင်းကြီးသည် စေတီတော်ကို ထပ်မံပြုပြင်၍ ရွှေစည်းခုံကျောင်းတိုက်ကိုပါ ဆက်လက်ပြင်ဆင်တော်မူသည်။ မိဖုရားကြီးစောဥမ္မာကလည်း စေတီရံကိုးဆူကို ထပ်မံလှူတော်မူပါသည်။

၅။ သက္ကရာဇ် ၈၇၂ ခုနှစ်တွင် ရွှေစည်းခုံကျောင်းတိုက် သံဃာ့ရာဇာမှ လည်းကောင်း၊

၆။ သက္ကရာဇ် ၉၉၉ ခုနှစ်တွင် (သီရိသုဓမ္မရာဇာ မဟာဓိပတိဘွဲ့ခံ) ရာဇာမဏိစူဠာ ဘုရားဒကာတော် သာလွန်မင်းကြီးမှ လည်းကောင်း၊

၇။ သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် တစ်ကြိမ်၊ သက္ကရာဇ် ၁၁၅၁ ခုနှစ်တွင် တစ်ကြိမ်၊ သက္ကရာဇ် ၁၁၅၆ ခုနှစ်၊ နယုန်လဆန်း ၄ ရက်နေ့တွင် တစ်ကြိမ် ကလေးစော်ဘွားမှ ထပ်မံပြုပြင် လှူဒါန်းတော်မူခဲ့ပါသည်။

## စေတီတော်ကြီးနှင့် ပတ်သက်သော အချက်အလက်များ

ရင်ပြင်တော်မှာ တောင်-မြောက် ၃၄၅ တောင်၊ အရှေ့-အနောက် ၂၂၃ တောင် အကျယ်အဝန်းရှိပြီး ရင်ပြင်တော်အလယ်တွင် အောက်ခြေအနားတစ်ဖက်လျှင် ၆၆ တောင်ရှိစေတီတော်ကြီးတွင် အောက်ပန်းတင်ခုံ အထက်တွင် စေတီရံ ၂၃ ဆူ၊ ပစ္စယာသုံးဆင့်တွင် စေတီရံလေးဆူစီနှင့် စုစုပေါင်း စေတီရံ ၃၅ ဆူတို့ဖြင့် ဖူးတွေ့ ကြည်ညိုနိုင်ကြပါသည်။

ဖိနပ်တော်မှ စိန်ဖူးတော် အထိ အတောင် ၉၀ ရှိပြီး ပစ္စယာရစ်မြောင့်၊ ကြာနှ၊ ခေါင်းလောင်း၊ သပိတ်မှောက်၊ ဖောင်းရစ်၊ ကြာမှောက်၊ ရွဲ၊ ကြာလန်၊ ငှက်ပျောဖူး၊ ဘုံကိုးဆင့်ထီးတော်၊ ရွှေစင်ငှက်မြတ်နား၊ ရတနာအပြည့် စီခြယ်အပ်သော ရွှေသားအစစ်နှင့် နှစ်ထပ်စိန်ဖူးတော် စသည်တို့ဖြင့် ဖူးမြင်ရသူတို့၏နှလုံးစိတ်ဝမ်း အေးချမ်းသာယာစေသော ရွှေစည်းခုံစေတီတော်မြတ်ကြီးသည် ရွှေတောင်ကြီးပမာ ကြည်ညိုဖွယ်



www.burmeseclassic.com

www.burmeseclassic.com


အဆင်းတော်ဖြင့် လွန်စွာသပ္ပာယ်တော်မူလှပါပေသတည်း။

## (ဂ) ပုသိမ်မြို့မှ ရွှေစည်းခုံဘုရား

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ ကျက်သရေဆောင် "ရွှေစည်းခုံ" စေတီတော်မြတ်ကြီးကား ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး၏ မြောက်ဘက် စေတီတော်မြတ်နှင့် တည့်တည့် လမ်းဖြောင့် မိုင်ဝက်ခန့် အကွာတွင် တည်ရှိသည်။

ကာလကတ္တားမြို့၊ ဟိန္ဒူဘုရားကျောင်းတွင် တည်ရှိသော မြန်မာကမ္ပည်းစာအရ ရွှေဘိုမင်း လက်ထက် ၁၈၃၇- ၁၈၄၆ တွင် မြို့ဝန်ဖြစ်ခဲ့သော မင်းကြီးမဟာမင်းလှကျော်စွာ အမတ်ကြီးနှင့် ပုဂံမင်းလက်ထက် ၁၈၄၆- ၁၈၅၃ က ရွှေစည်းခုံစေတီတော်မြတ်ကြီးအား တည်ထားကိုးကွယ်ကြောင်း သိရှိရသည်။

အမရပူရ ရာဇဌာနီ နေပြည်တော်တွင် ဒုတိယနန်းစံဖြစ်တော်မူသော "သီရိပဝရဒိတျာလောကာဓိပတိ၊ ဝိဇယ မဟာရာဇာဓိရာဇာ" ဘွဲ့တော်ရှိသော မင်းလက်ထက်တွင် ရာမညတိုင်း အရံ ၃၂ မြို့နှင့်တကွ "ကုသိမနဂရ" အမည်ရှိသော ပုသိမ်မြို့ကို မင်းကြီးမဟာ



ပုသိမ်မြို့မှ ရွှေစည်းခုံဘုရား

မင်းလှကျော်စွာ အမတ်ကြီးအား မြို့ဝန်အဖြစ် ခန့်အပ်ထားကြောင်း။

ထိုအမတ်ကြီးသည် ဇနီးဖြစ်သူနှင့်အတူတကွ စေတီတော် တစ်ဆူ တည်ထား ကိုးကွယ်လိုသည့်အချိန်တွင် သီဟိုဠ်ကျွန်းမှ ကြွရောက်တော်မူ[illegible] သော အရှင်သုနန္ဒာနှင့် အရှင်ဓမ္မရက်[illegible] မထေရ်နှစ်ပါးတို့က မြတ်စွာဘုရား[illegible] သရီရဓာတ်တော် ခုနစ်ဆူကို ပေးအ[illegible] ကြောင်း။

ထိုအခါ ယင်းဓာတ်တော် ခု[illegible] ဆူနှင့်တကွ ရွှေ၊ ငွေ၊ ကြေး အစရှိသ[illegible] များစွာသော ဆင်းတုတော်များ၊ သ[illegible] ဌာန ပုံတော်များကို သွန်းလုပ်ဌာပ[illegible] ပြီး "ကန်ကုန်း"ဟူသော ကောင်းမြ[illegible] သောနေရာတွင် စေတီတော်တည်ထ[illegible] ကိုးကွယ်ခဲ့ကြောင်းနှင့် ယင်းစေတီ[illegible] ရှစ်ပုံဘွဲ့သင်္ချာဂဏန်း၏ သုံးဘို့တစ်[illegible] ဖြင့် ယူအပ်သော ဦးနပ်တော်မှာ [illegible] တောင် ၁၂ဝ၊ အရပ်တော် သံတော[illegible] ၉ဝ၊ ၂ မိုက် ရှိကြောင်း သိရှိရပါသ[illegible]

အမတ်ကြီးသည် စေတီတော[illegible] တကွ တံခွန်တိုင်နှစ်ခု၊ ကျောင်း[illegible] ကျောင်း၊ ဇရပ်၊ ရေကန်း၊ ရေကန်[illegible]



ပုသိမ်မြို့မှ ရွှေစည်းခုံဘုရားရှေ့မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်မြို့ ရွှေစည်းခုံစေတီတော်ကုန်းမြေရှိ ဆယ်ထပ်ကြီးဘုရား

ကိုလည်း တည်ဆောက်ခဲ့သည့်အပြင် ရွှေဘိုမင်း၏ သားတော် ပုဂံမင်းလက်ထက်တွင်လည်း မြို့ဝန်အဖြစ် ဆက်လက် ခန့်ထားခြင်းခံရသဖြင့် အန္တရာယ် ကျော်ဖြင့်ပြီးသော ရေကန်ကို စီမံလျက် စေတီတည်ကြောင်း ကျောက်စာတိုင်ကို စိုက်ထူခဲ့လေသည်။

## ရွှေစည်းခုံ ဆုတောင်းပြည့် ဆယ်ထပ်ကြီးဘုရား

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် ကဆုန်လဆုတ် ၇ ရက်နေ့တွင် ပုသိမ်မြို့ ကုန်းသာကျောင်း ဆရာတော် ဦးပဒုမ၊ ညောင်ပင်သာ ကျောင်းဆရာတော် ဦးဇောတိကပါလ၊ နိုင်ငံကျော် မမွကထိက ပေါင်းတည်ဆရာတော် ဦးစန္ဒိမာနှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ (ကျောက်ပွဲစားကြီး) ဦးရိတ်တို့သည် ရွှေစည်းခုံ ကုန်းတော်ပေါ်တွင် ရုပ်ပွားတော်ကြီး တစ်ဆူကို စတင် ပန္နက်ရိုက်ပြီး နေ့ရောညပါ အခါမလပ် တည်ဆောက်ခဲ့ရာ ၁၂၀၇ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။

စတင်တည်စဉ်က ငါးထပ် ဆိုသော်လည်း တည်ဆောက်ရင်း သဒ္ဒါစိတ်ထက်သန်လာသဖြင့် ဆယ်ထပ်ကြီး ဘုရား ဖြစ်သွားပါသည်။ ပထမတွင် ကျောက်ပွဲစားကြီး ဦးရိတ်ကိုယ်တိုင် မ,တည်၍ ကြပ်မတ်ဆောင်ရွက်ခဲ့သဖြင့် "ဦးရိတ်ဘုရား"ဟု ခေါ်ကြခဲ့သော်လည်း ဌာပနာ ဆယ်ထပ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၍ "ဆယ်ထပ်ကြီးဘုရား" ဟူ၍လည်းကောင်း၊ ဘုရားတွင် လာရောက်ဖူးမြော်အဓိဋ္ဌာန်ဝင်ကြသည့်အခါလိုအင်ဆန္ဒပြည့်ဝကြောင်း ကိုယ်တွေ့ကြုံသူများ၏ပြောကြားချက်အရ ဘုရားကြီး၏ အမည်တော်ကို "ဆုတောင်းပြည့် ဆယ်ထပ်ကြီးဘုရား" ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ကြပါသည်။

(ပုသိမ်မြို့ ရွှေစည်းခုံစေတီတော် ကုန်းမြေရှိ ဆယ်ထပ်ကြီးဘုရားနှင့် ပြည်မြို့ ရွှေဆံတော်ဘုရား နံဘေးရှိ ဆယ်ထပ်ကြီးဘုရား ရုပ်ပွားတော်ကြီး နှစ်ဆူကို နှိုင်းယှဉ်ဖူးမြော် ကြည်ညိုသဒ္ဓါပွားစေရန် ဖော်ပြအပ်ပါသည်။)

## (ဃ) မိတ္ထီလာမြို့မှ ရွှေစည်းခုံဘုရား

အင်းဝခေတ်၊ မင်းကြီးစွာစော်ကဲ လက်ထက်တွင် မထိလ (မိတ္ထီလာ)ကန်တော်ကြီးအား ရှေးမင်းများနည်းတူ ဆည်ဖို့ပြုပြင်ရင်း ကန်ပေါင်ပေါ်၌ လွှန်ခဲ့သော နှစ်ပေါင်း ၃၀၀ ခန့်က ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ မိဖုရားငယ် (ရှမ်းမင်းသမီးလေး) စောခင်လှ ရုပ်တုထားရှိသော နန်းပြာသာဒ် အဆောင် (နတ်ကွန်းပုံစံ) ကို တွေ့ရှိရာကအစ အဆိုပါ ရွှေစင်ရုပ်တုအကြောင်းကို ရဲရဲဝံ့ဝံ့ ပြန်ပြောင်း လျှောက်တင်နိုင်သော"စာတိုညို"အား သူကောင်းပြု၍ ချီးမြှောက်ခဲ့သည်။

လယ်သမားလေး ဘိုးရာဇာသည် ဝန်ဇင်းဘိုးရာဇာအမတ်ကြီး ဖြစ်လာပြီးနောက် သက္ကရာဇ် ၇၄၁ ခုနှစ်တွင် ၎င်း၏ဇာတိ အိမ်ကုန်းရွာအနီးတွင် ရွှေစည်းခုံစေတီကို တည်ထားကိုးကွယ်ခဲ့သည်။

ထိုအချိန်က ၎င်း၏အသက်မှာ ၃၂ နှစ်ရှိပြီး၊ အသက် ၂၀ နှစ်အရွယ်မှ စတင်၍ မှူးမတ်ရာထူး ရရှိသည်ကို အကြောင်းပြုကာ ရွှေစည်းခုံစေတီကို ဉာဏ်တော် ၃၂ တောင်၊ အရံစေတီ ၂၀ ဆူဖြင့် တည်ဆောက်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်တွင် ဘုရားဒါယကာကြီး ဦးလှိုင်းနှင့် ဇနီး ဒေါ်အေးငြိမ်းတို့က ဝန်ဇင်းဘိုးရာဇာ တည်ထားခဲ့သော ရွှေစည်းခုံစေတီကို ထပ်မံပြုပြင်ပူဇော်ခဲ့ကြောင်း သိရှိရပါသည်။

❒ ဆွေမြင့်သူ(ကြေး/မြေ)

**မှီငြမ်းစာရင်း-**

၁။ ဒေါက်တာ သက်လွင်၏ "သမိုင်းက ပြောသော ပုဂံ၊ ပုဂံက ပြောသော သမိုင်း" စာအုပ်

၂။ မုံရွာမြို့ ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့၏ "ရွှေစည်းခုံ စေတီတော်မြတ်ကြီး သမိုင်းအကျဉ်း"စာစောင်

၃။ ပုသိမ်မြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ "ရွှေစည်းခုံ စေတီတော်မြတ်သမိုင်း" (၂၀၀၀ပြည့်နှစ်)

၄။ ကိုတင်လှိုင် (မိတ္ထီလာ)၏ "မိတ္ထီလာကန်တော်သမိုင်း" DVD



www.burmeseclassic.com

www.burmeseclassic.com



**အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)**
တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက

# နေကောင်းရဲ့လား

**နမော သုခဝိဟာရိနော**

**၁။ နေကောင်းရဲ့လား**

※ တရားမပါ၊ နေကောင်းတာ၊
လွန်စွာ တန်ဖိုးပျက်။
※ တရားတွဲကာ၊ နေခက်တာ၊
မှန်စွာ တန်ဖိုးတက်။
※ နတ်ဘဝမှာ၊ နေကောင်းပါလည်း၊
သတိနည်း၊ ချွတ်လွဲ ကုသိုလ်ခက်။
※ လူ့ဘဝမှာ၊ နေခက်ပါလည်း၊ သတိမြဲ၊
ထူးကဲ ကုသိုလ်တက်။
※ နေကောင်းဖို့ရာ၊ မပြင်ပါ၊
ပြင်တာ သုံးဖို့တွက်။
အသုံးတတ်က၊ ကိုယ်ပိုင်ရကာ၊ အနှစ်ပါ၊
နေသာ ထိုင်သာဖြစ်။
'နေကောင်းရဲ့လား'၊ လူ့စကားကို၊
တရားတွဲကာ၊ ဖြေဆိုပါ၊
မှန်စွာ အဖြေစစ်။
သက်မဲ့သက်ရှိ၊ ဉာဏ်ဖြင့်ညှိကာ၊
ညီညွတ်စွာ၊ ကောင်းစွာနေမှ၊
ချမ်းသာဖြစ်။

"နေကောင်းရဲ့လား" ဆိုတဲ့စကားဟာ လူတစ်ယောက်နှင့်တစ်ယောက် တွေ့ရင် စစချင်း မေးတတ်တဲ့ နှုတ်ခွန်းဆက်စကားမျိုးပါ။ ရင်းနှီးခင်မင်သူချင်း တွေ့တာနဲ့ ဒီပြင်စကားတွေ



www.burmeseclassic.com

www.burmeseclassic.com

မပြောသေးခင် "နေကောင်းရဲ့လား" "နေကောင်းတယ်မဟုတ်လား" "နေကောင်းရဲ့နော်" လို့ ပြုံးပြုံးလေး မေးတတ်ကြပါတယ်။ တချို့လည်း နှုတ်တက်နေတာကြောင့် မေးနေကျဖြစ်လို့ မေးတာဖြစ်မှာပါ။ တချို့ကျတော့လည်း ကျန်းမာရေးကို တန်ဖိုးထားတာနဲ့ လေးလေးနက်နက်မေးတာ ဖြစ်နိုင်ပါတယ်။ အများအားဖြင့်တော့ နှုတ်တက်နေတဲ့ မေးနေကျစကားဖြစ်လို့ မေးတာပါ။

အမေးခံရတဲ့ လူကလည်း "နေကောင်းပါတယ်" လို့ လွယ်လွယ်ပဲ ဖြေတတ်ပါတယ်။ နည်းနည်းပါးပါး နေထိုင်မကောင်းပေမယ့်၊ တစ်ခါတစ်ရံ စိတ်ထဲမှာ အနေခက်နေပေမယ့် ခွဲပြောနေရင် စကားရှည်နေမှာစိုးလို့၊ ကြာနေမှာစိုးလို့ မြန်မြန်ပြီးအောင် "နေကောင်းပါတယ်"လို့ပဲဖြေလိုက်ပါတယ်။ မေးမှတော့ ဖြေရုံပေါ့။ မေးရက်သားနဲ့ မဖြေဘဲနေရင် ဘာလိုလို ညာလိုလိုနဲ့ အထင်ခံရဦးမယ်လေ။ ဘာပဲဖြစ်ဖြစ် "နေကောင်းရဲ့လား" လို့မေးရင် "နေကောင်းပါတယ်" လို့ ဖြေလိုက်တာနဲ့ နှုတ်ဆက်တဲ့ကိစ္စ ပြီးသွားတာပဲ မဟုတ်လား။ ပြီးတော့မှ ပြောလိုတဲ့စကားရှိရင် ဆက်ပြောရုံပေါ့။

တကယ်တော့ "နေကောင်းရဲ့လား" ဆိုတဲ့ အမေးဟာ လူတွေကို မေးဖို့မကောင်းပါဘူး။ လူဆိုတာ နေကောင်းတဲ့ ဘဝမှမဟုတ်ဘဲ။ နေကောင်းဖို့ လူဖြစ်လာကြတာမှ မဟုတ်ဘဲ၊ လူ့ဘဝရောက်လာကတည်းက "အူဝဲ အူဝဲ" နဲ့ငိုပြီး စလာခဲ့တာ။ နေမကောင်းတဲ့ပုံစံနဲ့ပဲ စခဲ့တာပါ။ ခန္ဓာနှင့်မကင်းနိုင်တဲ့ ဒုက္ခ၊ ပုထုဇဉ်နှင့် မကင်းနိုင်တဲ့ ကိလေသာ ဆိုတဲ့ ဆင်းရဲနှင့်အပူဟာ ဖွားကတည်းက တစ်သက်လုံး ပါလာခဲ့တာဖြစ်လို့ လူဟာ တော်တော်နေမကောင်းတဲ့ဘဝပါ။

လူဆိုတာ အိုလွယ်တယ်၊ နာလွယ်တယ်၊ ချုပ်ပျောက်ပျက်စီးလွယ်တယ်။ အိုတော့လည်း အိုရုပ် ထင်ထင်ရှားရှား ပြတယ်။ နာတော့လည်း နာရုပ် ထင်ထင်ရှားရှားပြတယ်။ ဖုံးဖိထားလို့လည်း မရ၊ ဟန်ဆောင်လို့လည်း မရ၊ ပွင့်ပွင့်လင်းလင်း ဖွင့်ထုတ်ပြတယ်။ အိုနာလာတော့ နေလို့ ထိုင်လို့လည်း မကောင်း၊ သွားလို့ လာလို့လည်း မကောင်း၊ လုပ်ရ ကိုင်ရတာလည်း မကောင်း၊ စားလို့ သောက်လို့လည်း မကောင်း၊ ဘာဆိုဘာမှ မကောင်း။ အိုတာ နာတာကိုကြည့်ပြီး စိတ်ခေတ်ကျဖို့တော့ မလိုပါဘူး။ လူ့ပီသမှုကို ပြတာပါ။ တရားရဲ့ တွန်းအားပါ။ ခန္ဓာရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြတာလည်း ဖြစ်တယ်။

လူ့ဘဝမှာ အပင်ပန်းခံပြီး စားဝတ်နေရေး၊ စီးပွားရေး အလုပ်တွေ ကြိုးစားလုပ်ကိုင်နေကြရတာကလည်း နတ်တွေလို ဇိမ်မကျခြင်း၊ နေမကောင်းခြင်း အကြောင်းတွေပါ။ နတ်တွေလို ကံဟောင်းကို ထိုင်စားပြီး ဇိမ်ခံနေရတဲ့ဘဝ မဟုတ်ဘဲ ဖပ်ဖပ်မောနေအောင် အမြဲပြေးလွှား ရုန်းကန်နေရတဲ့ ဘဝပါ။ ထမင်းလေး တစ်ထပ်စားရဖို့တောင် အချိန်တွေ အများကြီးပေးရတယ်။ လူမှုရေးအလုပ်တွေကလည်း ဆက်နွယ်ရင် ဆက်နွယ်သလောက် အလွန်များပြားလှပါတယ်။ အလုပ်များပေမယ့် စိတ်ရှုပ်ဖို့တော့ မလိုပါဘူး။ အလုပ်များတာဟာ ကုသိုလ်တရားဝင်ပေါက်များတာပဲ ဖြစ်သင့်ပါတယ်။

ပြီးတော့ ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ပေးနေရတဲ့ သားကိစ္စ၊ သမီးကိစ္စတွေဟာလည်း လူ့ဘဝ ဇိမ်မကျခြင်း၊ နေမကောင်းခြင်းရဲ့ အကြောင်းတွေပဲ။ နေမကောင်းဘူးဆိုတာ အိပ်ရာပေါ် တုံးလုံးပက်လက် လဲနေရတာကို ပြောတာမဟုတ်ပါဘူး။ နတ်တွေလို ဇိမ်မကျတာကို ပြောတာပါ။ လူ့ဘဝ သားကိစ္စ၊ သမီးကိစ္စတွေဟာ အလွန်ကြီးလေးတဲ့ တာဝန်တွေပဲ။

တချို့ကိစ္စတွေမှာ ကုသိုလ်တောင် အရှုံးခံပေးရတယ် မဟုတ်လား။ ခန္တီ၊ မေတ္တာ၊ ကရုဏာအားတွေနဲ့ တောင့်ခံထားလို့သာ နေသာထိုင်သာ ရှိကြတာပါ။ ခန္တီ၊ မေတ္တာ၊ ကရုဏာအားတွေကို ဖြုတ်ထားစမ်းကြည့်ပါ။ အလွန်စိတ်ညစ်စရာကောင်းလောက်အောင် အနေကျဉ်းမြောင်း မွန်းကျပ်လာကြမှာပါ။

ညအိပ်ကောင်းတုန်း ကလေးကထငို၊ တစ်ညလုံး တဂျီဂျီ တဂျက်ဂျက်နဲ့ငို၊ ဘာဖြစ်မှန်းလည်းမသိ၊ မေးလည်း မပြောတတ်။ အားလုံးခြုံကြည့်ရင် လူ့ဘဝမှာ ဇိမ်ကျတာ ဘာမှမရှိပါဘူး။ ဒါကြောင့် 'နေကောင်းရဲ့လား' လို့ မေးကြပေမယ့် တကယ်နေကောင်းကြတာလည်း မဟုတ်ပါဘူး။

## ၂။ သုံးလို့ဖြစ်ရဲ့လား

လူ့ဘဝရဲ့ အဓိကအနှစ်က ကောင်းမှုတရားပါ။ လူဟာ ဘာနှင့်ပဲပေါင်းပေါင်း ကောင်းမှုတရားရလဒ်ပဲ ပေါ်လာရမှာပါ။ လူဟာ ကောင်းမှုနဲ့ပဲ အောင်လံစိုက်ထူရမှာပါ။ လူဟာ နတ်တွေထက် သုံးမျိုး သာလွန်တယ်လို့ ဘုရားရှင်ဟောကြားထားပါတယ်။

(၁) ကုသိုလ်အရာမှာ နတ်တွေထက် ရဲရင့်တယ်။
(၂) နတ်တွေထက် သတိပိုကောင်းတယ်။
(၃) နတ်တွေထက် အကျင့်မြတ်ကို ပိုကျင့်ခွင့်ရနိုင်တယ်။
ဒီသုံးမျိုးပါ။

(၁) လူဆိုတာ ဖွားဖက်ဒုက္ခနှင့် ကိလေသာဆိုတဲ့ ပြိုင်ဖက်အဆိုးတွေ ထင်ထင်ရှားရှား ပါလာတာဖြစ်လို့ ပြိုင်ဖက်ကြောင့်ပဲ ရဲရင့်တက်ကြွနေတတ်တယ်။ ပြိုင်ဘက်အဆိုးကို အနိုင်ယူလွှမ်းမိုးနိုင်ဖို့ မဖြစ်မနေ အကောင်းကိုရအောင် ကြိုးစားယူတတ်တာဖြစ်လို့ ရဲရင့်တက်ကြွနေတတ်တယ်။ ဟိုဘက် ဘောလုံးအသင်းကြောင့် ဒီဘက်ဘောလုံးအသင်း ရဲရင့်တက်ကြွနေသလိုပဲပေါ့။ အကောင်းဆုံး အမြင့်ဆုံး ဘုရားဖြစ်အောင် ကျင့်ရဲသည်ထိ ရဲရင့်ကြပါတယ်။ ကုသိုလ်အရာ ရဲရင့်တာက တော့ ထင်ရှားတာ၊ ကောင်းတာကို ပြောတာပါ။ ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

အရာမှာလည်း ကံကြီးငါးပါးကို လွန်ကျူးရဲသည်ထိ မိုက်ရဲကြတာတွေ ရှိပါတယ်။

(၂) လူ့ဘဝဆိုတာ ဖွားလာတဲ့အချိန်မှာ အူဝဲ အူဝဲနဲ့ ငိုရလောက်အောင် ကိလေသာတွဲတဲ့ ဒုက္ခသံချွန်နဲ့ ထိုးဆွရိုက်နှက် တွန်းအားပေးခံရတဲ့ဘဝပါ။ တစ်ဘဝလုံးလည်း အိုရုပ်၊ နာရုပ်၊ ဒုက္ခရုပ်တွေ ထင်ထင်ရှားရှားပြပြီး "မြန်မြန်လုပ် မြန်မြန်လုပ်"ဆိုတဲ့သဘောနဲ့ မမေ့ရဲအောင် သတိပေး တွန်းအားပေးနေတာဖြစ်လို့ သတိမြဲတာ များတတ်ပါတယ်။

ပြီးတော့ အလုပ်ကိစ္စများလွန်းတာကြောင့် အလုပ်မရှုပ်ရအောင်၊ အလုပ်တိုင်း တရားစွမ်းအား ပါဝင်အောင် အကန့်လိုက် သိုမှီးသိမ်းဆည်းရမှာ ဖြစ်လို့လည်း သတိမြဲတာ များတတ်ပါတယ်။

(၃) လူ့ဘုံ လူ့ဘဝဟာ ရှင်ရဟန်းအဖြစ်နဲ့ အကျင့်မြတ်ကို အထွတ်အထိပ်ရောက်အောင် ကျင့်လိုသူတို့ရဲ့ သီးခြားဘုံဌာနဖြစ်ပါတယ်။ လူ့ဘုံကလွဲလို့ အခြားဘုံမှာ ဒီအခွင့်အရေး မရနိုင်ပါဘူး။ ဝတ်ကြောင်ဘဝနဲ့ သိက္ခာသုံးပါး တရားအကျင့်ကို ကျင့်သုံးအားထုတ်မယ်ဆိုရင်လည်း လူ့ဘုံမှာသာ အရာရောက်အောင် အားထုတ်နိုင်ခွင့် ရကြပါတယ်။

ဉာဏ်နဲ့ထိုးဖောက်နိုင်သလောက် သံဝေဂဖြစ်စရာ ထိတ်လန့်စရာ အာရုံလည်းပေါ၊ ခန္ဓာဒုက္ခ လောကဓံဒုက္ခ တွန်းအားလည်း ပေါတယ်လေ။ ဒါကြောင့်လည်း ဘုရားအလောင်းတော်ကြီးများ ပါရမီဖြည့်တဲ့အခါ နတ်ပြည်မှာထက် လူ့ပြည်မှာ ဖြည့်ကျင့်ကြတာက များပါတယ်။

လူ့ဘဝကိုရောက်လာတာဟာ နတ်တွေလို ဇိမ်ခံနေဖို့ နေကောင်းဖို့ မဟုတ်ဘဲ ဘဝအနှစ် ကုသိုလ်စစ်တွေကို ရသလောက် သိမ်းကျုံးပြီး သယ်ယူဖို့၊ ဘဝကို ကုသိုလ်အနှစ်ပေါ်အောင် အသုံးချဖို့သာ ဖြစ်ပါတယ်။ ခန္ဓာကိုပြုပြင်နေသမျှ အသုံးချဖို့ချည်းပါ။ လိုရာရောက်အောင် မောင်းနိုင်ဖို့ မော်တော်ကားထဲ စက်ဆီ၊ ဓာတ်ဆီ ထည့်ပေးသလိုပါပဲ။ လူ့တစ်သက်က နတ်တစ်ရက်တောင်မရှိတဲ့ သက်တမ်းအလွန်တိုတောင်းလှတဲ့ ဆုတ်ကပ်ကာလ ဖြစ်နေလို့ အချိန်ထိန်းကိရိယာ သတိတပ်ဆင်ပြီး ဘဝအနှစ်ပေါ်အောင် အမြန်ဆုံးနဲ့ သုံးရမှာ ဖြစ်ပါတယ်။

လူ့ဘဝမှာ ဘဝအနှစ် ကုသိုလ်ရအောင် အမြန်သုံးဖို့ အထူးအရေးကြီးတာကြောင့် လူတစ်ယောက်နှင့်တစ်ယောက် တွေ့ရင် "သုံးလို့ဖြစ်ရဲ့လား" "ခန္ဓာသုံးလို့ရတယ် မဟုတ်လား" "သုံးလို့ ရသေးတယ်နော်" လို့ မေးသင့်ပါတယ်။ ဒီအမေးပဲ ကောင်းပါတယ်။

ဒါကြောင့် ဘုန်းကြီးအိုကြီးက လူတစ်ယောက်နဲ့တွေ့ရင် "ခန္ဓာသုံးလို့ရတယ် မဟုတ်လားဗျ" လို့ မေးတတ်ပါတယ်။ အလေ့အထ တစ်ခုလို ဖြစ်နေပါပြီ။ အများမေးနေကျစကား မဟုတ်လို့ တချို့တော့လည်း ဒီအမေးကို မဖြေတတ်ဘဲ ဖြစ်နေတတ်ပါတယ်။ ဘုန်းကြီးအိုကြီးက ပြန်ရှင်းပြတော့မှ သဘောပေါက် နားလည်သွားပြီး "သုံးလို့ ရသေးတယ်ဘုရား၊ သုံးလို့ ရသေးတယ်ဘုရား" လို့ သွက်သွက်လက်လက် ရယ်ရယ်မောမောနဲ့ ပြန်ဖြေတတ်ပါတယ်။

ဘုန်းကြီးအိုကြီးနဲ့ တွေ့ရတဲ့လူတွေက "နေကောင်းရဲ့လား ဘုရား" လို့ မေးတော့လည်း "သုံးလို့ရသေးတယ်ဗျ" လို့ပဲ ဖြေတတ်ပါတယ်။ သူတို့မေးတာနှင့် ဘုန်းကြီးအိုကြီး ဖြေတာ မကိုက်ညီတော့ ဘုန်းကြီးအိုကြီးကို နားလေးတယ် ထင်ပြီး နှစ်ခါ သုံးခါလောက် "နေကောင်းရဲ့လားလို့ မေးတာဘုရာ့" လို့ အသံကျယ်ကျယ်နဲ့ မြှင့်မေးတတ်ကြပါတယ်။ "သုံးလို့ရသေးတယ်ဗျ၊ ခိုင်းလို့လဲ ကောင်းသေးတယ်ဗျ" လို့ ပြန်ဖြေပြီး အသိရှင်းသွားအောင် ပြန်ရှင်းပြရတာပေါ့။

မျက်နှာမစိမ်းလှသူတွေ၊ တရားအသိ မဝေးလှသူတွေ သူလိုကိုယ်လို လူတွေနှင့်တွေ့ရရင် ဒီအမေးကို မေးပြီး ဒီအဖြေကိုပဲ ဖြေတတ်ပါတယ်။ အလွန်မျက်နှာကြီးသူတွေ၊ အလွန်မျက်နှာစိမ်းသူတွေ၊ အသိဝေးသူတွေနှင့် တွေ့ရင်တော့ စကားမရှုပ်ချင်လို့ အများနည်းတူပဲ မေးလိုက် ဖြေလိုက်ပါတယ်။ ဒါက အနည်းစုပါ။ "သုံးလို့ဖြစ်ရဲ့လား" "သုံးလို့ဖြစ်ပါတယ်" ဆိုတာကပဲ များပါတယ်။

လူ့ဘဝမှာ မလွတ်တမ်း ကိုင်ထားရမယ့် အရင်းက ကောင်းမှုပဲရှိတာ၊ ကျန်တဲ့အရာအားလုံး အဖျားတွေချည်းပဲ။ အရင်းတိုးအောင် ဘဝကို မျက်ခြည်မပြတ် အမြဲအသုံးချနေရမှာပါ။

## ၃။ နေကောင်းရဲ့လားလို့ နတ်တွေကိုပဲ မေးပါ

"နေကောင်းရဲ့လား" ဆိုတဲ့ အမေးကို နတ်တွေကိုပဲ မေးဖို့ပဲကောင်းပါတယ်။ နတ်တွေက လူတွေထက် ဇိမ်ကျတယ်။ နေလို့ကောင်းတယ်။ သက်တမ်းကလည်း ရှည်လိုက်တာ။ အသက်ကြီးပေမယ့် အိုရုပ်လည်းမပြ၊ နတ်သားက တစ်သက်လုံး အသက်(၂၀)အရွယ်ချည်း၊ နတ်သမီးက တစ်သက်လုံး (၁၆)နှစ် အရွယ်ချည်းပဲတဲ့။ လူပျိုအရွယ်၊ အပျိုအရွယ်ချည်းဆိုပဲ။ နတ်အဘိုးအဘွား မရှိဘူး။

အနိစ္စသဘော ရှိပေမယ့် အနိစ္စရုပ်ကို မပြဘူးတဲ့။ နာရုပ်လည်း မပြဘူး။ ဒုက္ခသဘော ရှိပေမယ့် ဆေးရုံ ဆေးခန်း သွားရလောက်အောင် နာရုပ်မပြဘူးဆိုပဲ။ တစ်သက်လုံး ဒီအတိုင်းပဲဆိုတော့ ဇိမ်ကျလို့ နေကောင်းမှာပေါ့။ သေတာတောင် အလောင်းကောင်မကျန်ဘူး ဆိုပဲ။

စားရေးလည်း ကံက ကျွေးထားတာ။ နတ်သြဇာတွေ ရှာဖို့ ဖွေဖို့ ချက်ဖို့ ပြုတ်ဖို့ မလိုဘူး၊ အချိန်တန်ရင် ယူစားရုံလေး။ ဒါတောင် အပျော်အပါး လွန်ကဲလို့ စားချိန်လွန်ပြီး သေတဲ့နတ်တွေ ရှိသေးတာတဲ့။ သူတို့ခန္ဓာက နူးညံ့လွန်းလို့





www.burmeseclassic.com

www.burmeseclassic.com

[illegible]စားရင် ဝမ်းမီးလောင်ပြီး သေတော့တာတဲ့။ ဇိမ်ကျလို့ နေကောင်းပေမယ့် တော်တော်တော့ ကြောက်စရာကောင်းတယ်ပေါ့။

တစ်ယောက်နှင့်တစ်ယောက် ငြူစူမုန်းတီးမှုတွေ ဖြစ်[illegible]တည်း နူးညံ့တဲ့ခန္ဓာက စိတ်အပူဒဏ်ကို မခံနိုင်လို့[illegible]ပါပဲတဲ့။ ဒါဆို ကြောက်စရာကြီးပဲ။ နေကောင်းပေမယ့် ကောင်းဘူးပေါ့။

ဝတ်ရေးကလည်း အဝတ်တစ်စုံတည်းနဲ့ တစ်သက်လုံး[illegible]တော့တာတဲ့။ အသစ်လဲစရာ မလိုဘူး။ ခန္ဓာက အိုရုပ်မပြ[illegible] အဝတ်ကလည်း ဟောင်းရုပ်မပြဘူးတဲ့။ အဝတ်က[illegible] ခန္ဓာနောက်လိုက်ပြီး ခန္ဓာနှင့် အလှချင်းပြိုင်တော့တာ[illegible] ခန္ဓာမှာ ဘာအညစ်အကြေးမှ မရှိတော့ အဝတ်ကို လျှော်ဖွပ်ဖို့လည်းမလိုဘူး။ အဝတ်က အမြဲသစ်လွင်တောက်ပနေတာတဲ့။

နေရေးကလည်း ကံက နတ်ဗိမာန်တွေ အပြတ်ပေး[illegible]လိုက်တယ်။ အဖိုးအခ ပေးဖို့လည်းမလိုဘူး။ မွမ်းမံပြင်ဆင်ဖို့လည်း မလိုဘူး။ နေရုံလေးပဲ။ ဇိမ်လည်းကျ၊ နေလည်းကောင်းပေါ့။ ကျန်းမာရေးကလည်း ဆေးရုံ ဆေးခန်း သွားရ[illegible]တ်အောင် မကျန်းမာတာ နေမကောင်းတာ မရှိတော့ ဘာမှ ကြောင့်ကြစရာမလိုဘူးတဲ့။ ဒီတော့ နေကောင်းရော ဆို။

နတ်ပြည်က နတ်အာရုံတွေက အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပါလျက်နဲ့ နိစ္စလိုလို သုခလိုလို အတ္တလိုလို အယောင်ဆောင်ပြီး နတ်သား နတ်သမီးတွေ မျက်စိလည်လောက်အောင် မျက်လှည့်ပြနေတယ်။ နတ်တွေဟာ မျက်လှည့်ပြပွဲကြည့်နေရသူတွေပါ။ နတ်ပြည်မှာ အိုနာဒုက္ခ တွန်းအားတွေလည်း အလွန်နည်း၊ သံဝေဂဖြစ်စရာ အာရုံတွေကလည်း အလွန်နည်းတော့ တရားကျင့်ဖို့တော့ ခက်ခဲကြန့်ကြာမှာကများပါတယ်။ တရားဆိုတာ တွန်းအားပေါ်မှ ကျင့်ဖြစ်တာပါ။

ပြီးတော့ နတ်စည်းစိမ်ဆိုတာ အလွန်ကြီးကျယ်တယ်ဆိုပဲ။ ငါးဖြာအာရုံ ကာမဂုဏ်တွေရဲ့ ထိပ်ဆုံးနေရာတွေကိုး။ နတ်စည်းစိမ်နှင့်သာ ယှဉ်ကြည့်ရင် လူ့စည်းစိမ်က မြက်ပင်ပေါ်က ဆီးနှင်းပေါက်ကလေးလောက် ရှိတာတဲ့။ ခန်းလွယ်၊ ခြောက်လွယ်၊ ကုန်လွယ်၊ ပျောက်လွယ်ကိုး။ လူ့စည်းစိမ်နှင့်သာ ယှဉ်ကြည့်ရင် နတ်စည်းစိမ်က ပင်လယ်ရေမက ကြီးကျယ်တယ်ဆိုပဲ။ ကြည့်လို့မဆုံးနိုင်၊ မရိုးနိုင်လောက်အောင် အလွန်ကြီးကျယ်တာတဲ့။ ဒီတော့ နတ်တွေ နေကောင်းတာပေါ့။ ဒါက လောကစည်းစိမ်ကို ပြောတာပါ။ ဓမ္မစည်းစိမ်ချင်း ယှဉ်ရင်တော့ လူက သာပါတယ်။

နောက်ပြီး အထက်နတ်တွေမှာ ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ရတဲ့ သားကိစ္စ သမီးကိစ္စတွေ မရှိဘူး။ နတ်သားက အသက်(၂၀)အရွယ်၊ နတ်သမီးက (၁၆)နှစ်အရွယ် အရွယ်ရောက်ပြီးသားအနေနဲ့ ဘွားခနဲဆို နတ်ပြည်ရောက်သွားတာတဲ့။

လူ့ပြည်က လူတောမှာနေကြရတဲ့ ရုက္ခစိုး၊ ဘုမ္မစိုး စတဲ့ စတုမဟာရာဇ် အောက်ပိုင်းနတ်တွေမှာတော့ လူတွေလိုပဲ နတ်သေးသေးငယ်ငယ်ကစ တစ်စ တစ်စ အဆင့်ဆင့်ကြီးကြရတယ်လို့ ဆိုပါတယ်။ အထက်နတ်တွေမှာ ဒါမျိုးမရှိဘူး။ တစ်ခါတည်း အရွယ်ရောက်ပြီးသားတွေတဲ့။ သားသမီးကိစ္စ မရှိတော့ ဇိမ်ကျလို့ နေကောင်းတာပေါ့။

နတ်ပြည်မှာ အစစအရာရာ အားလုံးပြည့်စုံတယ်။ ဘယ်ဟာကြည့်ကြည့် အရင်အတိုင်းပဲ။ အနိစ္စသဘောလည်း မပြ၊ အသုဘသဘောလည်းမပြ၊ သံဝေဂဖြစ်စရာလည်း ဘာမှမပြ၊ ရာသီဥတုကလည်း ပူလည်းမပူ၊ အေးလည်းမအေး၊ နေလို့ အလွန်ကောင်း။

ဒီတော့ နတ်တွေကို မေးဖို့ကောင်းတယ်။ မေးတဲ့အခါ နတ်တွေက အသက်ကြီးပေမယ့် အရွယ်က နုနုပျိုပျို ငယ်ငယ်ရွယ်ရွယ်တွေ ဖြစ်နေလို့ ဦးတို့၊ ဒေါ်တို့ ထည့်ခေါ်ရင် ကြိုက်မှာမဟုတ်ဘူး။ ကိုတို့၊ မတို့ ထည့်ခေါ်မှပဲ ကြိုက်မယ်ထင်ပါတယ်။

"ကိုနတ်သားတို့၊ မနတ်သမီးတို့ ဘယ်လိုလဲ၊ နေကောင်းကြရဲ့လား"

သူတို့က ဖြေကြပါလိမ့်မယ်။

"အို နေကောင်းတယ်၊ နေကောင်းတယ်၊ သိပ်နေကောင်း၊ ဇိမ်ကျတယ်၊ အရာရာပြည့်စုံတယ်၊ စားရေး နေရေး ဝတ်ရေး ဘာမှမပူရဘူး၊ သွားရေးလာရေးလဲ ပူစရာမလိုဘူး၊ လေယာဉ်၊ ကား၊ ရထားတွေ စီးစရာမလိုဘူး၊ ကိုယ့်ဟာကိုယ် တန်ခိုးနဲ့ ပျံသွားရုံလေးပဲ၊ နတ်ပြည်ကို လာခဲ့ကြပါလား"

အဲဒီလို ဖြေကြလိမ့်မယ် ထင်ပါတယ်။

"ဘယ်လောက် နေကောင်းကြတာလဲ" လို့ ဆက်မေးကြည့်ပါဦး။

"ကုသိုလ်မေ့လောက်အောင် နေကောင်းပါတယ်" လို့ ဖြေလောက်ပါတယ်။ အဆိုးတွန်းအား အလွန်နည်းတာကိုး။

သံသရာခရီးသည်တွေ မလွတ်တမ်း ကိုင်ထားရမှာက ကုသိုလ်တရားပဲ။ ကုသိုလ်မေ့ရင် အရင်းပျောက်တော့မှာပါ။ အရင်းပျောက်ရင် အောက်ကို ဆင်းရမယ်လေ။ ကုသိုလ်မေ့လောက်အောင်ပဲ နေကောင်းတယ်ဆိုရင် အကြီးအကျယ် နစ်နာဆုံးရှုံးရတော့မယ်။ နေကောင်းတာထက် ဆုံးရှုံးမှုက ပိုများလှန်းနေတယ်။ နေကောင်းချိန်လေး ကုန်လွန်သွားတာနဲ့ အောက်ကို ထိုးဆင်းရမှာပါ။

သောတာပန် သိကြားမင်းကြီးတောင် အာရုံတွေကြားထဲမှာ တရားမေ့တဲ့အကြောင်း စာကဲမှာ ပြထားတာ တွေ့ရပါတယ်။ သာမန်ကုသိုလ်လောက်နဲ့ နတ်ပြည်ရောက်သွားသူကတော့ ကြီးကျယ်တဲ့အာရုံတွေကြောင့် နေကောင်းပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်အရင်းပျောက်အောင် မေ့နေမှာ သေချာပါတယ်။ အပြန်မှာ လူ့ပြည် ပြန်မဝင်နိုင်တော့ဘဲ အပါယ်ထိ ထိုးဆင်းသွားတတ်တယ်။

စက္ကူနဲ့လုပ်ထားတဲ့ မီးပုံးပျံကို မှိုင်းအားတွေသွင်း မီးထွန်းညှိပြီး လွှတ်တင်လိုက်တာနှင့် တူမှာပေါ့။ မှိုင်းအားကောင်းတော့ မီးပုံးပျံက အတက်တယ်လှသကိုး။ လူတွေကလည်း "တက်ပြီဟေ့၊ တက်ပြီဟေ့" နဲ့ ဝမ်းသာအားရ ကောင်းချီးပေးကြတယ်။

အပေါ်ရောက်တော့ မှိုင်းအားထပ်သွင်းပေးသူ မရှိတော့ အင်အားက တစ်စ တစ်စ ကုန်ကုန်သွားတယ်။ နောက်ဆုံး လောင်စာလည်းကုန် ဆီလည်းခန်းလို့ မီးလောင်စရာမရှိတော့ စက္ကူတွေလောင်ပြီး ထိုးကျပျက်စီးသွားတယ်။ အတက်တုန်းက လှပေမယ့် အဆင်းမှာ မျက်နှာပျက်ပြီး ဆင်းခဲ့ရတယ်။ မီးလောင်ပျက်စီးရတယ်။ ကြိုဆိုသူတောင် မရှိတော့ဘူး။

သာမန်ကုသိုလ်လောက်နဲ့ နတ်ပြည်ရောက်သွားသူလည်း အဆင်ပြေလွန်း နေကောင်းလွန်းတော့ ကုသိုလ်ထပ်မလုပ်ဖြစ်၊ ကုသိုလ်မှိုင်းအားကုန်တော့ မျက်နှာပျက်ပြီး အပါယ်ထိ ထိုးဆင်းသွားတတ်တယ်။ အရင်းရှုံးပြီး ဗုန်းဗုန်းလဲရတတ်တယ်။

ဒါကြောင့် ပညာရှိကြီးများက "ပုထုဇဉ်ဘဝနဲ့ နတ်ပြည်သွားရတာက အမြတ်ထက် အရှုံးများပါတယ်ကွာ၊ သောတာပန် ဖြစ်မှပဲ နတ်ပြည်သွားတာ စိတ်ချရပါတယ်" လို့ မိန့်ကြားကြပါတယ်။

နတ်ပြည်ဆိုတာ သောတာပန်ပဲ စိတ်ချလက်ချ ပျော်လို့ကောင်းတဲ့ နေရာပါ။ ပုထုဇဉ်ကတော့ ဘောင်ကျော်သွားအောင် ပျော်မိလို့ အပါယ်ထိုးကျသွားတတ်တယ်။ သကဒါဂါမ်ဖြစ်သွားရင် ကာမရာဂ ခေါင်းပါးသွားလို့ နတ်ပြည်မှာ မပျော်တော့ဘူး။ အနာဂါမ်အတွက်တော့ ငြီးငွေ့စရာနေရာ ဖြစ်သွားတယ်။

## ၄။ နေကောင်းဖို့ နတ်ပြည်သွားကြတာ

ဘုန်းကြီးအိုကြီးက မြန်မာပြည်ကို လူ့ပြည်လို့ခေါ်တယ်။ ကုသိုလ်အတွက် ဘဝတွက်ကိန်း ကိုက်လို့ပါ။ သာသနာနှင့် ရတနာ ရှိနေတာကိုး။ ကျန်တဲ့ နိုင်ငံခြားတိုင်းပြည်တွေကို နတ်ပြည်လို့ ခေါ်ပါတယ်။ ပန်းတိုင်မဟုတ်တဲ့ စီးပွားဥစ္စာကို ပန်းတိုင်လုပ်နေရတော့ ကုသိုလ်အတွက် ဘဝတွက်ကိန်း မကိုက်လို့ပါ။ မြန်မာပြည်မှာလို သာသနာနှင့် ရတနာ ပြည့်စုံတာမှ မဟုတ်တာဘဲ။

နိုင်ငံခြားတွေမှာ အထွတ်အထိပ် ဓမ္မနဲ့ ပန်းတိုင်လုပ်စရာ မရှိတော့ စီးပွားဥစ္စာနဲ့ပဲ ပန်းတိုင်လုပ်နေရတယ်။ ဒါပဲ ရှာစရာ စုစရာရှိနေတော့ ဒါကိုပဲ ရှာဖွေစုဆောင်းနေရတယ်။ ဒီတော့ ဒါပဲပေါ်နေမှာပေါ့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘသဘောတွေ မပေါ်လွင်အောင် အစွမ်းကုန်ဖုံးဖိ ဖာထေးထားကြတယ်။ ကုသိုလ်ရဖို့ထက် နေကောင်းဖို့ပဲ အဓိကထားပြုပြင်ဖန်တီးနေတတ်ကြတယ်။

မြန်မာပြည်ကနေ နိုင်ငံခြားကိုသွားသူတွေဟာ အများအားဖြင့် ကုသိုလ်စုဖို့ သွားကြတာမဟုတ်ဘဲ စားဝတ်နေရေး စီးပွားရေး ပြည့်ပြည့်စုံစုံနဲ့ နေကောင်းဖို့ သွားကြတာ များပါတယ်။ အဆင်ပြေ နေကောင်းနေရင် ကုသိုလ်မေ့တတ်ပါတယ်။ လူ့ဘဝဟာ ကုသိုလ်နဲ့ တောင့်ခံထားရတဲ့ ဘဝပါ။ ကုသိုလ်ပျောက်ရင် ဘာရှိရှိ အနေခက်လာတတ်ပါတယ်။ တချို့ အနေခက်လွန်းလို့ မနေနိုင် မထိုင်နိုင်ဖြစ်ပြီး ဘဝကို အလွဲသုံးစား လုပ်ပစ်မိတတ်တယ်။ လူနတ်သားကနေ လူငရဲသား ဖြစ်သွားတတ်တယ်။

တချို့တော့လည်း လူ့ပြည်အစစ်ဖြစ်တဲ့ မြန်မာပြည်ကို ခဏပြန်လာပြီး သာသနာ ရတနာကြောပေါ်မှာ ကုသိုလ်အသစ်တွေ ထပ်ပြုလို့ ဆီဖြည့်ကြတယ်။ ဆီပြည့်မှ ပြန်သွားတတ်ကြတယ်။ ကုသိုလ်ပြုဖို့ အကောင်းဆုံးနေရာက ရတနာအပြည့်အစုံရှိတဲ့ မြန်မာ့မြေကိုး။

လူ့ဘဝဆိုတာ ကုသိုလ်ပျောက်လောက်အောင် သတိလက်လွတ် မူးမူးမေ့မေ့ ပျော်စရာ ကြီးကျယ်တဲ့အာရုံတွေ ဘာမှမရှိပါဘူး။ ရှိသမျှ အာရုံအားလုံး သတိထားကြည့်ရင် တရားအာရုံချည်းပါ တရားဘောင် မဝင်နိုင်တဲ့ အာရုံမရှိပါဘူး။ ငရဲမှာလို တရားလွတ်လောက်အောင် ကြီးမားတဲ့ဒုက္ခမျိုးလည်း မရှိပါဘူး။ ရှိသမျှဒုက္ခအားလုံး တရားရဲ့တွန်းအားတွေချည်းပါ။

ဒါကြောင့် နေမကောင်းပေမယ့် ဘဝအနှစ်ဖြစ်တဲ့ တရားအတွက် တွက်ကိန်းကိုက်ပါတယ်။ တရားစုဖို့ လူ့ပြည်သာ အကောင်းဆုံးပါ။ ဒါကြောင့်လည်း ဘုရားအလောင်းတော်ကြီးများဟာ နတ်ပြည်မှာ ပါရမီဖြည့်တာ အလွန်နည်းပါးပြီး လူ့ပြည်မှာ ပါရမီဖြည့်တာပဲ များကြပါတယ်။

လူ့ပြည်မှာပဲဖြစ်ဖြစ်၊ အထူးအားဖြင့် လူ့ပြည်ထဲက လူ့ပြည်အစစ်ဖြစ်တဲ့ မြန်မာပြည်မှာပဲဖြစ်ဖြစ် ပါရမီအနှစ်ကုသိုလ်စစ်ကို လိုချင်သမျှသာမက ပိုလျှံနေအောင် ဖြည့်ကျင့်အားထုတ်ခွင့် ရနေပါတယ်။ နတ်ပြည်အစစ်ကိုပဲဖြစ်ဖြစ်၊ နတ်ပြည်အတုဖြစ်တဲ့ နိုင်ငံခြားကိုပဲဖြစ်ဖြစ် သွားပြီးဖြည့်ကျင့်နေဖို့ မလိုပါဘူး။ ကိုယ့်ဆီမှာပဲ လုံလောက်နေပြီးသားပါ။ နတ်ပြည်အစစ်၊ အတု နှစ်မျိုးကို ရောက်အောင်သွားချင်ကြတာက စည်းစိမ်ပြည့်ပြည့်စုံစုံနဲ့ နေကောင်းဖို့ပါ။ နေကောင်းဖို့ နတ်ပြည်သွားကြတာပါ။

နေကောင်းဖို့ ဇိမ်ခံဖို့ လူ့ပြည်လူ့ဘဝကို ရောက်လာကြတာမဟုတ်ဘူး။ ဘဝအနှစ်ကုသိုလ်စစ်တွေကိုရသလောက် ညှစ်ထုတ် ကြိုးစားယူဖို့ လာခဲ့ကြတာပါ။ ဒါကြောင့် လူ့ဒုက္ခ

www.burmeseclassic.com

...ကုသိုလ်နှင့်တန်အောင် တွန်းအားပေးဖို့ နှိုးစက်ချပေး ...စည်းစိမ်အားလုံး ကုသိုလ်တရားရဲ့ ကုန်ကြမ်းအတွက် ...အလုပ်အားလုံး ကုသိုလ်တရားရဲ့ ဝင်ပေါက်ပါ။

ဒါကြောင့် လူတွေကို “နေကောင်းကြရဲ့လား” လို့မေး ကြည့်ရင် “အို နေမကောင်းဘူး၊ နေမကောင်းဘူး၊ နတ်တွေ လို ဘာမှ စိမ်ကျတာမရှိဘူး၊ ဒုက္ခကများ၊ အလုပ်ကများ၊ ကြောင့်ကြတာများနဲ့” ဒီလိုဖြေကြလိမ့်မယ်။ နတ်တွေလို ဘာမှ ...ရတာကိုပဲ နေမကောင်းဘူးလို့ ပြောတာပါ။

ဆက်ပြီး “ဘယ်လောက်ထိ နေမကောင်းကြတာလဲ” လို့ မေးကြည့်ပါဦး။ “ကုသိုလ်မမေ့ရဲလောက်အောင် နေ ကောင်းတာပါ”လို့ ဖြေကြမှာပါ။ ဒါဆိုရင် လူရဲ့နေမကောင်း တာဟာ အလွန်အဖိုးတန်တာပေါ့။ လူရဲ့ နေမကောင်းတာ က ကုသိုလ်အတွက်ချည်းပဲ။ ရသမျှကုသိုလ်ဟာလည်း နေ ကောင်းအောင် တွန်းအားပေးနေလို့ပဲ။ လူရဲ့ နေမကောင်း ...တာဟာ ကုသိုလ်တရားနှင့်အလွန်တန်တာပဲပေါ့။

### ၅။ ဘတ်စ်ကားစီးတဲ့ ခရီးသည်တွေ

နတ်နှင့်လူဟာ ရန်ကုန်မြို့ထဲက ဘတ်စ်ကားစီးတဲ့ ခရီးသည်တွေနှင့် တူတယ်လို့ ပြောရင်ဖြစ်ပါတယ်။ တချို့ ခရီးသည်တွေက ဆင်းရမယ့်နေရာ ဝေးနေလို့ ဂိတ်ထိသွားစီး ကြတော့ ထိုင်ခုံရတယ်။ ထိုင်ခုံနဲ့ လိုက်လာကြတယ်။ အများ အားဖြင့်တော့ ကြားမှတ်တိုင်ကနေ စောင့်စီးကြရပါတယ်။ ကြားမှတ်တိုင်က စောင့်စီးရတော့ အထူးအားဖြင့် ရုံးတက် ရုံးဆင်းချိန်ဆိုရင် ထိုင်စရာနေရာ မပြောနဲ့၊ မတ်တတ်ရပ်စရာ နေရာတောင် မရတော့ဘူး။

တစ်စီးလာလည်း ဒီအတိုင်း၊ တစ်စီးလာလည်း ဒီအတိုင်း ထိုင်စရာနေရာရအောင် ချောင်အောင် မစောင့်နိုင် တော့ဘူး။ အချိန်နဲ့အလုပ်လုပ်ရတာဆိုတော့ နောက်ကျသွား လိမ့်မယ်။ ဘတ်စ်ကား ထိုးရပ်တာနဲ့ လက်နဲ့မီရာ အတင်းဆွဲ၊ ခြေထောက်နဲ့မီရာ အတင်းနင်းလို့ မြို့လို့များလား တွဲလိတွဲ လောင်း လိုက်သွားရတယ်။

အတွင်းက ထိုင်ခုံရတဲ့ခရီးသည်နှင့် အပေါက်ဝက တွဲလိတွဲလောင်း မီရာကို ဆွဲလိုက်ရတဲ့ ခရီးသည်နှစ်မျိုးကို ယှဉ်ကြည့်ပေါ့။ အတွင်းက ထိုင်ခုံရတဲ့ ခရီးသည်က အေးအေး ဆေးဆေးပဲလေ။ သတိတစ်ချက်မှ မလိုပါဘူး။ ဆင်းရမယ့် နေရာက ဝေးသေးတော့ တစ်ရေးတစ်မော အိပ်လို့ရသေး တယ်။ သတိထားဖို့ မလိုဘဲ အိပ်လို့ ငေးလို့ အတွေးမျိုးစုံ တွေးလို့ပေါ့။

အပေါက်ဝက တွဲလိတွဲလောင်း မီရာကို ဆွဲကိုင်လိုက် ရတဲ့ ခရီးသည်ကတော့ စီးရတာ ဆင်းရဲပေမယ့် သတိ တစ်ချက်မှ အလွတ်ခံလို့ မရဘူး။ လက်ကပြုတ် ခြေကချော် ကျရင် ဒုက္ခရောက်သွားမယ်လေ။ လက်မပြုတ် ခြေမချော်ရ အောင် သတိကြီးကြီးထားလို့ အတင်းဆွဲကိုင်ထားရ၊ နင်းကန် ထားရတယ်။ လမ်းတစ်ကွေ့ရောက်လို့ ကားကွေ့လိုက်ရင်ပဲ “ဘုရား ဘုရား” “ဘုရား ဘုရား” နဲ့ တ,နေရတယ်။

(ဆက်ရန်)

❒ ယောဆရာတော်

၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စ၍ လပြည့်ဝန်းမဂ္ဂဇင်းတွင် ပါရှိသော ဝတ္ထုကဗျာစာမူ (တစ်လပြတ်)များထဲမှ အယ်ဒီတာအဖွဲ့ အနှစ်သက်ဆုံးစာမူကို

**ဂုဏ်ပြုငွေ ချီးမြှင့်မည် ဖြစ်ပါကြောင်း**


ကလောင်ရှင်များအနေဖြင့် မိမိစိတ်တိုင်းကျ အင်တိုက်အားတိုက် ရေးသား၍ ပေးပို့နိုင်ပါသည်။ ရွေးချယ်ခံရသော စာမူ (**Editor Choice**) ဖြစ်ကြောင်းကို လပြည့်ဝန်းမဂ္ဂဇင်းတွင် ဖော်ပြပါမည်။

မှတ်ချက်။ ။ တခြားမဂ္ဂဇင်းတွင် ပေးပို့ထားခြင်းကိစ္စ၊ ကိုယ်ရေးကိုယ်တာ ကိစ္စများမှအစ ပြဿနာအဝဝသည် စာရေးသူ၏တာဝန်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇေယျာသိဒ္ဓိကျောင်းတော်ကြီး

# မိုးတောင်းဘုရား ငါးဆူနှင့် မတာမုနိရုပ်ပွားတော်

## မေဒသုတေသီ ဆရာမျိုး

စာရေးသူ၏ "ကျွဲမင်းသားတို့ ပျော်စံရာ" ဆောင်းပါး ဂန္ဓာရီမဂ္ဂဇင်း အတွဲ(၆)အမှတ်(၇)တွင်ပါရှိလာခဲ့သည်။ ထိုအခါ ထိုဆောင်းပါးတွင် ပါဝင်သော အလှူရှင်များအား သားစဉ်မြေးဆက် သမိုင်းတွင်ရစ်ပုံကို ဝမ်းမြောက်နုမော်သာမုဒေါ်နိုင်စေရန် အလို့ငှာ စာစောင်များကို ဝေငှ၍ ဓမ္မဒါန ပြုဖြစ်ခဲ့ပါလေ၏။ ထိုအလှူရှင်များ စာရင်းတွင် ပါရှိသော တောင်ပို့သာကျေးရွာမှ ဦးထွန်းတင် + ဒေါ်လှရွှေတို့အား မည်သို့ဆက်သွယ်အကြောင်းကြားရမည်ကို မသိရှိပါလေသောကြောင့် စာရေးသူနှင့် ညီရင်းအစ်ကိုကဲ့သို့ ရင်းနှီးခင်မင်ရပါလေသော သကြားဟင်းအိုးကျေးရွာမှ ဦးကျော်ညွန့်အား အကူအညီတောင်းခံရပါလေ၏။

"ဆရာ ဘယ်ရွာလို့တွေ့မလဲ၊ ဦးကွန်းတင်၊ ဒေါ်လှရွှေတို့က ကွယ်လွန်သွားကြပြီလေ၊ ဒါပေမဲ့ တောင်ပို့သာကျေးရွာက လိုင်းကားပြေးတဲ့အိမ်ကို သွား၊ အဲဒီမှာ ဦးထွန်းတင်၊ ဒေါ်လှရွှေတို့ရဲ့သား ကိုမျိုးအောင်နဲ့ ဆက်သွယ်လို့ ရပါတယ်"

စာရေးသူလည်း အစ်ကိုကြီး ဦးကျော်ညွန့်၏ လမ်းညွှန်ချက်အရ တောင်ပို့သာကျေးရွာမှ ဦးထွန်းတင်၊ ဒေါ်လှရွှေတို့၏ သားငယ်ဖြစ်သော ကိုမျိုးအောင်နှင့် တွေ့ဆုံဖြစ်ခဲ့လေ၏။ ကိုမျိုးအောင်တို့ ဇနီးမောင်နှံမှာလည်း လှိုက်လှဲဝမ်းမြောက်စွာဆီးကြိုနှုတ်ဆက်ပြီး သကာလ လက်ဖက်ရည်ပွဲလောက်နှင့် မတင်းတိမ်ကြဘဲ စာရေးသူအတွက် နံနက်စာ စားသောက်နိုင်ရန် အထူးစီမံချက်ပြုတ်ကြပါလေ၏။ ထိုအတောအတွင်း ဧည့်ခန်း၌ စာရေးသူနှင့် ကိုမျိုးအောင်တို့ စကားလက်ဆုံကျဖြစ်ကြရာ-

"ဆရာ၊ စာအုပ်အပိုရှိသေးရင် ကျွန်တော် သုံးအုပ်လောက် လိုချင်ပါတယ်၊ တစ်အုပ်ကို ကျေးရွာအုပ်ချုပ်ရေးမှူးကို လက်ဆောင်ပေးပြီး တစ်အုပ်ကို စခန်းမှူးကို လက်ဆောင်ပေးဖို့ပါ။ သူတို့လဲ ဘာသာရေးကိစ္စတွေ စိတ်ဝင်စားကြပါတယ်"

"ရပါတယ်ဗျာ၊ ကျွန်တော် စာအုပ်အပိုတွေ ပါပါတယ်၊ ဒါနဲ့ အုပ်ချုပ်ရေးမှူးက ဘယ်သူလဲဗျ"

"အရင်ရယကဟောင်း ကိုကျော်ကြီးက ပြန်လည် တာဝန်ယူပါတယ် ဆရာ"

"ဩော် ကိုကျော်ကြီးဆိုရင်တော့ ကျွန်တော် ကောင်းကောင်းရင်းနှီးပါတယ်ဗျ၊ ကျွန်တော် ဒီကျွဲမင်းသားတို့ ပျော်စံရာ ဇာတ်သိမ်းပိုင်းကိုမရေးခင် ပထမပိုင်းဖြစ်တဲ့ 'ဗျိုင်းအင်းဘုရား ကျွဲမင်းသား' ဇာတ်လမ်းကို ဂန္ဓာရီမဂ္ဂဇင်း အတွဲ(၄) အမှတ်(၇)မှာ ပါလာတုန်းက



မူလကျောင်းဆောင်

www.burmeseclassic.com



အဝင်မုခ်ဦး

ဘုရားဖူးသွားလိုက်ပါဦး ဆိုတာနဲ့ ကိုကျော်ကြီးနဲ့ နှစ်ဦးသား မိုးကောင်းဘုရားကြီး သွားဖူးကြပြီး အလှူရှင်မှတ်တမ်းတွေကိုလဲ ရယူနိုင်ခဲ့ပါတယ်၊

ကျွန်တော် နောက်တစ်ခါ ရောက်သွားတဲ့အချိန်မှာ ကိုကျော်ကြီးက အလုပ်များနေလို့ သမိုင်းမရှာရသေးဘူးတဲ့၊ သူတို့တွေ ဘုရားမှာလှူဖို့ ပြင်ထားတဲ့ စိန်ဖူးတော်ကြီးကိုလဲ ပြလို့ဖူးလိုက်ရသေးတယ်၊ 'ဆရာ နောက်တစ်ခေါက်လာရင် ကျွန်တော် စိန်ဖူးလှူထားတဲ့ ဓာတ်ပုံကမ္ပည်းမှတ်တမ်းရော ဘုရားသမိုင်းပါ ရအောင်ရှာထားပေးပါ့မယ်' လို့ ပြောတယ်၊ ကျွန်တော် ဒီမှာကို တစ်ခေါက်လာခဲ့ဖူးသေးတယ်၊ မှတ်မှတ်ရရဆိုရင် ၂၃. ၈. ၂၀၀၉ ရက်နေ့ကပေါ့၊



မိုးကောင်းစေတီတော်ဝင်း

အဲဒီမှာ ကိုကျော်ကြီးက 'ကျွန်တော်တို့ရွာက မိုးကောင်းဘုရားကြီးကို တော ဒါမျိုးရေးပေးလို့ ရနိုင်မလား' လို့ မေးခဲ့ဖူးတယ်၊ ဒါနဲ့ ကျွန်တော်လဲ အစ်ကိုတို့ဆီက သတင်းအချက်အလက် ပြည့်ပြည့်စုံစုံ ရမယ်ဆိုရင် ကျွန်တော် ရေးပေးလို့ရပါတယ်လို့ ပြောခဲ့ဖူးတယ်၊ တောင်ပို့သာစခန်းက တပ်ကြပ်ကြီး ကိုညီညီထွန်းနဲ့ မိတ်ဆက်ပေးလို့ ရင်းနှီးခဲ့ရသေးတယ်၊ ဒါနဲ့ ကိုကျော်ကြီးက ဆရာ နောက်တစ်ခေါက်လာခဲ့ရင် ကျွန်တော် ရှာထားလိုက်ပါ့မယ်၊ အခုတော့ ဆရာ နောက်ထပ် နှစ်ခေါက်လောက် ထပ်ရောက်သေးတယ်၊ ကိုကျော်ကြီးအမျိုးသမီး မခင်သန်းညွန့်နဲ့ပဲ တွေ့တယ်၊ ဘုရားသမိုင်း မရှာဖြစ်သေးဘူးတဲ့၊ အဲဒါနဲ့ အခုဇာတ်သိမ်းပိုင်းထွက်မှ ကျွန်တော် တစ်ခေါက် ထပ်ရောက်လာတာပဲပေါ့ဗျာ"



ဦးဘိုနီနှင့် ရွှေတောင်းသိမ်တော်ထိုး

"ဟာ ဒါဆို ဆရာက ကိုကျော်ကြီးနဲ့ ရင်းနှီးပြီးသားပဲ၊ ကျွန်တော် အထူးတလည် မိတ်ဆက်ပေးဖို့ မလိုတော့ဘူးပေါ့၊ ဒါဆို ဆရာ့ကို အုပ်ချုပ်ရေးအဖွဲ့ဝင်လဲဖြစ် ဂေါပကအတွင်းရေးမှူးလဲဖြစ်တဲ့ ကိုဘိုနီနဲ့ မိတ်ဆက်ပေးမယ်ဆရာ



www.burmeseclassic.com

www.burmeseclassic.com

သွားကြရအောင်၊ အပြန်မှ ထမင်းစားကြတာပေါ့"

ဒီလိုနဲ့ ရွှေလမ်းချိုးအတွင်းက ဦးဘိုနီရဲ့အိမ်ကို ရောက်ခဲ့ကြလေရဲ့။ ဦးဘိုနီကလည်း သကြားဟင်းအိုးက ကျွန်တော့်အစ်ကိုကြီး ဦးကျော်ညွန့်နဲ့ ကျောင်းနေဖက်ဆိုပဲ။ သူကလည်း ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲ ဖော်ဖော်ရွေရွေနဲ့ လက်ဖက်သုပ်၊ လက်ဖက်ရည်တို့နဲ့ ဧည့်ခံပါတယ်။ စကားလက်ဆုံကျဖြစ်တဲ့အခါ . . .

"ဒီလို ဆရာရေ ကိုကျော်ကြီးက ဆရာ့ကို မိုးကောင်းဘုရားသမိုင်း ဘယ်ပေးနိုင်ပါ့မလဲ၊ ကျွန်တော်တို့လဲ သိချင်လွန်းလို့ ဒီရွာက အသက်(၉၀)ကျော် လူကြီးပိုင်းတစ်ဦးကိုမေးကြည့်တာတောင်မှ သူလဲ မမီဘူးတဲ့၊ အဲဒီတော့ ကျွန်တော်တို့ လူလတ်ပိုင်းတွေ ပိုဆိုးတော့မပေါ့ ဆရာရယ်၊

ဒီလိုလုပ်ပါ၊ ကျွန်တော်တို့လက်ထက်မှာ ပြုပြင်တည်ဆောက်ထားတဲ့ ဇေယျသိဒ္ဓိကျောင်းသစ်ကြီးနဲ့ မဟာမြတ်မုနိဘုရားကြီး အကြောင်းကိုတော့ ကျွန်တော် ကောင်းကောင်းပြောနိုင်ပါတယ်၊ အဲဒါလေးကိုပဲ အခြေခံပြီး ရေးလိုက်ရင် မကောင်းဘူးလား ဆရာ၊ ဆရာတို့လို စာပေပညာရှင်တွေ ရောက်လာတဲ့အခိုက်မှာ ကျွန်တော်တို့ရပ်ရွာမှာ မိုးကောင်းဘုရားကြီးလို သမိုင်းကွင်းဆက် ပြတ်မသွားရလေအောင်၊ နောင်ကျွန်တော်တို့ မရှိတော့ရင်လဲ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်ကလေးတွေဟာ နောင်လာနောက်သားတွေအတွက် အမွည်းမှတ်တမ်း ကျန်ရစ်ခဲ့ရအောင် ဆရာတတ်မြောက်ထားတဲ့စာပေပညာနဲ့ ကျွန်တော်တို့ ရပ်ရွာကို အကူအညီပေးခဲ့ပါလို့ ဂေါပကအဖွဲ့ရဲ့ကိုယ်စား ကျွန်တော်ကပဲ မေတ္တာရပ်ခံပါရစေလား ခင်ဗျာ"

အစ်ကိုကြီး ကိုဘိုနီကလည်း အလွန်မှ အပြောကောင်းပါပေ၏။ သကြားဟင်းအိုးက ကျွန်တော့်အစ်ကိုကြီး ကိုကျော်ညွန့်နှင့်လည်း သူငယ်ချင်းဆိုသောကြောင့် ခင်မင်မိပါလေ၏။ စာရေးသူ၏ အတွင်းစိတ်သန္တာန်ကိုကဘာသာ၊ သာသနာနှင့် ပတ်သက်လာလျှင် ရောက်လေရာအရပ်၌ စာပေဖြင့် အလုပ်အကျွေးပြု ပူဇော်နေကျဖြစ်လေသောကြောင့် အလွယ်တကူဖြစ်ကတိပြုဖြစ်ခဲ့လေ၏။ ဒါနဲ့ သုံးဦးသား ဂေါပကဥက္ကဋ္ဌ ဦးအောင်မောင်းအိမ်သို့ သွားရောက်ကြပြီး လိုအပ်သည့် အထောက်အထား အချက်အလက်များကို ထပ်မံစုဆောင်းကာ ရွာဦးကျောင်းဆီသို့ ဆက်လက်ချီတက်ခဲ့ကြလေ၏။

တောင်ပို့သာကျေးရွာ၏ ဇေယျသိဒ္ဓိကျောင်းတော်ကြီးသည်ကား နတ်ဘုံနတ်နန်းကြီးသဖွယ် အလွန်အင်မတန်မှ လှပဆန်းကြယ်ပေစွတကား။ ယခင် ဇေယျသိဒ္ဓိ ကျောင်းဟောင်းကြီးအား ၁၃၆၄ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့တွင် ဖျက်သိမ်းခဲ့ရာ ခြောက်ရက်ခန့်အကြာတွင် ပြီးစီးခဲ့ပါသည်။ ဇေယျသိဒ္ဓိကျောင်းတော်သစ်ကြီးအား ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်နေ့တွင် ပန္နက်တင်မင်္ဂလာပြုလုပ်ပြီး ပြာသိုလပြည့်ကျော် ၁ ရက်နေ့တွင် ဖောင်ဒေးရှင်းအတွက် လိုင်းစတင်တူးဖော်ခဲ့ရာ ရက်ပေါင်း (၂၀)ကျော် ကြာမြင့်ခဲ့ပါသည်။

တပို့တွဲလဆန်း ၇ ရက် မင်္ဂလာအခါ ရောက်ရှိသည့်အချိန်၌ ကျောင်းထိုင်ဆရာတော် ဦးပညာနန္ဒ ဦးစီးပြီး ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ် အသီးသီးကိုင်ဆောင်လျက် အုတ်မြစ်ချမင်္ဂလာကိုစည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၃ ရက်နေ့တွင် ဇေယျသိဒ္ဓိကျောင်းဆောင်သစ်ကြီးအား ခေတ်မီအဆောက်အအုံ ဖြစ်လာစေရန်အတွက် ဗိသုကာပညာရှင် ရှာဖွေခဲ့ရာ ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးကျေးရွာမှ ဗိသုကာဆရာ ဦးအေးလွင်(မြန်မာမှု)နှင့်အဖွဲ့မှ ဆုံးခန်းတိုင်အောင် ဆောက်လုပ်ပေးခဲ့ပါသည်။

ကျောင်းတော်ကြီးအဝင် မုခ်ဦးမှာလည်း တင့်တယ်လှပပေစွ။ နဂါး နှစ်ကောင် ကသော အုတ်နံ့ရံနှစ်ဖက် ခံဆောင်လျက် လက်ယာအုတ်နံ့ရံ အလှူရှင်မှာ (တောသူမ) ဦးမျိုးအောင် + ဒေါ်သန်းသန်းနွယ်၊ သားဇေယျာအောင်၊ စည်သူအောင်၊ ရဲဝင့်အောင် မိသားစု ကောင်းမှုဖြစ်ပြီး လက်ဝဲအုတ်နံ့ရံအလှူရှင်မှာ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်ပျို(ညီမ)ဒေါ်ချို ကောင်းမှုဖြစ်ပေသည်။

သံပန်းတံခါးတပ်၍ ထုထည်ကြီးမားသော ပွတ်လုံးတိုင်ကြီး နှစ်ဖက်ပေါ်တွင် ဘုံသုံးဆင့်တင်လျက် လောကနတ်ပုံဖော်ပေးထားသော လှပတင့်တယ်သည့် မုခ်ဦးကြီးကို သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်တွင် အဘဦးပုကြီးနှင့် အမိဒေါ်မိကြီးတို့ကို ရည်စူး၍ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်၊ ၁/၃ နေ ဦးကျော်တင့်+ဒေါ်ခင်စန်းရီ၊ သမီးမခင်စိုးစို၊ မသင်းသင်းကျော်၊ သား မောင်ငြိမ်းချမ်းတို့မှ လှူဒါန်းပါ၏။

ထို့နောက် ဦးဘိုနီက ရှေးဟောင်းသိမ်တော်ကြီးကို လိုက်လံပြသရာ သိမ်တော်ကြီးကမ္ပည်း၌ မူလ သာသနာ ၂၅၀၀၊ ကောဇာ ၁၃၁၈ ဦးပု + ဒေါ်မြမို့ ကောင်းမှုဟူ၍ ပါရှိပါသည်။ ထို့နောက် သိမ်ခေါင်းရင်းရှိ မိုးကောင်းဘုရားဝင်းအား ဆက်လက်ဖူးမြော်ရာ ထိပ်ဆုံးစေတီတော်မှာ မုခ်လေးမုခ်ပါရှိပြီး ၁၃၆၀ ပြည့်နှစ် တပေါင်းလဆုတ် ၇ ရက်နေ့တွင် တောင်ပို့သာကျေးရွာ ကိုကျော်ဦး+မမိုးဝါ၊ အစ်မ မစိုးတင်၊ သား ဟန်မင်းဦးတို့မှ ပြုပြင်လှူဒါန်းထားခြင်း ဖြစ်ပါသည်။

အလယ်စေတီမှာ ပစ္စယာတွင် မန္ဒသီဟ လေးကောင်ရှိ၍ (၁၆)ထောင့်ချိုးစေတီတော်ပုံစံဖြစ်ပြီး ၁၃၆၀ ပြည့်နှစ် တပို့တွဲလဆုတ် ၂ ရက်နေ့တွင် တောင်ပို့သာရွာ ဦးကျောက် + ဒေါ်ရှုမ်းတို့မှ ပြန်လည်ပြုပြင် မွမ်းမံပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ညာဘက်အစွန်ဆုံး စေတီတော်မှာ ခုနစ်တစ်ဖက်တည်းသာပါရှိပြီး ပစ္စယာအဝိုင်းပုံစံတော်ဖြစ်၍ သာသနာတော်နှစ် ၂၅၄၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၀ပြည့်နှစ်တွင် ပြန်လည်ပြုပြင်ထားခြင်းဖြစ်ပြီး အလှူရှင်အမည် မပါရှိပါ။

ညာဘက်အစွန်းထောင့်၌ တံခွန်တိုင်စေတီတော်ကို ၁၃၅၄ ခု၊ ဝါဆိုလဆုတ် ၈ ရက်နေ့တွင် တောင်ပို့သာရွာ ကွယ်လွန်သူ ဦးသောင်းအား ရည်စူး၍ ဘုရားဒါယိကာမ ဒေါ်စော-ဒေါ်အေးရှင်၏ သား ကိုအုန်းငွေ+မတင်စိန် မိသားစုမှလှူဒါန်းပါသည်။ နောက်တန်းအလယ် စေတီတော်ကို ၁၃၆၀ ပြည့်နှစ် တပေါင်းလဆုတ် ၅ ရက်နေ့တွင် တောင်ပို့သာရွာမှ ဒေါ်သန်းညွန့်မိသားစုက ပြုပြင်လှူဒါန်းပါသည်။ နောက်အစွန်စေတီတော်၌ ကမ္ပည်းမပါရှိပါ။

ထို့နောက် ဦးဘိုနီမှ ဆွမ်းစားဆောင်ကိုလိုက်လံပို့ဆောင်ပေးပါသည်။ ဇေယျသိဒ္ဓိကျောင်းသစ်ကြီး၏ မြောက်ဘက်ကပ်လျက်ရှိသော ကျောင်းမှာ ဆွမ်းစားကျောင်း ဓမ္မာရုံဖြစ်ပါသည်။ ဆွမ်းစားဆောင်ကို ဓာတ်ပုံမှတ်တမ်းတင်နိုင်ရန်အတွက် ကင်မရာအကွက်အကွင်း မလုံလောက်သဖြင့် မှတ်တမ်းဓာတ်ပုံ မဖော်ပြနိုင်တော့ပေ။ ယခင်သစ်သားဆောင် ဆွမ်းစားကျောင်းဟောင်းကို ဖျက်သိမ်း၍ ၎င်းမြေနေရာတွင် အရှေ့မှအနောက် ကိုးပင်၊ တောင်မှမြောက် ငါးပင်၊ ဝရန်တာအုတ်လှေကား အပါအဝင် ဘုရားဆောင်နှစ်ခန်းအား ၁၃၆၄ ခုနှစ် တန်ဆောင်မုန်းလတွင် ဖောင်ဒေးရှင်းပြုလုပ်ခဲ့ပါသည်။ ယခင် ကျောင်းဟောင်းမှ တိုင်များအားခြောက်လက်မပတ်လည်တိုင်များပြုလုပ်၍ တပို့တွဲလဆန်း ၃ ရက်နေ့တွင်စတင်တိုင်ထူကာ တပေါင်းလဆန်း ၃ ရက်နေ့တွင် ပြီးစီးအောင်မြင်ပါသည်။ ထို့နောက် ဆွမ်းစားဆောင် ဓမ္မာရုံ၏ ဘုရားခန်းမှ မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူဟန်ရုပ်ပွားတော်ကို ဓာတ်ပုံမှတ်တမ်းပူဇော်ဖြစ်ပါသည်။

ထို့နောက် ဇေယျသိဒ္ဓိကျောင်းတော်ကြီးပေါ်သို့ တောင်ဘက်လှေကားစောင်းတန်းမှ တက်လာကြရာ မုခ်ဦးအလှူရှင်မှာ ဦးလှဘော်+ဒေါ်တင်အေး မိသားစု ကောင်းမှုဖြစ်ပြီး အနောက်ဘက် လှေကားစောင်းတန်း မုခ်ဦးမှာ အများကောင်းမှုဖြစ်ပါသည်။

ထို့နောက် ကျောင်းကြီးပေါ်၌ ဆရာတော်ကြီးအား ဖူးမြော် ပူဇော်ကြပါသည်။ လက်ရှိ ကျောင်းထိုင်ဆရာတော်မှာ ဘဒ္ဒန္တပညာနန္ဒဖြစ်ပြီး သက်တော်(၅၃)နှစ်၊ ဝါတော် (၃၃)ဝါရှိပြီဖြစ်ပါသည်။ ငါးပါးမြောက် ကျောင်းထိုင်ဆရာတော်ဖြစ်၍ တောင်ပို့သာရွာတွင် သီတင်းသုံးသည်မှာ (၂၁)ဝါရှိပြီ ဖြစ်ပါသည်။ ထို့နောက် ဆရာတော်၊ ဂေါပကအဖွဲ့ဝင်များနှင့် စကားလက်ဆုံ ပြောဖြစ်ကြရာ တောင်ပို့သာရွာနှင့် မဟာမြတ်မုနိဘုရားကြီးအကြောင်းကိုအောက်ပါအတိုင်း ကြားသိရပါသည်။

ရှေးခေတ် ရှင်ဘုရင်ခေတ်မှာ စာပို့တဲ့စစ်သားက ဒီရွာရဲ့ စာတွေကို တောင်းနဲ့ထမ်းပို့ရလို့ တောင်းပို့တာကို ခေါ်ရာကနေ တောင်ပို့သာရယ်လို့ ဖြစ်ပေါ်လာတာပါပဲ။ ကျောင်းခေါင်းရင်းကတော့ ရှေးဟောင်းဘုရားတွေပေါ့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ လောက်က ဖြစ်မယ်လို့ ခန့်မှန်းရတယ်။ မိုးကောင်းဆိုတဲ့ ဘွဲ့တော် မထင်ရှားဘဲ ဘုရားငါးဆူရယ်လို့သာ ခေါ်တွင်ကြတယ်။

တံခွန်တိုင်ထိပ်က ဘုရားဟာ ရွှေထီးဘယ်လိုမှတင်မရလို့ အုတ်ထီးပဲ တင်ထားရတယ်။ ကမ္ဘာစစ်အတွင်းကမားပြတွေက ဒီရွာကို တိုက်ဖို့ကြိုးစားရင်းနဲ့ ရွာထိပ်မှာ နတ်တင်နေတဲ့အချိန် ရွာတော်သခင်က ဖန်ဆင်းထားလို့ မားပြတွေရဲ့ စိတ်ထဲမှာ ညောင်ကိုင်းချောင်းကို ရေကျော် ရေလျှံ ရေကြီးနေတယ်လို့ ယူဆကာ ဒီရေကို မဖြတ်နိုင်ဘူးဆိုပြီး ပြန်လှည့်သွားကြတယ်။

တောင်ပို့သာကျေးရွာဟာ အုန်းပင်ကျေးရွာအုပ်စုဝင်ဖြစ်ပြီး တောင်ပို့သာ အရှေ့ဘက် ကိုက် ၁၀၀ အကွာမှာရှိတဲ့ ညောင်ကိုင်းချောင်းကရေဟာ နဝင်းချောင်းကိုစီးပြီး အဲဒီကနေပြီးတော့မှ ဆင်သေဝလိုက်ချောင်းကို ဆက်စီးသွားတယ်လေ။ ဟိုးအရင်တုန်းက အဲဒီနေရာမှာ ချောင်းမပေါ်သေးဘူး။ ပက်ပိုင်းမြို့ရယ်လို့ တည်ရှိခဲ့ဖူးတယ်။ ပျူမြို့ဟောင်း ဖြစ်ခဲ့တယ်။

အရင်ကတည်းက အဲဒီနေရာမှာ ကျွန်းပင်ကြီးရှိခဲ့တယ်။ နောက် ဒီနေရာဟာ ချောင်းကြီးဖြစ်သွားတော့ ကျွန်းပင်ကြီးဟာ ရေအောက်ကို ရောက်သွားခဲ့တယ်။ လွန်ခဲ့တဲ့ ခြောက်နှစ် ခုနစ်နှစ်လောက်က အဖျားပိုင်းပေါ်ဖူးတယ်။ အခုကျတော့ ကျွန်းပင်ကြီးတစ်ပင်လုံးရေအောက်မြုပ်သွားခဲ့ပြီ။

၂၀၀၈ ခုနှစ်မှာ ကိုဇော်ဦးနဲ့ ကိုဇော်လွင်တို့ ညီအစ်ကိုနှစ်ဦးဟာ ဒီကျွန်းပင်ကြီးကို စတင်တွေ့ရှိခဲ့ကြတယ်။ အဲဒါနဲ့ သူတို့ညီအစ်ကိုဟာ ချောင်းရေပြင်အောက်က ကျွန်းပင်ကြီးကို ခဲရာခဲဆစ်ရေငုပ်ပြီး အကိုင်းတွေကို ဖြတ်တောက်ခဲ့ကြတယ်။ ဒါကို လူအင်အားနဲ့ ရေထဲက ဆယ်တင်ခဲ့ကြတယ်။

အဲဒါကို ၂၀၀၉ ခုနှစ်မှာ သူတို့ညီအစ်ကိုက မူရင်းအကြမ်းထည်ရုပ်ပွားတော် ဒါယကာအဖြစ် မတည်ပြီးတော့ မန္တလေးက ပန်းပုပညာရှင် ကိုခင်မောင်ကြည် ဦးဆောင်တဲ့အဖွဲ့မှ ရုပ်ပွားတော်ကြီး အကြမ်းထည်ပိုင်းကို တာဝန်ယူတယ်။ ဘုရားဒကာ ဦးကျော်လွင်+ဒေါ်လှလှစိန်တို့ကအနုစိတ်လက်ရာအတွက် ဘုရားအနေကဇာတင်ပြီးသည်အထိ ဆက်လက်တာဝန်ယူပါတယ်။

၂၀၁၀ ပြည့်နှစ်မှာ အချောအပြီးသတ်ပူဇော်ပြီး ဇန်နဝါရီလ ၉ ရက်နေ့မှာ ဉာဏ်တော် အမြင့် ခြောက်ပေရှိတဲ့ ပေါ်တော်မူ မဟာမုနိရုပ်ပွားတော်မြတ်ကို မန္တလေးမဟာမြတ်မုနိရုပ်ပွားတော်ကြီးမှာ ရင်ငွေ့တော်ခံပြီး သုံးရက်



www.burmeseclassic.com

www.burmeseclassic.com

တာ ကိန်းဝပ်စံပယ်တော်မူပါတယ်။ ၁၀. ၁. ၂၀၁၀ နေ့မှာတစ်ကြိမ်၊ ၁၃. ၁. ၂၀၁၀ နေ့မှာတစ်ကြိမ် ရောင်ခြည်တော်ကွန့်မြူးခဲ့ပါတယ်။

အနေကဇာတင် မင်္ဂလာအခမ်းအနားကို မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ ပထမရွှေအင်ပင်ကျောင်းတိုက် ၈၇ လမ်းနှင့် ၃၈ လမ်းထောင့် တွင်ကျင်းပရာ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ အရှင်မြတ်ထံမှ ရေစက်ချ တရားနာယူပါတယ်။ ရှေးဦးစွာ ဘုရားဒါယကာ ဦးကျော်လွင်+ဒေါ်လှလှစိန် မိသားစုက ပထမရွှေအင်ပင်ကျောင်း



ဆွမ်းစားဆောင် ဘုရားခန်းများ




ပြီးစီးသွားသော မဟာမြတ်မုနိပုံတော်ကို ကျောင်းပေါ် သို့ပင့်ဆောင်လာစဉ်

တိုက် ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရ (ဘီအေ) အရှင်မြတ်အား အမှူးထား၍ ပူဇော်ပါတယ်။

ပေါ်တော်မူ မဟာမုနိဆင်းတုတော်ကို ပထမ ရွှေအင်ပင်ကျောင်း အရှင်ဝေပုလ္လ၊ အရှင်ဇဝနတို့ ဦးဆောင်ပြီး မဟာအောင်မြေမြို့နယ်အသင်း အတွင်းရေးမှူးဦးပြောင်းနှင့် အမှုဆောင်အဖွဲ့မှ ပံ့ပိုးကူညီမှုနဲ့ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးထံမှာ ရင်ငွေ့တော်လှုံခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ပေါ်တော်မူမဟာမုနိ ဆင်းတုတော်ကြီးဟာ ပလ္လင်မပါ ၆ ပေ၊ ပလ္လင် ၃ ဒသမ ၅ ပေ၊ စုစုပေါင်း ဉာဏ်တော် ၉ ဒသမ ၅ ပေရှိပြီး ဒူးခွင်အကျယ်ကတော့ ၄ ပေဖြစ်ပါတယ်။ မဟာမြတ်မုနိ ဇေယျသိဒ္ဓိကျောင်းသစ်ကြီးနဲ့ ဆွမ်းစားကျောင်း ဓမ္မာရုံတို့ဟာ ဘုန်းဘုန်းလက်ထက်မှာ ပြုပြင်ပြောင်းလဲ ဖြစ်ပေါ်လာကြတာပဲ ဖြစ်ပါတယ်။ မနှစ်က ရောင်ခြည်တော် လွှတ်ခဲ့ဖူးပါသေးတယ်။ ရောင်ခြည်တော်လွှတ်ပုံက အပေါ်ထပ်ဘုရားကနေပြီး ရောင်ခြည်တော်တွေ ဖြိုးဖြိုးဖြက်ဖြက် ထွက်လာပြီး ဝင်းတံခါးပေါက်ကနေထွက်ကာ ကိုကျော်ကြီးတို့ လှူထားတဲ့ (ကျောင်းထိပ်မှာ ပိန္နဲတိုင်စိုက်ပြီး ထိပ်မှာပူဇော်ထားတဲ့) စိန်ဖူးတော်အထိကို ရောင်ခြည်တော်တွေ



ဝဲမှယာ ထိုမျိုးအောင်၊ ဦးဗညာနန္ဒ၊ ဦးအိုနီ



www.burmeseclassic.com

www.burmeseclassic.com



မဟာမြတ်မုနိရုပ်ပွားတော်ကို အနီးကပ်ဖူးမြော်ရစဉ်

ထွက်သွားခဲ့ပါတယ်။ မဟာမြတ်မုနိ ဘုရားကြီး ပွင့်တော်မူလာတာနဲ့အတူ ဆရာဦးအောင်မောင်း၊ အတွင်းရေးမှူး ဦးဘိုနီ စတဲ့ ဂေါပကအဖွဲ့ဝင် (၁၅)ဦး ပါဝင်တဲ့ ဗုဒ္ဓဝေယျာဝစ္စနိဗဒ္ဓဝတ်အသင်း အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။

မှတ်တမ်းတင် ဓာတ်ပုံများကို စုံလင်စွာ ရိုက်ကူးပြီး ရွာတွင်းသို့ ပြန်လာကြကာ ကိုမျိုးအောင်တို့အိမ်မှာ ညနေစာ စားကြပါတယ်။ ပြီးတာနဲ့ ကိုမျိုးအောင်က . . .

"ဆရာ ဦးဘိုနီအိမ်မှာပဲ သွားအနားယူလိုက်ပါ၊ ကျွန်တော့်အိမ်မှာက ထားအိမ်ကလဲ ဖြစ်ပြန်၊ ဗွီဒီယိုကလဲ ပြန်ဆိုတော့ အနားယူရမှာမဟုတ်ဘူး၊ ညနေထမင်းစားတာတော့ ကျွန်တော့် အိမ်မှာ လာစားပါ၊ ကျွန်တော် အားလုံး ပြင်ဆင် ချက်ပြုတ်ထားလိုက်ပါ့မယ်၊ ညအိပ်တာကတော့ ဦးဘိုနီအိမ်မှာပဲ အိပ်လိုက်ပါ၊ သူတို့က မိသားစုနည်းတော့ လွတ်လပ်တယ်လေ"

ဒါနဲ့ စာရေးသူလည်း ကိုဘိုနီတို့ အိမ်ပြန်ပြီး အနားယူရင်းနဲ့ လိုအပ်ချက်များကို ထပ်မံ ဆွေးနွေးကြပါတယ်။ ဦးဘိုနီမှ အုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ ဦးမောင်ကြိုင်နဲ့ ထပ်မံမိတ်ဆက်ပေးပါတယ်။

ထို့နောက် ခြင်းဝိုင်းဖွဲ့ခတ်လို့ အပန်းဖြေရင်းနဲ့ ရေချိုးကြပါတယ်။ ဦးဘိုနီက မူလ ဘုရားဒကာဖြစ်တဲ့ ဦးဇော်လွင်ဆီက မဟာမြတ်မုနိတည် ဆောက်တဲ့ မှတ်တမ်းဓာတ်ပုံတွေကို ရယူပေးပါတယ်။ နောက်ပြီး ညနေစာ စားဖို့ကို ကိုမျိုးအောင်ဆီ သွားမယ်လုပ်တော့ ကိုဘိုနီ အမျိုးသမီးက . . .

"အမယ်လေး ဆရာရယ်၊ထမင်းစားဖို့အတွက် ကိုမျိုးအောင်အိမ် တကူးတက သွားမနေပါနဲ့၊ ကျွန်မတို့လဲ ကျွေးနိုင်ပါတယ်၊ ဆရာ့ကို ဒီညနေစာ ကျွန်မတို့ပဲ ဧည့်ဝတ်ပြုပါရစေ၊ ဒီမှာ ကျွန်မ အားလုံး စီမံထားပြီးပါပြီ"

ထမင်းစားနေဆဲမှာပဲ အပြင်က ဆိုင်ကယ်သံကြားရပြီး ခြံဝင်းထဲကို ဆိုင်ကယ်တစ်စီးနဲ့ လူနှစ်ဦး ဝင်လာပါတယ်။ ဧည့်ခန်းမှာ ဦးဘိုနီနဲ့ စကားပြောကြပါတယ်။ ထမင်းစားပြီးတော့ ထမင်းစားခန်းထဲကို ဦးဘိုနီ ဝင်လာပြီး . . .

"ဆရာ၊ ဆရာ့ကို စခန်းက နယ်ထိန်းအဖွဲ့က တွေ့ချင်လို့တဲ့၊ ထမင်းစားပြီးရင် အပြင်ခဏလောက် ကြွပါဦး"



ပန်းပုဆရာ ကိုခင်မောင်ကြည်မှ ရုပ်ပွားတော် စတင်ပုံဖော်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ စာရေးသူလည်း လက်သုတ်ပြီး ရေတစ်ခွက်သောက်လိုက်ကာ ဧည့်ခန်းဘက်ကို ထွက်လာခဲ့ပါတယ်။

"ဩော် ဆရာ၊ ဘယ်လိုမှတော့ စိတ်မရှိပါနဲ့၊ ကျွန်တော်တို့ စခန်းကို သတင်းပို့တဲ့သူရှိတဲ့အတွက် တာဝန်အရ လာရတာပါ။ ဆရာရဲ့ မှတ်ပုံတင်ရယ်၊ စာနယ်ဇင်းကတ်ရယ် ခဏလောက်ပြပါ။ နောက်ပြီးတော့ ဒီကို ဘယ်သူ့အဆက်အသွယ်နဲ့ လာခဲ့တယ်၊ ဘာကိစ္စနဲ့ လာတယ်၊ ဒီမှာ ဘယ်နှရက်ကြာမလဲ၊ ဘယ်နေ့ ပြန်မလဲ၊ ဘယ်ကို ဆက်သွားဦးမလဲ၊ ပြီးရင် ဘယ်ကိုပြန်မလဲဆိုတာ သိပါရစေ"

"ဩော် ဟုတ်ကဲ့၊ ဒီမှာ ကျွန်တော့် မှတ်ပုံတင်နဲ့ စာနယ်ဇင်းကတ်ပါ။ သကြားဟင်းအိုးက ဦးကျော်ညွှန့်ဆီက လာခဲ့တာပါ။ လာရခြင်းအကြောင်းက ပောဒီသားခိုတောင်သမိုင်းကို လာပို့ရင်းနဲ့ ဒီက အုပ်ချုပ်ရေးမှူး ဦးကျော်ကြီးတို့၊ ကိုမျိုးအောင်တို့၊ ဦးဘိုနီတို့က ဇေယျသိဒ္ဓိကျောင်းတော်ကြီးနဲ့ မဟာမြတ်မုနိ ဘုရားသမိုင်းရယ်၊ မိုးကောင်းဘုရားငါးဆူ အကြောင်းရယ် ရေးဖွဲ့ဖို့ အကူအညီ တောင်းထားလို့ ဒီရွာမှာ တစ်ညနားပြီး သတင်းယူမှာပါ၊ မနက်ဖြန် အုန်းပင်ရွာကို ခရီးဆက်ပါမယ်၊ အဲဒီကမှ နေပြည်တော် တပ်ကုန်းကို ပြန်မှာပါ"



အထုမ်းထည်ပြိုးစီးပုံ



မဟာမြတ်ဂနိုပ်ပုံတော်
ထုလုပ်ရန်
ကျွန်းတုံးကို
ချောင်းအတွင်းမှ
ဆယ်ယူစဉ်

"ဟုတ်ကဲ့၊ ဘယ်လိုမှတော့ စိတ်မရှိပါနဲ့၊

ကျွန်တော်တို့ဆီ ကိုမျိုးအောင်က ရပ်ရွာရဲ့ထုံးစံအရ ရွာကို လူစိမ်းစာရေးဆရာ ရောက်လာကြောင်းကို သတင်းပေးပို့ထားလို့ တာဝန်အရ လာစစ်ဆေးရတာပါ"

"ဟုတ်ကဲ့၊ ကျွန်တော် လူစိမ်း မဟုတ်ပါဘူးဗျာ၊ ၂၃. ၈. ၂၀၀၉ နေ့ ကတည်းက ရပ်ရွာရဲ့ ဘုရားသမိုင်းတွေ ကို မှတ်တမ်းတင်ရေးဖွဲ့ဖို့ ဒီနယ် ရောက်လာခဲ့တာပါ၊ ဒီစာအုပ်က ဂ မဂ္ဂဇင်း အတွဲ(၄) အမှတ်(၇) အင်းဘုရား ကျွဲမင်းသား မပိုင်း

www.burmeseclassic.com

ဒီစာအုပ်က လပြည့်ဝန်းမဂ္ဂဇင်း ၂၀၁၁ ဇန်နဝါရီပါ၊ အလွမ်းပြေအောင် လွမ်းချင်းကောင်သို့ ဒုတိယပိုင်းပါ၊ ဒီစာအုပ်က လပြည့်ဝန်းမဂ္ဂဇင်း အမှတ် ၁၇၄ပါ၊ သားကောင်းမိခင်အောင်ပွဲဝင် တတိယပိုင်းပါ၊ ဒီစာအုပ်ကတော့ ဂန္ဓာရီ အတွဲ (၆) အမှတ်(၇)ပါ၊ ကျွဲမင်းသားတို့ ပျော်ခဲ့ရာ ဇာတ်သိမ်းပိုင်းပါ၊ ဒီဇာတ်လမ်းမှာ ပါဝင်တဲ့ အလှူရှင်တစ်ဦးဖြစ်တဲ့ တောင်ပို့သာရွာက ဦးထွန်းတင် + ဒေါ်လှရွှေ မိသားစုကို ဝမ်းမြောက်နှမော် သာဓုခေါ်နိုင်ဖို့ရာ ဘုရားသမိုင်းစာစောင် လာပို့ပေးတာပါ၊ တခြားနေပြည်တော် တပ်ကုန်းမြို့နယ်က ဘုရားသမိုင်းတွေကို ပြုစုထားတဲ့ စာစောင်တွေ၊ ရှမ်းပြည်နယ်က ဘုရားသမိုင်းကို ပြုစုထားတဲ့ စာစောင်တွေ ရှိပါသေးတယ်၊ ဒီမှာကြည့်လို့ရပါတယ်"

"ဟုတ်ပါပြီ၊ ဒီလောက်ဆို လုံလောက်ပါတယ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် အချိန်ပြည့် တာဝန်ယူထားသော ထာဝစဉ် အသက်ကြွဖျတ်လတ်နေသည့် တောင်ပို့သာ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များပင် ဖြစ်ပါချေ၏၊ ပြည်သူများအကျိုးကို ၂၄ နာရီ ထမ်းရွက်လျက်ရှိသော ပြည်သူ့သားကောင်းများအတွက် အင်မတန်မှ လေးစား ဂုဏ်ပြုမိရပါလေ၏။ မိမိရပ်ရွာ ကောင်းစားရေးအတွက် ရှေ့မျက်နှာ နောက်ထားပြီး ရပ်ရွာချစ်စိတ်ရှိသော ကိုမျိုးအောင်ကိုလည်း ချီးကျူးဂုဏ်ပြုမိပါသည်။

အသေးအဖွဲ့ ကိစ္စလေးပင်ဖြစ်သော်ငြားလည်း အမှိုက်ကစပြာသာဒ်မီးလောင် မဖြစ်ရလေအောင် ရပ်ရွာအကျိုးအတွက် တစ်ထောင့်တစ်နေရာ တနေ ပြည်သူတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သော ကိုမျိုးအောင်ကို စံပြုနမူနာထား၍ လူတိုင်း ရပ်ရွာချစ်စိတ်၊ ဘာသာ သာသနာကို ကြည်ညိုလေးစားစိတ်များ ထားရှိနိုင်မည်ဆိုပါက စာရေးသူတို့ မြန်မာနိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အဆင့်သို့ အချိန်တိုအတွင်းမှာ အနေးနှင့်အမြန် ရောက်ရှိပေလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်သည်လည်း ရောင်ဝါနေသို့ ပွင့်လန်းတောက်ပလာပါလိမ့်မည်။ ဂမ္ဘီရမဂ္ဂဇင်း အမှတ် (၆၉)၌ စာရေးဆရာဝင်းရွှေ (အကျိုးဆောင်)မှ မဟာမြတ်မုနိဘုရားရှိခိုးကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

**မဟာမြတ်မုနိ ဘုရားဂါထာတော်**

မဟာမုနိ၊ မဟာပုညော၊ မဟာ တေဇော

မဟိဒ္ဓိကော၊ မယှံဒီပေါ၊ မယှံနာထော

မယှံဒေတု၊ မဟာသုခေါ၊ မဟာ မုနိ။

မဟာမုနိ - မဟာမုနိရှင်တော်မြတ်သည်၊ မဟာပုညော - ကြီးမြတ်သော ဘုန်းသမ္ဘာ ရှိတော်မူ၏၊ မဟာတေဇော - ကြီးမြတ်သော စွမ်းအင်အာနုဘော် ရှိတော်မူ၏၊ မဟိဒ္ဓိကော - ကြီးမြတ်သော တန်ခိုးဣဒ္ဓိပါဒ်ရှိတော်မူ၏၊ မယှံ - တပည့်တော်၏၊ ဒီပေါ - မှီခိုအားထားရာ ဖြစ်တော်မူပါပေ၏၊ မယှံ - တပည့်တော်၊ နာထော - ကိုးကွယ်ဆည်းပူး မြတ်နိုးရာဖြစ်ပါပေ၏၊ မယှံ - တပည့်တော်အား၊ မဟာသုခေါ - မွန်မြတ်သော ချမ်းသာသုခ ဒ ဖြာဖြာကို၊ ဒေတု - ကရုဏာထား မေး ဘာပွား၍ သနားကြည်ဖြူပေးတော်မူပါ ဘုရား။

ညောင်ကိုင်းချောင်းအတွင်းမှာ နစ်မြုပ်လျက်ရှိသော ကျွန်းပင်ကြီးမှာ ပက်ပိုင်းမြို့ တည်ရှိစဉ်အခါကတည်းက ရှိခဲ့ပါသည်ဆိုသောကြောင့် ပက်ပိုင်းမြို့မှာ သက္ကရာဇ် ၃၉၅ ခုနှစ်တွင် စတင်တည်ထောင်ထားခဲ့ခြင်း(သမိုင်းအကျယ်ကို စာရေးသူ၏ 'သာသနာတစ်ခေတ်ဆန်းမည့် ညောင်ကိုင်းနန်းသိမ်တော်မဟာ' ဂန္ဓာရီမဂ္ဂဇင်း အတွဲ(၆) အမှတ်(၁၁)တွင် လေ့လာဖတ်ရှုပါရန်) ဖြစ်ပါသဖြင့် မဟာမြတ်မုနိ ဘုရားကြီး ပွင့်တော်မမူမီ သန္ဓေကျွန်းသားဘဝအဖြစ်မှ စတင်တည်ရှိတော်မူသည်မှာ နှစ်ပေါင်း (၉၇၈)နှစ်တိတိ ကြာမြင့်ခဲ့ပြီးဖြစ်ပါသော မဟာမြတ်မုနိ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သက်တမ်းသည် မိုးကောင်းဘုရားငါးဆူ သက်တမ်းထက် ပိုမိုရှေးကျသက်တမ်းရင့်ကျက်တော်မူပေမည်ဟု စာရေးသူမှ ဆင်ခြင်သုံးသပ်မိပါလေ၏။

သို့ဖြစ်ပါ၍ အကြွင်စာရှုသူများ အနေနှင့်လည်း ရှေးလွန်ခဲ့သော နှစ်ပေါင်း ၂၀၀ လောက်က တည်ထားကိုးကွယ်ခဲ့သော မိုးကောင်းဘုရားငါးဆူ စေတီတော်များကို ဖူးမြော်ကြည်ညိုလျှုဒါန်းလိုလျှင်ဖြစ်စေ၊ သန္ဓေကျွန်းသားဘဝမှစ၍ နှစ်ပေါင်း ၁၀၀၀ နီးပါး သက်တမ်းရှိတော်မူသော ပေါ်တော်မူ မဟာမုနိ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို လှူဒါန်းလိုလျှင်ဖြစ်စေ နေပြည်တော် တပ်ကုန်းမြို့နယ်မှ တောင်ပို့သာကားကိုစီး၍ ကြွရောက်လှူဒါန်းပူဇော်နိုင်ပါသည်ဆိုသည့် အကြောင်းနိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းရေးသားလိုက်ရပေတော့သတည်း။

❒ ဖေဒသုတေသီဆရာမျိုးကိုးကား

၁။ ဂန္ဓာရီမဂ္ဂဇင်း အတွဲ(၄) အမှတ် (၇)၊ အတွဲ (၆) အမှတ် (၇)၊ အတွဲ (၆) အမှတ် (၁၁)

၂။ လပြည့်ဝန်းမဂ္ဂဇင်း ၂၀၁၁၊ ဇန်နဝါရီလနှင့် အမှတ် (၁၇၄)

၃။ ဂမ္ဘီရမဂ္ဂဇင်း အမှတ် (၆၉)


၄။ ဝေါပကန်ိဗုဒ္ဓဝတ်အသင်းအဖွဲ့၏ ဇေယျာသိဒ္ဓိကျောင်းတော်သစ်ကြီးသမိုင်း

၅။ ရတနာပုံသတင်းစာ အတွဲ(၁၈) အမှတ် (၂၅၆)



www.burmeseclassic.com

www.burmeseclassic.com




ညဉ့်သန်းခေါင်ယံ အချိန်အခါမှာ အမျိုးအမည် အနွယ်အားဖြင့် မထင်ရှားတဲ့ နတ်သားတစ်ယောက် ရောက်လာပြီးတော့ ကျောင်းတိုက် အာရာမ်အတွင်းကို ကိုယ်ရောင်၊ တန်ဆာအရောင်၊ တန်ခိုးဣဒ္ဓိပါဒ်အရောင်တို့ဖြင့် ထွန်းလင်းတောက်ပစေပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို အရိုအသေ အလေးအမြတ် ရှိခိုးဦးချပြီးတော့မှ အမေးပုစ္ဆာ ပြဿနာ မေးပါတယ်။

အန္တောဇဋာ ဗဟိဇဋာ၊
ဇဋာယ ဇဋိတာ ပဇာ။
တံတံ ဂေါတမ ပုစ္ဆာမိ၊
ကော ဣမံ ဝိဇဋယေ ဇဋံ။

## နွယ်တော်မည်ရ ဂေါတမ

အနွယ်တော်အရ ဂေါတမဟု နာမထင်ရှား အို- ရှင်တော်မြတ်ဘုရား၊ ဘုန်းကြီးတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ဗုဒ္ဓတို့၊ ဘဂဝါတို့၊ အခု ဂေါတမတို့ စသည်ဖြင့် ခေါ်တာဟာ ခေါ်ပုံချင်း မတူဘူး။ ဂေါတမလို့ ခေါ်တာက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဂေါတမ အနွယ်မှာဖြစ်လို့ အနွယ်တော်အရ ဂေါတမ လို့ခေါ်တာ။

အခု ဇိနလို့ ခေါ်တာက မာရ်ငါးပါးကို အောင်တော်မူတဲ့ ဂုဏ်တော်ကြောင့် ဇိနလို့ ခေါ်တာ။

ဘဂဝါလို့ ခေါ်တာက ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူလို့ ဘဂဝါလို့ခေါ်တာ။ ဗုဒ္ဓလို့ ခေါ်တာက သစ္စာလေးပါး တရားကို ထိုးထွင်းသိလို့ ဗုဒ္ဓလို့ ခေါ်တာ။

အဲဒီအမည်တွေက ဂုဏ်တော်ရဲ့ အမည်တွေပါ။ အခု ဂေါတမလို့ ခေါ်တာက အနွယ်ရဲ့အမည်။ နတ်သားတွေက မြတ်စွာဘုရားကို အများအားဖြင့် အဲဒီလို အနွယ်နဲ့ပဲ ခေါ်လေ့ရှိဝါယ်။

သာသနာတော်နှစ် ၂၅၃၇၊ ကောဇာသက္ကရာဇ် ၅၆ ခုနှစ် နွေဥတု နှောင်းတန်ခူးလဆန်း ၇ ရက်၊ နှစ်ဆန်း ၁ ရက်နေ့ ညတွင် ရှစ်မိုင် ပေါက်စေတီကျောင်းတိုက်၌ ကျင်းပအပ်သော ဓမ္မာနုပဿနာသတိပဋ္ဌာန်တရား အလုပ်ပေးပွဲ၌ ဟောကြားအပ်သော သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌လာသော "ကြခတ်ဝါးရုံပမာ ရှုပ်တကျော" တရားတော်တဲ့။ ဘုန်းကြီးတို့ ကြခတ်ရုံပမာ အတွင်းရှုပ်၊ အပြင်ရှုပ်တဲ့ တကျော့ရှုပ်တရားအကြောင်းကို ဟောကြ၊ နာကြရအောင်။

"ကြခတ်ရုံပမာ ရှုပ်တကျော" တရားကို ဟောကြနာကြဖို့ ဆိုတော့ ဒီတရားကို ဘုန်းတော်ခြောက်ပါးသခင် တရားမင်း ဥရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်အချိန်၊ ဘယ်ဌာန၊ ဘယ်လောကမှာ သီတင်းသုံးတော်မူစဉ်၊ ဘယ်ပုဂ္ဂိုလ် ... ကြောင်းပြုပြီးတော့ ဟောကြားတော်မူတာလဲ ဆိုတော့ ... ခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ... ဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတဲ့အခိုက်

## တွင်းပြင်ချည်တုပ် တကျော့ရှုပ်

ယာအန္တောဇဋာ - ကိုယ့်အတွက် ကိုယ့်ဟာ ကိုယ့်ဥစ္စာနှင့် ကိုယ်ပါချည်တုပ် အပြင်တကျော့တည်း ဟူသော အတွင် ရှုပ်သည်လည်းကောင်း၊ ဘုန်းကြီးတို့ ပရိသတ်တွေ ဒီပဋိစ္စသမုပ္ပာဒ် ဒေသနာတော်မှာရှိနေတဲ့ အဝိဇ္ဇာနဲ့ တဏှာ နှစ်ခု မရှိဘူးလား။

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၃)

www.burmeseclassic.com

အတိတ်အကြောင်းက အဝိဇ္ဇာ၊ ပစ္စုပ္ပန်အကြောင်းက တဏှာ။ ကိုယ့်ကိုယ်ကိုယ် ခင်တာလည်း တဏှာ၊ ကိုယ့်ပစ္စည်းတွေ ခင်တာလည်း တဏှာ၊ ကိုယ့်ဇနီးမယား၊ ကိုယ့်လင်ယောက်ျား ကိုယ့်သားသမီးတွေကို၊ ကိုယ့်ဆွေမျိုးသားချင်းတွေကို ခင်တာလည်း တဏှာ။ အဲဒါ အတွင်းရှုပ်လို့ ခေါ်တယ်။

## ကြခတ်ရုံပမာ ရှုပ်တဏှာ (ဝါ) တိုယ်ချင်းသွယ်ယှက် အထွတ်ခက်

ကြခတ်ရုံတစ်ရုံထဲက ဝါးလုံးတစ်လုံးကို ခုတ်ပြီးရင် ဆွဲထုတ်ပစ်စမ်း၊ ဆွဲထုတ်ပစ်လို့ လွယ်လား။ ဘာဖြစ်လို့ မလွယ်တာလဲ၊ ရှုပ်နေတာ။ ဒီဘက်အကိုင်းက ဟိုဘက်အကိုင်းကို သွားပြီးရှုပ်၊ အခု ယောဂီတွေလည်း အိမ်တနေထွက်စမ်း။ ထွက်လို့ရလား။ ဘာလို့ ထွက်လို့ မရတာလဲ။

ကိုယ်ကလည်း သွားပြီးတော့ သားသမီးတွေ၊ ပစ္စည်းတွေ အိုးတွေ၊ အိမ်တွေကို မခင်ဘူးလား။ သားတွေ၊ သမီးတွေ ဇနီး လင်ယောက်ျားတွေက ကိုယ့်ကို မခင်ဘူးလား။ ကြခတ်ရုံအတိုင်းတွေပမာ ဟိုအကိုင်းက ဒီထိုး၊ ဒီအကိုင်းက ဟိုထိုးဆိုတော့ အပင်တော့ ဖြတ်ပြီးပြီ။ အခြေဖြတ်ပြီးပြီ။ ဆွဲမယ်ဆိုတော့ ဆွဲလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ အတွင်းရှုပ်နေလို့။ အဲဒါကြောင့် နတ်သားကမေးတာက "ယာအန္တောဇဋာ - ကိုယ့်အတွက် ကိုယ့်ဟာ ကိုယ့်ဥစ္စာနှင့် ကိုယ်ပါချည်တုပ်၊ ယောဂီတွေ ဘာနဲ့ချည်တုပ်ထားလဲ။ တဏှာနဲ့ချည်တုပ်ထားတာ။ တဏှာနဲ့ ချည်တုပ်ထားတဲ့ အချိန်အခါကျတော့ ကိုယ့် သွားချင်ရာကို သွားလို့ရလား။ ဘာလို့ မရတာလဲ။ တုပ်ထားလို့။ ဘယ်သူ့တဏှာလည်းဆိုတော့ ကိုယ့်တဏှာက ကိုယ့်ကို တုပ်ထားတာ။ ကိုယ့်ပစ္စည်းတွေနဲ့ ကိုယ်နဲ့ရော၊ ကိုယ့်အိမ်နဲ့ ကိုယ်နဲ့ရော၊ ကိုယ့်ဇနီးမယားနဲ့ ကိုယ်နဲ့ရော၊ ကိုယ့်သားသမီးတွေနဲ့ ကိုယ်နဲ့ရော၊ ကိုယ့်လင်ယောက်ျားနဲ့ ကိုယ်နဲ့ရော မတုပ်ဘူးလား။ တုပ်ပါတယ်။

အေး. . . အဲဒါကြောင့် "ယာအန္တောဇဋာ - ကိုယ့်အတွက် ကိုယ့်ဟာ ကိုယ့်ဥစ္စာနှင့် ကိုယ့်ပါချည်တုပ် အပြင်တဏှာတည်းဟူသော အတွင်းရှုပ်သည်လည်းကောင်း၊ ယာဗဟိဇဋာ - သူ့အတွက် သူ့ဟာ သူ့ဥစ္စာနှင့် သူပါချည်တုပ် အပြင်တဏှာတည်းဟူသော အပြင်ရှုပ်သည်လည်းကောင်း၊ အပြင်မှာလည်း သွားမရှုပ်ဘူးလား။ အပြင်မှာလည်းရှုပ်၊ အတွင်းမှာလည်းရှုပ်၊ နှစ်ရှုပ် ရှုပ်တယ်။

## သပွတ်အူပမာ ရှုပ်တဏှာ

ဘုန်းကြီးတို့ ဘယ်လိုဖြစ်နေလဲဆိုတော့ သပွတ်အူလိုက်နေရော့လို့ မပြောဘူးလား။ အေး. . . အဲဒါ ဘယ်သူရှုပ်နေသလဲဆိုတော့ တဏှာတည်းဟူသော အရှုပ်၊ ဒီတဏှာတည်းဟူသော အရှုပ်ကို မရှင်းနိုင်သမျှ ကာလပတ်လုံး ဘုန်းကြီးတို့ ပရိသတ်တွေ သံသရာထဲက ထွက်နိုင်ပါ့မလား။

အဲဒါကြောင့် ယာ ဗဟိဇဋာ - သူ့အတွက် သူ့ဟာ သူ့ဥစ္စာနှင့် သူ့ပါချည်တုပ် အပြင်တဏှာတည်းဟူသော အပြင်ရှုပ်သည်လည်းကောင်း၊ သံဝိဇ္ဇတိ - လောကလုံးတွင် အသုံးဝင်၍ ထုံးတွင်အမည် ထင်ရှားရှိနေတတ်ပါ၏။ လောကထဲမှာတော့ ဒီတဏှာဟာ အသုံးမကျဘူးလား။ လောကထဲမှာတော့ ဒီတဏှာမရှိရင်လည်း မစိုပြည်ဘူးနော်။ တစ်ယောက်နဲ့တစ်ယောက် ခင်တယ် မင်တယ်ဆိုတာက ဘယ်သူနဲ့ ခင်တာလဲ။ တဏှာနဲ့ခင်တော့၊ အဲဒါကြောင့် မိမိတို့က ခင်တယ်ဆိုတာမှလည်း သူက သဘောကျတာဆိုတော့၊ ခင်ကြ မင်ကြတော့၊ ခင်တယ်ဆိုကတည်းက အဲဒါ ဘာလုပ်လိုက်တာလဲ။ ချည်လိုက်ပြီ၊ တုပ်လိုက်ပြီတဲ့။

အဲဒီတော့ မိမိတို့ အခု တစ်နေရာကနေ တစ်နေရာမသွားတာက မုန်းတဲ့သူတွေအတွက် မထွက်နိုင်တာလား။ ခင်တဲ့သူတွေအတွက် မထွက်နိုင်တာလား။ ခင်တဲ့သူအတွက် မထွက်နိုင်တာ။ မုန်းတဲ့သူတွေအတွက်ကတော့ မထွက်နိုင်ဘူးလား။ "တော်ပြီ တော်ပြီ နင်နဲ့ငါနဲ့ အတူတူမနေတော့ဘူး" ဆိုပြီး ထွက်သွားလို့ မရဘူးလား။ ခင်တဲ့သူတွေအတွက်ကတော့ ထွက်နိုင်သေးလား။

အဲဒါ သူကလည်း ကိုယ့်ကို မချည်ထားဘူးလား။ ဘာနဲ့ချည်ထားလဲ။ တဏှာနဲ့ ချည်ထားတယ်။ အေး သူကလည်း ကိုယ့်အတွက် ထွက်နိုင်သေးလား။ ကိုယ်ကလည်း သူ့သွားမချည်ဘူးလား။ ကိုယ်ကလည်း သူ့အတွက်ကြောင့် မထွက်နိုင်ဘူး။ အဲဒါ ဘယ်သူလုပ်နေတာလဲ။ အပြန်အလှန် ချည်ထားတာနော်။ အဲဒါ ယောဂီတို့က ကြိုးတန်းလန်းနဲ့ နေချင်လား၊ လွတ်လွတ်လပ်လပ် နေချင်လား။ လွတ်လွတ်လပ်လပ် နေချင်ပါဘူး။ လိုက်လိုက်ချည်နေတာ။ တဏှာကြိုးတန်းလန်းနဲ့ နေချင်တာ။

ဒီလိုဆို ယောဂီတွေက ဘာလဲဆိုတော့ ငှက်တွေပေါ့လေ။ ငှက်တွေဟာ သူ့ဟာသူ လွတ်လွတ်လပ်လပ် သွားနေတာ မကောင်းဘူးလား။ တံငါသည်တွေကနေပြီး ငှက်များချိတ်မှာ ငါးစာလေး ဟပ်ပြီးတော့ ငှက်များတော့ ငှက်တွေ သွားဟပ်တယ်။ ကြိုးတန်းလန်းနဲ့ ငှက်များချိတ် စူးခံနေရတယ်။ သွားဟပ်တော့ ဘယ်လိုလုပ်ခံရသလဲ။ ကြိုးတန်းလန်းနဲ့ဆိုတော့ တံငါသည်လုပ်သလို မခံရဘူးလား။ သူ့ဟာသူ နဂိုမဟပ်ခင် ဘုန်းက ဘာဖြစ်သလဲ။ မခံရဘူး။ အခု သွားလည်းဟပ်ရော မခံရဘူးလား။

ဒါဖြင့် ငါးစာ စားရတာနဲ့၊ ငှက်များချိတ် ခံရတာနဲ့ ဘယ်ဒဏ်ရာက ကြီးလဲ။ ငှက်များချိတ် စူးခံရတဲ့ဒဏ်ရာက ကြီးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အခုလည်း ယောဂီတို့က ဘာလုပ်နေကြတာလဲဆိုရင် ဟပ်နေကြတယ်။ အာရုံငါးပါးမှာ သွားပြီးမဟပ်ဘူးလား။ ဟပ်တော့ ဟိုကမချည်ဘူးလား။ ချည်တော့ လှုပ်နိုင်သေးလား။ မလှုပ်နိုင်တော့ အဲဒီလိုပဲ နေကြတော့။ အခု မနက်ဖြန်ခါ သန်ဘက်ခါ အိမ်ပြန် ဘာလုပ်မှာလဲ မေးရင် "နင်ကလဲ ငါ့ချည်၊ ငါကလဲ နင့်ချည်၊ နင်လဲ မသွားနဲ့၊ ငါလဲ မသွားတော့ဘူး"။ ဟုတ်ပြီလား။

အေး. . . အဲဒါကြောင့် ဘုန်းကြီးကလေ စဉ်းစားတယ်။ ဒီလူတွေ ငါပြောလို့လည်း ကျွတ်မှာလည်းမဟုတ်ဘူး။ ငါပဲ ဒုက္ခရောက်မှာပဲ။ အေး ကျွတ်မှာလား။ သူက ဒီလာတော့ ယောင်တောင်ပေါင်တောင်နဲ့ ဟုတ်သလိုလိုနဲ့ အပြီးသတ်ကျတော့ "ကဲ. . ချည်ကြပါတော့" ဆိုပြီး ခေါင်းလျှိုပြီးတော့ မဝင်သွားဘူးလား။ ကဲ. . လွတ်လွတ်လပ်လပ် ထွက်မလား၊ အချည်ခံမလား မေးရင် ဘယ်လိုပြောမလဲ။ ဘယ်လို့မှ မထွက်နိုင်ဘူး။ ကဲ. . အခု ဒီမှာကြည့်၊ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်ကလေးတောင်မှ ပြန်ချင်လှပြီတဲ့။ အချည်ခံချင်လှပြီတဲ့။ ကြည့်စမ်းပါဦး။ ဘုန်းကြီးက စဉ်းစားကြည့်တယ်။ ငါ မိုက်တာပဲ။ မကျွတ်နိုင်တဲ့သူတွေ သွားချွတ်တော့ မမိုက်ဘူးလား။ မိုက်ပါတယ်။

အဲဒါကြောင့် ဘုန်းကြီးက ဒီနတ်သားမေးတာ သဘောကျလွန်းလို့၊ ဒီတဏှာဟာ ဒီလောကကြီးကို ရှုပ်နေတာ သူပဲနော်။ ယာအန္တောဇဋာ ကိုယ့်အတွက် ကိုယ့်ဟာ ကိုယ့်ဥစ္စာနှင့် ကိုယ့်ပါချည်တုပ် အပြင်တဏှာတည်းဟူသော အတွင်းရှုပ်သည်လည်းကောင်း၊ ယာဗဟိဇဋာ - သူ့အတွက် သူ့ဟာ သူ့ဥစ္စာနှင့် သူပါချည်တုပ် အပြင်တဏှာတည်းဟူသော အပြင်ရှုပ်သည်လည်းကောင်း၊ သံဝိဇ္ဇတိ - လောကလုံးတွင် အသုံးဝင်လျက် ထုံးတွင်အမည် ထင်ရှားရှိနေခဲ့ပါပေ၏။

လောကထဲမှာတော့ အသုံးဝင်၏။ လောကထဲမှာတော့ အသုံးဝင်ပြီး လောကထွက်မြောက်မှု မရှိရင်တော့ သူ့ကိုမှ မပယ်ဖြတ်နိုင်ရင် လောကထဲက ဘယ်လိုမှမထွက်တော့ဘူး။ "အတွင်းအပ မကင်းရအောင် ပြင်းပြချုပ်ထား၊ ထိုတဏှာတည်း ဟူသော အရှုပ်တရားသည်" အတွင်းမှာလည်း သေသေသပ်သပ် ချည်လို့ တုပ်လို့၊ အပြင်မှာလည်း ‌ေသေသေသပ်သပ် ချည်လို့ တုပ်လို့။

ပဇာ - သူရောကိုယ်ပါ များစွာသောင်းသောင်း လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို၊ အကုန်မပါဘူးလား။ သူရော ကိုယ်ပါဆိုတော့ ဟောတဲ့ဘုန်းကြီးလည်း ပါတာပဲ။ ဒီတဏှာ နယ်ပယ်ထဲက မလွတ်တဲ့ပုဂ္ဂိုလ် အကုန်မပါဘူးလား။ ဇဋိတာ - ကမ္ဘာဆက်တိုင်း ဘဝဆက်တိုင်းတွင် ရစ်ဝိုင်းတုပ်ခွေ မလှုပ်လေအောင် ရှုပ်လေအပ်ပါ၏။ အတော်ကြောက်စရာကောင်းတယ်နော်။ ဘယ်နှဘဝလဲ။ ဘဝဆက်တိုင်း ချည်တယ်။ ဘယ်နှကမ္ဘာလဲ။ ကမ္ဘာတိုင်း ချည်တာပဲနော်။ ကြိုးကို မဖြေ

ဖြတ်နိုင်သေးသမျှ ကာလပတ်လုံး သူ့ရဲ့အချည်အတုပ်ကို မခံရဘူးလား။ အေး, အဲဒီလိုခံရတော့ ဒီလိုပဲ ငြိမ်နေလို့ ရှိရင်လည်း သူ့တဏှာ အချည်အတုပ်ကိုပဲ မခံနေရဘူးလား။

ဇဋိတာ - ကမ္ဘာဆက်တိုင်း ဘဝတိုင်းတွင် ရစ်ဝိုင်းတုပ်ခွေ မလှုပ်လေအောင် မဖြုတ်လေအောင် ရှုပ်လေအပ်ပေသောကြောင့် ဒီတဏှာနဲ့ တစ်ခါတည်းမလှုပ်အောင် လိုက်လိုက်ပြီးတော့ မရှုပ်ဘူးလား၊ ရှုပ်ပါတယ်၊ မတုပ်ဘူးလား၊ တုပ်ပါတယ်။

တံတသ္မာ - ထို့အတူမကွာ တဏှာတုပ်ခွေ မလှုပ်အောင် ရှုပ်လေအပ်သောကြောင့်၊ တံ - ထိုတဏှာပွေရှုပ် အဖြေပြုတ်အောင် ဖြေဖြုတ်နိုင်ကြောင်း တရားကောင်းကို၊ နတ်သားက ဒီတဏှာအရှုပ်ကို ဒီဖြေဖြုတ်နိုင်တဲ့ တရားကောင်းကို တပည့်တော် သိချင်ပါတယ်တဲ့။

သူက ဘဝတိုင်း ဘဝတိုင်း ရှုပ်တော့ ကိုယ်သွားချင်တာ ကိုယ်သွားလို့ရလား။ ကိုယ်လုပ်ချင်တာလည်း ကိုယ်လုပ်လို့ရလား။ ကိုယ်နေချင်တာကော နေလို့ရလား။ ကိုယ်ကျင့်ချင်တဲ့တရားလည်း ကျင့်လို့ရလား။ ဘယ်သူက ရှုပ်တာလဲ။ ဘယ်သူက တုပ်တာလဲ။ အခုပဲ စခန်းမှာ ပျော်ပါတယ်ဆိုပြီးတော့ နေချင်ပါတယ်။ နေလို့ရလား။ သူက တုပ်ထားပြီးတော့၊ ချည်ပြီးတော့ ပြန်ပြီးတော့ မဆွဲဘူးလား။

ဆွဲဆောင့်လိုက်တော့ ဘယ်သူဆွဲရာ ပါသွားလဲ။ တဏှာဆွဲရာ ပါမှာလား။ ဘုန်းကြီးဆွဲရာ ပါမှာလား။ တဏှာဆွဲရာ ပါမယ်။ "အမယ်လေး နာလိုက်တာ၊ သူတို့ပဲ ပြောရဲတယ်၊ ပြောင်ပြောင်ပဲ" ဟုတ်တယ်။ သူတို့ တဏှာဆွဲရာ ပါနေတာ။ ဥပုသ်စောင့်ရင်းလည်း ညစာတွေခိုးစား။ ဒါ ဘယ်သူဆွဲရာ ပါတာလဲ။ တဏှာဆွဲရာ ပါတာ။ ပြီးတော့ မိတ်ကပ်တွေလည်း ခိုးလိမ်း၊ မလုပ်နဲ့။ ရန်ကုန်ယောဂီတွေ နာမည်ပျက်တယ်။ ဒီ့ပြင်ယောဂီထက် ရန်ကုန်ယောဂီတွေ မိတ်ကပ်လူးတာ။ ပြီးတော့ မိတ်ကပ်လိမ်းတာ ဘယ်သူလဲတဲ့။ အဘွားကြီးတွေတဲ့။ အဘွားကြီးတွေ မိတ်ကပ်လိမ်းတယ်ဆိုတာ အဲဒါကြားတယ်။

ဘုန်းကြီးက နားမလည်မှာစိုးလို့ သေသေချာချာ သိက္ခာပုဒ်ထဲမှာကိုက "သာသနာတော် ငြောင့်တံကျင်သဖွယ်ဖြစ်သော ကိုယ်တိုင်ကခြင်း၊ သူတစ်ပါးကို ကခိုင်းခြင်း၊ ကိုယ်တိုင် တီးမှုတ်ခြင်း၊ သူတစ်ပါးကို တီးမှုတ်ခိုင်းခြင်း၊ သူတစ်ပါး တီးမှုတ်တာကို နားထောင်ခြင်း၊ ကိုယ်တိုင်သီဆိုခြင်း၊ သူတစ်ပါးကို သီဆိုခိုင်းခြင်း၊ သူတစ်ပါး သီဆိုတာကို နားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း" မပါဘူးလား။ မသိမှာစိုးလို့ သေချာ ဘာသာပြန် အနက်ပေးတာ။

နံ့သာပျောင်းတို့ဖြင့် အပြေအပြစ်၊ နံ့သာပျောင်းဆိုတာ မိတ်ကပ်ကိုပြောတာ။ နောက်တစ်ခါဆိုရင် မိတ်ကပ်တို့ဖြင့် အပြေအပြစ်လူးခြင်း ပြင်ထည့်ပေးရမလို ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

နှံ့သာပျောင်းတို့ဖြင့် အပြေအပြစ် ပြုတယ်ဆိုတာ ဟိုမှာ ညည်းနေတာကို ဖြူအောင်လုပ်ပေးရတာ။ ချိုင့်နေတာကို ဖို့ပေးရတာ။ အဲဒါကို အပြေအပြစ်ပြုတယ်လို့ ခေါ်တာ။

အဲဒီလို အပြေအပြစ်ပြုတာ၊ နံ့သာပျောင်းတို့ဖြင့် အပြေအပြစ်၊ အတင့်အတယ်ပြုခြင်းတို့မှ ရှောင်ကြဉ်ကြောင်း ပြုသော သိက္ခာပုဒ်လို့ မဆိုရဘူးလား။ အဲဒါ ကိုယ့်ကိုယ်ကိုယ် လှချင်ပချင်တာလည်း ဘယ်သူက လှချင်ပချင်တာလဲ။ တဏှာ။ လှအောင်ပအောင် လုပ်တော့လည်း ဘယ်သူလဲ။ တဏှာ။ အဲဒီ တဏှာကြောင့် သိက္ခာပုဒ်ပျက်သွားတာ။ တဏှာကြောင့် သိက္ခာပုဒ်ပျက်သွားတော့ တဏှာက အပါယ်ကိုလည်း ဆွဲမချဘူးလား။

ဘုန်းကြီးတို့ ဗျသနတရား ငါးပါးဆိုတာ မရှိဘူးလား။ ဉာတိဗျသန - ဆွေမျိုးပျက်တယ်။ ဘောဂဗျသန - စီးပွားပျက်တယ်။ ရောဂဗျသန - ကျန်းမာရေးပျက်တယ်။ သီလဗျသန - သီလပျက်တယ်။ ဒိဋ္ဌိဗျသန - အယူမှန်ပျက်တယ်။

ဗျသနတရား ငါးမျိုးပျက်တာမှာ ဘုန်းကြီးတို့ ဉာတိဗျသန - ဆွေမျိုးပျက်မှာလည်း မကြောက်ဘူးလား။ ဘောဂဗျသန - စီးပွားပျက်မှာလည်း မကြောက်ဘူးလား။ ရောဂဗျသန - ကျန်မာရေးပျက်မှာလည်း မကြောက်ဘူးလား။ သီလဗျသန - သီလပျက်မှာတော့ ကြောက်လား၊ မကြောက်ဘူး၊ သီလက သူများဖျက်လို့ ရမလား။ ကဲ ဘယ်သူဖျက်တာလဲ။ ကိုယ့်သီလ ကိုယ့်ဟာကိုယ်ဖျက်တာ။

အေး ဒိဋ္ဌိဗျသန - အယူမှန်ပျက်တယ်ဆိုတာ ဘုရားက ဘာဟောတယ်။ "ရဟန်းတော်များ အိုချစ်သားတို့၊ ဉာတိဗျသန - ဆွေမျိုးပျက်လို့၊ ဘောဂဗျသန - စီးပွားတွေပျက်လို့ ရောဂဗျသန - ကျန်းမာရေးပျက်လို့၊ ဒီသုံးမျိုးပျက်လို့သေရင် အပါယ်မကျဘူး၊ ဟုတ်ပြီလား၊ သီလဗျသန - သီလပျက်မယ်၊ ဒိဋ္ဌိဗျသန - အယူမှန်ပျက်မယ်ဆိုရင်တော့ သေရင် အပါယ်ကျပြီ"။

ကဲ အပါယ်က လာခေါ်တာလား။ သီလပျက်လို့ ကျတာလား။ သီလပျက်လို့ကျတာ။ အေး အပါယ်က လာခေါ်တာလား။ သီလပျက်လို့ ကျတာလား။ သီလပျက်လို့ ကျတာ။ အေး အပါယ်က လာခေါ်တာလား။ အယူမှန်ပျက်လို့ ကျတာလား။ အယူမှန်ပျက်လို့ ကျတာ။ ဆွေမျိုးတွေရှိနေပြီး ဆွေမျိုးက မပျက်ဘူးလား။ မပျက်အောင် ဘယ်လိုတားလို့ ရမှာလဲ။ ဆွေမျိုးနည်းနည်းရှိ နည်းနည်းမပျက်ဘူးလား။ များများရှိ များများမပျက်ဘူးလား၊ ဆွေမျိုးပျက်ရုံနဲ့ သေရင် အပါယ်မကျဘူး။

စီးပွားရှိရင်လည်း စီးပွားက မပျက်ဘူးလား။ ပျက်မှာလား။ အနည်းနဲ့အများ၊ အေး အဲဒီစီးပွားပျက်ရုံနဲ့ သေရင် အပါယ်မကျဘူး။ စီးပွားရှိရင်လည်း စီးပွားက မပျက်ဘူးလား။ ပျက်မှာလား။ အနည်းနဲ့အများ။ အေး အဲဒီစီးပွား ပျက်ရုံနဲ့ သေရင် အပါယ်မကျဘူး။ ကိုယ်ရှိရင်လည်း ရောဂါက မဖြစ်ဘူးလား။ ကျန်းမာရေး ပျက်မယ်။ ကျန်းမာရေး ပျက်ရုံနဲ့လည်း သေရင် အပါယ်မကျဘူး။

ဘာပျက်ရင် အပါယ်ကျမလဲ။ သီလပျက်ရင် အပါယ်ကျမယ်။ အယူမှန်ပျက်ရင် အပါယ်ကျမယ်။ မိမိတို့က ကြောက်တာဟာ စီးပွားပျက်မှာကြောက်တယ်။ ဆွေမျိုးပျက်မှာ ကြောက်တယ်။ ကျန်းမာရေးပျက်မှာ ကြောက်တယ်။ သီလပျက်မှာကျတော့ ကိုယ့်ဟာကိုယ် ဖျက်ဖျက်ပစ်တယ်။ "စား၊ ဂီလာနဆို စားကောင်းတယ်" လာသေးတယ်။ ကဲ အခု ဂီလာနမဟုတ်ဘဲနဲ့ သနပ်ခါးလိမ်းတယ်ဆိုတာ ဘာမှလည်း အနှစ်သာရလည်း ရှိတာမဟုတ်ဘူး။ သီလပျက်သွားတယ်။ ဗိုက်ဝရင် တော်သေးတယ်။ ဟို ခိုးစားတာမှ ဗိုက်နည်းနည်း ဝလို့ တော်သေးတယ်။ အခု ဗိုက်လည်းမဝဘဲနဲ့ ပျက်တာ ဘယ်သွားကောင်းမလဲ။

အေး အဲဒါကြောင့်မို့ ဘယ်သူက ရှုပ်တာလဲမေးရင် တဏှာရှုပ်တာ။ တဏှာအရှုပ်ကြောင့် တဏှာက ဘာလဲ။ ကိလေသဝဋ်။ ဖြီးချင် လိမ်းချင်တာက ကိလေသဝဋ်။ ဖြီးလိုက် လိမ်းလိုက်တော့ ကမ္မဝဋ်ဖြစ်သွားပြီ။ အေး အဲဒီကော့ ခံရလို့ ရှိရင် ဘာဝဋ်ဖြစ်သွားလဲ။ ဝိပါကဝဋ်။ ကဲ ဝဋ်သုံးပါး မလည်ဘူးလား။ တရားအားထုတ်တာ ဝဋ်ထွက်အောင် ထုတ်တယ်။ ကိုယ်ကနေပြီးတော့ ဝဋ်လည်တဲ့အလုပ် လုပ်တယ်ဆိုတော့ ဝဋ်က ထွက်ပါဦးမလား။

အေး စားချင် သောက်ချင်တာက ဘာဝဋ်လဲ။ ခိုးစားချင်တာလေ၊ ကိလေသဝဋ်။ ခိုးစားတော့ ဘာဝဋ်ဖြစ်သွားလဲ၊ ကမ္မဝဋ်။ ခိုးစားလို့ ခံရတော့ ဘာဝဋ်ဖြစ်သွားလဲ၊ ဝိပါကဝဋ်။ စားရတာနဲ့ မထေမိဘူး။ သီလပျက်သွားတာကိုး။ သီလပျက်သွားတဲ့ အချိန်အခါကျတော့ ငရဲကို ကျမှာနော်။ အဲဒါကြောင့် ငရဲက လာခေါ်တာလား။ ကိုယ်ကနေပြီးတော့မှ ငရဲကို တည်ထောင်တာလား။ ကိုယ်က ငရဲကို တည်ထောင်တာ။

အကုသိုလ်ကံ ဖြစ်ပြီဆိုရင် ကမ္မဘဝပစ္စယာဇာတိ တဲ့။ ကမ္မဘဝပစ္စယာ - ခိုးစားတဲ့ အကုသိုလ်ကံကြောင့်၊ ဇာတိ - ငရဲ ဇာတိသည် ကံပဝတ္တိ ဖြစ်၏။ ဒီငရဲက အလိုလိုပေါ်လာတာလား၊ ခိုးစားတဲ့ ကံကြောင့်လား။ အဲဒီလိုပါပဲ၊ ဒီငရဲက အလိုလိုပေါ်လာတာလား၊ ခုနက မိတ်ကပ်ခြယ်တဲ့အကုသိုလ်ကံကြောင့်လား။ မိတ်ကပ်ခြယ်တဲ့ အကုသိုလ်ကံကြောင့် ငရဲက ပေါ်လာသည်။ ကမ္မဘဝ ပြီးတော့ ဇာတိလေ။ လွှဲလို့ မရဘူး။ ဒါဟာ သေချာပေါက်။ ကမ္မဘဝ ပစ္စယာဇာတိ - ကုသိုလ်ကံကြောင့် ကုသိုလ်ဇာတိ မပေါ်ဘူးလား။ ဒါ သေချာပေါက် ဘယ်လိုမှ လွှဲလို့ မရဘူးနော်။

ပဋ္ဌာန်းမှာ ဘုန်းကြီးတို့ ကမ္မပစ္စည်းဆိုတာ မရှိဘူးလား။

ကမ္မပစ္စယောတိ - ကုသလာ ကုသလံ ကံမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော။



www.burmeseclassic.com

www.burmeseclassic.com

ကုသလာ ကုသလံ ကမ္မံ - ကုသိုလ်ကံ၊ အကုသိုလ်ကံသည်၊ ဝိပါကာနံ ခန္ဓာနံ - ဆိုတာ ဝိပါက်ခန္ဓာဆိုတာ မရှိဘူးလား။ ကုသိုလ်ကံက ကုသိုလ်ဝိပါက်ခန္ဓာ၊ အကုသိုလ်ကံက အကုသိုလ်ဝိပါက်ခန္ဓာကို ပေးတဲ့။ အဲဒါ သေချာပေါက်ပဲ။ ဒါ လွှဲလို့ မရဘူး။

အဲဒါကြောင့် နတ်သားက ဒီတဏှာကို ကြောက်လွန်းလို့ တဏှာခိုင်းရာကို မိမိတို့က လုပ်နေရတာ။ ဘယ်သူခိုင်းရာ လုပ်နေရတာလဲ။ တဏှာခိုင်းရာ လုပ်နေရတာ။

* လူတို့ပြည်၌ရှာ ဤကမ္ဘာ တဏှာအုပ်စိုးသည်။

* တဏှာခိုင်းရာ မနေသာ ဖွေရှာလုပ်ရသည်။

တဏှာခိုင်းရာဆိုတော့ "နင့်ကိုယ်နင် လှအောင် မိတ်ကပ်တွေ ဘာတွေ လိမ်း လိမ်း" လို့ မခိုင်းဘူးလား။ အဲဒီတော့ သူ့အမိန့် မလွန်ဆန်နိုင်တော့ ဘာလုပ်ရလဲ၊ လိမ်းရတာပေါ့။ "နင့်ဗိုက်ဆာလို့ရှိရင် အစာအိမ်ရောဂါ ဖြစ်လိမ့်မယ်၊ ခိုးစား ခိုးစား" ကဲ မခိုင်းဘူးလား၊ ခိုင်းလား။ သူတို့ပဲ ဆင်ခြေပေးတတ်တယ်။ ဗိုက်ဆာလို့ရှိရင် အစာအိမ်ရောဂါ ဖြစ်တတ်တယ်တဲ့။ ဘာမှ မဖြစ်ဘူး။ အဲဒီလိုဆိုရင် ဘုန်းကြီးတွေ သေပြီပေါ့။ အစာအိမ်ရောဂါဖြစ်တာ။ အခု အစာအိမ်ရောဂါဖြစ်တာ ဘုန်းကြီးတွေဖြစ်တာလား၊ လူတွေဖြစ်တာလား။ တစွတ်စွတ်စားတဲ့လူတွေ ဖြစ်တာ။

အစာအိမ်ဆိုတာက ဘာနဲ့တူသလဲဆိုရင် စက်နဲ့တူတယ်။ အနားပေးပြီးတော့ မောင်းတဲ့စက်နဲ့၊ မပြတ်မောင်းတဲ့စက်နဲ့ ဘယ်စက်က မြန်မြန်ပျက်လဲ။ မပြတ်မောင်းတဲ့စက်က မြန်မြန်ပျက်ပါတယ်။ အဲဒါ ဘုန်းကြီးတွေဆိုလို့ရှိရင် ညစာ စားရသေးလား။ အနားပေး အနားပေး မောင်းတာ။ အခု လူတွေမှာကျတော့ ကြုံသမျှစား၊ ဆုံသမျှစားဆိုတော့ ဒီစက်က အစာအိမ်ဆိုတဲ့ စက်ကြီးက အနားရသေးလား။ ရောဂါဖြစ်တာနော်။

ဘုန်းကြီးတို့ အစာအိမ်ရောဂါသမားတွေ တရားအားထုတ်လို့ ပျောက်တာ တစ်ပုံကြီးပဲရှိတယ်။ ဘုန်းကြီးတို့ လက်တွေ့အရ တွေ့ရသမျှသည် ဟောဒီအစာအိမ်ရောဂါသမားတွေ ပျောက်တယ်။ နှလုံးရောဂါ ပျောက်တယ်။ သွေးတိုးရောဂါ ပျောက်တယ်။ အညောင်းအကိုက် အတက်အချက်ရောဂါတွေပျောက်တာ အများဆုံး တွေ့ရတယ်။

အဲဒါကြောင့်မို့လို့ "တံ - ထိုတဏှာပွေ့ရှုပ် ဖြေထုတ်နိုင်သော တရားကောင်းကို၊ ပုစ္ဆာမိ - အရေးရောက်ရောက် အတွေးပေါက်သဖြင့် အကြောက်စွန့်ကာ လျှောက်ဝံ့ပါ၏"

နတ်သားလျှောက်ပုံလေးက မြတ်စွာဘုရားကို သူ မကြောက်ဘူးလား။ ကြောက်ပေမယ့် မမေးဘဲထားရင်လည်း ဒီအကြောင်းကို သူသိမှာလား၊ မသိရင်လည်း သူ့အတွက် မရှုံးဘူးလား။ အဲဒါကြောင့် "ပုစ္ဆာမိ - အရေးရောက်ရောက် အတွေးပေါက်သဖြင့် အကြောက်စွန့်ကာ လျှောက်ဝံ့ပါ၏၊ သော - နတ်လူပြဟ္မာ သတ္တဝါ ဘယ်အနွယ် ဘယ်အမျိုးသည်၊ မြတ်စွာဘုရားတဲ့၊ ဒီတဏှာအရှုပ်ကို နတ်ထဲက ဘယ်နတ်၊ လူထဲက ဘယ်လူ၊ ပြဟ္မာထဲက ဘယ်လိုပြဟ္မာ၊ ဒီတဏှာအရှုပ်ကို ရှင်းနိုင်ပါသလဲ"။ သူမေးတာနော်။

ဣမံဇဋံ - လောကလုံးတွင် အသုံးဝင်၍ ထုံးတွေလိမ်ယှက်မြေး ဒီတဏှာအရှုပ်အထွေးကို၊ ဝိဇဋယေ - မပွေမရှုပ် အဖြေပြုတ်နိုင်အောင် ဖြေထုတ်နိုင်ပါအံ့နည်း အရှင်ဘုရား"။

ဘုန်းကြီးက ဒီနတ်သားကို ကျေးဇူးတင်လွန်းလို့။ "ဒီနတ်သား အတော် တော်တဲ့ နတ်သားလို့"။ အတွင်းလည်း ရှုပ်၊ အပြင်လည်းရှုပ်တဲ့၊ ခုနကပြောတဲ့ "ကြခတ်ရုံပမာ ရှုပ်နေတဲ့ ဝါးတစ်လုံးကို အရင်းကနေ ခုတ်ထွင်ကာ ပြီးတဲ့အချိန်အခါကျတော့ ပြတ်နေပေမယ့်လည်း ဆွဲထုတ်လို့ မရသလို"

အခု ဘုန်းကြီးတို့ ပရိသတ်တွေလည်းပဲ မိမိတို့အိမ်ကနေပြီးတော့ ဆွဲထုတ်ကြည့်စမ်း၊ ဆွဲထုတ်ပစ်လို့ ရလား၊ ဘာဖြစ်လို့ မရလဲ။ အခက်အလက်တွေပမာ သူကလည်း ကိုယ့်ချည်၊ ကိုယ်ကလည်း သူ့ချည်ပြီးမတော့ မထွက်နိုင်တာနော်။ ဘာအတွက်ကြောင့် မပြတ်နိုင်တာလဲ။ ကိုယ့်ရဲ့တဏှာအရှုပ်၊ ကိုယ့်တဏှာကကြီးလေ အရှုပ်ကြီးလေ၊ တဏှာကြီးလေ အရှုပ်ကြီးလေပဲ။ အခက်အလက် များလေပဲ။ အဲဒီလိုမေးတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်လိုပြန်ဖြေသလဲဆိုတော့ . . .

*သီလေ ပတိဋ္ဌာယ နရော သပညော စိတ္တံ ပညဉ္စ ဘာဝယံ။ အာတာပီ နိပကော ဘိက္ခု သော ဣမံ ဝိဇဋယေ ဇဋံ။*

ဘုန်းကြီးတို့ ဒီဂါထာဟာ သာမန်ဂါထာ မဟုတ်ဘူး။ ဘုန်းကြီးတို့ ပရိသတ်တွေ ကြားဖူးမယ်။ ဝိသုဒ္ဓိမဂ်လို့ မကြားဖူးလား။ ဝိသုဒ္ဓိမဂ်ဆိုတာက ပေါင်းလိုက်လို့ရှိရင်၊ စာအုပ် နှစ်အုပ် ပေါင်းလို့ရှိရင် စာမျက်နှာ ရှစ်ရာလောက်ရှိတယ်။ အုပ်ကြီးနော်။ ပထမတွဲ၊ ဒုတိယတွဲရှိတယ်။ စာမျက်နှာ ရှစ်ရာလောက်ရှိတယ်။ ဒီဝိသုဒ္ဓိမဂ်ဆိုတာ - စင်ကြယ်သော လမ်းစဉ်လို့ခေါ်တယ်။ 'နိဗ္ဗာန်သွားတဲ့ စင်ကြယ်တဲ့လမ်း' လို့ ဒီလို အဓိပ္ပာယ်ရတယ်။ ဒီစာအုပ်ကို ဘုန်းကြီးတို့ အင်္ဂလိပ်လိုလည်း ဘာသာပြန်ထားတာ ရှိတယ်။

"ဒေဝပုတ္တ နတ်သား၊ သပညော - ကမ္မပဋိသန် ဟိတ်သုံးတန်ကြောင့်၊ အမှန်မြင်သိ ပင်ကိုဉာဏ်လည်း ရှိပေထသော" ဒီတဏှာအရှုပ်ကို ဖြေရှင်းချင်ရင် တစ်နံပါတ် - ဖြေရှင်းချင်တဲ့ ပုဂ္ဂိုလ်မှာ ဘာရှိရမှာလဲ၊ ပဋိသန္ဓေ ပညာရှိရမယ်။ အဓိပ္ပာယ်က ဒါပဲ။ မွေးရာပါ ပညာရှိရမယ်။

အဲဒါ သိပ်ကြောက်စရာ ကောင်းတယ်။ အတိတ်တုန်းက မိမိတို့သည် အဝိဇ္ဇာခြံရံပြီးတော့ ကုသိုလ်ပြုခဲ့ရင် အဝိဇ္ဇာဦးစီးပြီးတော့ ကုသိုလ်ပြုခဲ့လို့ရှိရင် အဲဒီကုသိုလ်က ဒွိဟိတ်ကုသိုလ်လို့ ခေါ်တယ်။ ဒွိဟိတ်ကုသိုလ် - ကုသိုလ်တွေတော့ဖြင့် အတီးတွေ၊ အမှုတ်တွေ၊ အကတွေ၊ အခုန်တွေနဲ့ သောက်

www.burmeseclassic.com

…း ပျော်ပါးပြီးတော့မှ၊ ကြက်တွေ၊ ဝက်တွေ၊ သတ်ဖြတ်ပြီး …တော့မှလည်း လှူတာတွေ မရှိဘူးလား။ အဲဒီလို ဆိုလို့ရှိရင် အကုသိုလ်တွေ ပါတယ်။ အကုသိုလ် ရောတယ်လို့ မသိတာ၊ ဘယ်သူက မသိတာလဲ။ အဝိဇ္ဇာ။

မသိတော့ ကဲ အဝိဇ္ဇာ မပါဘူးလား။ အဝိဇ္ဇာပါတော့ အဲဒီတော့ အဲဒီအလှူသည် ဉာဏ်ဦးစီးလား။ ဉာဏ်မပါတော့ …တယ်ဆိုတာက အလှူခံပုဂ္ဂိုလ် ကြည်ညိုလို့ လှူတယ်ဆို …တော့ ဘုန်းကြီးတို့ အဒေါသတော့ မပါဘူးလား။ အလှူခံ ပုဂ္ဂိုလ်အပေါ်မှာ မေတ္တာရှိတာက ဘာလဲ၊ အဒေါသ။

ကိုယ့်လှူဖွယ်ပစ္စည်းအပေါ်မှာ မတပ်မက်လို့ လှူဖွယ် …ည်းအပေါ်မှာ လောဘစွန့်လိုက်တယ်ဆိုတာက အလော …ဘ မရှိဘူးလား။ အလောဘ၊ အဒေါသ နှစ်ခုဆိုတာက ဟိတ် နှစ်ပါး၊ ဒါပေမဲ့ ဒီလိုလှူလို့ရှိရင် အကျိုးယုတ်မယ်လို့ မသိ …တာ အဝိဇ္ဇာပါနေတော့ ဝိဇ္ဇာပါသေးလား။ အမောဟ မပါ …တော့ဘူး။ မောဟတွေ ပါနေပြီ။

မောဟပါနေတော့ တကယ်ပါရမှာက အလောဘ၊ အဒေါသ၊ အမောဟ ဒီသုံးခု ပါရမယ်။ အဲဒီသုံးခု ပါလို့ရှိရင် …ကုသိုလ်ကို တိဟိတ်ကုသိုလ်လို့ ခေါ်တယ်။ အခုကျတော့ အလောဘနဲ့ အဒေါသတော့ မပါဘူးလား၊ ပါတယ်။ အမော… မပါသေးတဲ့အတွက်ကြောင့် လှူလိုက်တဲ့ အလှူသည် …အလှူဖြစ်သွားလဲ၊ ဒွိဟိတ်အလှူတဲ့။

ဒွိဟိတ်အလှူဆိုတော့ ဒီမှာက သင်္ခါရက ဒွိဟိတ် ကုသိုလ်ကံတွေ မဖြစ်သွားဘူးလား။ သင်္ခါရပစ္စယာ ဝိညာဏံ - ဆိုတော့ ဒီဘက်ဘဝက ပဋိသန္ဓေနေပြီး လူလာဖြစ်တော့ ဒွိဟိတ်ပဋိသန္ဓေ။ အဲဒီပုဂ္ဂိုလ်သည် ဒီဘက်ဘဝမှာ တရား အားထုတ်ချင်သလောက် အားထုတ်၊ ဘယ်လိုနည်းနဲ့မှ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မရတော့ဘူး။ ကဲ မရှုံးဘူးလား။

ကဲ ဒီဘက်ဘဝက ကုသိုလ်မပြုတတ်တဲ့အတွက်တော့ ဒီဘက်ဘဝမှာ ဒွိဟိတ်ပဋိသန္ဓေ နေတယ်လေ။ ဒီဘက်ဘဝ မှာ ထုတ်ချင်သလောက်ထုတ်၊ ဒီဘက်ဘဝမှာတော့ မရတော့ ဘူး။ နောက်ဘဝမှာ အထုံတော့ဖြစ်မယ်။ ဒီဘက်ဘဝမှာ တော့ မရတော့ဘူး။ အဲဒါကြောင့် ဒီဘက်ဘဝမှာ တိုက်ရိုက် ဒီတရားအရှုပ်ကို ဖြေရှင်းပြီး နိဗ္ဗာန်ရချင်ပါတယ် ဆိုရင်တဲ့ "သပညော - ကမ္မဇပဋိသန် ဟိတ်သုံးတန်ကြောင့် အမှန်မြင် သိ ပင်ကိုဉာဏ်လည်း ရှိပေထသော" ဆိုတော့ ဟိုအတိတ် တုန်းက ပြုခဲ့တဲ့ တိဟိတ်ပဋိသန္ဓေ ကုသိုလ်ကံ၊ တိဟိတ် ကုသိုလ်ကံက ဒီမှာ တိဟိတ်ပဋိသန္ဓေ နေတာကို ကမ္မပဋိ သန် ဟိတ်သုံးတန် လို့ခေါ်တယ်။ အဲဒါကြောင့် ကုသိုလ် မပြုတတ်ရင် ဒုက္ခထပ်တယ်ဆိုတာ ဒါကိုပြောတာ။

(ဆက်ရန်)

❒ မွေ့ဒူတ အရှင်ဗညာဓေတ

ဆရာဦးဇင်းထွန်း D.B.B.W - C.T (Med)

အုန်းချင် တိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ

နှလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➻ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ➻ အမှတ် (၄၉၄-ဘီ-၂)၊ ဘုရင့်နောင်လမ်းမကြီး၊ ဘုရင့်နောင်ရိပ်သာ၊ နယ်မြေ (၈)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➻ ၀၉-၇၃၁၃၆၄၁၄

လမ်းညွှန် ➻ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



# ထူးမှထူး

အရှင်ဆန္ဒာဓိက
(ရွှေပါရမီတောရ)

(ယခင်လမှအဆက်)

တစ်ခါတုန်းက အခုလို နွေရာသီပေါ့လေ။ မြေခွေး တစ်ကောင် လွင်ပြင်ထဲ လျှောက်သွားရင်းနဲ့ တစ်နေရာ ရောက်တော့ ဆင်သေကောင်တစ်ကောင် တွေ့ကယ်။ ဆင်သေကောင်ကလည်း သေပြီးတာ သိပ်မကြာသေးဘူး။ လတ်လတ်ဆတ်ဆတ်လေးပေါ့။

အဲဒါနဲ့ မြေခွေးက ဆင်သေကောင်ရဲ့ စအိုဝကနေ ဝမ်းဗိုက်ထဲကို ဝင်သွားတယ်။ အထဲထဲကိုရောက်တော့ အူတွေ ကလီစာတွေကို စားတာပေါ့။ စားပြီးတော့ ဗိုက်တင်းသွားတော့ ဆင်ရဲ့ဝမ်းဗိုက်ထဲမှာပဲ အိပ်လိုက်တယ်။

အိပ်ရာက ထလာတော့ ရှေ့နောက်ဝဲယာ ဘယ်ဘက်ကိုကြည့်လိုက် ကြည့်လိုက် စားစရာတွေချည်းပဲဆိုတော့ "ငါ ဒီတစ်သက်တော့ စားစရာတွေ မကုန်တော့ဘူး" ဆိုပြီး ဘဝင်မြင့်သွားတယ်။ ရွှေဘုံပေါ်မှာ စံရတာတော့ မဟုတ်ဘူး။ အသားတုံးပေါ်မှာ စံပြီးတော့ မာနတွေကြီးနေတယ်။ လက်မတွေ ထောင်လို့။ မြေခွေးက အိပ်တဲ့အခါမှာ ရိုးရိုးတောင်းဆန့်အိပ်တာ မဟုတ်ဘူး။ ဒူးထောင်ပြီး ဒူးတစ်ဖက်ပေါ် မှာခြားခြေတစ်ဖက် တင်လို့။

"ငါတော့ ဒီတစ်သက် စားလို့မကုန်တော့ဘူး၊ ငါ့လောက် စားစရာသောက်စရာ ပြည့်စုံတဲ့ကောင်ရှိပါဦးမလား၊ စားချင်ရင် အသည်းတွေ ကလီစာတွေစားလို့ရတယ်၊ သောက်ချင်ရင် သွေးတွေ အဆီတွေ သောက်လို့ရတယ်၊ အစားအသောက်လဲ ပြည့်စုံတယ်၊ အသောက်အစားလဲ ပြည့်စုံတယ်၊ အေးဆေးပဲ"

မြေခွေးက ဘဝင်မြင့်ပြီးတော့ မာနတွေကြီးနေတယ်။ နေကလည်း ပူပြင်းတော့ ဆင်သေကောင်က တဖြည်းဖြည်းနဲ့ ခြောက်ခြောက်လာတယ်။ ခြောက်ပြီးတော့ နောက်ဆုံးတော့ စအိုပေါက်က ပိတ်သွားတယ်။ ပိတ်သွားတော့ ထွက်လို့ကို မရတော့ဘူး။ အသက်ရှူရတာလည်း မွန်းကျပ်လာတယ်။

"ဒီအတိုင်းဆိုရင်တော့ ငါသေတော့မှာပဲ" ဆိုပြီးတော့ မြေခွေးက ရှိသမျှအပေါက်ကလေးကနေ အတင်းတိုးထွက်တာပေါ့လေ။ အတင်းတိုးထွက်တော့ အသားတွေပုံ့ကြေ၊ အရေတွေစုတ်ပြတ်၊ သွေးတွေပန်းထွက်နဲ့ မြေခွေးခမျာ တော်တော့်ကို ဆင်းရဲဒုက္ခကြီးစွာ ခံလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘာပြောချင်တာလဲဆိုတော့ ဦးဇင်းတို့ ယောဂီကို့ရဲ့ ဘဝမှာ ပြည့်စုံနေကြတယ်ဆိုတာ ပြည့်စုံတာကတော့ အမျိုးမျိုးရှိတာပေါ့လေ။ ပစ္စည်းဥစ္စာပြည့်စုံတာ၊ ရာထူးအာဏာ ပြည့်စုံတာ၊ အသိဉာဏ်ဗဟုသုတ ပြည့်စုံတာ၊ အောင်မြင် ကျော်ကြားမှု ပြည့်စုံတာ စသည်အားဖြင့် အများကြီးရှိပါတယ်။

အဲဒီလိုပြည့်စုံနေတာ ဘာကြောင့်လဲဆိုရင် အတိတ်က ကုသိုလ်ကံတွေ အားကောင်းလို့၊ တစ်နည်း ခုန မြေခွေး ဥပမာလေးနဲ့ ပြောရရင်တော့ ကံကြမ္မာစအိုပေါက် ပွင့်နေလို့။

ကံကြမ္မာစအိုပေါက် ပွင့်နေလို့ ပြည့်စုံနေတာပါ။ ကဲ ဒီကံကြမ္မာစအိုပေါက်က အမြဲတမ်းပွင့်နေပါ့မလား။ အမြဲတမ်း ပွင့်နေမယ်လို့ ပြောလို့မရဘူးနော်။ ပွင့်တဲ့အခါ ပွင့်မယ်။ ပိတ်တဲ့အခါ ပိတ်မယ်။ ကံသိပ်ကောင်းလွန်းလို့ ကံကြမ္မာစအိုပေါက် အမြဲတမ်းပွင့်နေတဲ့သူလည်း ရှိချင်ရှိမယ်။ ရှားပါတယ်။

ဒါက ပရိသတ်ထဲမှာမို့လို့ ပြောလို့ကောင်းအောင် နားခံသာအောင် 'ကံကြမ္မာစအိုပေါက်' လို့ပြောတာ။ ကိုယ့်ဘာသာကိုယ် ပြောမယ်ဆိုရင် နှစ်လုံးတည်း ပြောလို့ရတယ်။ 'ကံကြမ္မာ' ကို 'ကံ' လို့ပဲ တစ်လုံးတည်းပြော၊ 'စအိုပေါက်' ကိုလည်း 'ပေါက်' လို့ တစ်လုံးတည်းပြော၊ 'ကံပေါက်' ပေါ့။ ပရိသတ်ထဲမှာတော့ 'ကံကြမ္မာစအိုပေါက်' လို့ပဲ ပြောပေါ့လေ။

ကံကြမ္မာစအိုပေါက်လေး ပွင့်နေတုန်းမို့ စားစရာလည်း ပြည့်စုံ၊ သောက်စရာလည်းပြည့်စုံ၊ နေစရာပြည့်စုံ၊ ထိုင်စရာ ပြည့်စုံ၊ လှူဖို့တန်းဖို့ စသည်အားဖြင့် ပစ္စည်းဥစ္စာ၊ ရာထူး အာဏာ၊ အသိဉာဏ်၊ ဗဟုသုတ၊ ရုပ်အဆင်း စသည်အားဖြင့် ပြည့်စုံနေကြတာပါ။

ပြည့်စုံမှုနဲ့ သူ့ကံတော့ တွဲရမှာပေါ့နော်။ ဒီကံကြောင့် ဒီအကျိုးပြည့်စုံ၊ ဟိုကံကြောင့် ဟိုအကျိုးပြည့်စုံ၊ သူ့ကံစအိုပေါက်နဲ့ သူပါပဲ။ ကံတစ်ခုတည်းကြောင့် အကျိုးအားလုံး ပြည့်စုံနေတာတော့ မဟုတ်ပါဘူး။

ရုပ်အဆင်းလှတဲ့ ပုဂ္ဂိုလ်ကလည်း ရုပ်အဆင်းလှကြောင်း ကုသိုလ်ကံလေးက အကျိုးပေးနေလို့ ရုပ်အဆင်း လှနေတာ။ ရုပ်အဆင်းနဲ့ဆိုင်တဲ့ ကံကြမ္မာစအိုပေါက်လေး ပွင့်နေလို့ ရုပ်အဆင်းလှနေတာ။ ဒါပေမဲ့ ဒီကံလေးက အမြဲတမ်း အကျိုးပေးနေမယ်လို့ ပြောလို့မရဘူး။ အချိန်မရွေး ပိတ်သွားနိုင်တယ်။

ပစ္စည်းဥစ္စာ၊ ရာထူးအာဏာ၊ ပညာဗဟုသုတ၊ အောင်မြင်ကျော်ကြားမှု စသည်တို့လည်း နည်းတူပါပဲ။ သက်ဆိုင်ရာ ကံအခွင့်သာတုန်း သက်ဆိုင်ရာကံပေါက်ပွင့်တုန်း အကျိုးပေးနေတာပါ။ အချိန်မရွေး ကံပေါက်ပိတ်သွားနိုင်ပါတယ်။

အဲဒီလိုလေး နှလုံးသွင်းလိုက်မယ်ဆိုရင်လည်း မာန ကျနိုင်ဘူးလား။ ကျနိုင်ပါတယ်။ ကိုယ့်ရဲ့ပြည့်စုံမှု၊ ပိုင်ဆိုင်မှု ဆိုတာ တကယ်တော့ မတည်မြဲပါဘူး။ ကံကြမ္မာစအိုပေါက်လေး ပွင့်နေတုန်းပဲ တည်ရှိနေတာပါ။ လောကဓံနေတွေက လည်း ပူပူပြင်းပြင်း၊ ကိလေသာနေတွေကလည်း ပူပူပြင်းပြင်း နဲ့ တော်ကြာ ဒီကံကြမ္မာစအိုပေါက်လေး ပိတ်သွားရင်တော့ ပြည့်စုံမှာ မဟုတ်တော့ဘူး။

မပြည့်စုံတော့တဲ့ အခြေအနေမှာ အသားမပဲ့ရင် ကံကောင်း၊ အရေမစုတ်ရင် ကံကောင်း၊ အမွေးမကျွတ်ရင် ကံကောင်းဆိုပြီးတော့ နှလုံးသွင်းလိုက်ရမှာနော်။ ဒါကြောင့် တစ်ခေါက် ပြန်ဆိုလိုက်ပါ။

မြင့်သူကြားမှာ နိမ့်မှသာ မြင့်ရာရောက်နိုင်သည်။

## မြင့်မောက်ရင် အမြင့်မရောက်ပါ

မြင့်တယ်ဆိုတာ မာနတစ်ခုတည်းသာ မြင့်တာမဟုတ်ပါဘူး။ ဥဒ္ဓစ္စ - စိတ်တွေ ပျံ့လွင့်နေတယ်ဆိုတာလည်း မြင့်နေတာပဲ။ အဆင့်အတန်း မြင့်တာတော့ မဟုတ်ဘူး။ ခုန ဘဝင်မြင့်နေတဲ့ သဘောမျိုးပေါ့။ စိတ်ကူးတွေ မြင့်နေတာ။ စိတ်တွေ ဟိုရောက်ဒီရောက်နဲ့ ပျံ့လွင့်နေတယ် ဆိုတာလည်း မြင့်နေတယ်လို့ ခေါ်တယ်။

မီးခိုးတွေ ပျံ့လွင့်နေတယ်ဆိုရင် ကောင်းကင်အမြင့်ကို မျောလွင့်ပြီး ဟိုရောက်ဒီရောက် ပြန့်ကျဲသွားတာပဲ မဟုတ်လား။ စိတ်ပျံ့လွင့်တယ်ဆိုရင်လည်း အဲဒီလိုပါပဲ။ မီးခိုးတွေ ပျံ့လွင့်သလို ဟိုရောက်ဒီရောက်နဲ့ အစီအစဉ်မကျ ဖွာလန် ပြန့်ကျဲပြီး ခပ်မြင့်မြင့်အာရုံတွေမှာ မျောချင်တိုင်းမျောနေ တော့တာပါပဲ။

စိတ်ပျံ့လွင့်တဲ့သူဟာ သူဖြစ်ချင်၊ သူခံစားချင်တဲ့ အကောင်းအာရုံ၊ အမြင့်အာရုံတွေမှာချည်းပဲ စိတ်ကူးယဉ် ကမ္ဘာကြီး တည်ဆောက်နေတာဖြစ်လို့ စိတ်ပျံ့လွင့်နေတာကို မြင့်နေတယ်လို့ ဒီနေရာမှာ (ဒီတရားတော်မှာ) ခေါ်ပါတယ်။ အမှန်အကန် မြင့်မားနေလို့ မြင့်တယ်ခေါ်တာ မဟုတ်ပါဘူး။ အကြံအဖန် မြင့်မားနေလို့ မြင့်တယ်ခေါ်တာပါ။

စိတ်ပျံ့လွင့်ပြီး မြင့်နေရင် စိတ်မပျံ့လွင့်အောင် ပြုလုပ်ခြင်းအားဖြင့် နိမ့်လိုက်ပါ။ စိတ်မပျံ့လွင့်သောအားဖြင့် နိမ့်သွားအောင် ပြုလုပ်လိုက်ပါ။

ပြုလုပ်တဲ့နည်းကတော့ ပျံ့လွင့်နေတဲ့စိတ်ကို တိုက်ရိုက်ရှုတဲ့နည်းရယ်၊ ကုသိုလ်အလုပ် တစ်ခုခု (အကျိုးပြုအလုပ် တစ်ခုခုမှာ) စိတ်အာရုံအပြည့် နှစ်မြှုပ်ထားတဲ့ နည်းရယ်လို့ နှစ်မျိုးရှိပါတယ်။

သွားရင်း လာရင်း လုပ်ရင်း ကိုင်ရင်းနဲ့ မကြာခဏ ဆိုသလို နှာသီးဝမှာ သတိကပ်ထားတဲ့ အလေ့အကျင့်၊ အလွယ်ဆုံးပြောရရင် သတိထားပြီး အသက်ရှူတဲ့ အလေ့အကျင့်မြဲနေအောင် လုပ်ထားမယ်ဆိုရင် စိတ်ပျံ့လွင့်တယ် ဆိုတာ မရှိသလောက်နည်းသွားပါလိမ့်မယ်။ အကြောင်းအရာ တစ်ခုခုအပေါ် မလိုအပ်ဘဲစိတ်ပျံ့လွင့်သွားရင်လည်း အသ



www.burmeseclassic.com

www.burmeseclassic.com

ဝဝရှုပြီး ဝင်လေ၊ ထွက်လေရဲ့ ထိမှုသဘောမှာ စိတ်ကပ်ထားလိုက်ပေါ့။

ပျံ့လွင့်စိတ် ရှုမှတ်နည်းကတော့ 'ကိုယ့်စိတ်ကိုယ်စစ်' စာအုပ်မှာပဲ ဖတ်လိုက်တော့ပေါ့နော်။

အပြောအဆို ကြမ်းတမ်းခြင်း၊ အပြုအမူ ကြမ်းတမ်းခြင်းကို 'ထမ္ဘ' လို့ ခေါ်ပါတယ်။ ထမ္ဘတရား လွှမ်းမိုးနေတဲ့သူဟာလည်း မြင့်နေတဲ့သူပါပဲ။

ပြောတာ ဆိုတာ၊ နေတာ ထိုင်တာ၊ လုပ်တာ ကိုင်တာ ကြမ်းတမ်းတယ်၊ ရိုင်းစိုင်းတယ်ဆိုရင် မြင့်နေတာပါ။ ထောင့်မကျိုးဘူး၊ အချိုးမပြေဘူး၊ အကြောမာတယ်၊ အကြောတင်းတယ်ဆိုတာ မြင့်နေတာပါပဲ။ အဆင့်မြင့်တာ မဟုတ်ဘူးနော်။ အကြော မြင့်နေတာ။

ဒါလည်း ဘဝင်မြင့်ခြင်း တစ်မျိုးပါပဲ။ ဒေါသ၊ မာနကို အခြေခံတာကိုး။ ဒေါသကြီးတဲ့သူ၊ မာနကြီးတဲ့သူတွေဟာ အပြောအဆို၊ အပြုအမူ ကြမ်းတမ်းမာကျောတယ်။ ခက်ထန်ရိုင်းစိုင်းတတ်ပါတယ်။

တိုတိုပြောရင် တင်းမာတယ်ပေါ့။ တင်းတာက ဒေါသ၊ မာတာက မာန။ ဒါကြောင့် အရပ်ထဲမှာ ဒေါသဖြစ်နေရင်၊ စိတ်တိုစိတ်ဆိုးနေရင် 'တင်းနေတယ်' လို့ ပြောကြတာပေါ့။ မာနသံပါနေရင်၊ အပေါ်စီးကပြောနေရင် 'မာလှချေလား' လို့ ပြောကြတာပေါ့။

'မြင့်သူကြားမှာ နိမ့်ပါ' ဆိုတာ အကြောမတင်းနဲ့၊ အကြောမမာနဲ့ ပြောတာပါပဲ။ ပြောတာဆိုတာလည်း အကြောမတင်းနဲ့၊ အကြောမမာနဲ့။ နေတာထိုင်တာ၊ လုပ်တာကိုင်တာလည်း အကြောမတင်းနဲ့၊ အကြောမမာနဲ့။ ဘာပြောပြော၊ ဘာလုပ်လုပ် နူးညံ့သိမ်မွေ့မှု ရှိပါစေ။ လိမ္မာယဉ်ကျေးမှု ရှိပါစေ။ ချိုသာညက်ညောမှု ရှိပါစေ။

မြင့်နေတဲ့သူတွေကြားမှာ ကိုယ်က နိမ့်လိုက်ပါ။ အပြောကြမ်း၊အပြုကြမ်းနဲ့ မြင့်နေတဲ့သူတွေကြားမှာ အပြောနု၊ အပြုနုသောအားဖြင့် ကိုယ်က နိမ့်လိုက်ပါ။ အပြောအဆို ကြမ်းတမ်း၊ အမူအရာ ရိုင်းပျပြီး မြင့်နေတဲ့သူတွေကြားမှာ အပြောအဆို သိမ်မွေ့၊ အမူအရာ ယဉ်ကျေးသောအားဖြင့် နိမ့်လိုက်စမ်းပါ။

ဆိုလိုတာကတော့ မျက်စောင်းထိုးသူတွေရဲ့ ကြားမှာ မျက်စောင်းမထိုးပါနဲ့။ နှုတ်ခမ်းရွဲ့သူတွေရဲ့ ကြားမှာ နှုတ်ခမ်းမရွဲ့ပါနဲ့။ ဒီလို ဆိုလိုတာပေါ့နော်။ ပြောမယ်ဆိုရင် အများကြီးပေါ့။

'မျက်စောင်းထိုး၊ မျက်ရိုးကျိုး' ဆိုတာလည်း ကြားဖူးတယ်နော်။ မျက်စောင်းထိုးရင် ဘာဖြစ်တတ်တုံး။ မျက်ရိုးကျိုးတတ်တယ်။ ဟိုတစ်လောကကောင် မြန်မာပြည်မှာ ဒကာကြီးတစ်ယောက် လျှောက်တယ်။ မြို့ထဲက မင်္ဂလာဆောင်တစ်ခုအကြောင်းပေါ့။

သတို့သားက သတို့သမီးကို တစ်ခါမှ မမြင်ဖူးဘူး။ မိဘစိတ်ချမ်းသာပြီးရော ဆိုပြီးတော့ ခေါင်းညိတ်လိုက်တယ်။ မင်္ဂလာဆောင်တဲ့နေ့ကျတော့ မိဘကလည်း သိန်းနှစ်ဆယ်ကျော်လောက် အကုန်အကျခံပြီးတော့ ပြင်ဆင်ထားတာပေါ့။ ဧည့်သည်တွေလည်း ဖိတ်ထားပြီးပြီ။

အဲဒီနေ့ကျတော့မှ သတို့သမီးကို တွေ့တယ်။ သတို့သမီးကိုလည်း တွေ့ရော ချက်ချင်းနောက်ခန်းထဲ ဝင်သွားပြီးတော့ သူ့အဖေကို ပြောတယ်။ ဒီမိန်းကလေးကို ကျွန်တော် လုံးဝ မယူနိုင်ဘူးတဲ့။ ဒီအခမ်းအနားကို ကျွန်တော်ဖျက်တယ်ဆိုပြီးတော့ ပြောတယ်။ ဘာလို့တုံးဆိုတော့ အဲဒီအမျိုးသမီးက မျက်စိစွေနေလို့တဲ့။

အဲဒါနဲ့ မိဘတွေကလည်း ဧည့်သည်တွေ ဖိတ်ထားပြီးသားဆိုတော့ မျက်နှာမပျက်အောင် ဟန်ပြလေးတော့ နေပါဦးကွယ်။ နောက်တော့မှ ကြည့်စီစဉ်တာပေါ့ ဆိုပြီးတော့ သားကို မနည်းဖျောင်းဖျရတယ်။ အခုတော့ ဘယ်လိုဖြစ်တယ် မပြောတတ်ဘူးနော်။

အဲဒီတော့ မျက်စိစွေတယ်ဆိုတာ ဘာလုပ်ခဲ့လို့လဲ။ မျက်စောင်းထိုးခဲ့လို့။ မျက်စောင်းထိုးသောအားဖြင့် မြင့်ခဲ့လို့နော်။ ဒါကြောင့် မျက်စောင်းထိုးသောအားဖြင့် မြင့်တဲ့သူတွေရဲ့ကြားမှာ မျက်စောင်းမထိုးဘဲ တည့်တည့်ကြည့်သောအားဖြင့် နိမ့်လိုက်စမ်းပါ။

အမုန်းမျက်လုံးနဲ့ မကြည်မလင်ကြည့်ပြီး မြင့်နေသူတွေရဲ့ကြားမှာ အချစ်မျက်လုံးနဲ့ ပြုံးပြုံးရွှင်ရွှင်ကြည့်ပြီး နိမ့်လိုက်ပါ။ ဒေါသမျက်လုံးနဲ့ တင်းမာစွာကြည့်ပြီး မြင့်နေသူတွေရဲ့ကြားမှာ မေတ္တာမျက်လုံးနဲ့ နူးညံ့စွာကြည့်ပြီး နိမ့်လိုက်ပါ။

နှုတ်ခမ်းမဲ့ရွဲ့ စူပုပ်ပြီးတော့ မြင့်နေတဲ့သူတွေရဲ့ကြားမှာ နှုတ်ခမ်းလေး တည့်မတ်ပြုံးချိုပြီးတော့ နိမ့်လိုက်ပါ။ ခြေထောက် ဆောင့်အောင့် ဖိနှိပ်ပြီးတော့ မြင့်နေတဲ့သူတွေရဲ့ကြားမှာ ခြေထောက်လေးဖွဖွ နုညက်ပြီးတော့ နိမ့်လိုက်ပါ . . . စသည်အားဖြင့် အများကြီး ပြောလို့ရတယ်နော်။

မာနနဲ့ မြင့်နေသူတွေရဲ့ကြားမှာ မာနကင်းအောင်နေသောအားဖြင့် နိမ့်လိုက်ပါ။ စိတ်ပျံ့လွင့်ပြီးတော့ ဥဒ္ဓစ္စနဲ့ မြင့်နေသူတွေရဲ့ကြားမှာ စိတ်မပျံ့လွင့်အောင် နေသောအားဖြင့် နိမ့်လိုက်ပါ။ ကိုယ်ကြမ်း နှုတ်ကြမ်းနဲ့ မြင့်နေတဲ့သူတွေရဲ့ကြားမှာ ကိုယ်မကြမ်း၊ နှုတ်မကြမ်း၊ ကိုယ်သိမ်မွေ့၊ နှုတ်ယဉ်ကျေးသောအားဖြင့် နိမ့်လိုက်ပါ။

သူတစ်ပါးကို ချုပ်ချယ်ထိပါး စော်ကားသောအားဖြင့် မြင့်နေတဲ့သူတွေရဲ့ကြားမှာ သူတစ်ပါးကို မချုပ်ချယ် မထိပါး မစော်ကားသောအားဖြင့် နိမ့်လိုက်ပါ။ ကိုယ့်ကိုယ်ကိုယ်ပဲ အကောင်းပြော၊ သူတစ်ပါးကို မကောင်းပြော၊ သူတစ်ပါးကို နှိမ့်ချတဲ့စကား၊ ကဲ့ရဲ့ရှုတ်ချတဲ့စကားတွေ ပြောပြီးတော့ မြင့်နေတဲ့သူတွေရဲ့ကြားမှာ ကိုယ့်ဂုဏ်ကို မဖော်ဘဲနဲ့ သူတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကွက်ကို မမြင်မြင်အောင် ကြည့်ပြီးတော့ ချီးမွမ်းစကား ပြောဆိုသောအားဖြင့် နိမ့်လိုက်ပါ။

'မြင့်သူတွေရဲ့ကြားမှာ နိမ့်လိုက်ပါ' ဆိုတဲ့ အဆုံးအမလေးကို နည်းနည်းချဲ့ယူတာပေါ့။ ဒါဆိုရင် ကိုယ့်ဉာဏ်နဲ့ကိုယ် အများကြီးချဲ့လို့ ရသွားပြီနော်။

လိုရင်းလေးကိုပဲ မှတ်ထား။ မြင့်သူတွေရဲ့ကြားမှာ နိမ့်ပါ။ ဘာမြင့်တာလဲဆိုရင် မကောင်းတဲ့သဘောကိုဆောင်တဲ့ မြင့်တဲ့သဘောကို ရှေ့က တပ်ချင်သလို တပ်လို့ရပါတယ်နော်။ မကောင်းသော (တစ်ခုခု)အားဖြင့် မြင့်သူတွေရဲ့ကြားမှာ ကောင်းသော (ဆန့်ကျင်ဘက်တစ်ခုခု) အားဖြင့် နိမ့်ပါ။

ကောင်းသောအားဖြင့် မြင့်နေတဲ့သူတွေရဲ့ကြားမှာတော့ မကောင်းသောအားဖြင့် မနိမ့်လိုက်နဲ့ပေါ့နော်။

တစ်နည်းအားဖြင့် မြင့်ဆိုတဲ့ စကားလုံးနောက်ကနေ တခြားစကားလုံး ထည့်မယ်ဆိုရင် 'မြင့်မောက်နေသူတွေရဲ့ကြားမှာ နှိမ့်ချလိုက်ပါ'။ ဒီလို ဆိုလိုပါတယ်နော်။

မြင့်မောက်တယ်ဆိုတာ ဒေါသ၊ မာန လွန်ကဲနေတာ၊ ဥဒ္ဓစ္စလွန်ကဲနေတာကို ပြောတာပါ။ မြင့်မားတာနဲ့ မတူပါဘူး။ မြင့်မားတယ်ဆိုတာက အံ့သိဉာဏ်၊ မေတ္တာ လွန်ကဲနေတာ။ သဒ္ဓါ၊ ဝီရိယ လွန်ကဲနေတာပါ။

မြင့်မားနေသူတွေရဲ့ ကြားမှာတော့ နိမ့်ကျလို့ မဖြစ်ပါဘူး။ ပိုမြင့်မားရပါမယ်။ ဒါကြောင့် မြင့်မားနေသူတွေရဲ့ကြားမှာ မနိမ့်ကျပါစေနဲ့။ မြင့်မောက်နေသူတွေရဲ့ကြားမှာ နှိမ့်ချလိုက်ပါ။ နိမ့်နိမ့်လေး နေပါ။ နှိမ့်ချတာနဲ့ နိမ့်ကျတာလည်း မတူဘူးနော်။ ချဲ့ပြောရင် မကုန်နိုင်တော့ဘူး၊ ထားလိုက်တော့။

## မလိုချင်လေ အပိုစင်လေ

နောက်တစ်ခုက ဘာတဲ့လဲ။ နိမ့်သူတွေရဲ့ကြားမှာ မြင့်ပါတဲ့။ သူများက နိမ့်နေတယ်ဆိုရင်တော့ ကိုယ်က လိုက်မနိမ့်နဲ့တဲ့။ ဒါဆိုရင် ထူးမှာမဟုတ်တော့ဘူး။ ကိုယ်က ထူးမှထူးချင်တာဆိုတော့ သူများကနိမ့်ရင် ကိုယ်က မြင့်လိုက်မယ်။

တစ်နည်းပြောရင်တော့ 'နိမ့်ကျသူတွေရဲ့ကြားမှာ မြင့်အောင်လိုက်ပါ'။ မြင့်မောက်တာနဲ့ မြင့်မားတာက တခြားစီနော်။ နိမ့်ကျတာနဲ့ နှိမ့်ချတာနဲ့လည်း မတူပါဘူး။ ဒါက ထားလိုက်တော့၊ နိမ့်သူတွေရဲ့ကြားမှာ မြင့်ပါတဲ့။ ဘာနိမ့်တာလဲဆိုရင် ဂုဏ်နိမ့်သူတွေရဲ့ကြားမှာ ဂုဏ်မြင့်ပါတဲ့။

ယောဂီတို့က ဂုဏ်နိမ့်သူ ဖြစ်ချင်တာလား၊ ဂုဏ်မြင့်သူဖြစ်ချင်တာလား။ ဂုဏ်မြင့်သူဖြစ်ချင်ရင် 'ဂုဏ်မြင့်သူ' သီချင်းတစ်နေ့ ကိုးခေါက် နားထောင်ပေတော့။ ဟုတ်လား။

'နိမ့်သူကြားမှာ မြင့်ပါ' ဆိုတာ ဂုဏ်နိမ့်သူရဲ့ကြားမှာ ဂုဏ်မြင့်အောင် ကြိုးစားပါတဲ့။

ဂုဏ်နိမ့်တယ်ဆိုတာက စည်းစိမ်ဥစ္စာ ဂုဏ်တွေ၊ အလှဂုဏ်တွေ၊ ဓနဂုဏ်တွေ၊ ပညာဂုဏ်တွေ၊ အဲဒီဂုဏ်တွေကို ပြောတာမဟုတ်ပါဘူး။ လောကီအပေါ်ယံဂုဏ်တွေကို ပြောတာမဟုတ်ပါဘူး။ သူတော်ကောင်းဂုဏ်ကို ပြောတာပါ။

သူတော်ကောင်းဂုဏ် နိမ့်နေသူတွေရဲ့ကြားမှာ ကိုယ်က သူတော်ကောင်းဂုဏ်မြင့်အောင် ကြိုးစားပါ။ သူတော်ကောင်းဂုဏ်ဆိုတာ ဓာတ်ခံကောင်းကို ပြောတာပါ။ ဓာတ်ခံညံ့နေလို့ရှိရင် ဂုဏ်နိမ့်တယ်လို့ ခေါ်ပါတယ်။ ဓာတ်ခံကောင်းနေလို့ရှိရင် ဂုဏ်မြင့်တယ်လို့ ခေါ်ပါတယ်။

ဓာတ်ခံကတော့ အများကြီးရှိတာပေါ့လေ။ ကိလေသာ ဆယ်ပါးနဲ့ကြည့်ရင် မကောင်းတဲ့ဓာတ်ခံကလည်း ဆယ်ပါး၊ အကုသိုလ်စေတသိက် ၁၄ ပါးနဲ့ကြည့်ရင် မကောင်းတဲ့ဓာတ်ခံကလည်း ၁၄ ပါး စသည်အားဖြင့် ပြောလို့ရတာပေါ့။

ဒီနေ့တော့ သူတော်ကောင်းဂုဏ် နိမ့်တာ၊ မြင့်တာကို ဘုရားအလောင်း သူတော်ကောင်းကြီးတို့ရဲ့ ဓာတ်ခံခြောက်မျိုးနဲ့ ပြောချင်ပါတယ်။ ဘုရားအလောင်းတို့ရဲ့ ဓာတ်ခံဆိုပေမယ့် သူတော်ကောင်းအားလုံးနဲ့ သက်ဆိုင်ပါတယ်။

နိမ့်သူတွေရဲ့ကြားမှာ မြင့်ပါ = ဓာတ်ခံနိမ့်သူတွေရဲ့ကြားမှာ ဓာတ်ခံမြင့်ပါ = ဓာတ်ခံ ခြောက်မျိုး နိမ့်သူတွေရဲ့ကြားမှာ ဓာတ်ခံခြောက်မျိုး မြင့်ပါ။

ဘုရားအလောင်း သူတော်ကောင်းကြီးတွေ၊ ပညာရှိသူတော်ကောင်းကြီးတွေရဲ့ သန္တာန်မှာရှိတဲ့ ဓာတ်ခံကောင်းခြောက်မျိုးဆိုတာ ရှိပါတယ်။ အလောဘဓာတ်ခံ၊ အဒေါသဓာတ်ခံ၊ ပဝိဝေကဓာတ်ခံ၊ နိဿရဏဓာတ်ခံ၊ ပါဠိလိုပြောလိုက်ရတာ ပိုပြီးတော့ အရသာရှိပါတယ်။ ပါဠိလိုလည်း ရအောင်ကျက်ထားပါ။

ပထမဆုံးဓာတ်ခံက အလောဘဓာတ်ခံ။ အလောဘဓာတ်ခံဆိုတာ မလိုချင်တဲ့ဓာတ်ခံ။ အလောဘဓာတ်ခံ အားနည်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ တစ်ကျပ် တစ်ပြားလေးကအစ ပေးရကမ်းရမှာ စွန့်ရကြဲရမှာ အင်မတန် နှမြောပါတယ်။ သူများကို ပေးကမ်းစွန့်ကြဲဖို့ အသာထား၊ ကိုယ့်ကိုယ်ကိုယ်တောင် မသဒ္ဓါဘူး။ ဒါက အလောဘဓာတ်ခံ အားနည်းတဲ့ ပုဂ္ဂိုလ်တွေပေါ့။

အလောဘဓာတ်ခံ အားကောင်းတဲ့ပုဂ္ဂိုလ်တွေကျတော့ သောင်းနဲ့သိန်းနဲ့ချီပြီးတော့ စွန့်ရမယ်ဆိုရင်လည်း ဝန်မလေးဘူး။ ပဒေသရာဇ်စည်းစိမ်၊ ဧကရာဇ်စည်းစိမ်၊ စကြဝတေးမင်းစည်းစိမ်တွေ စွန့်ပစ်ရမယ်ဆိုရင်တောင်မှ မြက်တစ်ပင်လောက်တောင် စိတ်ထဲမှာ မအောက်မေ့ပါဘူးတဲ့။ မြက်တစ်ပင်လေး စွန့်လိုက်ရသလိုပဲ သဘောထားနိုင်ပါတယ်။ ဒါက အလောဘဓာတ်ခံ အားကောင်းတဲ့ပုဂ္ဂိုလ်တွေပေါ့။

ဓာတ်ခံကောင်းကို မှတ်ထားလိုက်ရင် သူ့ရဲ့ဆန့်ကျင်ဘက် ဓာတ်ခံဆိုး၊ မကောင်းတဲ့ဓာတ်ခံကိုလည်း သဘော

www.burmeseclassic.com

ပေါက်ရမယ်။ အလောဘစာတ်ခံဆိုတာက 'အ'က 'မ'ပဲ။ 'လောဘ'က လိုချင်တာပေါ့။ အလောဘ ဆိုတော့ မလိုချင် တာပေါ့။ မြန်မာလို ပြောမယ်ဆိုရင်တော့ အလောဘစာတ်ခံ ဆိုတာ မလိုစာတ်ခံပါပဲ။

အလောဘစာတ်ခံဆိုတာ 'မလိုစာတ်ခံ' လို့ ပြောလိုက် တော့ ဘာဆိုဘာမှ မလိုချင်တော့ဘူး၊ ဘာပစ္စည်းဥစ္စာမှ မလို ချင်တော့ဘူး၊ ဘာပစ္စည်းဥစ္စာမှ မရှာဖွေတော့ဘူးလို့ ထင်နေ ဦးမယ်။ အဲဒီလို မဟုတ်ပါဘူး။

ဘာဆိုဘာမှ မလိုချင်တော့တဲ့ အခြေအနေ၊ လုံးဝ မလိုချင်တော့တဲ့ အခြေအနေလည်း ရှိပါတယ်။ သူ့အဆင့်နဲ့ သူပေါ့လေ။

လိုချင်တယ် ဆိုတာကလည်း ကိုယ်ခံစားဖို့ လိုချင် တာရယ်၊ သူတစ်ပါးကို ဝေမျှဖို့ လိုချင်တာရယ်လို့ နှစ်မျိုးရှိပါ တယ်။ ကိုယ်ခံစားဖို့ လိုချင်တာက လောဘ၊ သူတစ်ပါးကို ဝေမျှဖို့ လိုချင်တာက အလောဘ၊ အဲဒီအလောဘကိုပဲ ကိုယ် ခံစားဖို့ လိုချင်တာမဟုတ်လို့ 'မလိုစာတ်ခံ' လို့ ခေါ်ပါတယ်။

အလောဘစာတ်ခံကို မလိုစာတ်ခံလို့ ပြောတာထက် 'မစွဲစာတ်ခံ'လို့ ပြောတာက ပိုကောင်းပါတယ်။ ပိုပြီး အဓိပ္ပာယ် ပြည့်စုံပါတယ်။ ရပြီးသားပိုင်ဆိုင်မှုတွေကိုပဲဖြစ်ဖြစ်၊ မရသေး တဲ့ ပိုင်ဆိုင်မှုတွေကိုပဲဖြစ်ဖြစ် စွဲလမ်းငြိကပ်မနေတဲ့သဘော၊ စွန့်လွှတ်ဖို့ကြုံလာရင် အချိန်မရွေး စွန့်လွှတ်နိုင်တဲ့သဘော ဟာ 'မစွဲစာတ်ခံ' ပါပဲ။

အလောဘကို 'မလိုစာတ်ခံ' လို့ ပြောလည်း မှန်တော့ မှန်တာပါပဲ။ သဘောမပေါက်ရင် နားရှုပ်သွားမှာစိုးလို့သာပါ။ အလောဘစာတ်ခံ အားကောင်းတဲ့ပုဂ္ဂိုလ်ဟာ ရချင်ရ မရချင် နေ လိုကိုမလိုချင်ပါဘူး။ ကံပေးလို့ ရလာတော့လည်း ရပါစေ ပေါ့။ ရလာလည်း ခံစားဖို့ သာယာဖို့ မဟုတ်ဘူး။ ပေးကမ်းဖို့၊ စွန့်ကြဲဖို့၊ လှူဒါန်းဖို့၊ ထောက်ပံ့ဖို့ပါပဲ။

အခြေအနေအရ သူတစ်ပါးကို ကူညီထောက်ပံ့ဖို့ လို ချင်တယ်ဆိုရင်လည်း စွန့်လွှတ်ဖို့ ရည်ရွယ်ချက်နဲ့ လိုချင်တာ ဖြစ်လို့ 'မလိုချင်တဲ့စိတ်နဲ့ လိုချင်တာ' လို့ပဲ ပြောရပါလိမ့်မယ်။ မလိုချင်တဲ့စိတ်နဲ့ လိုချင်တာကိုပဲ 'အလောဘစာတ်ခံ၊ မလို စာတ်ခံ' လို့ ပြောတာပါ။

လုံးဝကို မလိုချင်တာလည်း အလောဘစာတ်ခံ = မလို စာတ်ခံ၊ စွန့်လွှတ်ဖို့ လိုချင်တာလည်း အလောဘစာတ်ခံ = မလိုစာတ်ခံ၊ သဘောပေါက်ပါတယ်နော်။

"အလောဘစာတ်ခံ = မစွဲစာတ်ခံ" ဆိုတာကတော့ အရှင်းဆုံးပါပဲ။

## မုန်းစိတ်ခန်းလေ ပြုံးရိပ်သန်းလေ

အဒေါသဆိုတာက ဒေါသ မရှိတာ၊ ဒေါသကင်းတာ။ အဒေါသစာတ်ခံ အားနည်းတဲ့ပုဂ္ဂိုလ်ကျတော့ ဘာမဟုတ်တဲ့ အသေးအမွှား စကားလုံးလေးနဲ့လည်း ပုံကြီးချဲ့ပြီးတော့ ဒေါသတွေကြီးနေတတ်တယ်။ ရန်ငြိုးတွေ ဖွဲ့နေတတ်တယ်။

ကိုယ့်အပေါ်မှာ လုံးကြီးတင် မခံချင်ဘူးပေါ့။ လုံးကြီး တင် ကြီးကြီးတောင် မဟုတ်ပါဘူး၊ သေးသေးလေးတောင် အတင်မခံချင်တာပေါ့လေ။ တစ်ဖက်သားက နောက်ပြောင် တဲ့သဘောနဲ့ပြောတဲ့ ဘာမဟုတ်တဲ့ စကားလေးကိုလည်း သူက အထအနတွေ ကောက်ပြီးတော့ စိတ်ဆိုးတယ်။ ဒါက အဒေါသစာတ်ခံ အားနည်းတဲ့ပုဂ္ဂိုလ်တွေပေါ့။

အခုလို အင်မတန်ခြောက်သွေ့နေတဲ့ မြက်ပင်တွေ၊ ဝါးရွက်တွေပေါ် မီးစလေး တစ်မှုန်လောက် ကျရုံနဲ့ကို မြက် ခြောက်၊ ဝါးရွက်ခြောက်တွေ မီးချက်ချင်းထလောင်သလိုပဲ ပေါ့။ အဒေါသစာတ်ခံ အားနည်းတဲ့ပုဂ္ဂိုလ်တွေကျတော့ ဒေါသဖြစ်စရာ စကားသေးသေးမွှားမွှားလေး၊ ဒေါသဖြစ်စရာ အပြုအမူ သေးသေးမွှားမွှားလေးကလည်း ဒေါသမီးတွေ အကြီးအကျယ် တောက်လောင်စေတယ်။

အဒေါသစာတ်ခံ အားကောင်းတဲ့ပုဂ္ဂိုလ်၊ ဒေါသနည်း တဲ့ ပုဂ္ဂိုလ်တွေကျတော့ ကိုယ့်ကို ကိုယ်ထိလက်ရောက် စော် ကားတောင်မှ အပြုံးမပျက်ဘူး။ ကလော်ဆဲနေလည်း စိတ် မဆိုးဘူး။ ကိုယ့်ရဲ့ဂုဏ်သိက္ခာတွေ ထိပါးသွားအောင် ကြီးကြီး ကျယ်ကျယ် လုပ်နေလည်းပဲ ဒေါသမဖြစ်ဘဲနဲ့ သည်းခံနိုင် တယ်။ သည်းခံတာက တစ်ပိုင်း၊ ဖြေရှင်းတာက တစ်ပိုင်းပေါ့ နော်။ 'ဘာပဲပြောပြော သည်းခံရမယ်' ဆိုတာက ငုံ့ခံနေရမှာ ကို ပြောတာမဟုတ်ဘူး၊ စိတ်မဆိုးဖို့၊ ဒေါသနဲ့ ပြန်မပြောဖို့ ပြောတာ။ ဖြေရှင်းဖို့လိုအပ်ရင် ပြန်ဖြေရှင်းရမှာပဲ။ မလိုအပ် ရင်တော့လည်း ပြန်ဖြေရှင်းမနေနဲ့တော့ပေါ့။

လူတွေအယူအဆလွဲနေတာက ဘာပဲဖြစ်ဖြစ် ငုံ့ခံ၊ ငုံ့ခံ တာကိုပဲ သည်းခံတယ်လို့ ထင်နေတယ်။ ငုံ့ခံတိုင်း သည်းခံ တာ မဟုတ်ပါဘူး။ ဖြေရှင်းသင့်၊ ဖြေရှင်းထိုက်တာကိုလည်း ဖြေရှင်းရမယ်။ ဒါပေမဲ့ တစ်ဖက်သား ဒေါသမထွက်စေနဲ့၊ တစ်ဖက်သား အကျိုးယုတ်အောင် မတုံ့ပြန်နဲ့၊ ဒါကို သည်းခံ တယ်လို့ ခေါ်တာနော်။

တစ်ဖက်သား ဒေါသပိုထွက်သွားစေမယ့် စကားမျိုးနဲ့ တော့ မတုံ့ပြန်နဲ့။ မေတ္တာနဲ့ အေးအေးဆေးဆေး အကြောင်း သင့် အကျိုးသင့်ပြောပါလျက် သူ့ဘာသာသူ စိတ်ထားမမှန် လို့ ဒေါသပိုထွက်သွားတာကတော့လည်း မတတ်နိုင်ဘူးပေါ့။

လိုအပ်လို့ ပြန်ပြော၊ ပြန်ဖြေရှင်းသည် ဖြစ်စေ၊ မလို အပ်လို့ ပြန်မပြော၊ ပြန်မဖြေရှင်းသည် ဖြစ်စေ ကိုယ့်စိတ်ထဲ မှာ ဒေါသမထွက်ရင် သည်းခံတာပါပဲ။ ပြန်မပြော၊ ပြန်မဖြေ ရှင်းပေမယ့် စိတ်ထဲမှာ မကျေမနပ်ဖြစ်နေရင်၊ ဒေါသထွက် နေရင် သည်းခံတယ်လို့ မခေါ်ပါဘူး။

အဒေါသစာတ်ခံဆိုတာ မြန်မာလိုဆိုရင်တော့ 'မမုန်း စာတ်ခံ' ပေါ့လေ။ တစ်ဖက်သား ကိုယ့်ကို ဘာပဲပြောပြော၊


www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်သား ကိုယ့်ကို ဘာလုပ်လုပ်၊ အဲဒီတစ်ဖက်သား အပေါ် နာကြည်းမုန်းတီးတဲ့စိတ် မရှိတဲ့သဘောဟာ အဒေါသဓာတ်ခံ၊ မမုန်းဓာတ်ခံပါပဲ။

## အမေ့တင်းလေ အတွေ့ရှင်းလေ

အမောဟ ဓာတ်ခံဆိုတာက မောဟကတော့ မေ့တာ၊ တွေဝေတာ၊ အမှန်အတိုင်း မသိတာ၊ သိသင့်တာတွေ မသိတာ၊ မသိသင့်တာတွေ သိတာပေါ့။ အမောဟကတော့ မမေ့တာ၊ မတွေဝေတာ၊ အမှန်အတိုင်းသိတာ၊ သိသင့်တာတွေ သိတာ၊ မသိသင့်တာတွေ မသိတာပေါ့။ လိုရင်းကတော့ မမေ့တာပါပဲ။ အမောဟဓာတ်ခံဆိုတာ 'မမေ့ဓာတ်ခံ' လို့ မြန်မာလို မှတ်လိုက်ပေါ့။

အမောဟဓာတ်ခံ အားနည်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ တရားလည်း မနာချင်ဘူး၊ တရားစာအုပ်လည်း မဖတ်ချင်ဘူး၊ တရားတွေလည်း အားမထုတ်ချင်ပါဘူး။ တရားနဲ့ပတ်သက်ရင် ဘာမှကို မကြားချင်ဘူး။ တရားစကားဆိုရင် နားခါးလွန်းလို့။ ဒါက အမောဟဓာတ်ခံ အားနည်းတဲ့ပုဂ္ဂိုလ်တွေပါ။ မောဟဓာတ် အားကြီးတဲ့ ပုဂ္ဂိုလ်တွေပေါ့။ သူတော်ကောင်းတရား ဆိုရင် ကြားကို မကြားချင်ဘူး။ အားထုတ်ဖို့ဆိုတာ ဝေးရော။

အမောဟဓာတ်ခံ အားကောင်းတဲ့ပုဂ္ဂိုလ်တွေကျတော့ တရားစာအုပ်ဆိုရင်လည်း ဖတ်လို့ကို အားမရနိုင်ဘူး။ တရားဓမ္မဆိုရင်လည်း နာလို့ကို အားမရနိုင်ဘူး။ လူကိုယ်တိုင် ဟောလတ်လတ်ဟောတဲ့ တရားပွဲဆိုရင်လည်း နာလို့ကိုမဝဘူး။ တရားအားထုတ်ရမယ်ဆိုရင်လည်း နှစ်နာရီ ထိုင်ရလား၊ သုံးနာရီ ထိုင်ရမလားပေါ့။

မနိုင်ဘဲနဲ့တော့ နှစ်နာရီ သုံးနာရီ သွားမလုပ်နဲ့နော်။ တရားအားထုတ်ဟာ ဝါသနာပါတဲ့အကြောင်း ပေါ်လွင်အောင် ပြောလိုက်တာပါ။ တရားအားထုတ်တဲ့နေရာမှာ ကြာကြာထိုင်နိုင်ဖို့က အဓိက မဟုတ်ပါဘူး။

တရားအားထုတ်တာတော့ ဝါသနာပါရမယ်နော်။ တရားအားထုတ်တာနဲ့ တရားထိုင်တာနဲ့လည်း တခြားစီပါပဲ။ လူတွေက ဘာဝနာဆိုရင် တရားထိုင်တယ်၊ တရားထိုင်တယ် လို့ပြောနေကြတာနော်။ တရားထိုင်ဖို့က အဓိက မဟုတ်ဘူး၊ တရားအားထုတ်ဖို့က အဓိက။

သွားလည်း တရားနဲ့၊ ရပ်လည်း တရားနဲ့၊ ထိုင်လည်း တရားနဲ့ လျောင်းလည်း တရားနဲ့၊ စားလည်း တရားနဲ့၊ စွန့်ကြည်လည်း တရားနဲ့၊ ရေချိုးလည်း တရားနဲ့၊ သွားတိုက်လည်း တရားနဲ့ လုံချည် အင်္ကျီ ပြင်ဝတ်လည်း တရားနဲ့၊ ရေအိမ်ထဲ ဝင်ကြီး ကျင်ငယ်စွန့်တော့လည်း တရားနဲ့၊ ဘာလုပ်လုပ် တရားနဲ့ လုပ်နေတာကို တရားအားထုတ်တယ်လို့ ခေါ်တာ။

ယောဂီတို့ တင်ပါးမနာ၊ ခါးမအောင့်ဘဲနဲ့ တရားမရ ဘူးလား။ တစ်မိနစ်၊ တစ်စက္ကန့်တောင် မထိုင်ဘဲနဲ့ ရဟန္တာ ဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်နော်။ ထိုင်တာနဲ့ သဗ္ဗာယ မဖြစ်တဲ့ပုဂ္ဂိုလ်တွေက ရပ်မှတ်မှာပေါ့။ စင်္ကြံလျှောက် မှတ်မှာပေါ့။ လဲလျောင်း မှတ်မှာပေါ့။ တခြားသွားလာလှုပ်ကိုင်၊ စားသောက် နေထိုင်၊ ပြောဆိုရင်းနဲ့ ရှုမှတ်မှာပေါ့။

လူတွေက ထိုင်မှတ်နေမှ နိဗ္ဗာန်ရမယ်။ ထိုင်ပြီး မျက်လုံးလေး မှိတ်ထားတုန်းမှာ နိဗ္ဗာန်တွေ ဒိုင်းခနဲ ဒိုင်းခနဲ ပေါ်လာတယ် ထင်နေတာနော်။ မဟုတ်ဘူး။

မျက်လုံးလေးဖွင့်ပြီးတော့ ထမင်းစားရင်းနဲ့ တရားမှတ်ရင် မျက်လုံးဖွင့်လျက်နဲ့လည်း နိဗ္ဗာန်က ရောက်နိုင်တာပဲ။ မျက်လုံးမှိတ်လျက်နဲ့မှ နိဗ္ဗာန်ရောက်တာမဟုတ်ဘူး။ မျက်လုံးဖွင့်လျက်နဲ့လည်း နိဗ္ဗာန်ရောက်တာပဲ။ ဒါကြောင့်မို့လို့ တရားထိုင်တာထက် တရားအားထုတ်ဖို့က အဓိက ကျပါတယ်။

အမောဟဓာတ်ခံ အားကောင်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ တရားထိုင်တာနဲ့တင် မကျေနပ်တော့ဘူး။ တရားအားထုတ်တော့တာပဲ။ သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုတ်လေးပါးမှာရော သွားသွား လာလာ စားစား သောက်သောက် နားနားနေနေ စွန့်စွန့်ယိုယို အမြဲတမ်း တရားနှလုံးသွင်းထားတော့တာပဲ။

အမောဟဓာတ်ခံကို ဒီနေ့တရားအတွက် မြန်မာလို ပြောမယ်ဆိုရင် မမေ့ဓာတ်ခံပေါ့။ အမောဟဓာတ်ခံ အားကောင်းရင် မမေ့တော့ဘူး၊ အမြဲတမ်း သတိရှိနေတယ်၊ ဉာဏ်ရှိနေတယ်၊ အမြဲတမ်း သတိပါနေတယ်၊ ဉာဏ်ပါနေတယ်။

ကိုယ်အမူအရာဖြစ်တိုင်း သတိပါတယ်၊ ဉာဏ်ပါတယ်၊ နှုတ်အမူအရာဖြစ်တိုင်း သတိပါတယ်၊ ဉာဏ်ပါတယ်၊ စိတ်အမူအရာဖြစ်တိုင်း သတိပါတယ်၊ ဉာဏ်ပါတယ်။

သတိပဋ္ဌာန်လေးပါးကို လွယ်လွယ်မှတ်ချင်ရင် ကာယကံ ပြုလုပ်တိုင်း သတိဉာဏ်ထည့်ထား၊ ဝစီကံ ပြောဆိုတိုင်း သတိဉာဏ်ထည့်ထား၊ မနောကံ ကြံစည်တိုင်း သတိဉာဏ်ထည့်ထား။ အဲဒါကို သတိပဋ္ဌာန်လို့ ခေါ်တာ။ သတိပဋ္ဌာန်သုံးပါးလို့ ပြောချင်ပြောလိုက်ပေါ့နော်။ သတိပဋ္ဌာန် လေးပါးနဲ့ သဘောချင်းကတော့ အတူတူပါပဲ။ အာရုံပေါ်မူတည်ပြီး စကားလုံးကွဲသွားတာ။

ဘုရားအလောင်း သူတော်ကောင်းကြီးတွေရဲ့ ပထမဆုံး ဓာတ်ခံသုံးမျိုးကတော့ အလောဘ၊ အဒေါသ၊ အမောဟ၊ ပါဠိလိုဆိုရင် 'အ'သုံးလုံး ဓာတ်ခံတွေပေါ့။ မြန်မာလိုဆိုရင်တော့ 'မ'သုံးလုံး ဓာတ်ခံတွေပါ။ မစွဲဓာတ်ခံ၊ မမုန်းဓာတ်ခံ၊ မမေ့ဓာတ်ခံ။

(ဆက်ရန်)

❒ အရှင်ဆန္ဒာဓိက



www.burmeseclassic.com

www.burmeseclassic.com

# အာဖဂန်နစ္စတန်မှ ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ် များ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)


ယနေ့ခေတ် အစ္စလာမ်ဘာသာ အလေးထားတဲ့ အာဖဂန်နစ္စတန် (Afghanistan) နိုင်ငံက ဘာမိရန် (Bamiyan)ဒေသမှာ အလွန်ကြီးမားလှတဲ့ ဗုဒ္ဓမတ်ရပ်ဆင်းတုတော်ကြီး (Colossal standing Buddha) တစ်ဆူ အထင်အရှား ရှိခဲ့ပါတယ်။ ဒီဆင်းတုတော်ကြီးကို ၆ ရာစုထက်နောက်မကျတဲ့အချိန်ကာလမှာ သဘာဝကျောက်နံရံကမ်းပါးပေါ် ထွင်းထုယူပြီး တည်ဆောက်ခဲ့ကြတာပါ။

၂၀၀၁ ခုနှစ်မှာတော့ စစ်သွေးကြွ တာလီဘန် (Taliban)များရဲ့ ဖျက်ဆီးခြင်းကိုခံခဲ့ရပါတယ်။ ဒီလို ဆင်းတုတော်ကြီးတစ်ဆူ ကမ္ဘာမြေပေါ်က ပျောက်ကွယ်သွားခဲ့တာဟာ ၂၁ ရာစုအတွင်း ဘာသာရေးအရသာ မဟုတ်ဘဲ ယဉ်ကျေးမှုအရလည်း ကမ္ဘာ့ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ခဲ့ပါတယ်။

ဒါ့အပြင် အာဖကန်နိုင်ငံမှာ ဒီလောက်ကြီးတဲ့ ဗုဒ္ဓဆင်းတုတော်ကြီးတွေရှိခဲ့တာကလည်း သမိုင်းကြောင်းကို မသိရင်ဖြင့် အံ့ဩစရာပါ။ ဗုဒ္ဓသာသနာတော်ရဲ့ ဖြစ်စဉ်သမိုင်းကြောင်းကို သိရင်တော့ . . .


*ဗုဒ္ဓသာသနာ အာဖကန်နစ္စတန်နဲ့ အာရှအလယ်ပိုင်းသို့ ပျံ့နှံ့ရောက်ရှိသွားခြင်း ------*

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်ပြီးနောက် သာသနာနှစ် ၂၃၅ ခုနှစ် ရောက်တဲ့ခါ အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ပါဋလိပုတ်ပြည်မှာ မောရိယဘုရင် အသောကမင်းကြီးဟာ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်အမှူးပြုတဲ့ ရဟန္တာ ၁၀၀၀နဲ့ အသောကာရုံ ကျောင်းတော်မှာ ဥလကြာ တတိယ သံဂါယနာတင်တော်မူခဲ့တယ်။ အဲဒီနောက် အသောကဟာ မဟာမောဂ္ဂလိပုတ္တတိဿရဲ့ လမ်းညွှန်မှုနဲ့ ဘုရားရှင် ဗျာဒိတ်တော်ထားခဲ့ရာ မဇ္ဈိမတိုင်းအပြင်မှ ပစ္စန္တရစ်အရပ်များကို သာသနာပြုအဖွဲ့ (religious missions)များ စေလွှတ်တော်မူခဲ့တယ်။ သာသနာပြုလွှတ်ခဲ့ရာ တိုင်းနိုင်ငံ ကိုးနေရာနဲ့ ဦးဆောင် မထေရ်တွေကတော့ ကတ်ရှမီးယား၊ ဂန္ဓရသို့ မဇ္ဈန္တိကထေရ်အမှူးပြုတဲ့ မထေရ် ၅ ဦး။ မဟိသကတိုင်းသို့ မဟာဒေဝထေရ်နဲ့ မထေရ် ၅ဦး။ ဝနဝါသီတိုင်း၊ မသဘာနယ်သို့ ရက္ခိတထေရ်နဲ့ မထေရ် ၅ ဦး။ အပရန္တကတိုင်း အိန္ဒိယအနောက်ပိုင်း ဘောဇနယ် ကမ္ဘောဇသို့ ယောနက




ဘာမိရန်တောင်ကြားကဆင်းတုတော်များဖျက်ဆီးခံရပြီး ဗလာဖြစ်နေတဲ့ ဒရေးထောင်းတော့ဘတ်လိုထံ့ဂူမှစ်ကပ်

www.burmeseclassic.com



ဘာမိရန်တောင်ကြားကျောက်လိုဏ်ဂူမှ တာလီဘန်တို့ ဖျက်ဆီးမခံရခင်က ဆင်းတုတော်ကြီးပုံ





ဓမ္မရက္ခိတနဲ့ မထေရ် ၅ ဦး။ မဟာရဋ္ဌတိုင်း၊ ဘုံဘိုင်နယ်သို့ မဟာဓမ္မရက္ခိတထေရ် အမှူးပြုတဲ့ မထေရ် ၅ ဦး။ ယောနက တိုင်း-ယောန၊ ပါသိယံ-ဂရိတ်နိုင်ငံသို့ မဟာရက္ခိတ ထေရ်နဲ့ ၅ဦး၊ ဟိမဝန္တာသို့ မဇ္ဈိမထေရ်နဲ့ ၅ ဦး။ သုဝဏ္ဏဘူမိသို့ သောဏဥတ္တရထေရ် အမှူးပြုတဲ့ မထေရ် ၅ ဦး။ လင်္ကာဒီပ၊ သီဟိုဠ်ကျွန်းသို့ ရှင်မဟိန္ဒထေရ် အစရှိတဲ့ မထေရ်၅ဦးတို့ ဖြစ်ကြပါတယ်။

ဒီလိုနဲ့ ဗုဒ္ဓသာသနာတော်ဟာ အိန္ဒိယအနောက်ဘက် ရှိ တူရကီနိုင်ငံများ၊ အရှေ့နဲ့အရှေ့မြောက်ဘက် ဟိမဝန္တာနဲ့ နီနှံတိုင်း-ငါးရပ် (ပဥ္စစိနရဋ္ဌ-ခိုတန်၊ ယရကန်၊ တိဗက်၊ ဘူတန်နဲ့ တရုတ်)၊ တောင်ဘက်နဲ့ အရှေ့တောင်ဘက် သီရိလင်္ကာ (သီဟိုဠ်ကျွန်း)၊ မြန်မာနိုင်ငံနဲ့ မလေးကျွန်းအပါအဝင် အင်ဒိုနီးရှားကျွန်းစုများတိုင် ခရီးပေါက်ခဲ့ပါတယ်။

အသောကဟာ သာသနာပြုအဖွဲ့တွေ နိုင်ငံပြင်ပ လွှတ်ခဲ့သလို ဗုဒ္ဓတရားတော်အချို့ကိုလည်း ကျောက်စာ ရေးထိုးဖော်ပြပေးခဲ့တယ်။ ဒီလိုသူလုပ်ဆောင်ခဲ့တာတွေကို အသောကကျောက်စာတိုင် အမှတ်-၁၃ (Edict XIII)မှာ လည်း ရေးသားမှတ်ထမ်းတင်ခဲ့သေးရဲ့။ အာဖကန်တောင်ပိုင်း၊ သန္ဓေခေတ် လဂ်မန်(Lagman)အနီး ကန္ဒဟာ(Kandahar) မှာ တွေ့ရှိခဲ့တဲ့ အသောက ကျောက်စာသုံးချပ်ကလည်း ဒါကို အတည်ပြုခဲ့တယ်။ အဲဒီကျောက်စာတွေကို ဂရိ (Aramaic)နဲ့ ဂရိ-အာရမစ် ဘာသာနှစ်မျိုးပေါင်းနဲ့ ရေးထိုးထားခဲ့တယ်။ ဒီကျောက်စာတွေက အာဖကန်မှာ တတိယရာစုဘီစီ အလယ် နှစ်လောက် စောစောကတည်းက ဗုဒ္ဓဘာသာရှိနေတာကို ပြသနေရဲ့။ ပါဠိမဟာဝံသမှာလည်း Pallavabhogga နဲ့ Alasandra နိုင်ငံတွေက ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေဟာ



www.burmeseclassic.com


www.burmeseclassic.com

၁၀၁-၇၇ဘီစီမှာ ဒုဋ္ဌဂါမဏိမင်းရဲ့ နန်းတော်ထဲရောက်ခဲ့ပြီး ဘာသာရေးပွဲလမ်းတွေ ဆင်နွှဲခဲ့တယ်လို့ ဆိုထားတယ်။ Alasandra ဟာ အလက်ဇန္ဒရီးယား(Alexandria) ဖြစ်နိုင်တယ်။ ယနေ့ ကဘူးလ် (Kabul) ဟာ Caucasus ဖြစ်ပြီး၊ Pallavabhogga ဟာ အာဖကန်က-ပါသီရာ (Parthia)ရဲ့ အရှေ့ဘက်နယ်စပ် Margiana (သို့) ပါသီရန် လက်အောက်ခံ ပြည်နယ်တွေ ဖြစ်တယ်။

၁၀၅-၃၅ဘီစီက ဂရိဒဿနိကဗေဒပညာရှင်၊ ပထဝီနဲ့ သမိုင်းဆရာ Alexander Polyhistor ကလည်း သဏ္ဍတလို (Samana)ဖြစ်တဲ့ ဘက္ထရီးယန်(Bactrian)မှာ ပထမရာစု ဘီစီလောက် စောစောကတည်းက ဗုဒ္ဓဘာသာ ရောက်ရှိပျံ့နှံ့ခဲ့ပြီလို့ သက်သေသာဓကနဲ့ ဆိုခဲ့တယ်။ နောက်ပိုင်းမှာ အခြားအာရှအလယ်ပိုင်းကို ထိုးဖောက်ဝင်ရောက်ခဲ့ပြီး ကက်ရှ်



တဘူးလ်ပြတိုက်မှ အခြင့်ဒုပ်ပင်တီမီတာရှိ အသားဝနတ်သမီး ယက္ခီ (Yakshi)ဆင်စွယ်ပန်းပု



အာဖဂန်နစ္စတန် (Ghazni)ရှိ ၁၀၉၉-၁၁၁၅ခုနှစ်လောက်ရာ (Masud III)မှ အောင်မြင်ခြင်းမျှော်စင် အနီးကပ်ပုံ

မီးယားကနေ Xinjiang ရောက်၊ အဲဒီကမှ အရှေ့ဘက်ဆီ ဆက်လက်ဦးတည်သွားတယ်။ ပါသီရန်လက်အောက်ခံနိုင်ငံ Margiana က လာတာတဲ့ ဗုဒ္ဓဘာသာတရားပြဆရာ An Shih-kao ဟာ တရုတ်ပြည်ကို ၁၄၈ဘီစီမှာ ရောက်ခဲ့ပြီး ဗုဒ္ဓကျမ်းစာများကို တရုတ်လို စတင်ပြန်ဆိုခဲ့တယ်။

မျိုးဆက်အသီးသီးက ဘာသာပြန်ဆရာများစွာဟာ အနောက်ကနေ တရုတ်ကို ရောက်ရှိခဲ့ကြတယ်။ အဲဒီမှာ Yueh-chi နဲ့ အခြားဘက္ထရီယာသားတွေ၊ Sogdians နဲ့ ပါသီရန်သားတွေပါတယ်။

ဗုဒ္ဓဘာသာဟာ အတော်စောစောကတည်းက ရောက်ရှိတယ်လို့ အသောကခေတ် ပုံပြင်တစ်ပုဒ်မှာ ဆိုထားတယ်။ Xinjiang တောင်ပိုင်း အထူးသဖြင့် ကိုတန်ကိုလည်း ရောက်တယ်။ အဲဒီမှာ နေထိုင်ကြသူတွေက အီရန်-ကိုတန် ဘာသာစကားကို သုံးကြတယ်။ တိဗက်သမိုင်းတစ်ခုမှာ ပြောထားတဲ့ ဗုဒ္ဓဘာသာ ရောက်ရှိလာချိန်ကတော့ ၈၄ ဘီစီပါ။ ပထမနဲ့ ဒုတိယရာစုက ကိုတန်မှာ တွေ့ရှိခဲ့တဲ့ ဗုဒ္ဓဘာသာကျမ်း ဓမ္မပဒလက်ရေးမူဟာ အဲဒီခေတ်မှာ အခြားကျမ်းတွေနဲ့အတူ လည်ပတ်စီးဆင်းနေခဲ့တယ်။


ဗုဒ္ဓသာသနာဟာ ကိုတန်အပြင် အီရန်အရှေ့ပိုင်းက ပါသီရား၊ ဘက္ထရီးယား၊ Nagarahara၊ Arachosia၊ Kapisa နဲ့ Sogdiana တို့ကိုလည်း အတော်စောစောကတည်းက ရောက်နေတာဖြစ်မယ်လို့ သိလာရတယ်။ အဲဒီတွေမှာ ကုရှန်မင်းဆက် အေဒီ ၁-၃ရာစုအတွင်းက ဗုဒ္ဓဘာသာ အဆောက်အအုံပျက် များစွာရှိနေရဲ့။



www.burmeseclassic.com

www.burmeseclassic.com





အာဖဂန်နစ္စတန်၊ မေဇရ်ရှရစ်ဖ် (Mazare Sharif)မှ ယနေ့ခေတ်-အပြာရောင်ဗလီ (the Blue Mosque)

**ကုရှန်(the Kushans)မင်းဆက်များ -------**

၁၃၅ ဘီအီးလောက်က အာရှအလယ်ပိုင်းမှာ ...ကြည် ရာ မြက်နုရာလှည့်လည်နေထိုင်ကြတဲ့ လူမျိုးစု ...စုပူးပေါင်း ပြီး လွတ်လပ်စွာ ဖွဲ့စည်းထားတဲ့အဖွဲ့က ...ဘက္ထရီးယားကို ဘက္ထရီးယန်ဂရိ (the Bactrian Greeks)တွေ ...ဆီကနေ ဆွဲထုတ်ယူခဲ့ပြီး ကုရှန်-ကုသန (the Kushan-Kusana) အလံတော်အောက်မှာ စုစည်းသွားကြတယ်။ ...တို့ထဲက တစ်စုဟာလည်း အာဖကန်နယ်မြေကို အနိုင်ရ ...ခဲ့ပါတယ်။ ကုရှန်အာဏာဟာ ၂ ရာစု၊ ကနစ်ရှကမင်း (Kaniska) (၇၈-၁၄၄ စီအီး) လက်ထက်မှာတော့ အထွတ် အထိပ်ကို ရောက်ရှိခဲ့တယ်။ ဒီမင်းရဲ့အင်ပါယာဟာ အိန္ဒိယ ...လယ်ပိုင်းရဲ့မြောက်ဘက် မထုရာ(Mathura)ကနေ ဘက္ထ ...ယားကိုကျော်ပြီး အာရှအလယ်ပိုင်း တရုတ်နယ်စပ်အထိ ...လှမ်းရောက်တဲ့တိုင် ကျယ်ပြန့်သွားတယ်။ ကုရှန် ...တွေဟာ အနုပညာနဲ့ ဗုဒ္ဓဘာသာကို ကာကွယ်စောင့်ရှောက် ...သူတွေလည်း ဖြစ်ရဲ့။

ရောမ-အိန္ဒိယနဲ့ တရုတ်ပြည်တို့အကြား အဖိုးတန် ...စွည်းတွေကို သယ်ယူခဲ့ရာ၊ အတွေးအခေါ်တွေ ဖလှယ် ...ရာ ပိုးလမ်းမကြီး(the Silk Road)ရဲ့ အဓိကလမ်းခွဲ ...ခုဟာ အာဖကန်ကို ဖြတ်သွားတယ်။ ကုန်စည် အလဲ ...လှယ်လုပ်ရာ ဗဟိုဌာနဟာ ဘာ့ခ်(Balkh)မှာ တည်ရှိ ...ရဲ့၊ အေဒီအစောပိုင်း ရာစုနှစ်တွေအတွင်းမှာ အိန္ဒိယ ဘုရားဖူးတွေဟာ ပိုးလမ်းမကြီးကနေ ခရီးနှင်ပြီး ဗုဒ္ဓဝါဒကို တရုတ်ပြည်နဲ့ မိတ်ဆက်ပေးခဲ့ကြတယ်။ ဗုဒ္ဓဘာသာ-ဂန္ဓာရ အနုပညာ (Gandharan art)ဟာ အဲဒီကာလတွေမှာပဲ ဖွံ့ဖြိုး တိုးတက်လာတာပါ။

၄-၅ ရာစု စီအီးမှာတော့ ဉာဏ်တော်အမြင့် ၁၇၅ ပေ (၅၃မီတာ)နဲ့ ပေ ၁၂၀ (မီတာ၄၀) ရှည်တဲ့ ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓဆင်းတုတော်များကို အာဖဂန်အလယ်ပိုင်း ဘာမိရန် တောင်တန်းက တောင်ကမ်းပါးယံတစ်ခုမှာ ထွင်းယူပြီး တည် ဆောက်ခဲ့ကြတယ်။ ဒီဆင်းတုတော်ကြီးတွေကို ၂၀၀၁ ခုနှစ် မှာ တာလီဘန်တွေ ဖျက်ဆီးပစ်လိုက်တာပါ။

အဲဒီခေတ် ကုန်သွယ်ရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ လုပ် ဆောင်ခဲ့တဲ့ သက်သေသာဓကတွေကို ကဘူးလ်မြို့ မြောက် ဘက်က ကုရှန်နွေရာသီမြို့တော် (Bagram)မှာ တွေ့ရတတ် တယ်။ အလက်ဇန္ဒြီးယားက ဆေးခြယ်ဖန်ထည်၊ အင်္ဂတေ ထည်၊ ရောမက ကြေးထည် အလှဆင်တဲ့ ခဲဝင်မှုန်ကျောက် ထည်နဲ့ စကျင်ကျောက်ထည်၊ အိန္ဒိယက ဆင်စွယ်ပန်းပုတွေနဲ့ တရုတ်ယွန်းထည်တွေ အပါအဝင်ပေါ့။ ဘာ့ခ်မြောက်ဘက်က လူစည်ကားခဲ့တဲ့ ကုရှန်မြို့ကြီး(Delbarjin)နဲ့ အနောက် ဘက် (She-berghan)နားက အထူးတလည် အနုလက်ရာ မြောက်လှတဲ့ ရွှေထည်ရတနာသိုက်ကြီးတွေကိုလည်း တူးဖော် တွေ့ရှိခဲ့ပြီးပါပြီ။

***ဒေသအလိုက်အသွင်ပြောင်းလာသော ဗုဒ္ဓဘာသာလက်ရာများ -------***


ဗုဒ္ဓဘာသာ ဓလေ့တွေကို လိုက်နာကျင့်သုံးရာမှာ ကျော်ကြားထင်ရှားပြီး ဘာသာရေးမှာ တက်ကြွစွာပါဝင် ချီးမြှောက်ခဲ့တဲ့ ကုရှန်ဘုရင် ကနစ်ရှကဟာ ဘာသာရေး အဆောက်အအုံများစွာကို ပထမရာစုစီအီးမှာ တည်ဆောက် ပေးခဲ့တယ်။ သူ့ဒင်္ဂါးပြား(coinage)တွေမှာတော့ ဂရိနဲ့ Hellenistic ရောမနတ်ဘုရားရုပ်တွေ၊ ဗုဒ္ဓပုံတော်တွေလည်း ရှားရှားပါးပါးပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com




ယနေ့ခေတ် အာဖကန်နစ္စတန်နိုင်ငံမြေပုံ

ပထမရာစု ဘီစီ- ပထမရာစု စီအီးအတွင်းမှာ ဗုဒ္ဓဘာသာဟာ ရုပ်တုရုပ်လုံးတွေနဲ့ ဘာသာရေးတစ်ရပ် ဖြစ်လာတာကို ဂန္ဓာရအနုပညာတွေအရ သိနိုင်ပါရဲ့။ အစောဆုံးတင်ပြနိုင်တဲ့ သက်သေကတော့ ဘတ္တရီးယား(Tillya-Tepe) ရှေးဟောင်းသချိုင်းက ဘုရားကျောင်းဒင်္ဂါး (ရွှေတိုကင်ပြား) ပေါ်က ဗုဒ္ဓပုံတော်ပါ။ ဂန္ဓာရအနုပညာဟာ အာဖကန်တစ်နေရာတည်းသာ မဟုတ်ဘဲ အာရှအလယ်ပိုင်းရဲ့ တောင်ဘက်နဲ့ Xinjiang ထိပါ ပျံ့နှံ့ခဲ့ပြီး ကျယ်ပြောတဲ့ အဲဒီမြေအတွင်းမှာ များစွာသောကျောင်းတွေ ဖြစ်ပေါ်စေခဲ့တယ်။ ဂန္ဓာရအနုပညာကို ဗုဒ္ဓဘာသာ တည်ဆောက်ရေးတွေမှာ တွေ့မြင်နိုင်တယ်။ အထူးသဖြင့် ဘုန်းကြီးကျောင်း-ဝိဟာရ (vihara)တွေ၊ ဗုဒ္ဓနဲ့ အခြားသူတော်စင် မထေရ်မြတ်တွေရဲ့ ဓာတ်တော်မွေတော်တွေ ထည့်သွင်းဌာပနာထားတဲ့ ကြည်ညိုအလေးအမြတ်ပြုရာ စေတီနဲ့ ထူပါ(stupa)တွေလည်း ပါတယ်။ အဲဒီ အဓိက ဗိသုကာပညာရပ်တွေနဲ့ ပေါင်းစပ်ဖွဲ့စည်းမှုစိတ်ကူးတွေ မူလအရင်းခံရာတတော့ အိန္ဒိယပြည်ကြီးပါ။ ဒါပေမဲ့ ဒေသရာသီဥတု၊ အသုံးပြုတဲ့ ပစ္စည်းတွေ၊ ရိုးရာဗိသုကာ ပညာရပ်တွေနဲ့လည်း ညှိနှိုင်းချိန်ဆပြုပြင်ယူပြီး အဆောက်အအုံတွေကို တည်ဆောက်သွားကြပါတယ်။

ဗုဒ္ဓဘာသာဆိုင်ရာ အဓိက အဆောက်အအုံတစ်ခုချင်းစီမှာ ရှည်လျားတဲ့ ပြောင်းလဲတိုးတက်မှုတွေရှိနေရဲ့။ ဒါပြင် လွတ်လပ်စွာရပ်တည်နေတဲ့ အာဖဂန်၊ အာရှအလယ်ပိုင်း တောင်ဘက်နဲ့ တရုတ်ပြည်မြောက်ပိုင်း Xinjiang တွေက ဗုဒ္ဓဘာသာကျောင်းတော်တွေဟာ အိန္ဒိယမှာတွေ့ရတဲ့ မူလပုံစံများလိုပဲ ဂူကျောင်း(Cave monasteries)တွေ ဖြစ်ပေမယ့် ဒေသလက္ခဏာတွေ ပါဝင်နေတယ်။

ယနေ့ခေတ် ဂျလာလာဘတ် (Jalalabad)အနီးရှိ ဟဒ္ဒာ(Hadda) ရှေးက Nagarahara ဟာ အာဖဂန်ရဲ့ အကြီးမားဆုံး ဗုဒ္ဓဘာသာဌာနပါ။ လာရောက်ဖူးမြော်ခဲ့ပြီး ပြန်လည်ရေးသားဖော်ပြခဲ့တဲ့ တရုတ်ဘုရားဖူးတွေလည်း ရှိခဲ့တယ်။ ဖာရှိယန်(Fa-hsien)(၃၃၇-၄၂၂ခု)နဲ့ ဟူရှင်းတောင် (Hsuan-tsang)(၆၀၂-၆၄ခု)တို့ပါ။ အဲဒီမှာ Bagh Gai, Deh Ghundi, Tepe Kafiriha, Tepe Kalan, Tepe Shutur, Gan Nao စတဲ့ ကျောင်းတော်ရာ အကြွင်းအကျန်တွေနဲ့ အခြားအဆောက်အအုံတွေ ဖုံးလွှမ်းနေတဲ့ ၁၅ ကီလိုဧရိယာလောက်ကျယ်တဲ့ ဝင်းနှစ်ခုရှိတယ်။

ကြီးသော၊ ငယ်သော စတူပါတွေ၊ ဘုန်းကြီးကျောင်းတွေနဲ့ ဖန်တီးပြုလုပ်ထားတဲ့ လူလုပ် ဂူကျောင်းတွေနဲ့ပါ။ ဘုန်းကြီးကျောင်းတွေက စတုရန်းပုံ၊ ထောင့်မှန်စတုဂံပုံတွေရှိပြီး ကျောင်းဝင်းကို တရားထိုင်အခန်းငယ်တွေ၊ စုဝေးခန်းမတွေ၊ ဇရပ်တွေနဲ့ အခြားအဆောက်အအုံများက ပတ်ရံနေတယ်။ အလယ်ဗဟိုမှာ ကြီးမားတဲ့ ထူပါရုံကြီးက နေရာယူထားပြီး စေတီရံများစွာလည်း ရှိရဲ့။ တစ်ခါတစ်ရံမှာ ကျောင်းဝင်းနှစ်ခုပါပြီး တစ်ခုကို အခန်းငယ်လေးတွေနဲ့ အသားသတ်ဝန်းရံထားတယ်။ နောက်တစ်ခုကိုတော့ ဇရပ်တွေနဲ့ ရံထားတယ်။ ကျောင်းတွေရဲ့ ဘေးနဲ့ကြားမှာလည်း စတူပါ၊



ပါရှား(အီရန်)-အာဖကန်နစ္စတန်နဲ့ ဗလူချစ္စတန်နိုင်ငံများပါတဲ့ ရှေးဟောင်းမြေပုံ



www.burmeseclassic.com

…နဲ့ ရုပ်တုများစွာ ရှိတယ်။ အဆင့်ဆင့်ရှိနေတဲ့ အောက်ခံ …ပေါ်မှာ ထူပါအဆူ ၅၀၀ကျော် တည်ထားကြပြီး …တွေ ကျောက်တွေနဲ့ ထွင်းထုဆင်ယင်ထားတဲ့ ရုပ်ကြွ …လည်း ရှိရဲ့။ ဗိသုကာ အသေးစိတ်မှာတော့ နဖူးစီး (…ice)၊ တိုင်လုံး(column)၊ အခုံး(arche)တွေနဲ့ ဗုဒ္ဓ …ရုပ်တော်၊ ထိုင်တော်မူနဲ့ အခြားလောကီရေးရာ ပုဂ္ဂိုလ် …ပါ အတန်းလိုက် တွေ့နိုင်တယ်။ ကျောင်းတော်တွေကို …း အလားတူပဲ တန်ဆာဆင်ထားရဲ့။ ဟဒ္ဒာအနုပညာဟာ … ထင်ရှားတဲ့ ဂန္ဓာရအနုပညာနဲ့ ယှဉ်နိုင်ပြီး ပိုမိုလွတ်လပ် …တ်ပါပြီး ပိုလက်တွေ့ကျရဲ့။ ပန်းပုထုလုပ်မှုတွေမှာ နတ် …ကြီးတွေထက်စာရင် လူပုဂ္ဂိုလ်ပုံတွေမှာ ကျမ်းဂန်လာ …ချက်တွေလည်း ကင်းလွတ်လေတော့ ပိုလက်စွမ်းပြ …ကြတယ်။ အဲဒီမှာ ထွင်းထုထားတဲ့ ခေါင်းတွေ ရုပ်တု …ဟာ တုမနိုင်းသာအောင် အလွန်လှပတယ်။

Nagarahara ဒေသမှာလည်း အခြားဗုဒ္ဓဘာသာ …တစ်ခုရှိတယ်။ Bimaran မှာတွေ့ရတဲ့ ရွှေသားဓာတ် …ကြုတ်ဟာ ဗုဒ္ဓကိုအစောဆုံး လူသားအသွင် တင်ပြချက် …တယ်။ ကဘူးလ် ကပိသ (Kapisa) ဧရိယာမှာလည်း …နဲ့ တတိယရာစုနှစ်စီအီးမှာ ထွန်းကားခဲ့တဲ့ ဘုန်းကြီး …ကျောင်းတွေ၊ စတူပါတွေ အစဉ်လိုက်ရှိနေတယ်။ အဲဒီမှာ တန်ဆာဆင်ထားတဲ့ ရုပ်တုတွေဟာ ဟဒ္ဒာရုပ်တွေနဲ့ ဆင်တူယိုးမှားပါ။ ဒါ့ပြင် ဘက္ကထရီးယား ဗုဒ္ဓသာသနာကို အစောဆုံး ကာလသတ်မှတ်နိုင်စေဖို့ အထောက်အကူ ပြုတာကတော့ ကန္ဒုဇ် (the Kunduz) ဧရိယာက ရရှိခဲ့တဲ့ ကြွေထည် မြေထည် ဓာတ်တော်ကြုတ်ပေါ့။ ကြုတ်ပေါ်က (akharosthi) အရေးအသားမှာ "ဒီနားမှာ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း တစ်ကျောင်းရှိတယ်၊ အဲဒီမှာ (the Dharmaguptaka) ဂိုဏ်းအယူဝါဒတွေသင်ကြားပြီး၊ ကျယ်ကျယ်ပြန့်ပြန့် သာသနာ ပြုနေတယ်"လို့ ဖော်ပြနေရဲ့။


စာအရေးအသားဟာ ပထမနဲ့ဒုတိယ ရာစုစီအီး ကပါ။ ဒုတိယနဲ့ တတိယရာစု စီအီးခေတ်ကလို့ ညွှန်းထားတဲ့ (Sork Kotal) ဗုဒ္ဓဘာသာ ကျောင်းတော်မှာ ရုပ်တုတွေရှိပြီး ထူးခြားတဲ့ အဆောက်အအုံပါ။ ကန္ဒုဇ် ဗုဒ္ဓဘာသာဘုန်းကြီး ကျောင်းရဲ့ ပန္နက်ကိုတော့ ကုရှန်ခေတ် အကုန်ကလို့ ခန့်မှန်းနိုင်ပါရဲ့။ Dilberjin နဲ့ Haibak အပြင် အခြားနေရာတွေမှာလည်း ကျောင်းတွေရှိတယ်။


ဘက္ကထရီးယာဟာ the Amu Darya ရဲ့မြောက်ဘက်၊ ယနေ့ခေတ် ဥဇဘက်ကစ္စတန်(Uzbekistan)နဲ့ တာဂျီကစ္စတန် (Tajikistan)ရဲ့ တောင်ဘက်မှာပါ။ အဲဒီရဲ့ မြောက်ပိုင်းမှာ စနစ်ကျတဲ့ ရှေးဟောင်းသုတေသန လုပ်ငန်းတွေ



အာဖဂန်နစ္စတန်၊ ကဘူးလ်မြို့သားတွေ လမ်းထောင့်မှာ ပွဲကြည့်နေပုံ

www.burmeseclassic.com





အာဖဂန်နစ္စတန်မှ ဗုဒ္ဓဘာသာဆင်းတုတော်များ

လုပ်တဲ့အခါ ဗုဒ္ဓဘာသာ အဆောက်အအုံများစွာ ပေါ်ထွ
လာခဲ့တယ်။ တားမက်ဇ်(Termez)မှာ အများဆုံးပါ။ တာ
မက်ဇ် အနောက်မြောက်ပိုင်း၊ အမူဒါရာက သိပ်မဝေး
နေရာမှာတင် ဂူကျောင်းသင်္ခမ်းတွေရှိတဲ့ (Kara Tepe) ဗု
ဘာသာဌာနရှိတယ်။ သူ့ဘေးမှာ ဖရဇ်တေပီ(Fayaz Tep
ဘုန်းကြီးကျောင်းလည်း သီးခြားရှိသေးတယ်။ ကရာတေ
ကျောင်းဝင်းဟာ ၇ ဟက်တာလောက် ကျယ်တယ်။ အ
နား‌မှာ ကာလအမျိုးမျိုးက အဆောက်အအုံတွေ အစီအ
ရှိနေတဲ့ ဝင်းကြီးရှိတယ်။ အများစုက မြေပေါ်မှာ ဖြစ်
မြေအောက်ရောက်နေတာတွေလည်း အများကြီးပေါ့။





www.burmeseclassic.com

www.burmeseclassic.com

မြေအောက်ပိုင်းရဲ့အလယ်မှာ ကြီးမားတဲ့ကျောက်စာ ...ရှိတယ်။ ဒါကို စကြီလမ်းနဲ့ ပတ်ထားပြီး အတွင်းမှာ ...ရှိပုံပါ။ ပန္နက်ခုံရှေ့ မြေအောက်ပိုင်းကို ဝင်တဲ့ အပေါက်ဝမှာ တိုင်လုံးစဉ်တွေနဲ့ စတုရန်းပုံ နန်းဆောင် ...နှာပြင်လည်း ရှိနေတယ်။ စတူပါတစ်ဆူ၊ ရေကန်၊ တိုင်ခုံ ...တွေနဲ့ ပန်းပုရုပ်တုတွေအတွက် မုခ်ကပ်တွေလည်း ပါရဲ့။ ...ကျခုံအမျိုးမျိုးနဲ့ နှစ်ထပ်အဆောက်အအုံပါတဲ့ ကျောင်းဝင်းကြီးတွေလည်း ရှိသေးတယ်။ ကရာတေပီ အနုလက်ရာ ...ညီများဟာ ကျောက်နဲ့ အင်္ဂတေရုပ်တုတွေ၊ ပန်းချီတွေ ...ကြီး အသေးစိတ်လှပေ့ါ။

kharosthi နဲ့ brahmi မှာလည်း အိန္ဒိယစာနဲ့ ကျောက်စာ ၁၅၀ ကျော် ဖော်ထုတ်ပြီးပါပြီ။ ဝင်းကြီးတစ်ခုလုံး ...ဆောက်မှုကို ၁-၂ရာစု စီအီးမှာ စတင်ခဲ့ပြီး ၃-၄ ရာစု ...ကျင်းမှာ အထွတ်အထိပ်ရောက်ခဲ့တာ၊ ၅-၆ ရာစုမှာ ... ပြိုလဲသွားခဲ့ပါတယ်။

ဖရစ်တေပီ ကျောင်းမှာတော့ ကပ်လျက်ရှိနေတဲ့ ...ဆောင်သုံးဆောင်နဲ့ ပတ်ပတ်လည်က အခန်းတွေ ပါဝင် ...။ အလယ်လောက်မှာ ကြီးမားတဲ့ အခန်းကြီးရှိပြီး နံရံမှာ ...ဘာသာ ပုဂ္ဂိုလ်ထူးတွေပုံပါတဲ့ ကြီးကျယ်ခမ်းနားတဲ့ ...ရောင်စုံပန်းချီတွေ ဆွဲထားတယ်။ ရွှံ့နဲ့အင်္ဂတေ ပန်းပု...တွေ၊ ဗုဒ္ဓဘာသာ ကျောက်ထွင်းရုပ်ကြွတွေနဲ့ လွှမ်းခြုံထား...၊ အိန္ဒိယကျောက်စာ အရေးအသား ၃၅ ခုလည်း တွေ့ရ...။ ခန်းမအပြင်မှာ စတူပါရှိနေပြီး၊ အစက ခပ်ဝိုင်းဝိုင်း



...ထိသား အိုစမာဘင်လာဒင်(Osama bin Laden)

ဖြစ်ပြီး နောက်ပိုင်းတော့ ပြန်လည်တည်ဆောက်လိုက်ပုံ ရတယ်။ အဲဒီမှာ တွေ့ရတဲ့ဒင်္ဂါးတွေက ပထမရာစုစီအီးခေတ်ကပါ။ တတိယ စတုတ္ထရာစုလောက်မှာ နံရံဆေးရေးပန်းချီ အချို့လည်း ထပ်မံဖြည့်စွက်လာတယ်။

တားမက်ဇ် အနောက်ပိုင်း၊ အမူဒါရာ(the Amu Darya)က Ayrtamမှာ ဗုဒ္ဓဘာသာ အစုအဝေးကြီးတစ်ခု တွေ့ရသေးတယ်။ အဲဒီမှာ ကုရှန်ခေတ် အမျိုးသား၊ အမျိုးသမီး ဂီတပညာရှင်ပုံတွေ ဖော်ကျူးထားတဲ့ ထုံးကျောက်ပန်းတန်းတွေရှိတယ်။ ဘက္ထရီယာဟာ ဂန္ဓာရ အနုပညာ ပြန့်ပွားတဲ့ နေရာဖြစ်ကြောင်း အဆင်တန်ဆာ အဝတ်အစားတွေ၊ စွပ်ထားတဲ့ ပန်းကုံးတွေ၊ ဗုံ၊ ပလွေ၊ စောင်းတွေက မျက်မြင် သက်သေပြနေရဲ့။

အဲဒီက ၂၅ ကီလိုမီတာအကွာ Zar Tepe မှာ ဗုဒ္ဓဘာသာကျောင်းနဲ့ စတူပါတစ်ဆူ ရှိတာကိုလည်း ဖော်ပြရမယ်။ ဥဇဘက်ကစ္စတန်က Surkhan နဲ့ Hissar valleys တောင်ကြားနယ်စပ်၊ ခု Dalverzin Tepe မြို့မှာလည်း အခြား ဗုဒ္ဓဘာသာဌာနကြီးတွေ ရှိသေးရဲ့။ ဘာသာရေး အဆောက်အအုံတွေကို မြို့တွင်းမြို့ပြင်မှာ တွေ့ရတယ်။ အမူဒါရာကို Kafirnigan မြစ်စီးဆင်းတဲ့ နေရာမှာ ကုရှန်ခေတ် ဗုဒ္ဓဘာသာကျောင်းတော် Us turmullo ရှိတယ်။ အဲဒီ ထူပါရုံမှာ ရုပ်ကြွတွေပါတဲ့ ကျောက်ပြားတွေနဲ့ မျက်နှာစာ ဖော်ထားတယ်။ ကျောင်းအတွင်းမှာလည်း ပန်းချီကားတွေ ရှိတယ်။ နောက်ဆုံး ဗုဒ္ဓဘာသာ တည်ဆောက်မှုတွေကို ပါသီရန်ခေတ်နောက်ပိုင်း ၁-၂ရာစုအတွင်း Marv မြို့တော်မှာ ဆောက်ခဲ့ကြတယ်။

အထက်မှာဖော်ပြသလို ဗုဒ္ဓဘာသာဟာ ကိုတန်ကို အစောပိုင်းကတည်းက ရောက်ရှိခဲ့တယ်။ Xinjiang တောင်ဘက်ပိုင်း နားခိုစခန်းများနဲ့ Miran အရှေ့ဖျားနေရာ များစွာမှာ ဗုဒ္ဓဘာသာအဆောက်အအုံ အကြွင်းအကျန်တွေ မြင်နိုင်ပါရဲ့။ အဲဒီက ၄×၅ ကီလိုမီတာလောက် ဧရိယာရှိတဲ့ ဗုဒ္ဓဘာသာ ဗဟိုဌာနကြီးမှာ နှစ်ဒါဇင်မကတဲ့ ကျောင်း၊ ဇရပ်တွေ ပြန့်ကျဲလို့။ အစိတ်အပိုင်း အတော်များများကို ကောင်းစွာ ထိန်းသိမ်းထားတယ်။

အထူးသဖြင့် ထူပါရုံအဝန်းအဝိုင်းမှာ စတုဂံပုံပန္နက်နဲ့ အမိုးခုံးပါတဲ့ ကျောင်းခန်းတွေ ဝန်းပတ်နေရဲ့။ တည်ဆောက်ထားသမျှကို ပန်းချီ၊ ပန်းပုရုပ်ကြွတွေနဲ့ တန်ဆာဆင်ထားရဲ့။ ပန်းချီတွေဟာ ဂန္ဓာရဟန် ပြတ်ပြတ်သားသား ပေါ်နေပြီး ပါကစ္စတန် ဆွတ်(Swat)က တည်ဆောက်မှုလက်ရာနဲ့ တူတယ်လို့ မှတ်ချက်ချထားတယ်။ Miran က အစောဆုံး တည်ဆောက်ရေးနဲ့ ပန်းချီတွေကို တတိယရာစုကလို့ ကာလ သတ်မှတ်တယ်။ Karadong ဗုဒ္ဓဘာသာ ကျောင်းကန်ဇရပ်တွေဟာ ခေတ်ပြိုင် (သို့) ပိုစောတဲ့ တတိယရာစုလယ်



www.burmeseclassic.com

www.burmeseclassic.com

တည်ဆောက်မှုတွေပါ။ ခမ်းနားထည်ဝါတဲ့ ပန်းချီတွေမှာ ဂရိအသွင်ပါနေလို့ ဂန္ဓာရအနုပညာနဲ့ဆင်တယ်။

ပထမ တတိယရာစုကာလအတွင်း ဗုဒ္ဓဘာသာဘုရားကျောင်းဆောင်တွေဟာ လက်ခံတဲ့အယူအဆရော လူမှုရေးအခြေခံမှာပါ အောက်ခြေကနေ ပြောင်းသွားပုံရတယ်။ အဲဒီအချိန်နဲ့ အံကိုက်ပြီး မဟာယာန ဗုဒ္ဓဘာသာကျောင်းတွေ ဖွံ့ဖြိုးတိုးတက်လာသလို ဟိနာယာနကျောင်းတွေကိုလည်း နေရာအတော်များများမှာ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့တယ်။ ဒီဘာသာရေးဖြစ်စဉ်ဟာ ဘက္ကရီးယား၊ ကိုတန်၊ Nagarahara နဲ့ ကပီသအနီးအနား နေရာတိုင်းမှာ အများအားဖြင့် ရှိနေတဲ့ ဗုဒ္ဓဘာသာ ပုံသဏ္ဌာန်မှန်ပါ။

အဲဒီက ရရှိတဲ့ အချက်အလက်ကတော့ ဘက္ကရီယန် တိုခါရီ (Tokhari)သားတွေဟာ ဗုဒ္ဓဘာသာ ဘာသာရေးဆရာ ဂေါသက(Ghosaka)ရဲ့ တရားအယူအဆတွေကို ကျင့်ကြံလိုက်နာကြပါသတဲ့။ သူဟာ the Vaibhasika ဂိုဏ်းကို ကိုယ်စားပြုပြီး တောခါရစ္စတန်(Tokharistan)မှာ မွေးပြီး အဲဒီမှာပဲ တရားကျင့်ကြံခဲ့သူပါ။

ဒီဂိုဏ်းဟာ အာဖဂန်၊ ကိုတန်နဲ့ အာရှအလယ်ပိုင်း အပါအဝင် နေရာကျယ်ကျယ်ပြန့်ပြန့် ဆက်နွယ်လက်ခံထားတဲ့ the Sarvastivada ဂိုဏ်းရဲ့ လက်ခွဲပါ။ ဒါဟာ ဟိနာယာနပေမယ့် အချို့သာဝတ္တိဝါဒတရားတွေဟာ မဟာယာနနဲ့ ဆက်နွယ်နေတုန်းပါ။

အာဖဂန်က များစွာသော ဟိနယာနကျောင်းတွေ ဂိုဏ်းတွေဟာ Mahasamghika, Dharmaguptaka၊ သာဝတ္တိဝါဒနဲ့ အခြားနေရာတွေမှာ ကိုယ်စားပြု တင်ပြနေကြတယ်။ ဘက္ကရီယာမြောက်ပိုင်းက ကျမ်းစာတွေဟာ မဟာသံဃိကဂိုဏ်းကို တိုက်ရိုက်မှီငြမ်းကြတယ်။ ကုရှန်ခေတ်ကုန်လောက်မှာ the Sammatiya ဂိုဏ်းကို ထောက်ခံအားပေးသူတွေ ပေါ်လာသလို၊ သာဝတ္တိဝါဒဂိုဏ်းကျမ်းပြုတွေလည်း ရှိလာတယ်။ ဒီကျောင်းတွေနဲ့ မဟာယာနကျောင်းတွေကြားမှာ ခိုင်မာစွာ ခြားနားထားတဲ့မျဉ်း မရှိပါဘူး။ သူတို့ဟာ ခေတ်ပြိုင်အမြင် မဟာသံဃိက၊ သာဝတ္တိဝါဒဂိုဏ်းတွေကိုရော၊ မဟာယာနဂိုဏ်းရဲ့ နောက်လိုက် Dharmaguptaka ကိုပါ လေ့လာကြတယ်။ မဟာယာနကိုလည်း မြှင့်တင်ပေးခဲ့ကြတယ်။ အယူအဆပိုင်းဆိုင်ရာမှာ ခြားနားချက်တွေ ရှိပေမယ့် ဟိနာယာနနဲ့ မဟာယာနဂိုဏ်းဝင်တွေဟာ ဘုန်းကြီးကျောင်း တစ်ခုတည်းမှာပဲ နေထိုင်သင်ယူခဲ့ကြတယ်။

ဗုဒ္ဓဘာသာဟာ ပထမဆုံး တောင်ပိုင်း (Xinjiang) အိုအေစစ်မှာ ထိုးဖောက်ဝင်ရောက်ပြီး ကွန်းခိုခဲ့တယ်။ အထူးသဖြင့် ကိုတန်မှာ မဟာယာန သာဝတ္တိဝါဒနဲ့ မဟာသံဃိကဂိုဏ်းတွေ အနေနဲ့ပေါ့။ ၃ ရာစုစီအီးမှာ ကိုတန်ဟာ မဟာယာနဌာနချုပ်အဖြစ် ထင်ရှားလာတယ်။ နှစ် ၂၆၀ လောက်ကြာတော့ တရုတ်မဟာယာနတွေက သဒ္ဓတ… စာ (Prajna-paramita-sutra)သုတ္တန်ကို အပြည့်အ… ရှာဖွေတွေ့ရှိခဲ့ကြတယ်။ နောက်တော့ ကိုတန်-မဟာယာန… နေရာဟာ ပိုမိုမြင့်တက်လာတယ်။

***အာဖဂန်နစ္စတန်ရဲ့ လွှမ်းမောဖွယ်သာသနာနှစ်များ -------***

ကုရှန်ခေတ်နောက်မှာ ဗုဒ္ဓဘာသာဟာ အာဖဂန်… အတော်လေး ဖွံ့ဖြိုးတိုးတက်လာတယ်။ အဲဒီ ၃-၆ ရာစုခေ… က (Sasanian & Hephthalite domination) အထ… ရှားဆုံး အဆောက်အအုံဖြစ်တဲ့ ဗုဒ္ဓဘာသာဌာနဟာ … Sasanian အနုပညာတွေ လွှမ်းမိုးရာဖြစ်လို့ အဲဒီမှာ … ထွန်းနေတဲ့ ဗုဒ္ဓဘာသာ အနုပညာတွေဟာ မှတ်သားလော… အောင် ထင်ရှားပါတယ်။ ဘာမီရန်လွင်ပြင်ဟာ ကဘူးလ်… ကနေ ၂၅၀ ကီလိုမီတာအကွာမှာ ရှိတယ်။ သူ့ရဲ့မြောက်ဘ… နယ်နိမိတ် the Kuhe Baba တောင်ကုန်းရဲ့အခြေ၊ ရယ… သံယာတွေ သတင်းသုံးဖို့ ပျားအုံပုံ ဂူအတု ၇၅၀ ရှိရာ ၁၈… မီတာအရှည်ရှိတဲ့ တောင်ဟာ တောင်နံရံကမ်းပါးနဲ့ မျက်… ချင်းဆိုင်နေတယ်။

အဲဒီဂူတွေမှာ အနုစိတ်လက်ရာမြောက် ဗိသုကာ… ဒီဇိုင်းတွေနဲ့ ခမ်းနားဆန်းပြားတဲ့ ဗုဒ္ဓဘာသာ နံရံဆေး… ပန်းချီတွေနဲ့ပါ။ ဂူနှစ်ခုမှာတော့ စတူပါတွေလည်းရှိရဲ့။ ဒါ့… တောင်နံရံ ကျောက်သားပျော့ပျော့ကိုထွင်းထားတဲ့ မုခ်တ… တွင်းမှာ ၃၈ မီတာနဲ့ ၅၃ မီတာ ဉာဏ်တော်မြင့်တဲ့ မတ်… တော် နှစ်ဆူလည်း ရှိနေတယ်။

အစတုန်းက အဲဒီမှာ ဆင်းတုတော်အားလုံး ၆ဆူ… တာပါ။ အလွန်ကြီးမားတဲ့ (colossi) ၃ဆူနဲ့ အသေး၃ဆူ… လျောင်းတော်မူ (reclining)ဆင်းတုတော်ဟာ ဗုဒ္ဓရဲ့ … လောကကနေ နောက်ဆုံး ထွက်ခွာပျောက်ကွယ်သွားရမ… ကာလ ပရိနိဗ္ဗာန်စံဝင်တော်မူရမယ့် အချိန် (parinirvan… ကိုပြနေရဲ့။ ဒါဟာ ဘုရားရှင်ရဲ့ သေဆုံးခဲ့ခြင်းများစွာမှာ အကြ… မားဆုံးလည်းဖြစ်ရဲ့။ ဒီလျောင်းတော်မူကြီးဟာ မတ်… ဆင်းတုတော်တွေထက် အဆပေါင်းများစွာ ပိုကြီးတယ်။

မတ်ရပ်ဆင်းတုတော်တွေဟာ ကျောက်တောင်… ထွင်းထုယူပြီးနောက်မှ အလွှာလွှာအထပ်ထပ်သော အင်္ဂေ… တွေ ထပ်အုပ်မိုးပြီး ကိုယ်လုံးတော်နဲ့ သင်္ကန်းတော်တွေ… ပုံဖော်ယူခဲ့တယ်။ လက်တော်တွေကိုတော့ သစ်သားနဲ့ ပ… ထုပြီး သစ်သားစရွေးတွေနဲ့ ဆက်ယူခဲ့ကြတယ်။ ကြီးမား… မုခ်ထပ်နှစ်ခုဟာလည်း အခြားသေးငယ်တဲ့ မုခ်ကပ်တွေ… တောင်ကမ်းပါးမှာထွင်းယူပြီး နံရံပန်းချီတွေနဲ့ ရေးဆွဲတင်… ဆင်ထားရဲ့။ ပန်းပုရုပ်တုတွေကို ဆေးရောင်စုံခြယ်… အစပိုင်းတုန်းက ရွှေချပြီး အဖိုးတန်ကျောက်တွေလ…



www.burmeseclassic.com

www.burmeseclassic.com

မြှုပ်ထားခဲ့ကြပုံပါ။ တောင်ကမ်းပါးယံအောက်မှာတော့ ထူပါရုံတစ်ဆူရဲ့ အကြွင်းအကျန် အပျက်အစီးတွေလည်း ရှိတယ်။

အဲဒီ ဘာမီရန်တောင်ကြားက ဘာသာရေးအထွတ်အမြတ်လည်းဖြစ်၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်လည်း ဖြစ်တဲ့ ဆင်းတုတော်တွေဟာ တာလီဘန်များစိုးမိုးစဉ်ကာလ ၂၀၀၁ ခုနှစ် မတ်လမှာတော့ လုံး၀ အားလုံးကုန်အောင် ဖျက်ဆီးခံလိုက်ရပါပြီ။ စစ်သွေးကြွ တာလီဘန်တွေဟာ ရှေးခေတ်နှစ်ပေါင်း များစွာကတည်းက ထွင်းထုပြုလုပ်ခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ် ဗုဒ္ဓဆင်းတုတော်တွေကို ကမ္ဘာတစ်ဝန်းလုံးက ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းကန့်ကွက်နေတဲ့ကြားက "ရုပ်တုဆင်းတုကိုးကွယ်မှု (idolatrous) အလိုမရှိ" ဆိုပြီး ဖျက်ဆီးခဲ့လိုက်ကြတာပါ။ အများသိအောင် လူထုဆက်သွယ်ရေးမှာတစ်ဆင့် ကမ္ဘာကို ကြေညာပြီးမှ သူတို့ရဲ့ ရန်လိုကြမ်းတမ်းတဲ့ ပုံစံအတိုင်း တစ်ပြိုင်နက်တည်း ကိစ္စတုံးလုပ်လိုက်ခြင်းပါ။

ယုံကြည်ကိုးကွယ်ရာ ဘာသာတ[illegible] စော်ကားရာရောက်တဲ့အပြင် ပျက်စီးကျိုးပဲ့နေတဲ့ ဆင်းတုတော် အပျက်အစီးများကို ရဲရဲတင်းတင်း မထီလေးစားစွာ စိန်းစိန်းဝါးဝါး ကြည့်ရင်း အောင်ပွဲခံနေကြတဲ့ အဲဒီဖျက်ဆီးရေးသမားတွေရဲ့ ပုံကို ရုပ်မြင်သံကြား အစီအစဉ်တွေကနေ မြင်ရတဲ့ တစ်ကမ္ဘာလုံး သူတို့ကို မနှစ်မြို့နိုင်ဘဲ ရွံရှာခဲ့ကြလို့ ရုတ်ခြည်းမှာပဲ တိုင်းနိုင်ငံ သိမ်းမရအောင် အုတ်အော်သောင်းတင်းဖြစ်သွားပြီး ဝိုင်းဝန်းရှုတ်ချကြတယ်။ (နောက်ဆုံးသတင်းအရ အဲဒီ ဆင်းတုတော်ကြီးရဲ့ အပိုင်းအစတွေကို ပြန်ဆက်ပြီး မူရင်းအတိုင်းဖြစ်အောင် ဂျပန်နိုင်ငံက သူတို့ရဲ့ နည်းပညာတွေနဲ့ ပြန်လည်ဆက်စပ် တည်ဆောက်ပေးသွားမယ်လို့သိရတယ်)။

***ချောက်ကမ်းပါးယံမှ ဗုဒ္ဓဘာသာဆိုင်ရာဂူများ*** --------

ခပ်သေးသေးဂူလေးတွေလည်း ရှိနေပါတယ်။ အဲဒီ ဂူအများစုမှာ ဗုဒ္ဓဘာသာဆိုင်ရာ ပန်းချီတွေနဲ့အပြည့် ဖုံးလွှမ်းထားတယ်။ ဂူတွင်းမှာတော့ အနည်းဆုံး ဗုဒ္ဓဆင်းတုတော်တစ်ဆူ ရှိတတ်တယ်၊ ပိုချင်လည်း ပိုနိုင်သေးတယ်။ ဂူတိုင်းဟာ ဝိဟာရကျောင်းတော်တွေမဟုတ်ပါဘူး။ အချို့ကတော့ သံဃာ့အဖွဲ့အစည်းရဲ့ အစည်းအဝေးလုပ်တဲ့ အခန်းတွေ ဖြစ်ကြပေါ့။ အမြဲတမ်း နေထိုင်ခဲ့တယ်ဆိုတဲ့ သက်သေသာဓကကိုတော့ ခြေရာကောက်လို့ မရခဲ့ပါဘူး။ ဒါဟာလည်း ချောက်ကမ်းပါးယံအောက်ခြေက ဝိဟာရကျောင်းတွေမှာ သံဃာတော်တွေ သီတင်းသုံးခဲ့ပုံရတယ်လို့ နာမည်ကျော် တရုတ်ခရီးသည်ဘုန်းတော်ကြီး၊ ဘာသာပြန် ဆရာတော်ဟူယင်ဆန်က ဆိုခဲ့တယ်။ အဲဒီတုန်းက ဂူတွေကို ရိုးရာအစဉ်အလာ ပူဇော်ကန်တော့ဖို့နဲ့ တရားထိုင်ဖို့ အဓိက သုံးခဲ့တယ်လို့လည်း ပြောတယ်။ ကာလသတ်မှတ်မှု ထင်ကြေးတွေမှာတော့ ကွဲပြားမှုရှိနေရဲ့။ ဇရာမဆင်းတုတော်ကြီးက ၆ ရာစုလောက်က ဖြစ်နိုင်ပြီး ဘုန်းတော်ကြီးကျောင်း အစုအဝေးကတော့ ၇ - ၈ ရာစုလောက်က ဖြစ်နိုင်ကောင်းရဲ့။

ဘာမီရန်ကနေ ၄ ကီလိုမီတာလောက်ကွာတဲ့ မြစ်ချောင်းလွင်ပြင် (Fuladi valley) မှာရှိနေတဲ့ ဂူအတု (artificial caves) ၅၀ လောက်ရဲ့ နံရံနဲ့ မျက်နှာကြက်တွေမှာတော့ ဘာမီရန်ထက် နောက်ကျတဲ့ ဗုဒ္ဓဝင်ပန်းချီတွေ ရှိနေပြီး ကောင်းစွာထိန်းသိမ်းထားရဲ့။ အခြား မြစ်ဝှမ်းလွင်ပြင် (Kakrak)မှာ ၇ မီတာမြင့်တဲ့ မတ်ရပ်ဗုဒ္ဓဆင်းတုတော်နဲ့ နံရံဆေးရေးပန်းချီတွေပါတဲ့ လူထွင်းဂူ ၁၀၀ လောက် ရှိသေးတယ်။ ဘာမီရန်နဲ့ ကဘူးလ်ကြား ခရီးတစ်ဝက်လောက်က Fundu-kistan လို့ခေါ်တဲ့ the Gorband valley လွင်ပြင်မှာလည်း ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိတယ်။ ကျောင်းဝင်းအလယ်မှာ စတူပါတစ်ဆူရှိပြီး ပတ်လည်မှာ အမိုးခုံးပါတဲ့ မုခ်ကပ်တွေ ပတ်ရံလို့ပေါ့။ အတွင်းမှာ ခမ်းနားထည်ဝါတဲ့ ရုပ်တုတွေ အစုလိုက်ရှိနေတယ်။ နံရံတွေမှာလည်း ဆေးတွေခြယ်လို့။ ဘင်ဂျမင်ရိုလန် (Benjamin Rowland)ကတော့ "ဒီလုပ်ဆောင်ချက်တွေဟာ အဆင့်မြင့်ဘာသာရေး အနေအထားရဲ့ဖော်မြူလာ ပုံသေနည်းကိုပြနေတယ်၊ ဖွဲ့စည်းထားပုံ တစ်ခုလုံးဟာ ဘာသာတစ်ရပ်ရဲ့ အကျိုးအာနိသင်ကို သေတ္တာထဲက ရုပ်ပုံကားတွေကို မှန်ဘီလူးတပ်ထားတဲ့ ချောင်းကြည့်ပေါက်ကနေ ကြည့်ရသလိုမျိုး ခံစားမှုကို မလွဲမသွေပေးနေတယ်"တဲ့။

"အဲဒီနေရာဟာ လာရောက်လည်ပတ်ကြသူတွေကို ကောင်းကင်ဘုံလောကကို ရိပ်ခနဲ ဖျပ်ခနဲ မြင်စေနိုင်တဲ့ စင်မြင့်လိုလည်း ဖြစ်တယ်"လို့ဖော်ပြခဲ့တယ်။ ကဘူးလ်ကနေ ကီလိုမီတာ ၂၀ အကွာ ကပီသဇရီယာက (the Gul Dara) ဘုန်းကြီးကျောင်းဟာ ၅ - ၆ရာစုလောက်က တည်ဆောက်ခဲ့တာပါ။ ကျောင်းအပြင်ဘက်မှာ ဝင်းသတ်သတ်နဲ့ စေတီတစ်ဆူလည်းရှိနေရဲ့။

အာဖကန်က ၅ - ၈ ရာစုအတွင်း၊ ဗုဒ္ဓဘာသာ အဆောက်အအုံတွေကြားမှာ Gazni က Tepe Sardar ဟာလည်း ထင်ရှားလှတယ်။ အဲဒီမှာ ဘုန်းကြီးကျောင်း အစုအဝေးတစ်ခုရှိပြီး ထူပါရုံစေတီ ကြီးကြီးမားမားတစ်ဆူ၊ ခပ်သေးသေး စေတီအများအပြားနဲ့ ကျောင်းကန်ဆောင်တွေ အများကြီးပါဝင်နေတယ်။ ပန်းချီပန်းပုတွေ၊ ရုပ်ကြွတွေအပြင် ၁၅ မီတာ ရှည်လျားတဲ့ လျောင်းတော်မူ ဗုဒ္ဓဆင်းတုတော်တစ်ဆူလည်း ရှိတယ်။ အဲဒီမှာရုပ်တုတွေနဲ့ ဟိန္ဒူဘုရားကျောင်းလည်း တွေ့ရတယ်။

အာဖကန်မြောက်ပိုင်း၊ ဥဇဘက်ကစ္စတန်တောင်ပိုင်းနဲ့ အာရပ်တွေ လွှမ်းမိုးခဲ့တုန်းက တိုကာရစ္စတန် (Tokharistan) လို့ခေါ်တဲ့ Tajikistan မှာတော့ ဘက္ကရီယာတို့၊ Bav



www.burmeseclassic.com

www.burmeseclassic.com

မှာလို မဟုတ်ဘဲ ဗုဒ္ဓဘာသာဟာ သူ့နေရာကို ဆက်လက်ထိန်းထားနိုင်ခဲ့တယ်။ များစွာသော ဗုဒ္ဓဘာသာဆိုင်ရာ တည်ဆောက်မှုတွေကို အာဖကန်တောင်ပိုင်းမှာ ရှာတွေ့ခဲ့တယ်။ Balka ဒေသနားက (Takte Rostam)မှာ အလယ်ခေတ်အစောပိုင်း ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းပျက်တွေနဲ့ စတူပါတစ်ဆူ ရှိတယ်။

***တရုတ်ဘုန်းတော်ကြီးများရဲ့***
***အာဖဂန်ဗုဒ္ဓဘာသာမြင်ကွင်း -------***

မဟာခရီးသည် တရုတ်-ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဟူယင်ဆန်အဆိုအရ ၇ ရာစု ပထမလေးပုံတစ်ပုံမှာ တိုခါလ ရစ္စတန်ရဲ့မြို့တော် ဘာ့ခ်အတွင်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ၁၀၀ လောက်နဲ့ ရဟန်းတော် ၃၀၀၀ ရှိခဲ့တယ်။ မြို့နဲ့ သိပ်မဝေးတဲ့နေရာမှာလည်း (Novasangharama) ဘုန်းကြီးကျောင်းသစ်တစ်ခုရှိပြီး ရွှေပိန်းချရုပ်တုတွေ၊ ကျောက်တွေမြှုပ်ထားတဲ့ခန်းမတွေရှိသတဲ့။ အာရဗီနဲ့ပါရှန်လို Nawbahar လို့ခေါ်တွင်ပြီး အာရပ်တွေ အောင်နိုင်ပြီးတဲ့ခါ ဖျက်ဆီးလိုက်ကြတယ်။ ၆၂၈ ခုံနှစ် အဲဒီနေရာမှာ မြောက်ပိုင်း တိုကာရစ္စတန်လို ဘုန်းကြီးကျောင်းတွေရှိခဲ့တယ်။ ခုခေတ်-တားမဇ်လို့ခေါ်တဲ့ (Ta-mi) မြို့မှာ ဘုန်းကြီးကျောင်း တစ်ဒါဇင်နဲ့ ရဟန်း ၁၀၀၀ ရှိခဲ့တယ်လို့ 'ခရီးသွားမှတ်တမ်း'မှာ ဟူယင်ဆန် ရေးခဲ့တယ်။

၇၂၆ ခုနှစ်မှာ အခြားတရုတ်ဗုဒ္ဓဘာသာ ဘုရားဖူး (Huei-chao)ရောက်ရှိဖော်ပြတဲ့ မင်းသားအုပ်ချုပ်တဲ့ နိုင်ငံ (the Tokhari principality) ဟာ ဒီနေ့ တာဂျီကစ္စတန်တောင်ပိုင်းက Kotolo (သို့) Khuttal ဖြစ်တယ်။ 'ဘုရင်၊ မှူးမတ်တွေနဲ့ ပြည်သူပြည်သားများဟာ ရတနာသုံးပါးကို ယုံကြည်စွာ ပူဇော်ကန်တော့ကြတယ်။ ဘုန်းကြီးကျောင်းများစွာရှိပြီး ရဟန်း သံဃာတွေဟာ ဟိနာယာန ဘာသာဝင်တွေဖြစ်တယ်' လို့ ရေးခဲ့တယ်။ အဲဒီ တိုကာရစ္စတန်မြောက်ပိုင်းရဲ့ အရှေ့ပိုင်းနယ်မြေတွေမှာ ၇-၈ ရာစုခေတ် ဗုဒ္ဓဘာသာအဆောက်အအုံတွေလည်း ရှာဖွေတွေ့ရှိခဲ့ရတယ်။ the Adjina Tepe ဘုန်းကြီးကျောင်းကို အပြည့်အစုံ လေ့လာကြည့်တဲ့ခါ၊ ဒါဟာ ကျောင်းဝင်းနှစ်ခုပါတဲ့ အမျိုးအစား ဖြစ်တယ်။

ပင်မစေတီကြီးနဲ့ စေတီငယ်တွေဟာ စကြံလမ်းနဲ့ ဝန်းပတ်ထားတဲ့ ကျောင်းဝင်းတစ်ခုရဲ့ အလယ်ဗဟိုမှာ ရှိနေတယ်။ နောက်တစ်ခုမှာတော့ ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်တွေပါတဲ့ မုခ်ကပ်တွေနဲ့ ဟန်ဆာဆင်ထားတယ်။ ၁၄ မီတာမြင့်တဲ့ လျောင်းတော်မူကြီးလည်းရှိတယ်။ အခြားတစ်ပိုင်းရဲ့ ကျောင်းဝင်းကြီးကို ရဟန်းတို့ရဲ့ ကျောင်းသင်္ခမ်းလေးတွေနဲ့ ဝန်းပတ်ထားပြီး နောက်ထပ်ဥပစာတွေလည်း ရှိတယ်။

the Khisht Tepe ဘုန်းကြီးကျောင်းရဲ့ အခြားတစ်နေရာမှာတော့ the Kalai Kafirnigan နဲ့ Kafyr Kala ဘာသာရေး အဆောက်အအုံတွေနဲ့ ဒုတိယခေတ်စတူပါစေတီတွေလည်း ရှိနေရဲ့။

Marv မြို့မှာရှိတဲ့ အခြားကြီးမားတဲ့ ဗုဒ္ဓဘာသာဌာနမှာ ဗုဒ္ဓဘာသာအဆောက်အအုံတွေနဲ့ လက်ရေးကျမ်းစာတွေရှိတယ်။ ဘာသာရေးအဆောက်အအုံတွေကို Ferghana မှာလည်း အလားတူပဲ တွေ့ရတယ်။ အထူးသဖြင့် Semirechie မှာပေါ့။ အစ္စလာမ်ခေတ်က ဗုဒ္ဓဘာသာ အဆောက်အအုံတွေကို Semirechie နဲ့ မာ့ဗ်မှာ လေ့လာနိုင်ပါတယ်။ မှူရင်းမှတ်တမ်း အထောက်အထားတွေနဲ့ ရှေးဟောင်းသုတေသန တွေ့ရှိချက်တွေအရ Sogd မှာတော့ ဗုဒ္ဓဘာသာဟာ မကျယ်ပြန့်ခဲ့ဘူး။ ကိုတန်မှာပဲ ဗုဒ္ဓဘာသာဟာ အတော်ကြီး ခေတ်စားခဲ့တယ်။

တရုတ် ဗုဒ္ဓဘာသာ ဘုရားဖူးဖာယီယန် (Fahsien) အရ ၄၀၁ ခုနှစ်က ကိုတန်မှာ နေထိုင်ကြသူတိုင်းဟာ ဗုဒ္ဓဘာသာဝင်တွေပါ။ သူက ဘုန်းတော်ကြီးကျောင်းကြီး ၁၄ ကျောင်းနဲ့ များစွာသော ကျောင်းလေးတွေအကြောင်း ရေးသားမှတ်တမ်းတင်ခဲ့ပါတယ်။ ၈-၉ ရာစုခေတ် တိဗက်ဇာစ်မြစ်အရ အဲဒီမှာ မြောက်မြားစွာသော ထောင်နဲ့ချီတဲ့ ကျောင်းကြီး၊ ကျောင်းလတ်နဲ့ကျောင်းငယ်တွေ၊ တန်ဆောင်းဇရပ်တွေရှိခဲ့တယ်။ အချို့ကတော့ ကိုယ်ပိုင်အိမ်တွေ ဖြစ်ကြတယ်။ ရှေးဟောင်းသုတေသနပညာရှင်တွေထဲက အထူးသဖြင့် M. Aurel Stein ကတော့ မင်းသားအုပ်ချုပ်ရာ-ကိုတန်မှာ ၅-၈ ရာစု အတွင်းက ကျောင်း၊ ဇရပ်နဲ့ စတူပါများစွာကို တွေ့ရှိတူးဖော်လေ့လာနိုင်ခဲ့တယ်။ Rawak, Farhad-Beg Yaliaki, Dandano"iliq, Khadalik, Balawaste နဲ့ အခြားနေရာတွေက အဲဒီလို အဆောက်အအုံမျိုးတွေကို နံရံဆေးရေးပန်းချီတွေ၊ ပန်းပုရုပ်တုတွေနဲ့ တန်ဆာဆင်ထားကြတယ်။ အဲဒါတွေဟာ အိန္ဒိယမှာ မွေးဖွားခဲ့တဲ့ ပေါင်းစပ်ဖွဲ့စည်းမှုစိတ်ကူးတွေ ဒီနေရာကို ဖြန့်ကြက်ရောက်ရှိလာပြီး ပုံသဏ္ဌာန်ပြောင်းကာ ဆက်လက်ဖွံ့ဖြိုးတိုးတက်လာတာပါ။

ဘာသာရေး တရားဓမ္မတွေဟာ ကုရှန်ခေတ် နောက်ပိုင်းမှာ ဆက်လက်ဖွံ့ထွားတိုးပွားလာခဲ့တယ်။ အဲဒီခေတ်က အနုလက်ရာ များစွာမှာလည်း ထင်ဟပ်နေခဲ့တယ်။ ဟိနာယာနနဲ့ အခြားဂိုဏ်းများစွာဟာ Bareau မှာ ဆက်လက်တည်ရှိနေပါတယ်။ ဟူယင်ဆန် အဆိုအရ ၇ ရာစုမှာ အိန္ဒိယဘုန်းတော်ကြီးတွေရဲ့ သုံးပုံနှစ်ပုံဟာ ဟိနာယာန ဂိုဏ်းဝင်တွေဖြစ်တယ်။ ကျန်သုံးပုံတစ်ပုံက မဟာယာနတွေပါ။ ဗုဒ္ဓဘာသာရေး အတွေးအခေါ် တိုးတက် ပြောင်းလဲဖြစ်ပေါ်လာမှုများဟာ အိန္ဒိယတစ်ခုတည်းမှာသာ ကန့်သတ်ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

နေတာ မဟုတ်ဘဲ အီရန်ရဲ့ လူဦးရေထူထပ်တဲ့ နယ်မြေများမှာပါ ဖြစ်ပေါ်လာခဲ့တယ်။ ဒေသတစ်ခုချင်းစီက ဗုဒ္ဓဘာသာမှာ ထူးခြားတဲ့ အသွင်သဏ္ဌာန်တွေတော့ ရှိကြရဲ့။ အာဖကန်နဲ့ အာရှအလယ်ပိုင်းက အခြားအီရန်ဘာသာရေးများဖြစ်တဲ့ Zoroastrianism၊ Manicheism၊ ခရစ်ယာန်ဘာသာ၊ ဂျူးဘာသာတို့နဲ့လည်း ထိတွေ့မှုတွေရှိခဲ့ပြီး အိန္ဒိယကနေလည်း ဟိန္ဒူဘာသာကို ယူခဲ့ကြတယ်။ အဲဒါဟာ အမျိုးမျိုးကွဲပြားခြားနားတဲ့ အချိန်ကိုက်ဖြစ်ပေါ်ခြင်း အကျိုးကျေးဇူးများပါပဲ။ Tepe Sardar လို ဘာသာရေးဌာနတွေမှာလည်း ရောင်ပြန်ဟပ် ဖြစ်ပေါ်မှုတွေ ရှိတယ်။ Zoroastrian နဲ့ Sanian မှာလည်း ဗုဒ္ဓဘာသာပဋိမာသိပ္ပံပညာ (Buddhist iconography)အပေါ် လွှမ်းမိုးမှုများ ရှိခဲ့တယ်။

အချို့ဟိနာယာနဂိုဏ်း အထူးသဖြင့် the Sarvastivadin, Mahasamghika နဲ့ Lokottara vadin တွေမှာလည်း မဟာယာနတရားတော်တွေကို[illegible]တင်ပေးမယ့်စိတ်ကူးတွေ ဖွံ့ဖြိုးလာတယ်။ အဲဒီဗုဒ္ဓဝါဒ လမ်းစဉ်နှစ်ခုကြားမှာ မကျော်လွှားနိုင်လောက်အောင် ထူထဲတဲ့ တံတိုင်းတွေလည်း မခြားထားပါဘူး။

၈ ရာစုအကုန်မှာ ဒီကိုရောက်ရှိလာတဲ့ ဗုဒ္ဓဘာသာဘုရားဖူးတစ်ဦးကတော့ ဟိနယာနနဲ့ မဟာယာနတွေကို ခွဲခြားဖို့တောင် ခက်ပါရဲ့လို့ ဆိုတယ်။ အာဖဂန်နဲ့ အာရှအလယ်ပိုင်း၊ အထူးသဖြင့် ကပီသ၊ ဘာမိရန်နဲ့ တိုကာရစ္စတန်ဒေသတွေအကြောင်းဖော်ပြတဲ့ ဟူယင်ဆန် (၆၂၈-၆၃၂ ခုနှစ်) နဲ့ နောက်ပိုင်း ၇၂၆ ခုနှစ်က (Huei-chao)တို့ရဲ့ ရေးသားမှတ်တမ်းတင်ချက်တွေမှာ အုပ်ချုပ်သူတွေ၊ လူကုံထံတွေနဲ့ သာမန်လူတန်းစားတွေအားလုံးဟာ ဗုဒ္ဓဘာသာမှာ သက်ဝင်ယုံကြည်နေလာကြတယ်လို့ ရေးခဲ့တယ်။ ဘုန်းကြီးကျောင်းများစွာမှာ စာသင်သား ရဟန်းသံဃာတော်တွေ၊ ဘုရားအတွေးအခေါ် သင်ယူသူတွေလည်း ရှိနေကြတယ်။

ဘာ့ခ်ဟာ ရာဇဂြိုဟ်ငယ် (Little Rajagrha) အဖြစ်တောင် ထင်ရှားလာတယ်။ အဲဒီနောက် အိန္ဒိယက ရောက်တဲ့ ဗုဒ္ဓဘာသာဌာနတစ်ခုမှာ စကြာမုနိဗုဒ္ဓဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက်ပိုင်း ပထမသင်္ဂါယနာ တင်ခဲ့တယ်။ ဟိနယာနဗုဒ္ဓဘာသာဟာ တိုကာရစ္စတန်မှာ ကျယ်ပြန့်လာတယ်။ ဟူယင်ဆန်ရဲ့ ဖော်ပြချက်အရ ဟိနယာနကျောင်း-လောကုတ္တရာဝါဒင် (Lokottaravadin)ဟာ ဘာမိရန်မှာ ထင်ရှားလာတယ်။

အဲဒီမှာ တရားဒေသနာ ဟောကြားတော်မူတဲ့ the Mahasam-ghika ဂိုဏ်းလည်း ရှိတယ်။ Huei-chao ကလည်း မဟာယာနနဲ့ ဟိနယာနဂိုဏ်းကို ထောက်ပံ့လှူဒါန်းသူတွေအကြောင်း တင်ပြခဲ့တယ်။ ကပီသမှာတော့ လူအများစုက မဟာယာနဂိုဏ်းနောက်ကို လိုက်ကြတယ်။ အဲဒီက the Sarvastivadin နဲ့ Mahisasana ကျောင်းတွေမှာ ရဟန်းတွေ စာသင်ကြတယ်လို့လည်း ဟူယင်ဆန်က ရေးခဲ့တယ်။ Huei-chao ကလည်း အဲဒီမှာ ဟိနယာနကျောင်းတွေ လွှမ်းမိုးလာတယ်လို့ ဖော်ပြ မှတ်တမ်းတင်ခဲ့တယ်။ မဟာသံဃိကနဲ့ သာဝတ္ထိဝါဒဂိုဏ်းတွေနဲ့ သက်ဆိုင်တဲ့ ၆-၈ ရာစုခေတ်က လက်ရေးမူအပိုင်းအစတွေလည်း ဘာမိရန်မှာ တွေ့ရှိလာရတယ်။ အဲဒီရက်စွဲနဲ့ ဂိုဏ်းဂဏဆိုင်ရာ သက်သေသာဓကတွေဟာ အိန္ဒိယ၊ ကိုတန်နဲ့ (Kucha)က ဘာသာရေး အရေးအသားတွေနဲ့ ရေးသားထားတဲ့ လက်ရေးမူတွေက အချက်အလက်တွေနဲ့ ပေါင်းစပ်လိုက်တဲ့ခါ အထူးအရေးပါလာတော့တယ်။

အဲဒီ အာရှအလယ်ပိုင်းက ဘာသာရေးဌာနတွေဟာ ဘာမိရန်နဲ့ ကုန်သွယ်ရေးလမ်းကြောင်းအရ ဆက်သွယ်ကြတယ်။ ဒါ့ကြောင့် ဘာမိရန်ယဉ်ကျေးမှုနဲ့ ဘာသာရေးဆိုင်ရာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းများအကြား အားပြိုင်မှုတွေကို မြင်သိလာရတယ်။ ပင်မ အာရှအလယ်ပိုင်းဗုဒ္ဓဘာသာဌာနတွေရဲ့ ၆ရာစုကနေ ၈ရာစုတွင်း ဉာဏ်ရည်ဉာဏ်သွေး အတက်အကျတွေကိုလည်း သိလာနိုင်တယ်။

တိုကာရစ္စတန်မှာ ဘုဇပတ်ပင် အခေါက်ပေါ် ရေးထားတဲ့ ကျမ်းစာလက်ရေးမူတွေ တွေ့ရတယ်။ Zang Tepe က ရခဲ့တဲ့ ဗုဒ္ဓတရားတော် ပိဋကတ်ဝင် ဝိနယ (vinaya)ကျမ်းအပိုင်းအစတွေနဲ့ Kafyr Kaly ကရရှိတဲ့ ၇-၈ ရာစုခေတ် ဗြဟ္မီ(Brahmi)အရေးအသားနဲ့ ရေးသားထားတဲ့ အပိုင်းအစလေးတွေပါ။ စာမျက်နှာ ၁၅၀ ရှိတဲ့ ဗြဟ္မီလို သက္ကတကျမ်းတစ်ခုလည်း (Marv)က (Bayram-Ali)မှာ တွက်ပေါ်တွေ့ရှိလာရတယ်။ ဒါဟာ လိုရင်းတိုရှင်းရေးထားတဲ့ ဗုဒ္ဓတရားတော် အနှစ်ချုပ် သို့မဟုတ် ဓမ္မဆရာတစ်ဦးရဲ့ မှတ်စုဖြစ်မယ်။ ဒီလက်ရေးမူတွေရဲ့ စာရေးသူတွေဟာ သာဝတ္ထိဝါဒဂိုဏ်းက ဖြစ်နိုင်တယ်။

အဲဒီချိန်မှာ ကိုတန်ဟာ အီရန်ဗုဒ္ဓဘာသာရဲ့အကြီးမားဆုံးဌာနပါ။ အိန္ဒိယက ရောက်ရှိလာတဲ့ သက္ကတ ဗုဒ္ဓစာပေများစွာကိုလည်း ပိုင်ဆိုင်ထားတယ်။ အဲဒါတွေဟာ ကိုတန်ကိုဖြတ်ပြီး တရုတ်ပြည် ရောက်သွားတဲ့အခါ [illegible]ာယာနဟာ ကိုတန်မှာထက် ပိုပြီးခေတ်စားသွားတယ်။ အဲဒီအချိန်မှာ ဟူယင်ဆန်ရဲ့ စိုးမိုးမှုဟာ ပြိုင်ဘက်မရှိ ဖြစ်နေသော်လည်းဘဲ ဟိနယာန[illegible]ောက်ခံသူများကလည်း ကျန်နေဆဲပါ။ ဒီလွှမ်းမိုးခြင်းဟာ ၈-၉ ရာစုခေတ် တိဗက်မှာ ပိုမိုထင်ရှားလာတယ်။

တိဗက်ကျမ်းစာတွေမှာ မဟာယာနထောက်ခံအားပေးသူတွေရဲ့ အရေအတွက်ကို'ြ[illegible]းကိုယ်ပေါ်က မြင်းမွေးတွေလောက်ရှိလိမ့်မယ်'လို့ နှိုင်းယှဉ်တင်စားကြတယ်။ ဟိနယာနထောက်ခံသူတွေ[illegible]ာ့တော့ "မြင်းနားရွက်ထဲက အမွေးလောက်ပဲ"လို့ ဆိုကြရဲ့။ အချိန်ကြာမြင့်စွာ ကိုတန်သားတွေဟာ



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာကို သက္ကတကနေ သင်ယူခဲ့ကြရလို့ သက္ကတဟာ ဝတ်တက်စာ ဘာသာစကား ဖြစ်နေခဲ့တယ်။

၁၀ ရာစု နီးလာတဲ့အခါ သူတို့ဟာ ပင်မသက္ကတကနေ ဗုဒ္ဓစာပေတွေ ဘာသာပြန်ခြင်းအပါအဝင် ကိုတန်ဗုဒ္ဓစာပေတွေကို ပြုစုဖန်တီးခဲ့ကြတယ်။ အချို့အပိုင်းမှာ ဗုဒ္ဓတရားတော်တွေကို ဒေသစကားနဲ့ ဖော်ပြထားရဲ့။ မူရင်းစာလုံးတွေလည်း အလားတူပဲ ပေါ်ထွက်လာတယ်။ ဒါတွေဟာ သက္ကတဖွဲ့စည်းပုံလည်း မဟုတ်၊ ဘာသာပြန်လည်း မဟုတ်ပါ။ အဲဒီဗုဒ္ဓတရားတော်များမှာ ကိုတန်ဘာသာရေး အခြေအနေတွေကို ထင်ဟပ်ပြတာတွေလည်း ပါတယ်။

(Xinjiang)တရုတ်နဲ့ မွန်ဂိုလီးယားမှာနေတဲ့ များစွာသော the Sogdians များဟာ ဗုဒ္ဓဘာသာဝင်တွေပါ။ အဲဒီတွေမှာ အခြေချနေထိုင်ကြပြီး မြို့တွေအထိတောင် သူတို့ဦးရေတွေ များလာပါတယ်။ သူတို့အတွက် ဗုဒ္ဓဘာသာဟာ အဓိက ဘာသာရေးများထဲက တစ်ခုဖြစ်ပြီး သူတို့ရဲ့ ဇာတိမြေမှာ ရှင်သန်နေဖို့ အကြောင်းရင်းလည်းဖြစ်ရဲ့။ များလှစွာသော Sogdian ဗုဒ္ဓစာပေလက်ရေးမူတွေလည်း ထွက်ပေါ်လာတယ်။ အဲဒါတွေထဲက အများစုကြီးဟာ ၇ မှ ၁၀ ရာစုအတွင်း မဟာယာနကျောင်းတွေက တရုတ်ဗုဒ္ဓသာသာဝင်များရဲ့ ဘာသာပြန်ချက်တွေပါ။

အဲဒါကြောင့် ဗုဒ္ဓဘာသာဟာ သမိုင်း၊ ယဉ်ကျေးမှုနဲ့ များစွာသော အီရန်သားတွေအပေါ်မှာ အဓိကအခန်းကဏ္ဍကနေ ပါဝင်ခဲ့တယ်။ ဒါဟာ အိန္ဒိယဘာသာရေး တစ်ခုတည်းမှာသာ ဆောင်ကြဉ်းသွားတာ မဟုတ်ဘဲ၊ အတွေးအခေါ်၊ စာပေနဲ့ အနုပညာတွေမှာလည်း အီရန်သားတွေ ရောက်သွားတယ်။ ဒါဟာ သူတို့နဲ့ အိန္ဒိယယဉ်ကျေးမှု တစ်ခုလုံးကြားမှာ တံတားသဖွယ်လည်း ဖြစ်ရဲ့။ ဒါဟာ အာရှအလယ်ပိုင်းနဲ့ အိန္ဒိယတို့အကြား ယဉ်ကျေးမှုဖလှယ်ရေးကိုလည်း အရှိန်မြှင့်ပေးတယ်။

နောက်ဆုံးမှာတော့ ဗုဒ္ဓဘာသာ အမွေအနှစ်တွေကို အစ္စလာမ်ခေတ်ကာလ အီရန်တွေကြားမှာလည်း မြင်တွေ့ထိစပ်နိုင်လာခဲ့တယ်။ အစ္စလာမ်ကာလ အစပိုင်းမှာ ဗုဒ္ဓဘာသာဝင်တွေဟာ အဆင့်မြင့်နေရာတွေမှာ ပြည့်နှက်နေခဲ့တယ်၊ အဲဒီမှာ ဗုဒ္ဓဝါဒဟာ အတွေးအခေါ်နဲ့ အစောပိုင်း အရှေ့ဖျားက Sufism အလေ့အကျင့်တွေပေါ်မှာလည်း အတော်လေး လွှမ်းမိုးမှုရှိတယ်လို့ ကောက်ချက်တစ်ခုရှိခဲ့တယ်။ ၁၀ ရာစုအ[illegible]းမှာတော့ Madrasas မှာ အဆင့်မြင့်အစ္စလာမ် ပညာရေးဌာနတွေ ပေါ်ပေါက်လာပြီး အာရှအလယ်ပိုင်းနဲ့ အံဝင်ခွင်ကျ ဖြစ်လာခဲ့တယ်။ အချို့လည်း ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများမှာ ဆက်သွယ်ရောနှောစိမ့်ဝင်သွားတာလည်း ရှိနိုင်တယ်။ ဒါပေမဲ့ ၁၀ရာစု ပါရှင်းကဗျာသစ်တွေမှာတောင် 'ဗုဒ္ဓ'ဆိုတဲ့စကားလုံးကို ထိန်းသိမ်းထားတာ တွေ့နေရသေးရဲ့။ ဆင်းတုတော်၊ အလှတရားနဲ့ ချစ်မြတ်နိုးခြင်းဆိုတဲ့ အဓိပ္ပာယ်တွေနဲ့ ရောလို့ပေါ့။

**အာဖဂန်နစ္စတန်**

**ရှေးဟောင်းသုတေသနလေ့လာရေး ------**

အာဖဂန်နစ္စတန်မှာ ရှေးဟောင်းသုတေသန လုပ်ငန်းတွေကို ၁၉၂၂ ခုနှစ်လောက်ကတည်းက လုပ်ခဲ့ပါတယ်။ အစ္စလာမ်ကာလ မတိုင်မီခေတ် (the pre-Islamic) နဲ့ အစ္စလာမ်ကာလ (the Islamic periods)များက များစွာသော အနုလက်ရာပစ္စည်းတွေကိုလည်း ဖော်ထုတ်နိုင်ခဲ့တယ်။ ရိုးရာအနုပညာတွေ ပြန်လည်ပေါ်ထွက်လာပြီး ၁၉၃၀ ပြည့်နှစ်ရောက်တဲ့ အခါမှာတော့ အမြင်သစ်ဟန်သစ်တွေ စိတ်ဝင်စားလာကြတယ်။ အနုပညာဖန်တီးမှုမှာ တွန်းအားသစ်တွေဖြစ်လာတယ်။ ၁၅ ရာစု Timurid ခေတ်က the Herat school ဂိုဏ်း ရေးဟန်နဲ့ရေးတဲ့ ပန်းချီဆရာအသစ်တွေလည်း ပေါ်လာရဲ့။ အချို့ကလည်း အနောက်တိုင်းဟန်တွေ လွှမ်းမိုးလို့ပေါ့။ ၁၉၅၀ ပြည့်နှစ်များအစပိုင်းနဲ့ ၁၉၇၀ ပြည့်နှစ်လယ်လောက်မှာတော့ အစိုးရက ဗိသုကာဆိုင်ရာ တန်ဖိုးရှိတဲ့ အဆောက်အအုံဟောင်းအချို့ကို ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့ အားပေးခဲ့တယ်။

၁၉၃၀ ပြည့်နှစ်များမှာတော့ ကဘူးလ်မှာ အနုပညာကျောင်း တည်ထောင်လိုက်တယ်။ ရိုးရာ(Timurid) နည်းပညာ ဗိသုကာတွေကို ထိန်းသိမ်းပေးခဲ့တယ်။ အထူးသဖြင့် ဇလီတွေနဲ့ သချိုင်းဂူဗိမာန်တွေရဲ့ အပြင်နံရံက ဒီဇိုင်းတွေကိုပေါ့။ ကမ္ဘာကျော် အာဖဂန်ကော်ဇောနဲ့ ကြေးထည် အသုံးအဆောင်ပစ္စည်းတွေ၊ လက်မှုပစ္စည်းတွေကိုလည်း ထုတ်လုပ်စေခဲ့တယ်။

ဒါပေမဲ့ ပြည်တွင်းစစ်ကာလ၊ အထူးသဖြင့် တာလီဘန်များ အုပ်စိုးစဉ်မှာတော့ အာဖဂန်ယဉ်ကျေးမှု အဆောက်အအုံတွေဟာ အများကြီး ပျက်စီးထိခိုက်သွားခဲ့ရပါပြီ။

၂၀၀၂ ခုနှစ် ဖေဖော်ဝါလမှာတော့ ဘာပဲဖြစ်ဖြစ် တာလီဘန်များ အုပ်စိုးစဉ်က သိမ်းဆည်းသိုဝှက်ထားခဲ့တဲ့ တိုင်းပြည်ရဲ့ ယဉ်ကျေးမှုရတနာများကို အမျိုးသားအနုပညာပြခန်းမှာ ပြန်လည် ဖွင့်လှစ်ပြသခဲ့ပါတယ်။ ဗုဒ္ဓသာသနာပြန့်ပွားထွန်းကားရာ သက်သေသာဓကဖြစ်တဲ့ အာဖဂန်တောင်ကြားတစ်နေရာက ကြီးမားလှတဲ့ မတ်ရပ်ဆင်းတုတော်ကြီးတွေကတော့ ကမ္ဘာမြေပေါ်ကနေ နှမြောတသစရာကောင်းလှစွာ ထာဝရ ပျောက်ကွယ်သွားခဲ့ပါပြီ။

❒ ကိုအေးမြင့်(မြတ်ဘိဇ္ဇာ၊ရှေး-သု)

စာကိုး။ Encyclopædia Britannica, 2012.





www.burmeseclassic.com

www.burmeseclassic.com

ထွေးမြမှာ ခေါင်းပေါ်တွင် ထမင်းတောင်းကလေးရွက်လျက် ရွာ၏ အုတ်နီနီလမ်းကလေးအတိုင်း လျှောက်လာခဲ့ပြီးခါမှ ရွာအနောက်ဘက်သို့ ချိုးလိုက်သည်။ အနောက်ဘက်တွင် သစ်သားခုံးကျော်တံတားကလေးလည်း ရှိသည်။ ခုံးကျော်တံတားကလေး အောက်တွင် ချောင်းရေတသွင်သွင် စီးဆင်းနေသည်။

ရေတက်ချိန်ဖြစ်ပြီလား မပြော ဘတ်။

ခုံးကျော်တံတားကလေးအဆင်း တွင် သပြေပင်ကြီးလည်း ရှိသည်။ ဒီခုံးကျော်တံတားကလေး အဆင်း ရောက်တော့ ထွေးမြသည် သပြေပင် ကြီးကို မော့ကြည့်ပြီး ခစ်ခနဲပင် အသံ ထွက်အောင် ရယ်မိပြီးမှ မိမိဖြစ်ပုံမှာ သူများမြင်မှာ ရှက်ကိုးရှက်ကန်း ဖြစ်ရ သေး၏။

ဒီခုံးကျော်တံတားကလေးကို ရောက်လျှင် ဒီသပြေပင်ကြီးကိုလည်း မကြည့်ဘဲ မနေနိုင်ပြန်။

ဒီနေရာကို ထွေးမြ ဘယ်လိုမေ့ နိုင်မှာလဲ။ အကြောင်းမူ သူတို့ဘဝ ငယ်စဉ်ငယ်ရိပ်က အထင်အရှား။

ဒီနေရာသည် ထွေးမြတို့ ထွေ ပစ်တမ်းကစားတတ်သည့် နေရာပေပဲ။ ပြီးတော့ ဒီချောင်းရိုးကလေးသည် ထွေး မြတို့ နေထိုင်ရာ အရှေ့ပိုင်းဆီမှ ကွေ့ လည်ကွေ့လိမ်ပတ်လျက် ဖြတ်သန်းလာ သောနေရာ။ ဒီရေတက်ချိန်များတွင် သမှည့်သီး၊ လမုသီး၊ ရေသဖန်းသီးကျ ၍ ရေစီးမှာ မျောသည်လေ။



# တို့ပြည် တို့ရွာပါဗျ

မောင်ခေတ္တမှန်



www.burmeseclassic.com

www.burmeseclassic.com

ဒီအခါ ကမ်းစပ်မှာ ကျူရိုင်းတိုင်ကလေးတွေမှာ ခရာပင်အုပ်အုပ်လေးတွေထဲမှာ အလစ်ချောင်းနေတဲ့ ငါးဖျံကလေးတွေကတော့ လှေအပျော်စီးသလို ထိုအသီးကလေးများပေါ်တွင် ပျော်မြူးစွာ စီးနေကျ။

သူတို့ကလေးတွေလိုပါပဲ။ ထွေးမြလည်း ကိုစံဖြိုးနှင့်အတူ လှေကလေးတွေ ဟိုဒီ လှော်ခတ်စီးခဲ့ကြရသည်။ ဒါပေမဲ့ အပျော်စီးသည်တော့ဖြင့် မဟုတ်။ ငါးဖမ်းပိုက်ထောင်၊ ပုစွန်ထိုးရင်း ထွေးမြနှင့် ကိုစံဖြိုး အခြေနီးတော့ သူ့ဇနီး ဖြစ်ရသည်လေ။

သပြေပင်အနီးမှ ဆက်ပြီး လျှောက်လာရာ အရက်ဖြူဟု ရေးထားသော ဘုံဆိုင်နားကို ရောက်တော့ "ဟောတော့" ဟုနှုတ်မှ အာမေဋိတ်သံ ထွက်ရပြန်သည်။

ထွေးမြ မမှတ်မိဘဲ နေမလား။

ဒီတုန်းက ပထမသားဦးကလေး မမွေးခင် ကိုယ်ဝန်အရင့်အမာကြီးနှင့် သူ့ကို လိုက်ရှာရသည့်နေ့။ အဲဒီနေ့တုန်းက သူပဲ နေထန်းဖျားလောက်ကတည်းက ကြက်နီတစ်ကောင်ပိုက်ကာ အိမ်ဆီမှ ထွက်သွားခဲ့သည်။ လယ်ယာလုပ်ငန်းနားချိန်ဖြစ်၍ ထွေးမြ ဘာမှမပြောဖြစ်။ ဗိုက်ထဲမှ နာသလိုလို မအီမလည်ဖြစ်ခါမှ ရွာထဲသို့ ထွက်လိုက်ရှာရသည်ပဲ။

ဟော တွေ့လေပြီ။

တွေ့လိုက်သည့် မြင်ကွင်းကရင်တွင်းက မသက်သာစရာ။

ရွာ့ကာလသားများ အများသူငါပင်၊ ရွာ့အနောက်ဘက်က တဲလွင်ပြင်၊ ကြက်နီဖင်ကို တွင်တွင်မှုတ်တဲ့၊ ခါးတောင်းကျိုက်ပြုတ်နေတဲ့ မောင်ကြီးရယ်ပေါ့။

ထွေးမြလာသည်ဟု လူတကာက သူ့အား ခြေတို့လက်တို့ ပြောကာမှ ထွေးမြဘက် လှည့်ကြည့်ပြီး မျက်နှာကစပ်ဖြဖြ။ မျက်လုံးတွေက ရီဝေဝေ နီကြင့်ကြင့်နှင့် ထန်းရေမူးနေပြန်ပြီ ထင်သည်။

ထွေးမြ ခေါင်းထဲ အတွေးပေါက်သည်။

"အရက်အိုးနှင့် ကြက်ဖိုးပါရင် တော်ရာ ပျော်ရာမှာ အိပ်တတ်တဲ့ အကျင့်ပျက်တဲ့ မောင်ကြီးရယ်နော့၊ ပုဆိုးကွက်ကျား ခေါင်းပေါင်းထားတဲ့ သားတစ်ယောက်အဖေ ဖြစ်တော့မယ် ရှင့်"

"နင် ဘာဖြစ်လို့ လိုက်လာရတာလဲဟ၊ ဒီမှာဖြင့် ကြက်တိုက်လို့ ရှုံးမလား၊ နိုင်မလား မသိဘဲနဲ့"

သူက ထွေးမြဘက် တစ်ချက်လှည့်ကြည့်ပြီး ပြောပြီးခါမှ ကပျာကယာ ပြန်၍ သူ့ကြက်ကိုပင် ဖင်မှုတ်ပေးပြန်၏။

ထွေးမြဘက် လှည့်ကြည့်သည်။ ပြီး လက်ဝိုင်းပြသည်။

ထွေးမြ မသိဘဲ နေမလား။ သူ့အကျင့်အတိုင်း ငွေတောင်းသည်ကို။ ထွေးမြ နှုတ်ခမ်းစူပြီး ခေါင်းခါယမ်းသည်။

"ကြက်လောင်းစရာ အသပြာလေး မပေးရဲရှင့်၊ အမေသိရင် ဆဲလိမ့်မယ်တော့၊ ထွေးမြတို့မှာ စပါးမပေါ်သေးလို့ ငါးကြော်ဝေးလို့ ဆားဗလာ ဆီမရှိ ငါးပိရည်လေးနဲ့ နှံ့ရတယ်တော့၊ ကလေးမွေးရင် အနီးနဲ့ထွေးဖို့ ပိတ်ဖြူစလေးလဲ လိုပါတယ်ရှင့်"

ထွေးမြပြောတော့ သူ ယိုင်တိယိုင်တိုင်နှင့်လာပြီး ထွေးမြပခုံးကို ဆုပ်ကိုင်သည်။

"ပေးပါကွာ၊ ဒီတစ်ခါ နိုင်ကိုနိုင်ရမယ်"

"ဟင့်အင်း ဟင့်အင်း မပေးဘူး၊ မပေးဘူး၊ ရှင့် ကြက် ချက်စားကြေးလောင်းလိုက်တော့"

ထွေးမြပြောတော့ လူကို တရိရိကြည့်သည်။

မသိသယောင် သိသယောင်နှင့် မျက်စိကြောင်တောင် မူးသယောင်နှင့် တို့မောင်မှာ မျက်တောင်စင်းစင်းမေးသည်နှင့်။

ထန်းရည်မူးနေမှန်း သိသဖြင့် ထွေးမြ သူ့ကို အိမ်ဆီသို့ တွဲခေါ်ခဲ့ရသည်။ သူ့ခမျာ သိပ်မူးနေပြီထင်သည်။ မျက်လုံးများပင် မဖွင့်နိုင်ကြတော့ပါ။ ထွေးမြ ပခုံးပေါ် ခေါင်းမှီပြီး ထွေးမြ ပခုံးပေါ်လက်တင်ကာ လိုက်ပါလာရှာ၏။ တော်ပေသေးသည်။

သူ့အာရုံက ကြက်ဝိုင်းဆီမှာ မရှိတော့လို့။

ထွေးမြတို့ အိမ်နားမရောက်ခင် ဝေ့ခါနဲ့ ဝေ့ခါနဲ့ လေချဉ်ထလာသည်။

"ထွေးမြ၊ မောင်ကြီးလေနာထတော့ အိမ်ကျ နှမထွေးမြ ဆေးတိုက်မယ်နော့"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ချစ်နှမရယ် ကျေးဇူးတင်ပါတယ်"

"အိုဘယ့် အိုဘယ် ထွေးမြ မောင်ရယ်၊ လောင်းကစားကို ရှောင်ပါကွယ်"

"ကျွဲပေါင် နွားပေါင် လယ်ယာပေါင်လို့ ရှိတာပြောင်လို့ ကုန်တတ်တယ်ရှင့်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ထွေးမြရဲ့ နံ့သာပါးက မွေးတယ်(ကွဲ့) အိမ်ကျရင် နှမထွေးကို"

"အို မောင်ကြီး မောင်ကြီး လူတွေနဲ့ ရှင့်"

"အိမ်ကျရင် မွှေးမွှေးပေးမယ်လို့ ပြောမလို့ပါကွာ"

ဤက ငယ်စဉ်က အကြောင်းများပင်။

❖

တပေါင်းလ ကုန်လေပြီ။တန်ခူးလဆန်းထဲ ရောက်နှင့်နေပြီ။

လယ်သမားကြီး ကိုစံဖြိုးမှာ လယ်ယာလုပ်ငန်းပြီးနေချိန် ဖြစ်သော်လည်း အနားမယူနိုင်သေး။ လာမည့် တစ်မိုးတွင်းလုံး သုံးနိုင်ရန် ထင်းတိုက်ရသည်။ တဲမိုးအိမ်ဖြင့် လုပ်ရသည်။

ယခုမနက်ကတည်းက လ... အရုဏ်မပေါ်သေးခင်ကပင် တောထဲသို့ ရောက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကုက္ကိုပင်ကြီး တစ်ပင်အောက်တွင် နွားတွေ အနားပေးပြီး သူတစ်ယောက်တည်း တောစပ်သို့ ဝင်ခဲ့သည်။ တစ်မနက်လုံး ထင်းခုတ်ပြီး တောထဲက ပြန်ထွက်လာချိန်မှာ နေက မွန်းတည့်ပေပြီ။ ကိုစံဖြိုးမှာ မျက်နှာပေါ်က ချွေးစချွေးနများကို ခေါင်းပေါင်းသည့် ပုဆိုးဖြင့် သုတ်လိုက်ပြီး မောကြီးပန်းကြီး ကုက္ကိုပင်မြစ်ဆုံကြီးအောက်တွင် ထိုင်ချလိုက်ရသည်။ ဗိုက်ကလည်း တကွိကွိမြည်အောင် ဆာလောင်လွန်းလှသည်။

သူ့မိန်းမ ထမင်းလာပို့မည်ဖြစ်၍ ရွာဘက်ဆီလည်း တစ်မျှော်တစ်ခေါ် ကြည့်မိသည်။ ပြီး သစ်ပင်ကြီးကို ကျောမှီပြီး ဇိမ်ကျကျ တုံးလုံးလှဲကာ အမောဖြေမိသည်။

ခဏအကြာ၌ အမြင်အာရုံတွင် ခပ်လှမ်းလှမ်းမှ နွားနှစ်ကောင်ကို မြင်သည်။ နွားနီနှင့် နွားနက်ကုပ်ကျားသည့်နွားနှစ်ကောင်ကို နွားကျောင်းသားလေးတစ်ယောက်က ဆွဲခေါ်လာ၏။ သူရှိရာ သစ်ပင်ဆီသို့ နွားနှစ်ကောင်ကို ဆွဲခေါ်လာသူမှာ သူ့သားကလေးများထဲက ဘယ်သားဟု ကပျာကသီ စေ့စေ့ကြည့်သေးသည်။

ဒီအခါ သူ့သားကလေးများ အပေါ် အာရုံသက်ရောက်လာသည်။ သူ့မှာ ကလေး လေးယောက်ရှိသည်။ အကြီးကောင်က အိမ်ထောင်ရက်သားကျကာ သူနှင့်အတူ မနေ၊ မြို့မှာ စားသောက်ဆိုင်ဖွင့်ကာ စီးပွားရေး လုပ်နေသည်။ အလတ်မခင်အေးကအိမ်တွင် ထမင်းချက်၊ အငယ်နှစ်ကောင်က ဆယ်နှစ်နှင့် ဆယ့်နှစ်နှစ်အရွယ်၊ ဒီအငယ်နှစ်ကောင်ကို ရှင်မပြုနိုင်သေး။

ဒီတန်ခူးလကျရင် ရှင်ပြုပေးချင်ပေါ်ခါမှ ဒီနှစ် စပါးအထွက်က ညံ့နေသည်။

သီးနှံအထွက်ညံ့ရသည်မှာ စိုက်ပျိုးမြေတွင် မြေဆီမြေဩဇာဓာတ်ခန်းနေလို့ဟုတော့ လယ်စိုက်ရှင်းကဆရာတွေက လာပြောပြသသည်။

သီးနှံအထွက်တိုးအောင် မြေကြီးအတွင်းသို့ မြေဆီမြေဩဇာဓာတ်တွေ ဖြည့်ပေးရမည်။ မြေအတွင်း သီးနှံဖျက်ပိုးများကင်းအောင်၊ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ပေးရမည်ဟု သင်ကြားပြသပေးသည်။

ဒီနှစ်တော့ ရှိပါစေတော့။ နောင်နှစ်မှပဲ သူတို့ပြောတဲ့ ဘောင်စနစ်နှင့် စိုက်ပျိုးတော့မည့်စိတ်ကို ဆုံးဖြတ်လိုက်သည်။ သူ့ရင်ထဲတွင် ပူနေသည်မှာ ကလေးနှစ်ယောက် ရှင်ပြုပေးနိုင်ရေးပဲဖြစ်သည်။ မဖြစ် ဖြစ်သည့်နည်းဖြင့် ကလေးများ ရှင်ပြုပေးနိုင်ရေးကို အစီအစဉ်ဆွဲထားပြီးလည်း ဖြစ်သည်။ ရွာဦးဆရာတော် ဦးကောဝိဒကျောင်းကိုလည်း ကလေးနှစ်ယောက်ကို အပ်နှံကာ သင်္ကန်းတောင်းကလေးများပင် ကျက်ခိုင်းထားသည်။ စပါးရောင်းရသည့်ငွေနှင့် ဖြစ်မှာပဲဟု ကိန်းသေစီစဉ်ထားပြီးဖြစ်သည်။ သူ့သားအကြီး လင်မယားလည်း သင်္ကြန်မကျခင် လာပေလိမ့်မည်။

ဖားကူးနှင့် ရန်ကုန်က ဟိုအရင်ခေတ်များတုန်းကလို သင်္ဘောနှင့် သွားရမည့်ခရီး မဟုတ်တော့။ အခု ကားလမ်းများ သရက်ပင်ချောင်အထိ ပေါက်နေ၍ နာရီပိုင်းအတွင်း နေ့ချင်းပြန်ခရီးပင် သွားလာနိုင်သည်။ သူ့အတွေးသည် သူ့သားကြီးဆီ ရောက်ပြီးခါမှ တန်ခူးလအကြောင်းကို စဉ်းစားလိုက်သည်။

တန်ခူးလဆန်းတွင် သင်္ကြန်ရည်မှတ် ဖက်ဆွတ်ရေထိုး သင်္ကြန်မိုးက ရွာချင်ရွာဦးမည်။ ခုတိုင် ရိတ်သိမ်းပြီးသော စပါးတွေ ကျီပုတ်ထဲ မသွင်းရသေး။ သူသည် ပင်ပန်းကြီးစွာ ဟင်းခနဲ သက်မချက်လိုက်ပြီးခါမှ မှေးခနဲ အိပ်ပျော်သွားသည်။

* ရွာကလေးသားအများ သူသူငါ ×××အလှူရှင်ကိုစံဖြိုးမှာ အေးဆေးမှုရာ××× လက်မှာ မြေသပိတ်နှင့် ဖျာလိပ်ထွေးမြရွက်လို့. . . . သျှိုး။

* ဒိုးပတ်လင်းကွင်း ဒုံမင်းတေးသံသာ×××ပတ်သာစည်မောင်း နားမငြောင်းဖို့ ××× ငြိမ့်ညောင်းတူရိယာ စုံလင်စွာ တည်တည့်လေး. . . . သျှိုး။

* ပုဆိုးကွက်ကြီး ပုသိမ်ထီးနှင့် စည်းဝါးတကျ ခုံးမျက်စနှင့်၊ အကတစ်မျိုး ဦးရွှေရိုးသည်×××မရိုးနိုင်စရာ တို့မြန်မာ. . သျှိုး။

* ရွာရဲ့အလှ လုံမကုမ္မာရီ စုံညီရောက်ကြောင်းမှန် ရေခံထည်မှာ လှုဖွယ်ရာ အစုံစုံ၊ အဖုံဖုံတည်တည့်လေး. . သျှိုး။

* ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်×××× ရွှေခိုင် ငွေခိုင် အပြိုင်ပြိုင် တည်တည့်လေး. . . . သျှိုး။

* ဆင်ယင်ဖွဲ့ထုံး ခရေကုံးနှင့် ပြုံးနွဲ့မူရာ သူတို့လာပြီ×××မျိုးမြန်မာတို့ ရိုးရာထုံးစံ××× ရွာလုံးညံမျှ မမွမ်ကလာပြုသည့်ခါကို. . . သျှိုး။

* သာသနာသည် ရောင်ဝါ ထိန်ထိန်လင်း တက်နေလင်းသည့် ï သို့. . . သျှိုး။

ရှင်လောင်းလှည့်ပွဲကြီးက ရွာလမ်းတစ်လျှောက်တွင် လျှိုးလိုက်ရတုအသံတို့ဖြင့် ရွာတန့်ပုံ့နှံ့၍ နေပေတော့သည်။

"အို မောင်ကြီး မောင်ကြီး၊ ကိုစံဖြိုး ကိုစံဖြိုး အိပ်ပျော်နေပြီလား"

"အာ ထွေးမြကလဲကွာ ဒီမှာဖြင့် အိပ်မက်ကောင်းနေတုန်း"

"ရှင် ထမင်းဆာနေမှာပဲလို့ ကျုပ်က လာပို့တာ၊ ဒါနဲ့ ရှင့်အိပ်မက်က ဘယ်လိုမက်လို့တုံး"

"ဟာ ငါ့သားနှစ်ယောက်ကို အလှူကြီး ကြီးကြီးကျယ်ကျယ် လုပ်ရတယ်လို့ မက်တာဟ"

"အမယ်လေးလေး ဝမ်းသာလိုက်တာရှင်၊ အဲဒါသိလား ဆရာတော်ပြောပြနေတဲ့ ကုသိုလ်စိတ်လေ၊ ပုဗ္ဗ မုဥ္စ ပရစေတနာပါရှင်"

"ဟဲ့ ထွေးမြရဲ့ အဲဒါတွေက အနက်ကကော ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်ကလဲ ဉာဏ်ထိုင်းလိုက်တာ မလှူခင်မှာ လှူချင်တဲ့ သဒ္ဓါစိတ်တွေ တဖွားဖွားပေါ်လာရမယ်တဲ့၊ လှူနေတုန်းမှာလဲ နှမြောတွန့်တိုစိတ် မရှိရဘူးတဲ့၊ လှူပြီးတော့လဲ ကျေနပ်အားရ ရမယ်"

"အေးဟေ့ ဒါဆိုရင် အိုကေပဲ"

"ဟောဟော မြန်မာစာကောင်းကောင်းမတတ်ဘဲနဲ့ ဘိုကြက်ချေးလုပ်ချင်တယ်၊ ဒါနဲ့ သားကြီးက ဘယ်တော့လာမှာလဲ"

"မနက်ဖြန် သန်ဘက်ခါလောက် ရောက်လာမယ် ထင်တာပဲ"

❖

လှေဆိပ်ရောက်သည်နှင့် ခင်အေး ဝမ်းသာသွားသည်။ သရက်ပင်ချောင်ဘက်မှ မော်တော်ငယ်တစ်စင်းသည် စက်သံပေး၍ ရွာဆီ တရွေ့ရွေ့လာနေပြီ ဖြစ်သည်။ ဒီစက်တပ်မော်တော်ထဲတွင် ခင်အေးအစ်ကို ပါလာမည်မှန်း သိသည်။

အစ်ကို ဒီရွာမှ ထွက်သွားပြီး မြို့မှာ စီးပွားရေးလုပ်ကာ အဆင်ပြေနေသည်။ ရန်ကုန်နှင့် ဖားကူးသည် မလာချင်၍သာ ဝေးသည်။ လာချင်လျှင် အနီးကလေးပင်။

ဒါပေမဲ့ အစ်ကို တော်ရှာသည်။ မြို့မှာရောက်နေပေမယ့် မြို့သူကို မယူ၊ ခင်အေးနှင့် တစ်ရွာတည်းသူ ခင်အေးငယ်သူငယ်ချင်း ရန်ဖြစ်ဖော် ရန်ဖြစ်ဖက် စကားနာထိုးဖက်။

"ဟေး ဟေး ဟိုမှာ ဟိုမှာ . . . အစ်ကို အစ်ကို"

ခင်အေးသည် မော်တော်ပေါ်တွင် ရပ်နေသည့် သူ့အစ်ကိုကို မြင်ရသည်နှင့် ကလေးပမာ လက်ခုပ်ကလေးတီးကာ ခေါ်သည်။

လှေဆိပ် မော်တော်ကပ်တော့လည်း သူ့အစ်ကိုကို လက်ကမ်းပေးသည်။

"ကောင်မ ကြည့် . . . ငါ့တော့ မကူဘူး"

သူ့အစ်ကို မိန်းမ အိဖြူက ခင်အေးကို မြင်မြင်ချင်း စကားနာထိုးသည်။

အိဖြူ ပြောလည်း ပြောစရာ ခင်အေးက သူ့အစ်ကိုမှ သူ့အစ်ကို၊ အိဖြူပါလာသည်ကိုပင် ဂရုမစိုက်သည့်ပုံမျိုး။

အိဖြူစကားကြားလေမှ ခင်အေး သူ့ကို အကြည့်ရောက်သည်။

မြင်မြင်ချင်း ဒေါသစိတ်တွေ ဝေဖိတ်ကုန်သည်။ အကြည့်ချင်းဆုံခိုက် ခင်အေးက နှုတ်ခမ်းမဲ့ကာ မျက်စောင်းထိုးသည်။

အိဖြူ ဝတ်စားထားပုံကလည်း ကြည့်။

ဂျင်းဘောင်းဘီ ပေါင်ပြတ်နှင့် ဒေါက်ဖိနပ်စီးသည်။ ခြေမျက်စိကျတော့ ရွှေကြိုးကြီးက အဝင်းသား၊ ဆံပင်က အိုမိကာကုပ်ဝဲ။ ဒီအထဲ ဆေးဆိုးထားသည်လားမသိ၊ နီကြင့်ကြင့်။

ပြီး အတွင်းခံဘော်လီ ဝတ်ထားဟန်မတူ။ အိဖြူသားကလေးကလည်း သူ့အမေပုံစံအတိုင်း၊ အနောက်တိုင်းဝတ်စုံနှင့်။

"ခင်အေး နင် ငါတို့သားအမိကို ဘာဟင်းနဲ့ ချက်ကျွေးမှာလဲ"

"ငါးပိပေါ့"

"ဟယ်တော့် တောဆန်လိုက်တာ"

"အံမာ ကြီးကျယ်လိုက်တာ နင်ကတော့ ဒီရွာကပဲ မဟုတ်လား"

"အေး ဒါပေမဲ့ တို့က မြို့မှာ နေတာ ကြာပြီဟ"

"အင်း နင်က ဒေါင်းယောင်ဆောင်တဲ့ကျီးကန်းပေါ့"

"ဟယ် ယောက်မ တိရစ္ဆာန်မ ငါ့ကို စော်ကားလိုက်တာ"

ခင်အေး အစ်ကိုက သူတို့နှစ်ယောက်ဆုံရင် ဒီအတိုင်းပဲမှန်းသိ၍ ပြုံးစိစိလုပ်နေသည်။

"တမင် စော်ကားတာတော့ မဟုတ်ပါဘူးအေ့၊ ညည်းက ဘုရင်တော်ကောက်ခံရတဲ့ ဆီးသီးသည် မဖျိုးလို ဘဝမေ့နေလို့"

"အံ့မယ် တောသူမ တောသူမ ဒါလင်ခေါ်လာလို့သာ ရွာကို လိုက်လာမိတာ မှားတာပဲ"

သူ့အစ်ကိုကို ဘိုဆန်ဆန် ဒါလင်လို့ ခေါ်လိုက်လေမှ ခင်အေး ဒေါသတွေ ဆူပွက်လာသည်။

ပြောလိုက်ချင်သည့် စကားတွေလည်ချောင်းထဲမှာ ပြည့်သိပ်လာသည်။

"ဗုဒ္ဓဘာသာမြန်မာမှုနဲ့ သာဓုခေါ်စရာ တို့ကျေးရွာအေ့"

"စိတ်အကြံမှာ အမိဌာန်ထား နိဗ္ဗာန်သွားမယ့် ရွာသူတွေအေ့"

"အတုလိုက်အမှားနဲ့ ဒုစရိုက်များတဲ့ မဟားတရားငွေ့ မဟုတ်ဘူးနော် အေ့"

"ခင်အေး အဖေတို့ အမေတို့ နေကောင်းကြရဲ့လားဟ"

အစ်ကိုက စကားဖြတ်ပြောလာလေမှ ခင်အေးပြောချင်သော စကားစုတို့ မပြောလိုက်ဖြစ်ပါတော့။

"ကောင်းပါတယ် အစ်ကို"

ခင်အေး ပြောလိုက်စဉ်မှာတော့ ခင်အေးတို့ အိမ်အနီးသို့ ရောက်ကြလေပြီ။

(ဖားကူးကျေးရွာမှ မိဘနှစ်ပါးနှင့် ညီမ ခင်အေးအတွက် အမှတ်တရ ရေးပါသည်)

❒ မောင်ဆွေ






www.burmeseclassic.com

www.burmeseclassic.com

# တောင်ယာဗျက်သည့် အမျက်ကောင်

မြင့်မိုရ်သွေးသစ်



လှသစ်အောင်၊ မင်းလျား

အရှက်ကျင်း၍ လင်းလက်လာ
... အလင်းရောင်နှင့်အတူ ယာခင်း
... ခင်းလာ မျှော်ကြည့်လိုက်သည့်
...မောင်၏ မျက်ဝန်းအစုံတို့ ပြူး
...သွားခဲ့ရသည်။

...တ်ခနဲဖြစ်သွားသည့် ရင်ဘတ်
... ...တ်ဖြင့် ဖိထားလိုက်မိသလို
...ဘူးဟူသော ဇွတ်အတွေးဖြင့်
... ...ာ ထပ်ကာထပ်ကာကြည့်မိ
...ည်း အကျည်းတန် မြင်ကွင်း
...ပြောင်းလဲနိုင်တော့ပါပြီ။

ရက်ရှည်လများ မြေအဘိုးနှစ်ယောက် ခုတ်ထွင် ထွန်ယက်စိုက်ပျိုးထားခဲ့လေသော ပြောင်းခင်းမှာ မွမွကြေနေလေပြီ။ကျိုးကြေနေသောအပင်ရိုးတံများ၊ ကြေမွနေသော အရွက်အလက်များ၊ ခုန်တက်လာသော နှမြောခြင်း ယူကျုံးမရဖြစ်ခြင်းတို့ကို တံတွေးနှင့် ရောနှောမျိုချလျက် နေရာတွင်ပင်ခံပြင်းနာကြည်းစွာ ဖင်ထိုင်ချလိုက်မိသည်။ ဖိုးသာမောင် အင်အားတို့ မဲ့ချေပြီ။

❖

ရှမ်းရိုးမပေါ်တွင် မွေးဖွားကြီးပြင်းလာသော မနုတိုင်းရင်းသားများ အဖို့ အထပ်ထပ် အလွှာလွှာ တည်ရှိသော တောင်တန်းကြီးများ၊ တောတောင်လျှိုမြောင် ချောက်ကမ်းပါးများကြောင့် သွားလာဆက်သွယ်ရေးများမှာ လွန်စွာ ခက်ခဲလှသည်။ နယ်သူ နယ်သားများသည် ကျောက်ဆည်ခရိုင်အတွင်း ပါဝင်နေပါလျက် မြို့ကြီးပြကြီးများနှင့် လွန်စွာအလှမ်းမဝေးလှပါဘဲလျက် ခေါင်လှသော တောင်၊ ချောင်ကျ





www.burmeseclassic.com

www.burmeseclassic.com

သော တောများက တစ်တောင်ပြီး တစ်တောင်၊ တစ်တောပြီး တစ်တော၊ တစ်ထပ်ပြီးတစ်ထပ် ကာရံတားဆီးထားခြင်းကြောင့် မန္တလေး၊ မေမြို့၊ ကျောက်ဆည်၊ ကျောက်ဂူ၊ ရဲယမန်း စသောမြို့များသို့ အကြောင်းကိစ္စ ထူးထွေမရှိပါက တစ်နှစ်နေလို့မှ တစ်ခေါက်မရောက်နိုင်ကြချေ။

အချို့သော နေရာများတွင် လှည်းကြမ်းလမ်းပင် ဖောက်မရ သွားမရနိုင်လောက်အောင် ကျောက်ဆောင်ကျောက်စောင်း လျှိုမြောင်စိမ့်စမ်းများ ပေါများလှပေရာ လမ်းပန်းဆက်သွယ်ရေး မကောင်းသောကြောင့် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အပါအဝင် အစစအရာရာတွင် နိမ့်ကျချို့တဲ့လှတော့သည်။

အခြေခံ စီးပွားရေးမှာလည်း တောင်ယာခုတ်ထွင် စိုက်ပျိုးခြင်းသာဖြစ်ပြီး သစ်တောများကို ပင်ပန်းကြီးစွာ ခုတ်ထွင်ရှင်းလင်းကာ တောင်စောင်းများတွင် ခက်ခဲစွာ စိုက်ပျိုးကြရသည်။

လယ်ရှိသောသူများမှာ အခြေခံလူတန်းစား တောင်ယာသမားများထက် ချောင်လည်ပြီး သနပ်ဖက်ခြံရှိသူများအဖို့ ပိုမို ပြေလည်နိုင်ကြသည်။ လယ်မဲ့ ယာမဲ့ ခြံမဲ့သူများအဖို့ တောင်ယာစိုက်ပျိုး လုပ်ကိုင်ခြင်းမှတစ်ပါး အခြားမရှိတော့ပြီ။

ထိုသို့ စိုက်ပျိုးလုပ်ကိုင်ရသော်လည်း အခွင့်သင့်တိုင်း လာရောက်စားသောက်ဖျက်ဆီးတတ်ကြသောတောရိုင်းတိရစ္ဆာန်များမှာ အသေးငယ်ဆုံး စဝ္ဂါလေးမှအစ ချိုးအုပ်၊ ကျီးကန်းအုပ်၊ ကြက်တူရွေးအုပ်၊ ဒေါင်းအုပ် စသောငှက်ပေါင်းစုံကလည်းကောင်း၊ မျောက်မျိုးစုံက အုပ်လိုက်ချီ၍လည်းကောင်း၊ ရှဉ့်အုပ်၊ ခွေးအုပ်၊ ဝက်အုပ်၊ ချေအုပ်၊ ဆတ်အုပ်နှင့် အကြီးမားဆုံး ဆင်ရိုင်းအုပ်မှစ၍ အမျိုးမျိုးအဖုံဖုံ နှိပ်စက်နည်းအစုံစုံကို တောင်ယာသမား တောသူတောင်သားများမှာ နေ့ညမဟူ နေရာမရွေး အချိန်မရွေး ရင်နင့်အောင် ခံစားကြရသည်။

ယခုလည်း ဖိုးသာမောင်တစ်ယောက် မျက်ရည်ပေါက်ပေါက် ကျလောက်အောင် ခံစားနေရလေပြီ။ နှင်းဒဏ်၊ လေဒဏ်မရှောင်၊ နေပူ မိုးရွာမရှောင် ပင်ပန်းဆင်းရဲခြင်းကြီးစွာ ခုတ်ထွင်ရှင်းလင်းခဲ့ရသည်။ ချွေးတောက်တောက်ကျအောင်လည်း ထွန်ယက်စိုက်ပျိုးခဲ့ရသည်။ ယခု ပင်ပန်းဆင်းရဲခြင်း၏ အကျိုးတရားအောင်မြင်ခြင်း၏ အသီးအပွင့်များကို လက်ဝယ်ပိုင်ပိုင်ခံစားရလုလု အချိန်တွင်မှ အရာအားလုံး မြေတွင် ပြားပြားဝပ်ကာ ကြေကျကြေမွကုန်ကြလေပြီ။

ယူကျုံးမရ နှမြောတသခြင်းများနှင့်အတူ အင်အားမဲ့စွာ ခြေပစ်လက်ပစ်ထိုင်နေရှာသော ဖိုးသာမောင်၏ ပခုံးထက်ဆီသို့ ကြင်နာသော လက်အစုံနှင့် ပွေ့ဖက်ခြင်း ခံလိုက်ရသည်။

"ဖိုး အရမ်းစိတ်ထိခိုက်နေလားဟင်"

ဝေ့ဝိုင်းနေဆဲ မျက်ရည်များနှင့် ဖိုးသာမောင်၏ မြင်ကွင်းတွင် ချစ်လှစွာသော မြေးငထူး၏ ပုံရိပ်နှင့်အတူ မချိတင်ကဲ မေးသံက ဝင်ရောက်လာသည်။

"ထိခိုက်ပြီလား မြေးရယ်၊ ဒီအခင်း ဖြစ်လာအောင် တို့များ မြေးအဘိုး ဘယ်လောက်ပင်ပန်းခဲ့တယ်၊ မျှော်လင့်ချက် ဘယ်လောက်ထားခဲ့တယ်ဆိုတာ မြေးအသိဆုံး မဟုတ်လား၊ ရွာတောင် မပြန်နိုင်ဘဲ တောင်ယာတဲမှာသာ နေ့နေ့ညည ဂရုစိုက်နေခဲ့တာ၊ ခု ရင့်လုလု သိမ်းလုလု အချိန်ကျခါမှ ဒီအဖြစ်မျိုး ကြုံရတာ ဖိုးဘယ်လို စိတ်ကောင်းနိုင်တော့မလဲ မြေးရဲ့"

"ဟုတ်တယ်ဖိုး တောင်ယာခုတ်လို့ကျတဲ့၊ ထွန်လို့ ယက်လို့ စိုက်လို့ ပျိုးလို့ကျတဲ့ ချွေးတွေ သွေးတွေအတွက် သင်းတို့ရဲ့ အသက်နဲ့ တန်သမျှပေးဆပ်ရမယ်၊ မြေး ရအောင်သတ်မယ်. . . ရအောင် လက်စားချေမယ် ဖိုး"

တောင်ရိုးပေါ်ရှိ တောအုပ်
ခုတ်ထွင်ရှင်းလင်း မီးရှို့၍ တောင်ယာ
ကွက်ဖော်ရသည်မှာ လွန်စွာပင်ပန်း
သည်။ အစစပြုပြင် မြေယဉ်ဖြစ်
ထွန်ယက်စိုက်ပျိုးမျိုးစေ့ချပြီးသော်လည်း
တောင်ယာသမားများ ရင်အေးအေး
အနားမနေရ။ ပိုးမွှားသေးသေးမှ
တောရိုင်းဘုရင် ဆင်အထိ အချိန်မရွေး
ဝင်ရောက်ဖျက်ဆီးမည်ကို ကြောက်
ရသဖြင့် နေ့မအိပ်ညမအိပ် ရင်တထိတ်
ထိတ်နှင့် စောင့်ကြရသည်။

အလွယ်တကူ ဝင်ရောက်မဖျက်
ဆီးနိုင်အောင်လည်း လူစောင့်၊ ကွင်း
ထောင်၊ ခြောက်ထောင်၊ တွင်းတူး
အခင်းပတ်လည်တွင် စာခြောက်ရုပ်
လုပ်၍ တစ်သွယ်၊ ခတ်ဆွဲ၍ ခြောက်
ခြင်း တစ်နည်း၊ အခင်းပတ်ပတ်လည်
မီးပုံရှို့၍တစ်ဖုံ နည်းမျိုးစုံအောင်
ကွယ်ခဲ့ရသည်။

"မြေးက လက်စားချေမယ်
တော့ ဘာကောင်တွေမှ်လဲ မြေးသိ
လား"

(၁၆)နှစ်သားအရွယ် မြေးငယ်
အား ညှိုးငယ်အားလျော့စွာ ငေးကြ
နေရာမှ မြေးစကားကြောင့် မျက်လုံး
၍ မေးလိုက်သည်။

မြေးငထူးက အားယူပြုံးလျှက်

"ဖိုး မြေးပါ ဖိုးရယ်၊ တောင်ယာ
စိုက်တတ်သလို အမဲလဲ လိုက်တ
အောင် ဖိုးသင်ပေးခဲ့တာပဲ၊ အာလုံး
မြေး အသေအချာကြည့်ခဲ့ပြီးပါပြီ၊ ဝံ
ကလွဲပြီး ဘာကောင်ဖြစ်နိုင်ဦးမှာလဲ"

"ဘာကြောင့် ဝံလို့ ပြောတာလဲ"

"ဖိုးကလဲ ဝံခြေရာက ဝက်၊
ဆတ်တို့လိုမှ မဟုတ်တာ၊ အသိသာ
နောက်ပြီး ဟိုနေရာ တစ်ပုံပုံလိုက်
စားလိုက်၊ ဒီနေရာတစ်ပုံပုံလိုက် ထိုင်
လိုက်၊ ဝံမှ ဝံအစစ်"

မှန်ပါသည်။ ဝက်ဝံများသည်
ပြောင်းဖူး၊ ဖရုံ၊ သခွားနှင့် အခြား
များကို အဝအပြဲ စားသောက်ရုံ
သားစာ မယားစာများပါ ထုပ်ပိုး



www.burmeseclassic.com

www.burmeseclassic.com

သယ်ဆောင်တတ်လေ့ရှိသည်။ ပြောင်း ခင်းအတွင်း ဝင်ရောက်၍ ပြောင်းဖူး များကို ရင့်၊ မရင့် အပင်တွင် တစ်ဖူးစီ အခွံကိုဖြဲ၍ကြည့်လေ့ရှိသည်။ ရင့်သည့် အဖူးများကို ချိုး၍ တစ်နေရာရာတွင် ယူကာ ၎င်းအပုံပေါ်တွင် ဖင်ထိုင်၍ တစ်ဖူးပြီးတစ်ဖူး စားသောက်တော့ သည်။

သို့ဖြစ်ရာ ၎င်းတို့ စားသောက် သည့် ပြောင်းဖူးသာမက မစားသောက် ဘဲ ခွဲကြည့်သည့် ပြောင်းဖူးပါ ပျက်စီး တော့သည်။ သူတို့၏ အင်အားများနှင့် တစ်ပင်မှ တစ်ပင်၊ ဒီတစ်တန်းမှ ဟို တစ်တန်း ဖြတ်ကျော်နင်းလျှောက်သော ကြောင့် တစ်ခင်းလုံး သုံးမရအောင် ပျက်စီးကြတော့သည်။

“လာပါဖိုးရယ်၊ ပြောင်းနဲ့ ပိုက်ဆံ တော့လဲ ဝံရေ ဝံသည်းခြေနဲ့ ပိုက်ဆံ ရအောင် လုပ်ရမှာပေါ့၊ လက်ပိုက်ကြည့် နေရင် ကျန်အခင်းတွေကိုပါ အစရှိ အောင်နှောင် လာဖျက်ကြဦးမှာ၊ ဖိုး သာမောင်နဲ့မြေးငထူးရဲ့ အစွမ်းကို သင်း တို့ နောက်ဖြန်ကစပြီး သိစေရမယ်”

လူကြီးအား နားချနေသော မြေးငထူးအားကြောင့် ပြုံးယောင်သန်းလာ သော ဖိုးသာမောင်၏ လက်ကို မြေး ငထူးက ဆွဲကိုင်ကာ တောင်ယာတဲဆီ ပြန်ခဲ့ကြတော့သည်။

❖

ယနေ့ တစ်နေ့လုံး မြေးအဘိုး နှစ်ယောက် ဝံမရမချင်း တောလည်ကြ မည် ဖြစ်ရာ နံနက်စောစောထကြကာ ထမင်းကြော်ညှင်းပေါင်းနှင့် ဆတ်သား ခြောက်ကို စားသောက်၍ နေ့လယ်စာ အတွက်လည်း ဖက်ဖြင့်ထုပ်လိုက်သည်။ ထိုနေ့လယ်စာထုပ်ကို ပုဆိုးကွင်းတွင် ထည့်၍ လိပ်ကာ ငထူးက ပခုံးတွင် ကန့်လန့်သိုင်း လွယ်လိုက်သည်။ အမဲ ခြောက်များကို အိမ်နှင့်တကွ ခါးစည်းကြိုး တွင် ချည်နှောင်သည်။

ထင်းပေါက်ပုဆိန်ကို ပခုံးပေါ် ထမ်းဆောင်ကာ အသင့်ဖြစ်နေပြီ ဖြစ် ကြောင်း အဘိုးသာမောင်အား အသိ ပေးလိုက်သည်။ ဖိုးသာမောင်လည်း ခဲထုပ်၊ ယမ်းထုပ်၊ ဆိတ်ချို ကူဆံဗူး စသည်တို့အား အသင့်ထည့်ထားသော လွယ်အိတ်ဟောင်းကိုလွယ်လျက် လက် စွဲတော် တူမီးအိုကိုထမ်းကာ မြေးအဘိုး နှစ်ယောက် တောင်ယာတဲမှ ထွက်ခဲ့ကြ တော့သည်။

ထို့နောက် မိမိတို့၏ အခင်းစပ်မှ နေ၍ ဝံသတ္တဝါများ ထွက်ခွာသွားရာ ခြေရာ ခြေကြောင်းကို ထပ်မံ ကြည့်ရှု ရင်း တောစပ်သို့ စတင်ဝင်လိုက်ကြ သည်။

အင်ပင်၊ သစ်ဆိမ့်ပင်၊ ရင်းထိုက် ပင်၊ သစ်စေးပင်၊ သစ်အယ်ပင်နှင့် ဂုံး ပင်များ စုံစေ့အောင် ပွတ်သိပ်ပေါက် နေသော ရိုးမတောတွင်းသို့ အလွယ် ဝင်ရောက်ရန် မဖြစ်နိုင်ပေ။ အပင် ပေါင်းစုံမှ ကြွေကျထားသော ရွက် ဟောင်း ရွက်ကြွေများက ပြန့်ကျဲနေ သောကြောင့် ရွက်ခြောက်တို့ ကျဲပါးရာ တိရစ္ဆာန်များသွားထားရာ လမ်းယောင် ယောင်လေးများမှတစ်ဆင့် တဖြည်း ဖြည်း လျှောက်လှမ်းကြရသည်။

သစ်ပင်များ ထူထပ်သဖြင့် ရှေ့ ဝေးဝေးထိလည်း သိပ်မမြင်နိုင်သလို ခြေလှမ်းများလည်း သိပ်မတွင်နိုင်ပေ။ တောထဲသို့ အတော်အတန် ဝင်ရောက် ပြီးသည့်နောက် ဖိုးသာမောင်သည် အရိပ်ကောင်းကောင်း သစ်ပင်အောက် တွင် ခေတ္တနားရင်း လွယ်အိတ်တွင်းမှ ယမ်းထုပ်ကို နှိုက်ယူလိုက်သည်။

ထို့နောက် ကြိုးစကို ဖြေကာ ဆိတ်ချိုနှင့် ပြုလုပ်ထားသော ခွက်ဖြင့် ယမ်းများကို ခပ်ယူလိုက်သည်။ တူမီးဒင် ကို မြေတွင်ချ၍ ပြောင်းတံကို အထက် သို့ထောင်ကာ ယမ်းများကို လောင်း ထည့်လိုက်သည်။

ယမ်းများ သိပ်သွားစေရန် တူမီး လက်ကိုင်ကို မြေတွင်နှစ်ချက်မျှ ဆောင့် ကာ ပြောင်းဝမှ သံချောင်းနှင့် ထောက် စမ်းကြည့်ရာ ယမ်းထု လက်သုံးလုံး ကျော်မျှ ခန့်မှန်းခြေရှိနေပြီ ဖြစ်သဖြင့် ဝံအတွက်ဆိုပါက လုံလောက်ပေပြီ။ ယမ်းထည့်ပြီးသောအခါ လွယ်အိတ် တွင်းမှ အဝတ်စုတ်စကို အနည်းငယ် ဆုတ်လုံးကာ ပြောင်းဝတွင်းသို့ သွင်း သည်။ ထို့နောက် သံချောင်းနှင့် ဆယ် ချက်ခန့် ဆောင့်သည်။

ပြီးလျှင် ခဲသီးများကို ပြောင်းဝမှ သွင်း၊ အဝတ်စ ထပ်မံသွင်းကာ သံ ချောင်းနှင့် ထပ်မံဆောင့်ပြန်သည်။

ထို့နောက် တူထံတိုင် အပေါက် တွင်းသို့ ယမ်းမှုန့်အနည်းငယ် ဖြူးထည့် ကာ မောင်းကွင်းတွင် ကြိုးနှင့်တွဲလျက် ချည်နှောင်ထားသောမောင်းထိန်းခလုတ် အဖြစ် အသုံးပြုသည့် သစ်သားတုံး ကလေးကို မောင်းရိုက်တံအောက်မှ ခုထားလိုက်သည်။

“ဖိုးဟာကလဲ ကြာလိုက်တာ၊ ခုနေ ရန်သူလာရင် ဘယ်နှယ့်လုပ်မလဲ”

“ခုနေ ရန်သူလာရင် မြေးလက် ထဲမှ ဓားရော၊ ပုဆိန်ရော ရှိနေတာ၊ အဲဒါတွေနဲ့ ခုတ်ပေါ့ မြေးရဲ့၊ ကြောက် စရာမှတ်လို့”

ဖိုးသာမောင်၏ အဖြေကို ငထူး က ဟုတ်သားဟူသော အတွေးနှင့် ပြုံး ဖြဲဖြဲလုပ်နေစဉ်မှာပင် ဖိုးကား တူမီးကို ထမ်းလျက် ရှေ့မှ တစ်လှမ်းချင်းထွက် သွားလေပြီ။ နှစ်ဦးသား နားကိုစွင့်၊ လမ်း ကိုကြည့်၊ ဝဲယာကို ဂရုစိုက်၊ အပင်ပေါ် ကိုလည်း မော့၍ကြည့်ကာ သစ်ရွက် သစ်ကိုင်း လှုပ်ရှားသံကို နားစွင့်ရင်း အကဲခတ်ရသည်။

ဝံများသည် အနံ့ခံကောင်းပြီး သစ်ပင်တက်ဆင်း လွန်စွာ ကျွမ်းကျင် ကြသည်။ နွေရာသီ ပူအိုက်လွန်းချိန်များ တွင် ရေစိမ်ခြင်းကို သဘောကျတတ် ကာ ရေကူးလည်း ကျွမ်းကျင်ကြသည်။ ပျားရည်ကို အထူးနှစ်သက်ပြီး အသီး အရွက်များကို မှားသောအားဖြင့် အမိ ကထား စားသုံးကြသည်။

သို့ပါသော်လည်း အချို့အချို့ သော ဝံများသည် အသားစားရန် ဆန္ဒ

www.burmeseclassic.com

ရှိကြပြီး တစ်ခါတစ်ရံ ကျွဲနွားများကိုပင် တိုက်ခိုက် သတ်ဖြတ်စားသောက်တတ်ကြသည်။ သာမန်အားဖြင့် လူတွေ့လျှင် လူနံ့ရလျှင် ရှောင်ရှားတတ်သော်လည်း ဖြုန်းခနဲ ပက်ပင်းတွေ့ကြသည့်အခါ ရုတ်တရက် လန့်ဖျပ်ကာ လူအသက် သေဆုံးသွားသည်အထိ ပြင်းထန်စွာ တိုက်ခိုက်တတ်လေသည်။

ယခုလို ရာသီတွင် သစ်အယ်သီးနှင့် ဂုံးသီးများ ရင့်မှည့်ချိန်ဖြစ်၍ ဝံဝက်နှင့် ချေများကို အချိန်မရွေးတွေ့နိုင်လေသည်။ သို့သော် ယနေ့ ပစ်မှတ်ကား ဝံမှဝံ။ အခြားသားကောင်များ ဆိုပါက လူယောင်ပြ၍ မောင်းထုတ်လိုက်သည်။ သစ်အယ်တောတစ်တောကို အဖြတ်တွင် အပင်များကြားမှ တဝေါဝေါနှင့် တောတိုးပြေးသံကို ကြားလိုက်ရသည်။ နှစ်ယောက်သား ခြေစုံရပ်ကာ အသံလာရာသို့ မျှော်ကြည့်မိကြသည်။ ဘာမှ မမြင်လိုက်ရသော်လည်း ကြားရသည့် တောတိုးသံက ကြမ်းတမ်းလွန်းလှသည်။

"ဖိုး ဝက်လား၊ ဝံလား"

ငထူးက လေသံဖြင့် မေးလိုက်သည်။

"အပြေးမြန်လွန်းတယ်၊ ဝက်ဖြစ်မယ်"

ဖိုးသာမောင် တီးတိုးဖြေရင်း ရှေ့သို့ဆက်သည်။

❖

နေ့လယ်စာစားပြီး ဆေးလိပ်ဖွာ ခေတ္တအနားယူ အပန်းဖြေပြီးသည်နှင့် နှစ်ဦးသား လွယ်အိတ်ကို ကောက်လွယ်ကာ ယခု မိမိတို့ရောက်နေသည့်နေရာမှ ဝံပျားရင်း တောင်ယာတဲကို ဖြတ်ပြန်ကြရန် ဖြစ်သည်။ နေလည်း အနည်းငယ်ချိုလာပြီဖြစ်သဖြင့် သားကောင်တို့ ပုန်းခိုအိပ်စက်သည့်နေရာမှ အစာရှာထွက်ချိန် အပြန်ခရီးတွင် သားကောင်နှင့်တွေ့ရန် အခွင့်ပိုများနိုင်ပေသည်။

ဝံမှဝံ ရှာသည့်နေ့မှ ရှိုးမတွင်းရှိ ဝံများ အပုန်းကောင်းလေကြသည်ထင့်။ ဒီနေ့ မတွေ့တော့လည်း နောက်နေ့ နောက်တစ်နေ့ပေါ့။ သင်းတို့ ပြုသမျှကံ သင်းတို့တွေ့ ခံနိုင်သလောက် ခံသင့်သလောက်တော့ ပြန်ခံခိုင်းရဦးမည်။

"ဖလပ် . . . ဖလပ်"

သစ်ကိုင်း၊ သစ်ရွက်လှုပ်သံ တစ်သံကြောင့် ဖိုးသာမောင် စူးစိုက်ကြည့်သော်လည်း မသင်္ကာစရာ ဘာမှ မတွေ့၍ ဆက်လျှောက်မည် အပြု။

"လျှော. . လျှော. . ဖရော"

ရှေ့တည့်တည့် ကိုက်အနည်းငယ်လောက်ဆီမှ တောတိုးသံ တစ်ချက် မသဲမကွဲ ထပ်မံကြားလိုက်ရသည်။ နှစ်ဦးသား ရင်ထဲ ထိတ်ခနဲခုန်၊ ခြေစုံရပ်လျက်မှ အသက်အောင့်ကာ နားမျက်စိများကို စွင့်ထားလိုက်ကြသည်။

"ဖျောက် ခွပ် ဖရော ဖျော"

ယခုလိုရာသီတွင် ရင့်မှည့်တတ်ကြသော ဂုံးသီး ဆိုသည်မှာ အညာလည်းခိုင်၊ အခွံလည်းမာသော အသီးမျိုးဖြစ်ရာ ခူးလိုက်လျှင် ဖျောက်ခနဲ အသံမြည်တတ်သကဲ့သို့ ပါးစပ်နှင့် ကိုက်ခွဲလိုက်သောအခါတွင်လည်း ခွပ်ခနဲ မြည်တတ်ပေသည်။ ဝံက အသီးကို ကိုက်ခွဲ အထဲမှအဆန်ကိုစားကာ အပြင်မှ အခွံမာများကို ထွေးထုတ်ပစ်သဖြင့် အခွံများ သစ်ရွက်သစ်ခက်များအပေါ် လျှောတိုက်ကျလာခြင်း ဖြစ်သည်။

"ခွပ်. . ခွပ်. . ကျွိ. . ကျွိ"

နှာခေါင်းသံဖြင့် သစ်သီးကို ကိုက်ခွဲသံ ထပ်မံပေါ်လာသည်။ ဝက်လော၊ ဝံလော အသေအချာ ဝေခွဲရန် နေရာရွှေ့လိုက်စဉ်မှာပင် . . .

"ဖြောင်း. . . ဖျော. . . ဖျော . . . ဘုတ်"

သစ်ကိုင်းကျိုးသံ တစ်ချက်ကြားလိုက်ရပြီး သစ်ရွက် သစ်ခက်လှုပ်ရှားသံ တဖြောဖြော ကြားလိုက်ရသည်။ ဖိုးသာမောင်က ငထူးအား "ရှတ်" ခနဲ လေသံပေး၍ တစ်ဆက်တည်း အသံကြားရာနေရာသို့ လှမ်းကြည့်လိုက်သော အခါ သစ်ကိုင်း သစ်ရွက်များကြားမှ မည်းမည်းသဏ္ဌာန်ကြီးတစ်ခု သစ်ပင် ပေါ်မှ လျှောဆင်းလိုက်သည်ကို လှ တစ်ပြက် မြင်လိုက်ရသည်။

သတ္တဝါကောင်နှင့် အရမ်း ကပ်နေပြီ ဖြစ်သဖြင့် ဖိုးသာမောင်တို့ မြေအဘိုးလည်း နောက်သို့ ခြေလှ အနည်းငယ်ဆုတ်လိုက်ကြသည်။

သတ္တဝါအား မျက်ခြည်ဖြတ် နေရာရွှေ့လိုက်သော်လည်း သစ်ရွက် ခြောက်များကို ရုတ်တရက် နင်းမိလိုက် သောကြောင့် အသံမလုံတော့ပေ။

အသံကြားရာသို့ ပြေးထွက်လာ သော ဝံကောင်ကြီး၏ ကိုယ်အရှေ့ပိုင် မြင်ကွင်းထဲသို့ ရှင်းရှင်းပေါ်လာသည် ဖိုးသာမောင်သည် တူမီး၏ သေနတ် မောင်းထိန်းခလုတ်ကို လက်မနှ ချောက်ခနဲ ကုတ်တင်လိုက်သည်။ လှ ရလိုက်သော ဝံကောင်ကြီးသည် ပါးစ ကို ဖြဲ၍ တဟဲဟဲ မာန်သွင်းကာ အသ ကြားရာသို့ ထွက်အလိုက် ဖိုးသာမော တို့ မြေအဘိုးနှင့် ပက်ပင်း ရင်ဆို အတွေ့ကြောင့် ရုတ်တရက် ကိုယ်ရှိ သတ်လိုက်သည်။

အချိန်ကောင်း အခွင့်ကောင် အရယူတတ်သည့် ဖိုးသာမောင် တူမီးပြောင်းမှလည်း ပြင်းထန်သည် ပေါက်ကွဲသံနှင့်အတူ မီးပွင့်ထွက်သွ တော့သည်။

"ဒိုင်း"

"ဝေါ ဝေါ ဝေါ"

အနီးကပ်ပစ်လိုက်သော တူ သံသည် တောတောင်အနှံ့ ရိုက်ခ လျက် ပဲ့တင်ထပ်သွားသကဲ့သို့ အန ရောင် အမွေးများပေါ်တွင် လခြမ် သဏ္ဌာန် အဖြူကွက်ပါရှိသော ရင် တည့်တည့်သို့ ထိမှန်ကာ နောက်ဘ သို့ တစ်လံခန့် လွင့်ထွက်သွားသေ ဝံကောင်ကြီးမှာလည်း ဒဏ်ရာကြော လူးလိမ့်နေတော့သည်။

အော်ဟစ်သံ တဂူးဂူး တဝဲဝဲ ဝံနာကြီးသည် အားယူမာန်တင် လူးလိမ့်နေရာမှ ကုန်းထလိုက်သည်။ နောက် ပတတ်ရပ်လိုက်ကာ နီးစပ်ရ

www.burmeseclassic.com

သို့ ရှေ့လက်များနှင့် ကုတ်ခြစ်လျက် ဖိုးသာမောင်တို့ ရှိရာသို့ ဒယီးဒယိုင်နှင့် ပြေးဝင်လာလေသည်။

လျှပ်တစ်ပြက်မြင်ကွင်းကို ကြည့်ကောင်းကောင်းနှင့် ကြက်သေသေကာ ကြည့်နေမိရင်း ဝံကောင်၏ ပုံသဏ္ဌာန်၊ အမွေးအတောင် အရောင်အသွေးနှင့် ပိဿာချိန်တို့ကို ခန့်မှန်းငေးမော တွက်ချက်နေမိသော ငထူးလည်း ချက်ချင်း သတိဝင်လာကာ ထင်းပေါက်ပုဆိန်ကို စုံကိုင်၍ ဖိုးသာမောင်ဘေးမှ ဖြတ်ထတက်လိုက်သည်။

"ဟေ့ ဟေ့"

ဝံကောင်ကြီး၏ ဘေးဘက်သို့ ပြေးတပ်လိုက်ရင်း အာရုံပြောင်းသွားစေရန် နှုတ်မှလည်း တဟေ့ဟေ့ အသံပေးလိုက်သည်။

ဝံကောင်ကြီးလည်း နောက်ထပ် ရောက်ရှိလာသော ရန်သူအား အနီးကပ်တိုက်ခိုက်ရန် အလှည့်တွင် ကြိုတင် အားယူထားသော ငထူးက ဝံကြီး၏ခေါင်း ဘယ်ဘက်ချို့စောင်းသို့ ပုဆိန်နှင့် တအား ခုတ်ချလိုက်သည်။

"ခွပ် ခလူး . . . လူး"

အနီးကပ် တူမီးတစ်ချက်နှင့်ပင် လုံလောက်သော ဝံကောင်ကြီးသည် တောမာန်ကြောင့်သာ ရန်သူကို တိုက်ခိုက်ရန် အားယူခဲ့သော်လည်း အင်အားအပြည့်ဖြင့် ချို့စောင်းအထက်သို့ ထပ်မံကျရောက်လာသော ပုဆိန်ဒဏ်ကြောင့် ရပ်တည်ခြင်းငှာ မစွမ်းနိုင်တော့ပြီ။

ခွပ်ခနဲ အသံနှင့်အတူ ကွဲထွက်သွားသော ဦးခေါင်းဒဏ်ရာကြောင့် ဗုန်းဗုန်းလဲကာ ထပ်မံရန်ပြုရန် မတတ်သာတော့ အသက်ရှူလိုက်တိုင်း နှာခေါင်းပေါက်မှ သွေးပူဖောင်းများ ထကာ ခလူး ခလူး မြည်နေသကဲ့သို့ ဦးခေါင်းဒဏ်ရာမှလည်း ဦးနှောက်များ သွေးများ ဒလဟော ထွက်လာတော့သည်။

အော်မြည် ညည်းညူနေရင်းမှ ခြေလက်များ အပြင်းအထန် ရုန်းကန်ရင်း အကြောများ တဆတ်ဆတ်ဆွဲနေရာမှ ငြိမ်ကျသွားလေသည်။ ထိုအချိန်ကျမှ ဖိုးသာမောင်က . . .

"ဖိုးတူမီးက တစ်ချက်ပဲ ရတာမြေးရဲ့၊ တစ်ချက်ပစ်ပြီးတာနဲ့ သေရင်သေ၊ မသေသေးရင် လွတ်ရာကို ပြေးပြီး ယမ်းထည့်ရဦးမှာ၊ ဟီး တော်ပါသေးရဲ့ မြေးက လက်မြန်ပေလို့"

"ဖိုးကလဲ မြေးက ဖိုးသာမောင့်မြေးပဲဟာ တောင်ယာလဲ လုပ်တတ်၊ အမဲလဲ ခုတ်တတ်ပါတယ်ဆိုတာ ယုံမှမယုံတာကိုး" *

"ဟား ဟား ဟား"

ချွေးသွေးနှင့် ရင်းကာ မျှော်လင့်ချက်ထားရရှာသော မိမိတို့၏ တောင်ယာကို ဖျက်ဆီးသည့် ရန်သူအား လက်စားချေခွင့်ရရှိခဲ့ပြီဖြစ်သော မြေးအဘိုးနှစ်ယောက်၏ ရယ်မောသံကား ရှမ်းမနု တောင်ရိုးအနှံ့ ပဲ့တင်ထပ်ခဲ့လေပြီတကား။

❐ မြင့်မိုရ်ရွှေသစ်




# ဆရာမကြီး ဒေါ်မာမာရီ

## သိဒ္ဓိအောင်စာတ်နန်း(မျှော်မှန်ရွှေစင်)

အကြား/အမြင်/ရှေ့ဖြစ်/နောက်ဖြစ်ဟော၊ နိုင်ငံခြားခရီးစဉ်
အမြန်အဆင်ပြေဖို့ ပစ္စည်းပျောက်/လူပျောက်/
အမြန်တွေ့ရစေဖို့/ အိမ်ထောင်ရေးတွေ ကွဲကွာမှုတွေ
အဆင်ပြေစေဖို့/ လုပ်ငန်းတွေ ပွင့်လန်းအောင်မြင်စေဖို့/
ရောဂါအထွေထွေ ပျောက်ကင်းစေဖို့ အထူးကုသလျက်
စီးပွားလာဘ်ဖွင့် အစီအရင်/အရောင်းထွက်/အဝယ်သွက်စေဖို့

**သင် ဆရာမကြီးနှင့် အမြန်ဆွေးနွေးဖို့ အချိန်တန်ပြီ**

ဟောခန်းတည်နေရာ ➻ ဒေါင်မြေသာယာ ရွှေစေတီတော်မြတ်ကြီး၊ အစ်မတော် (နန်းမြချုပ်နန်း)၊ နဂါးရုံဘုရား

အိမ်လိပ်စာ ➻ အမှတ် (၅၀၆/က)၊ အင်ကြင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး




www.burmeseclassic.com

www.burmeseclassic.com

(သေနတ်သမားက သူ၏ ပထမဆုံး သားကောင်ကို ရွေးချယ်နှင့်ခဲ့ပြီးလေပြီ။ အချိန်ကလည်း တစ်စတစ်စ ကုန်ဆုံးလျက်ရှိရာ)

နံနက် ၉ နာရီတိတိတွင် ဂျေဆန် မက်ဂ်အနေနီးတစ်ယောက် နယူးယောက်မြို့ရှိ အယ်လ်ဘယ်နီ ပြည်နယ် တက္ကသိုလ် စာသင်ခန်းမဆောင်အတွင်း သက်ဆင်းရောက်ရှိနေခဲ့သည်။ သူသည် ဂရိစ်သမိုင်း သင်ခန်းစာ သင်ယူရန် အဆင်သင့်ပင် ဖြစ်နေလေသည်။

အသက် (၁၉) နှစ်ရှိပြီး အရပ်ခြောက်ပေ နှစ်လက်မဖြင့် အပေါင်းအသင်းဆုံ့သူ ဒုတိယနှစ် ကျောင်းသား



မှာ ဥပဒေပညာဖြင့် အသက်မွေးမြူရန် ကြံစည်နေသူသာတည်း။ သူ့အနီးဝန်းကျင်၌ ၃၄ ဦးမျှသော အတန်းဖော်များ၏ အသံဗလံများမှာလည်း ပြတင်းပေါက်ကင်းမဲ့သော အခန်းတွင် အသားကျနေပြီးသား မဟုတ်ပါလား။

ဂျေဆန်က သူ့ဘေးရှိ အရပ်ရှည်ရှည်၊ မေးရိုးထောင့်ကျကျဖြင့် လူသစ်ကျောင်းသားကို ခေါင်းညိတ်ပြလိုက်သည်။

တွမ်အလက်ဇန္ဒား (၁၈) နှစ်သည် အထက်တန်းကျောင်း၌ အင်္ဂလိပ်စာပြဆရာနှင့် အားကစားနည်းပြ တစ်ယောက် ဖြစ်လာရန် မျှော်မှန်းနေသူဖြစ်သည်။ သူတို့နှစ်ယောက် ရှေ့ခုံတန်းမှ သုံးတန်းမြောက်တွင် ပိန်ကိုင်းကိုင်း မိုက်ခ်ကော်နားစ်သည် သမိုင်းအဓိက ကျောင်းသားဖြစ်ပြီး ကော်နားစ်သည် အတန်းထဲတွင် ဝါရင့်ကျောင်းသား တစ်ယောက်ဖြစ်ကာ စာအလွန်ကြိုးစား၍ အမေးအမြန်းထူသူ တစ်ယောက်သာတည်း။ ပါမောက္ခ ဟာမ်းစ်ဖိုးလ်စန္ဒားသည် ၁၉၉၄ ခု၊ ဒီဇင်ဘာ ၁၄ရက်၊ ဗုဒ္ဓဟူးနေ့ ဤအချိန် ဤကာလ၌ ကျောင်းသားများအား သင်ခန်းစာများ သင်ကြားရန် မှာကြားခဲ့ပြီး စတင်သင်ကြားရုံ ရှိသေးချိန်တွင် ပေ ၆၀ ရှိ ခန်းမကြီးနောက်ဘက်မှ တစ်စုံ တစ်ယောက်ကို ပြူးတူးပြဲတဲ တွေ့ရှိလိုက်သည်နှင့် ဆုတ်ဆိုင်းသွားပြီး. . .

"မင်း. . ဒီအတန်းထဲက ကျောင်းသားပဲလား"

သူက တိုတိုတောင်းတောင်းပင် မေးမြန်းလိုက်လေသည်။

ထွားကျိုင်းတုတ်ခိုင်ပုံ ရှိလှသည့် လူငယ်တစ်ဦးဖြစ်ကာ အသက်(၂၅) နှစ်ခန့်လောက်ရှိ၍ နှစ်ထပ်တံခါး အတွင်းဘက်၌ ရပ်လျက်ရှိပြီး ကုတ်အင်္ကျီရှည် အနက်ရောင် ဆင်မြန်းထားသည်။

သူ့ဆံပင်ပုံမှာလည်း ဖိုးရိုးဖားရား ဖြစ်ကာ သုန်သုန်မှုန်မှုန်အကြည့်ကြောင့် မျက်နှာထားမှာ ဇွတ်တရွတ်လုပ်မည့် ဟန်ပေါက်နေပြီး သူက ရှည်အိတ်လုံးရှည်ကြီးအတွင်း လက်ထိုးသွင်းကာ ရိုင်ဖယ် သေနတ်ကို ဆွဲထုတ်လိုက်သည်။

"ခင်ဗျားတို့ကို ကျုပ် ကြေညာချက် ထုတ်ပြန်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



# မင်းခေါင်းကိုပစ်ထည့်လိုက်မှာနော်...

သူက ကျယ်လောင်စွာ ပြော
ိုက်သည်။

"အဲဒါကတော့ ခင်ဗျားတို့
ား ဓားစာခံတွေ ဖြစ်သွားပြီ ဆိုတာ
"

နည်းပြဆရာလောင်းလျာ ဖြစ်သူ
အလက်ဇန္ဒား၏ ဦးခေါင်းအသား

အရေများ ကြက်သီးထသွားလေသည်။ သူက သမင်၊ ဒရယ်တွေကို အမဲပစ်လိုက်ဖူးရာ လူစိမ်း၏လက်နက်မှာ ဒသမ ၂၇၀ ကျည်ငါးတောင့်ဝင် အိမ်ပါရီမင် တန်ဆီမီး အော်တိုမက်တစ် သေနတ်ဖြစ်ကြောင်း ကောင်းကောင်းကြီး ကျက်မိလေသည်။ တစ်ချက်တည်း အနီးကပ်

ပစ်ရုံမျှ ဖြင့် အပစ်ခံရသူမှာ တစ်စစီဖြစ်သွားနိုင်သည်။

"ကျုပ်လိုချင်တာက လူတိုင်းဟိုဘက်သွားဖို့ပါပဲ"

သေနတ်သမားက ကြမ်းတမ်းစွာပြောသည်။ သူကမူ အခန်းနံရံယာဘက်အနီးရှိ စားပွဲဆီသို့ ရွေ့လျားလိုက်ပြီး ကုတ်အကျီရှည်ကြီးကို ချွတ်လိုက်သည့်အခါ ရုပ်ဖျက်ထားသော ဂျက်ကက်အကျီနှင့် ဘောင်းဘီတို့၏ သရုပ်

သကန် ပေါ်ထွက်လာတော့သည်။ သူက သူ့ခါးပတ်တွင် ဓားအိမ် ချိတ်ထားပြီး "ရွှေကြလေ"ဟု နွားတွန် သလို အသံဖြင့် အော်ဟစ်လိုက်သည်။

ကြက်သေ,သေနေသော ကျောင်းသားတို့မှာ ထရပ်ကာ နံရံအနီးသို့ ကြောက်ကြောက်လန့်လန့်ပင် စုပြုံတိုး ဝှေ့လာကြသည်။ ယခုအခါ သေနတ်သမားက ပါမောက္ခဘက်သို့လှည့်ကာ-

"ကျုပ် အလိုရှိတာက ခင်ဗျားအနေနဲ့ လူထုဆက်သွယ်ရေး တွေဆီဆက်သွယ်ဖို့ပဲ၊ သမ္မတကြီးနဲ့ ကွန်ဂရက်လွှတ်တော်တွေလဲ ပါတယ်" သူကဆိုလေသည်။ ဖိုးလ်စန္ဒားသည် တံခါးများအတွင်းမှ တစ်ဟုန်ထိုးဖြတ်ကျော်ကာ အနီးဆုံး ရုံးခန်းအတွင်းဝင်ရောက်ပြီး တက္ကသိုလ်ရဲတပ်ဖွဲ့ထံသို့ ဖုန်းဆက်လေသည်။

"သင်ကြားရေး ခန်းမဆောင်အမှတ်ငါးထဲကို သေနတ်သမား တစ်ယောက် ရောက်နေပြီ"

သူက ရှေ့နောက်မစဉ်းစားနိုင်တော့ဘဲ ပြောချလိုက်တော့သည်။ အယ်လ်ဘယ်နီတက္ကသိုလ်သို့ ပြည်နယ်ရဲဌာနမှ သွားရာ၌ မိနစ်အနည်းငယ်သာ ကြာမြင့်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

ယခုအခါတွင် သေနတ်သမားမှာ လက်ယာဘက်အခန်းနံရံကိုကပ်၍ ရပ်နေရာ ကျောင်းသားများနှင့် ၃၅ ပေ ခန့်ဝေးကွာနေသည်။ သူက ရိုင်ဖယ် သေနတ်ကို စားပွဲရှိရာဘက်သို့ ယိမ်းထိုးကာ စီးကရက်ကို မီးညှိလိုက်လေသည်။

"ကျုပ်က ဆိုးရွားလှတဲ့ စမ်းသပ်မှုတစ်ခုရဲ့ သားကောင်ပဲ"

သူကဆိုလိုက်ပြီး လေထဲသို့ မီးခိုးများ မှုတ်ထုတ်ပစ်လိုက်သည်။ ရုတ်တရက် လှုပ်ရှားသည့်အနေဖြင့် သူက သေနတ်ကို ဆတ်ခနဲ ဖမ်းဆုပ်လိုက်ပြီး. . .

"ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ် ဘာမှမပြောချင်ဘူး"

"ဒီငနဲကတော့ အရူးပဲ" မိုက်ခ် ကော်နားစ်က တွေးမိလိုက်သည်။

မိနစ်များ တချက်ချက်မြည်ကာ ကုန်လွန်သွားသည်နှင့်အမျှ သေနတ်သမားမှာ ရှင်းလင်းနေသော ခုံတန်းများ တစ်လျှောက် ရှေ့တိုးနောက်ငင် ချောင်းမြောင်းလှုပ်ရှားနေပြီး ရိုင်ဖယ်သေနတ်မှာ သူ့တင်ပါးပေါ်တွင် ရှိနေသည်။ ခြေလှမ်းတစ်လှမ်း သူလှမ်းလိုက်တိုင်း သူ့အိတ်တွင်းဆီမှ ကျည်ဆန်များအချင်းချင်း ရိုက်ခတ်သံတွေကို မက်စ်အနေးနီး တစ်ယောက် စိတ်ပျက်လောက်အောင် ပင် ကြားနေရသည်။

"မင်း၊ ဒီငနဲပေါ် ခုန်အုပ်ဖို့ မကြိုးစားချင်ဘူးလား"

သူက သူ့ဘေးရှိ ကျောင်းသား တစ်ယောက်ကို တီးတိုးပြောလိုက်သည်။

"ဒီအတိုင်းပဲ ကောင်းပါတယ်" ဟု အဖြေထွက်လာပြီး . . .

"သူ ဘာတွေ လုပ်မလဲဆိုတာ ကြည့်ရအောင်ပါ"

"အဲဒီတံခါးတွေကို ပိတ်ဆို့ထားလိုက်စမ်းပါ"

သေနတ်သမားက စာသင်ခန်းရှေ့၊ အခန်းထောင့်နှစ်ဖက်ရှိ တံခါးများဆီသို့ သူ့သေနတ်ဖြင့် ညွှန်ပြလိုက်သည်။ ထိုတံခါးများမှာ ခြေကျင်လျှောက်၍ သွားနိုင်သော ဥမင်လိုဏ်ဆီသို့ ဦးတည်နေကြလေသည်။

ကျောင်းသား အများအပြားမှာ စားပွဲနှင့်ကုလားထိုင်များကို တံခါးများ ရှိရာသို့ ရွှေ့ကြပြီး ယင်းတို့ကို မီးသတ်ပိုက်များဖြင့် ရစ်ပတ်ချည်နှောင်၍ အရံအတားအဖြစ် ထားရှိလိုက်ကြသည်။ ထို့နောက် ကော်နားစ်က သူတို့ ထွက်ပေါက်လမ်းကြောင်း ဖွင့်ခဲ့ကြသည်ကို အမှတ်ရလာသဖြင့်. . .

"ဟေ့လူတို့"

သူက ဆော်ဩလိုက်ပြီး. . .

"ဒီတံခါးတွေက တခြားလမ်းတွေဆက်ကို လမ်းလွှဲရှိတာ မင်းတို့ သိသင့်တယ်"

အပြင်ဘက်တွင်ရှိသော တစ်စုံတစ်ယောက်က သူတို့အား ဆွဲလား၊ လွှဲလားလုပ်လိုက်ပါကသေနတ်သမားအား အလန့်တကြားဖြစ်စေကာ သေနတ်ခလုတ်ကိုဆွဲမိပြီး သွေးထွက်သံယိုမှုဖြစ်မှာကို သူက စိုးရွံ့နေမိသည်။

သေနတ်သမားက ကော်နားစ်ဆီသို့ လှမ်းကြည့်လိုက်လေသည်။ သူတို့နှစ်ဦးစလုံးမှာ သက်တူ၊ ရွယ်တူများသာတည်း။ သေနတ်သမားက သူနားလည်သိရှိကြောင်း အေးဆေးငြိမ်သက်စွာပင် ခေါင်းညိတ်ပြလိုက်သည်။

သူက ခန်းမအတွင်းရှိ လူတိုင်းကို ၁၂ ပေ ကျယ်ပြန့်သော ရုပ်ရှင်ပိတ်ကားကြီးအောက်တွင် စုရုံးရန် အမိန့်ပေးလိုက်သည်။

အများစုမှာ အညိုရောင် ကြွေပြားခင်းကြမ်းပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေကြလေသည်။

သေနတ်သမားမှာ တစ်ခါတစ်ရံ ခင်မင်ဖော်ရွေလိုသည့် စိတ်နေစိတ်ထားသို့ တစ်စတစ်စ လျော့ကျလုနီးပါးဖြစ်သွားတတ်ကြောင်း ကော်နားစ် သတိပြုမိလိုက်သည်။

"ဒီအနေအထားအတိုင်း ငါ သူ့ကို လှမ်းလို့မီနိုင်ပါ့မလား၊ သူ့ရဲ့ ပြင်းပြမှုတွေကို လျှော့ပါးငြိမ်းအေးအောင် လုပ်နိုင်ပါ့မလား"

သူက သေနတ်သမားနှင့်ခြေလှမ်း အနည်းငယ်မျှသာ ဝေးကွာရာတွင် ထိုင်နေခဲ့သည်။

"ဟေ့. . ကြွား၊ မင်းဆီက စီးကရက်တစ်လိပ်လောက် မရဘူးလား"

သေနတ်သမားက ကော်နားစ် ရှိရာသို့ လှည့်လိုက်ရာ သူ့မျက်လုံးများ မှေးကျဉ်းသွားတော့သည်။

"ကောင်းပြီ"

သူက ကော်နားစ်ဆီသို့ စီးကရက် တစ်လိပ် တောက်၍ပစ်ပေးလိုက်သည်။

"မင်းတစ်ယောက်အတွက်ပဲ"

"သူတို့တွေက မင်းကို ဘာလုပ်ကြမှာမို့လဲ"

သူက ကောက်ကာငင်ကာ မေးမြန်းလိုက်သည်။

"ငါ ကလေးဘဝတုန်းက ငါ့ရဲ့ ဦးနှောက်ထဲကို သူတို့က ကွန်ပျူတာချစ်ပ် Computer Chip အပြား ထည့်လိုက်ကြတယ်၊ အဲဒီ့ဟာက ငါ့အတွေးတွေနဲ့ လှုပ်ရှားမှုတွေကို ထိန်းချုပ်တော့တာပဲ"

ကော်နားစ်သည် သူ့ဒူးတွေ မခိုင်ချင်တော့ပြီလားဟု ခံစားမိတော့သည်။

"ဒီငတိ စီးကရက် မီးညှိပြန်ပြီ"

ထိုစဉ်မှာပင် ရုတ်တရက်ဆိုသလို ရုပ်ရှင်ပိတ်ကားကြီး နောက်ကွယ်ဆီမှ လူတစ်ယောက်၏ အသံ ထွက်ပေါ်လာပြီး. . .

"အဲဒီမှာ ရှိတဲ့လူ၊ မင်း ငါ့အသံကြားလား"

ကျောင်းသားများ အုပ်စုအတွင်းဆီမှ ကြားနိုင်လောက်သော သက်ပြင်းချသံများ ထွက်ပေါ်လာတော့သည်။ နံနက် ၁၀ နာရီ ထိုးခါနီးလေပြီ။ ဒုက္ခသုက္ခအတွင်း သက်ဆင်းကျရောက်ခဲ့သည်မှာ မိနစ် ၅၀ မျှ ရှိသွားလေပြီတည်း။ အသံကား ဖောက်ထွင်းမမြင်နိုင်သော ရုပ်ရှင်ပိတ်ကားကြီး နောက်ကွယ်ရှိ ဝေယျာဝစ္စလုပ်ဆောင်ရာအခန်း

www.burmeseclassic.com

တွင်းမှ ထွက်ပေါ်လာခြင်းပင် မဟုတ်ပါသလား။

"မင်းမှာ မိုက်ခရိုဖုန်း လိုအပ်လာပြီကွ"

ကော်နားစ်က သေနတ်သမားကို ပြောလိုက်သည်။ ကျောင်းသားတစ်ဦးက စာသင်ခုံတန်းဆီသို့ လှစ်ခနဲပြေးကာ ဝါယာကြိုးရှည်ဆက်ထားသော မိုက်ခရိုဖုန်းကို သေနတ်သမားရှိရာသို့ သိမ်း၍ ယူငင်ပေးလိုက်သည်။

"ဘာတွေ ဖြစ်နေတာလဲကွ"

အသံရှင်က ဆိုလေသည်။

"ကျုပ်မေးခွန်းတွေ မေးချင်တယ်"

သေနတ်သမားက မိုက်ခွက်အတွင်း အော်ဟစ်လိုက်သည်။

"ကျုပ်က လူထုဆက်သွယ်ရေးတွေ ဒီမှာရှိစေချင်တယ်၊ တက္ကသိုလ်ကျောင်းအုပ်ကြီးလဲ ပါစေချင်တယ်၊ နောက် ပြည်နယ်ဘုရင်ခံ၊ ပြီးတော့ ကွန်ဂရက်လွှတ်တော်နဲ့ တရားရုံးချုပ်တရားသူကြီးတွေအပြင် ဘီလ်ကလင်တန်ကိုပါ ကျုပ် ဒီမှာရှိစေချင်တယ်"

"ငါက ဘာတွေများ ကူညီပေးနိုင်မှာလဲလို့ ကြည့်စမ်းပါရစေ"

တုံ့ပြန်ချက်အသံ ထွက်ပေါ်လာသည်။

"ငါ့နာမည် ကီဗင်ကွ . . . မင်းနာမည်ကကော"

"အဲဒါကို ရှာဖွေဖော်ထုတ်ဖို့က မင်းအလုပ်ပဲလေ"

သေနတ်သမားက မာန်ဖီဟိန်းဟောက်လိုက်ပြီး မိုက်ခွက်ကိုအောက်သို့ ပစ်ချလိုက်တော့သည်။ သူက ရိုင်ဖယ်သေနတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်ပြီး သေနတ်ခလုတ်ပေါ်သို့ လက်ညှိုး တင်ထားလိုက်သည်။

ယင်းနောက် သေနတ်ဖြင့် မျက်နှာကြက်ဆီသို့ ထိုးချိန်ကာ ကျောင်းသားများကို မာန်ဖီငေါက်ငမ်းပြန်လေသည်။

"မင်းတို့က ငါ့ကို ပစ်စေချင်ကြသလား"

"မပစ်စေချင်ဘူး"

"မပစ်လိုက်ပါနဲ့"

ကြောက်လန့်တကြား အော်ဟစ်သံများ ဆူညံသွားတော့သည်။

သေနတ်သမားနှင့် နီးနီးကပ်ကပ် ခြေလှမ်းလှမ်းသွားရင်း ကော်နားစ်က ပြောဆိုရာတွင် . . .

"အဲဒီမျက်နှာကြက်မှာ သတ္တုနဲ့ ကွန်ကရစ်တွေရှိနေလို့၊ တကယ်တမ်း မင်း ပစ်လိုက်ရင် အဲဒီကျည်ဆန်က ထောက်ပြန်ပြီး နေရာအနှံ့ လွင့်စဉ်ထိမှန်သွားနိုင်တယ်၊ မင်းကိုတောင် ထိချင်ထိနိုင်သေးတယ်"

"မင်းပြောတာ မှန်တယ်"

သေနတ်သမားက ပြောဆိုရင်း ရိုင်ဖယ်သေနတ်ကို အောက်သို့နှိမ့်ချကာ ကျောင်းသားများ ရှေ့၌ရှိသော စားပွဲအနီး ဝပ်ချလိုက်ပြီး ရုပ်ရှင်ပိတ်ကားကြီးဆီသို့ သေနတ်ဖြင့် ထိုးချိန်လိုက်စဉ် သေနတ်သံ ဟိန်းထွက်သွားတော့သည်။

စူးစူးဝါးဝါး အော်ဟစ်သံများနှင့်အတူ မျက်နှာကြက်ဆီမှ ကျဆင်းလာသော ဆိုးရွားနံစော်သည့် သေနတ်ယမ်းမှုန့်များ ခန်းမတစ်ခုလုံး ပြည့်နှက်သွားတော့သည်။

ရုပ်ရှင်ပိတ်ကားကြီး နောက်ကွယ်ရှိ အလင်းရောင်မှုန်ဝါးဝါး ဝေယျာဝစ္စအခန်းတွင်း၌မူ ပြည်နယ်အကြီးတန်းရဲစုံစမ်းထောက်လှမ်းရေးမှူးများ ဖြစ်ကြသည့် ကီမင်ချက်ဇ်ရိုင်းရားနှင့် ဂျိမ်းစ်ဟော်တန်တို့မှာ ဝုန်းခနဲ မြည်ဟိန်းသံကြားလိုက်ရပြီး ရုပ်ရှင်ပိတ်ကားကြီးမှာလည်း တစ်လက်မခန့် ကျည်ဖောက်ထွင်းရာ တွေ့ရှိကြလေသည်။

အင်္ဂတေကွဲစများ တဂျောက်ဂျောက် မြည်သံတွေ အခန်းတွင်းသို့ ထွင်းဖောက်ဝင်ရောက်လာတော့သည်။ သူတို့နှစ်ဦးစလုံးပင် ခန်းမကြီး နောက်ဘက်ရှိ အခန်းထောင့်အတွင်းသို့ တိုးကပ် အကာအကွယ်ယူလိုက်ကြသည်။

"ပွဲကြီးပွဲကောင်း ရိုင်ဖယ်ပစ်ပွဲပဲ"

ဟော့တန်က တီးတိုးရေရွတ်လိုက်သည်။

"ငါတို့ ကျည်ကာအင်္ကျီတွေကတော့ ဒီကျည်ဆန်တွေကို ကာကွယ်နိုင်မှာ မဟုတ်ဘူး"

ချက်ဇ်ရိုင်းရားက ရေဒီယိုစကားပြောစက်ဖြင့် တိုးညင်းစွာ သတင်းပို့ရာတွင် သူက ပစ်ခတ်မှုမှာ မေးခွန်းထုတ်စရာမလိုလောက်အောင် မည်သူတစ်ဦးတလေကမှ သေနတ်သမားရှိရာ နေရာအတိအကျ မပြောပြနိုင်ခြင်းသာ မဟုတ်ပါလား။

*

ရှန်းကန် ထွက်ကျလာသည့် ကျည်ခွံတွေကို ကြမ်းပြင်ပေါ်မှ သေနတ်သမားက ပြန်လည်သိမ်းယူကာ ကြောက်ရွံ့ တွန့်ဆုတ်နေကြသော ကျောင်းသားများ ရှေ့မှောက်တွင် မြှောက်ကာမြှောက်ကာ လုပ်နေပြီး . . .

"ငါ့မှာ ကျည်ဆန်တွေ အများကြီး ရှိသေးတယ်"

သူက ဟန်ဆောင် ပြုံးပြလိုက်သည်။ ယင်းနောက် ရိုင်ဖယ်သေနတ်ကို စားပွဲဆီသို့ မှီထောင်လိုက်ပြီး ကျည်အိမ်လေးခုကို ထုတ်ယူလိုက်ကာ သူက ဖြည်းဖြည်းချင်းရေတွက်နေသည်။ ယင်းနောက် ထိုကျည်ဆန်တွေကို စားပွဲမျက်နှာပြင်ပေါ်တွင် ကစားစရာ ဒိုးကျည်ကလေးများပမာ အတန်းလိုက်ထောင်ထားလိုက်သည်။

ထို့နောက် သူ့ခါးပတ်ရှိ ဓားအိမ်မှ ငါးလက်မရှိ တောလိုက်ဓားကို မသိမသာ ထုတ်ယူလိုက်ကာ စက်ဝိုင်းပြတ်ပုံသဏ္ဌာန် ဖြည်းဖြည်းချင်းဝှေ့ယမ်းပြီး-

"ဒါက အရမ်းကိုထက်တာကွ" ဟု မခံချိ မခံသာဖြစ်အောင် လုပ်ပြနေသည်။ ပြီးတော့ သူ့လက်ချောင်းများကို ဓားသွားတစ်လျှောက် ဖွဖွလေးရွှေ့လျားနေတော့သည်။

*

ခဏအကြာတွင် သူစိမ်းသေနတ်သမားသည် သူ့ဓားကို ဓားအိမ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com

ပြန်သွင်းလိုက်ပြီး ရိုင်ဖယ်သေနတ်ကို စားပွဲဆီသို့ မှီထောင်ထားကာ တိုင်းတာ ချိန်ဆနေသည်။ သေနတ်သမားမှာ တစ်ခါတစ်ရံ ရိုင်ဖယ်သေနတ်နှင့် ဆယ်ပေခန့် ကွာလှမ်းသွားတတ်လေသည်။ မက်ဂ်အနေးနီးတစ်ယောက် သေနတ်သမားက သူ့လက်နက်ဆီ ပြန်မရောက်နိုင်ခင် သူ့ကို လှမ်းဆွဲနိုင်လိမ့်မည်ဟု ထင်မှတ်မိသည်။

"ငါ သဘောပေါက်ပြီ၊ ငါ သူ့ကို ခုန်အုပ်နိုင်တယ် သိလား"

သူနံဘေးရှိ ကျောင်းသားကို တတွတ်တွတ် တီးတိုးပြောနေတော့သည်။ ထိုင်နေသော အနေအထားဖြင့် မက်ဂ်အနေးနီးမှာ ခြေထောက်များကို တဖြည်းဖြည်းစုစည်းကာ ခုန်အုပ်ရန် ဖြစ်နေသည်။

ယင်းသည့်နောက် နေသားတကျ ပြန်၍ ထိုင်လိုက်ပြန်သည်။

"ငါ စဉ်းစားလို့မရတာက သူ့ အိတ်ထဲက သေနတ်တစ်လက်ထပ်ပြီး ထုတ်မှာလား ဆိုတာပဲ"

သူက တီးတိုးရေရွတ်လိုက်သည်။ အန္တရာယ်ရန့်ရသည့်အလား သေနတ်သမားသည် ရိုင်ဖယ်သေနတ်ကို ဆွဲယူကာ မက်ဂ်အနေးနီး ခေါင်းဆီသို့ ထိုးချိန်လိုက်ပြီး . . .

"မင်းခြေထောက်တွေ အထဲပြန်သွင်းထားလိုက်၊ မင်းတို့ ဘာတွေးတောနေသလဲဆိုတာ ငါ နားလည်ပြီးသား"

သူက စူးစူးဝါးဝါး အော်ဟစ်ပြောဆိုလိုက်ပြီး မက်ဂ်အနေးနီး မျက်စိများဆီသို့ စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"သူ့ရဲကောင်းကြီးလုပ်ဖို့ လုံးပန်းကြည့်လိုက်လေ၊ ငါ မင်းခေါင်းထဲကို ကျည်ဆန်တစ်တောင့် ပစ်ထည့်လိုက်မှာ၊ အရင်ဆုံးကြွမယ့်ကောင် မင်းဖြစ်သွားလိမ့်မယ်နော်"

မက်ဂ်တစ်ယောက် ဇောချွေးများ ကျောပေါ်စီးကျလာကြောင်း ခံစားမိလိုက်သည်။ သူက သူ့မိဘတွေနှင့် သူညီအစ်ကိုမောင်နှမတွေ အကြောင်း စဉ်းစားမိတော့သည်။ စာသင်ချိန် ပြီးဆုံးသည့်အခါ အဘွားဖြစ်သူနှင့် နေ့လယ်စာ စားသောက်ရန် သူ အတွေးဝင်နေခဲ့သည်။

"ငါ သူတို့နဲ့ ဘယ်တော့များမှ တွေ့နိုင်ပါ့မလဲ"

သေနတ်သမားမှာ ဒက်ကရီ ဆင်မ်စင်နဲဆီသို့ အကြည့်ရောက်သွားသည်။ အသက် (၂၁) နှစ်ရှိ အတန်းထဲမှ တစ်ဦးတည်းသော လူမည်းကျောင်းသားမှာ ခြောက်ပေသုံးလက်မ မြင့်မားပြီး ပေါင် ၂၆၀ ရှိကာ ဘောလုံးအသင်း၌ တိုးဝှေ့ဝင်လုနိုင်သူတစ်ယောက်ပင်။

"မင်းကတော့ ဒုတိယမြောက် ကြွမယ့်ငနဲပဲ"

သေနတ်သမားသည် စူးရှတောက်ပစွာကြည့်ရင်း ဆင်မ်စင်နဲကို ပြောလိုက်သည်။

ဆင်မ်စင်နဲနှင့် မက်ဂဲ အတူတကွ ထိုင်နေကြခြင်းကို သေနတ်သမား မနှစ်မြို့ပါချေ။

"မင်း. . အခန်းဟိုဘက်ထောင့် ကိုသွား"

သူက မက်ဂ်ကို အမိန့်ပေးလိုက်သည်။

"ဘာမှတော့ မကြိုးစားနဲ့နော် ငါက စိတ်ကို သိပ်ပြီးချုပ်တည်းတတ်တာ မဟုတ်ဘူး"

သူက မိုက်ခရိုဖုန်းကို ကောက်ကိုင်လိုက်ပြီး ရုပ်ရှင်ပိတ်ကားကြီးဆီသို့ မျက်မှောင်ကြုတ်ကြည့်လိုက်သည်။

"ဘာဖြစ်တာလဲ"

သေနတ်သမားက စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။

"အဲဒီသေနတ်ကို ထပ်ပြီး မပစ်နဲ့ဟေ့"

ကီဗင်ချက်ဗ်ရိုင်းရားက ပိတ်ကားကြီးနောက်ကွယ်ဆီမှ အဖြေပေးလိုက်သည်။

"ငါတို့ မင်းအတွက် ဒီနေရာမှာ လူထုဆက်သွယ်ရေးတွေ ရပြီကွ"

"ငါ့ကို အရှုးလုပ်တမ်း မကစားနဲ့နော်"

သေနတ်သမားက အော်ဟစ်လိုက်သည်။

"ငါ ဘာကို လိုချင်လဲဆိုတာကို ပြောပါ၊ မဟုတ်လို့က ကျောင်းသားတွေကို ပစ်တော့မှာနော်"

အမျိုးသမီး ကျောင်းသူလေးနှစ်ယောက် စတင်ငိုကြွေးကြတော့သည်။

"မငိုစမ်းပါနဲ့"

သေနတ်သမားက မညှာမတာ ပြောသည်။

"ငါက မင်းတို့ကို မပစ်ပါဘူး၊ မိန်းမတွေအပေါ် ငဲ့ညှာတဲ့စိတ်လေး ငါ့မှာ ရှိပါသေးတယ်"

သူက အေးဆေးငြိမ်သက်စွာပင် ထပ်လောင်းပြောဆိုလိုက်သည်။ သူက နှစ်ထပ်တံခါးပေါက်ဆီသို့ ညွှန်ပြကာ-

"အဲဒီ အရံအတားတွေကို ရှင်းလိုက်"

ကော်နားစ်ကို အမိန့်ပေးလိုက်သည်။

"ငါ မိန်းကလေးတွေကို အဲဒီကနေ လွှတ်ပေးလိုက်မယ်၊ အဲဒီကနေ ထွက်ပြေးဖို့ ကြိုးစားသူ မှန်သမျှကို နောက်ကနေ ပစ်ထည့်လိုက်မှာနော်"

ကော်နားစ်က အရံအတားများ စတင်ဖယ်ရှားနေတော့သည်။ မက်ဂ်သည် ခန်းမကိုဖြတ်သန်းကာ မီးသတ်ပိုက်များကို ကူညီဖြေပေးပြီး တံခါးများကို တွန်းဖွင့်လိုက်သည်။ လေအေးများ အခန်းတွင်းသို့ တစ်ဟုန်ထိုး ဝင်ရောက်လာတော့သည်။

အမျိုးသမီးနှစ်ဦးတို့ ဥမင်လိုဏ်ခေါင်းအကွင်း [illegible]ဆင်းသွားစဉ် ကော်နားစ်နှင့် မက်ဂ်အနေဖြင့် လွတ်မြောက်နိုင်မှု အခင်းအကျင်းကား ၁၅ ပေမျှသာ ရှိကြောင်း သတိပြု ဆင်ခြင်မိကြလေသည်။ သို့ပေမဲ့ လိုဏ်ခေါင်းအတွင်းသို့ တစ်ဟုန်ထိုး ပြေးဆင်းရခြင်းမှာ ကမူးရှူးထိုးနိုင်စေမှာလားဟု ချိန်ဆရပေလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com

ကော်နားစ်သည် တံခါးကို ပိတ်ပြီးနောက် အရံအတားများ နေရာတကျဖြစ်အောင် မီးသတ်ပိုက်ဖြင့် ပြန်လည်ချည်နှောင်ရပြန်သည်။

"ဟော့ ပွဲကြမ်းငနဲ"

သေနတ်သမားက စူးစူးဝါးဝါး အော်ဟစ်၍ ရိုင်ဖယ်သေနတ်ကို ကျင့်သားရစွာပင် မက်ဂ်ဆီသို့ ထိုးချိန်ထားလိုက်သည်။

"ငါ မင်းကို မရွှေ့နဲ့လို့ ပြောနေတယ်၊ ဟိုဘက်ထောင့်ကိုသွား၊ သွားလေ၊ ငါ မင်းခေါင်းကို ပစ်ထည့်လိုက်မှာနော်"

"ဟုတ်ကဲ့ ဆရာ"

မက်ဂ်က ဆိုလိုက်ပြီးနောက် ကျောင်းသားတွေအကြားမှ ဖြတ်သန်းကာ သူနေရာဆီသို့ ဂရုတစိုက်ပြန်သွားရသည်။

*

သေနတ်သမားက အိတ်အတွင်း ထိုးနှိုက်ကာ လက်တစ်ဆုပ်စာ ကျောက်စရစ်ခဲများ ထုတ်လိုက်ပြီး. . .

"ငါ အရူးမဟုတ်ဘူး"

ဟုပြောကာ သူ့ခြေရင်းဘက်ရှိ အုပ်စုများရှိရာသို့ လှမ်းချုံကြည့်ရှုလိုက်သည်။

သူက ဝဲလက်ဖြင့် ကျောက်စရစ်ခဲများကို ပွတ်သပ်ကာ . . .

"မင်းတို့ ငါ့ကိုယုံလိုက်ကြစမ်းပါ၊ ငါ့မှာ အကြောင်းတစ်ခုရှိတယ်ကွ"

"ကျောက်စရစ်ခဲတွေကို မင်းဘယ်ကရတာလဲ"

ကော်နားစ်က အေးဆေးစွာပင် မေးမြန်းလိုက်သည်။

"ဒါတွေ ငါ့တူမတွေက ပေးတာ၊ ကျောက်စရစ်ခဲတွေကို ငါပွတ်လိုက်ရင် ငါဘယ်လိုခံစားရတယ်ဆိုတာ သူတို့နားလည်တယ်ကွ"

ယင်းနောက် သူ၏လွတ်နေသော လက်ဖြင့် မိုက်ခရိုဖုန်းကို ဆုပ်ကိုင်ပြီး ချွင်ပိတ်ကားကြီးဆီသို့ စူးစူးဝါးဝါး ကြည့်ကာ. . .

"အဲဒါတွေသွားယူဖို့ ကျောင်းသားနှစ်ယောက်ကို လွှတ်လိုက်ရမှာလား"

ချက်မ်ရိုင်းရားက စူးစမ်းမေးမြန်းလိုက်သည်။ သေနတ်သမားက ဒေါသတကြီး ပင့်သက်ရှိုက်ကာ. . .

"တီဗွီအရင်ယူခဲ့ကွာ၊ ပြီးတော့မှ အဲဒီကိစ္စ ငါတို့ပြောကြတာပေါ့"

သူက ကျောင်းသားများ ဘက်သို့ လှည့်ကာ. . .

"မင်းတို့အားလုံးကို. . အခန်းအလယ်မှာပဲ ငါက ရှိစေချင်တာ"

ဒက်ကရီအင်မ်စင်န်သည် လေးတန်းမြောက်ထိုင်ခုံတွင် ထိုင်နေသည်။ အခြား ထွားထွားကျိုင်းကျိုင်း ကျောင်းသားတစ်ဦးမှာ အစိမ်းရောင်ဆွယ်တာဝတ်ဆင်ထားပြီး စားပွဲမျက်နှာပြင်ပေါ်သို့ ကျော်တက်ကာ ဆင်မ်စင်န်အနီးတွင် သွားထိုင်လိုက်သည်။

"မင်းတို့သုံးယောက် ပူးကပ်နေတာ ငါ မကြိုက်ဘူး"

သေနတ်သမား၏ အမူအရာမှာ သွေးရူးသွေးတန်းနိုင်လွန်းလှသည်။

"ဆွယ်တာအစိမ်းရောင်၊ မင်းက အခန်းထိပ်ဘက်ကိုသွား၊ ပွဲကြမ်းငနဲ၊ မင်းက အခန်းအောက်ဘက် ရှေ့ပိုင်းကို ထွက်"

အုတ်နံရံတစ်လျှောက် လျှောဆင်းရန် မလွယ်ပါပေ။ အဘယ်ကြောင့်ဆိုသော် ကျောင်းသားများ အုပ်လိုက်ရှိနေသောကြောင့် မက်ဂ်သည် သေနတ်သမားဆီသို့ အသွား သုံးတန်းမြောက် ကျော်ဖြတ်နေရသည်။

သေနတ်သမားမှာ မင်းလမ်းမအလယ်ကောင်တွင် ရပ်လျက်ရှိပြီး လက်ချောင်းများက သေနတ်ခလုတ်ပေါ်တွင် တင်းတင်းကျပ်ကျပ် အုပ်ထားကာ ခြေထောက်များကို ကားထားသည်။ သေနတ်သမားက သူနှင့် တစ်စတစ်စ နီးကပ်လာနေသော မက်ဂ်၏ ရင်ဘတ်ဆီသို့ သေနတ်ဖြင့် ချိန်ထားလိုက်သည်။

အခန်းအောက်ဘက် အရှေ့ရှိ ကော်နားစ်မှာ ရိုင်ဖယ်သေနတ်ပြောင်းနှင့် မက်ဂ်တို့ တစ်စတစ်စ နီးကပ်လာသည့်အခါ သူ့လည်မျိုဆီတွင် လွန်စွာထိတ်လန့်ကြောက်ရွံ့ခြင်းများ ခံစားလာရသည်။

"ရွှေ့"

သေနတ်သမားက စူးစူးဝါးဝါး အော်လိုက်သည်။

"ရွှေ့လေကွာ"

ကော်နားစ်အနီး စာသင်ခုံတွင် ရပ်နေသော တွမ်အလက်ဇန္ဒားတစ်ယောက် သူ့နားအတွင်းမှ သွေးတဒိတ်ဒိတ်ခုန်သံ ကြားနေရသည်။

"အဲဒါပဲ၊ ဒီငနဲ မက်ဂ်ကို သတ်တော့မယ်"

မက်ဂ်အနေးနီးမှာ လက်နက်ချအညံ့ခံသည့် အမူအရာပြသော အနေဖြင့် သူ့လက်များကို မြှောက်ထားလိုက်သည်။

သူက သေနတ်သမား မျက်လုံးများဆီသို့ ကြည့်လိုက်ရာတွင် အေးစက်မှု၊ မြင်မြင်ရာမုန်းသမျှကို အမျက်ဒေါသခြောင်းခြောင်းထမှုများကို တွေ့ရှိလိုက်ရသည်။ ရုတ်တရက်ဆိုသလို ထိန်းချုပ်နိုင်စွမ်းမရှိသော ဒေါသတို့ မက်ဂ်တစ်ကိုယ်လုံး ပျံ့နှံ့သွားတော့သည်။

တစ်စုံတစ်ရာသော မြည်ဟိန်းသံကလည်း သူ့အတွေး၌ ရိုက်ခတ်နေသဖြင့်. . .

"မဖြစ်ရဘူးဟော့၊ သေတစ်လမ်းရှင်တစ်လမ်းပဲ"

စက္ကန့်မျှမရှိတရှိ အခိုက်အတန့်အတွင်း သူ့နောက်ဘက်၌မူ ဆွယ်တာအကျီအစိမ်းရောင်ဝတ် ကျောင်းသားသည် စားပွဲပေါ် ကျော်တက်ကာ သူ့နေရာသို့ ဖြတ်လမ်းမှ ပြည်လှည့်လိုက်စဉ် သေနတ်သမားက သူ့လှုပ်ရှားမှုကို တွေ့ရှိသွားသဖြင့်. . .

"အောက်ဆင်းစမ်း"

မက်ဂ်တစ်ယောက် လေးပေခန့်အကွာ၌ရှိနေသော သေနတ်သမား၏

www.burmeseclassic.com

ဆတ်ခနဲလှန်းခုန်ရန် စဉ်းစားလိုက်တော့သည်။ သူလည်မျိုဆီတွင် ဆို့နင့်နာကျင်မှုများ သက်ဆင်း ကျရောက်လာပြီး နူးညံ့သော အသားပေါ်သို့ လက်ဆစ်များ၏ ဖိနှိပ်မှုကိုပါ ခံစားလိုက်ရသည်။ သူက ရိုင်ဖယ်သေနတ်ကို အသေအလဲ ဆုပ်ကိုင်ထားပြီး သူ့အင်အား ရှိသမျှဖြင့် အောက်ဘက်သို့ ဆွဲချနေရသည်။

နားကွဲလုမတတ် ဟိန်းထွက်လာသောအသံ သူ့နားထဲဖုံးလွှမ်းသွားသည်။ နောက်တစ်ချက်၊ ပြီးတော့ နောက်တစ်ချက်။ မက်ဂ်မှာ သူ့ဝဲဘက်ပေါင်နှင့် ပေါင်ခြံတွင် အင်အားပြင်းထန်စွာ ကိုင်လှုပ်ခံရသလိုပင် ခံစားလိုက်ရသည်။

သူက ရိုင်ဖယ်သေနတ်ကိုအသေအလဲ ဆုပ်ကိုင်ထားသဖြင့် သေနတ်သမားက ကြမ်းတမ်းစွာ ဆောင့်ဆွဲနေတော့သည်။

ထို့နောက် သေနတ်သမားကို ဒေါသတကြီးဖြင့် တစ်ဟုန်ထိုးတိုက်ခိုက်နေသော တွမ်မ်အလက်ဇန္ဒားအား မက်ဂ် တွေ့ရှိလိုက်ရသည်။ သေနတ်သမားမှာလည်း ကြောက်လန့်တကြားပင် နောက်ဘက်သို့ ဒယီးဒယိုင်ဖြစ်ကာ ရိုင်ဖယ် သေနတ်မှာလည်း သူ့လက်တွင်းမှ ထွက်ကျသွားတော့သည်။ သူက ပတ်ချာလှည့်ကာ လှေကားထစ်ပေါ်သို့ တက်ပြေးလေသည်။

သေနတ်သမား၏ ခါးလယ်ကို ဖမ်းမိထားသော အလက်ဇန္ဒားက သူ့ကို လိမ်ဆွဲထားစဉ် ရုတ်တရက် ဒက်ကရီ ဆင်မိစင်န် ပေါ်ထွက်လာပြီး သူတို့နှစ်ဦးသည် အဟုန်ကြီးမားလှသော အင်အားဖြင့် သေနတ်သမားကို အကြမ်းပတမ်း ဆွဲတိုင်ကာ လှေကားထိပ်ဆီသို့ တစ်ဟုန်ထိုး သယ်ဆောင်သွားကြသည်။

သေနတ်သမားက ဓားအိမ်မှ ဓားကိုဆုပ်ကိုင်ကာ ဆွဲမြှောက်လိုက်သည်။ အလက်ဇန္ဒားနှင့် ဆင်မ်စင်န်တို့သည် သူ့ကို နှစ်ထပ်တံခါးနှင့် ကိုင်ဆောင့်ကြတော့သည်။ ဓားမှာလည်း လေထဲသို့ ဝေ့ထွက်သွားသည်။

ကော်နားစ်ကလည်း လူ သုံးယောက် ပူးသတ်ရာဆီ ဒိုင်ဗင်ထိုးဝင်လေသည်။

အခြား ကျောင်းသားသုံးဦးလည်း ပူးပေါင်းပါဝင်လာကြသံဖြင့် သေနတ်သမားမှာ အောက်ဆုံးသို့ ရောက်ရှိသွားပြီး သူ့မျက်နှာမှာလည်း ကြမ်းပြင်ဆီသို့ ရောက်သွားပြီး ဟောဟဲလိုက်အောင် မောပန်းနွမ်းနယ်နေတော့သည်။

မက်ဂ်က သေနတ်ကို ဘေးသို့ လွှင့်ပစ်လိုက်လေသည်။ လွတ်မြောက်သွားသော ကျောင်းသားများလည်း ခန်းမဆောင်ကြီးအောက်ရှိ တံခါးမှ တစ်ဟုန်ထိုး ထွက်သွားကြသည်။

အခြားသော လမ်းကြောင်းမှပြေးလွှားလာနေကြသူများကား သေနတ်များ ဆွဲကိုင်လာကြသော ရဲအရာရှိ ရှစ်ဦးသာ ဖြစ်လေသည်။

*

အလုပ်သင်ဆရာဝန်သို့ ဆရာဝန်များကို ထိတ်ထိတ်ပျာပျာ ရှာဖွေနေသော မက်ဂ်အနေးနီးမှာ ပူးပေါင်းထားသည့် စာသင်ခန်းတွင်း ပြေးဝင်ကာ တက္ကသိုလ်ဆိုင်ရာခရစ်ယာန်ဘုန်းတော်ကြီးကို အော်ပြောလိုက်လေသည်။

"ကျွန်တော့်ကို ထိသွားပြီ"

စတင်ဖြစ်ပွားပြီး နှစ်နာရီခွဲကြာသည့်အခါ သူ့ကို အယ်လ်ဘယ်နီ ဗဟိုဆေးရုံကြီးသို့ ၁၁နာရီခွဲတွင် ကသုတ်ကရက် တင်လိုက်ရသည်။

မက်ဂ်အနေးနီး ဝမ်းဗိုက်တွင် ကျည်ဆန်တစ်တောင့်ရှပ်၍ထွင်းဖောက်သွားကြောင်း ဆရာဝန်များ တွေ့ရှိကြရသည်။ နောက်တစ်ချက်မှာ ဝဲဘက်ပေါင်တွင်း၌ ခြောက်လက်မခန့် အသားနှင့်အရွတ်များ နက်နက်ရှိုင်းရှိုင်းပင် အသားတစ် ထွက်သွားသဖြင့် အရေပြားအစားထိုး ကုထုံးဖြင့် ကုသရပေမည်။

မကြာမီ သူ့ကို အသေးစားခွဲစိတ်ကုသမှုများ တသီတတန်းကြီး ဆောင်ရွက်ရလေသည်။

"အဲဒီအခန်းထဲမှာတော့ ကျွန်တော့် ဘဝဟာ ကြောက်ရွံ့စရာကြီးပါ"

မက်ဂ်အနေးနီးက ဆိုလေသည်။

"နောက်ဆုံးတော့ အဲဒီကြောက်ရွံ့မှုကြီးကို မခံစားနိုင်တော့ဘဲ ကျွန်တော့်ကိုယ်တွင်းမှာရှိတဲ့ တစ်စုံတစ်ခုက အဲဒီကြောက်ရွံ့မှုကြီးကို ဖြိုခွင်းပစ်လိုက်တာပဲ၊ ကျွန်တော် ဘာလုပ်ရမယ်ဆိုတာကို လုပ်လိုက်တာပဲလေ"

မိုက်ခ်ကော်နားစ် ‌.အနေဖြင့်မူ မက်ဂ်အနေးနီးသည် အသက်ပေါင်းများစွာကို ကယ်တင်လိုက်ခြင်းသာဟု ခံစားလိုက်ရသည်။

သူတို့ဘာသာ မြန်ဆန်စွာ လက်တုံ့ပြန်မှုကြောင့်ပင် မက်ဂ်၏အသက်ကို ကော်နားစ်၊ တွမ်မ်အလက်ဇန္ဒားနှင့် အခြားသူများက ကယ်တင်နိုင်ခဲ့ကြခြင်းပဲ မဟုတ်ပါလား။

"ကျွန်တော် ဂုဏ်ယူတယ်ဗျာ"

ကော်နားစ်က ဆိုပါသည်။

"အသည်းအသန် အခြေအနေတွင်းမှာပဲ ကျွန်တော်တို့ အားလုံး စုစည်းညီညွတ်ခဲ့ကြလို့ပါပဲ"

စာကြွင်း

ရက်ပ်တော်တိုရီစီ (Ralph Tortorici) (၂၇)နှစ်မှာ စိတ်ပညာအဓိကကျောင်းသား တစ်ဦးဖြစ်၍ ပြစ်မှုကျူးလွန်ကြောင်း သိသာထင်ရှားသဖြင့် အဲလ်ဘယ်နီကောင်တီ အကျဉ်းထောင်၌ ထိန်းသိမ်းခံရသည်။ သူ၏စိတ်အခြေအနေမှာ အမှုရင်ဆိုင်နိုင်လောက်အောင် ကောင်းမွန်သည်ဟု ဆရာဝန်များက ဆုံးဖြတ်ခဲ့ကြသည်။

❑ ခိုင်ဇော်(ဒဿန)

**Ref;**

2/96- R.D မှ Peter Miche more ၏ ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ် သည့် "I'll Blow Your Head off" ကို ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁)

အားလပ်သည့် အချိန်လေးရသည်နှင့် စာဖတ်သည့်အကျင့်က စွဲနေတော့ စာရေးချင်စိတ် ပျောက်နေတာ အတော်ကြာခဲ့ပြီ။

ဖတ်သည့် စာတွေကလည်း ဘုရားစာ တရားစာတွေက များနေတော့ အိမ်ထဲမှာနေရင်းပဲ အတော်လေး တရားရသင့်သလောက် ရနေခဲ့သည်။ ဒီလို တရားရနေရင်းက မမျှော်လင့် မထင်မှတ်သည့် သတင်းဆိုးကို ကြားလိုက်ရတော့ တရားရှိနေပြီဆိုသည့် ကျွန်မရင်က အရမ်းတုန်လှုပ် ချောက်ချားသွားပြီး မျက်ရည်ကြည်များက တားမရတော့။

"အန်တီချို့ မေကြီး မနက် ၂ နာရီကတည်းက ဆုံးသွားပြီ"

မနက်စောစော ကျွန်မဆီကို လာအကြောင်းကြားသည့် ကျွန်မတူမလေး၏ မျက်ဝန်းမှာလည်း မျက်ရည်တွေအပြည့်။ သူပြောသည့် မေကြီးက ကျွန်မအထက်က အစ်မ။ မောင်နှမ ရှစ်ယောက်ဆိုတော့ သူက နံပါတ်ခုနစ်။

မောင်နှမ ရှစ်ယောက်မှာ သူက ပွဲဦးထွက် အနေဖြင့် ဘဝတစ်ပါးသို့ ပြောင်းသွားလေပြီ။ သက်တမ်းရှည်ရှည် မနေလိုက်ရပါ။ အသက်(၅၅)နှစ် ဆိုသည်က နောက်ထပ် နေလို့ရပါသေးသည်။





www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း သူ...
ဒီလောကနဲ့ပဲ ရှိသည်ဆိုတော့ ကံကြမ္မာ အတိုင်း ထွက်ခွာသွားပုံပဲ ရှိလေသည်။

"သမီး မကြီးသဲသဲဆီ သွားရဦးမယ်၊ အန်တီချို ဘာသာပဲ လိုက်လာခဲ့တော့"

မကြီးသဲသဲက သူ့အစ်ကို ရဲထွန်းအောင်၏မိန်းမဖြစ်သည်။ တူဖြစ်သူကိုရဲ မလေးရှားသွားတာ လပိုင်းလောက်ပဲ ရှိဦးမည်။ မသွားခင် . . .

"အမေ မသေနဲ့ဦး၊ သား သုံးနှစ် နေပြီးရင် ပြန်လာခဲ့မယ်" ဟု ပြောသွားသေးသည်။ ဒီစကားကလည်း သူတို့ ပြန်ပြောပြ၍ ကြားရခြင်း ဖြစ်သည်။

ဒီမနက်ခင်းလေးမှာပဲ ကျွန်မ အခန်းမှာ အပူတွေဖုံးလွှမ်းသွားသည်။ လွန်ခဲ့သည့် လေးငါးရက်ကပဲ အိမ်မှူကိစ္စများသည့်ကြားက အစ်မတွေဆီ ကျွန်မ ထွက်သွားလိုက်သေးသည်။ နောက်ဆုံးတွေ့ခဲ့ပြီး သူ့ကို နောက်ဆုံး ကန်တော့လိုက်တာပဲ ဖြစ်သည်။

ကျွန်မ ပိုစိတ်မကောင်းတာက အစ်မက ကျွန်မတို့ဆီ လာလည်ဖို့ ငွေနှစ်သောင်း သုံးသောင်း စုယူလာပြီးမှ လာနေဦးမည်ဟုပြောထားသည့်စကား။ ကျွန်မ သူ့ကို နောက်ဆုံးသွားတွေ့သည့် ရက်ကပင် ကျွန်မကို မြင်သည်နှင့် မုန့်ဖိုးနှစ်ထောင် လှမ်းပေးပြီး ကြက်သားကြော် တစ်ထုပ်ကြီးကို ပေးဖို့အတွက် ကျွန်မကို အဆင်သင့်စောင့်နေသည့် မြင်ကွင်း။

ကျွန်မ အားလုံးကို မေ့မရတော့။ ဒီဘဝမှာ ညီအစ်မအရင်းလာ ဖြစ်သည့်တစ်လျှောက် ချစ်ခြင်း၊ မုန်းခြင်း၊ ခွဲခွာခြင်းတွေနဲ့ တစ်လှည့်စီ ကြုံခဲ့ပြီး လောက၏ အလှည့်အပတ်တွေကြားမှာ တလူးလူး တလိမ့်လိမ့်ဖြင့် ရှင်သန်ရုန်းကန်လာရသည့် အဖြစ်။ သေမင်းတမန်က သူ့ကို အရင်ဦးစွာ ခေါ်သွားခဲ့လေပြီ။

ကျွန်မ ဒဂုံကိုရောက်သွားတော့ နံပါတ်ခြောက် အစ်မရယ်၊ ဆုံးသွားသည့် အစ်မယောက်ျားရ...
ကျွန်မအစ်ကိုရယ်၊ အိမ်နီးချင်းဖြစ်တဲ့ ယောက်ျား တစ်ယောက်နှစ်ယောက် ရယ် သူ့အလောင်းကို အိမ်ရှေ့ ဖိနပ်ချွတ်မှာ ရေချိုးပေးနေကြသည်။

အလောင်းကို လှမ်းကြည့်လိုက်တော့ လုံးဝမထင်စရာ။ သေသည့်ပုံစံမျိုး လုံးဝမဟုတ်သလို ရေချိုးပေးတာကို မှိန်းပြီးဇိမ်ခံနေသည့် မျက်နှာမျိုး။ ရေချိုးပေးသည့် နံပါတ်ခြောက် အစ်မက အလောင်းအောက်ပိုင်းကို ထဘီနဲ့ ဖုံးထားပြီး. . .

"ငါ့ညီမ သန့်ပြီသား၊ တော်ပြီ တော်ပြီ" ဟုပြောလိုက်၍ သူ့အလောင်းကို အားလုံးပြန်မကြပြီး ဘုရားစင်အောက်သို့ ရွှေ့လိုက်ကြသည်။

"အစ်ကိုရယ် တကယ်သေတာရော ဟုတ်ရဲ့လား"

ကျွန်မအစ်ကိုက ခေါင်းညိတ်ပြသည်။ အစ်မမျက်နှာက အိပ်နေသည့်အလား။ သူ့လက်ချောင်းလေးတွေက ကွေးကောက်နေသည်။ ကျွန်မ ဖြေကြည့်တာ မရ။

"ငါ့ပေါ်မှာ မှိန်းနေရင်းက တစ်ချက် အန်သလိုဖြစ်ပြီး အသက်ထွက်သွားတာ၊ ငါလဲ ဒီလိုကြီး ချက်ချင်းဖြစ်သွားလိမ့်မယ်လို့ မထင်ဘူး"

အိမ်နီးချင်း တချို့ကလည်း "တကယ်သေတာမှ ဟုတ်ရဲ့လား" ဟု ပြောကြသည်။

အစ်မအလောင်းက ဘုရားစင်ရှေ့မှာ အိပ်နေသည့်ပုံသဏ္ဌာန်လေး။ ရုပ်ပျက်ဆင်းပျက် သေသွားသည့်ပုံစံမျိုး လုံးဝမဟုတ်။ သူနေမကောင်းဖြစ်သည့်အကြောင်း မကြာခဏ ပြောပေမယ့် ကျွန်မတို့ကသာမန်ကာလျှံကာပဲသဘောထားခဲ့သည်။ တကယ်တော့ သူ့အပေါင်းအသင်း မကောင်း၍ အရက်သောက်တတ်သွားတာ နှစ်အနည်းငယ် ကြာခဲ့ပြီ။ တူမလေးတွေလာတိုင်း သူ့အမေ ထမင်းမစားသည့်အကြောင်း၊ မကြာခဏ ပြောပြသည်။ ဆုံးခါနီး ရက်ပိုင်း ...မှ ညညထမင်းထစားသည့် အကြောင်းပါ ပါလာသည်။

အစ်မအလောင်းကိုပို့ဖို့ ရပ်ကွ... လူကြီးတွေက စီစဉ်ပေးသဖြင့် ရွှေ... သန်လျင် လူငယ်နာရေးကူညီမှုအသင်း... မှ ကားဖြင့် ကျိုက်စုသုသာန်ရှိ အအေးခန်း... သို့ ပို့လိုက်ခဲ့သည်။

မနက် စောစောကတည်းက... ဖုန်းဖြင့် အကြောင်းကြားထားသဖြင့်... သန်လျင်က အစ်မ၏ ယောက်မ နှ... ယောက်ရော ကျွန်မတို့ဘက်က မော... နှမဆွေမျိုး ဝမ်းကွဲတွေပါ အားလုံး... ရောက်လာကြသည်။

သေတော့မှပဲ ဆွေမျိုးညီအစ်... မောင်နှမတွေ ဆုံစည်းကြတော့သည်... သူ အသက်ရှင်တုန်း၊ ၊ သူ့အိမ်လေး... ကနေ ဆွေမျိုးမောင်နှမတွေကို တမ်း... နေခဲ့တာ မဆုံဖြစ်ခဲ့ပေမယ့် သူသေ... တော့ သူ့အိမ်လေးက စည်ကားနေ... သည်။

ဖုန်း အဆက်အသွယ်များဖြင့်... အစ်မအရင်းတွေ၊ အစ်မဝမ်းကွဲတွေ... တဖွဲဖွဲရောက်လာကြသည်။ ရောက်လာ... သည့် ဆွေမျိုးများကို ဒိုင်ခံကျွေးမွေး... ဧည့်ခံရသူက နံပါတ်ခြောက်အစ်မ... သူ့သား သူ့ချွေးမ။ သူတို့အိမ်က မနီး... မဝေးလေးမှာဆိုတော့ ထမင်းစားချိန်... လျှင် သူ့အိမ်သို့အကုန်ခေါ်သွားသည်။

"မသက် အလောင်းကို ကားထဲ... ထည့်ဖို့ သယ်သွားတုန်း၊ မသက် ကျွန်မ... ကို ဝင်တိုးသွားတယ်"

ထိုစကားပြောသူက သေသွား... သည့် အစ်မယောက်ျား၏ ညီမ မိုးမိုး... ဖြစ်သည်။ သူက ဆက်ပြောသည်။

"မသက် ဆုံးမှန်း မသိခင်က... တည်းက ကျွန်မတို့ အိမ်ခေါင်းရင်း... ညအချိန်ကြီး မသက်လမ်းလျှောက်သံ... အတိုင်းသား ကြားနေရတယ်၊ ဇကန်... သူ့ယောက်ျားဆီ အရင်ရောက်လာ... တာနဲ့ တူတယ်"

မိုးမိုးက ကျွန်မ အစ်မခေါ်... တာကို သူ့အစ်ကို ခေါ်သလို မ...





www.burmeseclassic.com

www.burmeseclassic.com

သည်။ ဒေါ်သီတာ ယောကျ်ား တို့ခဲအို ဦးတင်မြင့်က သန်လျင် မိုးမိုးတို့အိမ် အလည်သွား ဖြစ်သည်။

ယခုတော့ ကျွန်မတို့ခဲအို ဦးတင် အလုပ်မသွားနိုင်တော့၊ သမီး နှစ်ယောက်ကလည်း လပတ် ပြေနေရသဖြင့် ကသီလင်တ ကြသည်။

ညနေ အိမ်ပြန်ကြတော့ ကျွန်မ ရင်ထဲမှာ ခြောက်ခြောက် ကျွန်မလည်း မအိပ်နိုင်ပါ။ အလုပ်သွားနေသည့် သား တ်နဲ့ အစ်ကိုကြီးတို့၏ စားရေး နေ့က ရှိသေးသည်။ သဂြိုဟ် ကို စောစောလာခဲ့မည်ဟု ပြော သည်။

(၂)

အိမ်မှာက သားနှစ်ယောက်ရော ရော မိုးစုံးစုံးချုပ်မှ ရောက် သည်။ ကျွန်မဆီ လာချင်သည့် ဘဝတစ်ပါးကို ပြောင်းသွား အစ်မ။ သူ့ဝိညာဉ်က ကျွန်မဆီ လာမည်ဆိုတာကို ကျွန်မ သိနေ

ကျွန်မတစ်ယောက်တည်း အိမ် ပ်ရင်း ကတုန်ကယင်ဖြစ်နေ အစ်မများ ကျွန်မအနား ရောက် ၊ သူ ကျွန်မကို ကြည့်နေ ကျွန်မ အတွေးတွေက ကစဉ့် ပြန့်ကျဲနေသည်။ အလောင်း ည့် အချိန်က သူ့ယောက်မ င် ဝင်တိုက်သွားသည်ဆိုတော့ ပြောစရာတောင် မလိုတော့။

သူ့သေခင် ကျွန်မတို့ သားအမိ အိမ်ခေါ်ထားချင်သည့် ဆန္ဒ။ အိမ်ကို လာချင်သည့် စိတ်။ တွေက သူ့ဝိညာဉ် ကျွန်မဆီ ရောက်လာမည်ဆိုတာကို ။ ကျွန်မတို့ နေတာက ယုဇန တော်ရှိ တိုက်ခန်းမှာ ဖြစ် သည်။ အိပ်ခန်း နှစ်ခန်းနဲ့ ဘုရားခန်း တစ်ခန်းပါသောကြောင့် ဘုရားခန်းမှာ သားကြီးက အိပ်ပြီး အလယ်ခန်းမှာ အစ်ကိုကြီးက အိပ်သည်။ နောက်ဆုံး ထောင့်စွန်းမှာတော့ ကျွန်မနဲ့ သားငယ်နဲ့ အိပ်ကြသည်။ အစ်ကိုကြီးက စာအုပ်တိုက်က ပြန်လာလျှင် ရေမိုးချိုး စားသောက်ပြီးသည်နှင့် သူ့အခန်းထဲ ဝင်အိပ်တော့သည်။ သားကြီးကလည်း အပြင်သွားရင်သွား၊ မသွားရင် သူအိပ်သည့် ဘုရားခန်းထဲမှာ အလုပ်က ပြန်လာသည်နှင့် ပန်းချီဆွဲချင်ဆွဲ မဆွဲရင်လည်း စာဖတ်နေတတ်သည်။

သားငယ်ကလည်း တစ်ခါတစ်ရံ ညဉ့်နက်မှ အိမ်ပြန်ရောက်တတ်သည်။ ကျွန်မတို့ တိုက်ခန်းလေးထဲမှာ ကျွန်မ အစ်မဒေါ်သီတာ ရောက်နေသလို စိတ်ထဲ ခံစားနေမိသည်။ ဘဝခြားသွား၍ လူမလန့်သော်လည်း သွေးက လန့်ချင်သည်။

သူက ကျွန်မတို့ကိုစွဲပြီး သေသွားတော့ သူ့ဝိညာဉ် ကျွန်မအနားမှာ မရှိဘူးလို့လည်း အတပ်မပြောနိုင်ပါ။ ဇန်နဝါရီလ၏ ဆောင်းအအေးက စိမ့်စိမ့်လေးအေးနေ၍ ကျွန်မအခန်းထဲမှာပဲ ခြင်ထောင်ထဲဝင်ကာ စောင်ခြုံကွေးနေလိုက်သည်။

အစ်ကိုကြီးကလည်း သူ့အခန်းထဲမှာ အိပ်နေသလို သားကြီးနဲ့ သားငယ်ကလည်း အပြင်သွားနေကြတော့ ကျွန်မရင်က မသိမသာလေး တုန်နေသည်။ အစ်မအရင်း ဆိုတော့လည်း တစိမ်းထက်စာလျှင်တော့ ကြောက်စိတ်လျော့ပါသေးသည်။ ကျွန်မ အတွေးတွေ တောင်ရောက် မြောက်ရောက်ဖြစ်နေစဉ်မှာပဲ စောင်ခြုံထဲက ကျွန်မ ခြေဖဝါး နှစ်ဖက်ကို ကြောင်ပစ်ကောင် ပွတ်သပ်လိုက်သလိုမျိုး ခံစားလိုက်ရ၍ ကျွန်မ ခြေထောက်နှစ်ဖက်ကို ကမန်းကတမ်း ကွေးပစ်လိုက်ပြီး မီးချောင်းထဖွင့်လိုက်သည်။ သားတွေမလာမချင်း မီးချောင်း ဖွင့်ထားလိုက်သည်။

အမှန်တော့ မီးလင်းနေလျှင် ကျွန်မ မအိပ်တတ်ပါ။ ကျွန်မ သိလိုက်သည်။ အစ်မ ဒေါ်သီတာ ကျွန်မ ခြေထောက်ကို လာပွတ်သပ်နေခြင်းပဲ ဆိုတာ။ နည်းနည်းတော့ ရင်တုန်သွားသည်။ အသုဘချသည့် နေ့ကလည်း အစ်မအလောင်းက အံ့သြစရာ။ တခြားလူသေတွေလို မျက်နှာမျိုး မဟုတ်။ အသက်ရှင်စဉ်ကအတိုင်း ညာဘက်နှုတ်ခမ်းလေးတစ်ဖက်က ခပ်မဲ့မဲ့လေး ဖြစ်နေသည်။

အိမ်မှာထားတုန်းက မျက်နှာက အိပ်နေသည့်ပုံစံ။ အလောင်းကို မီးသဂြိုဟ်ရန် စက်ခန်းဆီသို့ ယူသွားတော့ ဘယ်ဘက်မျက်ဝန်းမှာ မျက်ရည်ဥ လေးနှစ်ခု စီးကျနေသည်။ ရေခဲမှုန်များလားဟု ကျွန်မ သေသေချာချာ ငုံ့ကြည့်တော့ မျက်ရည်စီးကြောင်းဖြစ်နေသည်။

ထိုအဖြစ်ကို နံပါတ်ငါး ကျွန်မ အစ်ကိုက မြင်သွားပြီး မျက်ရည်စလေးများကို သုတ်ပေးလိုက်သည်။ သူ့အလောင်း မီးသဂြိုဟ်သည့် စက်ခန်းထဲ ရောက်သွားသည်နှင့် ကျွန်မတို့ ဆွေမျိုးတစ်စု ကားဆီ ပြန်လှည့်ခဲ့ကြသည်။ ကျွန်မ ရင်ထဲမှာ ကြေကွဲဝမ်းနည်းမှုတွေက ပြည့်ကျပ်နေသလို ရင်ထဲမှာလည်း အထီးကျန်သလို ဟာတာတာကြီး ဖြစ်သွားသည်။ ညီအစ်မတွေ အတူနေ အတူသွား အတူစားလာခဲ့ကြတာတွေက ကျွန်မရင်ကို ပို၍ ဝမ်းနည်းစေသည်။

(၃)

ကျွန်မက မနက် ၅နာရီလောက်ဆို သားနှစ်ယောက် အလုပ်သွားရင်း ထမင်းချိုင့်ထည့်ပေးရန်အတွက် ထမင်းပေါင်းအိုးတစ်လုံး အမြဲထတည်ရသည်။ ဆောင်းရာသီမို့ အေးသောကြောင့် နွေတုန်းကလို နောက်ဖေးတံခါးကို ဖွင့်မထားတော့။ တမြက်စည်းလှည်းသည့် အခါကျမှ နောက်ဖေးတံခါးဖွင့်ကာ ခြေသုတ်ဝတ်များကို ခါသည်။

www.burmeseclassic.com

တစ်ရက် တံမြက်စည်းလှည်းပြီး သွား၍ ခြေသုတ်ဝတ်ခါရင်း တစ်ဖက်ခန်းနောက်ဖေးသို့ ကျွန်မမျက်လုံးက အမှတ်မထင် ရောက်သွားသည်။ ထိုအခန်း၏ နောက်ဖေးဘက်မှာ လူတစ်ယောက် အမှိုက်တွေ ပစ်ချနေသည်။ ဝိုးတဝါးမြင်ရသည့် မြင်ကွင်းက ကျွန်မအစ်မ ဒေါ်သီတာ၏ ပြုံးရွှင်နေသည့် မျက်နှာ။ ကျွန်မ နောက်ဖေးတံခါးကို အမြန်ပိတ်ပစ်လိုက်သည်။

ကျွန်မအစ်မ ဒေါ်သီတာ၏ ပြုံးရွှင်နေသည့်မျက်နှာ သူကျောင်းလမ်းကို ပြောင်းတော့မည်ဆိုသည့် အကြောင်း ကျွန်မနေ့စဉ်လို သူ့ကို အိပ်မက်ထဲမှာ တွေ့နေရသည်။ သူပြောသည့် ကျောင်းလမ်းက ဘယ်ကျောင်းလမ်းလဲတော့ မသိ။ ရက်လည်ဆွမ်းကျွေးခါနီး သူ့အိမ်မှာ သွားအိပ်တော့လည်း နံနက် ၄ နာရီခွဲ ၅နာရီလောက်မှာ ကျွန်မ အိပ်သည့် ခေါင်းရင်းနံရံကို တဖုန်းဖုန်း လာထု၍ ကျွန်မတို့ မိုးမိုးတို့ အားလုံး နိုးကုန်ကြသည်။ ဝေဒနာအရမ်းကြီး မခံစားဘဲ ဘဝပြောင်းသွားပေမယ့် အစ်မ၏စိတ်က အိမ်မှာ ဆွေမျိုးတွေဆီမှာ လှည့်နေသည်။

နံပါတ်သုံးအစ်မ နံပါတ်ခြောက်ညီမဆီမှာ ရက်မလည်ခင် လာအိပ်တော့လည်း အိမ်ရှေ့တံခါးကို မနက်စောစော လာခေါက်သည်ဟု ပြောသည်။ ရက်မလည်ခင် ညတစ်ရေးအိပ်ပြီး ကျွန်မ အိမ်ရှေ့ခန်းကို ထွက်လာတော့ အရက်နံ့က ထောင်းခနဲ ကျွန်မ နှာခေါင်းထဲ လာတိုးသည်။

အစ်မ ကျွန်မအနားမှာရှိနေပြီဆိုတာ ကျွန်မ သိလိုက်သည်။ ယုဇနအိမ် ပြန်ရောက်တော့ ရက်လည်ပြီး နောက်တစ်ရက် ကျွန်မတို့ မောင်နှမ အိမ်ရှေ့ခန်းမှာ ရပ်နေတုန်း စားပွဲကို လူတစ်ယောက် ထုလိုက်သလို ဒုန်းခနဲ မြည်သွားပြန်သည်။ မဖြစ်ချေတော့။

သံယောဇဉ် ကြီးလွန်းသည့် အစ်မကို "ဘဝခြားသွားပြီမို့ မလာပါနဲ့တော့ ကောင်းရာသုဂတိလမ်းကိုပဲ စိတ်ချလက်ချ သွားပါတော့" ဟုပြောမှ အသံဗလံများ တိတ်သွားသည်။

သူ့မှာ လူမမည် သမီးအငယ်လေးနှစ်ယောက် ကျန်ခဲ့သည်မို့ . . .

"သူတို့အတွက် အကုန်လုံးက စီစဉ်ထားပါတယ် စိတ်မပူပါနဲ့" လို့လည်း ထပ်ပြောလိုက်ရသည်။

အဲဒီကတည်းက အသံဗလံများ ပျောက်သွားပေမယ့် ပေါင်ဒါမွှေးမွှေး အနံ့လေးကတော့ လေးရက်လောက် ကျွန်မတို့ တိုက်ခန်းထဲမှာ မွှေးကြိုင်နေသည်။ ထိုအနံ့က ကျွန်မ သွားသည့်နေရာတိုင်း ပါလာသည်။ အိပ်ဖို့ ခြင်ထောင်ထဲဝင်သည်အထိ အနံ့က ပါလာဆဲ။

နောက်နေ့ ပေါင်ဒါနံ့လာသည်နှင့် အခန်းထဲ မဝင်တော့ဘဲ အိမ်ရှေ့ခန်းမှာပဲ ထိုင်နေတော့သည်။ တစ်လပြည့်သည့်နေ့ ဘုန်းကြီးသုံးပါး ဆွမ်းကပ်ဖို့လုပ်တော့ သူတို့နေသည့်အိမ်ကို အိမ်ငှားတင်ထားသဖြင့် အိမ်ငှားအမျိုးသမီး၏မိခင် သေဆုံးသွား၍ အိမ်ငှားလင်မယား ဘိုကလေးသွားကြတော့ အိမ်က သော့ပိတ်ထားသည်။

ဒီတော့ ကျွန်မခဲအို ဦးတင်မြင့်နဲ့ သူ့ညီမ မိုးမိုးတို့က ဒန်ပေါက် သုံးပွဲဝယ်ပြီး ဘုန်းကြီးကျောင်းမှာပဲ ဘုန်းကြီးကို သွားကပ်မည်ဟုပြောကာ မိုးမိုးနဲ့ ကျွန်မအစ်ကို နံပါတ်ငါးတို့ ဒံပေါက်သွားဝယ်ကြသည်။ သူတို့ ပြန်ရောက်တော့ နေ့လယ် ၁၁ နာရီခွဲနေပြီ။ ဘုန်းကြီးတွေ ဆွမ်းစားပြီးချိန် ရောက်နေပြီမို့ ဒံပေါက်သုံးပွဲကို နံပါတ်ခြောက် အစ်မအိမ်က ဘုရားမှာပဲ ကပ်လိုက်ကြသည်။ ပြီးမှ ကျွန်မတို့တစ်သိုက် ဘုန်းကြီးကျောင်းသွားကြပြီး ဘုန်းကြီးကို သင်္ကန်း၊ ဝတ္ထုငွေ၊ အအေးပုလင်းတို့ဖြင့် သွားလှူလိုက်ကြသည်။

အစ်မဒေါ်သီတာ၏ တစ်လပြည့်က အလွဲလွဲ အချော်ချော်ဖြင့် ပြီးဆုံးသွားသည်။

ကျွန်မလည်း ဘုန်းကြီးဆွမ်း... သည့်အခါ ထည့်လှူဖို့ ယူသွားသ... ကြက်အသည်းအမြစ်ဟင်းကို နံပါတ်... အစ်ကိုနဲ့ နံပါတ်ခြောက်အစ်မတို့... တစ်ဝက်စီခွဲပေးခဲ့သည်။ ကျွန်မ ... လည်း အားကျမခံ ကျွန်မကို လမ်းစ... ၁၅၀၀ ကျပ်နဲ့ ဝက်ခေါင်းဟင်းတွေ ... ထဲ ထည့်ပေးလိုက်သည်။ နံပါတ်... အစ်ကိုကလည်း လမ်းစရိတ်တစ်ထော... ထပ်ပေးလိုက်ပြန်သည်။ နာရေးကျ... ဆုံကြပြီး ပြီးသည်နှင့် အလျှိုလျှို လ... ပြန်ကုန်ကြသည်။

ကျွန်မခဲအိုက နေမကောင်း... နေသည့်ကြားက လာရ၍ သူ့ညီမ မို... စောင့်ရှောက်ပါလာသည်ကပဲ အ... ကံကောင်းနေသည်။

ချစ်ခင်ပေါင်းသင်း ဆက်ဆံ... ကား ကွေကွင်းနောက်ဆုံး ရှိချေသ... ဆိုသည့် စကားအတိုင်း ကျွန်မ... မောင်နှမများသည်လည်း တစ်ရပ်ကွ... တစ်နေရာ တစ်အိမ်စီ သူ့ဘဝနဲ့... လှုပ်ရှားရုန်းကန်နေကြသည်မို့ တော်... လည်း မဆုံဖြစ်ကြတော့။

အစ်မဒေါ်သီတာက ဘဝ... သွားသလို ကျန်သည့်မောင်နှမတွေ... နေရာခြားသွားကြသည်။

သိပ်တော့မထူးခြားပါ။ ကျွ... ကတော့ မောင်နှမအရင်းရော တစ်ဝ... ကွဲ နှစ်ဝမ်းကွဲ မိတ်ဆွေတွေပါ ဘုရာ... ခိုးတိုင်း နံနက်၊ည မေတ္တာမှန်မှန်ပို့... နေသည်။ ရခဲသည့်လူ့ဘဝမှာ ဘု... အဆုံးအမအတိုင်းနေပြီး သည်းခံ... တရားကိုပဲ လက်ကိုင် ထားထား... တော့သည်တကား။

(၁၃. ၁၂. ၂၀၁၂ နေ့တွ... ကွယ်လွန်သွားသည့် အစ်မဒေါ်သီတ... ကောင်းရာသုဂတိလားပါစေ)

❒ ရှင်ဇ...



www.burmeseclassic.com

www.burmeseclassic.com

# အိန္ဒိယနိုင်ငံမှ မြွေဟောက်များ

**Mariner လှဦး**



အိန္ဒိယနိုင်ငံရှိ မြွေဟောက် တစ်ကောင်၏ ဥမှ အပူရှိန်ကြောင့် ပလတ်စတစ် အသားကဲ့သို့ ကာရံထားသော ဥအခွံ စူထွက်ပေါက်ပြကာ မြွေပေါက်စလေး တွန့်လိမ့်လူးလွန့် ထွက်လာပုံမှာ ကျွန်ုပ်အဖို့ မကြည့်ဘဲမနေနိုင်အောင် ညှို့ယူဖမ်းစားခြင်း ခံနေရသည်။ ဥမှ ခွဲထွက်လာစဥ်တစ်လျှောက်လုံး ကြည်လင်သော အမြှုပ်များ ယိုစိမ့်ထွက်ကာ ဘက်ပနှသော မျက်နက်ဝန်းတစ်စုံ၊ နောက်ထပ် လျှာကလေးနှစ်ခွကို ပေါ်လိုက်ပျောက်လိုက် လှုပ်ရှားနေသည်။

ကျွန်ုပ် အနည်းငယ်လှုပ်ရှားလိုက်လေရာ ပြူတစ်ပြူတစ် ထွက်လိုက်ဝင်လိုက်ဖြစ်နေသော လျှာနှစ်ခွနှင့်အတူ မျက်လုံးတစ်စုံပါပိတ်၍ ချက်ချင်းငြိမ်သက်သွားသည်။ တစ်နာရီခန့် ကျွန်ုပ်၏ လက်ချောင်းလေးတွေ တောင့်တင်းလာသည်အထိ ကင်မရာပေါ်မှာ ကိုင်ထားကာ မြွေဟောက်တစ်ကောင် ဥမှပေါက်လာပုံကို ဓာတ်ပုံရိုက်မှတ်တမ်းတင်ရန် ဖြစ်သည်။ ရုတ်တရက် ချက်ချင်း ဆုံးဖြတ်မှုတစ်ခု လုပ်ခဲ့သည်။

ပထမအကြိမ် ကျောပွတ်ကြိုးကလေးနှင့် ရိုက်လိုက်ရာ ၁၀ လက်မအရှည်ရှိ မြွေမထံမှ ၂ လက်မအရှည်ရှိ ဥတစ်လုံးသည် ပိုးသားကဲ့သို့ ချောမွေ့စွာ လျှောဆင်း ထွက်ကျလာသည်။ နောက်ပြီးတော့ ကျွန်ုပ်၏ ကင်မရာအတွင်းထောင့် တစ်နေရာမှာ မြွေ၏ခေါင်းမှ ပါးပျဉ်းခွက် ပြန့်ကားပေါ်လာသည်။ ရက်စက် ကြမ်းကြုတ်သော မျက်လုံးကလေးများ တဝင့်ဝင့်နှင့် မြွေဟောက်ပေါက်စကလေးကို မိဘများဖြစ်တဲ့ ၅ ပေအရှည် မြွေဟောက်တစ်စုံ




*ခြပုန်းတောင်ပို့တစ်ခုအတွင်းမှ ထွက်လာသော မြွေဟောက်ကြီး တစ်ကောင်ကို MADRAS မဒရပ်အရပ်မှ အမျိုးသမီးတစ်ဦးမှ ဆန်နှင့် အုန်းသီးများ ကမ်းပေးနေပုံ။ မြွေကြီးတစ်ကောင်ပေါ်မှာ ခလေ့ရှိုးရာဝတ်ပြုအခမ်းအနားများအတွက်မြွေဟောက် (၇)ကောင် ပါးပျဉ်းခွက်ထားသည့် ရုပ်တုပုံ (၁၀ပေခန့်မြင့်သည်) ၁၃ရာစုခန့်မှ ကျောက်စိုင်ကျောက်သားပေါ်၌ MAHABALIPURAM မဟာဘာလီပူရမ် အတွက် ထွင်းထုထားပုံ။*



www.burmeseclassic.com

www.burmeseclassic.com


[illegible] ပါရှိသော ဥခွံ [illegible] ခွဲထွက်လာပုံ။ ဥခွံမှ ပေါက်ဖွား [illegible] အချိန် နှစ်လခန့်အတွင်း မြွေဟောက် အထီး၊ အမပါ အလှည့်ကျ တာဝန်ယူစောင့်ကြပ်ကြသည်။ မိခင် မြွေဟောက်မသည် အစဉ်သဖြင့် ဥပေါင်း ၁၀ လုံးမှ ၂၀ လုံးထိ ဥတတ်ကြသည်။



က အကောင်းဆုံး ရုပ်လုံးဖော်ပေးခဲ့ပြီ။

မြွေများသည် သူတို့၏ သဘာဝဖြစ်စဉ်တစ်ခုကို လူအများက မရမက အနိုင်အထက် လုပ်တာကို မခံမရပ်နိုင်ဖြစ်ကြသည်။ မွေးကင်းစမြွေဟောက်ကလေးမှာ အဆင်သင့် အားဖြည့်ပြီး သား အဆိပ်များနှင့် သေးငယ်သော အစွယ်ကလေးများ မွေးကတည်းက ပါလာသည်။ သူကိုယ်တိုင် အကာ အကွယ်လိုအပ်တဲ့အခါ ထိုအဆိပ်များကို သုံး၍ ကာကွယ်ရန် ရှင်းလင်းစွာ သတ်မှတ်ပြဋ္ဌာန်းထားပြီးသားဖြစ်သည်။

ယခင်နှစ်လခန့်က နှောင်းဝသန် မိုးတွေရွာသွန်းခဲ့ချိန်က အိန္ဒိယတောင်ပိုင်း ကျွန်ုပ်၏အိမ်ဒရနီး လယ်ကွင်းတွေမှာရှိတဲ့ အေးမြတဲ့ကြွက်တွင်းဟောင်း မြွေတွင်းဟောင်းတွေမှာ မြွေဥပေါင်း (၃၀) ခန့် ဥချခဲ့သည်။ မိခင်လောင်းများသည် အစာနှင့် မြွေသိုက်ပြုလုပ်ရန် အစကတည်းက ထိုတွင်းထဲဝင်ရောက်



ဆပ်ကပ်လူပြက်မျက်နှာကဲ့သို့ ပြုံးဖြဲဖြဲ ဖြစ်နေသော မြွေဟောက်၏ အနောက်ဘက်ပါးပျဉ်းကို မြင်ရပုံ။ မြွေဟောက်များ ရန်သူနှင့် ရင်ဆိုင်ရာတွင် နောက်ကျော မလုံဖြစ်ကာ ရဲဝင့် ခြိမ်းခြောက်နိုင်သော မျက်လုံးသဖွယ် ရှိနေပုံ။ မြွေဟောက်တွေမှာ တောဝက်များ၊ ဒေါင်းများ၏ သားကောင်ဖြစ်ကြရသည်။ လူတွေက သူတို့၏ အရေခွံကို ပိုက်ဆံအိတ်၊ လွယ်အိတ်စသည် ချုပ်လုပ်ကြသည်။ အန္တရာယ်မှ လွတ်မြောက်ရှင်သန်ကြသော မြွေဟောက် အရိုင်းတစ်ကောင်သည် နှစ်ပေါင်း ၂၀ ထိ ရှင်သန်နိုင်ကြသည်။



www.burmeseclassic.com


www.burmeseclassic.com

ချိုင်လေ့ ရှိကြသည်။ မြွေဟောက်
နှစ်ပါးလုံး တာဝန်ယူကြသည်မှာ
အကွယ်ပေးဖို့နှင့် အစာကို ကိုက်
ခမ်းယူကြသည်။ (အထူးသဖြင့်
ကြွက်ကြီးများ၊ ဖားကြီးများဖြစ်
သည်)

မြွေဟောက်တွေသည် ညအချိန်
မှာ အစာရှာဖို့ ခရီးထွက်လေ့ရှိ
သည်။ မြွေဟောက်များမှာ မြေပြင်
တစ်ဝိုက်ရှိ နံ့နဲ့ရှုပ်ထွေးသော လမ်း
ကြောင်းတွေမှ ထွက်ခဲ့တတ်ကြသည်။
မြက်စူးရှသော မျက်လုံးပိုင်ရှင်
လူမျိုးမုဆိုးများက ကျွန်ုပ်အတွက်



ကျွမ်းကျင်သော အကူလက်ထောက်တစ်ယောက်က နာဖျားမကျန်း ဖြစ်နေသော မြွေဟောက်၏ မေးရိုးအနောက်ဘက်မှ ကိုင်ထားစဉ် စာရေးသူက မြွေဟောက်၏ အနာတရဖြစ်ခဲ့သော နှာခေါင်းတွင် ပဋိဇီဝဆေးဖြင့် သုတ်လိမ်းပေးခြင်းဖြင့် အနာ မပုပ်အောင် ကာကွယ်ပေးနေပုံ။



မြွေဟောက်၏အစွယ်မှ ကြည်လင်စွာ ထိုးဖောက်မြင်နိုင်သော အဆိပ်ရည်တစ်စက်ကျနေပုံ။ ဤဓာတ်ပုံသည် သက်ရှိမြွေ၏ ၂ ဆအရွယ် ရိုက်ကူးထားသည်။ မြွေဟောက်၏ သွားနှင့် အစွယ်များကို ဓာတ်ပုံရိုက်ရာတွင် သာမန်အားဖြင့် ချွဲသလိပ်အမြေးအမျှင်တွေဖြင့် ဖုက်ကွယ်တွယ်ကပ်နေသော အစွယ်ထွက်အောင် ပိတ်ဖျင်အပြာရောင် တစ်ခုနှင့် မြွေဟောက်၏ ကုပ်ပိုးနောက်မှ အသားကို ဖိညှစ်လိုက်ရသည်။ မြွေဟောက်က အဆိပ်ရည်စီးကြောင်းတစ်ခုကို တုံ့ပြန်တုတ်လုပ်ပေးတဲ့အခါ အဆိပ်ရည်စက်တွေ MR MILLER ၏ လက်နှင့် ခြေထောက်အပေါ်ကို ကျသော်လည်း ဘေးအန္တရာယ်မဖြစ်ခဲ့ပါ။

မြွေဟောက်များ ဖမ်းလာပေးသည်။
အစက်အပြောက် အမှတ်အသားများ
ပါသော မြွေဥများကို ကောက်ယူလာ
ကြတာ အလင်းရောင်နှင့် ထိုးဖောက်
နောက်ကြည့်ပြီး ကျွန်ုပ်ကို ပေးခဲ့
သည်။

ဥပေါင်း (၂၅) လုံးမှ မြွေများ
အပြီးသတ် ဥမှပေါက်ခဲ့သည်။ (၁၅)
ကောင် အသက်ရှင်ခဲ့၍ လေ့လာသုတေ
သနပြုရန် အသုံးချခဲ့သည်။

ဘက်မစုံသော ဥပေါင်း (၃၀)ကို
ဖမ်းယူဆုပ်ကိုင်ရာတွင် ကြီးတာလည်း
ပါ၊ ငယ်တာလည်းပါ တစ်ခုနှင့် တစ်ခု
နှိုင်းယှဉ်လို့လည်း မရပါ။ မြွေဟောက်မ
များသည် ခဲရာခဲဆစ်နှင့် ဥပေါင်း
(၂၀)ထက်ပိုမို ဥကြသည်။ ယခင်မှတ်
တမ်းများအရ (၄၅)လုံးခန့် ဥတတ်ကြ
သည်။ ကျွန်ုပ်တွေ့ခဲ့တာက စံချိန်တင်
ကောင်းတင်နိုင်လိမ့်မည်။ ထိုဥများပါဝင်
မှုက အမတစ်ကောင်ထက် ပိုနိုင်သည်။

ကျွန်ုပ်၏ အိပ်ရာအောက်တွင်
သေတ္တာတစ်လုံးထားကာ (၄၉)လုံး
သောဥများမှ (၁၈)ကောင်ပေါက်အောင်
ထိန်းသိမ်းမွေးမြူထားသည်။ ကံကောင်း
သည်မှာ ကျွန်ုပ်တွင် ကြာမြင့်စွာသော
အချိန်တည်းက အတွေ့အကြုံ ရင့်ကျက်
သော ဇနီးတစ်ယောက်ရှိခဲ့သည်။ သူမ
ကလည်း ရတက်မအေး ချောက်ချား
ခြင်းကြီးစွာရှိနေသည်။ ကျွန်ုပ်အတွက်
ဖြစ်ရိုးဖြစ်စဉ် မဟုတ်သလို အမြင်အား
ဖြင့် သေဘေးတွေ့နိုင်ရန် အကြောင်း
ရှိနေတာကြောင့် သူမကလည်း ရင်
တမမနှင့် ကြောက်နေရှာသည်။

ကျွန်ုပ်တို့ချည်း ခံစားရတာ
မဟုတ်ပေ။ ကိုယ်တိုင်ကလည်း ဂရု
မစိုက် အမှုမထားမိပါ။ သတ္တဗေဒသားရဲ
တိရစ္ဆာန်များ၏သဘာဝကို တန်းတန်း



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားခဲ့သည်။ တိရစ္ဆာန်များ အကြောင်းကို စာလည်းရေး၊ ဓာတ်ပုံတွေနှင့်လည်း မှတ်တမ်းပြု ရိုက်ကူးခဲ့လေရာ သေဘောနှင့် အနီးကပ်ဆုံး တာဝန်ယူ လေ့လာခဲ့ရပါသည်။

လွန်ခဲ့သော (၁၂)နှစ်ခန့်ကစ၍ ဖားများကိုလည်း မွေးမြူ မြွေဟောက်များကိုလည်း မလျှော့တမ်း စိတ်ဝင်စားခဲ့သည်။ ဇနီးဖြစ်သူနှင့် ကလေးနှစ်ဦး အပြင် ရာပေါင်းများစွာသော ဖားများကို မြို့အနီး MADRAS တီရှားမှုလိုင်ဗာ ရောအရပ်တွင် မွေးမြူနေထိုင်ခဲ့သည်။ အများအားဖြင့် မြွေဟောက်တွေ အဲဒီမှာရှိကြသည်။ ကျွန်ုပ် မကြာခဏတွေ့ရှိခဲ့သော မြွေဟောက်တွေမှာ လှပကြပြီး အေးချမ်းငြိမ်သက်သော သတ္တဝါများ ပင်ဖြစ်သည်။ မြွေဟောက်များကလည်း သူတို့ကို သတ်ဖြတ်ဖျက်ဆီးတတ်သူ လူများကို ထိတွေ့ဆက်ဆံရမည်ကို အလွန်ပင် စိုးရိမ်ထိတ်လန့်ကာ လူတွေကိုရှောင်ပြီး ပုန်းအောင်းနေတတ်ကြသည်။ အကယ်၍ မရှောင်သာသော တစ်နေရာမှာ လူနဲ့တွေ့ရင်သာ မြွေက လူကို ပေါက်ချလိုက်မည်။ သေစေလောက်သည့် အဆိပ်ရည်နဲ့ အတူ ဆိုးကျိုးများ ပေးတတ်သည်။ သာမန်အားဖြင့်တော့ သူတို့က လူတွေ့မခံဘဲ ရှောင်ရှားနေတတ်ကြသည်။

မြွေဟောက်များမှာ လူသတ်သမားများ မဟုတ်ကြပါ။ အမှန်မှာ သူတို့အတွက် အသက်အန္တရာယ်ရှိမည် ထင်လျှင် ခုခံကာကွယ်သည့် အနေဖြင့် တိတ်တဆိတ်ကိုက်ချလိုက်တတ်သည်။ တမီလ်လူမျိုးများကြားတွင် စာရေးသူတို့ ရှိနေခိုက်မှာ သူတို့က မြွေဟောက်ဆိုတာ ခံ့ညားလှပသည်။ တမီလ်ဘာသာစကားဖြင့် NULLAPAMBU မြွေလိမ္မာများဖြစ်ကြသည်လို့ပြောကြသည်။

အစောပိုင်းကာလများက မြွေဆိုလျှင် ရွံစရာ၊ ကြောက်စရာဟုထင်ခဲ့ကြသည်။ မြွေဆိုတာ စဉ်းလဲကောက်ကျစ်ကာ မွေးမြူထားသော ကျွဲနွားတွေအပေါ် ကျိန်စာတိုက်သကဲ့သို့ ရှိခဲ့သည်။ လယ်ကွင်းတွေထဲ ရှိကြသော လူသူ တိရစ္ဆာန်တွေရဲ့အပေါ် သူတို့က လွှမ်းမိုးထားကြသည်။ ဟိန္ဒူ အယူအဆအရ ဘယ်သို့ဆိုစေ ခရစ်ယာန်သမ္မာကျမ်းစာတွင်မတော့ ကျိန်စာတိုက်ထားသော မိစ္ဆာအယူဝါဒဖြစ်လို့နေသည်။

ဟိန္ဒူများအဖို့ မြွေဟောက်ဆိုသည်မှာ ဘာသာရေးအရ နက်ရှိုင်းစွာသော အရိပ်အရောင်တွေ ပြနေသည်။ သင်တို့က ဘုရားသခင်ကို ရိုသေလေးမြတ်သကဲ့သို့ သူ့အမျက်ဒေါသကိုလည်း စိုးရွံ့ထိတ်လန့်ကြသည်။ မြွေဟောက်ဆိုတာကလည်း အလားတူစွာ တွားသွား သတ္တဝါများတွင် အဆိပ်အပြင်းဆုံးနှင့် ထိတ်လန့်စရာ ကောင်းတာမို့ သူတို့တွေက ဂရုစိုက်ကြတာ ဖြစ်ကောင်းဖြစ်နိုင်သည်။

စာရေးသူကလည်း သဘောပေါက်ခဲ့ပါသည်။ သို့ပင်ဖြစ်ငြား ဒီကိစ္စတွေက ရံဖန်ရံခါ ကံသာလျှင် အမိ၊ ကံသာလျှင် အဖဆိုကာ သေကျေပျက်စီးမှုတွေကို မှားယွင်းစွာ အပြစ်တင်ခဲ့ကြသည်။ တစ်နှစ်အတွင်း အိန္ဒိယကျေးလက်များတွင် လူပေါင်းသောင်းချီ၍ သေဆုံးကြရသည်မှာမြွေဆိုးများကြောင့် ဖြစ်သည်။ အများဆုံး အကြောင်းပြစွပ်စွဲခံရတာကတော့ မြွေဟောက်၊ အခြားကတော့ မြွေပွေးပင်ဖြစ်သည်။ အမှောင်တွင်းက သင်သွားမည့် လမ်းကြောင်းပေါ်တွင် ဘယ်ကိုမှ မရွေ့လျားဘဲနေတတ်တဲ့ အကောင်က မြွေပွေးပင်ဖြစ်သည်။ အပူမကြိုက် အအေးကြိုက်တတ်တဲ့ မြွေပွေးများက ညအခါတွင်းမှ ထွက်၍ ဖုန်လူးတတ်သည်။ ဒါကြောင့် သူ့အပေါ်ကို နင်းမိလျှင်တော့ သေဖို့သာပြင်တော့။

မြွေဟောက်ကျတော့ တစ်စုံတစ်ရာခြေသံကြားတာနဲ့ သူတို့၏ အရေပြားက တုန်ခါမှုကို အာရုံခံကာ ရှောင်ပြေးတတ်ပါသည်။ မြွေဟောက်တွင် အကြားအာရုံခံဖို့ နားရွက်မရှိပါ။

"အကယ်၍ ခင်ဗျားက မြွေဟောက်များကို ခင်ဗျားရဲ့အိမ်အနီးဝန်းကျင်မှာ ကျွန်ုပ်လုပ်သလို မြွေဟောက်တွေကို မွေးမြူထားခဲ့လျှင် တစ်စုံတစ်ဦးက မြွေကိုက်ခံရဖို့ အခွင့်အလမ်းတမှုချသေချာစွာ ရှိနေပြီ"

အဆိပ်ပြင်းထန်သော မြွေမွေးနှင့် မြွေဟောက်များကို ဘုံဘေရှိ သုတေသနတစ်ခုသို့ အမြောက်အမြားဆေးအပ်နိုင်ရန် IRLAS မျိုးနွယ် တမီလ်များက ကျွန်ုပ်ထံသို့ မကြာမီက ယူဆောင်ပေးခဲ့ကြသည်။ မြွေ ခြောက်ကောင်မှ ရှစ်ကောင်ထိကို မာကျောတောင့်တင်းသော ပိတ်စခပ်ထူထူဖြင့် မြွေပချုပ်တစ်ခုထဲသို့ ကျွန်ုပ်ကနေရာတကျထည့်သည်။ သယ်ယူပို့ဆောင်ရတဲ့ ခရီးတစ်လျှောက် စိတ်ချလုံခြုံအောင် လုပ်ထားသည်။

သယ်ယူပို့ဆောင်ရေး မလုပ်နိုင်မီ ညအခါတွေမှာတော့ အိတ်တွေကို ချိပ်ပိတ်သော့ခတ်ကာ အိမ်အပြင်ဘက်မှာပဲ ထားရသည်။ ညချမ်းအချိန်တွေမှာ ကျွန်ုပ်၏လက်ထောက် ရာမူးနှင့် အတူ ကင်မရာကိုယူပြီး ညရေးညတာတွေမှာ ပတ်ဝန်းကျင်တစ်ဝိုက် မြွေများ၏ အစာရှာ သွားလာ လုပ်ကိုင်ကြပုံတွေကို ဓာတ်ပုံရိုက်သည်။

ထိုအချိန်မှာ ကျွန်ုပ်တို့၏ ရှေ့ကိုက်အနည်းငယ်အကွာမှ ကြီးမားသော မြွေတစ်ကောင် အလျင်စလိုသုတ်သုတ်ပျာပျာနှင့် ထွက်ပြေးသည်။ ကျွန်ုပ်က ချိတ်များပါသော တုတ်ရှည်တစ်ချောင်းကို အသုံးပြု၍ တစ်ဟုန်ထိုးလိုက်ကာ မြွေကိုဖမ်းလိုက်သည်။ ထိုစဉ်အခိုက် ရာမူးက မြွေကို ချုပ်နှောင်ဖမ်းဆီး၍ ပချုပ်အိတ်ထဲသို့ ထည့်လိုက်သည်။

စိတ်ချရအောင် သုတ်သုတ်ပျာပျာဖြင့် မြွေရှစ်ကောင်ထည့်ထားသော ပချုပ်အိတ်ကို သွားကြည့်ခါမှ ထောင့်အပေါက်တစ်ပေါက်မှ ထွက်ပြေးလွတ်မြောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြောက်စရာ ကောင်းလိုက်ပုံ ... အဆိုးဝါးဆုံးအနေအထားဖြစ်နေပြီ။ ...မန်အားဖြင့် ဒီကောင်တွေက တည် ...အေးချမ်းတဲ့ သတ္တဝါတွေပါ။ ကြီး ...သော မြွေဟောက်ကြီး ရှစ်ကောင် ...လည်း ကြောက်ရွံ့ထိတ်လန့် ဒေါသ ...တ်ကြကာ သူတို့နှင့်သဟဇာတမဖြစ် ...သော အရပ်မှာ ပျောက်ဆုံးနေပြီ။ ...ခြားပြဿနာတစ်ခုကလည်း ရှိနေပြီ။ ...ထူးသဖြင့် ဘာမှ မသိနားမလည်ဘဲ ...နီးအနားမှာ အိပ်မောကျနေသည့် ...နီးနှင့် ကလေးနှစ်ဦးက ရှိနေသည်။ ...နောက်ပြီး အိမ်နီးနားချင်းတွေလည်း ...အိပ်မောကျနေကြသည်။

မြွေရှစ်ကောင် လွတ်ကုန်တဲ့ ...သတင်းကို ကြားရရင်ကော ဘယ်သူက ...တူတင်နိုင်ပါမည်နည်း။ IRLAS ...မျိုးစုမှ တမီလ်(၁၂)ဦးခန့်ကို အလျင် ...အမြန် သူတို့ရွာမှ သွားခေါ်ရတော့ ...သည်။ မီးအိမ်၊ မှန်အိမ် အခု(၂၀)ခန့် ...နှင့် အလင်းပေးပြီး ညလုံးပေါက် အပန်း ...တကြီးနှင့် စိတ်မော လူမော ရှာကြရ ...တော့သည်။ လွတ်သွားတဲ့ ရှစ်ကောင် ...ထဲက ခြောက်ကောင် ပြန်ရသည်။

အများအားဖြင့် ရေဆင်းပိုက်ထဲ ...က ပြန်ရသည်။ အခြားနောက်ထပ် ...နှစ်ကောင်ကတော့ နှစ်ဧကခန့် ကျယ် ...ဝန်းသော ကျွန်ုပ်၏အိမ်ခြံဝန်းရှိ သရက် ...ပင်နှင့်သစ်ခွပန်းပင်တွေကြား တစ်နေရာ ...မှာ ပုန်းကောင်း ပုန်းနေနိုင်သည်။ ...သန့်နှင့်ချိသော အိန္ဒိယလယ်သမားများ ...အတွက်ဆိုလျှင် လယ်ယာ ကောက်ပဲ ...သီးနှံတွေကို အားကြီးမာန်တက် ကိုက် ...စားဝါးမျိုဖျက်ဆီးတတ်သော ကြွက်များ ...ကို မြွေတွေက ကာကွယ်ဟန့်တားပေး ...နေသည်။

အချိန်အခါမရွေး ကျွန်ုပ်ကို ...ကြွက်များထက်စာလျှင် မြွေတွေကိုသာ ...ပေးပါ။ ကြွက်ဆိုတာ လူသားများ ...ထိုအပ်တဲ့ အစာတွေကို ဆိုးဝါးစွာ ဖျက် ...ဆီးစေတတ်ရုံသာမက ရောဂါဘယတွေ ...ကိုလည်း ပျံ့နှံ့စေတတ်သည်။ အဖု အကျိတ်တွေထွက်ပြီး ပေါက်ပြကာ သားနံ့ရည်တရွှဲရွှဲ အပုပ်နံ့တလှိုင်လှိုင်ထွက် အနာဆိုး အသေဆိုးနှင့် ပလိပ်ရောဂါကို ပေးတတ်သည်။

ကျွန်ုပ်၏ သားသမီးဖြစ်သူနှင့် အသက် (၇)နှစ်နှင့် (၉)နှစ်တို့နှစ်ဦး ခြေဗလာသက်သက်နှင့် ဥယျာဉ်တွင်းမှာ ကစားကြသည်။ ကျွန်ုပ်သိသမျှ ဥယျာဉ်တွင်းမှာ မြွေတွေရှိတတ်သည်။ ပိုမိုပြီးကြောက်စရာကောင်းတဲ့ အချက်ကတော့ မျက်စိလည် လမ်းမှားပြီး ရောက်လာတတ်သော ခွေးလေခွေးလွင့်များ အိန္ဒိယမှာ သန်းချီ၍ပေါက်ပွားထားသည်။

အများအားဖြင့် ဆာလောင်မွတ်သိပ်ကာ ဒေါသထွက်နေတတ်ကြသည်။ (၁၀)နှစ်အတွင်း တီရူးမူးလိုင်ဗာယော ကျေးရွာတွင် ကျွန်ုပ်သိခဲ့သမျှ ရွာသား (၁၂)ဦး ခွေးရူးပြန်ရောဂါကြောင့် သေဆုံးခဲ့ရသည်။ ဒါပေမဲ့ မြွေတစ်ကောင်ကိုက်လို့ လူသေမှု လုံးဝမရှိခဲ့ပါ။ တကယ်လို့များ သင်ကိုယ်တိုင် မြွေဟောက်တစ်ကောင်၏ ကိုက်ခဲခြင်းကို ကြုံကြိုက်ခဲ့လျှင် ဘယ်လိုလုပ်မှာလည်း။ မပူပါနဲ့။

သူတို့ရွာသားတွေမှာ နှစ်ပေါင်းထောင်ချီကာလတွေထဲက မူပိုင်ဆေးဝါးနှင့် ကာကွယ်ရန်နည်းလမ်းများ အဆင်သင့်ရှိနေသည်။ တစ်စုံတစ်ရာ ကုသဖို့လိုအပ်ခဲ့လျှင် လျှို့ဝှက်ထားသော ဘာသာတရားလေးစားမှု ဗဟုသုတများနှင့်ပြည့်စုံပြီး ဂုဏ်သတင်းကျော်ကြားမှုတွေကို ပိုင်ဆိုင်သူ (၂)ဦး (၃)ဦးခန့် အသင့်ရှိနေသည်။ အကယ်၍ သင် မြွေပေါက်ခံခဲ့ရလျှင် သင့်ကို သူတို့ထံပို့ပါက အသေးစိတ်ကျကျကုသကြမည်။ လျှို့ဝှက်သော MANTRAS ဂါထာမန္တရားများ ရွတ်ဖတ်ဆုတောင်းကာ သင်၏ခန္ဓာကိုယ်မှ အဝတ်အစားများကို ဆုတ်ဖြဲ၍ ယဇ်ပူဇော်သည့် နည်းလမ်းများ လုပ်ကြမည်။ မြွေကိုက်ခံရချိန်မှစ၍ နောင်အခါ ထိုမြွေအဆိပ် တကယ်မိမိ သိနိုင်မည့်နည်းစနစ်များမှာ ခက်ခဲပြီး အံ့အားသင့်စရာကောင်းသည်။

အကိုက်ခံရသည့် လူနာက ကြုံတောင့်ကြုံခဲ အဆိပ်မရှိတဲ့ မြွေကို မှတ်မိသိရှိ၍ ရွတ်ဖတ်ဆုတောင်းပေးသူတွေကိုလည်းယုံကြည်ပါက ကြောက်ရွံ့ခြင်းနှင့် အထိတ်တလန့် ဖြစ်ခြင်းတွေမှ ကူညီဖယ်ရှားပေးနိုင်လို့ အသက်မသေဘဲ ရှင်သန်ခဲ့လျှင် ထိုကဲ့သို့ ဂါထာမန္တန်ရွတ်၍ ကုသပေးသူ ဆရာများ တန်ခိုးကြီးလေတော့သည်။ စိတ်ကူးစိတ်သန်း ကောင်းကောင်းနှင့် တစ်ခွက်စာသော အဆိပ်ဖြေဆေးတိုက်၍ ဂါထာမန္တန်ရွတ်ကြသူ MANTRAS များသည် လူမျိုးစုဆိုင်ရာ စွဲလမ်း ယုံကြည်ခဲ့ကြသော ပရဆေး သစ်ဥသစ်ဖု ကုထုံးများနှင့် ကုသလေ့ရှိသည်။

အရေးပါသော သစ်မြစ်တစ်ခုကို IRLA တမီလ်တစ်ဦးက ကျွန်ုပ်ထံသို့ နမူနာအဖြစ် ယုံကြည်အောင်ပြောပြီး ပေးခဲ့သည်။ သူတို့ မျိုးနွယ်စုအတွင်းမှ သက်ကြီးရွယ်အို အနည်းငယ်ကိုသာ ဒီလိုဆေးမြစ်ကို ထိန်းသိမ်းခွင့်ပြုထားသည်။ ထိုဆေးမြစ်ကို ရုက္ခဗေဒလို RAUWOLFIA TETRAPHYLLA ဟူ၍ ခေါ်တွင်ကာ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးမှ ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်သွင်း ပို့ဆောင်စေသည်။ အကျော်ကြားဆုံး RAUWOLFIA မျိုးစိတ်များအတွင်း SERPENTINA ဆေးပင်ဆေးမြစ်သည် အရှေ့တောင်အာရှတိုက်တွင် ဌာနေအဖြစ် ပေါက်ရောက်သည်။

ထိုအပင်၏ မူလ အစသည် RESERPINE ဘုမ္မရာဇာ ဆေးမြစ်ဖြစ်ကာ (၁၉၅၁)ခုနှစ်မှစတင်၍ သွေးတိုး ရောဂါအတွက် တသီးတသန့် သုံးစွဲကုသခဲ့ကြသည်။ သူ၏ အကျိုးအာနိသင်က သွေးတိုးခြင်းကို တည်ငြိမ်နေအောင် ပြုနိုင်သည်။ ရှေးဟောင်းအိန္ဒိယနိုင်ငံ၏ ဆေးဝါးကုသမှုဆိုင်ရာများတွင် ဖော်ပြကြရာ၌ မြွေဆိပ်ဖြေဆေးအဖြစ် သုံးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယမြွေဟောက်များကို လေ့လာသူက ရန်းကန်လှုပ်ရှားနေသော မြွေဟောက်ကို နှိုတိုက်ကျွေးရန် ပြင်ဆင် နေပုံ။


ကျွန်ုပ်တို့ အနောက်တိုင်းသားတွေကတော့ သိပ္ပံနည်းကျ ကုသမှု အတိုင်းအတာအရသာ မြွေကိုက်ခြင်း အန္တရာယ်ကို ခုခံကာကွယ်ဖို့ကမ်းလှမ်းပါသည်။ သို့သော် ဆေးမြစ်ကိုသာ သူတို့ သုံးခဲ့ကြသည်ဖြစ်၍ အမြဲတမ်း စိုးရိမ်ကြောင့်ကြနေရမှာ ဖြစ်သည်။ ကျွန်ုပ်၏လက်ထောက်ရာမူး လက်ညှိုးမှာ လွန်ခဲ့သော နှစ်နှစ်က မြွေကိုက်ခံခဲ့ရသည်။ ကျွန်ုပ်၏ မြွေဟောက်များထဲမှ တစ်ကောင်ကို အမှုမဲ့ အမှတ်မဲ့ ကောက်ကိုင်လိုက်စဉ် မြွေပေါက်ခံလိုက်ရခြင်း ဖြစ်သည်။

မြွေဟောက်ဆိုတာ အင်မတန် အဆိပ်ပြင်းပါသည်။ လုံခြုံမြဲမြံစွာ ကိုင်တွယ်လိုလျှင် မြွေဟောက်၏ မေးရိုးအနောက်ဘက်နဲ့ မြွေလည်ပင်းကိုဖမ်း၍ ဆုပ်ကိုင်ထားရပါမည်။ မြွေဖမ်းသည့် အလုပ်မှာ လည်ပင်းကို ဖမ်းဆုပ်နိုင်မှ

ခန့်မှန်းနိုင်မှုတစ်ခုက အဆိုပါနာမည်နှင့် ဂုဏ်သတင်း ကျော်စောအောင် ကုသနိုင်သော ဆေးမြစ်၏ ကိုယ်ပိုင်အရင်းအမြစ်မှ ရယူသည်။

အမှန်တကယ်တော့ ထိုဆေးမြစ်များကို သိုလှောင်ထိန်းသိမ်းထားကောင်းထားခဲ့ကြလိမ့်မည်။ ဘာကြောင့်ဆို ဆေးမြစ်က မြွေတစ်ကောင်နှင့် ဆင်ဆင်တူသည်။ မြွေတစ်ကောင်၏ အဆိပ်ပေါ်တွင် ဘုမ္မရာဇာအမြစ်က ဘေးထွက်ဆိုးကျိုးဖြစ်၊မဖြစ် မသိနိုင်ပါ။ သို့သော် မြွေကိုက်ခံလူနာတွင် သွေးအဆိပ်မတက်နိုင်ရန် သွေးတိုးနှုန်း ငြိမ်သက်စေရန် ဖြစ်မည်။

ဒါကို ပျောက်စေဆရာ MANTRAS တွေကို သေဘေးမှ ကယ်နိုင်ခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်းမှ ကယ်နိုင်လို့ ကြိုက်နှစ်သက်ကြပေမယ့်လည်း အမှန်တော့ မြွေကိုက်ခံလူနာတွင် အဆိပ်ပမာဏ နည်းပါး၍သော်လည်းကောင်း၊ အဆိပ် မရှိလို့သော်လည်းကောင်း၊ သေဘေးမှ လွတ်မြောက်ခြင်း ဖြစ်သည်။



အချိုးအစားကျနစ် ရှုချင်စဖွယ် ကောင်းပြီး အာရုံကပ်ငြိဖွယ်နှင့် ကြောက်ခမန်းလိလိ မနှစ်မြို့ဖွယ်ရာ ၂ ခုလုံး တည်ရှိနေသော သတ္တဝါများ ရစ်ပတ်ယိမ်ကျစ် ပါးပျဉ်းများထောင်ကာ ယိမ်းထိုးလှုပ်ရှားနေကြပာန်။ သားရေကြိုးများ စုပုံထားဟန် ပေါ်များလှသော မြွေဟောက်များကို ရှေးဟောင်းပုံပြင်များ၌ ရှင်ဘုရင်များ၏ ရိုးရာအမှတ်အသားများအဖြစ် ဗိုင်းလွှားအကာများတွင်လည်း ဖော်ပြကြသည်။ လူမျိုးစုဆိုင်ရာ သူရဲကောင်းများအဖြစ် ဟိန္ဒူနတ်ဘုရား KRISHNA ကို နေဒဏ် မိုးဒဏ်မှ ကင်းဝေးစေရန် မြွေဟောက်များ၏ ပါးပျဉ်းကြီးများနှင့် ထီးမိုးပေးသလို ကာကွယ်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com





မောင်းကြေးနင်း ပုလွေ တူရိယာများနှင့် ဇူလိုင်လ၏ အပူရှိန်အောက်တွင် ပွက်လောရိုက်ဆူညံစွာနှင့် ရှီရာ လာလမ်း တစ်လျှောက် စီတန်းလှည့်လည်ကာ နဂါးပန်ချမီပွဲတော်ကို ကျင်းပနေပုံ။ ရှင်သန်နေသော ဖွတ်သတ္တဝါကြီးများကို ပြဒါးအနီ ဆောင်ဆေးမှုန့်များ သုတ်လိမ်းကာ အချိုးအစားမကျ အဆီအငေါ်မတည့်အောင် ခြေနှင့် လက်တို့ကို တိုင်ထိပ်တွင် တုပ်နှောင် ထားကြပုံ။ မကြာမီက ဖမ်းမိလာသော မြွေဟောက်များကို မြေအိုးများတွင် ဖမ်းလှောင်ထည့်ထားကြသည်။ အခမ်းအနား ပြီးဆုံးပြီးချင်း ပါဝင်ခဲ့သော သတ္တဝါအားလုံးကို ဘေးကင်းရန်ကွာစွာ ပြန်လွှတ်ပေးကြသည်။

ဘာလျှင် ကျွမ်းကျင်သည်ဟုခေါ်သည်။ မြွေ၏ ခန္ဓာကိုယ် အစိတ်အပိုင်းမှ တစ်လက်မ ရှေ့တိုးကိုင် (သို့မဟုတ်) တစ်လက်မ နောက်ဆုပ်ကိုင် ဖမ်းမိပါက ကိုယ့်သေတွင်းကို တူးသည်ဟု ဆိုရ ပေမည်။ အာရုံအထိအတွေ့ကို သိ နေသော မြွေဟောက်က ဖမ်းကိုင်ထား သော ရာမူးလက်ကို ပြင်းထန်စွာပေါက် ကိုက်သည်။

ရာမူးကတော့ ဘာကုသမှုမှ ခံယူခဲ့ပါဘူး။ မြွေဟောက်ရဲ့အဆိပ်က လည်း ဘယ်လိုဖြစ်တယ်မသိ၊ ဘာအရိပ် အယောင်မှ ပြမလာပါဘူး။ ကြည့်ရ သည်ကတော့ မြွေဟောက်ရဲ့ အဆိပ် တွေ သူ့ရဲ့ သွေးကြောထဲကို ဆေးထိုး အပ်နဲ့ ထိုးသလို မရောက်လို့ နေပါလိမ့် မည်။ မြွေဟောက် အကိုက်ခံခဲ့ရလျှင် သေခြင်းတရားကို ရှောင်လွှဲနိုင်မှာ မဟုတ်ပါဘူး။ ရာမူး၏ ဖြစ်စဉ်ကဲ့သို့ တချို့အချိန်များမှာ အဖမ်းခံထားရ သော သဘာဝသားကောင်ဖြစ်ကြသော မြွေတွေမှာ မြွေဆိပ်ကို ဆေးထိုးအပ်နဲ့ ထိုးသလို မကိုက်နိုင်ကြပါ။ ဖြစ်နိုင် တာက မြွေဟောက်တွေမှာ ဖြူစင် သောစိတ်နှင့် လူတွေကို မသေစေလို တာကြောင့်လည်းဖြစ်နိုင်သည်။ အဆိပ် ကို ထိုးသွင်းခဲ့သော်ငြား သေစေလောက် သော အဆိပ်ပမာဏလျော့နည်းတာ ကြောင့်လည်း ဖြစ်ချင်ဖြစ်နိုင်သည်။

တကယ်လို့သာ မြွေဟောက် တွေကလည်း မကြာခဏအကိုက်ခံ သားကောင်တွေအပေါ် အဆိပ်တွေ ဖြန့်ဝေခဲ့တာကြောင့် အဆိပ်ရဲ့ အသွင် ပုံစံတွေက အကိုက်ခံရတဲ့ လူတချို့ပေါ် မှာ အဆိပ်က တက်လာနိုင်ပါဦးမလား။ အကိုက်ခံရတဲ့ လူတချို့အတွက်တော့ လုံးဝ ကုသစရာ မလိုလောက်အောင် နာလန်ထလာနိုင်သည်။ ရာမူးနှင့် ကျွန်ုပ် ဖြေဆေးကိုတော့ ဆိုးရွားစွာ မြွေ ပေါက်ခံရစဉ်တွေမှာ ထိုးဖြစ်အောင် ထိုးပြီး ကုသရပါသည်။

အိန္ဒိယမှာတော့ နားလည်နိုင် ရန် ခက်ခဲနက်နဲသော အသွင်အပြင် အမှတ်လက္ခဏာများ ဖွဲ့စည်းနေသည်။ ၎င်းတို့မှာ သျှီဝ၊ ရာမ၊ မဟာပိန္နဲ သခင် တို့ဖြစ်သည်။ အတိအကျခန့်မှန်း မရတဲ့ နှစ်တွေတုန်းက ကျွန်ုပ်၏ အိမ်အနီး ကားလမ်းမ နံဘေးတွင် ခြပုန်းတောင် ပို့တစ်ခုကို သတိထားမိသည်။ ထို တောင်ပို့၏ ထိပ်ပိုင်းကို အလှပန်းကုန်း တွေဖြင့် သရဖူဆောင်းပေးထားသည်။ လူတွေက ကျွန်ုပ်ကို မြွေဟောက် တစ် ကောင် တောင်ပို့ထဲ ဝင်သွားတာကို တွေ့ခဲ့ကြကြောင်း ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ခြပုန်းတွေ တည်ဆောက်ထားတဲ့ တောင်ပို့ နက်ရှိုင်းသောတစ်နေရာကို မြွေဟောက်က လုံခြုံတဲ့ အိမ်ရာအဖြစ် နေတတ်ကြောင်းကို မကြာခဏ တွေ့ရတတ်သည်။ ထိုကဲ့သို့ တောင်ပို့မျိုးကို အထူးသဖြင့် ဘာသာရေးယုံကြည်မှု အရိပ်အယောင်တစ်ခုအဖြစ် ပေးအပ်လိုက်ကြသည်။

ခြပုန်းတောင်ပို့ကြီး၏ သင်္ကေတမှာ ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်ရာ သျှီဝဘုရား၏ လိင်အင်္ဂါဇာတ်နှင့်တူသည်ဆိုကာ မြွေဟောက်ခိုအောင်းနေသော တောင်ပို့ကို သျှီဝနတ်ဘုရား၏ အထူးဦးစားပေးခံရကြောင်း ဖော်ပြသည်။

မကြာမီတွင် တမီလ်အမျိုးသမီးတစ်ဦးက ရွှံ့ဖြင့်လုပ်သော တံတိုင်းတစ်ခုကို တောင်ပို့ပတ်လည်မှာ လာလုပ်ပါတော့သည်။ သူတို့အုပ်စုတွင်းမှ အမျိုးသမီးတချို့က ပန်းများ၊ ပရုတ်အမွှေးအကြိုင် အဓိက တွဲဖက်ထားသော အရာများနှင့် ဟိန္ဒူရိုးရာထုံးတမ်းစဉ်လာအတိုင်း ကိုးကွယ်ရန် ရောက်လာကြတော့သည်။ တစ်လကြာပြီးနောက်မှာ ဟိန္ဒူဆာဒူးဘုန်းကြီးတစ်ဦး ပေါ်ပေါက်လာကာ ငွေကြေးလှူဒါန်းကြဖို့ နှိုးဆော်ကမ်းလှမ်းခဲ့တာကြောင့် ၆နှစ်၊ ၇နှစ်ကာလ တစ်လျှောက်တွင် ထိုမြွေဟောက်တောင်ပို့ အနီးတစ်ဝိုက်တွင် ဘုရားကျောင်းငယ်တစ်ခု တည်ထောင်ခဲ့သည်။ နောက်ထပ် တိုတောင်းသော ကာလတစ်ခုတွင် ရဲအဖွဲ့မှ အားလုံးကို ဖျက်ဆီးခဲ့သည်။ ဘာကြောင့်ဆိုတော့ အဝေးပြေးလမ်းမကြီး ဖောက်လုပ်ရာတွင် လမ်းမလွတ်ဘဲ အတားအဆီး ဖြစ်နေခဲ့လို့ ဖြစ်သည်။

ခြပုန်းတောင်ပို့များမှာ မကြာခဏ ဤကဲ့သို့ ကြည်ညိုလေးစားသော နည်းလမ်းများရှိခဲ့သည်။ ဒါပေမဲ့ စာရေးသူအဖို့ ဘယ်တော့မှ ဒါတွေကို အတည်ပြုနိုင်မှာ မဟုတ်ပါ။ မြွေဟောက်တစ်ကောင်၏ ကွန်းခိုရာတစ်ခုကို အလေးထားနေစရာမလိုပါ။ ခြပုန်းတောင်ပို့တစ်ခုမှ ထွက်ပေါ်လာသော မြွေဟောက်တစ်ကောင် ဘာတွေ ဘယ်လိုဖြစ်မည်ဆိုတာကို ကျွန်ုပ်မြင်ချင်သည်။ ဓာတ်ပုံလည်း ရိုက်ထားချင်သည်။ ပြီးတော့ စူးစမ်းလေ့လာဖို့ကိုလည်း ကျွန်ုပ်ဆုံးဖြတ်ထားသည်။

ကျွန်ုပ်၏ အိမ်အနီးကပ်လျက် ခြပုန်းတောင်ပို့တစ်ခုကို ရွေးချယ်ခဲ့ပြီးလျှင် ကျွန်ုပ်အပါအဝင် ရွာတွင်းရှိ အမျိုးသမီးအားလုံးသိကြသည့်ကိစ္စကို သေချာအောင် လုပ်ကြည့်ကြမည်။

မွန်းလွဲပိုင်းတစ်ခုမှာ RAMU နှင့် ROM WHITAKE တို့၏ အကူအညီများနှင့်အတူ ကျွန်ုပ်မွေးထားသော အကြီးမားဆုံး မြွေဟောက်တစ်ကောင်ကို ခြပုန်းတောင်ပို့ရှေ့မှ မိန်းမများ၏ အရှေ့သို့ လွှတ်ပေးလိုက်ပါသည်။ ထိုမြွေဟောက်အစွယ်ချိုးမထားတာကို မေးနေစရာတောင်မလိုပါ။ ဘယ်နည်းနှင့်မဆို မြွေတစ်ကောင်ကို နာကျင်စေမည့် အကြံအစည်အစစ်အမှန်နှင့်အတူ RAMU က ထူးခြားသော ဥပမိရှုပ်ရှိသူ တစ်ဦးဖြစ်သည်။ သူက ကင်မရာနှင့် ဝေးဝေးမှရပ်နေကာ မြွေဟောက်၏ လည်ပင်းကို မြဲမြံစွာ ဆုပ်ကိုင်ထားပြီး အမျိုးသမီးများအတွက် အန္တရာယ်မပေါ်ပေါက်အောင် လုပ်ထားသည်။

လူကြီးအနည်းငယ်နှင့် ကလေးများမှာ ဟိန္ဒူရိုးရာကိရိယာအပြည့်အစုံနှင့်အတူ ဆုတောင်းပတ္ထနာပြုရန် အတူတကွ ရောက်ရှိလာကြသည်။ ကျွန်ုပ်တို့က စတင်အားပေးလိုက်ချိန်မှာ ဘာတွေဘယ်လိုဖြစ်လို့ နောက်ထပ် အံ့အားသင့်စရာတွေ ဘယ်လို ရှိလာပါလိမ့်မလဲ။ စောင့်ကြည့်ကြပါစို့။

ROM WHITAKE လက်တွင်းမှ လွှတ်ပေးလိုက်သော မြွေဟောက်ကြီးက မည်သည့်မြွေဟောက်မဆို သဘာဝ၏ တုံ့ပြန်မှုအတိုင်း ဆူညံနေသော လူအုပ်ကြီးကြောင့် အပင်ကြီးအောက် ချုံနွယ်ပိတ်ပေါင်းတွေရဲ့ အကြားသို့ လျှောခနဲ ဆင်းသွားသည်။ ထိုနေရာမှာပင် ကျွန်ုပ်တို့ မြွေဟောက်ကြီး၏ နောက်ပိုင်းသည် သားနားသိုက်မြိုက်လှပါသည်။ အမျိုးသမီးထံ မရောက်မီ ပါးပျဉ်းကိုခွက် ဖြန့်ကားလျက် လျှာနှစ်ခွကိုလည်း ဝင်လိုက် ထွက်လိုက်လုပ်နေသည်။ ဆုတောင်း ပတ္ထနာပြုမည့်သူများကို ကိုက်ရန်သော်လည်းကောင်း ထွက်ပြေးရန်သော်လည်းကောင်း၊ မြွေဟောက်ကြီးက ဘာကိုမှ ကြိုးပမ်းအားထုတ်ခြင်း မဟုတ်ပါ။ ဒီအချိန် ကျွန်ုပ်လက်ထောက် RAMU က ကျွန်ုပ်၏ အင်္ကျီလက်ကို ဆွဲလှုပ်ကာ . . .

"ဆရာရေ ကျွန်ုပ်တို့၏ အမှိုက်သိမ်းသမကြီး MOOTAMA မူးတားမားကို ကြည့်စမ်း။ သူတကယ်ပဲ မြွေဟောက်ကို ရှိခိုး ဆုတောင်းနေပြီ"

သူမရဲ့ ခန္ဓာကိုယ်က ဘေးဘယ်ညာယိမ်းထိုး၍ သူမ၏ မျက်လုံးများကလည်း ပြူးကြောင်လည်ပတ်ကာ ရှိနေသူ ထိုအမျိုးသမီးကြီးက ကျွန်ုပ်တို့နှင့် နှစ်ပေါင်းများစွာ အတူရှိနေသူဖြစ်ပြီး သူတို့ ယုံကြည်ရာ မြွေအရှင်သခင်ကို ရှိခိုးဆုတောင်းနေပါသည်။ လတ်တလောအချိန်တွင်မှာ အခြားသော မိန်းမများကလည်း စတင်ကာ စိတ်ဓာတ်တွေ လှုပ်ရှားပြီး မူးတားမားနည်းတူ ဖြစ်ကုန်ကြတော့သည်။ နာရီပေါင်းအတော်ကြာ ကျွန်ုပ်တို့ ဓာတ်ပုံသမားများလည်း မောပန်းချိန်တိုင်အောင် မြွေဟောက်ကြီးကလည်း ထိုအမျိုးသမီးများ၏ ရှေ့မှောက် လက်မအနည်းငယ် အကွာအဝေးတွင် ခဲရာခဲဆစ် ခွေလိုက် ဆန့်လိုက် ပါးပျဉ်းထောင်လိုက် လျှာထုတ်လိုက် လုပ်နေလေသည်။ ဒါတွေသည် သဘာဝနှင့် ဘာသာတရားအတွက် အထွတ်အမြတ်ထားသော ထိုက်တန်သည့် လက်သင့်ခံမှု တစ်ရပ်အဖြစ် ရှိနေသည်။

ကျွန်ုပ်တို့က မူးတားမားကို ဒီကိစ္စ ရှင်းလင်းဖော်ပြဖို့ရန် မေးတဲ့အခါ သူမက . . .



www.burmeseclassic.com

www.burmeseclassic.com

"ရှင်တို့က ဘာကို သိချင်ကြ[illegible]တယ်"

"ဟုတ်တယ်လေ၊ ကျွန်မတို့က [illegible]ဆုတောင်းတယ်၊ NULLA PAMBU [illegible]ခေါ်တဲ့ ကျွန်မတို့ရဲ့ မြွေနတ်ဘုရား [illegible] ကျွန်မတို့ကို ကိုက်မှာ မဟုတ်ဘူး"

"ကျွန်မတို့အတွက် နျူလာပန် [illegible] မြွေနတ်ဘုရားဆိုတာ သျှိဝဘုရားနဲ့ [illegible]သတ်နေတာကို အထင်အရှား [illegible]နေကြပါတယ်"

"သျှိဝဘုရားကိုယ်တိုင် မြွေနတ် [illegible]ရားနဲ့ အတူတူ ရှိနေတာကြောင့် [illegible]အားဖြင့် ကျွန်မတို့ ဆုတောင်း [illegible]ကြတဲ့အခါ ထိတ်လန့်ကြောက်ရွံ့မှု [illegible]ကြပါဘူး"

အမျိုးသမီးများ၏ အပြုအမူ [illegible]ကို လွယ်ကူစွာ နားလည်ပါသည်။ [illegible]တောင်းဖြစ်နိုင်တာက မြွေဟောက် [illegible] ဝိဇ္ဇစိတ်တွင် ကိုက်မှာလား (သို့ [illegible]) ထွက်ပြေးမှာလား။ ဒီနှစ်ခုထဲ [illegible] တစ်ခုခုကို လုပ်ရမှာပါ။ ဤကဲ့သို့ [illegible]ဆန်းမှုများ၏ အဖြေကတော့ မြွေဟောက်၏ စိတ်နှလုံးကို လုံးဝ မလှုပ်မရှားနှင့် တည်ငြိမ်အောင် လုပ်ထားခြင်း ဖြစ်ပါလိမ့်မည်။ ဒါပေမဲ့ အကြောင်းများစွာထဲမှ အိန္ဒိယလူမျိုးများနှင့် မြွေဟောက်များ သဟဇာတပြု မိတ်ဆွေဖြစ်ကြတာတွေသည် လျှို့ဝှက်သည်းဖိုဆန်နေသည်။ တစ်နှစ်တစ်ကြိမ် ဟိန္ဒူလူမျိုးများ၏ ပွဲတော်ဖြစ်သော မြွေဟောက်ကြီးများကို ပူဇော်ကြသည့် ပွဲတော်ကို NAGA PANCHAMI နဂါးပန်ချမီဟုခေါ်သည်။

SHIRALA ရှီရာလာ ရွာငယ်လေးမှထက်ကို ပိုမိုပြီး အိန္ဒိယအလယ်ပိုင်း၊ အနောက်ပိုင်းဒေသတွေမှာ ပြဇာတ်တွေကပြသည့် နည်းလမ်းတွေ[illegible]တိုင်း ကျင်းပလေ့ရှိကြသည်။ ရွာသားများယုံကြည်ကြပုံမှာ ဟိန္ဒူများအတွက် တစ်ခုတည်းသော ရှေးဟောင်းဆိုင်ရာ အသိဉာဏ်ရှိကြောင်း ထင်ရှားစွာ သျှိဝဘုရားက ခွင့်ပြုအသနားပေးထားသော သတ္တဝါဟု ယုံကြည်ကြသည်။ ဘယ်လို အသိဉာဏ်ရှိကြောင်း ထင်ရှားတာလဲလို့ မေးတဲ့အခါ သျှိဝဘုရားက သူ့ရဲ့တပည့်သားသမီး လူအပေါင်းကို အန္တရာယ်မရှိအောင် လုပ်ပေးတယ်ရယ်လို့ ယုံကြည်ကြသည်။ သျှိဝဘုရားမှ အသနားပေး ခွင့်ပြုထားသော မြွေဟော[illegible]များကို ရှီရာလာ ရွာသားများက အကြောက်အရွံ့ မရှိကြပါ။ ဘာကြောင့်ဆို မြွေဟောက် ဆိုသည်မှာ သျှိဝဘုရား အထိမ်းအမှတ်ဖြစ်နေလို့ပါပဲ။ ဇူလိုင်လအတွင်း၌ နဂါးပန်ချမီ ပွဲတော်နီးလာသည့်အခါတွင် ရှီရာလာ ရွာသားများက မြွေဟောက်တွေ တစ်ပြိုတစ်မကြီးရအောင် တစ်နေကုန် တစ်နေခန်း လယ်ယာမြေများရှိ တွင်းဟောင်း ကလိုင်ဟောင်းများတွင် တူးဖော်ယူကြပြီး သူတို့မြွေဟောက်တွေကို တလေးတစားကိုင်တွယ်ကာ မြေအိုးများတွင် နေရာချပေးလိုက်သည်။ ပွဲတော်၏ မနက်ခင်းတိုင်အောင် အိုးတွေကို အလုံပိတ်ပေမယ့် မြေအိုးတွေက ကျိုးပဲ့အက်ကွဲလွယ်တာမို့ အိမ်တွင်းမှာထားလျှင် သေစေလောက်သော အလား



အသင်တို့၏ လျှင်မြန်သော နှုတ်ခမ်းများကို ကျွန်မတို့က ရဲရဲတောက် ပူလောင်သော နှလုံးသားများနှင့်အတူ ဆုတောင်း[illegible]နာပြုကြပါသည်။ ကျွန်မတို့၏ ရိုကျိုးနှိမ့်ချစွာ မေတ္တာပို့ ကမ်းလှမ်းခြင်းကို ကျွန်မတို့ ဆုတောင်းပြုသူများအတွက် နားထောင်[illegible]ပါဟူ၍ အိန္ဒိယမြွေဟောက်များ၏ ဂုဏ်ပုဒ်များမှ ကဗျာတစ်ပုဒ်ကို ဖတ်ကြားပေးနေပုံ။ သူတို့၏ ကြေးဝါ ကြေးနီ လင်ဗန်းများ[illegible]တာ ကြဖြန့် ကမ်းလှမ်းပေးရန် ပန်းများ၊ သစ်စေ့များ၊ နွားနို့နှင့် အမွှေးအကြိုင်များ ပါရှိသည်။ ပါးပျဉ်းပေါင်ထားသော [illegible]ဟောက်၏ အနောက်ဘက်မှ တခြားမြွေဟောက်တစ်ကောင်ကလည်း အိုးအတွင်းမှ လျှောထွက်ကာ [illegible]စ်အိမ်ပြီး [illegible]အိမ်သို့ နဂါးပန်ချမီ ပွဲအတွက် သယ်ယူကြတော့မည်။ သူတို့ အထွတ်အမြတ်ထားသော တွားသွားသတ္တဝါများကို ကြည်ညို[illegible]စားကြသည့် အမျိုးသမီးတစ်စုက မြွေဟောက် လှမ်းပေါက်နိုင်သော အကွာအဝေးတွင် အလျားမှောက်နေပုံမှာ မြွေဟောက် [illegible]နှာကိုယ်တစ်လျား တစ်ဆန့်မီသည်။ သို့သော် မြွေဟောက်တွေက မတိုက်ခိုက်ကြပါ။


www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်အတွက် မြွေများစု ဆောင်းရှာဖွေကြသည်။တုတ်တစ်ချောင်းနှင့် လယ်ကွင်းရှိ တွင်းကလိုင်ပေါက်တစ်ခုတွင် ထိုးဖောက်မွှေနှောက်ကာ ရှီရာလာရွာမှ မြွေဖမ်းသူတစ်ဦး၏ပုံမှာ မြွေတစ်ကောင်ရှာတွေ့ဖို့ရန် မျှော်လင့်ပုံရသည်။ နဂါးပန်ချမီ၏ ဇာတ်ကောင်တစ်ကောင် ဖြစ်လာမည့် မြွေဟောက်ကို သူ့အိမ်တွင် တယုတယ သိမ်းထားပါလိမ့်မည်။.


အယာရှိနေသည်။ သို့မို့ကြောင့် အေးမြသော အုတ်တိုက်များတွင် သိမ်းဆည်းခဲ့ကြသည်။

ROMU က ကျွန်ုပ်နှင့်အတူ ခရီးရှည်ဝေးကွာလှသော ဒီရွာကလေးကို လာခဲ့ကြသည်။ အဝေးမှ ဗုံတီးသံတွေကြားရသော အသရေတင့်တယ်သည့် ကောင်ကုန်းများကြားရှိ MAHA RASHTRA ပြည်နယ်တွင်း ရွာကလေးပဲ ဖြစ်သည်။ ပွဲတော်စမည့်နေ့ အရုဏ်ဦးမတိုင်ခင် ရွာသားများက အခမ်းအနားအတွက် ရေမိုးချိုးသန့်စင်ပြီးချိန် နေလုံးကြီးလည်း ပေါ်လာချိန် ဆူဆူညံညံ သဏ္ဍာန်များ အားပေးကြွေးကြော်သံများနှင့်အတူ မိုင်ဝက်ခန့်ရှည်လျားသော စီတန်းလမ်းလျှောက်လာသည့် လူစုလူဝေးများနှင့်အတူ သယ်ယူလာသော မြွေပခြုပ် မြေအိုးများ သေးငယ်သော သေတ္တာများ၊ သယ်ဆောင်လာကြသူတွေနှင့် ဆူညံပွက်လောရိုက်နေသည်။ ကြေးမောင်း လင်းကွင်းငယ် သယ်ဆောင်ကြသူ တီးဝိုင်းငယ်တွေနှင့် တသီတတန်းကြီးမှာ လူငယ်များကလည်း ဝင့်ဝင့်ဝါဝါ တောက်ပြောင်ပေမယ့် ချို့ချို့ငဲ့ငဲ့ ဖြတ်ညှပ်ချုပ်လုပ်ထားသော ဝတ်စုံဦးထုပ်များ ဝတ်ဆင်ကြကာ ငှားရမ်းလာသော ကြေးပုလွေ၊ ကြေးခရာ



စည်းဝါးနရီကျကျ ယိမ်းထိုးနေသော မြွေဟောက်များအား နဂါးပန်ချမီပွဲတော်ကို လိုက်ပါလာသူများက ကျောက်စရ မံမှုန်လေးများနှင့် သုပ်သောမြေအိုး (မြွေဟောက်လှောင်ထားသော ပခြုပ်အိုး)ကို မြွေဟောက်များရှေ့တွင် ဖြည်းညင်း ရွေ့မနှောက် ဘယ်ညာ လှုပ်လှုပ်ပေးကြသည်။ အုဘောင်းသူတစ်ဦးမှ ဆန်စေ့များကို မြွေဟောက်တစ်ကောင်ပေါ် ဖြန့် ပေးနေပုံ။ မြွေအမြီးကို ကိုင်ယားကြရင်း မြွေများ၏ လှုပ်ရှားမှုကို ဝါးလုံးတုတ်များဖြင့် ထိန်းထားပေးနေပုံ။

www.burmeseclassic.com



ပန်းတစ်ပွင့်ကို သရဖူဆောင်းထားသော မြွေဟောက်တစ်ကောင်ကို ဆုတောင်းသူတစ်ဦးက ရှိရာလာရွာသူရွာသားများ ရွတ်ဖတ်သီဆိုတီးမှုတ်ကြရာတွင် ခက်ခဲတတ်ထိခိုက် ထကြွမှုခံစားနိုင်ရန် လှူဆော်ပေးနေပုံ။ (အို. . . ပါးပျဉ်းခွက်ဖြန့် ကာပြီး ကြက်အိပ်ငိုက်မျဉ်းနေသူများကို လုံခြုံအောင်စောင့်ရှောက်ပေးပါ) ဟု ရှိသူ၏ ကဗျာတစ်ပုဒ်ပါ စာပိုဒ်နှင့် တာရှည်ကြာသြောင်းခံစားရတဲ့ ဒုက္ခများမှ ငြိမ်းလွတ်မြောက်စေရန် ဆုညံသံကြီးပေးပြီး ကျွန်ုပ်တို့၏ရင်တွင်း ဖြစ် ပါစေသတည်းဟု ဆုတောင်းရွတ်ဆိုကြသည်။

အဖောင်းအမြင်းမျိုးစုံ၏ သံစုံမြည် ခေါက်ကွဲသံတွေ လေထုထဲ ပျံ့လွင့်နေသည်။ ဒါကလည်း မြွေဟောက်တွေအတွက် တစ်နည်းအားဖြင့် ကောင်းသည်။ သူတို့က နားရွက်မပါလို့ မကြားကြဘူးလေ။ လူငယ်အုပ်စုတစ်စု စပ်စပ်စုစုနှင့် တီးဝိုင်းအနောက်ကို ရောက်လာလို့လာသည်။

သူတို့ သယ်ဆောင်လာတာက ကိုင်ရှည် တိုင်ထိပ်တစ်ခုပေါ်မှာ ကြီးမားသော ဖွတ်သတ္တဝါတစ်ကောင် ချိတ်ဆွဲတာ အခမ်းအနားအတွက် စွန်းထင်းစေတဲ့စေတတ်သော ပေါင်ဒါမှုန့် အနီရောင်နှင့် အဆီခဲများကို ရက်ရက်ရောရော ကြဲပက်ကြတော့သည်။ သူတို့ သယ်ဆောင်လာတဲ့ တိုင်များမှာ ရယ်မောစရာကောင်းတဲ့ ပန်းချီ ပန်းပုလက်ရာ ကာတွန်းရုပ်ပြောင်တွေမှာ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်တွေ ဖော်ပြခြင်းနှင့်အတူ ဖွတ်သတ္တဝါတွေကို လက်ဝါးကပ်တိုင် တင်သလို ပြုကာ ခရစ်ယာန်ဘုရားကျောင်းမှ ခမ္ဘေား သံပြိုင်သီဆိုအဖွဲ့ဝင် လူငယ်များသဖွယ် သီဆိုဟစ်ကြွေးကာ စီတန်းလှည့်လည်လာနေကြသည်။

ကျွန်ုပ်တို့ တည်းခိုဆောင်ပိုင်ရှင် မစ္စတာဒါတက်တရာဒ္ဒန်ဒီပိုတီက ကျွန်ုပ်တို့အား ဌာနေထုံးခံတွေကို ပြောကြားပေးသည်။ ဖွတ်ကြီးတွေဟာ အလွန်သန်မာကြသည်။ သယ်နေရာမဆို သူတို့ရဲ့ ခြေနဲ့လက်တွေက မြဲမြဲစွဲကိုင်ထား ဆုပ်ကိုင်ထားနိုင်ကြသည်။ ဒီလို အံ့မှတ်သညာမျိုးကို အတုယူတဲ့ ၁၇ရာစုက ကျွန်ုပ်တို့၏ ဘုရင် SHIVAJI သျှီဝကြီး ဆိုရင် ချည်ထားတဲ့ ကြိုးတစ်ချောင်း ကို မိုးပေါ်ထောင်မြှောက်ပြီး ရန်သူများရဲ့ ခံတပ်အုတ်နံရံတံတိုင်းပေါ်ကို ဖွတ်ကြီးက ပထမဦးစွာ ထောင်မတ်ထားသော ကြိုးပေါ်ကို မြဲမြဲစွာ ဆုပ်ကိုင်တွယ်ဖက်တက်သည်။ သျှီဝကြီးရဲ့ လူများကလည်း ထိုကြိုးအတိုင်း တက်ရောက်နိုင်ကြလို့ ခုခံကြသူ ရန်သူများကို နှိမ်နင်းနိုင်ခဲ့သည်ဟု မစ္စတာဒါတက်ဒါရာဒ္ဒန်ဒီက ပြောခဲ့သည်။

စကားမစပ် သူက ထပ်ဖြည့်ပြောသည်မှာ ဖွတ်ကြီးတွေကို ရက်ရက်စက်စက်ပြုမူဆက်ဆံဘယ်လို့ မထင်ကြပါနဲ့တဲ့။ သူတို့ကို အလွန်ညင်သာစွာ ချည်နှောင်ထားတာပါ။ တကယ်လို့ ခင်ဗျားတို့စောင့်ကြည့်နေနိုင်ရင် ကောင်လေးတွေက ဖွတ်ကြီးတွေရဲ့ ပါးစပ်ကို ဖွဲ့ပြီး ရေတိုက်ပြပါလိမ့်မယ်။ မနက်ဖြန်ဆိုရင် ဖွတ်ကြီးတွေရော မြွေဟောက်တွေကိုပါ ဘေးကင်းစွာနဲ့ ပြန်လွှတ်တော့မှာပါ။ စီတန်းလှည့်လည်ပွဲကြီးလည်း ပြီးပြီ။ ယခုလို နာနာဘာဝ စုန်းနတ်တစ္ဆေနှင့် ပတ်သက်သော နောက်လိုက်နောက်ပါတစ်စုနှင့်အတူ ကျွန်ုပ်ကိုယ်တိုင် အိမ်ကလေးတစ်ဆောင်သို့ လိုက်ပါသွားခဲ့သည်။ ထိုအိမ်ကလေး အတွင်းမှာ ဖွတ်ကြီးတွေကို ချည်နှောင်ခဲ့ပြီး တိုင်အလွတ်များကို ကြီးမားသော ပျဉ်ပြားနံရံတွင် မှီထောင်ထားကြပုံမှာ ဘံမြက်စည်းအမြောက်အမြား မှီထောင်ထားသကဲ့သို့ ဖြစ်သည်။

မြွေဟောက်များ ဘုရားကျောင်းကို ရောက်ခဲ့ပြီးနောက်မှာ သူတို့၏ မြေအိုးတွေထဲမှ မြွေဟောက်များ ထွက်ပေါ်လာသည့်အခိုက်တွင် မြွေဟောက်တွေကို ကိုင်တွယ်ထားသူတွေက ယုံးတမ်းစဉ်လာ ဝတ်ပြု ကိုးကွယ်နည်းအတိုင်း အခမ်းအနား လုပ်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

အမြီးကနေ ကိုင်ထားစဉ်မှာ မြွေဟောက်တွေ၏ တင့်တယ်ပြေပြစ်ဟန်ရှိသော ဦးခေါင်းတွေ မတ်မတ်ထောင်ကာ ယိမ်းယိုင်လှုပ်ရှားကြသည်။ သို့ဝ ဘုရား၏ ဇာတိတော်အဖြစ် နေ့မတိုင်မီ တစ်ကောင်ပြီး တခါကောင်ကို တည်ခင်းပြသထားသည်။ ဘူထပ်သော လူစုလူဝေးကြီးတွေက မြွေဟောက်တွေရဲ့ အပေါ် ဆုတောင်းပတ္တနာပြု တေးသီချင်းများ သီဆို၍ ချော့မော့ကြသည်။ နေ့လယ်ခင်းချိန်မှာ ထုံးထမ်းစဉ်လာ ဝတ်ပြုကိုးကွယ်မှုတွေကို အိမ်တိုင်းမှာ လုပ်ကြသည်။အမျိုးသမီးများနှင့်ကလေးတွေက ပါးပျဉ်းထောင် ယိမ်းထိုးလှုပ်ရှားနေကြသည့် မြွေဟောက်များအပေါ် ဆန်စေ့တွေ အနှံ့အပြားကြဲပက်ကာ နှံ့သာ အမွှေးအကြိုင်တွေကို မီးရှို့ကာ တီးတိုး ဆုတောင်းမှုပြုကြသည်။ ညနေစောင်းချိန်ကျတော့ မြင်းလှည်းငှေ့ နွားလှည်းတွေနှင့် ပင်မရွာလယ်လမ်းကြီးမှာ လှည့်ပတ်လာကြစဉ် လှည်းငှေ့ပေါ်ပါလာသော မြွေဟောက်တွေကိုလည်း ကောင်းစွာ ဖွင့်လှစ်ပြသလာကြသည်။ ညချမ်းရောက်ချိန်မှာ မြွေဟောက်အားလုံးကို မြေအိုးပချုပ်တွင် ပြန်ထားကြကာ နောက်တစ်နေ့နံနက်တွင် မြွေဟောက်တွေ ပြန်လည်လွှတ်ပေးဖို့စောင့်စားရင်း ရွာသားတွေ ကခုန်မြူးကြွ သောက်စားပျော်ပါးကြသည်။

ROMU က မြွေဟောက်များ၏ အဆိပ်ပြင်းထန်သော မြွေစွယ်တွေကို စစ်ဆေးခဲ့ရာတွင် ခြေရာလက်ရာမပျက် သဘာဝအတိုင်း တွေ့ခဲ့ရသည်။ နေ့တာတစ်လျှောက်လုံးမှာ မြွေဟောက်တွေက သူတို့ကို ကိုင်တွယ်သူ အပေါင်း နှင့် နှီးစပ်ရာလူတွေကို ကိုက်ခဲဖို့ အန္တရာယ်ပေးဖို့ ကြိုးစားအားထုတ်ပုံကို လုံးဝ မမြင်ခဲ့ရပါ။ ရှီရာလာရွာက ကလေးတွေ အကုန်လုံး မြွေတွေကို အသက်အရွယ် ငယ်ငယ်တည်းက ထိကြ ကိုင်ကြသည်။ အထူးသဖြင့် အဆိပ်မရှိသော မြွေတွေပါ။ ရွာထဲက လမ်းပေါ်မှာ ကလေးတွေဟာ ချောမွတ်ပြောင်လက်နေသော မြွေတွေကို သူတို့ရဲ့ ပခုံးနဲ့ လည်ပင်း တစ်ဝိုက် တည်တည်ငြိမ်ငြိမ်နဲ့တွဲလောင်းဆွဲထားကြတာကို ကျွန်ုပ်တို့ မကြာမကြာ တွေ့ခဲ့ဖူးသည်။ နောက်ဆိုရင် တဖြည်းဖြည်းနဲ့ တစ်ဆင့်ပြီးတစ်ဆင့် မြွေဟောက်ကြီးများ၏ ခုံညားမှုတွေကို ကျွမ်းကျင်စွာ ယုံကြည်စိတ်ချစွာနှင့် အန္တရာယ်မရှိဘဲ ကိုင်တွယ်ကြတော့မှာဖြစ်သည်။

အိန္ဒိယတစ်ခွင်လုံး မြွေဟောက်ကို ရှိခိုးပူဇော်ကြတာ အမှန်တကယ်ဖြစ်ပါသည်။ ဒါပေမဲ့ မြွေဟောက်သည် ယနေ့ထက်ထိ ကြောက်ရွံ့စရာ သတ္တဝါဖြစ်သည်။ ရှီရာလာ ရွာသားတွေ အတွင်းမှာသာ မြွေကောင်းဖြစ်မှာပါပဲ။ တခြားနိုင်ငံ တခြားအရပ်တွေမှာ မြွေကောင်းဖြစ်ဖို့ဆိုတာ ဘာပဲဖြစ်ဖြစ် ဘယ်သူက ယုံစားရဲမှာလဲ။

**Ref:** National Geographic, September,1970. By Harry Miller.

❐ Mariner ဇော်ဦး




အင်းဂလိုင်ဘိုးဘိုးကြီးနန်း
အကြားအမြင်ဆရာမကြီး
# ဒေါ်ကြည်ကြည်မိုး

စီးပွားရေးတွေ နိမ့်ကျနေသလား။ ငွေကိစ္စ အခက်အခဲကြုံနေသလား။ လုပ်ငန်းကိစ္စ လွဲချော်နေသလား။ အိမ်ထောင်ရေး အဆင်ပြေချင်တာလား။ အိမ်ကယောက်ျား ခြေလှမ်းမှားနေပြီလား။ ပစ္စည်းပျောက်၊ ငွေပျောက်၊ ရွှေပျောက်နေပြီလား။ အတိုက်အခံတွေ ပေါ်နေသလား။ ပြောရေးဆိုရေး ငွေ့ အောင်မြင်ချင်တာလား အလုပ် အမြန်ရလိုတာလား။ ကျန်းမာရေးတွေ ညံ့နေလို့လား။ ဒါတွေဒါတွေ နိမ့်နေတာတွေ မြင့်ဖို့၊ ပိတ်ဘာတွေ ပွင့်ဖို့၊ ခက်နေတာတွေ လွယ်ဖို့ ဆရာမကြီးနဲ့ ဆွေးနွေးဖို့ အချိန်တန်ပြီ။

ဟောခန်းတည်ရာ ❂ အောင်မြေသာယာစေတီတော် တနင်္ဂနွေထောင့် အင်းဂလိုင်ဘိုးဘိုးကြီးနန်း
လမ်းညွှန် ❂ ၂၁၊ ၁၂၅၊ ၁၂၈၊ ၈၆၊ ၃၃၃၊ ၉၆ ကားများစီး၍ ရုံးရှေ့မှတ်တိုင် ဆင်းပါ။

❂ (ပိတ်ရက်မရှိ) ပယောဂ အထူးကုပါသည်။ ❂

ရွှေ့ဖြစ်ဟော မာတ်ဆင် မာတ်ရိုက် ယတြာ အထူးဆောင်ရွက်ပေးသည်။
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

www.burmeseclassic.com



# ရွှေတိုက်စိုး

# အနောက်နန်းမတော် မမြကလေး

အနောက်နန်းမတော် မမြကလေးကို သက္ကရာဇ် ၁၁၇၁ ခုနှစ်တွင် ဖွားမြင်သည်။ အဖမှာ မင်းပျံချီဘွဲ့ခံ မောင်ဦးနှင့် အမိမှာ မယ်အိ ဖြစ်သည်။ မမြကလေး၏ ငယ်မည်မှာ မမြကြူတ် ဖြစ်သည်။

မင်းပျံချီသည် ဘိုးတော်မင်းတရားကြီးလက်ထက်က အိမ်တော်ပါ [illegible]ဖြစ်သော မွန်လူမျိုး ဖိုးထောရာ၏ သား သမိန်ထောရာဇာဘွဲ့ခံ ပုသိမ်မြို့ဝန်၏ ယောက်ဖအရင်းဖြစ်၍ ရေကင်းသား ဇာတိဖြစ်သည်။ ၎င်းမင်းပျံချီ မောင်ဦးကို သာရဝေါ လှေတော်ပဲ့နင်း ခန့်အပ်တော်မူသည်။ ထို့နောက် ဟင်္သာတမြို့နယ် တစ်ပိုက်မှလည်း မောင်ဦးအား ခုံသမာဓိအရာသို့ တင်မြှောက်ထားကြသည်။

ထိုအကြောင်းကို မင်းတရားကြီး ကြားတော်မူ၍ မင်းပျံချီဘွဲ့ ချီးမြှောက်တော်မူခြင်း ဖြစ်သည်။

မမြကြူတ်သည် ငယ်စဉ်အခါကပင် ရုပ်ဆင်းရူပကာယနှင့် အထူးပြည့်စုံ၍ ချစ်စဖွယ်ရှိသဖြင့် အားလုံးက မမြမြဟု ချစ်စနိုးခေါ်ကြသည်။

ဘကြီးတော်ဘုရားလက်ထက် ညီတော် သာယာဝတီမြို့စားမင်းသားသည် ပုသိမ်မြို့သို့ စုန်ဆင်းတော်မူရာ သာရဝေါပဲ့နင်း မင်းပျံချီ၏သမီး မမြကြူတ်ကိုမြင်၍ မေတ္တာရှိသဖြင့် သိမ်းပိုက်တော်မူခဲ့ခြင်း ဖြစ်သည်။

သာယာဝတီမြို့စား မင်းသားကလည်း လွန်စွာချစ်မြတ်နိုးတော်မူသဖြင့် မြကလေးဟူ၍ ယုယကြင်နာစွာ ခေါ်ရာမှ မြကလေးအမည်တွင်ခဲ့လေသည်။

မမြကလေးအား အိမ်ရှေ့မိဖုရားအဖြစ်နှင့် မြှောက်အိမ်တော်၏ အရိုက်အရာကို ခံယူတော်မူသောအခါအိမ်ရှေ့မိဖုရား မမြကလေးအား အနောက်နန်းမိဖုရားအဖြစ် တင်မြှောက်၍ သီရိမဟာသုရတနာ စန္ဒာဒေဝီဘွဲ့ကို ပေးသနားတော်မူသည်။

ထိုအချိန်မှစ၍ အနောက်နန်းမိဖုရား မမြကလေးဟု ကျော်ကြားလာသည်။

ရွှေလောင်းတိုက်ကို စားရမှ ဟင်္သာတမြို့ကို ဖြည့်စွက်စားစေသည်။ အနောက်နန်းမိဖုရား မဖြစ်မီ အိမ်ရှေ့မိဖုရားဘဝ သက္ကရာဇ် ၁၁၉၅ ခုနှစ်တွင် စာဆိုတော်လောကဌ် မယ်တော့ခြေရာနင်းမည့် သမီးတော် လှိုင်ထိပ်ခေါင်တင်ကို ဖွားမြင်သည်။

မမြကလေးသည် ငယ်ရွယ်စဉ်ကပင် တေးသီချင်းကြီးများနှင့် ကဗျာ၊ လင်္ကာ၊ ရတုရကန်၊ ချေင်းများကို ကြိုးစားအားထုတ် သင်ကြားလေ့လာခဲ့သူ ဖြစ်သဖြင့် သီချင်းကြီးများကို သံနေသံထားဖြင့် စည်းဝါးကိုက် သီဆိုနိုင်လေသည်။

အိမ်ရှေ့မိဖုရားဖြစ်စဉ် မောင်တော် သာယာဝတီမြို့စားသည် မိဖုရားငယ်များနှင့်သာပျော်ပါး၍ မိမိအဆောင်တော်သို့ မကူးဘဲရှိနေလေရာ မောင်တော်အား တမ်းတ၍ ရှိစုံရွှက်ကြာချီပတ်ပျိုးကို ရေးသား စပ်ဆိုခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အနောက်နန်းမိဖုရား ဘဝသို့ ရောက်သည့်အခါ၌လည်း မောင်တော် သာယာဝတီမင်းမှာ ယခင်က အတိုင်း ပင် အပျော်အပါးကြူး၍ မမြကလေး အား မေ့လျော့နေတတ်သောကြောင့် မောင်တော်အား တမ်းတနေဟန်ကို ပေါ်လွင်အောင် ပြာပြာညိုရောင် မှိုင်း တလဲ့လဲ့ ချီပတ်ပျိုးကို ရေးသားဖွဲ့ဆို တော်မူခဲ့လေသည်။

မမြကလေး၏ သီချင်းအဖွဲ့အနွဲ့ များမှာ လွန်စွာနူးညံ့သိမ်မွေ့၍ နားဆင် ရသူတို့၏ စိတ်နှလုံးကို ထိခိုက်စေသည်။ ဖွဲ့နွဲ့ခဲ့သမျှသော သီချင်းဂီတများတွင် မောင်တော် သာယာဝတီမင်းကိုသာ ရည်စူးတမ်းတသည့်အဖွဲ့တို့ ပိုများလေ သည်။

မောင်တော်ကို ချစ်ခင်မြတ်နိုး လှသည့် အားလျော်စွာ မောင်တော် သာယာဝတီမင်း ပျင်းရိငြီးငွေ့သည့် အခါများ၌ မိမိကိုယ်တိုင်တေးကဗျာများ သီဆိုဖွဲ့နွဲ့၍ ဖြေဖျော်ခဲ့ရလေသည်။

တစ်ခါတွင် အနောက်နန်းမိဖုရား မမြကလေးအား မောင်တော် သာယာ ဝတီမင်းက အမျက်တော် ရှသဖြင့် အကျဉ်းချထားလေရာ မောင်တော် အမျက်တော်ပြေစေရန် ချစ်သမျှကို ချီပတ်ပျိုးကို ရေးသားဆက်သွင်း တော်မူမှ ဘုရင်မင်းမြတ်က သနားတော် မူ၍ အကျဉ်းမှ လွှတ်တော်မူသည်။

တစ်ခါတစ်ခါတွင် လောကကြီးကို ငြီးငွေ့လှသဖြင့် ဝတ်ကြောင်ကို ဖယ်လို ကြောင်း မမြကလေးက စာစပ်၍ ညည်း တတ်သေးသည်။

မမြကလေးမှာ ရုပ်ရည်ချော၊ သဏ္ဌာ ရုံပါ စွယ်စုံပြည့်ဝသူဖြစ်သဖြင့် မောင် တော်သာယာဝတီမင်းက လွန်စွာ ချစ် မြတ်နိုးတော်မူရာ နန်းတွင်းစာဆိုအဖြစ် ကျော်ကြားခြင်းနှင့် ချစ်ခင်သနားခြင်း ကို မနာလို မရှုဆိတ်ဖြစ်နေသူများက အချက်ရှာနေကြလေသည်။

၁၂၀၇ ခုနှစ်တွင် မမြကလေး သည် ပြည်မင်းသားနှင့် ကြံရာပါ ဖြစ် သည်ဟု မနာလိုသူများက ကုန်းချော လျှောက်ထားသော စကားကို သာယာ ဝတီမင်း ယုံတော်မူသဖြင့် အမျိုးသမီး စာဆိုတော်မမြကလေးမှာ အသက် ၃၆ နှစ်အရွယ်တွင် ရာဇဝတ်ဘေးသင့်ကာ ကံကုန်ရရှာလေသည်။

အမှန်မှာ သာယာဝတီမင်း၏ သားတော်ဖြစ်သော ပြည်မင်းသားက မိထွေးတော် အနောက်နန်းမတော် မမြကလေးထံမှ မိမိသားတော်များ ရှင်ပြုမှာမို့ အဆောင်တော်မှ လှပ ဆန်းကြယ်သော ပစ္စည်းများ ငှားရမ်း ယူဆောင်သွားသည်ကို သာယာဝတီ မင်း၏ သားကြီးဖြစ်သူ ပုဂံမင်းသားက သာယာဝတီမင်း ဖျော့ကျန်းမမာဖြစ်၍ သတိတော်လစ်ကာ စိတ်နောက်ကျိ နေချိန်တွင် နန်းမတော်မမြကလေးနှင့် ညီတော် ပြည်မင်းသားတို့ ပုန်ကန်ဖို့ ကြံစည်နေကြောင်း အထင်အမြင် လွဲ အောင် သံတော်ဦး တင်လိုက်သော ကြောင့် ဖြစ်လေသည်။

အသက်ခံရမည့်ဆဲဆဲတွင် အာ ဏာသားတို့အား လောကမံ ရှစ်ပါး ဘုရားဟောရာ ချီသံဝေဂ တေးထပ်ကို စပ်ဆို၍ တရားပြခဲ့သေးသည်။

ဤသို့ သေအံ့မူးမူး၌ သံဝေဂ တေးထပ်ကို စပ်ဆိုနိုင်ခဲ့ခြင်းကို ထောက် ဆသဖြင့် မမြကလေးသည် မည်မျှ တရားပြည့်ဝသူ၊ ရဲရင့်သူ အမျိုးသမီးဖြစ် ကြောင်း သိနိုင်သည်။

မင်းခစား ကမ်းနားသစ်ပင် ဆို သော စကားအတိုင်း မမြကလေး၏ အဖြစ်ကား သတိသံဝေဂရစရာကောင်း လှပေသည်။

❒ ရွှေတိုက်စိုး



"သားတို့၊ သမီးတို့ကို ဖေဖေ ဘယ်လို သင်ထားသလဲ၊ သူများ အိမ် ခေါ်သွားရင် ဣန္ဒြေရရနေကြ၊ မုန့်တွေ ဘာတွေကျွေးရင်လဲ နင်းကန် မစားကြ နဲ့လို့ သင်ထားတာ ဘယ်နှခါရှိနေပြီလဲ အခု ကြည့်ပါဦး၊ မောင်နှမနှစ်ယောက် မုန့်တွေ တွယ်ထားလိုက်ကြပုံက၊ နေပါ ဦး၊ မင်းတို့ကို ဖေဖေတို့က မကျွေးဘဲ ထားလို့လား"

"ဟုတ်ဘူးဖေဖေ၊ အဲဒီဘွားဘွား ကြီးက စားကြဆိုလို့"

"ဟဲ့၊ စားဆိုတိုင်း ပြောင်သလင်း ခါတဲ့အထိ စားပစ်ရသလား၊ တစ်ခု တလေဆို ထားပါတော့၊ အခုတော့ဗျာ အံ့ပါရဲ့၊ မင်းတို့လုပ်ပုံက မိဘတွေမှာ ဘယ်လောက်သိက္ခာ ကျလိုက်သလဲ ဟာကယ့်ကို ဆုံးမသွန်သင်မှု မရှိတဲ့ အတိုင်းပါပဲဗျာ . . . ဟင်း"

ခြံထဲလှမ်းဝင်လိုက်သည့် ကျွန်မ အိမ်ထဲမှ ပြောဆိုနေကြသော အသံတို့ ကြောင့် တုံ့ခနဲဖြစ်သွားရ၏။ အစ်ကိုကြီး နှင့် သူ၏သားအကြီးကောင် တတိယ တန်းကျောင်းသား မောင်မြတ်မင်းထွန်း တို့ အပြန်အလှန် ပြောဆိုနေကြခြင်း ဖြစ်လေသည်။

မည်သည့် အကြောင်းကိစ္စတွေ ကြောင့် အစ်ကိုကြီးကိုသန်းထွန်း သူ့ သားသမီးနှစ်ယောက်ကို ဆူပူကြိမ်း မောင်းနေမှန်းတော့ မသိရသေး။ အိမ် ထဲ လှမ်းဝင်လိုက်သည့် အခါမှာတော့ တူလေးမောင်မြတ်မင်းထွန်းနှင့် တူမ လေး ဧသူထွန်းတို့ နှစ်ယောက်တို့ ငေးခန်းထိုင်ခုံပေါ်တွင် မျက်နှာငယ် လေးများဖြင့် ကုပ်ကုပ်ကလေးထိုင် ကြသည်ကို တွေ့လိုက်ရ၏။





www.burmeseclassic.com

ကျွန်မကို မြင်လိုက်သည်နှင့် ...နှာလေးများတွင် အပြုံးရိပ် ...ကိုယ်စီထင်လာလေသည်။ သူတို့ ...ကျွတ် အားကိုးရာတစ်ခုဟု သဘော ...ပြီး ကျွန်မ ရှိရာ. ပြေးလာကြ၏။ ...ချို့ ထည့်ယူလာသော စတီးချိုင့် ...အပေါ်တင်လိုက်ကာ ကလေးနှစ် ...ယောက်ကို ဆီးဖက်လိုက်ရသည်။

"ဘာဖြစ်တာလဲ အစ်ကိုကြီး၊ ...လေးတွေက ဘာလုပ်ကြလို့လဲ"

"ဘာလုပ်ကြသလဲ သိချင်ရင် ...တို့အမေ မေးကြည့်ဟေ့၊ ငါတော့ ...ပွန်းလို့ မပြောချင်ဘူး"

အစ်ကိုကြီးက ပြောပြောဆိုဆို ...ရှေ့ထွက်လေသွား၏။ အရှက်ရ ...အောင် ဒီကလေးနှစ်ယောက် ဘာအပြစ်တွေများ ပြုလုပ်ထားကြလေသည်မသိ။ ကျွန်မလည်း အဝတ်အစားလဲနေသော ဖော်ာက်မဖြစ်သူကို ကြည့်ကာ မေးလိုက်ရပြန်၏။

"မမ၊ ကလေးတွေက အရှက်တောင် ရလောက်အောင် ဘယ်လိုအပြစ်တွေများ လုပ်ထားကြလို့တုံး"

"ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးဟယ်၊ သူ့ဘာသာ ရေးကြီးခွင်ကျယ်လုပ်နေတာပါ။ ကလေးပဲ မုန့်စားတာများ ဘာဖြစ်သေးတုံး"

"အေးလေ၊ ဘာမုန့်တွေများ စားလို့ ကလေးတွေကို ဆူပြောနေတာလဲ"

"ဒီလိုဟေ့၊ နင့်အစ်ကိုက အလုပ်ကိစ္စတစ်ခုအဆင်ပြေလို့ သူ့ ဆရာအိမ် ဘာလေးညာလေး သွားကန်တော့ကြတာ၊ မုန့်များချပ်နေရင် အခက်ဆိုပြီး သူတို့ပါ ခေါ်သွားလိုက်တာလေ"

"ဪ"

"ဟိုအိမ်က ဂျေဒိုးနပ်နဲ့ စတော်ဘယ်ရီအအေး ကျွေးတယ်၊ ဆရာကတော်ကလဲ ကလေးနှစ်ယောက်ကို စားကြလေ၊ စားကြလေနဲ့ ဂရုတစိုက် ကျွေးနေတာဆိုတော့ နင့်တူ၊တူမတွေက စားကြတာပေါ့၊ နင်သိတဲ့အတိုင်း ဂျေဒိုးနပ်ဆိုတာက သူတို့သိပ်ကြိုက်တဲ့ အစားအစာလေ၊ အိမ်မှာစားရင်လဲ ဘယ်တုံးက တစ်ခုနဲ့ဝဖူးလို့လဲ၊ အဲဒါ လူကြီးတွေ စကားပြောနေတဲ့ တစ်ချိန်လုံး သူတို့နှစ်ယောက်က မုန့်လေး စားလိုက်၊ အအေးလေးသောက်လိုက်နဲ့လေ"

"အဲဒီတော့ ဘာဖြစ်ကုန်ကြတုံး"

"ဘာမှတော့မဖြစ်ပါဘူး၊ သူတို့စိတ်ကြိုက် စားပစ်ကြလို့ ပန်းကန်ပြားပဲ ကျန်တော့ရုံပါ၊ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ပြောဆိုနေရာကနေ အဲဒါကို နင့်အစ်ကို မြင်သွားတော့ ရှက်လို့တဲ့၊ ဇောချွေးတွေပြန်လာပြီး အိမ်လဲရောက်ရော ကလေးနှစ်ယောက်ကို လှိမ့်ဆူတော့တာပဲဟေ့"

"ဒါများ ဆူစရာမှ မဟုတ်တာ၊ အာနာနေရမယ့် သူစိမ်းတွေလဲ မဟုတ်ဘူး၊ ဟိုက စားစေချင်လို့ ကျွေးပါတယ်ဆိုမှ ကလေးဆိုတာတော့ စားခိုင်းရင် စားမှာပဲလေ"

"အေးလေ. . . အဲဒါပေါ့၊ ဘာမဟုတ်တဲ့ဟာကို ပြဿနာရှာနေတာ၊ ပြန် ရောက်ကတည်းက တတွတ်တွတ်နဲ့လေ၊ အခု နင်ရောက်လာပေလို့သာ ကလေးတွေ သက်သာရာရတာ"

"ကိုယ်တွေလဲ ငယ်ရာက ကြီးလာတာ၊ ကလေးတွေရဲ့သဘာဝကို ကောင်းကောင်းကြီးနားလည်ရမှာပေါ့၊ဒီကလေးတွေက ကျွေးထားတဲ့မုန့် ကုန်အောင် စားချုံစားတာ၊ ပန်းကန်ခွဲပစ်တဲ့အဆင့် မရောက်သေးဘူး'

"ဘာရယ်ဟဲ့၊ ပန်းကွန်ခွဲပစ်တဲ့ အဆင့်ဆိုတာ ဘာကိုပြောဘာလဲ"



ယဉ်ဘဝသို့ တမ်းချင်း

သစ္စာဦး(ဇေယျာမြေ)



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

"ပြောပြမယ်လေ၊ သူများ အိမ်ဧည့်သည်သွားလုပ်ပြီး အားမနာ ပါးမနာ ပန်းကန်တောင် ခွဲပစ်တဲ့အထိ သောင်းကျန်းခဲ့ကြတာ၊ ဘယ်သူတွေလဲ ဆိုတဲ့အကြောင်း"

*

အစ်ကိုတွေကြားတွင် ကြီးပြင်းလာရသူဖြစ်နေ၍လားတော့မသိ။ကျွန်မ၏ပြောပုံဆိုပုံ နေပုံထိုင်ပုံတို့က သိမ်မွေ့နူးညံ့ခြင်း အလျှင်းမရှိသည်ကတော့ အမှန်ပင်။ ကြည့်လိုက်လျှင် ယောကျ်ားလေးတစ်ယောက် ပုံစံနှင့်မခြား ရှိနေ၏။ ဝတ်ဆင်သည့်အဝတ်အစားတို့ကလည်း အစ်ကိုတွေနှင့်တစ်ပုံစံတည်း။ ခေါင်းက ဆံပင်ကို ကြည့်ဦးမလား။ ယောကျ်ားလေးများထားသောဆံပင်ပုံစံ။

အစ်ကိုများနှင့် ဖက်ပြိုင်ကာ နေပူမရှောင်၊ မိုးရွာမရှောင် ဆော့ကစားထားသည့်အတွက် အသားအရေက မည်းရုံအပြင် ပြာနေလိုက်သေး၏။ ဒီကြားထဲ ပါးစပ်နှင့် အစားပြတ်သည်ဟု မရှိသလောက်ဖြစ်ခြင်းကြောင့် ခန္ဓာကိုယ် အနေအထားမှာ ဝတုတ်နေလေသည်။ အားလုံးခြုံကြည့်မည်ဆိုက ခွတီးခွကျနှင့် အတော်ကြည့်ရဆိုးမည့် ပုံပန်းသဏ္ဌာန် တစ်ခုပင်။

မောင်နှမ သုံးယောက်က တစ်ယောက်နှင့်တစ်ယောက် နှစ်နှစ်ကြီး၊ နှစ်နှစ်ငယ်။ မိဘများက အကြိမ်ကြိမ် ပြောဆိုဆုံးမသည်။ ကိုယ့်ထက်တစ်နေ့ တစ်ရက် တစ်မနက်ကြီးသူကို ရိုသေလေးစားရမည်။ ငယ်သူကို သနားညှာတာရမည်ဟူ၍ ဖြစ်၏။ သို့သော်လည်း ယောင်လို့တောင် မလိုက်နာကြ။ ဆော့ကစားရင်း အခန့်မသင့်လျှင် အော်ကြဟစ်ကြ၊ ထုကြရိုက်ကြနှင့် မေမေတောင် လက်မြှောက် အရှုံးပေးထားရသည် အထိပင်။

ကျောင်းပိတ်ရက် ရောက်တိုင်း မေမေတစ်ယောက် ကောင်းကောင်း မစားနိုင်။ နေ့လယ်နေ့ခင်း တစ်ရေး တစ်မောမအိပ်နိုင်။ သစ်ပင်ပေါ်မှ ပြုတ်ကျမလား။ ခေါင်းပေါက်မလား။ လက်ကျိုးမလား စိုးရိမ်သောကဖြင့် ဘုရားတ,နေရရှာ၏။ ထိုသို့ဖြစ်မည်ဆိုလည်း ဖြစ်စရာပင်။ တစ်နေ့တစ်နေ့ သူ့သားသမီးများက ပြဿနာ ကြီးကြီးကျယ်ကျယ် မဟုတ်တောင် အသေးအဖွဲ လောက်ကတော့ဖြစ်တတ်သောကြောင့် ဖြစ်လေသည်။

တစ်နေ့ မေမေ သူ့မိတ်ဆွေ တစ်ယောက်အိမ်သို့ သွားရန် အကြောင်းပေါ်လာလေသည်။ ပြောင်းဆန်အောင် ဆော့ကြသောသူ့သားသမီးများကိုလည်း သူမရှိဘဲ အိမ်တွင်မထားခဲ့ရဲ။ သားသမီး သုံးယောက်နှင့် သွားဖို့လာဖို့ဆိုသည်ကလည်း အတော်မလွယ်လှသည့်ကိစ္စ။

သို့သော်လည်း အိမ်တွင်ထားခဲ့သည်နှင့်စာလျှင် သူ့မျက်စိရှေ့ ရှိနေခြင်းက တော်သေးသည်ဟု သဘောထားကာ သူ့မိတ်ဆွေအိမ် ခေါ်သွားဖို့ပြင်၏။ အိမ်မှမထွက်ခင် ကြိုပြီးသတိပေးထားလေသည်။

"သားတို့ သမီးတို့၊ သူများအိမ်ရောက်ရင် ဣန္ဒြေရရနေကြနော်၊ လူရှေ့သူရှေ့ မပြောရစေနဲ့၊ ဟိုဟာကိုင်၊ ဒီဟာကိုင် မလုပ်နဲ့နော်၊ မုန့်တွေဘာတွေ ကျွေးလဲ ကိုယ့်အိမ်မှာစားသလို နင်းကန်စားမနေကြနဲ့၊ ပြောတာနားလည်လား"

"နားလည်ပါတယ်"

"ဟုတ်ကဲ့"

"ဟိုက ဘာကျွေးမှာမို့လဲ မေမေရဲ့"

"ဟဲ့ . . . ဘာကျွေးမလဲဆိုတာ ဘယ်သိမတုံး၊ ကျွေးရင် အငမ်းမရမစားကြနဲ့လို့ ကြိုပြောထားတာ၊ သားတို့ သမီးတို့ ဒီအိမ်က ထမင်းစားခဲ့ပြီးပြီလို့ ပြော ကြားလား"

"ဟုတ်ကဲ့ပါ"

သားသမီးများနှင့် အရင်ပြေလည်အောင် ညှိနှိုင်းပြီးသည့်နောက် မေမေ့မိတ်ဆွေအိမ်သို့ထွက်ခဲ့ကြ၏။ ဒေါ်လေးခင်က မေမေနှင့် ကျောင်းနေဖော် ငယ်သူငယ်ချင်း ဖြစ် သည်။ ယခုလည်း နှစ်ယောက်သားတိုင်ပင်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုတွင် ငွေရင်းထည့်ဝင်ထားသူများ ဖြစ်ကြ၏။

သူငယ်ချင်း သားအမိတစ်စုရောက်လာသည့်အတွက် ဝမ်းမြောက်ဝမ်းသာကြိုဆိုပြီး စားသောက်စရာများနှင့် ကျွေးမွေးဧည့်ခံလေသည်။ လက်ဖက်သုပ်၊ ရေနွေးကြမ်းနှင့် မုန့်များ။ မုန့်မှာ တစ်ခုတစ်ခု လက်သီးဆုပ်ပမာဏလောက်ရှိသော စမူဆာကြီးများ ဖြစ်၏။

"စားကြလေ . . ကလေးတို့ရဲ့၊ စားကြ စားကြ"

ဒေါ်လေးခင်က မေမေနှင့် စကားလက်ဆုံကျနေရာ၊ ခဏရပ်ကာ ကျွန်မတို့ကို လှမ်းပြောလေသည်။ မုန့်ပန်းကန်များကိုလည်း ပို၍နီးအောင်တိုးပေးလိုက်သေး၏။ ကျွန်မတို့မောင်နှမ သုံးယောက်ကတော့ စားသောက်စရာတို့ကို လက်ဖျားနှင့်တောင် မတို့ကြ။

"သားလေးတို့၊ သမီးလေးတို့ စားကြလေ၊ ဘာလဲ ဒါတွေ မကြိုက်လို့လား"

"ဟုတ်ဘူး၊ သားတို့က မဆာပါဘူး"

"အိမ်ကနေ ထမင်းစားလာခဲ့တယ် သားတို့က"

"မေမေက ဘာကျွေးကျွေး မစားရဘူးတဲ့"

"ဟဲ့"

သူ့သားနှစ်ယောက် ပြန်ဖြေလိုက်သည့် စကားတို့ကိုနားထောင်ပြီး မေမေတစ်ယောက် သဘောကျစွာ ပြုံးနေသော်လည်း နောက်ဆုံး ပြောလိုက်သော ကျွန်မစကားကို ကြားလိုက်ရသည့်အခါမှာတော့ အပြုံးဟူသမျှ ကွယ်ပျောက်သွားကာ ပါးစပ်မှ 'ဟဲ့'ခနဲထအော်၏။ ကျွန်မကိုလည်း မမီမကမ်းနှင့် လှမ်းဆိတ်ဆွဲလိုက်လေသည်။

"ဟော, မရင်မေကလဲ ကလေး တွေကို ဘယ့်နှယ်ကြောင့် [illegible]ရတာ

www.burmeseclassic.com

သူစိမ်းအိမ်လဲ မဟုတ်ဘဲနဲ့များ၊ စားကြ ကလေးတို့၊ ဒေါ်လေး စားစေချင်လွန်းလို့ ကျွေးတာ၊ ကြောက်မနေနဲ့၊ ကလေးတို့ မေမေနဲ့ လေးတို့ဆိုတာ ညီအစ်မအရင်း လိုပါပဲ၊ ဘာမှ အားနာစရာမရှိဘူး၊ စားကြလို့ ပြောလိုက်စမ်းပါ မေရယ်၊ ရှင် မပြောရင် ဒီကလေး စားရဲကြမှာမဟုတ်ဘူး၊ အမယ် . . . လိမ္မာရေးခြားရှိလိုက်ကြတဲ့ လေးတွေ၊ အမေမှာတဲ့ ဆန်တစ်ခွဲ၊ တ်နဲ့မလဲဆိုတဲ့ စကားအတိုင်းပါပဲ တော်"

ဒေါ်လေးခင် ပြောလိုက်သည့် ကြောင့် မေမေလည်း မနေနိုင် ။ ကျွန်မတို့ကို ခွင့်ပြုလိုက်ရလေ သည်။

"ကဲ ကဲ၊ စားကြ စားကြ၊ အောက် ဘာတွေ ပေပွမနေစေနဲ့နော်၊ တမ်းရှိရှိစားကြ"

နဂိုကတည်းက စားချင်နေသော များ မေမေ့ထံမှ ခွင့်ပြုချက်လည်း တိုင်ပင်ထားသည့်အလားစမူဆာ န်းကန်ထဲ ပြိုင်တူလက်နှိုက်ကာ ဆာတစ်ခုစီ ယူထားလိုက်ကြ၏။ ကိုတော့ နေ့တိုင်းလိုလိုစားနေ ည့်အတွက် သုံးယောက်စလုံး စိတ် စားကြ။

ကျွန်မတို့ကို မုန့်ပန်းကန်များ ထိုး ထားပြီး နှစ်ယောက်သား ရေပက် င်အောင် ပြောဆိုနေကြလေသည်။ ပြောဖို့ဆိုဖို့ ဘယ်အချိန် ကတည်းက ည်ထားကြလေသည် မသိ။

ကိုယ်စီ ယူထားသော စမူဆာ ကုန်သွားသူက ကိုလတ်။ တကယ် ဆိုလျှင် ကလေးတစ်ယောက်အနေ ထိုစမူဆာ မုန့်ကြီးတစ်ခုစားရုံဖြင့် င့်သည်။

ကိုလတ်ကတော့ တင်းတိမ်သေး မပေါ်။ သူ့ဘယ်ဘက် ဘေးနားတွင် ထိုင်ကာစားနေသည့် အစ်ကိုကြီးကို တိုးလေး လှမ်းပြော၏။

"ဟော့ကောင် အစ်ကိုကြီး၊ ငါ စား ချင်သေးတယ်ကွ"

"မင်းကလဲ လွန်တယ်၊ ထပ်ယူလို့ မေမေ ဆူနေဦးမယ်"

ပြောလို့သာ ပြောသည်။ အစ်ကို ကြီးမျက်လုံးများက စကားပြောဆိုနေ ကြသော မေမေတို့နှစ်ယောက်ကို ကြည့် လိုက်၊ ပန်းကန်ထဲမှ စမူဆာများကို ကြည့်လိုက်နှင့် ဖြစ်နေလေသည်။ သူ့ လက်ထဲမှ တစ်လုတ်စာမျှသာ ကျန် သော စမူဆာလေးကိုလည်း ပါးစပ်ထဲ ထည့်လိုက်၏။

ကလေးတွေအကြောင်း ကောင်း ကောင်းနားလည်ပုံရသည့် ဒေါ်လေး ^^က စကားပြောနေရာမှ ခဏရပ် လိုက်ပြန်ကာ လှမ်းပြောလေသည်။

"သားတို့ သမီးတို့ စားကြနော်၊ ဒေါ်လေးတို့ကတစ်ခါတလေမှ တွေ့ရ တာဆိုတော့ စကားတွေ အမျှင်မပြတ် ပြောနေကြတာ၊ ကလေးတွေတောင် ပျင်းများပျင်းနေသလား မသိတော့ပါ ဘူး၊ မုန့်တွေ အများကြီးကျန်သေးတယ်၊ စားကြဦးလေ"

"အို့ တော်ပြီ၊ သူတို့ကို ထမင်း ကျွေးလာခဲ့ပြီးသား၊တော်ကြတော့"

"ဘယ့်နှယ် တော်ရမှာလဲ၊ ဒီ အရွယ်လေးတွေက စားနိုင်တဲ့ အရွယ်၊ စားသာစားကြကလေးတို့ ဒေါ်လေးက ကလေးတို့အတွက် ရည်ရွယ်ပြီး ဝယ် ထားတာ"

ဒေါ်လေးခင်က ပြောပြောဆိုဆို ပန်းကန်များကို ကျွန်မတို့နှင့် ပိုနီးသွား စေရန် စားပွဲစွန်းသို့ တိုးပေးလိုက်၏။ အခွင့်အရေးကို လက်လွတ်မခံကြ၊ သူတို့က အစ်ကိုကြီးနှင့်ကိုလတ်။ မေမေ အံကြိတ်ပြနေသည်ကိုပင် မမြင်ဟန်ပြု ကာ မုန့်တစ်ခုစီ ခပ်သွက်သွက်နှိုက်ယူ လိုက်ကြ၏။

ကျွန်မကလည်း ဒါမျိုးတော့ အရှုံး မခံ။ ဖြည်းဖြည်းချင်း စားနေသော မုန့်ကို အမြန်စားပစ်လိုက်ပြီး အစ်ကို တွေနည်းတူ နောက်ထပ်တစ်ခု ထပ်ယူ လိုက်သည်။ ဤတွင် ပြဿနာက အစ ပြုလေတော့၏။ ပန်းကန်ထဲ ဒေါ်လေး ခင် ထည့်ပေးထားသော စမူဆာက ခုနစ်ခု။

သုံးယောက်သား နှစ်ခုစီ ယူစား လိုက်သည့်နောက် ပန်းကန်ထဲတွင် စမူ ဆာတစ်ခုသာ ကျန်တော့သည်။ ညီတူ ညီမျှ တစ်ခုစီ ထပ်ယူရန် မဖြစ်တော့။ မလောက်မငဖြစ်နေ၍ ကျန်မုန့်တစ်ခု ကို ပန်းကန်ထဲ နေရာမပျက်ချန်ထားခဲ့ ဖို့လည်း မည်သူမျှ ဆန္ဒရှိကြလိမ့်မည် မထင်။

အကြောင်းမှာ သုံးယောက်စလုံး လက်ထဲရှိ မုန့်ကို စားနေလျက်နှင့် ပန်းကန်ထဲမှ မုန့်ကို မျက်ခြည်ပြတ်မခံ ကြည့်နေကြသောကြောင့်ပင်။

စားလက်စ စမူဆာကို အရင်ကုန် အောင်အမြန်စားပြီး လက်သွက်သည့် ကိုလတ်က ပန်းကန်ထဲမှ တစ်ခုတည်း သော စမူဆာကို အရင်လှမ်းကိုင်၏။

သူ့လက်ပြန်မရုပ်သေးခင် အချိန် လေးမှာပင် အစ်ကိုကြီး၏ လက်တစ် ဖက်က မြင်နေရသည့် စမူဆာထောင့် စွန်းတစ်ခုကို ဆွဲဖိထားလိုက်သည်။

"ဟာ. . . အစ်ကိုကြီး ငါ အရင် ကိုင်ကာ လွှတ်"

"ဘယ်ရမလဲ၊ ငါလှမ်းယူတာလဲ တစ်ချိန်တည်းပဲ၊ မလွှတ်ဘူးကွ"

"မင်းတို့ချည်း မဟုတ်ဘူးနော်၊ ငါလဲ အဲဒီမုန့်နဲ့ ဆိုင်တယ်"

"ဟဲ့ ဟဲ့ ကလေးတွေ၊ ဘယ်လို ဖြစ်နေကြတာလဲ၊ ကလေးတွေ"

အစပိုင်းတော့ တိုးတိုးတိတ်တိတ် ပြောဆိုနေကြခြင်းပင်။ တဖြည်းဖြည်း အသံကျယ်လာသည့်အတွက် လူကြီး နှစ်ယောက် စကားပြောဆိုနေကြရာမှ လှည့်ကြည့်၏။

စမူဆာတစ်ခုပေါ် လက်သုံးဖက် ပြိုင်တူအုပ်၍ လုနေကြသော သားသမီး သုံးယောက်အဖြစ်ကို မြင်လိုက်သည့် နောက် တဟဲ့ဟဲ့နှင့် မေမေ အလန့် တကြား ထအော်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပင် အော်နေစေကာမူ ကျွန်မတို့ ဂရုစိုက်မနေနိုင်ကြတော့။

"အစ်ကိုကြီးနဲ့ထွေးထွေး၊ လွှတ်လို့ ပြောနေတယ်နော်၊ ငါဆွဲယူလိုက်လို့ ခိုက်မိရင် မပြောကြနဲ့"

"အောင်မာ၊ ဘာလို့လွှတ်ရမှာ တုံး၊ မင်းတစ်ယောက်တည်း ပိုင်တာမို့ လို့လား"

"အေးလေ၊ တစ်ယောက်တည်း အပိုင်စီးလို့ရမလား၊ အတော် လောဘ ကြီးတဲ့ကောင်"

"ဟာကွာ၊ ကဲ"

"ခလွမ်"

"ဟဲ့ ဟဲ့ ကောင်မလေး၊ ကွဲကုန် ပြီ၊ ပန်းကန်ကွဲပြီ၊ ဘယ်လိုလုပ်လိုက်ကြ တာလဲ၊ နင်တို့ဒီလောက်ငမ်းငမ်းတက် နေကြရသလား၊ နင်တို့ကို ငါက ဘာမှ မကျွေးမမွေးဘဲ ထားလို့လား၊ အားနာ လိုက်တာ ခင်ခင်ရယ်၊ အားနာလိုက်တာ၊ သူတို့ကို ဒါကြောင့် ဘယ်မှခေါ်မသွား ချင်တာ၊ ကြည့်ပါဦး လုပ်ကြပုံက၊ နင်တို့ တော့နော် နေနှင့်ဦး တင်း. . ."

"အို ကိစ္စမရှိပါဘူး၊ ဘယ်လောက် တန်ဖိုးရှိတာ မှတ်လို့၊ ကလေးဆိုတာ တော့ ဒီလိုပါပဲ မရင်မေရယ်၊ အဆော့ တို့ အစားတို့ မက်တတ်ကြတာပဲဥစ္စာ၊ ဟင်း ဟင်း. . . ဟင်း"

ပန်းကန်ထဲရှိ တစ်ခုတည်းသော မုန့်ကို သုံးယောက်သား အရအမိ ဆုပ်ကိုင်ထားကြရာမှ စိတ်ဆက်သည့် ကိုလတ်က အားစိုက်ဆွဲလိုက်ရာ စမူဆာ ရော ပန်းကန်ပါ အောက်ပြုတ်ကျသွား ၏။ သံမံတလင်းနှင့်ထိပြီး ပန်းကန်လေး တစ်စစီ ကွဲကြေသွားလေသည်။ စမူဆာ လေးလည်း ခပ်လှမ်းလှမ်းရောက်သွား သည်အထိ လွင့်စဉ်သွား၏။

သူ့သားသမီးများ လက်ချက်ဖြင့် ကျကွဲသွားသည့် ပန်းကန်ကွဲစများနှင့် မုန့်ကို လိုက်ကောက်သိမ်းရင်း မေမေ သူ့မိတ်ဆွေကိုတောင်းပန်နေလေသည်။ နီးမြန်းနေသော မေမေ့မျက်နှာကို ကြည့်ရုံဖြင့်သိနိုင်၏။

ဒေါ်သ အတော် ထွက်နေသည့် ပုံပင်။ သူ့မိတ်ဆွေအရှေ့တွင် အရှက်ခွဲ လိုက်သလို ဖြစ်သွားခြင်းကြောင့်လည်း ကျွန်မတို့ သုံးယောက်စလုံးကို အသေ နှာချင်နေပုံ ပေါ်၏။

မျက်စိမျက်နှာပျက်သည် အထိ အားနာနေသည်ကို အတော်အတန် ပြေပျောက်သွားစေရန် တကယ့်စိတ်ရင်း နှင့် ပြောသလား၊ မကောင်းတတ်၍ ပြောသလားတော့ သေချာမသိ။

ဒေါ်လေးခင်က ဘာမှမဖြစ်သလို ပြေရာပြေကြောင်း စကားများပြောရင်း ပန်းကန်ကွဲစများ လိုက်ကူကောက် ပေး နေ၏။ စကားအဆုံး တဟင်းဟင်းနှင့် ရယ်လို့သာ ရယ်နေသည် သူ့ရယ်သံက သိပ်အသက်မပါသလိုပင်။

အိမ်ပြန်ရောက်သည့် အခါမှာ တော့ မေမေ့လက်ဝါးစာ မမိအောင် မောင်နှမသုံးယောက် မာရသွန်နှုန်းဖြင့် အိမ်ပတ်ပြေးကြရသည့် အဖြစ်။

*

"ဟား ဟား ဟား၊ အတော် သောင်းကျန်းတဲ့ မောင်နှမတွေပါလား၊ ဒါနဲ့များတောင် သူက ငါ့သားသမီးတွေ ကို မာန်လားမဲလားနဲ့၊ ကလေးတွေက သူနဲ့ယှဉ်ရင် ဘာဟုတ်သေးလို့လဲ"

"အေးလေ၊ ဒီဖအေက ဆင်း သက်လာတဲ့ သားသမီးက ဒီဖအေရဲ့ အကျင့်စရိုက်နဲ့ အနည်းအများတော့ တူညီပြီပေါ့၊ ဒါ အဆန်းမှမဟုတ်တာ"

"အေး ဟုတ်တယ်၊ နောက် ဆူရဲ ဆူကြည့်၊ ပြောရဲပြောကြည့်၊ ငါနဲ့တော့ တွေ့ကြသေးတာပေါ့၊ ပန်းကန်တောင် ခွဲပစ်တဲ့သူကများ"

နိုင်ကွက်တစ်ကွက် ရလိုက်ခြင်း ကြောင့် ဝမ်းသာအားရဖြစ်ကာ ပြောဆို နေသော ယောက်မဖြစ်သူကို ကြည့်ပြီး ကျွန်မလည်း ရယ်နေမိ၏။ ကလေး အရွယ် လူမမည်ဘဝ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာလေးများမှာ တိုက်ဆိုင် မှုရှိ၍ ပြန်တွေးလိုက်မိတိုင်း ပြုံးရယ်ချင် စရာပင်။

ကလေးဘဝ ဆိုသည်ကလည်း အလွန် အပြစ်ကင်းစင်ပြီး လုပ်ကိုင် သမျှတို့က ပျော်ရွှင်စရာများသာ ဖြစ် လေသည်။ စိတ်ဆင်းရဲရခြင်းက မ[illegible] သလောက်ရှား၏ဟု ဆိုရမည်ပင်။

ယခုတော့ အသက်တွေလည်း တဖြည်းဖြည်းကြီးလာလေပြီ။ လေးဆယ် ကျော်ဆိုသည့် အရွယ်က ငယ်သည့် အရွယ်ဟု မဆိုနိုင်တော့။ ဆရာတော် ကြီးတစ်ပါးက မိန့်တော်မူထားဖူး၏။

အသက်လေးဆယ် ရောက်လျှင် ဘဝစသည်ဟုဆိုခြင်းမှာ တခြားမဟုတ် ဒုက္ခတို့ အစပျိုးခြင်းဖြစ်သည်ဟု မိန့်[illegible]

တကယ်လည်း ဟုတ်ပေသည်။ လမ်းများများ မလျှောက်လိုက်နှင့် [illegible] ကနာ၊ ပေါင်ကကိုက်။ ဒီကြားထဲအစား အသောက်လေးမဆင်မခြင်စားသော် လိုက်မိလျှင် သွေးတွေတိုး၊ ခေါင်း[illegible] ကိုက်၊ ဆေးခန်းပြရသည်က အကြိမ်[illegible] ကြိမ်။ဘာမှ မက်မောတွယ်တာဖွယ်[illegible] သည့် ဒုက္ခခန္ဓာကိုယ်ကြီးပင်။

ထို့အပြင် ငယ်စဉ်ကလို အပြစ် ကင်းစင်လှသည့် ဘဝမျိုးလည်း မဟုတ် တော့။ ထောင်တန်း ကျရလော[illegible] အောင် ပြစ်မှုမျိုးကျူးလွန်ခြင်း မဟုတ် သော်လည်း ဘဝတစ်ခုရှင်သန်ရပ်တည် ရေးအတွက် လုပ်ကိုင်ရှာဖွေရာတွင် မရည်ရွယ်ဘဲ ကံသုံးပါးဖြင့် အပြစ်[illegible] လွန်ခြင်းမျိုး ရှိကောင်းရှိနိုင်၏။

လောဘ၊ ဒေါသ၊ မောဟ[illegible] အပြီးတိုင် သိမ်းဆည်းနိုင်သူ မဟုတ် သေးသမျှ ထိုအပြစ်တို့က လွတ်ကင်း[illegible] လိမ့်ဦးမည် မဟုတ်သေး။

သို့သော် နည်းနိုင်သမျှ နည်း[illegible] အောင်တော့ အတတ်နိုင်ဆုံး ကြိုး[illegible] ကာ နေရပေလိမ့်မည်။ လုံးဝဥဿုံ[illegible] ကင်းစင်ပပျောက်သွားဖို့ ဆိုသည်[illegible] တော့။ မဖြစ်နိုင်မှန်းသိသော်လည်း အ[illegible] အပင်ကင်းမဲ့ပြီး အပြစ်ကင်းစင်လှသ[illegible] ငယ်ဘဝလေးအား တစ်ခါတစ်ခါ[illegible] လွမ်းမောတမ်းတမိသည်မှာ အမှ[illegible]

❐ သစ္စာဦး[illegible]





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ငယ်ငယ်က အဖေတော့ [illegible] အခု ပြန်စဉ်းစားမိရင် ခုတိုင် [illegible]မိပါရဲ့။ တကယ် ပြောတာပါ။ [illegible]လဲဆိုတော့ ကျွန်တော် လုပ် [illegible] အကြောင်းတွေက ထောင်နှုတ်ခမ်း [illegible]နေတာ။ အခုမှ ပြန်တွေးမိလို့ပဲ [illegible]ပါတယ်။

ကျွန်တော့်မှာ မွေးချင်း မောင် [illegible] သုံးယောက်ပဲရှိပြီး ကျွန်တော်ရဲ့ [illegible]မှာရှိတဲ့ အစ်မကြီးနဲ့ ကျွန်တော် [illegible] အနှစ်နှစ်ဆယ်ကွာတယ်။ အစ်မကြီး [illegible] ကျွန်တော့်ကြား မွေးချင်းညီအစ်ကို [illegible]နှမတွေက တောမှာမွေးလို့လား မသိဘူး။ တစ်ယောက်မှ အဖော်မပါတော ကျွန်တော်နဲ့ ညီမလေးတို့က ဟသ်ာတ မြို့ရောက်မှ မွေးတာပါ။ ကျွန်တော့်ကို မွေးတော့ အမေ့အသက်က လေးဆယ် နားနီးနေပြီ။ အဲဒီတော့ အမွေးရခက် တာပေါ့။ ကျွန်တော့်ကို ကိုယ်ဝန်ဆောင် ထားရတဲ့ အမေဗိုက်နာတော့ ဟသ်ာ တမြို့က မီးသတ်ကားကြီးနဲ့ ဆေးရုံပို့ရ တာတဲ့။ ဆေးရုံရောက်တော့ မွေးရခက် လို့ ညှပ်ဆွဲ(ဖော့ဆက်)ဆွဲပြီး မွေးရတာ။

ကျွန်တော့်ကို မွေးပေးတဲ့သူတို့ အခေါ် လေဒီဒေါက်တာဆိုတဲ့ ဆရာဝန် မကြီးက ကျွန်တော့်ကို နာမည်ပေးလိုက် ပုံကတော့ ငယ်နာမည်တွင်ပါလေရော လား။ ညှပ်နဲ့ ဆွဲမွေးရလို့ အကောင် လည်းကြီးလို့လား မသိဘူး "ညှပ်ကြီး" ဆိုတဲ့ နာမည်ပေးလိုက်တာ။ ခုထိ မွေး ရပ်မြေက လူတွေက ကျွန်တော့်ကို ညှပ်ကြီး လို့ပဲ ခေါ်ကြတုန်း။

ဒါက ကျွန်တော့်ရဲ့ ငယ်နာမည် တွင်ပုံနဲ့ ကျွန်တော်ရဲ့ ငယ်ဘဝကတော့ အများသူငါလို ဘာမှမထူးပါဘူး။ ထူး တာက ကျွန်တော့်ရဲ့ ဆယ်ကျော်သက် ဘဝပါပဲ။ မူလတန်း လွန်မြောက်လို့ အလယ်တန်းကျောင်းသားဘဝမှာတော့ ဆယ်ကျော်သက် သွေးသားဆူဝေတဲ့

# ငြိင်ကျောချမ်းမိပါရဲ့

မြင့်နိုင်(ဟသ်ာတ)





www.burmeseclassic.com

www.burmeseclassic.com

အရွယ်မို့လား မသိဘူး၊ ထိစခန်းဆို လက်က ယဉ်နေသလို မဟုတ်မခံဆိုပြီး ရန်ဖြစ်ရမှာ ဝန်မလေးသလို ထိုးလိုက် ကြိတ်လိုက်ရမှ စိတ်ပြေတယ်လို့ ထင်လာမိတယ်။

အဲဒီတုန်းက ကျွန်တော်ပညာသင်ကြားနေတဲ့ အမှတ်(၁)အလယ်တန်းကျောင်း (နေရှင်နယ်ကျောင်း)က ကျောင်းသူ ခပ်ချောချောတချို့ကို အ. ထ. က(၁)ကျောင်းက ကျောင်းသားတချို့က နေ့လယ်ခင်း ထမင်းစားကျောင်းဆင်းချိန်မှာ လာလာပတ်(လာငမ်း)ရင် ကျွန်မတော်တို့ရွာခံ အဲ . . . ကျောင်းခံ ကျောင်းသားတွေထဲက ကျွန်တော်နဲ့ အကြောင်းပေါင်းသင့်တဲ့သူတချို့နဲ့သွားပြီး ရန်စောင်ကြတာပေါ့။ (ကျွန်တော်တို့ကျောင်းက ကောင်မလေးတွေဆို အဲဒီလာပတ်တဲ့ အခြားကျောင်းက အုပ်စုနဲ့ ကျွန်တော်တို့ သူတို့ကြောင့် ရန်စောင်နေကြတာဆိုတာကို သိတောင်မသိကြပါဘူး။ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ဖြစ်နေတာ ပြောပါတယ်။ ဤကား စကားချပ်)

ကျောင်းဝင်းထဲမှာ ဆိုတော့ ကျွန်တော်တို့အုပ်စုရော တစ်ဖက်ကပါ ကျောင်းထဲမှာ ရန်မဖြစ်ကြပါဘူး။ မဖြစ်ရဲကြပါဘူး။ ကျောင်းထုတ်ခံရမှာစိုးလို့ပါ။ အဲဒီအချိန်တုန်းက ကိုမြင့်တို့ရဲ့ သမန်းကျားရုပ်ရှင်ဇာတ်ကား ခေတ်စားနေတာဆိုတော့ ရုပ်ရှင်ထဲကလို အုပ်စုလိုက်ချိန်းပြီး ရန်ဖြစ်ကြတာကြည့်ပြီး အတုခိုးအားကျတဲ့အချိန်ဆိုလည်း မမှားဘူးပေါ့။ ရုပ်ရှင်ဇာတ်ကားထဲကလို ချိန်းကြိုးတို့၊ ငမန်းစွယ်တို့ဆိုတာ လ◌ိမ်းသရဲခေတ်နဲ့ တစ်ပြေးညီ ခေတ်စားနေတဲ့ လက်နက်ဆန်းတွေပါ။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့အုပ်စုနဲ့ ထ(၁)အုပ်စုဖြစ်တဲ့ ကျော်မင်းတို့၊ ဟုတ်စိန်တို့နဲ့ ငါးမျက်နှာဘုရားတောင်ဘက်မုခ်မှာ ချိန်းပြီး ရန်ဖြစ်ဖို့ သွားကြတာ။ ကျွန်တော်တို့ဘက်အချို့ ပထမတော့ လိုက်လာပါရဲ့၊ လမ်းကျတော့ တဖြည်းဖြည်းလျော့သွားတာ ကျွန်တော်နဲ့ လေးငါးယောက်ပဲ ပါလာတော့တယ်။ ချိန်းထားတဲ့နေရာရောက်တော့ တစ်ဖက်ကလည်း ရှိန်နေတာရယ် ကျွန်တော်တို့ဘက်ကလည်း လူအင်အားနည်းနေတာကြောင့် တစ်ကြောင်း ကျွန်တော် မူလတန်းပညာသင်ကြားခဲ့ရာ ငါးမျက်နှာဘုရားဝင်းအတွင်း ဘုရားကြီးကျောင်းက ဆရာမြင့်က ဘယ်က သတင်းကြားတယ်မသိ ရောက်လာပြီး ဖျန်ဖြေတာကြောင့်လည်း တစ်ဖက်နဲ့တစ်ဖက် လက်နက်ဆန်း မျိုးစုံကိုင်ပြီး ရန်မဖြစ်တော့ဘဲ တပ်ခေါက်ပြန်လာခဲ့ရပါတော့တယ်။

ခု ပြန်စဉ်းစားမိရင် ဆေးရုံ၊ ဆေးခန်းနဲ့ ရုံးရောက် ဂါတ်ရောက် မဖြစ်ခဲ့တာ ပြန်တွေးမိမှ ခုတိုင် ကျောချမ်းမိပါရဲ့။ ကျွန်တော်တို့ မြို့မှာ လွတ်လပ်ရေးနေ့တို့၊ ပြည်ထောင်စုနေ့တို့ဆိုရင် အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲများကို ဟသ်ာတ ဘောလုံးကွင်းကြီးထဲမှာ အမြဲကျင်းပနေကျလေ။ အဲဒီမှာ မနက်ပိုင်းနဲ့ ညနေပိုင်းတွေမှာ ပြေးခုန်ပစ်ပွဲတွေနဲ့ ညပိုင်းကျတော့ ဌာနဆိုင်ရာ ပြခန်းများနဲ့ လက်ဝှေ့ပွဲ၊ အငြိမ့်ပွဲများနဲ့ စည်ကား◌ ကမြိုက်စွာ ကျင်းပလေ့ရှိပါတယ်။

ကျွန်တော် မူလတန်းကျောင်းသ◌ားတုန်းကဆိုရင် ကျွန်တော်နဲ့ ညီမလေးက ကျောင်းမှာ အပြေးချန်ပီယံတွေလေ။ အဲဒီ ဘောကွင်း ပတ်ပြေးသမ်းကြောင်းတွေမှာ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ်ကျင်းပတဲ့ကျောင်း◌ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲမှာ မူလတန်း◌ကျောင်းသားဘဝက ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာတွေဟာ ကျွန်တော့်အဖို့ မမေ့နိုင်စရာ အဖြစ်တွေပါပဲ။

အဲဒီတုန်းက ကျွန်တော်ဟာ တာတိုမီတာ (၁၀၀)၊ မီတာ (၂၀၀)၊ မီတာ (၄၀၀) လေးယောက် လက်ဆင့်ကမ်း အလံကိုင်ပြေးပွဲတွေအပြင် ကျွန်တော်နဲ့ အလွန်တ◌ာ လိုက်ဖက်ညီတဲ့ ကျွန်တော့်သူငယ်ချင်း ◌ေအးကို (ကွယ်လွန်) နဲ့ နှစ်ယောက် တစ်ပြိုင်တည်း ယှဉ်ပြိုင်ပြေးရတဲ့ သုံးချောင်းထောက် ပြေးပွဲတွေဟာ ကျွန်တော့်အဖို့ ပထမ◌ စေတဲ့ ပြိုင်ပွဲတွေပါပဲ။

သုံးချောင်းထောက်ပြေးတယ် ဆိုတာ လူနှစ်ယောက် တစ်ယောက်ပခုံး တစ်ယောက်ဖက်ပြီး တစ်ယောက်ရဲ့ ညာဘက် ခြေချင်းဝတ်ဆီလောက်မှ ကျန်တစ်ယောက်၏ ဘယ်ဘက် ခြေ ချင်းဝတ်တွင် ပုဆိုးလုံကွင်းနဲ့ ပူးချည် ထားပြီး ခြေကျညီပြေး၍ ယှဉ်ပြိုင်ရ သော ကစားနည်း ဖြစ်ပါတယ်။

နှစ်ယောက်ထဲမှ တစ်ယောက် က ခြေကျလွဲသွားရင် နှစ်ဦးပြိုင်တူလဲပြ ပြီး ဒူးပြဲ ပွန်းပဲ့နိုင်တဲ့အပြင် အများ ရယ် စရာဖြစ်ရတော့တာပါပဲ။ ဒါက နံနက် ပိုင်းနဲ့ နေ့လယ်ပိုင်းတွေမှာ ယှဉ်ပြိုင်ရတဲ့ ပြေးခုန်ပစ် ကစားနည်းစုံဖြစ်ပြီး ညပိုင်း ကျတော့ ဘောလုံးကွင်းရဲ့ အထူးတန်း ပွဲကြည့်စင်ရှေ့တည့်တည့်မှာတော့ ကြိုး ဝိုင်းနဲ့ လက်ဝှေ့စင်မှာ လက်အိတ်စွပ်ပြီး ထိုးရတဲ့ အနောက်တိုင်း လက်ဝှေ့ပြိုင် ပွဲတွေ ကျင်းပပါတယ်။

အခု ကျွန်တော် အလယ်တန်း ကျောင်းသားဖြစ်တော့ မူလတန်းတုန်း ကလို အပြေးတော့ မပြိုင်တော့ဘဲ ကျွန်တော်နေထိုင်ရာ တာကလေးရပ် ကွက် ဘောလုံးအသင်းမှာ ဝင်ကစား နေချိန်ပေါ့။ အဲဒီအချိန် တစ်ညမှာ လွတ်လပ်ရေးအောင်ပွဲ ကျင်းပနေတဲ့ ဘောလုံးကွင်းထဲကို ကျွန်တော်ရဲ့ တော်မောင်နဲ့ သူ့ရဲ့သူငယ်ချင်းတစ်သိုက် လျှောက်ကြည့်ရင်း ဘောလုံးကွင်း အထူးတန်းပွဲကြည့်စင်ရှေ့က လက်ဝှေ့ စင်ဘက် ရောက်လာခဲ့ပါတယ်။

ကျွန်တော့်တူဟာ ကျွန်တော့် ငါးလကြီး ငါးလငယ်ဆိုတော့ ညီအစ် လို ဖြစ်နေတာကြောင့် ကျွန်တော့် အစ်ကိုကြီးလို့ပဲ ခေါ်ပါတယ်။ သူ ပါလာတဲ့ သူငယ်ချင်းက သုံးယော ဖြစ်ပြီး ကျွန်တော်က တစ်ယောက် ◌ က်လာတာ သူတို့နဲ့ ကွင်းထဲလျှောက်





www.burmeseclassic.com

www.burmeseclassic.com

တာပါ။ ဒါနဲ့ လက်ဝှေ့ပွဲကို အတူတူ ထိုင်ကြည့်ကြတာပေါ့။ စင်ရဲ့ ပတ်ပတ်လည်မှာတော့ ကုလားထိုင်နဲ့ ထိုင်ကြည့်နေသူတွေကတော့ ပိုက်ဆံပေးရပြီး ကျွန်တော်တို့လို ရပ်ကြည့်နေသူတွေကတော့ ပေးစရာမလိုပါ။ ဒီအချိန်မှာ စောသေးတာကြောင့် လက်ဝှေ့ပွဲကြည့်သူ သိပ်များသေးပါဘူး။ ဒါပေမဲ့ ကျွန်တော် ရပ်ကြည့်နေတဲ့ရှေ့ကို လူတစ်ယောက် တိုးဝင်ရောက်ရှိလာပါတယ်။

ထိုသူဟာ ကျွန်တော့်ထက် အရပ်ရှည်နေတာကြောင့် စင်ပေါ်မှာ ထိုးသတ်နေတဲ့ လက်ဝှေ့သမား နှစ်ယောက်ကို ကောင်းကောင်းမမြင်ရ ဖြစ်နေတာကြောင့် ကျွန်တော့်ရှေ့က လူကို ...တိုက်အနေအထားနဲ့ သူ့မျက်နှာကို ကြည့်လိုက်တော့ ကျွန်တော်နဲ့ ကျောင်းတော်က ရန်စရှိခဲ့ဖူးတဲ့ ဘုရားကြီးရပ်ကွက်ထဲက ဟုတ်စိန် ဖြစ်နေပါတော့တယ်။

ကျွန်တော် နေထိုင်ရာ တာကလေးရပ်ကွက်နဲ့ ဘုရားကြီးရပ်ကွက်ဟာ တစ်ဆက်တစ်စပ်တည်းရှိတာမို့ ဟုတ်စိန်ဟာလည်း သူငယ်ချင်းတစ်ယောက်ပါပဲ။ ဒါပေမဲ့ နေတဲ့ကျောင်းတွေ စရိုက်ဝါသနာ ကွဲတာကြောင့် ရပ်ကွက်ထဲမှာ မပေါင်းမိတာ များပါတယ်။ ကျွန်တော့်ရှေ့မှာ ရပ်ကြည့်နေတဲ့ ဟုတ်စိန်ကို . . .

"ဟေ့ကောင် ဟုတ်စိန် မင်းအရပ်ကြီးနဲ့ကွာ ရှေ့က ယာရပ်တော့ ငါတို့ ဘယ်မြင်ရတော့မလဲကွ" လို့ ကျွန်တော်ရယ်ပြီး နောက်ပြောင်ပြောလိုက်တာပါ။ ဒါပေမဲ့ သူဟာ ကျွန်တော့်ကို ...ရဲရဲ ဘုကြည့်ကြည့်လိုက်ရင်း . .

"မင်းက မကျေနပ်လို့လား၊ မကျေနပ်ရင် ငါ့နောက်လိုက်ခဲ့" လို့ ပြောရင်း လူအုပ်ကြားထဲ ရှေ့ကနေတိုးထွက်သွားပါတော့တယ်။

ကျွန်တော်က လည်း လူငယ်ပီပီ ...ကောင်စိန်ခေါ်လို့မှ မချရဲရင် ဘာမှလဲ ...တဲ့အတွေးနဲ့ နောက်ကနေ တိုးထွက်လိုက်ပါသွားခဲ့ပါတယ်။ ဟုတ်စိန်ဟာ လူနည်းနည်းရှင်းတဲ့ ဘောလုံးကွင်းထဲမှာပဲရှိတဲ့ အလေးမရုံနားကျတော့ ကျွန်တော့်ကို ရပ်စောင့်နေပါတယ်။

ကျွန်တော်လည်း သူ့နားရောက်တယ်ဆိုရင်ပဲ ဘာမပြော ညာမပြောနဲ့ ခုန်ပြီး သူ့ရဲ့မျက်နှာကို လက်သီးနဲ့ တစ်ချက်ထိုးလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်တူနဲ့ သူငယ်ချင်းတွေဟာ ကျွန်တော်နဲ့ ဟုတ်စိန် ရန်ဖြစ်တဲ့နေရာကို အပြေးတစ်ပိုင်းနဲ့ ရောက်ချလာပါတယ်။ ဒါကို မြင်လိုက်တဲ့ ဟုတ်စိန်က-

"ဟေ့ကောင် မင်းက အုပ်စုနဲ့ကိုး"လို့ပြောတော့ ကျွန်တော်ကလည်း

"ငါ တစ်ယောက်တည်း လာတာကွ၊ မင်းလို့ အုပ်စုအားကိုးနဲ့မှ မိုက်ရဲတာမဟုတ်ဘူး" လို့ ကျွန်တော့် စကားမဆုံးခင်မှာပင် ဟုတ်စိန်ဟာ အငြိမ့်ကရာ ပွဲခင်းဘက်ဆီသို့ ပြေးထွက်သွားပါတော့တယ်။

ကျွန်တော်ဟာ ကျောင်းတွင်ပေါင်းသော သူငယ်ချင်းများ ရှိပေမယ့် ရပ်ကွက်ထဲတွင် အကြောင်းမရှိရင် ပေါင်းလေ့ပေါင်းထမရှိဘဲ တစ်ယောက်တည်းနေလေ့ရှိပြီး ခုလို ပွဲလမ်းသဘင် သွားလာလျှင်လည်း တစ်ယောက်တည်း သွားလေ့ရှိပါတယ်။ ဟုတ်စိန်တို့မှာ အုပ်စုလိုက်နေတတ်ကြပြီး ရန်ဖြစ်ရင်လည်း အုပ်စုလိုက် အနည်းဆုံးလေးငါးယောက် ပါဝင်လေ့ရှိရာ ခု ကျွန်တော်နဲ့ဖြစ်သည့် ပြဿနာတွင် ဒီကောင် တစ်ယောက်တည်း တွေ့ရခြင်းက ကျွန်တော့်အဖို့ ထူးဆန်းနေပါတယ်။ အုပ်စု ပွဲလာတာ ဖြစ်ဖို့များပါတယ်။ ဒါက ကျွန်တော့် အတွေးပါ။

ဒါနဲ့ တူတော်မောင်က . . .

"အစ်ကိုကြီး ညဉ့်ကြီး ဒီကောင် သူ့ဘော်ဒါတွေကို ပွဲဘက်မှာ သွားရှာတာပဲဖြစ်မယ်၊ ငါတို့ ပြန်ကြတာကောင်းမယ်၊ ပွဲခင်းထဲမှာ လုံခြုံရေးတွေရှိတယ်၊ လာ ပြန်ကြတာပဲ ကောင်းပါတယ်ကွာ" ဆိုပြီး ကျွန်တော်တို့လည်း ရေကာတာဘော်ကနေ လမ်းလျှောက်ပြန်လာခဲ့ပြီး တူတော်မောင်မှာ ဥယျာဉ်မြောက် ရပ်ကွက်သို့ ပြန်သွားပြီး ကျွန်တော်က ကျောက်တော်ကြီးကုန်းမှ တစ်ဆင့် တာကလေးရပ်ကွက်ရှိ နေအိမ်ကို ပြန်လာခဲ့ပါတော့တယ်။

အဲဒီလိုဖြစ်ပြီး သုံးရက်လောက် အကြာမှာ ကျွန်တော်တို့ ရပ်ကွက်ရဲ့ သီရိလမ်းထိပ်က စာကြည့်တိုက်မှာ စာပေဟောပြောပွဲရှိတာနဲ့ ကျွန်တော် တစ်ယောက်တည်း ည ၇ နာရီခန့် နေအိမ်မှ စာပေဟောပြောပွဲရှိရာကို လမ်းလျှောက်ထွက်လာခဲ့ပါတယ်။ အဲဒီ အချိန်မှာပဲ ကျွန်တော့်ရဲ့ပခုံးကို တစ်စုံတစ်ယောက်က လာဖက်တာနဲ့ ကျွန်တော်ကလည်း ကိုယ်ကို တစ်ပတ်လှည့်လိုက်ပြီး တုံ့ပြန်ရန်ပြင်လိုက်စဉ် ကြည့်လိုက်တော့ ဟုတ်စိန်ရဲ့အပေါင်းအသင်း ဖြစ်သူ ကျော်မင်း ဖြစ်နေတာ တွေ့လိုက်ရပါတော့တယ်။

သူက . . .

"မင်းကို ဟုတ်စိန်က စကား ပြောချင်လို့ ကျားခေါင်းဆေးလိပ်ခုံအဝမှာ စောင့်နေတယ်၊ ငါနဲ့ ခဏလောက် လိုက်ခဲ့ပါကွာ" လို့ ပြောလာပါတယ်။

ကျွန်တော်ဟာ တွေခနဲတစ်ချက် စဉ်းစားလိုက်မိတာက ကျွန်တော်လိုက် မတွေ့ရင် သတ္တိနည်းရာကျမယ်၊ လိုက်တွေ့ပြန်ရင်လည်း သူတို့ဂဏအများ ငါက တစ်ယောက်တည်း၊ ဖြစ်ချင်ရာဖြစ် ရင်ဆိုင်မယ်ဆိုပြီး လိုက်ခဲ့ပါတော့တယ်။

နောက်စဉ်းစားမိတာ တစ်ချက်က ဘောလုံးကွင်းထဲ လက်ဝှေ့ကြည့်ရင်း ဖြစ်ခဲ့တဲ့ ပြဿနာကို နောက်ရက်များမှာ ဟုတ်စိန်ကိုတွေ့နေသားပဲ။ ဒီကောင် ငါ့ကို ဘာမှမလုပ်ခဲ့ဘူး။ ခု ကျမှ ဘော်ဒါ အားကိုးနဲ့ ဒီကောင် တစ်ခုခု လုပ်ချင်လို့ပဲဆိုတာ သွားတွေးမိရင်း ကျော်မင်းနဲ့ နှစ်ယောက်အတူ ငါးမျက်နှာစေတီသို့ သွားရောက်ရာ ဝင်ပေါက်ဖြစ်တဲ့ ကျားခေါင်းဆေးလိပ်ခုံ ဘေးလမ်းပေါက်ဝကို ရောက်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျော်မင်းနဲ့ ကျွန်တော်တို့ လမ်းပေါက်ဝကို အရောက်တွင် "ဟော့ကောင်သေပေတော့" ဆိုတဲ့ ကြုံးဝါးသံနဲ့ အတူ လမ်းကြားမှောင်ရိပ်ကနေ ဟုတ်စိန်ဟာ ဘွားခနဲပေါ်လာပြီး သူ့ရဲ့ ညာဘက် လက်ထဲက အုတ်ခဲကျိုးနဲ့ ထုလိုက်ပါတော့တယ်။ ကျွန်တော်နဲ့ ယှဉ်လျှောက်လာတဲ့ ကျော်မင်းတောင် မနည်းရှောင်လိုက်ရတယ်လို့ နောက်ပိုင်း ပြန်ပြောပြမှ သိရပါတယ်။

ကျွန်တော်လည်း ဟုတ်စိန်ရဲ့ ညာဘက်လက်ထဲက အုတ်ခဲနဲ့အထုမှ ရမ်းရှောင်လိုက်တာ လွတ်သွားပေမယ့် ဟုတ်စိန်ဟာ ဘယ်သန်တစ်ယောက်ဖြစ်တာကြောင့် သူ့ရဲ့ ဘယ်လက်နဲ့ကိုင်ပြီး ထုလွှတ်လိုက်တဲ့ အုတ်ခဲတစ်ပိုင်းကျိုးကတော့ ကျွန်တော့်ရဲ့နဖူးကို ထိသွားပါတော့တယ်။ ဒါလည်း သွေးပူနေလို့ ဘာမှ မသိသေးပါဘူး။ ကျွန်တော်လည်း သူ့ကို ဝင်လုံးလိုက်ပါတယ်။

အဲဒီမှာ နှစ်ယောက်သားလုံးထွေးပြီး ကျားခေါင်း ဆေးလိပ်ခုံရှေ့ ခြံစည်းရိုးနဲ့ ကပ်ရက် ကွန်ကရစ်ရေမြောင်းထဲ မတ်တတ်ရပ်ကျသွားပါတော့တယ်။ စပြီး ကျရောက်သွားချိန်မှာ ကျွန်တော်ဟာ အောက်ရောက်နေပါတယ်။ ကျွန်တော် အရမ်းကိုစိုးရိမ်လွန်သွားပါတယ်။ ငါတော့ ခံရပြီဆိုတဲ့ အသိနဲ့ ဟုတ်စိန်ရဲ့ရင်ဘတ်က အင်္ကျီစကို ကျွန်တော့်လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်လိုက်ပြီး ကျွန်တော့်ရဲ့ကျောနဲ့ ကျနေတဲ့ မြောင်းဘောင်ပေါ်ကို အားစိုက်ပြီး သူ့ရဲ့ခန္ဓာကိုယ်တစ်ခုလုံးကို ဆွဲလှည့်ချလိုက်တာ ကျွန်တော့်စိတ်ထဲမှာ ဖက်ရွက် တစ်ရွက်လောက်တောင် မလေးသလို ခံစားလိုက်ရပါတယ်။

ဟုတ်စိန် မြောင်းဘောင်ပေါ် အကျမှာ ကျွန်တော်က အပေါ်စီးရသွားတာကြောင့် သူ့ရဲ့မျက်ခွက်ကို လက်သီးနဲ့ ပယ်ပယ်နယ်နယ် ထိုးနေတော့ပါတယ်။ အဲဒီအချိန်မှာ လမ်းသွားလမ်းလာ တချို့နဲ့ လူကြီးတွေရောက်လာပြီး ဝိုင်းဖျန်ဖြေကြလို့ ကျွန်တော်တို့ နှစ်ယောက်စလုံး ရေမြောင်းထဲကနေ အပေါ်ကိုပြန်အရောက်မှာ ကျွန်တော့်ရဲ့ မေးရိုးဆီကို ပြင်းထန်တဲ့ လက်သီးတစ်လုံး ရောက်လာပါတော့တယ်။

ကျွန်တော့်မျက်လုံးထဲ မီးပွင့်သွားသလို ခံစားလိုက်ရပြီး "ဘယ်ကောင်လဲကွ" ဆိုပြီး လိုက်မယ် အလုပ်မှာ လမ်းကြားမှောင်ထဲ ပြေးဝင်ပျောက်ကွယ်သွားပါတော့တယ်။

ကျွန်တော့်မှာလည်း အခုမှ ဟုတ်စိန်နဲ့ လုံးထွေးသတ်ပုတ်ထားခါစ ဘယ်ကောင်မှန်းမသိ ဆွမ်းကြီးလောင်းသွားတာ ခံလိုက်ရပြီး ထိုးသွားသူနောက်ကိုလည်း မလိုက်နိုင်တော့ပါ။ အဲဒီမှာပဲ ကျွန်တော်တို့နှစ်ယောက်ရန်ပွဲကို လမ်းသွားလမ်းလာ တချို့ထဲမှ မိန်းမကြီးတစ်ယောက်ရဲ့ ထိတ်လန့်သံနဲ့ ပြောလိုက်တာက . . .

"ဟယ် ဟိုကောင်လေး ခေါင်းမှာ သွေးတွေကျနေတယ်တော့်"

ဆိုလိုက်တော့မှ ကျွန်တော်လည်း ဦးခေါင်းကို လက်နဲ့စမ်းကြည့်လိုက်ရာ ပူနွေးသော အရည်များမှာ သွေးများဖြစ်နေပါတော့တယ်။

ကျွန်တော်ဟာ သွေးမြင်တာနဲ့ ချက်ချင်း ဒေါသတို့ တစ်ဖန်ပြန်လည် အစပျိုးမိချိန်မှာတော့ ဟုတ်စိန်ကို မတွေ့ရတော့ပါ။ ကျွန်တော်ဟာ အိမ်ပြန်လာပြီး အမေက ကျွန်တော့်ဒဏ်ရာကို သေချာကြည့်ပြီး ကွဲသွားတာ မဟုတ်ဘဲ နဖူးနဲ့ ငယ်ထိပ်ကြားမှာ ပေါက်သွားခြင်းသာဖြစ်၍ အိမ်မှာရှိတဲ့ နနွင်းမှုန့်ကို ဒဏ်ရာအပေါ် သိပ်ထည့်ပေးလိုက်တော့ ဒဏ်ရာကလည်း သိပ်မကြီးတာကြောင့် သွေးတိတ်သွားပြီး နာတာလည်း မရှိတော့ပါ။

ဒါပေမဲ့ တစ်ချက်တည်း အထိုးခံလိုက်ရတဲ့ မေးရိုးကတော့ နှစ်ရက်လောက်အထိ ထမင်းတောင် ကောင်းကောင်းမစားနိုင်ခဲ့ပါဘူး။ ကျွန်တော့်ခန္ဓာကိုယ်က သွေးထွက်သွားတာမြင်ရလို့ ကျွန်တော်ဟာ ပြန်လက်စားချေလို စိတ် ပြင်းထန်စွာနဲ့ တစ်ညလုံး ကောင်းကောင်း အိပ်မပျော်တော့ဘဲ မနက် အစောကြီး ရိုက်တန်ကောင်း ဝါးရင်းတုတ်တစ်ချောင်းရှာပြီး ဟုတ်စိန်နေထိုင်ရာ ဘုရားကြီးရပ်ကွက် ဦးပါလမ်းထိပ်က ကင်းတဲရှေ့မှာ သွားထိုင်နေမိပါတယ်။ သူတို့လမ်းထဲ နေထိုင်သူတချို့ ကျွန်တော်နဲ့ သိတဲ့သူတွေက မေးမေး သွားတိုင်း ကျွန်တော်က. . .

"ဟုတ်စိန်ကို ရိုက်မလို့" ဟု ပြောင်ပင် ပြောမိပါတယ်။ ကျွန်တော်ဟာ ထမင်းဆာချိန်ကျတော့မှပဲ အိမ်ကို ပြန်ပါတယ်။ အမေဟာ မျက်ရည်စက်လက်နဲ့ ကျွန်တော့်ကို တားပါတယ်။ ကျွန်တော်ဟာ လုံး၊နားမထောင်ပါဘူး။ ခုပြန်တွေးမိမှ မှားမှန်း နောင်တရမိပါတယ်။ ခုတော့ အမေလည်း မရှိတော့ပါဘူး။ ကျွန်တော်ဟာ ထမင်းစားပြီး ညနေဘက် တစ်ခါသွားစောင့်နေပြန်ပါတယ်။ သူ့လမ်းထဲမှ လူများမှတစ်ဆင့် ကြားသိပုံရလို့ ဖြစ်မယ်။ ဟုတ်စိန်ဟာ လုံးဝအရိပ်အယောင်တောင် မတွေ့ရပါဘူး။ နောက်ရက်မှာ ကျွန်တော် သူငယ်ချင်း မြတ်စိုးဆီက ဆင်စွယ်ရိုးတပ် ဓားမြှောင်တစ်ချောင်း အရှား တော့ ဟုတ်စိန်ကို ဒီဓားနဲ့ အသေထိုး သတ်ဖို့ကို မိုက်မိုက်ကန်းကန်း ဆုံးဖြတ်မိပါတော့တယ်။

တွေ့ပါပြီ။ ကျွန်တော်သတ်ချ နေတဲ့ ဟုတ်စိန်ကို ဘုရားကြီးရပ်ကွက် ရှမဝ (၂)လမ်းထိပ်မှာ သူက ကျွန်တော် ကို မမြင်ပါဘူး။ ကျွန်တော် သူ့လက် တစ်စုံတစ်ရာ ကိုင်ထားပုံရတာကြော အသေချာကြည့်လိုက်တော့ အလေး လက်နက်တစ်ခုဖြစ်တဲ့ လောက်လေး ကိုင်ထားတာ တွေ့ရပါတယ်။

ကျွန်တော်ဟာ ဂျာကင်အင် အတွင်း ဝှက်ယူလာတဲ့ ဓားမြှောင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား ရှမဝ(၂)လမ်းထိပ်မှာ ကျွန်တော် ရာဘက်ဆီ ဘေးစောင်းအနေအထား





www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ ဟုတ်စိန်ဆီကို အပြေးတစ်ပိုင်း ရောက်ရှိသွားပြီး ကျွန်တော့်ရဲ့ ဂျာကင်အကျီအတွင်းက ဓားမြှောင်ကိုဖွက်ပြီး ဆုပ်ကိုင်လာတဲ့ ညာဘက်လက်ထဲက ဓားမြှောင်နဲ့ ဟုတ်စိန်ရဲ့ ညာဘက် ကြောကို ဝါးလုံးထိုး ထိုးချလိုက်ပါတော့တယ်။

"ဟာ အမယ်လေး လုပ်ကြပါဦး၊ ကြီးရယ် ကျွန်တော့်ကို ဓားနဲ့ ထိုးတယ်ဗျ" ဆိုပြီး အဲဒီ ရွှမဝ(၂)လမ်း ထိပ်က သုံးဘီးမောင်းတဲ့ ဦးကျင်ဟုတ် ရဲ့ အိမ်ခြံထဲ ဝင်ပြေးပါတော့တယ်။

တကယ်တော့ ကျွန်တော်လော သွားတာလည်း ပါတယ်။ ဟုတ်စိန်က လည်း သေနေ့မစေ့တာလည်း ပါမယ် ထင်ပါတယ်၊ လျှပ်တစ်ပြက် အဖြစ် အပျက်တို့က မြန်လွန်းသွားပါတယ်။

ကျွန်တော် အပိုင်ထိုးလိုက်တဲ့ အချက်က ဟုတ်စိန်ကို လုပ်ချင်ဇောနဲ့ ဆောင်တပ်သွားရာမှ အောက်ကခဲတစ်လုံး ကို ခလုတ်တိုက်တာက ဟန်ချက်ပျက် သွားလွဲသွားပြီး ဟုတ်စိန်ရဲ့ နံကြား ကို ဘယ်အသားကိုမှ မထိုးမိပါဘူး။

ဟုတ်စိန်ကလည်း လှည့်ပြီး ကြည့် သူ့ကို ကျွန်တော်ဓားနဲ့ ထိုး မှန်း သိသွားတာကြောင့် သူ့ပါးစပ်က ကြောက်လန့်တကြား အော်ဟစ်ပြီး ဦးကျင်ဟုတ်ရဲ့ အိမ်အပေါ်တက်ပြေးပါ တော့တယ်။ အဲဒီမှာ ကျွန်တော်လည်း တင်ပဲ ဓားကိုင်ပြီး အိမ်ပေါ်တက် လိုက်မယ် အလုပ်မှာ . . .

"ဟေ့ကောင်ညှပ်ကြီး ရပ်စမ်း၊ သတ်လိုက်မာန်ပါ မလုပ်နဲ့၊ အချင်းချင်း တွေပဲ၊ ငါပြောပြမယ် နေဦး" ဆိုတဲ့ ဦးကျင်ဟုတ်ယောက်ဖ ကိုလွင်က ကျွန် တော့်ကို နောက်ကနေ သိုင်းဖက်ချုပ် ထားရင်း ပြောလိုက်တာကြောင့် ဘာမှ လုပ်ဖြစ်တော့ဘဲ ကိုလွင်က ဟုတ် စိန်ကို တောင်းပန်ခိုင်းပါတော့တယ်။

ဟုတ်စိန်ကလည်း တကယ့်ကို ပါကြီးနဲ့ သူမှားကြောင်း ဝန်ချ တောင်းပန်တာကြောင့် ကျွန်တော် လည်း ကျေနပ်လိုက်ရပါတော့တယ်။ ခုပြန်တွေးကြည့်ရင် တကယ့်ကို ကျော ချမ်းစရာ ကံကောင်းလို့ လူသတ်မှု ကျူးလွန်တော့မလို့ ထောင်နှုတ်ခမ်းကို လျှောက်မိနေတာတွေပါပဲ။

မြတ်ကျလုတည်းတည်းနဲ့ လွတ် လာခဲ့လို့သာပေါ့။ နို့မိုဆို ဟုတ်စိန်ကို ဓားနဲ့ထိုးမိလို့ သေဆုံးခဲ့ရင် လူသတ်မှုနဲ့ ထောင်ကျတစ်ယောက်ဖြစ်ပြီး ဘဝမှာ အရိပ်မည်းကြီးနဲ့ သမိုင်းတင်ခဲ့ရမှာပဲ ဆိုတာ ခုမှတွေးမိရင်း ကျောချမ်းစရာ ကောင်းကြောင်း ပြောရခြင်းပါ။

အဲဒီအချိန်တုန်းက ကျွန်တော် ဟာ လူငယ်တစ်ယောက် ဖြစ်ပေမယ့် အရက်နဲ့ ဆေးလိပ်ကင်းရှင်းခဲ့ပြီး အား ကစားလိုက်စားခဲ့ခြင်းများက နောက် ပိုင်း ကျွန်တော့်ကို လူသိများစေခဲ့ပါ တယ်။

ငယ်စဉ် မူလတန်းကျောင်းတွင် ပြေးခုန်ပစ်ကစားခဲ့ခြင်း၊ အလယ်တန်း ကျောင်းသားဘဝတွင် ဘောလုံးကို နှစ် သက်မြတ်နိုးစွာ ကစားရင်း ရပ်ကွက်မှ မြို့နယ်သို့အထိ ကစားခဲ့ပြီး ဇရာဝတီ တိုင်း ပဏာမလက်ရွေးစင်အထိ အောင် မြင်ခဲ့ပါတယ်။

ဒီကြားထဲ ဘုရားကြီးရပ်ကွက် ဇေယျဝတီလမ်းမှာနေသော ကျောင်း ဆရာ ကာယဗလဆရာ ဦးကျော်မြင့် ထံတွင် အလေးမ ကစားခြင်းများကို လည်း လေ့လာလိုက်စားခဲ့တာတွေဟာ လည်း ဟုတ်စိန်နဲ့ မတူတဲ့အချက်များ ဖြစ်လို့နေပါတယ်။

အဲဒီအချိန်တုန်းက ဟုတ်စိန် ကိုယ်တိုင်ရော သူပေါင်းသည့် သူငယ် ချင်းများမှာ အရက်၊ ဆေးလိပ်၊ ဆေး ခြောက်၊ မူးယစ်ဆေးများ မှီဝဲနေကြ တာကြောင့် ကျွန်တော်နဲ့ သတ်ပုတ်စဉ် ကျွန်တော်အောက်ရောက်သွားတာကို စိုးရိမ်လွန်ကဲပြီး သူ့ကို ဆုပ်ကိုင်ပြီး အောက်ကိုလှဲ့ချရာမှာ ဖက်ရွက်တစ်ရွက် ကဲ့သို့ ဆွဲကိုင်လှဲချနိုင်ခြင်းမှာ ကျွန်တော် ကိုယ်တိုင် ကစားခဲ့သော အလေးမ အားကစားကြောင့် ဖြစ်နိုင်ပေလိမ့်မယ် ဆိုတာ နောင်မှ ပြန်တွေးမိခြင်းပါ။

ဟုတ်စိန်နဲ့ လုံးထွေးသတ်ပုတ် ပြီး မြောင်းထဲမှအတက် ကျွန်တော့်ရဲ့ မေးရိုးကို အလစ်ဝင်ထိုးသွားတဲ့သူကို လည်း နောက်ပိုင်း သိရတာပါပဲ။ မောင် စိုးတဲ့ အဲဒီကောင်ကိုလည်း လင်းလွန်း ပင် ရပ်ကွက်မှာသွားရှာပြီး တွေ့တော့ ထုံးစံအတိုင်း သတ္တိရှိလို့ ဖြောင်လုပ်ရဲ တာ မဟုတ်ဘဲ မှောင်ရိပ်ကွယ်အလစ် ထိုးသွားတာဖြစ်တော့ သူ့ရဲဘော ကြောင်သူတို့ရဲ့ထုံးစံ ခြေထောက်ဖက် မတတ် တောင်းပန်တာကြောင့် ပြန် လက်စားချေ လက်သီးတစ်လုံးလောက် ထိုးမလို့ အစီအစဉ်ကို နောက်ဆုတ် လိုက်ရပါတော့တယ်။

ဩော်ခုမှ ဒါတွေကို ဂုဏ်ယူခဲ့ တာ အမှားကြီးမှားနေပြီး ငါဟာ ဘဝမှာ ကံကောင်းလို့ ကြီးကြီးမားမား အမည်း စက်မထင်ခဲ့တာပဲ။ ငါ လုပ်ခဲ့တဲ့ အလုပ် တွေဟာ ထောင်နှုတ်ခမ်းလျှောက်နေတဲ့ အလုပ်တွေချည်းပဲဆိုတာ ခုမှ သိပါ တော့တယ်။

ရန်ဖြစ်ရင် လက်သီးလောက် သာ သုံးခဲ့တဲ့ ကျွန်တော်ဟာ လူတစ် ယောက်ကို ထိပ်ပေါက်၊ ခေါင်းကွဲ အောင်အထိလည်း မရိုက်နှက်ခဲ့ဖူးပါ။

ယခု ကိစ္စမှာတော့ လူတစ် ယောက်ကို ဓားနဲ့ထိုးသတ်ဖို့အထိ မိုက် မိုက်ကန်းကန်း ဆုံးဖြတ်လုပ်ကိုင်မိခြင်း ဟာ လူငယ်ပီပီ သွေးသားဆူဖြိုးချိန် မစဉ်းစား မချင့်ချိန် မိုက်ရူးရဲဆန်တယ် ပဲပြောပြော၊ ကံကောင်းလို့ ကျွန်တော့် ဘဝမှာ ရုံးရောက်၊ ရဲစခန်းရောက် မဖြစ် ခဲ့ရဘဲ ထောင်မကျခဲ့ရခြင်းများကို စဉ်း စားမိရင် ခုတိုင် ကျောချမ်းမိပါရဲ့လို့ပဲ ပြောလိုက်ချင်ပါတော့တယ်။

❒ မြင့်နိုင်(ဟသာတ)





www.burmeseclassic.com

www.burmeseclassic.com

သာလိကာမလေးမျက်နှာက ရွှန်းမြနေ၏။ အပြုံးတွေဝေနေသည်ကို မြင်တော့ ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်မိသည်။ ကြေးကြေးရယ်။ ရင်ထဲက ကျိတ်၍ ညည်းမိပါသည်။ အပြုံးတွေ ဝေလှချေလား။ နှုတ်ကလည်း သွက် လွန်းသည်။ ပင်ကိုသွက်လက်ချက်ချာ သော ဟန်သွင်ဟု သိထားလျက်နှင့် ကျွန်တော့်စိတ်ထဲတွင် မကြည်လင်။ ရင် မောကာ စိတ်ကျဉ်းကျပ်နေ၏။ စကား ကြွယ်သောကြောင့် ကြေးကြေးကို သာ လိကာမလေးဟု ချစ်စနိုးနောက်ပြောင် နှစ်လိုခဲ့သော်လည်း ယခုတော့ ကြေး ကြေး စကားများလွန်းသည်ဟု ထင်မိ သည်။

"ဧည့်သည်တွေ ပျင်းကုန်ပါပြီ၊ နင်လဲ ဝိုင်းပြီး ဧည့်ခံပါဦး ကိုလတ်ရဲ့၊ ဟောဒီ ကိုကျော်ဇေယျာလင်းနဲ့ ကိုစန်း နိုင်တို့က သင်တန်းကာလတစ်လျှောက် လုံး ငါတို့ အဖွဲ့နဲ့ အမြဲဆွေးနွေးလာခဲ့တဲ့ သူတွေလေ၊ ငယ်သူငယ်ချင်းလို ပြောရ ဆိုရ အလွန်ကောင်းတာ"

"မကြေးမုံ ကျွန်တော်တို့ကို မြှောက်ပြောနေတာ ကိုလတ်ရေ"

ကျွန်တော်က အမိပွာယ်မရှိ ဟက်ခနဲ တစ်ချက်ရယ်မောကာ လက် ဖက် တစ်ဇွန်း ကော်စားလိုက်သည်။ အလားလား။ နားရွက်များပင် ပူထူသွား လေသည်။ ဝါးချလိုက်သော ငရုတ်သီး စိမ်းဖတ်က မျက်ရည်များပင် ဝိုင်းစေ ပါသည်။

"ကိုလတ် ငရုတ်သီးထိသွားပြီ ထင်တယ်၊ ကျွန်တော်လဲ ခုနက ယဲပြီး ပြီဗျ"

# ယုံကြည်သော ခြေလှမ်းများ

စောမဥ္ဇူ(ဖျာပုံ)





www.burmeseclassic.com

www.burmeseclassic.com

...စန်းနိုင်ပြောတော့ ချော်လဲ ...တာ ရှုရှုရှဲရှဲ လုပ်ပြီး သူတို့ ...မှ လစ်ခွင့်ရပါတော့သည်။

❖

...တစ်ညလုံးအိပ်မပျော်။ ကြေး...အပေါ် ကျွန်တော် အဘယ်မျှ ...စိုးတွယ်ငြိနေမှန်း မသိ။ ကိုယ့် ...ကိုယ် နားမလည်ဖြစ်ရသည်။ ယခု ...ကျွန်တော် တုန်လှုပ်ချောက်ချား ...သည်။

ကြေးကြေး၏ ညွှန်သည်များ ...ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ...အသင်း မွမ်းမံသင်တန်းမှ သင်တန်း ...ဖော်များဖြစ်၏။ ကိုကျော်ဇေယျာ ...သည် တာမွေမြို့နယ်မှ အလုပ် ...ဆောင်တစ်ဦး ဖြစ်၏။ ကိုစန်းနိုင် ...က ရခိုင်ပြည်နယ် သံတွဲမြို့မှ ...အမှုဆောင်ဖြစ်လေသည်။ သူတို့ ...သည် ကြေးကြေးနှင့် စိတ်တူ ...နာတူသူများဟု ဆိုနိုင်သည်။

ကျွန်တော်နှင့် ကြေးကြေးသည် ...လူငယ်ချင်းများဖြစ်ကြသော်လည်း ...သည်းမတူ၊ ဝါသနာလည်းမတူ။ ...တော့ ဤမတူသော အချက်များ ...သည် ကျွန်တော့်အတွက် စိုးရိမ်ရေချိန် ...များ ဖြစ်နေပြီလား။

ဝါသနာတူနှစ်ဦးအပေါ် အမြင် ...ဖြင့် ရိုးစင်းပွင့်လင်းသော်လည်း ...ကြေး အတွင်းစိတ်ကား မည်သို့ ...သည်ကို မသိနိုင်။ ရွေးချယ်ရည်မှန်း ...ချေသလား။

ဘုရား. . ဘုရား အတွေးနှင့်ပင် ...ကျွန်တော့်ရင်ထဲ လှိုက်ဆူယောက်ယက် ...သွားပါပြီ။ ကြေးကြေးနှင့် ကျွန် ...တော်သည် အိမ်နီးချင်းလည်း ဖြစ်သည်။ ...စားဖော်လည်း ဖြစ်သည်။ ကျောင်း ...ဖက်လည်း ဖြစ်သည်။ ကျွန်တော့် ...နှင့် ကြေးကြေး မိဘတို့သည် သွေး ...သားရင်းပမာ ချစ်ခင်ကြသူများ ...ကြ၏။

ကျောင်းပိတ်ရက်များတွင် ကြေးကြေးက သင်တန်းမျိုးစုံ လိုက်တက်သည်။ ကျွန်တော်က အိပ်၊ စား၊ ကစား ကလွဲပြီး ဘာမှ စိတ်မဝင်စားပေ။ ကျွန်တော်စိတ်ဝင်စားသည်မှာ ဘောလုံးသာ ဖြစ်သည်။ ကြေးကြေးက စည်းရုံးရှာပါသည်။

"ပြည်ခိုင်ဖြိုးအသင်း ဝင်ပါလား ကိုလတ်"

ကျွန်တော်က နှာခေါင်းရှုံ့ပြသည်။

"ဘာဖြစ်လို့လဲ"

"ဟာကွာ . . . မဝင်ချင်ပါဘူး၊ ဒီမောင်တွေက တိုက်ပုံအဖြူကလေးတွေဝတ်၊ လုံချည်ဆင်တူတွေ ဝတ်ပြီး အလကား လမ်းသလား"

"ကိုလတ်"

ကြေးကြေး၏ ခပ်ဆတ်ဆတ်အသံကြောင့် ပြောလက်စ စကားပြတ်သွားသည်။

"ဘာပြောတယ် ကိုလတ်၊ လမ်းသလားတယ် ဟုတ်လား၊ ဒီလိုပြောရအောင် ကိုလတ် ဘာတွေ တွေ့လို့လဲ"

"ဘာတွေ့ရမှာလဲ၊ တစ်ဖွဲ့ကြီး သွားကြလာကြတာပေါ့"

"ကိုလတ်က သေချာ မလေ့လာဘဲ ပြောတာကိုး"

"မလေ့လာချင်ပါဘူး၊ ငါမှ စိတ်မဝင်စားတာ"

"ဟော ကြည့်၊ ဟောဒီကိုလတ်ဟာလေ၊ ပြောလေ ဆိုးလေပဲ၊ ကိုယ်လဲ မလေ့လာ၊ ကိုယ်လဲ စိတ်မဝင်စားဘဲနဲ့ စိတ်မှန်းနဲ့ အလကားလမ်းသလားတဲ့ သူတွေလို့ ဘာဖြစ်လို့ ကောက်ချက်ချရတာလဲ။

"ပြည်ခိုင်ဖြိုးဆိုတာ ဒီနေ့လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ အသင်းကြီး၊ ကြေးကြေးတို့ လူငယ်တွေ တစ်ဦးချင်း တစ်ယောက်ချင်း အရည်အသွေးမြင့်မားလာဖို့အတွက်ပျိုးထောင်လေ့ကျင့်ပေးနေတဲ့ အသင်းလို့ ဆိုရမယ်"

ကျွန်တော်က ပို၍ နှာခေါင်းရှုံ့ပြသည်။ ကြေးကြေးက မမြင်ဟန်ပြုကာ စကားဆက်သည်။

"ကြေးကြေးတို့ လူငယ်ဆိုတာ မွေးကတည်းက ဘာအသွေး၊ ဘာအရောင်၊ ဘာအရည်အချင်းမှ ပါမလာကြဘူး မဟုတ်လားကိုလတ်ရဲ့၊ တကယ့်အဖြူထည်သက်သက်ပဲ၊အရောင်အသွေးရှိလာအောင် ကြိုးစားမှ တိုးတက်မှာလေ၊ တိုးတက်ဖို့ဆိုတာ မှန်ကန်တဲ့ ခေါင်းဆောင်မှုလိုအပ်တယ် မဟုတ်လား၊ မှန်ကန်တဲ့ခေါင်းဆောင်မှုအောက်မှာ လေ့ကျင့်ရင်း၊ ကြိုးစားရင်း၊ အတွေ့အကြုံယူရင်းနဲ့ တိုးတက်မြင့်မားတဲ့ လူငယ်တွေ ဖြစ်လာမှာ၊ ကြေးကြေးတို့ လူငယ်ဆိုတာ အနာဂတ် ကာလရဲ့ မျှော်လင့်ချက်တွေပဲ ကိုလတ်"

ကြေးကြေးစကားတို့သည် မဆုံးနိုင်တော့ပေ။ သူ့စကားတွေကို ကျွန်တော်နားမလည်။ စိတ်မဝင်စား။ လူငယ်ဆိုတာ အနာဂတ်ကာလ၏ ဖန်တီးရှင်ဟုလည်း ဆိုသည်။ အနာဂတ်ကာလ၏ ပန်းပုဆရာဟုလည်း ပြောသည်။

အနာဂတ်ကာလ၏ ပန်းချီဆရာဟုလည်း ညွှန်းသည်။ အနာဂတ်ကာလ၏ စွမ်းအားသစ်ဟုလည်း အမွှမ်းတင်သည်။ လူငယ်ဆိုတာ အနာဂတ်ကာလ၏ ရောင်နီဦးတွေ။ မျှော်လင့်ချက်တွေ။ အို စုံလို့ပါပဲ။ ဂုဏ်ပုဒ်အမျိုးမျိုးဖွင့်လေသည်။

ကျွန်တော်လည်း လူငယ်တစ်ယောက်ပါပဲ။ သို့သော် သူ့အမြင် သူ့အတွေးကို ကျွန်တော် နားမလည်။ ကြေးကြေးနှင့် ကျွန်တော် ရန်မဖြစ်လိုပေ။ ကြေးကြေး ယုံကြည်သလို ကြေးကြေးခံယူသလို ကျွန်တော်လက်မခံချင်သော်လည်း ဆန့်ကျင်ဘက် မပြုချင်ပါ။

ကျောင်းပိတ်ရက်တွင် ကြေးကြေးနှင့် သိပ်မတွေ့ရပေ။ ကျွန်တော်က အောင်ဆန်းကွင်း ပြေးလမ်းပေါ်တွင် လည်းကောင်း၊ ဘောလုံးကွင်းတွင် လည်းကောင်း ရှိနေချိန်များတွင် ကြေးကြေးက သူ့အလုပ်နှင့်သူ ချာချာလည်နေ၏။ မြို့နယ်သင်တန်းတွေတက်လိုက်၊ မြို့နယ်လှုပ်ရှားမှုတွေလုပ်လိုက် ဘာ



www.burmeseclassic.com

www.burmeseclassic.com

တွေ့မှန်း သေ၏။ ချာချာသည် အလုပ်များလေသည်။ ထို့မှမဲ့သင်တန်း ဖွင့် အာမျိုးနယ်မှ အလုပ်အမှု တောင် ထိုအချက်လေယာဉ်ထင်းနှင့် ရခိုင် မြို့နယ် သံတွဲမြို့နယ်မှ အလုပ်အမှု ဆောင် တိုစန်းနိုင်တို့နှင့် ရင်းနှီးလာခဲ့ခြင်း ဖြစ်လေသည်။

သူတို့ သုံးဦးသည် ရေပက်မဝင် အောင် ပြောမဆုံးနိုင်ရှိကြသည်။ သူတို့ကြားတွင် ကျွန်တော်သည် စကားမပြောတတ်သော ဆွံ့အသူပမာ ခံစားရသည်။

ကျွန်တော့်ကို ကြေးကြေးက သူတို့ စကားဝိုင်းထဲ ဆွဲသွင်းပါသေးသည်။

“ကြေးကြေးတို့ ပြည်ခိုင်ဖြိုးအသင်းရဲ့ တံဆိပ် အမှတ်အသားက ခြသေ့်လေ ကိုလတ်ရဲ့၊ခြသေ့်အကြောင်း ကိုလတ် သိတယ်မဟုတ်လား”

“အင်း ခြသေ့်ဆိုတာ ရဲရင့်တယ်၊ သတ္တိရှိတယ်၊ ဖွဲ့ကြီးတယ်၊ ပြီးတော့”

သူတို့ စကားဝိုင်းတွင် တစ်သားတည်း ဖြစ်အောင် ကျွန်တော်ကြိုးစားပါသေးသည်။

သို့သော် ကျွန်တော့်တွင် သူတို့ကဲ့သို့ အတွေ့အကြုံ မရှိပါ။

“ဟုတ်တယ် ကိုလတ်ပြောတာမှန်တယ်၊ ခြသေ့်ဆိုတာ ရဲရင့်တယ်၊ သတ္တိရှိတယ်၊ တည်ကြည်တယ်၊ စွန့်စားတယ်၊ ဖွဲ့ကြီးတယ်၊ ဒီလိုအရည်အချင်းတွေရှိတဲ့ ခြသေ့်ကိုကြေးကြေးတို့လူငယ်တွေရဲ့ အားမာန်အဖြစ်နဲ့ ဖော်ကျူးထားတာပဲ”

“ဖော်ကျူးသင့်တာပေါ့ဗျာ၊ ခြသေ့်ဟာ သားကောင်ကြီးတွေ ဖြစ်တဲ့ ကျွဲတို့၊ ပြောင်တို့ကို ဖမ်းတဲ့အခါမှာ ကြီးမားတဲ့ လုံ့လနဲ့ အင်အားကို အသုံးပြုပြီး ဖမ်းတယ်၊ သေးငယ်တဲ့ သမင်တို့ ဒရယ်တို့ ဖမ်းတဲ့အခါကျတော့လဲ ကြီးမားတဲ့ လုံ့လနဲ့ အင်အားကိုပဲ သုံးတယ်၊ သားကောင်ကြီးတာ ငယ်တာကိုလိုက်ပြီး လုံ့လ ဝီရိယနဲ့ အင်အားကို လျှော့ချောတို့ တိုးရွှင့်တာတို့ လုံးဝ မရှိဘူး၊ တစ်သမတ်တည်းထားတယ်၊ အတုယူဖွယ်ကောင်းတဲ့ စိတ်ဓာတ်ပဲဗျာ”

“အေးကွ ခြသေ့်စိတ်ဓာတ်ဟာ လေးစားစရာပဲ၊ စည်းကမ်းလဲရှိတယ်၊ သစ္စာလဲရှိတယ်၊ သစ္စာတရားကို အခြေခံပြီးတော့ တစ်ဂူတည်း နှစ်ကောင် မအောင်းဘူး၊ လိင်မှုကိစ္စလဲ ရှင်းတယ်၊ စည်းကမ်းရှိပြီး လိင်မှုကိစ္စရှင်းလို့ ကြံ့ခိုင်တောင့်တင်းတာပေါ့၊ ပြီးတော့ လောဘမကြီးဘူး၊ အစာဝပြီးရင် ဘယ်လိုသားကောင်ကိုမှ အကြောင်းမဲ့ မသတ်ဘူး၊ ရန်လိုမှုလဲ နည်းပါးတယ်၊ အဲ . . ထိမခံ မျိုးချစ်စိတ်တော့ ရှိတယ်ခင်ဗျ၊ ရန်သူတွေ့လို့ကျတော့ ဟား ဟားမလွယ်ဘူးဗျို့၊ အလျှိုလျှိုထွက်ပြီး တိုက်ခိုက်တော့တာပဲ”

“ညီညွတ်တဲ့ စိတ်ပေါ့ဗျာ၊ ခြသေ့်ဟာ အစဉ်အလာကောင်းတဲ့ စိတ်ဓာတ်ရှိတဲ့သူ၊ ခေါင်းဆောင်ကောင်းပီသတယ်၊ မိမိအုပ်စုကို စားရေး၊ သောက်ရေး၊ လုံခြုံရေးကအစကာကွယ်စောင့်ရှောက်တယ်၊ ခြသေ့်ကြီးတွေက ခြသေ့်ငယ်ကလေးတွေကို လေ့ကျင့်ပေးတယ်၊ သားကောင်ဖမ်းနည်း၊ အမဲလိုက်နည်းတွေကို သွန်သင်ပေးတယ်၊ စည်းကမ်းကို မွေးမြူပေးတယ်၊ ခွန်အားကို အလဟဿ မဖြုန်းတီးဘူး”

“ဒါကြောင့်လဲ ကြေးကြေးတို့ ပြည်ခိုင်ဖြိုးအသင်းတံဆိပ် အမှတ်အသားကို အစဉ်အလာ ကောင်းတဲ့ ကေသရာဇာခြသေ့်ရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံးတဲ့ စိတ်မျိုးရှိဖို့ အသင်းဝင်တွေရဲ့ တံဆိပ်အဖြစ် အသုံးပြုတာပေါ့၊ ကေသရာဇာခြသေ့်ရဲ့ နှလုံးစိတ်ဝမ်းအတိုင်း ကျင့်ကြံအားထုတ်ဖို့ အသင်းဝင်တိုင်းရဲ့ လက်ဝဲဘက် နှလုံးသားတည့်တည့်မှာ တပ်ဆင်ကြရတာပေါ့”

သူတို့ စကားဝိုင်းမှ ကျွန်တော်သည် တဖြည်းဖြည်းဝေးလွင့်သလို ခံစားရပါသည်။

ကျွန်တော်က ခြသေ့်သည် ရဲ
သည်၊ သတ္တိရှိသည်၊ ဖွဲ့ကြီးသည်ကတ
နက်ရှိုင်းစွာ မြင်တွေ့နိုင်သော ဗဟု
မရှိဘဲကိုး။ ကျွန်တော် အားငယ်သ
သည်။ မခံစားဖူးသော ခံစားမှုတ
လှစ်ခနဲ ခံစားလိုက်ရသည်။

ကျွန်တော်သည် ကြေးကြေး
အတန်းတူ၊ ဂုဏ်ထူးထွက်တာချင်းသ
အတူတူ၊ သို့ပါလျက် ကြေးကြေးတဲ့
သိမြင်နံ့စပ်မှု မရှိပါလား။ စိုးရိမ်စိတ်
အားငယ်သွားသည်။ အားငယ်မှု
မခံချင်သော ကျွန်တော်၏ ယောက်
မာန၊ ယောက်ျားမာန်လည်း ဖျတ်ခနဲ
သွားပါသည်။

ကြေးကြေးတို့ ပြည်ခိုင်ဖြိုး
သိချင်လာသော စိတ်ကလေး လှစ်
ပြူထွက်လာ၏။

သူတို့ ဘာတွေ လုပ်နေ
သနည်း။ ဘာတွေ ရည်မှန်းကြသနည်
ကြေးကြေးတို့ ဘာကြောင့် သွား
လာကြ အလုပ်များနေသနည်း။

ဤအချက်များကို သိလျှင် ကျွ
တော်နှင့် သူတို့ စကားပြော၍ မ
လိမ့်မည်။ သူတို့နှင့်အပြိုင် ကျွန်
ပြောဆိုနိုင်မည်ဟု ထင်ပါသည်။

❖

ဖော်ကြီးသည် ရွာမှ တော
လာတက်သူဖြစ်၏။ တိုးတက်ဖွံ့ဖြိုး
ပြီ ဖြစ်၍ ယခုတော့ ခရီးသွားလာ
လွယ်ကူနေပါပြီ။ ကျွန်တော်တို့ မြို့
ဖော်ကြီးတို့ရွာသည် ရထားလမ်း
မဟုတ်တော့ ကားလမ်းပင် ရှိနေ
ကားလမ်းရှိနေပြီ ဖြစ်၍ နေ့ဝက်ခ
သာ သွားရသော ဖော်ကြီးတို့ရွာ
မကြာခဏ ရောက်ဖြစ်သည်။ သ
လက်ချက်ချာသော ဖော်ကြီးသ
ကြေးကြေးလိုပင် ပြည်ခိုင်ဖြိုးအသင်
ဖြစ်၏။ စာတော်သော ရိုးသားေ
ဖော်ကြီးကို ဖေဖေနှင့် မေမေကလ
ချစ်သည်။

အားကစားတွင် ခုံမင်လွန်
ကျွန်တော်သည် ဖော်ကြီးတို့နှင့်





www.burmeseclassic.com

www.burmeseclassic.com

အားလေ့ရှိသည်။ ကျွန်တော်တို့ဆီက လူငယ်တွေနှင့် သူတို့ရွာက လူငယ်တွေ ချင်းနီးနေကြပြီ။ ယခုလည်း အသက် နှစ်ဆယ်အောက် လူငယ်ဘော်လုံးပွဲ အတွက် ချိန်းပွဲလုပ်ထားကြ၏။

"နောက်နေ့မှ ကစားရင် မဖြစ် ဘူးလား ကိုလတ်ရာ၊ ဒီနေ့ နေလိုက်ပါ ဦး သူဇနန့်လဲ တွေ့ရတာပေါ့"

ကျွန်တော်က ခေါင်းဆတ်ခနဲ တစ်ချက်ခါကာ လှည့်ထွက်လာခဲ့ သည်။ ကြေကြေး နှုတ်ခမ်းစူ ကျန်ခဲ့သည်။ တတ်နိုင်။ ကျွန်တော်က အသင်းခေါင်း ဆောင်၊ ပျက်၍ မဖြစ်ပေ။ သူတို့အလုပ် သူတို့ လုပ်ကြသလို၊ ကျွန်တော်လည်း ကျွန်တော့်အလုပ် ကျွန်တော်လုပ်ရမည်။ သူတို့က ယုဇနကိုဖိတ်၍ ဂုဏ်ပြုပွဲ လုပ်ကြမည်ဆိုပဲ။

ယုဇနသည်လည်း ကျွန်တော် ၏ သူငယ်ချင်းပါပဲ။ ယုဇနခင်ဇော် သည် အခြေခံပညာ အထက်တန်း စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး ရှင်ဖြစ်၏။

၁၉၉၂ - ၉၃ ပညာသင်နှစ်၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ပထမရရှိ သည့် စစ်ကိုင်းရွာသစ်ကြီးမှ ကျောင်း သူ ဖြစ်လေသည်။ ယုဇနခင်ဇော်သည် ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ (၉)ရက် နေ့က ရန်ကုန်မြို့တော်ခန်းမ၌ သူတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ ဆိုင်းဘုတ်တင်ပွဲ အခမ်း အနားကို ဖွင့်လှစ်ပေးရလေသည်။

"သိလား ကိုလတ်၊ ဒါဟာ ပြည် ခိုင်ဖြိုးအသင်းကြီးရဲ့ ရည်ရွယ်ချက်ကို ဖော်ပြလိုက်တာပဲ၊ကျောင်းသားကျောင်း သူ ငါးထောင်ကျော်နဲ့ အသိပညာရှင် အတတ်ပညာရှင်တွေ၊ တက္ကသိုလ်၊ ကောလိပ် သိပ္ပံက တာဝန်ရှိပုဂ္ဂိုလ်တွေ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်နဲ့ အလွှာ အသီးသီးက ပုဂ္ဂိုလ်တွေရော၊ နိုင်ငံ တော် အကြီးအကဲတွေပါ တက်ရောက် ခင်းနဲ့ကြတာမှ တကယ့်ကို ကြည်နူး အားတက်စရာပါပဲ၊ ယုဇနခင်ဇော်လို ထူးချွန်တဲ့ လူငယ်တွေရဲ့ ကိုယ်စား တာဝန်ပေးလိုက်တာလေ၊ ကျောင်းသူ လေး တစ်ယောက်ကို အသင်းကြီးရဲ့ ဆိုင်းဘုတ်ကို ဖွင့်လှစ်ဖို့ တာဝန်ပေး လိုက်ခြင်းဟာ အားထားရမယ့် ကြေး ကြေးတို့ လူငယ်တွေကို နေရာပေးလိုက်၊ ရွှေ့တန်းတင်လိုက်တာ၊ အနာဂတ် အတွက် လူငယ်တွေကို အားကိုးတယ် ဆိုတာ ပြသလိုက်ခြင်းပဲ ကိုလတ်ရဲ့၊ တကယ်တော့ ကြေးကြေးတို့ လူငယ် တွေဆိုတာ အနာဂတ်ကာလရဲ့"

မရွှေကြေး၏ အနာဂတ် အင် အားတွေ၊ စွမ်းအားတွေ ဖန်တီးရှင်တွေ ကို ဆက်မကြားလို၍ လှည့်ထွက်ခဲ့ရပါ သည်။

❖

ဇော်ကြီးတို့ နေသောရွာသည် ကွင်းလယ်ရွာဖြစ်၏။ ကွင်းလယ်၊ ပေါက် ချောင်း၊ တာဝေး၊ မြောင်းနူ၊ ရှောက်ပင် ရွာတို့သည် တစ်ရွာနှင့် တစ်ရွာ ဆက် လျှက်ရှိလေသည်။ ကျွန်တော်တို့သည် မြောင်းနူရွာအရောက်တွင် ကားပေါ်မှ ဆင်းကြသည်။ ဇော်ကြီးတို့ လာကြိုနေ ၏။ ကွင်းလယ်ရွာရောက်ရန် သိပ်မလို တော့ပေ။ သုံးမိုင်သာသာရှိတော့သည်။ သီချင်းတကြော်ကြော်အော်ရင်း ရထား လမ်းအတိုင်း လျှောက်လာခဲ့ကြသည်။

"ဟာ . . . ဇော်ကြီး"

ကျွန်တော် ထိတ်ခနဲ ဖြစ်သွား ၏။ ရထားလမ်းသည် ဖရိုဖရဲ ကစဉ့် ကလျား ဖြစ်နေပါလား။ ကျွန်တော် ခေါ်သံကြောင့် သီချင်းဟစ်လာသော အသံတွေ ရပ်တန့်သွားကြသည်။ ကျွန် တော်ရပ်ကြည့်ရာသို့ ပြေးလာကြသည်။

"ဟာ ရထားလမ်းတွေ ဘယ်လို ဖြစ်ကုန်တာလဲ"

"ညက ရွာတဲ့မိုးက ပြင်းတာကိုး၊ ဒါကြောင့် ဒီလို ဖြစ်ကုန်တာကွ"

"မိုးကရွာ ရေတွေကြီးပြီး တိုက် စားသလို ဖြစ်သွားတာ"

"အေး ဟုတ်တယ်၊ ဟာ ကွာ တော်တော့်ကို အခြေအနေဆိုးပါလား"

"ကြည့်စမ်း၊ ဇလီဖားတုံးတွေ လွင့်စင်ကုန်တာ မနည်းပါလား"

တစ်ယောက် တစ်ပေါက်ပြော ကြသည်။

"ဘယ်နှနာရီ ရှိပလဲ"

"နှစ်နာရီခွဲတော့မယ်"

"နှစ်နာရီခွဲတော့မယ် ဟုတ် လား၊ ဟင် ဒီလိုဆို မဖြစ်ဘူးကွ၊ ရထား လာချိန်နီးပြီ၊ ဒီလိုလုပ်ကွာ၊ ဟော့ကောင် ကိုလတ်၊ မင်းနဲ့ ကျော်မိုး-ဟ ပြေးပြီး ရထားကို တားနှင့်၊ ငါက ပြည်ခိုင်ဖြိုး က တို့လူငယ်တွေကို သတင်းပို့မယ်၊ ခေါ်ခဲ့မယ်၊ ရထားလမ်းကို အမီပြင်ကြ မယ်၊ ကဲ မင်းတို့ ပြေးပေတော့"

ဇော်ကြီး စကားဆုံးသည်နှင့် ကျွန်တော်နှင့် ကျော်မိုး တရကြမ်းပြေး ပါတော့သည်။ ပြေးနေရင်း လမ်းဝက် မှာပင် ရထားလမ်းတချို့ ပျက်စီးနေ သည်ကို မြင်ရပြန်သည်။ နှစ်ယောက် သား သဲသဲမဲမဲ အားသွန်ပြေးကြလေ သည်။ လေကို ဆန်၍ ပြေးရသဖြင့် နားများပင် အူလာသည်။ အမှန်ပင် ကျွန်တော် စိတ်ပူနေပြီ။ ရထားလာချိန် နီးပြီ မဟုတ်လား။

ခြေကုန်ပြေးရင်း အချိန်မီ ရထားကို တားရန် စိတ်စောနေ၏။ ကျော်မိုးသည် နောက်၌ တဖြည်းဖြည်း ကျန်ခဲ့လေသည်။ ကျွန်တော့်ခြေကို ကျော်မိုး အမီမလိုက်နိုင်။ အင်းလေ ဘယ်လိုလိုက်နိုင်မည်လဲ။

ကျွန်တော့် ခြေများသည် နေ့ ပေါင်းများစွာ၊ ရက်ပေါင်းများစွာ၊ လ ပေါင်းများစွာ လေ့ကျင့်ထားသည်ကိုး။ အသားကျနေသောခြေထောက်၊ မာ ကျောနေ သန်မာနေသော ခြေထောက်၊ သက်လုံကောင်းနေသော ခြေထောက်။ ကျွန်တော့် ပြေးအား၊ ပြေးမာန်ကို ကျော်မိုး မည်သို့မီပါမည်နည်း။

ကျွန်တော့် ခြေထောက်များ သည် နေ့စဉ် လေ့ကျင့် လေ့ကျင့်၊ အလို . . . လေ့ကျင့်။ လေ့ကျင့် ပျိုးထောင် တယ်ဆိုသော အသုံးက. . .။



www.burmeseclassic.com

www.burmeseclassic.com

ဟာ ဟုတ်တာပေါ့။ မရွေကြေး မကြာခဏ သုံးနှုန်းလေ့ရှိသော စကားပေပဲ။ လေ့ကျင့်ပျိုးထောင်သည့် လူငယ်ဟာ သာမန်လူငယ်နှင့် မတူဘူးဆိုပဲ။ အင်း, ဟုတ်နိုင်သည်။

ကျွန်တော် ခပ်ရေးရေး သဘောပေါက်လာပြီ။ ဟုတ်သည်။ နေ့စဉ် လေ့ကျင့်ထားသော ကျွန်တော့်ခြေထောက်များသည် သာမာန်ခြေထောက်နှင့် မတူပေ။ လေ့ကျင့်ပျိုးထောင်ပေးထားသည့် လူငယ်သည်လည်း သာမန်လူငယ်နှင့် မည်သို့ တူနိုင်မည်နည်း။ အယူအဆ၊ အတွေးအခေါ်၊ အမူအကျင့်၊ စရိုက်သဘာဝ၊ စိတ်ဓာတ်သည် သန်မာကျစ်လျစ်နေပေလိမ့်မည်။ ကြံ့ခိုင်နေလိမ့်မည်။ စွမ်းရည်ပြည့်နေလိမ့်မည်။ ခြေကုန် တစ်ဟုန်ထိုးပြေးနေရင်း ကျွန်တော့်အတွေးတို့သည် ပြေးရှိန်နှင့်အတူ တရစပ်ပျံ့နှံ့နေပါသည်။

ဟော ရထားသံသဲ့သဲ့ ကြားရသည်ထင်၏။ ကျွန်တော့် ခြေထောက်များကို အစွမ်းကုန် စံချိန်ထပ်တင်လိုက်သည်။ ပြေး ပြေး ပြေးစမ်း။ လူတွေအတွက်။ အသက်တွေ အတွက်။ ကျွန်တော့်အသက်ရှူသံကို ကျွန်တော် ပြန်ကြားနေရသည်။ တဟူးဟူး တိုက်ခတ်နေသော လေထုထဲသို့ ထိုးဖောက်ကာ အားသွန်ပြေးသည်။

ဇော်ကြီးတို့လည်း ကျွန်တော့်ကဲ့သို့ သဲသဲမဲမဲ ကျားကုတ် ကျားခဲ အားသွန်ခွန်စိုက် ရထားလမ်းကို အမြန်ဆုံး ပြင်နေလိမ့်မည်။ ကြေးကြေးတို့ ပြည်ခိုင်ဖြိုးက လူငယ်များ ဘာတွေလုပ်ဂုတ်ကြသည်ကို ကျွန်တော် ခန့်မှန်းတတ်လာပါပြီ။ အဖြေရှာတတ်လာပါပြီ။

အလို။ ကျွန်တော်သည် ပြည်ခိုင်ဖြိုးအသင်းဝင် ဇော်ကြီးတို့နှင့်အတူ တစ်သားတည်း လှုပ်ရှားနေပါလား။ ရင်ထဲတွင် ကြည်နူးပီတိ စိတ်ကလေး လှစ်ခနဲ ခံစားလိုက်ရ၏။ ကျွန်တော်၏ ခြေလှမ်းများသည် အဓိပ္ပာယ်မဲ့သော ရည်ရွယ်ချက်မဲ့သော ခြေလှမ်းများ မဟုတ်တော့ပါ။ ဖွံ့ကြီးသော ရဲရင့်သော ကေသရာဇာခြင်္သေ့ကဲ့သို့ ခိုင်မာသော စိတ်ဓာတ်ဖြင့် ပြေးနေသော ခြေလှမ်းများ ဖြစ်နေပါပြီ။ ကျွန်တော်သည် ဇော်ကြီးတို့ ကြေးကြေးတို့ ပြည်ခိုင်ဖြိုးက လူငယ်တွေနှင့်အတူ လူတွေအတွက် အသက်တွေအတွက် နိုင်ငံပိုင် ရထားကြီး မပျက်စီးဖို့အတွက်။

အတွေးနှင့်အတူ စိုးရိမ်ပူပန်စွာ အကျီကို ချွတ်ပစ်လိုက်သည်။ ပို၍ လွတ်လပ်ပေါ့ပါးသွားသည်။ ခပ်ရေးရေး မြင်စပြုနေသော ရထားကြီးကို အကျီဖြင့် အားကုန်ဝှေ့ယမ်းပြရင်း ရှေ့သို့ တစ်ဟုန်ထိုး ပြေးလေသည်။

❖

"ရှေ့ ရှေ့မှာ၊ ရထားလမ်းပျက်နေတယ်"

ကျွန်တော့်စကားသံကို ကျွန်တော်မကြားရချေ။ နားထဲတွင် တဝီဝီမြည်နေ၏။ မောလွန်း၍ အသက်ရှူမြန်နေသည်။ ရထားစက်ခေါင်းမှ ဦးဆုံးဆင်းလာသူ ယူနီဖောင်းဝတ် ရထားအမှုထမ်းကြီးက ကျွန်တော့်ကို ဆီးကြိုပွေ့ဖက်လိုက်၏။

"ကျေးဇူးတင်လိုက်တာ ငါ့ တူကြီးရာ"

စိတ်လျှော့ချလိုက်ပြီ ဖြစ်သော ကျွန်တော်သည် သူ့လက်ထဲတွင် အလိုက်သင့် မှီလျက်ပါသွားသည်။

"ဒီကလေးကို ရေတိုက်ကြရအောင်"

"ဟာ မတိုက်နဲ့ဦး၊ သူ သိပ်မောနေတယ်၊ ငါ့အိတ်ထဲမှာ လိမ္မော်သီးရှိတယ် ယူခဲ့"

"ကောင်းတယ်၊ လိမ္မော်သီးစိတ်ကလေးကို အရင်ကျွေး၊ ပြီးမှ ရေကို တဖြည်းဖြည်းတိုက်"

ဟုတ်ပါသည်။ ကျွန်တော် အလွန်မောနေသည်။ မျက်စိကို မှိတ်ထားလိုက်သည်။ တဒိန်းဒိန်းမြည်နေသော ရင်ခုန်သံက ပြင်းလှ၏။

"ချီးကျူးစရာကွယ်၊ တကယ် ကျေးဇူးတင်ဖို့ ကောင်းတယ်"

"အမယ်လေး ဘုရား. . ဘုရား ဒီကလေးကယ်ပေလို့"

"တစ်လမ်းလုံး ပရိတ်ကြီးရွတ် ဖတ်လာတဲ့ ကျေးဇူးပဲ"

တစ်ယောက်တစ်မျိုး ပြောသံ တွေ ကြားနေရသည်။

"ဟို ဟိုမှာ ကြည့်စမ်း၊ ကလေး တစ်ယောက် မဟုတ်လား"

"ဟာ ဟုတ်တာပေါ့၊ ဒီကလေး လိုပဲ ရထားလမ်းပျက်နေတဲ့အကြောင်း အကြောင်းကြားတာ ဖြစ်မှာ"

ကျော်မိုး ရောက်လာပြီ ထင်ပါ သည်။

"တကယ့်ကို တာဝန်သိတဲ့ ကလေးတွေပဲဗျာ"

သူတို့ အသံတွေသည် ကျွန် တော့်ကို လန်းဆန်းတက်ကြွစေပါသည်။ ကျွန်တော်တို့သည် တာဝန်သိသည့်သူ ဆိုပဲ။ ကြေးကြေး ပြောလေ့ရှိသော စကားကို ကြားယောင်လာပါသည်။

"လူငယ်ဆိုတာ ရိုးသားတယ်၊ ဖြူစင်တယ်၊ စွန့်စားတယ်၊ အနစ်နာခံ တယ်၊ ဒီလိုစိတ်ကောင်းစိတ်မြတ်တွေ ရှိ နေတဲ့ တို့လူငယ်တွေဟာ ရိုးသားတဲ့ မွန်မြတ်တဲ့ မှန်ကန်တဲ့လုပ်ရပ်တွေကို လုပ်ဆောင်မှ တန်ဖိုးရှိတဲ့ အလုပ်ဖြစ် တာ"

ယခု ကျွန်တော်သည် ကြေး ကြေးမြတ်နိုးသော တန်ဖိုးရှိသည့်လုပ် ရပ်တစ်ခုကို လုပ်မိပြီ ဖြစ်ပါသည်။

ကြေးကြေးကို ကြွားပစ်ရန် ဆော နေသည့်ကြားမှ တက်ကြွစွာ သတိရ လိုက်ပါသည်။

❒ စောမဥ္ဇူဖြူ



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ္တဗေဒ ၊ ယတြာဗေဒ ၊ ပါဠိတေဇ္ဇနက္ခတ္တ ၊ တရုတ်ဗေဒ ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

## ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်းအတတ်ပညာကျွမ်းကျင်သူ

ဟောခန်း(ရုံးခန်း)နှင့် ပြန်ကြားရေးလိပ်စာ — ၂၇၊ ရွှေဘုန်းပွင့်ဘုရားစျေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၁၃၉၈၂၄၀

နေအိမ် — ၇၂(၇-က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင်သိရှိအားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီမှ ညနေ (၄ း ၀၀)နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"



ဦးခန့်ကျော် စာပေ ( ၇၉၂ ) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ

www.burmeseclassic.com

 www.burmeseclassic.com

မှုးချုပ်ဟာ ဘတ်စဘာ ဝင်လာတာကို မျက်ဖြူ တစ်ချက်လှန်ကြည့်ပြီး ဓာတ်ပုံကိုပြန် ကြည့်နေပါတယ်။

"အင်း. . . မင်း ကုတ်ကိုမဖမ်းခဲ့နိုင်တာတောင် ခပ်ကောင်းကောင်းဖြစ်သွားပြီ တပည့်ရ"

သူက ရုတ်တရက် ဒီလိုမျိုး ပြောလာတော့ ဘတ်စတာဟာ သူ့ဆရာကို မယုံနိုင်သလိုငေးကြည့်နေမိပြီး အံ့ဩနေပါတော့တယ်။

"ဘာအဓိပ္ပာယ်လဲ ဆရာ၊ ကျွန်တော်ဖြင့် နားမလည်နိုင်တော့ပါဘူး"

"ငါ ဒီမှာ လူတစ်ယောက်ရဲ့ ဓာတ်ပုံတစ်ပုံ ရထားတယ်ကွ၊ သူဟာ တပ်ထဲမှာတုန်းက ကုတ်ကိုကောင်းကောင်းသိခဲ့တဲ့ သူပဲ၊ နောက်ပြီး သူဟာ ကုတ်ရဲ့အမှုမှာအရေးပါတဲ့သက်သေတစ်ဦးလဲ ဖြစ်ခဲ့တယ်၊ အခုအချိန်မှာ ငါ စိတ်အဝင်စားဆုံး ဂိုလ်က သူဖြစ်နေခဲ့တယ်၊ အခုလို ကုတ်လွတ်မြောက်နေတဲ့အချိန်မှာ သူ့အကြောင်းကို တော်တော်များများ ရှာဖွေဖော်ထုတ်နိုင်လိမ့်မယ်လို့ ငါ ထင်မိတယ်"

ထောက်လှမ်းရေးမှူးဟာ ဘတ်စတာကိုရှင်းပြရင်း ဓာတ်ပုံကိုလည်း လှမ်းပေးလိုက်ပါတယ်။

"ဒီလူပဲ၊ သူ့ကိုစောင့်ကြည့်ပါ၊ သူ ဘယ်သွားသွား နောက်ယောင်ခံလိုက်ပါ၊ ဒါ ငါ့အမိန့်ပဲ"

ဘတ်စတာဟာ ဓာတ်ပုံထဲက လူကို စေ့စေ့စပ်စပ်ကြည့်ပြီး ခေါင်းထဲမှာစွဲအောင်မှတ်လိုက်တယ်။ ဒီလူဟာ အီးရစ်မားစတားစ်ဆိုတဲ့လူ ဖြစ်နေပါလား။

❑



# လွတ်မြောက်သွားတဲ့လူ

## သော့လင်း (အောင်မြဲ)

"တကယ်တော့ မင်း ကိုယ့်ကို ကူညီနိုင်မှာမဟုတ်ပါဘူးကေတီ၊ ဒါက ဥပဒေနဲ့လဲ ဆန့်ကျင်နေလို့ပါ"

ကုတ်က ပြောလိုက်ပါတယ်။

သူနဲ့ အမျိုးသမီးငယ်ဟာ သူမရဲ့ မီးဖိုခန်းထဲမှာ ထိုင်နေကြတာပါ။ ကုတ်ဟာ မနက်စာကို ဆာဆာလောင်လောင် စားနေခဲ့တယ်။

ကေတီကတော့ ဘာတစ်ခွန်းမှ မပြောသေးပါဘူး။ သူက ဆက်ပြောလိုက်တယ်။

"ကိုယ်ဆိုလိုတာက လူတိုင်းက ကိုယ့်ကို စပိုင်လို့ ထင်နေတယ်"

"အဲဒီလိုထင်တဲ့အထဲမှာ ကျွန်မ မပါဘူး"

တစ်ချိန်လုံးငြိမ်နေတဲ့ ကေတီက အဲဒီလိုပြောပါတယ်။ ကုတ်ဟာ သူ့ရဲ့ မနက်စာကို တိတ်ဆိတ်စွာ စားသုံးသတ်



www.burmeseclassic.com

www.burmeseclassic.com



…တဲ့တယ်။ ပြီးမှ ဆက်ပြောပါတယ်။

"ဒီလောကကြီးထဲမှာ ကိုယ့်ကို အပြစ် မရှိဘူးလို့ ယုံကြည်တဲ့သူ မင်း တစ်ယောက်ပဲရှိတာပါ၊ ဒါကြောင့်လဲ ကိုယ် ဒီကိုရောက်လာခဲ့တာ၊ ကိုယ့်ကို ကူညီနိုင်မယ့်သူ ဘယ်သူရှိလဲကေတီ"

"တက်ဒ်. . . ရှင့်ကို ဘယ်လို ကူညီရမှာလဲ"

ကေတီက မေးလိုက်တဲ့အခါ ကုတ်က ဖြည်းလေးစွာနဲ့ ပြောလိုက်တယ်။

"တကယ့် သူလျှိုအစစ်တွေကို ရှာဖို့ ကူညီရမှာပါ"

❑

ကေတီဟာ မိန်းမချောလေး တစ်ယောက်ပါ။ အမေရိကန်လူမျိုးတွေ လေသံနဲ့ပြောရရင် သွေးအေးတဲ့စရိုက် ရှိသူပါ။ ဘယ်အရာကိုမှ ထူးထူးထွေထွေ အံ့ဩတုန်လှုပ်လေ့ မရှိပါဘူး။ ကြည့်လိုက်ရင် အရာရာအတွက် အမြဲ အဆင်သင့်ဖြစ်နေတတ်သူပါ။ ရုပ်လှသလောက် စိတ်က ထက်မြက်ပြီး အကင်းပါးသူ ဖြစ်ပါတယ်။

ဒါဟာ သူမရဲ့ သရုပ်ဆောင် အလုပ်ကြောင့်လည်း ဖြစ်ပါလိမ့်မယ်။ သူမဟာ ရုပ်ရှင်နဲ့တယ်လီဗွီးရှင်းတွေမှာ ဇာတ်ရံတစ်ဦးအဖြစ် သရုပ်ဆောင်နေခဲ့သူဖြစ်ပါတယ်။ သူမရဲ့ ဘဝဟာလည်း အံ့ဩစရာတွေနဲ့ပြည့်နှက်လို့နေပါတယ်။ အခုအချိန်မှာ ရိုက်ကူးရေး အစီအစဉ်တွေမရှိဘဲ အနားယူနေချိန်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ကုတ်က တရားခံ အစစ်တွေကို ရှာဖွေရာမှာ ကူညီဖို့ ပြောလာတဲ့ အချိန်အထိ တစ်ချက်ကလေးမှတွေဝေမှုမရှိခဲ့တာဖြစ်ပါတယ်။

မိန်းမလှလေးကို ဘယ်လိုနားလည်ရမလဲ။ အခုလည်း ကြည့်လေ. . .

"ကောင်းပြီလေ၊ ရှင့်ကို ကျွန်မ ကူညီမယ်၊ ကျွန်မ အခုပဲ လုပ်သင့် တာကို စလုပ်တော့မယ်၊ ဒီမှာပဲစောင့်ပါ"လို့ ပြောပြီး သူမ ထလိုက်တယ်။

"မင်း ဘာကိုပြောတာလဲ၊ အခု ဘယ်သွားမလို့လဲ"

ကုတ်က မေးလိုက်တယ်။

"ကျွန်မ ပြန်လာတဲ့အခါကျရင် ရှင်သိရပါလိမ့်မယ်၊ အခု ကျွန်မအတွက် ပစ္စည်းအချို့ရမှ ဖြစ်မယ်"

ကုတ်က နောက်ထပ် တစ်စုံ တစ်ရာ မမေးလိုက်နိုင်ခင်မှာပဲ သူမ ထွက်သွားခဲ့ပါပြီ။

သိပ်ပြီးမဝေးလှတဲ့တစ်နေရာ။ ဘတ်စတာဟာ ထောက်လှမ်းရေးမှူးချုပ်ရဲ့ရုံးခန်းမှာရှိနေဆဲ၊ ထိုင်နေဆဲပါ။ မားစတားစ်ရဲ့ဓာတ်ပုံကိုလည်း ကြည့်ရှုနေဆဲပါ။ သူဟာ မျက်လုံးကို ဓာတ်ပုံ ဆီကခွာပြီး မေးလိုက်ပါတယ်။

"သူ့အကြောင်းက ဘာတွေများ စိတ်ဝင်စားစရာ ဖြစ်နေလို့လဲ ဆရာ၊ ဘာဖြစ်လို့ ကျွန်တော့်ကို သူ့နောက် လိုက်စေချင်ရတာလဲ"

"လွန်ခဲ့တဲ့ ရက်အနည်းငယ်က ဆိုပါတော့ကွာ၊ အမှုနဲ့ပတ်သက်တဲ့ သဲလွန်စတချို့ သူ့ဆီက တို့ရခဲ့တယ်၊ အရင်က တို့ထင်မထားတဲ့ အချက်အလက်တွေ ရှိလာခဲ့တယ်၊ ကုတ်ဟာ အရင်ကတည်းက အပြစ်မရှိသူဖြစ်နိုင်တယ်၊ ငါပြောတာ မင်းသတိထားမိလား၊ ဖြစ်နိုင်တယ်လို့ ပြောတာနော်၊ ငါတို့သိချင်တာက မားစတားစ်ဟာ ကုတ်ဟာ သူ့ကို ဆက်သွယ်လာရင် ဘာလုပ်မလဲ"

ဘတ်စတာဟာ သူ့အထက် အရာရှိ ရှင်းပြမှ ပိုပြီးအံ့ဩသွားပုံရတယ်။ သူ့ရင်ထဲမှာ မရှင်းတာကို မေးလိုက်ပြန်တယ်။

"ကျွန်တော် သိပ်နားမရှင်းလှဘူး ဆရာ၊ မားစတားစ် ဘာလုပ်မယ်လို့ ဆရာ ထင်ထားလို့လဲ"





www.burmeseclassic.com

www.burmeseclassic.com

"မားစတားစ်ဟာ ကုတ်ကို ကြောက်နေရိုး မှန်ရင်တော့ သူဟာ ကုတ်ကို သတ်ပစ်ဖို့ကြိုးစားနိုင်တယ်"

"ဒါပေမဲ့ ဒါဟာ သိပ်အန္တရာယ်များလှတယ်ဆရာ၊ ကျွန်တော်ဆိုလိုတာက ကုတ်မှာအပြစ်မရှိဘူးဆိုရင် မားစတားစ်က ကုတ်ကို သတ်မှာအမှန်ပဲ၊ တစ်ခါ ကုတ်သာ အပြစ်ရှိသူဖြစ်ရင် သူ့ကို ကျွန်တော်တို့ လွှတ်ထားပေးသလိုဖြစ်မနေဘူးလား၊ နောက်ဆုံး ကုတ်က မားစတားစ်ကို သတ်နိုင်တယ်၊ ဒါမှမဟုတ် တခြားတစ်ယောက်ကိုပေါ့"

မှုးချုပ်ဟာ သူ့ကို စူးစူးစိုက်စိုက်ကြည့်ပြီး ပြောလိုက်တယ်။

"ဒါဟာ တို့ရနိုင်မယ့် တစ်ခုတည်းသောအခွင့်အရေးပဲ ဘတ်စတာ"

❑

ကုတ်အတွက်တော့ ဒီမနက်ခင်းနဲ့ညနေဟာ အချိန်ကုန်တာ နှေးလွန်းတယ်ထင်မိပါတယ်။ သူ စိတ်လှုပ်ရှားနေမိတယ်။ သူဟာ တစ်အောင့် တုံးလုံးလှဲလိုက်၊ တစ်ခါပြန်ထပြီး တိုက်ခန်းထဲမှာ လမ်းလျှောက်လိုက်နဲ့ ဂနာမငြိမ်ဖြစ်နေခဲ့တယ်။ ကေတီ ပြန်မရောက်ခင်မှာပဲ ညနေဆောင်းအချိန်ရောက်နေပြီ။ သူမ တံခါးကနေဝင်လာတဲ့အချိန်မှာ ဆောင်းနေ့ကဝင်သွားခဲ့ပြီ။ သူမဟာ အလွန်ကြီးမားတဲ့ လက်ဆွဲအိတ်ကြီးတစ်လုံးနဲ့ ပစ္စည်းခပ်များများ သယ်လာခဲ့တယ်။

"မင်းဘယ်တွေသွားတာလဲ၊ မင်းသွားတာ တော်တော်ကြာတယ်"

"ဟုတ်တယ်၊ ကျွန်မ တော်တော်ပင်ပန်းသွားတယ်၊ ကဲ ဒီမှာ. . . ဒါတွေကို ခုတ်ကြည့်စမ်းပါဦး"

သူမဟာ ပြောရင်းဆိုရင်း လက်ဆွဲအိတ်ကို ခပ်မြန်မြန်ဆွဲဖွင့်ပြီး ဝတ်စုံတစ်စုံ၊ ရှူးဖိနပ်နဲ့ရှပ်အင်္ကျီတွေကို ဆွဲထုတ်လိုက်တယ်။ ရှပ်ရှင်ထဲမှာ သန်းကြွယ်သူဌေးတွေဝတ်လေ့ရှိတဲ့ သားမွေးကော်လာနဲ့ ကုတ်အင်္ကျီတစ်ထည်လည်းပါရဲ့။ ကုတ်ဟာ ဒါတွေကို မဝတ်ချင်ဝတ်ချင်နဲ့ ဝတ်လိုက်ရတယ်။

"ကိုယ့်ကို ရုပ်ဖျက်ဖို့အတွက် နောက်ထပ် လုပ်စရာကျန်သေးလား"

သူက ကေတီကိုမေးလိုက်တယ်။

"မှန်တာပေါ့ရှင်၊ ကျွန်မ ရှင့်အတွက် လိုအပ်တာတွေအားလုံး ယူခဲ့ပါတယ်"

❑

သရုပ်ဆောင်မင်းသမီး ကေတီရဲ့အစီအစဉ်က စတင်ပါပြီ။ ပထမဦးဆုံး ကုတ်ရဲ့ဆံပင်ကို မွဲပြာရောင်ဖြစ်အောင် ဆိုးပေးလိုက်တယ်။ နောက်တော့ ရုပ်ပြောင်းရုပ်လွှဲ မိတ်ကပ်တချို့ကိုသုံးပြီး ကုတ်ရဲ့မျက်နှာကိုအဘိုးကြီးတစ်ယောက်ပုံစံဖြစ်အောင် လုပ်လိုက်တယ်။

စိတ်တိုင်းကျ ပြင်ပြီးသွားတဲ့အခါ ကုတ် လက်ထဲကို အဖြူရောင် လမ်းလျှောက် လက်ကိုင်တုတ်တစ်ချောင်း ထည့်ပေးလိုက်ပြီး သူ့လက်ကို မိမိရရ ဆွဲကိုင်လို့ ကိုယ်လုံးပေါ် မှန်ကြီးတစ်ချပ်ရှိတဲ့နေရာကို ဆွဲခေါ်သွားခဲ့တယ်။ ကုတ်ဟာ ကေတီရဲ့ မြမြသန်မာတဲ့ ဆုပ်ကိုင်အားကို အံ့အားသင့်သွားမိတယ်။

နုနုရွရွ မင်းသမီးတစ်ယောက်ရဲ့ လက်က သံမဏိချောင်းတွေလိုပါလား။ တစ်ခါ မှန်ထဲက သူ့ပုံကိုမြင်ရတဲ့အခါ ကိုပြီးအံ့သြသွားရပြန်တယ်။ မှန်ထဲက အဘိုးအိုတစ်ယောက်က သူ့ကို ငေးကြည့်နေပါလား။ ကေတီက ပြောတယ်။

"ကဲ အခုအချိန်ကစပြီး မျက်မမြင်အဘိုးကြီးတစ်ယောက်နဲ့ ချွတ်စွပ်တူသွားအောင် လုပ်ရလိမ့်မယ်၊ လမ်းလျှောက်တာ၊ စကားပြောတာနဲ့ ဟန်ပန်အမူအရာကအစ မျက်စိမမြင်တဲ့အဘိုးကြီးတစ်ယောက်ပုံစံပေါက်သွားအောင်"

အဲဒီနောက်တော့ သူမဟာ ကုတ်ကို အသေးစိတ်တိကျစွာသင်ပေးနေပါတော့တယ်။ နောက်ဆုံး ကျေနပ်ပြီဆိုမှ. . .

"ရှင့်ကိုသင်ရတာ မြန်သားပဲ၊ ကျွန်မတို့ အခုသွားလို့ရပြီ"

"ဘာဖြစ်လို့ ကျွန်မတို့လို့ပြောရတာလဲ၊ မင်း ကိုယ်နဲ့လိုက်လို့မဖြစ်ဘူးလေ၊ ဒါဟာ သိပ်အန္တရာယ်များလွန်းတယ်"

ကုတ်က ကန့်ကွက်စကား ဆိုလိုက်တယ်။

ကေတီကတော့ သူ့ကုတ်အင်္ကျီကို ဝတ်ဆင်ပြီးနေပြီ။ သူမရဲ့ အဖြေကလည်း ရှင်းပါတယ်။

"ရှင် ကျွန်မရဲ့ အကူအညီကို ရချင်ရင် ကျွန်မကို ရှင်နဲ့အတူ ခေါ်သွားမှ ရမှာပေါ့၊ နောက်တစ်ချက်ကတော့ အရာရာဟာ စိတ်ဝင်စားစရာတွေ သတင်းတွေရရှိဖို့အတွက် အစပျိုးနေပြီလေ"

❑

သူတို့ဟာ တက္ကစီကားဂိတ်ဆီ လမ်းလျှောက်လာခဲ့ကြတယ်။ အဲဒီမှာ တက္ကစီတွေဟာ ဂိတ်ထိုးထားတတ်ကြပြီး ခရီးသည်တွေကို စောင့်ဆိုင်းနေတတ်ကြပါတယ်။

"မင်းနဲ့ ကိုယ်ကတော့ တော်တော်ထူးဆန်းတဲ့စုံတွဲတစ်တွဲ ဖြစ်နေပုံရတယ်"

ကုတ်က မှတ်ချက်ချတယ်။

"ဒီအတွက် စိတ်မပူပါနဲ့၊ ဒီလိုထူးဆန်းနေမှလည်း ရှင် ဘယ်သူလဲဆိုတာ ဘယ်သူမှ သင်္ကာမကင်းမဖြစ်ကြမှာလေ၊ အခု ဘယ်ကိုသွားကြမလဲဆိုတာသာ ကျွန်မကို ပြောပေတော့"

"အစိမ်းရောင်မြင်းစီးသမားလို့ခေါ်တဲ့ ဆိုဟိုရပ်ကွက်မှာရှိတဲ့ ပျော်ပွဲစားရုံတစ်ခုကို သွားကြမယ်၊ အဲဒီနေရာဟာ မားစတားစ်အများဆုံးသွားလေ့ရှိတဲ့နေရာတစ်ခုပဲ"

ကုတ်က ပြန်ဖြေလိုက်တယ်။

"ဒါဆို ရှင်က သူ့ကိုကြံရာပါစပိုင်တစ်ယောက်လို့ ထင်နေတယ်ပေါ့"

"ကိုယ်မသိဘူး၊ ဒါပေမဲ့ အမှုစစ်နေတုန်းက သူ အမှန်အတိုင်းမပြောခဲ့ဘူး၊ ဘာကြောင့်များ သူလိမ်လည်ပြောဆိုခဲ့သလဲဆိုတာကိုပါ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com

ကုတ် ပြောပြီးတဲ့အချိန်မှာ သူတို့ဟာ တက္ကစီဂိတ်ကိုရောက်နေပါပြီ။ အဲဒီမှာ တက္ကစီတစ်စင်းမှ ရှိမနေခဲ့ဘူး။

"ဒီအတိုင်းဆိုရင် ကျွန်မတို့ ဘတ်စ်ကားစီးရလိမ့်မယ်၊ ရှင့်ကိုယ်ရှင် မျက်မမြင်အဘိုးကြီးတစ်ယောက်ဆိုတာ ခမေ့နဲ့နော်၊ အတက်အဆင်းတွေမှာ ကျွန်မ တွဲကူပေးမယ်"

ကေတီက သတိပေးစကားပြော လိုက်ပါတယ်။

❏

သူတို့ဟာ ဆိုဟိုရပ်ကွက်ကို ဘတ်စ်ကားနဲ့ဝင်ကိုအတွင်းရောက်သွားခဲ့တယ်။ လမ်းတွေဟာ မီးရောင်တွေနဲ့ လင်းထိန် နေပါ။ လူတွေ၊ ပျော်ပွဲစားရုံတွေ၊ စား သောက်ဆိုင်တွေ၊ ရုပ်ရှင်ရုံတွေနဲ့ အဖော် အချွတ်ကလပ်တွေဟာ နေရာတိုင်းလို လို ရှိနေကြတယ်။ နတ်ဘုံနတ်နန်းလို့ သာ ပြောရတော့မှာပဲ။ ပျော်ချင်ပါးချင် သူတွေဟာ ကလပ်တွေမှာ တိုးမပေါက် ဘူး။ ကလပ်တစ်ခုရဲ့ရှေ့မှာ လူတစ် ယောက်က ဧည့်ကြို လုပ်နေလေရဲ့။ ဖြတ်သွားဖြတ်လာတဲ့လူတိုင်းကို သူက ဒီလိုပြောတယ်။

"လန်ဒန်မြို့ရဲ့ အကောင်းဆုံးပြပွဲ နော်၊ အချောအလှပျိုမဒီ နှစ်ဆယ်ပါ တယ်၊ အထဲကို ကြွရောက်လှည့်ပါ"

အဲဒီလူဟာ ကုတ်ကိုလည်းမြင် ရော အဲဒီလိုပြောတော့တာပဲ။ ဒါပေမဲ့ ကုတ်ရဲ့ မျက်မှန်အနက်နဲ့လမ်းလျှောက် တုတ်အဖြူကို တွေ့တွေ့ချင်း သူပါးစပ် ပိတ်သွားတယ်။ ဒီလိုနဲ့ သူတို့ဆက် လျှောက်လာကြတာ ကုတ်က ကေတီရဲ့ လက်ကို ရုတ်တရက် ဖျစ်ညှစ်လိုက်တဲ့ အချိန်အထိဆိုပါတော့။ သူက ပြော လိုက်တယ်။

"ဒီနေရာပဲ. . . ကိုယ့်ကို အထဲ ခေါ်သွားပါ"

တံခါးက နှစ်ပေါက် ရှိတယ်။ တစ်ပေါက်က အများပြည်သူ အရက် ဘားလို့ ရေးထားပြီး တစ်ပေါက်က သီးသန့်အရက်ဘားလို့ ရေးထားတယ်။

သူမက မေးလိုက်တယ်။

"ဘယ်တံခါးက ဝင်မလဲ"

"သီးသန့်ဘား"

သူက တီးတိုးဖြေလိုက်ပါတယ်။ သူတို့နှစ်ယောက်ဟာ ကျပ်ညပ်ဆူညံပြီး စီးကရက်မီးခိုးတွေ မှိုင်းမှုန်နေတဲ့အခန်း ထဲကိုဝင်သွားကြတယ်။ သူတို့ဝင်သွားတဲ့ အချိန်မှာ အခန်းထဲက လူတော်တော် များများက သူတို့ကို စိတ်ဝင်စားတဲ့ပုံနဲ့ ဝိုင်းကြည့်ကြတယ်။

❏

ကေတီကတော့ သူ့အလုပ်ကို သူ ပီပြင်အောင်လုပ်တတ်သူပါ။ အခု လည်း ကုတ်ကို စားပွဲတစ်ခုဆီတွဲခေါ်ပြီး ထိုင်ခိုင်းတယ်။ ပြီးတော့ ဘား ကောင် တာကိုသွားပြီး သူတို့အတွက် သောက် စရာသွားယူပါတယ်။ ပြန်လာပြီး အရက် ခွက်တွေကို စားပွဲပေါ်တင်ပြီးတဲ့အခါ နှစ်ကိုယ်ကြား ပြောလိုက်တယ်။

"ကျွန်မ ဒီနေရာကို အရင်က လာဖူးပါတယ်၊ ပြီးခဲ့တဲ့အပတ်ကတောင် ရောက်သေးတယ်"

သူမပြောတာကို ကုတ်က ကြား ပုံမရဘူး။

သူက. . .

"မားစတားစ် ဒီမှာမရှိဘူး"

"ဒီအခန်းထဲမှာ လမ်းလျှောက်ပြီး သူ့ကိုရှာဖို့တော့ မမျှော်လင့်နဲ့နော်၊ ရှင် ဒီလိုလုပ်ချင်နေတယ်မဟုတ်လား"

"စိတ်ချပါ. . . ကိုယ် အဲဒီလို မလုပ်ပါဘူး"

အချိန်တွေဟာ တဖြည်းဖြည်းနဲ့ ကုန်ဆုံးသွားခဲ့တယ်။ အဲဒီစားပွဲမှာ သူတို့ ထိုင်နေခဲ့တာ တစ်နာရီကျော်သွားပြီ။ လူတွေ တဖွဲဖွဲဝင်လာကြပေမယ့် အဲဒီထဲ မှာ မားစတားစ် မပါဘူး။

အချိန်ဟာ ဆိုင်ပိတ်ခါနီးအထိ ရောက်လာခဲ့ပြီ။ ဘားကောင်တာကလူ သူတို့စားပွဲကို ရောက်လာပါတယ်။ သူက ယဉ်ကျေးစွာမေးခဲ့တယ်။

"ကျွန်တော်. . . ဖန်ခွက်လွတ် တွေ ယူလို့ရပါပြီလားခင်ဗျာ"

ကုတ်ဟာ သူ့ရဲ့အကျီစကို စမ်းသပ်ကိုင်ပြီး မေးလိုက်တယ်။

"အီးရစ်မားစတားစ်လို့ခေါ်တဲ့ လူတစ်ယောက် ဒီကို မကြာမကြာလာ တတ်သလား"

ဘားကောင်တာနားမှာ လူ တစ် ယောက်ရပ်နေတယ်။ သူဟာ မားစတား စ်ရဲ့နာမည်ကို မေးသံလည်းကြားရော သူတို့ကို မှန်ထဲကနေတစ်ဆင့် အကဲ ခတ်နေခဲ့တယ်။ ဒါကို ကုတ်နဲ့ကေတီတို့ သတိမပြုမိကြဘူး။

❏

ဘားကောင်တာ တာဝန်ခံက ခဏစဉ်းစားလိုက်တယ်။ ပြီးတော့. . .

"အီးရစ်လို့ ခေါ်တဲ့ လူတစ် ယောက်တော့ မကြာမကြာလာတတ်ပါ တယ်ခင်ဗျ၊ သူ့ပုံကြည့်ရတာ စစ်ဘက် ဆိုင်ရာကနဲ့ တူတယ်၊ သူ့ကိုပြောတာ လား ခင်ဗျာ"

ကုတ်ဟာ သူ့ရဲ့ ဒုတိယမေးခွန်း ကိုမေးလိုက်ချိန်မှာ သူ့အသံကို ပုံမှန်ဖြစ် အောင် မနည်းကြိုးစားရတယ်။

"ဒီနေ့ သူဒီကိုလာသေးလား"

ကောင်တာက လူက ခေါင်း ညိတ်လိုက်တယ်။

"ဟုတ်ကဲ့၊ ဒီညနေကတောင် လာသွားပါသေးတယ်"

"အခု သူ့ကိုဘယ်မှာတွေ့နိုင်မလဲ ဆိုတာ မေးခွင့်ရှိရင် မေးချင်ပါတယ်"

"မေးလို့ရပါတယ် ခင်ဗျ၊ ကျွန် တော် သိရသလောက်တော့ သူဟာ ခြိုသေ့နီစကွဲယားလမ်းမှာ ရှေးဟောင်း ပစ္စည်းဆိုင်တစ်ဆိုင် ဖွင့်ထားပါတယ်"

ဘားကောင်တာကလူ ပြန်ထွက် သွားမှ ကေတီက ပြောတယ်။

"ဒါဟာ သိပ်အန္တရာယ်မများဘူး လားဟင်"

"ဟုတ်တယ် များတယ်၊ ဒါပေမဲ့ ရဲတွေ ကိုယ့်ကိုရှာမတွေ့ခင် မားစတားစ် ကို ကိုယ်ရှာတွေ့မှဖြစ်မယ် ကေတီ"

"ကျွန်မ စဉ်းစားလို့ မရတာရှိ တယ်၊ ရှင် သူ့လိပ်စာကို ဖုန်းစာအုပ်ထဲ





www.burmeseclassic.com

www.burmeseclassic.com

ကနေ ဘာဖြစ်လို့ အလွယ်တကူ မရှာတာလဲ"

"ကိုယ်ရှာပြီးပါပြီ ကေတီ၊ မင်းရဲ့တိုက်ခန်းထဲမှာ ဖုန်းစာအုပ်တစ်အုပ်လုံးကို လှန်ပြီးရှာပြီးခဲ့ပါပြီ၊ မားစတားစ်ဟာ ဖုန်းတစ်လုံးရှိနိုင်ပေမယ့် အဲဒီစာအုပ်ထဲမှာ သူ့နံပါတ်ကိုမတွေ့ဘူး"

ကုတ်နဲ့ကေတီတို့ ထွက်လာချိန်မှာ ဘားကောင်တာကလူက အော်ပြောလိုက်သံကို ကြားလိုက်ရပါတယ်။

"ကျေးဇူးပြုပြီး နောက်ဆုံး မှာစရာရှိရင် မှာကြပါ"

ကေတီဟာ ကုတ်ကို မီးရောင်စုံလူရောင်စုံတွေကြားက တွဲပြီးခေါ်လာခဲ့ပါတယ်။ အထက်တန်းပျော်ပွဲစားရုံတော်တော်များများဟာ ပိတ်သွားခဲ့ပါပြီ။ အခုပဲ ၁၁ နာရီရှိနေပြီလေ။ ဒါပေမဲ့ ကလပ်တွေနဲ့ စားသောက်ဆိုင်တွေက လူစည်နေတုန်းပဲ။ သူတို့ ရှက်တပ်စ်ဘူရီအဲဗင်းနျူးကိုရောက်တော့ ကေတီက တက္ကစီတစ်စီးကို ခေါ်လိုက်တယ်။

ကုတ်နဲ့သူမ သတိမထားမိတာကတော့ လူတစ်ယောက်ဟာ လူအုပ်ထဲကနေ နောက်ယောင်ခံပြီး လိုက်နေတယ်ဆိုတာပဲ။ ကေတီက တက္ကစီဒရိုင်ဘာကို. . .

"ကျေးဇူးပြုပြီး ခြသေ့်နီစကွဲယားကိုမောင်းပါ"လို့ ပြောသံကြားလိုက်ချိန်မှာ ကဇ်ဘင်ကားတစ်စီးထဲဝင်ပြီး သူတို့ကားနောက်ကို လိုက်လာတယ်ဆိုတာလည်း သူတို့မသိပါဘူး။

❑

"ဒီစကွဲယားလမ်းကို နောက်တစ်ကြိမ်လောက် မောင်းပေးလို့ရမလား"

ကေတီက ဒရိုင်ဘာကိုမေးလိုက်တယ်။ ခြသေ့်နီစကွဲယားလမ်းဟာ လူသူကင်းမဲ့ပြီး တိတ်ဆိတ်နေပါတယ်။ ဘေးကလမ်းတွေဟာ မှောင်ရိပ်ထိုးပြီး မသဲကွဲတော့ပါဘူး။

"စကွဲယားလမ်း ဆိုတာတောင် မသဲကွဲချင်တော့ဘူး"

ကုတ်က မှတ်ချက်ချတယ်။ သူတို့ တက္ကစီပေါ်က ဆင်းလိုက်တယ်။ ဒရိုင်ဘာကို ကားခရှင်းပေးပြီးတာနဲ့ သူတို့ရဲ့ ရှာဖွေမှုကို စတင်လိုက်ပါတယ်။ အဲဒီမှာ ရှေးဟောင်းပစ္စည်းဆိုင်တွေကလည်း အများကြီးပါ။ လမ်းဟိုဘက်ဒီဘက်မှာ ပြည့်ကျပ်လို့ပါ။ ရင်မောစရာကောင်းလိုက်ပုံက ဘယ်သူပိုင်တယ်လို့ မသိနိုင်တဲ့ ကျွမ်းကျင်သူတို့ရဲ့ထောင့်လိုနာမည်မျိုးတွေတွေ့ရပြီး နာမည်နဲ့ဆိုင်တွေကျပြန်တော့လည်း ရစ်ချပ်ဒ်လို၊ ဟာဗေးကင်းလို နာမည်တွေဖြစ်နေပြန်ပါတယ်။ ဒီထဲမှာ မားစတားစ်ရဲ့နာမည်အရိပ်အယောင်တောင် မတွေ့ရဘူး။

❑

နာရီဝက်လောက်ကြာတဲ့အထိ သူတို့ရှာနေကြတုန်းပါ။ ကေတီဟာ ဘေးဝဲယာကို မကြာမကြာလှည့်ကြည့်နေမိတယ်။ တစ်ယောက်ယောက်များ သူတို့နောက်ကို လိုက်နေသလားလို့ စိတ်ထဲမှာမသက်မသာခံစားနေရတယ်။ ဒါပေမဲ့ ကြည့်ပြန်တော့လည်း ဘယ်သူမှ မရှိဘူး။

သူမက ပြောလိုက်တယ်။

"ကျွန်မကတော့ ဒီလိုအချိန် ဒီလိုမှောင်နေတဲ့လမ်းပေါ်မှာ သွားနေရတာကို မကြိုက်လှဘူး၊ တစ်ယောက်ယောက်ကတွေ့ပြီး ကျွန်မတို့ကို သတိထားမိနိုင်တယ်"

"ကိုယ်လဲ ဒီအနေအထားကို မကြိုက်ပါဘူး၊ တခြားနည်းကော ရှိလို့လား၊ တို့ရှာတာကို ရပ်လို့မရဘူး၊ ဒါဟာ တို့အတွက် နောက်ဆုံးအခွင့်အရေးပါ ကေတီ"

အဲဒီမှာ လမ်းတစ်ဖက် ဆိုင်တစ်ဆိုင်ရဲ့ ပြတင်းပေါက်က တစ်စုံတစ်ရာကို သူ့မျက်စိကမြင်လိုက်တယ်။ လမ်းဟာ သိပ်မှောင်နေပေမယ့် အရာဝတ္ထုတွေရဲ့ ပုံရိပ်ကိုတော့ မြင်နေရပါသေးတယ်။ ဖြတ်သွားတဲ့ကားတစ်စီးရဲ့ မီးရောင်ကြောင့်လည်း ပါမယ်။ သူတို့ဟာ လမ်းကိုဖြတ်ကူးလိုက်ကြတယ်။

သူတွေ့လိုက်တာက ရှေးခေတ်မြင်းသည်တော်တွေသုံးတဲ့ စစ်သုံးဓားရှည်ကြီးတစ်လက်ဖြစ်ပြီး ပြတင်းပေါက်တစ်ခုအတွင်းမှာ ချိတ်ထားတယ်။ အဲဒီဓားပေါ်မှာ ရှေးဟောင်းလက်နက်များနှင့် စစ်ဘက်ဆိုင်ရာရှေးဟောင်းပစ္စည်းများလို့ ရေးထားတယ်။

ပြီးတော့ ရှေးကျနေပြီဖြစ်တဲ့ ဗ?တိုတွေ၊ စစ်သည် ဆောင်းခမောက်တွေနဲ့ ဓားတွေကို ပြတင်းပေါက်ကနေ မြင်နေရပါတယ်။

"ဒါပဲ ဖြစ်ရမယ်"

ကုတ်က ပြောလိုက်တယ်။ ကေတီက မီးခြစ်ကိုခြစ်လိုက်ပြီး ကြည့်တော့ သူတို့ ထင်ထင်ရှားရှားတွေ့မြင်ကြရတယ်။ ပြတင်းပေါက်မှာ ဘာနာမည်မှမတွေ့ရပေမယ့် တံခါးမှာတော့ ဖုန်းနံပါတ်တစ်ခုကို ရေးထားတယ်။ ကုတ်က အဲဒီနံပါတ်ကို ကူးယူလိုက်ပါတယ်။

❑

အီးရစ်မားစတားစ်ရဲ့တိုက်ခန်းက ဖုန်းမြည်တဲ့အချိန်ဟာ သန်းခေါင်ယံကို ကျော်စပြုနေပါပြီ။

တစ်ဖက်ကအသံဟာ အေးစက်ပြီး မာကျောနေပါတယ်။

"ငါ ဟူးဂိုးပါ၊ မင်းဘာဖြစ်လို့ အစိမ်းရောင်မြင်းစီးသမားဆီ မလာတာလဲ ပြောစမ်း"

"ဆောရီးပါ ဟူးဂိုး၊ ကျွန်တော် အဲဒီကိုသွားချင်စိတ် မရှိဘူး၊ ကုတ်မလွတ်ခင်အချိန်ကလို မဟုတ်တော့ဘူး ကျွန်တော် အန္တရာယ်များလိမ့်မယ်လို့ တွေးမိလို့ပါ"

မားစတားစ်ဟာ တုန်လှုပ်နေပါတယ်။ နောက်ထပ် ဟူးဂိုးက ထပ်ပြောလိုက်တဲ့အချိန်မှာ ပိုပြီးချောက်ချားသွားရတယ်။

"မျက်မမြင် အဘိုးကြီး တစ်ယောက် အဲဒီမှာရောက်နေခဲ့တယ်၊ သူနဲ့အတူ မိန်းကလေးတစ်ယောက်လဲ ပါတယ်၊ အဘိုးကြီးက မင်းအကြောင်းကို မေးပြီး သူတို့ မင်းဆိုင်ကိုသွားကြတယ်"





www.burmeseclassic.com

www.burmeseclassic.com

မားစတားစ်ရဲ့စိုးရိမ်မှုက ပိုကြီး လာတယ်။ သူ့အသံတွေပါ တုန်ယင် နေတယ်။

"အဲဒီလိုမျိုး ကျွန်တော်သိတဲ့လူ စ်ယောက်မှမရှိဘူး၊ သူတို့က ဘာလို ချင်တာလဲ"

"ဘယ်လိုလုပ်ပြီး ငါသိမှာလဲ၊ နေလားကွ၊ အေး. . . သူတို့ကို ထား. . . ဒါပဲ"

ဟူးဂိုးက ဖုန်းခွက်ကို ဒေါသ ဆောင့်ချသွားတယ်။ အဲဒီညဟာ ချားအိပ်မက်တွေနဲ့ ဆိုးဆိုးဝါးဝါး ခဲ့ရတဲ့ မားစတားစ်ရဲ့ညတစ်ည ခဲ့ပါတယ်။

❑

ကုတ်ကိုယ်တိုင်လည်း အဲဒီည ကောင်းကောင်းမအိပ်လိုက်ရပါဘူး။ ဟာ လဲလျောင်းရင်းနဲ့ စိုးနေတွေးနေ တယ်။

သူဟာ ကေတီရဲ့ဧည့်ခန်းမှာရှိ ဆိုဖာပေါ်မှာပါ။ သူဟာ အစီအစဉ် ခုကို ဘယ်လိုအကောင်အထည် ရမလဲလို့ စိတ်ထဲမှာ ဖြည်းဖြည်းချင်း ကြည့်နေမိပါတယ်။ မနက် ၃ နာရီ မှ သူအိပ်ပျော်သွားခဲ့ပါတယ်။

သူနိုးလာတဲ့အချိန်မှာ ကေတီ မီးဖိုချောင်ထဲမှာ မနက်စာကို ပြင် နေပါပြီ။ သူတို့ နံနက်စာစားနေ မှာပဲ ကေတီက မေးလိုက်ပါတယ်။

"ကျွန်မတို့ ဘာဆက်လုပ်ကြ "

ဒီမေးခွန်းကို ကုတ်ဟာ ချက် န်မဖြေနိုင်ခဲ့ပါဘူး။ သူကော်ဖီခွက် စိုက်ကြည့်နေတယ်။ သူမနဲ့ပတ်သက် တစ်ခုခုတော့ ရှင်းရှင်းလင်းလင်း ပြမှုဖြစ်မယ်လို့ သူသိနေတယ်။ သူ ချက်တရက် မေးခွန်းတစ်ခုမေးလိုက် တယ်။

"တကယ်လို့ ရဲတွေက ကိုယ့်ကို တွေ့သွားမယ်ဆိုရင် မင်းဘာဖြစ် နိုင်တယ်ဆိုတာ တွေးမိရဲ့လား"

ကေတီကတော့ သူ့ကို ဘာမှ မဖြစ်သလို ပြန်ကြည့်ပြီး ပြောပါတယ်။

"ကျွန်မတို့နှစ်ယောက် အတူတူ ကျော်ဖြတ်လာခဲ့ပြီးပြီလေ. . . မဟုတ်ဘူးလား၊ ဘာဆက်လုပ်ကြမလဲဆိုတဲ့ ကျွန်မမေးခွန်းကိုသာ ရှင်ဖြေပါ"

"မင်း ကိုယ့်ကိုကူညီခဲ့တယ်ဆိုတာ သူတို့စစ်ဆေးတွေ့ရှိသွားရင် မင်းကို ထောင်ထဲပို့ကြမှာနော်"

"ဒါက ဖြစ်လာတဲ့အချိန်ကျမှ ကျွန်မ ဒီအကြောင်းကို စဉ်းစားမယ်"

❑

"ကောင်းပြီလေ. . . ဒါဆို မင်းကို ကိုယ်ပြောမယ်၊ ဒါပေမဲ့ မင်းကို ထပ်ပြီးသတိပေးဦးမယ်၊ တကယ်လို့ တစ်ခုခု မှားယွင်းသွားမယ်ဆိုရင် မင်းအန္တရာယ်ရ ဖြစ်နိုင်တယ်၊ ဆိုးဆိုးဝါးဝါးဒဏ်ရာရ သွားနိုင်တယ်"

"ပြောမှာသာပြောပါ၊ ကျွန်မ နားထောင်နေပါတယ်"

"တို့ မားစတားစ်ဒီကိုလာအောင် ကြိုးစားကြရမယ်၊ ဒါက ဒီဆိုင်ရဲ့ပိုင်ရှင်ဟာ မားစတားစ်ဖြစ်ခဲ့မယ်ဆိုရင်ပေါ့"

"သူ့ကို ဒီလာအောင် ဘယ်လို လုပ်မှာလဲ"

ကုတ်ဟာ သူ့စိတ်ထဲမှာဆွဲထားတဲ့ အစီအစဉ်ကို စတင်ရှင်းပြနေပါတယ်။

❑

သူ့ဆိုင်ထဲမှာရှိတဲ့ တယ်လီဖုန်းမြည်လာချိန်မှာ အီးရစ်မားစတားစ်ဟာ ရှေးဟောင်းပစ္စတိုတစ်လက်ကို တိုက်ချွတ်ဆေးကြောနေခဲ့တယ်။ တစ်ဖက်က မိန်းမပျိုတစ်ယောက်ရဲ့အသံကို သူ စတင်ကြားလိုက်ရတယ်။

"ရှင်ဟာ ရှေးဟောင်းလက်နက်တွေကို ဝယ်ရောင်းလုပ်နေသူပါနော်"

"ဟုတ်ကဲ့. . . သိပ်မှန်တာပေါ့ဗျာ၊ ကျွန်တော်ဟာ ရှေးဟောင်း မီးကူးလက်နက်တွေကို သီးသန့်စိတ်ဝင်စားသူ တစ်ယောက်ပါ"

"ကျွန်မအဖေလဲ ရှင့်လိုပဲ၊ သူ့မှာ ၁၇ ရာစုက ပစ္စတိုတွေရှိပါတယ်၊ အဲဒီထဲက တချို့ကို သူ ရောင်းချင်နေပါတယ်၊ ရှင် စိတ်ဝင်စားမလားမသိဘူး"

"သိပ် စိတ်ဝင်စားတာပေါ့ဗျာ၊ ခင်ဗျား အဲဒါတွေကို ကျွန်တော့်ဆိုင်ကိုသာ ယူခဲ့ပါ၊ ကျွန်တော် တန်ရာတန်ဖိုး ပေးမယ်"

"ကောင်းပါတယ်ရှင်၊ ကံဆိုးချင်တော့ ကျွန်မအဖေက မျက်စိမမြင်ဘူးရှင့်၊ ရှင့်ဆီကိုယူလာဖို့ဆိုတာ သူ့အတွက် သိပ်ခက်ခဲလှပါတယ်၊ ကျွန်မတို့အိမ်ကို ရှင်မလာနိုင်ဘူးလားဟင်"

❑

မားစတားစ်ဟာ မိန်းမပျိုရဲ့ ကမ်းလှမ်းချက်ကိုပြန်ဖြေဖို့ သူ့ဦးနှောက်ကို ခဏအလုပ်ပေးလိုက်တယ်။

"ကောင်းပြီလေ၊ အဲ. . . ဒါပေမဲ့ ကျွန်တော့်လက်ထောက်က နေ့လယ်စာ ထွက်စားနေတယ်ဗျ၊ သူပြန်လာပြီးမှပဲ ကျွန်တော် အဲဒီကိုလာလို့ရမယ်၊ ဒါဆို အဆင်ပြေမလား"

သူဟာ မိန်းမပျိုပေးတဲ့လိပ်စာကို ရေးမှတ်ပြီး ဖုန်းကိုချလိုက်ပါတယ်။ သူ့လက်တွေဟာ တုန်ယင်နေတယ်။

"ဒီလူတွေဟာ ဟူးဂိုး ငါ့ကိုပြောပြတဲ့သူတွေဖြစ်မယ်"လို့ သူတွေးလိုက်တယ်။ နောက်တော့ သူဟာ အံဆွဲကို ဖွင့်လိုက်ပြီး ပစ္စတိုတစ်လက်ကိုဆွဲထုတ်လိုက်တယ်။ဒီပစ္စတိုကတော့ရှေးဟောင်းပစ္စည်းမဟုတ်ပါဘူး။ သေးငယ် မည်းနက်ပြီး အကြည့်ရဆိုးလှတဲ့ သူ့ လက်စွဲတော် အော်တိုမက်တစ်သေနတ်ပါ။

❑

မားစတားစ်ဟာ ဟူးဂိုးကို သူ့ဆိုင်ကထွက်မလာခင် ဖုန်းဆက်ခဲ့သေးတယ်။

"ခင်ဗျား ကျွန်တော့်ကို မျက်မမြင်အဘိုးကြီးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်အကြောင်း ပြောပြခဲ့တယ်နော်၊ အဲဒါ သူတို့ အခုလေးတင် ဖုန်းဆက်တယ်၊ သူတို့က သူတို့အိမ်ကို လာပြီး ရှေးဟောင်းပစ္စတိုတချို့ကို လာကြည့်စေချင်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

မားစတားစ်က ကတုန်ကယင်နဲ့ ပြောလိုက်တယ်။

"ကောင်းပြီ. . . မင်းက ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ့ကိုဘာလုပ်စေချင်လို့လဲ"

ဟူးဂိုးက ငေါ့တော့တော့မေးလိုက်တယ်။ ပြီးမှ ဆက်ပြောတယ်။

"မင်းမှာ ပစ္စတိုတစ်လက်ရှိတယ် မဟုတ်လား၊ အဲဒါရှိနေရင် မျက်မမြင်အဘိုးကြီးနဲ့ ကောင်မလေးက မင်းကို ဘာလုပ်နိုင်မှာတဲ့လဲ"

ဒီကိစ္စမှာ ဟူးဂိုးဘာဖြစ်လို့ သွေးအေးနေသလဲဆိုတာ မားစတားစ် နားမလည်နိုင်ဘူးဖြစ်နေတယ်။ သူဟာသူ့ရဲ့ အဖြူရောင် ဂျက်ဂွားကားထဲဝင်ပြီး မောင်းထွက်လာခဲ့တယ်။

"အင်းလေ. . . အဘိုးကြီးက တကယ်ပဲ သူ့ပစ္စတိုတွေကိုကြည့်စေချင်တာဖြစ်မှာပါ"

သူတွေးလိုက်တယ်။ ပြီးတော့ အိတ်ထဲက သူ့ပစ္စတိုကိုလည်း စမ်းကြည့်မိတယ်။ ဒီသေနတ်ကလေးက သူ့ကို လုံခြုံသွားစေသလို ခံစားမိတယ်။

❑

ကေတီ သူ့ကိုတံခါးဖွင့်ပေးလိုက်တဲ့အချိန်အထိ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိနေဆဲပါ။ သူက မိန်းကလေးကို ကြည့်လိုက်တယ်။ မလိုအပ်တဲ့ အဆီပိုတွေမရှိဘဲ သွယ်လျလျ ခန္ဓာကိုယ်လေးနဲ့ ကောင်မလေးက ကြည့်ရတာ မဆိုးလှဘူး။

သူက နှုတ်ဆက်လိုက်ပါတယ်။

"ကောင်းသော ညခင်းပါ. . . ကျွန်တော်က အီးရစ်မားစတားစ်ပါ၊ စောစောက ခင်ဗျား ကျွန်တော့်ဆီ ဖုန်းဆက်ခဲ့တယ်နော်"

သူမရဲ့နှုတ်လိုဖွယ်အပြုံးလေးကလည်း ချစ်စရာကောင်းတယ်။

"ကျွန်မ ရှင့်ကိုဒုက္ခပေးမိသလို ဖြစ်မယ်လို့ မထင်မိပါဘူး၊ ကျွန်မတို့မှာ ရှင် ဒီကိုလာရုံကလွဲလို့ အခြားရွေးချယ်စရာလမ်းမရှိလို့ပါ၊ ရှင် ဆုံးဖြတ်နိုင်မယ်လို့ ထင်ပြီးသားပါ"

သူမက ချစ်စဖွယ်ပြောပြီး သူ့ကို ဧည့်ခန်းဆီခေါ်လာပါတယ်။ မားစတားစ်ဟာ ဆိုဖာပေါ်မှာထိုင်နေတဲ့ မျက်မမြင်အဘိုးကြီးကို စေ့စေ့စပ်စပ်အကဲခတ်လိုက်ပါတယ်။ ပထမ မားစတားစ်ဟာ သံသယကင်းသလိုဖြစ်သွားပေမယ့် အဘိုးကြီးရဲ့မျက်နှာကို မြင်ဖူးသလိုလိုဖြစ်နေလို့ သေသေချာချာ ကြည့်မိပြန်တယ်။

"ကျွန်မသွားပြီးတော့ ပစ္စတိုတွေ ယူလာခဲ့မယ်နော်"

ကေတီက ပြောလိုက်တယ်။ မားစတားစ်ဟာ သူ့နေရာမှာပဲ ရှိနေတုန်းပါ။ အားလုံးကိုလည်း မြင်နိုင်အောင်၊ ပြီးတော့ သူ့နောက်ဘက်ကလည်း တခြားလူ ဝင်မလာနိုင်အောင် အနေအထားမျိုး ယူထားပါတယ်။

မျက်မမြင် အဘိုးကြီးက ဘာမှ မလှုပ်ရှားပါဘူး။ သူ့လက်ထဲက တုတ်ကောက်အဖြူရောင်ကို ကိုင်ထားရင်း မျက်မှန်အနက်အောက်က ကန်းနေတဲ့ မျက်လုံးတွေနဲ့ သူရှိရာဘက်ကို ကြောင်တောင်တောင်ကြည့်ရင်းထိုင်နေခဲ့တာပါ။

"ခင်ဗျားလဲ ရှေးဟောင်းပစ္စည်း စုဆောင်းသူပဲလား"

မားစတားစ်က မေးလိုက်တယ်။ အဘိုးကြီးက ရိုးရိုးပဲ ခေါင်းညိတ်ပြပါတယ်။ ဒီအချိန်မှာ မိန်းမပျိုက အနက်ရောင်သေတ္တာကြီးတစ်လုံးနဲ့ အိပ်ခန်းထဲကထွက်လာပါတယ်။

"ပစ္စည်းတွေက ဒီအထဲမှာပါ၊ ရှင် ဒီကိုလာမယ်ဆိုရင် စားပွဲပေါ်မှာ တင်ပြီး ကျွန်မတို့ ကြည့်လို့ရတာပေါ့၊ တကယ်တော့ ဖေဖေက သူ့ပစ္စည်းတွေကို သိပ်ရောင်းချင်တာမဟုတ်ဘူး၊ သူများလက်ထဲမရောက်စေချင်ဘူး၊ ဒါပေမဲ့ ပြောရရင် ကျွန်မတို့မှာ တခြားနည်းမရှိတော့ဘူး၊ ငွေကြေးအခက်အခဲကြောင့်ပေါ့ရှင်"

❑

မားစတားစ်ဟာ သူ့မျက်လုံးကို အဘိုးအိုရဲ့ မျက်နှာဆီက မခွာတမ်း အကဲခတ်ကြည့်ရင်း စားပွဲရှိရာကို လျှောက်လာပါတယ်။ သူ လမ်းတစ်ဝက် လောက် အရောက်မှာ အဘိုးအိုရဲ့ မျက်နှာဟာ နည်းနည်းမြင့်တက်သွားပြီး မျက်နှာကြောတင်းသယောင် ဖြစ်သွားတာ တွေ့ရတယ်။ ဒီထူးခြားမှုကို မြင်လိုက်တဲ့ မားစတားစ်ဟာ ရှေ့မဆက်ဘဲ ရပ်လိုက်တယ်။ အဘိုးအိုရဲ့မျက်နှာကို ကြည့်လေ သူ့သံသယက ကြီးထွားလေ ဖြစ်လာတယ်။

သူဟာ နှစ်ယောက်စလုံးကို အကဲခတ်ကြည့်လိုက်ပြန်တယ်။ သူတို့နှစ်ယောက်ကတော့ သူ့ကိုအနားရောက်လာဖို့ မျှော်လင့်စောင့်စားနေကြပုံပဲ။ အဘိုးကြီးရဲ့ နှာခေါင်းနဲ့ပါးစပ်ကို သေသေချာချာ ထပ်ကြည့်လိုက်ပြန်တယ်။ မားစတားစ်အတွက် သေချာသွားပါပြီ၊ ဒါဟာ ကုတ်မှကုတ်အစစ်ပဲ။ သူက သူ့ပစ္စတိုကို ဆွဲထုတ်လိုက်ပါတယ်။

❑

မားစတားစ် တစ်ယောက် သူ့အော်တိုမက်တစ်သေနတ်ကို ဆွဲထုတ်လိုက်ချိန်မှာ ကေတီက သူနဲ့ ကုတ်ရဲ့ကြားမှာ ရပ်နေခဲ့တာပါ။ မားစတားစ်ကြည့်ရတာ သွေးရူးသွေးတန်းဖြစ်နေပြီး ကုတ်ကို သေနတ်နဲ့ပစ်ဖို့ဝန်မလေးဘူးဆိုတာ သူမ တွေ့မြင်နေရပါတယ်။

"မင်း ကုတ် မဟုတ်လား"

သူဟာ ဒေါသတွေ ပေါက်ကွဲထွက်ပြီး အနားကိုကပ်လာပါတယ်။ သူ သွားမယ့်လမ်းမှာ ကေတီကရပ်နေတာမို့ ကေတီကို ကျွန်လက်တစ်ဖက်နဲ့ တွန်းထုတ်လိုက်တယ်။ ကုတ်ဟာ သူ့မျက်လုံးတွေကို သူမယုံနိုင်အောင် ဖြစ်သွားရတယ်။ ခုနလေးတင်ပဲ မားစတားစ်က သူ့ကို သေနတ်နဲ့ချိန်ထားတယ်။ အခုတော့ သူဟာ ကြမ်းပြင်ပေါ်မှာ လဲနေပါရောလား၊ အသက်ကို ဝအောင်ရှူ ရပုံလည်း ရတယ်။ ဖြစ်ပုံက ဒီလိုပါ၊ သူ့ကိုတွန်းလိုက်တဲ့ မားစတားစ်ရဲ့လက်ကို မိမိရရဆွဲကိုင်ပြီး သူမရဲ့ ပခုံးပေါ်တင်နေ ကိုင်ပေါက်လိုက်တာ ဖြစ်တယ်



www.burmeseclassic.com

"ကျွန်မ တစ်ခါက ရုပ်ရှင်ထဲမှာ ဇာတ်ဆောင်ရဲ့မေတစ်ယောက် အဖြစ် သရုပ်ဆောင်ဖူးတယ်၊ အဲဒီအတွက် ဂျူဒို လေ့ကျင့်ခဲ့ရတယ်"

ကေတီက ဘာမှ မထူးဆန်းသလို အေးအေးဆေးဆေးပြောပြီး မားစတားစ်ရဲ့ လှုပ်ရှားမှုကို အသင့်အနေအထားနဲ့စောင့်ကြည့်နေပါတယ်။ မကြာခင်က ဂျူဒိုကလပ်ကိုသွားပြီး လေ့ကျင့်ခဲ့တာကြောင့် ခါးပတ်နက်အဆင့် ရတာကိုတော့ သူမ မပြောခဲ့ပါဘူး။ ကုတ်ဟာ ဘာမှန်းအံ့ဩတာမျိုး မဟုတ်ဘဲ ပါးစပ်အဟောင်းသားဖြစ်အောင် အံ့အားသင့်သွားရတာပါ။ နောက်မှ သတိဝင်လာပြီး မားစတားစ် လွတ်ကျသွားတဲ့ သေနတ်ကို ကောက်ယူလိုက်ပါတယ်။ ပြီးတော့ ကေတီကို တအံ့တဩ ငေးကြည့်မိပြန်ပါတော့တယ်။

❑

မားစတားစ် ခံလိုက်ရတာ ဆောက်သာလှပါဘူး။ ဒါကြောင့် အသံထွက်ပြီး ညည်းညူနေရတယ်။ သူကိုယ်တိုင်လည်း ဘာဖြစ်သွားတယ်ဆိုတာ ယုံနိုင်ခက်နေပုံပါ။ အဖြစ်အပျက်တွေက မယုံနိုင်စရာဖြစ်နေတယ်။ သူ့ခေါင်းကို ခါယမ်းလိုက်တယ်။ ဒါဟာ ထိတ်လန့်စရာ အိပ်မက်တစ်ခု ဒါမှမဟုတ် ထင်ယောင်ထင်မှားအမြင်တွေမှားနေတာပဲ ဖြစ်မယ်လို့ သူဆုံးဖြတ်လိုက်တယ်။

တစ်ချိန်ချိန်မှာ သူဟာ ပြန်နိုးလာပြီး သူ့အိပ်ရာထဲမှာ လုံလုံခြုံခြုံ ပြန်ဖြစ်သွားမယ်လို့ သူ ယုံကြည်နေတယ်။ ကေတီနဲ့ကုတ်ဟာ သူ့မျက်စိမြင်ကွင်းက ပျောက်သွားလိမ့်မယ်လို့ မျှော်လင့်ရန်း သူ့မျက်စိကို ဖွင့်ကြည့်လိုက် မှိတ်လိုက်နဲ့ အကြိမ်ကြိမ်လုပ်နေမိပါတယ်။ နောက်တစ်ကြိမ် မျက်စိကို မှိတ်ပြီး ပြန်ဖွင့်ကြည့်မိပြန်တယ်။ သူတို့ ရှိနေတုန်းပါလား။

"ဒီမှာကိုယ့်လူ. . . ဒီမှာ ရောက်တုန်းရောက်ခိုက် မေးခွန်းလေးတွေကို ဖြေချင်စိတ် မရှိဘူးလား"

ကုတ်က ခပ်အေးအေးပြောလိုက်တယ်။

"မေးခွန်းတွေ. . . ဟုတ်လား၊ ဘာမေးခွန်းတွေလဲ"

သူက သံယောင်လိုက်ပြီး ပြန်မေးနေပါတယ်။ သူဟာ အခုထက်ထိ ဇဝေဇဝါဖြစ်နေတုန်းပါ။

"ခင်ဗျား ကျုပ်ကို အက်ပင်းသစ်တောကိုသွားဖို့ အမိန့်ပေးခဲ့တယ်၊ အဲဒီညနေခင်းနဲ့ပတ်သက်တဲ့ အဖြစ်အပျက်အားလုံး ကျုပ်ကို ပြောစေချင်တယ်"

ကုတ်က လေသံအေးအေးနဲ့ မေးလိုက်တယ်။ အဲဒီမှာပဲ မားစတားစ်ဟာ သူအိပ်မက်မက်နေတာမဟုတ်မှန်း သိလိုက်ရတော့တယ်။ ဒီခဏမှာပဲ သူ တွေးမိတာက သူဟာ သွေးပျက်မတတ် ဖြစ်နေရပြီ ဆိုတာပါ။

❑

"မင်း ဘာပြောတာလဲဆိုတာ ငါ မသိဘူး"

မားစတားစ်က ရှုံ့ချင်ယောင်ဆောင်လိုက်တယ်။ ကုတ်က. . .

"ငါပြောတာ မင်းသိပါတယ်"လို့ ပြောလိုက်တယ်။

"ငါ တစ်ခုခုပြောအောင် မင်း ဘာမှ မလုပ်နိုင်ပါဘူး"

အမှန်က မားစတားစ်ဟာ ကုတ် ဘာဆက်လုပ်မလဲလို့ စောင့်ကြည့်ပြီး သွေးတိုးစမ်းလိုက်တာဖြစ်တယ်။ သူ့မျက်စိတွေက ကုတ်ရဲ့လက်ထဲက သေမင်းတမန်အော်တိုမက်တစ်သေနတ်ကို မလွှတ်တမ်းကြည့်နေရတယ်။

"မင်းကို မေးခွန်းတွေဖြေဖို့ ငါး စက္ကန့်အချိန်ပေးမယ်၊ မဖြေရင် မင်းကို သတ်ပစ်မယ်"

ကုတ်က ရာဇသံ ပေးလိုက်တယ်။

"မင်း ငါ့ကို ဒီလိုသွေးအေးအေးနဲ့ မပစ်ရဲပါဘူးကွာ"

"ငါ မသတ်ရဲဘူး . . . ဟုတ်လား၊ ကဲ့. . . ကောင်းပြီ"

ကုတ်ဟာ ပြောပြောဆိုဆို လုံခြုံရေးမောင်းထိန်းခလုတ်ကို ဖွင့်လိုက်တယ်။ အခုဆို ပစ္စတိုဟာ·ပစ်ဖို့အဆင်သင့်ဖြစ်သွားပြီ။ သူက စပြီးရေတွက်လိုက်တယ်။

❑

"ငါ ဘာမှ မသိဘူး"

မားစတားစ်က ကာကွယ်ပြောဆိုလိုက်တယ်။ ကုတ်ကတော့ သူ့လက်ကို မ,ပြီး ပစ္စတိုနဲ့ ချိန်လိုက်တယ်။

ပြီးတော့. . .

"ဝမ်း"

မားစတားစ် ဘာလေသံမှ မဟဘူး။

"တူး"

ကုတ်ဟာ ပစ္စတိုကိုကိုင်ပြီး သူ့နားတိုးလာတယ်။

"မင်း ငါ့ကို ကြောက်အောင် မလုပ်နိုင်ဘူး"

မားစတားစ်က အော်တယ်။

"သရီး"

မားစတားစ်ဟာ ကုတ်ရဲ့လက်ဆန့်တန်းလိုက်တာ မြင်ရတယ်။

"ငါမသိတာကို မင်းကို ဘယ်လိုပြောရမှာလဲ"

မားစတားစ်က အတွန့်တက်ကြည့်ပြန်တယ်။

"ဖိုး"

ကုတ်ရဲ့လက်ညှိုးက သေနတ်ရဲ့ ခလုတ်မောင်းကို စပြီးဖိညှစ်လိုက်တာကို မြင်လိုက်တာနဲ့တစ်ပြိုင်နက် လက်ကာပြီး. . .

"ကောင်းပါပြီ ကောင်းပါပြီ. . မင်းသိချင်တာ အားလုံးကို ငါပြောပြပါ့မယ်၊ ဒါပေမဲ့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် သေနတ်ကို အောက်ချလိုက်ပါ"

မားစတားစ်မျက်နှာ ဖြူဖပ်ဖြူရော်နဲ့ တောင်းပန်နေပါတယ်။

❑

ကုတ်ရဲ့စိတ်တွေဟာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကာလတွေဆီ ပြန်ရောက်

www.burmeseclassic.com

သွားတယ်။ အဲဒီတုန်းက သူတို့ နှစ်ယောက်ဟာ တပ်မတော်ထောက်လှမ်းရေးဌာနမှာ အတူတူအလုပ်လုပ်ခဲ့ကြတယ်။ မားစတားစ်က ကုတ်ရဲ့အထက်အရာရှိဖြစ်တယ်။ အရေးကြီးတဲ့စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်တွေ ရုတ်တရက်ပျောက်ဆုံးသွားတယ်။ ဒီလျှို့ဝှက်ချက်တွေ ဘယ်သူယူသွားလဲဆိုတာ သူတို့နှစ်ယောက်စလုံး ကြိုးစားရှာဖွေစုံစမ်းခဲ့ကြတယ်။

တစ်ညနေခင်းမှာတော့ ကုတ်ဟာ မားစတားစ်ရဲ့အမိန့်အရ အက်ပင်းသစ်တောရဲ့လူပြတ်တဲ့တစ်နေရာကို သွားခဲ့ရတယ်။ မားစတားစ်က အဲဒီမှာ သတင်းပေးနိုင်သူတစ်ယောက်နဲ့ တွေ့ရလိမ့်မယ်လို့ သူ့ကိုပြောခဲ့တယ်။ အဲဒီမှာ စောင့်နေတုန်း လူသုံးယောက်ရောက်လာပြီး သူ့ကိုနောက်ကျောဘက်ကနေချုပ်ကိုင်ထားလိုက်ကြတယ်။ သူတို့ဟာ သူ့ကိုယ်ပေါ်ကို ဝီစကီတွေလောင်းချပြီး သူ့ပါးစပ်ထဲကိုလည်း အတင်းလောင်းထည့်ကြတယ်။ ပြီးတော့ သူ့ခေါင်းကို မာကျောတဲ့ အရာတစ်ခုနဲ့ ရိုက်လိုက်တယ်ဆိုတာပဲ သူသတိရလိုက်တယ်။

❑

သူ သတိပြန်ရလာတော့ သူဟာ သူ့ကားပေါ် ပြန်ရောက်နေတာ တွေ့ရတယ်။ သူ့ကားဟာလည်း သစ်ပင်တစ်ပင်ကိုဝင်တိုက်ထားတယ်။ ရဲတွေလည်း ရောက်နေတာ တွေ့ရတယ်။ ဒီအနေအထားကို ကြည့်ခြင်းဖြင့် ကုတ်ဟာ အရက်ကို အလွန်အကျွံသောက်ထားပြီး သူ့ကားကို သူမထိန်းနိုင်ခဲ့တာလို့ ပေါ်လွင်နေတယ်။ ပြီးတော့ ပိုဆိုးတာက ထိပ်တန်းလျှို့ဝှက်လို့ သတ်မှတ်ထားတဲ့ ဖိုင်တွေကို ရဲတွေက သူ့ကားထဲက ရှာတွေ့ခဲ့ကြတယ်။

ဒီအတွက် ဒီဖိုင်တွဲတွေကို အရင်က တစ်ခါမှ မမြင်ဖူးပါဘူးလို့ ကုတ်က ကျိန်တွယ်ပြီး ထွက်ဆိုခဲ့ပါသေးတယ်။ လွန်ခဲ့တဲ့နှစ်ပတ်, သုံးပတ်လောက်က သူ့ ဘဏ်စာရင်းထဲကို (ပေါင်စတာလင်အင်္ဂလိပ်ငွေကြေး) ၂၀၀၀ ကျော်ဝင်ခဲ့တယ်ဆိုတာ ရဲတွေက ဖော်ထုတ်တွေ့ရှိခဲ့ပြန်ပါတယ်။

အဲ. . . ဒီငွေအတွက် ကုတ်ဟာ ဘာမှမသိခဲ့ဘူး။ ဘဏ်က သက်သေထွက်တာကတော့ ချက်လက်မှတ်တွေဟာ စာတိုက်ကတစ်ဆင့်ရောက်လာတာ၊ ဆွစ်ဇာလန်ဘဏ်တစ်ခုက လွှဲလိုက်တာ၊ ကုတ်ရဲ့ကိုယ်ပိုင်ငွေစာရင်းကို လိပ်မူထားတာလို့ ပြောခဲ့ပါတယ်။ ဘယ်သူမှ ကုတ်ပြောတာကို မယုံကြည်ကြပါဘူး။ ဒါဟာ လျှို့ဝှက်ချက်တွေကို ငွေကြေးအတွက် သူရောင်းစားခဲ့တာဖြစ်တယ်။ အခုလည်း ထပ်ပြီးရောင်းစားဖို့အလာမှာ အဲဒီညက သူ့ကားတိုက်ခိုက်မှုဖြစ်သွားရတာလို့ တွက်ဆကြပါတယ်။

သူ့အတွက် အားအထားရဆုံးသက်သေဖြစ်တဲ့ သူ့အရာရှိ မားစတားစ်က သူဟာ ကုတ်ကို အက်ပင်းသစ်တောဆီသွားဖို့ မစေလွှတ်ခဲ့ရပါဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ ဒီလိုနဲ့ အပြစ်တွေအားလုံးဟာ သူ့အပေါ်ပုံကျပြီး သူထောင်နန်းစံဘဝရောက်ခဲ့ရတယ်။ ဒါကြောင့်လည်း မားစတားစ်ကို ဒီလိုမေးခွန်းတွေမေးနေရတာ ဖြစ်ပါတယ်။

❑

အဲဒီအချိန်ကလေးအတွင်းမှာ ကုတ်ဟာ သေနတ်မောင်းခလုတ်ကို တကယ်ပဲဆွဲဖြုတ်လိုက်မလို့ပါပဲ။ သူဟာ ဒီလိုသွေးအေးအေးနဲ့ လူတစ်ယောက်ရဲ့ အသက်ကိုသတ်ဖို့ မကြံစည်ခဲ့ဖူးပါဘူး။ ဒါဟာ မားစတားစ်ကိုမုန်းတီးလို့မဟုတ်ဘဲ သူရင်ဆိုင်နေရတဲ့ အခက်အခဲကြောင့်ဆိုတာ သူသိပါတယ်။ သူဟာ လေးနှစ်လုံးလုံး လွတ်လပ်မှုတွေဆုံးရှုံးခဲ့ရပါတယ်။ လူတိုင်းကလည်း သူ့ကို စပိုင်တစ်ယောက်လို့ သတ်မှတ်ထားကြတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကုတ်ဟာ သူ့ကိုယ်သူ အချိန်မီထိန်းသိမ်းလိုက်တယ်။ တကယ်တော့ မားစတားစ်ဟာ သူ့အပြစ်မရှိကြောင်း သက်သေပြနိုင်မယ့် တစ်ခုတည်းသော အခွင့်အရေးဆိုတာ သူသိနေလို့။ ပြီးတော့ မားစတားစ်ကို သူသတ်လိုက်ရင်း ဒီအခွင့်အရေးပျောက်ဆုံးသွားမယ်ဆိုတာ သူသိနေလို့ပါ။

❑

တိုက်ခန်းထဲမှာ ကုတ်ရဲ့ အေးစက်တဲ့အသံက ထွက်ပေါ်လာခဲ့တယ်။

“ကဲ အစကနေပြန်ပြီး စလိုက်ကြရအောင်၊ အဲဒီညက ခင်ဗျား ကျုပ်ကို အက်ပင်းသစ်တောဆီ သွားခိုင်းခဲ့တယ်”

“ဒါတွေဟာ ဟူးဂိုးရဲ့ အကြံအစည်တွေပါ၊ အဲဒီထဲမှာ ငါမပါဘူး”

“ဒါနဲ့ ဟူးဂိုးက ဘယ်သူလဲ”

“သူက နိုင်ငံရဲ့လျှို့ဝှက်ချက်တွေကိုစိတ်ဝင်စားတဲ့ အခြားတိုင်းပြည်ကလူတွေဆီ ရောင်းစားတဲ့သူပဲ၊ သူ့ကိုသတင်းတွေပေးအောင် သူက ငါ့ကို အသုံးချခဲ့တယ်၊ ငါမလုပ်ချင်ခဲ့ပါဘူး”

“အသုံးချခံရတယ် ဟုတ်လား ဘယ်လိုအသုံးချတာလဲ”

မားစတားစ်ဟာ ကြမ်းပြင်ကို တွေတွေကြီးစိုက်ကြည့်နေပြီးမှပြန်ဖြေပါတယ်။

“ငါ့နောက်ကြောင်းကို သူသိနေတယ်၊ သူကပြောတယ်၊ သူ့ကို ငါမကူညီရင် အဲဒီအကြောင်းတွေ ရဲကိုဖွင့်ချလိုက်မယ်တဲ့”

“ဘယ်လိုအကြောင်းတွေမို့လဲ”

ဒီတစ်ခါလည်း မားစတားစ်ဟာ ငိုင်တွေသွားပြီးမှ ပြန်ဖြေခဲ့တယ်။

“ဘာအကြောင်းကိစ္စတွေလဲ”

“ဟုတ်ပါတယ်၊ ဒီအကြောင်းတွေကို ရဲကဖြစ်စေ တခြားတစ်ယောက်ကဖြစ်စေ သိသွားလို့ကတော့ အဲဒီလူရဲ့ ဘဝကို အဖတ်ဆယ်လို့မရနိုင်အောင် ပျက်စီးသွားစေနိုင်တဲ့အကြောင်းတွေပါ”

❑

ဒီတစ်ခါတော့ ကုတ်သိချင်တဲ့ အကြောင်းအရာ နည်းနည်းပဲကျန်ပါတော့တယ်။

“ဒီကိစ္စမှာ ခင်ဗျားက ကျုပ်ကို ဘာကြောင့် လွှဲချရတာလဲ”





www.burmeseclassic.com

www.burmeseclassic.com

"ရဲက တစ်ယောက်ယောက်
ါ သံသယဖြစ်အောင်လို့ပါ၊ တို့က
ကို စပိုင်လို့ထင်အောင် ဖန်တီးခဲ့
တယ်၊ သစ်ပင်ကို ကားနဲ့တိုက်ပြီး
ပေါ်မှာ ခင်ဗျားရဲ့အလောင်းနဲ့
လျှို့ဝှက်ချက်ဖိုင်တွေကိုတွေ့ရင်
လို ထင်သွားလိမ့်မယ်လို့ ငါတို့
ဆခဲ့တယ်"

"ဗျာ၊ ကျုပ်အလောင်း ဟုတ်
"

"ဟုတ်ပါတယ်၊ ဟူးဂိုးက သစ်
ဝင်တိုက်တဲ့အရှိန်နဲ့ ခင်ဗျား သေ
လို့ ထင်ခဲ့တာ"

"အကြင်နာတရား ကင်းမဲ့လွန်း
ဗျာ၊ ကျုပ်သေရင် ခင်ဗျားက လွတ်
မယ်ဆိုတဲ့ သဘောပေါ့"

မားစတားစ်က ဘာမှပြန်မပြော
ခေါင်းကြီးကိုငုံ့ပြီး ကြမ်းပြင်ကိုကြည့်
ခဲ့တယ်။ ကုတ်က ဆက်မေးလိုက်ပြန်
။

"ဒါဆို ခင်ဗျားဘာဖြစ်လို့ တပ်
ဆက်မနေတာလဲ၊ ခင်ဗျား အဲဒီ
ရှိရင် ဟူးဂိုးအတွက် အများကြီး
ဝင်မှာလေ"

"ဒါက သိပ်အန္တရာယ်များလာ
ယ်၊ ငါထွက်လာတာတောင် သူ
ငါ့ကို အသုံးချနေသေးတယ်"

"ဘယ်လိုအသုံးချတာလဲ"

ကုတ်က မေးလိုက်ပြန်တယ်။

"ငါတို့လျှို့ဝှက်ချက်တွေ အချက်
တွေကို မိုက်ကရိုဖလင်နဲ့ကူးယူ
ပြီး ရှေးဟောင်းလက်နက်တွေထဲမှာ
ထားကြတယ်၊ ငါက နိုင်ငံခြားကို
ရတယ်၊ ငါတို့လူတွေဆီ ရှေး
ဟောင်းပစ္စည်း စုဆောင်းသူတွေဆီ
လိုမျိုး လျှို့ဝှက်ပေးပို့ရတယ်"

ကုတ်မှာ မေးစရာတစ်ခုပဲ ကျန်
။ ဒါက အရေးအကြီးဆုံးမေးခွန်း

"အခု ဟူးဂိုးဘယ်မှာလဲ၊ ကျုပ်ကို
တဲ့နေရာ လိုက်ပို့ပေတော့"

❑

လန်ဒန်မြို့မြောက်ပိုင်းမှာ ကြီး
မားလှတဲ့ကားပြင်ရုံကြီးတစ်ခုကို ဟူးဂိုး
ပိုင်ဆိုင်ထားတယ်လို့ မားစတားစ်က
ကုတ်ကိုပြောပြတယ်။ ပျက်စီးနေတဲ့
ကားတွေကို အဲဒီနေရာကိုယူလာပြီးမှ
ပြင်ဆင်လေ့ရှိတယ်။ အဲဒီနေရာဟာ
ဟူးဂိုးရဲ့ဌာနချုပ်လည်း ဖြစ်ပါတယ်။
လျှို့ဝှက်အထောက်အထားတွေကို အဲဒီ
မှာပဲ မိုက်ခရိုဖလင်နဲ့ကူးပြီး အဲဒီမှာပဲ
သိမ်းဆည်းထားပါတယ်။ အဲဒီက တစ်
ဆင့် ပြည်ပကို ခိုးထုတ်ဖို့ စီစဉ်တာပါ။

သူတို့ဟာ မားစတားစ်ရဲ့ဂျက်
ဂွားကားဖြူလေးနဲ့ ကားပြင်ရုံရှိရာကို
မောင်းလာခဲ့ကြပါတယ်။ ကုတ်က ရှေ့
မှာ မားစတားစ်နဲ့အတူထိုင်ပြီး ကေတီက
နောက်ခန်းမှာ ထိုင်ပါတယ်။ ညနေ
စောင်းအချိန်မှာ သူတို့ဟာ ကားပြင်ရုံ
အနားရောက်လာခဲ့တယ်။ အဲဒီနေရာ
ဟာ လမ်းရဲ့အဆုံးပိုင်းမှာရှိပြီး ဈေးဆိုင်
ငယ်လေးတွေ၊ အိမ်လေးတွေဝိုင်းရံနေတဲ့
နေရာပါ။ လူတွေဟာ သူတို့ရဲ့ဈေးဆိုင်
တွေကို ပိတ်နေကြပါတယ်။ ပြီးတော့
သူတို့အိမ်ရှိရာ ပြန်သွားကြပါတယ်။
ကားပြင်ရုံဟာ ၆ နာရီအထိ ဖွင့်ထားပါ
တယ်။

ကုတ်ဟာ ကားထဲမှာထိုင်ပြီး
မီးတွေပိတ်တဲ့အထိ စောင့်နေခဲ့တယ်။
နောက်ဆုံးမီးတွေကို မှိတ်လိုက်တာတွေ့
ရတယ်။ မီးတွေအကုန်လုံးမှိတ်လိုက်တဲ့
အခါကျတော့ ကားပြင်ရုံဟာ မှောင်
အတိကျသွားခဲ့တယ်။ ကုတ်ဟာ မား
စတားစ်ဘက်ကို လှည့်မေးလိုက်တယ်။

"သူတို့ ပြည်ပကို မပို့ခင်
အထောက်အထားတွေကို ဘယ်မှာထား
သလဲဆိုတာ အတိအကျပြောစမ်း"

❑

ပထမ မားစတားစ်က ဘာမှ
ပြန်မပြောဘူး။ သူ့မှာ သတ္တိလေးတွေ
နည်းနည်းဝင်လာတယ်။ ကုတ်က ပစ္စတို
ကို သူ့ဝမ်းဗိုက်ဆီ ဖိထိုးလိုက်တယ်။

"ခင်ဗျားကြောင့် ကျုပ် ထောင်
ထဲမှာ လေးနှစ်နေခဲ့ရတယ်၊ ခင်ဗျား
ကြောင့် ကျုပ်ဘဝ ပျက်စီးခဲ့ရတယ်၊
ခင်ဗျားမပြောရင် ဒီနေရာမှာပဲ ခင်ဗျား
ကို ပစ်သတ်လိုက်တော့မယ်"

မားစတားစ်ဟာ ပစ္စတိုကိုကြည့်
ပြီး သွေးဆုတ်သွားခဲ့တယ်။

"အဲဒါတွေအားလုံး ဟူးဂိုးရဲ့
ရုံးခန်းမှာရှိတယ်၊ သူ့စားပွဲအံဆွဲထဲမှာ
ရိုးရိုးဖိုင်နဲ့ သိမ်းထားတယ်"

"မိုက်ခရိုဖလင်တွေကကော"

"အဲဒါတွေလဲ အဲဒီမှာပဲ ရှိပါ
တယ်"

"အရင်က လျှို့ဝှက်ချက်တွေ
ပို့ခဲ့တာ ခင်ဗျားသိလား"

"တချို့ကို ပြီးခဲ့တဲ့အပတ်က ပို့
ပြီးသွားပြီ၊ ငါသိတယ်၊ ငါကိုယ်တိုင် ပို့
ပေးရတာ၊ နောက်ထပ်ပို့ဖို့ စောင့်ဆိုင်း
ရင်း ကျန်တာတွေလဲ အဲဒီမှာရှိလိမ့်မယ်
ထင်တယ်"

မားစတားစ်ဟာ တုံ့ဆိုင်းစွာ
ပြောရင်းနဲ့ နှုတ်ဆိတ်သွားပြန်တယ်။

ကုတ်က ပစ္စတိုနဲ့ သူ့ဝမ်းဗိုက်ကို
ခပ်နာနာ ဖိထိုးလိုက်တယ်။

"ငါ တကယ်မသိတာပါ၊ ရှိနိုင်ပါ
တယ်၊ ဟူးဂိုးက ငါ့ကို လက်ပြောင်းပေး
မယ်လို့ပြောခဲ့တာ မကြာသေးဘူး"

မားစတားစ် ခေါင်းမမာနိုင်
တော့ပါဘူး။

❑

ကုတ်ဟာ ကေတီ့ကို ပစ္စတို
သေနတ် ပေးလိုက်ပါတယ်။

"ကိုယ်ပြန်မလာခင် မင်း သူ့ကို
ဒီမှာ ခဏထိန်းထားလိုက်"

"ရှင် ဘာသွားလုပ်မလို့လဲ"

"ကားပြင်ရုံထဲကို ကိုယ်ရအောင်
ဝင်မယ်၊ ဟူးဂိုး ဒီပစ္စည်းတွေကို ရောင်း
စားပါတယ် ဆိုတဲ့ သက်သေရအောင်
ရှာနိုင်မယ်လို့ထင်တယ်၊ ရှာလို့တွေ့တာ
နဲ့ ရဲကို ဖုန်းဆက်လိုက်မယ်"

"တကယ်လို့ ရှင်မရှာနိုင်ဘူးဆို
ရင်၊ ရှင်ဘာတစ်ခုမှမရှာနိုင်ခင် သူတို့က
ရှင့်ကိုတွေ့သွားပြီး ဖမ်းမယ်ဆိုရင် ဘာ
လုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကုတ်ဟာ ကေတီရဲ့စကားကို ဆုံးအောင်နားမထောင်ခဲ့ဘူး။ သူဟာ မှောင်မည်းနေတဲ့ ကားပြင်ရုံရှိရာကို ထွက်သွားခဲ့ပါပြီ။ မှောင်မည်းနေတဲ့ ဆောင်းညရဲ့အောက်မှာ ကားပြင်ရုံဟာ အကျဉ်းထောင်တစ်ခုနဲ့ တူနေပါတယ်။

❑

ကြာခဲ့ပြီဖြစ်တဲ့ တစ်ချိန်တုန်းက တစ်စုံတစ်ယောက်က ပြောခဲ့ဖူးတယ်။ စစ်သင်တန်းတွေဟာ နေရာတော်တော်များများမှာ အသုံးချလို့ရတယ်တဲ့။ အခုတော့ ဒါဟာ သိပ်မှန်တဲ့ စကားမှန်း ကုတ်သိခွင့်ရလိုက်တယ်။

ကားပြင်ရုံရဲ့ အနောက်ဘက်မှာ မိုးရေခံပိုက်တစ်ချောင်းကို ခေါင်မိုးနဲ့ဆက်ပြီး တပ်ဆင်ထားတယ်။ အဲဒီရေပိုက်လုံးကိုတွယ်ပြီး အပေါ်ကို တက်ခဲ့တယ်။ ဒါမျိုးက တပ်ထဲမှာတုန်းက မကြာခဏလုပ်နေကျဖြစ်တယ်။ ခေါင်မိုးနားကပ်လျက်မှာ ပြတင်းပေါက်တစ်ခု ရှိတယ်။ လေသာမှန် (တရုတ်ကတ်မှန်) လို့ခေါ်ကြတယ်။ ပြတင်းဟာ ပိတ်ထားပေမယ့် အထဲက ချက်မထိုးထားဘူး။ ကုတ်ဟာ အဲဒီပြတင်းပေါက်ကို အသာဆွဲဖွင့်ပြီး အဲဒီထဲ လျှောဝင်လို့ မှောင်နေတဲ့ ကားပြင်ရုံအောက်ကို တွယ်ဆင်းလိုက်တယ်။ ကံအားလျော်စွာ အောက်တည့်တည့်မှာက လော်ရီကားတစ်စီး ရှိနေခဲ့တယ်။ သူဟာ ကားပေါ်က တစ်ဆင့် ခုန်ချလိုက်ပြန်တယ်။ ကားပြင်ရုံထဲမှာက အမှောင်ထု ကြီးစိုးလို့နေတယ်။

"မားစတားစ်ကတော့ ပြောခဲ့တာပဲ၊ လျှို့ဝှက်မှတ်တမ်းတွေဟာ ရုံးခန်းထဲမှာရှိတယ်တဲ့၊ ဒါပေမဲ့ ရုံးခန်းက ဘယ်နေရာလဲ"

သူ နည်းနည်းတော့ စိုးရိမ်စပြုလာတယ်။ ရုတ်တရက် သူ့နောက်က အသံတစ်ခုကြားလိုက်ရတော့ ကားပြင်ရုံထဲမှာ သူတစ်ယောက်တည်း မဟုတ်ပါလားလို့ တွေးမိသွားတယ်။

❑

သူ နောက်ကိုလှည့်မကြည့်နိုင်ခင်မှာပဲ တစ်ယောက်ယောက်က သူ့နောက်ကျောကနေ ဖမ်းချုပ်လိုက်တာခံရပြီး နောက်တစ်ယောက်က လင်းထိန်နေတဲ့ဓာတ်မီးတစ်လက်နဲ့ သူ့မျက်လုံးတွေကို ထိုးထားတယ်။ သူ့မျက်လုံးတွေ ပြာသွားခဲ့တယ်။ နောက်တော့ သူ့ခေါင်းဆီက ပြင်းထန်တဲ့နာကျင်မှုကို ခံစားလိုက်ရတယ်။ သူ အသိတရားတွေ ကင်းမဲ့ပြီး သတိမလစ်ခင် သတိရလိုက်တာက ဟိုအရင်က အက်ပင်သစ်တောထဲမှာ ဖြစ်ပျက်ခဲ့သလိုမျိုး အခုထပ်ပြီး ခံလိုက်ရပြန်ပြီဆိုတဲ့အသိပါ။

သူပြန်ပြီးသတိရလာတဲ့အခါ သူဟာ ကားပြင်ရုံရဲ့ကြမ်းပြင်ပေါ်မှာ လဲကျနေတယ်ဆိုတာ သိလိုက်တယ်။ သူ မေ့မြောသွားတာ တစ်နာရီလောက်တော့ ရှိမယ်ထင်တယ်။ ကျယ်ကျယ်လောင်လောင်အသံတွေကိုလည်း ကြားနေရတယ်။ သူ့မျက်လုံးတွေကို အားယူပြီးဖွင့်ကြည့်လိုက်တဲ့အခါ ကေတီကို ကုလားထိုင်တစ်လုံးနဲ့တွဲပြီး ကြိုးတုပ်ခံထားရတာ တွေ့တယ်။ လူလေးယောက်က သူ့အပေါ်က မီးထိုးပြီးရပ်နေကြပါတယ်။ အဲဒီအထဲက တစ်ယောက်ကတော့ မားစတားစ်ဖြစ်ပြီး သွေးဆုတ်တဲ့မျက်နှာနဲ့ ကြောက်ရွံ့နေပုံရပါတယ်။ သူဟာ ပုကွကွနဲ့လူက သူ့ကိုပြောနေတာကို နားထောင်နေပါတယ်။ ကုတ်ဟာ ဒီလူ ဟူးဂိုးကိုယ်တိုင်ပဲ ဖြစ်ရမယ်လို့ သိနေပါတယ်။ ဟူးဂိုးဟာ အော်ဟစ်ကြိမ်းမောင်းနေလေရဲ့။

"ဒါကြောင့် မင်းဟာ အရူး တစ်ယောက်ပဲ၊ အသုံးမကျတဲ့ အကောင်ပဲလို့ပြောတာ၊ အခု မင်း ငါ့ကို ယုံပြီ မဟုတ်လား"

မားစတားစ်ဟာ တစ်ခုခု ပြန်ပြောဖို့ကြိုးစားနေပေမယ့် ပြန်မပြောနိုင်ဘူးဖြစ်နေတယ်။ ဟူးဂိုးဟာ မားစတားစ်ရဲ့မျက်နှာကို လက်ပြန်တစ်ချက်ဖြတ်ရိုက်လိုက်တယ်။ ပြီးတော့ အော်ပြောလိုက်တယ်။

"မင်းကို ငါ မေးနေတယ်လေ အခု မင်း ငါ့ကို ယုံပြီမဟုတ်လားလို့"

❑

"ဒါ. . . ဒါပေမဲ့ ဟူးဂိုး. . . ကျေး. . . ကျေးဇူးပြုပြီး ကျွန်တော် ပြောတာ နားထောင်ပါဦး"

မားစတားစ်က တိုးလျှိုးတောင်းပန်နေတယ်။

"ကျွန်တော် ခင်ဗျားကို ပြောခဲ့ပါတယ်၊ တစ်စုံတစ်ယောက်က ဖုန်းဆက်ပြီး ပစ္စတိုတွေ လာကြည့်ဖို့ပြောတယ်လို့၊ အဲဒီလူဟာလဲ မျက်စိမမြင်တဲ့ အဘိုးကြီးတစ်ယောက်ပါလို့ ခင်ဗျားကို ပြောခဲ့တယ်လေ၊ ခင်ဗျားပဲ ဒီအတွက် ဘာမှစိုးရိမ်စရာမရှိဘူးလို့ ပြောခဲ့တာ မဟုတ်လား"

"အဲဒီလိုငါမပြောဘူး၊ ဒီအတွက် မင်းကို ဘာလုပ်ပေးစေချင်သလဲလို့ပဲ ငါ မေးခဲ့တာလေ. . . ဦးနှောက်မရှိတဲ့ကောင်ရဲ့"

ဟူးဂိုးဟာ ဒေါသတကြီးဆဲဆိုနေခဲ့တယ်။ ဒီအချိန်မှာ နောက်ထပ် လူတစ်ယောက်က သူတို့ကြားထဲကို ဝင်လာပြီး မေးလိုက်တယ်။

"ကောင်မလေးနဲ့ကုတ်ကို ဘာလုပ်ရမယ်လို့ ခင်ဗျားပြောတာလဲ"

"သူတို့ကို သတ်ပစ်ရမယ်လို့ ငါပြောတာ၊ ပြီးတော့ ဒီအချိန်မှာ ငါတို့ အလုပ်ကို ဂရုစိုက်ပြီး လုပ်ကြရမယ်လို့ ငါပြောတာ"

❑

ဟူးဂိုးဟာ ကုတ်သတိပြန်ရလာတာကိုမြင်သွားတယ်။ ကုတ်ဟာ ထ... ကြိုးစားလိုက်တယ်။ သူ့ကို လက်ပြန်ကြိုးတုပ်ထားတယ်။ သူ့ခေါင်းမှာ ဒဏ်ရာအပြင်းအထန်ရထားတယ်။

ဟူးဂိုးဟာ သူ့ကို သူဝါးမျိုစားသောက်ရမယ့် အစာကို ငါးမန်းတစ်ကောင်က ကြည့်သလိုမျိုး ကြည့်ပြီး ပြောခဲ့တယ်။

"မင်း မားစတားစ်ရဲ့ အဖြေဆောင် ဂျက်ဂွားကို သုံးခဲ့တာက မင်းရဲ့ မဟာ...



www.burmeseclassic.com

www.burmeseclassic.com

အများပဲကွ၊ နို့မို့ဆိုရင် ငါတို့ သတိထားမိမှာမဟုတ်ဘူး"

သူက အခြေအနေကို ကျေနပ်လို့ ဆက်ပြောတယ်။

"မင်းတို့ကားကို လမ်းတစ်ဝက် ရောက်ထားတာတွေကတည်းက နောက် ဖြစ်လာမယ့်အခြေအနေကို စောင့်ကြည့် ဖို့ဆုံးဖြတ်ခဲ့တယ်၊ နောက်တော့ မင်း သိတဲ့အတိုင်းပဲ၊ မင်းကို တို့ ဖမ်းမိပြီးတဲ့ နောက်တော့ လွယ်လွယ်လေးပါ၊ တို့ အပြင်ကိုထွက်ပြီး မင်းရဲ့ကောင်မလေး ကိုပါ ဖမ်းလာခဲ့တယ်ဆိုပါတော့ကွာ"

သူဟာပင်ပန်းပြီး ဦးနှောက်တွေ နေခဲ့လို့သာ ဒီလိုအမှားမျိုးဖြစ်ခဲ့တာ။ သူသာ သာမန်အခြေအနေမျိုးဆိုရင် ဒီလို အမှားမျိုးဆုံးဖြတ်မိမှာ မဟုတ် ဘူးလို့ ကုတ်အမှန်အတိုင်း သိလိုက်ပါ တယ်။ သူ ကောင်းကောင်း မအိပ်ခဲ့ရတဲ့ ရက်တွေများခဲ့တယ်။ ကေတီကိုလည်း စိတ်မကောင်းစွာ လှမ်းကြည့်မိတယ်။

❑

"ကိုယ်သာ မင်းဆီက အကူ အညီမတောင်းမိရင် ဒီအဖြစ်အပျက်ထဲ မင်းကိုဆွဲသွင်းမိမှာမဟုတ်ပါဘူး ကေတီ"

သူဟာ သေမင်းထောင်ချောက် ထဲရောက်နေခဲ့ပြီ။ ကြည့်ရတာ သူ ဘာ မှလုပ်နိုင်တော့ဘူး။ ဘယ်သူမှလဲ သူ့ကို ကယ်နိုင်တော့ဘူးဆိုတာသိလိုက်တယ်။

"ငါသာ လွန်ခဲ့တဲ့ လေးနှစ်တုန်း က. . ."

ဟူးဂိုးဟာ သူ့ခါးကြားထဲက ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ် လိုက်တယ်။

"ဒီသေနတ်ကို သုံးခဲ့မယ်ဆိုရင် မင်း ဒီလိုမျိုး တို့ကို ဒုက္ခထပ်ပေးနိုင်မှာ မဟုတ်ဘူး"

ဟူးဂိုးဟာ ပြောရင်းနဲ့ ကုတ်ရဲ့ အနားကိုကပ်လာတယ်။ ပြီးတော့ သူ့ လက်ကိုဆန့်တန်းပြီး ခြောက်လုံးပြူး သေနတ်နဲ့ ကုတ်ရဲ့ဦးခေါင်းကို သေသေ ချာချာ ချိန်လိုက်ပါတယ်။

❑

ရုတ်တရက်ဆိုသလိုပဲ အရှိန် ပြင်းပြင်းနဲ့ ဆောင့်တွန်းသံတစ်ခုပေါ် လာပြီး ရဲသုံးယောက်ဟာ လက်နက် ကိုယ်စီနဲ့ ကားပြင်ရုံဘေးတံခါးကို ချိုး ဖျက်ဝင်ရောက်လာကြတယ်၊ ဟူးဂိုးက လှည့်ကြည့်ပြီး မှင်တက်သွားတယ်။

"မဟုတ်ဘူး ဟူးဂိုး၊ ဒီအပေါ်ကို လဲ ကြည့်လိုက်ဦး"

လေသာပြတင်းဆီက အသံ တစ်သံကလည်း ဟိန်းပြီး ထွက်လာ တယ်။ ဒီအချိန်မှာ လူတိုင်းဟာ ရပ်ဆိုင်း သွားကြတယ်။ ဘာတစ်ခုမှ လှုပ်ရှားမှု မလုပ်ရဲကြတော့ပါဘူး။ နောက်တော့ ဘတ်စတာဟာ ပွင့်နေဆဲပြတင်းပေါက် က လျှောဆင်းလိုက်တယ်။ နောက် လော်ရီကားပေါ်ကတစ်ဆင့် မြေကြီး ပေါ် ခုန်ဆင်းလိုက်တယ်။ ရှေ့ဆင့် နောက်ဆင့် ဆိုသလို ရဲသုံးယောက် လည်း သူ့နောက်က ကပ်ပါလာတာ တွေ့ရတယ်။ ဘတ်စတာဟာ ဟူးဂိုးဆီ တန်းတန်းမတ်မတ်လျှောက်လာတယ်။

ပြီးတော့ လေသံမှန်မှန် အေး အေးလေးနဲ့. . .

"ကျေးဇူးပြုပြီး ခင်ဗျားရဲ့ ခြောက်လုံးပြူး ကျုပ်ကိုပေးပါ"

"ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရုံသက်သက်ပါဆရာ"

ဟူးဂိုးက လေပြေထိုးလိုက် တယ်။

"ဒီလူ အထဲကို ခိုးဝင်လာတယ်၊ ဒီမိန်းကလေးက သူ့ကိုကူညီတယ်၊ သူ့ကို ထောင်ထဲပြန်ပို့လိုက်ပါ ဆရာ"

ဘတ်စတာက နားထောင်ပြီး ပြုံးလိုက်ပါတယ်။

"အသေအချာပေါ့ဗျာ၊ ဒါပေမဲ့ ဒါတွေကို ခင်ဗျားရဲ့ခြောက်လုံးပြူး ကျုပ် ကိုပေးပြီးမှ ပြောကြတာပေါ့"

ဟူးဂိုး ဘာမှ မပြောနိုင်ဘဲ သေနတ်ကိုပေးလိုက်ရတယ်။

❑

စုံထောက် ဘတ်စတာနားက ရဲတွေနဲ့ တံခါးကဝင်လာတဲ့ရဲတွေဟာ ရုတ်တရက် လှုပ်ရှားလိုက်ကြပါတယ်။ ဟူးဂိုး၊ မားစတားစ်နဲ့ ကျန်လူ သုံး ယောက်ကိုလက်ထိပ်ခတ်လိုက်ကြတယ်။ ဘတ်စတာက မားစတားစ်ကို ပြော လိုက်တယ်။

"ဒီရက်ပိုင်းမှာ ခင်ဗျားသွားလေ ရာကို ကျုပ်တို့လိုက်နေတာဗျ၊ဒါကြောင့် လဲ ကျုပ်တို့ ဒီကို အချိန်မီ ရောက်လာ တာပေါ့"

ပြီးတော့ ဟူးဂိုးဘက် လှည့် လိုက်တယ်။

"ကျုပ် အပေါ်မှာရောက်နေတာ နာရီဝက်လောက်ရှိပြီ၊ ခင်ဗျားပြောခဲ့ တာတွေကို ကျုပ် အကုန်ကြားတယ်၊ တကယ်ဆို ကုတ် ဒီအထဲကိုဝင်လာတဲ့ လွန်ခဲ့တဲ့တစ်နာရီလောက်ကတည်းက ကျုပ်တို့ကိုဖုန်းဆက်သင့်တာ၊ ခင်ဗျား ပြောသလို ကိုယ့်ကိုယ်ကိုယ် ကာကွယ် ချင်တဲ့ အခွင့်အရေးကို ရိုးရိုးသားသား လိုချင်တယ် ဆိုရင်ပေါ့လေ"

ဟူးဂိုး တုံ့ပြန်စကားမပြောနိုင် ခင်မှာပဲ ရဲတွေက သူတို့ကိုခေါ်သွားကြ ပါတယ်။ ဘတ်စတာဟာ ကုတ်ကို မတ် တတ်ရပ်လို့ရအောင် ထူမ,ပေးရင်း အားပေးစကားပြောလိုက်တယ်။

"ခင်ဗျားမှာ အပြစ်မရှိကြောင်း ကျုပ်တို့ သက်သေပြလို့ရပြီဗျ"

နောက်တော့ ကုတ်ရဲ့လက်တွေ ကို ကြိုးဖြေပေးလိုက်တယ်။ အခုမှ ကုတ်ဟာ လွတ်လပ်တဲ့လူတစ်ယောက် လို ခံစားလိုက်ရတယ်။

ပထမဦးဆုံး ကုတ်ရဲ့ခြေလှမ်း တွေက သူ့ကို အသက်ပေးကူညီခဲ့တဲ့ ကေတီ ရှိရာဆီကိုပါ။

❑

ဒီအဖြစ်အပျက်တွေ ဖြစ်ခဲ့တာ တစ်လကျော်ခဲ့ပါပြီ။ စကော့တလန်ယဒ် ရဲအဖွဲ့ကြီးက စုံစမ်းဖော်ထုတ်ခဲ့လို့ ဟူးဂိုးရဲ့အဆက်အသွယ်တွေနဲ့ အပေါင်း အသင်းတွေကို တသီကြီး ဖမ်းမိခဲ့တယ်။

အမှုကို ရုံးတင်တရားစွဲခဲ့သလို ကုတ်ရဲ့အမှုကိုလည်း ပြန်လည်ကြားနာ

www.burmeseclassic.com

စစ်ဆေးပြီး မှားယွင်းမှုနဲ့ အမှုပိတ်သိမ်းပေးခဲ့ပါတယ်။

ကာကွယ်ရေး ဝန်ကြီးဌာနကလည်း သစ္စာရှိတဲ့ အပြစ်မရှိတဲ့ကုတ်ကို မူလရာထူးပြန်ပေးခဲ့တယ်။ သူ့အတွက် နစ်နာကြေးနဲ့ နောက်ကြောင်းပြန်လစာတွေလည်း ထုတ်ပေးခဲ့တယ်။ ကုတ်ရဲ့ ခေါင်းကဒဏ်ရာ ပျောက်သည်အထိ ဆေးရုံမှာ သီးသန့်ကုသပေးပါတယ်။

ဆေးရုံကဆင်းတော့ အမိန့်စာတစ်စောင်က အဆင်သင့်ရောက်နေခဲ့တယ်။ လစာပြည့်နဲ့ နှစ်လအနားယူခွင့်ပေးတဲ့ အကြောင်းပါ။

❑

အက်ဒဝက်ကုတ်နဲ့ သရုပ်ဆောင်မင်းသမီးလေး ကေတီတို့ နှစ်ဦးဟာ လန်ဒန်မြို့တစ်နေရာက တေးသီဌက်ကလေးများလို့ခေါ်တဲ့ ပျော်ပွဲစားရုံမှာ ရောက်နေကြပါတယ်။

ကုတ်က ကေတီအတွက်ဂုဏ်ပြုတဲ့ ညစာစားပွဲလေးပါ။ ကုတ်ဟာ အရပ်ဝတ် အရပ်စားနဲ့ သန့်ပြန့်ပြီး ခံ့ညားနေသလို ကေတီကလည်း မိုးပြာရောင်ဝတ်စုံ၊ သူ့ရဲ့ရွှေရောင်ဆံပင်တွေနဲ့ ကြည့်လို့ကောင်းနေပါတယ်။

ကုတ်က အချက်ပြလိုက်တော့ စားပွဲထိုးတစ်ယောက်က ရေခဲစိမ်ထားတဲ့ဝိုင်တစ်ပုလင်းကို ခြင်းတောင်းလေးနဲ့ ထည့်ပြီး ယူလာပေးပါတယ်။

ကုတ်က ဝိုင်ပုလင်းကို ဖောက်တံနဲ့ ဖောက်လိုက်တဲ့အခါ ဖောင်းခနဲ မြည်သံနဲ့အတူ အမြှုပ်တွေက သူတို့ မျက်နှာတွေကို စဉ်သွားတာ ကြည့်ပြီး သဘောကျနေကြလေရဲ့။ ကုတ်က ဝိုင်ဖန်ခွက်ထဲကို ကျွမ်းကျွမ်းကျင်ကျင် ဖြည့်နေတာ ကေတီက ငေးကြည့်နေခဲ့ပါတယ်။

သူတို့ဟာ ကုတ်မေးတဲ့ ရုပ်ရှင်ရိုက်ကွင်းတွေအကြောင်း၊ ရယ်စရာအကြောင်းတွေပြောရင်းနဲ့ စားသောက်နေကြရာက ကုတ်က စကားဖြတ်ပြီး ပြောတယ်။

"မင်းကို ကိုယ် အရေးကြီးတဲ့ စကား ပြောစရာရှိတယ်"

ကေတီက အံ့ဩပုံ မပြပါဘူး။ ပြောလေဆိုတဲ့ ပုံစံမျိုးလုပ်ပြတယ်။

"ကိုယ့်ကိုလက်ထပ်ပါ ကေတီ"

ကေတီက သူ့ကိုချက်ချင်းစကား ပြန်မပြောခဲ့ပါဘူး။

တစ်အောင့်ကြာမှ . . .

"ရှင့်ဘက်က သေချာပြီလား တက်ဒ်"

"ကိုယ် အသေအချာဆုံးဖြတ်ပြီးပြီ"

"ဒါဆို ကျွန်မကို အချိန်တော့ ပေးပါ"

❑

သူတို့ဟာ တက္ကစီနဲ့ပြန်လာကြတယ်။ တက္ကစီဂိတ်မှာ ဆင်းလိုက်ကြပြီး ကေတီရဲ့တိုက်ခန်းရှိရာ လမ်းလျှောက်လာကြတယ်။ လမ်းမှာ ကုတ်က ကေတီအကြောင်းတွေးနေခဲ့တယ်။

အစက ကေတီရဲ့အလုပ်ကို သူ အထင်သေးခဲ့ဖူးတယ်။ သရုပ်ဆောင်တွေဟာ ယောက်ျားထည်လဲတွဲမယ်၊ ပေါ့ပြက်ပြက်နိုင်မယ်ထင်ခဲ့တာ။

အခုနောက်ပိုင်းကျမှ ကေတီရဲ့ အရည်အချင်းတွေကို သူသိလာရတာ။ ကေတီဟာ သူ့ကိုယ်သူထိန်းနိုင်တယ်။ သူ့အလုပ်ကိုသူ ကွက်တိလုပ်တတ်တယ်။ သရုပ်ဆောင်လောကမှာ နာမည်ပျက်မရှိဘူး။ သူ့မှာ လေးစားစရာတွေ အများကြီးရှိနေတယ်။ သူ နောက်မကျသေးဘူးလို့ တွေးတယ်။

ကေတီကလည်း သူ့အကြောင်း စဉ်းစားနေတာ။ သူလည်း စိတ်ကြမ်းကိုယ်ကြမ်းသမားတွေကို လုံးဝမကြိုက်ဘူး။ ဒါပေမဲ့ ကုတ်ဟာ ယောက်ျားပီသပြီး ရိုးသားတာ သူသိတယ်။ ယုံကြည်စိတ်ချတဲ့၊ အားကိုးရတဲ့ယောက်ျားတွေ ရှားတယ်။ အဲဒီထဲမှာ သူပါတယ်။

ဒါပေမဲ့ ကိုပ်တော်က ပြောလိုက်တာ တုံးတိကြီး ကဗျာမဆန်လိုက်တာ။

ဒီလိုနဲ့ သူတို့ ကေတီရဲ့တိုက်ခ[...] ရှေ့ကို ရောက်လာတယ်။

"ဘိုင်"

ကေတီက ကုတ်ကိုနှုတ်ဆက်[...] သူ့အခန်းဆီ လှမ်းလိုက်တယ်။ ကုတ်[...] အထဲဝင်ဖို့ မခေါ်တော့ဘူး။ မသင့်[...] လေ။

"နေပါဦး ကေတီ"

ကုတ်က ပြောလိုက်တယ်။

ကေတီ ပြန်လှည့်လိုက်တဲ့အခ[...] မှာ ကုတ်က မပြောမဆိုဘဲ ကေတီ[...] ခါးကျဉ်ကျဉ်လေးကို ဆွဲယူပြီး သူ့ရင်[...] ထဲ ဆွဲသွင်းလိုက်တယ်။

"ကိုယ် မင်းကိုချစ်တယ် ကေ[...]

ကေတီဟာ မရုန်းကန်ဘဲ သူ့[...] အပြစ်ကင်းတဲ့ကလေးလို မော့ကြည့်[...] ပါတယ်။ ကုတ်ရဲ့သွေးတွေ ဗလောင်[...] သွားတယ်။ သူ့စိတ်ကို ထိန်းလို့မရ[...] ဘူး။ ကေတီရဲ့ စွဲမက်စရာကောင်း[...] နှင်းဆီဖူးငုံနှုတ်ခမ်းအစုံကို ငုံ့နမ်းလို[...] တယ်။ ကေတီကလည်း အလိုက်[...] ခြေဖျားလေးထောက်၊ သူ့လည်ပင်[...] သိုင်းဖက်ပြီး တုံ့ပြန်နမ်းနေမိတယ်။

သိမ်းမြစ်ဆီက လေအေး[...] ချက်အဝှေ့မှာ ကေတီရဲ့ရွှေရောင်ဆံ[...] က လွင့်လို့။ အနာဂတ်ရဲ့ ရွှေရော[...] မျှော်လင့်ချက်တွေက ရွှန်းလက်[...] အခုလောလောဆယ်မှာတော့ တစ်[...] တစ်ဦး အသက်ပေးချစ်ကြသူနှစ်ဦး[...] လောကကြီးတစ်ခုလုံးကိုမေ့ပြီး အ[...] ကမ္ဘာထဲမှာ နစ်မျောနေကြလေရဲ့။

စာဖတ်သူ[...]

ရွှင်လန်းချမ်းမြေ့ကြပ[...]

❑ ဆွေလင်း(အောင်[...]

(အင်္ဂလိပ်စကားပြောသင်[...] စာစာအုပ်မှ THE MAN WHO E[...] CAPED ကို ဆီလျော်အောင် ပြ[...] သည်)

www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆက်)

ကွန်ရက်ကိုရှင်းခြင်း

ဆန်ဖရန်စစ္စကို မြို့ပြင်တွင် နေဝင်ဖိုးဖျအချိန်ဖြစ်သောကြောင့် မြူနှင်းများကျလျက်ရှိသည်။ ဘီလ်စမစ်သည် ဒွန်ပီတာဆင်နှင့် ရောဘတ်ဂရိဂို တို့ကို တွေ့ဆုံပြီး စကာရာမင်တိုသို့ ကားမောင်းသွားလျက်ရှိသည်။

စမစ်က သူတို့ကို ဝေါကာဖမ်းမိကြောင်းနှင့် နည်းဗျူဟာ သစ်ချမှတ်ရန်လိုကြောင်း ပြောသည်။

ယခုအချိန်တွင် ဝှစ်ဝါ့သ်နှင့် ထိပ် တိုက်ရင်ဆိုင်ပါက အရှုံးမရှိနိုင်ချေ။ သူ့ကို ထိတ်လန့်တုန်လှုပ်အောင်လုပ်ပြီး ဖြောင့်ချက်ယူမည်ဟု ဆိုသည်။

မေ ၂၀ရက် နံနက် ၁၁ နာရီ ၃၀ မိနစ်တွင် ပီတာဆင်သည် ဝန်ထမ်း မိုက်ကယ်မက်လွီးနှင့်အတူ စကာရာမင်တိုရှိ ဝှစ်ဝါ့သ်၏ ရွှေ့ပြောင်းအိမ်ရာကို တံခါးခေါက်လျက်ရှိသည်။ အရပ်ရှည်ရှည်၊ မုတ်ဆိတ် မည်းမည်းထူထူနှင့် မျက်မှန်ထူထူတပ်ဆင်ထားသော လူတစ်ဦး တံခါးလာဖွင့်သည်။ သူ၏ ထိုးထိုးထောင်ထောင်ဆံပင်မှာ ညစ်ပတ်ပေရေပြီး မီးခိုးရောင်ပေါက်လျက်ရှိသည်။ သူ၏မျက်နှာမှာ ပြောင်နေသည်။

ပီတာဆင်နှင့် မက်လွီးတို့က သူတို့မှာ အက်ဖ်ဘီအိုင်ဝန်ထမ်းများဖြစ်ကြောင်းဖြင့် သူတို့ကိုယ်သူတို့ မိတ်ဆက်လိုက်သည်။

"ကျုပ်တို့ မေးခွန်းနည်းနည်းမေးချင်လို့ပါ"

"ကောင်းပြီလေ. . . ဝင်ကြပါ"

ဝှစ်ဝါ့သ်က ဦးဆောင်ပြီး မီးဖိုချောင်ကို ဖြတ်သန်းခေါ်သွားသည်။ တိတ်တဆိတ် တွေ့ဆုံသကဲ့သို့ စကားပြောမှုကို ခေတ္တရပ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ၏ ကွန်ပျူတာတွင် တစ်စုံတစ်ခု သက်သေခံဖြစ်မည်ကို ဗုစ်ဝါ့သ်ကစိုးရိမ်ပုံရသည်။ အက်ဖ်ဘီအိုင်ဝန်ထမ်းများကို ထမင်းစားခန်းသို့ခေါ်ပြီး ပီတာဆင်က စတင်ပြောသည်။

"ဂျွန်ဝေါ်ကာကတော့ မနေ့ညက သူလျှိုမှုနဲ့ ဖမ်းဆီးခံလိုက်ရပြီ၊ သူ့ရဲ့ လျှပ်ရှားမှုနဲ့ ပတ်သက်ပြီး ဘာများသိသလဲလို့ မေးချင်လို့ပါ"

ဗုစ်ဝါ့သ်၏ လက်များမှာ ကြောက်စိတ်ကြောင့် အနည်းငယ်တုန်ယင်လျက် ရှိသည်။ ချုပ်တည်းထားရသောလေသံဖြင့် ခြောက်ကပ်ကပ်ပြန်ဖြေသည်။

"မသိပါဘူးဗျာ. . . ကျွန်တော် ရေတစ်ခွက်သောက်ချင်တယ်"

ဗုစ်ဝါ့သ်က မီးဖိုချောင်သို့ ထွက်သွားသဖြင့် မက်လွီးက လိုက်သွားသည်။ သောက်ရေတွေ့သဖြင့် ယူပေးလိုက်သည်။ ထို့နောက် ပြန်ဝင်လာပြီး ဗုစ်ဝါ့သ်က စားပွဲပေါ်မှအခြားပစ္စည်းများအောက်သို့စာတစ်စောင်နှင့် ကွန်ပျူတာသုံးရုပ်သံခွေကို တွန်းရွှေ့လိုက်သည်။ ထမင်းစားခန်းတွင် ပီတာဆင်က ဗုစ်ဝါ့သ်ကို ပြောသည်။

"ခင်ဗျားက သူလျှိုလှုပ်ရှားမှုမှာ ပုဂ္ဂိုလ်ရေးဆက်ဆံမှုဘယ့်လိုရှိတယ်ဆိုတာကို ယုံကြည်အောင်ပြောဖို့လိုတယ်"

ဗုစ်ဝါ့သ်က ကုလားထိုင်တွင် စိတ်ပျက်စွာ ထိုင်လိုက်သည်။

"ဒါက အတိအကျ မသိရတဲ့ အရှုပ်ထုပ်ပဲဗျ၊ ကျုပ်တတ်နိုင်ရင်တော့ အမှန်အတိုင်း ရှင်းပြချင်ပါတယ်"

ပီတာဆင်က ရနိုင်သည့်အခွင့်အရေးကို အကြံပြုသည်။

"ခင်ဗျား ကျုပ်တို့ကိုမပြောချင်နေပါ၊ ခင်ဗျားမှာ ထိမ်ချန်ဖို့ အခွင့်အလမ်းရှိပါတယ်၊ ဒါပေမဲ့ ခင်ဗျားပြောခဲ့ရင်တော့ ခင်ဗျားရဲ့ထွက်ဆိုချက်ကို တရားရုံးမှာ အသုံးပြုလို့ရတယ်၊ ရှေ့နေတစ်ယောက်ဆီမှာ ခင်ဗျားရဲ့ အခွင့်အရေးကို ရယူနိုင်တာပေါ့ဗျာ"

"ကျုပ်. . . ကျုပ်နဲ့ ဝေါ်ကာ အကြောင်း ရှင်းပြချင်တယ်ဗျ"

ထို့နောက် ဗုစ်ဝါ့သ်သည် သူတို့ သဘော်ာပေါ်ရောက်ပုံမှအစပြု၍ ဂျွန်ဝေါ်ကာနှင့်ဆက်သွယ်မိပုံအကြောင်းကို ရှည်လျားစွာပြောပြသည်။

ဆန်ကီယာဂိုတွင် သူတို့နှစ်ဦးသည် ၁၉၇၁ ခုနှစ်၌တွေ့ဆုံပြီး မိတ်ဆွေဖြစ်ကြသည်။ ဝေါ်ကာမှာ အခြားတစ်နေရာသို့ တာဝန်လွှဲပြောင်းထမ်းဆောင်ရပြီးနောက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လည်ပတ်ကြသည်။

ပီတာဆင်က ရှည်လျားသောဇာတ်လမ်းကို အကျဉ်းချုပ်သည်။ သူ၏ ရှုံးသုံးလက်ဆွဲအိတ်မှ RUS ၏ ပထမစာမိတ္တူကို ထုတ်ယူပြီး ဗုစ်ဝါ့သ်ကို ကမ်းပေးလိုက်သည်။

"ခင်ဗျားရေးတဲ့စာမဟုတ်လား"

ဗုစ်ဝါ့သ်က ခေါင်းညိတ်သည်။ သူ၏လက်များက စတင်တုန်လာသည်။ ချွေးပြန်လာပြီး အတန်ကြာအောင် စကား ပြန်မပြောနိုင်ချေ။ သူသည် အလွန်နက်ရှိုင်း မတ်စောက်သည့် ကျောက်စွန်းတွင် စိတ်ရှုပ်ထွေးစွာဖြင့် ဒယီးဒယိုင် မတ်တတ်ရပ်နေသကဲ့သို့ ရှိသည်။ နောက်ဆုံးတွင် အထစ်ထစ် အငေါ့ငေါ့ဖြင့် သူက ပြောသည်။

"ကျုပ်. . ကျုပ် ဒီကိစ္စကိုမဖြေနိုင်ဘူး"

"ဒီလိုဆို ခင်ဗျားအိမ်ကို ကျုပ်တို့ ရှာဖို့ ခွင့်ပြုပါ"

ပီတာဆင်က ပြောသည်။

"ကျုပ် ရှေ့နေတစ်ယောက်ကို ပထမတွေ့ပြီး ပြောသင့်တယ်လို့ ထင်တယ်"

"ကောင်းပြီလေ၊ ဒီမှာ ခင်ဗျားနဲ့တွေ့ဆုံမေးမြန်းမှု ပြီးဆုံးပြီပေါ့ဗျာ"

ရှေ့နေနဲ့ တွေ့ဆုံစကားပြောပြီးနောက် ပီတာဆင်တို့သည် စကရာမင်တိုရုံးခန်းတွင် ပြန်စောင့်နေလိုက်သည်။ စမစ်က ဝါရှင်တန်သို့ဆက်သွယ်သည်။ ဗုစ်ဝါ့သ်ကို ဖမ်းဆီးရန်နှင့် မြေပြင်ရှိနေအိမ်ကိုရှာဖွေရန်လိုလေသည်။ ထို အချိန်တွင် ဗုစ်ဝါ့သ်က ရေဒီယိုကိုဖွင့်ပြီး နားထောင်သည်။ ချုပ်နှောင်ခံရသော ဂျွန်ဝေါ်ကာ၏ အကြောင်း ကြေညာ သွားသည်။ တုန်လှုပ်ချောက်ချားစွာဖြင့် ဗုစ်ဝါ့သ်က ရေဒီယိုကို ပိတ်လိုက်သည်။

ရက်ပေါင်း ၂၀ ခန့် ဇယ်လီဖုန်းကို ကြားဖြတ်နားထောင်သော်လည်း မည်သူမျှဖုန်းမပြောချေ။ ဗုစ်ဝါ့သ်၏ ပြစ်မှုသည် သိသာထင်ရှားသဖြင့် ပြည့်စုံလုံလောက်သော သက်သေခံချက်မ... သော်လည်း ဖမ်းဆီးလိုက်သည်။ ဗုစ်ဝါ့သ်က သဘောတူညီသဖြင့် သူ့အိမ်ကို ရှာကြည့်သည်။

အံ့ဩဖွယ် ဗုစ်ဝါ့သ်လက်မှတ် ရေးထိုးထားသော သဘောတူလက်ခံ သည့်ပုံစံတစ်ခုကို တွေ့ရသည်။ မက်လွီးက ဆွဲယူလိုက်သောစာမှာ သူတို့တွေ့ ပြီးသည့် ဗုစ်ဝါ့သ်၏စားပွဲပေါ်မှ ဖုံးကွယ် ရန် ကြိုးစားသည့်စာ ဖြစ်သည်။ ထိုစာ မှာ ဂျွန်ဝေါ်ကာသို့လိပ်မူထားပေသည်။ ထိုနေ့ မွန်းလွဲပိုင်းက နော်ဖော့ရုံးခန်း တွင် အက်ဖ်ဘီအိုင်ဝန်ထမ်း ၂၅ ဦး ခန့်သည် ဂျွန်ဝေါ်ကာ၏အိမ်ကို ရှာဖွေ ရှာဖွေဝရမ်းစောင့်နေကြသည်။ ဂျွန်ဝေါ် ကာလုပ်ခဲ့သမျှသည် ပျက်စီးဆုံးရှုံး ပမာဏကြီးမားကြောင်း သိနေကြသည်။ သူတို့သည် သံတူရွင်း၊ တူကြီး၊ ဓာတ်မီး ကိရိယာ၊ သံလိုက်နှင့် အခြားစုံထောက် သုံးပစ္စည်းများ ယူဆောင်ပြီး အိမ်ကို ရှာ ဖွေရန် စီစဉ်ကြသည်။

ဝရမ်းရရှိပြီးနောက် ရှာဖွေမှု စတင်ကြသည်။ သူ၏ရုံးခန်းတွင် ရှာ ဖွေ တွေ့ရှိသမျှ သူလျှိုလှုပ်ရှားမှု အထောက်အထားအပုပ်နံ့များထွက် သည်။

သူလျှိုလှုပ်ရှားမှုနှင့် ဆိုင်သော 'D' 'K' 'S' စသော ဝေါ်ကာက ... ဂျီဘီသို့ ရည်ညွှန်းသည့်ဝေါဟာရ... သက်ဆိုင်ပေမည်။ စာအုပ်၏စာမျက်နှာ တစ်ခုတွင် အောက်ပါအတိုင်း ဖော်... ထားသည်။





www.burmeseclassic.com

www.burmeseclassic.com

'D' ဂျယ်ရီ

'K' အာ

'S' မိုက်

ထိုအချက်မှာ 'D'သည် ဂျယ်ရီ ...ဝါသ်၊ 'K' သည် ဂွန်ဝေါ်ကာ၏ ...ကိုဖြစ်သူ အာသာ၊ 'S' သည် ဂွန် ...ကာ၏သား မိုက်ကယ်ဝေါ်ကာတို့ ...သည်။ အားလုံးသည် သူလျှို ...ရှားမှုတွင် ပါဝင်ကြသည်။

လွန်ခဲ့သော ၁၅ နှစ်က ကေဂျီ ...စစ်ဆင်မှုမှတ်တမ်း အတွေ့အကြုံ ...ကို နှံ့နှံ့စပ်စပ်အသေးစိတ်လေ့လာခဲ့ ...သော အက်ဖ်ဘီအိုင်ဝန်ထမ်း ဂျယ်ရီ ...ချုတ်က ရှာဖွေရေးအဖွဲ့ကို ခေါင်း ...ဆောင်သည်။ သူသည် အသေးစိတ် ...သော အချက်အလက်များကို ...တွေ့ခဲ့ချေ။

ရှာဖွေမှုမှာ ညဘက်ရောက်လာ ...ကြောင့် သက်သေခံ စာရွက်စာ ...များသည်လည်း တစ်ပုံတပင်ကြီး ...လာသည်။ အာသာဝေါ်ကာသည် ...ကိုးအထောက်အကူပြုသက်သေ ...လာသည်။ မေးမြန်းသောအခါ ...မတွင် သူသည် VSE ကော်ပိုရေး ...၏ အငယ်တန်းအင်ဂျင်နီယာသာ ...ကြောင်း အက်ဖ်ဘီအိုင်ကိုဖြီးသည်။

အာသာသည် သူ၏ညီတော် ...ဆောင် သူလျှိုလုပ်မှုကို ငြင်းသည်။

သို့ရာတွင် လုံခြုံမှုအဆင့်ရှိသော အထောက်အထားစာရွက်စာတမ်းများ ...ကို သိလျက်နှင့် ပေးခဲ့ကြောင်း ဝန်ခံ ...သည်။ သူတို့သည် ဆိုဗီယက်အတွက် ...ည်ရှယ်ပေးခဲ့ပြီး သူတို့ပေးသည့် ငွေ ...ကြေးကိုလည်း လက်ခံရယူကြောင်း ...ပြောကြားသည်။

နောက်တစ်ဦးမှာ ရေတပ်သား မိုက်ကယ်ဝေါ်ကာဖြစ်သည်။ ဟိုင်ဖာ ...ဆိပ်ကမ်းတွင် ကျောက်ချရပ်နားထား ...သော လေယာဉ်တင်သင်္ဘော နီမစ်ဇ် ...ပေါ်ရှိ မိုက်ကယ်၏အခန်းကို တာဝန်ရှိ ...သူတို့က လိုက်ပြကြသည်။ မိုက်ကယ်မှာ ...အသက် ၂၂ နှစ်ခန့်ရှိပြီး အရပ် ၅ ပေ

... အပြစ်ကင်းစင်သောလူငယ်အသွင်ဖြစ်သည်။

ကိုက်ဟာစ်က ရောမမြို့ရေတပ်စုံစမ်းထောက်လှမ်းရေးမှဖြစ်ကြောင်း သူ့ကိုယ်သူမိတ်ဆက်သည်။

"မိုက်ကယ် . . . ခင်ဗျားအဖေကတော့ သူလျှိုမှုနဲ့ ထိန်းသိမ်းခံနေရပြီ"

ဟာစ်က စတင်ပြောသည်။

"သူ့ကို နီမစ်ဇ်က လုံခြုံမှုအဆင့်ရှိတဲ့ စာရွက်စာတမ်းအထောက်အထားတွေပေးတယ်လို့သိရတယ်၊ ခင်ဗျားပေးတယ်လို့ ကျုပ်တို့ ယုံကြည်တယ်"

"ကျွန်တော် ဘာမှမပြောလိုပါဘူး"

"ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျား စိတ်ပြောင်းသွားရင်တော့ ကျွန်တော် သိပါရစေ"

နောက်ပိုင်းတွင် မိုက်ကယ်က ဟာစ်ကိုတွေ့လိုကြောင်းပြောသည်။ နှစ်ဦးဆုံသည့်အခါ မိုက်ကယ်က မျက်ရည်ဝဲလျက် ဝန်ခံစကားပြောသည်။

"အဲဒါတွေ မှန်ပါတယ်ဗျာ"

မိုက်ကယ်သည် ၁၉၈၃ ခုနှစ်ကတည်းက ရေတပ်လျှို့ဝှက်ချက်များကို သူ၏ဖခင် လိုအပ်ချက်အတိုင်း ပေးပို့ခဲ့သည်ဟုဆိုသည်။ မိုက်ကယ်နှင့်ဟာစ်ကိုသည် အခြားလုံခြုံရေးအရာရှိနှစ်ဦးနှင့်အတူ ဝါရှင်တန်မြို့ပြင် အင်ဒရူးလေတပ်အခြေစိုက်စခန်းသို့ သွားသည်။ မေရီလင်းပြည်နယ်၊ ဘယ်တီမိုးမြို့တွင် သူလျှိုမှုဖြင့် ရုံးတင်တရားစွဲသည်။

**ဝှစ်ဝါ့သ်၏အမှု**

ဂွန်ဝေါ်ကာ၊ မိုက်ကယ်ဝေါ်ကာ၊ အာသာဝေါ်ကာတို့သည် ရန်သူကိုအားပေးကူညီခြင်းဖြင့် မိမိနိုင်ငံကို သစ္စာဖောက်သည့် ပြစ်မှုအား အတူပူးပေါင်းပါဝင် ကျူးလွန်ခြင်းကြောင့် ချုပ်နှောင်ခံရခြင်းဖြစ်သည်။ ဖော်ထုတ်ချက်အရ သူလျှိုလှုပ်ရှားမှုသည် အမေရိကန်ပြည်ထောင်စုတွင် စုံစမ်းထောက်လှမ်း

... မပြုမီ အနည်းဆုံး ၁၇ နှစ်ခန့် ရှင်သန်လှုပ်ရှားခဲ့သည်။

ဤသတင်းကို ကမ္ဘာအနှံ့ ထိတ်လန့်တုန်လှုပ်ဖွယ်သတင်းအဖြစ် ဖော်ပြခဲ့ကြသည်။ သို့ရာတွင် ဝေါ်ကာနှင့်ပတ်သက်၍ တီဗွီမှကြေညာသည့် အက်ဖ်ဘီအိုင်မှ အနုစိတ်မှတ်တမ်းတင်ထားသောသတင်းကိုပါ သိကြသည်။ ဝှစ်ဝါ့သ်ပါဝင်ပတ်သက်မှုမှာ အရေးကြီးဆုံးဖြစ်သော်လည်း အလှမ်းဝေးလျက် ရှိသည်။

၁၉၇၆ ခုနှစ်တွင် ရေတပ်မှ အငြိမ်းစားယူမီ ဝေါ်ကာသည် ဆိုဗီယက်သို့ လိုအပ်သောလျှို့ဝှက်ချက်များ ရောင်းခဲ့သည်မှာ သေချာသလောက်ဖြစ်သည်။

၁၉၇၆ ခုနှစ်ကတည်းက ဝေါ်ကာသည် ကေဂျီဘီကို ပံ့ပိုးသကဲ့သို့ ကေဂျီဘီကလည်း ထောက်ပံ့ခဲ့သည်။ ဝေါ်ကာ၏အစ်ကို အာသာဝေါ်ကာ၏ သူလျှိုလှုပ်ရှားမှုနှင့် အခွင့်အရေးကလည်း သာလွန်သော ကန့်သတ်မှုရှိခဲ့သည်။

မိုက်ကယ်ဝေါ်ကာသည် လုံခြုံမှုအဆင့်ရှိ အထောက်အထားစာရွက် စာတမ်းများ ခိုးယူခဲ့သော်လည်း ရေတပ်ဝှက်စာရေးသွင်းဖော်ထုတ်မှုနှင့် ဆက်သွယ်မှု အချက်အလက်များကို အတွင်းကျကျ ရယူခိုင်းခြင်း မရှိချေ။ ဝှစ်ဝါ့သ်သည် သူလျှိုလှုပ်ရှားမှုတွင် အရည်အသွေးရှိသူဖြစ်သည်။ သူသည် တစ်စုံတစ်ခု ထိခိုက်ဆုံးရှုံးမှုကို ပြောင်းလဲနိုင်သူ ဖြစ်သည်။

RUS ၏အစသည် ဝှက်စာနှင့် နည်းပညာလက်စွဲများ၏သော့ချက် ကို ပြောင်းလဲပို့ဆောင်ခြင်းဖြစ်သည်။

ဘယ်လိုသော့ချက်လဲ။

ဘယ်လိုလက်စွဲစာအုပ်လဲ။

ဘယ်လောက်ကြာပြီလဲ။

ဘယ်လိုတရားစွဲနိုင်လဲ။

အာသာနှင့်မိုက်ကယ်က ဝန်ခံခဲ့ပြီးဖြစ်သည်။ ဂွန်ဝေါ်ကာမှာမူ သူချထားခဲ့သော အထုပ်နှင့် သူ၏နေအိမ်



www.burmeseclassic.com

www.burmeseclassic.com

တွင် ရှာဖွေတွေ့ရှိခဲ့သော [illegible] တမ်းလက်စွဲပစ္စည်းများ၊ သူ၏သားနှင့် အစ်ကိုတို့ လက်မှတ်ရေးထိုးထားသော ထွက်ဆိုချက်များအရ တရားစွဲရန် လုံလောက်ပေသည်။

သို့သော် ဂုစ်ဝါ့သ်၏ အိမ်ကို ရှာဖွေရာတွင် ဖုံးကွယ်ထားသော အရေးပါသည့်သက်သေခံများ ဆုံးရှုံးခဲ့ရသည်။ ဥပဒေအရလိုအပ်သဖြင့် သူ့ကို ဝရမ်းထုတ်ပြီးဖမ်းဆီးခဲ့ရသည်။ ၁၉၈၅ ခုနှစ်၊ ဇွန်လ ၃ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ သက်သေအထင်အရှားမပြ နိုင်သော်လည်း ဖြစ်နိုင်ဖွယ်ရှိပေသည်။

နောက်ဆုံးတွင် သူလျှိုမှု အားလုံးသည် ဂျွန်မာတင်အပေါ် ကျရောက်လာခဲ့သည်။ မာတင်သည် အရပ်ရှည်ရှည်နှင့် ရုပ်ရှင်မင်းသားဆန်ဆန် ခန့်ချော ချောသူ ဖြစ်သည်။

တရားရေးဌာန၏ ပြည်တွင်းလုံခြုံမှုဌာနခွဲ အကြီးအကဲဖြစ်သောကြောင့် အမေရိကန်သမိုင်းတွင်စစ်အေးကာလအတွင်း တစ်ဦးထက် ပိုမိုချုပ်နှောင် ထားရှိနိုင်သော အကူအညီကို ရယူနိုင်ခဲ့သည်။ ဂုစ်ဝါ့သ်က ဆန်ဖရန်စစ္စကိုမှ အမေရိ ကန်ရှေ့နေနှစ်ဦးကို ရွေးချယ်ငှားရမ်းသည်။ ဝီလျံဖားသားနှင့် လီဒါချိုဂန်တို့ ဖြစ်သည်။ ဖားသားသည် ထောင်တွင်းရှိ ကုတ်ကင်း ရောင်းဝယ်သူများက အသက်အန္တရာယ်ပေးခြင်း ခံရသူဖြစ်သည်။



[illegible] မျိုးနွယ်[illegible]တွင် အကောင်းဆုံး ရှေ့နေများမှ တစ်ဦးအဖြစ် သတ်မှတ်ခံရသူဖြစ်သည်။ သူတို့သည် ခြောက်ပြစ်ကင်းအဖွဲ့အဖြစ် စိတ်ကြိုက်ဖွဲ့စည်းထားသည်။

ဂုစ်ဝါ့သ်ကို စစ်ဆေးဖော်ထုတ်ချက်များသည် ရှေ့အလားအလာအတွက် များစွာတိုးတက်ခဲ့သည်။ အက်ဖ်ဘီအိုင်ဝန်ထမ်းများနှင့် ရေတပ်စုံစမ်းထောက်လှမ်းရေး အဖွဲ့များသည် လူအချို့တို့ကို သူတို့၏ဘဝအသက်မွေးမှုအဆင့်ဆင့်နှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းမှု ပြုခဲ့သည်။

တဖြည်းဖြည်းနှင့် သူတို့သည် ပြိုင်ဘက်များ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိ အကျဉ်းကို စုဆောင်းနိုင်လာကြသည်။

ဂျယ်ရီအယ်ဖရက်ဂုစ်ဝါ့သ် သည် အိုကလာဟိုးမားပြည်နယ်၊ မော်ဒန်မြို့ကျေးလက်ဒေသတွင် မွေးဖွားသည်။ သူကိုမွေးပြီးနောက် မိဘနှစ်ပါးကွဲသွားကြသည်။ ဂုစ်ဝါ့သ်မှာ မိခင်နှင့်ကြီးပြင်းလာခဲ့သည်။ ပိန်ပိန်ပါးပါးနှင့် ဖော်ဖော်ရွေရွေ ရှိသည်။ နည်းလမ်းပေါင်းစုံဖြင့် ကျင်လည်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ရေတပ်သို့ စာရင်းသွင်းပြီးနောက် လေယာဉ်တင်သင်္ဘော ဆွန်ဟုမ်းရစ်ချက်တွင် ပစ္စည်းထိန်းအဖြစ် အမှုထမ်းသည်။ ၁၉၆၀ ခုနှစ်တွင် ကာလီဖိုးနီးယားကောလိပ်သို့ တက်ခဲ့သည်။ ကျန်းမာရေးချို့တဲ့သဖြင့် ထွက်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် တိုးမြှင့်သင်တန်းတက်ခဲ့ပြီး ထိပ်တန်းလျှို့ဝှက်တာဝန်ခွင့်ပြုချက်ရခဲ့သည်။

၁၉၆၈ မှ ၁၉၆၉ ခုနှစ်အတွင်း ဗီယက်နမ် စစ်ပွဲကာလက တုံကင့်ပင်လယ်ကွေ့ဆက်သွယ်မှု ကိစ္စရပ်များဆောင်ရွက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် လေယာဉ်တင်သင်္ဘော ရိန်းဂျားတွင် တာဝန်ထမ်းဆောင်ပြီးနောက် စိန်တီယာဂိုရှိ ရေတပ် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် နည်းပြဖြစ်လာသည်။ ထိုနေရာတွင် ဂျွန်ဝေါ်ကာနှင့် တွေ့သည်။

သူသည် အသက် ၁၆နှစ်အရွယ် ဘရင်ဒါရိုစ်ဆိုသူ အမျိုးသမီးချောနှင့်လည်းဆုံခဲ့သည်။ ဂုစ်ဝါ့သ်သည်အသက် ၃၁ နှစ်အရွယ်တွင် စတင် ဆက်သွယ်ရင်းနှီးခဲ့ပြီး နောက်ဆုံးတွင် လက်ထပ်ဖြစ်သည်။

တာဝန်ကျနေရာမှ စန်တီယာဂိုဖြစ်သော်လည်း ဒီဂိုဂါစီယာရှိ ရေတပ်စခန်းသို့သွားရသည်။ အိန္ဒိယသမုဒ္ဒရာအတွင်းရှိပြီး မဖွံ့ဖြိုးသေးသောဒေသဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် အရှေ့အလယ်ပိုင်းရှိ စစ်သင်္ဘောများကို အထောက်အကူပြုရန် ဆက်သွယ်မှု အခြေခံစခန်းအဖြစ် စတင်တိုးမြှင့်ချိန်ဖြစ်သည်။ ထိုဒေသမှာ ရှေးဆန်ဆန်နေထိုင်မှုဘဝဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် သူ၏ခရီးစဉ်ပြီးဆုံးသည့်အခါ ဂုစ်ဝါ့သ်သည် ရေတပ်ကိုစွန့်ခွာပြီး စန်တီယာဂိုတွင် အခြေချနေထိုင်ခဲ့သည်။

၁၉၇၄ ခုနှစ်၊ ဇွန်လမှ ဒီဇင်ဘာလအထိ ဂုစ်ဝါ့သ်သည် ငါးလုပ်ငန်းဖြင့် အသက်မွေးခဲ့သည်။ ထိုနှစ်ကုန်ပိုင်းတွင် ဂုစ်ဝါ့သ်သည် ရေတပ်သို့ ပြန်လာပြီး သတင်းပို့ခဲ့သည်။ မိုမောက်သ်ရှိ ရေတပ်စခန်းတွင်ဖွင့်လှစ်မည့် ဂြိုဟ်တု ဆက်သွယ်ရေးအထူးသင်တန်းအတွက် လာရောက်ခြင်းဖြစ်သည်။ သူသည် အထီးကျန်ဆန်လွန်းသဖြင့် အပျော်တမ်းခရီးအဖြစ် မေလက စွန့်ခွာခဲ့သော ဒီဂိုဂါစီယာကျွန်းသို့ ထွက်ခဲ့သည်။

ဘာကြောင့်လဲ။

ဖားမားနှင့် ချိုဂန်တို့က မှတ်တမ်းကို လေ့လာခဲ့သည်။ ဂုစ်ဝါ့သ်သည် အမြဲတမ်း ပြည့်စုံသောအရည်အသွေးရှိသည့် ဆက်သွယ်ရေးသမား ဖြစ်သည်။ သူ၏ ဒုတိယအကြိမ် ဒီဂိုဂါစီယာသို့ သွားရောက်မှုသည် သူ၏အရည်အသွေးကို မြှင့်တင်ရန် ဖြစ်သည်။

"ဖိနပ် ရေမစိုဘဲ ရေပေါ်မှာ ဘယ်သူလမ်းလျှောက်နိုင်လဲ"

လူအချို့က သူတစ်ပါးမလုပ်နိုင်သော အလုပ်ကို အမြဲလုပ်သည်ဟု ထင်ကြ



www.burmeseclassic.com

www.burmeseclassic.com

ည်။ သူက လူတိုင်းလုပ်နိုင်ရန် ချန် ထားလိုသည်။ အချို့အငယ်တန်းအရာ ရှိများက အရေးပါမှုနည်းသောမိတ္တူများ ဖျက်ဆီးခြင်းကို သော့ချက်အသုံးပြု ဖျက်ဆီးရန်အလုပ်တာဝန် ခွဲဝေခဲ့သည်။ ဝှစ်ဝါ့သ်ကမူ စိတ်လှုပ်ရှားဖွယ်ကိစ္စကို ကိုယ်တိုင်လုပ်ကိုင်သည်။

ထိုအတွင်း စမစ်၊ ပီတာဆင်၊ ဒီယွန်၊ ဖားမားနှင့် ချိုဂန်တို့သည် ဝေါ်ကာ၏အိမ်မှ သိမ်းဆည်းလာ သည့် များပြားစွာသော သော့ချက် မှတ်တမ်းများကို အသေးစိတ်လေ့လာ သည်။ ဒီယွန်သည် ထိုအချက်များအပြင် ဝေါ်ကာမှ ဝှစ်ဝါ့သ်သို့ ငွေပေးချေခြင်း မှတ်တမ်းအား ဖုံးကွယ်ထားသည့် လျှို့ ဝှက်မှတ်စုကို သတိရလိုက်သည်။

၁၉၇၅ ခုနှစ် အစောပိုင်းက ဝှစ်ဝါ့သ်သည် နယူးဂျာစီမှ ဒီဂိုဂါစီယာ ဒီယာဂိုဂါစီယာ ဒုတိယအကြိမ်သွားရာတွင် ဝေါ်ကာ က ဝှစ်ဝါ့သ်သို့ငွေပေးချေခြင်းဖြစ်သည်။ ထိုအချက်သည် အမှုတွဲ၏ နက်နဲသော သော့ချက်ဖြစ်သည်။ အသေးစိတ် လေ့ လာရာတွင် စမစ်က တစ်စုံတရာကို သွန်ပြနိုင်သည်။

"တတိယလိုင်းမှာ ၁၀၀ - ၅၅ ၈၀ လို့ရေးထားတယ်၊ အဲဒါ ဝေါ်ကာက ဝှစ်ဝါ့သ်ကို ဒေါ်လာ ၁၀၀,၀၀၀ ၅၅ ၈၀ မှာပေးတယ်လို့ ဆိုလိုဟန်ရှိတယ် ခေါင်းစဉ်တော့ တပ်မထားဘူး၊ ကေ ဂျီဘီက ဘယ်တော့မှ လက်တွေ့မကျတဲ့ လုပ်ငန်းမှာ သူ့ငွေကို မသုံးဘူးဗျ"

တစ်နေ့လျှင် ၁၈ နာရီ အလုပ် လုပ်ပြီးနောက် စမစ်သည် သူ၏ ကွန် ပျူတာတွင် ရက်စွဲနှင့် အခြားသတင်း အချက်အလက်များ၊ ငွေပေးချေမှု မှတ် တမ်းများကို ရေးသွင်းထားလိုက်သည်။ ဝေါ်ကာ၏နိုင်ငံကူးလက်မှတ်နှင့် ရက်စွဲ အခြားခရီးစဉ် မှတ်တမ်းများကိုလည်း ရေးသွင်းထားသည်။ ၁၉၈၅ ခုနှစ်၊ ဇွန် လ ၉ ရက်တွင် စမစ်၏ ကွန်ပျူတာ မှတ်တမ်းများသည် ဆွဲဆောင်မှုရှိသော အသေးစိတ် မှတ်တမ်းတင်ချက်များဖြင့်

ရှင်းလင်းပီပြင်လာခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်း ဝေါ်ကာနှင့်ဝှစ် ဝါ့သ်တို့အကြား တွေ့ဆုံမှု ၂၂ ကြိမ် ရှိခဲ့ပြီး ဝှစ်ဝါ့သ်သို့ ငွေပေးချေမှုမှာ ဒေါ်လာ ၃၃၂,၀၀၀ ရှိခဲ့သည်။ ပြုလုပ် ရမည့်ညွှန်ကြားချက်များမှာ ပေါ်ပွင့် ထင်ရှားလာသည်။ ဝေါ်ကာသည် အချက်အလက်များကို ဝှစ်ဝါ့သ်ထံမှ ရရှိသည်။ ဝေါ်ကာက ကေဂျီဘီသို့ ပေး ပို့ခြင်းဖြင့် ဝှစ်ဝါ့သ်အတွက် ငွေကြေး ပေးချေမှု ရရှိခြင်း ဖြစ်သည်။

ဖားမားနှင့် ချိုဂန်တို့ကလည်း သက်သေခံအထောက်အထားများ ရရှိ လာခဲ့သည်။ ပြည်တွင်းအခွန်ဦးစီးဌာန အချက်အလက်များအရ ဝှစ်ဝါ့သ်သည် ကျိုးကြောင်းဆီလျော်သော ဝင်ငွေထက် ပိုမို၍ဖြုန်းတီးသုံးစွဲခဲ့ကြောင်း သက်သေ ပြနိုင်ခဲ့သည်။ ဥပမာအားဖြင့် ဝှစ်ဝါ့သ် က သူ၏ဇနီးထံ ၁၉၈၃ ခုနှစ်က ပေးပို့ သော ကြေးနန်းစာတွင် အောက်ပါ အတိုင်း ဖော်ပြထားသည်။

"ခရူကာရင့်ကို ဝယ်ပါ"

အခွန်ဝန်ထမ်းများ၏အဆိုအရ ထိုပစ္စည်းသည် ရွှေဒင်္ဂါးနှင့်ပေးချေရပြီး ငွေသားဒေါ်လာ ၄၃၈၀ ကျသည်ဟု ဆို ပါသည်။ အခွန်ဦးစီးစုံစမ်းထောက်လှမ်း ရေးဌာန၏ကျေးဇူးကြောင့် ဖားသားနှင့် ချိုဂန်သည် ဝှစ်ဝါ့သ်ကို အခွန်ဦးစီးဌာန က အခွန်ပုံစံများတွင် မမှန်မကန် ဖြည့်သွင်းမှုဖြင့် စွဲချက်တင်နိုင်ကြောင်း သိကြသည်။

သူလျှိုမှုတွင် ဝှစ်ဝါ့သ်ကို သက် သေ အထောက်အထား မပြနိုင်သော် လည်း ဖြစ်နိုင်သည်ဟု ယုံကြည်ရသည့် သံသယဖြင့် ချန်လှပ်ထားရသည်။ သက် သေ မခိုင်လုံမီ သံသယဖြစ်ရန်သာရှိ သည့် ငွေပေးချေမှု မှတ်တမ်းများတွင် စာရွက်နှစ်ခု ပါရှိသည်။ တစ်ရွက်မှာ လျှို့ဝှက်ဖုံးကွယ်မှုဖြင့် ရေးသားထားပြီး တစ်ရွက်မှာ ဝှစ်ဝါ့သ်နှင့် ခိုင်မာသည့် ဆက်သွယ်မှုမရှိသော ကိန်းဂဏန်းများ ဖြင့် ဖော်ပြထားသည်။

"တကယ်လို့ ဝေါ်ကာနဲ့ဆက်ဆံ မှုကောင်းရင် ဘယ်လိုရှိမလဲ၊ ကျုပ်တို့ ပြဿနာအားလုံးရဲ့အဖြေကို ရှာပြီးသား ဖြစ်မှာပဲ၊ သူ့ရဲ့ထွက်ဆိုချက်တွေမှာ ဝှစ် ဝါ့သ်ရဲ့မှတ်တမ်းကို ချည်တုပ်နိုင်ရင်ပေါ့"

ဖားမားက သူ၏ဖော်ထုတ်ချက် ကို ပြောပြသည်။ မာတင်ကပြောပြန် သည်။

"အခွင့်အလမ်းတော့ မရှိဘူး၊ ရေတပ်လူကြီးမင်းကတော့ သူ့ရဲ့သွေးကို လိုချင်တယ်၊ ကြိုးပေးချင်တယ်၊ ဒါမှ မဟုတ်ရင် နှစ်ရှည်ထောင်ဒဏ်ချချင် တယ်ဗျာ"

"ကျုပ်လဲ အလားတူ ဆန္ဒရှိပါ တယ်၊ ဒါပေမဲ့ သူလျှိုတွေကို ဟန့်တားဖို့ လိုတယ်ဆိုရင် သူလျှိုလှုပ်ရှားမှုအတွက် ထိရောက်ပြစ်ဒဏ်ခံစေရမှာပဲလေ၊ကျုပ် တို့ရှုံးခဲ့ရင် တစ်မျိုးသားလုံး ရှုံးနိမ့်မှု ဖြစ်သွားမှာပဲ"

ဖားမားက သူ့ဆန္ဒကို ပြောပြ လိုက်သည်။

**သန့်ရှင်းတန်သည့် သတင်းများ**

ဂျွန်မာတင်သည် ဆန်ဖရန်စစ္စ ကိုမှ ဝါရှင်တန်သို့ ချက်ချင်းပြန်လာခဲ့ ရသည်။

စီအိုင်အေက မာတင်ကို ကေ ဂျီဘီထိပ်တန်းအရာရှိ ဗီတာလီဆာဂျီအီ ဗစ်ယာချင်ကိုဘက် ပြောင်းလာသော သတင်းကြောင့် ခေါ်ခြင်းဖြစ်သည်။ မာ တင်သည် ယာချင်ကိုကို ၁၉၇၅ ခုနှစ်မှ ၁၉၈၀ ခုနှစ်အထိ ဆိုဗီယက်သံရုံးတွင် လုံခြုံရေးအရာရှိတာဝန် ထမ်းဆောင် နေသူဖြစ်မှန်း သိရှိပြီးဖြစ်သည်။

ကာလတိုအတွင်း ဘက်ပြောင်း ခြင်းမပြုမီ ကေဂျီဘီက ယာချက်ကိုကို ဝေါ်ကာ၏သူလျှိုလှုပ်ရှားမှုနှင့်ပတ်သက် ပြီး မည်သူက ကူညီရောင်းချကြောင်း စစ်ဆေးခဲ့ပြီးဖြစ်သည်။ ယာချင်ကိုသည် ဝါရှင်တန်တွင် သာမန်မဟုတ်သော ဖော်ထုတ်မှုအချို့ကို ပြုလုပ်ခဲ့သည်။ ကေဂျီဘီကမူ ဝေါ်ကာ၊ ဝှစ်ဝါ့သ်တို့



www.burmeseclassic.com

www.burmeseclassic.com

အမှုသည် သူတို့၏သမိုင်းတွင် အကြီးကျယ်ဆုံးဖြစ်နေခဲ့သည်။

ဝေါကာနှင့်ဝှစ်ဝါ့သ်တို့၏ ဝှက်စာရေးသွင်းဖော်ထုတ်မှုအချက်အလက်များပေးပို့မှုသည် ဆိုဗီယက်ဝှက်စာသမားများအတွက် ဒေါ်လာသန်းပေါင်းများစွာတန်သော အမေရိကန်လျှို့ဝှက်ကြေးနန်းစာများ ဖြစ်နေခဲ့သည်။ လုပ်သက်ရင့် ကေဂျီဘီအရာရှိများကမူ ကာချင်ကို၏လုပ်ဆောင်မှုစနစ် စစ်ပွဲကာလတွင် ဆိုဗီယက် ဝှက်စာသမားများက အမေရိကန်ကြေးနန်းများကို ဖော်ထုတ်နိုင်မှုစွမ်းရည်ကြောင့် အမေရိကန်ကို ထိခိုက်ပျက်သုဉ်းစေနိုင်သည်ဟုဆိုပါသည်။

မာတင်သည် ယာချင်ကို၏ ထွက်ဆိုချက်လောက် အကျိုးမရှိဖြစ်နေသည်။ ဤအချက်သည် စမစ်နှင့်ပီတာဆင်အတွက် အကြောင်းရင်းဖြစ်သည်။ ဆိုဗီယက်တို့ ကိုယ်တိုင် အလားတူပြဿနာမျိုးကြုံရပါက နိုင်ငံအတွက် ကြီးစွာသောအန္တရာယ်မှန်း သိကြသည်။

သို့ရာတွင် ရေတပ်ကာကွယ်ရေးဌာနနှင့် များစွာသောထောက်လှမ်းရေးအဖွဲ့အစည်းများသည် အဖျက်စွမ်းအားကြီးမားသော ဝှစ်ဝါ့သ်၏လုပ်ဆောင်မှုများကိုရင်ဆိုင်ရန် ဝန်လေးလျက်ရှိကြသည်။

ဒုတိယကမ္ဘာစစ် အတွင်းက ဂျာမန်နှင့် ဂျပန်တို့ကဲ့သို့ ဝါရှင်တန်မှ အာဏာပိုင် ပုဂ္ဂိုလ်များသည်လည်း အဆိုးဝါးဆုံးဖြစ်ပျက်ခဲ့ခြင်းကို လက်မခံလိုကြပေ။

မာတင်သည် ဤအမှုတွင် အလွန်အရေးကြီးသော အခွင့်အရေးတစ်ခု ကျန်ရှိနေကြောင်းသိသည်။ ဝှစ်ဝါ့သ်၏သစ္စာဖောက်မှုသည် သိက္ခာမဲ့လုပ်ရန်ဖြစ်သည်။ ဝေါကာက ဝှစ်ဝါ့သ်သည် ဆိုဗီယက်တို့ကို မည်သည့်အချက်များပေးခဲ့ကြောင်း ထုတ်ဖော်ပြောဆိုရန် သွေးဆောင်နိုင်ခဲ့လျှင် မည်သူမျှဖြစ်စဉ်အမှန်ကို ဖုံးကွယ်နိုင်လိမ့်မည် မဟုတ်ချေ။ အရာခပ်သိမ်း အမှန်ကိုသိလျှင် ဆုံးရှုံးခဲ့သည့်အရာ ပျက်စီးခဲ့သည့် အကြောင်းတို့ကို ပြန်လည်ပြင်ဆင်နိုင်ပေမည်။ သို့မဟုတ်လျှင် ဂျွန်ကာရီပြောသကဲ့သို့ဖြစ်နိုင်သည်။

"ဖန်ပြွန်ချောင်းထဲမှာ ဖြတ်ညှပ်ကတ်ပြီး ထည့်ထားရုံပဲ"

မာတင်က ဂျွန်ဝေါကာနှင့် ဆက်ဆံရေးကိုစဉ်းစားသည်။ ဂျွန်ဝေါကာ၏တောင်းဆိုချက်အတွက် အနည်းအကျဉ်းလိုက်လျောမှုကို မေးခွန်းထုတ်ရန် မလိုချေ။ ဘဝတစ်လျှောက်လုံး အကျဉ်းကျခံရန် စီရင်ခဲ့ပြီးဖြစ်သည်ဟု ဝေါကာနားလည်သည်။

သို့ရာတွင် မိုက်ကယ်ဝေါကာ၏ အမှုက ကွဲပြားခြားနားသည်။ မှန်ကန်ကြောင်း ထင်ရှားပြဆိုနိုင်လျှင် ၂၅ နှစ်ထိ ထောင်ဒဏ်ကျခံရမည်ကို မာတင်က သိသည်။ မိုက်ကယ်၏ဖခင် ဂျွန်ဝေါကာက ပူးပေါင်းဆောင်ရွက်လျှင် တစ်ခုခုကို ကြိုတင်ပြင်ဆင်နိုင်မည့် အကြောင်း မာတင်ကရှင်းပြခဲ့သည်။

သူ၏ ကိုယ်ပိုင်လုပ်ဆောင်ချက်သည် ဝေါကာမှတစ်ဆင့် သူ၏ရှေ့နေအထိ ထိုးဖောက်နိုင်ခဲ့သည်။ အကယ်၍ အစိုးရက မိုက်ကယ်ကို ပြစ်ဒဏ်စီရင်ရာ၌ သက်ညှာလျှင် ဝေါကာက ဝှစ်ဝါ့သ်နှင့် ပတ်သက်၍အကုန်ပြောပြီး တရားရုံးတွင် ထွက်ဆိုမည်ဟု ပြောသည်။ သို့ရာတွင် ခက်ခဲသောအတားအဆီးအဖြစ် တည်ရှိသည့် ပုဂ္ဂိုလ်၏သဘောတူညီမှုကို ချန်လှပ်ထား၍မရချေ။

ထိုသူမှာ ရေတပ်၏ ထင်ရှားသောပုဂ္ဂိုလ်ဖြစ်ပြီး ရေတပ်အတွင်းရေးမှူး လီမင်း၏ သဘောထားကား ဝေါကာနှင့် မည်သည့်ဆက်ဆံရေးမှ မလုပ်လိုသည့်အကြောင်း ဖြစ်သည်။

၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် မာတင်သည် ပင်တဂွန်စစ်ဌာနချုပ်သို့သွားပြီး ချပြရှင်းလင်းခဲ့သည်။ ကာကွယ်ရေးဌာနအတွင်းဝန်ကတက်စပါရိုင်းဘာဂါရုံးခန်းတွင် မာတင်နှင့် လီမင်းတို့ငြင်းခုံရင်း သဘောထားကွဲလွဲကြသည်။ လီမင်းသည် လ... တလောတွင် ရေတပ်တွင် အမှုထ... လျက်ရှိသော ကျားမသန်းတစ်ဝက်... ကို အုပ်ချုပ်လျက်ရှိသူ ဖြစ်သည်။

ဝေါကာကြောင့် အန္တရာယ်... ရောက်စေမှုကို ခံစားရလျက်ရှိသည်... နိုင်ငံသစ္စာဖောက်နှင့် မည်သည့်ဆက်... မှုမှမလုပ်လိုကြောင်း ငြင်းဆန်ခြင်း... သည်။ မာတင်က အစိုးရ၏ ဝှစ်ဝါ့... အပေါ် စွဲဆိုမှုများတွင် အားနည်းချ... များရှိကြောင်း ရှင်းပြသည်။ ဂျွန်ဝေါကာ... ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အ... တကယ် လိုအပ်လျက်ရှိသည်ဟူသော... ပြောပြချက်များမှာ ယုံကြည်မှု ရှိ... သည်။ ကက်စပါရိုင်းဘာဂါကိုယ်တိုင်... ရှေ့နေဖြစ်၍ ဆိုလိုရင်းကို အပြည့်အ... နားလည်သည်။ သူ၏ တွေ့ဆုံမှု... အဆုံးသတ်ပေးခဲ့သည်။

နောက်တစ်နေ့တွင် ပင်တဂွန်... မာတင်ထံသို့ ကြေးနန်းစာတစ်စော... ရောက်လာသည်။

"ပြည့်စုံထမြောက်ပါပြီ"

၁၉၈၅ ခုနှစ်၊ အောက်တိုဘာ... လ ၂၈ ရက်တွင် ဘော်တီမိုးတရားရုံး... ဂျွန်ဝေါကာနှင့် မိုက်ကယ်ဝေါကာ... တို့က သူလျှိုလှုပ်ရှားမှုတွင် အပြစ်... ကြောင်း ထွက်ဆိုသည်။ သူတို့၏ရှေ့နေ... များကလည်း မိုက်ကယ်ဝေါကာ... ထောင်ဒဏ် ၂၅ နှစ်ကျခံရန် ကြေည... ချက်ကိုသဘောတူသည်။ အပြန်အလှ... အားဖြင့် အစိုးရနှင့် သဘောတူညီချ... အတိုင်း ဝှစ်ဝါ့သ်၏အမှုကို ပူးပေါင်း... ဆောင်ရွက်ကြသည်။

**မဟာသူလျှို၏အပြော**

ပထမနေ့တွင် တရားရုံး၌ ... ခွန်းရှည်ကြီးများ မေးသည်။ ဝေါကာ... သောကကို မဖော်ပြဘဲ အေးဆေး... ပြုမူနေထိုင်လျက်ရှိသည်။ တစ်ခါတစ်... သူ၏လုပ်ရပ်များကို ဂုဏ်ယူဝင့်ကြွား... ဖြင့် သူလျှိုလုပ်ငန်း ကျွမ်းကျင်ကြောင်း... ပြောပြသေးသည်။

www.burmeseclassic.com

"အခွင့်အရေးရရင်တော့ ရောင်စုံလေးတွေ လွင့်ပျံသွားပြီပေါ့"

သူလို့လုပ်ငန်းတွင် အခွင့်အရေးရလျှင် မည်မျှပီပီပြင်ပြင်ဆောင်ရွက်နိုင်သည်ဟု ဆိုလိုဟန်ရှိသည်။ သို့ရာတွင် သူဘာတွေလုပ်ခဲ့သည်ကို တိတိကျကျ ရှင်းလင်းစွာမသိရှိပါလျက် မှားယွင်းစွာ တွက်ယူနေသည်။

ဝေါ်ကာ၏ကလေးငယ်ဘဝမှာ စိတ်ဆင်းရဲစရာကောင်းသည်။ မိဘများမှာ အရက်စွဲသူများဖြစ်ပြီး ငယ်စဉ်ကတည်းက ခွဲခွာခဲ့ရသည်။ သူသည် နုစရိုက်လမ်းကြောင်းပေါ်သို့ ရည်ရွယ်ချက်မဲ့ရောက်လုဆဲတွင် သူ၏အစ်ကိုဖြစ်သူ အာသာဝေါ်ကာ ကယ်တင်ခဲ့ရသည်။ သူ့ကို ရေတပ်သို့ သွင်းလိုက်သည်။ ရေတပ်ဆက်သွယ်ရေးတွင် သင်တန်းဆင်းခဲ့သည်။ နျူကလီးယား ရေငုပ်သင်္ဘောတွင် အမှုထမ်းသည်။ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၆၈ ခုနှစ်အစောပိုင်းကာလတွင် ဝေါ်ကာမှာ သူ၏လူနေမှုဘဝကို စိတ်ဓာတ်ကျလာသည်။ သူ၏လက်ထပ်မှုတွင်လည်း မပျော်နိုင်ချေ။ သူတွင် ကြွေးမြီများရှိနေသည်။ သူ၏တာဝန်မှာ နော်ဖော့ရှိ အရာရှိများ၏ဆက်သွယ်မှုကို စောင့်ကြည့်နေခြင်းဖြစ်သည်။တစ်ညတွင် ဆိုဗီယက်သူလျှို ပြုလုပ်သော သင်္ဘောသားများအကြောင်း ဟာသဇာတ်လမ်းတစ်ခုကို ကြည့်ရှုသည်။ သူက ပြောခဲ့ဖူးသည်။

"ငါသာ သူလျှိုလုပ်ရင် ဝှက်စာတွေရောင်းစားမယ်"

ဇန်နဝါရီလ၏ နေ့တစ်နေ့ မွန်းလွဲပိုင်းအချိန်တွင် ဝေါ်ကာသည် ဝါရှင်တန်သို့ ကားမောင်းလာခဲ့သည်။ မြို့လယ်ခြေဖုံးတွင် ကားကိုရပ်ထားခဲ့ပြီး တက္ကစီတစ်စီးဖြင့် ၁၆ လမ်းနှင့် ကေလမ်းထောင့်သို့လာခဲ့သည်။ ရုရှသံရုံးသို့ လမ်းလျှောက်သွားသည်။ ကြီးမားခိုင်ခံ့သော တံခါးရွက်များရှိသည့် အဆောက်အအုံတစ်ခု ဖြစ်သည်။ သံရုံးသီးသန့်ယာဉ်မောင်း ဖြစ်နိုင်ဖွယ်ရှိသည့် ရုရှတစ်ယောက်ကို တွေ့သည်။

"လုံခြုံရေးက တစ်ယောက်ယောက်နဲ့ စကားပြောချင်ပါတယ်"

ရုရှသည် အံ့ဩသော်လည်း သူ့ကို စောင့်ကြပ်၍ အတွင်းသို့ခေါ်သွားသည်။ မကြာမီ သူသည် ကေဂျီဘီအရာရှိနှင့် တွေ့ဆုံ ပြောဆိုခဲ့သည်။ အမေရိကန်လျှို့ဝှက်ဝှက်စာ ရေးသွင်းဖော်ထုတ်ချက်များကို ရနိုင်သည့်အခွင့်အရေးရှိကြောင်းနှင့် ရောင်းချမည်ဖြစ်ကြောင်း ပြောသည်။ အပြန်အလှန်အားဖြင့် တစ်ပတ်လျှင် ဒေါ်လာတစ်ထောင်ပေးရန် ကမ်းလှမ်းသည်။ လိုအပ်ချက်များပြောဆိုရန် တွေ့ဆုံမှုကို တစ်လကြိုတင်စီစဉ်ရန် တောင်းဆိုသည်။

ကေဂျီဘီအရာရှိသည် အလောင်းအစားပြုရန် ဆုံးဖြတ်လိုက်သည်။ စင်စစ်သူသည် ဝေါ်ကာနှင့်ပတ်သက်၍ ဘာမျှ မသိချေ။ သူသည် အက်ဖ်ဘီအိုင်ကသော်လည်းကောင်း၊ စစ်ထောက်လှမ်းရေး တစ်ခုခုကသော်လည်းကောင်း ဖြစ်နိုင်သည်။ ကေဂျီဘီအရာရှိသည် သူ၏ချိန်းဆိုရာသို့သွားလျှင် အဖမ်းခံရနိုင်သည်။ တစ်နည်းအားဖြင့် စွန့်စားမှုသည် အမေရိကန်ဝှက်စာနှင့် သော့ချက်သင်္ကေတများကို ရနိုင်မည့်အခွင့်အရေးဟု သုံးသပ်သည်။

ဝေါ်ကာသည် နော်ဖော့မှ ဝါရှင်တန်သို့ ဖေဖော်ဝါရီလတွင် ပြန်လာပြန်သည်။ ဝါရှင်တန်ဒီစီရှိ ဗီရိုအတွင်းမှ ဝှက်စာရေးသွင်းဖော်ထုတ်ပစ္စည်းအချို့နှင့် ခိုးရာပါပစ္စည်းအချို့ကိုယူ၍ ပထမဆုံးခရီးစဉ်အဖြစ် ကြိုတင်စပေါ်ငွေရယူရန် ထွက်လာခြင်းဖြစ်သည်။ ကေဂျီဘီအရာရှိနှင့် သူသည် ဗာဂျီးနီးယားတွင် ချိန်းဆိုထားသည်။

ကေဂျီဘီက ပစ္စည်းထည့်သေတ္တာတစ်လုံးနှင့် မိနော့ကင်မရာတစ်လုံးကို ပေးသည်။ ပစ္စည်းထည့်သေတ္တာတွင် ဒေါ်လာ ၅၀ တန်များကို ထည့်ထားပြီး စုစုပေါင်း ဒေါ်လာ ၅၀၀၀ ပါရှိသည်။ တင်းကျပ်သော ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း အသေးစိတ် မြေပုံများ၊ ဓာတ်ပုံ ရိုက်ယူရမည့်နေရာတို့လည်း ပါသည်။

နော်ဖော့မှအပြန်တွင် ဝေါ်ကာသည် ဗဟိုဆက်သွယ်မှုရုံး၏ အဓိကနေရာများ၊ ဝှက်စာရေးသွင်းဖော်ထုတ်ချက်ဆိုင်ရာအချက်အလက်များ၊ ထိပ်တန်းလျှို့ဝှက်ကြေးနန်းစာများကို မိနော့ကင်မရာအသုံးပြု၍ တစ်ကိုယ်တည်းဆောင်ရွက်ခဲ့သည်။ သူလုပ်ရပ်မှာ လွယ်ကူလွန်းသည်ဟု တွေးမိသည်။

"ကေမတ်ရဲ့ လုံခြုံရေးက တို့ရေတပ်ထက် သာတယ်"

စနေနေ့တိုင်းတွင် ဝေါ်ကာသည် ဖလင်နှင့် မှတ်တမ်းအဆောက်အထားများကိုပေးပို့ရန် ဝါရှင်တန်မြို့ဆင်ခြေဖုံးနှင့် ကျေးလက်ဒေသများဆီသို့သွားသည်။ သူသည် သူချိန်းဆိုသည့် ကေဂျီဘီက ချပေးထားသောငွေအိတ်ကိုယူခဲ့သည်။ ကေဂျီဘီ၏အိတ်တွင် နောက်တစ်ကြိမ် လုပ်ရမည့် ညွှန်ကြားချက်နှင့် အစီအစဉ်များပါသည်။

၁၉၇၀ ပြည့်နှစ်တွင် ဝေါ်ကာကို စန်တီယာဂိုရှိ ဆက်သွယ်ရေးသင်တန်းကျောင်းသို့ ပြောင်းလိုက်သည်။ သူ၏ဆောင်ရွက်မှုကို တားဆီးခြင်းမဟုတ်သော်လည်း အဟန့်အတားဖြစ်သွားခဲ့သည်။

သင်တန်းကျောင်းတွင် ခိုးရန်ပစ္စည်းများများစားစားမရှိချေ။ ကေဂျီဘီက သူတို့အတွက် အလုပ်ပေးနိုင်မည့်သူကိုရှာရန်ပြောသည်။ ဝေါ်ကာကလည်း အချိန်မီ သူ၏မိတ်ဆွေဂျယ်ရီအဲဖရက်ဝှစ်ဝါ့သ်ကို တွေ့သွားသည်။ သူသည် နှုတ်ဆိတ်ငြိမ်သက်ပြီး သီးခြားနေတတ်သူဖြစ်သည်။ ဝေါ်ကာက အနာဂတ်အတွက် ဝှစ်ဝါ့သ်ကို ရွေးချယ်လိုက်သည်။

ဝေါ်ကာသည် သူ၏ ဆောင်ရွက်မှုနှင့် ငွေပေးချေမှုကို ယခင်ကအတိုင်း ဆက်လက် ရှင်သန်နိုင်ရန်

www.burmeseclassic.com

ရေတပ်တွင် ပင်လယ်ပြင်တာဝန်ကို စေတနာဝန်ထမ်း ထမ်းဆောင်လျက်ရှိသည်။ ၁၉၇၁ ခုနှစ်တွင် သူသည် ယူအက်စ်အက်စ် နိုင်ရာဂရာဖောစ် သင်္ဘောတွင် တာဝန်ပေးခံရသည်။ ထိုသင်္ဘောသည် ခေတ်မီထောက်ပံ့ရေးသင်္ဘောဆိုသော်လည်း နည်းပညာနှင့် ဝေါ်ကာသည် သုံးနှစ်အရွယ် ဝှက်စာရေးသွင်းဖော်ထုတ်စက်နှင့် အခြားပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရသူ ဖြစ်လာသည်။

တစ်နှစ်တွင် နှစ်ကြိမ်, သုံးကြိမ် ခန့်ခွင့်ယူနိုင်ပြီး ထိုကာလတွင် ဝါရှင်တန်သို့သွားပြီး လဲလှယ်ခြင်း၊ ငွေပေးချေခြင်းပြုလုပ်သည်။ ဆိုဗီယက်အင်ဂျင်နီယာများသည် နည်းပညာများ လက်စွဲမိတ္တူများအတိုင်း အမေရိကန်ဝှက်စာစက်နှင့် တစ်ထပ်တည်း တူညီအောင်တည်ဆောက်နိုင်စွမ်းရှိသည်။

၁၉၇၄ ခုနှစ် နွေရာသီနောက်ပိုင်းတွင် ဝေါ်ကာသည် နော်ဖော့စခန်းတွင် ရုံးတာဝန်ထမ်းဆောင်ရန် အမိန့်ရရှိသည်။ ၁၉၇၆ ခုနှစ်တွင် ပုံမှန်လုပ်နေကျ နောက်ခံသမိုင်း စစ်ဆေးခြင်းများမှ စတင်ပေါ်ထွက်လာသည့် အဖြေကို ထိတ်လန့်နေမိသည်။ ရေတပ်၏ ကုန်လွန်ခဲ့သောနှစ်များကို စုံစမ်းစစ်ဆေးခြင်းမှ ရှောင်ရှားရန် ဝေါ်ကာသည် ဂျယ်ရီဝှစ်ဝါ့သ်ကို လုပ်ငန်းပိုမိုစွမ်းဆောင်နိုင်သူအဖြစ် ရွေးချယ်လိုက်သည်။

နွေရာသီနှောင်းပိုင်းတွင် ဝေါ်ကာသည် ဝှစ်ဝါ့သ်ကိုတွေ့ရန် စန်တီယာဂိုသို့သွားခဲ့သည်။ ဝှစ်ဝါ့သ်မှာ ထိုစဉ်က ရေတပ်ကိုစွန့်ခွာခဲ့ပြီးဖြစ်သည်။ ဖလဲယားပါ်သ်စားပွဲရုံရှိ နောက်ကျကျစားပွဲတွင်ထိုင်ရင်း ဝေါ်ကာက ဝှစ်ဝါ့သ်ကို လျှို့ဝှက်ချက်ကို မည်သူမျှမပြောရန် သစ္စာဆိုစေသည်။ ထို့နောက် အဆင့်အတန်းရှိသော စစ်သတင်း အချက်အလက်များအတွက် ဈေးကွက်ရှိကြောင်း အသိပေးသည်။ ထိုမှ ငွေကြေးများစွာရနိုင်ကြောင်း ဖြည့်စွက်ပြောပြသည်။

ဝှစ်ဝါ့သ်၏ပုံသဏ္ဌာန်က တုန်လှုပ်ချောက်ချားသွားဟန် ရှိသည်။ အတန်ကြာလျှင် ပြုံးလာသဖြင့် ဝေါ်ကာက သူ့အတွက် သူ့ကိုရရှိပြီဟု သိလိုက်သည်။ ဝေါ်ကာက ရေတပ်ကို စွန့်ခွာခဲ့သည်မှာ တစ်နှစ်ကျော်နှစ်နှစ်နီးပါးရှိပြီးဖြစ်ကြောင်း ပြောပြသည်။ ဝှစ်ဝါ့သ်သာ ရေတပ်သို့ ပြန်လည်ဆက်သွယ်နိုင်လျှင် ဆက်သွယ်မှုဆိုင်ရာ အချက်အလက်များနှင့် ဝှက်စာကိစ္စများကို ရယူနိုင်မည် ဖြစ်သည်။ ဝေါ်ကာကမူ ရယူသည့်ပစ္စည်းများကို ဝယ်သူသို့ပေးပို့ခြင်းဖြင့် အကျိုးအမြတ်ကို နှစ်ဦးခွဲဝေခံစားနိုင်ကြောင်း ရှင်းပြသည်။

မြို့ကြီးသားမဟုတ်သော ဝှစ်ဝါ့သ်သည် အမြဲတမ်းမှတ်တမ်းတင်လေ့ရှိသည်။ အသက် ၃၅ နှစ်မှာ ရေမျောကမ်းတင် အလုပ်လက်မဲ့ဖြစ်နေချိန်တွင် ဝေါ်ကာ၏ ကမ်းလှမ်းချက်သည် သူ့အတွက် အခွင့်အရေးတစ်ခု ဖြစ်နေသည်။ ဝှစ်ဝါ့သ်သည် သူလျှိုလုပ်ငန်းတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် သဘောတူလိုက်သည်။

ဝှစ်ဝါ့သ်သည် ရေတပ်သို့စာရင်းသွင်းပြီးနောက် တစ်နှစ်ခန့်ကို ဒီဂိုဂါစီယာ၌ အချိန်ဖြုန်းတီးခဲ့ရသည်။ ဝေါ်ကာသည် ထိုကာလအတွင်း နော်ဖော့ရှိ အတ္တလန္တိတ် ရေတပ်ဖွဲ့ကွပ်ကဲမှုရုံး၏ လျှို့ဝှက်စာဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်လာသည်။ ထိုနေရာတွင် ဝေါ်ကာသည် ဆိုဗီယက်အတွက် ဝှက်စာစနစ်သစ်ကို အသစ်အဆန်းအဖြစ် ပေးပို့နိုင်ခဲ့သည်။

၁၉၇၆ ခုနှစ်၊ မတ်လတွင် ဝှစ်ဝါ့သ်သည် နော်ဖော့သို့ ပြန်လာခဲ့သည်။ သူသည် ဖလင်တစ်ထပ်ကြီးနှင့် ညှိနှိုင်းဝှက်စာစနစ်သုံးခု၊ သော့ချက်စာ၊ လျှို့ဝှက်ကြေးနန်းများနှင့် နည်းပညာပစ္စည်းများကို ဆိုဗီယက်သို့ပေးပို့နိုင်ခဲ့သည်။ ထို့နောက် ဝှစ်ဝါ့သ်သည် ကရစ်ဗီယံလုပ်ငန်းကို ရပ်ဆိုင်းလိုက်ပြီး သူ့ချစ်သူ မိန်းမငယ်နှင့် လက်ထပ်ခဲ့သည်။ လက်ထပ်ဖြစ်စဉ်ကို စန်တီယာဂိုရှိ ယူအက်စ်အက်စ်ကွန်စတန်လေးရှင်း လေယာဉ်တင်သင်္ဘောဆီသို့ အစီရင်ခံစာတင်သွင်းခဲ့သည်။

ဝေါ်ကာသည် ၁၉၇၆ ခုနှစ် ဇူလိုင်လတွင် ရေတပ်မှအနားယူခဲ့သည်။ ဩဂုတ်လတွင် ဝေါ်ကာသည် ဝှစ်ဝါ့သ်၏ ယူအက်စ်အက်စ်ကွန်စတန်လေးရှင်းမှ ပထမဆုံးဆောင်ရွက်ချက်ကို စန်တီယာဂိုသို့ သွားယူသည်။ ၁၉၇၇ ခုနှစ် ဇန်နဝါရီလနှင့် ဧပြီလတွင် ကောက်သီးနှံပေါသည့်အချိန်ဖြစ်သည်။ ဩဂုတ်လတွင် ကာဆာဘလန်ကာ၌ ကေဂျီဘီနှင့်တွေ့ဆုံပြီး ညွှန်ကြားချက်များရယူခဲ့သည်။

ဝေါ်ကာသည် ပစိဖိတ်ဒေသ ရေတပ်စစ်ဆင်ရေးတစ်ခုလုံး၏ ဆက်သွယ်ရေးစီမံချက်များကို ပေးအပ်နိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဩစတြေးလျား၌တွေ့ဆုံပြီး ညွှန်ကြားချက်များ လက်ခံရယူခဲ့သည်။ ကေဂျီဘီက ဝေါ်ကာသို့ ငွေကြေးရက်ရောစွာ ပေးအပ်သည်ကိုလည်း ရယူခဲ့သည်။

**အခြားသောအချက်အလက်များ**

၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဝေါ်ကာသည် မီလန်သို့သွားပြီး ထိုမှ တစ်ဆင့် မီးရထားဖြင့် ဗီယင်နာသို့သွားသည်။ လမ်းကြောင်းတစ်လျှောက်တွင် လေ့လာစဉ်းစားမိသည်။

"ဗီယင်နာလုပ်ငန်းအစီအစဉ်" သူ့ကိုချိန်းဆိုပြီး ပေးပို့သော ညွှန်ကြားချက်တွင် အသေးစိတ်ပါသည်။

"ညနေ ၆ နာရီ ၁၅ မိနစ်တွင် စာချွန်ဘရွန်နန်းတော်မှ လမ်းလျှောက်ပါ၊ ပန်းခြံအတိုင်းဆက်သွားပြီး ဝဲဘက်သို့ကွေ့ပါ၊ ကိုမက်စတိုးဆိုင်၏ပြတင်းပေါက်တွင်ရပ်ပါ၊ ရှာကြည့်လျှင် အမှတ် အသားကို အလွယ်တကူတွေ့မည် ၏ကင်မရာကို ဝဲဘက်ပခုံးတွင်လွယ်





www.burmeseclassic.com

www.burmeseclassic.com

ညာဘက်လက်တွင် စာအိတ်ကိုကိုင်ပါ။ ...ပ်ရှားမှုကို ၆ နာရီ ၁၅ မိနစ်မှ ၆ နာရီ ၁၇ မိနစ်အထိ ခေတ္တရပ်ပါ"

အစီအစဉ်ကို စာမျက်နှာ အတော်များများရေးထားသည်။ ဇန်နဝါရီလ ၂၀ ရက်နေ့ညတွင် ဝေါ်ကာသည် ...ကြောင်ကြောင်ညွန်ကြားချက်အတိုင်း ...နှုန်တိုင်းကျစဉ် ပျောက်သွားခဲ့သည်။ ...နှုန်တိုင်းကြောင့် လမ်းတွင်မည်သူမျှ မရှိချေ။ ဝေါ်ကာသည် ၇ နာရီမတိုင်မီ ...ဆိုင်သို့ရောက်ပြီး ဆိုင်ခန်းငယ် တစ်ခု၏အမိုးကိုတွေ့ရသည်။

"နှုတ်ဆက်ပါတယ် မိတ်ဆွေ ကြီး"

တာဆာဘလန်ကာတွင်တွေ့ခဲ့ သော ကေဂျီဘီအရာရှိပင်ဖြစ်သည်။

"တစ်ခုခုများပါသေးလားဗျာ"

ဝေါ်ကာက ဗုစ်ဝါ့သ်ပေးလိုက် သော အိတ်ကိုပေးလိုက်သည်။ ကေဂျီ ဘီက ဝေါ်ကာကို တိုးတိုးပြောသည်။

"ဒီမှာပဲစောင့်ပါ။ ကျွန်တော် ပြန် လာခဲ့မယ်"

၁၀ မိနစ်ခန့်အကြာတွင် ကေဂျီ ဘီ အရာရှိက ပြန်ရောက်လာသည်။ လမ်းလျှောက်ရင်း စကားပြောမည်ဆို သဖြင့် သူတို့နှစ်ဦး လမ်းလျှောက်ကြ သည်။ ကေဂျီဘီအရာရှိသည် ငြိမ်းချမ်း ရေးစကားပြောခြင်းဖြင့် ဝေါ်ကာကို နိုင်ငံရေးယုံကြည်ချက်ရှိလာစေရန် ကြိုး စားသည်။

"အနောက်မှာတော့ ကျုပ်တို့ နိုင်ငံကို နားလည်မှုလွဲတယ်ဗျာ၊ ကျုပ် တို့လဲ ငြိမ်းချမ်းရေးကိုချစ်ပါတယ်၊ ဒါပေ မဲ့ တခြားနိုင်ငံများကို နိုင်ငံရေး စီးပွား ရေး ထိန်းချုပ်တဲ့နိုင်ငံရေးစနစ်မှာ အမြ တမ်းစစ်ကိုဦးတည်စေသလိုပဲဗျာ"

မိနစ် ၄၀ ခန့် နှင်းထဲလေထဲ သွားပြီးနောက် ကေဂျီဘီအရာရှိက ဇူလိုင်လတွေ့ဆုံမှုကို ဗီယင်နာတွင်လုပ် မည်ဟု ဆိုသည်။ ဝေါ်ကာကို ငွေကြေး ပေးအပ်ပြီးနောက် နှုတ်ဆက်ပြီး ပြန် သွားသည်။

ဟိုတယ်ငယ်သို့ ပြန်ရောက် သောအခါ ဝေါ်ကာသည် သူကိုယ်သူ မည်မျှထမြောက်အောင်မြင်မှုရှိသနည်း ဟု ဆန်းစစ်သည်။ အမေရိကန်အတွက် ဘာများ လုပ်နိုင်သနည်းဟု စဉ်းစား သည်။ ဘာမျှ မလုပ်နိုင်ခဲ့ပါ။

"ဒါတွေဟာ လျှပ်တစ်ပြက် မိုက်မဲမှုပဲ၊ သူတို့က အရာခပ်သိမ်းကို ရှုပ်ထွေးအောင်လုပ်ကြတယ်၊ မိခင်ရုရှား မကြီး မစင်စွန်းလို့ပေါ့"

လ အတော်ကြာသောအခါ ဝေါ်ကာသည် ဗုစ်ဝါ့သ်နှင့်တွေ့သည်။ သူ၏သင်္ဘောများ ဆိပ်ကမ်းရောက်နေ၍ဖြစ်သည်။ ဇူလိုင်လတွင် ဗုစ်ဝါ့သ် သည် ကွန်စတင်လေးရှင်းသင်္ဘောမှ စွန့်ခွာ၍ ဝေါ်ကာအမှုထမ်းခဲ့သည့် နိုင် ယာဂယာဖော့သင်္ဘောသို့ သတင်းပို့ရ သည်။ ထိုသင်္ဘောတွင် ဗုက်စာဖော် စက်နှင့် ပစ္စည်းကိရိယာများကို ထိန်း သိမ်းရသည်။ သူသည် ဓာတ်ပုံများစွာ ရိုက်ခဲ့ပြီး ဝေါ်ကာသို့ပုံ့ပိုးပေးအပ်ခဲ့ သည်။ ဝေါ်ကာသည် ဝါရှင်တန်သို့သွား ၍ အလဲအလှယ်ပြုခြင်း (သို့မဟုတ်) ပစ္စည်းများကို ဗီယင်နာသို့ပို့ခြင်းများ လုပ်ခဲ့သည်။

ထိုခရီးစဉ်များအနက် တစ်ခုတွင် ဝေါ်ကာသည် ဆိုဗီယက်ရေတပ် ဗိုလ် ချုပ်၏ ဂုဏ်ပြုဆုချီးမြှင့်ခံရသည်ဟုဆို သည်။ ဝေါ်ကာရရှိသော ထိုတံဆိပ် သည် အားလုံးအတွက် မဟုတ်သော် လည်း နော်ဖော့တွင် ဝေါ်ကာအတွက် အသုံးဝင်လေသည်။ မျက်နှာထားတင်း တင်းဖြင့် ဝေါ်ကာက ပြောသည်။

"သူတို့ကိုပြောလိုက်ပါ။ ကျေးဇူး အများကြီးတင်တယ်လို့"

ယခုအခါတွင် ဝေါ်ကာ၏လုပ် ဆောင်မှုသည် ဗုစ်ဝါ့သ်အပေါ်၌ တည် မှီလျက်ရှိသည်။ ဝေါ်ကာသည် ဗုစ်ဝါ့သ် ကို ချိတ်မိကတည်းက မပြောင်းလဲသူ မှန်း သိနေသည်။ တကယ်တမ်းတွင် ဝေါ်ကာသည် သူလျှိုလှုပ်ရှားမှုများမှာ သူ၏ ရည်မှန်းချက် ဖြစ်နေသည်။ တစ်ချိန်တွင် ဝေါ်ကာက မှတ်ချက်ချခဲ့ သည်။

"ဒါကိုမလုပ်ခဲ့ရင်တော့ အနှောင့် အယှက် ပေးတာပဲ၊ ကျုပ်တို့ ဘယ် လောက်ကောင်းခဲ့တယ်ဆိုတာ လူမသိ သူမသိနဲ့ နှစ်ဦးလုံး သေရမှာပဲ"

ဗုစ်ဝါ့သ်သည် ကာလီဖိုးနီးယား မှ အယ်လာမီဒါရှိ ရေတပ် ဗဟိုဆက် သွယ်ရေးသို့ပြောင်းရွှေ့ရသည်။ နောက် ပိုင်းတွင် နျူကလီးယား လေယာဉ်တင် သင်္ဘောအင်တာပရိုက်စ်သို့ ရောက်သွား သည်။ ဝေါ်ကာက ဗုစ်ဝါ့သ်သည် အရေးပါအရာရောက်ပြီဟု အထင်ရှိပြီး ကြိုးစားအလုပ်လုပ်လျှင် သူ၏ သူလျှို လုပ်ငန်းမှာ အားနည်းသွားမည်ဟု သိ သည်။ ထို့ကြောင့် သူသည် အခြား သော အကြောင်းအရာတစ်ခုဖြင့် သူ့ ကိုယ်သူ ကာကွယ်ရန်လိုသည်။

ဩဂုတ်လညနေပိုင်းတစ်ခုတွင် နော်ဖော့၌ ရုပ်သံကြည့်နေစဉ် ဝေါ်ကာ က သူ၏သားကိုပြောသည်။

"မင်း သိပါတယ် မိုက်ကယ်၊ အဆင့်ရှိတဲ့ပစ္စည်းတွေ ငါ့ကိုယူပေးရင် တော့ မင်းကိုငွေအတော်များများပေးနိုင် မှာပဲ"

"အဖေငွေရအောင် ဒီလိုလုပ် တာလား"

"ဟုတ်တယ်"

ဝေါ်ကာ၏အပြောကြောင့် မိုက် ကယ် စိတ်ဝင်စားသွားသည်။

တစ်ပတ်ခန့် ကြာသောအခါ မိုက်ကယ်က သူ၏ဖခင် ဝေါ်ကာကို တစ်ပတ်လျှင်ဒေါ်လာတစ်ထောင်ထက် မနည်းရနိုင်က ရေတပ်လျှို့ဝှက်ချက် များကို ခိုးပေးမည်ဟုပြောသည်။

ပထမဆုံးအကြိမ်အဖြစ် မိုက် ကယ်သည် ရေတပ်အခြေစိုက်စခန်းသို့ သွားပြီး လျှို့ဝှက်အထောက်အထား စာရွက်စာတမ်းများကို ဂျာကင်အင်္ကျီ အောက်တွင် ဝှက်၍ ယူလာခဲ့သည်။ မိုက်ကယ်သည် ကြောက်လန့်သော ကြောင့် ပို၍အနက်လုနီးနီး ဖြစ်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူ၏ဖခင်ထံသို့ လျှို့ဝှက်စာများကို ပို့နိုင်ခဲ့သည်။

"ကောင်းတယ်၊ မင်း ဒီအဆင့်ကို ထိန်းထားနော်"

ဝေါ်ကာ၏ စိုးရိမ်ကြောက်လန့်မှုမှာ ဝှစ်ဝါ့သ်နှင့်ပတ်သက်၍အကြောင်း ပြချက်ကောင်းသောကြောင့် ဖြစ်သည်။ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလတွင် သူသည် ရေတပ်မှ အနားယူခဲ့သည်။ တစ်နှစ်ကျော်ခန့် ကေဂျီဘီနှင့် ငွေပေးငွေယူမရှိခဲ့ချေ။ ဧပြီလလယ်လောက်တွင် ဝှစ်ဝါ့သ်သည် နော်ဖော့သို့ ရောက်လာသဖြင့် အနည်းဆုံး ဒေါ်လာခြောက်သောင်းခန့် ရနိုင်သည်ဟု တွက်ဆမိသည်။ ဝေါ်ကာက သူ၏ နောက်ဆုံးပို့ခဲ့သောဖလင်များမှာ ငွေရအောင် ဖန်တီးကွက်ဟု ကေဂျီဘီက သံသယရှိကြောင်း သူ့ကိုပြောပြသည်။ ဝါရှင်တန်တွင် အလဲအလှယ်လုပ်စဉ်က ကေဂျီဘီက ကြေးနန်းတစ်ခု ပြန်ကြားခဲ့သည်။

"D အတွက် ဇီးရိုးပဲ"

ကာလီဖိုးနီးယားမှ အပြန်တွင် ဝှစ်ဝါ့သ်က အလိမ်ခံရသည်ဟု ခံစားရသည်။ သူသည် အက်ဖ်ဘီအိုင်သို့ စာရေးရန် ဆုံးဖြတ်ပြီး မေလ ၇ ရက်နေ့တွင် RUS ပထမဆုံးစာကိုရေးခဲ့သည်။

ဝေါ်ကာသည် နော်ဖော့မှ ဝှစ်ဝါ့သ် ထွက်ခဲ့ပြီးနောက် မိုက်ကယ်ထံ တယ်လီဖုန်းဆက်သည်။

"ထွက်လာခဲ့ပါ၊ မင်းငွေတွေ ငါ့မှာ ရှိတယ်"

မိုက်ကယ် ရောက်လာသောအခါ ဝေါ်ကာက ဒေါ်လာတစ်ထောင် ပေးသည်။ ပြန်သွားပြီးနောက် မိုက်ကယ်သည် နောက်ထပ် ငွေကြေး မရရှိတော့ချေ။ ထိုဒေါ်လာတစ်ထောင်သည် သူ့ဘဝအတွက် ထောင်ဒဏ် ၂၅ နှစ် တန်လေသည်။

**တရားစီရင်သည့်နေ့**

၁၉၈၆ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ဆန်ဖရန်စစ္စကို၌ ဂျယ်ရီအဲဖရက်ဝှစ်ဝါ့သ်အား ထောက်လှမ်းမှုကို စတင်စစ်ဆေးသည်။ တရားခံဘက်ရှေ့နေ ဖားမား၊ ချီဂန်ရှိပြီး ဂျွန်ဒီလွန်၊ ဘာဘရာလော်ရာ၊ မိုက်ကယ်၊ ဂျွန်ဝေါ်ကာနှင့် သက်သေ ၂၀၀ ခန့်ရှိသည်။ ပရိသတ်ထောင်ချီ၍ တက်ရောက်ကြသည်။

၁၉၈၆ ခုနှစ်၊ ဇူလိုင်လတွင် ဂျူရီအဖွဲ့ခေါင်းဆောင်က ထရပ်ပြီးကြေညာသည်။

"တရားပြိုင်ရှေ့နေက ပြစ်မှုနှင့်ပတ်သက်ပြီး. . ."

ဖားမားသည် သူ၏လက်သီးကို စားပွဲပေါ်တွင် ညင်သာစွာထောက်ပြီး ခုံကိုလှည့်၍ အတော်ဝေးဝေးမှ ဝှစ်ဝါ့သ်ကို ခပ်စိမ်းစိမ်းကြည့်သည်။ ဂျူရီလူကြီးက ဝှစ်ဝါ့သ်သည် သူလျှိုလုပ်ရှားမှုရမှုဝင်ငွေခွန်ငါးမှုအတွက် အပြစ်ရှိကြောင်း ကြေညာသည်။

၁၉၈၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ယူဂိုဆလပ်နွယ်ဖွားဆံပင်ဖြူဖြူနှင့် ကောင်းသတင်းဖြင့်ကျော်ကြားသော တရားသူကြီး ဂျွန်ပီဖြူကာစင်ဂျူနီယာကပြောသည်။

"ဂျယ်ရီဝှစ်ဝါ့သ်မှာ ရစရာမရှိပါဘူး၊ ဘာကိုမှလဲ ယုံကြည်မှုမရှိဘူး၊ သူ့ဘဝဟာ လေယူရာတိမ်းတဲ့အခြေအနေပါ၊ ကြုံရတဲ့ လောကစံမုန်တိုင်းတွေကို ရင်ဆိုင်ပြီး ဘယ်လိုအမြတ်ထုတ်ရမလဲလို့ဆိုတာကို တွေးတောရင်း. . ."

ဝှစ်ဝါ့သ်ကို မတ်တတ်ရပ်စေသည်။ ဆန္ဒရှိလျှင် တစ်စုံတရာပြောရန် ရှိက ပြောစေသည်။

ဝှစ်ဝါ့သ်က ကြားနိုင်ရန် လေသံဖြင့်ပြောသည်။

"အခုပြောနိုင်တာက ကျွန်တော်အလွန့်အလွန် စိတ်မကောင်းပါဘူး"

ထို့နောက် တရားသူကြီးက ဂျယ်ရီအဲဖရက်ဝှစ်ဝါ့သ်ကို ထောင်ဒဏ် ၃၆၅ နှစ် စီရင်လိုက်သည်။ အဲဖရက်ဝှစ်ဝါ့သ်သည် နှစ် ၆၀ ခန့် အနေအထိုင်ကောင်းမွန်၍ လွတ်လိုက်လျှင် အသက် ၁၀၇ နှစ် ရှိချေပြီ။ တောမြို့လေးမှ လူငယ် တစ်ယောက်၊ သူလျှို တစ်ယောက်၏ ကောင်းစားမှုဆိုသည်မှာ မည်သို့ဆိုသည်ကို နားမလည်သည့်သူ တစ်ဦး၊ သူ့တွင် ဖြေသိမ့်စရာဟူ၍ လူအများသိရှိခြင်းပင် ဖြစ်လေသည်။

၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်တွင် ဘော်တီမိုးတရားရုံး၌ မိုက်ကယ်ဝေါ်ကာကို ထောင်ဒဏ် ၂၅ နှစ် စီရင်သည်။ တရားသူကြီးမှာ အလက်ဇန်းဒါးဟာဖေးဖြစ်သည်။ အနေအထိုင်ကောင်းမွန်က ချုပ်ရက်မစေ့မီ လွတ်နိုင်သည်။

ရေတပ် ထောက်လှမ်းရေး၏ ကျမ်းကျိန်လွှာနှင့် မှတ်ချက်တစ်ခုက မိုက်ကယ်ကို အကျိုးသက်ရောက်စေသည်ဟု ဆိုသည်။ မိုက်ကယ်သည် ရေတပ်လျှို့ဝှက်ချက် ၁၅၀၀ ကျော်ကို ခိုးယူခဲ့သည်ဟု ပြောသည်။

"မိုက်ကယ်ကိုယုံကြည်မိလို့ ကြီးမားတဲ့အန္တရာယ်ကို လုပ်သွားခဲ့ပေမယ့် ကျုပ်တို့မသိခဲ့ဘူး၊ သေချာတာက သူ့ရဲ့ဆောင်ရွက်မှုဟာ လုပ်ဖော်ကိုင်ဘက်တွေရဲ့ဘဝနဲ့ နိုင်ငံကာကွယ်ရေးစွမ်းရည်တွေကို ဆုံးရှုံးဖို့အလားအလာ ရှိတယ်ဆိုတာပါပဲ"

၁၉၈၅ ခု၊ နိုဝင်ဘာလတွင် အာသာဝေါ်ကာကို ပင်ဆဲဗေးနီးယား လူးဝစ်ဘာ့ခ်တွင် သုံးဘဝတစ်ဆက်တည်း ထောင်ဒဏ်ကျခံရန် ပြစ်ဒဏ် စီရင်သည်။ အကျဉ်းကျနေသူများက ဝေါ်ကာကို သတ်ပစ်ရန် တောင်းဆိုသည်။

"နိုင်ငံသစ္စာဖောက်"

ဝေါ်ကာကို အန္တရာယ်ရှိစေနိုင်သဖြင့် အင်ဒီးယားနားပြည်နယ်၊ တာရီဟော့အကျဉ်းထောင်သို့ ပြောင်းရွှေ့လိုက်သည်။ တစ်နေ့နံနက်တွင် ဂျွန်ဝေါ်ကာသည် ဟောင်းဝါ့အကျဉ်းထောင်မှ ဘော်တီမိုသို့ မေးမြန်းလုပ်ရန်လာခဲ့သည်။ အကျဉ်းသားများက ဝိုင်းအော်ကြသည်။

"နိုင်ငံသစ္စာဖောက်. . . သတ် သတ်. . . သူ့ကိုသတ်"





www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းထောင်တွင် နေစဉ် ...အတွင်း ဝေါ်ကာမှာ စော်ကား ...ဆိုမှု ခြိမ်းခြောက်မှုများကိုခံရလေ ...ည်။ ဖွန်ဝေါ်ကာသည် သူလျှိုမှု နှစ်မှု ...င် အပြစ်ရှိကြောင်းဝန်ခံသည်။ သူ၏ ...ကို စီရင်ချက်ချသည့်တစ်နေ့တည်း ...င် ဖွန်ဝေါ်ကာကိုလည်း ထောင်ဒဏ် ...သတ် စီရင်သည်။ တရားသူကြီးမှာ ...ဖြစ်ပြီး ဝေါ်ကာကို မှတ်ချက်ပြု ...ည်။

"ခင်ဗျားရဲ့ လှုပ်ရှားမှုဟာ ...ကြောင့်ပဲ၊ ခင်ဗျားရဲ့ယောက်ျား ...မှုတို နိုင်ငံသစ္စာဖောက်မှု ဥပဒေ ...တ် ပေးဆပ်ခဲ့ရတယ်၊ ခင်ဗျားရဲ့ ...င့်စာရိတ္တရှုထောင့်က ကြည့်ရင် ...မဆိုးဘူးလို့ဆိုရပေမယ့် ကျုပ်အမြင် ...ာ့ အချည်းနှီးပါပဲ"

တရားသူကြီး၏ မှတ်ချက်တွင် ...ဝေါ်ကာ၏ အမှုမှာ လျှော့ရက်မရှိ ...၊ ဝှစ်ဝါ့သ်နှင့် ဝေါ်ကာတို့၏ ထောင် ...ဒဏ်စီရင်ချက်သည် ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။ အမေရိကန် သမိုင်းတွင် သူလျှိုမှုကြောင့် ဆုံးရှုံးမှုအကြီးမားဆုံး ဖြစ်ခဲ့သည်။ သူတို့၏နိုင်ငံအပေါ် သစ္စာဖောက်မှုက သမိုင်းတွင်ကျန်ခဲ့သည်။

ဝေါ်ကာ၏ ဝန်ခံချက် အခြေခံ အကြောင်းမှာ ယာချင်ကို၏ အမှု၏ အသေးစိတ်အချက်များကို ထုတ်ဖော်ပြောကြားချက်ကြောင့်ဖြစ်သည်။ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ ဝေါ်ကာနှင့် ဝှစ်ဝါ့သ်၏လုပ်ရပ်သည် ဆိုဗီယက်၏ အမေရိကန် ဝှက်စာစနစ် နောက်ကွယ်မှ အယူအဆများကို ထိုးဖောက်ကြည့်နိုင်ခြင်းဖြစ်သည်။ သံသယရှိသည့် လုံခြုံမှု ကန့်သတ်ထားသော ပုံစံသစ်နည်းပညာများကိုလည်း ပေါ်ထွန်းစေသည်။ စီအိုင်အေရှိ အမျိုးသားထောက်လှမ်းရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဂျော့အေကာဖာဂျူနီယာ၏ ဝှစ်ဝါ့သ်၏အမှု နောက်ဆုံးတရားခံပြသက် သေအဖြစ် တင်သွင်းရာတွင် အောက်ပါအတိုင်း အကဲဖြတ်ခဲ့သည်။

"အမေရိကန် ပြည်ထောင်စု အနေနဲ့ ဘယ်တော့မှ အကောင်းမမြင်နိုင်ဘူး၊ အန္တရာယ်ကာကွယ်ဖို့ အရာခပ်သိမ်းကို သော့ခတ်ထားပါစေ၊ ဆက်သွယ်ရေးလုံခြုံမှုနဲ့ ပတ်သက်ပြီးတော့ လုံးဝယုံကြည်ထားလို့မရဘူး"

ကြီးမားသောလုံ့လအားထုတ်မှုဖြင့် တန်ဖိုးကြီးမားသော လုံခြုံမှုကို ထိန်းသိမ်းကြသည်။ ဝှက်စာစနစ်ကဲ့သို့ ပြဿနာ၏အဖြေကို အလွယ်တကူ ရှာမရနိုင်သည့် ပစ္စည်းလည်း ပါပေမည်။ အကယ်၍ အမေရိကန်ပြည်ထောင်စုတွင် မွန်မြတ်လှသော ဆက်သွယ်ရေးစနစ်ကို ပြန်လည်ထိန်းသိမ်းရန်အခွင့်အရေးရှိခဲ့ပါမူ သူလျှိုအဖွဲ့ကို ဖမ်းဆီးခဲ့ကြသူတို့အား ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

(ပြီး)

❒ နေမထူး

John Borren ၏ R.D မှ "The spy family that imperiled America"




ဦး အရဟံ မေတ္တာ လာဘ်

**နတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သော ဟောချက်များ၊ ထိရောက်သောယတြာများဖြင့် (၂၅)နှစ်တိုင်တိုင် ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

BURMESE CLASSIC .com

**အောင်မြင်သူတို့ ဆုံကြရာ**

| | | |
|---|---|---|
| ဟောခန်းတည်နေရာ | ➽ | အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ |
| လမ်းညွှန် | ➽ | အဝိပဓိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၃၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။ |
| ဟောပြောချိန် | ➽ | နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။ |
| ဆက်သွယ်ရန် ဖုန်း | ➽ | ဟောခန်း - ၀၉-၄၃၁၀၉၅၅၆၊ အိမ် - ၀၉-၄၃၂၄၄၈၉၇ ။ |
| မှတ်ချက် | ➽ | ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။ ကျေးဇူးတင်ပါသည်။ |




www.burmeseclassic.com

www.burmeseclassic.com


# ကိုကြီးဇော(သာပေါင်း)

## ငွေကမျှ အိပ်မက်ကမ္ဘာထဲက ဘော်ငွေရောင် ပုလဲပန်းများ

(၁)

အချိန်က ၁၉၈၁ ခုနှစ် သ
ပေါင်းမြို့နယ် စာမတတ်သူပပျောက်ရေး
လုပ်ငန်း စီမံချက်ကာလ။

သာပေါင်းမြို့ အ. ထ. က
ဒသမတန်း စာသင်ခန်းများထဲတွင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




"အသုံးလုံး လုပ်အားပေးချင်တဲ့ ကျောင်းသားရဲဘော်များ ဒီက ဆရာဆီမှာ စာရင်းပေးနိုင်တယ်"

အတန်းပိုင်ဆရာနှင့် ပါတီမှ တာဝန်ရှိသူများက ဒသမတန်း နှစ်ခန်းရှိ ကျောင်းသား ကျောင်းသူများအား လိုက်လံဆော်ဩ စည်းရုံးရင်း လုပ်အားပေးစာရင်း ကောက်ခံကြသည်။

လုပ်အားပေးလိုက်ရန် မပြေလည်သော ကျောင်းသားတစ်ယောက်နှစ်ယောက်မှအပ အားလုံးနီးပါး တက်ကြွစွာ စာရင်းပေးသွင်းကြသည်။ သာပေါင်းမြို့ပေါ် ရပ်ကွက် စခန်းများနှင့် ကျေးလက်စခန်းများတွင် လုပ်အားပေးလိုသည့် ဆန္ဒသဘောထား ကောက်ခံတော့လည်း အားလုံးက ကျရာရပ်ကွက် ကျေးရွာများတွင် လိုက်ပါလုပ်အားပေးနိုင်ပါကြောင်းသဘောထားပေးကြသည့်မို့စာရင်းကောက်ခံခြင်းအလုပ်မှာလွယ်ကူလျင်မြန်စွာ ပြီးစီးသွားသည်။

www.burmeseclassic.com

"ဒီက ရဲဘော်စောလွင် မင်းကတော့ နယ်စခန်းကို လိုက်လို့မဖြစ်ဘူးကွာ၊ မြို့ပေါ် ကြိုဆိုနေရာချထားရေး အတွက်အင်အားလိုတယ်၊ မြို့ပေါ်စခန်းမှာပဲ သင်ပေါ့ကွာ"

လူငယ် စည်းရုံးရေးမှူးက ပြောသည်။

"ဟုတ်ကဲ့ပါ ဆရာ"

"တစ်ခါတည်း မှာထားခဲ့မယ်၊ ညနေကျောင်းဆင်းရင် မင်းက ကြိုဆိုနေရာချထားရေးအတွက် ပါဝင်တဲ့ လုပ်အားပေး ကျောင်းသားတွေကိုစုပြီး မြို့နယ်ရုံးကို ဦးဆောင်ခေါ်ခဲ့ပေးပါ၊ ဒီက ဆရာ့ဆီမှာ အင်အားစာရင်း ထားခဲ့တယ်"

"ဟုတ်ကဲ့ပါ ဆရာ"

စောလွင်က ကျောင်းကောင်စီ အတွင်းရေးမှူးဖြစ်သလို လူငယ်ခေါင်းဆောင်လည်း ဖြစ်သည်။ မြို့နယ်မှ လူငယ်ဘင်ခရာတပ်ဖွဲ့ ခေါင်းဆောင် သင်တန်း စေလွှတ်ခြင်းခံရပြီး ပါတီ လူငယ်အစည်းအရုံးမှ အားထားရသော လူငယ်တစ်ယောက်လည်း ဖြစ်သည်။

ညနေ ကျောင်းဆင်းချိန်တွင် စောလွင်က စာရင်းပါကျောင်းသားများကို စုစည်းခေါင်းဆောင်ပြီး ပါတီရုံးသို့ လာခဲ့ကြသည်။ ပါတီရုံး အစည်းအဝေး ခန်းမထဲတွင် အရပ်သားလုပ်အားပေးများ၊ ဌာနဆိုင်ရာဝန်ထမ်း လုပ်အားပေးများနှင့် ပေါင်းစုပြီး လူငယ်အစည်းအရုံး ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားလေသည်။

"တို့ မြို့ပေါ်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှာ ဌာနဆိုင်ရာ အကြီးအကဲများနဲ့အတူ လုပ်အားပေး ရဲဘော်အင်အား ငါးဆယ် ပါဝင်ကြမယ်၊ တို့မြို့ကို ရောက်လာမယ့် လုပ်အားပေးတွေက မန္တလေး ဝိဇ္ဇာနဲ့သိပ္ပံ တက္ကသိုလ်က နောက်ဆုံးနှစ် ကျောင်းသားတွေရယ်၊ သဲကုန်းဆရာအတတ်သင်က သင်တန်းသားတွေရယ်၊ အင်းစိန် ဂျီတီအိုင် ကျောင်းသားတွေရယ်၊ တိုင်းကျော် ရပ်ဝေးလုပ်အားပေး ရဲဘော် စုစုပေါင်း အင်အား တစ်ရာကျော် ရောက်ရှိလာမှာ ဖြစ်တယ်။

ဒီက ကြိုဆိုရေးရဲဘော်တွေရဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် ရဲဘော်အုန်းသိန်း (ခေါ်)ရဲဘော်အတာကြီးကို ခေါင်းဆောင်တာဝန် ပေးအပ်ပါတယ်၊ လူငယ် ဝတ်စုံပြည့်နဲ့ ကြိုဆိုကြရပါမယ်၊ ကင်းပတ်တော့ မစီးနဲ့၊ ဘုန်းကြီးကျောင်းထဲကို အဝင်အထွက်တွေ လုပ်ရမှာရှိလို့ သင်္ဘောကြီးနဲ့ ရောက်ရှိလာမယ့် လုပ်အားပေးတွေကို အမှတ်(၃)ရပ်ကွက်က မြို့မ မင်းကျောင်းကြီးပေါ်မှာ နေရာချပေးရပါမယ်၊ လုပ်အားပေးရဲဘော်တွေကို တင်ဆောင်လာမယ့် သင်္ဘောဆိုက်ကပ်မယ့် နေရာက မြို့မ မင်းကျောင်းနဲ့ အနီးဆုံး ဆိပ်ကမ်းဖြစ်တဲ့ မြို့နယ်ရဲစခန်း ရှေ့က ဧရာဝတီသင်္ဘောဆိပ်ပဲ။

ကြိုဆိုနေရာချထားရေး အဖွဲ့ဝင်တွေက မြို့မမင်းကျောင်းပေါ် ခေတ္တတည်းခိုမယ့် လုပ်အားပေးရဲဘော်တွေ အစစ အရာရာအဆင်ပြေစေဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ရပါမယ်၊ ကြိုတင်ပြင်ဆင်မှု စီမံချက်ကို ဆောင်ရွက်ဖို့ ရဲဘော်အတာကြီးကို ပေးထားပြီးပြီ၊ အ. ထ. က က ကျောင်းသားလုပ်အားပေးတွေကိုတော့ ဆယ်တန်းစာမေးပွဲပြီးမှ ခေါ်ယူတာဝန်ပေးမှာပါ၊ သင်ကြားနည်းစနစ် သင်တန်းကိုလဲပေးသွားမှာပါ၊ မြို့မ မင်းကျောင်းကြီးပေါ်က လုပ်အားပေးတွေကို သက်ဆိုင်ရာ ကျေးရွာ ရပ်ကွက်အလိုက် ဖြန့်ခွဲနေရာချပေးပြီး လူအားလုံး ထွက်ခွာသွားတော့မှ ရဲဘော်တို့က ပြန်ပေါ့။

နောက်ပြီး မြို့ပေါ် ရပ်ကွက်သုံးခုရဲ့ စခန်းတွေမှာ တာဝန်ကျလာတဲ့ ရပ်ဝေးလုပ်အားပေးတွေကို မြို့ခံလုပ်အားပေး ရဲဘော်တွေက ဆက်လက်ပြီး အစစအရာရာ ကူညီမှုတွေ ပေးကြပါ၊ စောင့်ရှောက်ပါ၊ တို့မြို့နယ်ရဲ့ အသုံးလုံး စီမံကိန်းကြီးကို တကူးတကလာပြီး လုပ်အားပေးကြတဲ့ ရပ်ဝေးလုပ်အားပေးတွေကို စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိကြပါလေအောင် ညီအစ်ကို မောင်နှ[...] ရင်းချာ စိတ်ဓာတ်များနဲ့ နွေးနွေးထွေးထွေး ဆက်ဆံပေးကြပါ၊ တို့ သာပေါင်း မြို့နယ်ရဲ့ နာမည်ဂုဏ်သတင်း ညှိုးနွမ်း ပျက်ပြားစေမယ့် ကိုယ်ရွှတ်အမူအရာများကို အထူးဂရုပြု ရှောင်ရှားကြပါလို့ အလေးအနက် တိုက်တွန်းလိုပါတယ်၊ ရဲဘော်တို့ ဘာမေးချင်တာ ရှိသေးလဲ"

"မရှိပါဘူး"

"ဒါဆို ပြန်နိုင်ကြပါပြီ"

## (၂)

ရဲဘော်အတာကြီး ဦးဆောင်သည့် ကြိုဆိုနေရာချထားရေး ရဲဘော်များသည် လူငယ်ဝတ်စုံပြည့် အသင့် အနေအထားဖြင့် မနက်စာ စားပြီးကတည်းက ကမ်းနားဆိပ်တွင် ရောက်ရှိနေကြပေပြီ။ သို့သော်လည်း လုပ်အားပေးသင်္ဘောကြီးမှာ ရောက်မလာနိုင်သေး။ ညနေစောင်းသည်အထိ ရောက်မလာ။ ဘာကြောင့်မှန်း မသိ။ (ထိုခေတ်က ဆက်သွယ်ရေးစနစ်မှာ လက်လှည့် ခေါ်ဆိုရသော တယ်လီဖုန်းစနစ်သာ ရှိသေးသည်။)

"ကဲ ဒီလိုလုပ်ကြမယ်တော့ [...] ကြိုဆိုရေးရဲဘော်တွေ အခု အိမ်ပြန်ပြီး ထမင်းစားရင်း နားစွင့်နေကြပါ၊ [...] အားပေးသင်္ဘောကြီး ဝင်လာတာနဲ့ [...] တွေ့ထိပ်ကနေ အသံချဲ့စက်နဲ့ အော်[...] ဝင်လာမှာပါ၊ အဲဒီတော့မှ ဆင်းလာ[...] ကြ၊ ဒီမှာတော့ တာဝန်ရှိတဲ့ လူကြီး[...] နဲ့ နီးတဲ့ရဲဘော်တွေ အလှည့်ကျ[...] စောင့်ကြမယ်"

ဤသို့ဖြင့် ရဲဘော်စောလွင်[...] တစ်တွေ အသီးသီး ကိုယ့်အိမ်ကို[...] ပြီး ညနေစာ စားကြသည်။

စောလွင် နေသည်က မြို့[...] တောင်ဘက် အမှတ်(၃)ရပ်ကွက် [...] နားလမ်းတွင်မို့ ပုသိမ်ဘက်မှ ဝင်[...] မည့် သင်္ဘောကြီးသည် သူ့[...]



www.burmeseclassic.com

www.burmeseclassic.com

...သန်းသွားရမည်ဖြစ်၍ သင်္ဘောကြီး ...သာသံကြားမှ ကမ်းနားဆိပ်သို့ ပြေး ...လိုက်သွားလျှင် မီသည်။ သို့ပေမယ့် ...ညီး လုပ်အားပေးသင်္ဘောကြီးမှာ ည ...နာရီကျော်သော်လည်းရောက်မလာ ...ည်မို့ . . .

"ဖေဖေ သင်္ဘောသံကြားရင် ...တော့်ကို နှိုးပါနော်" ဟု မှာထားပြီး ...ရာဝင်လိုက်တော့သည်။ စိတ်က ...တော့ ခဖြောင့်။ အိပ်ရာဘေးက တန်း ...တွင် အင်္ကျီကို အသင့်ချိတ်ထားပြီး ...ခေါင်း ဘောင်းဘီရှည်ကို ဝတ်အိပ် ...ည်။ သင်္ဘောသံကြားမှ ဘောင်းဘီ ...ရလျှင် မမီမှာစိုးသည်။ ဒါတောင် ...ည်စိုး၍ "သင်္ဘောဝင်လျှင် နှိုးရ ...ည်" ဟု ဆယ်ကြိမ်ရွတ်ဆိုပြီး ခေါင်းအုံး ...တ်ပြီးမှ အိပ်သည်။

စောလွင် အိမ်မောကျသွားပြီး ...တ် . . .

"သာပေါင်းမြို့က ကြိုဆိုရေး ...ဝင်များခင်ဗျာ ကျွန်တော်တို့ရဲ့ ...လုံး လုပ်အားပေးသင်္ဘောကြီး ...ပေါင်းမြို့သို့ ဝင်ရောက်လာပါပြီ ...ဗျာ"

မြို့၏တောင်ဘက် မြစ်ကွေ့မှ ...ထွက်လာသော အသံချဲ့စက်သံ ...ကြောင့် စောလွင်ဖျတ်ခနဲလန့်နိုးသွားရ ...ည်။ အိမ်ပေါ်ထပ်မှလည်း . . .

"လူလေး လူလေး. . . သင်္ဘော ...လာပြီ လူလေးရေ၊ သင်္ဘောဝင်လာ ...

"ဟုတ်ကဲ့၊ နိုးပြီ အဖေ"

စောလွင် ကပျာကယာ လူးလဲ ...ပြီး မျက်နှာသစ်၊ သွားတိုက်၊ ယူနီ ...ဖောင်းဝတ်ဆင်ခြင်းတို့ကို မိနစ်ပိုင်း ...တွင်း လျင်မြန်စွာပြုလုပ်ပြီး သင်္ဘော ...ဆိုက်မည့် ရဲစခန်းရှေ့သို့ မြစ်ထဲမှ ...သင်္ဘောကြီးနှင့်အပြိုင် ပြေးရတော့ ...သည်။ စိတ်ထဲမှလည်း "ကျန်တဲ့ရဲဘော် ...တွေ နိုးကြပါစေ"

ရပ်ဝေး လုပ်အားပေးများကို ...ယ်ဆောင်လာသည့် တိမ်တောက်နှစ်ထပ်သင်္ဘောကြီးသည် ဖြည်းညင်းစွာ ခုတ်မောင်းဝင်လာရင်း အသံချဲ့စက်မှလည်း အဆက်မပြတ်အော်လာသည်။ နာရီကို ကြည့်လိုက်တော့ ညဉ့်နှစ်ချက်တီးကျော်ပေပြီ။ ကမ်းနားဆိပ်ရောက်တော့ တာဝန်ရှိလူကြီးမင်းများ စုံညီစွာရောက်ရှိနေကြသော်လည်း ကြိုဆိုမည့် နေရာချထားရေး ရဲဘော်များမှာလည်း အယောက်နှစ်ဆယ်ပင် မပြည့်။ အိပ်ကောင်းတုန်းအချိန်မို့ မနိုးကြလေရော့သလား မသိ။

သင်္ဘောဆိုက်ကပ်ပြီး တာဝန်ရှိသူများ သင်္ဘောပေါ်တက်၍ အစီအစဉ်တကျ ဆင်းသက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ကာ သင်္ဘောအောက်ထပ်မှ လုပ်အားပေးများကို အလျင်ဆင်းစေသည်။

"သင်္ဘောပေါ်မှ လုပ်အားပေးရဲဘော်များခင်ဗျာ ယခုတက်လာမည့် ယူနီဖောင်းဝတ် ကြိုဆိုရေးရဲဘော်များက ဝန်စည်စလယ်များကို ကူညီသယ်ဆောင်ပေးကြမှာ ဖြစ်ပါတယ်၊ မနိုင်သည့် ဝန်စည်စလယ်များကို ယုံကြည်စွာ အပ်နှံပေးလိုက်နိုင်ပါတယ် ခင်ဗျာ၊ ခေတ္တစခန်းချမည့် မြို့မ မင်းကျောင်းကြီးပေါ်တွင် အမျိုးသား၊ အမျိုးသမီး သီးသန့်နေရာများအား လုပ်အားပေးအုပ်စု တစ်အုပ်စုချင်းအလိုက် စီစဉ်သတ်မှတ်ထားပါတယ်၊ ပစ္စည်းများ ရောထွေးမှားယွင်းမှု မရှိရလေအောင် အုပ်စုတစ်စုပြီးမှ နောက်တစ်စု ဆင်းသက်ကြပါရန် ပန်ကြားအပ်ပါတယ်"

ရဲဘော်အုန်းသိန်းက အသံချဲ့စက်မှ ကြေညာပေးပြီးနောက် စောလွင်ဦးဆောင်သောလူငယ်အုပ်စုကသင်္ဘောပေါ်သို့ တက်ရောက်ကြပြီး ဝန်စည်စလယ်များကို ကူညီသယ်ဆောင်ပေးကြသည်။

ရပ်ဝေး လုပ်အားပေးရဲဘော်များ သင်္ဘောပေါ်မှ ဆင်းသက်ကြပြီး မြို့မမင်းကျောင်းကြီးပေါ်တွင် နေရာချထားခြင်းမှာ တစ်နာရီခန့် ကြာမြင့်ပေမည်။ အင်အားတစ်ရာကျော်၏ဝန်စည်စလယ်များကို ကြိုဆိုရေး ရဲဘော်အင်အားနှစ်ဆယ်မျှဖြင့် ကူညီသယ်ပိုးပေးရသည်ဖြစ်၍ စောလွင်တို့တစ်တွေ မစားသာ။ ခြေကုန်လက်ပန်း ကျခမန်းပင် ရှိတော့သည်။ မြို့မမင်းကျောင်းကြီးမှာ ဘုံသုံးခတိုင်တစ်ရာရှိသော ရှေးဟောင်းကျောင်းကြီးမို့ လုပ်အားပေးအင်အား တစ်ရာကျော်အား ကောင်းစွာနေရာချပေးနိုင်သည်။ ရဲဘော်အုန်းသိန်းခေါင်းဆောင်သော ကြိုဆိုရေးရဲဘော်များမှာ ယူနီဖောင်းများနှင့်မို့ ရပ်ဝေးလုပ်အားပေးများက ကောင်းစွာမှတ်မိကြပါသည်။ လိုအပ်သည့်အကူအညီများကို မေးမြန်းတောင်းခံဖို့ လွယ်ကူစေသည်။

(၃)

"ရဲဘော် သောက်ရေ ဘယ်မှာလဲဟင်"

"မြောက်ဘက် အစွန်ဆုံးအခန်းကျယ်ကြီးထဲမှာ သောက်ရေအိုး အလုံးငါးဆယ်ရှိပါတယ်ခင်ဗျာ"

"ရဲဘော် ကျွန်မ အိပ်ရာလိပ်မရောက်သေးဘူး"

"ဟုတ်ကဲ့၊ နောက်က ရဲဘော်တွေ လာပို့ပါလိမ့်မယ်၊ သဲကုန်းဆရာအတတ်သင်အဖွဲ့က မဟုတ်လား၊ သူတို့ကို သေချာမှာခဲ့ပါတယ်ခင်ဗျာ၊ စိတ်ချပါ၊ မပျောက်စေရပါဘူး"

"ရဲဘော် အိမ်သာ ဘယ်မှာလဲဟင်"

"ဟိုမှာမြင်ရတဲ့ မြောက်ဘက်လှေကားက ဆင်းသွားလိုက်ပါနော်၊ အဲဒီမှာ ကင်းရဲဘော်တွေ ချထားပါတယ်၊ လိုက်ပြပါလိမ့်မယ် ခင်ဗျာ"

"ဒီမှာတွေ့ရတဲ့ အိမ်သာတွေက သွားလို့မရဘူးလားဟင်"

နောက်တစ်ယောက်က ဝင်မေးပြန်သည်။

"ဒီဟာတွေက ကုဋီတွေပါ၊ သံဃာတော်များအတွက်သာပါ ခင်ဗျာ"

"ရဲဘော် ရေချိုးချင်တယ်"





www.burmeseclassic.com

www.burmeseclassic.com

"အမျိုးသားများ ကျောင်းခေါင်းရင်းက ရေတွင်းမှာ ချိုးပါခင်ဗျာ"

စသည် စသည်ဖြင့် လူပေါင်းများစွာ၏ ကိစ္စအဝဝကို ကြိုဆိုနေရာချထားရေး ရဲဘော်လေးများ ပြေလည်အောင် ဖြေရှင်းပေးရသည်။ ကျောင်းကြီးပေါ်တွင် ခေါင်းရင်းဘက်အခြမ်း၌ အမျိုးသားများအတွက် အုပ်စုသုံးစု သုံးနေရာ သတ်မှတ်နေရာချထားပေးပြီး အမျိုးသမီးများအတွက်လည်း ကျောင်း၏အနောက်မြောက်ဘက်ရှိ စတိုခန်း၊ မီးဖိုခန်းနှင့် ဆွမ်းပြင်ခန်းတို့အတွင်း နေရာချထားပေးသော်လည်း အချို့မိန်းကလေးအုပ်စုများမှာ အခန်းတွင်းမှာ မဆံ့၍ အပြင်နံရံများတွင်ကပ်ပြီး နေရာချပေးရသည်။ မိန်းကလေးများအတွက် ယာယီအခန်းဖွဲ့ပေးရန် ကျောင်းတွင်ရှိသည့် ကန့်လန့်ကာကြီးများဖြင့် မြင်ကွယ် မျက်ကွယ် ဖန်တီးပေးရသည်။

"ရဲဘော် ရေချိုးပြီး အဝတ်တွေ ဘယ်မှာ လှန်းရမလဲဟင်"

"ကျောင်းခေါင်းရင်းက ရေတွင်းဘေးမှာ ဝါးလုံးတန်းတွေ လုပ်ထားပါတယ် ခင်ဗျာ"

အမျိုးသားများ ပြီးပြန်တော့. .

"ကျွန်မတို့ အဝတ်တွေကရော ဘယ်မှာလှန်းရမလဲဟင်"

"ကျောင်းကြီးရဲ့ မြောက်ဘက် သရက်ပင်အုပ်ထဲမှာ ဝါးလုံးတန်းအနိမ့်အမြင့်တွေ လုပ်ပေးထားပါတယ်၊ အနိမ့်တန်းတွေက လုံချည်လှန်းဖို့ပါ"

"အဝတ်တွေကို အောက်မှာ လှန်းထားရတာ ပျောက်မှာစိုးရတယ်"

"စိတ်ချပါ ခင်ဗျာ၊ ကျွန်တော်တို့ ကင်းတွေချထားပါတယ်၊ ကျောင်းဝင်းထဲကို တာဝန်မရှိဘဲ ပေးမဝင်ပါဘူး"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ဟို ဟိုလေ. . . ကျွန်မကြောင့် ရေဆွဲပုံး ရေတွင်းထဲ ပြုတ်ကျသွားလို့ အဲဒါ"

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော်တို့ရဲဘော်တွေ ပြန်ဆယ်ပါလိမ့်မယ်"

အမျိုးသမီးများ ပြီးတော့. . .

"ကျွန်တော်တို့ ရှေ့က မြစ်ဆိပ်တံတားမှာ ရေသွားချိုးချင်လို့"

"အဲဒါတော့ သည်းခံပါခင်ဗျာ၊ မြစ်ထဲမှာ ရေဆင်းမချိုးပါနဲ့ဦး၊ ရေနစ်မှာ စိုးလို့ပါ"

"ကျွန်တော်တို့ ရေကူးတတ်ပါတယ်"

"ဟုတ်ကဲ့ပါ၊ အလင်းရောင်ကလဲ မလာသေးဘူးခင်ဗျ၊ မှောင်ထဲမှာအမှတ်တမဲ့ အန္တရာယ်ဖြစ်မှာစိုးလို့ပါ၊ ကျောင်းဝင်းထဲက ရေတွင်းမှာပဲ ချိုးကြပါခင်ဗျာ"

"ရေတွင်းမှာက အများကြီးဖြစ်နေတာဗျ၊ အလှည့်ကို မနည်းစောင့်ရဦးမယ်"

"ဟုတ်ကဲ့၊ ဒါဆိုရင်လဲ မိုးလင်းလို့ မြင်မြင်ထင်ထင်ကျမှ ဆင်းချိုးပါခင်ဗျာ၊ စောင့်ရှောက်ရေးရဲဘော်တွေ ထည့်ပေးလိုက်ပါ့မယ်၊ ဒီမြစ်က ဧည့်သည်ဆိုရင် ရေနစ်သေတတ်လို့ပါ"

"ဟုတ်လား"

မျက်နှာပျက်သွားကြသည်။

"ဟုတ်ပါတယ်၊ တစ်နှစ် တစ်ယောက်ကတော့ ပုံမှန်လိုလိုပဲ ခင်ဗျ၊ ဒီနှစ် ဘယ်သူမှ မနစ်သေးဘူး"

"ဟာ ဒါဆို မချိုးတော့ဘူး မချိုးတော့ဘူး၊ ရေတွင်းမှာပဲ စောင့်ချိုးတော့မယ်"

စောလွင်က ပိုပိုသာသာလေး ပြောလိုက်တော့မှ သူတို့တစ်တွေနောက်တွန့်သွားကြသည်။ ကြိုဆိုရေးရဲဘော်များမှာ ချွေးဒီးဒီးကျပြီး တစ်ကိုယ်လုံး ရွှဲနစ်နေပေမယ့် မထိုင်ရ၊ မနားရပါ။ မိုးလင်းသည်အထိ တောက်လျှောက် ဆောင်ရွက်ရင်း ဝန်ဆောင်မှု ပေးနေကြရသည်။

"ရဲဘော်ရေ . . . သာပေါင်း ငါးသလောက်နဲ့ချက်တဲ့ မုန့်ဟင်းခါးက နာမည်သိပ်ကြီးတာပဲ၊ စားချင်လို့ မနက်ကျရင် ဒီသာပေါင်းက အကောင်းဆုံး ဆိုင်ကို လိုက်ပြပေးနော်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

စောလွင် ပြီးပြီးရော ပြန်ဖြေ
လိုက်သည်။

တကယ်တော့ ကျောင်းကြီး
အောက်တွင် မိုးဖြဲဒယ်ကြီးနှစ်လုံးဖြင့်
ဟင်းရည်အိုးများကို ချက်ပြီးနေပေ
ခေါက်ဆွဲ မုန့်ဟင်းခါ ပိသာချိန်တစ်
စီစဉ်ပြီးသားပင်။ အရုဏ်ကျင်းခါနီး
တော့မှ ရဲဘော်စောလွင်က အသံ
စက်ဖြင့် ကြေညာပေးရသည်။

"လုပ်အားပေးရဲဘော်အပေါင်း
တို့ခင်ဗျာ သံဃာတော်များကို အရုဏ်
ဆွမ်းဆက်ကပ်ပြီးနောက် မနက် ၆နာ
တီတိမှာ မနက်ပိုင်း အာဟာရအဖြစ်
သာပေါင်းငါးသလောက် မုန့်ဟင်း
ခေါက်ဆွဲ ကျွေးမွေးဧည့်ခံမှာဖြစ်ပါတယ်
လုပ်အားပေး ရဲဘော်အပေါင်းတို့
တစ်ပြိုင်နက် ကျွေးမွေးဖို့ စီစဉ်ထား
တယ်၊ ဒါကြောင့် ကျောင်းဝင်းပြင်ဝ
ထွက်မနေကြဖို့ မေတ္တာရပ်ခံအပ်
တယ် ခင်ဗျာ"

"ဆက်လက်ပြီး တင်ပြချင်တာ
ကတော့ မနက်ပိုင်းအာဟာရသုံးဆော
ပြီးမှ မိမိတို့ အဖွဲ့ခေါင်းဆောင်များ
သတင်းပို့ပြီး မြို့ထဲကို လည်ပတ်ကြ
ရှုနိုင်ပါတယ်ခင်ဗျာ၊ တစ်ဆက်တည်
ထပ်မံတင်ပြလိုတာကတော့ မနက်
ထမင်းကို သံဃာတော်များ ဆွမ်းကပ်
ချိန်မှာ ကျွေးမွေးဖို့ စီစဉ်ထားတဲ့အတွက်
မနက် ၁၀ နာရီခွဲထက် နောက်မကျ
ဘဲ ကျောင်းပေါ်ကို ပြန်လာကြစေ
ပါတယ် ခင်ဗျာ"

အရုဏ်ဆွမ်း ကပ်ခါနီးမှ
အားပေး အမျိုးသမီးရဲဘော်များ
ရောက်လာ၍သာ တော်ရော့သ
ရပ်ဝေးလုပ်အားပေး ရဲဘော်များ
တစ်ညလုံးလည်း ကောင်းကောင်းမ
ကြရသည်မို့ အတော်ပင် ဆာလောင်
ကြပေပြီ။

သာပေါင်းငါးသလောက်နှင့်
ဟင်းခါးကို ခေါင်းမဖော်တမ်း
သောက်ကြသည်မှာ အားရစရာ
ကောင်းပေစွ။



www.burmeseclassic.com

www.burmeseclassic.com

ရပ်ဝေးလုပ်အားပေးများအား ...စာအာဟာရ ကျွေးမွေးပြီးမှ စော ...တစ်တွေလည်း မုန့်စားကြရင်း ...နားခွင့် ရကြသည်။ ပြီးနောက် ...နည်းသွားသော သောက်ရေအိုး ... ဖြည့်ခြင်း၊ ကျောင်းကြမ်းပြင်များ ...ခြင်း၊ ပန်းကန်ခွက်ယောက်များ ...ကြာခြင်းတို့ကို ကဏ္ဍအလိုက် ...ခွဲဆောင်ရွက်ကြပြီး ချက်ပြုတ် ...အဖွဲ့ ပြီးစီးချိန်မှာတော့ မနက် ၁၀ ...တိတိ။

ရပ်ဝေးလုပ်အားပေး ရဲဘော် ...အား မနက်စာထမင်းကျွေးမွေးပြီး ...ကျေးရွာစခန်းများဆီသို့ အသီးသီး ...သည်။ ညနေစောင်းမှ မြို့မ မင်း ...ကျောင်းကြီးပေါ်တွင် ရှင်းလင်းသွား ...သည်။

(၄)

သာပေါင်းမြို့လေးမှာ မြို့ပေါ် ...ကွက် သုံးခုသာရှိပြီး အိမ်ခြေတစ် ...ကျော်ခန့်သာ ရှိသည်။ မြို့ပေါ် ...ကွက် သုံးခုတွင် တစ်ရပ်ကွက်လျှင် ...ဝိုင်း နှစ်ခုစီရှိပြီး ရပ်ဝေးလုပ်အား ... သုံးဦးစီနှင့် ဒေသခံလုပ်အားပေး ...စီကို တွဲဖက်၍ တာဝန်ချထားပေး ...။ စောလွင် တာဝန်ကျရာ ရပ်ကွက် ... စခန်းအမှတ်(၁)အား တာဦး ...ကျောင်း စံပြအ. မက(၁)တွင် ဖွင့်လှစ် ... ခန်းအမှတ်(၂)အား မြို့ဦး မြချမ်း ...စေတီကြီးရှိ အာရုံခံတန်ဆောင်းထဲ ... ဖွင့်လှစ်ထားပေးသည်။ စခန်းနှစ်ခု ...၏ တာဝန်ခံမှာ စံပြအ. မ. က(၁) ... ကျောင်းအုပ်ကြီး ဆရာကြီးဦးကြင် ... ဖြစ်သည်။ ဆရာကြီးဦးကြင်ရွှေမှာ ...လွင်တို့၏ ငယ်ဆရာ ဖြစ်သလို ...ကျောင်းလေးမှာလည်း ငယ်ကျောင်းပင် ...သည်။

စံပြ အ. မ. က(၁) တာဦး ...ကျောင်းတွင် ဆရာကြီးနှင့်အတူ ...ကျောင်းဆရာဖြစ်ခါစ ကိုဌေးမြင့်၊ ဆယ် ... အောင်ပြီးစ ကိုဇော်ဝင်း၊ ဆယ်တန်း ကျောင်းသား စောလွင်တို့ ပါဝင်ပြီး မန်း ဝ/သမ ၃ လုပ်အားပေးဆရာမ သုံးဦး ပါဝင်ကြသည်။ မြချမ်းသာဘုရား၏ အာရုံခံတန်ဆောင်းထဲတွင် မြို့ခံဆရာမ သုံးဦးနှင့် မန်းဝ/သမ လုပ်အားပေးဆရာမ သုံးဦးတို့က တာဝန်ယူ သင်ကြားပေးကြသည်။

မြို့ငယ်လေးပင် ဖြစ်သော်လည်း လျှပ်စစ်မီးစက်ကို ၁၉၅၅ ခုနှစ်ကတည်းက ရရှိခဲ့သည်မို့ စာသင်ဝိုင်းများကို ညဘက်တွင်သာ သင်ကြားပေးဖြစ်သည်။ အသုံးလုံးသင်တန်းသား ဦးကြီး၊ ဒေါ်ကြီး၊ ဦးလေး၊ ဒေါ်လေးတို့မှာ နေ့ဘက်တွင် မအားကြရှာပါ။ အမျိုးသားများကလည်း လယ်ရိတ်၊ ပဲ့နုတ်၊ ကောက်ရိုးသယ်၊ တောတက်၊ ထင်းတိုက်၊ ဝါးတိုက်၊ သစ်တိုက်၊ မြင်းထဲ ချောင်းထဲ ငါးရှာဖားရှာ၊ ကုန်ထမ်း၊ ကုန်သယ်၊ ကူးတို့လိုက်၊ ကျောက်တူး၊ ကျောက်သယ် စသည်ဖြင့် မိသားစုဝမ်းရေးကို ရှာဖွေနေကြရသလို အမျိုးသမီးများကလည်း တစ်နေ့တာလုံး လုပ်ဆောင်နေကြရသော ချက်ပြုတ်လျှော်ဖွပ်၊ ကလေးထိန်း၊ ဖထင်းခွဲ၊ ရေခပ် စသည်တို့အပြင် ပဲခြွေ၊ ပဲလှေ့၊ စပါးသယ်၊ ဈေးတောင်းခေါင်းရွက် စသည့် ဝမ်းရေးတစ်ပိုင်တစ်နိုင် အလုပ်များဖြင့် နေကုန်ကြရသည်။ ညဘက်ကျတော့မှ တစ်နေ့တာလုပ်ငန်းခွင်များ ရပ်နားကြပြီ။ သို့ပေမယ့် အချို့ကလေးမိခင်များမှာ ရင်ခွင်ပိုက်ကလေးငယ်များ ချီတိုက်ရင်း စာသင်ဝိုင်းသို့လာကြရရှာသည်။

ပထမဆုံးည စာသင်ဝိုင်းများစသည်တွင် ဆရာကြီးဦးကြင်ရွှေက မြို့ခံလုပ်အားပေးသုံးဦးဖြစ်သော ကိုဌေးမြင့်၊ ကိုဇော်ဝင်းနှင့် စောလွင်တို့ကို နာမည်ခေါ်ကာ တစ်ဦးချင်း မိတ်ဆက်ပေးပြီး မန်း ဝ/သမ လုပ်အားပေးတက္ကသိုလ်ကျောင်းသူများအား ကိုယ်တိုင်မိတ်ဆက်စေလေသည်။

"ကျွန်တော့်နာမည် မြင့်မြင့်အေးပါ၊ မန္တလေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူပါ၊ မန္တလေးမြို့ပေါ်မှာပဲ နေပါတယ်"

အသေးဆုံး အပုဆုံး ရွှေမန်းသူက စတင်မိတ်ဆက်သည်။

"ကျွန်တော့်နာမည် ဌေးဌေးမြင့်ပါ၊ မန္တလေးတက္ကသိုလ် နောက်ဆုံးနှစ်ပါပဲ၊ ရွှေဘိုမှာ နေပါတယ်"

ကိုဌေးမြင့်က သူ့နာမည်နှင့် တူနေ၍ မျက်မှောင်ကြုတ်သွားရသည်။ မန္တလေးတက္ကသိုလ်ကျောင်းသူများပီပီ "ကျွန်တော်"ဟု ကိုယ့်ကိုယ်ကိုယ်သုံးနှုန်းသွားပုံလေးများမှာနားထောင်၍ကောင်းလှသည်။

"ကျွန်မနာမည်က မဌေးကြည်ပါ၊ တန့်ဆည်မှာ နေပါတယ်၊ မန္တလေးတက္ကသိုလ်ရဲ့ ရွှေမန်းဆောင် အခန်း ၄၃ မှာ ဌေးဌေးမြင့်နဲ့ အတူနေအခန်းဖော်ပါ"

ရှေ့နှစ်ယောက်နှင့် မတူဘဲ နာမ်စားကို "ကျွန်တော်" မသုံး၊ "ကျွန်မ"ဟု သုံးနှုန်းသွား၍ စောလွင်တို့ နားထဲ ဆန်းသွားရပြန်သည်။ မန္တလေးဘက်မှ မိန်းကလေးတော်တော်များများမှာ "ကျွန်တော်"ဟုသာ အများဆုံးသုံးနှုန်းကြသည်ဟု ကြားဖူးနေခဲ့ရသည်။

အသုံးလုံးသင်တန်းကို တန်းခွဲခြောက်ခုခွဲလိုက်ပြီး တန်းခွဲတစ်ခုစီတွင် ဆယ်ဦး၊ ဆယ့်နှစ်ဦးစီ ပါလေသည်။ လုပ်အားပေး ဆရာ၊ ဆရာမ ခြောက်ဦးက တစ်ယောက်တစ်တန်းစီကို နိုင်နိုင်နင်းနင်းဖြင့် စနစ်တကျ သင်ကြားပေးကြသည်။ တာဦးကျောင်း ပင်မစာသင်ဆောင် ခန်းမရှည်ကြီးထဲတွင် တန်းခွဲတစ်ခုလျှင် ဝပ်တစ်ရာ မီးသီးတစ်လုံးစီ ထွန်းပေးကာ စာသင်ကြသည်။ အားလုံးသော စာသင်သားများမှာ တက်တက်ကြွကြွ လိုက်နာသင်ယူကြသလို လုပ်အားပေး ဆရာ၊ ဆရာမလေးများမှာလည်း အားကြိုးမာန်တက် သင်ကြားပေးကြလေသည်။

ထိုစဉ်က စာရေးဆရာ ဒါရိုက်တာ ဘဘဦးသုခ၏ "ဘယ်သူ့ပြိုင်လို့




www.burmeseclassic.com

www.burmeseclassic.com

လှပါတော့နိုင်" အကယ်ဒမီဆုရ ရုပ်ရှင်ဇာတ်ကားမှာလည်း နာမည်ကြီး အောင်မြင်နေချိန် ရုပ်ရှင်ဇာတ်ဝင်တေးဖြစ်သော မင်းသားဇော်ဝမ်း၏ "ဝ၊ ထ၊ က၊ လ၊ သ" တေးသီချင်းမှာလည်း မြို့လုံးကျွတ် နယ်လုံးကျွတ် စီစီညံနေချိန်ပဲ ဖြစ်တော့သည်။

အသုံးလုံး သင်တန်းသားဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတို့၏ နှုတ်ဖျားမှ မေတ္တာဖြင့် ခေါ်သော "ဆရာလေး" "ဆရာမလေး" ဆိုသည့် ဝေါဟာရမှာလည်း စောလွင်တို့လို ကျောင်းသားလုပ်အားပေးများ၏ နားဝတွင် စိမ်းသက်သက်နှင့် ချိုမြိန်လှပေသည်။

အဲ့ဒီကတည်းက စောလွင်၏ စိတ်ထဲတွင် . . .

"ငါ ဆယ်တန်းအောင်ရင် ကျောင်းဆရာပဲ လုပ်တော့မယ်" ဟု ရည်ရွယ်မိသည်အထိ စာသင်ပေးရသည့်အလုပ်ကို ပျော်ရွှင်စွာ ဝင်စားမိရပါတော့သည်။

တာဦးကျောင်းစခန်းတွင် တာဝန်ကျသော ရွှေမန်းသူ သုံးဦးတို့အား သူတို့ တည်းခိုနေထိုင်ရာ ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌ၏အိမ်သို့ ညစဉ်သင်တန်းပြီးချိန် လိုက်လိုက်ပို့ပေးရင်း စောလွင်တို့သုံးယောက်နှင့် ရွှေမန်းသူတို့သည် မောင်နှမရင်းချာများပမာ ရင်းနှီးခင်မင်နေကြရပေပြီ။

(၅)

ဆရာကြီး ဦးကြင်ရွှေ ထမင်းဖိတ်ကျွေးသောနေ့တွင် . . .

"မင်းတို့ပါ လာခဲ့ကြ" ဟု ဆရာက မှာသဖြင့် စောလွင်တို့သုံးဦးပါ ရွှေမန်းသူများနှင့် ဝိုင်းဖွဲ့စားသောက်ကြရင်း စကားလက်ဆုံ ပြောဖြစ်ကြရသည်။ ကျောင်းဆရာပေါက်စ ကိုဌေးမြင့်က စကားနည်းသည်။ ကိုဇော်ဝင်းကလည်း စကားသိပ်မပြောတတ်။ အငယ်ဆုံး စောလွင်က စကားသွက်သည်။ ရွှေမန်းသူ သုံးဦးကလည်း အငယ်ဆုံးစောလွင်ကို ပိုပြီးခင်ကြသည်။ သူတို့မောင်လေး အရွယ်ပေပဲဟု။

"ကိုစောလွင်က ဆယ်တန်းအောင်ရင် ဘာလုပ်မလဲ"

ရွှေဘိုသူ ဌေးဌေးမြင့်က မေးလာသည်။

"ဟုတ်ကဲ့၊ အရင်တုန်းကတော့ ဗိုလ်သင်တန်းလျှောက်မယ်လို့ ရည်ရွယ်ထားခဲ့တာ၊ အခုတော့ စာပေးစာယူတက်ရင်း ကျောင်းဆရာဝင်လုပ်တော့မယ်၊ စာသင်ရတာ ပျော်လို့"

[ထိုစဉ်က ဆယ်တန်းအောင်ပြီးပြီးချင်း မူလတန်းဆရာ လျှောက်ခွင့်ရှိပါသည်။ တက္ကသိုလ်ပညာကိုလည်း စာပေးစာယူတက်ခြင်းဖြင့် သင်ယူပြီး ဘွဲ့ယူ၍ ရပါသည်။ ယခုခေတ်အခေါ် အဝေးသင်]

"ဟုတ်လား၊ ကျွန်မတို့လဲ အဲဒီလိုပဲ တိုင်ပင်မိကြတယ်၊ ကျောင်းပြီးရင် ကျောင်းဆရာမပဲ ဝင်လုပ်တော့မယ်လို့၊ စာသင်ပေးရတာ ကျွန်မတို့လဲ ပျော်တယ်"

တန့်ဆည်သူ မဌေးကြည်က ထောက်ခံသည်။

"ဟုတ်တယ်၊ ကျွန်တော်ရောပဲ"

ရွှေမန်းသူ မြင့်မြင့်အေးကလည်း သဘောညီပြသည်။

"အေးဗျာ၊ ကျွန်တော်ကတော့ ကျောင်းဆရာဖြစ်နေပြီဆိုတော့ ပညာရေးလောကထဲကို ဝင်ရောက်လာမယ့် ခင်ဗျားတို့ကို ဝမ်းသာအားရ ကြိုဆိုပါတယ်ဗျာ၊ တကယ့်ကျောင်းဆရာဖြစ်လာရင် အခုထက်ပိုတဲ့ ပီတိနဲ့ ပျော်ရွှင်မှုတွေကို တွေ့ရမှာပါ"

ကျောင်းဆရာ ကိုဌေးမြင့်က မပြောစဖူး စကားအများကြီး ဝင်ပြောလာသည်။ ဆရာကြီး ဦးကြင်ရွှေက ပြုံးပြုံးကြီး ကြည့်ရင်း . . .

"အေး . . . မင်းတို့လေးတွေက စာသင်ရတာ ဝါသနာပါပြီး ကျောင်းဆရာလုပ်ကြမယ်ဆိုလို့ ဆရာဝမ်းသာသကွာ၊ တကယ်တော့ ကျောင်းဆရာဆိုတာ ဘယ်တော့မှ မချမ်းသာတတ်ဘူးဗျ၊ သူ့မှာ ချမ်းသာတာ များပြားတာဆိုလို့ တပည့်တွေပဲ ရှိတယ်၊ ပြီးတော့ ကျောင်းဆရာဆိုတာ ဝါသနာအရင်း ဆိုပေမယ့် စေတနာလဲ ပါရတယ်၊ အနစ်နာလဲ ခံရတယ်၊ အဲဒီ နာသုံးနာနဲ့ ပြည့်စုံမှသာ ကျောင်းဆရာ ပီသတယ် ဒါပေမဲ့ပေါ့ကွာ အဲဒီနာသုံးနာနဲ့ ပြည့်စုံမှ ကျောင်းဆရာ ဝင်လုပ်ရမယ်လို့တော့ ဆရာဆိုလိုတာ မဟုတ်ဘူး၊ ဝါသနာပါလို့ ဝင်လုပ်ရာကနေ နောက်ထပ် နာနှစ်နာက အလိုလို ဖြစ်ပေါ်လာတတ်တာမျိုးကွ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"စာထဲ ပေထဲမှာ ပါတဲ့အတိုင်းသာ ပြောရတာပါ၊ နာသုံးနာနဲ့ ပြည့်စုံသည် ဖြစ်စေ၊ မပြည့်စုံသည် ဖြစ်စေ ကျောင်းဆရာအလုပ်ကို လုပ်မယ်ဆိုရင် ကိုယ့်ရဲ့ အသက်မွေးတဲ့အလုပ်အပေါ်မှာ ဂုဏ်ယူစွာ တာဝန်ကျေပွန်ရမယ်၊ ကျောင်းဆရာ လုပ်ရမယ့် အလုပ်ကို လုပ်ရမယ်၊ ကျောင်းဆရာက ဘာတွေ လုပ်ရမလဲ သိလား"

"ရှင်းပြပေးပါ ဆရာကြီး"

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ဆိုတာ ဆရာ့ဝတ္တရား ငါးပါးကို ပြောတာပေါ့၊ သမီးတို့ရယ်၊ သားတို့ရဲ့ ကျောင်းသုံးဗလာစာအုပ်တွေရဲ့ ကျောဖုံးမှာပါတဲ့ နီတိတရားတွေပေါ့"

"ဟာ ဟုတ်သားပဲ၊ မိဘဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်တို့ ပါတယ် ဟုတ်ပါတယ် ဆရာကြီး"

"အေး မင်းတို့ သိပြီးသားတွေပဲ ဆရာဆိုတာ စာသင်ခန်းထဲမှာ စာသင်ပေးရုံနဲ့ ဆရာမည်သေးဘူး၊ ဆုံးမသင့်တာကို ဆုံးမရမယ်၊ တပည့်ရဲ့အမုန်းကို မခံရဲလို့ မဆုံးမရဲဘူးဆိုရင် မဟုတ်သေးဘူး၊ ကိုယ်တတ်သမျှတွေကို သင်ပေးရမယ်၊ ကိုယ့်တပည့်မှာ ဘေးအန္တရာယ် ကြုံတွေ့ရင်လဲ တတ်နိုင်သမျှ တားဆီးပြီး ဟန့်တား ကာကွယ်ပေးရမယ်၊ ကိုယ့်





www.burmeseclassic.com

www.burmeseclassic.com

မှာ မသင်ပေးနိုင်တဲ့ ပညာရပ်တွေကို သိမြင်နားလည် တတ်မြောက်စေဖို့ ကိုယ့်ဘက် ပိုတော် ပိုတတ်တဲ့သူဆီကို ညွှန်ပြပို့ဆောင်ပေးရမယ်၊ အဲဒါမှ ဆရာ့အလုပ် ဆရာ့ဝတ္တရား ကျေတာကွဲ့”

“ဟုတ်ကဲ့ပါ ဆရာကြီး၊ သမီးတို့ မှတ်ထားပါ့မယ်”

မဌေးကြည်က ဦးဆောင်၍ ...သူစကားဝန်ခံသည်။

“ပြီးတော့ တို့မြန်မာ့လူ့မှုဝန်းကျင် ...ယ်ပယ်မှာ ကျောင်းဆရာ ဆိုတာ ...ပည့်အပေါင်းတို့ရဲ့ စံပြုထိုက်သူ လေး...ထိုက်သူ ဖြစ်နေရမယ်၊ ဝတ်ပုံ စားပုံ၊ ...ပုံ ထိုင်ပုံ၊ ပြောဆိုဆက်ဆံပုံတွေ အား...ာ ကိုယ့်တပည့်တွေရဲ့ အမြင်မှာ ...တုခိုး မှန်စေရမယ်ကွဲ့၊ တင်စားပြီး ...ရရင်ကျောင်းဆရာဆိုတာ သက်နိုး...တ်သော လူ့ဘုန်းကြီးပဲ၊ သိက္ခာ ...စိရှိရမယ်၊ ဥပမာအားဖြင့် တပည့် ...ကို သင်ကြားပြသနေတဲ့ ဆရာဟာ ...ဆိုင်မှာချည်းပဲဆိုရင် သူ့တပည့်တွေ ...ယ်လိုအတုခိုးမလဲ၊ အရက်စော်နံနေ ...ါးစပ်နဲ့ သုရာမေရယကံကို မကျူး ...နဲ့လို့ တပည့်တွေကို ဘယ်လိုဆုံးမ ...ဲ ဟုတ်လား”

“ဟုတ်တာပေါ့ ဆရာကြီးရယ်”

“ထို့အတူပဲ ဆရာမ လုပ်တဲ့သူ ...ဝတ်စားနေထိုင်ပုံ လျှပ်ပေါ်လော်လီ ...တပည့်မလေးတွေလဲ. . .”

“ဟုတ်တာပေါ့နော်”

“ဆရာမရှိဖူးခဲ့တဲ့သူ လောကမှာ ...ဘူး၊ လူတိုင်းဟာ တပည့်ဖြစ်ခဲ့ဖူးသူ ...ချည်းပဲ၊ အေး. . . ဒါပေမဲ့ လူတိုင်း ...ာ့ ဆရာမဖြစ်နိုင်ဘူး၊ အထူးသဖြင့် ...ောင်းဆရာပေါ့”

“မှန်လိုက်တာ ဆရာကြီးရယ်”

“ဒီက ဆရာ့တပည့်ရင်းစောလွင် ...ိုနှစ်ယောက်က အသောက်အစား ...တဲ့သူတွေမို့လို့ ဒီခေတ်ကြီးထဲမှာ ...ါးပေါ့၊ ဒါကြောင့် ဒီသုံးယောက်ကို ...စခန်းအတွက် တောင်းထားလိုက် ... ယဉ်ကျေးမှု အစဉ်အလာကြီးမား တဲ့ မန္တလေးမြို့သူတွေနဲ့ ဆက်ဆံရမှာ ဆိုတော့လေ”

“အို, ဆရာကြီးရယ် ကျွန်တော် တို့အတွက် စဉ်းစားစီစဉ်ပေးတာကို ကျေးဇူးတင်ရပါတယ်နော်”

“ကျွန်မတို့ တစ်တွေက ရှေးက ပဋ္ဌာန်းဆက်ရှိခဲ့လို့ ဆွေမျိုးတွေဖြစ်ခဲ့ဖူး ကြလို့ အခုလို ဆုံတွေ့ကြရပြီး တစ်ဦး နဲ့တစ်ဦး မောင်ရင်းနှမတွေလို ကျွေးမွေး စောင့်ရှောက်ခြင်းခံရတာကို ကြည်နူးမိ ရပါတယ်ရှင်”

မဌေးကြည်က လေးလေးနက် နက် ဖြည့်စွက်ပြောပြသည်။

“ဟုတ်ပါတယ်၊ ဒီက ဆရာလေး ကိုဌေးမြင့်တို့ ကိုဇော်ဝင်းတို့ ကိုစော လွင်တို့ တစ်တွေလဲ ဘာအကြောင်းနဲ့ပဲ ဖြစ်ဖြစ် အညာကိုရောက်လာကြရင် ကျွန်တော်တို့ဆီမှာ ဝင်ရောက်ခိုနားနိုင် တယ်၊ လိုတဲ့အကူအညီတွေ ပေးပါ့မယ်”

“ဟုတ်ကဲ့ပါ။ ဒီက ဆရာမလေး တို့လဲ ဇကန်စင်စစ် ကျောင်းဆရာမ ဖြစ် ကြလို့ ဒီသာပေါင်းမြို့လေးကို တာဝန် ကျလာခဲ့မယ်ဆိုရင်လေ ဘာမှ မပူပါနဲ့၊ ဒီမှာ မောင်နှမတွေ ရှိတယ်လို့ စိတ် တုန်းတုန်းချပြီးလာခဲ့ပါ။ အားလုံး ကူညီ ပါ့မယ်၊ နေရေး ထိုင်ရေး စားရေး သောက်ရေး အားလုံး မစိုးရိမ်နဲ့”

“ဟုတ်ကဲ့၊ ယုံပါတယ် ကိုစော လွင်ရယ်”

“ကျွန်မတို့ ဝမ်းသာအားရ ကျေး ဇူးတင်ပါတယ်ရှင်”

“ဒီက ဆရာတို့မြို့က ပြန်ရင် ကျွန်တော်တို့တော့ ပေါင်ချိန်တွေတိုးမှာ သေချာတယ်၊ သိလား”

“ဟုတ်ပါ့ ဟုတ်ပါ့၊ ကျွန်တော် တို့မှာ ကြားဖူးရုံကြားဖူးရတဲ့ သာပေါင်း ငါးသလောက်တို့၊ သာပေါင်းရေချိုပုစွန် တုပ်ကြီးတို့၊ ငါးဖယ်အောင် ငါးပိကောင် ကျော်တို့၊ ငါးရံ့ခြောက်ဖုတ်တို့ ဆိုတာ တွေက ဒီမှာ တစ်နေ့တစ်မျိုး မရိုးရ အောင် စားနေရတာ၊ ကောင်းလွန်းလှ ပါတယ်၊ တကယ်ပါ”

ရွှေမန်းသူ မြင့်မြင့်အေးက သာ ပေါင်းအစားအစာတွေကိုတလေးတနက် ဖော်ညွှန်းသည်။

“ဟုတ်တယ်၊ ကျွန်တော်တို့ကို ထမင်းကျွေးမယ့် အလှည့်ကျအိမ်တွေ က ကြိုကြိုပြီး လာမေးကြတယ်၊ ရှောင် တဲ့အစားအစာ ဘာရှိသလဲပေါ့၊ ကျွန် တော်တို့ကလဲ လွယ်လွယ်ပဲ ပြောလိုက် တယ်၊ ကြက် ဝက် ဘဲ အမဲကလွဲရင် အကုန်စားပါတယ်လို့”

ရွှေဘိုသူ မဌေးမြင့်က ဝင်ပြော ပြသည်။

“ဒါဆို ဆရာမလေးတို့က ခြေ လေးချောင်း၊ ခြေနှစ်ချောင်း ရှောင်တာ လားဟင်”

ကိုဌေးမြင့်က အံ့သြစွာ မေး လိုက်သည်။

“မဟုတ်ပါဘူး၊ ဒီသာပေါင်းကို ရောက်တုန်း ဒီဒေသထွက် အစားအစာ တွေပဲ စားခွင့်ရချင်လို့ပါ၊ ဈေးနှုန်းလဲ မကြီးဘူး၊ ကြက်သား ဝက်သား အမဲ သား ဘဲသားတွေက နေရာတိုင်းမှာ ရနေ စားနေရတာမို့ပါ၊ ပြီးတော့ ဈေး လဲမကြီးဘူး”

ရွှေမန်းသူများ၏ ဒေသခံပြည် သူများအပေါ် ထားရှိသောစေတနာကို လေးစားမိရသည်။

“ဩော်. . . ဟုတ်တာပေါ့”

“ဒီနေ့လဲ ဆရာကြီးကျွေးတဲ့ အထဲမှာ ငါးရံ့ခေါင်း မုန်လာချည်ရည် ဟင်းနဲ့ ငါးရံ့ခြောက်နှပ်ကတော့ ကျွန် တော်တို့ ခံတွင်းအတွေ့ဆုံးပဲ”

“ကျွန်မကတော့ ငါးသလောက် နှပ်ကို တော်တော်လေး စားလိုက်တယ်၊ တက်မျှားတက်မလားဘဲ ဟင်းဟင်း. . ”

“ဟော ဆရာ ရွှေမန်းသူတွေ အိပ်ချင်တယ်လို့ သွယ်ဝိုက်ပြီးပြောနေ ပြီ၊ ကျွန်တော်တို့ပြန်လိုက်ပို့ရတော့မယ်”

“ဟား ဟား ဟား”

(ဆက်ရန်)

❐ တိုက်ကြီးစော(ထာဝေါင်ငြ)





www.burmeseclassic.com

www.burmeseclassic.com



"အဘွား ဘာလုပ်နေတာလဲ"

"ငှါးမြေးကို ရှင်ပြုဖို့ မန်ကျည်းပင် စိုက်နေတာပဲ့"

ဝါးခယ်မမြို့ တစ်ဖက်ကမ်းရှိ တရုတ်တန်းရွာလယ်ပိုင်းမှ အဘွားဒေါ်ထားကို တစ်ရွာလုံးသိကြ၊ ခင်ကြ၊ အားကိုးကြသည်။

အဘွားဒေါ်ထားမှာ အသက် (၇၀) အရွယ်ဖြစ်သော်လည်း ကျန်းမာရေးကောင်းလှသည်။

သွားတစ်ချောင်း မှ မကျိုးသေး၊ ဆံပင်မှာလည်း နက်မှောင်လျက် ခြေသလုံးနား ရောက်အောင် ရှည်လျားသည်။ ကိုယ်လုံးသေးသွယ်သော်လည်း ပြည့်ပြည့်ဖြိုးဖြိုးဖြင့် အရွယ်တင်လှသည်။ ဘုရားတရား ရှိသေကိုင်းရှိုင်းပြီး စေတနာမေတ္တာပြည့်ဝလှသည်။ တော်ရုံတန်ရုံ ဖျားနာတာလောက်ကတော့ အဘွားဒေါ်ထား၏ဆေးနှင့် ပျောက်ကြသည်သာ။

"အဘွားဆီ ဆေးလာတောင်းတာ အဘွား"

"ဟဲ့ တရုတ်ဖြူရဲ့၊ ဘယ်သူဘာဖြစ်လို့တုံး"

"အဘွားသမီး မယ်မြရယ်၊ သွားကိုက်ပြီး ပါးတစ်ခြမ်းလုံး ရောင်နေတာ ထမင်းလဲ မစားနိုင်ဘူး၊ ညကလဲ မအိပ်နိုင်ဘူး၊ တဟင်းဟင်းနဲ့ အော်နေရတယ်လေ"

"မင်းမိန်းမကတော့ ဖြစ်လိုက်ရင် အသည်းအသန်ကြီးပဲ၊ သွားနာစကတည်းက လာရောပေါ့ကွယ်"


ဟု ပြော၍ အဘွားဒေါ်ထားက အိမ်ပေါ်တက်သွားပြီး ဆေးမှုန့်တစ်ထုပ် စက္ကူဖြင့်ထုပ်လျက် ယူလာပေးသည်။

"ဒီဆေးမှုန့်နည်းနည်းကို ဝါဂွမ်းမှာတို့ပြီး နာနေ ကိုက်နေတဲ့ သွားမှာကပ်ထားပေးလိုက်ကွဲ့၊ မကြာခင် အနာ



www.burmeseclassic.com

www.burmeseclassic.com



# လူဝင်စားအဘွားဒေါ်ထွား

…ဘသွားလိမ့်မယ်၊ လုံးလုံးပျောက် …ဦး ဆက်ကိုက်လုပ်ပေးလိုက်ပါ၊ …သွားမှာပါ"

"ဟုတ်ကဲ့ အဘွား၊ ဒါနဲ့ အဘွား …ရှေ့မှာ မန်ကျည်းပင်စိုက်ပြီး …မြေးကို ဘယ်လိုရှင်ပြုပေးမှာလဲ …"

"အခု ငါ့မြေးက (၅)နှစ်သား …နောက် (၅)နှစ်ဆို ရှင်ပြုလို့ရပြီ …အချိန်ဆို ဒီမန်ကျည်းပင်ကလဲ ပင်ပျို ရွက်နုတွေဝေလို့ ခူးရောင်းလို့ ရတော့မှာပေ့ါ"

"ဩော် အဘွားက မန်ကျည်း တစ်ပင် အရင်းပြုပြီး ငွေစုမှာကိုး"

"ဟဲ့ တရုတ်ဖြူရဲ့ မင်းမသိဘဲနဲ့ မန်ကျည်းပင်နဲ့ ငွေစုလို့ ရမလား၊ ငါ့ မန်ကျည်းပင်က ရွှေပင်ကွဲ့၊ ရွှေပင်၊ အချိန်တန်ရင် ဒင်္ဂါးတွေ ပွင့်လာလိမ့်မယ် ကွဲ့"ဟု အားပါးတရပြောနေလေသည်။ အဘွား ဒေါ်ထွားမှာ ထူးဆန်းသည့် အလေ့အထများရှိသဖြင့် တစ်ရွာလုံးက သိုက်ကလာသူ၊ အစောင့်ရှိသူဟု ပြော နေကြသည်။

"ဟုတ်ကဲ့ အဘွား၊ ဒင်္ဂါးတွေ ရလာရင် ကျွန်တော်တို့ကိုလဲ ပေးဦး နော်" ဟု နောက်ပြောင်ပြောဆိုမိခဲ့ သည်။ အဘွားဒေါ်ထွားပေးလိုက်သည့် ဆေးမှုန့်ဖြင့် ဇနီးဖြစ်သူ၏ သွားကိုက် ရောဂါပျောက်သွားရလေသည်။ အဘွား ဒေါ်ထွား၏ ခင်ပွန်း ကွယ်လွန်ခဲ့ပြီး





www.burmeseclassic.com

www.burmeseclassic.com

(၁၀)နှစ်ကြာမှ သားဖြစ်သူ ကိုကျော်ခင်၏ဇနီးတွင် ကိုယ်ဝန်ရလာ၍ မြေးယောကျ်ားလေး မွေးဖွားလာခဲ့ခြင်း ဖြစ်လေသည်။

အဘွားဒေါ်ထား၏ ခင်ပွန်းမှာ လက်သမားဆရာကြီးဖြစ်သည်။ တရုတ်လူမျိုးဖြစ်သော်လည်း မြန်မာလိုပင်ဝတ်၍ မြန်မာလိုပင် ပြောဆိုနေထိုင်သူ ဖြစ်သည်။ တရုတ်တန်း "စံ" သမ္မန်ရုံတွင် လက်သမားခေါင်းဆောင်ဖြစ်ပြီး ၎င်း၏လက်ရာ သမ္မန်များမှာ ဝါးခယ်မ၊ ကျောင်းကုန်း၊ ရွှေလောင်း၊ မအူပင်၊ အိမ်မဲ နယ်တစ်ဝိုက်တွင် လူကြိုက်အများဆုံးဖြစ်လေသည်။ စပါးတင်း (၁၀၀)ဆံ့အရွယ်မှ စပါးတင်း (၁၀၀၀၀) ဆံ့အရွယ်ထိ ရေချိန်ကိုက်၊ ရွက်တိုက်၊ လှော်ခတ်ကောင်းအောင်တည်ဆောက်ပေးနိုင်သူ ဖြစ်သည်။ သားသမီး လေးဦးရှိပြီး ကျော်ခင်၊ ကျော်ရင်၊ မလှိုင်ကြွင်နှင့် ကျော်လွင်တို့ ဖြစ်ကြသည်။ သားသမီးများ အရွယ်ရောက်လာချိန်တွင် စပါးတင်း(၅၀၀)ဆံ့ သမ္မန်တစ်စီးထောင်ရန် သစ်စက်တွင် သစ်လုံးများ စိတ်ကြိုက်ရွေးချယ်ဝယ်ယူပြီး ကိုယ်တိုင် သစ်ဝင်ဆွဲရာမှ သစ်လုံးပိ၍ ရုတ်တရက်ကွယ်လွန်သွားခဲ့ရသည်။

အသုဘတွင် သားသမီးများ ငိုယိုနေကြသည်ကို လူအများရှေ့၌ အဘွားဒေါ်ထားက. . .

"ဟဲ့ နင်တို့ ငိုမနေကြနဲ့၊ နင်တို့အဖေက သေသွားတာ မဟုတ်ဘူး၊ တုံးသွားမဆွဲနဲ့လို့ ပြောထားတာ နားမထောင်လို့ ဒဏ်ပေးဖို့ ပြန်ခေါ်သွားတာ၊ နောက်(၁၀)နှစ်ဆိုရင် ပြန်လာမှာ" ဟု သားသမီးများကို မာန်မဲတားဆီးခဲ့သည်။

အဘွားဒေါ်ထားကမူ မျက်ရည်လည်း မကျ၊ မလှုမပရုပ်လည်း မဖြစ်၊ နေမြဲ စားမြဲအတိုင်းသာ ရှိနေခဲ့သဖြင့် တစ်ရွာလုံး အံ့သြခဲ့ကြရသည်။သားကြီး ကိုကျော်ခင်က လယ်ငါးမကကို ဝယ်ယူပြီး လယ်သမား ဖြစ်သွားသည်။ သားလတ် ကိုကျော်ရင်က တရုတ်တန်းကူးတို့ဆိပ်တွင် ကူးတို့သမ္မန်ခတ်သည်။ သမီးမလှိုင်ကြွင်နှင့် သားငယ် ကိုကျော်လွင်တို့ နှစ်ဦးမှာ အဘွားဒေါ်ထားချက်ပေးသည့် မုန့်ဟင်းခါးကို ဘောက်တူလှေငယ်တစ်စီးဖြင့် ဝါးခယ်မ မြစ်ရိုးတစ်လျှောက် လိုက်ရောင်းကြသည်။ သားသမီးများအားလုံးမှာ လက်သမားအလုပ်ကို မလုပ်ကိုင်ကြတော့ပေ။

"သားကြီး မင်းအဖေရဲ့ လက်သမား ပစ္စည်းတွေကို ယူမသုံးနဲ့နော်၊ မပျောက်အောင် သေသေချာချာသိမ်းထား" ဟူ၍လည်း မကြာခဏ ကိုကျော်ခင်ကို သတိပေးနေလေ့ရှိသည်။

"အမေ သား အောက်တောကို မဒမ ခုတ်လိုက်သွားမယ်" ဟု သားလတ် ကိုကျော်ရင်က ပြောသောအခါ အဘွားဒေါ်ထားက . . .

"အေး အေး အချိန်တန်နေပြီပဲ၊ မင်းလဲ သွားရပေတော့မပေါ့"

"အမေကလဲ အောက်တောတစ်ခေါက်လိုက်တာ လဝက်လောက်ပဲကြာမယ့်ဟာကို ပြန်မလာမှာကျနေတာပဲ"

"မင်းက ပြန်လာရတော့မှာမှ မဟုတ်ဘဲ၊ ငါ တားလို့လဲ မရမယ့်တူတူ တစ်ခါတည်းသာ မင်းအဝတ်အစားတွေ အကုန်ယူသွားပေတော့" ဟုပြော၍ လွှတ်လိုက်သည်။ အမှန်ပင် ကိုကျော်ရင်မှာ လှေသူကြီးသမီးနှင့် ညား၍ မဒမ လှေစီးရင်း အောက်တောတွင်သာ အခြေချသွားတော့သည်။

သမီးမလှိုင်ကြွင်နှင့် သားအငယ် ကိုကျော်လွင်တို့က အဘွားဒေါ်ထား၏ မုန့်ဟင်းခါးကို ရောင်းရင်းဖြင့် ကိုကျော်လွင်မှာလည်း ကူးတို့သူကြီးသမီး ဘုတ်ဆုံမနှင့် အိမ်ထောင်ကျသွားပြန်ကာ ယောက္ခမများ၏ ကူးတို့ဆိပ်တွင် ငွေသိမ်းဖြစ်သွားပြန်တော့သည်။ လှေလှော်ပေးမည့်သူမရှိတော့၍ မလှိုင်ကြွင်မှာ နေအိမ်တွင်ပင် မုန့်ဟင်းခါး ထိုင်ရောင်းရတော့သည်။ အဘွားဒေါ်ထားမှာ မုန့်ဟင်းခါးဟင်းရည်ကို သုံးမျိုးခွ[ဲ]၍ ညှပ်ခေါက်ဆွဲ၊ အသုပ်များပါ ကြိုက်ရာစားနိုင်အောင် ချက်တတ်သူ ဖြစ်သည်။ ငါးကျည်း၊ ငါးခူနှင့်သာ ချက်လေ့ရှိသည်။

ငါးကို ပြာလူး၍ ခြစ်ထုတ်၊ ဗိုက်ဖောက်ပြီးမှ ဆားနှင့် အိုးတက် ငံပြာရည်ခပ်ပြီး စပါးလင် အစည်းလိုက်ထောင်းထုထည့်ကာ ပြုတ်ထားလိုက်သည်။ ဆန်ကို နီရောင်ပေါက်အောင် လှော်၍ ဆုံဖြင့်ညက်အောင် ထောင်းထားသည်။ ကုလားပဲခြမ်းကိုလည်း ရေစင်စွာ အခွံမပါအောင်ဆေး၍ ဆားခတ်ပြီး နူးအိအောင် တည်ထားလိုက်သည်။ ငှက်ပျောအူကို ရခိုင်ငှက်ပျောပင်မှ အနုသားကိုသာယူ၍ လက်သန်းလုံးမရှိတရှိလှီးကာ တစ်ညရေစိမ်ထားပြီး ဆားခတ်၍ တစ်အိုးသတ်သတ်ပြုတ်လိုက်သည်။

ငါးအိုးနူးသည့်အခါချ၍ အသား များကို ဇွန်းဖြင့် ခြစ်ယူကာ ခေါင်းနှင့် အရိုးကိုထောင်း၍ သီးခြားထားသည်။ ငါးပြုတ်ရည်နှင့် ကုလားပဲခြမ်းတို့ကို တစ်ဖန်ရော၍ ပြုတ်ထားလိုက်ပြီး ငါး အသားများကို ဂျင်း၊ ကြက်သွန်ဖြူ၊ နနွင်းမှုန့်၊ ငရုတ်သီးအပွထောင်း၊အသား တို့နှင့် ဆီသတ်လုံးကြော် ကြော်လိုက် သည်။ ထွင်ပြီးသား ငါးအသား အနည်း ငယ်ဖြင့် ငရုတ်သီးအရှည်ထောင်း ဆီသတ်ကြော်ကာ ကုလားပဲခြမ်းအရည် ထည့်၍ ဟင်းရည်ကျဲတစ်အိုးချက်လိုက် သည်။ ငါးအရိုးထောင်းအား ဆားခတ် ၍ ရေဖြင့်ဆူအောင်တည်လိုက်ပြီး အရိုး များကို ပိတ်ပါးစဖြင့်စစ်ဖယ်၍ ငရုတ် ကောင်းစေ့ လေးစိတ်ကွဲထောင်းထာ ဟင်းခါးမကျတကျ ဟင်းချိုရည်တစ်အိုး တည်လိုက်ပြန်သည်။ ဆူလာသည် အချိန်ကျမှ ပြုတ်ထားသည့် ငှက်ပျော အူတို့ကိုထည့်၍ အပေါ့ အငန် အ တော်ဖြစ်အောင် အိုးတက် ငံပြာရ ကျိုချက်ပြီးသားကို ခပ်ကာ ချ လိုက်သည်။

www.burmeseclassic.com

နောက်ဆုံးတွင်မှ မုန့်ဟင်းခါး ဟင်းရည်အိုးကို ထည့်၍ ဆီသတ်နှပ်ထားသည့် ငါးချက်သားနှင့် ရောမွှေကာ ငါးပြုတ်ရည်နှင့် ကုလားပဲခြမ်းတို့ကို ဆက်လျက် ပဲခြမ်းအရည်ပျော်သည်အထိ ဆူပွက်အောင် တည်ထားလိုက်သည်။ အပေါ့ အငန် အနေတော်လောက်တွင် ဆန်အကျက်မှုန့်ကို ထည့်လိုက်ပြီး နှပ်ထားလိုက်တော့သည်။ ကြက်ဥ ဘဲဥကို ဆားရည်ဖြင့်ပြုတ်လိုက်ပြီး အခွံခွာကာ ဟင်းအိုးထဲသို့ အလုံးလိုက် ထည့်နှပ်ထားသဖြင့် အချိုအငံအရသာများ စိမ့်ဝင်ကာ မုန့်ဖတ်ဖြင့် နယ်စားရာတွင် အလွန်အရသာရှိလေတော့သည်။

ငရုတ်သီးမှုန့်၊ ငံပြာရည်၊ ဆီချက်၊ ကြက်သွန်ကြော်၊ နံနံပင်၊ ပူဒီနာပင်၊ ပဲမှုန့်တို့ကို သီးခြားပြင်ထား၍ စားသူအကြိုက် ရောစပ်ပေးလေသည်။ ကျည်းသီးအမှည့်ကို ရေဖြင့်ဖျော်ထားသည့် အချဉ်ရေကလည်း အချဉ်ကြိုက်သူများအတွက် အဆင်သင့်ပင်။

ဤသို့ဖြင့် အဘွားဒေါ်ထား၏ မုန့်ဟင်းခါးမှာ အချဉ်၊ အငံ၊ အစပ်၊ အပေါ့၊ အလေး၊ အသုပ်၊ ညှပ်ခေါက်ကြိုက်ရာစား။ ငှက်ပျောအူကြိုက်သူကို ဟင်းခါးအိုးမှ ငှက်ပျောအူနုနုလေးများ ခပ်ထည့်ပေး၊ အသုတ်ကြိုက်သူကို ဟင်းခါးဟင်းချိုဖြင့် ညှပ်ခေါက်ဆွဲစားသူကို ကုလားပဲဟင်းရည်ကြည်နှင့် မုန့်ဟင်းခါးဟင်းရည်ရောလျက် ခံတွင်းတွေ့အောင် ချက်တတ်သဖြင့် တရုတ်တန်း ဒေါ်ထားမုန့်ဟင်းခါးမှာ ဝါးခယ်မမြို့တစ်လျှောက် နာမည်ပေါက်ပြီးသားဖြစ်သည်။

"အဲမေရေ အိမ်မှာထိုင်ရောင်းရတာ နေ့တိုင်း မုန့်တွေကျန်နေတယ်၊ ဈေးလုပ်မှရမယ် ထင်တယ်"

"ဟဲ့ လှိုင်ကြင်၊ ငါ ချက်ပေးနေတာ အမြတ်များများကျန်အောင်မဟုတ်ဘူး စားတဲ့သူတွေ ကောင်းကောင်း စားရအောင် စေတနာဒါနလုပ်တာဟဲ့၊ ငါးတစ်ပိဿာချက်မှ ရောင်းမကုန်ရင် လဲ မုန့်ဟင်းခါး မရောင်းနိုင်တော့တယ်"

"ဒါဆို သမီးက ဘာဆက်ရောင်းရမှာလဲ အမေ"

"တို့ရွာသားတွေ ကလေးတွေ ဗိုက်လဲဝ၊ ဈေးလဲ သက်သာ၊ အာဟာရလဲဖြစ်မယ့် မုန့်ပျားသလက်ဖုတ် ရောင်းတာပေ့ါ ဟယ်"

ဤသို့ဖြင့် မလှိုင်ကြင်မှာ မုန့်ဟင်းခါးသည် ဘဝမှ မုန့်ပျားသလက်သည်ဘဝသို့ ပြောင်းသွားရပြန်သည်။ မုန့်ပျားသလက်ရောင်းရင်းဖြင့် မုန့်အမြဲဝယ်စားနေသူ အရှေ့စုမှ ကိုကျော်မြနှင့် အကြောင်းပါပြီး လိုက်သွားတော့ရာ အဘွားဒေါ်ထားမှာ သားကြီးကိုကျော်ခင်နှင့် နှစ်ဦးသာ ကျန်ခဲ့တော့သည်။ အိမ်တွင် လူနည်းသွား၍ဟု ဆိုကာ သားကြီးကိုလည်း အဘွားဒေါ်ထား ကိုယ်တိုင် ချွေးမရှာ၍ အိမ်ထောင်ချပေးလိုက်သည်။

"ကိုကျော်ခင်ရယ် ရှင့်လုပ်စာ ထိုင်စားနေရတာ ကျုပ် မျိုမကျပါဘူး"

"မင်းက ဘာလုပ်ချင်လို့တုံး မနှောင်းရဲ့"

"ကျုပ်လုပ်တတ်တာ မရှိတော့ ဈေးရောင်းတာပဲ လုပ်ရမှာပေ့ါတော်"

"ဟဲ့ သမီး မနှောင်း၊ ဈေးရောင်းတာ လွယ်တာမဟုတ်ဘူးကွဲ့၊ အရင်းအနှီးကလဲ့ လိုသေးတယ်၊ ဝါးခယ်မဈေးကြီးက ကုန်စုံဆိုင်ကြီးတွေနဲ့လဲ အဆက်အသွယ်လုပ်ရဦးမယ်၊ ဈေးသွားဝယ်၊ ပစ္စည်းသယ်၊ ပြန်ရောင်းဆိုတော့ သမီးတစ်ယောက်တည်း မနိုင်လောက်ဘူး"

"အမေ ဒါဆိုရင် ကူးတို့ဆိပ်တံတားထိပ်မှာ တဲထိုးပြီး အမေ့မုန့်ပျားသလက် ဖုတ်ရောင်းရင်ကော၊ ကျွန်တော့်လယ်က ငစိန်ဆန်ရနေတာပဲ"

"ကျုပ်မှ မုန့်မဖုတ်တတ်တာဘဲ ကိုကျော်ခင်ရယ်"

"ဟဲ့ အမေ သင်ပေးမှာပေ့ါ၊ အိမ်မှာလဲ မုန့်အိုးတွေ ရှိနေတာပဲ"

တရုတ်တန်း ကူးတို့ဆိပ်လမ်း၊ တာဘောင်ဘေးတွင် မနှောင်း မုန့်ပျားသလက်ဆိုင် ထွက်ဖြစ်လာတော့သည်။ အဘွားဒေါ်ထားက ချွေးမဖြစ်သူအား မြန်မာ့အာဟာရ မုန့်ပျားသလက် ဖုတ်နည်းကို အစမှအဆုံး လက်ထပ်သင်ပေးထားသဖြင့် မနှောင်း၏ မုန့်ပျားသလက်မှာ တစ်စတစ်စဖြင့် ဝါးခယ်မမြို့ပေါ်ရောက်သည်အထိ ကောင်းသတင်းထွက်လာတော့သည်။

ငစိန်ဆန်(သို့မဟုတ်) ဆန်ကွဲကို သန့်စင်ပြီး တစ်ညသိပ်ရေဆေး စိမ်ထားလိုက်သည်။ နောက်နေ့ကျမှ ကြိတ်ဆုံတွင် ကြိတ်၍ မုန့်ရည်ကို ဇင်ပိတ်အိတ်တွင်းထည့်ကာ အပေါ်မှ ကျောက်တုံးကလေးများဖြင့် ဖိသိပ်ထားလိုက်ရာ တဖြည်းဖြည်း ရေများစိမ့်ထွက်သွားပြီး မုန့်ဖတ်ခဲကြီးဖြစ်ကျန်ခဲ့သည်။ မုန့်လုပ်ထန်းလျက်ခဲကိုလည်း ကျို၍ ပိတ်ပါးဖြင့် စစ်ပြီး ထန်းလျက်ရည်လုပ်ထားရသည်။

နှမ်းစိမ်းကို မတူးအောင် လှော်ထားရသည်။ အုန်းသီးခြောက်ကို ခွဲ၍ အသားကို ဓားဖြင့်အကွင်းလိုက် လှီးထုတ်ယူပြီး ကွမ်းညှပ်ဖြင့် လက်တစ်ဆစ်ခန့်ပါးပါး ညှပ်ထားလိုက်သည်။ ဗိုလ်ကိတ်ပဲကိုလည်း သန့်စင်အောင်ဆေးကာ ဆားအနည်းငယ်ဖြင့် ရေခန်းအောင် ပြုတ်ထားလိုက်ရာ နူးအိသွားမှ ရေစိမ်းလောင်းဆေးပြီး အအေးခံထားသည်။

ဒန်အိုးတစ်အိုးတွင် မုန့်ဖြူကို ရေစပ်စပ်ဖြင့်ဖျော်၍ စားဆော်ဒါနှင့် ဆားထည့်ပြီး လက်ဖြင့် သမအောင်နယ်ချေကာ နှပ်ထားလိုက်သည်။ အခြားဒန်အိုးတစ်ခုတွင် မုန့်ဖြူအရည်နှင့် ကျိုထားသည့် ထန်းလျက်အရည်ကို အတူမွှေရောကာ မုန့်နီအိုးအဖြစ် စပ်ထားလိုက်သည်။ မီးဖိုပေါ်တွင် မုန့်ဖုတ် ဒယ်အိုးငယ်များကို မီးပြင်းတိုက်၍ တည်လိုက်ပြီး ဒယ်အိုးအတွင်းသား ထောပတ်သုတ်ဖတ်တံဖြင့် သုတ်ပေးလိုက်သည်။ မုန့်ဖြူရည်ကို ဦးစွာ ယောက်ချိုဇွန်းဖြင့် ခပ်၍လောင်းထည့်သည်။ အပေါ်မှ နှမ်းလှော် အနည်းငယ်ဖြူး၊ ဗိုလ်ကိတ်ပဲ





www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ်ဖြူးလိုက်ပြီး အုန်းသီးစိတ်သုံးလေးစိတ်ကို အပြားလိုက်တင်လိုက်ကာ စလောင်းဖုံးအုပ်၍ နှပ်ထားလိုက်သည်။ အငွေ့ထွက်၍ လာသည်နှင့် စလောင်းဖုံးကို ဖွင့်ကာ နှမ်းဆီဖတ်သုတ်တံဖြင့် ဖောင်းပွနေသည့် မုန့်မျက်နှာပြင်တစ်လျှောက် သုတ်လိမ်းပေးလိုက်ပြီး စလောင်းဖုံး ပြန်ပိတ်လိုက်သည်။ ဆီခြောက်သွားလောက်သည့် အချိန်ကို စလောင်းဖုံးဖွင့်၍ ကော်တန်ဖြင့် မုန့်ကိုကော်ထုတ်ယူလိုက်ပြီး မုန့်ဗန်းပေါ် တင်လိုက်တော့သည်။ အချို့လူများက ကြက်ဥနှင့် ဖုတ်ခိုင်းလျှင် မုန့်ဖြူအရည်တွင် ကြက်ဥဖောက်ထည့်သမအောင် ဇွန်းဖြင့်ခေါက်မွှေပြီးမှ အခံမုန့်အဖြစ် ဖုတ်ပေးလေသည်။ အနံ့သင်းပျံ့လျက် ချိုဆိမ့်အရသာဖြင့် အချို့လူများမှာ ထမင်းလွတ်ပင် စားကြသည်အထိ ကောင်းလှပေသည်။

အဘွားဒေါ်ထားမှာ နေအိမ်တွင် အလကားမနေ၊ ချွေးမ မုန့်လုပ်ရောင်းရန် လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်ပေးလေ့ ရှိသည်။

“အမေရယ် ကျွန်မ ဘာသာလုပ်နိုင်ပါတယ်၊ အမေ အပင်ပန်းခံပြီး ဝင်လုပ်မနေပါနဲ့နော်”ဟု ချွေးမက တားသော်လည်း . . .

“ဟဲ့ နင့်လက်နဲ့ ငါလက်နဲ့က တူတာမဟုတ်ဘူး၊ ငါက စေတနာဒါနပါတော့ မုန့်အရသာ ပိုကောင်းတာပေါ့ ဟဲ့”ဟု ပြောတတ်လေသည်။

ရွာထဲမှ ကလေးများ ဖျားနာလျှင်လည်း အဘွားဒေါ်ထားက အိမ်အရောက်လိုက်ကြည့်၍ ပြုစုပေးသည်။ ဓာတ်ရုံတန်ရုံဖြင့် ဆေးမသုံး။ လူးဆေး လိမ်းဆေး ရှူဆေးများဖြင့်ပင် ကောင်းသွားတတ်သည်။ အဘွားလက်သုံးဆေးအဖြစ် ပရိတ်ရေကိုသာ သုံးသည်။ ဒေသကတော့မှ သစ်ခုတ်ပြီး ပြန်လာကြသည့် ရွာဖျားမှ ဦးကျော်တို့ သားအဖမှာ ငှက်ဖျားမိလာကြသည်။ အဘွားက မီးမကင်ဆေးကို ကျွန်းသားပြုတ်ရည်ဖြင့် အဖျားတက်တိုင်း တိုက်ကျွေးရာ ငှက်ဖျားပျောက်သွားတော့သည်။

“အဘွားရေ ကျွန်တော့်ကလေး တစ်ညလုံး မအိပ်ဘူး၊ တအီအီနဲ့ ငိုနေတာ၊ နို့လဲ မစို့၊ ချော့လဲ မရဖြစ်နေလို့ လိုက်ကြည့်ပေးပါဦး အဘွား”

ရွာလယ်မှ ကိုဒေတာကျော်လာခေါ်သဖြင့် အဘွားဒေါ်ထား လိုက်သွားသည်။ (၆)လသား ကလေးငယ်ကို မိခင်ထံမှ တောင်းယူပွေ့ချီလိုက်ပြီးသည်နှင့် “နင်တို့ ကလေးက ဘာရောဂါမှ ဖြစ်တာ မဟုတ်ဘူးဟဲ့” ဟုဆိုကာ အဘွားလက်သုံးရေမန်းဖြင့် တောက်၍ မိခင်ကို ပြန်ပေးလိုက်ရာ ကလေးမှာ အငိုတိတ်သွားသည်။ မိခင်နို့အား မစို့ဘဲ ခေါင်းတရမ်းရမ်းဖြစ်နေသည်။

“တောကျော် နင့်ကလေးကို ဘယ်နေရာတွေ ခေါ်သွားသေးလဲ”

“တစ်နေ့က ညနေဘက်မှာ ယောက္ခမတွေအိမ် သွားလည်တာပဲ ရှိပါတယ် အဘွား”

“အေး နင်တို့ နောင်ကို ညနေဘက်တွေ ညဘက်တွေမှာ ကလေးကို ရွာထဲလျှောက်မခေါ်သွားနဲ့ကွဲ့၊ မာတြာဖမ်းတတ်တယ် သိလား၊ အခု နင့်သားလဲ မာတြာ ဝင်နေတာဟဲ့”

“မာတြာ ဖမ်းတယ်ဆိုတာ ဘာလဲ အဘွားရဲ့”

“မကောင်းဆိုးဝါး ရွာသူကပ်တာဟဲ့”

“ဟင် အဘွားရယ် ကောင်းအောင်လုပ်ပေးပါဦး၊ နောက်ကို ကျွန်တော်တို့ ဆင်ခြင်ပါ့မယ်”

စလောင်းဖုံးပေါ်တွင် ထမင်းနှင့်ဟင်းထည့်၍ မီးဖိုမှ မီးသွေးခဲ သုံးတုံးတင်ကာ ကလေးကိုယ်ပေါ် ခုနစ်ပတ်လှည့်လိုက်ပြီး “ကရှူး ကရှူး လာ လာမဒယာ၊ ရွာရှင် စားချင်သောက်ချင် ပူးဝင် ခိုကပ် ရပ်မနေနဲ့တော့ ထမင်းနဲ့ဟင်း စလောင်းတွင်း အပြည့်ထည့်သိပ်ပြီး ကျွေးပါတယ်၊ စားလှည့်ပါ၊ သောက်လှည့်ပါ” ဟု အဘွား ဒေါ်ထားက နှုတ်မှပြောဆိုပြီး အိမ်တံစက်မြိတ်အလွန် မြေကြီးပေါ် သွားချထားလိုက်သည်။ ဖယောင်းတိုင် တစ်တိုင်စိုက်၍ မီးညှိလိုက်ပြီးနောက် . . .

“မာတြာရွာရှင် စားသောက်ပြီးလျှင် နေရပ်ခွင်ကို အလျင်အမြန်ပြန်ပေတော့၊ ဖမ်းစားထားသည်များကိုလဲ နှုတ်ယူသွားပေတော့” ဟု အသံထွက်ပြောဆိုပြီး စလောင်းဖုံးနံဘေး မြေကြီးပေါ်သို့ သောက်ရေတစ်ခွက် လောင်းချလိုက်သည်။ ကလေးငယ်မှာလည်း ချက်ချင်းဆိုသလိုပင် မိခင်၏ နို့ချိုကို အငမ်းမရ စို့လေတော့သည်။ “ဖုဍ္ဍသ” ဂါထာကို (၇)ခေါက်ရွတ်ဆိုပြီး ကလေးငယ်ခေါင်းမှ ခြေထောက်ထိ သပ်ချလေလိုက်သည်။ ဤသို့ဖြင့်လည်း ကလေးများ အပေါ် စေတနာထားကာ လု...ပေးတတ်သဖြင့် အဘွားဒေါ်ထားကို... လေးစားအားထားကြခြင်း ဖြစ်ပေသည်။

“ကိုကျော်ခင် ခင်ဗျားအမေ... အဘွားဒေါ်ထားက သိုက်ကလာတဲ့ ... ဝင်စားဆိုတာ ဟုတ်သလားဗျ” ... ကိုတရုတ်ဖြူက ရွာတွင်း အသုဘအိမ်... တစ်ခုတွင် မေးလာသဖြင့် ကိုကျော်ခင်က . . .

“ဟုတ်မယ်ဗျ၊ သနပ်ခါးလဲ သိ... ကြိုက်တယ်၊ အမြဲ ခြေဆုံး ခေါင်းဆုံး လိမ်းလေ့ရှိတယ်၊ အမေ ပြောလိုက်ရင်... လဲ မှန်နေတာဗျ၊ ဖျားတာ နာတာလဲ မရှိဘူး၊ အဖေသေတုန်းက ကျုပ်တို့... မောင်နှမတွေ ငိုကြတော့ အမေက မငို... ကြနဲ့ (၁၀)နှစ်ကြာရင် နင်တို့ အဖေ... ပြန်လာမယ်လို့ ပြောထားတယ်၊ မြန်မာ... တိုင်းရင်းဆေးတွေလဲ နားလည်နေတယ်... သူ့အသက် (၇၅)နှစ်ကျမှ သေမယ်လို့... လဲ ပြောထားတယ်ဗျ”

“ဘယ်သိုက်က လာတာလဲလို့... မေးကြည့်ပါလားဗျ၊ သိုက်ကလာတဲ့... ဝင်စားတွေဆိုရင် ရွှေတွေ ငွေတွေ... တောင်းလို့ရတယ် မဟုတ်လား”

“မေးတာ မပြောဘူးဗျ၊ ငါ... လူဝင်စားဟဲ့လို့ပဲပြောတယ်၊ အမေ့မှာ...





www.burmeseclassic.com

www.burmeseclassic.com

...နှန်းအစ်ကလေး တစ်လုံးတော့ရှိတယ် ...ာ တစ်ခါမှ တောင်းကြည့်လို့ မရဘူး၊ ...တိုင်လဲ မခံဘူး၊ သူ့သေတ္တာထဲမှာပဲ ...သော့ခတ်ထည့်ထားတယ်၊ အထဲမှာ ...ဘာတွေရှိလဲလို့ မေးတော့ အခုတော့ ...ရှိသေးဘူး၊ နောက်တော့ ရှိလာမှာပေါ့ ...လို့ပဲ ပြောတယ်"

"အဘွား ဒေါ်ထားမှာ ထူးခြား ...ဘာတွေကော မတွေ့ဘူးလားဗျ"

"လပြည့်လကွယ် ဥပုသ်နေ့တိုင်း ...အိမ်က ဘုရားမှာပဲ သီလယူတယ်ဗျ၊ ...ဘုန်းကြီးကျောင်းခေါ်လို့ မရဘူး၊ ...နောက်ပြီး သော်ကဘုရားကြီးဆီကို ...ဘုရားဖူးခေါ်တိုင်း မလိုက်ဘူးဗျ၊ သား ...ကြီး ငါးကြီးလဲ မစားဘူးဗျ၊ သော်ကပန်း ...ကိုတော့ သိပ်ကြိုက်တာဗျာ၊ အဲဒါတွေ ...လောက်ပဲ ထူးခြားတာပဲဗျ"

"လူဝင်စားဆိုရင်လဲ အရင်ဘဝ ...က အကြောင်းတွေကော ပြောမပြဘူး ...လားဗျ"

"တစ်ခါမှ ပြောမပြပါဘူးဗျာ၊ ...ကျုပ်တို့ မောင်နှမတွေကလဲ မေး ...ကြည့်ကြပါဘူး၊ အခု ကျုပ်တို့လဲ အိမ် ...ထောင်တွေကျကုန်ကြပြီဆိုတော့ ပိုပြီး ...မေးဖြစ်ကြတော့ဘူးပေါ့၊ အမေက ...ကျုပ်ဆီမှာပဲ နေမယ်၊ ကျုပ်ဆီမှာပဲ ...သေမယ်လို့ ပြောထားတာပဲ ရှိတယ်ဗျ"

"သော်က ဘုရားကြီးကို ဘုရား ...ဖူးလိုက်တာ အကြောင်းရှိလို့ နေမှာ ...ပါဗျာ"

"အမေ ပြောတာကတော့ အဲဒီ ...သော်ကဘုရားကြီးဟာ ရှေးမြန်မာမင်း ...များ လက်ထက်၊ မြောင်းမြမြို့စားမင်း ...ကြီးနဲ့ သမီးတော် ဥမ္မာဒန္တီမင်းသမီးဟာ ...သားကုန်သည် လူငယ် ပဋိက္ကယား ...ဆိုသူနဲ့ ရည်ငံမိကြတယ်တဲ့၊ မြို့စားမင်း ...ကြီးက လူမျိုးခြားမို့ သဘောမတူဘူး၊ ...ဒါနဲ့ သူတို့နှစ်ဦး ထွက်ပြေးကြတာ ...အရပ် ရောက်လာတယ်၊ နောက်က ...မြို့စားမင်းကြီး စေလွှတ်လိုက်တဲ့ တပ် ...တလဲ ထက်ကြပ်လိုက်လာတယ်တဲ့၊ ...အဲဒါနဲ့ ဝါးတောကြီးထဲ ပြေးဝင်ကြပြီး မြစ်တစ်ဖက်ကမ်းကူးလို့ သော်ကပန်း ချုံတောထဲ ဝင်ပုန်းနေလိုက်ကြလို့ လွတ်မြောက်သွားကြတယ်၊ ဒါကြောင့် ဝါးတောကြီးက ကယ်မလိုက်လို့ ဒီနေရာကို ဝါးကယ်မရွာလို့ အမည်ပေးပြီး မင်းသမီးက သူ့ရဲ့လက်ဝတ်ရတနာတွေကို အမိဋ္ဌာန်တင်ပြီး မြှောက်ပစ်လိုက်ရာ သော်ကပန်းချုံပေါ် သွားတင်နေသတဲ့၊ အဲဒီနေရာမှာ လက်ဝတ်ရတနာတွေကို ဌာပနာပြီး မင်းသမီးနဲ့ ချစ်သူနှစ်ဦးက သစ္စာတိုင်တည် စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြတယ်၊ စိတ်သောကတွေခံစားနေကြရတာမို့ ဘုရားဘွဲ့တော်ကိုလဲ သောကဘုရားလို့ အမည်ပေးခဲ့တယ်၊ အရှိမေတ္တေယျမြတ်စွာဘုရားကိုရည်မှန်းပြီး လက်ဝတ်ရတနာတွေကို လှူခဲ့တာမို့ မင်းသမီးတို့ အားလုံးဒီဘုရားကြီးမှာပဲ အစောင့်တွေ ပြန်ဖြစ်နေကြတယ်၊ အဖေနဲ့ အမေတို့လဲ မိဘတွေ သဘောမတူကြလို့ အဲဒီသော်ကဘုရားကြီးမှာ သွားသစ္စာဆိုပြီး ခိုးပြေးလာကြတာလို့ ပြောတယ်ဗျ၊ အဲဒီဘုရားကြီးမှာ လူမျိုးခြားချစ်သူတွေ သစ္စာဆိုဆုတောင်းရင် ပေါင်းသင်းကြရတယ်၊ အမေက နောက်တစ်ကြိမ် ဆုတောင်းစရာမရှိတော့လို့ အဲဒီဘုရားကို မသွားတာလို့ ပြောပြတာပဲ၊ ဒါနဲ့ ကျုပ်တို့လဲ ဝါးကယ်မက ဝါးခယ်မ၊ သောက က သော်ကလို့ ကာလရွေ့လျောပြီး ပြောင်းခေါ်လာကြတာလို့ မှတ်ထားပြီး အမေ့ကို ဘုရားဖူး မခေါ်တော့ပါဘူးဗျာ"

"အေးဗျာ ကိုကျော်ခင် အမေ အဘွား ဒေါ်ထားက ထူးဆန်းတဲ့ အဘွားပဲနော်"

ကိုကျော်ခင်၏ ဇနီး မနှောင်းမှာ မုန့်တဲတွင် နံနက်ထမင်းစားပြီး ၁၀ နာရီမှ ညနေ ၃/၄ နာရီအထိ မုန့်လုပ်ရောင်းရသည်ဖြစ်ရာ အိမ်ထောင်သက် တစ်နှစ်ခွဲခန့်တွင် ပျို့ချင်အန်ချင် စားမဝင် ဖြစ်လာလေသည်။ မီးပူဟပ်၍ အညောင်းမိပြီး ရာသီသွေးထိမ်နေသဖြင့် ယောက္ခမအားဖွင့်ပြော၍ ရာသီပေါ်၍ အညောင်းပြေ အပူကျစေရန် ဆေးတောင်းလေသည်။ အဘွားဒေါ်ထားက ချွေးမဖြစ်သူအား သေချာစွာ ကြည့်ရှုလိုက်ပြီး. . .

"ဟဲ့သမီး ညည်းဒီလို ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ"

"တစ်ပတ် (၁၀)ရက်လောက်တော့ ရှိတော့မယ် အမေ"

"သမီး အဲဒီရက်တွေရဲ့ အစောပိုင်းက ထူးထူးဆန်းဆန်း အိပ်မက်တွေဘာတွေ မမက်ဘူးလားကွဲ့"

"အရင် အရက် (၂၀)လောက်ကတော့ အိပ်မက်ထဲမှာ သမီးမုန့်ဆိုင်ကို မင်းသားလိုအဝတ်နဲ့လူကြီးတစ်ယောက် တောင်ဘက်ကားလမ်းပေါ်က လျှောက်လာပြီး ဒီမုန့်ကို စားချင်နေတာ ကြာပြီ၊ အခုမှပဲ လာလို့ရတော့တယ်လို့ ပြောပြီး ဝင်လာတယ်အမေ၊ နောက်ပြီး ဗန်းပေါ်က မုန့်တွေကို တစ်ချပ်ပြီး တစ်ချပ် ယူစားနေတော့တာပဲ၊ လုပ်ပြီးသား မုန့်တွေ ကုန်သွားတော့ မုန့်ဖိုးကို မယ်ထားဆီမှာ တောင်းပြီးပေးမယ်၊ ငါ အိမ်က ပြန်စောင့်နေမယ်ပြောပြီး ဆိုင်ထဲက ထွက်သွားတယ်၊ သမီးလဲ အံ့အားသင့်ပြီး လိုက်ကြည့်နေတာ သမီးတို့အိမ်ရှေ့ ရောက်တော့ ပျောက်သွားတယ်လို့ မက်တာ၊ သမီးက မုန့်တွေရောင်းကောင်းလို့ စိတ်စွဲပြီး မက်ဘာထင်တာနဲ့ အမေတို့ကို ပြောမပြခဲ့တာပါ၊ အဲဒီအိပ်မက်ပဲ ထူးခြားတာရှိတာပဲ အမေ"

"အေး အေး၊ မှန်းစမ်း သမီး" ဟုပြော၍ မနှောင်း၏ လက်ကိုကိုင်ပြီး လက်ကောက်ဝတ်သွေးစမ်းကြည့်သည်။ မျက်စိဖြဲကြည့်လိုက်၊ နဖူးဆံစပ် သပ်ကြည့်လိုက်၊ ခြေချောင်း၊ လက်ချောင်းများကို ကြည့်လိုက်လုပ်ပြီး ပြုံးပြုံးဖြင့်-

"သမီးမှာ ဘာရောဂါမှ မဖြစ်ပါဘူးအေ၊ ကိုယ်ဝန်ရှိလာတာပါအေ၊ သူ ပြန်လာပြီပေါ့၊ အင်း အချိန်လဲနီးလာပြီကိုး"

"သူ ပြန်လာပြီဆို ဘယ်သူ့ကို ပြောတာလဲ အမေ၊ အချိန်နီးလာတာက





www.burmeseclassic.com

www.burmeseclassic.com

ကော ဘာဖြစ်လာမှာလဲ အမေရယ်၊ ကိုယ်ဝန်ရှိတာ မှန်ရင်တော့ ကိုကျော်ခင် ဝမ်းသာမှာပဲ အမေ"

"အေး၊ သားကြီးကို ညကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့၊ သမီးဘာမှ စိတ်ပူမနေနဲ့၊ နောက် (၁၀) ရက်လောက်နေရင် အားလုံးကောင်းသွားမှာပါ၊ အစားအသောက် ပျက်တာ မမှုတာပဲအေ၊ ကြိုးစားပြီးသာ စားပေး၊ သန္ဓေတည်စ ဆိုတော့ သွေးက စားတာလဲ ပါတာပေါ့၊ ကလေးအတွက် အာဟာရဖြစ်အောင် ကြိုးစားပြီး စားပေးရမယ်ကွဲ့၊ သမီး ချဉ်ခြင်းတပ်တာ ရှိရင်လဲ အမေ့ကို ပြော၊ အမေ လုပ်ပေးမယ်"

"သမီး အခု အညှီအဟောက်တွေ မစားချင်ဘူး အမေ၊ အနံ့လဲ မခံနိုင်ဘူး၊ အသီးအနှံတွေပဲ စားချင်နေတယ်၊ ထမင်းဆီဆမ်းကို ငှက်ပျောသီးနဲ့ စားချင်နေတယ် အမေ"

"အေး အေး၊ အမေ နံ့သာပုသီးနဲ့ ထမင်းဆီဆမ်းလုပ်ပေးမယ်၊ အာသာပြေအောင်တော့ စားပေါ့၊ လရင့်လာရင်တော့ ငှက်ပျောသီးချည်း စားလို့ မဖြစ်ဘူး၊ ကလေးသိပ်ထွားရင်လဲ မွေးရဖွားရ ခက်တတ်တယ်၊ ကလေးကျန်းမာအောင် အသားငါးတွေ စားပေးရတယ် သမီးရဲ့"

ညရောက်သည့်အခါ အဘွားဒေါ်ထားက သားနှင့် ချွေးမတို့ နှစ်ဦးစလုံးအား . . .

"ကဲ သားကြီးတို့ နှစ်ယောက်စလုံး နားထောင်၊ အခု သမီးမှာ သန္ဓေခံနေတာ မင်းတို့ရဲ့ အဖေပဲ၊ အရင်ဘဝကတော့ ကံမကောင်း အကြောင်းမလှလို့ လူမျိုးခြား ဝမ်းထဲသွားဝင်ခဲ့ရတယ်၊ အခုတော့ ဝဋ်ကြွေးလဲ ကျေလောက်ပြီမို့ သမီးဝမ်းမှာ လာဝင်နိုင်တာပဲ၊ အမေတို့ရဲ့ နောက်ဆုံးမျိုးဆက်ပဲ၊ သူ့ကို အကြောင်းပြုလို့ ကောင်းမှုလုပ်နိုင်တော့မှာမို့ ဝမ်းသာကြပေတော့၊ မြေးဦး ယောကျ်ားလေးမို့ အမေကိုယ်တိုင် ရှင်ပြုပေးမယ်၊ အဲဒါ သားတို့ ကြည်ကြည်ဖြူဖြူ ခွင့်ပြုပေးကြပါနော်"

"အမေကလဲ အခုမှ သန္ဓေတည်စရှိသေးတယ်၊ ယောကျ်ားလေးလား မိန်းကလေးလား ဘယ်လိုလုပ်သေချာသိမှာလဲ၊ မွေးလာမှ သိတော့မှာပေါ့၊ မိန်းကလေးဆိုရင် ဘယ်လိုလုပ်မှာလဲလို့"

"အေးပါ၊ အမေပြောတာ သဘောတူ၊ မတူသာ အရင်ပြောပါ၊ နောက်မှ မင်းတို့ ရှင်ဒကာ လာလု မနေကြနဲ့"

"အမေ့သဘော၊ အမေ့သဘော၊ ယောကျ်ားလေးသာ ဖြစ်ပါစေ"

"ယောကျ်ားလေးမှ ယောကျ်ားလေးအစစ်ကွဲ့၊ အားကောင်းမောင်းသန် မြန်မာပြည်သား မတစ်ထောင် တစ်ကောင်ဘွားအာဇာနည်ယောကျ်ားပေါ့"

"ဒါနဲ့ အမေက ရှင်ပြုပေးမယ်ဆိုတော့ အမေ့မှာ ငွေရှိလို့လားလို့"

"ဒါတွေ ပူမနေနဲ့ ရွှေရှိရင် ငွေရှိတာပဲ"

"အဲဒီ ရွှေတွေက ဘယ်မှာလဲ အမေရဲ့၊ အမေ့ ယွန်းအစ်ထဲမှာလား"

"အေး အခုတော့ မရှိသေးဘူး၊ အချိန်ရောက်တော့ ရှိလာလိမ့်မယ်၊ အဲဒါ မင်းတို့ ပူမနေနဲ့၊ သူတို့ ကတိအတိုင်း ပေးကြမှာပဲ၊ အမေလဲ ကိုယ့်ကတိအတိုင်း မပျက်အောင် လုပ်ရမှာပဲ၊ မင်းတို့လဲ ကတိမပျက်ကြနဲ့ပေါ့"

"သူတို့ဆိုတာ ဘယ်သူတွေလဲ အမေ၊ အမေတို့ ထားခဲ့ကြတဲ့ ကတိတွေက ဘယ်လို ကတိတွေလဲဟင်"

"အချိန်တန်တော့ သားတို့ သိရမှာပေါ့၊ ခုတော့ အချိန်မကျသေးလို့ ပြောလို့ မရဘူးကွဲ့၊ အမေ ပြောတာတွေပဲ မှတ်ထားကြပေါ့ကွယ်"

"အမေကလဲ ကျွန်တော်တို့တောင် ဒီအရွယ်တွေရောက်ကုန်ကြပြီ၊ တစ်ခါမှ ရှင်းရှင်းလင်းလင်း မပြောပြဘူး၊ သားအမိအရင်းတွေပဲ ဟာကို"

"အေး ရှေးပညာရှိ သူတော်ကောင်းတွေက ဆုံးမထားတယ်၊ စကားကို အရမ်းကာရော မပြောရဘူးတဲ့၊ ကြို လဲ မပြောနဲ့၊ လွန်ပြီးလဲ မပြောနဲ့၊ အချိ တန်ဆန်ခပ် ပစ္စုပ္ပန်တည့်တည့်မှာသာ ရပ်ပြီး မှန်တဲ့စကားကိုသာ ပြောပါတဲ့ အဲဒါမှ သစ္စာစကားတဲ့"

အဘွားဒေါ်ထားက ချွေးမဖြစ် သူအတွက် နေ့စဉ်ရက်ဆက်ပင် စားချ သည်များကို ကိုယ်တိုင်လုပ်ကိုင်ပေးသေ သည်။ သားဖြစ်သူအား ဆင်တုံးမန္တ ဥကို အရှာခိုင်းသည်။ ရလာသည့်အခါ ချွေးမကိုယ်ဝန်သည်အတွက် ခေါင်းအုံ အိပ်ရန် ခေါင်းအုံးတုံးလုပ်ပေးပြီး အ သားများကို ပါးပါးလှီး၊ အခြောက်လှန်း အမှုန့်ထောင်း၍ ပျားရည်နှင့် ပုလင်းထဲ ထည့်စိမ်ထားစေသည်။

"အမေက အသက်ရှည်ဆေး ဖော်မလို့လား" ဟု ကိုကျော်ခင်က မေး သည်ကို . . .

"မင်းမိန်းမက နေ့တိုင်း မီးပူဟာ ခံနေရတာ၊ ခန္ဓာကိုယ်ထဲက အပူဒိုး ထွက်ပြီး အာရုံကြောဖြေလျှော့အောင် ခေါင်းအုံးအိပ်ခိုင်းရတာ၊ ဆင်တုံးမန္တ က အပူစုပ်တယ်ကွဲ့၊ အမှုန့်ကို ပျားရည် နဲ့ စိမ်ထားတာ အခိုးသတ်တာပေါ့ (၄၅)ရက်ကြာရင် စားလို့ရပြီ၊ အဲဒါ အစာကြေချက်အားလဲ ကောင်းတယ် လေလဲ ကြေတယ်လေ၊ ကလေးအတွက် လဲ လေဆန်နာ မဖြစ်တော့ဘူးပေါ့ မီးတောက်ဥနဲ့ မမှားအောင်တော့ စိုက်ရတယ်နော်၊ အပင်မမြင်ရင် ဥ က တူတော့မှားတတ်တယ်၊ အသ ရှည်ဆေးက သူ့ချည်းပဲဖော်လို့မရပါဘူး အသက်ကြီးရင် ဆင်စီးရတယ်ဆို တစ်သမတ်တည်းမှတ်ယူလို့ မရဘူး အခိုးသေအောင် မသတ်ရင် ဒုက္ခ တတ်တယ်" ဟု ရှင်းပြသည်။

ချွေးမအား မွေးဖွားရ လွယ် အောင် မီးယပ်ချမ်းမထအောင် အ အရေ ကြည်လင်အောင် နနွင်းမှုန့် ပျားကြီးရည်အားစိမ်၍ နေ့စဉ် ဟင်း ဇွန်းဖြင့် တစ်ဇွန်းတိုက်သည်။ လည်း ချွေးမအား ငါးပါးသီလ



www.burmeseclassic.com

www.burmeseclassic.com

ရှိခိုး၊ မေတ္တာသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်သုတ်၊ ပဌာန်းဇယမန္တန် တို့ကို နှုတ်တိုက် သင်ပေး ရွတ်ဆိုစေသည်။ ကိုယ်ဝန် (၄)လရှိသည့်အခါ မုန့်မရောင်းစေတော့ပဲ အိမ်မှုကိစ္စအဝဝ ဗာဟီရမျှသာ ပေါ့ပေါ့ပါးပါးလုပ်ကိုင် စေခြင်းဖြင့် စောင့်ရှောက်ခဲ့ရာ (၁၀)လ ပြည့်သည့် ရက်တွင်ပင် သားယောကျ်ား လေးလွယ်ကူစွာ မွေးဖွားလာခဲ့ပေသည်။

လက်သည် ဒေါ်မိတင်မှ. . .

"ဟဲ့ ကျော်ခင်၊ သားယောကျ်ားလေးတော့် တစ်လုံးတစ်ခဲကြီးဟယ်၊ ဒါပေမဲ့ သားဦးစနေ မီးလိုမွေ့တဲ့၊ ဒီကနေ့က စနေနေ့၊ အခု မွန်းတည့်ချိန်မှာ ဖွားတာဆိုတော့ နင်တို့ကို မခိုက်အောင် ဓားထမ်းပြီး ကလေးကို လာကျော်ဟဲ့" ဟုကလေးအား ယူလာပေးလေသည်။ အဘွားဒေါ်ထားက. . .

"ဟဲ့ ဟဲ့ ဘာတွေ မဟုတ်တာ ပြောတာလဲ၊ ပေး ပေး ကလေးကို ငါ့ကိုပေး၊ စနေသား အထွန်းဖွားဟဲ့၊ အာဂယောကျ်ား၊ မတစ်ထောင် တစ်ကောင်ဘွား၊ ဗျာဒိတ်ခံသားဟဲ့၊ သားကြီး မားမတိုင်နဲ့ သာသနာ့အလံတိုင်ကို ဘုရားစင်မှာ ခိုင်အောင်စိုက်လိုက်စမ်း၊ စနေသား ဘုရားဟန္တာတွေ အများကြီးပဲ ပွင့်ခဲ့တာ၊ ဇာတာစန်းလဂ်၊ ဂြိုဟ်ထွက်ဂြိုဟ်ဝင်၊ နက္ခတ်အမြင် မသိဘဲ လေ့နံဓားထစ် မလုပ်ကြနဲ့ဟဲ့"

ဟုဆိုကာ ကလေးအား ပွေ့ချီ၍ ဘုရားစင်ရှေ့တွင် စိန္တာမဏိမန္တန်ရွတ်ဆို ဘုရားကန်တော့နေလိုက်သည်။

ယင်းအချိန်ကစ၍ ကလေးအား ချက်စိဒ္ဒေါက်မှ အပျောက်မခံတော့ပေ။ ကလေးအမည်ကိုလည်း မောင်နိုင်အောင်ဟူ၍မှည့်လိုက်သည်။ မောင်နိုင်အောင်လေး (၅) နှစ်သားအရွယ် ရှာကျောင်းစထားသည့်နေ့တွင် အဘွားဒေါ်ထားမှ အိမ်ရှေ့ခြံစပ်အတွင်း မန်ကျည်းပင်စိုက်ခဲ့ခြင်း ဖြစ်ပေတော့သည်။

မြေးနှင့် အဘွားနှစ်ဦးသားတို့မှာ ညနေတိုင်း အိမ်ရှေ့မှ မန်ကျည်းပင်ကို ရေလောင်းပေါင်းသင်ဖြင့် မောင်နိုင်အောင် (၁၀)နှစ်သား အရောက်၌ အဘွားဒေါ်ထားက သားနှင့် ချွေးမတို့အား. . . "ကဲ သားကြီးနဲ့ သမီး၊ မြေးတော်လေး မောင်နိုင်ကို ရှင်ပြုဖို့ အချိန်ရောက်ပြီ"

"အမေရယ် ဒီနှစ်ရေဆိုးမကောင်းလို့ လယ်က စပါးလဲ အထွက်ဆုတ်တယ်၊ သားကလဲ သင်္ကန်းမနိုင်သေးတော့ (၁၅)နှစ် အရွယ်ရောက်မှ ရှင်ပြုပေးချင်တယ်"

"မင်းတို့ကို အမေ အစောကြီးကတည်းက ပြောထားခဲ့တယ်လေ"

"ဟုတ်ပါတယ် အမေရယ်၊ ကျွန်တော်တို့ ကတိမဖျက်ပါဘူး၊ သားလေး သင်္ကန်းနိုင်တဲ့ အရွယ်ရောက်အောင် စောင့်ဖို့ပဲ ပြောတာပါ"

"အေး အခု အချိန်ရောက်ပြီ၊ ဟိုးတုန်းက ပြောခဲ့တဲ့အတိုင်း သားတို့ကို အသိပေးတော့မယ်၊ မင်းတို့ အဖေနဲ့ အမေနဲ့က သခင်မ ဉမ္မာဒန္တီရဲ့ လက်ရုံးတော် သက်တော်စောင့်နဲ့ ရံရွေတော်ပဲကွဲ့၊ လူ့ဘဝကို ကုသိုလ်ပြုဖို့ လာကြရတာပဲ၊ အမေက အသက်(၇၅)နှစ်မှာ အရိမေတ္တေယျဘုရားရှင်ရဲ့ သာသနာကို ရည်မှန်းပြီး ရှင်ပြု အလှူလုပ်ပေးဖို့ ကတိထားခဲ့ရတယ်၊ မင်းအဖေကတော့ အရင်ဘဝက လူမျိုးခြားဝမ်းမှာ သွားဝင်စားရလို့ ရှင်ပြု မခံခဲ့ရဘူး၊ ဒါကြောင့် အခုပြန်လာပြီး မင်းတို့ဝမ်းမှာ ဝင်စားလာရတာ၊ ရှင်ပြုခံဖို့ပဲ၊ သူက ဒီဂေါတမ သာသနာမှာ ခန္ဓာ့အဘိဓမ္မာ ကမ္မဖလတရားနဲ့ သာသနာတော်အား ကောင်းသောအထောက်အကူဖြင့် သာသနာပြုဖို့ ဆုတောင်းရှိခဲ့သူဖြစ်တယ်၊ အခု အမေလဲ အသက် (၇၅) နှစ်ထဲရောက်ပြီ ပြန်သွားရတော့မယ်၊ ဒါကြောင့် မြေးတော်လေးကို ဒီနှစ်ထဲမှာပဲ ရှင်ပြုပေးရလိမ့်မယ်ကွဲ့၊ အဲဒီအလှူအတွက် သားကြီးတို့ ပူပန်ဖို့မလိုပါဘူး၊ သခင်မတို့ဆီက အလှူအတွက် လုံလောက်အောင် ပေးလိမ့်မယ်"

"အမေရယ် ဒါဆိုရင် အမေတို့ သားလေး မောင်နိုင်ကို ရှင်ပြုပေးပါ၊ အမေတော့ ပြန်မသွားပါနဲ့၊ အမေ ပြန်မသွားရအောင် ဆရာရှာပြီး တားမယ်"

"မလုပ်နဲ့သားကြီး မရဘူး၊ အမေတို့က ဆုပန်ပြီးသားတွ ဖြစ်နေကြပြီ၊ အရိမေတ္တေယျ မြတ်စွာဘုရားရှင် ပွင့်တော်မူလာတဲ့ထိ စောင့်ကြရတော့မယ်၊ ကိုယ့်ဆုတောင်းနဲ့ ကိုယ်ပဲလေ၊ သံသရာရေလျှဉ်ကြောမှာ မျောချင်တိုင်းမျောပါပြီး ဘဝအဖုံဖုံ ဒုက္ခတွေ အစုံ မခံပါရစေနဲ့တော့၊ လူ့ဘဝ တစ်ခဏတာတွေ့ဆုံကြုံကြိုက်ရတဲ့အခိုက် ကုသိုလ်အမြိုက်ကိုပဲ ရသလောက် နှိုက်ယူကြရမှာ၊ လူဖြစ်လာတာ ကုသိုလ်ယူဖို့ပါ။ သားတို့ သမီးတို့ ကျေကျေနပ်နပ်နဲ့ ခွင့်ပြုလိုက်ကြပါကွယ်"

မောင်နိုင်အောင်အား ရွာဦးကျောင်းသို့ ပို့အပ်၍ သင်္ကန်းတောင်းနှင့် ရှင်ကျင့်ဝတ်၊ ပရိတ်ကြီးတို့ကို သင်ကြားစေတော့သည်။ တစ်လခန့် ကြာပြီးနောက် မောင်နိုင်အောင်က . . .

"အဘွား သား သင်္ကန်းတောင်းရော ရှင်ကျင့်ဝတ်ရော၊ ပရိတ်ကြီး (၁၁) သုတ်ရော အကုန်ရပြီ" ဟုဆိုကာ ရွတ်ဆိုပြလေသည်။ အဘွားဒေါ်ထားလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မြေးဖြစ်သူကို ဒါမှ အဘွားမြေး၊ ဒါမှ အဘွားမြေးဟု ပြောကာ ဖက်ကာ ဖက်ကာ ပါးနှစ်ဖက်ကို နမ်းပြီး အိမ်ခန်းထဲ ခေါ်သွားသည်။

"မြေးလေး ဒါမြေးလေးကို ရှင်ပြုဖို့ အဘွားသိမ်းထားခဲ့ရတာ"

"အဘွားရဲ့ ယွန်းအစ်ထဲမှာ ဘာတွေရှိလို့လဲ အဘွားရဲ့"

"ဒီမှာကြည့်" ဟုဆိုကာ အဘွားဒေါ်ထားက သေတ္တာတွင်း သော့ခတ်သိမ်းထားသည့် ယွန်းအစ်အဖုံးကို ဖွင့်ပြလိုက်သည်။

"ဟင် . . . အဘွားဟာတွေက မန်ကျည်းစေ့တွေပဲ၊ ဘာလုပ်ရမှာလဲ အဘွားရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"မြေးလေး မနက်စောစော ကျရင် အဘွားနဲ့ အိမ်ရှေ့က မန်ကျည်း ရွက်တွေ ခူးရအောင်နော်"

"အဲဒီ မန်ကျည်းရွက်တွေခူးပြီး ဘာလုပ်ရမှာလဲ အဘွား"

"မြေးလေးကို ရှင်ပြုဖို့ သွား ရောင်းကြမယ်လေ"

နံနက်နေထွက်သည်နှင့် မြေး အဘွားနှစ်ယောက် မန်ကျည်းပင်ပျိုမှ မန်ကျည်းရွက်နုများကို ခူးပြီး ငှက်ပျော ရွက်ဖြင့် အထုပ်ငယ် (၂၇)ထုပ်ရအောင် ထုပ်နေကြတော့သည်။ စကောထဲတွင် မကျည်းရွက်ထုပ်များထည့်လိုက်ပြီး ယွန်းအစ်အားတင်၍ မြေးအဘွားနှစ် ယောက်ရွာထိပ်သို့ လက်တွဲ၍ လျှောက် သွားကြသည်။ ရွာအလွန် အိမ်ပြတ် သည့် တောစပ်ရောက်သည့်အခါ. .

"အဲဒီက မန်ကျည်းရွက်နုတွေ အခု လာဝယ်ကြတော့ဟေ့၊ အချိန်ကျ ပြီမို့ လှူရတော့မှာတော့်"

ဟု မတိုးမကျယ်အော်လိုက်ပြီး စကောကို ခေါင်းပေါ်မှ မြေပြင်ပေါ်သို့ ချလိုက်သည်နှင့် အမျိုးသမီး၊ အမျိုးသား များ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကာ မန်ကျည်းရွက်ထုပ်များ ကို တစ်ထုပ်၊ နှစ်ထုပ်၊ အချို့က ၄/၅ ထုပ်ယူကြသည်။ အဘွားဒေါ်ထားက တစ်ထုပ်ယူသူကို မန်ကျည်းစေ့တစ်စေ့၊ နှစ်ထုပ်ယူသူကို နှစ်စေ့၊ ၄/၅ထုပ်ယူ သူကို ၄/၅စေ့ ပေးလိုက်ရာ ၎င်းတို့မှ ယွန်းအစ်ထဲသို့ ရွှေဒင်္ဂါးပြားများ ပြန် ထည့်ပေးသည်။ တစ်ခဏချင်းပင် မန်ကျည်းရွက်ထုပ်လည်းကုန်၊ ယွန်းအစ် ထဲမှ မန်ကျည်းစေ့လည်းကုန်ပြီး ရွှေဒင်္ဂါး ပြားများ ပြည့်သွားတော့သည်။

"မြေးလေးရေ၊ လုံလောက်ပြီ ပြန်ကြစို့"

"ကဲ တော်တို့ကို ကျုပ် အလှူ လုပ်ပြီးရင် လာအမျှဝေမှာမို့ စောင့်မျှော် နေကြနော်၊ သခင်မကိုလဲ ပြောလိုက် ပါ၊ ကျုပ် ကတိအတိုင်း ပြန်လာမှာပါ လို့"

မြေးအဘွားနှစ်ယောက် စကော ကို အဘွားကကိုင်၊ ယွန်းအစ်ကို မြေးက ပိုက်ပြီး ပြန်လာကြတော့သည်။ အိမ် ရောက်သည့်အခါ သားနှင့် ချွေးမက ပူပန်နေသည့် မျက်နှာများဖြင့် ကြည့် နေကြလျက်. . .

"အမေတို့ မြေးအဘွား နှစ် ယောက် ဘယ်ပျောက်သွားကြတာလဲ"

"တို့ မန်ကျည်းရွက်သွားရောင်း တာလေ"

"ဟောတော့ ကြုံကြီးစည်ရာ အမေရယ်၊ ဒီအသက်အရွယ်ကြီးနဲ့ မန်ကျည်းရွက်ရောင်းရတယ်လို့ သမီးတို့ ကို ရွာထဲက ကဲ့ရဲ့ကြတော့မှာပဲ"

"ကဲ မြေးလေး၊ အဲဒီ ယွန်းအစ် ကို ဖွင့်ပြလိုက်"

"ဟာ"

"ဟင်"

စည်သံ၊ ဗြောသံတို့ဖြင့် ရွာဦး ကျောင်းတွင် မောင်နိုင်အောင် တစ်ဖြစ် လဲ ရှင်နန္ဒ၏ ရှင်ပြုအလှူမှာ တစ်ရွာလုံး မီးခိုးတိတ်၊ တစ်ဒိုင်နယ်လုံးမှ သံဃာ တော်များပါ ပင့်ဖိတ်ကြွရောက် အလှူခံ ကြသဖြင့် ကြက်ပျံမကျ စည်ကားလှ တော့သည်။ အဘွားဒေါ်ထားမှာ ပီတိ တွေဖုံး၊ တပြုံးပြုံးဖြင့် သံဃာတော်များ အား သင်္ကန်းဒွိစုံ၊ ဝတ္ထုငွေ အစုံတို့ကို ကိုယ်တိုင်ကပ်လှူလျက် မမောမပန်း ကျွေးမွေးဧည့်ခံနေလေသည်။ တရားနာ ရေစက်ချ၊ ဗြောခေါက်သံအကျတွင် "အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ" ဟု ဟစ်ကြွေးပြီး အဘွားဒေါ်ထားမှာ မြေး ကိုရင်ထံ ပြေးဖက်လေတော့သည်။

"အမေ အမေ သတိထားလေ၊ ဆရာတော်တွေ ကြည့်နေကြတယ်"

"ကြည့် ကြည့် ဘယ်သူပဲ ကြည့် ကြည့်၊ သာသနာအတွက် အားဖြည့်မယ့် ငါ့မြေးမို့ ငါတအားဖက်ထားတာဟေ့" ဟုပြောကာ ကိုရင်အား အကြိမ်ကြိမ် ဦးချရှိခိုးလေသည်။

အလှူပွဲပြီးသည့် နောက်ရက် တွင် သားချွေးမနှင့် မြေးကိုရင်နန္ဒတို့ပါ ခေါ်၍ သော်ကဘုရားကြီးသို့ သွားကြ သည်။ ဘုရားရောက်သည်နှင့် တောင် ဘက် အာရုံခံတန်ဆောင်းတွင်းသို့ ဝင်ရောက်ကာ ဘုရားကန်တော့ပြီး အဘွားဒေါ်ထားက လက်ထဲမှယွန်းအစ် ကို ပန်းတင်ခုံပေါ် တင်လိုက်သည်။ ၎င်း၏ ကောင်းလှသည့်ဆံပင်ကိုလည်း ဖြန့်ချလိုက်ကာ ကတ်ကြေးနှင့် အလယ် မှ ညှပ်ဖြတ်လိုက်သည်။ ဆံစုထုံး၍ ယွန်းအစ်ကို ခွေပတ်လိုက်ပြီး. . .

"သခင်မနဲ့ ဒါနရှင်ကံမျိုးများရှင် မနေ့ကပင် ရှင်ပြု အလှူမင်္ဂလာ၊ အလှူ မဟာကို အောင်မြင်စွာ ဆောင်ရွက် လှူဒါန်းခဲ့ပါပြီ၊ သက်သေခံ ဆံပင်နှင့် ယွန်းအစ်ကိုလဲ အပ်နှံပါသည်၊ လှူဒါန်းမှု အစုစု ကုသိုလ်ကောင်းမှုများအတွက် အမျှလာရောက်ပေးဝေပါသည်၊ အမျှ အမျှ အမျှ ယူတော်မူကြပါရှင်"

"သာဓု သာဓု သာဓု"

ဟု အသံများ တစ်ပြိုင်နက် တည်းထွက်ပေါ်လာလျက် ဇရပ်တစ် ဆောင်လုံး တုန်ခါသွားတော့သည်။ ပန်း တင်ခုံပေါ်မှ ဆံစုနှင့် ယွန်းအစ်လည်း ကွယ်ပျောက်သွားတော့သည်။ အဘွား ဒေါ်ထားလည်း အသက်(၇၅)နှစ် တင်း တင်းပြည့်သည့် ရက်တွင် နေအိမ်၌ အပြုံးမျက်နှာဖြင့် အိပ်လျက်ပင် ကွယ် လွန်သွားခဲ့တော့သည်။

ယခုတိုင် ဝါးခယ်မမြို့ တစ်ဖက် ကမ်း သော်ကရွာကြီး၏ အရှေ့ယွန်း ယွန်းတစ်မိုင်ခန့်အကွာတွင် ရှေးဟောင်း သော်ကစေတီတော်ကြီး အထင်အရှား တည်ရှိနေပေသည်။ ဒေသခံလူအများ ပင် သော်ကဘုရားကြီး၌ ချစ်သူများ ဆုတောင်းပြည့်ကြောင်းနှင့် မန်ကျည်း တစ်ပင် ယွန်းအစ်ရှင် အကြောင်းသိသူ များကလည်း ရွှေမန်ကျည်းစေ့ရလို ရငြား ဘုရားဖူးရောက်တိုင်း မန်ကျည်း ပင်များအောက် အရောက်သွားကာ ရှာဖွေနေကြလေ့ ရှိပေတော့သည်။

❐ စံ[illegible]





www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်တော့ ကျွန်တော့်အကြောင်းက ခပ်ဆန်းဆန်းပါပဲ။ လူအယောက် တစ်ထောင် တစ်သောင်းထောင် ကျွန်တော်လိုဖြစ်ရပ်မျိုး တွေ့ကြုံဖို့ မလွယ်ပါဘူး။

ဘဝဆိုတာ ငိုစရာတွေ စိတ်ရှုပ်စရာတွေနဲ့ ပြည့်နှက်နေတဲ့ တိုက်ပွဲတစ်ခုလို့ ပြောကြတယ်။ အဲဒီ တိုက်ပွဲတွေကို တိုက်ရင်း အောင်မြင်တဲ့ သူက အပြုံးမန်းဝေဆာသလို မအောင် မြင်တဲ့သူကတော့ လောကဓံရဲ့ အထုအထောင်းတွေ မျောပါရင်း အငိုမျက်လုံးနဲ့ နှလုံးသားရှိခဲ့ကြတာ ဓမ္မတာပါပဲ။

တကယ်တော့ ကျွန်တော့်ရဲ့ လူငယ်ပိုင်းအချိန်တွေမှာ ဘာအခက်အခဲမှမရှိဘဲဖြတ်ကျော်ခဲ့ပါတယ်။ ကျွန်တော်ကို ဧရာဝတီတိုင်းဒေသကြီးရဲ့ ရွာလေးတစ်ရွာမှာ မွေးဖွားခဲ့ပါတယ်။ အဖေရော အမေပါ မူလတန်းကျောင်း ဆရာဆရာမတွေဖြစ်လို့ မိဘနှစ်ပါးက ကျွန်တော့်ကို ပညာရေးမှာ စနစ်တကျ သင်ကြားပေးခဲ့ပါတယ်။

ကျွန်တော်ဟာ စာ အတော်ကြီးမဟုတ်ပေမယ့် စာမညံ့ပါဘူး။ ဒါကြောင့် တက္ကသိုလ်ဝင်တန်းကို တစ်နှစ်တည်းနဲ့ အောင်မြင်ခဲ့ပါတယ်။ ဒါပေမဲ့ အမှတ်က သိပ်မကောင်းလို့ သမိုင်းအဓိက ဘာသာပဲ ရခဲ့ပါတယ်။ အဲဒီမေဂျာရတာ ကျွန်တော် အရမ်းသဘောကျတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့တဲ့ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ မြန်မာနိုင်ငံအဖြစ်အပျက်တွေအကြောင်း၊ မင်းတွေအကြောင်း၊နိုင်ငံရေးအကြောင်းတွေ သိရလို့ပါပဲ။ အထူးသဖြင့် အဲဒီဖြစ်ရပ်တွေထဲက ထူးခြားဆန်းပြားတဲ့ အကြောင်းတွေ၊ သဘာဝလွန်ဖြစ်ရပ်တွေကို ပိုပြီး စိတ်ဝင်စားခဲ့ပါတယ်။

ဝိဇ္ဇာနဲ့သိပ္ပံ တက္ကသိုလ်မှာ လေးနှစ်တာ ပညာသင်ကြားပြီး သမိုင်း



www.burmeseclassic.com

www.burmeseclassic.com

အဓိကနဲ့ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါတယ်။ မိဘနှစ်ပါးကလည်း တစ်ဦးတည်းသောသားကလေး ဘွဲ့ရတဲ့အတွက် အလွန်အမင်းဝမ်းသာခဲ့ကြပါတယ်။ သူတို့ကိုယ်တိုင်ဘွဲ့မရတဲ့အတွက် သားကလေး ဘွဲ့ရတာကို ချီးမွမ်းမဆုံး ဖြစ်နေကြတယ်။

ကျွန်တော်ပဲ ကံကောင်းတာလား မဆိုနိုင်ဘူး။ ကျွန်တော် ဘွဲ့ရလို့ရွာကို ပြန်ရောက်ပြီး နှစ်လလောက်အကြာမှာ မိဘနှစ်ပါး အလုပ်လုပ်တဲ့မူလတန်းကျောင်းက ဆရာတစ်ယောက်အငြိမ်းစားယူသွားလို့ ဆရာတစ်နေရာလစ်လပ်သွားတယ်။ ဒါနဲ့ ကျွန်တော်ဟာ ဆွဲခန့်ဆရာလေးအဖြစ်နဲ့ အလုပ်ဝင်ခဲ့တယ်။

ကျွန်တော်ဟာ လူငယ်ပီပီကျောင်းအတွက် သွက်သွက်လက်လက်နဲ့ လှုပ်ရှားတဲ့အတွက် ကျောင်းကြီးဟာယခင်ကထက် ပိုပြီးတိုးတက်လာတယ်။ ကျောင်းသူ၊ ကျောင်းသားတွေက ကျွန်တော့်ကို ခင်မင်သလို လေးလည်းလေးစားကြတယ်။ ကျွန်တော်ကလည်းကလေးတွေကို စာသင်ရတာ သိပ်ပျော်မိတယ်။ ဒီလိုနဲ့ ငါးနှစ်ကျော်ခန့်အချိန်တွေ ကြာညောင်းခဲ့ပါတယ်။

အဲဒီလို ပျော်လို့မှ မဆုံးခင်မှာကျောင်းစာသင်ခန်းထဲမှာ စာသင်နေရင်း ရင်ဘတ်ထဲက စူးခနဲ စူးခနဲအောင့်လာတယ်။ နောက်တော့ အသက်ရှူမဝသလို ခံစားရတယ်။ နောက်တစ်ချက်ထပ်ဆောင့်ပြီး စူးခနဲအောင့်လာတဲ့အခါမှာ ကျွန်တော့်မျက်လုံးတွေ ပြာဝေသွားပြီး "ဗုန်း"ဆိုတဲ့အသံနဲ့အတူ သတိလစ်ပြီး လဲကျသွားပါတယ်။

"ဟာ ဆရာလေး ကိုမင်းနိုင် သတိလစ်ပြီး လဲကျသွားပြီ"

လို့ ကလေးတွေက ဝိုင်းအော်ကြတယ်။ တချို့ကလေးတွေက ကျွန်တော့်အဖေနဲ့ အမေကို သွားခေါ်ခဲ့ကြတယ်။ ဒါနဲ့ အားလုံးကဝိုင်းပြီး ရွာမှာရှိတဲ့ဆေးခန်းကို ခေါ်သွားကြတယ်။ ဆေးခန်းရောက်မှပဲ ကျွန်တော် သတိပြန်ရခဲ့တယ်။ ဆေးခန်းက ကျန်းမာရေးမှူးက ကျွန်တော့်ကို စစ်ဆေးပြီး ဆေးထိုးပေးပါတယ်။

ပြီးတော့ အဖေ့ကိုခေါ်ပြီး . . .

"ဆရာလေးရဲ့ အသက်ရှူပုံကတစ်မျိုးဖြစ်နေတယ်၊ ကျွန်တော်က ခဏသက်သာအောင်သာ ဆေးထိုးပေးလိုက်ရတာ၊ အကောင်းဆုံးကတော့ အဆုတ်အထူးကုဆရာဝန်နဲ့ ပြပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ဒါဆိုရန်ကုန်သွားပြီး အထူးကုဆရာဝန်နဲ့ ပြပါ့မယ်"

အဖေက ကျန်းမာရေးကို ဒီလိုပြောပြီး တစ်ပတ်ခန့်အကြာမှာ အဖေနဲ့ကျွန်တော် ရန်ကုန်ကို လာခဲ့ပါတယ်။ ရန်ကုန်မှာ ဆွေမျိုးမရှိတဲ့အတွက် ရွာကဘုန်းကြီး သီတင်းသုံးတဲ့ စမ်းချောင်းကရွှေဘုန်းရှိန် ဘုန်းတော်ကြီးကျောင်းမှာတည်းခိုခဲ့ပါတယ်။

နောက်တော့ အထူးကုဆေးရုံကြီးတစ်ရုံက အဆုတ်ရောဂါ အထူးကုဆရာဝန်ကြီးနဲ့ ပြသခဲ့ပါတယ်။ အဲဒီဆရာဝန်ကြီးက လိုအပ်တဲ့ စမ်းသပ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဓာတ်မှန်ရိုက်တယ်။ အာထရာဆောင်းရိုက်တယ်။ သွေးစစ်တယ်။ အားလုံး စစ်ဆေးမှုတွေအပြီးမှာတော့ . . .

"ကိုမင်းနိုင်မှာ အဆုတ်ကင်ဆာဖြစ်နေပြီ" တဲ့။

အဲဒီစကား ကြားလိုက်ရတော့ကျွန်တော် တော်တော်အံ့အားသင့်သွားခဲ့တယ်။ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစားတဲ့ ကျွန်တော်လိုလူက အဆုတ်ကင်ဆာ ဖြစ်နေသတဲ့။ အဖေ့ကို ပြောလိုက်တဲ့ ဆရာဝန်ရဲ့နောက်ဆက်တွဲစကားက . . .

"စိုးရိမ်ရတယ်၊ ဆေးကုရင် အချိန်တော်ကြာမယ်၊ ပြန်ကောင်းမယ်မကောင်းဘူးဆိုတာ အာမ မခံဘူး"တဲ့။

အချိန်တော်တော်ကြာ ဆေးကုရမယ်ဆိုတော့ ငွေအများကြီး ကုန်မှာပေါ့။ အခုတောင် အထူးကုဆေးရုံကြီးက ပုဂ္ဂလိကမို့ ရောဂါပြတာနဲ့တင် ကျွန်တော်တို့သားအဖ ပါလာတဲ့ငွေ ကုန်သွားခဲ့ပြီ။ ရှေ့ဆက်ပြီး ဘာနဲ့တ ပါ့မလဲ။ မိဘနှစ်ဦးရော ကျွန်တော်ပါ အခြေခံအဆင့်ဝန်ထမ်းမို့ ငွေပိုငွေ မရှိပါ။ ကင်ဆာရောဂါဆိုတာကတစ်မျိုး ကုစရာငွေမရှိတာကတစ်မျိုးနဲ့မို့ ကျွန်တော်တို့ သားအဖနှစ်ယောက်စလုံး တော်တော်စိတ်မကောင်း ဖြစ်မိတယ်။

ဒါကြောင့် သားအဖနှစ်ယော စလုံး ညှိုးငယ်တဲ့မျက်နှာနဲ့ ပြန်လာခဲ့ကြတယ်။ ဘုန်းကြီးကျောင်းရောက်တော့ ဆရာတော် ဦးစန္ဒိမာက မေးတယ်။

"ဘာရောဂါတဲ့လဲ မောင်မင်းနိုင်"

"အဆုတ်ကင်ဆာတဲ့ ဘုန်းဘုန်း ရယ်"

"ဟင် ဟုတ်လား၊ ဒါဆို ဘယ် လိုလုပ်ကြမတုံး"

ကျွန်တော်တို့သားအဖမှာ ငွေ မရှိကြောင်းသိလို့ အဲဒီလို မေးလိုက်တ တယ်။ ဒီတော့ ကျွန်တော့်အဖေက . . .

"ဘယ်တတ်နိုင်မလဲ ဘုရား တပည့်တော်တို့မှာ မကုနိုင်တာ ရွာပြ ရုံပေါ့" ခပ်ညည်းညည်းလေး လျှော လိုက်ပါတယ်။ ဒီတော့ ဆရာတော် ဦးစန္ဒိမာက . . .

"နေပါဦး ဒကာဦးတင်မြင့်ရဲ့ အင်္ဂလိပ်ဆေးနဲ့ မကုနိုင်ပေမယ့် မြန် ဆေးနဲ့တော့ကုပေါ့၊ မကုရင် သေသွာ မှာပေါ့"

"မှန်ပါ့ဘုရား၊ မြန်မာဆေး ဆရာနဲ့တော့ ကုချင်ပါတယ်၊ ဒါပေ ကင်ဆာကုတာ ပျောက်တဲ့ဆရာတို တပည့်တော်မသိဘူး၊ ငွေကုန်ကြေး များမယ်ဆိုရင်လဲ တပည့်တော်တို့ ငွေမရှိလို့ မကုနိုင်ပါဘူးဘုရား"

"ဒါနဲ့ ကင်ဆာရောဂါကို အခ ကုပေးနေတဲ့ ဆရာတော်တစ်ပါးရှိတ အဲဒါ ပဲခူးမှာ၊ ကိုးသိန်းကိုးသန်းအ အကျွတ်အလွတ် မရောက်ခင်န ရှိတယ်"

"ဟုတ်လား ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"အေး ဟုတ်သကွဲ့၊ ဒကာတို့ ရှိရင် ဘုန်းကြီး လိုက်ပို့ပေးမယ်"

"ဒါဆို လိုက်ပို့ပါဘုရား"

ကျွန်တော်တို့ သားအဖ နှစ်ယောက်လည်း ဆရာတော်ဦးစန္ဒိမာ လိုက်ပို့ပေးတဲ့အတွက် ကန်သာကျောင်း ရောက်ရှိခဲ့ပါတယ်။

"ဆရာတော်ဘုရား ဒီဒကာလေး ငယ်ငယ်ရွယ်ရွယ်နဲ့ အဆုတ်ကင် ဖြစ်နေလို့ ဆရာတော်ဆီကို ခေါ် လာတာပါ ဘုရား"

"အိမ်း. . . ရောဂါရှိမှန်း ဘယ် သိသလဲ"

"အထူးကုဆရာဝန်ကြီးနဲ့ ဓာတ် မှန်ရိုက်ကြည့်ပြီး သိပါတယ်"

"အိမ်း. . . ရောဂါရှိရင် ဘုန်းကြီးက ကုပေးရမှာပေါ့"

ထိုသို့ပြောဆိုပြီး ဆေးဥများနဲ့ ရောစပ်ထားတဲ့ ဆေးရည်များကို တိုက် ကျွေးပါတယ်။

"ဒီဆေးကို သုံးလတိတိသောက် ရမယ်တဲ့"

"ဒါဆိုရင်လဲ ဒီသူငယ်လေးကို အရှင်ဘုရားဆီမှာထားပြီး ကုသပေးပါ ဘုရား။ သူတို့နေတဲ့နေရာက ရောဂတီ တိုင်းဒေသကြီးရဲ့ ရွာမှာနေတာမို့ ဝေး လို့ပါဘုရား"

"ကောင်းပြီလေ၊ ဒီသူငယ်ကို ကျောင်းမှာထားခဲ့ပါ ဦးစန္ဒိမာ"

"တင်ပါ့ ဘုရား"

ကန်သာဆရာတော်နဲ့ ဦးစန္ဒိမာ တို့ အင်မတန်ရင်းနှီးတဲ့အတွက် ကျွန်တော့်ကို လက်ခံလိုက်ပါတယ်။ အဲဒီ နေ့မှာပဲ အဖေနဲ့ ဦးစန္ဒိမာ ရန်ကုန်ကို ပြန်သွားခဲ့ပါတယ်။

ကျွန်တော့်မှာတော့ သူစိမ်းတွေ အလယ်မှာ ကြောင်တောင်တောင်နဲ့ ကျန်ရစ်ခဲ့ပါတယ်။ ကျွန်တော်က နဂို ကျောင်းဆရာဘဝက လာတဲ့သူ ဖြစ်လို့ ကျောင်းမှာရှိတဲ့ အလုပ်တွေကို လိုက်တတ်သိနဲ့ ပြုလုပ်ပေးခဲ့ပါတယ်။ သတ်ဘေးနဲ့ ရင်ဆိုင်ရလာတော့ ဘုရားတရားကို သတိရလာပြီး ကျန်တဲ့ အချိန်တွေမှာ အဓိဋ္ဌာန်ပုတီး စပြီးစိပ် ခဲ့ပါတယ်။

ကျောင်းရဲ့ဝေယျာဝစ္စတွေကို မြင်တာနဲ့ ဝိုင်းလုပ်တာမို့ ဆရာတော်က လည်း ကျွန်တော့်ကို သွေးသားတစ်ယောက်လို ခင်မင်လာတယ်။ ဒီလိုနဲ့ တစ်လလောက်ကြာတဲ့အခါမှာ ကျွန်တော့်ဝေဒနာတွေ အတော်အတန်လေး ပျောက်လာခဲ့တယ်။ ဆရာတော်နဲ့လည်း ပိုပြီး ရင်းနှီးလာတဲ့အတွက် ဆေးနဲ့ပတ်သက်ပြီး မေးမြန်းစုံစမ်းခဲ့တယ်။

"အရှင်ဘုရား ဒီဆေးနည်းက ဘယ်ကရတာလဲ ဘုရား"

"အင်း. . . ကျောင်းဆရာဆိုတော့ စပ်စပ်စုစုမေးပြီ၊ အမေးရှိတော့လဲ အဖြေရှိရမှာပေါ့"

"စပ်စုတာတော့ မဟုတ်ပါဘူး ဘုရား၊ သိချင်လို့ပါ ဘုရား"

"သိချင်ရင်လဲ ပြောပြရတာပေါ့ ကွယ်၊ တခြားသူတွေကိုတော့ ဘုန်းကြီးက ပြောမပြဘူး၊ ဘာလို့လဲဆိုတော့ ဖြစ်ရပ်ကဆန်းကြယ်တော့ မယုံမှာစိုးလို့"

"ဖြစ်ရပ်က ဆန်းကြယ်တယ်၊ ဟုတ်ပါသလား ဆရာတော်၊ တပည့်တော် နားကြားများ မှားသလားလို့"

"နားကြား မမှားပါဘူး ဒကာကျောင်းရဲ့"

"ဒါဆို ပြောပြပါ ဘုရား"

*

တစ်နေ့ နံနက်စောစော ၅ နာရီ အချိန်လောက်မှာ လူသုံးယောက် ရောက်လာတယ်။ ခေါင်းဆောင်လုပ်တဲ့ သူက အသက်ငါးဆယ်ကျော်လောက် ရှိမယ်။ ကျန်နှစ်ယောက်က အသက် သုံးဆယ်ကျော်လောက်ရှိမယ်ထင်ပါရဲ့။ ဒါနဲ့ ဘုန်းကြီးက ဘာကိစ္စနဲ့ လာကြတာတုံးလို့ မေးတော့ အဲဒီခေါင်းဆောင် လုပ်တဲ့လူက "အရှင်ဘုရား တပည့်တော် တို့ ထုံကူးဖို့ လာတာပါဘုရား" လို့ လျှောက်လိုက်တယ်။

ဘုန်းကြီးလဲ အံ့ဩသွားပြီး. . .

"ထုံကူးတာနဲ့ ကျုပ်နဲ့ ဘာဆိုင်လို့လဲ" လို့ ပြန်မေးလိုက်တယ်။ ဒီတော့ အဲဒီဒကာကြီးက . . .

"တပည့်တော် ထုံမကူးခင် အရှင်ဘုရားကို ဆေးလှူချင်လို့ပါဘုရား" လို့ ပြန်ပြောလိုက်တယ်။ နောက်တော့ ငှက်ပျောဖူးပုလင်း တစ်လုံးကို အိတ်ထဲက ထုတ်ပြီး ဘုန်းကြီးကိုကပ်တယ်။

နောက်ပြီးတော့ . . .

"တပည့်တော်ဟာ ဂန္ဓာရီဆေးဝိဇ္ဇာတစ်ဦးပါ ဘုရား။ ဒီဆေးရည်တစ်ဖွန်းကို သစ်ဥသစ်ဖုတွေ ပြုတ်တဲ့အရည်ထဲကို ထည့်လိုက်ပါ၊ အခုခေတ်မှာ ဖြစ်ပွားနေတဲ့ မြစ်ပွားနာကအစ ဝမ်းတွင်းကလီစာတွေထဲမှာ ဖြစ်သမျှ ပျောက်ကင်းပါတယ် ဘုရား" လို့ ပြောပြီး ပြုတ်ရမယ့် သစ်ဥသစ်ဖုတွေကိုပြောပြတယ်။ အဲဒီသစ်ဥသစ်ဖုတွေကလည်း ပဲခူးရိုးမမှာ ပေါသကွဲ့။ အဲဒီဆေးရည်တစ်ပုလင်းကို ဆေးဝိဇ္ဇာကြီးက ကပ်လှူပြီး . . .

"တပည့်တော်ဟာ ဒီကနေပြီး အကျွတ်အလွတ်ဘုရားဆီကိုသွားပြီး အကျွတ်အလွတ်ဓာတ် ယူရပါမယ် ဘုရား။ အဲဒီကမှ ပဲခူးရိုးမကြီးထဲမှာ ထုံကူးပါမယ် ဘုရား"

"အိမ်း. . . ဒီလို ခုနစ်ရက်သားသမီးများအတွက် ဆေးလှူဒါန်းရတဲ့ အကျိုးကြောင်း ဆေးဝိဇ္ဇာကြီး ထုံကူးခြင်းကိစ္စ အောင်မြင်ပါစေ"

"ဆရာတော် ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေ"

"အဲဒီဆုပေးပြီးနောက် ကျောင်းကအထွက်မှာပဲ အဲဒီလူသုံးဦး ပျောက်သွားခဲ့တယ်၊ ဒီလိုနဲ့ ဘုန်းကြီးလဲ ကိုယ့်အလုပ် မဟုတ်တာမို့ အမှတ်တမဲ့နေလိုက်တယ်၊ သုံးလလောက်အကြာမှာ ဘုန်းကြီးရဲ့ ကပ္ပိယကြီးဟာ တစ်ကိုယ်လုံး ဝါထိန်ပြီးဖောရောင်နေတယ်၊ ဆေးခန်းသွားပြတော့ အသည်းရောင်တာ လွန်နေပြီဖြစ်လို့ ကုလို့မရတော့ဘူးလို့ ပြောလိုက်တယ်၊ ကပ္ပိယကြီးဟာ အိပ်ရာထဲမှာ ပက်လက်ကလေးဖြစ်ပြီး သေ



www.burmeseclassic.com

www.burmeseclassic.com

မယ့်အချိန်ကို စောင့်နေရတယ်၊ အဲဒီတော့ ဘုန်းကြီးကလဲ စိတ်မကောင်းဖြစ်ပြီး သူ့ရောဂါကို ဘယ်လိုပျောက်အောင် ကုပေးရမလဲလို့ စဉ်းစားရင်း ဆေးဝိဇ္ဇာပေးထားတဲ့ ဆေးပုလင်းကြီးကို သတိရသွားပြီး ဆေးဝိဇ္ဇာ ပြောတဲ့အတိုင်း သစ်ဥ သစ်ဖုတွေကို ပြုတ်လိုက်တယ်။

ပြီးတော့ အဲဒီဆေးရည် တစ်ဇွန်းထည့်ပြီး တိုက်လိုက်တယ်၊ မနက်က တိုက်လိုက်တာ ညနေလဲကျရောအဖောအရောင်တွေ အတော် ကျသွားတယ်၊ အဝါရောင်လဲ အတော် လျော့သွားတယ်၊ ဒါနဲ့ ညနေ တစ်ခွက် ထပ်တိုက်လိုက်တယ်၊ မနက်လဲကျရော ထထိုင်ပြီး ဆန်ပြုတ်သောက်ချင်တယ်လို့ ပြောလာနိုင်တယ်၊ အဲဒီလိုနဲ့ ငါးရက်ကုလိုက်တာ လုံးလုံးပျောက်သွားတယ်၊ မြစ်ပွားနာတို့၊ အသည်းရောဂါ၊ အဆုတ်ရောဂါ၊ ကျောက်ကပ်ရောဂါ၊ ကင်ဆာရောဂါရှင်တွေ ရောက်လာလို့ အဲဒီဆေးနည်းအတိုင်း ကုပေးလိုက်တာ အားလုံးပျောက်ကုန်တာပဲ၊ ဒါပေမဲ့ ကင်ဆာရောဂါကတော့ ရက်ကြာကြာ ကုသရတယ်"

"ဒါဆို အဲဒီဆေးရည်တွေ ကုန်သွားရင် ဘယ်လိုကုမလဲ ဘုရား"

"အေး အဲဒါကလဲ ထူးဆန်းတယ်၊ အဲဒီဆေးရည်ပုလင်းဟာ လပြည့်နေ့ဆိုရင် ဆေးရည်တွေဆူပြီး ပွားလာတယ်၊ အစကတော့ မသိပါဘူး၊ နောက်မှ ပုလင်းထဲမှာ ပူစီဖောင်းလေးတွေ တွေ့လို့ အဖုံးကိုဖွင့်ထားလိုက်တာ ဆေးရည်တွေဆူလာပြီး ပွားလာလိုက်တာ ပုလင်းပြန်ပြည့်သွားပြန်ရော"

"ဩော်. . . အဲဒီလိုလား"

"ဟုတ်တယ်ကွဲ့၊ အဲဒီဆေးရည်ပုလင်းရတာ နှစ်နှစ်ကျော်ပြီ၊ ဆေးရည်သာ မပွားဘူးဆိုရင် ဒကာကျောင်းကို တောင် ကုပေးနိုင်မှာ မဟုတ်ဘူး"

"ဒါဆို တော်သေးတာပေါ့နော် ဘုရား"

ဆရာတော်က ကျွန်တော့်အား ဒကာကျောင်းလို့ခေါ်ပြီး အထက်ပါ ထူးဆန်းသောအကြောင်းတွေကို ပြောပြပါတယ်။ ကျွန်တော်လည်း ဆရာတော့်ဆီမှာ ဆေးကုခဲ့တာ သုံးလပြည့်သွားခဲ့ပါပြီ။ ဒါကြောင့် ကျွန်တော့်ကို ရောဂါစမ်းသပ်ပေးတဲ့ အထူးကုဆရာဝန်ကြီးနဲ့ သွားပြရာ ဆရာဝန်ကြီးက ဓာတ်မှန်ရိုက်ပြီး စမ်းသပ်ပေးခဲ့ပါတယ်။ ဆရာဝန်ကြီးက ဓာတ်မှန်ကို ကြည့်လိုက်တဲ့အခါမှာတော့ . . .

"လူနာရဲ့အဆုတ်က Normal (အကောင်းပကတိ) ဖြစ်နေပါလား"

တအံ့တဩနဲ့ ပြောလိုက်တယ်။ ကျွန်တော်လည်း ဝမ်းသာအားရနဲ့ ဘုန်းကြီးကျောင်းကို ပြန်လာပြီး ဘုန်းဘုန်းကိုလျှောက်တင်လိုက်တော့ ဘုန်းဘုန်းလည်း ဝမ်းသာသွားပြီး "ဒါဆိုရင်လဲ ရွာပြန်လို့ရပြီ" လို့ မိန့်လိုက်တယ်။

"တပည့်တော် ချက်ချင်း ရွာကို မပြန်သေးဘူး ဘုရား၊ တစ်ရက် နှစ်ရက်လောက် နေဦးမယ်"

"ဒကာကျောင်းပျော်သလောက် နေပါ"

အဲဒီနေ့က ရန်ကုန်ကပြန်လာပြီး ထင်းအတွက် သစ်တုံးကြီးတွေကိုပေါက်ပေးခဲ့တယ်။ ဘုန်းတော်ကြီး ကုဋီလည်း ဆေးပေးခဲ့တယ်။ ကျောင်းဝင်းထရံတွေလည်း ကာပေးခဲ့တယ်။

ညဘက်မှာတော့ မောမောနဲ့ အိပ်ပျော်သွားခဲ့တယ်။

နံနက် ၄ နာရီ ကလတက်ခေါက်လို့ ဆွမ်းချက်ဖို့ထတုန်းမှာ ကိုရင်လေးတစ်ပါးရောက်လာပြီး "ဆရာတော်က ခေါ်ခိုင်းလို့" ပြောတဲ့အတွက် ဆရာတော်ဆီကို အပြေးသွားခဲ့ပါတယ်။ ကျောင်းပေါ်ရောက်တော့ အမျိုးသားနှစ်ယောက်ကို တွေ့လိုက်ရတယ်။

အမျိုးသား တစ်ယောက်ဟာ အလွန်အိုမင်းနေပြီး မျက်နှာမှာ အရေပြားတွေတောင် တွန့်လိပ်နေတယ်။ နောက်တစ်ယောက်ကတော့ ကျွန်တော့်အရွယ်လောက်ပါပဲ။ ကျွန်တော်

အဲဒီလူနှစ်ယောက်ကို ကြည့်နေ

ဆရာတော်က. . .

"ဒကာကျောင်း ဒီအ

ပုဂ္ဂိုလ်ကြီးဟာ ဂန္ဓာရီဝိဇ္ဇာ

ထုံတူးဖို့ လူတစ်ယောက်လိုနေလို့

လိုက်သွားနိုင်မလား"

"တပည့်တော်က ဒီဝိဇ္ဇာ

ဘာလုပ်ပေးရမလဲ ဘုရား"

"ထုံကူးတယ်ဆိုတာ တ

ယောက်လိုတယ်၊အဲဒီအချိန်မှာအ

အယှက်တွေလာရင် ထွက်မပြေး

စည်းဝိုင်းထဲမှာ နေရမယ်၊ ဒီအ

လူလေးအတွက် အဖော်အဖြစ်

ရမယ်၊ မင်းလဲ ထွက်မပြေးရဘူး

ရှိရမယ်၊ ဝိဇ္ဇာကြီးပြောတဲ့အတိုင်း

လုပ်ရမယ်၊ ဖြစ်မလား"

"ဖြစ်ပါတယ် ဘုရား"

"အိမ်း. . . ဒါဆို ဒကာ

လိုက်သွားပေတော့"

"တင်ပါ့ဘုရား"

ဒီလိုနဲ့ အဲဒီလူနှစ်ဦးနဲ့ လို

ရာ အကျွတ်အလွတ်ဘုရားတို

ရောက် ကန်တော့ပြီးနောက်

တောင်ခြေသို့သွားခဲ့ပါတယ်။

အဲဒီလူကို နာမည်

သူ့အမည်ကို "လူယုံတော်" လို့

ခဲ့တယ်။

အဲဒီကမှတစ်ဆင့် ပဲခူး

ပေါ်သို့ တက်ခဲ့ရာ ညနေစောင်း

မှာ ရောက်ရှိခဲ့ပါတယ်။ အဲဒီဝိဇ္ဇာ

ငှက်ပျောသီးတစ်လုံး ကျွေး

ငှက်ပျောသီးစားပြီးကတည်းက

မဆာတော့ဘူး။

ညရောက်တဲ့အခါတော့

ဝိုင်းအကြီးကြီး ဝိုင်းလိုက်ပါတယ်

စည်းဝိုင်းကြီး အတွင်းမှာပဲ မီးပုံ

ကြီး ဖိုလိုက်ပါတယ်။ မီးပုံကြီး

တောက်မီးလျှံတွေ အများကြီး

နေလို့ ကြောက်စရာကောင်းလှ

အဲဒီမှာ ဆေးဝိဇ္ဇာကြီးက သူ

ဆေးသုံးလုံး ပေးလိုက်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

"နာရီဝက်တစ်ခါ ဒီဆေးလုံးနဲ့ ...တ်ပါ၊ ဘာကောင်ကြီးလာလာ ...ကြောက်နဲ့၊ စည်းဝိုင်းအပြင်ကို ဘယ် ... မထွက်နဲ့၊ စည်းမပေါက်သရွေ့ ...ကြောက်စရာမလိုဘူး"

ထိုသို့ပြောဆိုပြီး ကြီးမားလှတဲ့ ...ကြီးထဲကို ခုန်ချလိုက်ပါတယ်။ မီး ...တ်ကြီးဟာ အဲဒီဝိဇ္ဇာကြီးတစ်ကိုယ် ...ကို ဝါးမျိုလောင်ကျွမ်းနေပါတယ်။ ... နာရီဝက်အကြာမှာ လူယုံတော်က ...ထဲကို ဆေးလုံးတစ်လုံး ပစ်ထည့် ...တယ်။ အဲဒီအခါမှာ မီးပုံကြီးထဲ ... သားအရွယ်ကလေးတစ်ယောက် ...တ်လှုပ်ရှားနေတာ တွေ့ရပါတယ်။ ...တ်ထပ် နာရီဝက်အကြာမှာ ဆေး ...တစ်လုံး ထပ်ပေါက်လိုက်တော့ ...နှစ်သားအရွယ် ယောက်ျားလေး ...ယောက်ကို မီးပုံတွင်းမှာ ထိုင်လျက် ...လေး တွေ့လိုက်ရတယ်။

အဲဒီ အချိန်မှာ တစ်တောလုံး ...ချွန်အော်ဟစ်သံ ပြေးလွှားသံတွေ ...တူ ကြီးမားတဲ့ကျားကြီးဟာ တော ...နေ ကျွန်တော်တို့အနား ရောက် ...င် ခုန်ကူးလာပါတယ်။ ကျွန်တော် ...ကြီးကိုတွေ့ပြီး အရမ်းလန့်သွားပါ ...။ စည်းဝိုင်းထဲက ထွက်ပြေးချင် ...တ်အောင် ဖြစ်လာလို့ လူယုံတော် ...က်ကိုလှမ်းဆွဲလိုက်မိတယ်။ ဒီတော့ ...တော်က . . .

"အစ်ကို ဘာမှမကြောက်နဲ့နော် ...ိုင်းမကျော်သရွေ့ သူတို့ ဘာမှ ...နိုင်ဘူး"

"အေးပါကွ"

ဒီလိုနဲ့ ကျားကြီးကဟိန်းလိုက် ...တော်က ကြောက်လိုက်နဲ့ နောက် ... နာရီဝက်အကြာမှာ လူယုံတော် ... ဆေးလုံးတစ်လုံး ထပ်ပစ်လိုက်ပါ ...။

ခုနကတွေ့ရတဲ့ ဆယ်နှစ်သား ...ဟာ မီးပုံကြီးအတွင်းမှာ တဖြည်း ...ကြီးလာတယ်။ ချက်ချင်းဆိုသလို ...ကြီးပျောက်ကွယ်သွားပြီးနောက် အလွန်ကြီးမားလှတဲ့ မြွေကြီးရောက်လာပြီး ကျွန်တော်တို့ကိုပေါက်ဖို့ ပါးပျဉ်းကြီး ထောင်နေတယ်။ မြွေကြီးဟာ တဖြည်းဖြည်းနဲ့ စည်းဝိုင်းနားကို တိုးလာတယ်။ စည်းဝိုင်းနားရောက်တော့ ရှေ့ဆက်မတိုးဘဲ ပါးပျဉ်းကြီးတယမ်းယမ်းနဲ့ ပေါက်မယ့်ဟန်ပြင်နေတယ်။

ကျွန်တော်တို့နဲ့ အလွန်နီးနေတာမို့ လှမ်းပေါက်ရင်တော့ သေမှာပဲဆိုတဲ့အတွေးနဲ့ လန့်ပြီး လူယုံတော်ရဲ့လက်ကို ကိုင်ထားလိုက်တယ်။ လူယုံတော်ကလည်း . . .

"အစ်ကို မကြောက်ပါနဲ့" လို့ အားပေးနေတယ်။

ဒီလိုနဲ့ နာရီဝက်ခန့် ကြောက်လန့်ခြင်းဝေဒနာကို ခံစားနေခဲ့ရတယ်။ နာရီဝက် ပြည့်ခါနီးမှာ မီးပုံကြီးဟာ တဖြည်းဖြည်းအရှိန်လျော့သွားပြီး မီးတောက်နည်းနည်းသာ ရှိပါတော့တယ်။ နာရီဝက်အကြာမှာတော့ မီးပုံကြီးလည်း ငြိမ်းသွားပြီး အထဲကနေ အသက်နှစ်ဆယ်လောက်အရွယ် ယောက်ျားပျို လေးတစ်ယောက် ထွက်လာပါတယ်။ ထူးဆန်းတာက အဲဒီယောက်ျားပျိုလေးဟာ အဝတ်အစား အပြည့်အစုံနဲ့ သူ့ရဲ့အဝတ်အစားကို မီးမလောင်တာ အံ့ဩတယ်။ အဲဒီအချိန်မှာ လူယုံတော်က ယောက်ျားပျိုကလေးရဲ့လက်ကို ဆွဲပြီး-

"ဆရာကြီး ဒီတစ်ခါ အောင်မြင်ပြီလား" လို့ မေးလိုက်တယ်။ အဲဒီ ယောက်ျားပျိုကလေးက . . .

"ဒီတစ်ခါ အောင်မြင်ပြီ" လို့ ပြန်ပြောလိုက်တယ်။

ဘေးပတ်လည်ကို ကြည့်လိုက်တော့ ဘာမြွေကြီး ဘာကျားကြီးမှ မရှိတော့ဘူး။ အဲဒီယောက်ျားပျိုကလေးက ကျွန်တော့်ကို . . .

"လူလေးကို ကျေးဇူးတင်ပါတယ်၊ အဘဟာ ဟိုတစ်ခါ ဘုန်းတော်ကြီးကို ဆေးပေးသွားတဲ့ အဘပါ"

"ဒါဆိုရင် အဘဟာ ကျွန်တော့် ကျေးဇူးရှင်ပေါ့၊ ကျွန်တော် ကန်တော့ပါတယ်" လို့ပြောပြီး ထိုင်ကန်တော့လိုက်ပါတယ်။ အဲဒီတော့ ယောက်ျားပျိုကလေးက . . .

"တကယ်တော့ လူလေးဟာ အဘရဲ့ ကျေးဇူးရှင်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုတစ်ခါ ထုံကူးခဲ့တုန်းက လူယုံတော်တစ်ယောက် သစ္စာဖောက်ပြီး ထွက်ပြေးလို့ ထုံကူးတာ မအောင်မြင်ခဲ့ဘူး၊ အခု လူလေးက သတ္တိရှိရှိနဲ့ အန္တရာယ်တွေကို ရင်ဆိုင်လို့ အဘ ထုံကူးတာ အောင်မြင်သွားပြီကွဲ့"

"အဘ ထုံကူးတာ အောင်မြင်သွားတာ ကျွန်တော် ဝမ်းသာပါတယ်"

"အေး အေး. . . မင်းကို ဘုန်းတော်ကြီးကျောင်း ပြန်ပို့ပေးမယ်" လို့ ပြောပြီး ကျွန်တော့်ရဲ့လက်ကို ခပ်နာနာလေး ဖျစ်လိုက်တယ်။ ကျွန်တော်လည်း ဘယ်လို အိပ်ချင်မှန်းမသိဘဲ အိပ်ပျော်သွားခဲ့တယ်။

ကျွန်တော်နိုးလာတော့ ဘုန်းကြီးကျောင်းက ကျွန်တော့်အိပ်ခန်းထဲမှာ ပြန်ရောက်နေတယ်။ ဒါနဲ့ ခပ်မြန်မြန် မျက်နှာသစ်ပြီး ဆရာတော်ကြီးဆီကို သွားခဲ့တယ်။

အဖြစ်အပျက် အားလုံးကို လျှောက်ပြီး . . .

"အရှင်ဘုရား တပည့်တော်ရဲ့ အဖြစ်ဟာ တကယ်လား၊ အိပ်မက်လားဆိုတာ ရှင်းပြပါဘုရား" လို့ လျှောက်လိုက်တော့ ဆရာတော်ကြီးက . . .

"ဒကာကျောင်းရေ ကြုံဖူးတယ် ထုံကူးတယ်ပေါ့" တဲ့။

(မည်သို့ပင် ဖြစ်စေကာမူ ဆေးပေးခဲ့တဲ့ အဘအတွက် ကျွန်တော် လူယုံတော်တစ်ယောက် ဖြစ်ခဲ့တယ်ဆိုရင်လည်း ကျွန်တော့်အတွက် ကျေးဇူးဆပ်ခွင့်ရလို့ အရမ်းကို ဝမ်းသာပီတိဖြစ်မိပါတယ်။)

❒ ရိရိဇွေး





www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



ဆရာမဒေါ်ချိုချိုထိန်
သမားမှတ်ပုံတင်အမှတ်
ခ/၇၀၀၈

ကင်ဆာ၊ မြစ်ပွားနာ၊
လေးဖက်နာအထူးကု
တိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမ ဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသျှက်ခြင်း၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဖက်နာဘိပိုး၊ စိပိုးရောဂါများကို သက်သာ ပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာ ရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ် အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်း ကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲ ရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့ တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက် ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှု ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

**ဆေးခန်းတည်နေရာ** – ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**လမ်းညွှန်** – ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။

**ဆက်သွယ်ရန်ဖုန်း** – ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၅၁၉၉၃၆၈၊ ၀၉–၇၃၂၄၄၈၆၀၊ ၀၉–၇၃၂၄၄၇၁၇၊ ၀၁–၇၀၀၆၄၄



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အောက်ကြည့်ပန်း

**အခန်း (၁)**

အချစ်ဆိုသည်မှာ အနစ်နာခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ရယူခြင်း၊ ပေးဆပ်ခြင်း စသည်ဖြင့် အမျိုးမျိုး အဓိပ္ပာယ် ဖွင့်ဆိုနေကြသည်။

ချစ်တတ်ကြသူတိုင်း အချစ်ရဲ့ အေးချမ်းခြင်း၊ ပူလောင်ခြင်း သုခဝေဒနာ၊ ဒုက္ခဝေဒနာတွေကို ခံစားကြရပေလိမ့်မည်။ အချစ်သည် သိမ်မွေ့ခြင်း၊ နူးညံ့ခြင်း၊ အေးချမ်းခြင်းသဘော ရှိပါသည်။ တစ်ဖန် အချစ်သည် နေအပူရှိန် မီးအရှိန်ပမာ တရှိန်းရှိန်း တညီးညီး ပူပြင်းခြင်း သဘောလည်း ရှိနေပြန်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အတွက်တော့ အချစ်သည် နားလည်ခွင့်လွှတ်လိုက်ရခြင်းပါ။ အလွမ်းအဆွေးတွေ တစ်သက်တာလုံး ရင်မှာ ပိုက်ထားလိုက်ရခြင်းပါ။

ကျွန်တော် ငယ်ချစ်ဦး အဆင့်ကို အသည်းနင့်အောင် စွဲစွဲလမ်းလမ်း အချစ်ကြီး ချစ်ခဲ့သည်။ ကျွန်တော် သူ့အပေါ် ချစ်သလို သူလည်း ကျွန်တော့်အပေါ် ချစ်နေလိမ့်မည်ဟုရှူးရှူးမိုက်မိုက် ယုံကြည်နေခဲ့သည်။ နှစ်ဦးသား လက်ထပ်ကြရန် ပြောဆိုထားကြပြီးဖြစ်သည်။

ကျွန်တော်က . . .

"အဆင့်ရှယ် ဆယ်တန်းဖြေပြီး ရင် လက်ထပ်ကြမယ်၊ စောင့်ပေးပါ" ဟု ပြောခဲ့သည်။

ကျွန်တော့်ကို သူစောင့်မည်။ တစ်သက်လုံး ဘဝကြင်ဖော်အဖြစ် လက်တွဲသွားမည်ဟုသာ ထင်နေခဲ့သည်။ ကျွန်တော့်ကို ခွဲခွာသွားလိမ့်မည်ဟု တစ်ခါမျှပင် မတွေးမိခဲ့ပါ။ ငယ်ချစ်ဦး အဆင့်အပေါ် အမြဲယုံကြည်နေခဲ့သည်။

ကျွန်တော် ကိုးတန်းစာမေးပွဲ ဖြေအပြီးတွင် တခြားသူတစ်ယောက်နှင့် လက်ထပ်သွားခဲ့သည်။ သူ့ဘဝ နေထိုင်မှု အခက်အခဲတစ်ခုခုကြောင့် လက်ထပ်သွားသည်ဟု ကျွန်တော် ထင်နေခဲ့ပါ။

ကျွန်တော် သူ့ဘဝကို နားလည်ခွင့်လွှတ်ခဲ့ပါသည်။ မြားနတ်မောင် အတစ်မှားလေသလား၊ လှည့်ဖြားလေသလား မသိတော့ပါ။

ကျွန်တော့် အသည်းနှလုံးတွေ ကြေမွသွားပြီး ပူလောင်သည့် အချစ်ဝေဒနာတွေကို ရင်နင့်အောင် အလူးအလဲ ရူးမတတ် ခံစားနေခဲ့ရသည်။ ပြင်းပြသာသည့် အချစ်ဝေဒနာတွေကို ရင်မှာပိုက်ပြီး ဆယ်တန်းကို ဆက်တက်ခဲ့သည်။

ကျောင်းက ဖောင်တော်သီ အထက်တန်းကျောင်း ဆိုသော်လည်း ဘုန်းကြီးကျောင်းကြီးက မီးလောင်ခဲ့သဖြင့် ဇရပ်ရုံကြီးကို ကျောင်းအဖြစ် ဖန်တီးထားသည်။ ကျောင်းအနောက်ဘက်တွင်လည်း ထရံကာ မနိမ့်မြင့် ကျောင်းဆောင် သစ်တွေ တိုးချဲ့ဆောက်ထားသေးသည်။ ကျောင်းက ဥပဓိရုပ် သိပ်မကောင်းပေမယ့် ကျောင်းက ဆရာ၊ ဆရာမတွေက တပည့်တွေအပေါ် မေတ္တာ၊ စေတနာ အပြည့်အဝထားပြီး ပညာသင်ကြားပေးကြသည်။

အခကြေးငွေယူပြီး ကျူရှင် သင်သည်ဆိုတာမျိုး မရှိခဲ့ပါ။ တပည့်များ နားလည်သဘောပေါက် တတ်ကျွမ်းအောင် သင်ကြားပေးကြသည်။ ဆရာ၊ ဆရာမတို့၏ မေတ္တာ၊ စေတနာသည် မြင်းမိုရ်တောင်ထက်ပင် ကြီးမားလှပေသည်။

## အခန်း (၂)

တစ်နေ့ ကျောင်းမုန့်စားလွှတ်ချိန် ခုနစ်တန်းကျောင်းသူလေး သီသီဝေ ဆယ်တန်းစာသင်ခန်းသို့ ဝင်လာပြီး . .

"အစ်ကိုအောင် ညီမကို ဖောင်တိန် ခဏငှားပါ။ ဖောင်တိန် မှင်ကုန်သွားလို့"

"ဟုတ်လား၊ အစ်ကို့မှာ ဖောင်တိန်အပိုရှိတယ်၊ ရော့ ယူသွား" ဟုပြောရင်း ဆွမ်းဖောင်တိန်လေးကို ကျွန်တော် ပေးလိုက်သည်။ ကျွန်တော် အဝေ့ကို ညီမလေးတစ်ယောက်လိုခင်မင်ပါသည်။

သင်္ကြန်အကျရက် နေ့လယ်အချိန် ကျွန်တော် အဒေါ်နှင်းတို့ ခြံဝင်းထဲမှ ရွက်လှပန်းခြံလေးကို ငေးကြည့်နေစဉ် သီသီဝေရောက်လာပြီး ကျွန်တော့်ကိုယ်ပေါ်သို့ ရေတွေလောင်းချလိုက်သည်။

"အဝေ့ကို အစ်ကိုလဲ ရေပြန်လောင်းမှာနော်"ဟုပြောရင်း ရေပုံးအယူတွင် အဝေတစ်ယောက် ရွှန်းလဲ့နေသည့် မျက်လုံးလေးနှင့် သမင်လည်ပြန်ကြည့်ကာ ထွက်ပြေးသွားသည်။

ကျွန်တော်က သီသီဝေကို အဝေဟုပင် အမြဲခေါ်သည်။ အဝေက မျက်နှာဝိုင်းလေးနှင့် အသားဖြူပြီး ချောမောလှပသည်။ မျက်တောင်ကော့လေးနှင့် မျက်လုံးမျက်ဖန်က ညို့ယူဆွဲငင်စွမ်းအားကောင်းသည်။ ကိုယ်လုံးလေးက ပြည့်ဖြိုးပြီး အရပ်က မနိမ့်မမြင့်မို့ ကြည့်ကောင်းလှသည်။ ပွင့်သစ်စပန်းကလေးကဲ့သို့ လန်းဆန်းနေသည်။

အဒေါ်နှင်းက . . .

"တကတဲ မှပဲ မိန်းကလေးက ယောက်ျားလေးကို ရေလာလောင်းရတယ်လို့ ဒီခေတ်မိန်းကလေးတွေ အနေအထိုင် မဆင်ခြင်ဘူး၊ တော်တော်ခက်ပါတယ်" ဟု ပြစ်တင်ဝေဖန် ပြောဆိုနေသည်။

"အဒေါ်ကလဲ သင်္ကြန်တွင်းပဲ သူ ခင်မင်လို့ ရေလာလောင်းတာပဲ၊ လောင်းပါစေ၊ တစ်ကျောင်းတည်း တစ်ရပ်တည်း မောင်နှမလို နေတဲ့သူတွေပဲ ဟာ"

"ငါ ငယ်ရာက ကြီးလာတာ၊ အပွေးမြင်အပင်သိပါတယ်၊ စိန်ကဲ ရွှေကဲ မခတ်တတ်ပေမယ့် လူအကဲတော့ ခတ်တတ်ပါတယ်၊ ငါ့တူ ကြည့်ရှောင်ဦး နော်၊ တော်ကြာ မင်းအသည်းတစ်ခါ ထပ်ကွဲနေဦးမယ်"

"အဒေါ်ကလဲ ကျွန်တော် ရည်းစား မထားရဲတော့ပါဘူး၊ စိတ်ပူမနေပါနဲ့"

"အပြောမကြီးနဲ့၊ အားကြီးယုံမယ်၊ ငါက စောင့်ကြည့်နေဦးမှာ"ဟု ပြောပြီး အိမ်ပေါ်သို့တက်သွားသည်။

အဒေါ်နှင်းအိမ်၏ အနောက်ဘက် တစ်ခြံကျော်မှာ ရေကန်ကြီးတစ်ကန် ရှိသည်။ ဖောင်တော်သီ ခနာစုအရှေ့ပိုင်း၊ အနောက်ပိုင်း၏ သောက်ရေ သုံးရေအတွက် အားထားရာရေကန်ကြီးဖြစ်သည်။

ကျွန်တော့်အိမ်က ရေကန်၏ အရှေ့မြောက်ထောင့်နှင့် နီးသည်။ ကန်၏အရှေ့မြောက်ထောင့်တွင် ရေခပ်ရန် သစ်သားတံတားတစ်ခု ရှိသည်။ ကန်ပေါင်ထောင့်တွင် ဗောဓိညောင်ပင် တစ်ပင်ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com

ညောင်ပင်အောက်တွင် ရေချိုးရန်၊ အဝတ်လျှော်ရန်အတွက် သစ်သားပြားတစ်ခု ခင်းထားသည်။ ချိုးရေ၊ အဝတ်လျှော်ရေတွေက မြောင်းငယ်လေးအတိုင်း ညောင်ပင်နံဘေးမှ လယ်မြေကွက်ဆီသို့ စီးဆင်းသွားသည်။

မိန်းမများ ထဘီရေစိုဖြင့် ရေကန်တွင် ရေမခပ်ကြပါ။ ကန်ပေါင်တွင်လည်း ရေမချိုးကြပါ။ ကန်ပေါင်တွင် ယောက်ျားများသာ ရေချိုးကြသည်။ ရေကန်ထဲ ကြည်လင်သန့်ရှင်းသော ရေအပြင်တွင် ပဒုမ္မာကြာပွင့်များ ပွင့်လန်းနေကြသည်။ ရေကန်သည် သာယာလှပပြီး ရွာ၏ကျက်သရေကိုပင် ဆောင်နေပေသည်။

သီသီဝေတစ်ယောက် ရေကန်ထောင့် ဗောဓိပင်အောက်တွင် အဝတ်လာလာလျှော်နေသည်က ထူးခြားနေသည်။ ခါတိုင်းဆို သူ့အိမ်နှင့်နီးသည့် ရေကန်၏အနောက်မြောက်ထောင့်တွင်သာ အဝတ်လျှော်နေကျဖြစ်သည်။

တစ်နေ့ ညနေချမ်း ရေချိုးရန် ကန်သို့လာခဲ့ရာ အဝတ်လျှော်နေသော အဝေနှင့် ဆုံစည်းမိသည်။ အနောက်တောင်လေပြည်လေးတွေက တဖြူးဖြူးတိုက်နေသဖြင့် ဗောဓိညောင်ပင်မှ ညောင်ရွက်လေးတွေ တဖျပ်ဖျပ် လှုပ်ယမ်းနေကြသည်။

ကြာရွက်စိမ်းစိမ်းနှင့် ပန်းနုရောင် ပဒုမ္မာကြာပွင့်တို့တွင် ပျားပိတုန်းလေးတွေ ဝဲပျံနေကြသည်။ မိုးကောင်းကင် တိမ်ပြာပြာအောက်တွင် ဝေသာလီငှက်ဖြိုင်းဖြူလေးတွေ ရွာအနောက်ဘက် ရတနာပုံဘုန်းတော်ကြီး ကျောင်းဝင်းရှိ သစ်ပင်အိပ်တန်းသို့ ဦးတည်ပျံသန်းနေကြသည်။

အဝေက ကျွန်တော့်ကို တွေ့သည်နှင့် . . .

"ဟော အစ်ကိုအောင် ရေလာချိုးတာလား"

"အေး. . . အဝေ့ကို ရေခပ်ပေးရမလား၊ ဘာဝိုင်းကူလုပ်ပေးရမလဲ"

"ရပါတယ်၊ အဝတ်တွေက လျှော်လို့ပြီးနေပါပြီ၊ အစ်ကိုအောင်ကို မခိုင်းရက်ပါဘူး၊ အစ်ကိုအောင်ကို သနားတယ်"

"ဘာဖြစ်လို့ သနားတာလဲ"

"အစ်ကိုအောင် အသည်းကွဲနေတယ် မဟုတ်လား၊ ညောင်ပင်အောက်မှာ လာလာထိုင်ပြီး တွေးနေ ဆွေးနေတာ ညီမ သိပါတယ်၊ အစ်ကိုအောင် အမြဲပျော်နေတာကိုပဲ ညီမမြင်တွေ့ချင်နေတာ၊ ဖြစ်နိုင်ရင် အစ်ကိုအောင့်ဝေဒနာတွေကို ကုစားပေးချင်တာ၊ အစ်ကိုအောင်က အစွဲအလမ်း သိပ်ကြီးနေတာကိုး"

"အဲဒီလိုလဲ မဟုတ်ရပါဘူး ညီမရာ၊ အစ်ကို့ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ ဟာတာတာ နွမ်းလျလျ ဖြစ်နေလို့ပါ"

အဝေ့ရဲ့ အကြင်နာစကားလေးတွေ၊ ကရုဏာသက်တဲ့ အကြည့်လေးတွေက ကျွန်တော့်အသည်းနှလုံးဆီသို့ ပြေးဝင်လာသည်။ ကျွန်တော့်ရင်တွေ တုန်လှုပ်သွားပြီး ယိုယွင်းပျက်စီး ပိတ်ဆို့နေသည့် အသည်းတံခါးလေး ပွင့်ဟလာသည်။

"ညီမက အစ်ကို့ကို တကယ် သနားတာလား"

"အင်း. . . သနားတာပေါ့"

"သနားတာက ချစ်ခြင်းရဲ့အစဆိုတာကော ညီမသိရဲ့လား"

"ဟင့်အင်း သိဘူးလေ"

"အစ်ကို့ရင်က ဝေဒနာတွေကို တကယ်ကုစားပေးချင်တာလား"

အဝေက ကျွန်တော့်မျက်နှာကို စိုက်ကြည့်ရင်း ခေါင်းလေးညိတ်ကာ. .

"အင်း. . ." တဲ့။

"အစ်ကိုက ညီမကို ချစ်တယ်လို့ ပြောရင် ညီမက ချစ်မှာလား"

"အစ်ကိုအောင်၊ ညီမကို ရည်းစားစကား ပြောနေတာလား၊ ဘယ်လိုကြီးမှန်းလဲ မသိဘူး၊ သွား"

"မသွားပါဘူး၊ ချစ်ပါတယ်လို့ အဖြေပေးမှ သွားမှာ"

"အစ်ကိုအောင် ဆယ်တန်းစာမေးပွဲ ဖြေနိုင်ရဲ့လား"

"ဖြေတော့ ဖြေနိုင်ပါတယ်. . အောင်၊ မအောင်တော့ မသိဘူးလေ၊ စာမေးပွဲနဲ့ ချစ်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ဆယ်တန်းအောင်စာရင်းထွက်ပြီးမှ ညီမ အစ်ကိုအောင်ကို အဖြေပေးမယ်"

"ချစ်တယ်လို့ အဖြေပေးမှာလား"

"သိချင်ရင် အောင်စာရင်းထွက်တဲ့နေ့ ညနေဘက် ဒီညောင်ပင်အောက်မှာ ညီမကို အစ်ကိုအောင် လာစောင့်ပေါ့၊ ညီမ သွားတော့မယ်" ဟုပြောကာ အဝေတစ်ယောက် ကြည်လင်ဝင်းဝပြုံးစစမျက်နှာလေးနှင့် သခင်လည်ပြန်တစ်ချက်ကြည့်ပြီး ကျွန်တော့်အနားမှ ထွက်ခွာသွားပါတော့သည်။

## အခန်း (၃)

သီသီဝေ တစ်ယောက် နေမကောင်းသဖြင့် ပဲခူးဆေးရုံတွင် တက်ရောက်ပြီး ဆေးကုသခံနေရသည်။

ဆယ်တန်း အောင်စာရင်းတွေ ထွက်ခါနီးနေပြီ။ ကျွန်တော် အဝေ မြန်မြန်ကျန်းမာလာပါစေလို့သာ ဆုတောင်းပေးနေရသည်။

ကျွန်တော့်ဆုတောင်းက မပြည့်ခဲ့ပါ။ အဝေ ဆေးရုံတွင် သေဆုံးသွားခဲ့သည်။ အဝေ့အတွက် သပိတ်သွတ်ဆွမ်းကပ် တရားနာကို အဝေတို့အိမ်မှာပင် ပြုလုပ်ခဲ့သည်။

ကျွန်တော် ရောက်သွားတော့ အဝေ၏အမေက စိတ်မကောင်းစွာဖြင့် ကျွန်တော့်ကို အဝေ့အကြောင်းတွေ ပြောပြနေသည်။

"မင်းညီမက မသေခင်မှာ မင်းအကြောင်းတွေပဲ တဖွဖွပြောနေခဲ့တာ"

"အဝေ ဘာတွေများ ပြောခဲ့ပါလိမ့်" ဟုတွေးရင်း အဝေ့အမေရှေ့မို့ ကျွန်တော့်မျက်နှာ ထူအမ်းအမ်းဖြစ်ပြီး ထူပူသွားသည်။





www.burmeseclassic.com

www.burmeseclassic.com

"အဝေက ဘာရောဂါနဲ့ ဆုံးသွားတာလဲ အကြီး"

"ဆရာဝန်ကတော့ အသည်းဘီပိုးဆိုလား၊ စီပိုးဆိုလား ပြောတာပဲကွယ်၊ ရောဂါကလွန်နေပြီလို့ပြောတယ်၊ သူတို့လဲ ကြိုးစားကုသရှာပါတယ်၊ မင်းညီမရဲ့ ကံပါပဲကွယ်"

ဧည့်သည်တွေ ထပ်မံရောက်ရှိလာသဖြင့် ကျွန်တော်နှင့်အကြီး စကားပြောပြတ်သွားသည်။

"အစ်ကို့ရင်မှာ ခံစားနေရတဲ့အချစ်အသည်းကွဲဝေဒနာတွေကို ကုစားပေးချင်ပါတယ်ဆိုတဲ့ အဝေလေးရယ်၊ အသည်းရောဂါနဲ့မှ ဆုံးပါးသွားရတယ်" ဟု တွေးရင်း ကျွန်တော့်ရင်မှာ မချိတင်ကဲ ယူကျုံးမရ ခံစားလိုက်ရပါသည်။

ရက်မကြာခင် ၁၉၆၉ ခုနှစ် ဆယ်တန်းအောင်စာရင်းတွေ ထွက်လာသည်။ အောင်စာရင်းမှာ ဘီလစ်ဖြင့် အောင်သူတွေသာ တွေ့ရသည်။ ကျွန်တော့်နာမည်မပါသဖြင့် စာမေးပွဲ ကျသွားပြီဟု ထင်ခဲ့သည်။

နောက်တစ်နေ့တွင် အေလစ်ဖြင့် အောင်သူတွေစာရင်း ထပ်မံထွက်လာသည်။ ကျွန်တော် စာမေးပွဲအောင်သည်။ ကျွန်တော်တို့ကျောင်းက ဆယ်တန်း စသင်သည့်နှစ် ဖြစ်သည်။ ဒိုက်ဦးစာစစ်ဌာနတွင် စာမေးပွဲသွားဖြေခဲ့ကြရသည်။ ကျောင်းသူ၊ ကျောင်းသားပေါင်း သိပ္ပံ(ဘိုင်အို)တွဲတွင် ၁၂ ယောက်၊ ဝိဇ္ဇာတွဲတွင် ၂၁ ယောက်ရှိသည်။ သိပ္ပံတွဲတွင် ကျွန်တော်နှင့်မြင့်သိန်း နှစ်ယောက် အေလစ်ဖြင့်အောင်သည်။ ဝိဇ္ဇာတွဲတွင် အေလစ်ဖြင့် မခင်စောဝင်းတစ်ယောက် အောင်သည်။ ဘီလစ်ဖြင့် အအောင်များကြသည်။ အေလစ်ဖြင့် အောင်သူတွေက ကောလိပ်၊ တက္ကသိုလ် ဆက်တက်ခွင့်ရှိသည်။ ဘီလစ်ဖြင့် အောင်သူတွေက ဆက်တက်ခွင့်မရဘဲ ဆယ်တန်းစာမေးပွဲ ဆက်ဖြေခွင့် ရှိပါသည်။

ကျွန်တော် ဆယ်တန်းအောင်သည့်နေ့ ညနေချမ်းတွင် ရေကန်ထောင့်ဇောင်းဘက် ပင်ဆိုင်ရာ ကောက်ဆိုက်သွားခဲ့သည်။

"ဆယ်တန်းအောင်စာရင်းထွက်ပြီးမှ ညီမအစ်ကိုအောင်ကို အဖြေပေးမယ်" ဆိုသည့် အဝေ့ရဲ့စကားသံလေးကို ကြားယောင်နေမိသည်။ အဝေရဲ့ ရွှန်းပပ ပြုံးစစမျက်နှာလေးကို မြင်ယောင်နေသည်။ အဝေလည်း တမလွန်ဘဝကနေ . . .

"အစ်ကိုအောင်ကို ညီမ ချစ်တယ်"လို့များ ပြောနေမလား မသိတော့ပါ။ ကျွန်တော့်ရင်ထဲတွင် ဆွေးဆွေးမြည့်မြည့် ခံစားလိုက်ရပါသည်။

အဝေတစ်ယောက် ကောင်းရာဘုံဘဝသို့ ရောက်ပါစေလို့သာ ဝမ်းနည်းပန်းနည်းဖြင့် ဆုတောင်းရင်း အမျှဝေလိုက်ရပါသည်။ မြားနတ်မောင် အပစ်မှားလေသလား၊ နဖူးစာကံ လှည့်ဖြားလေသလား မသိတော့ပါ။

## အခန်း (၄)

ကျွန်တော် ရန်ကုန်မြို့ ကမာရွတ်ရှိ ဘကြီးကြွက်နီ၊ အကြီးဒေါ်သီတို့ အိမ်သို့ အလည်ရောက်ခဲ့သည်။ ဘကြီးရဲ့သား ကိုဘိုကြီးက ကျွန်တော်နှင့် ဝမ်းကွဲညီအစ်ကိုတော်ပေမယ့် ညီအစ်ကိုရင်းထက်ပင် ချစ်ခင်သည်။ ကိုဘိုကြီးက-

"အောင်ထက်ဇော် မင်း တက္ကသိုလ် ဆက်တက်မယ် မဟုတ်လား၊ အဆောင်မနေဘဲ အိမ်ကနေပဲကျောင်းတက်လေကွာ"

"ကျွန်တော် မော်လမြိုင်ကောလိပ်မှာ သွားတက်ရမှာ ကိုဘိုကြီးရ"

"ဟုတ်လား၊ အင်း မော်လမြိုင်ဆိုရင် အတော်ပဲ၊ အဖေနဲ့ သောက်ဖော်သောက်ဖက် အဖေ့သူငယ်ချင်း ဦးချစ်မော်လမြိုင်မှာရှိတယ်ကွ၊ မင်းကို လိပ်စာပေးလိုက်မယ်၊ မင်းပျင်းတဲ့အခါ သွားလည်လို့ရတာပေါ့၊ အဖေ့တူလို့သာပြောလိုက်ကွာ၊ မင်းတည်းချင်တဲ့အခါ တည်းလို့ရတာပေါ့"

"ကောင်းတာပေါ့၊ ဟိုမှာ အသိတစ်ယောက်မှ ရှိတာမဟုတ်ဘူး၊ မော်လမြိုင်ကို မရောက်ဖူးသေးဘူး"

"မင်း ဟိုမှာ မွှန်မလေးတွေတွေ့ပြီး ပျော်သွားမှာပါကွာ၊ မင်း ခေါင်းမူးရောဂါနဲ့အသည်းကွဲဝေဒနာတွေတောင် ပျောက်သွားနိုင်တယ်၊ ငါ့ဆီလဲ စာမကြာမကြာရေးဦး"

"အင်း. . . ရေးပါ့မယ်"

ကိုဘိုကြီးက ကျွန်တော် ငယ်ချစ်ဦးအဆင့်ကို ရန်ကုန်တွင်လာရှာစဉ်က လိပ်စာအတိုင်း လိုက်ရှာပြီး အိမ်အရောက် လိုက်ပို့ပေးခဲ့သူ ဖြစ်သည်။ ကျွန်တော့်ရဲ့ အသည်းကွဲအချစ်ဇာတ်လမ်းကို သိနေသူ ဖြစ်သည်။

မိုးက တစိမ့်စိမ့် တဖွဲဖွဲရွာနေသည်။ ဘော် ဘော် ဘော် အသံပေးပြီး စက်သင်္ဘောကြီးက မုတ္တမဆိပ်ကမ်းမှ မော်လမြိုင်ဆိပ်ကမ်းသို့ ခုတ်မောင်းနေသည်။ ကျွန်တော်နှင့် ဒိုက်ဦးမြို့နယ်မှ မော်လမြိုင်ကောလိပ်တွင် တက်ရောက်ပညာသင်မည့် ကျောင်းသူ၊ ကျောင်းသားတွေ ဇက်သင်္ဘောပေါ်တွင်ရှိနေကြသည်။ အသားဖြူဖြူ မျက်နှာဝိုင်းလေးနှင့် ဝတုတ်တုတ် ကျောင်းသူလေး တစ်ယောက် သင်္ဘောဘေးတွင် ဝဲပျံနေသည့် စင်ရော်ငှက်ကလေးတွေကို ငေးကြည့်ရင်း ငိုနေသည်။ သူ့ပါးပြင်တွင် မျက်ရည်ဥတွေ စီးကျနေသည်။

"ဒီက ညီမ ဘာလို့ ငိုနေတာလဲ"

"အိမ်ကို လွမ်းလို့ပါ"

"ငိုမနေပါနဲ့ ညီမရာ၊ နောက်တော့လဲ ပျော်သွားမှာပေါ့" ဟု ကျွန်တော်က အားပေးလိုက်ရသည်။

"ညီမက ဘယ်မေဂျာကလဲ"

"ရူပဗေဒ ပထမနှစ် စတက်မှာပါ"

"အစ်ကိုနဲ့ အတန်းတူ မေဂျာတူပဲကိုး အောင်ထက်ဇော်ပါ"

"ကျွန်မ မကြင်မွှေးပါ"

"ကဲကဲ ငိုမနေနဲ့တော့၊ သင်္ဘော မော်လမြိုင်ဆိပ်ကမ်း ကပ်တော့မယ်"

ဇက်သင်္ဘော ကမ်းကပ်သည်နှင့် ကြိုတင် ရောက်နှင့်နေသည့် ကျောင်းသားများက ကြိုဆိုကြတာ ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းကူမသယ်ကြပြီး နေကြရမည့် သက်ဆိုင်ရာအဆောင်များသို့ ခေါ်သွားကြသည်။

## အခန်း (၅)

ကျွန်တော် မော်လမြိုင် သာယာကုန်းလမ်းထိပ်ရှိ ဗညားဆောင်တွင်နေရသည်။ တစ်ခန်း နှစ်ယောက် နေကြရသည်။ အခန်းဖော်က သုံးဆယ်သားကိုညွန့်မောင် ဖြစ်သည်။ ကျွန်တော်နှင့်မေဂျာတူသည်။ကျွန်တော့်ထက်အသက်ကြီးသည်။ သဘောကောင်းသည်။

"ကိုညွန့်မောင်ကို အစ်ကို တစ်ယောက်လို ခင်ပါတယ်ဗျာ၊ ကျွန်တော် မှားတာရှိရင်လဲ ညီတစ်ယောက်လို သဘောထားပြီး ဆုံးမပါ၊ တစ်ခုခက်နေတာက ကျွန်တော့်မှာ ခေါင်းမူးရောဂါရှိနေလို့ ဆေးလိပ်မီးခိုးအနံ့ကို သိပ်မခံနိုင်ဘူး ဖြစ်နေတယ်"

"ဒါလားဗျာ၊ စောစောက ပြောရောပေါ့" ဟုပြောကာ ကိုညွန့်မောင်သည် "ဒီနေ့ကစပြီး ဆေးလိပ်ဖြတ်တယ်" ဟု အခန်းနံရံတွင် စာရေးလိုက်သည်။ ထိုနေ့ ထိုအချိန်မှစ၍ ဆေးလိပ်အလွန်သောက်သော ကိုညွန့်မောင်သည် ဆေးလိပ်လုံးဝမသောက်တော့ပါ။

ကျောင်းပိတ်ရက် တစ်နေ့တွင် ကျွန်တော် ကိုဘိုကြီး ပေးလိုက်သည့် လိပ်စာအတိုင်း ဦးချစ်၏အိမ်သို့ သွားလည်သည်။ ဦးချစ်က . . .

"နင့်ဘကြီးနဲ့ ဦးလေးက အရမ်းခင်တဲ့ မိတ်ဆွေတွေပဲ၊ အကူအညီလိုတဲ့အခါ ပြောနော်၊ အားမနာနဲ့၊ အားတဲ့အခါလဲ လာလည်" ဟုပြောသဖြင့် . .

"ဟုတ်ကဲ့" ဟုသာ ခေါင်းညိတ်နေရသည်။ ဦးချစ်အိမ်သို့ နောက်တစ်ခေါက် သွားလည်စဉ် ဦးချစ်က . . .

"ဒါ ဦးလေးသမီးအကြီးဆုံး သက်ထား" ဟု မိတ်ဆက်ပေးသည်။

"သမီး ဒါ ရန်ကုန်က ဦးကြွက်နီရဲ့တူ မော်လမြိုင်ကောလိပ်မှာ ကျောင်းလာတက်နေတာ"

"တွေ့ရတာ ဝမ်းသာပါတယ်၊ အောင်ထက်ဇော်ပါ။အစ်ကိုတစ်ယောက်လို ခင်မင်နိုင်ပါတယ်"

"ဟုတ်. . . ဟုတ်ကဲ့ပါ အစ်ကို"

"ညီမ အခု ဘာတက်နေတာလဲ"

"ဆယ်တန်း ကျောင်းတက်နေတယ်"

"ဟုတ်လား၊ စာကြိုးစားနော်၊ နောင်နှစ် ကောလိပ်မှာ ဆုံကြရအောင်"

"ကြိုးစားနေပါတယ်" ဟု ပြောကာ သက်ထားအိမ်နောက်ဘက်သို့ ထသွားကာ လက်ဖက်ရည်နှင့်မုန့်တွေ ယူလာပြီး ဧည့်ခံသည်။

သက်ထားမျက်နှာလေးကို မြင်မြင်ချင်း ကျွန်တော့်ရင်ထဲတွင် တဒုတ်ဒုတ်မြည်ပြီး အသည်းနှလုံးတွေ တဆတ်ဆတ် တုန်ခါသွားသည်။ သက်ထားကို မြင်မြင်ချင်း ချစ်မိနေသဖြင့် ကျွန်တော့်ကိုယ်ကျွန်တော်ပင် ပြန်ပြီးအံ့ဩနေမိပါသည်။ လူကြီးတွေရှေ့တွင် ဟန်မပျက်ရန် မနည်းကြိုးစားထိန်းချုပ်နေရသည်။

ကျွန်တော် အဆောင်သို့ ပြန်ရောက်ပြီး ခုတင်ပေါ်တွင် ပက်လက်လဲလျောင်းလိုက်သည်။ ကျွန်တော်ကြည့်လေရာ အခန်းနံရံတိုင်းတွင် သက်ထားရဲ့ရုပ်ပုံလေးတွေကို မြင်နေရသည်။ အသားဖြူပြီး အေးငြိမ်းတည်ကြည် လှပကြော့ရှင်းသည့် မျက်နှာဝိုင်းလေး၊ မော်လမြိုင်သံ ဝဲဝဲလေးနှင့် အစ်ကိုဆိုသည့် အသံလေးတွေက ကျွန်တော့်အသည်းနှလုံးကို စိုးမိုးသွားလေသည်။ တစ်ပတ်ခြား တနင်္ဂနွေနေ့တိုင်း အဆောင်မှ မော်လမြိုင်အထက်လမ်းမကြီးအတိုင်း လမ်းလျှောက်ရင်း မရမ်းကုန်းရပ်ကွက်ရှိ သက်ထားတို့အိမ်သို့ သွားလည်ဖြစ်သည်။

သက်ထားကို တွေ့နေရလျှင် စိတ်ထဲပျော်ပြီး ရင်ထဲတွင် ကြည်နူးနေမိသည်။ အခင်မင်ပျက်မှာ စိုးလို့ရယ်၊ ရည်းစားထားရမှာကို ကြောက်နေတာရယ်ကြောင့် သက်ထားကို ချစ်မိနေတဲ့ အကြောင်း ဖွင့်ဟမပြောဘဲ ရင်ထဲမှာ တိတ်တခိုးလေး ချစ်နေမိသည်။

ကျောင်းတက်ပြီး သုံးလလော[...] တွင် မြို့ထဲဗညားဆောင်မှ မော်လမြို[...] ကောလိပ်ဝင်းထဲရှိ စည်သူဆောင်[...] ပြောင်းရွှေ့နေထိုင်ရသည်။ နံနက်ဘ[...] အစောကြီး ကျောင်းကြိုကား ထ[...] သည့် ဒုက္ခမှ ကင်းဝေးသွားလေသည်[...] စည်သူဆောင်က ကောလိပ်စာကြ[...] တိုက်နှင့် နီးသည်။ မြေစိုက်အဆော[...] သစ်ဖြစ်သည်။ အခန်းကျယ်ကြီးတွ[...] ကျောင်းသားဆယ်ယောက်နေကြရသည်[...]

အဆောင်နောက်ကျောဘ[...] တွင် ကွမ်းသီးခြံ၊ ဒူးရင်းခြံတွေ ရှိသည်[...] ညအခါတွင် ပုစဉ်းရင်ကွဲသံ၊ ဖားအော်[...] သံတွေကိုကြားနေရသဖြင့် တော[...] ရောက်နေသကဲ့သို့ ခံစားရသည်။ [...] အော်သံတွေကြောင့် ရွာက လယ်တဲ[...] ပြေးလို့သတိရနေမိသည်။

## အခန်း (၆)

ကျွန်တော် ဒုတိယနှစ်တွင် ဆော[...] ရဆောင်အပေါ်ထပ် အခန်း(၇၂)[...] ကိုညွန့်မောင်နှင့်အတူနေရသည်။ ဆော[...] ဆောင်ရှေ့ မျက်နှာချင်းဆိုင်တွင် အ[...] ကစားရုံ ရှိသည်။ နောက်ဘက်တွ[...] ကျောင်းသားများနေသည့် သံလွ[...] ဆောင်ရှိသည်။ မောရဆောင်က စ[...] ချောင်းလေးနှင့်လည်း နီးသည်။ မိုးတွ[...] ဘက် စမ်းချောင်းထဲ ရေချိုးရသည်[...] ပျော်စရာကောင်းလှသည်။

မောရဆောင်ပေါ်မှ တောင်[...] တွေဝေနေသည့် တောင်ဝိုင်း တောင်[...] တောင်တန်းကြီးကို လှမ်းမြင်နေရသည်[...] တောင်ထိပ်မှ အုန်းပင်နှစ်ပင်အောက်[...] ထုံးဖြူဖွေးဖွေး ရွှေကြက်ယက်နှင့် [...] ကြက်ကျ စေတီလေးနှစ်ဆူကို လှမ်း[...] ဖူးမြော်ရင်း သက်ထားဆီသို့ သတိရ[...] မိသည်။ တစ်ခါ တစ်ခါ ငယ်ချစ်[...] အဆင့်ဆီလည်း လွမ်းနေမိသေးသည်[...]

ကျွန်တော့်အခန်း ခေါင်း[...] ကပ်လျက်အခန်းတွင် ပဲခူးယ[...]



www.burmeseclassic.com

www.burmeseclassic.com

...ကျော်ဝင်းနှင့် တောကျွဲအင်းသား ...ကျင်ဆန်းတို့နှစ်ယောက်နေကြသည်။ ...ညွန့်မောင်နှင့် တစ်ခန်းတည်းအတူ ...သော်လည်း အပြင်တွင် သိပ်မတွဲ ...ပါ။ ကိုကျော်ဝင်း၊ ကိုကျင်ဆန်းတို့ ...သာ သွားသွားလာလာ တွဲဖြစ်သည်။ ...ကျော်ဝင်းက အစ္စလာမ်ဘာသာဝင် ...သည်။ ကျွန်တော်က သူ့ကို အရာ ...ဟုသာ ခေါ်သည်။ ကျင်ဆန်းက ...ဖြစ်သည်။ သူ့ကိုတော့ ပေါက် ...ဟုသာ ခေါ်သည်။

ညနေ ထမင်းစားပြီးလျှင် ကျွန် ...တော်တို့ သုံးယောက် လမ်းလျှောက်ကြသည်။ သံလွင်ဆောင်ထိပ်ဘက်ကနေ ...ပြီး မိန်းမချောလေးတွေပေါသည့် ရွှေမြိုင်ဆောင်ရှေ့ကနေ ပတ်လျှောက်ကြသည်။

ရွှေမြိုင်ဆောင်၏ ညာဘက် နောက်ယွန်းယွန်းတွင် နီလာဆောင်ရှိပြီး ...ဘက်တွင်ပုလဲဆောင်ရှိသည်။ကျောင်းသူများနေသည့်အဆောင်တွေဖြစ်သည်။ ကောလိပ်ကျောင်းမကြီးလမ်းအတိုင်း ကျောင်းဝင်းအပြင်ဘက်သို့ လျှောက်ကြသည်၊ လမ်းမ၏ ဝဲယာတွင် ဆရာ၊ ဆရာမများနေသည့် အဆောင်တွေရှိသည်။ ရုက္ခဗေဒဥယျာဉ်လည်း ရှိသည်။ ...မအလယ်ကျွန်းတစ်လျှောက်တွင် ...မာပင်များ၊ ပင်လယ်ကဗွီးပင်များ ...စီပြီး ရှိနေသည်။

ကျောင်းဝင်းအပြင်သို့ ရောက် ...ဘိုးဘွားရိပ်သာရှေ့မှဖြတ်လျှောက် ...ပြီး လေယာဉ်ကွင်းအစပ်မှာ သွားထိုင်ကြသည်။ သာယာလှသည့် တောင်ဝိုင်း တောင်ညို့တောင်တန်းတွေ ငေးကြည့်ကြရင်း ကျွန်တော်တို့သုံးယောက်သား ထွေရာလေးပါးစကားတွေ ပြောကြသည်။ သုံးယောက်သား လေညင်းခံကြပြီး မိုးချုပ်မှပင် အဆောင်သို့ပြန်ခဲ့ကြသည်။

ကျောင်းသား ဘဝလေးသည် ပျော်စရာအကောင်းဆုံး ဘဝလေးဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်တွင် ပို၍ ပျော်စရာကောင်းသည်။ ကောလိပ် အငြိမ့်ရှိသည်။ အငြိမ့်တွင် ကျွန်တော့် အခန်းဖော် ကိုညွန့်မောင်က ဇာတ်ဆရာလုပ်သည်။ အနုပညာဝါသနာပါပြီး တတ်ကျွမ်းသူများကို စုစည်းပြီး ဇာတ်တိုက်ကာ အငြိမ့်ကပြခြင်း ဖြစ်သည်။ ကျွန်တော်တို့မရောက်မှာ ကိုဝင်းကြည်ကလည်း လူရွှင်တော်လုပ်သည်။ အငြိမ့်ကြည့်ပြီး ရယ်မြူးရ ပျော်ရွှင်ရပါသည်။

ညဉ့်နက် သန်းခေါင်ကျော် အချိန်တွင် ကျောင်းသားကြီးတွေက ရွှေမြိုင်ဆောင်ဘက်သို့ ဝါးပိုးအမြောက်ကြီးများချိန်၍ "အခန်းနံပါတ် (××)က မဘဲဥအတွက် တစ်လုံး"ဟု ဝိုင်းအော်ကာ ဝါးပိုးအမြောက်ကို ပစ်ဖောက်လိုက်သည်။ "ဝုန်း" ဆိုသည့် အမြောက်သံ



မြည်ဟည်းသွားသည်နှင့် ဝိုင်းပြီး လက်ခုပ်တီး ဩဘာပေးကြသည်။ မဘဲဥဟု တင်စားအခေါ်ခံရသူမှာ ဘတ်စကက်ဘောကစားတော်သော မြိတ်သူ အသားဖြူဖြူ ပုပုလုံးလုံးချောချော ကျောင်းသူလေးဖြစ်သည်။

ကျောင်းသားတွေက ထူးခြားသည့်သူတွေကို နာမည်ပြောင် ပေးထားကြသည်။ အသားမည်းမည်းနှင့် ခပ်ဟော့ဟော့ကျောင်းသူပါသည့်အုပ်စုကို ကျီးကန်းအုပ်စုဟုနာမည်ပေးထားသည်။ အသက်ကြီးပြီး ရင်သားတွဲသူပါနေသည့် အုပ်စုကို ပျော့စိအုပ်စုဟု နာမည်ပေးထားသည်။ တစ်ခု ကောင်းသည်မှာ ကျောင်းသူ၊ ကျောင်းသားတိုင်း မောင်နှမလို ခင်မင်စိတ် ခွင့်လွှတ်တတ်တဲ့စိတ် ရှိကြသည်။ ဘယ်လောက်ပင် စစနောက်နောက် ရန်ဖြစ်သည်ဟူ၍ မရှိခဲ့ပါ။ ကျောင်းသားတွေကလည်း နောက်သလား မမေးနဲ့။

ကျွန်တော် ပထမနှစ် စတက်သည့်နေ့က ကျောင်းအုပ်ကြီးရုံးခန်း ဘယ်နားမှာလဲ မေးရာ အိမ်သာသွားသည့်ဘက်သို့ ညွှန်ပြကြသည်။ တစ်ခါလည်း မဘဲဥတို့ ဘတ်စကက်ဘောပြိုင်ပွဲကို အုတ်ဘောင်ပေါ် မတ်တတ်ရပ်ကာ ငေးပြီးကြည့်နေသည့် ကျောင်းသားကို သူ့သူငယ်ချင်းက လုံချည်ဆွဲချွတ်ချသည်။ ဒီကောင် အတွင်းခံဘောင်းဘီ မပါတော့ ဖွားဖက်တော်က အတိုင်းသား ပေါ်သွားသည်။ ဒီကောင်လည်း ရှက်လို့ ကျောင်းသုံးရက်လောက်မတက်နိုင်ဘူး။

အစအနောက်ကြမ်းတာ တစ်ခု ရှိသေးသည်။ ကျောင်းသားတစ်ယောက် စမ်းချောင်းထဲမှာ ရေနစ်သေဆုံးခဲ့သဖြင့် ကျောင်းသားများ အသုဘပို့သွားကြသည်။ အပြန်တွင် ကျောင်းသားတစ်ယောက်က သုသာန်သင်္ချိုင်းမှ လူဦးခေါင်းအရိုးကြီးကို ကောက်လာခဲ့သည်။ ညဘက်တွင် ဦးခေါင်းရိုးကြီးကို ပါဆယ်ထုပ်ကာ ရွှေမြိုင်ဆောင် အခန်း



www.burmeseclassic.com

www.burmeseclassic.com

(××)သို့ ပို့ပေးလိုက်သည်။ ကျောင်းသူတစ်ဦးက ပါဆယ်ထုပ်ဖွင့်ကြည့်လိုက်ရာ လန့်ဖျပ်ပြီး မေ့မြောသွားခဲ့သည်။

ကျွန်တော့်သူငယ်ချင်း အရာကြီးလည်း စတတ် နောက်တတ်သည်။ တစ်ခါ ကျွန်တော်တို့ လမ်းလျှောက်စဉ် ယောကျ်ားစတိုင်ဝတ်ထားသည့်ကျောင်းသူတစ်ယောက်လည်း လမ်းလျှောက်နေသည်။ အရာကြီးက . . .

"ယောကျ်ားကွ"

ပေါက်ဖော်က . . .

"မိန်းမကွ" ဟု အတိုင်အဖောက်ညီညီ အော်ပြီး ငြင်းနေကြသည်။

လမ်းလျှောက်နေသည့် ကျောင်းသူက . . "ဒီလောက် အသက်ကြီးနေပြီး မိန်းကလေးမှန်း မသိဘူးလား" ဟု နောက်လှည့်ပြီး ဘုတောသွားမှ တိတ်ကြသည်။ ကျွန်တော်ကတော့ သူတို့ စနောက်တာကိုကြည့်ပြီးရယ်နေရသည်။

တစ်ခါလည်း မြို့ထဲမှ ကျောင်းလာတက်သည့် ကျောင်းသူချောချောလှလှဖြောင့်ဖြောင့်လေး အပြန်တွင် အရာကြီးက နောက်ကနေလိုက်သွားပြီး

"ညီမ ပြန်တော့မလို့လား၊ ဘယ်မှာ နေတာလဲ" ဟု မေးလိုက်သည်။

ကျောင်းသူလေးက . . .

"ဟုတ်ကဲ့၊ ညီမပြန်တော့မယ်၊ ယောက္ခမအိမ်မှာပဲ နေပါတယ်" ဟု ယဉ်ယဉ်ကျေးကျေးပြန်ပြောလိုက်သည်။ ဒီတစ်ခါတွင် မိန်းကလေးချောချောမြင်လျှင် ငမ်းချင် စနောက်ချင်တတ်သည့် အရာကြီး "ဟိုက်"ခနဲအသံထွက်အောင် ခံလိုက်ရတော့သည်။

## အခန်း (၇)

ကျွန်တော် ဒုတိယနှစ်ဝက်ကျော်တွင် သက်ထားကို ချစ်သည့်အချစ်တွေ ရင်မှာပြည့်ကျပ်လာသည်။ ရင်ထဲတွင် သိုသိပ်ကွယ်ဝှက်ထားနိုင်အား မရှိတော့ပါ။ သက်ထားတို့အိမ်သို့ သွားလည်ပြီး လူကြီးတွေအလစ်တွင် သက်ထားကို ရည်းစားစာ ပေးခဲ့သည်။

နောက်နှစ်ပတ်မြောက်တွင် သက်ထားဆီက အဖြေရရန် မျှော်လင့်ချက်အပြည့်ဖြင့် သက်ထားတို့အိမ်သို့ သွားခဲ့သည်။ သက်ထားမျက်နှာ ခါတိုင်းလို ပြုံးပြုံးရွှင်ရွှင် မရှိလှပါ။ သက်ထားက ကျွန်တော့်ကို ကရုဏာသက်စွာ ကြည့်ပြီး . . .

"အစ်ကို ညီမမှာလေ စေ့စပ်ထားတဲ့သူ ရှိနေတယ်၊ အရင်အတိုင်းပဲ မောင်နှမလိုဆက်ပြီး ခင်မင်နိုင်ပါတယ်" ဟု ပြောလာသည်။ ကျွန်တော့်ရင်ကို တင်းပုတ်နဲ့ထုလိုက်သကဲ့သို့ အသည်းနှလုံးတွေ ကျဉ်ခနဲ ဖြစ်သွားသည်။

"ရင်ထဲကအချစ်ကို ဖွင့်ဟမပြောဘဲ နေခဲ့ရင် အကောင်းသား" ဟု တွေးမိလိုက်သည်။

"စိတ်မရှိပါနဲ့ ညီမရာ၊ အစ်ကို ညီမမှာ စေ့စပ်ထားတာရှိမှန်း မသိလို့ပါ" ဟု တောင်းပန်စကား ပြောလိုက်ရသည်။

"ရပါတယ် အစ်ကိုရယ်" ဟု သက်ထားက ပြန်ပြောသဖြင့် စိတ်မောသက်သာသွားသည်။

ကျွန်တော် အဆောင်သို့ ပြန်ရောက်လျှင် စိတ်ခံစားချက်တွေ ပြေပျောက်ရန် ကဗျာလေးတစ်ပုဒ် ကောက်ရေးလိုက်သည်။

"နွေအဦး လေရူးငယ်ဆော်၊ ကံ့ကော်ကြိုင်ကြိုင်မွှေး ပန်ပေးချင်သေး၊ နွေအဦး လေရူးနှင့်သူ့စိတ်ပါ၊ သူ့လိပ်ပြာ ပျံကာပြေး၊ ပန်မပေးနိုင်ပြီလေး"

ကဗျာလေးကို ကောလိပ် နံရံကပ်စာစောင်တွင် ထည့်ပေးလိုက်သည်။

သက်ထား ဆယ်တန်းစာမေးပွဲ ကျသည်။

"ညီမရယ် ကြိုးစားပြီး ထပ်ဖြေပါ" ဟု အားပေးရသည်။

"ညီမ ထပ်ဖြေမှာပါ၊ ဒီနှစ် ဘားအံက ဘကြီးအိမ်မှာသွားနေပြီး ဟိုမှာပဲ ဆယ်တန်းဖြေမယ်"

သက်ထား ဆယ်တန်းကျတာလည်း အပြစ်ပြောလို့ မရပါ။ သက်ထားက မောင်နှမ ရှစ်ယောက်ထဲမှာ အကြီး ဆုံးမို့ အငယ်တွေထိန်းရသည့် ကိစ္စ လျှော်ဖွပ်ချက်ပြုတ်ရသည့်ကိစ္စ စသည့် အိမ်အလုပ်တွေနှင့် စာကျက်ချိန် သိ မရလှပါ။

"ညီမ ဘားအံမှာ သွားနေမယ် ဆိုတော့ အစ်ကိုနဲ့ သိပ်တွေ့ရတော့မှာ မဟုတ်ဘူး၊ ညီမ စိတ်မဆိုးနဲ့နော် အစ်ကို ညီမသိအောင် ပြောထားချင် လို့ပါ"

"ဘာပြောမှာလဲ အစ်ကို"

"ဒီလိုပါ၊ ညီမတို့ စေ့စပ်ထားသ ကိစ္စ အကြောင်းတစ်ခုခုကြောင့် အဆင် မပြေများဖြစ်ခဲ့ရင် အစ်ကို့ကို စဉ်းစား ပေးပါ၊ ညီမ လက်ထပ်မင်္ဂလာပွဲမတိုင် အထိ ညီမဆီက မေတ္တာကို အစ်ကို မျှော်လင့်နေမယ်၊ အစ်ကို့ဆီလဲ မောင် နှမလို ခင်မင်မှုလေးနဲ့ပဲဖြစ်ဖြစ် စာရေး ပါ"

"စိတ်မဆိုးပါဘူး အစ်ကိုရယ် စာလဲရေးပါ့မယ်"

ကျွန်တော် သက်ထားကို နှုတ် ဆက်ပြီး ရင်မောစွာဖြင့် မောရဆောင် သို့ ပြန်လာခဲ့သည်။

## အခန်း (၈)

ကျွန်တော် ဒုတိယနှစ်အောင်ပြီး တတိယနှစ်ဝက်သို့ပင် ရောက်ရှိလာခဲ့ သည်။

သက်ထားတစ်ယောက် ဆယ် တန်းဖြေရန် ဘားအံမြို့တွင် ကျောင်း တက်နေသည်။ တစ်နေ့ညနေ ကျောင်း မှ အဆောင်သို့ပြန်လာပြီး အခန်းတံခါး ကို ဖွင့်လိုက်စဉ် ကျွန်တော့်နာမည်ဖြင့် စာအိတ်တစ်အိတ် ပို့စကတ်တစ်ခု တွေ့လိုက်ရသည်။ စာအိတ်လေးကိုဖွင့် လိုက်ရာ ပန်းနုရောင်စာရွက်လေးတစ် ရွက် ထွက်လာသည်။ စာတွေကိုဖတ် ကြည့်ရာ သက်ထား ပို့လိုက်သော စာ ဖြစ်နေသည်။

"ညီမလေ အစ်ကိုနဲ့ ဝေးနေ အစ်ကို့ကိုအရမ်းလွမ်းတယ်၊ ညီမ မည





www.burmeseclassic.com

www.burmeseclassic.com

...တော့ဘူး၊ ညီမ အစ်ကို့ကို ချစ်ပါ ...ယ်၊ စေ့စပ်ထားတဲ့သူရှိတယ်လို့ ပြော ...တလဲ အစ်ကိုက တစ်ရွာသားမို့ ...ရဲ့သေးလို့ရယ်ပါ၊ စေ့စပ်တာကလဲ ...အကျကြီး မဟုတ်ပါဘူး၊ လူကြီး ... စကားစထားကြတာပါ၊ အင်ဂျင် ...လို့တော့ ပြောတာပဲ၊ ညီမ မမြင်ဖူး ... ဖြူသလား မဲသလားတောင် မသိ ... ညီမရဲ့ အိမ်ထောင်ဖက်ကို ကိုယ် ...ရွေးချယ်ခွင့် ရှိပါတယ်၊ အစ်ကို့ကို ...ယ်လိုက်ပြီ သိလား၊ နောက်မှ ညီမ ...ခွဲမသွားနဲ့နော်"

ဟု ရေးထားသည့် စာပိုဒ်ကို ...တော် အခေါက်ခေါက် အခါခါ ...နေမိသည်။ ပြီးမှ ပို့စကတ်လေးကို ...ကြည့်လိုက်ရာ လပြည့်ညလေးမှာ ပန်း ...ပွင့်နေသည့် ချယ်ရီပင်အနီး ချစ်သူ ...ယောက် လက်ချင်းတွဲကာ မြက်ခင်း ...မှာ လျှောက်လှမ်းနေကြသည့်ပုံလေး ...သည်။ ကျောဘက်တွင် သက်ထား ... လက်မှတ်နှင့် အမှတ်တရ လက် ...ောင်မွန် စာတန်းလေး ပါရှိသည်။

"ရင်မှာရှိထား၊ အလှများသည်၊ ...ားမဆို၊ ပန်းများလိုပဲ၊ အလိုလိုပွင့်၊ ...လွန်တင့်၏၊ မင်းဆီမရောက်၊ စိတ်က ...ောက်တယ်၊ တို့နှစ်ယောက်တည်း၊ လ ...ောင်ထဲမှာ၊ အမြဲသတိရပါတယ်"

ဆိုသည့် မောင်ပန်းမွှေး၏ ...ာလေးကိုလည်း တွေ့ရသည်။ ကျွန် ...ော့်ရင်တွေ တဒုတ်ဒုတ်ခုန်နေပြီး သိပ် ...ျော်နေမိသည်။ သက်ထားဆီသို့ ငှက် ...လေးတစ်ကောင်လို အပြေးပျံသွား ...တ်ချင်သည်။

ကျွန်ုပ်တော် သက်ထားဆီကစာ ... တစ်လတစ်စောင်ရသည်။ ကျွန် ...ော်လည်း သက်ထားထံသို့ စာမှန်မှန် ...သည်။ တစ်ညနေ သက်ထား မော် ...မြိုင်သို့ လာမည်ဆိုသဖြင့် ကျွန်တော် ...ဆိပ်ကမ်းမှဘားအံသင်္ဘောအလာ ... စောင့်မျှော်နေရသည်။ ဘားအံ ...င်္ဘောဆိုက်ကပ်လာသဖြင့်ကျွန်တော် ...က်ထားကို ကျိုးကန်းတောင်းမျှော်

လိုက်ရှာကြည့်နေမိသည်။ ရုတ်တရက် ရှာမတွေ့ဖြစ်နေသည်။ သင်္ဘောအပေါ် ထပ်မှ . . .

"အစ်ကို ဒီမှာ" လို့ သက်ထား လက်ယပ်ခေါ်မှ သက်ထားဆီ သွားရ သည်။ ကျွန်တော် သက်ထားလက်က လေးကို ဆုပ်ကိုင်လိုက်ရင်း . . .

"မျှော်လိုက်ရတာ ညီမရာ၊ အစ်ကို အိပ်မက်တွေမက်နေတာမဟုတ် ပါဘူးနော်၊ အစ်ကို့ကို တကယ်ချစ်တာ နော်"

"အင်း. . . ချစ်ပါတယ်"ဟု ပြော ရင်း သက်ထားက ကျွန်တော့်လက် မောင်းကို ဆွဲလိမ်လိုက်သည်။

"အား. . . နာတယ်"

"နာရင် အိပ်မက်မဟုတ်လို့ပေါ့" ဟုပြောရင်း သက်ထား ကျွန်တော့်လက် မောင်းကို ဆုပ်ကိုင်ရင်း ပြုံးရယ်နေလေ သည်။

သင်္ဘောက ဘော် ဘော် ဘော် အသံပေးရင်း မုတ္တမဆိပ်ကမ်းမှခွာပြီး မော်လမြိုင်ဆိပ်ကမ်းဆီသို့ ခုတ်မောင်း နေသည်။ သံလွင်မြစ်ရေပြင်တွင် လှိုင်း ကြက်ခွပ်လေးတွေ ထနေသည်။ ကျွန် တော်တို့နှစ်ဦး၏ အသည်းနှလုံးတွင် လည်း မေတ္တာလှိုင်းတွေက တလှပ်လှပ် ဖြစ်နေသည်။ စင်ရော်ငှက်ကလေးတွေ သင်္ဘောဘေးသို့ လိုက်ပျံဝဲရင်း ပစ်ကျွေး သည့်အစာတွေကို မလွတ်တမ်း ထိုး သုတ်နေသည်။ တချို့ စင်ရော်ငှက် ကလေးတွေက လှိုင်းစီးရင်း အစာစား နေကြသည်။

တိမ်ပြာတိမ်လိပ်တွေအောက် မှာ ပင်လယ်ကမ်းစပ်နှင့် ဘီလူးကျွန်း ဘက်မှ ညို့ညို့မှိုင်းမှိုင်း သဘာဝရှုခင်း အလှကို သင်္ဘောပေါ်မှ လှမ်းမြင်နေရ သည်။ သင်္ဘောဝဲဘက်တွင် ထုံးဖြူဖွေး ဖွေး စေတီလေးများနှင့်ခေါင်းဆေးကျွန်း ၏ သဘာဝအလှကိုလည်း မြင်တွေ့နေ ရသည်။ ပင်လယ်လေလေးတွေ တဖြူး ဖြူးတိုက်ခတ်နေသည်။ ကျွန်တော်နှင့် သက်ထားက ချစ်စကားလေးတွေ ပြော

နေဆဲ၊ သင်္ဘော မော်လမြိုင်ဆိပ်ကမ်း သို့ ကပ်လိုက်သည်။

ကျွန်တော်တို့ သင်္ဘောပေါ်မှ ဆင်းပြီး မြစ်ကမ်းပါးရှိ မြသန္တာ စား သောက်ဆိုင်သို့ ဝင်ခဲ့သည်။ ဆိုင်မှ သက်ထားသူငယ်ချင်း ကြူကြူဝင်းက အလိုက်သိစွာဖြင့် လူရှင်းသည့်စားပွဲ တွင် နေရာချပေးသည်။

"ညီမ ဘာသောက်မလဲ"

"နို့အေးပဲ သောက်မယ်"

နို့အေး နှစ်ပုလင်းမှာပြီး သက် ထားနှင့် စကားတွေပြောကြသည်။

"စာတော့ကျက်ရဲ့လား ညီမ၊ အရမ်းဝလာတယ်"

"ကျက်တော့ ကျက်တာပါပဲ၊ အစ်ကို့ဆီစိတ်ရောက်နေလို့ စာကျက် လို့ မရဘူး"

"ဒါဆို မော်လမြိုင်မှာ ပြန်နေ လေ၊ အစ်ကို စာလာသင်ပေးမယ်"

"တော်ပါ၊ အဲဒါမှ ပိုဆိုးမှာ၊ စာ မကြည့်ဘဲ အစ်ကို့မျက်နှာပဲ ကြည့်နေ မိမှာ"

"အစ်ကို့ကို ဘယ်လောက်ချစ် လဲ"

"အများကြီးပဲ"

"ဘယ်တုံးက စချစ်သွားတာလဲ"

"မသိတော့ဘူးလေ"

"အစ်ကို ညီမကို အရမ်းချစ် တယ်" ဟုပြောရင်း ကျွန်တော် သက် ထားလက်ကလေးကို ဆုပ်ကိုင်ကာ ပါး လေးကို မွှေးမွှေးပေးလိုက်သည်။

ကျွန်တော်နှင့်သက်ထား စကား တွေပြောနေကြရာ အချိန်တွေ ကုန်မှန်း မသိ ကုန်သွားခဲ့သည်။ ည ၇နာရီကျော် မှ သက်ထားကို နှုတ်ဆက်ပြီး မောရ ဆောင်သို့ ပြန်လာခဲ့သည်။

## အခန်း (၉)

ကျွန်တော် စတုတ္ထနှစ်သို့ရောက် ခဲ့သည်။ သက်ထားတစ်ယောက် ဆယ် တန်းကျပြန်သဖြင့် မော်လမြိုင် အမှတ် (၁) အထက်တန်းကျောင်းမှ ညကျောင်း





www.burmeseclassic.com

www.burmeseclassic.com

သူ့အဖြစ် ကျောင်းတက်နေသည်။ ကျွန်တော် သက်ထားကို အားမငယ်ရန် စာကြိုးစားရန် အားပေးရသည်။

တစ်နေ့ ကျွန်တော် သက်ထားကိုခေါ်ပြီး မော်လမြိုင်ကောလိပ်ဝင်းအတွင်း လိုက်ပြသည်။ ကျောင်းအပေါ်ထပ်တက်ပြီး လှည့်ပတ်လိုက်ပြသည်။ အဆောင်တွေဘက်လည်း လိုက်ပြပေးသည်။

"ညီမ မောနေပြီလား"

"မမောပါဘူး"

"လာ ကင်တင်းမှာ သွားထိုင်ရအောင်၊ ညီမ ဘာစားမလဲ"

"အစ်ကိုကြိုက်တာ မှာလေ"

"ဝက်သားလိပ် နှစ်ပွဲပေးပါ"

"ညီမ ဒီနှစ် စာမေးပွဲအောင်မှာပါ၊ ဒါပေမဲ့ အစ်ကိုနဲ့ ကောလိပ်မှာမဆုံနိုင်တော့ဘူး၊ အစ်ကိုက ဒီနှစ်နောက်ဆုံးနှစ်ပဲ၊ အမ်အက်စ်စီ ဆက်မတက်တော့ဘူး၊ ညီမနဲ့ အခုလို လျှောက်သွားရတာလဲ အစ်ကိုပျော်ပါတယ်၊ တောင်ဝိုင်းဘုရားတွေ သွားဖူးကြမယ်လေ၊ ညီမ လျှောက်နိုင်ရဲ့လား"

"လျှောက်နိုင်ပါတယ် သွားလေ"

ကျွန်တော်တို့နှစ်ယောက်သား ကင်တင်းအထွက်တွင် မကြင်မွှေးနှင့် ကိုကျော်စိုးတို့ အတွဲကို တွေ့လိုက်ရသည်။

"ဘယ်လိုလဲ မကြင်မွှေး၊ အိမ်ကိုလွမ်းပြီး မငိုတော့ဘူးလား" ဟု စနောက်ရင်း နှုတ်ဆက်လိုက်သည်။

"မငိုတော့ပါဘူး၊ ပျော်သွားပြီ၊ အိမ်တောင်မပြန်ချင်တော့ဘူး" ဟု မကြင်မွှေးက ရယ်ပြီးပြောသည်။

ကျွန်တော်နှင့်သက်ထားလည်း တောင်ဝိုင်းဘုရားများကို လိုက်ဖူးကြသည်။

"ညီမ ဘုရားမှာ ဘာတွေဆုတောင်းခဲ့လဲ"

"အစ်ကိုနဲ့ ရာသက်ပန်ရိုးမြေကျ ပေါင်းရပါစေလို့ ဆုတောင်းခဲ့တယ်၊ အစ်ကိုကော ဘာဆုတောင်းခဲ့လဲ"

"အစ်ကိုက ညီမ အစ်ကို့ကို ခွဲမသွားပါစေနဲ့၊ ညီမနဲ့ အမြန်ဆုံးလက်ထပ်ရပါလို၏လို့ ဆုတောင်းခဲ့တယ်"

"ညီမက အစ်ကို့ကို ဘယ်တော့မှ ခွဲမသွားပါဘူး၊ ကျောင်းပြီးလို့ အစ်ကို ညီမကို ပစ်သွားမှာသာကြောက်နေတာ"

"ပစ်မသွားပါဘူး၊ ညီမကို အစ်ကို တစ်သက်လုံး ချစ်နေမှာ" ဟုပြောရင်း သက်ထား၏ ပါးပြင်မို့မို့လေးပေါ်သို့ အနမ်းမိုးတွေ ရွာပစ်လိုက်သည်။

ညနေချမ်းအချိန် ရောက်လာသဖြင့်သက်ထားကို အိမ်အဝင်လမ်းထိပ်အထိ လိုက်ပို့လိုက်ရသည်။ ကျွန်တော် ချစ်သူနှင့် မခွဲချင်မခွာရက်ပေမယ့် လက်ပြနှုတ်ဆက်ပြီး အဆောင်သို့ ပြန်လာခဲ့သည်။

*

ကျွန်တော် နောက်ဆုံးနှစ် စာမေးပွဲဖြေအပြီး ရွာပြန်ရန် သက်ထားတို့အိမ်တွင် တစ်ညတည်းခိုသည်။ သက်ထား မျက်နှာက သိပ်မကောင်းလှ။ ကျွန်တော်နှင့် ခွဲခွာနေရမည်ကိုတွေးပြီး စိတ်မကောင်းဖြစ်နေပုံ ရသည်။

"အစ်ကို ဘယ်တော့ပြန်လာမှာလဲဟင်"

"နှစ်လ သုံးလ နေပြီးရင် ပြန်လာခဲ့ပါ့မယ်"

"ဟင်. . . အကြာကြီးပဲ၊ ညီမက လွမ်းနေမှာ"

"အစ်ကိုလဲ ညီမနဲ့ ဘယ်ခွဲနေချင်ပါ့မလဲ ညီမရာ၊ အလုပ်လေး ဘာလေး အဆင်ပြေတာနဲ့ ညီမဆီပြန်လာပြီး လက်ထပ်မယ်" ဟုပြောရင်း လူကြီးတွေအလစ်တွင် သက်ထားကိုယ်လုံးလေးကို ခပ်တင်းတင်း ပွေ့ဖက်ရင်း အကြင်နာမိုး ရွာသွန်းလိုက်သည်။

ကျွန်တော် နံနက်စောစော အိပ်ရာမှထပြီး သက်ထားနှင့် စကားတွေ ထိုင်ပြောကြသည်။

"သက်ထား ဆယ်တန်းအောင်တာ အစ်ကိုဝမ်းသာတယ်၊ ဘာဆက်လုပ်မှာလဲ"

"သက်ထား ရုံးတစ်ရုံးမှာအလုပ် ဝင်လုပ်မယ်၊ နောက်ပြီး အစ်ကိုနဲ့လက် ထပ်မယ်လေ"

"ဟို စေ့စပ်ထားတဲ့သူနဲ့လား"

"ညီမက အကြောင်းပြော တာ၊ အစ်ကို လာနောက်မနေနဲ့နော် သွား"

"အစ်ကိုက အခုသွားရတော့ ပါ၊ ညီမကို နှုတ်ဆက်ခဲ့ပါတယ်" ပြောရင်း သက်ထားကို နှုတ်ဆက်အနမ်း တွေ တသီတတန်းကြီး ပေးလိုက် သည်။ ဦးစိုးသိန်း မြင်းလှည်းလေး မော်လမြိုင်ဘူတာသို့ ကျွန်တော် ထွက် ခဲ့သည်။ မြင်းလှည်းလေးက တခွပ်ခွ ဖြင့် ပြေးနေဆဲ။ ကျွန်တော့်စိတ်တွေ လည်း သက်ထားဆီသို့ ပြန်ပြေးနေဆဲ

## အခန်း (၁၀)

၁၉၇၄ ခုနှစ်၊ မေလ ၂၃ရက် ကျွန်တော်နှင့်သက်ထား လက်ထပ် မြား မင်္ဂလာပွဲနေ့ ဖြစ်သည်။ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအ ဖြစ်သည်။ မင်္ဂလာပွဲကို သက်ထား အိမ်တွင် မဏ္ဍပ်ထိုးပြီး ကျင်းပသည်

ကျွန်တော်က မိုးနှင့်အကျိုး သည်။ မိုးက တဖြောက်ဖြောက်ရွာ သည်။ ကျွန်တော့်ဘက်မှဆွေမျိုးများ ဒေသဝေးကွာလှသဖြင့် မလိုက်လာနိုင် ကြပါ။ အဖေက ကျွန်တော့်ကို အ လိုက်ကာ မိဘဝတ္တရား ကျေပွန် မင်္ဂလာကိစ္စ ဆောင်ရွက်ပေးပါသည် အမေ မရှိတော့သဖြင့် အမေ့ကိုယ်စား ရန်ကုန်ကအကြီး ဒေါ်သီ လိုက်လာ သည်။ အကြီး၏သား ကိုဘိုကြီးလည်း ပါသည်။

မိုးတစိမ့်စိမ့်ရွာနေပေမယ့် သ ထားဘက်မှ ဆွေမျိုးများ မင်္ဂလာပွဲသို့ လာကြသည်။ သက်ထား လုပ်အား ခဲ့သည့်ရုံးမှ ဝန်ထမ်းများ၊ သက်ထား အဖေရုံးမှ ဝန်ထမ်းများလည်း စနေ ညနေပိုင်း ရုံးပိတ်ချိန်ဖြစ်သဖြင့် လ သည်။ မော်လမြိုင်ကောလိပ်မှ ကျော



www.burmeseclassic.com

www.burmeseclassic.com

နေဖက်သူငယ်ချင်းတွေလည်း အိုဝိုင် ထိုက် ရောက်လာကြသည်။

"ကိုကြည်လွင်တို့ ကိုမြင့်လေးတို့သာ ထိုင်ကြ" ဟု သူငယ်ချင်းများအား နေရာချပေးရသည်။

"ကိုအောင်ထက်ဖော်ကို လူပျိုကြီးလုပ်မယ်လို့ ထင်နေတာ"ဟု ကိုကြည်လွင်က လှမ်းနောက်သည်။

ကျွန်တော်က ရေခဲမုန့်တွေကို တစ်ခွက်မက ချပေးနေသဖြင့် ကိုမြင့်လေးက ဝင်းဦးလေသံဖြင့်. . .

"မနောက်နဲ့နော်"ဟု လှမ်းပြောသည်။ မကြာခင် မော်လမြိုင်ကောလိပ်မှာ ကျောင်းတက်နေဆဲ မအေးကြွယ်နှင့် မခင်အေး သူငယ်ချင်းအုပ်စုတို့ ရောက်လာကြသည်။

"မိကြွယ်တို့ ထိုင်ကြဦးနော်၊ အောင်စားကြ"

မအေးကြွယ်က . . . .

"စားမှာပါ စိတ်ချ" ဟုပြောရင်း သူ့သူငယ်ချင်းတွေကို "ဒါ ငါ့အစ်ကို မင်္ဂလာဆောင်နော်၊ အားမနာနဲ့ စားသာစားကြ" ဟု ပြောပြနေသည်။

သူ့သူငယ်ချင်းများက . . .

"မိကြွယ် နင့်ယောက်မက ချောတယ်ဟဲ့" ဟု စားကောင်းအောင် တီးတိုး ပြောနေကြသည်။ မအေးကြွယ်တို့ ပြန်ခါနီးတွင် . . .

"မိကြွယ်၊ ညီမ ဒီညဒီမှာအိပ်ပြီး မနက်မှ အဆောင်ပြန်ပါလား" ဟု ကျွန်တော်က ပြောလိုက်ရာ . . .

"ဘာလဲ သူများကို တစ်ညလုံး ထိုင်ငိုခိုင်းမလို့လား"

"မဟုတ်ပါဘူး ညီမရာ၊ ဒီည အဝေးကလာတဲ့ ဧည့်သည်တွေကို ရှုပ်ရှင်လိုက်ပြမလို့ပါ၊ ညီမကိုလဲ လိုက်ခဲ့စေချင်လို့ပါ"

"မကြည့်ပါဘူး၊ အစ်ကိုတို့ပဲ ကြည့်ကြပါ" ဟု ဘုတောကာ မိကြွယ်နှင့်ကျောင်းသူတွေ အားလုံး ပြန်သွားကြသည်။ မိကြွယ်က ကျွန်တော့်အပေါ်၏ ယောက်ျားရဲ့တူမ ဖြစ်သည်။ ကျွန်တော်နှင့် မောင်နှမရင်းချာလို ခင်မင်သည်။ ကျွန်တော့်အပေါ် မိကြွယ်က ကလေးတစ်ယောက်လို ညီမငယ်လေးတစ်ယောက်လို နွဲ့ဆိုးဆိုးတတ်သည်။

ကျွန်တော် လက်ထပ်လိုက်တာကို နှမြောတွန့်တိုနေပုံရသည်။

လက်ထပ်ထိမ်းမြား မင်္ဂလာပွဲတွင် ဘားအံမြို့မှ သက်ထား၏အကြီးဦးဘရီက မင်္ဂလာဘိသိက်စကား ပြောကြားပေးခဲ့သည်။ မင်္ဂလာပွဲတွင် သက်ထားမျက်နှာလေးက "ရှုစဖွယ်ပဝင်းလို့၊ လမင်းထက်နှစ်လေးသာ၊ အေးမြလိုက်တာ၊ မြင်ရသူဖေသက်သာဖွယ်၊ ရွှေမျက်နှာကြည်လွန်းလှလေး" ဆိုသည့် ထက်ပင် ရွှန်းလဲ့လှပလို့နေသည်။

ကျွန်တော် သက်ထားမျက်နှာလေးကိုကြည့်ပြီး ရင်တွေခုန်နေဆဲ။

"ဒီတစ်ခါတော့ မြားနတ်မောင်ပစ်တာ ဟတ်ထိသွားတယ်၊ လှည့်ဖြားရက်တဲ့ နဖူးစာကံကလဲ သနားညှာတာသွားပုံ ရပါတယ်"

ဟု တွေးနေဆဲ မိရွှေမိုးကလည်း တစိမ့်စိမ့်ရှာနေဆဲ။

(ကျောင်းနေဖက် သူငယ်ချင်းများသို့ အမှတ်တရ)

❒ အောင်ကြည်သန်း(မော်တော်ဆီ)


ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ

**ဇီဝကကျော်**

**တိုင်းရင်းဆေးကုခန်း**

**HIV, CANCER, LEUKEMIA, HB-HC နှင့်**

အထွေထွေနာတာရှည်ရောဂါများကိုကုသပေးပါသည်

သမားတော် ဦးသန်းညွှန့်

B.A., D.T.Med; D.B.L., D.F.T.,D.Eng

တဆ-၁၀၈၉


အမှတ်(၃၄၈)၊ ရွှေဘုံသာလမ်း (အထက်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၅၀၀၆၈၁၁၊ ၀၉ ၇၃၁၄၇၈၁၁၊ ၀၁ ၂၀၉၀၅၇




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ခေတ်ကတော့ ဒစ်ဂျစ်တယ်(Digital)ခေတ်ပါပဲ။

မာင်္ဂပုံရိုက်လည်း ဒစ်ဂျစ်တယ်၊ နာရီပတ်လည်း ဒစ်ဂျစ်တယ်၊ လမ်းဘေးလက်ဖောင်းပေါ်က ပေါင်ချိန်စက်တောင် ဒစ်ဂျစ်တယ်ဆိုပဲ။

ဒစ်ဂျစ်တယ်လို့ ပြောလိုက်ရမှ ခေတ်မီတဲ့ခေတ်ကိုး။ သူများက ဒစ်ဂျစ်တယ်လို့သာ ကိုယ်လည်း ဒစ်ဂျစ်တယ်လိုက်ရတယ်၊ ဒစ်ဂျစ်တယ်ဆိုတာ ဘာနန်းလဲ မသိ။

အင်း, ခေတ်မီ နည်းပညာနဲ့ လုပ်သမျှအားလုံးကို ဒစ်ဂျစ်တယ်လို့သာ ပြောလိုက်၊ မလွဲပါဘူး။

သူများမပြောပါနဲ့၊ "အမြဲတမ်းခေတ်ကို မျက်ခြည်မပြတ်တတ်တဲ့ မြတ်ခင်း" လို့ ကြွေးကြော်နေတဲ့ ကိုယ်တောင် ဘွဲ့သုံးခုနဲ့ တစ်ခြမ်းသာ ရထားတယ်၊ ဒစ်ဂျစ်တယ် ဆိုတာ ဂဃနဏသိတာ မနေ့ကမှ။

အင်း,ပြောရရင်တော့ ရယ်စရာပေါ့။ သက်ငယ်စကား သက်ကြီးကြား။ သားအကြီးကောင် မနေ့က စာအော်တော်မှပဲ အဲဒီဒစ်ဂျစ်တယ် ဆိုတာကို ခပ်ရေးရေး သိလိုက်တယ်။

အံမယ်, ဒီကောင်ကတောင် လူလည်ကျပြီး ကိုယ့်ကို ဆရာလုပ်သွားသေး။ ကိုယ်က ခေါင်းထဲနည်းနည်းမိုက်တိုက်တိုက်ရှိလို့ . . .

"သားရေ ဖေ့ကို သွေးပေါင်ချိန်တိုင်းပေးပါဦးကွာ" ပြောမိတာနဲ့ . . .

"ဘာနဲ့ တိုင်းပေးရမှာလဲ ဖေ"

"ဒစ်ဂျစ်တယ် စက်နဲ့ပဲပေါ့ကွာ"

ကိုယ်က လွယ်လွယ်ပြောလိုက်မိတာကို "ဖေက ဒစ်ဂျစ်တယ်ဆိုတာနဲ့ ယုံကြည်လိုက်တာပဲလား၊ ဒစ်ဂျစ်တယ်ဆိုတာ ဘာလဲလို့ကော ဖေသိလား"တဲ့။

မိန်းမက ကိုယ့်ကို မျက်စောင်းထိုးတယ်။ ပြီးတော့မှ သားကို . . .

"အဖေ့ကို ဒီလို မပြောရဘူးသား"လို့ ဟန့်တယ်။

ကိုယ်လည်း နည်းနည်း အခံရခက်သွားပေမယ်လို့ သားကခုလို စာလုံးတစ်လုံးရဲ့ အဓိပ္ပာယ်တောင် စေ့စပ်တတ်တဲ့စိတ် ရှိနေပြီပဲလို့ ကျေနပ်သွားမိတယ်။

ဒါတောင် သူက . . .

"ဆောရီး. . ဖေ၊ သားက အဲလို ပြောတာ မဟုတ်ပါဘူး၊ ဖေများ သိသလားလို့ မေးချင်ရုံသက်သက်ပါ"

"ဟုတ်ပါတယ်ငယ်ရယ်၊ သားက ဖေ့ကို မခန့်လေးစား ပြောတာ မဟုတ်ပါဘူး၊ ကိုယ် သိပါတယ်၊ အဲဒါထက် သားကကော ဒစ်ဂျစ်တယ်ဆိုတာသိနေလို့လား"

မိန်းမကို မျက်နှာချိုသွေးရင်း သားကိုလည်း လမ်းဖွင့်ပေးလိုက်တယ်။

သားက. . .

"သိတယ် သိတယ်၊ သိဆို ဒီနေ့ပဲ ဆရာမက ကျောင်းမှာ သင်ပေးလိုက်တာ၊ အဲဒါကြောင့် သားက သား သိကြောင်း ဖေ့ကိုကြွားချင်လို့ စကားပြောလောကြီးသွားတာ၊ ဟီး. . ဟီး"

ကလေးတွေရဲ့ ရိုးသားတဲ့မျက်နှာလေးကို ကြည့်ရင်း ကိုယ်က ဆက်ပြီး လမ်းဖွင့်ပေးလိုက်တယ်။

"ပြောပါဦး သားရယ်. . . ဖေ တကယ် မသိလို့ပါ"လို့။

"လုပ်ရင်လုပ်တယ် ဝန်ခံရဲရမယ်၊ မသိရင် မသိဘူးပြောရဲရမယ်လို့ "သားသမီးတွေကို လက်ချာရိုက်ခဲ့တဲ့ ကိုယ်က ဒီလောက်တော့ ပြောပေးရမှာပေါ့။

သားအမေ. . ငယ်က ကိုယ့်ကို မျက်စောင်းချိတ်ပြီး အနားကထသွားရင်း . . .

"တော်တော် ဟုတ်တဲ့ သားအဖ" လို့ ခပ်မြုံမြုံ ပြောသွားသေးရဲ့။

ဘာလို့လဲ ဆိုတော့ သားချစ်တဲ့ အမေမို့ ငယ်လည်း သားရဲ့ တတ်သိနားလည်မှုကို ဂုဏ်ယူစိတ်နဲ့ကိုး။

"ဒစ်ဂျစ်ဆိုတာ လက်ချောင်း၊ ခြေချောင်းလေးတွေကို ခေါ်တာ၊ အဲဒီအချောင်း အချောင်းလေးတွေနဲ့ ကိန်းဂဏန်းလေးတွေကို ရေးပြတာပေါ့။

ဇီးရိုး၊ ဝမ်း၊ တူး ဆိုတဲ့ ဂဏန်းလေးတွေဟာ ဝင်းဒိုး(Window)လို့ ခေါ်တဲ့ ပြတင်းပေါက်မျက်နှာပြင်လေးမှာ ဖျတ်ခနဲ ဖျတ်ခနဲပေါ်လာတာ၊

အဲဒါတွေကို လွယ်လင့်တကူ ကောက်ဖတ်လိုက်ရုံပဲ၊ တွက်ချက်ကြည့်မနေရတော့ဘူး၊ မလွယ်ဘူးလား. . . ဖေ"

"လွယ်တာပေါ့သားရယ်၊ ဖေတို့ခေတ်တုန်းကဆို ဒိုင်ခွက်ပေါ်က နာရီလက်တံ အတိုအရှည်တွေကို ကြည့်ပြီး အချိန်ကိုတွက်နေရတာ၊ သားတို့ခေတ်များ လွယ်ပ့ါ၊ ဖျတ်ခနဲ ကြည့်လိုက်ရုံနဲ့ နာရီ၊ မိနစ်၊ စက္ကန့်တွေကို တန်းမြင်လိုက်ရရော"

"သားနာရီမှာဆို လတွေ၊ ခုနှစ်တွေ၊ နေရာဒေသတွေတောင် ပါတယ်လေ. . . ဖေရ"

"အေး,ဟုတ်သားပဲ၊ ကောင်းလိုက်တာ၊ လွယ်လိုက်တာကွာ"

"ကောင်းတယ် ဖေ၊ နော်မယ်(Normal)ပဲ၊ အပေါ်သွေးလဲ မတက်ဘူး၊ အောက်သွေးလဲ မကျဘူး"

"ဟေ. . . ဟုတ်လား၊ ဒါဖြင့်လဲ မနေ့က ဖေ ကွန်ပျူတာ ရိုက်တာများသွားလို့ ခေါင်းမကြည်တာ ဖြစ်မယ်၊ အေးအေး ကျေးဇူးပဲ သား"

သားက ဒစ်ဂျစ်တယ်သွေးပေါင်ချိန်စက်လေးကို ပြန်သိမ်းတယ်။

ငယ်က သံပရာရည် ဖျော်ယူလာတာကို အနားမှာအသာချရင်း. . .

"ကဲ, သွေးတိုးမရှိလဲ သံပရာရည်တော့ သောက်လိုက်၊ ဖျော်လက်စနဲ့"

"အေးပါကွာ"

www.burmeseclassic.com

သားကတော့ သူ့ကျောင်းသင်ခန်းစာထဲက ဒစ်ဂျစ်တယ်ဆိုတာကို ထပ်တလဲလဲ အော်ဖတ်ရင်း ဖတ်တိုင်းလည်း ကိုယ့်ဘက်လှည့်ပြီး ပြုံးပြရင်း စာဆက်ကျက်နေလေရဲ့။

❖

ရွှေဂုံတိုင်မီးပွိုင့်နှင့် လှည်းတန်းမီးပွိုင့်ကတော့ အမြဲတမ်းကားကျပ်နေကျ။

ဒါပေမဲ့လည်း မလာလို့က မဖြစ်ဘူးလေ။ မိန်းမရဲ့ဈေး၊ ကိုယ့်ရဲ့အလုပ်၊ သားရဲ့ကျောင်း အားလုံးက ဒီမီးပွိုင့်တွေကို ဖြတ်ပြီးသွားရမှ ရောက်မှာလေ။

ငယ်က လှည်းတန်းမီးပွိုင့်မှာလည်း မီးနီမိ၊ ခု ရွှေဂုံတိုင်မီးပွိုင့်မှာလည်း မီးနီမိမို့ လည်တဆန့်ဆန့်ဖြစ်နေတယ်။

"မင်းဖောက်သည်တွေ မလွတ်သွားပါဘူးကွာ၊ အလေးမှန် ဈေးမှန်တဲ့ မင်းကို စောင့်ပြီး ဈေးဝယ်ကြမှာပါ"လို့ ကိုယ်ကအားပေးလိုက်တော့မျက်စောင်းထိုးတယ်။ ပြီးမှ . . .

"သား ကျောင်းနောက်ကျမှာ စိုးလို့ပါ"လို့ သားကို လှည့်ကြည့်ရင်းပြောတယ်။ သူ့သားကတော့ နောက်ခန်းမှာ လက်ပ်တော့(Lap top)ဖွင့်ပြီး ဂိမ်း(Game) ကစားနေရာက . . .

"ဒီနေ့ နောက်ကျလဲ ရတယ်လို့ မေ့ကို သား ပြောထားတယ်နော်၊ အေးဆေးပဲ၊ ကျောင်းမှာ အားကစားပွဲတွေ ရှိနေလို့လေ"လို့ လှမ်းပြောတယ်။

မိသားစုတွေ အဲဒီလို အလုပ်ရှုပ်နေတုန်းမှာဘဲ ကိုယ့်ဘေးက ကားမှန်မှာ အရိပ်တစ်ခု ဖျတ်ခနဲပေါ်လာတယ်။

ကိုယ်ကငယ့်ကို အသာလှည့်ပြုံးပြလိုက်တော့ ငယ် ပိုက်ဆံအိတ်ခလုတ်ကို အသာဖွင့်တယ်။ နှစ်ရာတန် တစ်ချပ်ကို ဆွဲထုတ်ပြီး ကိုယ့်ရှေ့က လက်ကိုကျော်ကာ ကိုယ့်ဘေးက မှန်ဆီ လက်ကမ်းတယ်။ အားလုံးဟာ အချိန်နဲ့ တစ်ပြေးညီဆိုသလိုပဲ ကိုယ်ကလည်း ဘေးမှန်ကို လျှောခနဲ နှိမ့်ချပေးလိုက်တယ်။ မှန်တံခါးအကျမှာ သူ့မျက်နှာ ပေါ်လာပြီး ကိုယ့်ကို သေသေချာချာ မြင်သွားတယ်။

"ဩော်, ဆရာ့ကားကိုး"တဲ့။

ငယ့်လက်က ပိုက်ဆံကို လှမ်းယူရင်း သူ့မျက်နှာ ကြောင်အမ်းအမ်းဖြစ်သွားတယ်။

"အေး, မင်းကော အဆင်ပြေရဲ့လား"

"မ . . မပြေပါဘူး ဆရာရယ်၊ ဒီလိုပါပဲ၊မပြေလို့လဲ ခုလိုလမ်းပေါ်ထွက်တောင်းနေရပြန်တာပေါ့၊ ကျွန်တော်[...] ဆရာတို့လို တံမှ မကောင်းတော[...] အကြောင်းမလှလို့ တောင်းရပြန်[...] ပေါ့ ဆရာ"

"ကိုယ် မီးစိမ်းတော့မယ်"

ငယ်က ကိုယ့်ကို သတိပေး[...] လို့ ကိုယ့်အင်တာဗျူးကို ခပ်သွက်သွက်[...] အဆုံးသတ်လိုက်တယ်။

ပြီးတော့ ခပ်လောလောပဲ . .

"အေးအေး. . ဟေ့, ညနေ [...] နာရီလောက်ကျရင် ဟိုရှေ့က ဈာန[...] ရောင်းတဲ့နားမှာ မင်းစောင့်နေ၊ နော[...] မကျစေနဲ့နော်"လို့ပြောပြီး ဘေး[...] ပြန်တင်လိုက်တယ်။ သူက ကိုယ့်[...] ကြောင်ငေးကြည့်နေရင်း ကျန်ခဲ့တယ်[...]

ပါးစပ်လှုပ်နေတာကို သတိထား[...] မိပေမယ့် ကိုယ့်ကို ဆုပေးနေတာလား[...] ကျေးဇူးစကား ဆိုနေတာလား ကို[...] မသိတော့ပါဘူး။

သေချာတာကတော့ ကိုယ် သူ့[...] တွေ့ရမယ်၊ တွေ့ကို တွေ့ရမယ်၊ သူ[...] စောင့်မှနေပါ့မလားလို့ ကိုယ် ဆက်တွေး[...] နေတာပါပဲ။

ငယ်က သက်ပြင်းအသာချ[...] "ရှင်ကတော့ အချိန်တွေ အားနေတယ်[...] လား"ဟု ခပ်ငေါ့ငေါ့လေးပြောတယ်[...] ပြီးတော့မှ သတိရသွားဟန်နဲ့ . . .

"ဒီလူက ဟိုတလောက အဖေ[...] ဒစ်ဂျစ်တယ်ပေါင်ချိန်စက် ပေးလိုက်တဲ့[...] လူမဟုတ်လား"

"အေး"

"ဒါဖြင့်. . သူ ဘာလို့ ပိုက်ဆံ[...] တောင်းစားနေပြန်တာလဲ၊ အဖေ[...] သူ့ကို လက်ချာတွေ ရိုက်ခဲ့သေးတယ်[...] လေ"

ကိုယ် ဘာမှပြန်မပြောနိုင်ခဲ့[...] ဒါပေမဲ့ သူ့မှာလည်း သူ့အကြောင်းနဲ့သူ[...] ရှိမှာပေါ့ကွာလို့တော့ စိတ်ထဲက ပြော[...] နေမိတယ်။

ဒစ်ဂျစ်တယ် ဆိုတဲ့ စကား[...] ကို ကြားလို့ သူ့အဖေ ဘာပြော[...] လို့ ခေါင်းမော့ကြည့်နေတဲ့ သား[...]





www.burmeseclassic.com

www.burmeseclassic.com

ကားရဲ့ နောက်ကြည့်မှန်ထဲကနေ မြင်နေရတယ်။ ကားဆက်မောင်းလာရင်း သူနှင့် တွေ့ခဲ့ရတဲ့ အကြိမ်ပေါင်းများစွာကို စဉ်းစားနေမိပြန်ပါတယ်။

ကိုယ် သူ့ကို ဘာလို့ ချိန်းလိုက်သည်းဆိုတော့ ဒီညနေ ငယ်နဲ့သားကို ကျောင်းမှာသွားကြိုစရာ မလိုဘူးလေ။

သားသူငယ်ချင်း တစ်ယောက်ရဲ့ မွေးနေ့ရှိလို့ သားအမိနှစ်ယောက်လုံး ကျောင်းက တန်းသွားကြမှာ။

❖

"မသန်မစွမ်းလို့ အကူအညီတောင်းတာပါ၊ အကြွေအနုပ်လေးများ ရှိရင် ပေးခဲ့ပါ"

တောင်းရမ်း စားသောက်ရတဲ့ သူတွေမြင်တိုင်း ပေးကမ်းနေကျမို့ ကိုယ် နှန်တံခါးချလိုက်တာနဲ့ ငယ်က တစ်ရာတန်၊ နှစ်ရာတန်လေးတွေ ပေးဖို့ပြင်နေပြီပါ။

ဒါပေမဲ့ ဒီနေ့ တောင်းတဲ့သူက "မသန်မစွမ်း"လို့ ပြောလိုက်တာမို့ ကိုယ် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်ပါတယ်။ ကိုယ့်အကြည့်ကြောင့် သူက ရှင်းပြဖို့ လိုမယ် ထင်သွားလို့လားမသိ၊ သူ့လက်နှစ်ဖက်ကို ထောင်ပြပြီး . . .

"အလုပ်ထဲမှာ ထိခိုက်ဒဏ်ရာရပြီး လက်ချောင်းလေးတွေ ပြတ်သွားလို့ပါ အစ်ကို" . . . တဲ့။

အဲဒါက. . . တစ်နေ့။

ဒီမီးပွိုင့်မှာပါပဲ။

နောက်တစ်ခါမှာလည်း ဒီလိုပဲ မီးပွိုင့်မှာ ကားရပ်မိနေတုန်း သူနဲ့ထပ်ဆုံပြန်ပါတယ်။

သူကလည်း "မသန်မစွမ်း"ဆိုတဲ့ စကားကိုပဲ ထပ်သုံးပြီး တောင်းပြန်ပါတယ်။ မှန်တံခါးအချမှာ ကိုယ့်မျက်နှာကို မြင်သွားတော့ သူက မှတ်မိဟန်နဲ့ ပြုံးယောင်ယောင် ဖြစ်သွားလေရဲ့။

ကိုယ်က ငယ့်ကို မျက်ရိပ်ပြလိုက်တော့ ငယ်က တစ်ရာတန် ကိုင်ထားလျက်က ငါးရာတန် တစ်ရွက်နဲ့ ပြန်လဲပြီး လှမ်းပေးလိုက်ပါတယ်။

"ကျေးဇူးကြီးပါတယ် အစ်မရယ်၊ ဆရာတို့ ဒီ့ထက်ကြီးပွားပါစေ၊ အလုပ်အကိုင် အဆင်ပြေပါစေ"တဲ့။

သူပြောနေချိန်မှာပဲ မီးစိမ်းပြလို့ ကားကိုမောင်းပြီး ကိုယ်တို့ ဆက်ထွက်ခဲ့ပါတယ်။ ကားတစ်စီးပြီးတစ်စီး ပြောင်းစီးနေတယ်လို့ သူ သတိထားမိသွားလို့ထင်ပါရဲ့၊ ဒီ့ထက်ကြီးပွားပါစေလို့ ဆုတောင်းပေးတာ။

မီးပွိုင့်ကလည်း အခါတိုင်းမှာ မိနေတာချည်းပဲ မဟုတ်လို့ နေ့တိုင်းရယ်လို့တော့ သူနဲ့မဆုံပါဘူး။ မီးနီလည်း မိပါမှ၊ သူကလည်း ဒီအနားမှာ ရှိပါမှ ကိုယ်လည်း လှူမိတာပါ။ ဒါပေမဲ့ ကံအားလျော်စွာ မကြာခဏတော့ ဆုံမိပါတယ်။ဖောက်သည်များကို ဖြစ်လို့။

တစ်ခါတော့ ကိုယ်က . . .

"ဒီလက်နဲ့ပဲ အလုပ်တစ်ခုခု လုပ်လို့ နိုင်မလား"လို့ စကားများပင် ထည့်လိုက်မိပါရဲ့။

သူက . . .

"အရင်းအနှီးကလဲ ရှိပါဦးမှပေါ့ ဆရာ" လို့ပြန်ပြောပါတယ်။ ဒါပေမဲ့ မီးက စိမ်းသွားတာမို့ ဒီလောက်ပါပဲ။

အမတ်ကြီး ဦးပေါ်ဦးနဲ့ စကားဆိုရသလိုပါပဲ။

နောက်တစ်ခါ မီးပွိုင့်မှာ ပြန်ဆုံပြန်တော့ . . .

"အရင်းအနှီးရှိရင်. . ဘယ်လို အလုပ်မျိုး လုပ်နိုင်ပါလဲ"

လို့ ကိုယ်က အဆက်အစပ်မရှိ မေးလိုက်မိပါတယ်။

သူက ရုတ်တရက် မဖြေတတ်ဘဲ၊ ပလက်ဖောင်းပေါ်ကို ဟိုဟိုဒီဒီ ကြည့်ပြီးမှ. . .

"ဂျာနယ်ရောင်းတာတို့၊ အင်း, ဟိုလူကြီးလို ပေါင်ချိန်စက်လေးချပြီး ပေါင်ချိန်ပေးတာတို့ . . ."

သူက သူ့ဘေးမှာမြင်ရတဲ့အလုပ်တွေကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"ခင်ဗျား တကယ်လုပ်နိုင်လား" လို့ ကိုယ်မေးမိပြန်တော့ . . .

"ပြော်၊ ဆရာရယ်၊ လုပ်စရာရှိလို့ကတော့ ဘယ်တောင်းစားနေပါ့မလဲ" လို့ သူ ဖြေတယ်။

ဖြေရင်းကလည်း ကိုယ့်မျက်နှာကို မော့ကြည့်တယ်။ ကိုယ့်ကားက ပါဂျရိုးမို့ သူ့ထက် မြင့်နေတယ်လေ။

နောက်နေ့ကစလို့ ကိုယ့်ကားထဲမှာ ဒစ်ဂျစ်တယ် ပေါင်ချိန်စက်တစ်လုံး အမြဲပါနေခဲ့တယ်။ သူ့ကိုပေးဖို့ မီးပွိုင့်ရောက်တိုင်း ရှာကြည့်မိရတယ်။

ဒါပေမယ့် အလှူရှင်နဲ့ အလှူခံပုဂ္ဂိုလ်ဆိုတာကလည်း တိုက်ဆိုင် ကြုံကြိုက်ဦးမှကိုး။ တစ်ပတ်လောက် အဲဒီ ပေါင်ချိန်စက်ဘူးလေးကို ထည့်ယူလာနေရတယ်။ ငယ်ကတော့ ကိုယ့်ကို နားလည်စွာ ကြည့်ကြည့်နေပေမယ့် သိပ်စိတ်ရှည်ပုံမပေါ်ဘူး။ ရှင်ပဲ "အလုပ်မရှိကြောင်ရေချိုး" လို့ တိုက်ရိုက်မနှက်သာလို့ စကားပုံလောက်ပဲ ရွတ်နေတယ်။

လင်နဲ့ မယားကြားမှာ ဒါကလည်း ကြည်နူးစရာ တစ်မျိုးလို့ပဲလို့ ကိုယ်မှတ်လိုက်ပါတယ်။

ဘာလို့ဆိုတော့ ငယ်ကလည်း သဘောထား သေးသိမ်သူ၊ လှူမှုရေးခေါင်းပါးသူ မဟုတ်ဘူးဆိုတာ သိနေလို့ပါ။

ဒီလိုနဲ့ တစ်နေ့မှာတော့ အလှူဒါန မြောက်သွားပါတယ်။ ကားမှန်ကိုချပြီး ငယ်က ဒစ်ဂျစ်တယ် ပေါင်ချိန်စက်ကို လှမ်းပေးလိုက်ချိန်မှာ သူကြောင်သွားတယ်။ သူ့စိတ်ထဲ ခါတိုင်းလိုပဲ ငွေစက္ကူတစ်ရွက်ပဲ ဖြစ်မယ်လို့ မျှော်လင့်ထားလို့ နေမှာပေါ့။

ကိုယ်က "ကဲ. . ခင်ဗျား အေးအေးဆေးဆေး ပလက်ဖောင်းပေါ်မှာ လုပ်စားလို့ရပြီ၊ စက်မကိုင်တတ်ရင်လဲ ဟိုလူကြီးကို မေးဗျာ၊ ဟဲဟဲ၊ ပြီးတော့လဲ သူ့နားမှာ သွားချပြီးတော့ လုပ်မနေနဲ့ဦး၊ သူ့စျေးကွက်လုသလို ဖြစ်နေမယ်"

ကိုယ်က စကားကို ရယ်စရာလည်းဖြစ်အောင်၊ သူ့ကိုလည်း နည်းပေး



www.burmeseclassic.com

www.burmeseclassic.com

လမ်းပြလည်း ဖြစ်အောင်၊ အထက်စီးက ပေးတယ်လည်း မဖြစ်ရအောင် ကြိုးစားဆင်ခြင်ရင်း ပြောလိုက်ပါတယ်။

ငယ်ကလည်း လှမ်းပေးရင်း ပြုံးပြပေမယ့် သူ မရယ်ဘူး။ ဝမ်းသာအားရ ဖြစ်ပြီး တက်ကြွသွားတာလည်း မဟုတ်ဘူး၊ တစ်မျိုးပဲ။

အဲ့, စက်ကိုတော့ လှမ်းယူလိုက်ပါတယ်။ သူ့မှာလက်ချောင်းလေးတွေ မရှိတော့ လက်ဖဝါးနှစ်ဖက်နဲ့ ညှပ်ယူလိုက်တာပါ။ အဲဒီ တစ်ပတ်လောက် သူ့ကို မတွေ့ဘူး။ တွေ့လည်း ကိုယ်က ဘာမှပြောမှာ မဟုတ်ပါဘူး။ အလှူရှင်မှန်း သိအောင် မဏ္ဍပ်တိုင် တက်ပြနေစရာမှ မလိုတာ။ ကိုယ့်ယောက်ျား ဟိုကြည့်ဒီကြည့်လုပ်တာ'သူ့သတိထား မိဟန်တူရဲ့။

"ရှင်က ဒီနား လုပ်မစားနဲ့ ဆိုလို့ သူ တစ်နေရာရာမှာ သွားလုပ်စားတာ နေမှာပေါ့"လို့ ငယ်ကတောင် ပြောပါတယ်။

"ဟုတ်ပ"

ကိုယ်က ပြန်ပြောရင်း အဟဲလို့ မိန်းမကို ရယ်ပြလိုက်တယ်။ ဒါပေမဲ့ နောက် ဆယ်ရက်လောက်ကြာတော့ သူ့ကို လမ်းပေါ်မှာ ပြန်တောင်းနေတာ တွေ့လိုက်ရပြန်တယ်။

မိန်းမရော၊ ကိုယ်ရော တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဖြစ်သွားတယ်။ ဒီရက်မှပဲ မီးပွိုင့်က လည်း သဘောတွေကောင်းပြီး တစ်ခါမှ မမိဘူး။ မီးနီမိလို့ သူနဲ့ပြန်ဆုံလည်း ကိုယ် ဘာပြောရမှာလဲ။

❖

လမ်းဘေးက သူ့အနားကို ကားထိုးရပ်လိုက်တာနဲ့ သူကိုယ့်ကို မဝံ့မရဲ မော့ကြည့်တယ်။

တကယ် ကိုယ် ပြောထားတဲ့ အတိုင်း ရောက်လာတာကိုလည်း အံ့ဩနေပုံရတယ်။

ပိုပြီး အံ့ဩသွားတာက ကိုယ်ဆင်းလာတဲ့ပုံကိုပါပဲ။

ခြေတစ်ဖက် ခပ်ဆာဆာ ဖြစ်နေလို့ ရှမ်းတန်းတန်း လျှောက်နေရတဲ့ ကိုယ့်အဖြစ်ကို သူမယုံချင်ယုံချင် ဖြစ်နေရဲ့။

"ကဲ, ဆိုပါဦး၊ ဘာအခက်အခဲ ရှိသလဲ"

ကိုယ်က အားပေးသလို လေသံမျိုးနဲ့ အေးအေးသာသာ ပြောလိုက်တော့မှ သူကိုယ့်ကို တစ်ချက်ကြည့်ရင်း ခေါင်းငုံ့သွားတယ်။

ပြီးမှ . . .

"လုပ်နေ မကျတော့ အဆင်မပြေဘူးဆရာ၊ ပြီးတော့ အဲဒီရက်တွေက မိုးကလဲ ရွာတော့ ပလက်ဖောင်းပေါ်မှာ ချစရာနေရာ မရှိဘူး၊ ပေါင်ချိန်ခပေးရင် ပိုက်ဆံအမ်းဖို့လဲ ကျွန်တော့်လက်က အဆင်မပြေတော့"

သူ စကားဆက်မပြောဘဲ ခေါင်းငုံ့ထားတယ်။

"အဲဒီရက်မှာ ကလေးကလဲ နေမကောင်းတော့ ကျွန်တော့် မိန်းမက စက်ကို ရောင်းပစ် . . . "

သူက စကားကို ပြတ်တောင်းပြတ်တောင်း ပြောနေတယ်။

သူ ကျွန်တော့်ကို ရှင်းပြစရာ အချက်အလက် ပြည့်စုံဖို့ စုနေတာ ဖြစ်မယ်။ နောက်ဆုံးတော့ . . .

"ကျွန်တော်တို့ဘဝကိုက ကံဆိုးပါတယ်ဆရာ"လို့ ဆူးပုံနင်းတဲ့ စကားနဲ့ ကံကို ပုံချတယ်။

အဲဒီမှာ သူပြောတာကိုပဲ နားထောင်နေတဲ့ ကိုယ့်ပါးစပ်ဟာ အလိုလို "ဟ"သွားတယ်။

"လူတိုင်းဟာ ကံကောင်းသူတွေချည်း မဟုတ်ပါဘူးဗျာ"လို့ အရင်ဆုံး ပြောမိလိုက်တယ်။

ပြီးမှ . . .

"ဒီမှာ ကျွန်တော့်ကို ကြည့်ပါဦး" လို့ ကိုယ်ပြောလိုက်တယ်။

"ခင်ဗျားက မွေးစမှာ ကျွန်တော့်ထက် ကံကောင်းပုံရပါတယ်၊ ခြေလက် အပြည့်အစုံနဲ့ မွေးခဲ့မှာပါ၊ ခင်ဗျား ဆော့ကစားနိုင်ခဲ့မှာပါ၊ စာရေးစား လုပ်နိုင်ခဲ့မှာပါ၊ ကျွန်တော်ကတော့ တစ်ဖက်မသန်တဲ့ ဘဝနဲ့ မွေးခဲ့သ လက်နှစ်ဖက်လုံးမှာလဲ လက်ဖဝါး ဟောဒီ လက်မငုတ်တိုလေးနှစ်ချောင်း သာ ပါခဲ့ပါတယ်"

ကိုယ် သူ့ရှေ့ကို ထုတ်ပြလိုက် လက်လေးနှစ်ဖက်ကို ကြည့်ပြီး အံ့ဩခြင်းကြီးစွာ ဖြစ်သွားတယ်။ လက်တွေထက် ကိုယ့်လက်တွေ ပိုပြတ်၊ ပိုသေးနေမှာပါ။

"အဲ့, ခင်ဗျားမိဘတွေ ဘယ် ရှိလဲ မသိပေမယ့်၊ ကျွန်တော့်မိဘ ကတော့ လက်လုပ်လက်စား ဆင် သားတွေပါပဲ၊ ကံမကောင်း အကြော မလှလို့ မသန်မစွမ်းဘဝကို ကျွန် ဖြတ်သန်းခဲ့ရပေမယ့် မသန်ပေမ စွမ်းကြောင်းပြချင်လို့ ကျွန်တော်ကြိုး ခဲ့တယ်။

စာရေးနိုင်အောင် ရေးကျင့် တယ်၊ ပိုက်ဆံရေနိုင်အောင် လေ့ကျ ခဲ့တယ်၊ ကားမောင်းနိုင်အောင် ကျ မောင်းခဲ့တယ်၊ အားမငယ်ပါနဲ့၊ ကျွ တော်တို့ဘဝတူတွေပါ၊ မသန်ပေမ စွမ်းနိုင်တဲ့သူတွေပါ၊ အဲ့, ကံဆိုတာ တော့ . . . "

ကိုယ် ဒီ့ထက် သူ့ကို ပြော လိုတော့မယ် မထင်ပါဘူး။ ပြောလည် မပြောသင့်တော့ပါဘူး။ ဒီလိုအချိန် ကံအကြောင်းကို အနက်အဓိပ္ပာယ် ဖွ နေစရာမဟုတ်ဘူးလို့တော့ ကိုယ် ထ တယ်လေ။ "မသန်မစွမ်း"ဆိုတဲ့ စကာ နေရာမှာ "မသန်စွမ်း"လို့ ပြင်ပြော တာတစ်ခုရယ်၊ "ဒီလူနဲ့ ဒီကံ" တွဲ တယ်လို့ ထင်မနေဖို့ရယ်ပါဘဲ။


(သူငယ်ချင်း မြန်မာနိုင်ငံ
မသန်စွမ်းသူများ အသင်းဥက္ကဋ္ဌ
ကိုမြတ်ဦးသို့ အမှတ်တရ)

❒ ကိုချမ်း(ဆေး-



www.burmeseclassic.com

www.burmeseclassic.com



# သတိထားရမည့် နာမည်ပညတ်များ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)

ဆောမြို့နယ်၏ အကြီးအကဲတစ်ဦးရဲ့ သားတော်စပ်သူသည် ရုံးပိတ်ရက်တစ်ရက်၏ နေ့လယ် ထမင်းစားပြီးချိန်တွင် ကျွန်ုပ်ထံသို့ ရောက်လာပြီး တိုးတိုး. . တိုးတိုးနှင့် ပြော၏။

"အန်ကယ်ကြီး ×××"

"အေးပါ. . စိတ်ချပါ၊ မင့်အဖေ ပြောလိုက်"

"ဒါဆို ကျွန်တော် ပြန်တော့မယ်"

"အေးအေး အန်ကယ်ကြီး ဘယ်မှမသွားဘူး၊ စောင့်နေမယ်"

အဆိုပါကလေးသည် ခပ်မြန်မြန် ကျွန်ုပ်ထံမှ ပြန်သွား၏။ ကျွန်ုပ်သည် အနည်းငယ် စိတ်မောသွား၏။ မကြာမီ ရောက်လာမည့် ဧည့်သည်တစ်ဦးကို စိတ်ရှည်ရှည်နှင့် လက်ခံစကားပြောရပေလိမ့်မည်။

ဤသည်တွင် ကြိုတင်စည်းဝါး ရိုက်ထားချက်အရ "ဟန်ဆောင်မှု ပါလာသော ဥပါယ်တံမျဉ်တွေပါ သုံးရတော့မည်"ဟု ကျွန်ုပ် ဝန်လေးနေမိ၏။ လူနှင့်ပတ်ဝန်းကျင်တွင် ဟန်ဆောင်ရသော အလုပ်သည် တာရှည်မခံသကဲ့သို့ ဟန်ဆောင်ရသူ အဖို့မှာလည်း ရင်တထိတ်ထိတ် ရှိလှ၏။ အလိမ်ပေါ်မှာကို ကြောက်ရသလို ရှိချေလှ၏။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် လွှန်ဆန်၍မရနိုင်ချေ။ မြို့နယ်၏ အုပ်ချုပ်သူအကြီးအကဲနှင့် ပတ်သက်နေ၏။ ကျွန်ုပ်စိတ်ထဲတွင် ဟန်ဆောင်မှုကို ရှောင်နိုင်သမျှရှောင်ပြီး "ဘူး" ခံ၍ရသော ကိစ္စများ ပါလာပါစေဟု ကျိတ်ပြီး ဆုတောင်းနေ၏။

နာရီဝက်နီးပါးကြာသောအခါ အမျိုးသမီးနှစ်ဦး ထီးကိုယ်စီဆောင်းလျက် ကျွန်ုပ်အိမ်သို့ ရောက်လာ၏။ တစ်ဦးသောအမျိုးသမီးမှာ ကျွန်ုပ်နှင့် ရင်းနှီး၍ သိပြီးသူဖြစ်ရာ၊ ကျန်မသိသော အသက် (၃၅)နှစ် ပတ်ဝန်းကျင်ခန့် အမျိုးသမီးမှာ ကျွန်ုပ်နှင့် ရင်ဆိုင်တွေ့ရမည့် ကလေးမကလေး ဖြစ်ချေပြီ။

အိမ်ပေါက်ဝ ဝင်ကတည်းက မြင်နိုင်လောက်တဲ့ နေရာကစပြီး အကဲခတ်နေ၏။ အိမ်ပေါ် ရောက်ပြီး ကျွန်ုပ်ရှေ့ဝယ် ထိုင်သည်အထိ အကဲခတ်နေ၏။

မျက်နှာစိမ်းအမျိုးသမီးသည် သူမ၏လက်တွင် ပါလာသော စာရွက်ခေါက်ကလေးကို ကျွန်ုပ်လက်ဝယ်အပ်လိုက်ပြီး မျက်လွှာ အသာချနေ၏။ "ငါ့ထက်တောင် သူက ဦးဦးဖျားဖျား ဟန်ဆောင်နေပြန်ပြီ၊ ငါ့ထက် ဦးသွားလေပြီတကား" ဟုပင် စိတ်ထဲမှာ ထင်နေ၏။

စာကလေးမှာ ခပ်တိုတိုနှင့်ပင် . . .



www.burmeseclassic.com

www.burmeseclassic.com

ဖိုးညွန့်လှိုင်. . .

*ယခုလာသူက ခရမ်းသုံးခွဘက်က အစ်ကိုကြီး၏ တူမ ဖြစ်၏။ သူ့အခက်အခဲများကို ပညာနဲ့ ကူညီပေးစေလိုပါသည်။*

**အစ်ကိုကြီး**

ကျွန်ုပ်သည် ဖတ်ပြီးသောစာရွက်ကလေးကို အသာအယာ ခေါက်လိုက်ပြီး ကျွန်ုပ်၏ စားပွဲရှေ့တွင် တင်ထားလိုက်ပြီး မျက်မှန်အိတ်တစ်ခုဖြင့် ဖိထားလိုက်၏။

"ဩော်၊ အစ်ကိုကြီးရဲ့စာလဲ ပါပြီးသားပဲ၊ အထူးပြောစရာမလိုပါဘူး တူမ၊ ဘာအကူအညီ ပေးရမလဲဆိုတာ ပြောပါ၊ ဗေဒင် တွက်ပေးရမှာလား"

"မဟုတ်သေးဘူးရှင့်၊ ပထမ ဆွေးနွေးစရာရှိတယ်၊ ဆွေးနွေးပြီးမှ အပြီးသတ် ဗေဒင်မေးမယ်"

နား၀မှာ ကြားရသော စကားသည် တစ်မျိုးတော့ တစ်မျိုးကြီး၊ ဘယ်လို ယူဆရမလဲမသိ။ သို့သော် ကျွန်ုပ်သည် စိတ်ကို အထူးအောင့်အည်းကာ သည်းခံနေလိုက်၏။ သူတို့ ပြန်သွားမည့်အချိန် မြန်မြန်ရောက်ပါစေလို့တောင် စိတ်ထဲမှာ ကျိတ်ပြီး အကြိမ်ကြိမ်ဆုတောင်းနေမိ၏။

"တူမ နာမည်က ဘယ်လို. . ."

"ကျွန်မ နာမည်က မ. . . . (အမည်မဖော်ပြလိုပါ)"

"က"ဝဂ်ဖြင့် မှည့်ခေါ်ထားပြီး 'က'ဝဂ်အုပ်စုဝင် အမည်ဖြစ်၏။ 'က'ဝဂ်တွင်လည်း ပဉ္စမမြောက်သဒ္ဒါ'င' ဖြင့် မှည့်ခေါ်ထားပြီး အာမေဍိတ်အမည်ထဲတွင် စာရင်းဝင်သွားပြန်၏။ 'င' သဒ္ဒါဖြစ်၍ ဒွေးဒဟ အမည်ပညတ် ဒွေးဒဟ သဘောဖြစ်နေသည့်အပြင် အသားရောင်မှာ အသားလတ်၊ အရပ်ကလည်း (၅)ပေကျော်ရှိသာ၊ မတြာအားဖြင့် အာမေဍိတ်အသံဖြင့် (၂+၂ = ၄) မတြာရ၏၊ (၃)မတြာသာရှိသင့်၏။

အသားလတ်ရှိသူကို အသား'အမည်းရောင်' အမည်ပေးခြင်း၊ ဖြပ်အားဖြင့် မတြာသည် အရပ်ထက် မတြာပတ်ဝန်းကျင်များနေခြင်း၊ ဒွေဒဟအမည်နှင့် အာမေဍိတ်အမည်ကြောင့် တစ်ရှုးထိုးလုပ်တတ်ခြင်း၊ ဓာတ်အားဖြင့်မူ မဆိုးသော်လည်း "င"ဒွေးဒဟ သဒ္ဒါကို ကြိုက်၍မှည့် ခေါ်ရင်လည်း "ငွေ"ဟူသော စကားလုံးပါလျှင် အကောင်းသား။ ယခုတော့ သူမအမည်က ဒီလိုမဟုတ် အဖြူရောင် မလွှမ်းမိုးချေ။ ဌာန်အားဖြင့် လည်ချောင်းဌာန်ဖြစ်ရာ လည်ချောင်းပုတိုမှု မရှိ လည်ချောင်းရှေ့စိုက်ပြီး ပုတိုတို ဖြစ်လျှင် မောဟကြီးသည်။ နောက်သို့ လန်နေရင်လည်း ဒေါသကြီး၏။ အလယ်တည့်တည့် လုပစ္စာဆိုပါက ဆိုစရာမရှိ တင့်တယ်ပေ၏။

သို့သော် သူမ၏ လည်ချောင်းပုံစံသည် ပုသည်ဟု မဆိုသာဘဲ ရှေ့သို့ ကွေးညွှတ်နေသော သဘောအသွင်ကို ဆောင်နေ၏။ အသံ၏ လာရာကို လေ့လာတော့လည်း လည်ချောင်းထဲမှ စည်းစည်းလုံးလုံး လာသည် မဟုတ်... ရင်ခေါင်းသံ မကျ၊ လည်ချောင်းသံမကျဟု ခန့်မှန်း၍ ... ကျွန်ုပ်၏လေ့လာမှုအရ ပခုံးနှစ်ဖက်ကျပုံသည် ယော... ဆန်ဆန်နှင့် ခပ်တန်းတန်း ဖြစ်နေပြန်၏။

အချိုးညီညွတ်မှု မတွေ့ရချေ။ ယင်းကြောင့်... စိတ်ထင်တိုင်းမပေါက်၊ သူ့ဘ၀ ပတ်ဝန်းကျင်တွင် ခပ်ကြ... ကြမ်း ရင်ဆိုင်ခဲ့ရသလိုရှိပြီး ဒေါသ၊ မောဟများ၊ ကြောက်... ရာများ၊ မခံချင်မှုများ၊ လက်စားချေလိုသော စိတ်များ... အရောင်ခြယ်ထားသလို ဖြစ်နေကြောင်း ကြိုတင်သတိ... ရလေ၏။

သို့ဖြင့် စိတ်တွင် ထင်ရာစိုင်းလိုစိတ်နှင့် အားငယ်... ရောပြွမ်းလျက်ရှိရာက စိတ်တွင် ထိခိုက်နေသော အ... များ ရှိကောင်းရှိပေမည်ဟု စဉ်းစားထား၏။

မည်သည့် ပညာရှင်မဆို ဤသို့ အကဲခတ်... အမှန်ဖြစ်၏။ ကျွန်ုပ်အကဲခတ်မှုနှင့် ကောက်ချက်ချ... သည်ပင်လျှင် နည်းနေပေလိမ့်ဦးမည်။ ဝါရင့်ပညာရှင်ဆို... ထိုထက်ပင် စုံလင်ပေလိမ့်မည်။

ကျွန်ုပ် လက္ခဏာပညာရပ်တစ်ခုတည်း ဖတ်... ဟောစဉ်က လူတစ်ယောက်ရောက်လာလျှင် သူ့ရဲ့... ချောင်းပုံစံနှင့် လက်မကို အရင်ကြည့်၏။ ပြီးမှ ဟော... များကို ဟော၏။ အပြင်လောက အပေါင်းအသင်း ... လျှင်လည်း လူသစ်စိတ်သစ် တစ်ဦးကို လက်ပုံစံ လက်ချော... နှင့်လက်မ ကြည့်ပြီးမှ စိတ်ချယုံကြည်စွာ ဆက်ဆံ... ပြော၏။ ဤသည်ကား ကျွန်ုပ်၏ အကျင့်စရိုက်တစ်ခု ဖြစ်...

အင်္ဂဝိဇ္ဇာဓာတ်ရိုက်၊ ဓာတ်ဆင်ပညာတစ်ခုတည်... နားလည်သော ထိုစဉ်က (ယခုကဲ့သို့ အဟောပညာ... သေးခင်က)မှု သူစိမ်းပရိသတ် တစ်ဦးရောက်လာ... သေချာစွာ စူးစိုက်၍ ခြေဆုံးခေါင်းဆုံး ကြည့်၏။ ယော... ကလေးများကိုလည်း ကြည့်၏။ မိန်းကလေးများကိုလည်... ကြည့်၏။ မိန်းကလေးများက တစ်ခါတစ်ရံ အထင်မှား... ၏။ နောက်တော့ သိကြလေပြီ ဖြစ်၏။ ခွင့်လွှတ်ကြ၏။

ဘာစိတ် ညာစိတ်နဲ့မှ ကြည့်ရှုခြင်းတော့ မဟုတ်... ဟောပြောမည့် ဟောချက်အတွက် အချက်အလက်... စုဆောင်းခြင်း ဖြစ်၏။ လာသူသည် တစ်ခါမျှ မမြင်ဖူး... သူစိမ်း၊ ထို့ကြောင့် ထိုသူကို ယင်းသို့ လေ့လာရုံဖြင့်မပြီး... (ရယ်စရာတော့ကောင်း၏) မြင်မြင်ချင်း ထိုပုဂ္ဂိုလ်... ကျွန်ုပ်၏စိတ်ထဲမှာရှိသော အမျိုးမျိုးသော "ဝတ်စုံများ"... ထိုလူအား ဝတ်ဆင်ပေးလိုက်၏။ ဥပမာ. . တပ်မတော်... တစ်ဦးပုံစံ ယူနီဖောင်းဖြင့် ဝတ်ဆင်ပြီး ကြည့်လိုက်၏။

ဒါမှမဟုတ် ပြည်သူ့ရဲပုံစံ ယူနီဖောင်းဖြင့်လည်း... ဆင်ကြည့်လိုက်၏။ မဟုတ်သေးက ပြန်ချွတ်လိုက်၏။... မဟုတ်သေးလျှင် မိန်းကလေးဆိုပါက သူနာပြု...





www.burmeseclassic.com

www.burmeseclassic.com

အယောင်၊ ကျောင်းယူနီဖောင်းနှင့် ဆရာမအသွင် ဤလို ဤလို သူတို့ မမြင်ရသောအဝတ်များနှင့် သူတို့ကို ဝတ်ဆင်ဆလိုက်၏။ ကျွန်ုပ်သာ သိ၏၊ သူတို့ မသိပေ။

ဤအကျင့်သည် ကျွန်ုပ်မှာ စွဲမြဲနေ၏။ သို့ဖြင့် ကျွန်ုပ်ရှေ့ ရောက်နေသူ မိန်းကလေးအား မိန်းကလေးနှင့်ဆိုင်သော အဝတ်တန်ဆာများကို စိတ်ထင်တိုင်း တစ်ခုပြီးတစ်ခု ဆင်ယင်ကြည့်၏။ ကျွန်ုပ်မျက်မှန်းတန်းမိသော အဝတ်အစားများ ည်း ကုန်နေပြီ။ ကျွန်ုပ် စိတ်ထင်သည့်အတိုင်း ကြိုးစားလျက် ဆင်ယင်ကြည့်၏။ အံဝင်ခွင်ကျ မရှိသေး၊ သက်ပြင်းချလိုက် ၏၊ သူမကား လုံးဝမသိရှာပေ။ ကျွန်ုပ်သည် ကြိုးစား၍ အဝတ်အစားအသစ် ဆင်ယင်မှုများကို အတတ်နိုင်ဆုံး နေ၏။ နောက်ဆုံး. . ကပွဲတစ်ခုကို သတိရလာ၏။ ဟုတ်ပြီ မင်းသမီး 'ဆံထုံး' ပဝါဖြင့် ဆင်ကြည့်၏၊ အဆင်မပြေသေး ကပွဲထုံးစံ'အပျိုတော်'ပုံစံလည်း မဟုတ်၊ နှစ်ပါးသွားမှာ စီရင်ထုံးဖွဲ့သော မင်းသမီးပုံစံလည်း မဟုတ်သေး။ ရှေးခေတ် နှစ်ပါးသွားအငြိုး ဇာတ်လမ်းထဲက သရုပ်ဖော်မင်းသမီးပုံစံကို မြင်လာ၏။

ဆံပင်၏ စီရင်ထုံးဖွဲ့မှုမှာကျတော့ နတ်စိမ်းပုံစံ မဟုတ်မယ့် 'အဆောင်း'ပုံ သရဖူပုံ ဖြစ်သော်လည်း ရှေးခေတ်တ်'ဟူသော ရုပ်ရှင်ကားမျိုးတွင် ဝတ်ဆင်သော မင်းသမီး ခေါင်းမှာ "စည်းပုံ"ဟု ခေါ်၏။ "စည်းပုံ"တော့ ဟုတ်၏၊ ၏ မျက်နှာအရ ဒီအတိုင်းမရသေး၊ အမောက်ပုံ ဖော်သော ဇာတ်လမ်းဇာတ်ကွက်အရ 'နဂါး'ခေါင်းပုံ 'စည်းပုံ' ဆင်လိုက်ပါ၏။

တော်တော်ကြီးကို အချိုးအစားကျသွားပေ၏။ ကျွန်ုပ်နာအရ ကျွန်ုပ်ရှေ့ရောက်နေသူ ကလေးမကလေးသည် ကျွန်ုပ်ဝတ်ဆင်ပေးထားသော စိတ်အာရုံ တန်ဆာပလာနှင့် အလွန်ပင် ကြည့်၍ကောင်းနေ၏၊ အတော်ပင် က်ဝင် လှုပ်ရှားနေလေသည်။

ဤသည်တွင် တစ်ဆက်တည်း ဤတန်ဆာပလာဖြင့် ဝင်ခွင်ကျရှိသူဆိုရင်တော့ သာမန် မဟုတ်တော့ပေ။ ယခုတ် သိပ္ပံအခေါ်အဝေါ်အရ 'စိတ်နယ်လွန်' သို့မဟုတ် အစွန်းတစ်ဖက်ရောက်သူ" ဖြစ်နိုင်သည်ကို ပထမဆုံး ကျွန်ုပ် စွဲစွဲမြဲမြဲ မှတ်လိုက်၏။

ထို့ကြောင့် စကားများမပါဘဲ သတိဝီရိယဖြင့် ပြောဆိုဆံမှု တော်ပေလိမ့်မည်ဟု တစ်ဆက်တည်း ကျွန်ုပ်ဘာပေါက်လိုက်၏။

"ဩော် အေး. . ဒအေး တူမ၊ ဆွေးနွေးလိုရာ ပွင့်ပွင့်လင်းဆွေးနွေးပါ အားမနာပါနဲ့"

"ကျွန်မက သာသနာပြုဖို့ လာတာပါ ဟဲ. . ဟဲ၊ ခရမ်းတောင်လာရတာ၊ ကျွန်မ သာသနာပြုကိစ္စမှာ အစ်ကို (ကျွန်ုပ်အား ညွှန်း၏)နဲ့ လက်တွဲပြီး ဆောင်ရွက်ဖို့ အမိန့်ကျတယ်၊ အတိတ်ဘဝက အစ်ကိုကြီးက ကျွန်မရဲ့ အစ်ကို အကြီးဆုံး ဖြစ်ခဲ့တယ်၊ ခုလဲ အမိန့်ကျလို့ တကူးတက လာခဲ့ရတာ၊ အဲဒါ ဆွေးနွေးဖို့ကိစ္စပဲ"

အဲ . . ခက်ချေပြီ။ ကျွန်ုပ် ထင်တာကတော့ တစ်ထပ်တည်းမကျပေမယ့် ဟုတ်သလို ဖြစ်နေပြီ။ ဘယ်သူ့အမိန့်လဲ ဆိုတာ ထပ်မမေးရဲ၊ ခြေရာဖျောက်မှုဖြစ်မယ်ဟု ဆုံးဖြတ်ထား၏။ သူ့စကားကို နင်း၍ လိုက်ပြီးတော့ သူ့စကားနဲ့သူ ချည်ပြီးတုပ်ပြီး ဖြစ်စေဖို့ စဉ်းစားရတော့၏။

"ဟင်. ဒါဆို ကံကြုံလို့ လာဆုံတာပေါ့၊ အစ်ကိုကြီးက အကြီးဆိုတော့ မင်းက အကြီးဖြစ်တဲ့ အစ်ကိုကြီးရဲ့စကားကိုတော့ နားထောင်ရမှာပေါ့"

"အစ်ကိုကြီးကလဲ ဟိုဘဝက အလိုလိုက်ခဲ့ပြီး ခုကျမှ အစ်ကိုကြီးက စိတ်ပြောင်းတော့မလို့လား"

"မဟုတ်ဘူးလေ၊ အကြီးဟို့မည်သည် ကောင်းတဲ့ စကားကို ဆုံးမမှာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ အစ်ကိုကြီး အတိတ်ဘဝကို ပြန်ကြည့်လိုက်စမ်း မြင်ပြီလား၊ အစ်ကိုကြီး မြင်ပါတယ်၊ မြင်ရက်နဲ့ မသိချင်ဟန်ဆောင်နေတာ"

ခက်ပြီ။ တကယ်ခက်တာ ဖြစ်၏။ ဘယ်လိုလုပ် မြင်မှာလဲ၊ ကျွန်ုပ်က မြင်နိုင်တဲ့လူလည်း မဟုတ်၊ ဒီမေးခွန်းကို ဘယ်လိုဖြေရမလဲ။ ဖြီးဖြန်းပြီးလည်း မပြောတတ်၊ သူမအားလည်း မလှည့်ပတ်လို၊ မညာချင်၊ ကျွန်ုပ် မဖြေခင် သူမက ထပ်ပြော၏။

"အစ်ကိုကြီး ပြောလေ. . . ကျွန်မကို ဘယ်လိုပုံနဲ့ မြင်သလဲ"

ကျွန်ုပ်သည် ပြုံးနေလိုက်၏၊ အမှန်က မချိပြုံး ဖြစ်၏။

"ထားပါတော့ကွယ်၊ ဒါတွေကို ပြန်မပြောနဲ့တော့၊ ပြီးခဲ့တာတွေပဲ၊ မြင်ဦးတော့ ဘာထူးမှာလဲ"

"မြင်တယ်ပဲ တစ်ချက်ပြော၊ ဘယ်ပုံမြင်သလဲ တစ်ချက်ပဲပြော၊ ကျေနပ်ပြီ၊ ကျွန်မ ဘာမှ ဆက်မမေးတော့ဘူး"

ဘယ်ပုံစံနှင့် မြင်သလဲဆိုတာ တစ်ခုတိုးလာ၏၊ ပို၍ ခက်သွား၏။ စာရေးလွှတ်လိုက်တဲ့ စာပိုင်ရှင်အစ်ကို (. . )က တာဝန်ပေးလိုက်သဖြင့် ဘယ်လို ဖြေရှင်းရမလဲဟူသော အချက်ကို စဉ်းစားနေ၏။

ဒီတစ်ချက်ကတော့ ဟန်ဆောင်ရမှာ။ မြင်ယောင်၊ သိယောင် ဆောင်ရတော့မှာ ဖြစ်၏၊ ဘုရားတ,ရတော့၏။ ဘယ်ပုံစံနှင့် မြင်တယ်ဆိုတာကို စဉ်းစားရတော့၏။

မဟုတ်မှလွဲရော ဒီကလေးမလေးကို ကျွန်ုပ်စိတ်ကူးနဲ့ ဝတ်ဆင်လိုက်တဲ့ တန်ဆာပလာအရ ဖန်တီးပြောရတော့မှာ ဖြစ်လေ၏။ မဟုတ်တဲ့စကား ပြောရမှာဖြစ်၍ စကားလုံးတို့သည် လည်ချောင်းထဲက အပေါ်သို့ တက်မလာ ပြုံတစ်ပြုံတစ်သာ ဖြစ်နေ၏။





www.burmeseclassic.com

www.burmeseclassic.com

"ပြောလေ အစ်ကိုကြီး၊ ဒီမလာခင်ကတည်းက အစ်ကို ကြီးဟာ အတိတ်ဘဝကို မြင်နိုင်တယ်လို့ ကျွန်မ သိပြီးသားပါ။ မောင်နှမပြန်တွေ့ခါမှပဲ အစ်ကိုကြီးက စျေးကိုင်နေပြန်ပြီ"

ပြဿနာ၊ ဘယ်သူက ကျွန်ုပ်အား ချောက်တွန်းလိုက် တယ် မသိ။ စာရေးသူ စာပိုင်ရှင်မိသားစုထဲက တစ်ဦးဦးတော့ ဖြစ်လောက်မည်။ ဘာကြောင့်လဲဆိုတော့ သူတို့မလာခင် ကလေးတစ်ယောက် ကြိုလွှတ်လိုက်တယ်၊ သေချာသွားပြီ၊ ကျွန်ုပ် ပြေး၍မလွတ်တော့ပေ။

"ကဲ. . ကဲ. ဒီတစ်ခါမေး၊ နောက် မမေးရတော့ဘူး၊ သဘောတူ ကတိပေးရင် ပြောမယ်"

"ဟုတ်. . ဟုတ်ကဲ့"

"ဒီအကြောင်း နောက်ထပ်မမေးနဲ့၊ အကြီးက ဆုံးမရင် နာခံရမယ်၊ ဒီတစ်ခါပဲ ပြောမယ်၊ နောက် မမေးနဲ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ၊ ကတိပေးပါတယ်"

"မင်း ခေါင်းမှာ အမောက်နဲ့လေ၊ နဂါးအမောက်လိုလို သဘောပေါက်ပြီလား"

အရဲစွန့်လိုက်ခြင်း ဖြစ်၏။ အမှန်က လုံးဝမသိပါ။ မီးစင်ကြည့်က,ရခြင်း ဖြစ်၏။ ဒီလိုမပြောရင် ကျွန်ုပ်မှာ အခက်ကြုံနေပြီ။

"ဟုတ်ပါပြီ သိပါပြီ. . ဒါကြောင့်. . . "ဆိုပြီး ရှိုက်ကြီး တငင် ငိုချလိုက်တော့၏။ ကျွန်ုပ်လည်း ခြေဖျားလက်ဖျား များပင် အေးစက်လာသလို၊ သွေးဆုတ်လာသလို ထင်လာ ရ၏။ ပါလာသူအဖော်က မျက်ရည်သုတ်ပေးပြီး ချော့မော့ နေရ၏။

ကျွန်ုပ်ကား ဘာမှဆက်မလုပ်တတ် မှင်တက်မိသလို ကြောင်ပြီး ကြည့်နေမိ၏။ တော်တော်ကလေး ကြာသွား ပုံရ၏။ ထိုကလေးမလေး ရောဂါကျချိန်ကို စောင့်တာဖြစ်၏။ နည်းနည်းငြိမ်သွားသောအခါ ကျွန်ုပ်က ဟန်လုပ်ပြီး. . .

"အေး. . ဒါကြောင့်ပြောတာ၊ ဒါတွေအကြောင်း ဆက်မမေးနဲ့တော့. . ."

ခေါင်းညိတ်ပြ၏၊ မျက်ရည်စကလေးသုတ်ပြီး. .

"ကျွန်မ သာသာနာပြုဖို့အတွက် ကူညီပါ"

ခက်ပြန်ပြီ။ ကျွန်ုပ်ကား သူတစ်ပါးကို ဘယ်လို သာသနာပြုမလဲ။ ကိုယ်ဟာကိုယ်တောင် မနည်းကျင့်ကြံနေ ရတုန်း။ ထားတော့လေ၊ ဖြစ်တဲ့နည်းနှင့် ပါးစပ်ပေါက်ပိတ် ရတော့မှာပဲဟု စဉ်းစားပြီး . . .

"အစ်ကိုကြီး ပြောပြမယ် နားထောင်၊ သူများကို သာသနာပြုဖို့အတွက်က မိမိမှာလဲ လုံအောင်ကျင့်ကြံရဦး မယ်၊ ကဲ. . အမိန့်နာခံ၊ ဖြစ်ချင်တာကို ဖြစ်စေရမယ်။ ဒီတော့ မွေးနေ့ကစပြီး (၄၉)ရက် အဓိဋ္ဌာန်ယူ၊ ပုတီးစိပ်၊ ဒီကြားထဲမှာ လိုတာကို လာပြောမယ်၊ ဒီ(၄၉)ရက်သာ မဟုတ်သေးဘူး။ ဒါက ပထမအဆင့်၊ ဒုတိယအဆင့် ရှိသေးတယ်၊ ဘာတွေ ဆက်လုပ်ရမယ်ဆိုတာ ပထမ(၄၉)ရက်ပြီးမှ ဆက်ညွှန်ကြား မယ်၊ ဒါပဲ ဆက်မမေးနဲ့တော့"

"ဟုတ်ကဲ့ပါ" ဆိုပြီး ငြိမ်သွား၏။

"ဒါက ပထမဆွေးနွေးချက်ပါ၊ ဒုတိယက ကျွန်မ လက္ခဏာပဲ ကြည့်ပေးပါ၊ ကျွန်မက ဗေဒင် မယုံဘူး"

ကဲ. . ထားပါတော့၊ တစ်ခါ ကျွန်ုပ် ပိုင်ပိုင်နိုင်နိုင် ခံနေရ၏။

"ကဲ. . ဒီလိုဆို လက်ပြစမ်း"

သူမ၏ လက်ဖဝါးပြင်နှစ်ဖက်ကို ကျွန်ုပ် မြင်သာ ပြလေတော့၏။ သူမ၏ ဖြန့်ပြသောလက်၏ မြင်ကွင်းထား အောက်ပါအတိုင်း ဖြစ်လေ၏။

လက်ဝါးပြင် နှစ်ခုစလုံး၏ စုပေါင်းဖော်ပြချက်များ အောက်ပါအတိုင်း သုံးသပ်တွေ့ရှိ၏။

၁။ လက်ညှိုးခေါ် ၅ တေးလက်ချောင်းသည် လက် ကြွယ် (၁)ဆွေလက်ချောင်းထက် အနည်းငယ် ပို၍ရှည် ကြောင့် စိတ်ထင်တာ ဖြစ်လိုမှုရှိခြင်း၊ ဩဇာပေးလို ဝိသဘာဂအပေါ် စိတ်စွဲလမ်းခြင်းအပြင် ကလဲ့စားချေ ခြင်း သို့မဟုတ် ကောက်ကောက်ပါအောင် လိုက်တတ် သဘောရှိ၏။

၂။ နှစ်ဖက်စလုံးတွင် ရမ္မက်လမ်းကြောင်းသည် မလှ ပါရှိသဖြင့် သွေးသားရောဂါ၊ မီးယပ်ရောဂါ၊ ကိလေသာ ခံစားမှုကို ဖော်ညွှန်း၏။ ထို့အတွက် ဝဲလက်ရှိ (ဒု) သော ခါးပတ် ပုံပျက်ပန်းပျက်ဖြစ်နေမှုက ဖော်ညွှန်းထော ထား၏။ သဘောက ဟော်မုန်းဓာတ်၏ သဘောဖြစ်၏။

၃။ ယာလက်တွင် လက်မများ ခါးသိမ်ကွေးညွှတ် ဝဲလက်တွင် လက်မ၏ ဒုတိယအဆစ် ရှည်လွန်းခြင်း လက်မနှစ်ချောင်းစလုံးသည် နောက်သို့ ကွေးညွှတ်လွယ် သည် စိတ်မခိုင်ခြင်း၊ အားနာခြင်းကြောင့် မိမိဘဝနစ်နာခံ အနာခံရခြင်း၊ ဆုံးဖြတ်မှု မပိုင်ခြင်းကို ပြ၏။

၄။ လက်အသွေးအရောင်သည် ပန်းရောင်ထက် အရော ရင့်လျက် လက်ပုံစံများမှာ ရောထွေးလက်ပုံစံလည်း လက်တွေ့ ဆန်သော လက်ပုံစံဖြစ်သော်လည်း ယာလ ဉာဏ်လမ်းကြောင်း ကွေးညွှတ်ပုံသည် လက်တွေ့ဆန် ဆန့်ကျင်သွားလေ၏။

တစ်ဖန် လက်ယာဘက်တွင် ကာမလမ်းကြောင်း ဉာဏ်လမ်းကြောင်း စပါးလုံးတစ်ထောက်မက ခွာထွက်လာ လက်ဝဲဘက်တွင် ဉာဏ်လမ်းကြောင်းနှင့်မေတ္တာလမ်းကြော သည် ပူးပေါင်းလျက်ပေါ် ထွက်လာခြင်း၊ ဤအတွက် အ ရေး၊ နှလုံးသားရေးရာ၊ အိမ်ထောင်ရေးနှင့် ပတ်သ တစ်ဇွတ်ထိုး လုပ်ရုံမက "ဘယ်သူသေသေ ငတေမာပြီးရေ ဟူသော စိတ်ဓာတ်ဖြင့် တစ်ဖက်ယှဉ်ပြိုင်သူကို အပို လိုသော စိတ်ဓာတ်စွမ်းအင် ရှိတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသည်တွင် လက်ဝဲဘက်လက်၏ သော်ကြာဖြုဟ်ခုံ အလွန်မို့မောက်နေမှု၊ ဤအတွက် ကျွန်းခံလျက်ရှိသော ာလမ်းကြောင်းသည် လက်ယာဘက်တွင် စနေဖြုဟ်ခုံ တ်ခြေသို့ ရဲရဲတင်းတင်း ထိုးဖောက်နေခြင်းက ထောက်ခံ ၏။

အိမ်ထောင်ရေးလမ်းကြောင်းသည် မသန့်ရှင်းသလို ၏ လက်သည်းပုံစံသည် အလွန် မို့မောက်နေခြင်း ကြောင့် မေတ္တာရေးရာတွင် အဆင်ပြေမှု မရှိနိုင်ခြင်းကို ညွှန်းနေ၏။

နှစ်ဖက်စလုံး၏ ကံကြမ္မာ လမ်းကြောင်းများသည် တိုးဖွယ်ရာ မရှိဘဲ အခြားအရေးအကြောင်းများ၏ ကံကြမ္မာ၏ ဩဇာများကို လက်ခံရမည့် သဘောရှိရာ ရေစာများသည် အင်္ဂါလွင်ပြင်တွင် အများဆုံး ပျက်စီး ခြင်းက ထောက်ခံထားလေ၏။

လက်ဝဲဘက် လက်ဝါးပြင်၏ စနေဖြုဟ်ခုံ၏ အောက်ရှိ တ် အမှတ်အသားများက သူမ၏ဘဝကို အဆုံးအဖြတ် ည်ဟု ခန့်မှန်းရသလို ဖြစ်လျက် ကျန်းမာရေးကို သတိ ရန် ဖော်ပြ ထားပေ၏။

ရုပ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးနှစ်ရပ်စလုံး အကျုံး ဉာဏ်လမ်းကြောင်း၏ ကွေးညွှတ်ပုံအရ အစွဲအလမ်း ရာက ကျန်းမာရေး ထိခိုက်နိုင်ကြောင်း၊ ဆေးမှားနိုင် ကြောင်း၊ အဆိပ်သောက်တတ်ကြောင်း၊ အမှတ်မထင် မထင် ဖော်ပြထားသော အမှတ်အသားက သူမ၏ဇာတ်လမ်း တွန်းပို့နေ၏။

အထက်ပါအချက်များကို ကောက်နုတ်စုစည်းလျက် န်ပ်၏စိတ်မှာ စဉ်းစားရပုံ၊ နှလုံးသားရေးရာအတွက် တိုင်းမကျ ဖြစ်ရာက အနိုင်ယူလိုမှုက ဦးဆောင်ပြီး တ်ဆုံးတွင် အရှုံးနဲ့ရင်ဆိုင်ခဲ့ရာက နာကြည်းချက်များ ပေါ်လာရ၏။

ကလဲ့စားချေရန် ခြေကုန်လက်ပန်း ကျသွားရသည်က တ်ပေါက်မတွေ့ဘဲ ဦးနှောက်နှင့် အာရုံကြောများတွင် ဒဏ် နိုင်ဖြစ်လာရာကစပြီး ထိန်းချုပ်မှု ကင်းလာ၏။ ဤကောက် ချက်ချမှုများသည် သူမကို လုံးစေ့ပတ်စေ့ ပြော၍မဖြစ်၊ အနာ ောင်း ဆွသလိုဖြစ်ပြီး ရောဂါတက်လာပါက ကျွန်ုပ် သူ့ကို န်းသိမ်းနိုင်မှု မရှိကြောင်း သဘောပေါက်၏။

သို့ဖြင့် သူမအား ဘယ်လိုပုံစံဖြင့် ဟောရမည်ကိုပဲ းစားနေ၏။ ဖြစ်ပြီးခဲ့သော ဖြစ်ရပ်များ မှန်,မမှန်ကို အချိ ချနှင့် ဟောဖို့ မလွယ်တော့ချေ။

သူမ ဖြစ်နေသော ခံစား မှုများမှာ သွေးပယောဂ၊ ပယောဂ ဟူသော 'ပယောဂ'နှင့် စိတ်၊ 'ပယောဂ'နှင့် ဉ်လာသော 'ပယောဂ ဝေဒနာရှင်'ဟု ကျွန်ုပ်၏စိတ်ထဲက လိုအလျောက် သတ်မှတ်နေ၏။

ထိုပြင် ရှေ့အထက်တွင် နာမက္ခရဆန်းပညာအရ ကျွန်ုပ် လက်ခံထားသော အချက်သည် သူမ၏လက်ဝါးပြင် ပေါ်တွင် ထင်ဟပ်နေသော ဖော်ပြချက်များက ပို၍ခိုင်လုံ စေတော့၏။ ကျွန်ုပ်ညွှလို့သာ ဖြစ်ချင်ဖြစ်မည်၊ တစ်ထပ်တည်း ကျနေမှာ သေချာလောက်၏။

"ပြည့်စုံသွားအောင် တူမရဲ့ မွေးသက္ကရာဇ်ကလေး" အကြမ်းဖျင်း အကဲခတ်ရအောင် ပြောစမ်းပါဦး"

"ကျွန်မက ကြာသာပတေးသမီးပါ၊ ၁၃. . . . "

(သူမအမည်နှင့် မွေးသက္ကရာဇ် မဖော်ပြနိုင်ခြင်းကို ခွင့်လွှတ်ပါ။)

သူမ ၅တေးသမီးဖြစ်တယ်ဆိုတာ သိရသောအခါ နာမက္ခရဆန်းကို ပြန်ပြီး ဆင်ခြင်ရပြန်၏။ ၅တေးသမီး မှန်သော်လည်း ဌာန်အရ လည်ချောင်းနှင့် ရင်ဌာန် ပေါ် လွင်ရာ၊ အခေါ်သမုတ် ပညတ်အရ ၂လ်ာသည် သူမကို လွှမ်းမိုးအုပ်စိုးနေပြီ။ သို့မဟုတ် သူမ၏အမည်က အုပ်ချုပ် စိုးမိုးလေပြီဟု ထပ်မံဆုံးဖြတ်ရလေတော့၏။

အာမေဍိတ်ပညတ်သည် တစ်စုံတစ်ဦး၏ "အငယ် အနှောင်း" မဖြစ်တာကိုဘဲ တော်ပေလှ၏။ ယခုကား ကျွန်ုပ် အယှဉ်အဆအရ (Duel Fight) တိုက်ပွဲမှာ အရေးနိမ့်လာသူ သာ ဖြစ်နိုင်၏။

"ဘာသိချင်လဲ၊ သိချင်တာကို အဓိက မေး"

ကျွန်ုပ်အတွက် ထွက်ပေါက်ရှာ၍ မေးသော မေးခွန်း ပင်ဖြစ်၏။ သူမကို စီကာပတ်ကုံး ဟောပြောဖို့ ကျွန်ုပ်အလွန် ဝန်လေးနေ၏။ ဒီလိုမေးလိုက်ခြင်းဖြင့် သူမေးတာကိုပဲ ဟော ပြောခြင်းဖြင့် ပြီးမြောက်နိုင်သည်ဟု သဘောပေါက်ထား၏။

"သိချင်တာကတော့ စုံလို့ပါ၊ တွေ့တာသာ ဟောပါ"

လက်ဝါးပြင်အရ လက်သူကြွယ်ဟူသော တနင်္ဂနွေ လက်ချောင်းထက် မသိမသာ ရှည်နေသော လက်ညှိုးခေါ် ၅တေးလက်ချောင်းသည် သူမကို ထွက်ပေါက်ပေးရန်၊ ဒါမှ မဟုတ် ကျွန်ုပ်အတွက် အကာအကွယ်ယူကာ ဟောရန် ဟောကွက်အဖြစ် ပထမဆုံး စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထား၏။ ၅တေးသမီးဟူသော ဟောချက်က မဟာဘုတ်အရ အသက် (၂၀)နှစ်မှ (၃၁)နှစ်အတွင်း ရာဟုတွင် စိုးစံချိန်၏ သဘော သရုပ်နှင့် ဘဝခံစားချက် အပြင်းထန်ဆုံးအချိန်ကို ထောက် ကွက်လုပ်ထား၏။ ရာဟု စိုးမိုးချိန်ကို ထောက်ကွက်ပြု၍ သူမ၏လက်ညှိုးခေါ် ၅တေးလက်ချောင်းဖြင့် သူ့ကို ဆွဲခေါ် မည်ဟု ဆုံးဖြတ်လိုက်၏။ သူမလည်း ရာဟုက လွတ်ချိန် မကြာသေးပေ။

"ဒီလက္ခဏာ အမှတ်အသားနဲ့ လက်ဝါးပြင်လက် ချောင်းကလေးတွေရဲ့ ဖော်ပြချက်တွေအားလုံးထဲမှာ လက်ညှိုး လို့ခေါ်တဲ့ ၅တေး လက်ချောင်းကို အကြိုက်ဆုံးပဲ၊ လက္ခဏာ ရှင်တစ်ဦးဟာ ဒီလိုလက်ချောင်း ရှိလာခဲ့သော် အကျပ်



www.burmeseclassic.com

www.burmeseclassic.com

အတည်း အခက်အခဲတွေ အကြိမ်ကြိမ် တွေ့လာရပြီး၊ သူ တစ်ပြန် ကိုယ်တစ်ပြန်နဲ့ ရင်ဆိုင်ခဲ့ရာက တိုက်ရည်ခိုက်ရည် တိုးတက်လာတဲ့ သိုင်းသမားများလိုပဲ နောက်ဆုံးမှာတော့ အောင်ပွဲခံရတတ်တယ်၊ ဒါပေမဲ့ ဒဏ်ရာတွေကတော့ မှတ်လောက်သားလောက် အထိကရ ဒဏ်ရာတွေနဲ့ သရဖူ ဆောင်းရတဲ့ သဘောတော့ရှိတယ်။

ဒီလို လက်ပိုင်ရှင်မျိုးဟာ ကိုယ်ပြောတာ နာခံမှ၊ ကိုယ်လုပ်တာဖြစ်မှ ကျေနပ်တတ်ပြီး သူတစ်ပါးကို မနိုင်ရင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တတ်တဲ့ သဘောကလဲ ရောပြွမ်း နေတယ်၊ ခုချိန်မှာတူမဟာ လက်ပန်းခြေပန်းကျနေတဲ့ အချိန်၊ ယှဉ်ပြိုင်တိုက်ပွဲတွေကလဲ ကြမ်းခဲ့တယ်၊ ဒါပေမဲ့ ကိုယ့်ကိုယ် ကိုယ် ယုံကြည်နေသူတစ်ဦးဖြစ်တတ်ပြီး အနိုင်ယူဖို့ ခေတ္တ ခဏ ပညာရှာဖွေနေချိန်ပဲ၊ လျှော့ခွက်ချည်းကျန် အလံမလှဲ့ ဆိုတဲ့ စိတ်ဓာတ်ရယ်၊ တစ်နေ့ကျရင် ငါ ဖြစ်ချင်သလို ဖြစ်ရမယ်ဆိုတဲ့ စိတ်ဓာတ်ကိန်းအောင်းနေတယ်။

တစ်ဖက်ကလည်း ဇာတိနိယာမအရ ဘုရားတရား ဘက် စိတ်ညွတ်လာပြီး ခုနကပြောတဲ့ ဗုဒ္ဓဝေယျာဝစ္စက စပြီးတော့ သာသနာပြုရေးဘက်ကို လုပ်မယ်လို့ စိတ်လည် လာတယ်၊ ဒါဟာလဲ ကောင်းတာပ၊ ကြီးမြတ်တဲ့ ယတြာကြီး တစ်ခုပဲ၊ အဲဒါ အောင်အောင်မြင်မြင် ဖြစ်စေဖို့ ပြောခဲ့တဲ့ (၄၉)ရက်ကတော့ စိတ်ရွှင်လန်းခြင်း၊ အားသစ်တက်ခြင်း အတွက် သည်းခံပြီးကျင့်ကြံရမှာပဲ၊ ကဲ. . ဘာမေးဦးမှာလဲ"

"ကျွန်မ အရေးနိမ့်လာခဲ့ရတဲ့ ကိစ္စတွေအတွက် အဲဒီ ပတ်ဝန်းကျင်မှာပဲ လက်မ ပြန်ထောင်နိုင်ပါ့မလား"

"ပြောချင်တာက အဲဒီပတ်ဝန်းကျင်ကတော့ မပြောင်း ဘူး၊ ဒီပတ်ဝန်းကျင်မှာပဲ လက်မ ပြန်ထောင်ရမယ့် အခြေရှိပါ တယ်။ ဒီလိုပြောရမှာထက် အဲဒီပတ်ဝန်းကျင်က လူတွေက မိမိကို တန်ဖိုးထားလာရခြင်းမျိုးကိုပဲ ဆိုလိုတယ်။ သဘော ပေါက်အောင်ပြောရရင် အားကစားပြိုင် ပွဲတစ်ခုမှာ 'သံလုံး ပစ်" မှာ နောက်ကောက်ကျသွားပေမယ့် 'လှံတံပစ်'မှာ သရဖူ ဆောင်းသွားရင် ကြည့်ရှုနေဆဲ၊ မပြောင်းလဲသေးတဲ့ ပရိသတ် ကြားမှာ တူမ မကျေနပ်နိုင်ဘူးလား"

ခပ်အင်တင်တင် လုပ်နေတာကို ကျွန်ုပ် အကဲခတ် မိ၏။ သူမသည် ကလဲ့စား ပြန်ချေချင်တဲ့ စိတ်ရှိနေကြောင်း သဘောပေါက်၏။ အကြောင်းမူကား သူမ လက်ဝဲဘက်ရှိ နှလုံးလမ်းကြောင်းနှင့် ဉာဏ်လမ်းကြောင်း ထပ်နေမှုက (အားလုံးက လက်ပြတ်ဟုခေါ်၏) သူ့ကို တွန်းပို့နေ၏။

"ဒါဆိုအစ်ကိုကြီးရယ်၊ ကျွန်မ ဆက်မေးချင်တယ်၊ အစ်ကိုကြီး ပြောတဲ့ သံလုံးပစ်ပွဲမှာ အနိုင်ပြန်ယူချင်တယ်၊ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ်၊ ဒီသံလုံးပစ် အလေ့အကျင့် ရှင်သန် လာရင် တိုးတက်လာရင် သရဖူဆောင်းရမှာပဲ၊ ဒါပေမဲ့ ပွဲကြည့်ပရိသတ်က ဒီပတ်ဝန်းကျင်က မဟုတ်တော့ဘူး၊ ဒီပွဲစဉ် လဲ မဟုတ်တော့ဘူး၊ သဘောပေါက်တယ်နော်"

ဂျတေးသမီး၏ ဒွေးဒဟ အမည်ပညတ်နှင့် စနေဂြိုဟ် ခုံအောက်ရှိ အဖျက်လမ်းများက သူမအား ကောင်းစွာပိုင်ပိုင် နိုင်နိုင် စိုးမိုးလျက် ရှိချေ၏။

သူမသည် ပွဲစဉ်အသစ်၊ ပတ်ဝန်းကျင်အသစ် ဆိုခြင်း ကြောင့် သိပ်ပြီး ဘဝင်မကျသလို ဖြစ်နေ၏။

"ကျွန်မ ဒီပွဲစဉ် ပရိသတ်ကိုပဲ ဖြစ်စေချင်တယ်"

"သဘာဝနဲ့ ပတ်ဝန်းကျင်ကို မလွန်ဆန်ချင်ပါနဲ့ ဒီပရိသတ်ကိုပဲ ရင်ဆိုင်ချင်တယ်လို့ ဖြစ်လာရင် သာသနာ ပြုချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာ ဆန့်ကျင်သွားပြီ သတိ ထားဦးလေ"

"ကဲ, ဒါဆို တစ်ခုပဲ မေးပါတော့မယ်၊ ကျွန်မ ဆုံးဖြတ် လိုက်ပြီ၊ သာသနာပြုလုပ်ငန်း အောင်မြင်မှာလား"

ဘာကို သာသနာပြုမှန်း၊ ဘယ်လို ပြုမှန်းလည်းမသိ၊ သီလရှင်ဝတ်နဲ့ဆိုတစ်မျိုး၊ ခုတော့ လူ့အဝတ် "ဝတ်ကြောင်" ဘယ်လိုမူနဲ့ ပြုမလဲမသိ၊ ပါးစပ်ထဲရှိတာ လျှောက်ပြောနေတာ ဖြစ်နိုင်၏။ ကြိုတင်ညှိနှိုင်းထားချက်အရ ကျွန်ုပ်လည်း သူမ၏ စိတ်ငြိမ်စေဖို့ ရည်ရွယ်ပြီး ဖောဖောသီသီကြီး အာမခံချက်ပေး နေရ၏။ အမှန်ကတော့ လုံးဝ ဘဝင်မကျပါ။

"ဘယ်ကိစ္စမဆို တစ်ဖက်စွန်းမရောက်စေဖို့ ချင့်ချိန်ပြီး လုပ်၊ မိမိ ကိုယ်မိမိ အမှားအမှန်သိ၊ လူကြီးဆုံးမစကား နာခံ အောင်ရမည်လို့ မှတ်"

"ဘာတွေ မြင်သေးသလဲ"

"အဓိဋ္ဌာန် (၄၉)ရက်ပြည့်မှ ပြန်တွေ့မယ်လေ၊ ခုထဲ ပြန်မှ မပြန်သေးတာဘဲ"

အမှန်က ပညာအရ သူမ၏ပြဿနာများကို သိပြီးဖြစ် သော်လည်း သူမ၏ဇာတ်လမ်းအစစ်ကို ယောင်လို့တောင် စပြီးမမေးရဲ၊ ကျွန်တော့်ထံ စာရေးပေးလိုက်တဲ့ ပုဂ္ဂိုလ်ကြီး ကိုသာ မေးတော့မည်ဟု ဆုံးဖြတ်ထား၏။

"ဒါဖြင့် ကျွန်မပြန်တော့မယ်. . ကျေးဇူးပဲ"ဟု ပြောပြီး ပြန်ရန် ဟန်ပြင်လေတော့၏။ ကျွန်ုပ်အတွက် ပျော့်ရွှင်သွား၏ သူလာစဉ်က သာသနာပြုကိစ္စ ဘယ်လို ဘယ်မူဆိုတဲ့ ကိစ္စ တွေ လုံးဝမမေးတော့ဘဲ ပတ်ဝန်းကျင်ဟောင်းမှာ သရဖူ ဆောင်းချင်တာကိုပဲ ဦးတည်ပြီး မေးခဲ့၏။

ယခုမူ (၄၉)ရက် ပြီးမှ ပြီးတော့ နောက်ထပ်တွေ့ ရှိသေးတယ်လို့ ခြိမ်းခြောက်လိုက်တော့ မရေမရာနဲ့ ပြန်သွားရ၏။

တကယ်တော့ 'ပတ်မကြီး ထိုးဖောက်'ချင်တဲ့ မင်းသား ကြီး မလုပ်ရတဲ့ သဘော။ ပြီးတော့ 'မစားရတဲ့ အမဲ သဲနဲ့ပက် ချင်တဲ့သဘော'ဆိုတဲ့ ရည်မှန်းချက်မျိုးနဲ့ လိုချင်သူများသာ ဖြစ်ချေ၏။





www.burmeseclassic.com

www.burmeseclassic.com

သူတို့ ပြန်သွားပြီး ကျွန်ုပ် မည်မည်ရရ မဟောလိုက်ရပါပေ။

တစ်ကိုယ်လုံး ကိုယ်စိတ်နှလုံး အလွန်ပင်ပန်းသွား၏။

ထိုစဉ် ဦးမင်းငွေထွန်း ရောက်လာ၏။

"အတော်ပဲဗျာ. . . လာဗျာ၊ အပြင်သွားပြီး ဦးနှောက်ဆေးရအောင်၊ ကျုပ် နှစ်နာရီလောက် ငရဲကျသွားသလို ခံစားရလို့"

"ဘာဖြစ်တာလဲ၊ ခင်ဗျာက နေရင်းထိုင်ရင်း. . ."

"ကျုပ် လမ်းကျမှ ပြောမယ်" ဆိုပြီး စိမ်းရောင်စိုလက်ဖက်ရည်ဆိုင်ဘက်သို့ ခြေဦးလှည့်လိုက်ကြ၏။ လမ်းတွင် အကြမ်းဖျင်း သူ့ကို ပြောပြလိုက်၏။

"ခင်ဗျား. . ဂရိတ်ဖိုးစိန်နဲ့တွေ့ပြီ. . ဟဲဟဲ"

မွန်ကြီးက ဆက်၍ ပြောလေ၏။

"တော်ဗျာ တခြားဟာတွေပြောမယ်၊ ကျုပ်ခေါင်းတွေ ပူနေလို့"

ဆိုပြီး *စိမ်းရောင်စို*လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြနေရာတွင် ကျွန်ုပ်၏ တင်းကျပ်နေသော စိတ်ကို ကုစားလိုက်သလို ကျွန်ုပ်ခံစားရ၏။

လူစုလူဝေးထဲတွင် မွန်ကြီးကို ကျွန်ုပ်တို့ လိုက်မမီ၊ အားလုံးကလည်း မွန်ကြီးကိုချစ်ကြ၏။ တစ်ခါတစ်ရံမျက်ရည်များကျလောက်အောင် ရယ်မောမိကြ၏။ ဤသည်လည်း ဆေးတစ်ပါး ဖြစ်၏။

အတန်ကြာသောအခါ တစ်ယောက်စနှစ်ယောက်စ ပြန်ကြလေရာ ကျွန်ုပ်တို့လည်း နေရာမှထကြပြီး ကိုယ့်အိမ်ကိုယ် ပြန်ရောက်ကြရလေတော့၏။

ထိုနေ့ည ကောင်းစွာအနားယူရန် ဖြစ်၏။

■ ■ ■

နောက်တစ်နေ့ရုံးဖွင့်ရက်တွင် ကျွန်ုပ်ထံ စာနှင့်တကွ သူ့ကိုပါစေလွှတ်လိုက်သော "အစ်ကိုကြီး" ရုံးသို့သွား၍ ကျွန်ုပ် လုပ်ဆောင်ချက်များကို စကားပြန်ရပေဦးမည်ဖြစ်၏။

သို့ဖြင့် နောက်တစ်နေ့မိုးလင်း ရုံးချိန်မတိုင်မီ သူ့ရုံးစိုက်ရာသို့ သွားလိုက်၏။ ရုံးနှင့်အိမ် တစ်ဆက်တည်း ဖြစ်နေ၍ ရုံးကို အစောကြီး ရောက်နေကျ။

သူ၏အိမ်ခန်းကိုကား မသွားတွေ့။ အကြောင်းမှုကား အဆိုပါ "ဒွေးဒဟ"အမည်ပိုင်ရှင် ရှိနေ၏။ ရုံးဘက်သို့ ရောက်သွား၏။

"လာကွဲ့. . . ဖိုးညွန့်လှိုင်"

"အစ်ကိုကြီးတို့ လုပ်လိုက်ရင် ဒီလိုချည်းပဲ၊ ကျွန်တော် သူ့သေသိဘမသိ မီးစင်ကြည့်ပြီး က,လိုက်ရတယ်၊ တကယ့် ဆောနည်းနဲ့တော့ မတူဘဲ ခြောက်တစ်လှည့် မြောက်တစ်လှည့်နဲ့ပဲဆိုပါတော့၊ အိမ်ကျတော့ ဘာပြောသေးသလဲ"

"အေးကွ, နည်းနည်းတော့ စိတ်ငြိမ်သလိုပ၊ ဒါပေမဲ့ စိတ်မချရသေးဘူး၊ အစ်ကိုကြီးရဲ့တူမပါ အခြေအနေကြည့်နေတာ၊ သူက ဘဝ တော်တော်နာသွားရှာပါတယ်"

"ဘယ်လိုလဲ အစ်ကိုကြီးရဲ့ ပြောပါဦး"

"အတိုချုပ် တိုတိုလိုရင်းနဲ့ ပြောရရင် အိမ်ထောင်ရေးကိစ္စမှာ လူလည် အလုပ်ခံလိုက်ရပြီး ဘဝနာသွားတယ်။ ဟိုဘက်က မနမာနနဲ့ ရိုက်ချိုးခဲ့တာပဲ၊ ရှက်ရာက စပြီး စိတ်ထိခိုက်သွားတာ၊ ပါရဂူတွေနဲ့ တောင်ပြထားရတာ၊ 'စိတ်'နဲ့ ပတ်သက်သွားတာပေါ့၊ ဒါကြောင့် အစ်ကိုကြီးတို့က သူ့အပေါ် ပြောလို့ဆိုလို့ ဩဇာညောင်းတော့ ဒီကိုခေါ်ထားပြီး အလိုလိုက် ပြုပြင်ပေးနေရတာပါပဲ"

ကျွန်ုပ် တွေ့ထားတဲ့အချက်တွေနဲ့ ကိုက်ညီနေ၏။

"ဒါကြောင့် ကျွန်တော်လဲ သူ့ကို စိတ်ရှည်ရှည်နဲ့ပဲ စိတ်ကို ရှင်သန်စေမယ့် 'ဘုရားကု' ဆိုသလို အာရုံတည်ငြိမ်ဖို့ အမိဋ္ဌာန်ဝင်ရမယ်လို့ ကျွန်တော် သိသလောက် သူ့ကို ပြောလိုက်ရတာပါပဲ"

"ကျေးဇူးပါပဲကွာ၊ နောက်ကော ဘာယတြာတွေလုပ်ဖို့ လိုသေးသလဲ"

"ရှိတာပေါ့ အစ်ကိုကြီးရာ၊ သူ့ကို မပြောလိုက်တာက သူက ဒါတွေ စိတ်ဝင်စားမှာ မဟုတ်ဘူး။ ကလဲ့စား ချေချင်နေတာကိုပဲ စိတ်ရောက်နေတော့၊ အဲဒါသူ့ကို မပြောလိုက်ဘဲ အစ်ကိုကြီးကိုလာပြီး ပြောတာပဲ။ သူ့ကိုပြောလိုက်မိတာကတော့ အမိဋ္ဌာန်ဆိုတာလေ၊ အမိကကို လုပ်ဖို့ ပြောလိုက်တော့ ကျန်တာတွေက အုပ်ထိန်းသူတွေက စီစဉ်ပေးရမှာ၊ သတိလက်လွတ်ကြီး မဟုတ်ပေမယ့် အာရုံစိုက်မှာ မဟုတ်ဘူး"

"ငါ့ညီက အကဲခတ်တော်သားပဲ"

"ဒီလိုပေါ့ အစ်ကိုကြီးရဲ့၊ လေ့လာထားရတာပါ၊ မေးရဦးမယ်၊ မရှိမသေ. . မိန်းကလေးဆိုတော့ 'အစ်မကြီး' ကိုပဲ တာဝန်ပေးပေါ့။ ဘာလဲဆိုတော့ မီးယပ်သွေးသားကိုလည်း ဂရုစိုက်ပေးဖို့ လိုတယ်"

"အေးပါ မင့်အစ်မကြီး(သူ၏ဇနီး)ကို ပြောပါ့မယ်၊ အဲဒီတော့ သူ့ကို ပြုပြင်တော့ ဘယ်လိုနည်းကို သုံးမှာလဲ"

"ကျွန်တော်ကတော့ အရွက်အကိုင်း ဓာတ်သား ယတြာနဲ့ ကုသိုလ်ရတဲ့ ယတြာမျိုးလုပ်ရမှာပေါ့"

"ဘယ်လို လုပ်မလဲ"

(ဆက်ရန်)

❐ ဦးညွန့်လှိုင်(ကြို့ဝင်တောတိ)



www.burmeseclassic.com

www.burmeseclassic.com

"ရွှေစံပယ်ရုံဘေးမယ်၊ ညချမ်း ရိပ်ဝယ်

တေးသံပေးကာ ရောက်ခဲ့ပေါ့ကွယ်။

ပန်းစံပယ်အလှ မာလာပျိုရယ်၊

ချစ်တင်းစကားကိုတဲ့ မောင် ပြောမယ်"

သာယာ ငြိမ့်ညောင်းသော ဒီတေးသံလေးကို ကြားခဲ့ရသည့် ကာလအပိုင်းအခြားကား ၁၉၅၀ ပြည့်နှောင်းပိုင်း ရန်ကုန်တက္ကသိုလ်ပရဝုဏ်ရှိ မာလာဆောင်ရှေ့ လသာသော ညတစ်ည။

သီဆိုသူတေးသံရှင်က ကိုမြင့်လွင်။ မာလာဆောင်ပေါ်မှ နားသောတဆင်နေသူကား နန်းခွဲခွဲ။ ဇာတ်ကြောင်းကို ပြန်ပြောင်းတင်ပြရသော်. . .

ထိုစဉ်အချိန် ရန်ကုန်တက္ကသိုလ်ကား ဘွဲ့အပ်နှင်းနိုင်သည့် တစ်ခုတည်းသော တက္ကသိုလ်။

သို့ဖြစ်ရာ မြန်မာပြည်အနှံ့မှ ကျောင်းတော်သူကျောင်းတော်သားတို့ ရန်ကုန်တက္ကသိုလ်၏ ကံ့ကော်တောဝယ် ပခုံးချင်းယှဉ်လျက် တွေ့ကြုံကြဆုံကြလေသော ဇာတ်လမ်းလေးများက ကံ့ကော်ရနံ့နှင့်အတူ ထုံသင်းပျံ့လွင့်လျက် ရှိစမြဲ။တေးသံရှင်ကိုမြင့်လွင်က မော်လမြိုင်သား။ စကားပြောလျှင် အားရပါးရ ရင်းရင်းနှီးနှီး ပြောတတ်သည်။ "အပါး" ဟူသောစကားလုံးနှင့် "တစ်ချက်လောက်ပေးကြည့်စမ်းကွာ" ဟူသော မော်လမြိုင်ရနံ့ မပြယ်သည့် ပြောဟန်ဆိုဟန်တို့ကြောင့် သူငယ်ချင်းများက သူ့ကို ချစ်ခင်ကြသည်။

သူက ဝိဇ္ဇာ(က) တန်း၊ ပီအက်စ်မော်ဒန် ဖီလော်ဆော်ဖီ ခေါ် နိုင်ငံရေးသိပ္ပံ၊ ခေတ်သစ်သမိုင်းနှင့် ဒဿနိကဗေဒဘာသာတွဲဖြင့် ဝိဇ္ဇာဘွဲ့ယူရန် ပညာဆည်းပူးနေသူ။ နန်းခွဲခွဲက ရှမ်းပျိုဖြူလေး။ သီပေါမြို့မှ လာရောက်လျက် ရန်ကုန်တက္ကသိုလ်တွင် Pure Science ခေါ် ရူပဗေဒ၊ ဓာတုဗေဒနှင့် သင်္ချာဘာသာတွဲဖြင့် သိပ္ပံ(က)တန်း၌ တက်ရောက် ပညာသင်ကြားနေသူ။

ရှမ်းမလေးဖြစ်၍ အသားအရေက ဖြူဆွတ်ဆွတ် စံပယ်ပန်းတစ်ပွင့်နှယ်ရှိ၏။ အမည်နှင့်လိုက်အောင် နွဲ့နွဲ့နှောင်းနှောင်းရှိသဖြင့် သူမ၏အလှက ထင်ပေါ်လှသည်၊ ရန်ကုန် တက္ကသိုလ်၏ ပေါ်ပြူလာဖြစ်သော အလှမယ်များစာရင်းဝင်သည်။

တောင်ပေါ်တွင်ပွင့်သော တစ်ပွင့်မာလာကို မြင်လျှင်မြင်ချင်း တမ်းတမ်းစွဲချစ်မိသူက အောက်သား။ သီပေါသူနှင့် မော်လမြိုင်သားတို့ကား ရေးရေစက် ရှိခဲ့လေသလား မပြောတတ်။ သူတို့နှစ်ဦး၏ ဇာတ်လမ်းက ရန်ကုန်တက္ကသိုလ် တစ်ခွင်တွင် ဟိုးလေးတကျော်ဖြစ်ကာ ဆယ်စုနှစ်များစွာတိုင် လက်ဆင့်ကမ်းသယ်ဆောင် ပြောစမှတ်ပြုခဲ့ကြရသည်။

ကိုမြင့်လွင်က အနုပညာတွင် ဝါသနာထုံသည်။ မယ်ဒလင်ကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်တတ်သလို အသံသြဇာပြည့်စွာဖြင့် ဆိုပုံဆိုလက်လည်း ကောင်းလှ၏။ သို့နှင့် သူတတ်ကျွမ်း... သည့်ပညာကို အချစ်စစ်ဆင်ရေး... ကောင်းစွာ အသုံးချရတော့သည်။

ဘာသာတွဲချင်း မတူ... လည်း ကိုမြင့်လွင်က နန်းခွဲခွဲ၏အ... ဇယားများကို အလွတ်ရနေသည်။

သူ့အားပါရမီဖြည့်ဖက် အ... သူငယ်ချင်းနှင့်အတူ L.C.R (La... Common Room) ခေါ် အမျိုးသမီး... နားနေခန်းအဝနားရှိ စကြံတွင် န... လာတတ်သော အချိန်တိုင်း၌ ကို... လွင်က အမြဲလိုလို ရှိနေတတ်သ... ပြီးလျှင် မျက်ဝန်းလေး တစ်ချက်... အကြည့်တွင် ဘဝင်ချို့ ရင်ဖိုခဲ့ရသ... ပြုံးစိစိနှင့်လည်း မျက်လုံးချင်းချိတ် ... စကားပြောရန် ကြိုးစားသည်။ ... တိုင်က ထိုမျှထက်ပို၍ သတ္တိမရှိ။

မစွမ်းဆောင်တတ်သော ကို... လွင်က အားကိုးရှာရတော့သည်။ ...






www.burmeseclassic.com

www.burmeseclassic.com

...သာတွဲမှ ရှမ်းမလေးနန်းခင်တစ်ကို ...တူတောင်းရသည်။ သူမက နန်းနွဲ့နွဲ့ ...မာလာဆောင်တွင် နေသဖြင့် ...ဆောင်းပန်တိုးလျှိုးကာ အောင်သွယ် ...မသိမသာ ဆောင်ရွက်ပေးရန် ...တပ်ရသည်။

"နန်းနွဲ့၊ ဒါ ငါတို့ကွန်ဘီနေရှင်း ...ကိုမြင့်လွင်လေ၊ သူက မော်လမြိုင် ...ဂီတဘက်တော်သားကြီးပေါ့၊ နင် ...သဲ သီချင်းဝါသနာပါတယ် မဟုတ် ...လား"

"အြော်, ဟုတ်ကဲ့ရှင်၊ သိရတာ ...သာပါတယ်၊ လူကိုတော့ မြင်ဖူးနေ ...လိုပဲ"

"ဟုတ်ကဲ့"

ကိုမြင့်လွင်က စကားကောင်းစွာ ...ပြောနိုင်။ရုတ်တရက်ဥစ္စာစောင့်မလေး ...ရင်ဆိုင်တွေ့လိုက်ရဘိသို့ ဝမ်းသာ ...ဆို့ကာ မှင်တက်မိနေသည်။ နန်းခင် ...က အားကိုးရသည်။ သွက်သွက် ...လက်ဖြင့် သူမ၏အခန်းကဏ္ဍကို ...ပြင်စွာ သရုပ်ဆောင်၏။

"ကိုမြင့်လွင်က ရာမညဆောင် ...လေ၊ ဒီည လပြည့်ညပဲ၊ မာလာ ...ဆောင်ဘက်ကို သီချင်းဆိုလှည့်ပါလား၊ ...နန်းမတို့စောင့်ပြီး နားထောင်နေမယ် ...နော်"

"ဟုတ်ကဲ့"

ကိုမြင့်လွင်က ထိုစကားနှစ်ခွန်း ...တ်ပို၍ မပြောတတ်သယောင် ရှိနေ ...သည်။ စပါးကြီးမြွေ အညှို့ခံထားရသူ ...လားပင်။

ဤသို့နှင့် လသာသော ညများ ...တွင် မာလာ့ဆောင်ရှေ့ ပြည်လမ်းမ၌ ...ကိုမြင့်လွင်၏ မယ်ဒလင်လက်သံသာ ...နှင့် ခံစားချက်အပြည့်ဖြင့် နှလုံး ...မှ ထွက်ပေါ်လာသော ချစ်တေး ...တို့ လှိုင်လှိုင်လွှမ်းခဲ့လေတော့သည်။

"ညချမ်းရိပ်ဝယ် xxx တေးသံ ...တာ ရောက်ခဲ့ပေါ့ကွယ်၊ ပန်းစံပယ် ...လှ မာလာပျိုရယ် xxx ချစ်တေး ...ကိုတဲ့ မောင် xxx ပြောမယ်"

သီဆိုသူက ခံစားချက်ဖြင့် ဆို သလို နားသောတဆင်သူကပါ တဖြည်းဖြည်း ခံစားချက်ဝင်လာသည်။ ကြာတော့ တေးသံရှင်မလာလျှင် မျှော်မိသည်။ လသာသောညများတွင်. . .

"မာလာပျိုရယ်xxx ချစ်တင်း စကားကိုတဲ့ မောင်ပြောမယ်"ဟူသော တေးသံကိုမကြားရလျှင် အိပ်၍မပျော်ချင်တော့။ နန်းနွဲ့နွဲ့တစ်ယောက် ရွှေလသာသာနှင့် ချစ်တေးသံတို့၏ ဖမ်းစားခြင်းခံခဲ့ရလေပြီ။ သို့နှင့် တေးကိုချစ်ရာမှ တေးသံရှင်ကိုပါ ချစ်ပင်ပိုးမိလေတော့၏။ ကဗျာဆန်လှသော သူတို့နှစ်ဦး၏ အချစ်ဇာတ်လမ်းက တက္ကသိုလ်တစ်ခွင်တွင် ဟိုးလေးတကျော် ဖြစ်ခဲ့သည်။ မော်လမြိုင်သား လူညိုယဉ်နှင့် ရှမ်းတောင်သူ ငွေစံပယ်ဖြူတို့၏ သတင်းက လေပြည်တသင်းသင်းပင်။

ဒီလိုနှင့် တောင်ပေါ်သူနှင့် မြေပြန့်သားတို့နှစ်ဦး ပျော်တပြုံးပြုံးရှိနေခဲ့ရာမှ အဓိပတိလမ်းရှိ သစ်ပုတ်ပင်ကြီးက ရွက်ဟောင်းခြွေချမြေခစဉ် တက္ကသိုလ်ကျောင်းတော်သူ ကျောင်းတော်သားတို့၏ အလွမ်းရာသီရောက်ခဲ့ပါပြီ။ စာမေးပွဲကြီးပြီးဆုံး၍ နွေရာသီကျောင်းပိတ်ရက်ရှည်စတော့မည်။

မခွဲနိုင်မခွာရက်သော နန်းနွဲ့နွဲ့က ဆွေပြမျိုးပြအဖြစ် ကိုမြင့်လွင်ကို သီပေါသို့ အလည်လိုက်ခဲ့ရန်ခေါ်သည်။ ကိုမြင့်လွင်ကလည်း နှစ်ခါ မခေါ်ရ။ မယ်သွားရာ မောင်လည်းလိုက်မည်ပေါ့။ သူတို့၏ပျော်ရွှင်မှုက အထွတ်အထိပ်သို့ပင်။ သို့သော် နိယာမသဘောအရ အထွတ်အထိပ်သို့ရောက်ပြီးလျှင် အကျပိုင်းသာတည်း။ ကျရာတွင်လည်း မရှုမလှ ကျခဲ့ပါလေ၏။ ၎င်းတို့ လိုက်ပါလာခဲ့သော ခရီးစဉ် လေယာဉ်ပျံက လမ်းတွင် ပျက်ကျခဲ့သည်။ တောင်စောင်းတွင်ဖြစ်၍ ခက်ခက်ခဲခဲ ရှာဖွေယူရသည်။ လေယာဉ်ပေါ်တွင် ပါသွားခဲ့သူများ တစ်ယောက်မျှ အသက်မရှင်ခဲ့ကြပါ။ ကိုမြင့်လွင်နှင့် နန်းနွဲ့နွဲ့တို့က

တစ်ဦးနှင့်တစ်ဦး လက်ချင်းမြဲမြဲဆုပ်ကိုင်ထားကြလျက် ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ကြရှာသည်။

သက်ဆိုင်ရာဆွေမျိုးများ ထိုလေယာဉ်ပျက်ကျသည့် နေရာသို့ ရောက်ရှိလာကြချိန်တွင် အခြေအနေအရ ထိုနေရာ၌ပင် ကံအကြောင်းမလှရှာကြသူများအား မီးသဂြိုဟ်လျက် ပြာအိုးများကိုသာ မိမိတို့၏နေရပ်ဌာနေသို့ ပြန်ယူသွားကြရမည်ဖြစ်၏။

ဒီအခိုက်တွင် အလွန်ထူးဆန်းသော အိပ်မက်များကို နန်းနွဲ့နွဲ့နှင့် ကိုမြင့်လွင်တို့၏ မိဘများက မြင်မက်ခဲ့ကြသည်။ အိပ်မက်တွင် နန်းနွဲ့နွဲ့နှင့် ကိုမြင့်လွင်တို့က သူတို့၏ မိဘအသီးသီးကို ညှိုးငယ်သော မျက်နှာများနှင့် ၎င်းတို့နှစ်ဦးကို မခွဲကြရန် တိုးလျှိုးတောင်းပန်ခဲ့ကြသည်။ ယခုဘဝတွင် မပေါင်းဖက်ရသည့်တိုင် နောင်ဘဝတွင် မဝေးရပါလို၏တဲ့။ ၎င်းတို့နှစ်ဦး၏ ပြာအိုးများကို ကြံတောသချိုင်းတွင် အတူတကွ ဂူသွင်းမြှုပ်နှံပေးရန် အထပ်ထပ် မေတ္တာရပ်ခံကြသည်။

မိဘများကလည်း သားနှင့်သမီးတို့၏ နောက်ဆုံးဆန္ဒကို လိုက်လျောဖြည့်ဆည်းပေးကာ စံပယ်ဖြူရောင်အုတ်ဂူတစ်ခုအတွင်း ပူးတွဲမြှုပ်နှံပေးခဲ့ကြပါသည်။ နောင်တွင်ကြံတောသချိုင်းကိုပြောင်းရွှေ့သောအခါ သူတို့နှစ်ဦး၏ အုတ်ဂူဇာတ်လမ်းမှာ မျက်ခြည်ပြတ်သွားခဲ့ပါသည်။

သို့သော် သူတို့နှစ်ဦး၏ ဇာတ်လမ်းက ပြီးဆုံးမသွားခဲ့ပါပေ။ လသာသော ညများတွင် တစ်ခါတစ်ရံ မာလာဆောင်အနီးဝန်းကျင်၌ ကိုမြင့်လွင်၏ ကြည်နူး ဆွတ်ပျံ့ဖွယ် တေးဆိုသံကို ကြားရတတ်သည်ဟု ဆို၏။

ထိုအချိန်တွင် နန်းနွဲ့နွဲ့ တစ်ယောက် မာလာဆောင်အတွင်းမှ နားထောင်နေခြင်း ရှိမရှိကိုတော့ မည်သူမျှ တပ်အပ်သေချာ မပြောနိုင်ပါချေ။

❒ မိုးဝင်းမောင်

www.burmeseclassic.com

# မြိုင်သာယာမှ ကျွန်ခါရှင်

ဘိုဘို(ရွှေကံကူ)



၁၉၅၀ ပြည့်နှစ်ကျော် ဝန်းကျင် အချိန်ကာလ ဖြစ်ပါသည်။ လွတ်လပ်ရေးပြီးစအချိန်တွင် ပြည်တွင်း စည်းလုံးညီညွတ်မှုများ ပျက်ပြား၍ လက်နက်ကိုင် အဖွဲ့မျိုးစုံတို့သည် သူတစ်လူ ငါတစ်မင်း ထင်ရာစိုင်းလျက် ရှိကြပေသည်။ ဖ. ဆ. ပ. လအစိုးရ၏အာဏာစက်သည် မြို့ပေါ်များလောက်သာ သက်ရောက်ပြီး ကျေးလက်ဒေသများတွင် မြန်မာပြည် အလယ်ပိုင်း၌ ကွန်မြူနစ်၊ ရဲဘော်ဖြူ၊ ပြူစောထီးတို့ မင်းမူခြယ်လှယ်လျက် ရှိပေသည်။

ထိုစဉ်အခါက မြိုင်သာယာသည် တိုက်နယ်အဆင့်မျှပင် မရှိသေး၍ရဲကင်းမျှသာ ချထားရာ ညပိုင်းရောက်လျှင် ရွာအစွန်အဖျားရှိ နေအိမ်များဆီသို့ ရဲဘော်ဖြူ၊ ကွန်မြူနစ်နှင့် ပြူစောထီးတို့ ဝင်ထွက်သွားလာလျက် ရှိကြပေသည်။ ထိုအချိန်က လွတ်လပ်ရေးတိုက်ပွဲ ပြီးဆုံးခါစဖြစ်ရာ လူငယ်တို့သည် သွေးဆူတက်လျက်ရှိပြီး လက်လှမ်းမီ စည်းရုံးသိမ်းသွင်းခံကြရသော လက်နက်ကိုင် အဖွဲ့အစည်းများအတွင်းသို့ ရောက်ရှိသွားကြသည်။ နိုင်ငံရေး ရည်မှန်းချက်ကြီးကြီးမားမား ထားရှိကြသူများ မဟုတ်ကြပါ။

ရွာအတွင်းမှ သူလိုကိုယ်လို ရွယ်တူများ အများစု တောခိုလျက်ရှိကြပြီး သေနတ်ထမ်း၍ ဟန်ပါပါလမ်းလျှောက်သွားလာလျက် ရှိကြသည်ကို တွေ့မြင်အားကျပြီး လူငယ်သဘာဝ စွန့်စားလိုခြင်း၊ စမ်းသပ်လိုခြင်းတို့ကြောင့်လည်း ဖြစ်ပေမည်။ ကျွန်တော်သည်လည်း ထိုပုံစံမျိုးဖြင့် ရဲဘော်ဖြူ အတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုခေတ်က စက်ဘီးပင် မရှိသလောက် ... သည်ဖြစ်ရာ ဆိုင်ကယ်ဟူသည်မှာ ... လာဝေး၊ ကားဆိုလျှင်လည်း စ... ဂျစ်ကား တစ်စီးတလေသာရှိ၍ ... သွားသောအခါ ပစ္စည်းလဲစရာ ... ပြင်လည်း မပြင်တတ်သဖြင့် ... ဖြစ်ကာ လက်စပျောက်သွားရပါ... အခြားမြို့များနှင့်ဆက်သွယ်သော ... လမ်း၊ ရထားလမ်း ဟူ၍မရှိ ... လမ်းနှင့်တံတားများကိုလည်း မ... တို့က ပြန်လည် ဖျက်ဆီးခဲ့ကြ... ဆက်သွယ်ရေးများ ပြတ်တော... ရှိကာ ခြေကျင်၊ နွားလှည်း၊ ... ဖြင့်သာ ခရီးသွားကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် မိုင် ၂၀ မျှသာ ကွာဝေးသော တံတားဦး စသောမြို့များနှင့် သော်လည်းကောင်း၊ ၃၅ မိုင် ကွာဝေးသော မြင်းခြံမြို့နှင့်သော်လည်းကောင်း၊ အသွားအလာ အရောက်အပေါက် မရှိသလောက် ဖြစ်ပါသည်။

လမ်းခရီးတွင်လည်း ရောင်တော်ပြန် ဓားပြများ ပေါများလှသည်။ ရောင်တော်ပြန် ဓားပြဟူသည်မှာ လက်နက်ကိုင် ပုန်ကန်ထကြွသော သောင်းကျန်းသူ အဖွဲ့အစည်းများမှပင် ရှပ်ဖျက်၍ နယ်မြေကူးကာ ဓားပြတိုက်ကြခြင်းဖြစ်ပါသည်။ သူ့နယ်မြေ၊ ကိုယ့်နယ်မြေ ပိုင်းခြားကာ အုပ်ချုပ်လျက်ရှိကြပြီး အခြားအဖွဲ့အစည်းများမှ အုပ်ချုပ်သော နယ်မြေအတွင်းသို့ မိမိအဖွဲ့အစည်းမှ သွားရောက်ဓားပြတိုက်ကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ မြိုင်သာယာမှ သူငယ်အများစုသည် ထိုခေတ်ထိုအခါက အချို့တပ်မတော်သို့ အချို့ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းကြပြီး အများစုမှာ နီးစပ်ဆက်နွယ်ရာ သောင်းကျန်းသူ အဖွဲ့အစည်း အသီးသီးအတွင်းသို့ ဝင်ရောက်သွားကြပါသည်။ ကျွန်တော်၏ ငင်ကိုဗိုဇမှာ တရားမျှတခြင်းကို နှစ်သက်ပြီး လူတစ်ဖက်သား အပေါ်တွင် ကြင်နာသနားတတ်ပြီး၊ အားနာတတ်သူ ကိုယ်ချင်းစာတတ်သူ ဖြစ်ပါသည်။

ကျွန်တော်သည် ရဲဘော်ဖြူအတွင်းသို့ ရောက်ခါစကတော့ လူငယ်သဘာဝ ဆန်းသစ်သော ဘဝအတွေ့အကြုံများတွင် ပျော်ရွှင်မိသလို ဖြစ်ခဲ့သော်လည်း အချိန်ကြာလာသည်နှင့် အမှု ပင်ပန်းဆင်းရဲခြင်း၊ စိတ်သဘောအားမတိုက်ဆိုင်ခြင်း၊အသက်အန္တရာယ်ပတာပ်ခြင်း၊ ရန်များခြင်း၊ ဘဝအာမခံချက် မရှိခြင်း၊ ယုံကြည်ချက် ကင်းမဲ့ခြင်းတို့ကြောင့် စိတ်ကုန်၍လာသည်။ ကျွန်တော်တို့မှာ တပ်မတော်ကိုလည်း ကြောက်ရသည်၊ ရင်ဆိုင်မတိုက်ခိုက်ရဲ၊ လက်နက်အင်အား၊ လူအင်အား၊ စစ်ရေးစွမ်းရည်ပါ မယှဉ်နိုင်သဖြင့် ရှံဖန်ရံခါ ချောင်းမြောင်းပစ်ခတ်ခြင်းဖြင့်သာ သိက္ခာဆည်နေကြရပါသည်။

တောတွင်း အဖွဲ့အစည်းများ အချင်းချင်းလည်း အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား၊ လစ်လျှင်လစ်သလို အနိုင်ရမည်ထင်ပါက တိုက်ခိုက်ကြပါသည်။

ကျေးလက်နေ လူထုတို့သည် စားဝတ်နေရေးကို ပင်ပန်းကြီးစွာလုံးပန်းခဲနေကြရသည့်အထဲ ကျွန်တော်တို့ အဖွဲ့အစည်းများမှ ရန်ပုံငွေကောက်ခံခြင်း၊ ထမင်းထုပ်များဆင့်ခြင်း၊ စခန်းတည်ဆောက်ရေးအတွက် သစ်၊ ဝါးနှင့် ထန်းရွက်များ အလှူခံခြင်း၊ လုပ်အားပေးဆင့်ခေါ်ခြင်းများရှိရာ အတော်ပင် ကျပ်တည်းကြကြောင်း တွေ့ရပါသည်။

ကျွန်တော် ထိုစဉ်က ကျင်းသာရွာနှင့်လက်ပန်ကား ရွာနှစ်ရွာကိုတာဝန်ယူလျက် ရွာနှစ်ရွာကြားရှိ မျက်ကွယ်ကောင်းသောလျှိုကြီးအတွင်းရှိကျောက်ဆောင်များ ဝိုင်းရံလျက်ရှိသော နေရာတွင်စခန်းချလျက်ရှိပါသည်။ ကျွန်တော်တို့တပ်စုတွင် လူအင်အား ၂၀ ရှိပြီး ကျွန်တော့်အထက်တွင် သုံးယောက်သာရှိသည်။ ထို့ကြောင့် ထိုတပ်စုတွင် အရာရှိငယ်ဖြစ်၍ အမည်၏ရှေ့တွင် 'ဗိုလ်'တပ်၍ခေါ်ခွင့်ရှိသဖြင့် ဗိုလ်ရဲတင့်ဟု အမည်တွင်ပါသည်။

ထိုခေတ်က သောင်းကျန်းသူ အဖွဲ့တိုင်းသို့သွားရောက်ကြသူများသည် မိမိတို့၏ မူလအမည်များကို အားမာန်ရှိသော အမည်များဖြင့် ပြောင်းလဲမှည့်ခေါ်လေ့ရှိကြသည့်အတိုင်း ကျွန်တော်တို့သည်လည်း ဗိုလ်ရဲတင့် ဖြစ်သွားရခြင်း ဖြစ်သည်။

စစ်ရေးအခြေအနေ၊ နယ်မြေအခြေအနေ ငြိမ်သက်ပါက ကျွန်တော်သည် ငါးရက်တစ်ကြိမ် မြိုင်သာယာသို့ ညအချိန်တွင် ဝင်ရောက်ကာ မိဘများနှင့် တွေ့ဆုံလေ့ရှိပါသည်။ ညမအိပ်ပါ၊ ၉ နာရီခန့်တွင် ရွာတွင်းသို့ဝင်ပြီး ၁၁ နာရီခန့်တွင် ပြန်လည်ထွက်ခွာပါသည်။

မြိုင်သာယာ၏ အနောက်ဘက်မှ ရွာကိုကွေ့ဝိုက်၍ မိုးစပ်တောင် စမ်းချောင်း စီးဆင်းနေပါသည်။ ချောင်း၏ အရှေ့ဘက်တွင် မြင့်မားမတ်စောက်သော ကမ်းပါးကြီးရှိ၍ ထိုကမ်းပါးထက်တွင် မြိုင်သာယာသင်္ချိုင်း ရှိပါသည်။ သင်္ချိုင်းသည် သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိပြီး ရှားစောင်းကြီးပင်များ၊ ရှားစောင်းပြာသာဒ်ပင်ကြီးများမှာ တောထလျက် မှောင်မည်း၍နေရာ ညအချိန်တွင် ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းလှသော်လည်း ကျွန်တော်တို့သည် ရဲဘော်ဖြူ ဖြစ်သည်ဟူသောအရှိန်နှင့် သေနတ်များ အားကိုးရှိပါသောကြောင့် တစ္ဆေ၊ သရဲများကိုကြောက်ရွံ့သောစိတ်များ မဖြစ်ပေါ်ဘဲ လူ (ရန်သူ)ကိုသာ မျက်စိလျှင်၊ နားစွင့်၍ နေကြပါသည်။

ကျွန်တော်တို့တပ်စုတွင် အသက်အငယ်ဆုံးလည်းဖြစ် အတန်းပညာများလည်း တတ်မြောက်သူမှာ နှစ်ဦးသာ ရှိပါသည်။ ကျွန်တော်တို့သည် ဝါသနာတူ စရိုက်တူချင်းဖြစ်သောကြောင့် အမြဲတမ်းတွဲဖြစ်ပါသည်။ စစ်ကိုင်းရွာထောင်ဇာတိဖြစ်၍ အမည်ရင်း ထွန်းခင် ဖြစ်ကာ ရဲဘော်အမည်မှာ ဗိုလ်ကျော်ဇော ဖြစ်သည်။ ကျွန်တော် မြိုင်သာယာသို့ ပြန်သည့်အခါတိုင်း ဗိုလ်ကျော်ဇောကို အဖော်ခေါ်သွားလေ့ရှိသည်။ ကျွန်တော်တို့စခန်းတွင် မြင်းငါးကောင်ရှိပါသည်။ မန်ကျည်းစေ့ရောင် သန်မာထွားကျိုင်း၍ လိမ္မာလှသော ဗလဟူသည့် မြင်းပေါက်ကြီးကို ကျွန်တော်တို့နှစ်ယောက် စီးသွားလေ့ရှိသည်။

မြင်းကြီးမှာ လိမ္မာလှပါသည်။ ချည်နှောင်ထားရန် မလိုပါ။ သခင်ပြန်လာသည်အထိ တခြားတစ်နေရာကို ထွက်သွားလေ့ မရှိပါ။ ထားရစ်သောနေရာမှ သခင်အလာကို စောင့်နေတတ်ပါသည်။ တခြားလူစိမ်း တွေမြင်လျှင် အသံမပေးဘဲ ပုန်းကွယ်နေလေ့ရှိသည်။ မရှောင်သာ၍ ပက်ပင်းတိုးလျှင်လည်း





www.burmeseclassic.com

www.burmeseclassic.com

အကိုင်မခံ၊ အဖမ်းမခံပါ။ ကန်ကျောက်ခြင်း၊ ကိုက်ခြင်းတို့ဖြင့် တိုက်ခိုက်ပြီး လွတ်အောင် ထွက်ပြေးတတ်ပါသည်။ သခင်ကိုမြင်မှ ထွက်ပြေး ပုန်းရှောင်နေရာမှ ထွက်ပေါ်လာလေ့ ရှိသည်။

ယနေ့တွင်လည်း နေဝင်ဖျိုးဖျ အချိန်တွင် ကျွန်တော်နှင့် ဗိုလ်ကျော်ဇောတို့ မြိုင်သာယာသို့ ထွက်ခွာရန် ဗလကြီးအား ကုန်းနှီးတင်၍ သိုင်းကြိုးနှင့် ခြေနင်းကွင်းများကို စစ်ဆေးလျက် ရှိကြပါသည်။

ထိုစဉ် ကျွန်တော်တို့ကို တပ်စခန်းတွင် တာဝန်ခံဖြစ်သော ဗိုလ်သံဒိုင် ရောက်ရှိလာပြီး . . .

"ဗိုလ်ရဲတင့် မြိုင်သာယာ မင်းရွာကိုတော့ အစစအရာရာ မင်းတာဝန်ယူရလိမ့်မယ်၊ ငါ့သဘောကတော့ မင်းတို့အခုလို ပုံမှန်ကြီးသွားနေတာကိုသဘောမကျဘူး၊ ကြာရင် ရွာထဲက လူတွေ မင်းတို့ လာတတ်တဲ့အချိန်၊ ပြန်တဲ့အချိန်နဲ့ ဝင်လမ်း၊ ထွက်လမ်းတွေကို သိသွားပြီး ရဲကင်းကို သတင်းပေးလိုက်ရင် ခက်မယ်၊ အခု သတင်းရတာက တပ်မတော်စစ်ကြောင်း တစ်ခုက ဧရာဝတီကို ဖြတ်ပြီး ဒီဘက်ကို လာနေပြီတဲ့၊ နောက်သုံးရက်လောက်ဆို ရောက်လာတော့မှာ ဒီဘက်ကို ဝင်ရှင်းရင် ငါတို့ ခဏရှောင်နေရဦးမှာ။

မင်းရွာဆိုပေမဲ့ မင်းကို မလိုတဲ့သူတွေလဲ ရှိဦးမှာဆိုတော့၊ သတိထားသွားပေါ့ကွယ်၊ ဘာအကြောင်းပဲ ရှိရှိ ရွာထဲမှာဆို သေနတ်ကို အတတ်နိုင်ဆုံး မသုံးမိစေနဲ့၊ မင်းတို့ သွားမယ့်လမ်းမှာ ကွန်မြူနစ်တွေလဲ အင်အား ပြန်တောင့်နေပြီလို့ သိရတယ်၊ဒါကြောင့် မင်းတို့ ခြောက်လုံးပြူး တစ်လက်စီအပြင် ကာဘိုင် တစ်လက်ပါယူသွား၊ ကျည်လဲများများယူသွား၊ မင်းအမေ နေမကောင်းဘူးဆိုလို့ လွှတ်ရတာ၊ ဒီလိုအခြေအနေမျိုးမှာ ငါ့သဘောကတော့ မသွားစေချင်တာ အမှန်ပဲ" ဟု ပြောပါတယ်။

ထိုအခါ ဗိုလ်ကျော်ဇောမှာ. .

"အစ်ကိုကြီး ဗိုလ်သံဒိုင်ရဲ့ စေတနာကို ကျွန်တော်တို့ လေးစားပါတယ်၊ ကျွန်တော်က စစ်ကိုင်းသားပါဗျ၊ စစ်ကိုင်း ဆိုတော့ ဧရာဝတီမြစ်ကြီးနံဘေးမှာလား ဒါကြောင့် ဇီကွက်မျက်ပြူးရေထဲကူး၊ ငါမသေဘူး၊ ရေကူးတတ်ဆိုသလိုပေါ့၊ ကျွန်တော်တို့ ဆက်ဆက်ပြန်လာပါ့မယ်လို့ ကတိပေးပါတယ်"

"အစ်ကိုကြီး ဗိုလ်သံဒိုင် ဆက်ဆက် မျှော်နေမယ် ဗိုလ်ရဲတင့်၊ ဗိုလ်ကျော်ဇော . . . အိုကေ" ဟုဆိုကာ ကျွန်တော်တို့သုံးဦး လက်ဝါးချင်းရိုက်၍ သစ္စာပြုလိုက်သည်။

လဆန်း ၇ ရက်မျှသာဖြစ်၍ လရောင်သည် အားမကောင်းပါ။ထို့ပြင် ကောင်းကင်တစ်ခွင်တွင် မြူခိုးတို့ ရစ်သိုင်းနေသဖြင့် မှုန်ရီလျက်ရှိသည်။

ဤဒေသသည် ပူပြင်းခြောက်သွေ့ကာ မိုးနည်းပါးသောရပ်ဝန်းဖြစ်၍ တောင်ကုန်းငယ်များ လျှိုမြောင်းများရှိ သစ်ပင်ကြီးငယ်တို့သည် ရိုးတံမျှသာ ကျန်ရှိတော့၍ ရှင်းလင်းလျက် ရှိသည်။

ကျွန်တော်တို့၏ နယ်မြေအတွင်း၌ မြင်းကို ဒုန်းစိုင်းခဲ့ကြလေရာ ခွာသံတဖြောင်းဖြောင်း မြည်လျက်ရှိသည်။ ရှေ့တွင် ရာဇဝင်ချောင်းသို့ ရောက်ပြီ၊ ဤရာဇဝင်ချောင်းသည် မိုးတွင်းအခါတွင် ရေနီများ ဒလဟောကျဆင်းတတ်ပါသည်။ တောင်ဘက်အရပ်တွင်ရှိသော ကုက္ကဲတောင်ဆီ၌ မိုးများညိုနေပြီ ဆိုလျှင် ပေ ၂၀၀ မျှ ကျယ်သော ထိုသဲချောင်းအား မြင်းနှင့် ဖြတ်ကူးလျှင်ပင် မလွတ်မြောက်နိုင်ဟု သိရသည်။

စက္ကန့် ပိုင်းအတွင်း လူတစ်ရပ်ခန့် အရှိန်ပြင်းထန်လှသော ရေလုံးကြီး ရောက်ရှိလာတတ်သည်ဟု ကြားဖူးပါသည်။ ချက်ချင်း ရေများမရောက်လာနိုင်သေးဟု ယူဆကြပြီး အရဲကိုးကာ ဤချောင်းကို ဖြတ်ကူးကြသဖြင့် လူနှင့်နွားလှည်းများပါ ဆုံးရှုံးခဲ့ခြင်း များလှပြီဖြစ်ကာ သေဆုံးသွားကြသော လူနှင့် နွားတို့သည် မကျွတ်လွတ်ကြဘဲ ဤ

နေရာပင် ဝိညာဉ်ဘဝဖြင့်ရှိနေကြသည်။ မိုးရာသီကို ချောင်းအား ဖြတ်ကူး[ရန်] ရောက်ရှိလာသူတို့အား စိတ်ရင်းကောင်းသော ဝိညာဉ်များက ချောင်းကို ဖြတ်မကူးအောင် တားမြစ်ကြသည်။

တားမြစ်သည့်အထဲမှ ဖြတ်ကူး၍ တောင်ကျရေနှင့်မျောပါသွားလျှင်လည်း ကူညီကယ်တင်ပေးကြသည်။ သဘော ဆိုးယုတ်သော ဝိညာဉ်များကမူ ရေများ လာနေသည်ကိုပင် မမြင်ရအောင်ကွယ် ထားပြီး ချောင်းကို ဖြတ်ကူးအောင် ဖိုက်တွန်းကြသည်။ ချောင်းရေတွင် ပါသွားလျှင်လည်း ရေနစ်သေဆုံးစေ[ရန်] ပြုလုပ်ကြသည်ဟု နယ်ခံရွာသားများ[က] ပြောပြထား၍ သိနေကြပါသည်။

သဲချောင်း အလယ်သို့ ရောက်၍ အထက်သို့လည်းကောင်း၊ အောက်သို့ လည်းကောင်း ကြည့်လိုက်လျှင်လရောင် အောက်၌ ဖွေးဖွေးဖြူလျက် ရှိသော သဲချောင်းကြီးသည် ကွေ့ကောက်လျက် တစ်မျှော်တစ်ခေါ် တည်ရှိနေပါသည်။

ဤရာဇဝင် သဲချောင်းသည် ကျွန်တော်တို့ ရဲဘော်ဖြူတို့၏ပိုင်နက် နယ်မြေအဆုံးဖြစ်သည်။ ရှေ့ပြေးတင် ထောက်စခန်းမှ ရဲဘော်နှစ်ဦးက ထွက် ၍ နှုတ်ဆက်ကြသည်။

"မင်းတို့ အိပ်မငိုက်ကြနဲ့နော် နယ်မြေသိပ်မအေးချမ်းဘူး၊ သတိဝိရိ[ယ] နဲ့ နေကြ၊ ဒီတစ်နေ့ည ငါတို့လဲ ခါတိုင်း လိုမနေဘူး၊ မလင်းခင် ပြန်လာခဲ့မယ် မင်းတို့အတွက် ဆေးလိပ်ယူခဲ့မယ်"

ကျွန်တော်သည် ရဲဘော်[ငယ်] နှစ်ဦးအား ထိုသို့မှာကြားပြီး ခရီးဆ[က်] ခဲ့ကြပါတယ်။ကွန်မြူနစ်ပိုင်နက်အတွင်း ဝင်ရောက်လာပြီဖြစ်၍ ကျွန်တော်သည် မြင်းကြီး ဗလအား လက်ပြင်နောက်[သို့] စစ်ဖိနပ်ဦးဖြင့်တို့ကာ သတိပေးလို[က်] လျှင် ခွာသံမထွက်စေသော သဲဖုန်များ ရှိရာ လမ်းကြောင်းအတိုင်း အသာ[အယာ] ထွက်ခွာ၍ လာခဲ့ပါသည်။

ဤခရီးသည် ကျွန်တော်တို့ သွားလာနေကျ ဖြစ်၍ အန္တရာယ်





www.burmeseclassic.com

www.burmeseclassic.com

ချောင်ကွင်းနိုင်ပါသည်။ မိုးစပ်တောင်ချောင်းသို့ ဖြတ်ပါသည်။ အနောက်ဘက်တောင်ကုန်းရိုးများပေါ်ရှိ ထန်းပင်များအကြားသို့လသည်ဝင်ရောက်လျက်ရှိပေပြီ။ မကြာမီ လရောင်ကွယ်ပျောက်ပေတော့မည်။ ကျွန်တော်တို့သည် မြိုင်သာယာ သချိုင်းအတွင်းသို့ ဝင်ရောက်သွားပြီး သစ်ပင်ချုံနွယ်ထူထပ်သောနေရာ၌ မြင်းကိုဂှက်ထားလိုက်ပါသည်။

ထို့နောက် ခြေကျင်ခရီး ဆက်ခဲ့ကြသည်။ မကြာမီ ရွာတံခါးအနီးသို့ချဉ်းကပ်ရောက်ရှိလာသည်။ ကျွန်တော်တို့ ဤသို့ဝင်ထွက်နေသည်ကို ရွာမှကင်းသမားများ သိရှိပြီးဖြစ်ပါသည်။

ကျွန်တော်တို့သည် ရွာသို့ဝင်မည်ဖြစ်ပါက ညဥ့်ငှက်အော်သံဖြင့် အချက်ပေးပါသည်။ အခြေအနေ အေးဆေးလျှင် ကင်းသမားများမှ အဲဗားရယ်ဒီခတ်မီးကို မြေသို့စိုက်၍ တစ်ချက်ထိုးပြသည်။ တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့ရှိနေပါက မိုးသို့ထောင်၍ ဓာတ်မီးတစ်ချက်ထိုးပြသည်။ ထိုအခါ အမြန်နောက်ကြောင်းလှည့်၍ ပြေးပေရော့။ အခြေအနေကောင်းလျှင်ရွာတံခါးသော့အသင့်ဖွင့်ထားမည်။ ကျွန်တော်တို့က တံခါးဝတွင် ချိတ်ဆွဲထားသော နွားခလောက်ကြီးများ အသံမမြည်စေရန် ဂရုပြုတွန်းဖွင့်ပြီး ရွာထဲဝင်ရုံသာ ဖြစ်သည်။

ကျွန်တော်သည် ညဥ့်ငှက် (ဇီးကွက်) အော်သံပြုလိုက်ပါသည်။ ကင်းသမားများထံမှ မည်သည့်တုံ့ပြန်မှုမရှိပါ။ ကျွန်တော်တို့သည် လုံခြုံစိတ်ချရသော ကျောက်တုံးကြီးကို အကာအကွယ်ယူထားပြီး ဖြစ်ပါသည်။ ၅ မိနစ်ခန့်ကြာသော် အသံတစ်ချက် ထပ်ပြုလိုက်ပြန်သည်။ မည်သည့်အချက်ပြမှုမျှ ထွက်မလာပါ။ ကင်းသမားများသည် အမှတ်တမဲ့ဖြစ်သွား၍ မကြားလိုက်လျှင် ပထမတစ်ကြိမ်တွင်သာ ဖြစ်မည်။ ဒုတိယအကြိမ်တွင်တော့ ကြားကို ကြားရပေမည်။ ရွာထဲတွင် အခြေအနေ ထူးခြားနေလောက်ပြီ။

"ဗိုလ်ရတင့် ငါတို့ ဒီည ရွာထဲမဝင်ဘဲ ပြန်ကြရအောင်"

အသံအုပ်၍ ဗိုလ်ကျော်ဇောမှ ကျွန်တော့်ကို ပြောသည်။ မှန်ပါသည်။ ယနေ့ည အခြေအနေအရ ရွာထဲသို့ဝင်ရန် မသင့်ပါ။

သို့သော် အဖေ၊ အမေနှင့် အစ်မများသည် အပတ်စဥ်လာနေကျဖြစ်၍ စိတ်ထောင်းကိုယ်ကြေ ဖြစ်ရခြင်းပါ။ ကျွန်တော်သည် စိတ်ထားသိမ်မွေ့၍ ရုပ်ရည်နှင့် အနေအထိုင် အပြောအဆိုတို့တွင် နူနယ် သိမ်မွေ့သော်လည်း တစ်ခါတစ်ရံ၌ ကြွပ်ဆတ်နိုင်ကာ တစ်ဇွတ်ထိုး ပြုမူလေ့ရှိပါသည်။

ကျွန်တော် ယခုကဲ့သို့ အသက်အန္တရာယ် အချိန်မရွေးကျရောက်နိုင်ပြီး အနေဆင်းရဲလှသောဘဝတွင် ပျော်မွေ့နေသည့်အတွက် ကျွန်တော့်မိသားစုသည် စိတ်ဆင်းရဲလျက် ရှိပါသည်။ ကျွန်တော်သည် အတွေးစကို ဖြတ်လိုက်ပြီး . . .

"ခဏနေပါဦးကွာ၊ အခြေအနေကြည့်သေးတာပေါ့၊ အမေကလဲ နေမကောင်းဘူး၊ ငါ့ကို မျှော်နေမှာ မကြာခင် ငါတို့စခန်းလဲ ဘယ်ကို ရွှေ့ရမှန်းမသိသေးတော့ နောက်တစ်ခေါက် ဒီကိုတော်တော်နဲ့ လာနိုင်သေးမှာ မဟုတ်တော့လို့ပါ"

ကျွန်တော်သည် အမှောင်ထဲမှနေ၍ ရွာတံခါးကိုသာ မမှိတ်မသုန်ကြည့်နေမိသော်လည်း ထူးခြားသောလှုပ်ရှားမှု အရိပ်အယောင် တစ်စုံတစ်ရာမျှ ထွက်ပေါ်လာခြင်း မရှိပါ။

သေချာပါသည်။ ရွာတံခါးမှ ရန်သူသည် ကျွန်တော်တို့ကို ဆီးကြိုစောင့်ဆိုင်းနေပေပြီ။ အရဲမကိုးသင့်ပါ။ ထို့ကြောင့် ကျွန်တော်တို့သည် နောက်ကြောင်းကို ပြန်လှည့်ခဲ့ပါသည်။ ခဏကြာလျှင် ရွာအတွင်းမှ သေနတ်ပစ်သံများကြားရသည်။ တိုက်ပွဲဖြစ်နေပြီ၊ ရိုင်ဖယ်သံများ၊စတင်းဂန်းသံများအဆက်မပြတ် ထွက်ပေါ်လျက်ရှိသည်။ ရွာ၏အရှေ့ဖျားဆီမှ အဖွဲ့အစည်းတစ်ခုခုအား နှိမ်နင်းခြင်းလော။

ကျွန်တော်သည် ရရှိသည့် အခွင့်အရေးကို လက်လွှတ်မခံပါ၊ ပွဲလန့်တုန်းဖျာခင်းရမည်ဟူသော ရဲဘော်ဖြူဆရာ့ဆရာကြီးများ၏ ဩဝါဒကို ကျင့်သုံး၍ အရဲစွန့်ကာ ရွာစည်းရိုးတစ်နေရာကို ဖောက်၍ဝင်ခဲ့ကြသည်။ ၉ နာရီခွဲမျှသာရှိသေး၍ ကလေးငယ်များမှအပ ရွာသူရွာသား အများစုမှာ မအိပ်ကြသေးပါ။ သေနတ်သံများ ကြားသဖြင့် မိမိတို့၏နေအိမ်တံခါးများကို ပိတ်ကာခုတင်များအောက်တွင် ဝပ်နေကြလောက်ပြီ။

တစ်ရွာလုံး မှောင်မည်း၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါသည်။ အိမ်တိုင်းမီးငြိမ်းထားကြသည်။ လမ်းမပေါ်တွင်ခွေးတစ်ကောင်သော်မျှ မတွေ့ရပါ။ မကြာမီ ကျွန်တော်တို့ အိမ်ဝင်းအတွင်းသို့ ရောက်ရှိလာသည်။ ကျွန်တော်တို့သည် အမှောင်ထဲမှာပင် မှောင်ရိပ်ခိုကာ ကာဗားယူလျက် မျက်စိကိုဖွင့် နားကိုစွင့်ကာ တရွေ့ရွေ့တိုးကပ်၍ သွားပါသည်။ နွားများသည် ကျွန်တော်တို့ကို မလန့်ပါ။ စားမြုံ့ပြန်လျက်ရှိပါသည်။

ကျွန်တော်သည် အိမ်တံခါးသို့ရောက်လျှင် တံခါးနံဘေးတွင် ကပ်၍ရပ်လိုက်ကာ ကျွန်တော်၏ ထုံးစံအတိုင်း တံခါးကို ၄ ချက်၊ ၃ ချက်၊ ၂ ချက် ခေါက်လိုက်ပါသည်။ ခဏကြာလျှင် တံခါးတစ်ချပ် ဖွင့်လာပါသည်။

ကျွန်တော်သည် အိမ်သို့ပြန်လာသည့်အခါတိုင်း တံခါးခေါက်လျှင် သင်္ကေတနှင့် ခေါက်လေ့ရှိသောကြောင့် အဖေမှ တံခါးလာဖွင့်ပေးခြင်းဖြစ်သည်။

"မြန်မြန်လာကြ၊ တိုက်ပွဲဖြစ်နေတယ်"ဟု အသံတိုးတိုးဖြင့်ပြောပါသည်။ အိမ်ထဲတွင် မှောင်မည်းနေသော်လည်း အပြင်ဘက်မှ ကြယ်ရောင်မှိန်မှိန်အလင်းရောင်ကလေး အောက်မှာပင် အဖေ့လက်တွင် ကိုင်ဆောင်ထားသော ငှက်ကြီးတောင်ဓားကြီးမှာ လင်းလက်သွားပါသေးသည်။ အဖေသည် တံခါး



www.burmeseclassic.com

www.burmeseclassic.com

ကို အမြန်ပြန်စေလိုက်ပြီး မင်းတုပ်များ ချလိုက်ပါသည်။

ခဏအကြာတွင် သေနတ်သံများ တိတ်ဆိတ်သွားပါသည်။ သို့သော် မီး မထွန်းရဲသေးပါ။ အမေနှင့် အစ်မများ လည်း ပုန်းအောင်းနေရာမှ ရောက်ရှိ လာကြပါသည်။ အဖေသည် တိုက်ပွဲဖြစ် နေမှန်းသိလျက်နှင့် ရွာအတွင်းဝင်လာ သဖြင့် အရဲကိုးလွန်းသည်ဟု အပြစ် တင်လျက် ရှိပါသည်။ အရေးထဲ အမေ သည် ချောင်းများဆိုးလာသဖြင့် အသံ ထိန်းနိုင်စေရန် ပါးစပ် ပိတ်ထားရပါ သည်။ ကျွန်တော်သည် မငြိမ်းချမ်းသော ဘဝတွင် ပြည်သူတို့၏ အနေထိုင်ကျပ် တည်း ကျဉ်းမြောင်း၍ အသက်အိုးအိမ် စည်းစိမ်တို့အတွက် ပူပန်ကြောင့်ကြ ရပုံကို တွေးမိကာ စိတ်မကောင်းဖြစ်မိ ပါသည်။

မကြာမီ ရွာအရှေ့ပိုင်းမှ ခွေး ဟောင်သံများ ထွက်ပေါ်လာသဖြင့် အဖေသည် ကျွန်တော်တို့အား နွားစာ တိုက် (တံခါးတစ်ချပ်သာ အလုံပိတ်ကျီ ထဲ နွားစာများသိုလှောင်သည်) အတွင်း သို့ဝင်ရန် ပြောပါသည်။ ကျွန်တော်တို့ သည် နွားစာတိုက်အတွင်းရှိ ပြောင်းရိုး စဉ်းများ၊ ပဲမှော် (ပဲနွယ်အရိုးနှင့် အရွက် ခြောက်များ)အပေါ် ဝမ်းလျားမှောက် လျက် သေနတ်များကို အသင့်ပြင်ထား ပါသည်။ တစ်စထက်တစ်စ ခွေးဟောင် သံများလည်း နီးကပ်၍ လာပါသည်။ လူသံသဲ့သဲ့ပါ ကြားလာရသည်။ ခွေး ဟောင်သံများလည်း ကျွန်တော်တို့ အိမ် ရှေ့အထိ ရောက်ရှိလာပြီး . . .

"မြိုင်သာယာ ကျေးရွာရှိ ပြည်သူ အပေါင်းတို့ခင်ဗျာ၊ ကျွန်တော်တို့ရဲ့ ပြည်သူ့ရဲဘော်အဖွဲ့ဟာ မြိုင်သာယာကို ထိန်းချုပ်လိုက်ပြီ ဖြစ်ပါတယ်၊ ဒါကြောင့် ကျေးရွာနေ ပြည်သူလူထုအပေါင်းရဲ့ အသက်၊ အိုး အိမ်၊ စည်းစိမ်တွေဟာ ဘေးကင်းလုံခြုံ စိတ်ချသွားပါပြီ၊ စိတ်ချ လက်ချ၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ၊ အိပ်စက်နိုင်ကြပါပြီ ခင်ဗျာ၊ မနက်ဖြန် မနက် ၆ နာရီမှာ ဗိုလ်တောက်ထိန်နဲ့ ရပ်ရေး၊ ရွာရေးများကို တိုင်ပင်ဆွေးနွေး ပြောကြားမှာဖြစ်လို့ တစ်အိမ် တစ် ယောက် စာသင်ကျောင်းအတွင်းသို့ လာရောက်ကြပါရန် အသိပေးကြေညာ အပ်ပါတယ် ခင်ဗျာ"

ထိုကြေညာချက်ကို ကြားသိ လိုက်ရသဖြင့် ကျွန်တော်တို့ စိတ်အေး သွားပါသည်။ ကျွန်တော်တို့ နွားစာတိုက် အတွင်းမှ ထွက်လာခဲ့ကြသည်။

မည်သည့်အိမ်မှ မီးမထွန်းရဲပါ။ ရွာထဲတွင် မှောင်မည်းလျက် ရှိပါသည်။ ကျွန်တော်တို့လည်း အိမ်ထဲတွင် စကား မပြောဖြစ်ကြသေးဘဲ အခြေအနေတို့ နားစွင့်လျက် ရှိပါသည်။ ခဏကြာလျှင် မသဲမကွဲ စကားသံများနှင့် ခြေသံများ ကြားရပါသည်။ ကျွန်တော်တို့ အိမ်ရှေ့ အထိ ရောက်လာပြီး ဓာတ်မီးဖြင့်ထိုးပါ သည်။

အိမ်တံခါးပိတ်ထားသော်လည်း ထရံပေါက်ကြားမှ မြင်နေရပါသည်။ ကျွန်တော်တို့လည်း ထိတ်လန့်သွားပြီး သေနတ်မောင်း တင်လိုက်သည်။

"ဖျို့ဦးဘဝင်း၊ သူကြီးက ဆင့်ခိုင်း လိုက်လို့ ဆယ်အိမ်ခေါင်းတွေ အားလုံး အခုချက်ချင်း သူကြီးအိမ် လိုက်ခဲ့ရမယ် တဲ့၊ ဒီမှာ ရဲဘော်တွေလဲ ပါတယ်"

ရွာဆော် ဦးကျီးညို၏အသံ ဖြစ် ပါသည်။

"အေး . . . အေး လာပြီဟေ့ ခဏလေး" ဟု အဖေမှ ပြန်ပြောလိုက် သည်။ အဖေသည် ရွာဆော်နှင့်အတူ ရဲဘော်ဖြူများနှင့် သူကြီးအိမ်သို့ လိုက် သွားပါသည်။

မကြာမီ အိမ်တိုင်းလိုလိုမှ ရေနံဆီ မီးခွက်အရောင်ကလေးများ လင်းလက် ၍လာပြီး တိုးတိုးအုပ်အုပ် စကားသံများ ပေါ်ထွက်လာသည်။ ရွာသူ ရွာသား များအားလုံးတို့သည် အသံဗလံများကို နားစွင့်လျက် ရှိနေကြသောကြောင့် အခြေအနေအရပ်ရပ်ကို အားလုံးသိရှိ ပြီး ဖြစ်ကြပါလိမ့်မည်။

ကျွန်တော်တို့ မြောက်ဘက်အိမ် (တောရွာများဖြစ်၍ ခြံစည်းရိုး မကာ အမှတ်အသားကျောက်ငုတ်သာစိုက် ထားပါသည်)မှ ကိုရင်စက်ငြိမ်နှင့် မေ ခင်ဌေး (ယခု ဤဝတ္ထုရေးသားချိ ၂၀၁၂ တွင် နှစ်ဦးစလုံး လူ့လောကတွ မရှိတော့ပြီ) မောင်နှမ နှစ်ယော ရောက်လာပါသည်။ ကျွန်တော်တို့ မြင်တွေ့လေသော် . . .

"အေး, မင်း မင်းတို့ ရဲဘော် အဖွဲ့တွေ တို့ရွာကို သိမ်းပိုက်လိုက်ပြီ ငါတို့ကိုတော့ ပစ်မထားပါနဲ့ စော ရှောက်ပါကွယ်၊ ငါတို့က ကွန်မြူနစ် နဲ့ ဆက်သွယ်တာ မဟုတ်ပါဘူး၊ သူ က အထည်လာအပ်ကြလို့ပါ" ဟု ပြေ သည်။ ၎င်းတို့မောင်နှမသည် မိဘအ စက်ချုပ်လုပ်ငန်းကို လုပ်ကိုင်သူမျာ ဖြစ်သည်။

ယနေ့ည မြိုင်သာယာကို လာ ရောက်စီးနင်းသော ဗိုလ်တောက်ထိ အဖွဲ့နှင့် အတူပါလာသည်ဟု ထင်း ဟန်ရှိသည်။

ကျွန်တော်သည် အခြေအနေ ရှင်းပြမနေတော့ဘဲ စိတ်အေးအေးထာ ရန် အလိုက်သင့်ပြောလိုက်ပြီး . . .

"ဗိုလ်ကျော်ဇော အမေတ တော်တော်နေမကောင်း ဖြစ်နေတ အဲဒီတော့ မင်း စခန်းပြန်ပြီး အကျ အကြောင်းပြောလိုက်၊ မနက်ဖြန်မှ လာခေါ်၊ ငါ ဒီည ဒီမှာအိပ်လိုက် မယ်"

ကျွန်တော် ထိုညက ရွာတွ အိပ်လိုက်ပါသည်။ ကျွန်တော့်မိသာ သည် ပျော်ရွှင်လျက်ရှိရာ စကားမျာ ပြောမကုန်နိုင်အောင် ရှိကြ၍ ည နာရီခန့်မှ အိပ်ရာဝင်ကြပါသည်။

နံနက်လင်းသော် အစည်းအဝေ မစမီ ဗိုလ်တောက်ထိန်ထံ သွားရော တွေ့ဆုံကာ သတင်းပို့သည်။ နံနက် နာရီခန့်တွင် ဗိုလ်သံဒိုင်နှင့် ကျွန်တော် ရဲဘော်ဖြူအဖွဲ့ ရောက်ရှိလာကြပြီး ဗို တောက်ထိန်နှင့် စစ်ရေး၊ နယ်မြေ





www.burmeseclassic.com

www.burmeseclassic.com

နေ့တို့ကို တိုင်ပင်ဆွေးနွေးကြပါသည်။ နေ့လယ် ၁၂ နာရီခန့်တွင် ဗိုလ်သံဒိုင်တို့အဖွဲ့ မြိုင်သာယာမှ ပြန်လည်ထွက်ခွာသွားကြပြီး ကျွန်တော်နှင့် ဗိုလ်ကျော်ဇောအား အေးအေးဆေးဆေး နေပြီးမှ လိုက်ခဲ့ကြရန် ထားရစ်ခဲ့သည်။

ကျွန်တော်အိမ်ရှေ့ မန်ကျည်းပင်ကြီးမှာပင် မြင်းကြီးကို ချည်ထားလိုက်ပါသည်။ အဖေမှ ပြောင်းရိုးခင်းများ ခုကျွေးထားပါသည်။ ညနေ ၅ နာရီခန့်တွင် ကျွန်တော်နှင့် ဗိုလ်ကျော်ဇောတို့ မြိုင်သာယာ အနောက်ဘက် ရေချောင်းသို့ ရေချိုးသွားခဲ့ကြပါသည်။ အခိုက်အတန့်အားဖြင့် ကျွန်တော်တို့သည် စိတ်လွတ်လပ်ကာ ပျော်ရွှင်လျက်ရှိကြသည်။ ရေချိုးပြီး ကျွန်တော်တို့ ချောင်းထဲမှတက်ကာ ရွာမည်းရိုးကပ်လျက်ရှိသော အိမ်ဝိုင်းတွင်းမှ ဖြတ်ခဲ့ကြသည်။

ကျွန်တော်သည် ရှေ့မှသွား၍ ဗိုလ်ကျော်ဇောသည် နောက်ကဖြစ်၍ ကျွန်တော်နှင့် ဝါးနှစ်ရိုက်စာမျှ ကွာဝေးပါသည်။ ထိုစဉ် ကြီးမားလှသော အင်းခွေးကြီး အိမ်အတွင်းမှ ထွက်လာပြီး လျှင်မြန်စွာ ပြေးလာလျက် ဗိုလ်ကျော်ဇောအား နောက်မှ ခြေသလုံးကို ကိုက်ခဲယမ်းလိုက်ရာ . . .

"အမလေးဗျ . . ဟဲ့ခွေး ဟဲ့ခွေး"

အလန့်တကြား အော်ဟစ်ကာ ခွေးကို မောင်းထုတ်ပါသည်။ ကာကီဘောင်းဘီ စုတ်ပြဲကာ သွေးများထွက်ကျလာသည်။ ခွေးကြီးသည် နောက်သို့ အနည်းငယ် ဆုတ်သွားပါသည်။ ကျွန်တော်လည်း အပြေးရောက်ရှိသွားပါသည်။ ဗိုလ်ကျော်ဇောသည် နာကျင်သွန်းလှသော်ကြောင့် ဒေါသများထွက်လျက်ရှိပြီး ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသောကြောင့် ထိတ်လန့်လျက်ရှိသည့်အပြင် ခွေးကြီးမှ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လျက်ရှိသောကြောင့် ခြောက်လုံးပြူးကို မောင်းတင်ကာ ခွေးကြီး၏ ဦးခေါင်းကို ချိန်ရွယ်၍ ပစ်ချလိုက်ပါသည်။

ဒိုင်း . . .

သေနတ်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ခွေးကြီးသည် သွေးအိုင်ထဲမှာပင် အသက်ပျောက်သွားပါသည်။

"ငါ့ခွေးကို သတ်တာ နင်လား၊ နင်လဲ ငါ့ခွေးသေသလို သေစေရမယ်"

ဦးခေါင်း အထက်တည့်တည့်တွင် ဆံထုံးထုံးထား၍ ကြောက်စရာကောင်းလောက်အောင် အရုပ်ဆိုး အကျည်းတန်လှသော အသက် ၆၀ ကျော်မိန်းမကြီးတစ်ဦး (ဒေါ်သိန်းခင်ဖြစ်၍ ဝမ်းတွင်းအူလျှောက် စုန်းဖြစ်သောကြောင့် တစ်ရွာလုံးမှ ကြောက်ရွံ့ကြသည်)၊ ရောက်ရှိလာကာ ဗိုလ်ကျော်ဇောအား စားမတတ်ဝါးမတတ် စိုက်ကြည့်ပြီး ခြေဖနောင့်တစ်ဖက် မြေတွင်ထောက်၍ တတွတ်တွတ်နှင့် တစ်စုံတစ်ရာကို ရွတ်ဆိုလျက် ရှိပါသည်။

ဗိုလ်ကျော်ဇောသည် စိတ်ဆတ်သူဖြစ်၍ ဒေါ်သိန်းခင်အား သေနတ်ဖြင့် ထိုးချိန်လိုက်သဖြင့် ကျွန်တော်သည် ထိတ်လန့်သွားကာ ပျာပျာသလဲဖြင့် . .

"ဗိုလ်ကျော်ဇော အဲဒီလိုမလုပ်နဲ့ အန္တရာယ်များသွားလိမ့်မယ်"

ကျွန်တော်မှ ၎င်း၏ သေနတ်ကို ဆွဲယူလိုက်ပြီး . . .

"နောက်မှ အကြောင်းစုံကို ရှင်းပြမယ်" ဟုဆိုကာ ဒေါ်သိန်းရှင် ရှေ့သို့ တွဲခေါ်သွားပြီး ဒူးတုပ်ထိုင်ချလိုက်ပါသည်။

"အမေကြီး. . . ကျွန်တော်က ဦးဘဝင်း +ဒေါ်ကောင်း သားပါ၊ ဒါက ကျွန်တော့်သူငယ်ချင်းပါ၊ တကယ်တော့ အမေကြီးရဲ့ခွေးကို ကျွန်တော့် သူငယ်ချင်းက တမင်သက်သက် သတ်လိုက်တာ မဟုတ်ပါဘူး၊ သူ့ကိုလဲ ကြည့်ပါဦး၊ ဘောင်းဘီတွေလဲစုတ်ပြဲလို့ အတော့်ကို နာသွားပါတယ်၊ ဒါတောင် ခွေးကြီးက သူ့မျက်နှာကို ခုန်ကိုက်တော့မှာမို့ သူလဲ မရှောင်သာလို့ ပစ်လိုက်ရတာပါ၊ ပြီးတော့ သူက ဘာမှမသိတဲ့ ဧည့်သည်ပါ ခင်ဗျာ၊ ကျွန်တော့်အမေ နေမကောင်းလို့ ကျွန်တော် ခေါ်လာတာမို့ သူနဲ့ ပတ်သက်ပြီး ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ကို ခွင့်လွှတ်ပေးပါ"

"ဟုတ်ပါတယ်၊ ကျွန်တော်လဲ ခွေးကိုက်ခံရလို့ နာနေတဲ့အထဲ မျက်နှာကို ခုန်အုပ်တော့မှာမို့ ကာကွယ်ရင်း ပစ်လိုက်မိတာ ခွင့်လွှတ်ပါ"

ကျွန်တော်နှင့်အတူ ဗိုလ်ကျော်ဇောကပါ ရိုသေစွာ တောင်းပန်၍ ကန်တော့လိုက်ကြပါသည်။

"အေးလေ၊ဟုတ်ပါတယ်၊ အောင်နက်ကလဲ ဆိုးလွန်းတော့ ခဏခဏ လူတွေကို ကိုက်နေလို့ ငါလဲ စိတ်ညစ်နေတာကြပြီ၊ အေး, ဒါပေမဲ့ ငါက စိတ်ညို့ပြီး ဒေါသနှင့် ကျိန်စာတိုက်လာတာဆိုတော့ ပြန်ဖျက်လို့ မရတော့ဘူး၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ခွေးကိုက်နာ မရင်းဘဲ အမြန်ပျောက်သွားအောင် တန်ပြန်ပေးလိုက်မယ်"

ဟုဆိုကာ မီးဖိုချောင်အတွင်းသို့ ဝင်ပြီး မီးစွဲလျက်ရှိသော ထင်းစကိုယူ၍ ခွေးကိုက်ဒဏ်ရာ၏အထက် လက်လေးလုံးခန့်အကွာတွင် ထားပြီး ရေလောင်းချလိုက်သည်။

(ဤဆေးကုသနည်းမှာ အပြင်လောကတွင် အမှန်တကယ် အသုံးပြုလျက် ရှိပါသည်။ ခွေးကိုက်ခံရပါက ခွေးပိုင်ရှင်နေအိမ်မှ ထင်းစဖြစ်စေ၊ မီးကျီးခဲစဖြစ်စေ၊ ဒဏ်ရာ၏ အထက်တွင်ထားပြီး ရေလောင်းချလိုက်ပါက မည်သည့်ဆေးမှ ထည့်စရာမလိုဘဲ ငါးရက်အတွင်း သက်သာ ပျောက်ကင်းသွားမည် ဖြစ်သည်)။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အမေကြီး"

ကျွန်တော်တို့နှစ်ဦး ပြိုင်တူပြောလိုက်လျှင် . . .

"ငါပြောသလိုပဲ ကျိန်စာကတော့ ပယ်ဖျက်လို့ရမှာမဟုတ်ဘူး၊ ခဏကြာရင် တအားဆာလာလိမ့်မယ်၊ အခုက



www.burmeseclassic.com

www.burmeseclassic.com

နေ နောက် ၆ နာရီအတွင်း ဘာမှ မစား မသောက်မိစေနဲ့၊ ၆ နာရီကျော်ရင် ဘာမှမဖြစ်တော့ဘူး၊ စားချင်တာစား၊ သောက်ချင်တာသောက်"

"တကယ်လို့ ၆ နာရီမကြာခင် တစ်ခုခု စားမိသောက်မိရင် ဘာဖြစ်မှာလဲ အမေကြီး"

"အေး, ဒါဆိုရင်တော့ ချက်ချင်း သေမှာပဲ၊ ငါပြောတာ ဂရုစိုက်ပြီး မှတ်သွားကြ" ဟုပြောသည်။

ထို့နောက် ကျွန်တော်သည် ဗိုလ်ကျော်ဇောကိုတွဲခေါ်၍ အိမ်သို့ပြန်ခဲ့ကြသည်။ ဗိုလ်ကျော်ဇောသည် ကျွန်တော့်ပခုံးကို မှီတွယ်အားပြု၍ ထော့နဲ့ထော့နဲ့ဖြင့် လိုက်ပါလာခဲ့သည်။

အိမ်သို့ပြန်ရောက်သော် အဖေ အမေနှင့် အစ်မများသည် ကျွန်တော်တို့ ဖြစ်အင်ကိုသိရှိသောအခါစိတ်မကောင်းဖြစ်ကာ စိတ်ပူလျက် ရှိကြသည်။

ညနေပိုင်းသို့ ရောက်သောအခါ ခွေးကိုက်ဒဏ်ရာမှာ ရောင်ရမ်းခြင်းတို့ ပြေပျောက်ပြီး ညှိုးရော်သွားသဖြင့် အနည်းငယ် စိတ်အေးရသည်။

ကျွန်တော်တို့မိသားစု ဝိုင်းဖွဲ့၍ ထမင်းစားသောက်ကြသောအခါ ဗိုလ်ကျော်ဇောသည် ထမင်းစားချင်လျက် ရေနွေးကြမ်းမျှ မသောက်ရဲဘဲ ဆာလောင်မွတ်သိပ်လျက်ရှိ၍ သနားမိပါသည်။

ထမင်းစားပြီးလျှင် အစ်မများမှ လက်ဖက်နှင့် ထန်းလျက်၊ ရေနွေးကြမ်းတို့ ပြင်ဆင်ပေးပြန်ပါသည်။ ကျွန်တော်သည် ဤကဲ့သို့ မိသားစု စုံစုံညီညီနှင့် ဖွယ်ဖွယ်ရာရာ မစားသောက်ရသည်မှာ ကြာပြီဖြစ်၍ အားပါးတရ စားသောက်နေမိပါသည်။ ဗိုလ်ကျော်ဇောမှာမူ ဆာလောင်လျက် အူကျုံ့ကာ ခွေခေါက်လျက် ရှိပါသည်။

ညအမှောင်ရောက်ပြီဖြစ်၍ နွေညလရောင်ခြည် ဝိုးတဝါးလည်း ထွက်ပေါ်လျက်နေပေပြီ။

ထိုစဉ် ရွာအရှေ့ဖျားဆီမှ . . .

"ဒုန်း . . ရှုံး . . ဝုန်း . . ဖောင်းဖောင်းဖောင်း . . ဒိုင်း ဒိုင်း . . ဒက် ဒက်"

လက်နက်ကြီးငယ်တို့၏ ပစ်ခတ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

"စစ်တပ်ရောက်လာပြီ ရဲဘော်ဖြူတွေ အဝိုင်းခံလိုက်ရပြီ"

လမ်းပေါ်မှ လူတစ်ဦးသည် ပြေးလွှားရင်း အော်ဟစ်သွားပါသည်။ ထိုခဏအတွင်းမှာပင် လူသံ သူသံများ တိတ်ဆိတ်၍သွားကာ မီးခွက်၊ မှန်အိမ်များ၏ အလင်းရောင်များ ချက်ချင်းကွယ်ပျောက်သွားပါသည်။

"ကဲ, အဖေနဲ့ အမေ၊ အစ်မတို့လဲ လုံခြုံတဲ့နေရာမှာ ဝပ်နေကြပေတော့၊ ကျွန်တော်တို့ ပြေးမှ ဖြစ်တော့မယ်" ဟု ဆိုကာ ကျွန်တော်သည် ခြောက်လုံးပြူးကို ကျည်စစ်ကာ ခါးပတ်ဖြင့် ခါးတွင်ပတ်လိုက်ပြီး ကာဘိုင်တွင်ကျည်အပြည့်ပါသော ဗောက်ကိုတပ်ဆင်ပြီး ကျောတွင် လွယ်လိုက်ပါသည်။

"ကဲ, ဗိုလ်ကျော်ဇော တို့သွားကြစို့"

ကျွန်တော်သည် ဗိုလ်ကျော်ဇောကိုတွဲယူလိုက်ပါသည်။ ခြေထောက်တစ်ဖက်မှာ ကောင်းကောင်း မထောက်နိုင်သဖြင့် မြင်းပေါ်ကို မတင်ပေးရပါသေးသည်။ သေနတ်သံများ ကြားရသဖြင့် လိမ္မာလှသောမြင်းကြီးမှာ နားရွက်များထောင်လျက် ပြေးရန် အသင့်ဖြစ်နေပါသည်။

ရွာတံခါးမှ ထွက်၍ မဖြစ်ပါ။ စစ်သားများ ရှိနိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ရွာ၏အနောက်မြောက်ထောင့်ရှိ ဦးထွန်းသိန်း+ဒေါ်ခင်မြိုင်တို့ အိမ်ဝိုင်းအတွင်းသို့ ထွက်လာခဲ့ပါသည်။ ထိုခြံစည်းရိုးသည် အဝေရာ (ဘောစကိုင်း) အပင်များသာရှိ၍ တိုးထွက်ရန် လွယ်ကူပြီး ယာငါးကွက်ခန့်ကျော်လျှင် အကာအကွယ် ကောင်းလှသော သချိုင်းကုန်းသို့ ရောက်ရှိမည်ဖြစ်သည်။ အခြားတစ်နေရာရှိ ခြံစည်းရိုးများသည် ရှားစောင်းပြာသာဒ်ပင်များ ထူထပ်သိပ်သည်းသဖြင့် နွားပင် မ[illegible] နိုင်ပါ။

ဦးထွန်းသိန်း ခြံဝင်းအတွင်း[illegible] ရောက်သွားလျှင် ဦးထွန်းသိန်းသ[illegible] မျက်စိနှစ်ကွင်း အလင်းမရသူ ဖြစ်[illegible] သေနတ်သံများ ကြားသောအခါတွ[illegible] ကြောက်အားလန့်အားနှင့် အိမ်တံ[illegible] ပေါက်ရှာမတွေ့ဘဲ ထရံအား အတင်း[illegible] လျက်ရှိကာ ကျွန်တော်တို့၏ မြင်းခွာ[illegible] ကြားသောအခါ ၎င်းအား ရန်ပြု[illegible] သူများဟု ထင်ကာ . . .

"မလုပ်ပါနဲ့ဗျာ၊ ကျုပ်ကို မသ[illegible] ကြပါနဲ့ ကြောက်ပါတယ်ဗျာ" ဟုအော်[illegible] နေရှာသည်ကို တွေ့ရသောကြောင့် စိတ်မကောင်း ဖြစ်လိုက်ပါသေးသည်[illegible] အပင်များ သေးငယ်သော နေရာ[illegible] ရွေး၍ ခြံစည်းရိုးမှ တိုးထွက်လိုက်[illegible] သည်။ ရိတ်သိမ်းပြီးစ ပဲခင်းရိုးပြတ်များ[illegible] အတွင်းမှ မြင်းကို ဒုန်းစိုင်း၍ သွား[illegible] ပါသည်။

"ဒိုင်း . . ဒိုင်း . . ဖောက် . . ဖောက်"

ရွာတံခါးဆီမှ ကျည်ဆန်များ[illegible] လွင့်ပျံလာသော်လည်း ကျွန်တော်တို့[illegible] မထိပါ။ တော်ပါသေးသည်။ သစ်ပ[illegible] ကြီးများ ထူထပ်စွာပေါက်ရောက်လျ[illegible] ရှိသော သချိုင်းအတွင်းရောက်သည်[illegible] တိုင် ပစ်ခတ်နေပါသေး၍ ကျည်ဆ[illegible] တို့သည် သချိုင်းဇရပ်နှင့် သစ်ပင်များ[illegible] ထိမှန်လျက်ရှိသည်။

"ဒိုင်း . . ဒိုင်း . . ဖောက် . . ဖောက်"

သချိုင်း လွန်လာသောအခါ[illegible] ကျွန်တော်တို့သည် ချောက်ကမ်းပါး[illegible] အောက်က ချောင်းရိုးမြေနိမ့်ရောက်[illegible] သွားပြီဖြစ်ရာ သေနတ်သံများနှင့် ဝေး[illegible] သွားပြီဖြစ်သည်။ ချောင်းရိုးလွင်ပြင်[illegible] ကျော်လွန်၍ အနောက်ဘက်ကုန်း[illegible] တက်ခဲ့ပါသည်။

ဤနယ်မြေသည် ကွန်မြူနစ်[illegible] ထိန်းချုပ်ထားသော နယ်မြေဖြစ်ပြီ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်ဖြူအဖွဲ့မှ မြိုင်သာယာကို သိမ်းပိုက်လိုက်ခြင်းနှင့် ယနေ့ညနေတွင် မြန်မာ့တပ်မတော်မှ ရဲဘော်ဖြူကို ချေမှုန်းလိုက်သည်တို့ကို ကြားသိပြီးဖြစ်ပေသည်။

ထိုအခါ ကွန်မြူနစ်တို့သည် ၎င်းတို့၏နယ်မြေကို စွန့်လွှတ်၍ ထွက်ပြေးပြီလော သို့မဟုတ် အသင့်အနေအထားဖြင့် တပ်မတော် စစ်ကြောင်းကို စောင့်မျှော်နေမည်လော။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် အထူးသတိ ဝီရိယထားလျက် ရန်သူရှိမည်ဟုယူဆရသော နေရာတို့ကို ရှောင်ကွင်း၍ ခြေသံလုံလုံဖြင့် ထွက်ခွာခဲ့ကြသည်။

ဗိုလ်ကျော်ဇောသည် မြင်းပေါ်တွင် ခွထိုင်လျက် ခြေတွဲလျောင်းချထားသဖြင့် သွေးကျပြီး နာကျင်နေဟန်ရှိသည်။ တကျွတ်ကျွတ်စုတ်သပ်လျက်ရှိပါသည်။ ကျွန်တော်သည် ဗိုလ်ကျော်ဇောကို ရှေ့ထား၍ နောက်မှ သိုင်းဖက်ကာ စီးနင်းလာကြခြင်းဖြစ်သည်။ ဗိုလ်ကျော်ဇောသည် ကျွန်တော့်ကို ကျောမှီ၍ အိပ်ငိုက်နေဟန်တူပါသည်။

ကျွန်တော်သည် ပတ်ဝန်းကျင်ကို မပြတ်တမ်း ကြည့်ရှုအကဲခတ်၍ လာခဲ့သည်။ မကြာခင် အိပ်ငိုက်နေသည့် ဗိုလ်ကျော်ဇော်၏လက်သည် ကျွန်တော့်ခါးမှ ရေဘူးဆီ ရောက်ရှိလာသဖြင့် ကျွန်တော်သည် ထိုလက်ကို ဖြုတ်ချလိုက်ပါသည်။

"ဗိုလ်ရဲတင့် ငါမရတော့ဘူးကွာ၊ တအားဆာလာပြီ၊ မနေနိုင်တော့ဘူး၊ အချိန်စေ့လောက်ပါပြီ"

"ဟာ မလုပ်ပါနဲ့ကွယ်၊ အနေကြီးနေလာပြီးမှ သိပ်မစောင့်ရတော့ပါဘူး"

ကျွန်တော်သူ့ကို နှစ်သိမ့်၍ မြင်းကို အသော့နှင်လာခဲ့သည်။ မကြာမီမှ ရာဇဝင်ချောင်းသို့ရောက်လာတော့မည်။ ဒီပိုင်နက်သို့ ရောက်တော့မည်ဖြစ်၍ အားတက်မိသည်။ လရောင်မှုန်ရေးရေးအောက်တွင် အညာဒေသ၏ နွေလွင်ပြင်ရှုခင်းသည် လွမ်းမောဖွယ် ကောင်းလှပါသည်။ ဟိုးအဝေး ရိုးဖျားထက်ဆီရှိ လက်ပံပင်ကြီးထက်မှ ကြေကွဲဆွတ်မြဖွယ် ကောင်းလှသော ဥသြတွန်သံကိုလည်း ကြားရပါသည်။

ရာဇဝင်သဲချောင်းသို့ ရောက်လာပါသည်။

"ရန်သူ့နယ်မြေ လွန်လာခဲ့ပြီ၊ ခြေထောက်က သွေးကျလို့ ထင်တယ်၊ တအားကို နာနေတယ်၊ ချောင်းရိုးထဲ သောင်ခုံကောင်းတဲ့ နေရာလေးမှာ ခဏနားကြရအောင်"

မြင်းညိုကြီးလည်း မောနေပြီ။ ကျွန်တော်လည်း စိတ်မောလူမောဖြင့် ပင်ပန်းလှပြီ။ ထို့ကြောင့် လရောင်များ ဖြာကျနေသည့် ချောင်းရိုးအထက်ကွေ့တစ်နေရာ ကျယ်ပြန့်လှသော သဲသောင်ခုံတစ်ခုတွင် နားလိုက်ကြပါသည်။

လူသူ အရောက်အပေါက်နည်း၍ သဲများမှာ သန့်ရှင်းလျက်ရှိပြီး အေးမြ၍နေရာ ကျွန်တော်တို့ နှစ်ဦးစလုံးမှာ ပက်လက်လှန် လှဲချလိုက်ပြီး ကျောအရသာခံလျက်ရှိစဉ် ဗိုလ်ကျော်ဇောသည် ရေဘူးကို လာစမ်းပြန်သည်။

"ဗိုလ့်ကျော်ဇော မလုပ်ပါနဲ့ကွာ၊ ခဏလေးသည်းခံပြီး စောင့်လိုက်ပါ"

"တော်ပြီကွာ၊ မစောင့်နိုင်တော့ဘူး၊ အချိန်စေ့လောက်ပါပြီကွာ၊ ပေးစမ်းပါ၊ အာဆွတ်ရုံလေးပါ၊ ဗိုက်ထဲမှာ ပူလှပြီကွ"

ဗိုလ်ကျော်ဇောသည် ရေဘူးကို လက်မှ မလွှတ်ပါ။ ခိုင်မာစွာ ဆုပ်ကိုင်ထားသည်။ အသံလည်း မာကျောလျက် ဗလုံးဗထွေးနိုင်လှသည်။ သူ၏မျက်လုံးတို့သည်လည်း ခွေးမျက်လုံးများနှင့် တူလာသည်။

"မဖြစ်လို့ပါကွာ၊ အကြာကြီး မစောင့်ရတော့ပါဘူး"

ကျွန်တော်သူ့ကို ချော့မော့နှစ်သိမ့်၍ပြောပါသည်။ သူ့လက်ကို ဆွဲဖယ်သည်၊ မရပါ။ ထိုစဉ် သူရော၊ ကျွန်တော်ရော အကြဲတူညီစွာဖြင့် သေနတ်များကို အတူဆွဲထုတ်လိုက်သည်နှင့် မောင်းတင်ပြီး ချိန်ရွယ်ပြီးဖြစ်သွားကြပါသည်။

"တစ်၊ နှစ်၊ သုံး ဆိုမယ်၊ သုံးမရောက်ခင် မင်းသေနတ်ကို လွှတ်ချလိုက်၊ မချရင်တော့ မင်းလဲ ငါ့ကို ပစ်ချင်ပစ်၊ ငါကတော့ မင်းကို ပစ်မှာပဲ၊ ဒါမှမဟုတ် ရေဘူး ငါ့ကိုပေး"

ဗိုလ်ကျော်ဇောသည် ဆုံးဖြတ်ပြီးပြီ။ မထူးဇာတ်ခင်းတော့မည်မှာ သေချာသည်။ အသံနှင့်မျက်နှာထားပါ မာကျောလျက်ရှိသည်။ ကျွန်တော် သူ့ကို ပစ်လိုက်လျှင် သူ သေမည်။ ကျွန်တော် သူ့ကို ရေဘူးမပေးလျှင် ကျွန်တော့်ကို သူ တကယ်ပစ်မည်။ ကျွန်တော် ထိချင်ထိ သေချင်သေသွားမည်။

ထိုအခါ သူသည် ရေသောက်ပေမည်။ ရေသောက်လျှင် သူသေပေမည်။ မည်သို့ပင်ဖြစ်စေ သူကတော့ သေလူဖြစ်နေမည်။ ကျွန်တော် သူ့နောက် အဆစ်မလိုက်ပါလိုတော့၊ ကျွန်တော့်မှာ မိသားစု ရှိသေးသည်။

"တစ်. . . နှစ်"

ဗိုလ်ကျော်ဇောမှစ၍ အမှတ်စဉ် ရေတွက်ပြီ။ ကျွန်တော် ရေဘူးကို လွှတ်ပေးလိုက်သည်။ သေနတ်ကိုတော့လွှတ်မချပါ။ သူသည် စိတ်ဖောက်ပြန်သူကဲ့သို့ ဖြစ်နေ၍ စိတ်မချရပါ။ သူ၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်နေမိသည်။

အရေးကြုံလျှင် ညာနေ၍မဖြစ်။ ကိုယ့်အသက်ကိုတော့ ကာကွယ်ရမည်။ ကျွန်တော်သည် သေနတ်မောင်းပေါ်တွင် လက်ကို အသင့်ထားပါသည်။

ဗိုလ်ကျော်ဇောသည် ကျွန်တော့်ခါးမှ ရေဘူးကိုဖြုတ်ယူ၍ အငမ်းမရ မော့သောက်လိုက်ပါသည်။

"ခွီး . . . ခွီး"

နှာခေါင်းနှင့် ပါးစပ်အတွင်းမှ အမြှုပ်များထွက်လာပြီး နောက်သို့ လန်ကျသွားကာ သောင်ပြင်ပေါ်တွင် လူးလှိမ့်လျက်ရှိပါသည်။

"အား ပူတယ်၊ ပူတယ်" ဟု ဆိုကာ ဝမ်းလျားမှောက်၍ ဗိုက်နှိပ်လျက် ဝေဒနာခံစားလျက် ရှိပါသည်။

www.burmeseclassic.com

သဲများအား လက်နှစ်ဖက်ဖြင့် ရိုက်ပုတ်သည်။ ယက်ထုတ်သည်။ခြေဖြင့် ကန်သည်။ ကျွန်တော်လည်း ဘာလုပ်ရမည်မသိ၊ စိတ်လည်းပူသည်။ စိတ်လည်းညစ်ပါသည်။ ကြောင်၍ ကြည့်နေမိသည်။

ထိုစဉ် ကျွန်တော်တို့ အထက်တည့်တည့် ကောင်းကင်ယံတွင် တစ်တီတူး သုံးကောင်ပျံဝဲလျက် . . .

"တစ် တစ် တစ် တစ်တီတူး"ဟု အော်မြည်လျက် ရှိပါသည်။

ကျွန်တော်တို့ဒေသတွင် တစ်တီတူးကို ငှက်ဆိုးဟုယူဆပါသည်။ လသာသောညများတွင် ထွက်ပေါ် အော်ဟစ်လေ့ရှိပါသည်။

ကျွန်တော့်တွင် မကောင်းသောနိမိတ်၏ အငွေ့အသက်များကို ခံစားရရှိနေပါသည်။ ရုတ်တရက် ဗိုလ်ကျော်ဇောသည် ရှိသမျှအားအင်ဖြင့် ကုန်းရုန်းထကာ ဒယီးဒယိုင်ဖြင့် ထွက်ပြေးပါသည်။

"ကြောက်ပါပြီ အမေကြီး၊ ကျွန်တော့်ကို မသတ်ပါနဲ့၊ ကျွန်တော် မသိလို့ပါဗျာ"

ဗိုလ်ကျော်ဇောသည် အော်ဟစ်၍ ပြေးလွှားနေရာမှ "အားခနဲ" အသံနက်ကြီးဖြင့် ကြောက်မက်ထိတ်လန့်ဖွယ်ရာ အော်ပြီး လဲကျသွားပါသည်။

ဗိုလ်ကျော်ဇောအား ကူညီဖေးမရန် ကျွန်တော် ပြေးလိုက်သွားသည်။

ဗိုလ်ကျော်ဇောသည် တစ်ချက်မျှသာတွန့်လျက် အသက်ပျောက်သွားပါတော့သည်။ ကျွန်တော်သည် ဗိုလ်ကျော်ဇော၏အလောင်းအား အရှေ့ဘက်သို့ ခေါင်းပြု၍ ဆန့်လျက်အနေအထားသို့ ပြောင်းရွှေ့လိုက်ပြီး မြင်းဖြင့်ကင်းစခန်းသို့ ထွက်ခဲ့ပါသည်။

ကင်းရဲဘော်လေး တစ်ယောက်အား အလောင်းကို စောင့်ကြည့်ရန် တာဝန်ပေးခဲ့သည်။ဤတော ဤတောင်များတွင် တောခွေးနှင့် ခွေးအ,များရှိ၍ အလောင်းမပျောက်ပျက်စေရန် စီစဉ်ရခြင်းဖြစ်သည်။ ထို့နောက် ကျွန်တော်သည် ဌာနချုပ် ရောက်ရောက်ချင်း နာရီကိုမေးလိုက်ရာ ၁၁ နာရီခွဲသာ သာမျှသာ ရှိသေးကြောင်း ရှိရပါသည်။ ဗိုလ်ကျော်ဇောသည် ၆ နာရီမပြည့်မီ ၁၅ မိနစ်ခန့်အလိုတွင် ရေသောက်မိ၍ သေဆုံးရခြင်း ဖြစ်ကြောင်း တွက်ဆမိပါသည်။

ကျွန်တော်သည် ပထမဦးဆုံး မြို့သာယာရှိ စစ်ရေးအခြေအနေကို ဘင်ပြသည်။ထို့နောက် ဗိုလ်ကျော်ဇော၏ အဖြစ်အပျက်ကို တင်ပြသည်။

"အေးကွာ. . ဗိုလ်ကျော်ဇောအံကြောင်းကြားရတာ စိတ်မကောင်းပါဘူးကွာ၊ ဒါပေမဲ့ သူ့ကံပေါ့လေ၊ ဘယ်တတ်နိုင်မလဲ၊ အခုအတိုင်းဆို စစ်ရေးအခြေအနေ မကောင်းဘူး၊ ဗဟိုနဲ့လဲ အဆက်အသွယ် ပြတ်နေတယ်၊ အဲဒီတော့ အထက်အမိန့်ကို စောင့်နေလို့ မဖြစ်တော့ဘူး၊ ကိုယ့်ဘာသာ မီးစင်ကြည့်က,ရမှာပဲ၊ ဆီမီးခုံကနေ ဧရာဝတီကိုဖြတ်ပြီး ဗိုလ်ဇေယျတို့အဖွဲ့နဲ့ သွားပူးပေါင်းရလိမ့်မယ်၊ အခု ဗိုလ်ရဲတင့်နဲ့ ငါးယောက် ငါနဲ့လိုက်ခဲ့ကြ၊ ကျန်တဲ့ရဲဘော်တွေ ပစ္စည်းသိမ်းနှင့်၊ မြင်းတွေ ပြည့်စုံအောင် စီစဉ်ထား၊ မနက်မိုးလင်းတာနဲ့ အနောက်ဘက်ကမ်းကူးပြီးသား ဖြစ်အောင် အခုညတွင်းချင်း ခရီးထွက်မယ်"

ကျွန်တော်နှင့် ဗိုလ်သံဒိုင်တို့ ဗိုလ်ကျော်ဇောရှိရာ ရာဇဝင်ချောင်းဆီသို့ ထွက်လာခဲ့ကြသည်။

ရဲဘော်လေးများကို ထန်းရွက်ခြောက်များ ကောက်ယူစုပုံစေသည်။ ဗိုလ်သံဒိုင်သည် အမိန့်ပြန်ပေးပါသည်။ ကျွန်တော်သည် အတူသွားအတူလာရဲဘော်ရဲဘက် သူငယ်ချင်းဖြစ်သောကြောင့် စိတ်မထိန်းနိုင်ပါ။ ဝမ်းနည်းလွန်း၍ မျက်ရည်များ တလိမ့်လိမ့်ကျလာမိပါသည်။

ဗိုလ်ကျော်ဇောသည် မြင်းခြံခရိုင် မြင်းခြံမြို့နယ်အတွင်းရှိ ရာဇဝင်ချောင်းနေရာတွင် ထာဝရ အနား...
သွားခဲ့ပေပြီ။ အမိန့်ပြန်ပေးပြီးသော အခါ ကျွန်တော်တို့သည် ဗိုလ်ကျော်ဇောအား အလေးပြုလိုက်ကြသည်။

ကျွန်တော်သည် ဗိုလ်ကျော်ဇောအား နောက်ဆုံးအနေနှင့် လက်...ယမ်းနှုတ်ဆက်လိုက်ပြီး ထင်းပုံပေါ်သို့ အသာအယာ မ,တင်ပေးလိုက်သည်။ ဗိုလ်သံဒိုင်မှ မီးရှို့လိုက်သည်။ ထန်းရွက်ခြောက်များကြောင့် တစ်ခဏတွင်း မီးတောက်ကြီးများ မြင့်တက်လာပြီး ဗိုလ်ကျော်ဇောကို ဝါးမျိုသွားသည်။

"ကဲ, ဗိုလ်ရဲတင့် အချိန်သိပ်မ...တော့ဘူး၊ ခရီးထွက်ကြရမှာဆိုတော့ ငါတို့ သွားကြစို့"

ဗိုလ်သံဒိုင်မှ သတိပေးကာ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သဖြင့် ကျွန်တော်လည်း မြင်းပေါ်သို့တက်...၎င်းတို့၏နောက်မှ လိုက်ပါခဲ့ရပါတော့သည်။ ဗိုလ်ကျော်ဇောအား ဝါးမျို...တောက်လောင်လျက်ရှိသော မီးပုံကြီး...တလိပ်လိပ်တက်လျက်ရှိသော မီးခိုးလုံးကြီးတို့သည်လည်း တဖြည်းဖြည်းဝေး၍ ကျန်ခဲ့ပါတော့သည်။

ကျွန်တော်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ဗိုလ်ကျော်ဇော ပြောဖူးသော လိပ်စာအတိုင်း သူ့...မိဘများထံသို့သွား၍ ဤအကြောင်း...အရာများကို ပြောပြကာ သူ၏ပစ္စည်း...လေးများကို ပြန်လည်အပ်နှံပေးပါမည်...ဟု မျက်စိထဲတွင် မြင်ယောင်လျက် ရှိသေးသော ဗိုလ်ကျော်ဇောအား က...ပြုမိပါတော့သည်။

(သောင်းကျန်းသူများ ချုပ်ငြိမ်း...မိစ္ဆာအတတ်ပညာများ ဤကမ္ဘာမြေ...ပေါ်၌ ကွယ်ပျောက်သွားပြီး နေရာတိုင်း...တွင် သူတော်ကောင်းတရားများ ထွန်း...တောက်ပါစေဟု ဆန္ဒပြုလျက်)

❒ ဘိုဘို(ရွှေထံ...





www.burmeseclassic.com

www.burmeseclassic.com

ဒုတပ်ကြပ်ကြည်ဝင်း အလောင်းအား သင်္ဂြိုဟ်သောနေ့၊ တပ်ရင်းမှူး အပါအဝင် အရာရှိ အရာခံ အကြပ် စစ်သည်များနှင့် မိသားစုဝင် အိမ်ထောင်သည် ရဲမေများကပါ အလောင်းမြေချမည့်ကျင်းအား ဝန်းရံကာ စိတ်မကောင်းစွာ နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ရှုနေကြသည်။ တပ်ရေးဗိုလ်ကြီး၏ အမိန့်ပြန်တမ်းစာ ဖတ်ကြားပြီးဆုံးသွားသောအခါ အားလုံးမျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ကြရလေသည်။

❖

ရန်ကုန်-မန္တလေး လမ်းမကြီးဘေး အလယ်ပိုင်းဒေသ မြို့လေးတစ်မြို့နှင့် သုံးမိုင်အကွာတွင် တည်ရှိသော ကျွန်တော်တို့ တပ်ရင်းသည် အမှတ် (၈၈) ခြေမြန်တပ်မ၏ လက်အောက်ခံ တပ်ရင်းတစ်ရင်း ဖြစ်သဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းနှင့် မိုင်းယောင်းနယ်မြေများသို့ စစ်ဆင်ရေးဝင်ရောက်ကြရသည်။

ထိုကဲ့သို့ သွားရောက်တာဝန်ထမ်းဆောင်ရသည်မှာ တောင်ပေါ်ဒေသ ဖြစ်သဖြင့် ရာသီဥတုဒဏ်ကိုလည်း ကြမ်းတမ်းစွာ ခံစားကြရသည်။ သို့သော်လည်း ကျွန်တော်တို့ တပ်မတော်သားများဆိုသည်မှာ အထက်မှပေးအပ်သော တာဝန်ကိုပင် အသက်ပေး ထမ်းဆောင်ကြရသူများ ဖြစ်ကြပါသည်။

ကျွန်တော် ၏တပ်ရင်းသို့ ပြောင်းရွှေ့ ရောက်ရှိလာခဲ့သည်မှာ တစ်လပင်မပြည့်သေး။ မိုင်းယောင်းဒေသသို့ စစ်ဆင်ရေးထွက်လာခဲ့ရသည်။ ထိုအချိန်က ရန်သူတပ်မဟာတစ်ခုမှာ မိုင်းယောင်းမြို့၏ အရှေ့ဘက် ဆယ်မိုင်

## ကောင်းဝိဟိဦး (မနိစ္စဝဦး)
## မိုင်တိုင်အမှတ် (၁၀၀၀၀၀၀)





www.burmeseclassic.com

www.burmeseclassic.com

ကျော်ခန့်ဝေးသော ကော်နန်းတောင်းတောင်ကြောကြီးကို ခြေကုပ်ယူကာ မိုင်းယောင်းဒေသအား ခြိမ်းခြောက်လျက်ရှိသည်။

ထို့အပြင် မိုင်းယောင်းဒေသကွင်းပြန့်အထိ ဆင်းလာကာ ဆက်ကြေးတောင်းခြင်း၊ ရိက္ခာယူခြင်း၊ လူသစ်စုဆောင်းခြင်းကိုပါ အတင့်ရဲစွာ ပြုလုပ်လာလျက်ရှိနေလေသည်။

သို့ကြောင့်လည်း မိုင်းယောင်းတွင်ရှိနေသော နည်းဗျူဟာ (၈၈၁)မှာ ထိုရန်သူအား တိုက်ခိုက်ရန် အမြန်စီစဉ်ရလေသည်။

ကျွန်တော်တို့တပ်ရင်းနှင့် အခြားတပ်ရင်းတစ်ရင်းအား နည်းဗျူဟာမှူးကိုယ်တိုင်ကြီးကြပ်ကွပ်ကဲလျှက် ၁၉၇၈ ခုနှစ်၊ ဇွန်လဆန်းတွင် ကော်နန်းတောင်းတောင်ကုန်းကြီးအား စတင်တိုက်ခိုက်ခဲ့သည်။

တပ်ရင်းနှစ်ရင်း ညှပ်ပူးညှပ်ပိတ်ဝင်ရောက်တိုက်ခိုက်သဖြင့် သုံးရက်မြောက်နေ့တွင် ရန်သူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြရသည်။

ကျွန်တော်တို့ တပ်ခွဲမှ ထိုကော်နန်းတောင်း တောင်ကုန်းကြီးအား တက်ရောက်ရှင်းလင်းခဲ့ရပြီး ကုန်းကြီးတစ်ခုလုံး ရှင်းလင်းပြီးသောအခါ ထိုကုန်း၌ပင် ညအိပ်အခြေပြုရန် ညွှန်ကြားချက်ရရှိသဖြင့် တပ်ခွဲမှူးမှ ကျွန်တော့်တပ်စုအား အမြင့်ဆုံးပွိုင့်ကုန်းတွင် အခြေပြုရန် တာဝန်ပေးပါသည်။

ပစ်အားကောင်း စက်လတ်တစ်စုံကိုလည်း ကျွန်တော့် တပ်စုသို့ တွဲပေးလိုက်ပြီး အပေါ်ပွိုင့် ကုန်းသို့ ခေါ်ဆောင်လာခဲ့သည်။

အချိန်မှာ ညနေ ငါးနာရီထိုးပြီးဖြစ်သဖြင့် တောတောင်ထူထပ်သော ကော်နန်းတောင်း တောင်ကုန်းကြီးမှာ အတော်ပင် မှောင်စပြုနေလေပြီ။ စခန်းချရမည့် တောင်ထိပ်နေရာအရောက်တွင် ကျွန်တော်လည်း အတော်ပင် မောဟိုက်နေပြီဖြစ်သဖြင့် မြေကြီးပေါ်တွင် နားချင်စဖွယ် ဝါးခြမ်းပြားများခင်းထားသော နေရာတစ်ခုအား မြင်တွေ့လိုက်ရပြီး မောမောနဲ့ ထိုင်ချရန် ကြမ်းခင်းပေါ်သို့ လက်တစ်ဖက်ထောက်ချလိုက်သည်။ ထိုစဉ်မှာ. . .

"ဗိုလ်ကြီး ဗိုလ်ကြီး မထိုင်နဲ့ဦး၊ မထိုင်ပါနဲ့ဦး၊ ဒီနေရာမျိုး မိုင်းရှိတတ်တယ်၊ ကျွန်တော် မိုင်းအရင်ရှာလိုက်ဦးမယ်"

ဟုပြောကာ သူထမ်းလာသော စက်လတ်ကြီးအား ထိုနေရာအနီးတွင် ခွထောက်ထားခဲ့ပြီး ခင်းထားသော ဝါးကြမ်းများအား တစ်ချပ်ချင်း လှန်လှော၍ရှာဖွေလေသည်။

ထိုစက်လတ်ရဲဘော်မှာ အေးဆေးတည်ငြိမ်စွာဖြင့် စနစ်တကျ ရှာဖွေသည်ကို တွေ့ရသည်။

ခဏအကြာတွင်. . .

"ဗိုလ်ကြီး ဒီမှာ မိုင်းတစ်လုံးတွေ့တယ်"

ရဲဘော်၏ စကားသံကြောင့် ကျွန်တော့်ရင်တစ်ပြင်လုံး တဒိန်းဒိန်းခုန်သွားခဲ့ရသည်။ အမှန်ဆိုလျှင် ထိုရဲဘော်လေးသာ ရောက်မလာပါက ကျွန်တော်မောမောနဲ့ ထိုင်ချမိမည်မှာ အမှန်ပင်။

ကျွန်တော် ထိုင်ချလိုက်သည်နှင့် ကျွန်တော့်တင်ပါးအောက် ရောက်နေသော ရန်သူ့မိုင်းမှာ ကျွန်တော့်အား သေတွင်းပို့ရန် စောင့်ကြိုနေသည်မှာလည်း အမှန်ပင်ဖြစ်သည်။ စိတ်ထဲကလည်း ထိုရဲဘော်လေးအား ကျေးဇူးတင်နေမိသည်။ ထိုစဉ်. . .

"နောက်ထပ် မိုင်းနှစ်လုံးတွေ့ပြန်ပြီ ဗိုလ်ကြီး"

ထိုရဲဘော်လေးအား ကြည့်ရသည်မှာ မည်သည့်အလုပ်ကိုမဆို လုပ်ချင်ကိုင်ချင်စိတ်ဖြင့် အေးဆေး တည်ငြိမ်စွာ လုပ်ကိုင်တတ်ကြောင်းနှင့် ဖော်ယူရရှိသည့် မိုင်းသုံးလုံးမှ စနက်တံများကိုလည်း အပြင်သို့ ဖြုတ်ချထုတ်ယူနေသည်ကို တွေ့ရသည်။

"တော်သေးတာပေါ့ ဘာမှမဖြစ်လို့၊ ဒီခွေးသားတွေက ဒီဘက်မှာ ဒီလိုလုပ်လေ့လုပ်ထရှိတယ် ဗိုလ်ကြီး၊ သူတို့ဆုတ်သွားရင် ထိုင်ချင်စရာ နားချင်စရာတွေလုပ်ပြီး မိုင်းထောင်ထားတတ်တယ်၊ ကျွန်တော် ဒီခွင် စစ်ဆင်ရေးဝင်တာ သုံးခေါက်ရှိပြီ ဒီလိုချည်းပဲ၊ ဗိုလ်ကြီးလဲ နောက်ဆို သတိအများကြီးထားပါ"

"ကျေးဇူးတင်ပါတယ်ကွာ"

❖

ကျွန်တော် မိုးကာတဲထဲတွင် အိပ်နေသော်လည်း အိပ်၍မပျော်။ ညဦးက အဖြစ်အပျက်ကို သတိရနေမိသည်။ တကယ်လို့များ ဟိုစက်လတ်ရဲဘော်လေးသာ မိုင်းမရှာမိဘဲ ထိုင်ချလိုက်မည်ဆိုပါက အခုချိန် ဘိုလျှင် မြေတွင်းထဲ ရောက်နေလောက်ပြီဟု တွေးမိတိုင်း ရင်ခုန်နေမိသည်။

ပြီးတော့ တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်နဲ့ တည်ငြိမ်အေးဆေးစွာ မိုင်းဖော်ပေးသော စက်လတ်ရဲဘော်လေးကိုလည်း မြင်ယောင်လာမိသလို ကျေးဇူးတွေလည်း အများကြီးတင်မိသည်။

ထို့ကြောင့်လည်း မိမိ၏အထူ ရဲဘော်သိန်းဦးအား စက်လတ် ရဲဘော်ကို သွားခေါ်ခိုင်းလိုက်သည်။

ခဏအကြာတွင် စက်လတ်တိုင် ရဲဘော်လေး ကျွန်တော့် အိပ်ရာတဲသို့ရောက်လာသည်။

အရက်နံ့ကဲ ထောင်းခနဲထ ကျွန်တော့် နှာခေါင်းဝသို့ ရိုက်ခတ်ဝင်လာသည်။

"ထိုင်ပါဦးကွာ၊ မင်းက ဌာနချုပ် တပ်ခွဲကပဲလား၊ နာမည်က ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် ကြည်ဝင်း ဗိုလ်ကြီး၊ ကျွန်တော်လက်နက်ကြီးတပ် စက်လတ်တပ်စုကပါ၊ ဗိုလ်ကြီးက ကို ရောက်ခါစမို့ ကျွန်တော့် မသိသေးတာပါ၊ ကျွန်တဲ့ ဗိုလ်ကြီးတွေ သိရဲ့ မက မျက်စိပါ စပါးမွေးစူးနေကြ



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ဒါဆိုတော့ မင်းက တစ်ခုခုမှာ ထူးချွန်နေလို့ပဲ ထင်ပါရဲ့ကွ၊ ပြောပြပါဦး"

"ဟုတ်တယ်ဗိုလ်ကြီး၊ ကျွန်တော်က လူပျိုလူလွတ် မိဘနှစ်ပါး မရှိတဲ့ တစ်ကောင်ကြွက်ဆိုတော့ ဘဝအတွက် ဘာမှ မလိုဘူး၊ ပျော်ပျော်ပါးပါးပဲ၊ အပေါင်းအသင်းတွေနဲ့ အရက်သောက်တယ်၊ အရက်ရှိနေရင် အမြဲသောက်ဖြစ်တယ်၊

ကျွန်တော့်မှာ တစ်ခု ခက်တာက နောက်တန်း တပ်ပြန်နားလို့ မြို့ထဲရွာထဲ သွားလည်ပြီး အရက်သောက်ဖြစ်ရင် အဲဒီမှာ အပြင်ကလူနဲ့ ရန်ဖြစ်တာပဲ၊ အဲဒီလို အရက်မူးပြီး အရပ်သားနဲ့ ရန်ဖြစ်တာကို တပ်ရင်းမှူးက လုံးဝ ခွင့်မလွှတ်ဘူး၊ အချုပ်ထဲ တန်းထည့်ပဲ၊ နောက်တန်းရောက်လို့ အရပ်ထဲ ရန်ပွဲဆို ကြည်ဝင်းပဲ ဗိုလ်ကြီး၊

အဲဒါကြောင့် အရာရှိတွေ မသိဘဲရှိပါ့မလား၊ အချုပ်ထဲ ခဏခဏ ရောက်နေတော့ အားလုံး သိကြတာပေါ့၊ တပ်နားတာက တစ်လ ကျွန်တော် အချုပ်ထဲနေရတာက (၂၁)ရက်၊ အချုပ်ထဲနေရင်းပဲ ရှေ့တန်းထွက်ရတာ များပါတယ်"

"အင်း, ဟုတ်ပြီ ဟုတ်ပြီ၊ မင်းရဲ့သဘောထားကိုတော့ ငါ အကဲခတ်မိပါပြီ၊ ဒါနဲ့ မင်းက တို့တိုင်းရင်းသားတွေထဲက ဘာလူမျိုးလဲကွာ"

တပ်သားကြည်ဝင်း၏ စကားပြောသံမှာ ခပ်ဝဲဝဲ ကြားနေရသဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော် ကရင်လူမျိုးပါ ဗိုလ်ကြီး၊ သံတောင်မြို့နယ်ထဲက အရှေ့ဘက် တော်တော်ဝေးတဲ့ရွာကပါ။ မိဘနှစ်ပါးလုံး သောင်းကျန်းသူတွေ သတ်သွားလို့ မရှိတော့ပါဘူး၊ ကျွန်တော့်မှာ အားကိုးစရာ အစ်ကို မောင်နှမလဲမရှိဘူး၊ ဘဝမှာ အားကိုးစရာဆိုလို့ တပ်မတော်ပဲရှိတယ်၊ အဲဒါကြောင့် တပ်ထဲဝင်ပြီး ပျော်သလို နေခဲ့တယ် ဗိုလ်ကြီး"

"အရက်ကော နေ့တိုင်းသောက်သလားကွာ"

မဆီမဆိုင် ကြားဖြတ်အမေး စကားကြောင့် တပ်သားကြည်ဝင်း စိတ်ထဲ အတော်ပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားဟန်တူပါသည်။

အခုမှ စတွေ့ဖူးသော အရာရှိ တစ်ယောက်ထံသို့ အရက်သေစာ သောက်စားလာမိသဖြင့် မလေးမစား များဖြစ်သွားခဲ့ပြီလားဟုလည်း တွေးကာ ပူပန်သွားခြင်းလည်း ဖြစ်ပေမည်။

"အမြဲတော့ မသောက်ဘူး ဗိုလ်ကြီး၊ အခုလို ရှေ့တန်းမှာကျတော့ ရှိတဲ့အခါလဲ သောက်ဖြစ်ပါတယ်၊ မရှိတော့လဲ မသောက်ဘဲနေလိုက်တာပဲ၊ တစ်ခုတော့ရှိပါတယ်၊ နောက်တန်းမှာ တပ်နားနေတုန်း သူငယ်ချင်းတွေနဲ့ နေ့တိုင်းလိုတော့ သောက်ဖြစ်ပါတယ်"

"ဟ,မင်းစောစောက ပြောတော့ နောက်တန်းပြန်ရောက်ရင် တပ်နားတာက တစ်လ၊ အချုပ်ထဲမှာ နေရတာက (၂၁)ရက်ဆို၊ အချုပ်ထဲမှာ အရက်တွေဘာတွေ သောက်ရလို့လား ကြည်ဝင်းရာ"

"မဟုတ်ပါဘူး၊ အချုပ်ထဲမှာတော့ ဘယ်သောက်ရမလဲ ဗိုလ်ကြီး၊ ကျွန်တော်က ဥပမာ ပြောပြတာပါ"

"ဒါဆို မင်း အရက်မသောက်ဘဲ နေလဲ ရတာပဲ မဟုတ်လား၊ အရက်မသောက်ဘဲ နေလို့ရရင် မသောက်နဲ့ကွာ၊ အရက်သောက်တဲ့အတွက် ပထမ ငွေကုန်တယ်၊ မူးလာရင် ရန်ဖြစ်တယ်၊ အချုပ်ကျတယ်၊ အချုပ်ကျခံရတဲ့ နှစ်ဆယ့်တစ်ရက်တွက် လစာဖြတ်တယ်၊ အရက်သောက်များလာရင် ကျန်းမာရေး ထိခိုက်လာမယ်ကွာ၊ ဖြစ်နိုင်ရင်တော့ မသောက်တာ အကောင်းဆုံးပဲ"

ကျွန်တော်က ထိုသို့ ပြောပြလိုက်သဖြင့် တပ်သားကြည်ဝင်း ငိုင်ကျသွားသည်။ အတော်လေးကြာမှ ကျွန်တော့်အား မျက်နှာငယ်လေးနဲ့ ကြည့်ကာ. . .

"ဗိုလ်ကြီးက စေတနာနဲ့ ဆုံးမစကားပြောတာ ကျွန်တော်လက်ခံပါတယ်၊ ကျွန်တော့်ဘဝအတွက် အခုလို ဆုံးမစကားပြောတာ တစ်ယောက်မှ မရှိခဲ့ပါဘူး၊ ဗိုလ်ကြီးစကား နားထောင်တဲ့အနေနဲ့ ကျွန်တော် အတတ်နိုင်ဆုံး ဆင်ခြင်ပါ့မယ် ဗိုလ်ကြီး"

ကျွန်တော်နဲ့ တပ်သားကြည်ဝင်းတို့ ပထမဦးဆုံး စတင်တွေ့ဆုံခဲ့သည်မှာ ထိုနေ့ ထိုအချိန်က ထိုမျှသာ ဖြစ်ပါသည်။

❖

ရှေ့တန်းတွင် သွားလာလှုပ်ရှားရင်း တပ်သားကြည်ဝင်း၏ ကောင်းသတင်းကို ကြားရပါသည်။ တပ်သားကြည်ဝင်းမှာ အရက်သောက်ပြီး ရန်ဖြစ်တာကလွဲလျှင် ကျန်တာအားလုံးကောင်းသည်။ ရဲဘော်ရဲဘက်စိတ် ရှိသည်။ အခြားမည်သူ့ကိုမဆို ကူညီရိုင်းပင်းတတ်သည်။

အထက်အရာရှိများအပေါ် မိဘလို လေးစားချစ်ခင်သည်။ ပြီးတော့ အလုပ်တာဝန်ကို တိကျစွာ လိုက်နာသည်။ သွက်လက်ဖျတ်လတ်မှု ရှိသည်ဆိုသည့် စစ်သားကောင်း တစ်ယောက်၏ အရည်အချင်းရှိကြောင်း အရာရှိများနှင့် ဆရာကြီးများထံမှ ကြားသိခဲ့ရသဖြင့် ကျွန်တော် ဝမ်းသာမိသည်။

ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံး စစ်ဆင်ရေးနယ်မြေမှ ပြန်နားခဲ့ကြပါသည်။ ကျွန်တော်တို့မှာ ပြန်နားသည်ဟုဆိုသော်လည်း လုံးဝ အနားယူခြင်း မဟုတ်ပါ။ ရှေ့တန်းတွင် အသုံးပြုခဲ့သော ရိက္ခာခြောက် ရိက္ခာစို ငွေစာရင်းများ၊ တိုက်ပွဲသုံး ခဲယမ်းစာရင်းများ၊ အခြားသော အသုံးစရိတ်များနှင့် ရှေ့တန်း စစ်ဆင်ရေးတွင် နေ့နေ့ညည ပင်ပန်းခဲ့သော စစ်သည်များ၏ လျော့ကျနေသော ကိုယ်ခံအား၊ ကျန်းမာရေး၊ အခြား လူမှုရေးလုပ်ငန်းများအတွက် လုပ်ဆောင်စရာကိစ္စရပ်များအား လုပ်ဆောင်ရန်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုလုပ်ငန်းစဉ်များကို တာဝန်ကျရာလုပ်ဆောင်နေကြရသဖြင့် မည်သူမျှ အားလပ်နေသည်ဟူ၍ မရှိကြ။ တစ်နေ့တွင် ကျွန်တော် တပ်ရင်းတာဝန်မှူး တာဝန်ကျသဖြင့် တပ်ရင်းဗဟိုကင်းအား သွားရောက် စစ်ဆေးရသည်။ ကင်းတပ်စိတ်နှင့် လက်နက်ခဲယမ်းများ၊ လက်နက်တိုက်များနှင့် အချုပ်သားစာရင်းများကို စစ်ဆေးခဲ့ရာ အချုပ်သားစာရင်းတွင် တပ်သား ကြည်ဝင်းအား တွေ့လိုက်ရသဖြင့် စိတ်မကောင်းစွာဖြင့် ခေါ်ယူမေးမြန်းကြည့်မိသည်။

တပ်သားကြည်ဝင်း ထိုနေ့က ဝါးတန်းရပ်ကွက်ရှိ သူငယ်ချင်းထံသွားလည်ရင်း အရက်သောက်ဖြစ်ကြောင်း၊ ညနေစောင်းတပ်သို့ ပြန်လာရာလမ်းတွင် လမ်းသရဲ သုံးယောက်က လိုက်စသဖြင့် ရန်ဖြစ်ကြောင်း၊သုံးယောက်တစ်ယောက် လုံးထွေးသတ်ပုတ်ရာ နှစ်ယောက်မှာ မှောက်နေပြီး တစ်ယောက်က ထွက်ပြေးသွားကြောင်း၊ တပ်သို့ အမြန်ပြေးလာရာ လမ်းတွင် ဘယ်ဘက်လက်မောင်းမှ ဓားဒဏ်ရာကြောင့် သွေးများ စီးကျလာမှ ဒဏ်ရာကျခဲ့ကြောင်း သိရသည်။

သို့ကြောင့် ဗဟိုကင်းသို့ သွားကာ ကင်းမှူးထံ သတင်းပို့ပြီး ကိုယ့်ဘာသာ အချုပ်ထဲ ဝင်နေခဲ့ကြောင်း ပြောပြသည်။

တပ်သားကြည်ဝင်း ပြောပြသဖြင့် ရယ်လည်း ရယ်ချင်မိသည်။ သနားလည်း သနားမိပါသည်။ သူတစ်ခါက ရှေ့တန်းတွင် ပြောပြခဲ့သော စကားအတိုင်းပင် . . .

"ကျွန်တော်က နောက်တန်းရောက်ရင် တပ်နားတာက တစ်လ၊ ကျွန်တော် အချုပ်ထဲ နေရတာက (၂၁) ရက်၊ အချုပ်ထဲနေရင်းပဲ ရှေ့တန်းထွက်ရတာ များပါတယ်"

ကျွန်တော်တွေးရင်း ဗဟိုကင်းမှ ပြန်ထွက်လာခဲ့သည်။

ရုံးရောက်တော့ တပ်ရဲတပ်ကြပ်ကြီး ဆရာထွန်းကြည်အား ခေါ်ယူကာ အချုပ်သားများနှင့် တပ်ဂိတ်ဝ သန့်ရှင်းရေး၊ ပန်းပင်များအား မြက်ရှင်းပြီး ရေလောင်းပေးရေး၊ အလှအပ မွမ်းမံထားသော သစ်သားခြံစည်းရိုးများ ထုံးသုတ်ရေးတို့ကို အခုက စတင်ဆောင်ရွက်ရန် တာဝန်ပေးလိုက်ပါသည်။

မနက်ပိုင်း ၁၀ နာရီခန့်တွင် ကျွန်တော်ရိပ်သာသို့ ခဏပြန်လာရာ တပ်ရှေ့ဂိတ်ဝဘက်မှ "ဝုန်း . . . ဒိုင်း" ဟူသော အသံတစ်ခုကြောင့် ချက်ချင်းပင် တပ်ဂိတ်ဝသို့ လိုက်သွားခဲ့ပါသည်။

အချုပ်သားများနှင့် တပ်ဂိတ်ဝတွင် အလုပ်လုပ်နေသော ဆရာကြီးထွန်းကြည်က . . .

"ဗိုလ်ကြီး ကားနှစ်စီးတော့ တိုက်လိုက်ကြပြီ၊ ဘယ်သူတွေသေလို့ ဘယ်သူတွေ ဒဏ်ရာဘယ်လောက်ရကြလဲ မသိဘူး"ဟု သတင်းပေးပို့လာသဖြင့် ကျွန်တော်လည်း အချုပ်သားများနှင့်အတူ ကားတိုက်ရာမှာ ဝိုင်းဝန်းကူညီရင်း ဒဏ်ရာရသူများကို တပ်ကကားဖြင့် မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ပေးလိုက်ပါသည်။

ထိုအထဲတွင် အသက်(၃၀)ခန့် အမျိုးသမီးတစ်ဦး အသက်မရှိတော့ကြောင်း မြင်တွေ့လိုက်ရသဖြင့် များစွာ စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

ဖြစ်စဉ်များ အားလုံးရေးမှတ်ပြီးသောအခါ ဤမိုင်တိုင်အမှတ်နှင့်တံတားကလေးအကြောင်းကို ဆရာကြီး ထွန်းကြည်က ပြောပြပါသည်။

"ကျွန်တော်တို့ တပ်ရှေ့မှာ ဒီမိုင်တိုင်အမှတ်(. . .)နဲ့ ဒီတံတားကလေးဟာ ခဏခဏ ကားတိုက်မှုဖြစ်တယ်၊ ကားတိုက်မှု မဖြစ်ရင် တံတားအဝင်မှာ ကားမှောက်တယ်။

တစ်ခုခုဖြစ်တိုင်း လူ အသေအပျောက် ရှိတယ်၊အဲဒါ မကောင်းဆိုးဝါး တစ်ခုခုက ဝင်စီးနေတယ်လို့ ဒီနားက လယ်သမားတွေပြောကြတယ်၊ တစ်နှစ် တစ်ခါလောက်လဲ အမြဲဖြစ်တယ် ဗိုလ်ကြီး"

ဆရာကြီးထွန်းကြည် ပြောပြ[illegible] သဖြင့် ကျွန်တော် ထိုမိုင်တိုင်အမှတ် (. . .)နှင့် ကပ်နေတဲ့ တံတားလေး[illegible] သေသေချာချာ လေ့လာကြည့်မိသည်[illegible] မှန်ပါသည်။

တံတားလေးနေရာက အကော်[illegible] ပင်ကျဉ်းပါသည်။ ပြီးတော့ တံတား[illegible] အဝင်အထွက်လမ်းမှာ တံတောင်ဆ[illegible] ကွေ့လို့လဲ မဆိုသာ၊ မကွေ့တစ်ကွေ့ မသိမသာ ကွေ့သယောင်ယောင်နှ[illegible] လမ်းက အကော်ပင်လိမ်နေသည်[illegible] တွေ့ရသည်။ တစ်ဖက်မှလာသော [illegible] နှင့် အခြားတစ်ဖက်မှ ကားမှာ လ[illegible] ကျဉ်းနေသဖြင့် တိုက်မိဖို့က သေ[illegible] သလောက် ရှိနေသည်။ ပြီးတော့ တ[illegible] တည်း သတိမထားဘဲ အရှိန်နှင့်မော[illegible] လာလျှင်လည်း တံတားအုတ်ခုံ [illegible] တိုက်လျှင်တိုက် မတိုက်လျှင် လ[illegible] ကွက်ထဲ ထိုးကျပြီး ကားမှောက်မည်[illegible]

ထိုမိုင်တိုင်နှင့် ထိုတံတားက[illegible] မှာ ကျွန်တော်တို့တပ်ရှေ့က အန္တရာ[illegible] နယ်မြေတစ်ခုအဖြစ် အနီးပါးနား [illegible] သူများက မှတ်မှတ်ရရ ကြောက်[illegible] ထိတ်လန့်နေကြသည်ကိုတော့ ကျွ[illegible] တော် သတိထားမိခဲ့ပါသည်။

ကျွန်တော်တို့ တပ်ရင်းမှာလ[illegible] ခြေမြန်တပ်မ လက်အောက်တပ်[illegible] တစ်ရင်းဖြစ်သဖြင့် ရှေ့တန်းစစ်မြေ[illegible] မှာ အနေများသည်။ တစ်နှစ်မှာ န[illegible] ဆိုသော နားရက်က သိပ်သေချာ[illegible] တော့ မဟုတ်။ တစ်ခါတစ်ခါ ခုန[illegible] ရှစ်လ ရှေ့တန်းတွင် ကြာသွား[illegible] လည်း ရှိပါသည်။

သို့သော်လည်း နားချိန်က [illegible] လသာ ရှိပါသည်။ တစ်လဆိုသော [illegible] သုံးဆယ်မှာ ခေါင်းလှည့် ဖင်လှ[illegible] ကုန်ဆုံးသွားပါသည်။ တစ်လန[illegible] စစ်ဆင်ရေးနယ်မြေသို့ ပြန်ထွက်[illegible] ပြန်သည်။ ထိုကဲ့သို့ စစ်ဆင်ရေး [illegible] လ၊ ပြန်နား တစ်လ နေလာခဲ့သ[illegible] ငါးနှစ်ဆိုသော ကာလပင် ကျော်[illegible] ခဲ့လေပြီ။





www.burmeseclassic.com

www.burmeseclassic.com

၎င်းတပ်ရင်းသို့ စရောက်ခါစ တော်နန်းတောင်း တောင်ကုန်းပေါ်တွင် ကိုအသက်အား ကယ်တင်ခဲ့ဖူးသော တပ်သားကြည်ဝင်းပင်လျှင် ဒုတပ်ကြပ် ရာထူးသို့ တိုးမြှင့်ရရှိလာသဖြင့် ကျွန်တော် အလွန်ပင် ဝမ်းသာခဲ့ရပါသည်။

တပ်ရှေ့က မိုင်တိုင်အမှတ်(..) နှင့် တံတားကလေးမှာလည်း ကျွန်တော် မှတ်မိသလောက် ကားတိုက် ကား မှောက်ဖြင့် လေးငါးယောက်ပင် သေဆုံး ခဲ့ပြီး ဖြစ်ပါသည်။

ကျွန်တော် အမှတ်မိဆုံးမှာ လွန်ခဲ့သော တစ်နှစ်က လူရွယ်အမျိုး သားတစ်ယောက် ကားမှောက်ရာတွင် သေဆုံးသွားခဲ့သည်။

မိဘများထံ အကြောင်းကြား ထားပြီး သေသူအား လမ်းဘေးတွင် ခင်းထားကာ မိဘအလာကို စောင့် ကြသည်။ အလောင်းမှာ တစ်ရက်ပြီး တစ်ရက် ပုပ်ပွလာခဲ့သည်။ မိဘများ ရောက်လာကြသောအခါ မည်သို့မျှ ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ရန် မဖြစ်နိုင်တော့သဖြင့် ထိုနေရာ၌ပင် မီးသင်္ဂြိုဟ်ကာ အရိုးများ ယူဆောင် သွားခဲ့ကြသည်။

ထိုကဲ့သို့ပင် ကျွန်တော် မသိခဲ့ ရသော ကာလများစွာမှာ လူသတ္တဝါ တို့၏ အသက်ပေါင်းမည်မျှ သေဆုံးခဲ့ပြီ ဆိုသည်ကိုလည်း မည်သူမျှသိရှိနိုင်မည် မဟုတ်ပေ။

❖

ညနေ ၃ နာရီတွင် သီးသန့် ရထားဖြင့် တပ်ရင်းတစ်ရင်းလုံး ရှေ့ တန်းမှ ပြန်လည်ရောက်ရှိလာကြသည်။ မြို့ပေါ်က ပါတီကောင်စီ ဦးဆောင်ပြီး ရပ်ကွက်ကျေးရွာ စာသင်ကျောင်းများပါ မကျန် သောင်းသောင်းဖြဖြ တစ်မြို့လုံး ကြိုဆိုကြသည်။

မြို့တွင်းလမ်းမကြီး ဆုံးသည်နှင့် တပ်ရေးဗိုလ်ကြီး စီစဉ်ထားသော ကား တန်းဖြင့် ဆူဆူညံညံ အော်ဟစ်ပျော် မြူးကာ တပ်သို့ပြန်လာကြသည်။ မြို့နှင့် တပ်မှာ သုံးမိုင်သော ဝေးသဖြင့် ခဏ လေးနှင့် တပ်ရင်းသို့ ရောက်ရှိလာခဲ့ကြ သည်။

ထိုကဲ့သို့ စစ်သည်များရောက်ရှိ ပြီး ဖြစ်သော်လည်း လက်နက်ကြီးကျည် ဆန်များနှင့် ခဲယမ်းများ အခြား အလေး အပင်ပစ္စည်းများက ဘူတာရုံတွင် ကျန် နေခဲ့သေးသည်။

သို့ကြောင့်လည်း တပ်ခွဲတစ်ခွဲ လျှင် ကားတစ်စီးကျစီဖြင့် တပ်ရင်း အရာခံဗိုလ် ဦးဆောင်ပြီး ပစ္စည်းသယ် ယူရေးအဖွဲ့အား ဘူတာရုံသို့လွှတ်လိုက် ရသည်။

ညနေ ၅ နာရီခွဲ မှောင်စပျိုး ချိန်လောက်တွင် ဘူတာရုံမှ ပစ္စည်းများ တင်ဆောင်ပြီး ကားခုနစ်စီးဖြင့် တပ်သို့ ပြန်လာခဲ့ကြသည်။ နောက်ဆုံးကားတွင် လက်နက်ကြီး ကျည်ဆန်များနှင့်အတူ ဒုတပ်ကြပ်ကြည်ဝင်းက ကားနောက်ပိုင်း တွင် စီးနင်းလိုက်ပါလာခဲ့သည်။

တပ်ဂိတ်ဝ မရောက်မီ မိုင်တိုင် အမှတ်(..)နှင့် တံတားလေး အရောက် တွင် ဒုတပ်ကြပ်ကြည်ဝင်းတို့ နောက်ဆုံး ကားမှာ တံတားအုတ်ခုံအား ဝင်တိုက်ပြီး ကားနောက်ပိုင်း ခဲယမ်းသေတ္တာများ အပုံပေါ် လိုက်ပါလာသော ဒုတပ်ကြပ် ကြည်ဝင်း ကားပေါ်မှ ပြုတ်ကျကာ ထို နေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့ လေသည်။

ရှေ့တန်းမှ ပြန်ဝင်လာသောည မှာ အားလုံး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေ ရမည့်အစား ဒုတပ်ကြပ် ကြည်ဝင်း အသုဘ ကိစ္စကြောင့် အားလုံး စိတ် မကောင်း ဖြစ်ကြရသည်။ ကျွန်တော့်မှာ ပို၍ စိတ်မကောင်းပါ။

လွန်ခဲ့သောနှစ် စစ်ဆင်ရေးပြန် နားစဉ်ကလည်း ၎င်းနေရာ၌ ကားတိုက် မှုတစ်ခုဖြစ်ပွားသဖြင့် လူတစ်ဦးသေဆုံး သွားသည်ကို ကျွန်တော်ရော ကြည်ဝင်း ပါ မြင်တွေ့ခဲ့ရသည်။ ကြည်ဝင်းက စိတ်မကောင်းစွာ ပြောဆိုခဲ့သော စကား ကြားယောင်လာမိသည်။

“ဒီနေရာက တပ်နဲ့နီးပြီး မြို့နဲ့ ကလဲ မဝေးဘူး၊ ကျွန်တော်တို့က ခဏ ခဏ ဖြတ်သွားနေရတော့ ကျွန်တော်လဲ ဒီလို မဖြစ်ဘူးလို့ ပြောမရဘူး၊ ဒီနေရာ မှာ သေချင်သေမှာပဲ ဗိုလ်ကြီး”

ဟု သူပြောခဲ့သော စကားကို ကြားယောင်မိသည်။ ထိုစဉ်က ကြည် ဝင်းပြောခဲ့သော စကားမှာ သူ့ဘဝ အတွက် ကြိုတင်နိမိတ်ဖတ် ပြောဆို ခြင်းဟု မည်သူမျှလည်း မစဉ်းစားခဲ့ကြ။ ကျွန်တော်လည်း မတွေးမိခဲ့ပေ။

ယခုတော့ သူပြောခဲ့သလို ဖြစ် သွားခဲ့သည့်အတွက် အံ့ဩရသည်က အမှန်ပင်။ ဘယ်လိုပဲဖြစ်ဖြစ် သေဆုံးသူ ဒုတပ်ကြပ်ကြည်ဝင်းအတွက် ချီးမွမ်း စရာ ကောင်းကွက်တစ်ခုတော့ ကျန်နေ ခဲ့သည်။

အများအတွက် အနစ်နာခံ တတ်သည်။ ဘယ်လို အလုပ်မျိုးမဆို တက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်တတ် သည်။ မည်သူ့ကိုမဆို လေးလေးစားစား ဆက်ဆံတတ်သည်။ဒီလိုအကျင့်ကောင်း တွေကြောင့် အရာရှိ အရာခံ အကြပ် တပ်သားတွေအပြင် အိမ်ထောင်သည် ရဲမေများကပါ ဦးကြည်ဝင်းကြီး၊ ဆရာ ကြည်ဝင်း စသည်ဖြင့် မောင်နှမနဲ့မခြား ရိုးသားစွာ ခင်မင်ကြသည်။

ထို့ကြောင့်လည်း ဒုတပ်ကြပ် ကြည်ဝင်း အလောင်းအား မြေချသော နေ့က အားလုံးစိတ်မကောင်းကြ၊ ဝမ်း နည်း ပူဆွေးစွာဖြင့် မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ကြသည်မှာလည်း အမှန်ပင်။

“သေသောသူ ကြာလျှင်မေ့” ဆိုသလို ရက်လည်ဆွမ်းလှူဒါန်းပြီးသည် နှင့် အားလုံးက မေ့မေ့ပျောက်ပျောက် ပင် ဖြစ်ကြရသည်။ သူ့တာဝန် ကိုယ့် တာဝန် လုံးထွေးနေကြရသဖြင့် သတိရ ရန် အချိန်လည်း မပေးနိုင်ခဲ့။

တစ်လဆိုသော ရက်ပေါင်းသုံး ဆယ်ကို ကျော်လွန်ပြီဆိုလျှင် ထုံးစံ အတိုင်း စစ်ဆင်ရေးနယ်မြေသို့ ထွက် လာခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

အခုတစ်ခေါက် ကျွန်တော်တို့ တပ်ရင်း မိုင်းယန်းဒေသကို စစ်ဆင်ရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်ကို ထမ်းဆောင်ကြရသည်။

ထိုသို့ တာဝန်ထမ်းဆောင်ရင်း သုံးလခန့်အကြာတွင် ကျွန်တော့်အား အခြားတပ်ရင်းတစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် စစ်ရာထူးခန့်ချုပ်ရုံးမှ ပြောင်းရွှေ့မိန့် ရောက်ရှိလာသဖြင့် ကျွန်တော့်မှာ တစ်ပတ်အတွင်း နောက်တန်း တပ်ရင်းဌာနချုပ်သို့ ပြန်လာခဲ့ရပါသည်။

❖

ကျွန်တော် နောက်တန်းတပ်ရင်းဌာနချုပ်သို့ ရောက်ရှိပြီးနောက် တစ်နေ့တွင် မြို့နယ် ပါတီ ကောင်စီတို့မှ အသိမိတ်ဆွေများအား သွားရောက်နှုတ်ဆက်ရန်ရှိသဖြင့် သူငယ်ချင်းဖြစ်သူ တပ်ထောက်ဗိုလ်ကြီးအောင်လင်းထံမှ ကားတစ်စီးတောင်းကာ မြို့တွင်းဘက်သို့ ထွက်လာခဲ့သည်။

ထိုနေ့က ပါတီကောင်စီမှ အသိမိတ်ဆွေများ ညှော်ခံကျွေးမွေးမှုကြောင့် ညဆယ်နာရီကျော်ပြီးမှ တပ်သို့ ပြန်ဖြစ်ခဲ့သည်။ မြို့နှင့် တပ်မှာ သုံးမိုင်သာဝေးသဖြင့် ကားလေးကို ဒရိုင်ဘာ တပ်သားတင်ဆောင်က အေးအေးစွာ မောင်းရင်း နှစ်ယောက်သား ပြန်လာခဲ့ကြသည်။

မြို့အထွက် မီးရထားသံလမ်းကို ကျော်ပြီး ဓာတ်ဆီဆိုင်အကွေ့ကို ဖြတ်ကျော်လိုက်သည်။ လမိုက်ည ဖြစ်သဖြင့် လယ်ကွင်းပြင်တစ်ခုလုံး မည်းမှောင်နေသည်။ ကားလမ်းအတိုင်း ကျွန်တော်တို့ တပ်ဘက်သို့ ဦးတည်ကာ တစ်တီတူး ငှက်နှစ်ကောင်ကလည်း ကျွန်တော်တို့ ခေါင်းပေါ် ခပ်နိမ့်နိမ့် ပျံသန်းလျက် တစ်တီတူး တစ်တီတူး တစ်တီတူးဟု အော်မြည်ကာ ရှေ့မှဖြတ်ပြီး ပျံသန်းသွားလေသည်။

တပ်ဂိတ်ဝသို့မရောက်မီ မိုင်တိုင်အမှတ်( . . . )နှင့် တံတားကျဉ်းကလေးသို့ ကားကို ဖြည်းဖြည်းလေးမောင်းဝင်လိုက်သည်။

ထိုစဉ် "ဝုန်း" ဟူသော အသံနက်ကြီးတစ်ခုနှင့်အတူ ဒေါ့စ်ပိကပ်ကားလေးပေါ်သို့ ဆန်အိတ် သုံးလေးလုံး ပစ်တင်လိုက်သလို အိခနဲဖြစ်သွားသည်။

ကားမောင်းသူရော ကျွန်တော်ပါ "ဟိုက်" တစ်လုံးသာ နှုတ်ဖျားက ထွက်လာပြီး ကားနောက်ခန်းသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော့်ဆံပင်များ ထောင်ထလာကာ ကြက်သီးမွေးညင်းများ ထသွားမိသည်။

နွားမတမ်းလောက် ရှိသော မည်းမည်းကောင်ကြီးမှာ ကျွန်တော့်ကို တစ်ခုခုလှမ်းပြောနေသယောင် ဟန်ပန်ကို တွေ့လိုက်ရသည်။

ကျွန်တော်တို့ ဒေါ့စ်ပိကပ်ကားလေးကို တပ်ဂိတ်ဝ ထိန်ထိန်လင်းနေသော မီးရောင်အောက်တွင် ထိုးရပ်လိုက်သည်။ ကျွန်တော်နှင့် ကားသမားရဲဘော်မှာ ကားပေါ်မှ ပြိုင်တူအမြန်ဆင်းပြီး ကားနောက်သို့ အမြန်ပတ်ကြည့်လိုက်ကြသည်။ ဘာဆို ဘာမှ မတွေ့ရတော့ပေ။

ကျွန်တော်က . . .

"ဒါ သရဲခြောက်တာပဲကွ၊ ဒီ တံတားလေးက လူအသေအပျောက်များတော့ မကျွတ်မလွတ် တစ်ကောင်ကောင်က ငါတို့ဆီမှာ တစ်ခုခုများ တောင်းစားချင်လို့ လိုက်လာတာ ဖြစ်မှာပေါ့ကွာ"

"ဖြစ်နိုင်တယ် ဗိုလ်ကြီး . . . ဒီတံတားနားက ခဏခဏ ပူးကပ်ဖမ်းစားလို့ဆိုပြီး မိုးချုပ်နေဝင်မှောင်ရီပျိုးစမှာ ခေါ်စာလာပစ်တာ အများကြီး တွေ့ရတယ်"

ဂိတ်ကင်းတာဝန်ကျ မြင့်လွင်က ဝင်ပြောသည်။

"ဖြစ်နိုင်ပါတယ် ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ၊ သူ့ဘဝနဲ့ သူ မကျွတ်မလွတ် ပရလောကသားဆိုတာတွေက ရှိနေကြမှာပေါ့၊ သနားတော့ သနားစရာပါပဲ"

ကျွန်တော် ပြောပြီး တပ်ထဲဝင်လာခဲ့သည်။ ကားကို မော်တော်ယာဉ်ဌာနသို့ ပြန်လွှတ်လိုက်ပြီး အရာရှိရိပ်သာတွင် ကျနေခဲ့သည်။ အိပ်ခန်းထဲသို့ဝင်ကာ အိပ်မည် ပြင်သော်လည်း တော်တော်နဲ့ အိပ်မပျော်၊ ယခုကားပေါ် တက်လိုက်လာသော မည်းမည်းကောင်ကြီးမှာ လွန်ခဲ့သော ခြောက်လလောက်က ကားအက်စီးဒင့်ဖြစ်ပြီး သေဆုံးသွားသော ဒုတပ်ကြပ်ကြည်ဝင်းပင်လား။ ဒီကောင် အရက်ပြတ်တိုင်း မိမိထံ လာတောင်းဖူးသည်။

မိမိကလည်း တစ်ခါက ကျေးဇူးတရားကြောင့် မတောင်းရင်လည်း ခဏခဏ ပေးဖူးသည်။ ယခုလည်း မိမိတပ်ပြောင်းရမည်ကို သိသဖြင့် ခင်မင်ရင်းစွဲဖြင့် လာနှုတ်ဆက်ခြင်းလား၊ သို့တည်းမဟုတ် တစ်ခုခုများ ပြောစရာ ရှိနေ၍လား၊ ကျွန်တော့်ခေါင်းထဲ အတွေးများစွာ ပေါ်လာသည်နှင့်အတူ . . .

"ဆရာ ကြည်ဝင်းရယ် အမျှ အမျှ အမျှ ရ၍ သာဓုခေါ်နိုင်ပါစေ"

ကျွန်တော် နှုတ်မှ အသံထွက်အောင် ပြောဆိုလိုက်ပြီး အဆုံးတွင် အိပ်ခန်းအပြင် တံခါးမှ "ဝုန်း"ဟူသော အသံတစ်ချက်ကို ကြားလိုက်ရပြီး အားလုံး တိတ်ဆိတ်သွားပါတော့သည်။

❒ တောင်းစံထိန်း(မြန်နေဝန်း)



www.burmeseclassic.com

www.burmeseclassic.com

ကွင်းကြီးကျောင်းစုရွာ။

အိမ်ခြေ ၂၀ခန့်ရှိ ဇနပုဒ်ကလေး။ ရွာ၏တောင်ဘက် တစ်ခေါ်သာသာ လောက်မှာ ဘုန်းတော်ကြီးကျောင်းခြံ ၁၀ ဧကခန့်ကျယ်ဝန်းပါမည်။ ခြံကြီး ပတ်လည်တွင် နှစ်ပေါင်းရာချီကြာမြင့် နေသော ကုက္ကိုပင်ကြီးများနှင့် ရွာပေါ် ကျော်လွန်နေသည့် ပင်အိုပင်ခြောက် အုန်းပင်ကြီးများ၊ အခက်အလက်မရှိ တော့သည့် ထန်းခြောက်ပင်ကြီးများ၊ ခြံ သည်းရိုးပတ်လည်တွင် ဝါးနက်၊ ဝါးပိုးဝါး များနှင့် ပြည့်နှက်လျက် ခွေးတိုးပေါက် မရှိအောင်ပိတ်ဆို့နေပါ၏။

ခြံ၏အလယ်တွင် ယိုင်နဲ့ပြိုပျက် တော့မည့် ရှေးခေတ်ကျောင်းအိုတစ် ဆောင်နှင့် ခေါင်းရင်းဘက်၌စေတီပျက်၊ အုတ်ကျိုးအုတ်ပဲ့မျှသာရှိသော ရှေး ဟောင်းအုတ်ပုံကြီးကနှစ်ပုံ။ ထိုကျောင်း တွင် ကျောင်းထိုင်၊ ကျောင်းစောင့် ဆရာ တော်အဖြစ် ဆင်ကွင်းရွာမှ ဦးညွှန့်ရီ(ခ) ဦးစန္ဒနှင့် ကိုရင်ကြီးတစ်ပါး။ ကျောင်း သားက နတ္ထိ။ ရွာထဲမှပို့သည့် ဆွမ်းနှင့် သာ ဘုဉ်းပေးကြရ၏။

ထိုကျောင်း တည်နေရာသည် ကွင်းကြီးဘူတာ၏ အရှေ့ဘက်နှစ်မိုင် ခန့် မြေလမ်းအတိုင်းဆင်းလာရပါမည်။

ထိုကျောင်း၏ အနောက်ဘက်တွင်ကပ် လျက် ဘုရားငူကွင်းကြီးက ဝိုင်းပတ် လျက်ရှိသလို အရှေ့နှင့်မြောက်ဘက် တွင် တောစု၊ ဆင်ကုန်း၊ ကျွဲတလင်း၊ ဆင်ကွင်း၊ တောင်စု၊ တောစုရွာများနှင့် ရေမြုပ်ကွင်းကြီးကပတ်လည်ရှိနေပါ၏။ မိုးဒူး၊ မိုးတွင်းအခါ ရွံ့ဗွက်က ဒူးအထိ စေးပိုင်၍ ရေတောင်မှဆေးလို့မရချင်။ စေးထန်းကပ်စေးလျက်။ နွေဆူးဆိုတာ ကတော့ မြေကြီးက ကျောက်ခဲလိုမာ

# ပုဥ္ဇပစ္စည်း မျက်ဆီးမရ မရဏာ

မင်းတိုင်ပင် (မြေရာင်ချေမြ)





www.burmeseclassic.com

www.burmeseclassic.com

ကျောပြီး ဆူးကဲ့သို့ စူးဝင်လိုက်လျှင် အသည်းထိအောင် နာကျင်ရပါသည်။

ထို့ပြင် ဆူးပဒေါင်းဆူးကလည်း ချွန်မြ။ စူးလိုက်ရင် အဆိပ်ကပြင်းပြင်း။ ကွဲနှာခေါင်းပင်၊ ကညွတ်ပင်၊ လယ်ပဒ္မပင်၊ ကနဖော့၊ လယ်သရက်ကင်း၊ ကန်စွန်းရိုးနီနှင့် ကြာမျိုးစုံတို့ရောထွေးနေသည့် ကွင်းကြီး။ ဒါတင်မကသေး။ ဗေဒါတွေက ထူထူထပ်ထပ်နဲ့။ မိုးတွင်းဝါဆိုဝါခေါင်ရောက်သည်နှင့် ကွင်းပြည့်ကွင်းလျှံ ရေကြီးနစ်မြုပ်မှု နှစ်စဉ်လိုလိုခံရသည့် လယ်သမားများ။ မိုးတွင်းအစား ကြခင်းသာကြပြီးတော့ ရေကျတော့မှ မုယင်း၊ ရေကျနောက်စိုက်များလုပ်ကိုင်ကြပါသည်။ သူတို့ အဓိကအလုပ်က လှေကိုယ်စီနဲ့ ငါးဖားရှာကြ၊ ငါးရှဉ့်ထောင်၊ ငှက်ဖမ်း၊ ကြွက်ထိုး။ ဝမ်းစာအတွက် တစ်ရွာလုံး ရှာစားကြရသည်။

ဒီတော့ တစ်ရွာလုံးကြည့်လို့ သွပ်မိုးအိမ် မရှိသလောက်။ လေတဟူးဟူးအကာအကွယ်ဆိုလို့ သစ်ပင်ကြီးများကလွဲလို့ ကိုင်းပင်များပဲရှိတယ်။ ဒီတော့ဝါးတိုင်ကို ကိုင်းမိုးကိုင်းကာနဲ့နေကြတဲ့တဲအိမ်သာသာအိမ်လေးတွေပါ။

အလွန်ဆင်းရဲသော ရွာဆင်းရဲကလေးလို့ ကင်ပွန်းတပ်ပေးရင် လွန်မယ် မထင်ပါ။ ဤဇာတ်ကြောင်းကိုအစချီနိဒါန်းပျိုးလိုက်သည်မှာ ကွင်းကြီးကျောင်းစု ဆရာတော်ဦးစန္ဒ၏ ငယ်ဘဝကိုပြန်ပြောပါမှ သင့်ပါမည်။ ထို့ကြောင့် ဦးညွန့်ရီ၏ လူ့ဘဝဇာတ်ကြောင်းကအဓိကဖြစ်နေပါ၍ ဤသို့တင်ပြလိုက်ရပါတော့သည်။

ဦးညွန့်ရီသည် ငယ်စဉ်ဇာတိရွာက ဝက်ရုပ်အုတ်တိုက်ရွာအနီးက တံခွန်တိုင် ကညင်ငူရွာမှဖြစ်ပါသည်။ သူတို့မှာ အစ်ကိုကြီးဦးညွန့်တင်၊ ဦးကြည်ရွှင်၊ ဦးညွန့်ရီ ဦးကျွေနှင့်ဒေါ်သိန်းရှင်စသည်ဖြင့် ညီအစ်ကိုမောင်နှမ ငါးယောက်ရှိပါသည်။ ငယ်စဉ်ကလေးဘဝက ဝက်ရုပ် ဘုရားဒါယကာဦးလေပြေ ဘုန်းကြီးကျောင်းတွင် စာသင်ခဲ့ရပါသည်။ ကွင်းကြီးရွာက ဦးဘိုကြီး၊ ဦးစိန်မောင်ကြီး၊ ဦးဇဝနကြီးတို့သည် ဦးညွန့်ရီတို့ ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ပါသည်။

အင်္ဂလိပ် အုပ်ချုပ်စဉ်ခေတ်က ဆရာတော်၏ တုတ်ပြီး၊ ဓားပြီး၊ ဆေးမန်း၊ ကွမ်းယာမန်း၊ ထုံးမန်း၊ တစ်ပွဲပြန်စသည့် အတတ်ကိုသင်ယူခဲ့ဖူးသည်။ ကိုယ်တိုင် လုပ်ခဲ့ရသူများဖြစ်ပါသည်။ ထို့ပြင် အင်းအတတ်၊ ပြဒါးအတတ်၊ ဆေးအတတ်ပညာများကိုလည်း အမျိုးမျိုးသင်ကြားပေးခဲ့ပါသည်။ ခေတ်ပျက်စဉ်က အုတ်တိုက်ကျောင်းဆရာတော် ဦးလေပြေထံသို့ စစ်ပြေးများသည် ဆရာတော်၏မေတ္တာရိပ်အောက် လာရောက်ခိုလှုံကြပါသည်။

အနောက်ရိုးမတစ်ကြော ရွှေရင်မျှော် ဆရာတော်ထံမှာတော့ ငဝန်မြစ်ရိုးတစ်လျှောက် နီးစပ်ရာရွာများက ဤကဲ့သို့ ခိုလှုံနေကြရပါ၏။ ထိုဆရာတော်ကြီး နှစ်ပါးထံမှာ ခိုလှုံသူတွေပြည့်နှက်လျက်ရှိပါသည်။ ထိုအထဲမှာ အားကောင်း မောင်းသန် ယောကျ်ားများကိုတော့ ပီယသိဒ္ဓိ၊ ကာယသိဒ္ဓိနှင့် ပြည့်စုံသော ဆေးထိုးဆေးပေါက်ပြုလုပ်ပေးပါသည်။ ဆရာတော်ဦးလေပြေကျောင်းသား ဦးညွန့်ရီတို့မိသားစုမှာ စစ်ဘေးစစ်ဒဏ်နှင့် မိဘများသေဆုံးသွားသဖြင့် ကျောင်းအိပ်ကျောင်းစားဘဝနှင့် ဆရာတော်ကြီး၏ စောင့်ရှောက်မှုအောက်၌ ပင် နေခဲ့ကြပါသည်။

ထိုခေတ်က ကပ်ရောဂါနှင့်သေဆုံးရသူများ၏ သားသမီးများတွင် ဘုန်းကြီးကျောင်းတွင်နေ၍ ဘုန်းကြီးစာကိုသင်ယူကြပါ၏။ စစ်ပြီးသောအခါမှာ ဆရာတော်ဦးလေပြေ ပျံလွန်တော်မူပြီးနောက် ဦးညွန့်ရီတို့အရွယ်ရောက်လာကြချိန် ရွာနီးရှိလယ်မြေများကို ခွဲဝေခုတ်ထွင်၍ လုပ်ကိုင်စားသောက်ရင်းဆင်ကွင်းရွာမှ စာရေးသူတို့ဒေါ်ကြီးဒေါ်ကျင်ယုံနှင့် အကြောင်းပါခဲ့ပြီး သားကိုတင်ဝင်း၊ သမီးမဝိုင်းစိန်တို့ကို မွေးဖွားကာ လယ်ယာလုပ်ငန်းနှင့် အသက်မွေး မြူခဲ့ပါသည်။

ဘကြီး ဦးညွန့်ရီသည် စာရေးသူ ကို ချစ်ပါ၏။ တစ်ဝမ်းကွဲတူဆိုပေသည့် အစစအရာရာ ဆိုးတူကောင်းဖက် တိုင် ပင်ပါသည်။ အလွန်လေးစားထိုက်သူ ဆွေမျိုးအကြီးအကဲဖြစ်၍ သာရေးနာ ရေး၊ လူမှုရေးတွင်လည်း အမြဲတမ်း ကူညီဆောင်ရွက်သူလည်း ဖြစ်ပါ၏။ ၁၃၄၇ ခုနှစ်လောက်က ဘကြီးသည် ယခု သူ၏ကျောင်းနောက်ဘက်ရှိ စ တစ်ပင်၊ သရက်မြှောင်၊ ဘုရားငူအင်း ကြီးတွင် အင်းဝယ်လုပ်ကိုင်နေပါ၏။

ထိုနှစ်က သမီးဖြစ်သူ မဝိုင်းစိန် နှင့် သားသမက် ကိုသိန်းတို့က သူ ရင်းနှစ်သည်းချာ သားလှရတနာများ ရဟန်းခံရှင်ပြုလုပ်မည်ဖြစ်၍ ဖိတ်စာ တစ်စောင် ရောက်လာတော့၏။ တိုက် ဆိုင်လွန်းတဲ့အချိန်ကို ပြက္ခဒိန်မှာ ရွေး ချယ်မိခဲ့ကြသလားတော့မသိ။ တိုက် တိုက်ဆိုင်ဆိုင်ပါ၊ စာရေးသူ၏ မင်္ဂလာ ဆောင်နှင့် ချိန်ကိုက်ရွေးချယ်ထားသည် တိုက်ဆိုင်တူညီနေပါတော့သည်။ အ အထိုထိုက ရေစက်အကြောင်းတ များသည် မဆုံနိုင်တာရှိသလို၊ မကုန်နိုင် တာတွေလည်း အနမတဂ္ဂပါ။

တစ်နေ့တည်း၊ တစ်ချိန်တည်း ဖြစ်နေတော့ သူ့အလှူမသွားနိုင်တော့ သလို၊ ကိုယ့်မင်္ဂလာဆောင်လည်း သူ မလာနိုင်ကြ။ ဒီတော့ ဆွေခန်းမျိုး တွေတော့ပျက်ကုန်တော့မှာပဲလို့ အစ် ကြီး ဇနီး မမြင့်ကလည်း ပြောခဲ့ ပါသည်။ သူ့အကြောင်းထက် တို အကြောင်းက ပိုအရေးကြီးနေသူ ဖြစ်ပါ၏။ ထိုနေ့က ဘကြီး သာသ ဘောင်ဝင်သည့်နေ့။ ဒုလ္လဘရဟန်း သို့ ရောက်သည့်နေ့ဟုဆိုရပါမည်။

ဘကြီးရဲ့သား ကိုတင်ဝင်းနဲ့ သမီး မဝိုင်းစိန်တို့က အင်းလုပ်တာကိုမနှစ် သဖြင့် အင်းထဲက မရမကခေါ်ယူ ပင်။ သာသနာ့ဘောင်သို့ဝင်ရန် တိ တွန်းကြပါတော့သည်။ ဘကြီးက



www.burmeseclassic.com

www.burmeseclassic.com

အတန်တန်ငြင်းသော်လည်း သားသမီးများ စိတ်မချမ်းသာမှာစိုးလို့ ကတိပေးကာ သက်န်းဆီးရန် သဘောတူခဲ့ကြပါသည်။ ဒါပေမဲ့ ငါးမျက်နှာကြီးတယ်ဆိုသလို အင်းထဲမှာ ကိစ္စအဝဝကိုတော့ စိတ်မချ။ နောက်ဆံတတင်းတင်းနဲ့။ ဦးသွင်းကြီး ဘယ်လောက်ကြာကြာ ဆီးမှာလဲဆိုတော့ ခုနစ်ရက်ပေါ့ကွာ၊ တန်းတန် ကိုးရက်ပဲတဲ့လေ။

မှတ်မှတ်ရရပါ။ စာရေးသူ၏ မင်္ဂလာဆောင်သည့် မင်္ဂလာပွဲနေ့ ၁၃၄၇ ခု တဆုန်လဆန်း ၁၂ ရက်နေ့၊ ဘကြီး ရဟန်းခံသည့်နေ့နှင့် တစ်စက္ကန့်မှအလွဲ မရှိပါ။ ဘကြီး ရဟန်းဘဝသို့ရောက်သွားပေပြီ။ ဆင်ကွင်းကျောင်းတိုက်တွင် သီတင်းသုံးနေပါ၏။ ထိုသို့ သက်န်းဆီးနေရင်း ရဟန်းဘဝတွင်ပျော်သယောင် ရှိလာ၏။ သာသနာအရောင်အဝါသည် သူ၏စိတ်ကို ကြည်နူးလွှမ်းမိုး၍ အေးချမ်းလာသည်ကို သူခံစားလာရ၏။

တရားအလုပ် အားထုတ်ခြင်း၏ ဝိပဿနာအနှစ်ကို သိလာလေ၏။ ဓမ္မတရားတော်၏တန်ဖိုးကို သူနားလည်လာတော့သည်။ ဘကြီး ကြိုးစားပြီး တရားအလုပ်အားထုတ်ရင်း ရဟန်းဘဝ မြတ်ဗုဒ္ဓ၏ သားတော်ဘဝမှာ သူ နှစ်ခြိုက် ပျော်ပိုက်လာတော့သည်။

ထို့နောက် မိုးတွေက ဖြိုင်ဖြိုင်ကျနေပြီး အင်းက ပက်နေရင်း မိုးကရွာတော့ ဟိုမနိုင်၊ ဒီမနိုင်တွေဖြစ်။ နောက် လယ်ထဲ ပျိုးကြဲဖို့ကရှိသေး။ ဒီတော့ သားသမီးများက လူထွက်ဖို့ ပြောကြရော။ နေပါဦးကွာဟုသာ ဆိုပါတော့သည်။

ထို့နောက် ဝါဆို လပြည့်ခဲ့ပြီ။ ဝါဆိုခဲ့ပြီ။ တစ်ဝါပျော်ခဲ့ပြီ။ တစ်ဝါရ ရဟန်းဘဝသို့ပင်ရောက်ခဲ့တော့သည်။ လူဘဝတုန်းက ဒုက္ခတွေအလီလီအကြိမ်ကြိမ် ရင်ဆိုင်ခဲ့ဖူးသည်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုတာ ပစ္စည်းဥစ္စာလား၊ တရားဓမ္မလားတော့ သေချာမသိခဲ့။ နောက်ပြီး ဇနီးဒေါ်ကျင်ယုံ သေဆုံးစဉ်က ပူဆွေးသောက ရောက်ခဲ့ဖူးသည်။ ဘဝမှာအဖော်ကွဲသည့်ငှက်လို အထီးကျန်ခဲ့ဖူးလို့ ပရိဒေဝမီးတွေ နှစ်နဲ့ချီကာ တောက်လောင်ခံရဖူးသည်။ ဒီပူဆွေးခြင်းမှာ သူ့ကို ဝေဒနာဖိစီးခံရတာပါပဲ။

ယခုတော့ အဲဒီ ကိလေသာ အနှောင်အဖွဲ့ဖြစ်တဲ့ အလောင်မာတ်၊ အမြိုက်မာတ်တွေ လွတ်ကင်းရာ မြတ်ဗုဒ္ဓ ကြိုက်နှစ်သက်သည့် အဆုံးအမ၊ ဘုရားအကြိုက် အလုပ်လုပ်၊ နိက္ခမနဲ့ ကျင့်ကြံမှသာ သေလျှင်အပါယ်ဒုဂ္ဂတိ မလားမှာမြင်လာ၏။ သိလာ၏။ နောက်ဆုံးတော့. . .

"ငါ လူမထွက်တော့ဘူး၊ အားလုံး သင်္ခါရတွေပါလား၊ ငါပိုင်ငါဆိုင်မရှိတဲ့ အနတ္တတွေပါလား၊ ဒါတွေ ငါငြိတွယ်နေရင် ငါပဲဒုက္ခပင်လယ်ထဲမှာ ငါသာလျှင် အပါယ်ရောက်မှာ၊ ဒီရဟန်းဘဝနဲ့ပဲ အရိုးထုတ်ပါတော့မည်" ဟုဆုံးဖြတ်ချက် သန္နိဋ္ဌာန်ချကာနေခဲ့ပါတော့သည်။

ဘကြီးဘုန်းကြီးဦးစန္ဒ နောက်တစ်ခါ ဝါဆိုချိန် ကွင်းကြီးကျောင်းစုကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးမရှိသဖြင့် ရွာရှိ ဒကာ၊ ဒကာမများက သက်ဆိုင်ရာ သံဃနာယကဆရာတော်များထံ လျှောက်ထားကြပြီးနောက် ဘကြီးဘုန်းကြီးအား ပင့်ဆောင်၍ ကိုးကွယ်ကြပါတော့သည်။ ဘကြီးသည် ငယ်စဉ်က အဘိဓမ္မာ စာပေများ၊ သဂြိုဟ်ပါဠိစာပေများကို သင်ကြားဖူးသဖြင့် ရေစက်ချအမျှဝေရင်း သီလပေး တရားလည်းဟောနိုင်သူဖြစ်သဖြင့် ရွာသားများက ဘုန်းကြီးမနေနိုင်၊ ဘုန်းကြီးမမြဲတဲ့ကျောင်းမှာ တောထွက်ဆရာတော်ကြီးတစ်ပါးရဖို့ အလွန်ခက်ခဲသဖြင့် ယခုတော့ ဘုန်းကြီးရပြီ၊ ကုသိုလ်ပြုနိုင်ကြပြီဖြစ်လို့ အလွန်မှပျော်နေကြပါ၏။

ဆရာတော်ဦးစန္ဒ ရောက်ရှိလာပြီး ကကျိုကကျဲ ကျောင်းလေးအား ဖာထေးမိုးကာနေပြီး သာသနာပြုရပါတော့သည်။ ရပ်ရွာအနီးရှိ ရွာများမှလည်း ဆရာတော်ကြီးအား အလွန်ကြည်ညိုကြသဖြင့် ကထိန်နှင့် ရှင်ပြုအလှူများကျင်းပရာတွင် ရွာနှင့်မလိုက် အကျွေးအမွေးစုံလှပါသည်။ အံ့ဩစရာကောင်းလောက်အောင် လှူဖွယ်ဝတ္ထုစုံလင်လှပါသည်။

စာရေးသူတို့ နောက်တစ်နှစ် ကထိန်ပွဲသို့ ဆရာတော်ထံ ပဒေသာပင် လှူရန်သွားခဲ့ကြပါသည်။ စာရေးသူနှင့် ဇနီးတို့နှင့်အတူ ကိုလှမြင့်၊ ကိုအေးချို၊ ကိုထွန်းအောင်တို့ စက်ဘီးစီး၍ သွားခဲ့ကြပါသည်။

ထိုနေ့က ဆရာတော် ဦးပညာဗလ (မယ်ကြက်မ)ဆရာတော်လည်း ကြွရောက်ပြီး ကထိန်ကို ချီးမြှောက်ပါသည်။ ဆရာတော်အား စာရေးသူတို့ ကန်တော့ကြပြီးနောက် ဘကြီးဘုန်းကြီးထံ ဝင်ဖူးရာ ကျက်သရေခန်းတွင် နေမကောင်းဖြစ်နေပါသည်။

မကြာမီ သိမ်တက်စဉ် ဘကြီးဘုန်းကြီး သတိလစ်သွားပါတော့သည်။ ထို့နောက်ကထိန်အလှူအားဆရာတော်ဦးပညာဗလထံအပ်နှံကာ စာရေးသူတို့ ဘကြီးဘုန်းကြီးကို မြို့ဆေးရုံသို့ ပုခက်နှင့်ထမ်းကာ ပြေးရပါတော့သည်။

ကိုစောဝင်းနှင့် ရွာသားများ တစ်ယောက် တစ်လဲ ထမ်းခဲ့ကြပါသည်။ လမ်းတစ်လျှောက် လုံးလုံးမှသတိမရ။ စိုးရိမ်ကြရ၏။ ခုနစ်မိုင်ခရီးမို့ နှစ်နာရီခန့်ကြာသွားပါ၏။

ဆေးရုံရောက်သည့်အခါ ဒေါက်တာ ဦးအောင်ဝင်းနှင့် ဒေါက်တာ ဒေါ်ခင်မေသီ ဇနီးမောင်နှံက စမ်းသပ်ကြပြီး နောက်တစ်နာရီကြာလျှင်တော့ ရမှာမဟုတ်ကြောင်း၊ ဦးလို့သာ တော်သေးတဲ့အကြောင်းပြောကာ ဆေးရုံတက် ကုသစေခဲ့ပါတော့သည်။

နှစ်ပတ်ခန့်အကြာ၊ ဘကြီးဘုန်းကြီး နေကောင်းပြီမို့ ဆေးရုံက ဆင်းခဲ့ရပါသည်။ ထို့နောက် ဘကြီးကျန်းမာရေးကို သီးသန့်သွားမေးလျှောက်သောအခါ ဘကြီးဘုန်းကြီးက ဤသို့မိန့်ကြားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုကွ၊ ငါ့ကျောင်းခေါင်းရင်းမှာ ဘုရားပျက်နှစ်ဆူရှိတယ်၊ အဲဒါ ပြင်ပါလို့ ငါ့ကို မကြာခဏလာပြောတယ်၊ ဟိုဘဝက ငါ့နှမတွေကွ၊ သူတို့က ဘုရားတည်ဖို့ ငါ့ကိုပေးမယ်လို့ ပြောတယ်၊ ငါလဲ အလှူရှင်ရှာနေတာကွ၊ ညောင်တုန်း ဆရာတော်ကြီးပင့်ပြီး ပန္နက်တင်မယ်၊ ဆရာတော် ဦးပညာဇလနဲ့လဲ တိုင်ပင်ထားပြီးပြီ၊ ဒီတော့ ငါ ဒီဘုရားနှစ်ဆူကို ပြန်တည်ရမယ်"

"မှန်ပါ့ဘုရား၊ ဘုရားတည်တော့ ကုသိုလ်ရတာပေါ့၊ ညောင်တုန်းဆရာတော်ကြီးနဲ့ဆိုရင် မကြာခင်ပြီးသွားမှာပါ ဘုရား၊ ဒီဧရာဝတီတစ်ဟိုမှာ ဆရာတော်ကြီး ပြုပြင်တဲ့ ဘုရားပေါင်း တစ်ထောင်ကျော်တယ်တဲ့ဘုရား"

"အေး၊ ဒီတော့ ရတဲ့ပစ္စည်းတွေ ထုခွဲပြီးတော့ ပြန်တည်မယ်ကွာ"

"မှန်ပါ့ဘုရား၊ မှန်ပါ့"

ဆရာတော်က အဲဒီလို အမိန့်ရှိဖူးပါတယ်။ ဘာပစ္စည်း၊ ဘာတွေရတယ်လို့တော့ မသိရသေးပါ။

ထို့နောက်မှာတော့ ညောင်တုန်းဆရာတော်ကြီး ဦးလက္ခိတ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဦးပညာဇလ (မယ်ကြက်မ)၊ ဆရာတော်အနီးရှိ နတ်စဉ်ကွင်း၊ ဝက်ရုပ်၊ ဘုရားငူ၊ ကွင်းကြီး၊ မှော်သေးဆင်ကွင်း၊ ကွင်းဘာ၊ ဆင်ကုန်းစသည့်ကျောင်းတိုက်မှ ဆရာတော်ကြီးများ ပင့်လျှောက်ကာ ပန္နက်တင်ပွဲကျင်းပခဲ့ပါတော့သည်။ မျှားမကြာမီ ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်း ထူးခြားချက်များ ပေါ်လာခဲ့ပါတော့သည်။

ညသည် ပိန်းပိန်းမှောင်မည်းနေ၏။ ကွင်းကြီးကျောင်းစု ကျောင်းခြံဘက်သို့ ခွေးများက စားတော့ဝါးတော့မတတ် ဟောင်ကြ၏။ အူကြ၏။ ညသန်းခေါင်ကျော်မှာ ညမျက်စိရှိတဲ့ခွေးများက စူးစူးဝါးဝါးဟောင်နေခြင်းသည် အကြောင်းတစ်ခုတော့ရှိမည်။ ကျောင်းရှေ့ ရွာထဲမှ ကိုတင်ဖေနှင့် သူ့သားဝင်းနိုင်တို့က လောက်လေးခွ ကိုယ်စီနှင့် လက်နှိပ်ဓာတ်မီးကိုကိုင်ကာ မီးမထိုးဘဲ ထွက်ခဲ့၏။

ကျောင်းခြံကြီးပတ်ဝန်းကျင် သစ်ပင်ပေါ်မှာ ငှက်မျိုးစုံတို့က လန့်အော်၊ လန့်ပျံကြနှင့် ဆူညံနေသလို လင်ကောင်ပိုးက တဂီးဂီးနှင့် နိမိတ်ပြနေ၏။

ကျောင်းနောက်ဘက် ကွင်းစပ်မှာတော့ လူလေးငါးဦးခန့်ကို မည်းမည်းနှင့်တွေ့ရ၏။ ထို့နောက် ကွင်းထဲဘက်သို့ ပြန်ဆင်းသွားပြီးနောက်. . .

"ဟေ့ကောင်၊ မင်း မသေချာဘူး၊ ကျိန်းသေဆို ခုဘယ်မှာလဲ"

"အေး၊ ငါ ဝင်ပေါက်တောင် လုပ်ထားတာပဲ၊ မင်းတို့မတွေ့ကြလို့လား"

"ဒါဆို ဒီကျောင်းကဘယ်မှာလဲ၊ ခြေထောက်ပေါက်သွားတာလား"

"ဘယ်သိမလဲကွ၊ မင်းနောက်တစ်ခါ ပြန်ချောင်းပေါ့ကွ"

အဲဒီလို စကားအချေအတင်ပြောရင်း ကွင်းထဲသို့ပြန်သွားသည်ကို မြင်ရ၏။ သူတို့က ဓာတ်မီးထိုးလိုက်သည့်အခါ ကိုတင်ဖေတို့မြင်လိုက်ရသည်မှာ ပခုံးပေါ်တွင် ဓားမှန်း လက်နက်မှန်း မသိသောအရာများကိုလွယ်ပြီး ပြန်သွားကြပါတော့သည်။ မိုးလင်းသည့်အခါ ဆရာတော်ထံသွားလျှောက်ကြရာ. . .

"အေး၊ ညက ငါ့ကို လူတစ်ယောက် လာနှိုးတယ်၊ နောက်ပြီး စိတ်ချပါ တပည့်တော် စောင့်ရှောက်နေပါတယ်လို့ ပြောတယ်၊ ငါက ရွာထဲက လူတွေပဲဆိုပြီး မစိုးရိမ်ပါဘူးကွာ"

"အရှင်ဘုရား သတိတော့ထားပါဘုရား"

ထို့နောက်မှာ ရွာထဲမှလူကြီးများ ဆရာတော်ထံရောက်လာကြပြီး ညက ခွေးဟောင်သည့်အကြောင်း ထူးခြားသည်ကို လျှောက်ထားကြပါတော့သည်။ ထိုအခါ ဆရာတော်သည် သတိရရှိလာပုံရ၏။

"အေး၊ ငါတို့ဘုရားတည်မှာကို နှောင့်ယှက်မဲ့သူတွေပါလားကွာ"

"ဖြစ်နိုင်ပါတယ် ဘုရား"

"ငါကတော့ ဘုရားပစ္စည်း တော့ ငါမပိုင်ဘူးကွ၊ ဘုရားပဲပိုင်တယ်၊ ဒီတော့ နှောင့်ယှက်လို့တော့ ရမှာမဟုတ်ဘူးလို့ ယုံကြည်တယ်"

"အရှင်ဘုရား၊ ဘာပစ္စည်းလဲ မသိရဘူးပါ ဘုရား"

"အေး၊ အဲဒါတော့ ငါက ဖျက်ပြီး မပြောနိုင်ဘူး၊ ခွင့်လွှတ်သည်း ကွာ"

"မှန်ပါ့ဘုရား၊ တပည့်တော် ခွင့်လွှတ်ပါဘုရား"

"ခွင့်လွှတ်ပါတယ်ကွာ၊ မောင် အုန်းမြင့်တို့ မောင်လှသိန်းတို့ တို့ ဘုရားကို ပြင်ကြမယ်၊ မင်းတို့အားလုံး စိတ် ကြရအောင်"

"မှန်ပါ့ဘုရား၊ တပည့်တော် ဝိုင်းဝန်းဆောင်ရွက်ပါ့မယ်"

နောက် စာရေးသူက အစ်ကိုကြီး ဖြစ်သူ ကိုတင်ဝင်း၊ ဆရာတော်ကြီး သားနှင့်တွေ့တော့. . .

"ညီလေး၊ မင်း ဘကြီးဘုန်းကြီး ဒီနှစ် ဘုရားတည်မယ်တဲ့"

"ကောင်းပါတယ် အစ်ကိုကြီး သူမှာဘုရားအလှူရှင်ကော ရှိနေပြီလား"

"သူ့ပစ္စည်းနဲ့ သူတည်မှာတဲ့ကွ"

"ဒါဆို ဘယ်ကရသလဲ အစ်ကို ကြီး ပြောပါဦး၊ စုထားတာလား"

"အေး ငါလဲ သေသေချာချာ တော့ မသိဘူး၊ သူကတော့ အဲဒီလို ပြောတယ်ကွ"

"ဝမ်းသာပါတယ်ဗျာ၊ ဘုရား ဒါယကာဖြစ်ဖို့ဆိုတာ မလွယ်လှဘူး"

"သူ့ကျောင်းမှာ မကြာမကြာ လူ တွေ့တယ်ကွ၊ အဲဒါ သိပ်မသင်္ကာစရာ ဖြစ်နေတယ်"

"သတိတော့ထားပေါ့၊ ဒါမှမဲ့ ဘုရားပစ္စည်းပဲ မပါနိုင်ပါဘူး"

အဲဒီလိုတော့ ပြောဖူးကြပါတယ် နောက်တော့ ဘကြီးဘုန်းကြီးကျောင်း သတင်းထူးခြားစွာကြားရပါတော့သည်။

ညသန်းခေါင်ကျော် လူခြေတိတ် ချိန်။ မသမာသူတစ်စု လှေတစ်စီး



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းနောက်ဖေးသို့ ချဉ်းကပ်သော်၏။ ကျောင်းခြံဝင်းထဲအထိ ရေတွေကရှိနေသဖြင့် အလွယ်တကူလှော်၍ကပ်ခဲ့၏။ ရေသည် ရင်စို့အထိ ရောက်ရှိချိန်၊ ထိုမသမာသူများက ကျောင်းခြံပေါက်မှ ဝင်၍ ကျောင်းထိုင်ဆရာတော်နေသည့် ကျောင်းကို ရှာနေကြ၏။ ကျောင်းကို လုံးဝရှာမတွေ့ကြပေ။ စေတီပျက်နှစ်ဆူနှင့် ရာဇမတ်များရေထဲမြုပ်နေကြောင်းကိုသာ တွေ့ရပါ၏။

သို့သော် ကျောင်းတိုက်နှင့်တူသည့်အရာ လုံးဝမတွေ့ရ။ ဂုံလျှော်ပင်များနှင့် အုတ်ပုံကြီးကိုသာ ချုံတွေဝိုင်း၍ တွေ့ရပါတော့သည်။ မသမာသူများသည် မည်သို့မှရှာမတွေ့။ နောက်ဆုံး လက်လျှော့အရှုံးပေးကာ ပြန်ကြလေတော့သည်။ နောက် လှေပေါ်သို့တက်ကြစဉ် လက်ထောက်ချသူသည် သူ၏ခြေထောက်၌ ပူခနဲ မီးစနှင့်ထိုးလိုက်သလို ခံစားလိုက်ရ၏။

"ဟာ. . . မြွေ၊ မြွေ၊ မြွေကိုက်အား. . . အ. . . အမယ်လေး"

"ဟေ့ကောင်တွေ ဟိုမှာ မြွေဟောက်ကြီးကွ၊ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး၊ ရိုက်ကွ သတ်. . . သတ်"

"ဗျန်း ဗျန်း ဗျန်း"

ထိုသို့ရိုက်သော်လည်း မြွေသည် ပါးပျဉ်းထောင်၍ ရေထဲငုပ်လျှိုးပျောက်ကွယ်သွားပါတော့၏။ ထိုညက မြွေကိုက်ခံရသူ လမ်းတွင်ပင် သေဆုံးကြောင်း နောက်တော့ကြားရပါတော့သည်။

နောက်တစ်နှစ် တပေါင်းလသို့ရောက်သောအခါ။

ဆရာတော်ဦးစန္ဒသည် ဘုရားနှစ်ဆူအား တစ်ပြိုင်နက် ပြန်ပြုပြင်ခဲ့၏။ ဆရာတော်ကြီးများ ပင့်ဖိတ်၍ ထီးတင်ပွဲကျင်းပ၏။ ဗုဒ္ဓဘိသေက အနေကဇာပွဲ ဆင်နွှဲခဲ့ကြ၏။ ထိုနေ့က လူတစ်ယောက် ရောက်လာ၏။ သူက ဆရာတော်နှင့် တွေ့လိုကြောင်း ပြောသဖြင့် ရွာသားတစ်ဦးမှ ဆရာတော် ဦးစန္ဒနှင့် တွေ့ပေးလိုက်ပါ၏။ ဆရာတော်အား ရှိခိုးပြီးနောက်. . .

"ဆရာတော် တပည့်တော်အား ခွင့်လွှတ်ပါဘုရား၊ တပည့်တော် ဆရာတော်နှင့် ဘုရားကို ပြစ်မှားတဲ့သူပါ၊ ငမိုက်သားပါ ဘုရား"

"ဟေ့ဒကာ၊ ဘာပြစ်မှားလို့လဲကွ"

"ဒီလိုပါဘုရား၊ တပည့်တော်တို့က ဆရာတော်ထံမှာ ဘုရားတည်ဖို့ ရွှေကွမ်းအစ်နဲ့ ရတနာပစ္စည်းတွေရထားတယ်လို့ လက်ထောက်ချတဲ့သူက ပြောပါတယ်ဘုရား၊ တပည့်တော်တို့အဖွဲ့ ခြောက်ယောက်တိုင်ပင်ကြပြီး အရှင်ဘုရားထံမှ ပစ္စည်းကို အနုကြမ်းစီးဖို့ စီစဉ်ကြပါတယ်၊ ပေးရင်ပေး၊ မပေးရင် အရှင်ဘုရား အသက်အန္တရာယ်အထိ ပါပဲ ဘုရား"

"ဟေ . . . ဟုတ်လား၊ အေး၊ ပြောပါဦး ဒကာရဲ့"

"အရှင်ဘုရားရဲ့ကျောင်းထဲ ဝင်နိုင်တဲ့ ဝင်ပေါက်ကအစ ကျောင်းပေါ်တက်ဖို့အထိ အားလုံး စီစဉ်ပြီးဖြစ်လို့ တပည့်တော်တို့ ထုံးတမ်းစဉ်လာအတိုင်း နယ်တော်ရှင်၊ ရွာတော်ရှင်တွေ၊ ကွင်းပိုင် မြောက်ပြီး ကျောင်းကိုညသန်းခေါင်ကျော်မှာလာခဲ့ကြပါတယ်၊ ဒီရောက်တော့ ခြံပေါက်ရှာမတွေ့လို့ ကျောင်းထဲမဝင်ရဘဲ ပြန်ခဲ့ရတယ်၊ နောက်တစ်ကြိမ်မှာတော့ ဆရာတော်ကျောင်းထဲမှာ ပြည်သူ့ရဲတွေ ကင်းစောင့်နေတာကို တွေ့ရပါတယ် ဘုရား၊ မိုးတွင်းဘက် လှေနဲ့ဝိုင်းတော့ အရှင်ဘုရား ဒီကျောင်းကို ရှာမတွေ့ဘဲ အုတ်ပုံကြီးနဲ့ဘုရားပျက်နှစ်ဆူသာ တွေ့ရပါတယ်၊ နောက်တော့ ပြန်ရင်း လက်ထောက်ချသူကို မြွေကိုက်လို့ လှေပေါ်မှာပဲ သေသွားပါတယ် ဘုရား၊ တပည့်တော်ရဲ့အပြစ်ကို ခွင့်လွှတ်ပေးပါဘုရား၊ ကျန်တဲ့ကောင်တွေလဲ ရောဂါတွေဖြစ်လို့ သေတဲ့ကောင်ကသေ၊ ယခု အမှုဟောင်းနဲ့ အဖမ်းခံရလို့ ထောင်ကျတဲ့သူကကျနဲ့၊ တပည့်တော်က သူတို့ခိုင်းလို့ လုပ်မိပါတယ်ဘုရား၊ ခွင့်လွှတ်ပါဘုရား၊ ရှိခိုးပါတယ်ဘုရား၊ ဟီး ဟီး. . . ဟီး ဟီး"

"အေး. . . ဒကာကြီး ဘုရားပစ္စည်းဆိုတာ လုယူလို့မရဘူး၊ ဖျက်ဆီးလို့မရဘူးကွဲ့၊ တို့မြတ်စွာဘုရား ဗောဓိပင်နှင့် ရွှေပလ္လင် အောင်တော်မူပြီး ဘုရားအဖြစ်ရောက်တဲ့ အခါမှာ မာရ်နတ်နဲ့ အပေါင်းပါတွေက နှောင့်ယှက်ပြီး လက်နက်မျိုးစုံနှင့် ပစ်ခတ်ကြတယ်နော်၊ နောက်ပြီး အာဠာဝက၊ အင်္ဂုလိမာလ၊ ဇိဗ္ဗိမာန၊ နာဠာဂီရိဆင်၊ သစ္စကပရပိုဒ်၊ နန္ဒောပနန္ဒနဂါး၊ ဗကဗြဟ္မာကြီးတို့ ဖျက်ဆီးလို့လဲမရ၊ တိုက်ဖျက်လို့မအောင်မြင်ခဲ့ဘူး၊ အဲဒါ မေတ္တာလက်နက်နဲ့ တုံ့ပြန်တာ၊ ဒေါသမပါခဲ့ဘူး၊ ခုလဲ မင်းတို့အပေါ် ငါ ဘယ်လိုမှသဘောမထားပါဘူး၊ အမြင်မှန်ရတာပဲကျေးဇူးတင်ပါတယ်၊ သာဓု. . . သာဓု. . . သာဓု၊ ကျွန်းမာချမ်းသာကြပါစေကွယ်"

"မှန်ပါ့ဘုရား၊ တပည့်တော် မှားပါတယ်"

"နောင်မမှားဖို့၊ မမိုက်ကြဖို့ဘဲ သတိရနေဖို့လိုပါတယ်ကွယ်"

ဆရာတော်ဦးစန္ဒသည် ထိုဒကာကြီးအား ဤသို့ဆုံးမသွန်သင်ခဲ့သဖြင့် အမှားကို မြင်သိသော ထိုဒကာကြီးသည် အလွန်ကြောက်ရွံ့နေကြောင်းကို မြင်ရသူတိုင်းသိရှိ၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခဲ့ပါတော့သည်။

ယခုအခါ ကွင်းကြီးကျောင်းစုကျောင်းဝင်းအတွင်း စေတီတော်နှစ်ဆူသည် ယခင် ချုံနွယ်ပိတ်ပေါင်းများစွာဖုံးအုပ်နေသည့် အုတ်ပုံကြီးများဘဝက ရွှေရောင်တဝင်းဝင်းနှင့်အလွန်တင့်တယ်သပ္ပာယ်စွာ ဖူးတွေ့ရပါသည်။ စေတီတော် ထီးတော်မှ ဆည်းလည်းသံတချွင်ချွင်သည် ထာဝရ သာဓုခေါ် နေသကဲ့သို့ဖြစ်နေပါ၏။ ဘကြီးဘုန်းကြီးသည် ထိုကျောင်းတိုက်၌ ဝါတော် ၂၀ ကျော်ကြာမြင့်စွာ သီတင်းသုံးခဲ့ပါသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ဘကြီးဘုန်းကြီး ဆရာတော်ဦးစန္ဒ ဘဝ





www.burmeseclassic.com

www.burmeseclassic.com

နတ်ထံ ပျံလွန်တော်မူသွားခဲ့ပါပြီ။ သူ တစ်ဘုံတစ်ဘဝ ရောက်ရှိခဲ့သော်လည်း စေတီတော်နှစ်ဆူသည် ထီးတည်းမား မား ကြည်ညိုဖွယ်ဖူးတွေ့နိုင်ပါသည်။ ဤစေတီတော်နှစ်ဆူ၏ ကောင်းမှု ကုသိုလ်ရှင်ဘုရားဒါယကာ၊ ဒါယိကာမ တို့သည် ဘုမ္မိရသိုက် အနွယ်ဝင်များ ဖြစ်ကြောင်း ဆရာတော်မိန့်ကြားခဲ့ဖူး ပါသည်။ ထိုပစ္စည်းများသည် ယခင် ရှေးဘုရားဒါယကာ၊ ဒါယိကာမတို့က အမိဋ္ဌာန်ပြုခြင်း၊ သစ္စာပြုခြင်း၊ ကျမ်း သစ္စာကျိန်ဆိုခြင်း၊ နောက်ဆုံး ကျိန်စာ တိုက် လှူဒါန်းခဲ့ခြင်းများစွာရှိခဲ့ ဖူးပါ သည်။ ဤသာကေများအရ ကြည့်လျှင် ပဋ္ဌာန်းဆက်၊ သိုက်ဆက်ရှိခဲ့ကြသူများ သာလျှင် ဘုရားပြင်ခွင့်၊ ကျောင်းပြင်ခွင့်၊ အသစ်ဆောက်ခွင့် ရှိပါမည်။

ထိုဘုမ္မိရနှင့်ဆက်နွယ်သူ ယခင် ဘဝဟောင်းကပုဂ္ဂိုလ်များကို ယုံကြည် အပ်နှံ၍ ပစ္စည်းပေးအပ်ကာ ကူညီ တောင်းယူတတ်ပါ၏။ ကိုယ်ကျိုးမကြည့် သော သမ္မာအာဇီဝ ရှိသူများကသာ လျှင် ထိုပစ္စည်းကို ထုခွဲရောင်းချ၍ ပြန် လည် ပြုပြင်ခွင့်ရပါမည်။ ဒီအတွက် ထိုပစ္စည်းကို ဘယ်သူလုယူဖျက်ဆီးစေ တော့ မရနိုင်ပါ။ အကြောင်းအမျိုးမျိုး ကြောင့် အဖျက်အဆီး၊ အဟန့်အတား များစွာနှင့် ပျက်စီးကြပါ၏။

သို့အတွက် မြင်အပ် မမြင်အပ် သော ပုဂ္ဂိုလ်များက ကူညီစောင့်ရှောက် နေသည်မှာတော့ ဧကန်ဖြစ်နေပြီ။ ယခု လည်း ကျူးလွန်ရန် ကြိုးစားသည့် ကာယကံရှင်ကိုယ်တိုင်က ဝန်ချတောင်း ပန်နေသဖြင့် ဗုဒ္ဓပစ္စည်း ဖျက်ဆီးမရဘဲ မရဏာသို့ သွားသောသူများကို ကိုယ် တွေ့၊ ပွဲတွေ့ယုံကြည်နေကြောင်း ဆရာ တော်ဦးစန္ဒ၏ ကောင်းမှုသက်သေက ထာဝရဖူးတွေ့နိုင်ပါတော့သည်။

ဘကြီး ဘုန်းကြီး ဦးစန္ဒအား ဂါရဝပြုလျက် သာဓုခေါ်ဆိုနိုင်ပါစေ ဘုရား။

❒ မင်းထိုက်ဝင်း(မြရောင်မြေ)

(၁)

ဟိမဝန္တာတောကြီးသည်အတွင်း ပိုင်းသို့ရောက်လေ ပိုမိုတောနက်လေ ဖြစ်၏။

မြင့်မားသော သစ်ပင်ကြီးများ၊ ရေအိုင်ကြီးများ၊ မြစ်ငယ်ချောင်းငယ် များ၊ လျှိုမြောင် ချောက်ကြားများနှင့် ပြည့်နှက်နေ၏။

တောကြီး၏ တစ်နေရာတွင် ရေစီးသန်သော မြစ်လက်တက်တစ်ခု သည် ဂင်္ဂါမြစ်မကြီးထဲသို့ တသွင်သွင် စီးဝင်နေ၏။

ထိုမြစ်ဆုံနေရာ၌ ရသေ့ကြီး တစ်ပါးသည် ခရီးသည် နှစ်ဦးကို စိတ် ရှည်ရှည်ဖြင့် လမ်းခရီးအကြောင်းရှင်းပြ နေ၏။

ခရီးသည်နှစ်ဦးအနက်မှာ တစ် ဦးသည် ဖြူစင်သော အသားအရေနှင့် ခံ့ညားချောမောသော ရုပ်သွင်ရှိသည်။ အခြားတစ်ဦးမှာ ညိုမှောင်သောအသား အရေနှင့် ကြမ်းတမ်းသော ရုပ်သွင် ရှိ၏။ ခရီးသည် နှစ်ဦးသည် ရသေ့ ကြီးကို ရိုသေစွာ ရှိခိုးကန်တော့ပြီးလျှင် မြစ်လက်တက်၏ ကမ်းစပ်အတိုင်း မြစ် ညာသို့ ခရီးဆက်ခဲ့ကြ၏။

မြစ်လက်တက်မှာ ရေစီးသန်လှ သဖြင့် မြစ်တွင်းက သွား၍ မဖြစ်ပေ။ လူသူမရောက်သည့် နေရာဖြစ်သဖြင့် လျှိုမြောက်ချောက်ကြားနှင့်ကျောက်တုံး ကြီးများကို ကျော်လွှားဖြတ်သန်း၍ သွားနေရသောကြောင့် ခရီးမတွင် လှပေ။

သို့သော်လည်း ခရီးသည်နှစ်ဦး ၏ မျက်နှာတွင် စိတ်ပျက်အားလျော့ သည့်အသွင်မရှိဘဲ စိတ်အားထက်သန် သည့်အသွင်သာ ပေါ်လွင်နေ၏။

သုံးယူဇနာခန့် သွားမိသောအခါ တောင်စောင်းတစ်ခုကိုတွေ့ရ၏။ အချိန် ကလည်း မှောင်စပျိုး၍ မိုးချုပ်နေ လေပြီ။

ဤနေရာ၌ မြစ်လက်တက်သည် တောင်ခေါင်းအတွင်းမှ စီးဆင်းလာ၏။ ခံ့ညားပြီး ချောမောလှသော ခရီးသည် သည် သူ့အဖော်ခရီးသည်ကို လာလမ်း အတိုင်း ပြန်လွှတ်လိုက်၏။

သူကမူ အသင့်ပါလာသော မီး ရှူးတိုင်ကို မီးညှိထွန်းပြီးလျှင် တောင် ခေါင်းအတွင်းသို့ ဝင်သွား၏။

မှောင်မိုက်သော တောင်ခေါင်း အတိုင်း တစ်ညလုံး ခက်ခက်ခဲခဲဖြင့် ခရီးဆက်ခဲ့ရာ မိုးလင်းသောအခါ တောင်ခေါင်းဝ၏ အထက်ပေါက်မှ တက်မိလျက် ရှိလေပြီ။

မြစ်လက်တက်အတိုင်း အတန် ကြာမျှ ခရီးဆက်မိ၍ မြစ်လက်တက် ဆုံးသွားသောအခါ ကြီးမားလှသော ရေအိုင်ကြီးတစ်အိုင် တွေ့ရ၏။

ဤရေအိုင်ကြီးကား ကဏ္ဍမုဏ္ဍ အိုင်ကြီး ဖြစ်၏။

ရေအိုင်ကြီးအနီးတွင် သီးဝင် မျိုးစုံ၊ ပန်းမျိုးစုံတို့ဖြင့် အလွန်သာယာလှ သော ဥယျာဉ်ကြီးကိုတွေ့ရ၏။ သရက် ပင်တို့မှာမူ အခြားသစ်ပင်တို့ထက် ပို၍ များပြား၏။

ခရီးသည်သည် ဥယျာဉ်အတွင်း သို့ ဝင်လိုက်မိလျှင်ပင် သူတစ်ကြိမ် တစ်ခါမျှ မတွေ့ဘူးသော နတ်သမီးတမျှ ချောမောလှပသည့်အမျိုးသမီးတစ်သိုက် သည် သူ့အနီးသို့ ဝိုင်းအုံရောက်ရှိလာ ကြပြီး ရိုသေလိုက်လှဲစွာ ခရီးဦးကြိုပြု သည်။

ပြီးလျှင်. . ရွှေရောင်၊ ငွေရောင် ရတနာရောင်တို့ဖြင့် ဝင်းပြောင်တောက် ပနေသော ပြာသာဒ်ဆောင် ဘုံနန်းဆော် သို့ပင့်ဆောင်ခေါ်သွားကြ၏။ ရွှေဘုံနန်း ပေါ်သို့ ရောက်သောအခါ မွေးမြိုင်လှ





www.burmeseclassic.com

www.burmeseclassic.com

သော နံ့သာရည်တို့ဖြင့် ရေချိုးပေးကြလေ၏။

ပြီးလျှင် နတ်သုဒ္ဓါမျှ အရသာရှိသော စားကောင်းသောက်ဖွယ်တို့ကို ကျွေးမွေးကြပြီးနောက် ရတနာခုနစ်ပါးစီခြယ်ထားသော သလွန်ညောင်စောင်းပေါ်မှာ နားနေအိပ်စက်စေ၏။

ခရီးသည်ကြီးကား ဗာရာဏသီပြည့်ရှင်ဘုရင်မင်းတရားကြီးတည့်။

သူသည် လူသူမနီးသော ဟိမဝန္တာတောကြီး အလယ်၌ နတ်မိမယ်တမျှတင့်တယ်လှသော အမျိုးသမီးတို့ကို တွေ့သော်လည်း အံ့သြသင့်ခြင်း၊ အံ့ဩခြင်း မဖြစ်ပေ။

အကြောင်းအရာ ထူးဆန်းလှသော ဤအမျိုးသမီးတို့၏ သတင်းကို သူပြန်လွှတ်လိုက်သော လမ်းပြမှုဆိုးကျော်ထံမှ ကြားသိရ၍ ဤအမျိုးသမီးများကို မြင်လိုတွေ့လိုသော ဇောဖြင့် ဤတောနက်ထဲသို့ ခက်ခဲပင်ပန်းစွာ လာရောက်ခြင်း ဖြစ်သောကြောင့်ပင်။

(၂)

နှစ်ပေါင်းများစွာ အဖော်မဲ့နေမှုကြောင့် အဖော်ဆာနေကြသော ဤအမျိုးသမီးများမှာ ရေငတ်တုန်းရေတွင်းထဲကျသကဲ့သို့ ရုတ်တရက် မင်းကြီးကို တွေ့ရသောအခါ အငမ်းမရ ဝိုင်းပြုစုကြတော့၏။ အမျိုးသမီးများမှာ ငါးရာမျှရှိ၍ မင်းကြီးမှာ ခေါင်းဆောင်အမျိုးသမီးနှင့်သာ နေ့ရောညပါ အတူနေ၏။ ကျန်အမျိုးသမီးများမှာ ခေါင်းဆောင်အမျိုးသမီး၏ အခိုင်းအစေများဖြစ်ဟန်တူပေသည်။

မင်းကြီးမှာ သာယာလှသော ဥယျာဉ်ကြီး၏ အနီးရှိ ရတနာရောင်တပြောင်ပြောင် တောက်ပနေသော ရွှေဘုံမြနန်းကြီးအတွင်း၌ နတ်မိမယ်တမျှ လှလွန်းသော အမျိုးသမီးတို့၏ အမျိုးမျိုးသော အပြုအစု အယုအယတို့၏ အကြားဝယ် စည်းစိမ်ခံစားနေရရာ ဗာရာဏသီ ပြည်ကြီးနှင့်တကွ





www.burmeseclassic.com

www.burmeseclassic.com

ထီးနန်းစည်းစိမ်ကိုပါ အမေ့ကြီးမေ့နေတော့၏။

ဗာရာဏသီ ထီးနန်းစည်းစိမ်နှင့်နှိုင်းစာလျှင် ဆီးသီးစေ့နှင့် မြင်းမိုရ်တောင်ပမာ ကွာခြားလှသော ဤစည်းစိမ်ကို မင်းကြီးခံစားနေခဲ့ရာ နှစ်ပေါင်းတစ်ရာ့ငါးဆယ်မျှ ကြာသွား၏။

တစ်ညတွင် ညကြီးသန်းခေါင်အချိန်၌ သူ၏ကြင်ရာအမျိုးသမီးသည် သူနှင့်အတူ အိပ်စက်နေရာမှ အသာထ၍ နန်းပြဿဒ်အောက်သို့ တစ်ယောက်တည်း ဆင်းသွားသည်ကို သတိပြုမိလိုက်၏။

ထူးဆန်းလှသဖြင့် မင်းကြီးသည်အိပ်ရာမှ ထပြီးလျှင် မလှမ်းမကမ်းမှ မသိမသာ နောက်ယောင်ခံ၍ လိုက်သွား၏။

အမျိုးသမီးသည် ရေအိုင်ကြီးဆီသို့ လေးလံသော ခြေလှမ်းများဖြင့် အိပ်မက်မက်ရင်း သွားနေသူကဲ့သို့ ဖြည်းဖြည်းလေးလေးကြီး သွားနေ၏။

ရေအိုင်ကြီးအနီး၌ ထူးဆန်းသော အိုင်ငယ်တစ်ခုရှိရာ ထိုအိုင်ငယ်၏ ကမ်းပေါ်သို့ရောက်သောအခါ ကမ်းပေါ်၌ရပ်၍ အိုင်ကြီးအတွင်းသို့ ကြည့်နေ၏။

သူရပ်နေသည်မှာ လရောင်ကျရာနေရာ၌ ရပ်နေခြင်းဖြစ်၍ သူ့မျက်နှာတွင် ညှိုးငယ်၍ တုန်လှုပ်ချောက်ချားလျက် တစ်စုံတစ်ရာမျှော်လင့်စောင့်စားနေသည့်အသွင်ကို မင်းကြီးမလှမ်းမကမ်းမှ တွေ့မြင်နေရ၏။

ခဏမျှအကြာတွင် ရေအိုင်ငယ်အတွင်းမှ ဆင်ပေါက်ငယ်တမျှကြီးမားလှသော ကြောက်မက်ဖွယ်ရာ ခွေးနက်ကြီးတစ်ကောင် တက်လာပြီးလျှင် အမျိုးသမီးဆီသို့ သွားနေ၏။


ခွေးနက်ကြီးမှာ နားရွက်မပါပေ။ မျက်လုံးကြီးများ နီရဲနေ၏။ ကြီးမား၍ဖြူဖွေးနေသောအစွယ်ကြီးများ၊ တွဲလျားကျနေသည့် လျှာကြီးအပြင် ရှည်လျားကြီးမားလှသည့် ခြေသည်းကြီးများနှင့်ကြမ်းတမ်းပုံရသည့် အမွေးရှည်ကြီးများရှိ၍ မင်းကြီးမှာ ကျောစိမ့်အောင်ကြောက်သွေးတွေ ဝင်လာမိ၏။

တောနက်ကြီးအလယ် တိတ်ဆိတ်လှသော ညသန်းခေါင် အချိန်ကြီးဝယ် ကြောက်စရာကောင်းလှသောဤသတ္တဝါနက်ကြီး တရွေ့ရွေ့ သွားနေပုံနှင့် ဤသတ္တဝါကောင်ကြီး မိမိထံလာနေပါလျက် ပြေးရမှန်းမသိဘဲ အနည်းငယ်မျှ မလှုပ်ရှားဘဲ လူသေကောင်ကြီးသဖွယ် တောင့်တောင့်ကြီးရပ်နေသောအမျိုးသမီး။

မြင်ကွင်းတစ်ခုလုံးကား စိတ်ချောက်ချားဖွယ် ကောင်းလှ၏။

မင်းကြီးသည် မိမိမှာ မည့်သည့်လက်နက်မျှ မယူဆောင်ခဲ့မိသဖြင့်ဤသတ္တဝါကြီးများ ငါ့ကိုမြင်လို့ ငါ့ဆီလာလိုက်မှဖြင့်ဟု တွေးမိကာ ကြက်သီးထသွား၏။

သတ္တဝါကြီးသည် အမျိုးသမီးအနီးသို့ ရောက်သည်နှင့်တစ်ပြိုင်နက်အမျိုးသမီး၏လည်မျိုကို ကိုက်ခဲလိုက်ကာ မြေပေါ်သို့ လှဲချလိုက်ပြီးလျှင်



တစ်ကိုယ်လုံးရှိ အသားများကို စားပစ်လိုက်ရာ တစ်ခဏအတွင်းမှာပင် အရိုးမျှသာ ကျန်သည်အထိ ဖြစ်သွား၏။

ထိုအခါမှသာ သတ္တဝါကြီးသည် အရိုးများကို ကိုက်ချီကာ အိုင်ငယ်အတွင်းသို့ ပစ်ချလိုက်ပြီးလျှင် အိုင်ထဲသို့ဆင်းပြီးနောက် ပျောက်ကွယ်သွားတော့၏။ ခဏချင်းပင် အိုင်ထဲမှ မိန်းမတစ်ယောက် တက်လာသည်ကို တွေ့ရ၏။

သေချာစွာ ကြည့်သောအခါ မကြာမီ မိနစ်ပိုင်းအတွင်းက ခွေးနားရွက်တိုကြီး အစားခံလိုက်ရသော မိမိ၏ကြင်ရာ အမျိုးသမီး ဖြစ်နေသည်ကို တွေ့ရ၍ မင်းကြီး အလွန်အမင်းအံ့ဩသွား၏။

အဖြစ်အပျက်တို့က လျင်မြန်လှ၏။ ခဏချင်းအတွင်းမှာပင် မယုံကြည်နိုင်လောက်အောင် ထူးဆန်းသော အဖြစ်အပျက်တို့ မိမိ၏မျက်စေ့ရှေ့တွင် လျှပ်ပြက်သကဲ့သို့ ဖြစ်ပျက်သွားသည်ကို တွေ့ရသောအခါ မင်းကြီးသည် အံ့အားသင့်ကာ ကြက်သေသေနေ၏။

သို့သော် အိုင်ထဲမှတက်လာသော သူ၏ကြင်ရာအမျိုးသမီးက မြို့ဘုံဗိမာန်ဆီသို့ ပြုံးရွှင်ကြည်လင်သော မျက်နှာဖြင့် ပြန်လာသည်ကို သတိပြုမိမှပင် ချက်ချင်းပြန်လှည့်ကာ အမျိုးသမီး မမြင်မီ အိပ်ခန်းသို့ရောက်အောင် ပြန်ခဲ့ပြီးလျှင် သလွန်ညောင်စောင်းပေါ် လှောင်းကာ အိပ်ပျော်ဟန် ဆောင်နေလိုက်၏။

အမျိုးသမီးသည် အိပ်ခန်းသို့ ပြန်လာပြီးလျှင် ဘာမှမဖြစ်သကဲ့သို့ အိပ်နေလေ၏။

နံနက်လင်းသော အခါ၌လည်း မည်သို့မျှ မထူးခြားဘဲ မင်းကြီးအား ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြုစုမြဲပြုစု၏။ မင်းကြီးလည်း ဘာတစ်ခွန်းမျှ မမေးမြန်းဘဲ ဘာမျှမသိသလို ဟန်မပျက်နေလိုက်၏။

သို့သော်ငြား ညကတွေ့ထိလိုက်ရသော ထူးဆန်းလှသည့် မြင်ကွင်းသည် မင်းကြီး၏ စိတ်အစဉ်မှ ဖယ်ရှား...





www.burmeseclassic.com

www.burmeseclassic.com

မရပေ။ စိတ်မေးခွန်းကိုသာ ထပ်ကာတလဲလဲမေးနေ၏။

အဖြေကား ပေါ်မလာပေ။

(၃)

ဒုတိယည၌လည်း ပထမညက အတိုင်းပင် တွေ့ရပြန်၏။ တတိယညတွင်မူ မင်းကြီးသည် လက်စွဲတော်လေးကို ယူသွား၏။

အမျိုးသမီးကို ခွေးနက် နားရွက်တိုကြီး ကိုက်ခဲနေစဉ် ခွေးနက်ကြီးကို လေးဖြင့် ပစ်လိုက်ရာ နေရာတွင်ပင် လဲကျသေဆုံးပြီး ပျောက်ကွယ်သွား၏။ အမျိုးသမီးကိုလည်း ရိုက်နှက်ပြီး အိုင်ငယ်ထဲသို့ ပစ်လိုက်ရာ ယခင်ညများမှာလိုပင် ပြုံးရွှင်ကြည်လင်သော ပကတိရုပ်သွင်ဖြင့် အိုင်ထဲမှ တက်လာသည်ကို တွေ့ရ၏။

မင်းကြီးသည် ယခင်ညများကလို အိပ်ခန်းထဲသို့ မပြန်ဘဲ ကမ်းပေါ်မှပင်အမျိုးသမီးကို စောင့်နေ၏။

အမျိုးသမီး မိမိအနီးသို့ ရောက်လာမှ . . .

"ထူးဆန်းလှချေလား၊ ဘယ်လိုဖြစ်တာလဲ၊ ပြောပြစမ်းပါဦး"ဟု မေးလိုက်သည်။ အမျိုးသမီးက. . .

"မောင်တော် သိချင်မှတော့ ကျွန်မ ပြောပြမယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနစ်ရာ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ကိမိလဆိုတဲ့မြို့ ရှိခဲ့ပါတယ်၊ အဲဒီမြို့မှာ ကျွန်မဟာ ခင်ပွန်းသည်နှင့် အတူနေထိုင်ခဲ့ပါတယ်၊ ကျွန်မရဲ့ခင်ပွန်းသည်က သောတာပန်အရိယာပုဂ္ဂိုလ်ဆိုတော့ အပေါင်းအဖော် ဥပါသကာ ငါးရာနဲ့အတူ ကောင်းမှုကုသိုလ်လုပ်ငန်းတွေကိုပဲ ဆောင်ရွက်နေပါတယ်၊ ကျွန်မတို့ ဇနီးသည်တွေကလဲ ရတနာသုံးပါး ကိုင်းရှိုင်းတဲ့ ဥပါသကာမတွေဖြစ်တော့ ခင်ပွန်းသည်တွေနဲ့ တန်းတူ ကုသိုလ်ကောင်းမှုတွေကိုပဲ ပြုလုပ်ကြပါတယ်။

ဒါပေမဲ့ တစ်နေ့မှာ ယောကျ်ားတစ်ယောက်က ကျွန်မကို နည်းအမျိုးမျိုးနဲ့ သွေးဆောင်ဖြားယောင်းပါတယ်၊ ကျွန်မလဲ စိတ်မထိန်းနိုင်တော့ဘဲ အဲဒီယောကျ်ားနဲ့ ဖောက်ပြားကျူးလွန်မိပါတယ်။

ဒါကို ကျွန်မအဖော် အမျိုးသမီးများလဲ သိကြပါတယ်၊ ဒီကိစ္စကို ခင်ပွန်းသည် သိလို့မေးတော့ ကျွန်မ မဟုတ်ရပါကြောင်း ငြင်းရုံမက ရှင်ပြောသလို မဖောက်ပြားရရိုး အမှန်ပါ၊ တကယ်လို့ ဖောက်ပြားမိရင် ဟောဒီခွေးနက်ကြီးနားရွက်တိုကြီးရဲ့ အစားခံရပါစေသားလို့ အနားမှာရှိတဲ့ ခွေးနက် နားရွက်တိုကြီးကို လက်ညှိုးထိုးပြပြီး မုသားကျိန်စာဆိုခဲ့ပါတယ်"

"အခုညမှာ မောင်တော် မြင်ရတဲ့အတိုင်း ကျွန်မ ခွေးနက်ကြီး အစားခံရတာဟာ အဲဒီဖောက်ပြားမှုနဲ့ လိမ်ပြောမှု အကုသိုလ်ကံတွေကြောင့်ပါပဲ၊ နေ့အခါမှာ စည်းစိမ်ခံစားရတာကတော့ ရတနာသုံးပါး ဆည်းကပ်ပြီး ကောင်းမှုကုသိုလ်တွေ ပြုခဲ့လို့ပါပဲ"

"ဒါဖြင့်ရင် မင်းတို့က လူတွေလား၊ နတ်တွေလား၊ ဘာတွေလဲ"

"ကျွန်မတို့က လူလဲမဟုတ်၊ နတ်လဲ မဟုတ်ပါဘူး၊ ဝေမာနိက ပြိတ္တာတွေပါ၊ ကုသိုလ်ကောင်းမှုကြောင့် နေ့အခါမှာ နတ်စည်းစိမ် ခံစားရပါတယ်၊ ညအခါမှာတော့ မကောင်းမှုအကုသိုလ်ကံကြောင့် အခု မောင်တော်မြင်ရတဲ့အတိုင်း ငရဲဆင်းရဲတစ်မျိုးကို ခံစားရပါတယ်"

"နေပါဦး၊ ဟို မင်းအဖော်တွေကတော့ကော ဘယ်လိုလဲ"

"သူတို့က ကျွန်မ ဖောက်ပြားတာ သူတို့မသိရကြောင်း လိမ်ပြောပြီး သူတို့ပြောတာ မမှန်လျှင် ကျွန်မရဲ့ ကျွန်မတွေ ဖြစ်ရပါစေသားလို့ မုသားကျိန်စာဆိုလို့ အခု ကျွန်မရဲ့ အခိုင်းအစေတွေ လာဖြစ်နေကြရတာပါ"

ထိုအခါမှ မင်းကြီးသည် သူကိုယ်သူ အရှင်လတ်လတ် ပြိတ္တာဘုံရောက်ကာ ပြိတ္တာမတွေနှင့် ပေါင်းဖော်နေမိကြောင်းသိရပြီး ထိတ်လန့်တုန်လှုပ်သွား၏။ ထိုမိန်းမလှတို့ကို ချစ်ခင်နှစ်သက် တပ်မက်စိတ်တို့လည်း ကြက်ပျောက်ငှက်ပျောက် ဖြစ်ကုန်တော့၏။ သီလပျက်စီးခြင်းကြောင့် ခံစားရသည့် ဆင်းရဲကျိုးကား ကြီးမားလှပေစွဟု ထိတ်လန့်သံဝေဂစိတ်တွေလည်း တဖွားဖွား ဖြစ်ပေါ်နေ၏။

ထို့ကြောင့် သူ့ကို ဗာရာဏသီပြည်သို့ ပြန်ပို့စေလိုကြောင်း သူကြင်ရာ ဝေမာနိကမိန်းမလှအား တောင်းပန်၏။ ပြိတ္တာမကား မင်းကြီးအပေါ်၌ မခွဲနိုင်လောက်အောင်ပင် သံယောဇဉ်ငြိတွယ်လျက်ရှိလေပြီ။

ထို့ကြောင့် သူနှင့်သာ သေတစ်ပန်သက်တစ်ဆုံး ပေါင်းသင်းနေထိုင်ကာ နတ်စည်းစိမ်ကို ခံစားနေရန် ငိုယိုတောင်းပန်၏။

မင်းကြီးကလည်း ပြန်ပို့ပေးရန် ထပ်ကာတလဲလဲ တောင်းဆိုနေသဖြင့် ပြိတ္တာမသည် မချိလှသော လွမ်းစိတ်ကို အတင်းမျိုသိပ်ချုပ်တည်းလျက် မင်းကြီးအလိုကျ ဗာရာဏသီပြည်သို့သာ ပြန်ပို့လိုက်ရ၏။

မုသားကျိန်စာ ဆိုခဲ့ကြသူများ၏ ခံစားရသည့်ဆင်းရဲကျိုးကား ကြောက်မက်ဖွယ်ရာ ကောင်းလှပါသည်။

**အေးမြချမ်းသာကြပါစေ။**

❒ **ဓောင်ရိလေး(ဗဟိတ)**

**ကျမ်းကိုး** - ဗုဒ္ဓဘာသာ အခြေခံ သိမှတ်စရာ၊ ဘဒ္ဒန္တပညာသာမိ (ပန်းတနော်)မှ







www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဘဝကိုယ် ယိမ်းမသွားအောင် ချမ်းချမ်းသာသာ ထိန်းထားနိုင်ခြင်းထက် သာလွန်သော မင်္ဂလာမရှိပါ။

ကိုယ့်ဘဝကိုယ် ချမ်းချမ်းသာသာ ထိန်းထားနိုင်အောင် လမ်းပြပေးခြင်းထက် သာလွန်သော လောကနီတိမရှိပါ။

ဆန်းထွန်း(မန်းတက္ကသိုလ်)

❖

ရွှေစက်တော်သို့ နေ့လယ်ပိုင်းကပင် ကျွန်တော်ရောက်ရှိခဲ့သည်။ ရွှေစက်တော်၏ ဘုရားပွဲတော်ကျင်းပချိန်သည် နှစ်နှောင်း တပို့တွဲလဆန်း ၄ ရက်မှ မြန်မာနှစ်ဦး နှစ်ဆန်း ၁ ရက်နေ့အထိ နှစ်စဉ်အမြဲ ကျင်းပပြုလုပ်လေ့ရှိသော ရက်ရှည်ပွဲတော်ကြီး တစ်ပွဲဖြစ်ပါသည်။


ကျွန်တော် ရောက်ရှိလာသော အချိန်သည် တပေါင်းလကုန်ရက်ဖြစ်၍ နေ့ဘက်တွင် ပူလွန်းကာ ညပိုင်းအချိန်၌ အေးလွန်းနေသေးသော ကာလအချိန်ကလေးဟု ဆိုရပါမည်။

ကျယ်ဝန်းလှသော ပွဲတော်ဈေးခင်းကြီး တစ်လျှောက်တွင် ဒေသထွက်အစားအသောက်၊ အသုံးအဆောင် ရောင်းချသည့် ဆိုင်ကြီးများ၊ အထည်အလိပ် အသီးအနှံ ငါးခြောက်ငါးခြမ်းတို့အပြင် ထည်ဝါခံ့ညားသော စားသောက်ဆိုင်ကြီးများတို့ကိုလည်း တွေ့ရပါသည်။

ရှားရှားပါးပါး ကြုံကြိုက်ခဲလှသော မြတ်ဗုဒ္ဓ၏ ခြေတော်ရာနှစ်ဆူကို မျက်မြင်ကိုယ်တွေ့ ဖူးမြော်ကြရမည်ဖြစ်၍လည်း အနယ်နယ်အရပ်ရပ်တို့မှ ဗုဒ္ဓဘာသာဝင် လူမျိုးပေါင်းစုံတို့ ရောက်ရှိနေကြသည်မှာ ကြက်ပျံမကျ ကြိတ်ကြိတ်တိုး ဆိုသကဲ့သို့ပင်။ ကျွန်တော်သည်လည်း ဗုဒ္ဓဘာသာဝင်ပီပီ ဗုဒ္ဓဘုရားရှင်တော်၏ကိုယ်စား ဗုဒ္ဓ၏ ခြေတော်ရာစစ်စစ်တွေကို ဖူးမြော်လိုသော ဆန္ဒဖြင့် ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်ပါသည်။ တောင်တော်၏ အမြင့်ထက်တွင် တည်ရှိနေသော အထက်စက်တော်ရာ(ပါဒ)စေတီနှင့် ချောင်းပြင်သဲခုံပေါ်တွင် တည်ရှိနေသော အောက်စက်တော်ရာ(ပါဒ)စေတီနှစ်ဆူတို့ကြားတွင် အေးမြကြည်လင်စွာ အစဉ်မပြတ်စီးဆင်းလျက်ရှိသော နမ္မဒါမြစ် ခေါ် မန်းချောင်း၏ ရေစီးကြောင်းနံဘေး သဲခုံပြင်ကျယ်ကြီး တစ်လျှောက်၌ ပွဲတော်ဈေးခင်းအပြ... စီစဉ်ထားပြီး ဘေးဝန်းကျင် ကမ်းပေါ်... လည်း မြင့်မားမတ်စောက်သော တော... မြင့် တောင်တန်းကြီးများတို့က ဝိုင်း... ကာဆီးထားလေသည်။

တောင်မြင့် တောင်စွယ် တော... တန်းကြီးများတို့နှင့်အတူ အကြီး အငယ် အရွယ်အလတ်မျိုးစုံသော သစ်ပင်... ပင် အမျိုးမျိုးတို့ကလည်း အုပ်မိုးခြံသို... ထားကြပြန်၏။ တောအဆင့်ဆင့်... တောင်အသွယ်သွယ်တို့ကို ကွေ့၍ ဝိုက်... ၍ လည်ပတ်စီးဆင်းလာနေသော မန်း... ချောင်း ရေစီးကြောင်းကလေး၏ လွင်... ကင်းရာ ဖြစ်သည်။ သဲကျောက်ခုံလွင်... ပြင်ကျယ်ကြီး တစ်လျှောက်ပေါ်တွင်... ပွဲတော်ဈေးခင်း ပြုလုပ်ဖန်တီးထား... သည့်အတွက်ကြောင့်လည်း နေရာတိုင်း... လိုလို၌ တည်းခိုခန်းများ၊ သီးသန့်နေရာ... များတို့က များပြားလှပါပေသည်။

ယာယီ သီးသန့်တည်းခိုခန်း... ကလေးတစ်လုံးတွင် ကျွန်တော်နေရာ... ထားလိုက်၏။ ခရီးရောက်မဆိုက်မှာ... ဖူးမြော်လိုသော ဆန္ဒပြင်းပြလှသည်...



# နမ္မဒါမြစ်ရေပြင်မှာ

ခက်ဒွိယ



www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုဖွယ် ရွှေရောင် တဝင်းဝင်းနှင့် တက်စက်တော်ရာကိုလည်း ကျွန် တော် ဖူးမြော်ပြီးပြီ။ အောက်စက်တော် ကိုလည်း ဖူးမြော်ခဲ့ပြီးပြီ။ ပွဲတော် ခင်းတစ်ဝိုက်ကိုပင် အနှံ့အပြား လျှောက်ကြည့်ပြီးခဲ့ပြီ။

တပေါင်းလ နေသည် လူနှင့် ဝါအများတို့ကို ချွေးဒီးဒီးကျလာ အထိ ရက်စက်ခဲ့ပြီ။ သူမှာ ဘာမှ ပန်းခဲ့ရခြင်း မရှိသလို ညိုးညိုးငယ် ဖြင့် တောင်စွယ်ကြားတွင် တစ်စွန်း စ ပုန်းခိုရင်း လောကတစ်ခွင်ကို ကြောင်ခိုးဝှက် လှမ်းကြည့်နေရှာလေ ။ နေလုံးကြီး လုံးဝပျောက်ကွယ် ပြီဖြစ်သော်လည်း ထားရှိခဲ့သေး သည့် အလင်းရောင်အရှိန်ကြောင့် မြင် ထင်သာရှိနေသေးသည်။ မကြာမီ သွား အလင်းရောင်ကိုလည်း ဘာဝရာသီ အနေအထားက သိမ်း သွားပေလေဦးမည်။

ရှေးအခေါ် နမ္မဒါမြစ် ယခု မန်း ချောင်းရေပြင်တွင် အနယ်နယ်အရပ်ရပ် မှ ရောက်ရှိလာကြပြီးသော ဘုရားဖူး ကြသူ လူအများတို့သည် ရေပြင်၌ သူစိမ်၊ ပြေးလွှားဆော့ကစားသူ များနှင့် ပျော်ရွှင်မြူးထူးနေကြသည် ပွဲတော်ခင်းတွင် လူများပင် ကျန်ပါ ဦးမည်လား မပြောတတ်တော့။ ကျွန်တော်တည်းခိုရာ သီးသန့်အိမ် လေး၏ ရှေ့တည့်တည့်နေရာရှိ သွင်သွင်စီးဆင်းနေသော ချောင်း၏ အလျဉ်သည် လူအများကဲ့သို့ပင် သွယ် လှိုင်းလွန့်ကလေးတွေအဖြစ် ပျော်ရွှင်ကခုန်နေကြသည့်နည်းတူ သံ ညင်းညင်းသွဲ့သွဲ့ကလေးတွေ လည်း ခိုးခိုးခစ်ခစ်နှင့် ရယ်မောအား နေကြပြန်သေးသည်။

ချောင်း၏ရေပြင်ပေါ်ရှိ ဟိုဘက် ဒီဘက်ကမ်းကူးရသည့် လူကူး တားလေးအနီးတွင် ကျွန်တော် လက်သုတ်သင် သန့်စင်လိုက် ။

ချောင်းရေ ကြည်ကြည်လဲ့လဲ့ အေးအေးကလေးသည် ကျွန်တော် ခရီးရှည်ကြားစီးလာခဲ့ရ၍ ပင်ပန်းနွမ်း နယ်နေသမျှကို ပြန်လည်လန်းဆန်းလာ စေသည်။

ပွဲခင်းဈေးတန်းရှိ စားသောက် ဆိုင်များရှိရာသို့ ကျွန်တော်ထွက်ရပေ ဦးမည်။ တစ်နေ့လုံး ခရီးတစ်လျှောက် ဘာမှ မစားမသောက်ဖြစ်ခဲ့သဖြင့် ဝမ်း ကလည်း ဆာလှနေပြီပဲ။

နေရာဒေသ တစ်ဝန်းလုံးကို အမှောင်ထုက ဝါးမျိုထားလိုက်ပြီး ဖြစ် သဖြင့် လျှပ်စစ်မီး၏ အလင်းရောင်တို့ ဖြင့် အနံတု အစားထိုးထားကြလေပြီ။

ပွဲတော်ဈေးခင်းတစ်လျှောက်ရှိ လူအများထဲမှပင် တိုးဝှေ့ကျော်ဖြတ်ကာ ဖြင့် ကျွန်တော် ဦးတည်ခဲ့သောနေရာ သို့ အရောက်လှမ်းနေရသည်။ ဆောင်း ဘောက်တွေ၏ အသံများ၊ လူသူအများ ၏အသံများ၊ ဈေးဆိုင်တွေဆီမှ ဈေး ခေါ်သည့်အသံများတွေက ဆူဆူညံညံ။

စားသောက်ဆိုင်များတို့သည် ထည်ဝါတင့်တယ်စွာ ခန်းခန်းနားနား ဖြင့် အပြိုင်အဆိုင်ခင်းကျင်းထားကြ၏။ ထိန်ထိန်လင်းအောင် သွယ်တန်းပြင် ဆင်ထားသော လျှပ်စစ်မီးရောင်စုံတွေ အောက်မှ သူထက်ငါဦးအောင် ဖိတ် ခေါ်ကြိုဆိုနေကြသည့် မိန်းမလှလေး များတို့၏ အစ်ကို၊ အစ်မ၊ မောင်လေး၊ ညီမလေးဟူသော ပျူပျူငှာငှာ အသံချို ချိုကလေးတွေကလည်း နားဝင်ချိုစရာ ပါပေ။

သားနားသပ်ရပ်သည်ဟု စိတ် ကထင်မိသော အနီးဆုံးရှိ စားသောက် ဆိုင်တစ်ဆိုင်အတွင်းသို့ ကျွန်တော် ဝင် လိုက်သည်။

"ဘာ သုံးဆောင်မလဲဆရာ"

"သင့်တော်မယ်ထင်တဲ့ ဟင်းနဲ့ ထမင်းတစ်ပွဲသာ လုပ်ကွာ"

စားပွဲထိုးကောင်လေး ကျွန်တော့် ထံပါးက ပြန်လည် လှည့်ထွက်သွား သည်။ အလွယ်တကူတွေ့ရှိရာ ဧည့်ခံ စားပွဲမှ ထိုင်ခုံတစ်လုံးတွင် ကျွန်တော် ထိုင်လိုက်သည်။ ကျွန်တော်ထိုင်လိုက် ပြီးသည်နှင့်ပင် ကျွန်တော့်နောက်ဘက် ဆီမှ ကျွန်တော့်ထံ မှုန်ရေးရေး အရိပ် တစ်ခု ထိုးဆင်းလာသည်။

"ကို"

ကျွန်တော်ကြားနေဖူးကျ ရင်းနှီး ပြီးသားအသံ။ လှည့်ကြည့်လိုက်မိသည်။

"ဟင်. . . သွယ်"

ကျွန်တော့်နှုတ်က အသံ လွတ် ထွက်သွားသည်။ စိတ်ကတော့ မယုံ ကြည်သလို ဖြစ်မိနေပြန်သည်။

ဒီတစ်သက် ပြန်လည် မဆုံတွေ့ နိုင်တော့ဟု ထင်ထားခဲ့ပြီးသော သွယ့် ကို ကျွန်တော့်ရှေ့မှောက်၌ မရည်ရွယ် မမျှော်လင့်ဘဲ မျက်ဝါးထင်ထင် တွေ့ မြင်နေရပါပြီကော။

မရယ်မပြုံး အားတက်သရော မရှိသလို အကြည့်မျိုးနှင့် သွယ်သည် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ကာ မျက်လုံးအိမ်နှစ်ဖက်ဆီတွင် မျက်ရည် ကြည်ကလေးများ ရစ်ဝိုင်းလာနေသည် ကို ကျွန်တော် သတိထားလိုက်မိပါ သည်။

"ကို ဘုရားပွဲကို လာခဲ့တာလား"

သွယ့်ထံမှ တိုးတိုးညင်းညင်းဖြင့် အသံထွက်လာသည်။

"ဟုတ်တယ် သွယ်၊ နေ့လယ် ပိုင်းကမှ ရောက်လာတာ"

သွယ် ခေါင်းညိတ်သည်။

"သွယ်ကော"

"သွယ်လဲ နေ့လယ်ပိုင်းလောက် ကပဲ ရောက်တယ်၊ သူတို့နဲ့ အဖော်ရလို့ လိုက်လာခဲ့တာ"

ပြောရင်း နောက်ဘက်စားပွဲ တွင် ထမင်းစားနေကြသော လူတစ် သိုက်ထံကို လက်ကမ်းပြသည်။ အဖော် ဆိုသူတွေက တစ်ချက်လှမ်းကြည့်သည် မှလွဲ၍ စားလက်စ ထမင်းပွဲတွင် ခုံခုံ မင်မင် မြိန်ရေယှက်ရေဖြင့် စားသောက် နေကြသည်ကိုသာ မြင်ရပါသည်။ သွယ် က ပြော၏။



www.burmeseclassic.com

www.burmeseclassic.com

"ညစာ စားတော့မယ့် ဆဲဆဲကို ဝင်လာတာမြင်လို့ သွယ် ထလာခဲ့တာ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

"ကို အိမ်ထောင်ကျနေပြီလား ဟင်"

ကျွန်တော် ခေါင်းခါပြလိုက်ရပြန်၏။ ထိုအခိုက်မှာပင် စားပွဲထိုးကလေးသည် ကျွန်တော့်အတွက် ထမင်းပွဲ ဟင်းပွဲများ ပြင်ဆင် သယ်ဆောင်လာလျှက် ကျွန်တော်ထိုင်နေသော စားပွဲတွင် လာရောက် စီစဉ်ပြင်လေတော့သည်။

❖

တည်းခိုအိမ်ကလေးသို့ ပြန်ရောက်ပြီးကတည်းက ရင်ထဲမှာ မရေမရာ ဝေဒနာတစ်ရပ်ကို ခံစားနေရသည်။ ရင်လှိုင်းခတ်သံတွေ ပဲ့တင်ထပ်နေသည်ကြောင့် တစ်နေရာတည်းမှာ ကျွန်တော် အငြိမ်မနေနိုင်။ အခန်းတံခါးကိုပိတ်ကာ လမ်းထလျှောက်လိုက် ထိုင်လိုက် ထလိုက် အိပ်နေလိုက်နှင့် ဆောက်တည်ရာမရ သက်ပြင်းမောတွေ မှုတ်ထုတ်ပစ်နေရသည်မှာလည်း အကြိမ်ကြိမ်။

သွယ်၏ သနားစရာ ညှိုးညှိုးငယ်ငယ် မျက်နှာလေး၊ မဝံ့မရဲ ပြုံးရာရသော အပြုံး မျက်စိမှာ တစ်ရစ်ဝဲဝဲလည်နေသည်။ သွယ်သည် ကျွန်တော့်စိတ်အာရုံကို တစ်ဖန်ပြန်၍ လွှမ်းမိုးနေပြန်ပါချေပြီ။

သွယ်. . . ။

အမည်က ချစ်စရာကောင်းသလောက် လူကလည်း အမည်နှင့်လိုက်အောင် သွယ်သွယ်နွဲ့နွဲ့လေးနှင့် လှသည်။ ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့အဖွဲ့တည်းကလိုပင် ဖြူစင်နုရွ၊ ခြေကစသည်၊ စိမ်းမြညိုမှောင်၊ ဆံတိုင်အောင်လျှင်ဟု ဆိုလျှင်ပင် မမှားနိုင်။ ဘာဆိုဘာမှ အပြစ်ပြောစရာမရှိပါ။

သွယ်နှင့် ကျွန်တော် တွေ့ကြသည်မှာ စင်စစ် ဆန်းတော့မဆန်း။ ကျွန်တော် အခြေခံပညာအထက်တန်း ဖြေဆိုရတော့မည့်နှစ်တွင် သွယ်သည် တွဲဖက်အခြေခံပညာသင်ကျောင်းမှ ကျွန်တော်ရှိသည့် ကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသည်။ ကျောင်းရောက်စက ကျောင်းသူအသစ်ပီပီ သူ ကြောင်ဝါးဝါး ယောင်လည်လည် ဖြစ်နေရှာသည်။ မနေတတ်သော ကျွန်တော်က အစစအရာရာ အကူအညီပေးခဲ့သည်။ ဒီကစ၍ သူနှင့်ကျွန်တော် ရင်းနှီးလာသည်။ နောက် စိတ်တူကိုယ်တူ စာကြိုးစားကြရင်း နီးစပ်ကြသည်။ အနေကြာတော့ ချစ်သူများအဖြစ်သို့ ပြောင်းမိကြသည်။

သွယ်၏ အဖေသည် မြို့ပေါ်ရှိ အသင်းအဖွဲ့ကြီးတစ်ခုမှ အကြီးအကဲကြီးတစ်ဦး။ ပြီး မြို့ပေါ်တွင် စတိုးဆိုင်ကြီးတစ်ဆိုင်ကို ဖွင့်လှစ်ထားသူ။ ကျွန်တော့် အဖေကလည်း မြို့ပေါ်တွင် လူသိများ အရာရောက်သူ။

တကယ်တမ်း တွေးကြည့်လျှင် ကျွန်တော်နှင့်သွယ်တို့ ဘယ်နည်းနှင့်မှ ဝေးကွာနိုင်စရာမရှိ။ သဘောမတူနိုင်စရာမရှိ။ ခက်သည်က ခွင့်မလွှတ်နိုင်ကြသော အစွဲအလမ်းတစ်ခု။

ကျွန်တော့်အဖေနှင့် သွယ့်အဖေတို့သည် မြန်မာနိုင်ငံ နိုင်ငံရေးအပြောင်းအလွဲ တစ်ခု၌ နိုင်ငံရပ်ခြားများ ကိုယ့်နိုင်ငံ ကိုယ်ပြန်ကြရသည်တွင် သူတို့ပိုင်ဆိုင်ခဲ့သော စက်ရုံ အလုပ်ရုံ ကိုယ်ပိုင်အိမ် စသည်တို့ကို ထားရစ်ခဲ့ကြရသည်။ ကျန်ရစ်သော ပစ္စည်းများအနက် အချို့ကို နိုင်ငံတော်က လေလံစနစ်ဖြင့် ရောင်းချခဲ့ကြ၏။ စက်ရုံကြီးတစ်လုံးကို သွယ့် အဖေနှင့် ကျွန်တော့် အဖေတို့ ပြိုင်တူ လေလံစနစ်နှင့် ဝယ်ယူကြရာ ကျွန်တော့် အဖေက ဝယ်ယူရရှိပြီး သွယ့်အဖေ လက်လွှတ်ဆုံးရှုံးလိုက်ရသည်။ ဒီအငြိုးက ကျွန်တော်တို့ အရွယ်ရောက်လာသည့်တိုင် မပြေ။

ဒီအရိပ်ကြောင့် ကျွန်တော်နှင့် သွယ်တို့ အခြေအနေကို တစ်စွန်းတစ်စ ရိပ်မိသည်နှင့် သွယ့်ကို အိမ်တွင်းက အိမ်ပြင် မထွက်စေတော့။ မလွှဲသာ၍ ထွက်ရလျှင် အဖော်နှင့် အစောင့်နှင့်။

"သွယ်ရယ် ဒီတစ်သက် ဒီလိုနဲ့ပဲ လမ်းခွဲကြရတော့မယ် ထင်ပါတယ်"

တစ်နေ့ အခွင့်အခါသင့်၍ သွယ်နှင့် ကျွန်တော် ခေတ္တခဏဆုံတွေ့ခိုက် အားမလို အားမရ ကျွန်တော် ပြောမိသည်။ သွယ်က ဆုံးဖြတ်ချက်တစ်ရပ်ကို ပြတ်ပြတ်သားသားပင် ချမ လိုက်သည်။

"ဒီမှာ ကို၊ ကိုနဲ့ပတ်သက်လာရင် အရာရာကို သွယ် ရင်ဆိုင်ရဲပါတယ် တစ်နေ့လုံး အိမ်က လူတွေကို သွယ် အယုံသွင်းထားမယ်၊ ည ၁၀ နာရီမှာ အိမ်ဝိုင်း အနားကိုသာ ကို အရောက် လာခဲ့၊ ကိုနဲ့ တစ်ပါတည်း သွယ် လိုက် မယ်"

ကျွန်တော် ဝမ်းသာသွား သည်။ ကျွန်တော့်အပေါ် သည်မျှ ချ သည့်သွယ်။

သွယ်ချိန်းဆိုထားသည့်အတိုင်း အိမ်ခြံဝိုင်းအနီးသို့ ကျွန်တော်ကပ်လိုက် သည်။ အိမ်ပေါ်ထပ်ရှိ သွယ့်အခန်း သည် မီးလင်းနေသည်။ ပြီးတော့ ပြတင်းပေါက်မှ သွယ်ထွက်ကြည့်သည် ကို မြင်ရသည်။ ကျွန်တော် ရောက် ကြောင်း သွယ်သိအောင် မီးရောင် ဆီမှ အရိပ်အယောင် ပြလိုက်သည် သွယ်၏အခန်း မီးမှောင်သွားပြီး လာပြီ။ မည်သည့်နည်းနှင့်မျှ သွယ် ကျွန်တော် လွဲနိုင်စရာ အကြောင်း တော့။

"သူခိုး . . . သူခိုး"

မမျှော်လင့်ဘဲ ကျွန်တော့် က အသံများ ပျံ့လွင့်ထွက်ပေါ် သည်။ ဆူဆူညံညံ လူသံတွေများ ထက် များလာပြီ။ ကျွန်တော့် ဦး တစ်နေရာတွင် ပူခနဲ ခံစားလို သည်။ ဒီနောက် ကျွန်တော်ဘာမှ တော့။ ဘာမှဆို ဘာမှ မသိတော့

"ဒေါက် . . . ဒေါက်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ အတွေးပုံရိပ်များ မဆုံးသေးမီ တည်းခိုအိမ် ဝင်ပေါက်တံခါးကို ခေါက်သံကြားရသဖြင့် တံခါးကို ထဖွင့်ပေးလိုက်သည်။ ကောင်ကလေး တစ်ယောက်။

"ကျွန်တော် ဒေါ်သိမ့်သိမ့်သွယ် တည်းခိုတဲ့ အဆောင်ကပါ၊ ဒေါ်သိမ့်သိမ့်သွယ်က စာပေး ပေးပါဆိုလို့ တည်းခိုခန်းအိမ်ရာ ချထားပေးတဲ့ ဌာနမှာ မေးမြန်းစုံစမ်းပြီး လာပို့တာပါ"

"ကျေးဇူးတင်ပါတယ်ကွာ"

ကောင်လေး ပြန်လှည့်သွားသည်နှင့် စာအိတ်ကို ဖွင့်လိုက်သည်။

ကို. . .

မျှော်လင့်မထားဘဲနဲ့ တိုက်ဆိုက်ဆိုင်ဆိုင် လာဆုံကြတယ်နော်။ ကိုနဲ့သွယ် ဝေးနေခဲ့တာ ခုနစ်နှစ်တောင်ကျော်ပြီ။ ကို့ကို သိပ်လွမ်းတာပဲ၊ တစ်နေ့မှ မေ့လို့မရဘူး သိလား။ ခုလို ပြန်တွေ့ရတော့ ခုနစ်ကျော် ညှိုးနွမ်းနေရတဲ့ သွယ့် အသည်းနှလုံးတွေ ပြန်ပြီး သန်းဆန်းလာတယ်။

ကိုနဲ့ သွယ်ခွဲခွာခဲ့ရတဲ့ ညကတည်းက ဖေဖေ့ရဲ့ စီမံမှုနဲ့ မေမေ့အမျိုးတွေရှိတဲ့ အဝေးတစ်နေရာကို ဘိတ်တဆိတ်နဲ့ သွယ့်ကို ပို့ထားခဲ့တယ်။ မေမေ့ရဲ့ အမျိုးတွေဖြစ်တဲ့ သွယ့်အဒေါ်တွေ ဝမ်းကွဲ မောင်ညီမလေးတွေက သွယ့်ကို ဘာတစ်ခုမှ ငြိုငြင်မှုမရှိရအောင် စိတ်တိုင်းကျထားပေမယ့် သွယ် ပျော်နိုင်ခဲ့ဘူး၊ မေမေ့ပျောက်ပျောက်နှလောက်ပြီထင်တော့ မေမေ့မောင်ဝမ်းကွဲရဲ့သား ကျောက်တူးဖော်ရေးလုပ်ငန်း ဦးစီးသူတစ်ဦးဖြစ်တဲ့ ကိုကြူဟန်နဲ့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပါဆိုလို့ ထိုးပေးလိုက်ရတယ်။

ကိုကြူဟန်ရဲ့ မိဘတွေက နယ်သာကြွယ်ဝသူတွေဖြစ်ကြလို့ သွယ် နေထိုင်စားသောက်မှုက အစ ပူပင်စရာမရှိအောင် ပြည့်စုံခဲ့ပေမယ့် ကိုကြူဟန် အလုပ်က သုံးလေးလကြာလို့တောင် သွယ့်ထံကို တစ်ခေါက် ပြန်မရောက်နိုင်ခဲ့ပါဘူး။ လုပ်ငန်းတွေရှိတဲ့နေရာမှာ ကြုံသလိုနေ ကြုံသလိုစားရင်းနဲ့ ကိုကြူဟန်မှာ အငယ်အနှောင်းတွေရှိလာတယ်ဆိုတဲ့ သတင်းကို သွယ် ကြားရတယ်။

ကိုကြူဟန်ကိုလည်း လွတ်လွတ်လပ်လပ် ပျော်ရွှင်မှုနဲ့ စိတ်တိုင်းကျဖြစ်အောင် သွယ့်အနေနဲ့လည်း စိတ်ချလက်ချနေနိုင်အောင်ဆိုတဲ့ စိတ်ကူးနဲ့ ကိုကြူဟန်ကို ပြန်ဆုံတဲ့အခိုက်မှာ ကွာရှင်းပြတ်စဲကြဖို့ သွယ် တောင်းပန်သလိုပြောကြည့်တယ်၊ ကိုကြူဟန်ကလည်း သဘောတူပါတယ်။ လောလောဆယ်ကွာရှင်းပြတ်စဲရမယ့် စာချုပ်မှာ လက်မှတ်မထိုးကြရသေးဘူး။ သွယ့် ဘဝက နတ်ပြည်မှာ စံစားနေရပေမယ့် ငရဲခံနေရသလိုပါ။

ခု ကိုယ့်ကိုပြန်တွေ့ရတော့ အိမ်ထောင်လည်း မကျသေးဘူးဆိုတာနဲ့ ကိုယ်နဲ့ပဲ သွယ် အတူပြန်နေဖို့ စိတ်ကူးမိတယ်။ ခု ရွှေစက်တော်ကို အတူလာခဲ့ကြတဲ့သူတွေက သွယ့်ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းက လူတွေပါ။ သူတို့နဲ့မို့လည်း သွယ့်ကို စိတ်ချလက်ချ ထည့်လိုက်တာပါ။ ဒီအခွင့်အရေးကို သွယ် လက်လွှတ် မခံချင်ဘူး။

အခွင့်အရေးက အချိန်ပိုင်းပဲရှိမယ်။ မနက်စောစောပိုင်းမှာ ဈေးဝယ်သလိုနဲ့ ဈေးတန်းကို လှည့်ဟန်ပြုပြီး ကိုယ့်ထံကို သွယ် အရောက်လာခဲ့မယ်။ ပြီးတော့ ကိုယ်နဲ့အတူ ကို့နောက်ကို လိုက်မယ်။ ကိုနဲ့ သွယ် မဝေးစေရတော့ဘူး။ ကိုသာ အသင့်ရှိနေပါစေ။

ချစ်တဲ့ သွယ်

သွယ့်စာကို ဆုံးအောင်ဖတ်လိုက်ပြီးတော့ ကျွန်တော့်စိတ်တွေ ပျော်ရွှင်လာသည်။ ပီတိလွှမ်းသော တက်ကြွမှုတွေ နိုးကြားလာသည်။ အနီးရှိ ရေဒီယို ခလုတ်ကလေးကို နှိပ်လိုက်မိ၏။ စည်းခြားနေသည့် သီချင်းသံက ပျံ့လွင့်တက်လာ၏။

❖

အရုဏ်အလင်းရောင် လင်းလက်လာသည်နှင့်ပင် အိပ်ရာထက်က ကျွန်တော် ထလိုက်သည်။ သွယ်၏ ပြုံးလဲ့လဲ့ မျက်နှာကလေးက ကျွန်တော့် အာရုံကို လွှမ်းမိုးထား၏။ တည်းခိုအိမ်၏တံခါးကို ဖွင့်လိုက်သည်။ ဟိုးအဝေးဆီမှ အပြေးနှင်လာဟန်တူသော လေပြေနုသည် ကျွန်တော့်မျက်နှာကို ခနိုးခနဲ့ ကျီစယ်သွား၏။

ပတ်ဝန်းကျင် တောတောင်တစ်ခိုမှ ငှက်မျိုးစုံတို့၏ ချွဲချွဲနွဲ့နွဲ့ အသံချိုကလေးတွေက ကျွန်တော့်စိတ်ကို ကြည်လင်စေခဲ့သည်။ ကျွန်တော်နှင့် သွယ့်အတွက် ကောင်းချီးပေးနေကြသယောင်။

ပွဲတော်ဈေးခင်း ဆိုင်ခန်းများဆီမှ အလင်းရောင်စုံတို့သည် တဖြည်းဖြည်း ဟိုမှ သည်မှ လင်းသည်ထက် လင်းလာနေကြသည်။ မှုန်ရီဝိုးတစ်ဝါး အလင်းရောင်အောက်၌ နှင်းဇာပဝါ သိုင်းခြုံထားခြင်းကို ခံနေရရှာသော သဘာဝသစ်ပင် တောတောင်တို့ကတော့ ငိုက်မျဉ်းနေကြဆဲ။

"သွယ်ရေ ကို အဆင်သင့်ရှိနေပါပြီ" နှုတ်က ဖွဖွဆိုရင်း မျက်နှာနှင့် ကိုယ်လက်သုတ်သင်ရန် ရေဖလား တစ်လုံးနှင့် အသုံးအဆောင်တို့ကို ယူကာ မန်းချောင်းရေပြင်ဆီသို့ ကျွန်တော် လှမ်းလိုက်သည်။

သဘာဝအတိုင်း ကြည်လင်နေသော ရေကြည်လဲ့လဲ့သည် အောက်ခံကျောက်တုံး ကျောက်ခဲကလေးများတို့ကို တို့ထိပြေးလွှားစီးဆင်းရန် ညင်းညင်းသွဲ့သွဲ့ အသံကလေးများဖြင့် နှုတ်ခွန်းဆက်သနေလေ၏။

ရေပြင်ရှိ ရေကြည်ကြည်ကို ခပ်ယူရန် ရေဖလားဖြင့် ငုံ့လိုက်စဉ် ဘယ်လိုက ဘယ်လို ထိခိုက်မိလိုက်သည် မသိ။ လူကူးဝါးတံတားပေါ်တွင် တင်ထားသည့် ဆပ်ပြာတုံးက ရေထဲသို့ ထိုးဆင်းသွား၏။ ဆပ်ပြာတုံးကလေးသည် ရေအောက်ရှိ ကျောက်တုံး



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ခဲကလေးတွေ၏ အပေါ်၌ အထင်းသား။

ဆပ်ပြာတုံးကလေးကို လက်တစ်ဖက်ဖြင့် ကောက်ယူရန် ကျွန်တော် ဆုပ်ကိုင်လိုက်၏။ မည်မည်ရရ မကိုင်မိ၍ထင့် ဆပ်ပြာတုံးကလေးက လက်မှလွတ်သွားကာ တစ်နေရာဆီသို့ လျှောထွက်သွားသည်။ ရွေ့သွားသည့် နေရာဆီသို့ ကျွန်တော့်လက်က လိုက်လှမ်းရပြန်၏။ ဘယ်လိုဖြစ်နေသည်မသိ ဆပ်ပြာတုံးကလေးက ထပ်မံလွတ်ထွက် ရွေ့လျောသွားပြန်သည်။

ဆပ်ပြာတုံးကလေးကို အားစိုက်လှမ်းယူနေခိုက် ချောင်းရေအလျဉ်တွင် အထက်ရေကြောအတိုင်း စီးဆင်းမျောပါလာသော အရာဝတ္ထုတစ်ခုက ကျွန်တော်၏ ခန္ဓာကိုယ်တစ်နေရာတွင် လာရောက်ထိချိတ် တွယ်ကပ်ငြိနေလေသည်။ ထိချိတ် တွယ်ကပ်နေသော တစ်စုံတစ်ရာကို အမှတ်မထင် ကျွန်တော်လှည့်ကြည့်လိုက်မိသည်။ လင်ပန်းကြီးကြီးအရွယ် ရေအိုးဖုံးဟု ထင်ရသော သစ်သားအဝိုင်းပြားကလေး တစ်ချပ်။

"ဟင်"

ကျွန်တော့်နှုတ်မှ အမှတ်မထင် အသံထွက်သွားမိသည်နှင့်အတူ ကျွန်တော်၏ ခန္ဓာကိုယ်ကြီး တစ်ပြင်လုံး၌ ချွေးသီး ချွေးပေါက်ကြီးများ အစဉ်မပြတ် ကျဆင်းလာနေလေတော့၏။ တစ်ပြိုင်တည်းပင် ကျွန်တော် ဖတ်မှတ်လေ့လာထားခဲ့ဖူးသော ဒေါက်တာသန်းထွန်း၏ မင်းမိန့်များစာအုပ် အတွဲ (၄) စာမျက်နှာ (၉၅၄)မှ. . .

အေဒီ ၁၇၈၇ ခုနှစ်၊ ဗဒုံမင်းလက်ထက် ထုတ်ပြန်ခဲ့သော "ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သည့် လူထီးလူမနှစ်ဦးအတွက် သူရဲဝန်မန်းလှကျော်စွာ၏ မယားကို မှားယွင်းသူ ငတေလုပ်သူနှင့် သူရဲဝန်၏မယားမိနော်တို့ကို လည်ပင်း၌ ပျဉ်ပြားဝိုင်း စွပ်ပြီးလျှင် သုဘရာဇာကိုအပ် အဝတ်မကပ်ဘဲ သုသာန်ဇရပ်တွင် ထားစေ"

ဟူသည့် စာပုဒ်ကလေးကို သတိရလာသည်။ ဆက်လက်၍လည်း ရွှေစက်တော်သို့ ကျွန်တော်ထွက်မလာမီ တစ်ရက်က ကျွန်တော်နေထိုင်သော ရပ်ကွက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ် ရဲစခန်းမှူး ဟောပြောခဲ့သည့် မှုခင်းကျဆင်းရေး ပညာပေး ဟောပြောပွဲ၌. . .

"ပြည်သူတို့၏ နှလုံးသားတွင် မှုခင်းမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းက မှုခင်းဖြစ်ပွားပြီးမှ ရရှိခံစားရသော သောကဝေဒနာနဲ့ ဒုက္ခအဖုံဖုံကို ကြိုတင်ကုစားနိုင်သည်။ မှုခင်း မဖြစ်ပွားဖို့ ထိန်းသိမ်းရသည့် အသိသည် ပြည်သူများ၏ နှလုံးဝိညာဉ်တွင် အံမြကိန်းအောင်းနေမည်ဆိုပါက မှုခင်းများ လျော့နည်းပပျောက်သွားလေမည်"

စကားလုံးကလေးတွေက ကျွန်တော့်နား နှစ်ဖက်၌ ပြန်လည်ကြားယောင်လာမိပြန်သည်။ ပျဉ်ပြားဝိုင်းချပ်ကလေးကို လက်နှစ်ဖက်ဖြင့် ကျွန်တော် တွန်းထုတ်ပစ်လိုက်သည်။ ကျွန်တော့်စိတ်ကိုလည်း ကျွန်တော်ဆုံးဖြတ်လိုက်မိသည်။ သွယ် ကျွန်တော့်ထံသို့ ရောက်လာခဲ့လျှင် သွယ် နားလည်သဘောပေါက်လောက်အောင် ပြတ်ပြတ်သားသား ပြောပြရမည်။

သွယ့်ဆန္ဒ သွယ့်အပြော တစ်ခုတည်းနှင့် ကျွန်တော် လိုက်လျောဆုံးဖြတ်လို့ မဖြစ်သေး။ အကြောင်းဆိုသည်က မဖြစ်စလောက် အသေးအဖွဲ့ကလေးဟု ထင်ရပေမယ့်လည်း ကြီးမားကျယ်ပြန့် ပြဿနာမျိုးကြီးတွေအထိလည်း ဖြစ်လာနိုင်ပေသည်။

သွယ့်ဘက်ကသာ သွယ်နှင့်ပတ်သက်ပြီးသူ ကိုကြူဟန်ဆိုသူနှင့် တရားဝင် ကွာရှင်းပြတ်စဲပြီးကြောင်း လုံလောက်သော အထောက်အထားနှင့် ခိုင်လုံစွာ ရှိနေပြီဆိုလျှင်. . .။

❑ ခတ်နွယ်

အကုသိုလ်စိတ် အရင်းအမြစ် ဖြစ်ကြသော လောဘ၊ ဒေါသ၊ မောဟ တရားသုံးပါးတွင် လောဘဖြစ်လျှင် မောဟပါဝင်ဖြစ်ရသကဲ့သို့ ဒေါသဖြစ် လျှင်လည်း မောဟပါဝင်ပြီးဖြစ်သည်။

ထို့ကြောင့် မောဟသည် အကု သိုလ်စိတ်ဟူသမျှအားလုံးကို ဖြစ်ပေါ် စေသည်။

မောဟနည်းတူ မောဟ၏ အသင်းအပင်းဝင်ဖြစ်သော အဟိရိက (မကောင်းမှုမှမရှက်ခြင်း)၊ အနောတ္တပ္ပ (မကောင်းမှုမှမကြောက်လန့်ခြင်း) ဥဒ္ဓစ္စ (စိတ်ပျံ့လွင့်ခြင်း၊ စိတ်မနိုင်ခြင်း)တို့သည် လည်း အကုသိုလ်စိတ်ဟူသမျှအား... ကို ဖြစ်ပေါ်စေသည်။

လောဘကား လောဘစိတ်... သာ ဖြစ်ပေါ်စေသည်။ လောဘ... အသင်းအပင်းဖြစ်သော်လည်း အ... ချင်းဆန့်ကျင်နေကြသော ဒိဋ္ဌိနှင့် ... နှစ်ခုတွင် ဒိဋ္ဌိသ... ယူမှားအမြင်... သော လောဘစိတ်ကို ဖြစ်ပေါ်စေ... မာနမှာ အယူမှား အမြင်မှားမှု မရှိ... လောဘစိတ်ကို ဖြစ်ပေါ်စေသည်။

ဒေါသကား ဒေါသစိတ်ကို... ဖြစ်ပေါ်စေသည်။ ဒေါသသည် ... ဖက်တရားများကို ဖျက်ဆီးသောတ... ဖြစ်သည်။

ဒေါသနှင့်တွဲယှဉ်ရသော တ... များသည် လူမိုက်နှင့် ပေါင်းမိသူ... ကဲ့သို့ ဒေါသအလိုသို့လိုက်၍ ကြမ်း... ဖျက်စီးရသည်။ ဒေါသသည် မိမိကို... သတ္တဝါကိုလည်း နှိပ်စက်ဖျက်ဆီးသ... ဒေါသ ဖြစ်လာသောအခါ ဒေါသမီး... ဟဒယဝတ္ထုရုပ်(နှလုံးသွေးကြည်)ပူ... လာသည်။

နောက် ဒေါသအရှိန်ကြီး... ကြီးသလောက်နည်းလျှင်နည်းသလော... ရုပ်အဆက်ဆက်(ရုပ်ခန္ဓာအဆက်...



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်လောင်ကျွမ်းကာ မျက်စိမျက်နှာနီမြန်းလာအောင် ဖျက်ဆီးသည်။ ဒေါသအလွန်ပြင်းလျှင် မနောပဒေါသိကနတ်များကဲ့သို့ သေအောင် နှိပ်စက်ဖျက်ဆီးသည်။ အာရုံယူရာ၌လည်း ညင်သာစွာ မရှိဘဲ တစ်ဖက်သားကို စိစိညက်ညက်ကြေတော့မလို ဝါးတော့မလို ပြုတတ်သည်။

သောက(စိုးရိမ်ပူဆွေးခြင်း)၊ ပရိဒေဝ(ငိုကြွေးခြင်း)၊ ဒုက္ခ(စိတ်ဆင်းရဲခြင်း)၊ ဒေါမနဿ(နှလုံးမသာယာဖြစ်ခြင်း)၊ ဥပါယာသ(အလွန်အမင်းပြင်းစွာဆင်းရဲပင်ပန်းခြင်း)၊ ပဋိဃ(ထိခတ်ခြင်း)၊ အာဃာတ(ရန်ငြိုးဖွဲ့ခြင်း) အားလုံး၏ တရားကိုယ်မှာ ဒေါသပင်ဖြစ်သည်။

ဒေါသ၏ ပရိယာယ် အစွယ်အပွားခေါ်ဝေါ်မှုများဖြစ်သည်။ဒေါသဖြစ်ရခြင်းအကြောင်းမှာ ဒေါသ အဖွာသယမာတ်ခံရှိခြင်း (မွေးကတည်းက ဒေါသဓာတ်ခံ ပါလာသူသည် အရာမဟုတ်သည်၌လည်းစိတ်တိုတတ်သည်)

စိတ်သဘောထား တိမ်ကောသေးနုပ်ခြင်း(စိတ်သဘောထား မကြီးမား မလေးနက်သူသည် ဝမ်းမြောက်စရာ၌ အလွယ်တကူဝမ်းသာတတ်သော်လည်း မကြာခဏစိတ်ကောက်တတ်သည်)၊ အကြားအမြင် ဗဟုသုတ နည်းပါးခြင်း (အကြားအမြင် ဗဟုသုတ နည်းပါးသူသည် မိမိအလုပ်ကိုသာ အဟုတ်ကြီးထင်မှတ်ပြီး ဆန့်ကျင်ဘက်တွေ့လျှင် ဆင်ခြင်ပြင်ဆင်ဉာဏ်မရှိ၍ စိတ်ဆိုးတတ်သည်)၊ အနိဋ္ဌာရုံနှင့်တွေ့ခြင်း(မလိုလား မနှစ်သက်သောအာရုံနှင့် ကြုံဆုံလျှင်လည်း သည်းခံမှုမရှိဘဲ စိတ်ဆိုးတတ်သည်)။

ဤအကြောင်းတရားလေးပါးကြောင့် ဒေါသဖြစ်ပေါ်ရခြင်းဖြစ်သည်။ ရန်ငြိုးဖွဲ့တတ်သော ဒေါသကို အာဃာတ ခေါ်သည်။ ထိုအာဃာတ ဝတ္ထုမှာ ၁၀ ပါးရှိသည်။

မိမိ၏စီးပွားမဲ့ကို၊ မိမိ ချစ်သူမိတ်ဆွေ၏စီးပွားမဲ့ကို၊ မိမိ ရန်သူ၏အကျိုးစီးပွားကို ဤသူသည် ရှေးကလည်း ပြုခဲ့ပြီး ယခုလည်း ပြုနေဆဲ နောင်လည်း ပြုဦးမည်ဟု ရန်ငြိုးဖွဲ့ခြင်း သုံးမျိုး သုံးလီ ကိုးမျိုး ဖြစ်သည်။

ဤကိုးမျိုးအပြင် ခလုတ်တိုက်မိသောအခါ စိတ်ဆိုးမှု၊ မိုးရွာလျှင် ရွာပြန်ပြီဟု စိတ်ဆိုးမှု၊ နေပူလျှင် ပူပြန်ပြီဟု စိတ်ဆိုးမှု ဤသို့စသည်ဖြင့် အရာမဟုတ်သည်များ၌ အမျက်ထွက်စိတ်ဆိုးမှုကို အဌာနကောပခေါ်သည်။ ပေါင်းက အာဃာတဝတ္ထု ၁၀မျိုးဖြစ်သည်။

လူတစ်ဦးတွင် လောဘ၊ ဒေါသကြီးမားစွာ ဖြစ်ပေါ်လာသောအခါ အမိုက်တိုက်ပြုပေးသောမောဟလည်း ဝင်ရောက်မွှေနှောက်သဖြင့် လောဘောအတ္ထံနဇာနာတိ-လောဘသည် ကောင်းကျိုး ဆိုးပြစ်ကို မသိ။ ဒေါသော အတ္ထံနဇာနာတိ - ဒေါသသည် ကောင်းကျိုးဆိုးပြစ်ကို မသိဖြစ်ကာ ထိခိုက်နစ်နာသေဆုံးရသည်အထိ ဖြစ်ခဲ့ရသည်။

လူများပြောဆိုနေသော မသိစိတ်ဟူသည် အဘိဓမ္မာသဘောတရားအရ မောဟစိတ်ကို ဆိုခြင်းဖြစ်သည်။

ဒေါသသည်လည်း အသင်းအပင်းရှိသည်။ ၎င်းတို့မှာ ဣဿာ မနာလိုမှုသူတစ်ပါးစည်းစိမ်ကို ငြူစူမှုသဘောဖြစ်သည်။ ဒေါသစကား၊ ဣဿာစကားတို့ကား မြန်မာစကားအဖြစ်သို့ ရောက်နေသဖြင့် ဒေါသကြီးသည်၊ ဣဿာများသည်ဟုဆိုလျှင် မြန်မာတို့ဆိုလိုရင်းအဓိပ္ပာယ်ကို သိရှိကြပြီးဖြစ်သည်။



# ဒေါသစေတသိက်

မာမာ(သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

မစ္ဆရိယ၊ မိမိစည်းစိမ်ကို ဝန်တိုခြင်း၊ လျှို့ဝှက်ခြင်းသဘော ဖြစ်သည်။ မစ္ဆရိယ ငါးမျိုး ရှိသည်။

(၁) အာဝါသမစ္ဆရိယ = နေရာ၌ ဝန်တိုမှု။ မိမိက တိုက်အိမ်လှလှဖြင့်နေရသကဲ့သို့ အခြားသူများ မနေနိုင်ရေး ဝန်တိုသည်။

(၂) ကုလမစ္ဆရိယ = အခြွေအရံ၌ ဝန်တိုမှု။ မိမိအား လူသူအများကြည်ညိုလေးစား အခြွေအရံများသကဲ့သို့ အခြားသူများ မရှိရေး ဝန်တိုသည်။

(၃) လာဘမစ္ဆရိယ = လာဘ်လာဘ၌ဝန်တိုမှု။ ဝင်ငွေကောင်း၍ မိမိ၏ လုပ်ငန်းရောင်းဝယ်ဖောက်ကားကြီးပွားတိုးတက်အောင်မြင်မှု ဖြစ်သကဲ့သို့ အခြားသူများ မဖြစ်ရေး ဝန်တိုသည်။

(၄) ဝဏ္ဏမစ္ဆရိယ = အဆင်းဂုဏ်သတင်း၌ ဝန်တိုမှု။ မိမိဝတ်စားဆင်ယင်နိုင်မှု ဂုဏ်သတင်း ထင်ရှားကျော်စောသကဲ့သို့ အခြားသူများ မဖြစ်ရေး ဝန်တိုသည်။

(၅) ဓမ္မမစ္ဆရိယ = အတတ်ပညာ၌ ဝန်တိုမှု။ မိမိတတ်ကျွမ်းနားလည်သကဲ့သို့ အခြားသူများမဖြစ်ရေး ဝန်တိုသည်။

ကုက္ကုစ္စမှာ ဒုစရိုက်ကို ပြုမိ၍ သုစရိုက်ကိုမပြုမိ၍ နောင်တ တစ်ဖန်ပူပန်ခြင်းသဘောဖြစ်သည်။ ဒုစရိုက်ကို ပြုပြီးနောက် ရရှိမည့်အပြစ်များကို ဆင်ခြင်မိသောအခါ (သို့မဟုတ်)မကောင်းကျိုးကိုခံစားရသောအခါ ထိုဒုစရိုက်ကို ပြုမိလေခြင်းဟု နောင်တပူပန်မှုဖြစ်လာတတ်သည်။ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသည့်အခါ၊ ငယ်ရွယ်ကျန်းမာသည့်အခါ ကုသိုလ်ကောင်းမှု မပြုခဲ့ဘဲ ပစ္စည်းကုန်ခန်းသည့်အခါ၊ ကြီးရင့်သည့်အခါ၊ မကျန်းမာသည့်အခါကျမှ သုစရိုက်ကို မပြုခဲ့မိလေခြင်းဟု နောင်တတစ်ဖန်ပူပန်မှုဖြစ်တတ်သည်။ ဤနှစ်မျိုးစလုံးသည် ကုက္ကုစ္စဖြစ်သည်။

ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာစဉ်က အလှူဒါန ပြုလုပ်လှူဒါန်းပြီးနောက် တစ်စုံတစ်ခုသော အကြောင်းကြောင့် ဆင်းရဲသွားသောအခါ ယခင်က အလှူဒါနပြုခဲ့မိတာ မှားလေခြင်းဟု ဖြစ်မှုမျိုးမှာ ကုက္ကုစ္စ မဟုတ်ပါ။ လှူပြီး ပစ္စည်းအပေါ် နှမြောခြင်း၊ နှလုံးမသာမယာဖြစ်ခြင်း၊ ဒေါမနဿဖြစ်မှုသာဖြစ်သည်။ မြွေဆိုးကိုတွေ့စဉ်က မသတ်ဘဲ နောင်သောအခါ မိမိနှင့်ဆက်စပ်ပတ်သက်သူတစ်ဦးဦးကို ၎င်းမြွေကိုက်မိသောအခါ ယခင်က ဤမြွေကိုမသတ်ခဲ့မိတာ မှားလေခြင်းဖြစ်မှုမှာလည်း ကုက္ကုစ္စမဟုတ်ပါ။ အမျက်ထွက်မှုဒေါသသာဖြစ်သည်။

ကုက္ကုစ္စ စေတသိက်တရားသည် ဈာန်မဂ်ဖိုလ်တားမြစ်ပိတ်ပင်တတ်သောတရားဖြစ်သောကြောင့် နီဝရဏတရားတစ်ပါးအဖြစ် ပါဝင်နေသည်။ ဝိနယကုက္ကုစ္စဟူ၍လည်းရှိသေးသည်။ ဝိနည်းတရား၌ သို့လောသို့လောဖြစ်မှု အပ်လေသလား၊ မအပ်လေသလား ဖြစ်မှုသည် ဝိနယကုက္ကုစ္စဖြစ်သည်။

ကိစ္စလေ ထူပြောသည်ဟု ဆိုသော ပုထုဇဉ်မဂ်ပုဂ္ဂိုလ် လေးပါး အရဟတ္တဖိုလ်မပါ၊ အောက်ဖိုလ်ပုဂ္ဂိုလ်သုံးပါးဟူသော ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ခုနစ်ပါးနှင့် ကျင့်ပြီး အသေက္ခရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်နိုင်ကြောင်း သိရှိရသည်။ ၎င်းအပြင် အသံယတကုက္ကုစ္စတစ်မျိုး ရှိသေးသည်။ မစောင့်စည်းမှု ကုက္ကုစ္စ ဖြစ်သည်။

ဘုရားဝတ်ကပ် ပရိသတ် အစည်းအဝေး စသည်တို့၌ ကိုယ်နှုတ်ကို မစောင့်စည်းဘဲ လက်လှုပ် ခြေလှုပ်၊ စကားပြော ချွဲသလိပ်ကပ်မှု စသော မလျောက်ပတ်သော မစောင့်မှုများကို ဆိုလိုသည်။ ဤသို့အားဖြင့် လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်အရင်းအမြစ်သုံးမျိုးတွင် မောဟသည် အသင်းအပင်းဖြစ်သော အဟိရိက အနောတ္တပ္ပဥဒ္ဓစ္စတို့နှင့်အတူ လေးမျိုးအစု ဖြစ်သောကြောင့် မောစတုက် အမည်ရသည်။

လောဘသည် အသင်းအပင်းဝင် ဒိဋ္ဌိ၊ မာနတို့နှင့် တစ်ခုတည်းဖြစ်သောကြောင့် လောကြီးအမည်ရသည်။

ဒေါသသည် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့နှင့် လေးပါးတစ်ခုဖြစ်သောကြောင့် ဒေါစတုက်အမည်ရသည်။ ဤ လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်အရင်းအမြစ်သုံးပါးကြောင့် အကုသိုလ်စိတ်ထားများဖြင့် အကုသိုလ် မကောင်းမှုဒုစရိုက်လုပ်ရပ်များဖြစ်ပေါ် နေရသည်။ အကုသိုလ် မကောင်းမှု ဒုစရိုက်လုပ်ရပ်များကြောင့် လူသားများ ဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ ကြရသည်။ သေကျေပျက်စီးမှုများနှင့် ကြုံတွေ့နေကြရသည်။

လောဘကြီးကရေဘေး၊ ဒေါသကြီးက မီးဘေး၊ မောဟကြီးက လေဘေး ကြုံရနိုင်သည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဆိုထားသကဲ့သို့ ဝိသုဒ္ဓိမဂ် မဟာဋီကာ၌လည်း လောဘလွန်ကဲက ဒုဗ္ဘိက္ခန္တရကပ်၊ ဒေါသလွန်ကဲက သတ္တန္တရကပ်၊ မောဟလွန်ကဲက ရောဂန္တရကပ် ဆိုက်ရောက်နိုင်သည်ဟု ဆိုထားသည်။

ယခု မျက်မှောက်ခေတ်အခါတွင် လူသားများ ရေဘေး၊ မီးဘေး၊ လေဘေး၊ လာနီညာဘေး၊ အယ်လ်နီညိုဘေး၊ ငတ်မွတ်ဘေး၊ လက်နက်ဘေး၊ ရောဂါဘေးဆိုးများကြောင့် အစုလိုက်အပြုံလိုက် သေကျေပျက်စီးနေကြ သည်မှာ ယင်းလောဘ၊ ဒေါသ၊ မောဟ တရားလွှမ်းမိုးမှု ရှိနေသောကြောင့်ဖြစ် ကြောင်း ထင်ရှားသည်။ ယင်းလောဘ ဒေါသ၊ မောဟ လွှမ်းမိုးမှုလွန်ကဲမှုဖြစ် နေရခြင်းမှာလည်း ဟီရိဩတ္တပ္ပဟူသော လောကပါလတရားနှစ်ပါး ကင်းကွာ မှုကြောင့်ဖြစ်သည်။

အကျင့်ပျက် တရားပျက်နေ သည်ကို ရှက်ရမှန်း၊ ကိုယ့်သိက္ခာ ကိုယ် ထိန်းရမှန်းမသိသောကြောင့်ဖြစ်ကြောင်း နှင့် သူတော်ကောင်းများ ကဲ့ရဲ့ရှုတ်ချ မည်ကို မကြောက်သောကြောင့် ဖြစ်ပါ ကြောင်း တင်ပြလိုက်ရပါသည်။

❒ မာမတ(သုတေသီ





www.burmeseclassic.com

www.burmeseclassic.com



# ရှိလျက်နဲ့ မရှိ

အရှင်ဉာဏာဝရ (သာပေါင်း)

လောကတစ်လွှား လူများစွာ တို့ဟာ ရှိတာကို သိကြသလို၊ မရှိတာ ကိုလည်း သိကြရမယ်။ သို့သော်လည်း ရှိတာထက် မသိတာခက်၊ မသိတာ ထက် မသိချင်ယောင်ဆောင်နေတာက ခက် ဆိုသလို လူများစွာတို့ဟာ ရှိတာ ကိုလည်း သတိနဲ့မသိတဲ့အတွက်ကြောင့် သတိမထားနိုင်သလို မရှိတာတွေကို လည်း သတိမထားမသိတဲ့ အတွက် ကြောင့် မသိကြတာ များပါတယ်။

ဗုဒ္ဓမြတ်စွာက သတိ အမြဲရှိရ မယ်၊ အသိအမြဲရှိရမယ်လို့ မိန့်တော် မူခဲ့သော်လည်း လူအပေါင်းတို့က ခပ် ပေါ့ ခပ်ပြက်ပြက် သတိမထားကြ ။ အသိတရားနဲ့ ယှဉ်ပြီးတော့လည်း သိကြပါ။ သဘာဝများစွာရှိတာကို သော်လည်းကောင်း၊ မရှိတာကို ပြ သော်လည်းကောင်း သတိလည်း မထား၊ နလည်း မစိုက်၊ တရားသံဝေဂလည်း ကြဘူးနဲ့ တူပါတယ်။

မြတ်စွာဘုရား ဟောကြားခဲ့ သော ပဋ္ဌာန်းဒေသနာတော်မှာတော့ အရှိကို အတ္ထိပစ္စည်းဟု ခေါ်ပြီး မရှိတာ ကို နတ္ထိပစ္စည်းဟု ခေါ်ပါတယ်။ ဘာ တွေရှိလို့ ဘာတွေ မရှိတာလဲ။ ဒါက မေးစရာတစ်ခု ဖြစ်လာတယ်။ ရုပ်နာမ် တို့က ရှိကြ၍ ရုပ်နာမ်တို့ပင် မရှိကြပါ။ အဲဒီ ရုပ်နာမ်တရားတို့က ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားကြပါတယ်။ ရှိနေ ခြင်းက ဌီဟုခေါ်သော တည်နေခြင်းဖြစ် ပါတယ်။ မရှိတော့ခြင်းကလည်း ဘင်ဟု ခေါ်သော အပျက်သဘောတရားဖြစ် ပါတယ်။ ဒါကြောင့် လောကတွင် အရှိ သဘောတရားက မရှိသဘောသို့ ရောက်စမြဲပင်။ ဌီရှိက ဘင်သဘောသို့ ရောက်စမြဲ။ အတ္ထိရှိက နတ္ထိသဘောသို့ ရောက်စမြဲ။ ဒါ့ကြောင့် အတ္ထိနှင့် ဌီ၊ နတ္ထိနှင့် ဘင်တို့ရဲ့ သဘောဖြစ်ပါတယ်။

သဘောသဘာဝတရားများကို ကြည့်ကြမယ်ဆိုလျှင် သစ်ပင်ကြီးပေါင်း မြောက်မြားစွာ ပေါက်လျက်ရှိသော တောကြီးကား ကြီးမားကြပါတယ်။ လေးလံသောသစ်ပင်ကြီးများကို လူ တစ်ဦးနှင့်လည်း မရွှေ့ မရနိုင်။ ဆင် တစ်ကောင်နှင့်လည်း မဆွဲနိုင်။ ဤကဲ့သို့ ကြီးမားလေးလံသော သစ်တောကြီးက အရှိသဘောတရားကိုဆောင်၍ စာရေး သူတို့ မျက်စိနှင့် တွေ့မြင် သိရှိရပါတယ်။

အဲဒီသစ်တောကြီးကို အကြောင်း အားလျော်စွာ မီးလောင်သွားပါက သစ် တောကြီးရဲ့နေရာမှာ ကွက်လပ်ကွင်းပြင် ကြီး ဖြစ်နေပါတော့မယ်။ ထူးဆန်း အံ့သြဖွယ်ကောင်းတဲ့ တောကြီးမျက် မည်းကပြောင်တလင်းခါဖြစ်နေပါတော့ မယ်။ အရှိသစ်တောမှ မရှိသစ်တော ဘဝသို့ ရောက်သွားပေတယ်။

ဒီနေရာမှာ စာရေးသူတို့က မီးလောင်သွားတာ မရှိသည်မှာ ဆန်း သလား မေးပေလိမ့်မယ်။ သစ်တောကြီး ရှိနေစဉ်က ထူးဆန်းပေတယ်ဟု အံ့သြ ကြသလောက် သစ်တောကြီး မရှိသော အခါမှာတော့ မအံ့သြကြတော့။ လူ များစွာတို့က အရှိကိုသာ သတိထားကြ ပါတယ်။ အံ့သြကြတယ်၊ ငေးမော တွေးတောကြပြီး မရှိသဘောကိုကား မအံ့သြ။ မတွေးတောကြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

မီးအရှိန်ကြောင့် ပျက်ပြယ်သွားသော သစ်တုံးကြီးများရဲ့ အလေးချိန်ကား အဘယ်သို့ ရောက်သွားသလဲ။ အလွန်လေးလှပါတယ်ဆိုသောဒီအလေးချိန် အရှိသဘောကို မရှိသဘောသို့ ရောက်သွားလေပြီ။ မီးနှင့်လေ ဖျက်ဆီးသောကြောင့် ပျောက်ပျက်သွားလေပြီ။ လူများ ဆင်များနဲ့ပင် မ,၍မရနိုင်သော သစ်ပင်ရဲ့ အလေးချိန်ကား အပူရှိန်ကြောင့် အလွန်ပေါ့ပါးသော လေသဘောသို့ဆောင်သွားလေပြီ။ သဘာဝရဲ့ အစွမ်းထက်ပုံက အလွန်အံ့ဩစရာကောင်းလောက်ပါတယ်။

လူတို့ ချွေးဒီးဒီးကျအောင် မ,သော်လည်း လေးလံပြီး မ၍မရနိုင်သော သစ်တုံးကို မီးအပူရှိန်က တစ်ခဏအတွင်း လောင်ကျွမ်းပြီးလျှင် အလေးချိန်ကြီးကို ဖျက်ဆီးလိုက်ပါတော့တယ်။ နတ္ထိသဘော မရှိတဲ့သဘောကို ရောက်သွားပါလေပြီ။ နောက် ဥပမာတစ်ခု ကြည့်မယ်ဆိုလျှင် လူတို့ နေ့စဉ်အိပ်နေကျ မွေ့ရာ အိပ်ရာကြီးက မှို့အပြည့်နဲ့ ရှိနေပြီး လေးလံပြီးအထည်ဒြပ်သဏ္ဌာန်ကြီးမားပါတယ်။ လက်ဖြင့် အတော်မ,ယူရပါတယ်။ အဲဒီမွေ့ရာကြီးကို မီးလောင်ကျွမ်းက လက်တစ်ဆုပ်စာမျှပင် မရနိုင်ပါ။ မီးရှိန်လောင်ကျွမ်းမှုကြောင့် မွေ့ရာမှာ ပြာဘဝသို့ ရောက်သွားပြီး အလေးချိန်ရှိသဘောမှ မရှိသဘောကို ရောက်သွားပါတော့တယ်။

ဒီလို သဘောတရားဖြစ်သွားတာ မဆန်းလှပေမယ့် အရှိသဘောမှ မရှိသဘောကို ပြောင်းသွားပါတယ်။ အတ္ထိပစ္စည်းက နတ္ထိပစ္စည်းသဘောသို့ ပြောင်းတတ်ပြီး ဌီသဘောမှ ဘင်သဘောသို့ ပြောင်းတတ်ခြင်းကိုလည်း စာဖတ်သူတို့ အမြဲနှလုံးသွင်းသင့်ပါတယ်။

လူတို့ဟာ အသက်ရှင်နေစဉ် အရှိသဘောနဲ့ တည်နေပါတယ်။ တစ်နေ့သော် အရှိသဘောမှ မရှိသဘောသို့ ရွေ့လျောပြီး သေဆုံးတတ်ကြပါတယ်။ ဒါကြောင့် ကျန်သူများက သေဆုံးကွယ်လွန်ကြသူများအတွက် သနားကြပါတယ်။ သောကဖြစ်ပြီး ငိုကြွေးတတ်ကြပါတယ်။ အရှိများက မရှိအတွက် သနားတတ်ကြပါတယ်။ အမှန်မှာ မရှိသောသူ သေဆုံးကွယ်လွန်ကြသူတို့အတွက် ခံစားစရာမလိုတော့ပါ။ ဘယ်လိုအကြောင်းတရားတွေနဲ့ ပြုပြင်ပေးပါသော်လည်း သူက မသိတော့ပါ။ သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့မှ ကင်းလွတ်နေပါပြီ။ ဒါကြောင့် ဝေဒနာတို့အတွက် သေသူတို့ အပေါ်မှာ ပူစရာ ပင်စရာ ကြောက်စရာ မရှိတော့ပါ။ သနားဖွယ်အလွန်ကောင်းသူတို့က အသက်ရှင်နေကြသူများသာ ဖြစ်ပါတယ်။

ကဲ စာဖတ်သူ စဉ်းစားကြည့်ပါ။ ကွယ်လွန်သေဆုံးသူတွေကို ပူဆွေးသောက ဖြစ်နေကြတာ တွေ့ကြဖူးမှာပါ။ အဲဒီလို ပူဆွေးသောက ရောက်ပြီး မေ့မြောသွားကြတယ်။ ကျန်းမာရေးတွေဖြစ်ကြတယ်။ တချို့ဆိုလျှင် ရောဂါဆိုးလို့ စိတ်ဖောက်ပြန်ပြီး ရူးသွပ်သွားသူတွေ များစွာတွေ့ဖူးပါလိမ့်မယ်။

ဒါကြောင့် ကျန်ခဲ့သူတွေ ကရုဏာထား သနားကြရမယ်။ အဓိက ပူဆွေးသောက မျက်ရည်စတွေ ငြိမ်းအေးနိုင်အောင် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ပေးရမယ်။ ကျန်းမာရေး ကောင်းမွန်အောင်လည်း ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပေးရမယ်။ စိတ်ပိုင်းဆိုင်ရာ တရားဓမ္မများရဲ့ အဆုံးအမနဲ့လေ့ကျင့်ပေးရမယ်။ အမြဲမှိုင်တွေ ငေးမောတွေးတောနေတဲ့စိတ်၊ လူတွေနဲ့ စကားမပြောချင်တဲ့စိတ်တွေပြုပြင်ပေးရမယ်။ မရှိသဘော ဆုံးရှုံးပျောက်ကွယ်သွားသော မမြဲတဲ့လူနှင့် ပစ္စည်းဥစ္စာတွေအပေါ်မှာ ပူပင်စရာ မရှိတော့ပါဘူး။ သနားဖွယ်ကောင်းသူက အသက်ရှင်ကျန်နေတဲ့သူတွေ၊ ဒီလူတွေကိုလည်း အရှိနာမ် သဘောတရားတွေကြောင့် ပူဆွေးသောက မျက်ရည်ကျ နှိပ်စက်မှုဝေဒနာနဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ကြရပါတယ်။

ကဲ စာဖတ်သူ ကိုယ်ရဲ့မိသား... တစ်ခုနဲ့ နှိုင်းယှဉ်ကြည့်ရအောင်။

ဥပမာယ. . ကိုယ့်မိသားစု... နာရေးကိစ္စကြုံပြီဆိုကြပါစို့။ သေဆုံး ကွယ်လွန်သူ နောက်ဆုံးခရီးအတွက် လုပ်သင့်လုပ်ထိုက်တာတွေကို ပြုလုပ်ကြပြီး သက်ရှိထင်ရှား ကျန်ခဲ့တဲ့သူများအတွက် ဘဝရှေ့ရေး ဘယ်လိုသွားကြမလဲ။ ဒါကိုပဲ မိသားစုများ တိုင်ပင်ကြမယ်လို့ ထင်ပါတယ်။ ဟုတ်ပါတယ်။

ဟုတ်တယ်ဆိုလျှင် မရှိတရား... ဖြစ်တဲ့ သူများကို သတိရတိုင်း မျက်ရည်... ဝိုင်းလျက် ပူဆွေးသောက အမြဲဖြစ်နေ... ကြမယ့်အစား "ဩော် သူတို့က သင်္ခါရ... သဘောကို မလွန်ဆန်နိုင်လို့ ဒီလို ဖြစ်... ကြပါလား" လို့ တွေးပြီး အရှိသဘော... ဖြစ်တဲ့ ကျန်ရစ်သူမိသားစုများကို စိတ်... ချမ်းသာအောင် ဘယ်လိုပြုပေးမလဲဆို... တာ အရေးကြီးပါတယ်။

အဲဒီလို ပြင်ပေးမှု မရှိပါ... မိသားစုထဲက ဆုံးရှုံးသွားတာက တ... ကြောင်း၊ အဲဒီအကြောင်းကို အမှီပြု... နောက်ဆက်တွဲဖြစ်လာမယ့် အကြောင်း... တွေက တွေးကြည့်လိုက်တိုင်း အရှင်... ကြီးပါ။ လူသားတိုင်း ဒီအကြောင်း... ကို သိပြီးသားပါ။

တရားသဘောနဲ့ ကြည့်လျှင် ဥပါဒ် ဌီဘင်ဆိုတာ ရှိပါတယ်။ ဥပါဒ်... ဖြစ်ပေါ်လာတယ်။ သတ္တဝါတွေနဲ့အ... ဝတ္ထုအားလုံး ဖြစ်ပေါ်လာကြပါတယ်... ဖြစ်ပေါ်လာပြီး ဌီသဘောကြောင့် တည်ရှိကြတယ်။ ဒါပေမဲ့ ဘင်သဘော... ရှိနေတဲ့အတွက် ပြန်ပြီး ပျက်စီးသွား... ပါတယ်။ ဒါကြောင့် ဘယ်လို သတ္တ... တွေနဲ့ အရာဝတ္ထု ပစ္စည်းမျိုးစုံတို့... ဘင်သဘောတရားကြောင့် တစ်နေ့... သော အချိန်မှာ ပျက်စီးကြပါတယ်... ဘယ်ဟာမှ ခိုင်မြဲတယ်လို့ တွက်ထား... မရပါဘူး။ အားလုံးဟာ ဘင်သဘော... တရားကြောင့် ပျက်စီးကြရတာပါ... ဒီနေရာမှာ ကဲ. . စာဖတ်သူ သင်... ဘင် သဘောကြောင့် ပျက်စီးမှု...





www.burmeseclassic.com

www.burmeseclassic.com

ဘယ်မျှ ခံစားပြီးပြီလဲ။ မခံစားရသေးဘူးဆိုလျှင် အကြီးအကျယ် တစ်နေ့မှာ တွေ့ကြုံလာလိမ့်မယ်။ ဒါနဲ့ ယခု စားတော်နေတုန်း ဘင်သဘောကြောင့် ဖြစ်ပျက်နေပုံကို ကြည့်လိုက်မယ်ဆိုလျှင် လူတိုင်း အသက်ပုံမှန်ရှူနေပါလိမ့်မယ်။ အဲဒီလိုရှူတဲ့အခါမှာ လေဟာ နှာသီးဝမှာ စဉ်းငယ်တည်နေပြီး ပျက်စီးသွားတာကို သတိထားကြည့်သူများ အားလုံး သိကြပါတယ်။

ဒါကြောင့် အသိတရား သတိမထားလျှင် ပုံမှန်အသက်ရှင်အောင် ရှူနေကျ လေရှိလျက်နဲ့ မသိလိုက်ကြဘဲ သွားလာနေထိုင်သူ များစွာရှိကြပါလိမ့်မယ်။ ဒါကြောင့် ဘယ်ဟာမဆို အသိဆိုတဲ့တရားက အလွန်အရေးကြီးပါတယ်။

လူသားတိုင်းဟာ ဒီလိုအသိတရားတွေ ကိုယ့်ကိုယ်ကိုယ် လွှမ်းမိုးမှု အားနည်းခဲ့လို့ တချို့ဆိုလျှင် အလွန်အားနည်းခဲ့လို့ နောက်ပြီး အသိတရားတော့ ရှိပါတယ်။ ကိုယ်ပိုင်အချိန်တိုင်းမှာ သတိတရားက မရှိပြန်တော့ မှားမယ့်လမ်းကြောင်းတွေ ဆက်တိုက်တိုးမိနေတော့တာပဲ။ ဒီလို အသိဉာဏ်ပညာတော့ ရှိပါတယ်။ ဘာကြောင့်များ အသိတရားက အချိန်တိုင်းမှာ မထားနိုင်ပါသလဲဆိုလျှင် ကဲ. . စာဖတ်သူ အမြင်က ဘယ်လိုလဲ။

အာရုံငါးပါး ကာမဂုဏ်တရားတွေကြောင့်လို့ ထင်ပါတယ်။ ဟုတ်ပါတယ်။ အဲဒီလို ကာမဂုဏ်တရားတွေ လွှမ်းမိုးအုပ်ချုပ် ခြယ်လှယ်ခဲ့ပြီဆိုလျှင် သိတဲ့ အသိဉာဏ်တွေ ကွယ်ပျောက်သွားပြီး သတိတရားကလည်း အသိပေးတားမြစ်တာ မရှိတော့ပါဘူး။ ဒါကြောင့် စာဖတ်သူရေ ကိုယ့်ဘဝကြီးဖြတ်သန်းလာခဲ့တဲ့ ဘဝခရီးလမ်းမှာ သုခဒုက္ခတွေ မျိုးစုံတွေ့ကြုံလာခဲ့ရာမှာ အရှိတရားကိုလည်း အရှိတရားလို့ သိနေသလို မရှိတရားတို့ကိုလည်း မရှိဘူးရယ်လို့ သိနေကြရမယ်။ ဒီနေရာမှာ ရှိလျက် ထင်နေတဲ့ အရာဝတ္ထုမျိုးစုံတွေဟာလည်း မရှိဘဲ ဖြစ်နေကြတာ တွေ့ဖူးကြပါလိမ့်မယ်။ ကိုယ်ဖြတ်သန်းလာတဲ့ ဘဝခရီးလမ်းမှာ တွေးကြည့်လိုက်က သိနိုင်ပါတယ်။

ဥပမာတစ်ခု ပြောမယ်ဆိုလျှင် မြစ်ဝတွေမှာ တဖြည်းဖြည်း သဲသောင်များဖို့လို့ သောင်ကျွန်းများ ထွန်းလာတတ်ကြပါတယ်။ နောက်ပြီး မြို့ရွာတည်ကြ၊ အဲဒီလို သက်ရှိသက်မဲ့များဟာ ဒီမြစ်ဝကျွန်းပေါ်ဒေသများတွင် အရှိသဘောသို့ ရောက်ရှိလာကြပါတယ်။ အဲဒီအခါမှာ လူတို့က တအံ့တသြဖြစ်ပြီး ဒီဒေသကြီးက ဘယ်လို ဒီလောက်ကြီးကျယ်ခမ်းနား ဖြစ်လာသလဲ အံ့သြကြမှာ အမှန်ပါ။

ဒီလို သဘာဝ သဘောတရားကြောင့် မရှိသဘောမှ အရှိသဘောသို့ ရောက်လာကြပါတယ်။ ဒါပေမဲ့လို့ ရှိနေတဲ့ သဘောတရားဟာ အမြဲခိုင်တယ် မြဲတယ်လို့လည်း တွက်ထားလို့ မရပါ။ ရှိနေတဲ့အချိန် ဝမ်းသာပေမယ့်လို့ ခဏတွင်း မရှိဖြစ်လျှင် စိတ်ဆင်းရဲ ဝမ်းနည်းကြရမှာ အမှန်ဖြစ်ပါတယ်။ ဒါကြောင့် လောကကြီးမှာ မရှိသဘောမှ အရှိသဘောသို့ ပြောင်းလဲလာခြင်းနဲ့ အရှိသဘောမှ မရှိသဘောသို့ ပြောင်းလဲလာခြင်းတို့သည် သဘာဝအလျောက် ပြောင်းလဲကြသလို အကြောင်းအားလျော်စွာလည်း ပြောင်းလဲတာမျိုး၊ အမြဲပြုပြင်ပြောင်းလဲလျက် ရှိနေကြပါတယ်။

သစ်စေ့တို့မှာ နေ၊ လေ၊ ရေ၊ မြေတို့ရဲ့ ထောက်ပံ့မှုကြောင့် အပင်ကြီးများ ဖြစ်ကြပါတယ်။ အရှိသဘောကို ဆိုက်ရောက်ကြတယ်။ မီးလောင်ပြန်လည်း အပူရှိန်ကြောင့် ပြာဖြစ်ပြီး လေမှာ လွင့်ကြပါတယ်။ သစ်ပင်ပျောက်ပြီး မရှိသဘောသို့ ဆောင်ပါတော့တယ်။ သဘာဝ လေ၊ မြေ၊ ရေ၊ မီးများနဲ့ ပြန်လည်ပူးပေါင်းပြန်တော့တယ်။ ဒီလို တပြောင်းတပြန် ပြုပြင်ပြောင်းလဲနေခြင်းကိုပင် သင်္ခါရလောကဟု ခေါ်ပါတယ်။ သတ္တလောက ခေါ် သက်ရှိလောကမှာလည်း အရှိသဘောနဲ့ မရှိသဘော အမြဲပြုပြင်ပြောင်းလဲနေသဖြင့် သင်္ခါရလောကထဲတွင် ပါဝင်နေပါတော့တယ်။

ဒါကြောင့် သဘာဝတရားကြီးများ၏ အရှိသဘောကိုလည်းကောင်း၊ မရှိသဘောကိုလည်းကောင်း၊ အတ္ထိပစ္စည်းနဲ့ နတ္ထိပစ္စည်းကိုလည်းကောင်း၊ ဌီသဘောနှင့် ဘင်သဘောကိုလည်းကောင်း အချုပ်အားဖြင့် သတ္တလောက သင်္ခါရလောက၊ ဩကာသလောကမမြဲမှု အနိစ္စသဘောတရားကြီးကို ပိုင်ပိုင်နိုင်နိုင် နှလုံးသွင်းနိုင်ဖို့ လိုအပ်လှပါတယ်။

ကဲ. . . စာဖတ်သူ မမြဲသော သင်္ခါရတရားက ငါ့မှာ စည်းစိမ်ဥစ္စာတွေ ရှိပါတယ်။ ငါချမ်းသာတယ်လို့ ပျော်နေပေမယ့် တစ်နေ့ ရန်သူမျိုးငါးပါး၊ သဘာဝအန္တရာယ်ကျလာလျှင် မရှိဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် အရှိသဘော မရှိသဘောကို သဘာဝနဲ့ ဆက်ပြီး တွေးကြည့်က မြောက်မြားစွာ တွေ့နိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ အတ္ထိပစ္စည်းနဲ့ နတ္ထိပစ္စည်းတို့က အလွန်ပင် နက်နဲကျယ်ဝန်းလှပါတယ်ဆိုတာ သဘောပေါက်လောက်ပါပြီ။

ဒီလို မခိုင်မြဲတာတွေ ဘယ်လောက်ပဲ အားအင်ကြီးပါတယ် ဆိုစေကာမူ လေ၊ မြေ၊ ရေ၊ မီး တွေ့က ပျောက်ပျက်သွားတတ်ပါတယ်။ ရှိလျက် ချမ်းသာပါတယ်ဆိုတဲ့ လောကီပစ္စည်းတွေဟာ တစ်ခဏမှာ ပျောက်သွားတတ်ပါတယ်။ ဒါကြောင့် တကယ့်အရှိတရား သင်္ခါရတွေပေါ်မှာ ဖြစ်ပျက်မှု သင်္ခါရ ဌီမှ ဘင်သို့အချိန်တိုင်းမှာပြောင်းတတ်ပါကြောင်း အသိပညာ ဉာဏ်ယှဉ်ကာ သတိသံဝေဂများစွာနဲ့ သွားလာလှုပ်ရှားနေထိုင်တတ်စေကြောင်း စေတနာအပေါင်းနဲ့ တင်ပြလိုက်ရပါသတည်း။

❒ အရှင်ဉာဏဝရ(သာပေါင်း)





www.burmeseclassic.com

www.burmeseclassic.com

ဇနီးဖြစ်သူဘက်မှ ဦးလေးနှင့် အဒေါ်ရှိရာ ရွာသာကြီး ကျေးရွာသို့ မကြာခဏဆိုသလို ကျွန်တော်ရောက်ရှိတတ်သည်။

ထိုဦးလေးနှင့်အဒေါ်ဖြစ်သူမှာ အသက်ခြောက်ဆယ်ကျော်, ခုနစ်ဆယ် ဝန်းကျင်များရှိပြီဖြစ်သော်လည်း စားဝတ်နေရေးအတွက် သမ္မာအာဇီဝဖြစ်သော ထင်းအရောင်းဆိုင်ဖွင့်၍ လက်လီလက္ကားအဖြစ် ဈေးရောင်းလျက်အသက်မွေးဝမ်းကျောင်း ပြုပါသည်။

ထင်းရရှိရေးအတွက် သဃ်န်းကျွန်းဘူတာရှိ ထင်းဒိုင်များမှတစ်ဆင့် ဝယ်ယူ၍ ကုန်တင်ကားများဖြင့် သယ်ယူရပါသည်။ ထင်းများမှာ ပျဉ်းကတိုးနှင့် ပန်းပေါင်းစုံတောသစ်များဖြစ်သည်။ ကုန်တင်ကားတစ်စီးစာ ပါသရွေ့ ထင်းများကို ကုန်ချိန်ရှိသလောက်ယူရသည်။

ထင်းများကို ဦးလေးကိုယ်တိုင် သွားရောက်ဝယ်ယူရသည့်အခါ ရှိသလို ထင်းဒိုင်မှ ကုန်သည်များမှ အရောက်ပို့သည့်အခါလည်း ရှိသည်။ ကုန်တင်ကားတစ်စီးလျှင် ထင်းကုန်ချိန် နှစ်ထောင်ကျော်သုံးထောင်အထိ ပါလေ့ရှိသည်။ ထင်းကုန်ချိန်များကို မိမိဆိုင်ရောက်မှ မိမိ၏ကတ္တားဖြင့်ချိန်ယူလေ့ရှိ၏။ ထိုသို့ပြုလုပ်ရခြင်းမှာ အကြောင်းရှိသည်။ သူတို့ ကတ္တားချိန်ခွက် အလုပ်သမားများနှင့် ကုန်ချိန်လျှင်မပြည့်သည်က များသည်။ ထင်းကို တက်ဈေး ကျဈေးအတိုင်း ဝယ်ယူရလေ့ ရှိသောကြောင့်လည်းဖြစ်သည်။ ဆိုင်သို့ ထင်းရောက်ရှိလျှင်လည်း ထင်းတုံးများကို ဆိုင်မှ အလုပ်သမားများက ခွဲခြမ်းစိတ်ဖြာပေးရလေသည်။

ဦးလေးနှင့်အဒေါ် ဆိုင်တွင် ကျွန်တော်၏ဇနီးမှာ ဈေးဝိုင်းရောင်းရပါသည်။ ထိုအနီးအနားရပ်ရွာ၌ အလှူအတန်း၊ သာရေးနာရေးလုပ်သည့်အခါ ဦးလေးနှင့်အဒေါ်ဆိုင်မှ ထင်းဝယ်ယူသည်ကများသည်။ ရွာသာကြီး အသားထုတ်လုပ်ရေးလုပ်ငန်းဖြစ်သော ဝက်ဆိုင်၊ အမဲဆိုင်မှလည်း နေ့စဉ် ထင်းကုန်ချိန်တစ်ရာမှ နှစ်ရာအထိ ဝယ်ယူသည့် ဖောက်သည် ပုံမှန်ရှိသည်။ အရောင်းအဝယ်သဘောအရ ဖောက်သည်များကို ခေါက်ပြန်ကြေးလည်း ပေးရသည်။ ထင်းများကို ငါးပိဿာ၊ အချိန် တစ်ဆယ်ပိဿာစည်းများ စည်း၍ ထပ်တာစီထားရပါသည်။


ဦးလေးနှင့်အဒေါ် ပြောပြချက်အရ ငယ်စဉ်မှ ယနေ့အချိန်ထိ သမ္မာအာဇီဝဖြင့် စီးပွားရှာ အသက်မွေးခဲ့ကြောင်း သိရ၏။ မောင်က ရှေ့ကဦးဆောင်သွားလျှင် မယ်က နောက်မှလိုက်မည်ဆိုသည့် အတွဲညီသော အိမ်ထောင်ဖက်များ ဖြစ်ပေသည်။

ခေတ်အဆက်ဆက် မီသူများလည်းဖြစ်လေသည်။ သမ္မာအာဇီဝဖြင့် မလုပ်ဖူးသည့်အလုပ် မရှိပေ။

ဆန်စက်၊ သစ်စက်၊ လိုင်းကားထောင်၊ မုန့်ဖုတ်၊ မီးသွေးဆိုင်နှင့် နောက်ဆုံး နိုင်ငံခြားအထိ ဦးလေး သွားရောက်ကာ အသက်မွေးစီးပွားရှာခဲ့လေသည်။

## သောက်လေသောက်လေ တော်မပြေ မိုးခါးရေ

ဥက္ကာဝင်းကျော်





www.burmeseclassic.com

www.burmeseclassic.com

ဦးလေးသည် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်လျှင် စည်းစနစ်ကြီး၍ အလုပ်ကို ကြိုးစားသည်။ ထမင်းမေ့ဟင်းမေ့သည်အထိ လက်ဖက်ရည် တစ်ခွက်တည်းဖြင့် အလုပ်တစ်ခုကို ပြီးအောင်လုပ်သည်။ စကားပြောဆိုရာတွင်လည်း တိကျမှန်ကန် ပြတ်သားသည်။ ဦးလေးနှင့်အဒေါ်မှာ ဗုဒ္ဓဘာသာဝင်ပီပီ ဗုဒ္ဓအလိုကျ တရားနည်းလမ်းကျကျ စီးပွားရှာသည်။ အလေးချိန်ခွင်တင်းတောင်းပြည့်ဝမှုကို လိုလားလုပ်ကိုင်ကြသည်။ ပိပိလုပ်၊ သမ္မာအာဇီဝကျကျ ရောင်းဝယ်ဖောက်ကားသလို ယနေ့ခေတ်ကုန်သည်၊ ပွဲစား၊ ဈေးသည်များကိုလည်း သမ္မာအာဇီဝကျကျ ရောင်းဝယ်၍ မှန်ကန်သော အသက်မွေးဝမ်းကျောင်းပြုစေချင်သည်။

ယနေ့ခေတ်သည် ထိုသို့မဟုတ်ပေ။ ကုန်သည်ပွဲစား မှန်လျှင် မုသားစကားကြွယ်ဝရမည်။ ဈေးသည်မှန်လျှင် အလေးချိန်ခွင် ကစားတတ်ရမည်။ ထိုအပြုအမူအပြောအဆိုများသည် ယနေ့ခေတ်၏ စနစ်တစ်ခုလိုဖြစ်နေသည်။ မိမိ၏ ကိုယ်ကျိုးစီးပွားရေးအတွက် စားဝတ်နေရေး အထက်တန်းကျကျ နေထိုင်လိုသော လောဘစိတ်ကြောင့် ဒုစရိုက် မကောင်းမှုအကုသိုလ်များ ပြုလုပ်နေကြလေ့ ရှိသည်။ မကောင်းမှု ကျူးလွန်ရပါမှ စားဝင်အိပ်ပျော်သလို ဖြစ်နေကြသည်။ ပုထုဇဉ်လူသားများ ဖြစ်သဖြင့် အကုသိုလ်ကို မကြောက်ဘဲ လောဘစိတ် မွေးနေတတ်ကြပါသည်။ ပုထုဇဉ်များဖြစ်သည်နှင့်အညီ မိမိ၏ စီးပွားချမ်းသာရေးအတွက် လူတစ်စု ပြောဆိုနေသည့် ဝေါဟာရစကား အတိုင်း . . .

"အများမိုးခါးရေသောက်လျှင် ကိုယ်လဲ သောက်ရမယ်"ဟု ဆိုနေကြသည်။ မိုးခါးရေ ဆိုသည့်အတွက် ချိုသည်တော့ မဟုတ်တာ အမှန်ပေ။ ထို နည်းတူ မိမိ၏ တစ်ဘဝစာအတွက် မလွန်ထိ ဘဝခါးခါး အပယ်ဘုံ ငရဲရောက်သွားမည်ကိုတော့ သတိပြုသင့်ပေသည်။

ယနေ့ခေတ်သည် ခေတ်မီသော ခေတ်ဖြစ်၍ ချမ်းသာလွယ်သလို ဆင်းရဲခြင်းလည်း မြန်ပေသည်။ မိမိတို့၏ စေတနာကံအကျိုးပေးများဖြစ်ပေသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသောနိုင်ငံ ဖြစ်သည်နှင့်အညီ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ကြသည်။

ဗုဒ္ဓဘာသာဝင်တို့အဖို့ ကုသိုလ်နှင့်အကုသိုလ်၊အများနှင့်အမှန်၊ အဆိုးနှင့်အကောင်း ဒွန်တွဲနေသည်ကို သိဖို့ လိုပေသည်။ တစ်ဘဝတာအတွက်ကို မကြည့်သင့်ပေ။

ထိုနေ့က အဖြစ်အပျက်တစ်ခုကို အမှတ်ရနေမိသည်။ ကျွန်တော်ရောက်ပြီး သိပ်မကြာခင် ဦးလေးဆိုင်သို့ ကုန်တင် ထင်းကားတစ်စီး နေ့ခင်း ၁ နာရီ ဝန်းကျင်လောက် ရောက်ရှိလာပါသည်။ ထင်းကုန်သည်မှ ဦးလေးနှင့်အဒေါ်ဖြစ်သူအား အလုပ်သဘောအရ စကားပြောဆိုပြီး၍ အလုပ်သမားခြောက်ယောက်နှင့်အတူ ထင်းများကို ထင်းပုံတွင်ထပ်၍ချကာ ပုံထားပါတော့သည်။

ကုန်ချငွေရှင်းပြီး၍ ကားထွက်ခွာသွားသည့်အခါ ကျွန်တော်၏ဇနီးမှ ထင်းပုံကို ကြည့်ရှုလိုက်သည်တွင် အစိုတစ်ဝက် အခြောက်တစ်ဝက် ဖြစ်နေသည်ကို တွေ့ရပါသည်။ နွေခေါင်ခေါင် နေ့လယ်ခင်း ထင်းများ ရေစိုနေစရာ အကြောင်းမရှိပေ။ မရိုးသားသည်ကတော့ အမှန်ပင် ဖြစ်သည်။

ယနေ့ခေတ် ကြက်၊ ဘဲ၊ ဝက်၊ ငါးများသာ ရေထိုးရေခဲရိုက်သည်သာ မဟုတ်။ ထင်းများပင် ရေထိုးနေပြီဖြစ်သည်။ ကုန်သည်နှင့်အလုပ်သမားများသည် ဦးလေးနှင့်အဒေါ်အား အမြဲတမ်း ဆက်ဆံနေသူများ ဖြစ်သည့်အတွက် ထိုသို့ မလုပ်သင့်ပေ။ မိမိ၏လုပ်ငန်းအတွက် ရေရှည်ကိုကြည့်သင့်ပါသည်။ ထိုနေ့မှစ၍ ဦးလေးနှင့်ထိုကုန်သည်တို့ တစ်စခန်း ရပ်ခဲ့ပါသည်။

ဦးလေးနှင့်အဒေါ်မှ ကုန်သည်နှင့် ထင်းကားလာလျှင် အလုပ်သမားများအား ဆေးလိပ်၊ ရေနွေး၊ ကွမ်း စသည့် လိုလေသေးမရှိ ဧည့်ဝတ်ကျေခဲ့ပါသည်။ ဦးလေးနှင့်အဒေါ်မှ စေတနာ၊ မေတ္တာ၊ သဒ္ဓါတရား ထားပါလျက်နှင့် ထင်းကုန်သည်နှင့် အလုပ်သမားများသည် မရရသည့်နည်းနှင့် မိုးခါးရေသောက်ကာ (သို့မဟုတ်) အဒိန္နာဒါနကံ (သူတစ်ပါးပစ္စည်း ခိုးယူခြင်း) အမှုကို လက်တစ်လုံးခြား ကျူးလွန်မှုပြုသွားလေတော့သည်။

လူသားများကို ကောင်းတာရော မကောင်းတာလုပ်စေဖို့ တိုက်တွန်းစေခိုင်းတာကတော့ဖြင့် စိတ်ပင်ဖြစ်ပေသည်။ ထိုစိတ်ထားကို မှန်မှန်ကန်ကန် ထားတတ်ရန်လိုပေသည်။ မိမိတို့ ပုထုဇဉ်လူသားတွေသည် သံသရာခရီးသွားများဖြစ်ကြပေသည်။ တွေ့ကြုံဆုံတုန်း ခဏ ကုန်သည်နှင့်ပွဲစား၊ အလုပ်ရှင်နှင့်အလုပ်သမား၊ ရောင်းသူနှင့်ဝယ်သူ ကြည်ဖြူမှန်ကန်၍ စိတ်စေတနာထားတတ်ဖို့ လိုပေသည်။ အများ မိုးခါးရေသောက်တိုင်း ကိုယ်သောက်သင့်၊ မသောက်သင့် စဉ်းစားရပေမည်။ သုံးဆယ့်တစ်ဘုံတွင် တစ်ဘုံတည်းရှိသည်မှာ လူ့ဘုံပင်ဖြစ်သည်။ ဒီအတွက်ကြောင့် ဗုဒ္ဓဘုရားရှင်က လူ့ဘဝရခဲသည်ဟု ဟောပြောဆုံးမခဲ့ခြင်း ဖြစ်သည်။ ရခဲသည့်လူ့ဘဝတွင် အသိဉာဏ် သတိတရားလက်ကိုင်ထားကာ လျှောက်လှမ်းဖို့လိုသည်။

လူ့ဘဝသံသရာတွင် ရတုန်းရခိုက် ဘဝကူးကောင်းရန်အတွက် လက်မှတ်ကောင်းများ ယူသွားတတ်ဖို့ လိုပေသည်။ ထိုဘဝကူးကောင်းလက်မှတ်မှာ ဆရာတော်အရှင်ဇနကာဘိဝံသ၏ အဆုံးအမဖြစ်သည့် ဘုန်းကြီးမှာ ဝိနည်း၊ လူမှာသီလဆိုသည့် သံသရာကူးကောင်းလက်မှတ်များ မပျောက်မပျက်ရန် သတိဉာဏ်ပညာဖြင့် ယူသွားတတ်ရန်လိုအပ်ပါပေတော့သည်။

❑ ဥတ္တာဝင်းဇော်


www.burmeseclassic.com

www.burmeseclassic.com

# သာရည် ဒေါက်တာ အဝေးကျော်



(၁)

**"ဗာရာဏသီပြည်"**

ကုဋေပေါင်း ၈၀ ကြွယ်ဝ ချမ်းသာတဲ့ သူဌေးသားတစ်ယောက် ရှိပါလေတယ်။ သူ့ရဲ့မိဘတွေက. . .

"အင်း. . . ငါတို့သားဟာဖြင့်ရင် အသက်မွေးဝမ်းကျောင်း ပညာသင်စရာမလိုအပ်ပါဘူး၊ သူဝါသနာထုံလှတဲ့ အတီး အမှုတ် အက အဆိုတို့နဲ့သာ သူစိတ်ချမ်းသာသလိုနေပါစေလေ"

အဲသလိုမျိုး သဘောထားလို့ သားချစ်ကို အတတ်ပညာမသင်ကြားစေဘဲ အလိုလိုက်လို့ပဲထားလေတော့တာပါ။

**"သူခွေးသမီး"**

အဲဒီ ဗာရာဏသီတိုင်းပြည်ရဲ့ မြောက်ဘက်ပိုင်းကလည်းပဲ သူဌေးသမီး တစ်ယောက်ရှိပါလေတယ်။ သူ့ကိုလည်းပဲ သူ့မိဘတွေက. . .

"ဟော့. . . ငါတို့သမီး ပစ္စည်းဥစ္စာတွေဟာဖြင့်ရင် ဆယ်သက်ထိုင်စားလို့တောင်မကုန်နိုင်ဘူးနော်၊ ဒီတော့တာ အပင်ပန်းခံပြီး ဘာပညာမှသင်မနေနဲ့ကွဲ့"

ကုဋေပေါင်း ၈၀ ကြွယ်ဝချမ်း သာတဲ့ မြောက်ပိုင်းသူဌေးကလည်း သူ တို့ရဲ့သမီး အချော‌အလှကိုအိပ်လိုက် စားလိုက်အလှပြင်လိုက်နဲ့ ပေါ်ကြော နေထိုင်စေခဲ့လေပါတယ်။

(၂)

**"စုလျားရစ်ပတ် လက်ထပ်မင်္ဂလာ"**

ဒီလိုနဲ့ပဲ ပညာမဲ့ တောင် သူဌေးသားနဲ့ ပညာမရှိ မြောက်ပိုင်း





www.burmeseclassic.com

www.burmeseclassic.com

သူဌေးသမီးတို့ဟာ နှစ်ဖက်မိဘလူကြီးတွေ အစီအစဉ်နဲ့ စုလျားရစ်ပတ် လက်ထပ်မင်္ဂလာ ဆင်ယင်ကျင်းပပြုလုပ်ပေးလိုက်လေတော့ အတွဲညီလှလေတဲ့ အိမ်ထောင်ဖက် ဖြစ်လာခဲ့ကြပါလေတော့တယ်။

နောင်ကာလစောင်တာ အတန်ကြာလေတဲ့အခါမှာတော့ကာ နှစ်ဖက်မိဘတွေ ကွယ်လွန်ကြတယ်ဆိုရင်ပဲ နှစ်ဖက်ပေါင်း . . .

"ကုဋေ ၁၆၀"

အဲသလောက် ကြွယ်ဝချမ်းသာတာတယ်လို့ ဆိုရလေတော့တာပါ။ သူဌေးသားဟာ ဖခင်သူဌေးကြီးကွယ်လွန်သွားလေတဲ့အတွက် သူ့ကို ဘုရင်ကြီးက ထီး၊ ဓား၊ အဆောင်အယောင်နဲ့ဘုရင့်အတိုင်ပင်ခံသူဌေးကြီးရာထူးကို အပ်နှင်းလေတော့တာပါ။

"တစ်နေ့ ၃ ကြိမ်"

ဘုရင့်အတိုင်ပင်ခံသူဌေးကြီးဟာ ရွှေနန်းတော်ကို တစ်နေ့တစ်နေ့မှာ သုံးကြိမ်၊ သုံးကြိမ် အခစားဝင်ရောက်ရပါလေတယ်။ အဲသလို ရွှေနန်းတော်ဆီကိုသွားတဲ့လမ်းမယ်က အရက်ဆိုင်တစ်ဆိုင် ရှိလို့နေပါလေတယ်။ အဲဒီအရက်ဆိုင်ရှေ့ကနေလို့ နေ့စဉ်နေ့တိုင်း အမြဲမပြတ် သွားလာနေတဲ့ သူဌေးကြီးကို အရက်သမားတွေက သူတို့ရဲ့ အရက်ဝိုင်းထဲပါရလေအောင် မြှောက်ပင့်ချော့မော့လို့ အရက်တိုက်ကြလေတဲ့အခါမယ် သူဌေးကြီးဟာ အရက်သောက်တတ်လေတာကြောင့် သူ့နောက်ပါ သက်တော်စောင့်ကို . . .

"ဘယ့်နှယ့်လဲဟေ့. . သောက်မလား၊ မသောက်ရဘူးလားကွဲ့"

အဲသလိုမျိုး မေးတဲ့အခါမှာတော့ကာ သက်တော်စောင့်က. . .

"အရှင်သူဌေးမင်း လောကမှာ ဒီလိုမျိုးအဖျော်ရည်နဲ့တူတဲ့ ဒီလိုကောင်းမြတ်တဲ့ အဖျော်ရည်မျိုးဆိုတာ ဘယ်မှာမှမရှိပါလေဘူး အရှင် သူဌေးမင်း"

အဲသလိုမျိုး ပြောဆိုလေရာက အနည်းငယ် နည်းနည်း မြည်းစမ်းသောက်လို့ကြည့်ရာက အရက်သမားဘဝထဲကိုရောက်လို့ အရက်သမားကြီးလုံးလုံး ဖြစ်သွားခဲ့ရပါလေတော့တယ်။

(၃)

"အဖျော်အပါး အငြိမ့်များ"

သူဌေးကြီး ဦးစီးဦးဆောင်လို့ ကျင်းပလေတဲ့ သောက်ပွဲစားပွဲ အရက်ဝိုင်းကြီးတွေမှာကလည်းပဲ အငြိမ့်တွေ၊ အကတွေ၊ အဖျော်အပါးတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ မူးကြူးကြပေါ့လေ။ ကကြ၊ သီဆိုကြလေတဲ့ မင်းသမီးကလေးတွေ၊ မင်းသားကလေးတွေကိုလည်းပဲ. . .

"ရေ့ဟဲ့. . . တစ်ထောင်"

"အင့်ဟဲ့. . . နှစ်ထောင်"

အဲသလိုမျိုး ဆုငွေချလို့မှ ငွေကို ရေလိုသုံးလေတော့ မကြာမတင်မှာကိုပဲ သူဌေးဘက်က ကုဋေ ၈၀ကုန်လေတော့ကာ မယားဘက်က ကုဋေ ၈၀ကိုပါ ဆက်လက်ပြီးဖြုန်းလေတော့ မကြာလှတဲ့အချိန်မှာပဲ အဲသဟာလည်း ပြုတ်ပြုတ်ပြုန်းပါလေရော။ အဲဒီနောက် အိမ်၊ လယ်ယာ၊ ဥယျာဉ်၊ ခြံ ဘာမှမကျန် ရောင်းပြီးအရက်သောက်လိုက်တာ နောက်ဆုံးမယ် သူတစ်ပါးဝင်းခြံနံရံမှာ တစ်ဖက်ယပ်အဖီကလေးဆွယ်လို့ လင်မယားနှစ်ယောက် ခွက်တစ်လုံးစီနဲ့ လှည့်လည်ပြီး တောင်းစားရလေတဲ့ သူတောင်းစား လင်မယားနှစ်ယောက် ဘဝကို ရောက်ခဲ့ရလေတော့ပါတယ်။

(၄)

"တစ်နေ့"

အဲဒီလင်မယား နှစ်ယောက်ဟာ လှည့်လည်တောင်းရမ်းရင်းက မြတ်စွာဘုရားရှင်ရဲ့ကျောင်းတော်ဝင်းအတွင်းကို ရောက်ရှိလာခဲ့လေပြီး ဆွမ်းစားကျောင်းအပေါက်ဝမယ် သံဃာတော်တွေရဲ့ အကြွင်းအကျန်ကိုတောင်းဖို့ရာ တန်းစီလို့နေကြရာမှာ မြတ်စွာဘုရားရှင်ဟာလည်းပဲ ဆွမ်းစားကျောင်းကအထွက်မယ် တွေ့လိုက်ရတဲ့အခါ ပြုံးတော်မူပါတယ်။

အဲဒါကို အရှင်အာနန္ဒာက မြင်လိုက်ရတဲ့အခါမယ် ပြုံးတော်မူရတဲ့ အကြောင်းကို မေးလျှောက်ရတဲ့အခါမှာတော့ကာ ဘုရားရှင်က. . .

"အာနန္ဒာ . . . ဒီမဟာဓနဆိုတဲ့ သူဌေးလင်မယားကိုကြည့်လိုက်စမ်းပါ၊ ဒီဗာရာဏသီမှာ ကုဋေ ၁၆၀ ဆိုတဲ့ အသပြာငွေကို ကုန်ခန်းအောင် ဖြုန်းတီးပြီးတော့မှ မယားကို လက်ကဆွဲလို့ လှည့်လည်တောင်းရမ်း စားသောက်နေရလေသည်။

"တကယ်လို့သာ ပထမအရွယ်မှာ ရှိလို့နေကြတဲ့ ဥစ္စာပစ္စည်းတွေကို မကုန်စေဘဲ ကုန်သွယ်တဲ့လုပ်ငန်းကို လုပ်မယ်ဆိုရင် အထွတ်အထိပ်သူဌေးကြီးဖြစ်လိမ့်မယ်. . .

ဒီလိုမှမဟုတ်လေဘဲ သံသရာနောင်ရေးအတွက် သင်္ကန်းဝတ်ပြီးတော့မှ တောထွက်တရားကျင့်သုံးမယ်ဆိုရင် အရဟတ္တဖိုလ်ကိုရလိမ့်မယ်၊ မယားက အနာဂါမိဖိုလ်ကိုရလိမ့်မယ်. . .

နောက် ဒုတိယအရွယ်မယ် သတိတရားရလို့ ကုန်သွယ်တဲ့အလုပ်ကို လုပ်မယ်ဆိုရင် ဒုတိယတန်းသူဌေးဖြစ်လိမ့်မယ်. . .

တကယ်လို့ တရားအားထုတ်မယ်ဆိုရင်လဲပဲ အနာဂါမိဖိုလ်ကို ရလိမ့်မယ်၊ မယားက သကဒါဂါမိဖိုလ်ကို ရလိမ့်မယ်. . .

တတိယအရွယ်ရောက်မှ သတိရလို့ ရှိသမျှဥစ္စာတွေနဲ့ အလုပ်လုပ်မယ်ဆိုရင် တတိယတန်းသူဌေးဖြစ်လိမ့်မယ်

ရဟန်းပြုလို့ တရားအားထုတ်မယ်ဆိုရင်လဲ သကဒါဂါမိဖိုလ်ကို ရလိမ့်မယ်၊ မယားက သောတာပတ္တိဖိုလ်ကို ရလိမ့်မယ်. . .

အာနန္ဒာ . . . အခုအခါမှာတော့ကာ အရွယ်ကလဲလွန်ပြီ၊ ဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းကလဲ ဆုတ်ယုတ်ခဲ့ပြီ၊ ရဟန်းရဲ့ ဥစ္စာပစ္စည်းဆိုတဲ့ အရဟတ္တဖိုလ်ကို ရ လောက်တဲ့ပါရမီကလဲ မရှိတော့လေ ဘူး. . .

အဲသလို လောကသံသရာနှစ် ဖြာသောအကျိုးစီးပွား ပျက်စီးဆုတ် ယုတ်တဲ့ ဒီသူဌေးဟာဖြင့်ရင် ရေခမ်းလို့ ငါးမရှိလေတော့ဘဲ ခြောက်သွေ့လို့နေ လေတဲ့ ညွန်အိုင်အနီးမယ် ဘယ်ကိုမှ မသွားတတ်မလာတတ်တဲ့ အတောင် ကျိုးတဲ့ ကြိုးကြာငှက်အိုကြီး မှိုင်တွေချ နေသလိုမျိုးဖြစ်နေလေတယ်"

အဲသလိုမျိုး မိန့်မြွက်တော်မူခဲ့ လေတာပါ။

"သံဝေဂ"

ဒီသူဌေးရဲ့ အရဟတ္တဖိုလ်ကို ရောက်လောက်တဲ့ပါရမီဟာ အဲဒီပါရမီ နဲ့လျော်တဲ့ သတိပဋ္ဌာန်အလုပ်၊ မဂ္ဂင် အလုပ်တွေနဲ့ ဖွံ့ဖြိုးပွင့်လန်းလာအောင် မပြုလုပ်သေးတဲ့အတွက် ရင့်သန်ကြီး ထွားခွင့်မရလေဘဲ ပျက်စီးလို့သွားခဲ့ရပါ လေတယ်။

အဲဒါကြောင့်မို့လို့ သူသူငါငါ ကျွန်ုပ်တို့ အလွန်သတိသံဝေဂရဖို့ သိပ် ကောင်းပါတယ်။ အလကားထိုင်နေရင်း မပြည့်သေးတဲ့ပါရမီက အလိုအလျောက် သူ့ဘာသာသူ ပြည့်လာလေမှာ မဟုတ် ပါဘူး။ မရှိသေးတဲ့ပါရမီဟာ ရှိလာမှာ မဟုတ်ပါလေဘူး။

ဒါကြောင့်မို့လို့ လုံ့လမယုတ် အားထုတ်ကြရလေမှာပါ။ အချိန်အရွယ် အချိန်အခါရှိတုန်း ထိုက်ထိုက်တန်တန် ကြိုးစားအားထုတ်ပါလေမှ ထိုက်တန် တဲ့ အရဟတ္တဖိုလ် နိဗ္ဗာန်ဆုကို ရနိုင်မှာ ဖြစ်ပါလေတယ်။

❒ သာစည်အောင်တင်

ကျမ်းကိုး

- ဓမ္မပဒ အဋ္ဌကထာ (စာ-၈၁)

ဂေါတမမြတ်စွာဘုရား လက် ထက်ကဖြစ်သည်။

ရာဇဂြိုဟ်ပြည်တွင် သုမန သူဌေးကိုအမှီပြုကာ ပုဏ္ဏ အမည်ရှိ အလုပ်သမားမှာ ဇနီးဥတ္တရာနှင့် သမီး လေးတစ်ယောက်တို့နှင့်အတူ နေထိုင် လျက်ရှိလေသည်။

သမီးလေး၏အမည် ကိုလည်း အမိအမည်နှင့်အလားတူ ဥတ္တရာ ဟူ၍ မှည့်ခေါ်သည်။

တစ်ခုသော နေ့တစ်နေ့တွင် ရာဇဂြိုဟ်ပြည်၌ နှစ်စဉ်ပြုလုပ်မြဲဖြစ် သော ခုနစ်ရက်တိုင်တိုင် ကျင်းပမည့် နက္ခတ်ပွဲသဘင်နှင့်ကြုံကြိုက်လေသည်။ ထို့ကြောင့် သုမနသူဌေးက ပုဏ္ဏအား နက္ခတ်ပွဲသဘင်၌ပျော်ရွှင်မည်လား (သို့ မဟုတ်) နွားများ ထွန်တုံးထွန်သွားများ ကိုယူကာ လယ်ထွန်မည်လောဟုမေး သည်။

ထိုအခါ ပုဏ္ဏက. . .

"အရှင် . . . နက္ခတ်ပွဲသဘင် သည် ဥစ္စာရှိသူတို့အတွက်သာဖြစ်ပါ သည်၊ ကျွန်တော်မျိုး အိမ်မှာတော့ နက်ဖြန်အတွက် ယာဂုဆန် မရှိပါ၊ နက္ခတ်ပွဲဆိုတာ ကျွန်တော့်မှာ ဘာလုပ် မှာလဲ၊ နွားတွေရလျှင် လယ်ထွန်သွားပါ မည်"ဟု ပြောလေသည်။

ထိုအခါ သုမနသူဌေးက ပုဏ္ဏ အား နွားများကိုယူကာ လယ်ထွန်သွား စေခဲ့သည်။

ပုဏ္ဏသည် သူ့ဇနီးအား . . .

"အရှင်မ. . . မြို့သူ မြို့သားတွေ က နက္ခတ်ပွဲသဘင်ကိုသွားနေကြတယ်၊ ငါတော့ ဆင်းရဲသားအခစားမို့ လယ် ထွန်ဖို့သွားတော့မယ်၊ ဒီနေ့ ငါ့အတွက် ထမင်းနှစ်ဆချက်ပြီးယူခဲ့ပါ" ဟု မှာခဲ့ သည်။

ပုဏ္ဏနှင့် အရှင်သာရိပုတ္တရာ

အရှင်သာရိပုတ္တရာသည် ခုနစ် ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စား နေရာ ထိုနေ့မှ သမာပတ်မှထတော်မူ ၍. . .

"ငါဟာ ဒီနေ့ ဘယ်သူ့ကို ချီး မြှောက်သင့်သလဲ" ဟု ကြည့်ရှုသော အခါ သူ၏ဉာဏ်ကွန်ရက်ထဲသို့ ပုဏ္ဏ ဝင်လာသည်ကို မြင်သဖြင့်. . .

"ပုဏ္ဏဟာ သဒ္ဓါတရားရှိသလား ငါ၏ချီးမြှောက်မှုကိုခံယူနိုင်လေမလား" ဟုကြည့်ရှုပြန်ရာ ပုဏ္ဏ၏သဒ္ဓါတရားရှိ သည်၏အဖြစ်၊ ချီးမြှောက်မှုကိုခံယူနိုင် သည့်အဖြစ်၊ ကြီးကျယ်သောစည်းစိမ် ရနိုင်မည့် အဖြစ်တို့ကိုသိရ၍ သပိတ် သင်္ကန်းကိုယူကာ ပုဏ္ဏလယ်ထွန်ရာ အရပ်သို့သွားပြီး ရေတွင်းနှုတ်ခမ်းရှိ ချုံ တစ်ချုံကိုကြည့်လျက် ရပ်နေလေသည်။

ပုဏ္ဏသည် အရှင်သာရိပုတ္တရာ ကိုမြင်လျှင်မြင်ချင်းပင် လယ်ထွန်ခြင်း အမှုကိုထားခဲ့ပြီး ထိုခြင်းကြီးငါးပါးဖြင့် အရှင်သာရိပုတ္တရာကိုရှိခိုးကာ ဒန်ပူ[illegible] အရှင်သာရိပုတ္တရာ အလိုရှိတာဖြစ်လိမ့် မည်ဟုတွေးပြီး ဒန်ပူကိုအပ်စပ်အောင် ပြုလုပ်ကာ လှူဒါန်းလေသည်။ ထိုအခါ ပုဏ္ဏအား အရှင်သာရိပုတ္တရာသည် သပိတ်နှင့်ရေစစ်ကို ထုတ်ဆောင်၍ ပေးလေသည်။

"အရှင်သာရိပုတ္တရာသည် ရေ ကိုအလိုရှိတာဖြစ်လိမ့်မည်"ဟု ပုဏ္ဏ သိလေသဖြင့် သပိတ်နှင့် ရေစစ်ကို ယူကာ ရေကိုစစ်ပြီး လှူဒါန်းလေသည်။

"ပုဏ္ဏဟာ သူတစ်ပါးတို့ရဲ့ နောက်ဖေးအိမ်မှာနေရရှာတယ်၊ ငါသာ ပုဏ္ဏရဲ့အိမ်တံခါးကိုသွားခဲ့ရင် ပုဏ္ဏရဲ့ ဇနီးဟာ ငါ့ကို ဖူးမြော်ခွင့်ရလိမ့်မည် မဟုတ်၊ ပုဏ္ဏဇနီး ထမင်းယူပြီး ဒီနေရာ ကိုလာသည့်အချိန်ထိ ဒီနေရာမှာပဲနေ မည်"ဟု အရှင်သာရိပုတ္တရာသည် စဉ်း စည်နေလေသည်။

အရှင်သာရိပုတ္တရာသည် အ[illegible] အနည်းငယ်စောင့်ပြီးသောအခါ[illegible]





www.burmeseclassic.com

www.burmeseclassic.com



နီး လမ်းပေါ်လာနေသည်ကို သိရသဖြင့် ရာဇဂြိုဟ်သို့ရှေးရှုကာကြွသွားခဲ့သည်။

ဥတ္တရာနှင့် အရှင်သာရိပုတ္တရာ

ပုဏ္ဏ၏ဇနီးဥတ္တရာသည် လမ်းခရီးအကြား၌ အရှင်သာရိပုတ္တရာကို ဖူးတွေ့ရသည်။ ထိုအခါ ဥတ္တရာက. . .

"တစ်ခါတစ်ရံ ငါဟာ လှူဖွယ်ပစ္စည်းရှိပေမယ့် အရှင်သာရိပုတ္တရာကို မဖူးတွေ့ရ၊ တစ်ခါတစ်ရံ ငါဟာ အရှင်သာရိပုတ္တရာကိုဖူးတွေ့ရပေမယ့် လှူဖွယ်ပစ္စည်းကမရှိ၊ ဒီနေ့တော့ ငါဟာ အရှင်သာရိပုတ္တရာကိုလဲ ဖူးတွေ့နေရတယ်၊ ဒီလှူဖွယ်ပစ္စည်းကလဲ ရှိနေတယ်၊ အရှင်သာရိပုတ္တရာဟာ ငါ့ကိုချီးမြှောက်လေမည်လား"ဟု စဉ်းစားနေလေ၏။

ဥတ္တရာသည် ထမင်းတောင်းကို ချကာ အရှင်သာရိပုတ္တရာကို ထိခြင်းကြီးငါးပါးဖြင့် ရှိခိုးပြီး. . .

"အရှင်ဘုရား . . . ဒီလှူဖွယ်ပစ္စည်းကို မွန်မြတ်တယ်၊ မမွန်မြတ်ဘူးလို့ သဘောထားတော်မမူဘဲ အရှင်ဘုရားတို့၏ ကျွန်ဒကာအား ချီးမြှောက်တော်မူပါဘုရား"ဟု လျှောက်ထားလေသည်။

အရှင်သာရိပုတ္တရာ သည် သပိတ်ကို ဥတ္တရာ၏အနီးသို့ကပ်ဆောင်ပေးသဖြင့် ဥတ္တရာသည် လက်တစ်ဖက်ဖြင့် ထမင်းအိုးကို သယ်ဆောင်ပြီး အခြားလက်တစ်ဖက်ဖြင့် ထမင်းအိုးမှ ထမင်းကို လောင်းလှူလတ်သော် ထမင်းတစ်ဝက်ကိုလှူပြီးသောအခါ. . .

"ပြည့်စုံပြီ. . . တော်လောက်ပြီ"ဟု မိန့်ကြားကာ လက်ဖြင့် သပိတ်ကို ပိတ်လေသည်။

"အရှင်ဘုရား. . . ဤထမင်းသည် တစ်ယောက်စာအတွက်သာဖြစ်ပါသည်၊ နှစ်ဖို့ခွဲလို့မသင့်ပါ၊ အရှင်ဘုရားတို့ရဲ့ကျွန်ဒကာအားဤလောကအတွက် ချီးမြှောက်မှုကိုမပြုဘဲ တမလွန်လောကအတွက် ချီးမြှောက်မှု ပြုတော်မူပါ၊

www.burmeseclassic.com

တပည့်တော် ဤဆွမ်းအကုန်လုံး လောင်းလှူလိုပါတယ် ဘုရား"

ဟု လျှောက်ထားကာ အရှင်သာရိပုတ္တရာ၏သပိတ်ထဲ အကုန်လုံး လောင်းလှူပြီး . . .

"အရှင်ဘုရားတို့ သိမြင်အပ်သောတရားကို သိမြင်နိုင်တဲ့သူဖြစ်ရပါလို၏"ဟု ဆုတောင်းလေသည်။

အရှင်သာရိပုတ္တရာက. . .

"သင် ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေ"ဟုမိန့်ကာ ရပ်လျက်ပင် အနုမောဒနာတရားစကား မိန့်ကြားပြီး တစ်နေရာမှာထိုင်ကာ ဆွမ်းကိစ္စကိုပြုလေ၏။

ဥတ္တရာသည်လည်း အိမ်သို့ပြန်ကာ ဆန်ရှာပြီး ထမင်းချက်လေသည်။ ပုဏ္ဏာလည်း ထမင်းဆာမှုကိုသည်းခံနိုင်စွမ်းမရှိတော့သဖြင့် နွားတို့ကိုလွှတ်ပြီး သစ်ပင်တစ်ပင်၏အရိပ်သို့ဝင်ကာ လမ်းကိုကြည့်လျက် ထိုင်နေလေသည်။

## ဥတ္တရာရင်ခွင်မှာ အိပ်ပျော်သွားသော ပုဏ္ဏား

ထိုအခါ ဥတ္တရာသည် ထမင်းကို ယူပြီးသွားလတ်သော် ပုဏ္ဏာကိုမြင်လျှင်မြင်ချင်း. . .

"ပုဏ္ဏာဟာ ထမင်းဆာမှုနှိပ်စက်ခံရလို့ ငါ့ကိုမျှော်ကြည့်ပြီး ထိုင်နေရှာတယ်၊ ငါ့ကို အလွန်အကဲကြာရကောင်းလား ဆိုပြီး ခြိမ်းခြောက်မာန်မဲကာ ကြိမ်တံဖျာနဲ့ ရိုက်ခဲ့ရင် ငါလုပ်ထားတဲ့ ကောင်းမှုဟာ အကျိုးမရှိဖြစ်ပေရော့မယ်" ဟုကြံကာ. . .

"အမောင်. . . ဒီနေ့ တစ်နေ့လုံး စိတ်ကို ကြည်ကြည်လင်လင် ထားပါ၊ ကျွန်မပြုထားတဲ့ကောင်းမှုကို အကျိုးမဲ့မဖြစ်ပါစေနဲ့၊ ကျွန်မ နံနက်စောစောကပဲ အမောင့်အတွက် ထမင်းကို သယ်ယူလာခဲ့ပါတယ်၊ လမ်းခရီးအကြားမှာ တရားစစ်သူကြီး အရှင်သာရိပုတ္တရာကို တွေ့တာနဲ့ အမောင့်အတွက် သယ်ယူလာတဲ့ထမင်းကို အရှင်သာရိပုတ္တရာအား လှူလိုက်ပါတယ်၊ အိမ်ပြန်ပြီး ထမင်းချက်ကာ လာခဲ့ပါတယ်၊ အမောင် စိတ်ကို ကြည်ကြည်လင်လင်ထားပါနော်" ဟု ပြောပြလေသည်။

ပုဏ္ဏာကလည်း . . .

"ရှင်မ . . . ရှင်မ ငါ့အတွက် ချက်လာတဲ့ထမင်းကို အရှင်သာရိပုတ္တရာအား လှူလိုက်တာ ကောင်းပါပေတယ်၊ ငါလဲ အရှင်သာရိပုတ္တရာအား ဒီနေ့နံနက်စောစောကပဲ ဒန်ပူနဲ့ မျက်နှာသစ်ရေကို လှူလိုက်တယ်" ဟုပြော၍ စိတ်ကြည်လင်ရွှင်ပျကာ ဥတ္တရာ၏ စကားကို အလွန်သဘောကျနေလေသည်။ နေမြင့်မှ ထမင်းစားရသဖြင့် ကိုယ်ပင်ပန်းနွမ်းနယ်နေ၍ ဥတ္တရာ၏ ရင်ခွင်၌ ဦးခေါင်းထားကာ အိပ်ပျော်သွားလေသည်။

## မြေကြီးက ရွှေသီးနေလေပြီ

ထိုအခါ ပုဏ္ဏာ၏ နံနက်စောစောကပင် ထွန်ထားသောလယ်ယာမြေ တစ်ပြင်လုံးသည် ထွန်ကျစ်စာမှစ၍ ရွှေတုံးအတိဖြစ်လျက် လျှပ်စစ်တိမ်မီးရောင်ကဲ့သို့ တပြောင်ပြောင်ထွန်းတောက်နေလေသည်။

ပုဏ္ဏာလည်း အိပ်ရာမှနိုးသောအခါ ဖြစ်လာသောရွှေတို့ကိုမြင်၍. . .

"ရှင်မ . . . ထ၍မျှော်စမ်းဦးလော့၊ ငါ အလွန်နေမြင့်တဲ့ အခါမှ ထမင်းစားရလို့ မျက်စိလည်သဖြင့်ပင် ထင်လေသလော၊ အလုံးစုံသောလယ်မြေတွင် ရွှေအတိပင်မြင်ခဲ့၏တကား" ဟု ဆို၏။ ထိုအခါ ဥတ္တရာက. . .

"ကျွန်မလဲ ရွှေအတိမြင်သည်" ဟု ပြန်ပြော၏။

ပုဏ္ဏာသည် ထွန်ထားသော နေရာသို့သွားကာ ထွန်စိုင်ခဲတစ်လုံးကို ယူပြီး ထွန်တုံးဦး၌ထုနှက်ကြည့်လေရာ ရွှေဖြစ်နေသည်ကို သိရသဖြင့်. . .

"တရားစစ်သူကြီး အရှင်သာရိပုတ္တရာအား ငါတို့လှူရတဲ့ အကျိုးကို ဒီနေ့ပဲမြင်တွေ့ရတာ အံ့ဩစရာကောင်းပါပေတယ်၊ ဒီလောက်များတဲ့ဥစ္စာကို ဖုံးကွယ်ထားပြီး သုံးစွဲဖို့မသင့်တော်"ဟု ဇနီးအားပြောကာ ယူလာသော ထမင်းခွက်၌ ရွှေအပြည့်ထည့်ပြီး မင်းနန်းတော်သို့ သွားလေသည်။

မင်းကြီးက ဝင်ခွင့်ပြုသဖြင့် နန်းတော်သို့ဝင်လေသည်။

ဗိမ္ဗိသာရမင်းကြီးက အကြောင်းကိစ္စကိုမေးလေရာ. . .

"အရှင်မင်းမြတ် . . . ယနေ့ အကျွန်ုပ်တို့ ထွန်အပ်သောလယ်[illegible] မြေရပ်အားလုံးသည် ရွှေတုံးရွှေခဲအ[illegible] သာ ဖြစ်လာပါသည်၊ ဆောင်ယူခြင်း[illegible] များစွာသော လှည်းတို့ကို လွှတ်[illegible] မူပါ"ဟု လျှောက်၏။

မင်းကြီးက. . .

"သင့်နာမည်က ဘယ်သူလဲ"[illegible] မေးရာ ပုဏ္ဏာဖြစ်ကြောင်းလျှောက်[illegible] ၏။ ထိုအခါ မင်းကြီးက ဆက်လ[illegible] ပြီး. . .

"မောင်မင်း. . . ဒီနေ့ဘာလု[illegible] သလဲ"ဟုမေး၏။

"ဒီနေ့နံနက်စောစောကပင် ကျွ[illegible] တော်မျိုးသည် တရားစစ်သူကြီး အရှ[illegible] သာရိပုတ္တရာအား ဒန်ပူနှင့် မျက်နှာသ[illegible] ရေကိုလှူခဲ့ပါသည်၊ ကျွန်တော်၏ဇနီး[illegible] လဲ ကျွန်တော့်အတွက် သယ်ယူ[illegible] သော ထမင်းကို အရှင်သာရိပုတ္တ[illegible] အားပင် လှူခဲ့ပါသည်"ဟု လျှောက်[illegible] လေသည်။

## ပုဏ္ဏာ ဗဟာနေသူဌေးရာထူးရ

ထိုစကားကိုကြားရသဖြင့် မင်း[illegible] ကြီးသည်. . .

"မောင်မင်းတို့ ဒီနေ့ပဲ တရား[illegible] စစ်သူကြီး အရှင်သာရိပုတ္တရာအား [illegible] အပ်တဲ့အလှူရဲ့ အကျိုးကို တွေ့ရ[illegible]" ဟု ပြောပြီး. . .

"မောင်မင်း အဘယ်ကဲ့သို့[illegible] မည်လဲ"ဟု မေးလေသည်။

"အရှင်မင်းမြတ်. . လှည်း[illegible] ထောင်ပေါင်းများစွာစေလွှတ်ပြီး[illegible]





www.burmeseclassic.com

www.burmeseclassic.com

တွေကို သယ်ဆောင်ခိုင်းတော်မူပါ"ဟု လျှောက်ထား၏။

မင်းကြီးက မင်းချင်းတို့ကိုခေါ်ပြီး ထိုရွှေတို့ကို များစွာသောလှည်းတို့ဖြင့်ယူဆောင်စေ၏။ မင်းချင်းယောက်ျားတို့က ဤမျှများပြားသောရွှေတို့ကိုမြင်လျှင်. . .

"ငါတို့အရှင် ဗိမ္ဗိသာရမင်းကြီး၏ ဘုန်းတော်ကြောင့် ပေါ်ပေါက်လာသော ဥစ္စာပေတည်း"ဟု ဆိုပြီး ကျူးယူကြ၏။

ထိုအခါ ယင်းရွှေတို့သည် မြေအတိသာပြန်ဖြစ်သွားလေသည်။

ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား လျှောက်ထားရာ. . .

"သင်တို့ အဘယ်သို့ဆို၍ ကျူးသနည်း"ဟု မေးရာ. . .

"အရှင်မင်းကြီးဥစ္စာဟု ဆို၍ ကျူးကြောင်း" လျှောက်ထား၏။

ထိုအခါ မင်းကြီးက. . .

"ငါ၏ဥစ္စာ မဟုတ်ပေ၊ ပုဏ္ဏသူဆင်းရဲ၏ဥစ္စာဟုဆို၍သာ ကျူးလေ" ဟု စေတော်မူ၏။

မင်းချင်းတို့က မှာလိုက်သည့်အတိုင်းဆို၍ကျူးသောအခါမှ ရွှေအစစ်ရ၍ လှည်းတို့ဖြင့်အပြည့်တင်ပြီးသော် မင်းရင်ပြင်သို့ သယ်ဆောင်ကာပုံထားရာ အတောင် ၈၀ ပင်မြင့်ပေသည်။

မင်းကြီးသည် မြို့သူမြို့သားများကို စုဝေးစေကာ. . .

"ဒီမြို့မှာ ဒီလောက်အတိုင်းအတာရှိတဲ့ရွှေ တစ်စုံတစ်ယောက်မှာ ရှိသလား"ဟု မေးသဖြင့်. . .

"မရှိပါ အရှင်မင်းမြတ်" ဟု လျှောက်တင်လေရာ. . .

"ပုဏ္ဏအား ဘာကို ပေးသင့်သလဲ"ဟုမေး၍. . .

"သူဌေးရာထူး ပေးသင့်ပါသည်" ဟု လျှောက်တင်ကြလေသည်။

ထိုအခါ မင်းကြီးသည် ပုဏ္ဏအား. . .

"ဗဟုဓနသူဌေးအမည်တွင်စေ" ဟုမိန့်ကာ များစွာသောဥစ္စာနှင့်တကွ သူဌေးရာထူးပေးလေသည်။

"အရှင်မင်းမြတ်. . . ကျွန်တော်မျိုးတို့မှာ သူတစ်ပါးအိမ်မှာနေခဲ့ရသူများဖြစ်ပါတယ်၊ နေဖို့နေရာ ပေးတော်မူပါ" ဟု လျှောက်ထားသဖြင့် သူဌေးဟောင်းအိမ်နေရာကိုပေးလိုက်လေသည်။

ပုဏ္ဏသူဌေးသည် ထိုနေရာ၌ ရက်အနည်းငယ်အတွင်းမှာပင် အိမ်ဆောက်လေသည်။

## ပုဏ္ဏသူဌေးမိသားစုများ သောတာပန်ဖြစ်

အိမ်ဆောက်ပြီးသည့်အခါ အိမ်တက်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာ၊ သမီးဥတ္တရာ၏နားထွင်းမင်္ဂလာတို့ကိုပြုလျက် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား အလှူဒါနပြုလုပ်လေသည်။ ထိုအခါ ပုဏ္ဏသူဌေးကြီးအား မြတ်စွာဘုရားသည် အနုမောဒနာစကား မိန့်ကြားလျက် အစဉ်အတိုင်းသော တရားစကားကို မိန့်တော်မူလေသည်။

တရားဒေသနာတော်၏ အဆုံး၌ ပုဏ္ဏသူဌေး၊ ဇနီးဥတ္တရာနှင့် သမီးဥတ္တရာတို့ သုံးယောက်စလုံးသည် သောတာပန်ဖြစ်ကြလေသည်။

ဒါနကောင်းမှု တစ်ခုခုပြုလျှင် စိတ်ဖြစ်စဉ်တစ်ခုတစ်ခု၌ ကုသိုလ်ဇော ၇ ကြိမ်ဖြစ်လေသည်။ ထိုဇော ၇ ကြိမ်တို့တွင် ပထမဇောစိတ်တို့၌ ပါရှိသော ကုသိုလ်စေတနာသည် အကြောင်းညီညွတ်လျှင် မျက်မှောက်ဘဝ၌ သက်မဲ့ဖြစ်သည့် ရွှေငွေစသောရုပ်ဝတ္ထုအကျိုးတို့ကိုဖြစ်စေတတ်သည်။

မျက်မှောက်ဘဝ၌ အကျိုးပေးရန်. . .

(၁) ဝတ္ထုသမ္ပဒါ - အလှူခံပုဂ္ဂိုလ်က အနာဂါမ်အရိယာ သို့မဟုတ် ရဟန္တာဖြစ်ခြင်း၊

(၂) ပစ္စယသမ္ပဒါ - လှူဖွယ်ဝတ္ထုက တရားသဖြင့်ရအပ်သောပစ္စည်းဖြစ်ခြင်း၊

(၃) စေတနာသမ္ပဒါ - အလှူပေးပုဂ္ဂိုလ်၏ စေတနာသုံးတန်နှင့် ပြည့်စုံညီညွတ်ခြင်း၊

(၄) ဂုဏာတိရေကသမ္ပဒါ - အလှူခံပုဂ္ဂိုလ်က သမာပတ်မှထပြီးစဖြစ်ခြင်း။

ယခု ပစ္စုပ္ပန်ဘဝ၌ပင် ဤအကြောင်းလေးပါးနှင့်ပြည့်စုံ၍ အလှူရှင်ကလည်း ရှေးကောင်းမှုနှင့် ပြည့်စုံခြင်း၊ ဤအကြောင်းများ ညီညွတ်မှ မျက်မှောက်ဘဝ၌ အကျိုးပေးလေသည်။

ယခု ပုဏ္ဏသူဆင်းရဲ ဇနီးမောင်နှံတို့၏အလှူဒါနမှာလည်း ဆိုခဲ့ပြီးသော ပစ္စုပ္ပန်ဘဝအတွက် အကြောင်းလေးပါးတို့နှင့်ပြည့်စုံသည့်ပြင် ပုဏ္ဏကိုယ်တိုင်ကပင် သူဌေးဖြစ်ရန် အတိတ်ဘဝ ရှေးကောင်းမှုနှင့်လည်း ပြည့်စုံသူဖြစ်၍ ထိုနေ့မှာပင် ဗဟုဓနသူဌေးကြီးဖြစ်အောင် သုံးမကုန် စွဲမကုန်နိုင်သည့် သက်မဲ့ရွှေတုံးရွှေဆိုင် ရုပ်ဝတ္ထုအကျိုးတို့ကို ရရှိလေသည်။

ဆင်းရဲသားတို့အား သနားကရုဏာ လွန်စွာကြီးမားတော်မူသော အရှင်သာရိပုတ္တရာ၏ ချီးမြှောက်မှုကြောင့် ဆင်းရဲသားပုဏ္ဏမိသားစုသည် သူဌေးမိသားစု ဖြစ်ခဲ့လေပြီ။ မြေကြီးသည် ရွှေသီးခဲ့လေပြီ။

❒ ထွန်းအားရှင်

ကျမ်းကိုး

- ဓမ္မပဒဋ္ဌကထာ သနိကျမ်း(ကျီးသဲလေးထပ်ဆရာတော်)
- ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ (သာမဏေကျော်)



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံမြင့်ဖေဆွေ

(တောင်စွန်း)



နွေဦးကာလ ဖြစ်သောကြောင့် နံနက်ခင်း၏သာယာမှုနှင့်အတူ စာရေးသူ ကျန်းမာရေးအရ လမ်းလျှောက်ပြီး အပြန် အိမ်ရှေ့ခြံပေါက်ဝတွင် ဇနီးဖြစ်သူ စျေးမှအပြန်နှင့် ဆုံပါ၏။

"အဖေကြီးရေ. . . နဝဒေးက ဒေါ်အေးမြိုင်တစ်ယောက် ဒီမနက်ပဲ ဆုံးသွားတယ်လို့ စျေးထဲမှာပြောသံကြားခဲ့တယ်၊ တစ်မျိုးတော့ကောင်းပါတယ်၊ ဝဋ်ကျွတ်သွားတာပေါ့၊ နို့မဟုတ်ရင် သူ့ကိုပြုစုနေရတဲ့ သားမြေးတွေလဲ ကြာတော့ ငြူစူလာပြီး ပြောမိပြောရာ ပြောတော့ ငရဲလဲကြီးကုန်ကြမှာပေါ့

သက်ကြီးရွယ်အိုကို ပြုစုစောင့်ရှောက်ရတာ ကုသိုလ်တော့ ရပါရဲ့၊ ဒါပေမဲ့ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဆိုသလိုဖြစ်နေဦးမယ်၊ တချို့ပြောတော့လဲ ဖုတ်ဝင်နေတယ်လို့ ပြောတာပဲ၊ ညညထပြီး ခိုးစားတယ်တဲ့၊ နောက်ပြီး မျက်လုံးပြူးပြီးကြည့်တယ်တဲ့၊

လူမတွေ့ရင် အကောင်းတဲ့၊ လူတွေတာနဲ့ လဲကျသွားပြီး ညည်းနေရောတဲ့၊ သွားကိုင်လိုက်ရင် ကိုင်တဲ့သူကို မလွှတ်တော့ဘူးတဲ့၊ သွေးစုပ်ဖုတ်ဆိုလား ပြောကြတယ်၊ ကလေး(မြေးမလေး)တွေကြောက်ပြီး အနားသိပ်မသွားတော့ဘူးတဲ့၊ လူမရှိရင် ခေါ်နေရောတဲ့"

ဇနီးဖြစ်သူက သူကြားခဲ့သမျှကို ကရားရေလွှတ် အရှည်ကြီး ပြောပြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ အမေကြီး. . . မနက်စောစော သူများအကြောင်းပြောတာ မောရော့မယ်၊ အိမ်ပေါ်လဲ တက်ပါဦး"ဟု ပြောလိုက်မှ သတိရဟန် အိမ်ပေါ်တက်ခဲ့ကြပါသည်။

စာရေးသူလည်း နံနက်စောစော သမီးပြင်ပေးသော ထမင်းကြော်ကို ရေနွေးကြမ်းနှင့်စားရင်း စောစောက အကြောင်း ပြန်ပြောင်းစဉ်းစားမိတော့၏။

ဒေါ်အေးမြိုင်ကို ကောင်းစွာသိပါ၏။ မိခင်ကြီးရှိစဉ်က နဝဒေးရပ်ကွက်ရှိ ဆွေမျိုးများထံ အရောက်အပေါက်များခဲ့ပါသည်။ ဒေါ်အေးမြိုင်တွင် သားနှစ်ယောက်၊ သမီးတစ်ယောက် ရှိပါသည်။ အိမ်ခွဲများဖြစ်သောကြောင့် သားထံတစ်လှည့်၊ သမီးထံတစ်လှည့် နေပါသည်။ နောက်ဆုံး အငယ်ဆုံးသမီးနှင့် အတူနေပါ၏။

ယခင်ရွာဟောင်း (သိမ်ချောင်း) ရွာမှာတုန်းက စားနိုင်ဝတ်နိုင်တဲ့ အဆင့်အတန်းထဲမှာဖြစ်သော်လည်းယောကျ်ားဖြစ်သူ ဦးဘခင် ဆုံးပြီးကတည်းက စီးပွားကျသွားတော့၏။သိမ်ချောင်းရွာဟောင်း ကောင်းစားတုန်းက ဆိုရင် လယ်ပိုင်၊ ယာပိုင်၊ ကျွဲပိုင်၊ နွားပိုင်များဖြင့် အိမ်ကြီးရခိုင်ကြီးနှင့် နေနိုင်ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် တရင်ခေတ်တွင် ရွာမီးရှို့ခံရပြီး ပြောင်းကြ ရွှေ့ကြ ပြေးကြနှင့် ရွာပျက်ခဲ့ရပါသည်။ နောက်ပိုင်း ရွာပြန်တည်တော့ ယခင်လောက် မစည်ပင်တော့ပေ။ နဝဒေးရပ်ကွက်ကို သိမ်ချောင်းရွာမှ ပြောင်းရွှေ့နေထိုင်သောကြောင့် (သိမ်ချောင်းစု) ဟုလည်း ခေါ်ပါသည်။ စာရေးသူမိခင်ကြီး ပြောပြဖူးတာ ပြန်အမှတ်ရသေးသည်။

"မအေးမြိုင်ယောကျ်ား ကိုဘခင် ရှိစဉ်က အရှယ်ကောင်းတုန်းမှာ အလုပ်အရမ်းလုပ်တာ၊ ရိုးလဲရိုးသားတယ်၊ စပါးအရိတ်လဲ သိပ်ကောင်းတာ၊ ရွာမှာဆို စပါးရိတ်ပြိုင်ပွဲမှာ သူ့ကို ဘယ်သူမှ မမီဘူး၊ သူ့ဝံ့ နိုင်တယ်၊ သူ့ကို ကိုးချောင်းဘခင်လို့လဲ ခေါ်တယ်၊

မှတ်မိသေးတယ်၊ ကိုဘခင်က မအေးမြိုင်နဲ့ အိမ်ထောင်မကျသေးဘူး၊ အပျိုလူပျိုပဲရှိသေးတယ်၊ ရွာမှာ စပါးရိတ်ပြိုင်ပွဲ လုပ်မယ်ဆိုတော့ ဘေးရွာနီးချုပ်စပ်က လူငယ်တွေလဲ ဝင်ပြိုင်မယ်ပေါ့ ရွာထဲက အပျိုတွေကလဲ အားပေးမယ်ပေါ့၊ သိမ်ချောင်းရွာတစ်ဖက်ကမ်းက(ဘွတ်ပတန်)ရွာ ဇုတ်ကလိရွာက လူငယ်တွေလဲ စပါးရိတ်ကောင်းတယ်၊ သူတို့လဲ လာပြိုင်မယ်ပေါ့ အဲဒီနေ့က ပြိုင်ပွဲဝင်မယ့်သူတွေများတော့ (သုံး)ပွဲပြိုင်ဖို့ ရွာလူကြီးတွေက စီစဉ်ကြတယ် (ငန်းတိုက်ရိတ်ရန် စပါးခင်းကို ဝါးနှင့်လှန်ပေးရ၏)၊ ပထမပြိုင်ပွဲမှာ ကိုဘခင်၊ ကိုအေးမောင်၊ ကိုချစ်လှ၊ ကိုသာအေး၊ ကိုဘမြင့်တို့ ငါးဦးကို ဒိုင်လူကြီးက နာမည်ခေါ်ပြီး နေရာချပေးတယ်၊ ရွာခံလူတွေကတော့ ကိုဘခင်ပဲနိုင်မယ်လို့ ယူဆပြီး အားပေးဖို့ စောင့်နေကြတာပေါ့၊ မအေးမြိုင်အပါအဝင် အပျို တစ်သိုက်ကလဲ အားပေးဖို့ တာဆူနေကြတယ်လေ၊

ဒိုင်လူကြီးက ပြိုင်ပွဲစရန် အချက်ပေးလိုက်တာနဲ့တစ်ပြိုင်တည်း ကိုယ့်ငန်းကိုယ်ရိတ်ရမှာကိုး၊ ပြိုင်ပွဲဝင်မယ့်လူများကလဲ (ခါးတောင်းကို မြှောင်နေအောင်ကျိုက်ထားရ၏) စပါးရိတ်ရင်း မတော်တဆ လက်ကိုတံစဉ်ထိမှာလဲ ကြောက်ရသေးတယ်(ရိတ်မတတ်ရင် လက်ပြတ်သည်အထိ ဖြစ်တတ်၏)(ဒါကြောင့် စကားကြီးဆယ်ခွန်းထဲမှာ ကောက်ပင်ရိတ်လှီးစကားဆိုပြီး ဥပမာပေးထားကြောင်း စာရေးသူမှတ်သားဖူးပါသည်။ စပါးပင်ကို မိမိရရဆုပ်ကိုင်ပြီး တိခနဲနေအောင်ရိတ်မှ တံစဉ်ထိခြင်းဘေးမှ လွတ်မည်ဖြစ်သည်)

ကွင်းလယ်ထဲမှာ လူများစိတ်ဝင်စားနေချိန် ဒိုင်လူကြီးထံမှ (ပြိုင်ပွဲစ) ဆိုသောစကားသံလဲကြားရော ပြိုင်ပွဲဝင်သူတွေ စရိတ်ကြတော့တာပေါ့၊ ဘာပြောကောင်းမလဲ. . . ဘေးကပရိသတ်တွေကလဲ လက်ခုပ်တီးပြီး ကိုယ့်လူကို အားပေးပေါ့၊ ကြည့်လို့ ကောင်းမှကောင်း၊

ဒီတစ်ပွဲမှာ ကိုဘခင် (ပထမ)၊ ကိုသာအေး (ဒုတိယ)နဲ့ ကိုဘမြင့်နဲ့ ကိုအေးမောင် (တတိယ)နေရာ လုနေကြတယ်၊ နောက်ဆုံး ဒိုင်လူကြီးက ကိုအေးမောင်ရိတ်တာ (ငန်းလု) ရိတ်တယ်ဆိုပြီး ကိုဘမြင့်ကို (တတိယ)ပေးလိုက်တယ်၊

ဒုတိယပြိုင်ပွဲမှာ ကိုဘခင်ရယ်၊ ကိုသံချောင်းရယ် (ဘွတ်ပတန်)မှ ငတိရယ်၊ (ဇုတ်ကလိ)မှ ကိုဘမြင့်ရယ်၊ ကိုပေါက်ခေါ (ဘွတ်ပတန်)ရယ် ဝင်ပြိုင်ကြတယ်လေ၊ ပရိသတ်ကလဲ များတော့ အားပေးတဲ့လက်ခုပ်သံကလဲ ဆူညံနေတာပေါ့၊

ဒိုင်လူကြီး အချက်ပေးသံကြားတာနဲ့ စတင်ရိတ်တာကြည့်လို့ သိပ်ကောင်းတာပေါ့ စပါးပင်ကို ခြေနဲ့သိမ်း တံစဉ်ကို ယိမ်းနွဲ့ပြီး ပေါက်ရိတ်တာ လွှားခနဲလွှားခနဲနေတာပေါ့ ဒီပွဲမှာတော့ ဟိုဘက်ရွာ(ဘွတ်ပတန်)ကကိုသံချောင်း (ပထမ)ရသွားတယ်၊ ကိုဘခင်မှာတော့ တံစဉ်ပေါက်ပြီး လက်နာသွားလို့ (ဒုတိယ)ပဲရတယ်၊ (တတိယ)ကတော့ ကိုဘမြင့်ရတယ်၊

အဲဒီမှာ ရွာကအပျိုတွေမျက်နှာမလှတော့(ဘွတ်ပတန်)ရွာက အပျိုတွေ ခုန်ပေါက်ပြီး ပျော်တပြုံးပြုံးနဲ့အားပေးကြတာပေါ့။ မအေးမြိုင်လဲ မခံချင်စိတ်နဲ့ ကိုဘခင် ဒီတစ်ပွဲနွှဲလိုက်ဦး (ပထမ)ရရင် ရှင်တောင်းထားတဲ့အဖြေပေးမယ်လို့ မျက်စ,လေးအသာချီပြီး ပြောလိုက်တော့. . .

'တကယ်ပြောတာလား အေးမြိုင်၊ ငါနိုင်အောင်ရိတ်ပြမယ်၊ နင့်စကားအများသက်သေနော်' လို့ပြောပြီး အားတင်းပြီး တံစဉ်ထောင်ပြီး ဟန်ရေးပြနေတာပေါ့၊ နောက်ဆုံးပြိုင်ပွဲမှာ (ပထမ+ဒုတိယ) ရသူတွေပဲ ပြိုင်ရမယ်၊ ဒိုင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ကိုဘခင်၊



www.burmeseclassic.com

www.burmeseclassic.com

ကိုသာအေး၊ ကိုသံချောင်းတို့သုံးဦးသာ ပြိုင်ခဲ့တယ်၊

မအေးမြိုင်ကတော့ ကိုဘခင် ငန်းပေါက်တည့်တည့်နေရာ ပန်းအဝင်တွင် နေရာယူလိုက်တယ်၊ ဒိုင်လူကြီး အချက်ပေးသံကြားတာနဲ့ မနားတမ်း ရိတ်ကြတာပေါ့၊ မအေးမြိုင်ကလဲ လက်ခုပ်တီးပြီး . . .

'ကိုဘခင် . . . ကျွန်မဒီမှာ၊ ကြိုးစားထား . . .'

ပြိုင်ပွဲဝင်သူကလဲ အားကုန်ရိတ်ကြတာပေါ့၊ ဒါပေမဲ့ ပြိုင်ပွဲသုံးပွဲရှိသွားတော့ လက်က အရင်လောက်မသွက်တော့ ကိုဘခင်ကတော့ သူများနဲ့မတူ ဒီပွဲမှာအနိုင်ရမှဖြစ်မယ်၊ ဒါမှ အေးမြိုင်နဲ့နီးရမှာ၊ နေကလဲပူ ချွေးတွေကလဲ ထွက် အားတင်းထားပေမဲ့ မျက်လုံးပြာချင်လှပြီ၊ အားပေးနေတဲ့အေးမြိုင်ကလဲ . . . ကိုဘခင် ကြိုးစားထား၊ ကျွန်မ ဒီမှာ . . . တစာစာအော်ပြီး အားပေးတဲ့ အသံကိုလဲကြားရော တအားကျုံးရိတ်လိုက်တာ ဘယ်ဘက်လက်သန်းကလေး ပူခနဲဖြစ်သွားသလို နာကျင်တဲ့ ဝေဒနာလဲ ခံစားလိုက်ရတယ်၊ ဒါတွေကို ဂရုမစိုက်အား၊ အနိုင်ရဖို့က အရေးကြီးတယ်လေ၊ နောက်ဆုံး ကိုဘခင်အနိုင်ရသွားတယ်၊

'အေးမြိုင် နင် ကျေနပ်တယ် မဟုတ်လား၊ ငါ့ကိုအဖြေပေးတော့လေ'

'ရှင်ကလဲ . . . လူတွေကြားမှာ ရှက်စရာကြီး၊ နောက်မှနော် နောက်မှ' ပြောပြီး အံ့အားသင့်စွာဖြင့် ကိုဘခင် လက်ကိုကြည့်ပြီး . . .

'ဟင်၊ ကိုဘခင်လက်မှာ သွေးတွေနဲ့ ဘာဖြစ်သွားတာလဲ'

စောစောတုန်းက ဝမ်းသာလုံးဆို့နေလို့ သတိမထားမိပေမဲ့ မအေးမြိုင်ပြောမှ လက်ကိုသေချာစွာကြည့်မိရာ ဘယ်ဘက်လက်သန်း တံစဉ်ထိပြီး ပြတ်သွားကြောင်းသိရတော့သည်။

"ဟာ၊ ဟုတ်သားပဲ၊ ငါ့လက် တံစဉ်ပါသွားပြီ၊ စောစောက သွေးပူနေလို့ နာမှန်းမသိတာ အခုမှနာလိုက်တာကွာ"

ပြောပြောဆိုဆို ညည်းညူပြီး ဆေးဆရာကြီးဦးဩထံ ပြေးလေတော့သည်။ အဲဒီအချိန်ကစပြီး ကိုဘခင်ကို တချို့က (ကိုးချောင်းဘခင်)ဟု ချစ်စနိုး ခေါ်ကြကြောင်း မိခင်ကြီး ပြောပြဖူးသည်ကို ပြန်အမှတ်ရပါတော့သည်။

တကယ်တော့ တစ္ဆေ၊ သရဲ၊ ကဝေ၊ စုန်း၊ ဖုတ်၊ မှင်စာ၊ ဥစ္စာစောင့် စသည့် ပရလောကသားတွေမရှိဘူးလို့ မဆိုလိုပါ။ စာရေးသူကြုံဖူးကြားဖူးတဲ့ အဘိုးအဘွားတွေလည်း ရှိခဲ့ဖူးပါတယ်။ ဖုတ်ဝင်တယ်ဆိုပြီး ဆရာနှင့်ထုတ်တာ သေသွား၏။ တချို့က သိမ်မြေ အိပ်ရာအောက်ထည့်တာတို့ ဩဇာရွက်အိပ်ရာအောက်ထည့်တာတို့ လုပ်ကြကြောင်း ကြားဖူးပါသည်။ ဆရာနှင့်ထုတ်တဲ့နည်းကတော့ ဆေးတိုက်ပါ၏။

တချို့ဆရာများသည် အပြစ်ကို မကြောက်ဘဲ ငွေရရေးအတွက် လူ့အသက်တစ်ချောင်းကို ကြက်ငှက်ကလေးလောက်တောင် တန်ဖိုးမထားသတ်ပေးကြသည်။ ဆရာနှင့် ဖုတ်ထုတ်သောသူမှန်သမျှ ဆေးတိုက်ပြီးထုတ်တတ်ကြ၏(ဆရာတစ်ဦးဆိုလျှင် ဖုတ်ထုတ်တာ နာမည်ကြီး၏၊ သရဲ သဘက်များမွေးထားကြောင်း ထိုဆရာ၏အိမ်ခေါင်းရင်းတွင် ထန်းပင်တစ်ပင်ရှိ၏၊ ထိုပန်းပင်တွင် ထိုဆရာ မွေးထားသော အစိမ်းသရဲရှိကြောင်း သတင်းလွှင့်ထား၏)

"ဖေဖေ . . . ဘုရားဆွမ်းတော်ကပ်လို့ရပြီ"ဟု သမီးပြောသံကြားမှ သတိရပြီး အတွေးစပြတ်သွားတော့သည်။

စာရေးသူမိသားစု ဝတ်တစ်ခုလုပ်ထားသည်။ နံနက် ၁၀း၃၀ အချိန် ဘုရားနှင့်ရဟန္တာငါးရာအား ရည်စူးပြီး ဆွမ်းခဲဖွယ်များပြင်ဆင်ပြီး ဆက်ကပ်လှူဒါန်းပါသည်။ ဆွမ်းစားချိန် ပြီးလောက်သည့်အချိန်မှန်းပြီး ဆွမ်းပွဲသိမ်းပြီး မိသားစု နံနက်စာစားကြပါသည်။ နေ့စဉ် အာစိဏ္ဏကံကုသိုလ်အလှူ ပြုပါသည်။

စာရေးသူ ကျန်းမာရေးစစ်ဆေးရန် ရန်ကုန်ရောက်စဉ် ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ရင်း စာအုပ်ဆိုင် ခေတ္တဝင်ပြီး ရှာဖွေရာ(မေတ္တာရှင်)ရွှေပြည်သာဆရာတော်ရေးသားသော မဂ်တားဖိုလ်တားအန္တရာယ်များစာအုပ် ရခဲ့ပါသည်။

မဂ်ဖိုလ်မရနိုင်သည့်အကြောင်း တရား ငါးပါးကိုတွေ့ရပါသည်။ အဖေကိုသတ်တဲ့ကံ၊ အမေကိုသတ်တဲ့ကံ၊ ရဟန္တာကိုသတ်တဲ့ကံ၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်လုပ်တဲ့ကံ၊ သံဃာ သင်းခွဲတဲ့ကံလို့ခေါ်တဲ့ ပဉ္စာနန္တရိယကံ ငါးပါး တစ်ပါးပါးကို ကျူးလွန်မိရင် ဒီဘဝမှာ ဘယ်လိုပဲ တရားအားထုတ် အားထုတ် မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်တော့ကြောင်း ရေးသားထားပါသည်။ သေသည့်အခါ အဝီစိငရဲကို ဧကန်မုချ ရောက်ရမှာ ဖြစ်ကြောင်းနှင့် ဒီကံကြီး ငါးမျိုး တစ်မျိုးမျိုး လွန်ကျူးမိရင်တော့ ကုစားလို့မရနိုင်ကြောင်းလည်း ဖတ်ရပါသည်။

တစ်ဖန် အရွယ် ၁၀ ပါးတို့ ထပ်မံဖွင့်ဆိုထားပါသေးသည်။

* မွေးကင်းစကနေ ဆယ်နှစ်သား အရွယ်အထိ မန္ဒဒသကဟုခေါ်ပါသည်။ ဉာဏ်ပညာနုံ့နှေးတဲ့အရွယ်ဟုအဓိပ္ပာယ်ရ၏။
* ဆယ်နှစ်ကနေ နှစ်ဆယ်အရွယ်ထိ ခိဍ္ဍာဒသကဟုခေါ်ပါသည်။ မြူးတူး ပျော်ပါး ကစားတဲ့အရွယ်ဟုအဓိပ္ပာယ်ရ၏။
* နှစ်ဆယ်ကနေ သုံးဆယ်အရွယ်ထိ ဝဏ္ဏဒသကဟုခေါ်ပါသည်။ အဆင်းအလှဆုံးအရွယ်ဟု အဓိပ္ပာယ်ရ၏။
* သုံးဆယ်ကနေ လေးဆယ် အရွယ်ထိ ဗလဒသကဟုခေါ်ပါသည်။ အားခွန်ဗလ အကောင်းဆုံးအရွယ် အဓိပ္ပာယ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

- လေးဆယ်ကနေ ငါးဆယ်အရွယ်ထိ ဉာဏဒသကဟုခေါ်ပါသည်။ ဉာဏ်အကောင်းဆုံးအရွယ်ဟုအဓိပ္ပာယ်ရ၏။
- ငါးဆယ်ကနေ ခြောက်ဆယ်အရွယ်ထိ ဟာနိဒသကဟုခေါ်ပါသည်။ သွေးအားလေအား ဆုတ်ယုတ်စအရွယ်ဟု အဓိပ္ပာယ်ရ၏။
- ခြောက်ဆယ်ကနေ ခုနစ်ဆယ်အရွယ်ထိ ပဗ္ဘာရဒသကဟုခေါ်ပါသည်။ ခန္ဓာကိုယ်ကြီးဟာ ရှေ့ကိုကိုင်းလာ ယိုင်လာတဲ့အရွယ်ဟု အဓိပ္ပာယ်ရ၏။
- ခုနစ်ဆယ်ကနေ ရှစ်ဆယ်အရွယ်ထိ ဝင်္ကဒသက ဟုခေါ်ပါသည်။ ခန္ဓာကိုယ် ကုန်းလာတဲ့ အရွယ်ဟု အဓိပ္ပာယ်ရ၏။
- ရှစ်ဆယ်ကနေ ကိုးဆယ်အရွယ်ထိ မောမူဟဒသက ဟုခေါ်ပါသည်။ သတိမေ့လျော့တတ်သော အရွယ်ဟု အဓိပ္ပာယ်ရ၏။
- ကိုးဆယ်ကနေ တစ်ရာအရွယ်ထိ သယနဒသက ဟုခေါ်ပါသည်။ သွားနိုင်မလာနိုင်တော့ဘဲ အိပ်ရာထဲလဲနေတဲ့အရွယ်ဟု အဓိပ္ပာယ်ရ၏။

အထက်ပါအရွယ်တို့တွင် (မောမူဟဒသက)အရွယ်၊ ရှစ်ဆယ်ကနေ ကိုးဆယ်အရွယ်သည် သတိမေ့လျော့တတ်သောကြောင့် သားသမီးများ စေတနာပျက်သည့်အရွယ် ဖြစ်ပါသည်။

ထိုအရွယ်သည် မိမိကိုပြုစုကျွေးမွေးနေကြသည့် သားသမီး၊ မြေးတွေ စေတနာ ပျက်တတ်သည့်အရွယ် ဖြစ်ပါ၏။

အဘယ်ကြောင့်ဆိုသော် သားသမီးများက ထမင်းခူးခပ်ကျွေးမွေးပြီး သိမ်းဆည်းပြီးခါရှိသေး၊ အမေအဘွားများက ထမင်းစားပြီးသည်ကို မေ့လျော့ပြီး. . . "ထမင်း မကျွေးသေးဘူးလား ဟေ့. . . ဆာလှပြီ"ဟုပြောဆိုတတ်၏။

သားသမီး၊ မြေးများက. . .

"စောစောကပဲ (အမေ၊အဘွား) စားပြီးပြီလေ၊ ကျွေးပြီးပါပကော" ပြော. . . အေး ဟုတ်လား၊ စားပြီးရင်လဲ ပြီးရောပေါ့"ဟုပြောပြီး ကျေနပ်သွားတတ်၏။

တစ်ခါတစ်ရံ အိမ်ကိုဧည့်သည်လာသည့်အခါ. . .

"အဘိုး. . . ထမင်းစားပြီးပြီလား"ဟု မေးသည့်အခါ. . .

"မစားရသေးဘူး၊ အဘိုးကို ထမင်းကျွေးဖို့ မေ့နေကြထင်ပါရဲ့"ဟု ပြန်ဖြေတတ်၏။

ဒီတော့ စောစောကမှ ထမင်းကျွေးထားကြတဲ့ သားသမီးမြေးတွေမှာ

"ငါတို့ကို လူရှေ့ သူရှေ့မှာ အရှက်ခွဲတာပဲ" ဟု အထင်မှတ်ပြီး စေတနာပျက်ကုန်ကြ၏။

နောင်ကိုလည်း ကောင်းကောင်း မကျွေးချင်ကြတော့ပေ။ သားသမီးမြေးများကလည်း အမေ၊ အဖေ၊ အဘိုး၊ အဘွားများကို နားလည်ပေးကြပါ။

"ငါတို့ကို အရှက်ရဖို့၊ သိက္ခာချဖို့ လုပ်ကြံပြောတာမဟုတ်ဘူး၊ ဒီအရွယ်ဟာ သတိမေ့တတ်တဲ့ အရွယ်ပါပဲ၊ ဒါကြောင့် တကယ်မေ့လို့ပြောရှာတာပါ၊ ငါတို့လဲ ဒီအရွယ်ရောက်ရင် ဒီလိုဖြစ်ဦးမှာပဲ"ဆိုပြီး ကိုယ်ချင်းစာကြပါ။ အခုခေတ် သက်တမ်းတိုတဲ့အတွက် ခုနစ်ဆယ်ကျော်ရင်ပဲ မေ့တတ်ကုန်ကြပြီ။

အရွယ်ဆယ်ပါး နောက်ဆုံးအရွယ် (သယနဒသကအရွယ်) မသွားနိုင်မလာနိုင်တော့ဘဲ အိပ်ရာထဲလဲနေတဲ့ ကိုးဆယ်မှတစ်ရာအရွယ် သားသမီးများက သေစေချင်သည့်အရွယ်ဖြစ်ပါတော့သည်။ နောက်ဆုံးအရွယ်သည် ကျွေးမွေးပြုစုစောင့်ရှောက်ထားသည့် သားသမီးများမှ စေတနာပျက်ရုံတင်မက မြန်မြန်သေစေချင်တဲ့အရွယ် ဖြစ်၏။

ကိုယ့်အညစ်အကြေးကို တောင် ကိုယ်ကိုယ်တိုင် ထမစွန့်နိုင်တဲ့အရွယ်ဆိုတော့ ပြုစုတဲ့သူမှာ ရွံတတ်လျှင် ပိုဒုက္ခရောက်တတ်၏။ တချို့ အဖေ၊ အမေ၊ အဘိုး၊ အဘွားများတို့သည် အသက်ကြီးလာပေမယ့် ဝမ်းမီးအားကောင်းတုန်းဖြစ်၏။ ထို့ကြောင့် အိပ်ရာထဲ မထနိုင်ဘဲ လဲနေပေမယ့် ကောင်းကောင်းစားနိုင်သည်ကိုပင် တချို့သားသမီးများက ဖုတ်ဝင်နေတယ်၊ လူစားတာမဟုတ်ဘူး၊ ဖုတ်က စားနေတာဟု ထင်မြင်ကုန်၏။

ထို့အပြင် ရှေးလူကြီးများသည် အရှက်အကြောက်ကြီးကြ၏။ လူတစ်ဖက်သား နစ်နာမှုဖြစ်မှာကို ကြောက်ကြ၏။ (နင်ပဲခဆ) ပြောရမှာရှက်ကြ၏။ ဝမ်းမီးအားကောင်းသဖြင့် ကျွေးတာနည်းသည့်အခါ ညသန်းခေါင်အချိန်မှာ မနေနိုင် မထိုင်နိုင်အောင် ဆာလောင်တတ်၏။ လူကြီးဆိုတော့. . .

"မင်းကျွေးတာ မဝသေးဘူး၊ နည်းတယ်၊ ထပ်ယူခဲ့ဦး" ဟုပြောရမှာရှက်၏။

မျှားသောအားဖြင့် အစားအသောက်နှင့်ပတ်သက်ပြီး ပြောရမှာ သိပ်ရှက်စရာကောင်းကြောင်း ကိုယ်တွေ့အဖေအို၊ အမေအို၊ အဘိုးအဘွားဖြစ်တဲ့အခါ သိလာပါလိမ့်မည်။ သားသမီးများအိပ်ပျော်နေတဲ့အချိန် သန်းခေါင်အခါမဲ့မှာ သားသမီးများကိုလည်း ဒုက္ခမပေးချင်။ ဒါပေမဲ့ ဝမ်းဗိုက်ကလည်း တအားဆာလာသောကြောင့် အရင်ကလမ်းမလျှောက်နိုင်တဲ့ အဖေအို၊ အမေအို၊ အဘိုးအဘွားများဟာ အစားဇောကြောင့် စားစရာ ထည့်ထားသောကြောင်အိမ်ရှိရာသို့ ရောက်အောင် အားတင်းကုန်းထပြီး သွားတတ်၏။

သားသမီးများ အိပ်ရေးပျက်မှာ စိုးရိမ်ပြီး အော်ဟစ်မနှိုးရက်ဘူး။ သားသမီးတွေအပေါ်ထားတဲ့ မိဘ၊ အဘိုးအဘွားများရဲ့စေတနာဟာ လောလောဆယ်တော့ မိဘ၊ အဘိုးအဘွားတွေကို ဖုတ်ဝင်နေပြီဟု ယုံကြည်စေတဲ့အချက်တစ်ချက်ဖြစ်သွား၏။ ဘယ်လောက်သနားစရာ ကောင်းလိုက်သလဲ။

စားစရာထားသော ကြောင်အိမ်တံခါးကို အားတင်းပြီးဖွင့်လျက် တွေ့သောအစားအစာများကိုစားတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

ရောဂါ ဝမ်းမီးတောက်လောင်သည့် ဆာလောင်မွတ်သိပ်သည့်ဒဏ်တွေ ဖိစီးနေသောကြောင့် ကြောင်အိမ်ကိုအားယူပြီး မနည်းရပ်နေရ၏။ ကူညီဖေးမမည့်သူ တစ်ဦးဦးကိုတွေ့လိုက်ရင် ချက်ချင်းလဲကျသွားမှာ သေချာလှသည်။

ဒီလိုချိန်ခါမျိုးမှာ အဖေ၊ အမေ၊ အဘိုး၊ အဘွားတွေအပေါ် ယုံမှားသံသယရှိနေသည့် သားသမီး မြေးတစ်ဦးဦးမှ အသံကြားသောကြောင့် နိုးလာပြီး ကြောင်အိမ်ဖွင့်လျက် အသားဟင်းများ စားသောက်သည်ကို မြင်တွေ့သောအခါ . . .

"ငါတို့မသိအောင် ညသန်းခေါင်အချိန်မှာ ထပြီးခိုးစားတာ ရိုးရိုးမဖြစ်နိုင်ဘူး၊ ဖုတ်ဝင်နေတာပဲဖြစ်မယ်"ဟု ထင်မြင်ကြကုန်၏။

"အမေ၊ အဘွား ဘာလုပ်နေတာလဲ" ဟု မေးလိုက်တာနှင့် သားသမီးမြေးအသံ ကြားလိုက်ရတဲ့ အဘွား၊ အမေသည် အားတင်းထားသောစိတ်ကို လျှော့ချလိုက်သောအခါ လဲကျသွားတော့၏။ တကယ်တော့ ငါ့ကိုဖေးမကူညီမယ့်သူရောက်လာပြီဆိုတဲ့ အားကိုးစိတ်ဖြင့် မွဲနေတဲ့မျက်လုံးကို အားယူပြီး မည်သူမည်ဝါလည်း ကွဲပြားသိရန် ကြည့်သောအကြည့်ကို သားသမီး၊ မြေးများက မျက်လုံးပြူးပြီး ကြည့်တယ်ဟု ထင်မြင်ပြန်၏။

တွဲထူပေးရန် အကူအညီလိုသောကြောင့် လက်ကမ်းပေးပြန်တော့ ထူပေးသည့်လက်ကို ကျေးဇူးတင်သဖြင့် အားတင်းကိုင်တွယ်ထားတတ်၏။ ဒါကို "လူသွေးစုပ်တဲ့ ဖုတ်ဝင်နေတယ်၊ လက်ကိုကိုင်ပြီး မလွှတ်တော့ဘူး"ဟု ထင်မြင်ပြန်၏။ ထိုထိုသော ထင်မြင်ချက်များဖြင့် သားသမီးများမှ တွေ့ရာဆရာနှင့် အမေ၊ အဖေအိုများကိုဖုတ်ဝင်နေသည် အထင်မှားဖြင့်ဖုတ်ထုတ်ကြတော့သည်။

သတ္တဝါတိုင်း တစ်သက်တစ်ခါ သေကြရမည်မှာ မလွဲဧကန်ဖြစ်၏။ သို့သော် သေခြင်းတရားမှာ အမျိုးမျိုးရှိပါ၏။ အနာမျိုး ၉၆ ပါးဖြင့်သေလွန်ခြင်း၊ တစ်ပါးသူ၏လုံ့လပယောဂနှင့် ဓားလှံလက်နက်သော်လည်းကောင်း၊ မီးဘေးရေဘေး မင်းပြစ် မင်းဒဏ်သင့်ပြီး သေခြင်းစသည့်သေလွန်ခြင်းများ ရှိကြပါသည်။

အနာမျိုး ၉၆ ပါးဖြင့် သေလွန်ခြင်းမျိုးမဟုတ်ဘဲ ဘေးဒဏ်သင့်ပြီး တစ်ပါးသူ၏လုံ့လပယောဂဖြင့် သေခြင်းကို ဥပစ္ဆေဒကကံဖြင့်သေခြင်း (တစ်နည်း)သေခြင်းဆိုးဖြင့်သေခြင်းဟု မှတ်သားဖူးပါသည်။ မည်သို့ပင်ဆိုစေ ဒေါ်အေးမြိုင်တစ်ယောက် အနာမျိုး ၉၆ ပါးရောဂါနှင့် သေခြင်းသာဖြစ်ပါစေ။ သို့မဟုတ် ဖုတ်ဝင်နေသည် အထင်ဖြင့် ဆရာနှင့် ဖုတ်ထုတ်ပါက ဥပစ္ဆေဒကကံဖြင့်သေရမည်မှာ အမှန်ပင်ဖြစ်၏။

သားသမီးများကလည်း အတွေးအမြင်မှားပြီး မိမိလုံ့လပယောဂ မကင်းတဲ့ ဆရာနှင့် ဖုတ်ထုတ်ခိုင်းပါက (ပဉ္စာနန္တရိယကံ)ထိုက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့်ဝေးသူ(သို့မဟုတ်) ဒီဘဝတွင် ဘယ်လောက်ပင် ဝိပဿနာတရားကို ကြိုးစားပြီး အားထုတ်သော်လည်း မဂ်တား ဖိုလ်တားဖြစ်ပြီး သေသည့်အခါ (အဝီစိ)ငရဲ၌ ခံရမည်မှာ မလွဲဧကန်ဖြစ်ပါတော့သည်။

ဒါကြောင့် အထက်ပါဖြစ်စဉ်ကို စံနမူနာထားပြီး မဂ်တားဖိုလ်တားကိစ္စမျိုးကို အမှတ်တမဲ့မှ အမှတ်တရအဖြစ်သို့ မပြုသင့်ကြောင်း တင်ပြလိုက်ရပါတော့သတည်း။

လူသားအားလုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဖြင့် ရလွယ်ရောက်လွယ် မျက်မှောက်ပြုလွယ်နိုင်ကြပါစေသော်။

❒ နိုင်မြင့်ဆွေ(တောင်စွန်း)

အခန်း(၁)

သီဟိုဠ်ကျွန်း ပါဋလိပုတ်မြို့တော်။

ပါဋလိပုတ်မြို့တွင်းတွင် ခြောက်ကျိပ်မျှသော ရဟန်းတော်တို့သည် မာန်ငါးပါးကိုအောင်မြင်ရာ မဟာဗောဓိပင်ကို ရှိခိုးရန် သွားကြပါသည်။ မောင်သောကသည် ကူလီထမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုပါသည်။ မောင်သောကတို့ ဇနီးမောင်နှံသည် ဆင်းရဲနွမ်းပါးကြသည်။ မောင်သောကတို့ဇနီးမောင်နှံ၌ ပုတ္တ ဟူသော သားလေးတစ်ဦး ရှိပါသည်။

ပါဋလိပုတ်မြို့တော်တွင် နေထိုင်သူများသည် ရဟန်းတော်များကို ကြည်နူးသဒ္ဓါပြည့်လျှံစွာဖြင့် ဆွမ်း၊ ဆွမ်းဟင်းများ ကပ်လှူကြပါသည်။ ထိုသို့ ကပ်လှူသူများ အထဲတွင် မောင်သောကတို့ လင်မယားမပါဝင်နိုင်ပါ။ မောင်သောကတို့ ဇနီးမောင်နှံ၏စိတ်တွင် ဝမ်းနည်းကြေကွဲရသည်။

"ရှင်မရယ် ပါဋလိပုတ် တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်နဲ့ သံဃာတော်တွေကို ဆွမ်း၊ ဆွမ်းဟင်းတွေ ကပ်နေကြတာ ဝမ်းသာပီတိဖြစ်စရာပါပဲ"

"ဟုတ်ပါတယ် မောင်ကြီးရယ်၊ ဒါပေမဲ့ အဲဒီ ဆွမ်းကပ်သူတွေထဲမှာ ကျွန်မတို့ လင်မယား မပါဝင်နိုင်တာတော့ စိတ်မကောင်းစရာဘဲ"

"ဟုတ်တယ် ရှင်မရယ်၊ ငါလဲ အဲဒါကိုပဲ စိတ်မကောင်းဖြစ်နေတာ"

"ဟုတ်တယ် မောင်ကြီးရယ်၊ ကျွန်မတို့မှာလဲ လှူဖွယ်ဝတ္ထုပစ္စည်းဆိုလို့ ဘာမှမရှိတော့ စိတ်မကောင်းဖြစ်မိတယ်"

မောင်သောကက ပြောသည်။

"တစ်ခုတော့လှူဖွယ်ရှိတယ်၊ ငါတို့ရဲ့သားလေးမောင်ပုတ္တပဲ၊သား



www.burmeseclassic.com

www.burmeseclassic.com

သတ်လိုက်ရင် ချက်စရာဟင်းတစ်မည် ဒါပေမဲ့ သားလေးရဲ့ ဟင်းလျာထဲ ည့်ဖို့ ဆီ ငရုတ် ကြက်သွန်ကအစ တို့အိမ်မှာ ဘာမှမရှိပါလား"

မယ်ဒုက္ခသည် ပြေးလွှားဆော့ စားနေသည့် နှစ်နှစ်အရွယ် သားလေး လှမ်းကြည့်ရင်း ယောက်ျားကို ပြော ပါသည်။

"ဒီအတွက်မပူပါနဲ့ မောင်ကြီး၊ ားကိုသတ်ပြီးရင် ကိစ္စပြီးပါပြီ၊ ကျွန်မ ရဲ့သားလေး သေတဲ့အကြောင်း ဖိတ် ကပြုလိုက်ရင် ရပ်ဆွေရပ်မျိုးတွေ ပြီးထောက်ပံ့ကြလိမ့်မယ်"

"ကောင်းလိုက်တဲ့အကြံ ရှင်မ ယ်၊ အဲဒီတော့ ယခုပဲ သားလေးကို င်မ သတ်ပါတော့"

မယ်ဒုက္ခသည် သားလေးကို ခေါ်သည်။

"သားရေ မောင်ပုတ္တ. . . နို့စို့ ယ်နော်"

မိခင်၏ရင်မှ နို့ရည်ကိုမြင်သော သားလေးမှာ မယ်ဒုက္ခထံ အပြေး အလွှားရောက်လာကာ မိခင်ရင်ခွင်ထဲ ဝင်လာပါသည်။

"ကဲ ရှင်မရေ. . . သားလေး နို့စို့နေတုန်း တစ်ခါတည်း လည်မျိုကို ညှစ်ပြီးသတ်လိုက်ပါတော့"

မယ်ဒုက္ခသည် မိမိရင်ခွင်ထဲ ငုံ့ ကြည့်သည်။ နို့ချိုကို ငုံ့ခံ၍အားရပါးရ စို့နေသောသားလေး မောင်ပုတ္တသည် လက်တစ်ဖက်မှ ကျန်နို့တစ်ဖက်ကိုကိုင် ၍ ဆော့ကစားနေသည်။

"ချစ်စရာကောင်းတဲ့ သားလေး ရယ် . . . ဒါပေမဲ့ မတတ်နိုင်ပါဘူး၊ သားလေးသေပြီးမှ ငါတို့ဆွမ်းကပ်ဖို့ အသပြာရမှာ"

မယ်ဒုက္ခသည် သားလေး၏ လည်မျိုကို ကိုင်ညှစ်လိုက်ရာ နာကျင်လှ သဖြင့် သားလေးမောင်ပုတ္တသည် အော် ဟစ် ငိုကြွေးလိုက်ရာ မယ်ဒုက္ခမှာ လည်ပင်းကိုဆက်၍မညှစ်ရက်ဘဲ လွှတ် ပေးလိုက်သည်။

"ကြော် . . . သားသမီးဒုက္ခ တယ်ကြီးပါလား၊ သားလေးနာလို့ငိုတာ နဲ့ပဲ ငါဆက်ပြီးမညှစ်ရက်တော့ပါဘူး၊ သားလေးကို ငါမသတ်ရက်တော့ပါဘူး"

မယ်ဒုက္ခသည် သားလေး၏ လည်ပင်းကိုလွှတ်ပေးလိုက်သည်။ နာ ကျင်မှုကင်းသွားသော သားလေး မောင် ပုတ္တသည် နို့ချိုငုံခဲရင်း အိပ်ပျော်သွား ပြန်ပါသည်။ မယ်ဒုက္ခသည် ချစ်စဖွယ် သားလေးကိုငုံ့ကြည့်ရင်း စိတ်အားတင်း ရပြန်သည်။

"အင်း. . . မဖြစ်သေးပါဘူး၊ ဒီကလေးကိုသတ်ပြီးမှ ငါတို့အတွက် လို အပ်တဲ့ငွေကြေးရမှာ၊ ဒီတော့ သတ်မှ ဖြစ်မှာပါ"

မယ်ဒုက္ခသည် သားလေး၏ လည်ပင်းကိုညှစ်ပြန်ရာ သားလေးမှာ နာကျင်လွန်းသဖြင့် ငိုရာ မယ်ဒုက္ခမှာ ဆက်၍မညှစ်ရက်တော့ဘဲ လွှတ်ပေး လိုက်ပြန်ပါသည်။



## သဒ္ဓါထက်၍ ပတ္တမြားအဆက်ခံရသူ

မောင်ချစ်ညို(ပဲခူး)

www.burmeseclassic.com

မယ်ဒုက္ခသည် ခင်ပွန်းအား ပြောပါသည်။

"မောင်ကြီးရယ် ကျွန်မတော့ သားလေးကို ဘယ်လိုမှမသတ်ရက်ဘူး၊ မောင်ကြီးသာ သတ်ပါတော့"

မယ်ဒုက္ခသည် ကလေးကို ခင်ပွန်း မောင်သောက၏ လက်သို့ ပြောင်းပေးလိုက်ပါသည်။

"မောင်ကြီးရယ် ... နှမဟာ သားကို ကိုးလလွယ်ပြီး ဆယ်လမွေးခဲ့ရတဲ့ မအေပါ၊ ကိုယ့်ရင်ကဖြစ်တဲ့ ရင်သွေးလေးကို နှမ ဘယ်လိုမှ သတ်ဖို့မဖြစ်နိုင်တဲ့အတွက် မောင်ကြီးသာ ဒီအမှုကို ဆောင်ရွက်ပါတော့"

"ကောင်းပြီ နှမ"

မောင်သောကသည် သားလေးကိုပွေ့ချီလိုက်ပါသည်။ အပြစ်မဲ့သော ချစ်စဖွယ်သားလေးက နို့ချိုဝသွားသဖြင့် နှစ်ခြိုက်စွာအိပ်ပျော်ရင်း မောင်သောကရင်ခွင်ထဲသို့ ပါလာသည်။

မောင်သောက၏ စိတ်တွင် ဖခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာစိတ်သည် အပြည့်အဝပေါ်ပေါက်လာသည်။

"အို၊ ငါ့သွေး... ငါ့သားလေး ချစ်စရာလေး၊ ဒါပေမဲ့ သားလေးကို သတ်လို့ အသုဘကို အကြောင်းပြုပြီး ရတဲ့ငွေနဲ့ သံဃာတော်တွေ ဆွမ်းကပ်ရမှာဆိုတော့ မသတ်ရက်ပေမယ့် သတ်မှ ဖြစ်မှာပါလေ"

မောင်သောကသည် သားလေး၏လည်မျိုကို လက်ဖြင့်ညှစ်လိုက်ရာ ကလေးမှာ နာကျင်လှသဖြင့် မျက်ရည်ကျငိုယိုပါသည်။ မောင်သောကသည် သားလေးအား ချစ်သောဇောဖြင့် ဆက်လက်၍ မညှစ်ရက်ဘဲ လွှတ်ပေးလိုက်ပါသည်။

"သားလေး.. မောင်ပုတ္တရယ်၊ သနားစရာ ကောင်းလိုက်ပါဘိ၊ ဘာပဲဖြစ်ဖြစ် ငါ့သားလေးဟာ ငါတို့ရဲ့ ကောင်းမှု ဆိုးမှုခံရမယ့် ကလေး၊ ငါ မသတ်ရက်တော့ပါဘူး"

မောင်သောကသည် နောက်ကျောခိုင်းကာ ငိုရှိုက်နေသောဇနီး မယ်ဒုက္ခကို ပြောပါသည်။

"နှမ... ငါ့ရဲ့သားလေးကို ငါ့လက်နဲ့ ဘယ်လိုမှမသတ်ဝံ့ဘူးနှမရယ်"

မယ်ဒုက္ခကလည်း ငိုရှိုက်ရင်း-

"မောင်ကြီးရယ်... သားကို သတ်မယ့်အစား ကျွန်မကိုသာသတ်ပြီး သံဃာတော်တွေကို ဆွမ်းလောင်းလှူပါတော့"

မောင်သောကက ဇနီးကို ပွေ့ဖိုက် မျက်ရည်သုတ်ပေးရင်း ပြောပါသည်။

"အို၊ မပြောကောင်းတာ ညီမရယ်၊ သားကို ၅၂၈ သွယ်နဲ့ ချစ်တာ၊ နှမကို ၁၅၀၀ မေတ္တာနဲ့ချစ်တာ၊ နှမကို ပိုပါတယ်၊ ပြီးတော့ လင်ရယ်မယားရယ်လို့ဖြစ်လာရင် သားသမီးဆိုတာ မလွဲမသွေ ရနိုင်တာပဲ"

"ဒါဆိုလဲ ကြံစမ်းပါဦးမောင်ကြီးရယ်"

မောင်သောကက ပြောပါသည်။

"နှမရေ ငါတို့အိမ်ရဲ့ အနောက်ဘက်မှာ နဂါးမင်းနေတဲ့ တောင်ပို့ကြီးရှိတယ်၊ သားလေးကို အဲဒီတောင်ပို့နား သွားကစားခိုင်းပြီး တောင်ပို့ထဲ လက်နှိုက်အောင် ဥပါယ်တံမျဉ်နဲ့ လုပ်ရင်ကောင်းမယ်၊ အဲဒါဆို ငါတို့လက်နဲ့ မသတ်ရဘဲ သားလေးသေမယ်၊ သားလေးသေရင် ငါတို့ရဲ့ဆွမ်းကပ်ချင်တဲ့ ဆန္ဒတွေပြည့်စုံမယ်"

"မောင်ကြီးရဲ့အကြံဉာဏ်စိတ်ကူး ကောင်းလိုက်ပါဘိ... မောင်ကြီးရယ်"

မောင်သောကနှင့် မယ်ဒုက္ခတို့သည် သားလေးကို တောင်ပို့အနီးတွင် ဆော့ကစားရန် စေလွှတ်ပါသည်။

"သားလေး... ဒီနားမှာ ကစားဦး၊ ဒီဒိုးလုံးလေးလှိမ့်ကစားနော်၊ မေမေ သားလေးစားဖို့ ချက်ပြုတ်လိုက်ဦးမယ်"

နှစ်နှစ်အရွယ် လူမမည်လေး မောင်ပုတ္တသည် ဒိုးလုံးလေးကိုပစ်၍ တောင်ပို့အနီးတွင် ဆော့ကစားနေ သည်။ မောင်သောကတို့ လင်မယား သည် တဲနံရံအကွယ်မှ ချောင်းကြည့်နေ ပါသည်။ တစ်ကြိမ်တွင် မောင်ပုတ္တ ပစ်လိုက်သော ဒိုးလုံးလေးသည် န မင်းနေသော တွင်းထဲသို့ ကျသွား နဂါးမင်း၏ဦးခေါင်းကို ထိသွားပါသည်။

နဂါးမင်းသည် ဒေါသအမျက် ချောင်းချောင်းထွက်လျက် တောင် အတွင်းမှ ထွက်လာပါသည်။ လူမ ကလေးအရွယ် မောင်ပုတ္တသည် န မင်းအား ကြောက်လန့်ရကောင်းမှန်း မသိဘဲ နဂါးမင်းလည်ပင်းကိုကိုင်ထား ပါသည်။

နဂါးမင်းသည် ချစ်စဖွယ် မော ပုတ္တလေးကို မြင်သောအခါ စိတ်ထ ချစ်ခြင်းမေတ္တာဖြစ်ပေါ်သဖြင့် မကိုက် ရက်ဘဲ တွင်းအတွင်းမှ လိုတရပတ္တမြား တစ်လုံးကို မောင်ပုတ္တ၏လက်သို့ ပေး သည်။

မောင်ပုတ္တသည် ပတ္တမြားလုံး ဒိုးလုံးအမှတ်ဖြင့် ဆော့ကစားနေ သည်။ မောင်သောကတို့ လင်မယား သည် သားလေးနှင့်နဂါးမင်း၏အဖြစ် ချောင်းကြည့်နေရာ တဲအကွယ်မှ ထွက် လာပါသည်။ မယ်ဒုက္ခသည် သားလေး ထံမှ ပတ္တမြားလုံးကို ချော့မြှူ၍ တောင်း ပါသည်။

"သားကို မုန့်ကျွေးမယ်၊ သား လက်ကဟာ မေမေ့ကို ပေးနော်"

လိုတရပတ္တမြားလုံး၏ အစွမ်း ဖြင့် မောင်သောကနှင့်မယ်ဒုက္ခတို့ မယားသည် ချမ်းသာသုခ မှန်သမျှ ပြည့်စုံသွားပါသည်။

ဆန္ဒရှိသည့်အတိုင်း ရဟ သံဃာများကိုလည်း ပင့်ဖိတ်၍ ဆွ ကပ်လှူခွင့် ရရှိသွားပါတော့သတည်း။

❒ မောင်ချစ်ဆွေ

မှီငြမ်း

ဘဒ္ဒန္တသီလက္ခန္ဓ ရေးသား သာခုကာရီကျမ်းကို မှီငြမ်းပါသည်။





www.burmeseclassic.com

www.burmeseclassic.com




ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မိုးငါးအင့် ကင်းစင်နေသော လမင်းကြီးသည် ကောင်းကင်ယံ၌ ကြယ်ပေါင်းနှင့်လျက် ထွန်းလင်းတောက်ပ၍နေလေသည်။ ငွေဇာခြည်ပဝါပါးကို သတ္တလောကကြီးအား ဖြန့်ခြုံပေးထားသယောင်။ ငွေလရောင်အောက်တွင် သစ်ပင်ပန်းမန်တို့သည် ရွှေရည်သောက်ထို့၍ လေပြည်အလူးမှာ ဘယ်ယိမ်းညာနှဲ့ လူ့ပ်ခါနေသည်။ ညဥ့်ဦးလေပြည်က သယ်ဆောင်လာသော ဆိတ်ဖလူးပန်းနံ့ ညမွှေးပန်းနံ့တို့ကား လှိုင်နေဆဲ။ ပန်းရနံ့များထုံသင်းနေသော ညဥ့်ဦးလေပြည်ကား စိတ်ကိုလန်းဆန်းစေသည်။ နှလုံးသားကို အေးမြကြည်လင်စေသည်။

ကြည်နူးလန်းဆန်းမှုကို ဖြစ်ပေါ်စေသည်။ ညဥ့်ငှက်ကလေးများ အော်မြည်သံတို့သည် နားဝင်ပီယံရှိလှသည်။ ပုဇဉ်းရင်ကွဲ၊ တောက်တဲ့အော်မြည်သံတို့သည် ခံယူတတ်သူအဖို့ ညအလှ၏အရသာတစ်မျိုးဖြစ်သည်။ ရံခါအစာရှာထွက်ကြသော ဇီးကွက်တို့၏ အော်သံကား အလှသဘာဝကို ပေါ်လွင်စေ၏။ ညဥ့်ငှက်တို့ ပျော်ရာမြူးရာ အစာရှာရာ အချိန်ပေပဲကိုး။

ကျွန်တော်တို့ မိသားစုလည်း လရောင်ဖြာဆင်းလျက်ရှိသော အိမ်ရှေ့ကွပ်ပျစ်၌ဝိုင်းထိုင်နေကြသည်။ မိသားစုအလယ်တွင်ကား လက်ဖက်ခြောက်ခါးခါးခတ်ထားသော အကြမ်း (မြေကရားအိုး) ရေနွေးပန်းကန်ဖွေးဖွေးကလေး၊ ငါးလုံး။ ထန်းလျက်ခဲ၊ မြေပဲယိုများလည်း ပန်းကန်ပြားကလေးများနှင့် လင်ဗန်းတစ်ချပ်။ ရှေးဟောင်းနှောင်းဖြစ် ပြောကြဆိုကြရင်း စကားဝိုင်းက အရှိန်ရစည် လာလေပြီ။ လရောင်က သာဆဲ၊ ကျေး ငှက်သံတို့ကလည်း အော်မြည်ဆဲ။ ကျွန်တော်တို့ စကားဝိုင်းကလေးကလည်း ညံမစဲ။ ဩော် . . . လသာတဲ့ည၏ သဘာဝအလှပေပဲကိုး။

အဲဒီအချိန် ကျွန်တော်ဖတ်ခဲ့ဖူးတဲ့ မဃဒေဝလင်္ကာမှစာသားတချို့အား အဖေ့ကို မေးရလေတော့သည်။ ဖတ်ခဲ့မှတ်ခဲ့သည်ကား မှန်ပါသည်။ မည်သို့





www.burmeseclassic.com

www.burmeseclassic.com

သောအကြောင်းကို ရည်ညွှန်း၍ ဖွဲ့ဆိုထားသည်ကို ကျွန်တော်မသိ။ ထို့ကြောင့် ဤမိသားစုစကားဝိုင်းတွင် မေးရခြင်း ဖြစ်လေတော့သည်။

"ဖေဖေ. . . မယဒေဝလင်္ကာမှာ လောကဝမ္မတာ လူတစ်ထွာလျှင် နောင်ခါထို့တူ မွေးစိမ့်ဟူ၍ မှတ်ယူသောအား သမီးသားကို ဝတ်စားဆင်ယင် သုတ်သင်လုပ်ကျွေး ပြုစုမွေးက ကြွေးသစ်ချသည့် သဘောမည်၏လို့ ဆိုထားပါတယ်၊ ပြီးတော့. . .

ရှင်ကြည်အထူး မွေးခဲ့ဖူးသည် ကျေးဇူးသခင် မွေးမိခင်နှင့် ဖခင်တို့အား ခစားမကင်း လုပ်ကျွေးခြင်းမှ မယွင်း ပညတ် ကြွေးဟောင်းဆပ်တည်းတဲ့၊ တစ်ရပ်ထိုမှ သမဏပြဟ္မဏ ယာစကအား သဒ္ဓါကြည်ဖြူ ပေးလှူသည်မှာ သံသရာဝယ် လိုရာမညီး သုံးရန်မျိုးဖြင့် ရွှေအိုးမြှုပ်သည်၊ သဘောမည်၏လို့ ဖွဲ့ဆိုထားတာတွေတယ် အဖေ၊ အဲဒီမှာ ကြွေးသစ်ချ ကြွေးဟောင်းဆပ် ရွှေအိုးမြှုပ် ဆိုတာတွေ သိပ်နားမလည်လို့ ဖေဖေရှင်းပြပေးပါ"

ကျွန်တော့်အမေးစကားအဆုံး အဖေသောက်လက်စရေနွေးကြမ်းပန်းကန်ချပြီး ချောင်းတစ်ချက်ဟန့်လိုက်သည်။

"အင်း. . ဒီလိုသားရဲ့၊ မယဒေဝလင်္ကာကိုရေးတဲ့ ဆရာတော်ကြီးက မြတ်စွာဘုရားဟောတော်မူတဲ့ ပဂိဏ္ဍကကနိပါတ် သာလိကေဒါရဇာတ်တော်ကို အခြေခံပြီး ရေးဖွဲ့ထားတာပဲကွဲ့၊ အဲဒီဇာတ်တော်ထဲမှာ ဘုရားလောင်းကေဒါရကျေးမင်းပြောတဲ့ စကားသုံးခွန်းကိုယူပြီး ရေးဖွဲ့ထားတာပဲ. . .

ဖေဖေတို့ ကိုးကွယ်ရာဖြစ်တဲ့ ဂေါတမမြတ်စွာဘုရားဟာ ပါရမီနုစဉ်ကာလတုန်းက ကျေးသားဘဝမှာဖြစ်ခဲ့သေးတာကိုး၊ အဲဒီအချိန် ရာဇဂြိုဟ်တိုင်းပြည်မှာ မဂဓမင်းကြီးက မင်းပြုနေချိန် အဲဒီမြို့ရဲ့ အရှေ့မြောက်ထောင့်အရပ်မှာ သာလိဒ္ဒိယလို့ခေါ်တဲ့ ပုဏ္ဏားတွေနေတဲ့ ရွာကြီးတစ်ရွာရှိတယ်၊ အဲဒီရွာမှာ ကောသိယဂေါတ္တလို့ခေါ်တဲ့ ပုဏ္ဏားကြီးဟာ လယ်ဇကတစ်ထောင်လောက်ကို သလေးစပါးတွေ စိုက်ထားတယ်တဲ့၊ လယ်စောင့်တွေလဲထားတယ်၊ သေချာစောင့်ရှောက်ဖို့ပေါ့၊ အဲဒါ စပါးတွေမှည့်ချိန်ရောက်တော့ ကျေးငှက်တွေ အုပ်လိုက်သင်းလိုက်လာရောက်စားသောက်ကြတော့တာပဲ၊ လယ်စောင့်တွေခြောက်ရလှန့်ရ မောင်းရနဲ့ အလုပ်ရှုပ်ပြီပေါ့၊

အဲ. . သလေးစပါးတွေ မှည့်ချိန်ရောက်လာတော့ ဘုရားလောင်း ကျေးမင်းဟာ နောက်လိုက်ကျေးငှက်အပေါင်းနဲ့ အဲဒီပုဏ္ဏားကြီးပိုင်တဲ့ သလေးစပါးခင်းကို လာရောက်စားသောက်ကြတာပေါ့၊ အဲဒီလိုစားကြသောက်ကြတာကို လယ်စောင့်တွေကလဲ မောင်းရနှင်ရတာပေါ့၊ မမောင်းမိတဲ့ အခါမှာတော့ ဝအောင်စားသောက်ပြီး လိုရာခရီးပြန်သွားလာတော့တာပေါ့၊

ဘုရားလောင်းကျေးမင်းကြီးက စားသောက်လို့ပြီးတဲ့အခါ သလေးစပါးသီးနှံများစွာကိုကိုက်ချီပြီး ပျံသွားတာကို လယ်စောင့်ပုဏ္ဏားတွေ ထူးဆန်းစွာမြင်ကြသတဲ့၊ အဲဒီအခါမှာ လယ်စောင့်များက ဒီကျေးငှက်ဟာ ထူးဆန်းတယ်၊ အခြားကျေးငှက်တွေလိုမဟုတ်ဘူး၊ စားရုံတင်မကဘူး အပိုသလေးစပါးသီးနှံတွေကို သယ်ဆောင်ကိုက်ချီသွားတယ်၊ ဒီအတိုင်းဆို လယ်ထဲကစပါးကုန်တော့မယ်၊ လယ်ပိုင်ရှင်ဆီကို ဒီကျေးငှက်ထူးခြားဖြစ်စဉ်ကို တင်ပြမှပဲဆိုပြီးတော့ တိုင်ပြောကြသတဲ့၊

လယ်ပိုင်ရှင် ပုဏ္ဏားကြီးကလဲ ထူးခြားတဲ့ ကျေးသားကြီး လုပ်ရပ်ကို သိချင်လို့ ကျော့ကွင်းတွေ ဘာတွေနဲ့ ထောင် ပြီးဖမ်းခိုင်းလိုက်တော့တာပေါ့၊ မကြာခင်မှာ ကျော့ကွင်းမှာ အဲဒီကျေးသားကြီးမိတော့ လယ်စောင့်ပုဏ္ဏားတွေဟာ ကျေးသားကြီးကိုဖမ်းပြီး လယ်ပိုင်ရှင် ပုဏ္ဏားကြီးထံ ပို့ကြတော့တာပေါ့၊ လယ်ပိုင်ရှင်ပုဏ္ဏားကြီးလဲ ကျေးမင်းကြီးကိုမြင်တော့ ချစ်ခင်နှစ်သက်တဲ့စိတ်ရှိတာနဲ့ ရင်ခွင်မှာအသာကလေးပိုက် မာဂဓ ဘာသာစကားနဲ့ မေးတော့ ပေါ့၊

မေးပုံလေး နားထောင် သား အမောင်ကျေးမင်း. . . အမောင်သည် စားရုံမျှမက အဘယ်ကြောင့် သ စပါးနှံတို့ကို ကိုက်ချီ သယ်ဆောင် သွားရတာလဲ၊ သင်၏ ဝမ်းခေါင်းသည် အခြားကျေးတွေထက်ကျယ်လေသ ဒါမှမဟုတ် သင့်မှာစပါးဝမ်းစာ ကိုး တာ ရှိသလော၊ ဒါမှမဟုတ် ငါ၏အ စီးပွားပျက်အောင်ပင် ကြံလေသ လို့ မေးတာပေါ့၊ အဲဒီအခါ ဘု လောင်းကျေးမင်းကြီးက သာယာချို တဲ့ အသံနဲ့. . .

အဆွေပုဏ္ဏားကြီး. . . အ ငှက်များလို ကျွန်ုပ်ဝမ်းခေါင်းလဲ မ ပါ၊ စပါးထည့်ရန် ကျီတိုက်တာလဲမ သင်၏စီးပွားပျက်စီးစေရန်လဲ မရည် ပါ၊ ကျွန်ုပ်သည် ကြွေးသစ်ချရန် ကြွေး ဟောင်းဆပ်ရန် ရွှေအိုးမြှုပ်ရန်အတွက် သလေးစပါးနှံတို့ကို သယ်ဆောင်သွား ရခြင်းဖြစ်ပါသည်လို့ ဖြေကြားတာ

"ဖေဖေ . . . ကျေးသား စကားက အထူးအဆန်းပဲနော်"

"မှန်တာပေါ့ သားရယ်၊ အဲ ကျေးမင်းကြီးစကားကိုယူပြီး မယဒေဝ လင်္ကာဆရာက ရေးတာလေသားရဲ့"

"ဟုတ်ကဲ့ ဖေဖေ ဒါဆို သ ဟိုအဓိပ္ပာယ်ကကော ဖေဖေရှင်းပြပါ"

"ပြောမယ်လေသားရဲ့၊ အဲဒီ ကျေးမင်းကြီးကပြောတော့ ပုဏ္ဏား လဲ ထူးဆန်းအံ့ဩသွားတာပေါ့၊ သ ဇောနဲ့ 'ဘယ်လို ဘယ်လို ပြောတာ ကျေးမင်းကြီး သင်ပြောတဲ့ စကား ရှင်းပြပါ' လို့ တောင်းပန်သံတဲ့၊

ဒီအခါ ဘုရားလောင်းကျေးမင်း ကြီးက ပုဏ္ဏားကြီး ကြွေးသစ်ချ ဆိုတာက ဟိမဝန္တာတောရဲ့လက် ထိပ်ဖျားအသိုက်ထဲမှာ အမွေးအတောင် မစုံ မပျံသန်းနိုင်သေးတဲ့ ကျွန်ုပ်ရဲ့ သမီးငယ်များ ရှိပါသည်၊ ထိုသား





www.burmeseclassic.com

www.burmeseclassic.com

ငယ်များစားရန်အတွက် သလေးစပါးများ သယ်ဆောင်သွားခြင်းဖြစ်ပါတယ်၊ ထိုစပါးတို့ကို သားသမီးတွေအား ကျွေးမွေးခြင်းသည် နောင်တစ်ချိန် အိုမင်းလာမည့် ကျွန်ုပ်အား ယခုကျွေးမွေးထားသော သားသမီးတို့က ကျွန်ုပ်အားပြန်လည်ကျွေးမွေးပါလိမ့်မည်၊ ဤသို့ သားသမီးတို့အား ကျွေးမွေးခြင်းသည် ကြွေးသစ်ချသည်လို့ ဖြေပါတယ်၊

အဲဒီလို မိဘတွေက သားသမီးတွေကို ကျွေးမွေးတာဟာ ပြုစုတာဟာ မိဘတွေရဲ့တာဝန်နဲ့ဝတ္တရားပဲ၊ ဒီနေရာမှာ တာဝန်နဲ့ဝတ္တရားကို ဖေဖေပြောဦးမယ်၊ တာဝန်ဆိုတာ မပျက်မကွက်လုပ်ရမယ့်အလုပ်တစ်ခုပဲ၊ ဝတ္တရားက လုပ်သင့်လုပ်ထိုက်တာကို ဆိုတာပဲ၊ ဥပမာ သားသမီးတွေက မိဘတွေကို လုပ်ကျွေးသမှုပြုကြရမယ်၊ ခြေဆုပ်လက်နယ်ပြုစုပေးရမယ်ဆိုပါတော့၊

ဒါပေမဲ့ သားသမီးတွေက လုပ်မပေးဘူးဆိုရင် မိဘတွေက ဘာမှမပြောဘူး၊ ခွင့်လွှတ်တယ်၊ ကြည်ဖြူတယ်၊ ဒါပေမဲ့ သားသမီးပြုသင့်ပြုထိုက်တဲ့ဝတ္တရားကတော့ ပျက်ကွက်တာပေါ့၊ မိဘများကျတော့ ကိုယ့်သားသမီးကို ကျွေးမွေးပြုစုစောင့်ရှောက်ရမယ်ဆိုတာတွေဟာ တာဝန်ပိုင်းပေါ့၊

တာဝန်ပိုင်းရော, ဝတ္တရားပိုင်းရောရှိလေတော့ မိဘတို့ဟာ သားသမီးတို့အပေါ်မှာ တာဝန်ပိုင်းရောဝတ္တရားပိုင်းရောကျေလို့ မိဘတို့ရဲ့မေတ္တာကို မြင်းမိုရ်တောင်ဦး ကျေးဇူးကြီးသည့် မိနှင့်ဖလို့ တင်စားရတာပေါ့၊

ကဲ- ဆက်ပြောရဦးမယ်၊ ကြွေးဟောင်းဆပ်တယ်ဆိုတာ ကျေးမင်းကြီးဟာ သူငယ်စဉ်တုန်းက သူ့ကိုကျွေးမွေးခဲ့တဲ့မိအိုဖအိုတို့ဟာ ယခုအခါ အစာရှာဖွေစားသောက်ခြင်းငှာ မပြုနိုင်ဘဲ လက်ပံပင်ထိပ်ဖျားရဲ့ အသိုက်ထဲမှာရှိနေပါတယ်၊ အဲဒီမိဘနှစ်ပါးစားဖို့ သလေးစပါးတွေကို သယ်ဆောင်ပေးရတာပါ၊ အဲဒီလိုကျွေးမွေးရတာဟာ တစ်ချိန်တုန်းက သူ့ကိုကျွေးမွေးဖူးတဲ့ မိဘတို့ရဲ့ ကြွေးဟောင်းကိုဆပ်တာပါလို့ ကျေးမင်းကြီးက ပုဏ္ဏားကြီးကို ပြောပြတာပေါ့၊ ဒီစကားဟာ အင်မတန်အတုယူစရာစကားရပ်ပေါ့ သားရယ်၊

ဘုရားလောင်း ကျေးမင်းကြီးဟာ ကတညုတကတဝေဒီဆိုတဲ့ ဘုရားဟောမင်္ဂလာနဲ့ပြည့်စုံတယ်လို့ ဆိုရမှာပဲ၊ ပြုခဲ့ဖူးတဲ့ကျေးဇူး၊ တင်ခဲ့ဖူးတဲ့ကျေးဇူးကို သိတတ်တဲ့မင်္ဂလာတရားပေါ့၊ ကျေးငှက်တစ်ကောင်တောင် မိဘကျေးဇူး သိတတ်ရင် တို့လူသားတွေဟာ မိဘတို့ရဲ့ ကျေးဇူးကို သိတတ် ဆပ်တတ်ရမှာပေါ့၊ ဒါမှ ကြွေးဟောင်းဆပ်တဲ့ အလုပ်ဟာ ကျေပွန်သွားမှာပေါ့၊

ပြီးတော့ ရွှေအိုးမြှုပ်နှံတယ်ဆိုတာ ကျေးမင်းကြီးက ဆက်ပြောတယ်။

ပုဏ္ဏားကြီး. . . ကျွန်ုပ်နေထိုင်ရာလက်ပံတောမှာ ခိုကိုးရာမဲ့နေတဲ့ ကျေးအိုကျေးမင်းကြီးတွေ ရှာဖွေမစားသောက်နိုင်တော့တဲ့ ငှက်တွေရှိပါသေးတယ်၊ အဲဒီ ခိုကိုးရာမဲ့တဲ့ ငှက်တွေကို ကျွေးဖို့ရန်အတွက် သင်၏သလေးစပါးနှံတို့ကို သယ်ဆောင်သွားရခြင်းဖြစ်ပေတယ်၊ အဲဒီလို သယ်ဆောင်ကျွေးမွေးခြင်းဟာ ကုသိုလ်ရွှေအိုးကြီးမြှုပ်နှံခြင်းနဲ့တူပါတယ်လို့ ပြောကြားသတဲ့၊

အဲဒီစကား ပုဏ္ဏားကြီး ကြားရတော့ ပုဏ္ဏားကြီး များစွာသဘောကျပြီး ကျေးမင်းကို ကျော့ကွင်းက လွှတ်ပေးတယ်၊ သလေးစပါးခင်းက သလေးစပါးတို့ကို လိုအပ်သည့်အခါ လိုအပ်သလို စားသောက်ခွင့်ကိုပေးလိုက်တယ်၊ ဇာတ်တော်လဲပေါင်းရော ကျေးမင်းကြီးက ဂေါတမမြတ်စွာဘုရားဖြစ်လာပြီး လယ်ပိုင်ရှင်ကြီးက ညီတော်အာနန္ဒာ၊ လယ်စောင့်ပုဏ္ဏားက ဆန္နအမတ်ဖြစ်လာပြီး သံသရာလမ်းအဆုံးကိုရောက်ရှိသွားကြပြီပေါ့၊

အဲဒီကျေးမင်းဇာတ်တော်ကြီးကို သိရှိပြီး မင်္ဂလာတရားတော်လာမာတာပိတုဥပဋ္ဌာန် ပုတ္တဒါရဿသင်္ဂဟော၊ အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ ဆိုတဲ့ မင်္ဂလာတရားကို ဖေဖေတို့လူသားတွေ တာဝန်ကျေ ဝတ္တရားကျေ ပြုလုပ်ရမှာပေါ့၊ ဒီနေရာမှာ မာတာပိတုဥပဋ္ဌာန်ဆိုတဲ့ အမိအဖကို လုပ်ကျွေးခြင်းဟာ ကြွေးဟောင်းဆပ်ရာရောက်ပြီး ပုတ္တဒါရဿသင်္ဂဟော - သားသမီးတို့ကို ကျွေးမွေးခြင်းဟာ ကြွေးသစ်ချရာရောက်ပြီး အနာကုလာစ ကမ္မန္တာ = အပြစ်မရှိကောင်းသောအမှုကို ပြုလုပ်ခြင်းဆိုတာက ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခြင်းက ရွှေအိုးမြှုပ်နှံတာနဲ့တူတာပေါ့၊ ဒါကြောင့် တို့လူသားတွေဟာ မင်္ဂလာတရားတော်နဲ့အညီ နေထိုင်သွားမယ်ဆိုရင် ပစ္စုပ္ပန်လဲကောင်းသံသရာမှာလဲကောင်းပြီပေါ့ သားရယ်"

"ဟုတ်ကဲ့ ဖေဖေ၊ ဖေဖေပြောပြမှပဲ မဃဒေဝလင်္ကာလာတဲ့ သဘောတရားတွေလဲသိ, မင်္ဂလာတရားတော်တွေလဲသိသွားပါပြီ"

ကျွန်တော်သည် ဖေဖေ ရှင်းပြသော ကေဒါရကျေးမင်းဇာတ်တော်ကို သိရှိနားလည်ပြီးနောက် ပီတိပွားကာ ညဉ့်လည်း အတော်နက်ပြီ ဖြစ်သဖြင့် စကားဝိုင်း သိမ်းကြသည့်အားလျော်စွာ အိပ်ရာဝင်ခဲ့ကြလေသည်။

အိပ်ရာထဲတွင် မအိပ်ပျော်မီ နဖူးပေါ်လက်တင်၍ မိဘတို့၏ကြီးမားလှသော ကျေးဇူးကို ဆပ်နိုင်အောင် ကြိုးစားရပေမည်ဟူ၍ ခိုင်မာသော ဆုံးဖြတ်ချက်ကို ချလိုက်မိပါသည်။

မပိတ်ရသေးသော အိပ်ခန်းပြတင်းပေါက်မှ အမှတ်မထင် ကောင်းကင်သို့ကြည့်လိုက်မိပါသေးသည်။ကြယ်တာရာ ပေါင်းရံခ,နေသော လမင်းကြီးက အေးမြစွာသာနေဆဲ။

ထို့အတူ ဖေဖေ၏ တန်ဖိုးရှိလှသော စကားသံတို့ကား နားမှပဲ့တင်ထပ်ကာ ရင်တွင်း၌ပါ သာယာချမ်းမြေ့သော လမင်းများစွာ သာနေသည်ကိုကား ပီတိအသိက လှမ်း၍မြင်နေမိပါတကား။

❒ အောင်ကျော်ခိုင်(မြေး)





www.burmeseclassic.com

www.burmeseclassic.com

၁၉၄၇ ခု၊ ဒီဇင်ဘာ ၃၀ ရက်နေ့၌ နိုင်ငံတော်လုပ်ကြံမှုတရားခံများဖြစ်ကြသောဦးစောနှင့်အပေါင်းအပါတို့အား အထူးခုံရုံးက စာမျက်နှာ ၈၄ မျက်နှာရှည်လျားသည့် စီရင်ချက်ဖြင့် သေစေပြစ်ဒဏ်ချမှတ်လိုက်လေသည်။

အထူးရာဇဝတ်ခုံရုံးမှ ပြစ်ဒဏ်စီရင်ချက်များကိုဖတ်ကြားပြီးနောက် ထိုသို့ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူများသည် အယူခံဝင်လိုကြပါက အပြစ်ဒဏ်စီရင်ချက် ချမှတ်ခံရသည့်နေ့မှ ၇ ရက်အတွင်း အယူခံဝင်နိုင်ကြကြောင်းလည်း ပြောကြားလိုက်၏။

ဦးစောသည် ဇန်နဝါရီလ ၃ရက်နေ့၌ ရှေ့နေမစ္စတာဟာက်ဗော့ (F.I.S. Havock)နှင့် အယူခံလွှာတင်သွင်းခဲ့လေသည်။ တရားလွှတ်တော်က မတ်လ ၈ ရက်နေ့၌ စာမျက်နှာ ၅၇ မျက်နှာပါ စီရင်ချက်ဖြင့် အယူခံကိုပယ်လေသည်။ ဦးစောသည် အခွင့်ထူး အယူခံဝင်ရန် လျှောက်ထားပြန်သည်။

၁၉၄၈ ခု၊ ဧပြီ လ ၂၇ ရက်နေ့၌ တရားလွှတ်တော်ချုပ်မှ ဦးစောတို့၏ လျှောက်လွှာများကို ပယ်ချလိုက်ပြန်သည်။ သေဒဏ်ကို တရားရုံးက သတ်မှတ်၍ နောက်ဆုံး အယူခံရုံးများက အတည်ပြုပြီးလျှင် အမှုများကို သမ္မတထံ တင်ပြပြီး အသနားခံစာတင်သော လုပ်ထုံးများအရ သမ္မတထံ ဆက်လက်တင်ပြအသနားခံကြရာ ၁၉၄၈ ခု၊ မေလ ၅ ရက် နေ့စွဲပါ တရားရေးဌာနအတွင်းဝန် ဦးစံညွန့်၏ အမိန့်ဖြင့် ခင်မောင်ရင်အပေါ် ချမှတ်ထားသော သေဒဏ်ကို တစ်သက်တစ်ကျွန်းဒဏ်သို့ သမ္မတက လွှဲပြောင်းလျှော့ပေါ့ပေးခဲ့ပြီး ကျန်တရားခံများအပေါ် ချမှတ်ထားသော သေဒဏ်ကို စီရင်ရန်ဖြစ်သည်။

သို့သော် မေလ ၆ ရက်နေ့၌ အတွင်းဝန် ဦးစံညွန့်ကပင် သုခနှင့်မောင်နီတို့နှစ်ယောက် သေဒဏ်မှလွတ်၍ တစ်သက် တစ်ကျွန်းဒဏ်ကိုသာ ကျခံစေရန် သမ္မတက ဆုံးဖြတ်ကြောင်း အမိန့်ထုတ်ပြန်ပြန်၏။

ဂျွန်ဦးစောအား ကြိုးဒဏ် အတည်ပြုပြီးနောက် ဦးစော၏ဇနီး ဒေါ်သန်း (ခေါ်)မာမီခင်က ၁၉၄၈ ခု ဧပြီလ ၂၇ ရက်နေ့၌ မြန်မာနိုင်ငံအစိုးရ အဖွဲ့နှင့် ဝန်ကြီးများထံ ဦးစောကို ကြိုး ဒဏ်ပေးပြီးနောက် ၎င်း၏ရုပ်ကလာပ် ကို နေအိမ်သို့ပြန်လည်ယူလိုပါကြောင်း လျှောက်ထားခဲ့သည်။

အစိုးရက ဦးစော၏အလောင်းအား ထောင်သင်္ချိုင်းမှလွဲပြီး အခြားမည်သည့် သင်္ချိုင်းတွင်မျှ မြှုပ်နှံခွင့်မရှိကြောင်း သရဏဂုံတင်လိုက တင်ခွင့်ပြုကြောင်း ပြန်ကြားလိုက်၏။

ဦးစောသည် ၎င်းအား သေဒဏ်ပေးလိုက်သည့်ကိစ္စနှင့် ပတ်သတ်၍ မြန်မာပြည်ဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်က မြန်မာနိုင်ငံတော်သမ္မတကြီးထံ ဦးစောအား သေဒဏ်ပေးထားသည့် ကိစ္စကို သက်ညှာနိုင်သမျှ သက်ညှာစွာ စဉ်းစား၍ ပယ်ဖျက်ပါရန် သံကြိုးစာ တစ်စောင် ပေးပို့လိုက်ကြောင်းနှင့် လန်ဒန်ရှိ ဗုဒ္ဓဘာသာအသင်းကြီးနှင့် သင်းမှလည်း ဝန်ကြီးချုပ်သခင်နုထံသို့-

၁။ ဦးစောကဲ့သို့ ယခင်က မြန်မာ လွတ်လပ်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ သော မြန်မာ့ခေါင်းဆောင်ကြီးတစ်ဦး အား အသက်ချမ်းသာမှုပေးနိုင်ခဲ့လျှင် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် ဝန်ကြီး ချုပ်ဦးနု၏ မြင့်မြတ်သောစေတနာမှာ ရာဇဝင်တွင်ရစ်လိမ့်မည်ဖြစ်ကြောင်း

၂။ အင်္ဂလိပ်ပြည်တွင် ထိုသေဒဏ် စီရင်ခြင်းကိုပယ်ဖျက်ရန်ရှိနေရာ အင်္ဂ လိပ်-မြန်မာချစ်ကြည်ရေးကို လုံး




နေဝန်းနီ

# ဂျွန်ဦးစော၏ နောက်ဆုံးတနှစ်တောင်နှင့် နောက်ဆုံးနေ့





www.burmeseclassic.com

www.burmeseclassic.com

သွက်ရှိသော ဗုဒ္ဓဘာသာအသင်းကြီး၏ မေတ္တာရပ်ခံချက်ကို လက်ခံမည်ဆိုပါက ချစ်ကြည်ရေး ဖြောင့်ဖြူးရန် လမ်းရှိပါသည်။ ထိုကဲ့သို့ မဖြစ်မြောက်ပါက အင်္ဂလိပ်-မြန်မာချစ်ကြည်ရေးမှာ ပျက်ပြားဖွယ်ရှိပါကြောင်း။

၃။ သေဒဏ်ပေးသည့်ကိစ္စမှာ ဗုဒ္ဓဘာသာတရားတော်နှင့် ဆန့်ကျင်သည်ဖြစ်ကြောင်း စသည့်အချက်သုံးချက်ပါ မေတ္တာရပ်ခံချက်စာပေးပို့ခဲ့ရာ နိုင်ငံတော်သမ္မတကြီးသည် အစိုးရအဖွဲ့နှင့် တိုင်ပင်ဆွေးနွေး၍ ထိုမေတ္တာရပ်ခံချက်များကို ပယ်ချလိုက်ကြောင်း ကြားသိပြီးသည်းဖြစ်လေ၏။

သို့ကြောင့်ပင် ကြိုးတိုက်ထဲရောက်နေသော ဦးစောသည် ဇနီးဖြစ်သူ ဒေါ်သန်းခင်အား ပရိဒေဝမီးမတောက်လောင်စေရန် ၁၉၄၈ ခု၊ ဧပြီလ ၃ဝရက်နေ့၌ အောက်ပါအတိုင်း စာရေးသား ပေးပို့လိုက်လေသည်။

စာပါအကြောင်းအရာမှာ . . .

မာမီခင်. . .

ကျွန်တော့်အလောင်းကို အိမ်သို့မယူပါနှင့်၊ သေပြီးသောအပုပ်ကောင်ကြီးဟူ၍ တရားနှင့်ဖြေပါ၊ သတိသံဝေဂဖြစ်ပါ၊ အနိစ္စတရားနှင့် အနတ္တတရားများကို ပွားများပါ၊

သေပြီးဖြစ်၍ မထူးပါ။ထို့ကြောင့် မာမီ(ဒေါ်သန်းခင်)တို့ ဒုက္ခမရှာပါနှင့်တော့၊ သေသူကို ရည်ရွယ်၍ ပဋ္ဌင်းခံခြင်း၊ ရှင်ပြုခြင်း၊ ဆွမ်းကျွေးခြင်း စသောကုသိုလ်ကောင်းမှုများကို ပြုလိုပါက မာမီတို့မှာ ကုသိုလ်ရနိုင်ပါသည်၊ အမျှအတန်းဝေပါက ကုသိုလ်ရနိုင်ပါသည်၊ ဤသို့သော ကုသိုလ်ရေးများကိုသာ ဝရုစိုက်ပါ. . .

(ပုံ) မောင်စော

ဟူ၍ ဖြစ်ပါသည်။

မေလ ၁ရက်နေ့ထုတ် အိုးဝေသတင်းစာ၏ဤမိုးနှင့်ဤမြေကဏ္ဍတွင် ဆရာဦးညိုမြ(မောင်သုမန)က ဗိုလ်ချုပ်နှင့်ဝန်ကြီးအချို့ အသတ်ခံခဲ့ရသည့် နိုင်ငံတော်လုပ်ကြံမှုကြီးနှင့်ပတ်သက်ပြီး ဗမာ့ဝဋ်ကြွေးဟူသော'ခေါင်းစဉ်တစ်၍ အောက်ပါဆောင်းပါးကို ရေးသားခဲ့လေသည်။

"မေလ ၈ ရက်နေ့မှာ ဦးစောကို ကြိုးပေးတော့မယ်၊ ဒီသတင်းမျိုးကြားရတာ စိတ်ညစ်တယ်ဗျာ"

လွတ်လပ်စ မြန်မာပြည်ကြီးမှာ တရားဓမ္မအုတ်မြစ်များ တည်မြဲခိုင်ခဲ့ရေးအတွက် ဒီလိုစီရင်ချက်များလည်း ရှိရမှာပါပဲ။ ကျဆုံးခဲ့တဲ့ခေါင်းဆောင်များကို သတိရမိတဲ့အခါမှာလည်း ဦးစောဟာ အခုလိုဖြစ်ရမယ်ဆိုတာ မျှော်လင့်ခဲ့ပြီးပါပြီပဲ။ လောကကြီးမှာ တရားအတိုင်းဖြစ်ကြရမှာကိုး။

တစ်စုံတစ်ယောက် ဘေးဒုက္ခတွေ့နေရင် လူတိုင်းက ကယ်တင်ချင်တဲ့စိတ်ရှိတယ်။ တစ်စုံတစ်ယောက် အနာရောဂါရှိနေရင် ဆေးရုံကိုအမြန်ပေးပို့ပြီး ဆေးဝါးကုသပေးလေ့ ရှိကြတယ်။ လောကီထုံးတမ်းအရ လူတစ်ယောက်ရဲ့အသက်ကို အဲဒီလို ယုယထိန်းသိမ်းကြစမြဲပဲ။

သို့ပေမယ့် တရားအလျောက်စီရင်ရာမှာ ဦးစောလို မာမာချာချာ လူကြီးတစ်ယောက်ဟာ မေလ ၈ရက်နေ့မှာ သေရတော့မယ်။ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့် ဆိုသလို တန်ပြန်သဘောတရားများအရ စီရင်ကြရလို့ ဒီလိုပဲဖြစ်ကြစမြဲပ။

ဒါမှလည်း တရား ဥပဒေကို ရိုသေ ကိုင်းရှိုင်းကြပြီး တိုင်းပြည်မှာ သတ်ဖြတ်မှု အကြမ်းဖက်မှုများ နည်းပါး အေးချမ်းရှိနိုင်မယ်။

ခုအချိန်မှာ တိုင်းသူပြည်သားအားလုံးလည်း ဒီသတင်းမျိုးကို ကြားချင်သူရှိမယ်မဟုတ်ဘူး။ အစကဒီလိုအဖြစ်မျိုးရောက်အောင် မဖန်တီးခဲ့ကြရင်ကောင်းမှာပဲ။

ဗိုလ်ချုပ်အောင်ဆန်းတို့လည်း မသေမပျောက်ဘဲ ပျော်ပျော်ရွှင်ရွှင် ရှိနေစေချင်တယ်။ ဦးစောလည်း ခုလို သားမယားနဲ့ ကွေကွင်းရမယ့်အဖြစ်ကို မမြင်ရက်ဘူး။ အမိမြန်မာ့ပြည်ရဲ့သားကြီးများပီပီ အချင်းချင်းသင့်မြတ်ခင်မင်စွာ တိုင်းကျိုးပြည်ကျိုးဆောင်နေကြတာပဲ တွေ့မြင်ချင်တာပဲ။

မောင်သုမနဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးစောတို့ ရင်းရင်းနှီးနှီးရှိခဲ့ကြတဲ့အချိန်ကို ပြန်ပြောင်းအောက်မေ့မိတယ်။ ၁၉၃၈ ခုနှစ်လောက်က ဦးစောက သူရိယသတင်းစာအယ်ဒီတာ ဗိုလ်ချုပ်အောင်ဆန်းကလည်း ကျောင်းသားခေါင်းဆောင်အဖြစ်နဲ့ တက္ကသိုလ်သမဂ္ဂမှာ မောင်သုမနတို့နဲ့ အတူရှိနေစဉ်ပဲ အဲဒီအချိန် ဗိုလ်ချုပ်အောင်ဆန်းကို အတော်ကြည်ညိုတယ်။

"ဦးစောဟာ ဘယ်လောက် ချီးမွမ်းစရာကောင်းသလဲ၊ သူများလို ဘီအေ အမ်အေမအောင်ပေမယ့် ကိုယ်ထူးကိုယ်ချွန်ကြိုးစားပြီး ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်အောင် လုပ်နိုင်တဲ့လူပဲ"လို့ ဗိုလ်ချုပ်ကိုယ်တိုင် မောင်သုမနကို ပြောတာမှတ်မိသေးတယ်။

ဗိုလ်ချုပ်တို့၊ သခင်နုတို့က ဂျူးန်စောကို တက္ကသိုလ်သမဂ္ဂကို ဖိတ်ပြီး တရားပွဲလုပ်ပေးခဲ့ကြသေးတယ်။ အဲဒီတရားပွဲမှာ ဦးစောကလည်း ခပ်ရွှန်းရွှန်းနဲ့ ဒေါက်တာဘမော်အစိုးရရာထူးခန့်ထားရေးအဖွဲ့ လက်ဝါးကြီးအုပ်ပုံကို ဖွင့်ချပြီး. . .

"မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အဲဒီလိုလုပ်ပုံဟာ အလွန်ရုပ်ဆိုးပါတယ် ခင်ဗျာ"လို့ အင်္ဂလိပ်လို ခပ်တည်တည်မှတ်ခဲ့ပုံတွေကိုလည်း အတော်ပွဲကျခဲ့ကြတယ်။

စစ်ဘေးစစ်ဒဏ်များ ဆိုက်ရောက်ခဲ့တဲ့ မြန်မာပြည် နိုင်ငံ့ခေါင်းဆောင်များဟာ အချင်းချင်းခြေထိုးမှုများ မလျှော့နိုင်ကြပေမယ့် အကြမ်းပတမ်း တရားလက်လွန် မဖြစ်အောင် အထူးဆင်ခြင်ပြီး နေကြမယ်လို့တော့ ဆုတောင်းခဲ့ကြတယ်။ ဆုတောင်းရင်းပဲ ဦးစောကို သေနတ်ပစ်မှုနဲ့ ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းတို့ကို လုပ်ကြံမှုကြီးတွေဟာ ကျွန်တော်တို့အားလုံးကို ယူကျုံးမရဖြစ်စေခဲ့ပါတယ်။

ဒီလိုအမှုကြီးကို အစအဆုံး တရားအတိုင်းစီရင်ပြီးရင် မြန်မာပြည်ကြီးဟာ နောင်အခါမှာ ဒီလိုပူဆွေးဒုက္ခမျိုး ဘယ်တော့မှ မရောက်ပါစေနဲ့လို့ လှိုက်လှဲစွာ ဆုတောင်းပါတယ်။ ဒီလိုအဖြစ်မျိုးကို နောင်မှာမဖြစ်ကြရအောင် နိုင်ငံရေးခေါင်းဆောင်လုပ်သူများ အထူးသတိပြုကြပါခင်ဗျား။

ဒီအချိန်မှာ မောင်သုမနဟာ ဂဠုန်ဦးစောကြီးရဲ့ဗမာ့ခေါင်းဆောင်ကြီးအဖြစ်နဲ့ ကောင်းသောဆောင်ရွက်ချက်များလည်း သတိရမိပါတယ်။ နောက်ပြီး တစ်နေ့က ထောင်ထဲမှာ ဘုန်းကြီးများရဲ့ တရားပြချက်တွေကို အာရုံပြုပြီး ဗုဒ္ဓဘာသာပီပီ ဘယ်လိုမှချောက်ချားခြင်းမရှိဘဲ ဇနီးနဲ့သမီးကိုတောင် အားပေးနှစ်သိမ့်တယ်ကြားရလို့ သာဓုခေါ်ပါတယ်။

တမလွန်ဘဝတွင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးစော ပြန်လည်မိတ်ဆက်ကာ လွတ်လပ်တဲ့ ဗမာပြည်၌ ညီရင်းအစ်ကိုများအဖြစ် ပြန်လည် မွေးဖွားပြီး တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်နိုင်ကြပါစေ ဆုတောင်းပါတယ်။ လွတ်လပ်သောမြန်မာပြည်ကြီး တည်တံ့ပါစေသော်။

ထို့နောက် ၁၉၄၈ ခု၊ မေလ ၈ ရက်နေ့နံနက် ၅ နာရီ ၃၀ မိနစ်တွင် ဦးစောကို မောင်စိုး၊ သက်နှင်း၊ မှုံကြီးတို့နှင့်အတူ အင်းစိန်ဗဟိုအကျဉ်းထောင်ကြိုးစင်နှင့် ကြိုးပေးလိုက်ကြပြီး စိန်ကြီးနှင့် ရန်ကြီးအောင်ကို ရန်ကုန်ထောင်ကြီး၌ တစ်ချိန်တည်း ကြိုးပေးခဲ့ကြလေသည်။

ဦးစောနှင့်ပတ်သက်၍ သာယာဝတီ ဦးသန်းမြင့်က အိုးဝေဂျာနယ်တွင် ဂဠုန်ဦးစော၏ နောက်ဆုံးနေ့ ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

ထိုနေ့ကား ၁၉၄၈ ခု၊ မေလ ၈ ရက်နေ့ အရုဏ်ဦးပင်ဖြစ်သည်။ နံနက်ခင်း၏ ပူဆွေးသော အရုဏ်ဦး၏ ရောင်ခြည်သည် ခပ်ဆိုင်းဆိုင်းခပ်မှိုင်းမှိုင်းဖြင့် အင်းစိန်ထောင်ကြီး၏ ဘူးဝတွင် တရားရေးဌာန၏ အတွင်းဝန်ဦးစံညွှန့် အကျဉ်းဌာနမင်းကြီး ဦးဘမောင်၊ ရဲချုပ်ရဲမင်းကြီးများ၊ တရားသူကြီးများ၊ ဆရာဝန်များနှင့် ခွင့်ပြုချက်ဖြင့် ရောက်ရှိလာကြသော စစ်ဘက်နယ်ဘက်မှ အရာရှိများသည် စုဝေးရောက်ရှိနေကြလေပြီ။

အင်းစိန်ထောင်ကြီးမှ ထောင်ပိုင်ကြီးဦးတင်မောင်သည် ရောက်ရှိလာကြသောဌာနဆိုင်ရာများအား ခရီးဦးကြိုပြုလျက် ထောင်ကြီးအတွင်းသို့ ၎င်းကပင် ရှေ့ဆောင်ခေါ်ယူသွားပြီး ယနေ့နံနက် နေမထွက်မီ အပြီးဆောင်ရွက်ရမည်ဖြစ်သော လုပ်ငန်းတစ်ခုအတွက် ပိပိရိရိ အမှားအယွင်းအတိမ်းအစောင်းမရှိအောင် ဆောင်ရွက်ထားပြီးသားကိစ္စများကို ထပ်လောင်းစစ်ဆေးနိုင်ရန် ရှင်းလင်းတင်ပြနေသည်။

ယင်းကိစ္စကား အခြားမဟုတ်၊ လုပ်ကြံမှုတရားခံဦးစောတို့အား အချိန်မီကြိုးမိန့်ပြစ်ဒဏ်ပေးရန် အစီအစဉ်ပင်ဖြစ်ပေသည်။

ဦးစောသည် ၎င်း၏ လွတ်မြောက်ရေးကို နည်းမျိုးစုံဖြင့် ကြိုးစားသေးသည်။ အယူခံများ၊ အသနားခံစာများ အဆင့်ဆင့်ဖြင့် တစ်မျိုး၊ ၎င်း၏အားကိုးရာ နိုင်ငံခြား သံရုံးတစ်ရုံးသို့ လျှို့ဝှက် အကူအညီတောင်းခံသည်က တစ်ဖုံ၊ နောက်ဆုံး ဦးစောသည် သူကိုယ်သူ လုပ်ကြံရန်ပင် ကြံစည်ခဲ့သည်။

သို့သော် သူ၏ကြိုးပမ်းမှုများမှာ အရာမထင်ခဲ့၊ အထမမြောက်ခဲ့ပေ။ မျှော်လင့်ချက်ကုန်ဆုံးသည်နှင့် ဦးစောသည် သူလိုသော အခွင့်အရေးများကို တန်းစီတောင်းတော့သည်။ ၎င်းတို့မှာ သူ့အတွက် သေဒဏ်အတည်ဖြစ်လျှင် လက်ထိတ်မခတ်ဘဲ ကြိုးစင်သို့ခေါ်ရန်၊ သူတစ်ဦးတည်းကို ဦးဆုံးကြိုးဒဏ်ပေးရန် ၎င်း၏ဘဝကူးကောင်းရန် သူ့အား ဘာမျှမပြောတော့ဘဲ ဆိတ်ငြိမ်စွာနေခွင့်ပြုရန်နှင့် လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုထားသော တရားစာအုပ်များ၊ ဒီပနီများကိုဝယ်ပေးရန် မေတ္တာရပ်ခံတောင်းဆိုခဲ့သည်။

တစ်နေ့ ဦးစောနှင့် ၎င်းအတွက် အထူးတာဝန်ချထားသူ ထောင်အရာရှိငယ် (ဒု-ထောင်မှူး)တစ်ဦးတို့ စကားစ မိကြသည်။

ဦးစောက တရားသံဝေဂပါ နှင့် သွယ်ဝိုက်ဖြောင့်ချက်ပေးသကဲ့သို့ ပြောခဲ့သည်မှာ . . .

"ကျုပ်ဟာ တစ်သက်လုံး ဗုဒ္ဓဘာသာလို့ပြောခဲ့တာပဲ၊ ဒါပေမဲ့တကယ်တော့မည်ကာ မတ္တဗုဒ္ဓဘာသာမျှသာဖြစ်ခဲ့တာကို ခုလို တရားစာပေတွေ လေ့လာမိမှ ပိုပြီးသိရတယ်၊ ကျုပ်ဟာ လောကမှာရှိတဲ့ မကောင်းမှုမှန်သမျှ မလုပ်ခဲ့ဖူးတာလဲ မရှိဘူး၊ လောကရဲ့ ခံစားရမယ့် အကောင်းဆုံးတွေကိုလဲ ကျုပ်မတွေ့ခဲ့ဖူးတာလဲ မရှိဘူး၊ ဒါပေမဲ့ ခုတွေ့ရမယ့် တရားတော်ရဲ့အဆီအနှစ် တွေကို ကျုပ်တစ်ခါမျှ မတွေ့ခဲ့ဘူး" ဟု ဖွင့်ဟဝန်ခံလျက် . . .

"ကျုပ်မှာ အာဏာရှိတဲ့အချိန် တုန်းကလဲ ဘာသာရေးကို အလေး အနက်မပြုမိဘူး၊ ဘာသာရေးဟာ ကျုပ် အတွက် ဟန်ပြအဆောင်အယောင် တစ်ခုလောက်သာရှိခဲ့တယ်၊ ကျုပ်ဆ မှာရှိတာက ကျုပ်အာဏာတည်မြဲရေး တိုင်းပြည်ကို ကျုပ်ကြိုက်တဲ့ပုံစံသွင်း တာပဲ ကျုပ်မှာအဓိကဖြစ်ခဲ့တယ်၊ အဲ အချိန်ကသာ ခုတွေ့ရတဲ့တရားတော် တွေကိုတွေ့ရရင် ခုလိုလဲဖြစ်မယ်မထင် ဘူး"ဟု ဖွင့်ဟခဲ့ဖူးသည်။

ဤမျှသာမကသေး၊ ဦးစောတွင် ကြီးမားသောအစွဲလမ်းကြီးတစ်ခုကြောင့် သူ့တွင် စိတ်အထိခိုက်ဆုံးဖြစ်ခဲ့ရသော သည်။

"ဒီတုန်းက ကျုပ်ဟာ နန်း ဝန်ကြီးဘဝနဲ့ရွှေဘိုနယ်ကိုရောက်ခဲ့

www.burmeseclassic.com

ဒီအချိန်က ရွှေဘိုနယ်မှာ အတော်ထင်ရှားကျော်ကြားနေတဲ့ အလောင်းဘုရား ဦးအောင်ဇေယျ ကိုးကွယ်ခဲ့တဲ့ သက်န်းနက်ဘုရား၊ မတ်ရပ်ဆင်းတုတော်ဟာ အတော်တန်ခိုးကြီးတယ်၊ ဆုတောင်းပြည့်တယ်၊ လိုတရတယ်၊ ရန်ကို အောင်နိုင်တယ်ဆိုတဲ့ သတင်းကြောင့် ဒီဘုရားကို မရအရ ရတဲ့နည်းနဲ့ ကျုပ် ယူခဲ့မိတယ်၊ ဒါပေမဲ့ ကိုးကွယ်လိုလို့ ကြည်ညိုသဒ္ဓါနဲ့ ပင့်ခဲ့တာမဟုတ်ဘူး၊ ကျုပ်အကျိုးအတွက်ကြည့်ပြီး ယူခဲ့တာပဲ၊ ဒီတော့ ဆင်းတုတော်ကို သာမန်မျှသာ ကိုးကွယ်မှုအဆင့်တင် မဟုတ်ဘဲ ကျုပ်ရဲ့ အဆောင်သဘောမျိုးပဲ ထားခဲ့မိတယ်၊ အဲဒါ ကျုပ်ရဲ့ မဟာအမှားကြီးပါပဲ. . .

နောက်မှ သိရတာက အဲဒီဆင်းတုတော်ကြီးဟာ တန်ခိုးကြီးသလောက် အလွန်ခိုက်တယ်ဆိုတာ သိရတော့ နောက်ကျသွားပြီ၊ ဒီတော့ ကျုပ်ဟာ အင်္ဂလိပ်အကျဉ်းသမားဖြစ်လိုက်, သေနတ်ချောင်းပစ်ခံရလိုက်နဲ့ နောက်ဆုံး ခုအခြေထိ ဖြစ်ခဲ့တာပဲ၊ နောက် ကျုပ်ဒီထဲရောက်မှ အဲဒီဆင်းတုတော်ကြီးကို ရွှေတိဂုံစေတီတော် စနေထောင့်မှာ ကျောင်းဆောင်တစ်ခုနဲ့ လှူဒါန်းလိုက်ရတယ်”ဟု ဝမ်းနည်းစွာပြောခဲ့သည်။ ၎င်းဘုရားအား ဦးစောကို သရဏဂုံတင်စဉ်မှ ရေစက်ချသွားခဲ့သည်။

သို့ဖြင့်ပင် ယနေ့သည် ဦးစောအတွက် နောက်ဆုံးနေ့ရက် နောက်ဆုံးအချိန်သို့ဆိုက်ရောက်ခဲ့ပြီ။ အစီအစဉ်များအရ ကျွန်တော်တို့အားလုံးသည် အသင့်ဖြစ်နေကြပြီ။

တရားရေးဌာန အတွင်းဝန်နှင့် အကျဉ်းဌာနမင်းကြီးတို့ ရှေ့ဆောင်လျက် ကျွန်တော်တို့သည် ဦးစော ထားရာကြိုးတိုက်သို့ ဆိတ်ငြိမ်စွာ လျှောက်လာကြသည်။ ဦးစော၏ ကြိုးတိုက်ကလေးသည် မာတ်မီးရောင်၊ ဆီမီးရောင်များကြောင့် လင်းသယောင်ရှိနေသည်။ ကြိုးတိုက်ရှေ့သို့ ကျွန်တော်တို့ အရောက်တွင် ဦးစောသည် အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်သည်။

ကြိုးတိုက်အတွင်းရှိ ဦးစော၏ ဆင်းတုတော်ကလေးတွင် ဆီမီးပတ်လည်၊ ကော်ဖီ၊ ဆွမ်း၊ မုန့်ဆွမ်းများ ဖြင့် ပန်းရေချမ်းများပါ ဝေဝေဆာဆာကပ်ထားသည်ကို တွေ့ရသည်။

ဦးစော၏ အစားအသောက်တာဝန်ကိုယူရသော အကျဉ်းသားလေး မောင်စင်ကာပူမှာ ၎င်း၏ဆရာအတွက် နံနက်စာကို နံနက် ၃ နာရီကပင် အသင့်ရှိနေသော်လည်း ဦးစောကား စားမသွားတော့ပေ။

ဦးစောသည် ၎င်း၏ကိုယ်တွင် သူ၏ဇနီး ဒေါ်သန်းခင် (မာမီကြီး) အကြိုက်ဟုပြောသော ပိုးရှမ်းဘောင်းဘီအဝါ၊ ပိုးရှပ်လက်တို အပြာနုရောင်၊ ရေညှိရောင် မော်လမြိုင်ရှေ့ထိုးဖိနပ်များဖြင့် သပ်ရပ်စွာ ဝတ်ဆင်လျက် အသင့်ရှိနေသည်။

ကျန်ခဲ့သော သူပိုင်ပစ္စည်းလေးများကို သူပေးလိုသူများ၏ အမည်ဖြင့် ယှဉ်လျက် သူ့ခုတင်ပေါ်တွင်တန်းစီတင်ခဲ့ပြီး ၎င်းနှင့်အတူရှိနေသော အရာရှိငယ်တစ်ဦးအား လွှဲအပ်ခဲ့လေသည်။

ထောင်မှူးကြီး ဦးစံတင်သည် ကြိုးကျတရားခံများအား ဝတ်ရမြဲဖြစ်သည့် အကျီဖြူအရှည်ကျောကွဲ (ဝတ်ရုံဖြူ)ကို လက်တစ်ဖက်တွင် တင်လျက် ကျန်လက်တစ်ဖက်မှ ဦးစော၏ ကြိုးတိုက်သံတံခါးသော့ကို ဖွင့်မည်ပြုစဉ် -

“ဒီဟာကြီးကို ဟိုပေါ်ရောက်မှ ဝတ်ပေးရင်မဖြစ်ဘူးလား”ဟု ဦးစောက ပြောလိုက်ရာ ထောင်မှူးကြီး၏တံခါးဖွင့်နေသောလက်သည် တန့်သွားပြီး သက်ဆိုင်ရာ အရာရှိကြီးများ၏ မျက်နှာကို ဆင့်ကဲဆင့်ကဲကြည့်လိုက်သည်။

ပြီးမှ အမိန့်ရသည့်အလား ကြိုးတိုက်သံတံခါးကို ဖွင့်လိုက်သည်နှင့် ထောင်ပိုင်ကြီးနှင့် ထောင်မှူးကြီးတို့သည် ဦးစောအား ဝဲယာညှပ်လျက် တွဲပြီးဖြစ်နေတော့သည်။ ဦးစောကား လက်ထိတ်မပါ၊ ဝတ်စုံဖြူဗလာဖြင့် ၎င်း၏ နောက်ဆုံးခရီးဖြစ်သော ကြိုးစင်ရှိရာသို့ ညင်သာတိတ်ဆိတ်စွာဖြင့် လိုက်ပါလာခဲ့သည်။

ကျွန်တော်တို့သည် ဆိတ်ငြိမ်လေးလံသော ခြေလှမ်းများဖြင့် ဦးစော၏နောက်မှ ကပ်လျက်ပါလာကြသော်လည်း ခံစားချက်ကား ပြင်းထန်သည်ဟု ဆိုရပါမည်။ အသက်ရှိ ကျန်းမာဖြိုးလျက်ရှိသူတစ်ဦးအား အသုဘအဖြစ် လိုက်လံပို့ဆောင်သကဲ့သို့ ရှိနေသည်မှာ ကျွန်တော်တို့အတွက် မသက်သာလှပါ။

ကြိုးစင်အား မြင်နေရလေပြီ။ ကြိုးစင်ရှေ့ရောက်လုနီးနီး ဦးစောမှာကား ခြေလှမ်းလေးလာသည်။ခြေတရွတ်ဆွဲလာသည်။ သို့သော် သတိကား မလွတ်ပေ။ တွေ့သော သူ၏သိဟောင်းကျွမ်းဟောင်းများကို အပြုံးဖြင့်နှုတ်ဆက်လျက်ရှိပြန်သည်။

ကြိုးစင်ခြေရင်းသို့ အရောက် ထောင်မှူးကြီး၏သတိပေးမှုဖြင့် အသင့်ရှိနေသော ဆင်းတုတော်ကလေးအား ဦးညွှတ်ဝတ်ပြုလျက် ဦးစောမှာ ဖိနပ်မပါတော့ဘဲ ထောင်မှူးကြီး ဦးစံတင်၏ တွဲခေါ်ရာ ကြိုးစင်သို့သာ တန်းတန်းမတ်မတ် တက်သွားတော့သည်။

ကြိုးစင်မှာ နှစ်ယောက်တစ်ပြိုင်တည်းပေးနိုင်သော နှစ်ခုတွဲဖြစ်သော်လည်း အခွင့်အရေးတောင်းတတ်သော ဦးစော၏ တောင်းပန်ချက်အရ သူ့အား နောက်ဆုံးအခွင့်အရေးဖြင့် သူ တစ်ဦးတည်းကိုသာ ပထမကြိုးမိန့်ပြစ်ဒဏ်ကို ခံယူစေခဲ့သည်။

အရှက်ဦး၏ နံနက်ရောင်ခြည်သည် ဦးစောနှင့်ပြိုင်တူ ကြိုးစင်ပေါ်သို့ ရောက်ခဲ့ကြပြီ။ ဦးစောသည် ၎င်းအလိုမရှိသော ကျောကွဲအကျီအဖြူရှည်ကြီးကိုဝတ်ရန် လက်လျှိုပေးစဉ် ကြိုးစင်ပတ်ဝန်းကျင်တွင်ရှိကြသော အမှုထမ်းအရာထမ်းများအား လှူစေ့မတတ်ကြည့်လျက် နောက်ဆုံးသောအပြုံးဖြင့် နှုတ်ဆက်ပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com

မကြာပါလေ၊ ဦးစော၏ ခြေစုံလက်စုံတို့တွင် ကြိုးတုပ်ပေးလျက်ရှိရာ ဦးစောသည် မျက်စိကိုစုံမှိတ်လိုက်သည်။

ထိုစဉ် ထောင်မှူးကြီးက ဦးစောအား Death Cap ခေါ် ခေါင်းစွပ်အိတ်အဖြူကို စွပ်ပေးလျက် ကြိုးကွင်းတင်လိုက်စဉ် ဦးစော ရပ်လျက်ရှိသော အောက်ခံ သံပြားကြီးနှစ်ချပ်မှာ တခဏအတွင်း ဂျိုင်းခနဲ မြည်ဟည်းလျက် ပွင့်ထွက်သွားသံနှင့်အတူ သူလည်း လုပ်ကြံမှုကြီး၏ ခေါင်းဆောင်တရားခံအဖြစ်မှ ဘဝသစ်သို့ ကူးပြောင်းရန် ငြိမ်သက်လျက် ရှိပေပြီ။

ဤသည်တို့မှာ အိုးဝေဂျာနယ်တွင် သာယာဝတီဦးသန်းမြင့်ရေးသားခဲ့သော ဂဠုန်စော၏ နောက်ဆုံးနေ့ ဆောင်းပါးမှ ဖြစ်ပါသည်။

ဦးစောသည် ကြိုးပေးမည့်ဆဲဆဲ ရက်ပိုင်းအတွင်းတွင် သမီးဖြစ်သူ မေသန်းစော (ခေါ်) ဘေဘီစောထံသို့ သက်ဆိုင်ရာအာဏာပိုင်များမှတစ်ဆင့် ဒေါသနှင့်အာဃာတမှာ ဘဝကိုကောင်းကျိုးမပေးကြောင်း မှာတမ်းစာ တစ်စောင် ရေးသားပေးပို့ခဲ့သည်။

စာထဲတွင် . . .

"ဒေါသနှင့် အာဃာတတရားများသည် ကောင်းကျိုးကိုမပေးဘဲ ဆိုးကျိုးကိုသာပေးသည်၊ သူသည် ဒေါသမီးကို ရင်ဝယ်ပိုက်ပြီး အာဃာတ တရားကြီးမားလွန်းခဲ့သဖြင့် သူ၏ဘဝကို တိုတိုနှင့်ပိုင်းကာ ဇာတ်သိမ်းဆိုးခဲ့ရသည်။

အကယ်၍ ဒေါသမီးကို ရင်ဝယ်မပိုက်ဘဲ ငြိမ်းသတ်နိုင်ခဲ့ပြီး အာဃာတတရားကိုလည်း ဖျောက်ဖျက်ပစ်နိုင်မည်ဆိုလျှင် ယခုလို အသက်ငယ်ငယ် ရွယ်ရွယ်နှင့် ဘဝကို တိုတိုပိုင်းရမည် မဟုတ်ချေ။

သူမြတ်နိုးသော ဇနီး၊ သူချစ်သော သမီးတို့နှင့် အိုအောင်မင်းအောင် နေထိုင်ရပြီး တိုင်းပြည်ကျိုးကို သယ်ပိုးထမ်းဆောင်သွားနိုင်မည်ဖြစ်သည်၊ ယခုမူကား လွန်ခဲ့လေပြီ၊ ပြီးခဲ့လေပြီ။

သို့တစေလည်း ဖခင်ဖြစ်သူ၏ အမှားမျိုး နောင်တမျိုး သံဝေဂမျိုးကို သမီးဖြစ်သူ မကြုံတွေ့ရလေအောင် ဖခင်၏ဘဝသင်ခန်းစာကိုယူ၍ ဒေါသမီးကို ရင်ဝယ်မပိုက်ထွေးဘဲ ငြိမ်းသတ်ပစ်ပါ၊ မည်သူ့အပေါ်မျှ ရန်ငြိုးဖွဲ့ ရန်ငြိုးမထားဘဲ အာဃာတတရားကို ဖျောက်ဖျက် မေ့ပျောက်ပစ်ပါလေ ချစ်သမီး" ဟူ၍ ဖော်ပြထားလေ၏။

၎င်း၏ရည်ညွှန်းလိုရင်းမှာ-

၁၉၄၆ ခု၊ ဦးစောမြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် မျိုးချစ်ပါတီနှင့် ဂဠုန်တပ်ဖွဲ့များ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန်နှင့် စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ၁၉၄၆ ခု၊ စက်တင်ဘာလ ၂၀ ရက်၊ ညနေ ၅ နာရီတွင် ဘုရင်ခံဆာဟူးဘတ်ရန့်စ်နှင့် တွေ့ဆုံပြီး ဘုရင်ခံအိမ်မှအပြန် ပြည်လမ်းအတိုင်း ပြန်လာခဲ့ရာ မြေနီကုန်းလမ်းဆုံအဝိုင်းကိုကျော်လွန်၍ စိန့်ဖလိုမီနာကျောင်း (ယခု အ.ထ.က ၂ စမ်းချောင်း)ရှေ့အရောက်တွင် ဦးစောအား အစိမ်းရောင်စစ်ယူနီဖောင်းဝတ်သူ သုံးဦးသည် ဂျစ်ကားတစ်စီးဖြင့် လိုက်၍ သေနတ်နှင့်ပစ်ရာ ဦးစောကို ကျည်မထိသော်လည်း မော်တော်ကားမှန်ကွဲသော မှန်ငယ်တစ်ခုရှသဖြင့် ဝဲဘက်မျက်လုံးနှင့် မျက်လုံးအောက် အထက်ပိုင်း၌ အနည်းငယ် ရှပ်မှန်ဒဏ်ရာရသည်ဟု ကြားရပါသည်။

ဦးစောအတွေးခေါင်ပြီး အထင်လွဲ၏၊ ဗိုလ်ချုပ်အောင်ဆန်းသည် ဘီအိုင်အေခေတ်မှစ၍ မြန်မာ့လက်နက်ကိုင် တော်လှန်ရေးအင်အားစုတစ်ရပ်လုံးကို ဦးစီးခဲ့သူဖြစ်သည့်အလျောက် မိမိကိုသေကြောင်းကြံသူသည် ဗိုလ်ချုပ်အောင်ဆန်း၏ ဂိုဏ်းဝင် ဖြစ်ရမည်ဟူ၍သာ ဦးစောယူဆခဲ့၏။

ထိုယူဆချက်မှာ တက်တက်စင်လွဲသည်။ ထိုသေကြောင်းကြံစည်မှု၌ ဗိုလ်ချုပ်အောင်ဆန်း ပယောဂ မပါကြောင်း၊ ထိုကိစ္စကို တစ်စွန်းတစ်စမျှ ဗိုလ်ချုပ် ကြိုတင်မသိခဲ့ကြောင်း ဗိုလ်ချုပ်နှင့် ရင်းနှီးသူအားလုံး ကောင်းကောင်းသိကြပါသည်။ ဗိုလ်ချုပ်သည် အချင်းချင်း နိုင်ငံရေးသတ်ဖြတ်မှုကို အလွန်စက်ဆုတ်သူ ဖြစ်သည်။ အခြားသူများလည်း မိမိကဲ့သို့ပင် နိုင်ငံရေးသတ်ဖြတ်မှုကို လိုလားကြမည်မဟုတ်ဟူသော ဗိုလ်ချုပ်၏ယုံကြည်ချက်သည်ပင် လုပ်ကြံလိုသူများအဖို့ အခွင့်အလမ်းသာသွားခဲ့ခြင်း ဖြစ်သည်။

ဤသေနတ်ပစ်ခံရမှုကို ဦးစောက ဗိုလ်ချုပ်လက်ချက်၊ ဗိုလ်ချုပ်၏ ပယောဂဖြစ်ကြောင်း တထစ်ချယူဆပြီး ဗိုလ်ချုပ်အပေါ် ပြန်လည်လက်စားချေ လုပ်ကြံရန် အမျက်ဒေါသနှင့်အာဃာတ တရားများကို အငြိုးအတေးကြီးစွာထားပြီး မဖြစ်မနေ "နိုင်ငံတော်လုပ်ကြံမှုကြီး" ကို ဖန်တီးခဲ့ပေသည်။

ဤသည်ကို နောင်တရစွာဖြင့် သမီးဖြစ်သူထံ ရေးသောစာ၌ "အမျက်ဒေါသနှင့် အာဃာတ တရားကိုဖျောက်ဖျက်မေ့ပျောက်ပစ်ပါလေ ချစ်သမီး" ဟု ဝန်ခံဆိုလိုရင်း ဖြစ်ပေသည်။

(လူအချင်းချင်း အထင်သေးခြင်း၊ လူအချင်းချင်းလှည့်ပတ်ခြင်းများနှင့် ဒေါသနှင့် အာဃာတ တရားများ ပယ်ဖျောက်နိုင်ပြီး ကိုယ်နှင့်အမျှ ယှဉ်သောမေတ္တာတရားများ ပွားများနိုင်ကြပါစေ)

❐ နေဝင်း

ကျမ်းကိုး

၁။ ဒေါက်တာမောင်မောင် (နိုင်ငံတော်လုပ်ကြံမှု ပြည်ထောင်စုနှင့်ဦးစော)

၂။ မောင်သုမန (ဗမာ့ဝင့်ကြွေး) ၁၉၄၈၊ မေ ၁ရက်။

၃။ သာယာဝတီဦးသန်းမြင့် (ဂဠုန်ဦးစော၏ နောက်ဆုံးနေ့) အိုးဝေဂျာနယ်၊ ၁၅.၇.၇၀ ရက်။

၄။ သန်းဝင်းလှိုင်(နိုင်ငံတော်လုပ်ကြံမှု တရားခံဂဠုန်ဦးစော၏ နောက်ဆုံးနေ့များ)



www.burmeseclassic.com

www.burmeseclassic.com

# နဝရတ်သျှတ္တာရဂေဗ္ဘိရ

ဆရာဦးခန့်ကျော်

ယခင်လမှအဆက်

## ဥဿဖရား TOPAZ ကျောက်

## ဥဿဖရား ကျွန်းမာ





"ဥဿဖရား" ကျောက်မျက်သည် နဝရတ်ကိုးပါး ကျောက်မျက်များတွင် တစ်ပါးအဖြစ် ပါဝင်နေပြီး ၎င်းဥဿဖရားကျောက်၏ ရုပ်ဂုဏ်သတ္တိထူးများနှင့် ဓာတ်ဂုဏ်သတ္တိထူးများကို သိပ္ပံနည်းကျ တိုင်းတာစစ်ဆေး ဖော်ထုတ်နိုင်ရန်အတွက်ကိုသော်လည်းကောင်း၊ ဝိဇ္ဇာနည်းကျ ခန့်မှန်းစစ်ဆေး ဖော်ထုတ်နိုင်ရန်အတွက်ကိုသော်လည်းကောင်း အခက်အခဲများ များစွာရှိနေဦးမည် ဖြစ်သည်။

လူတို့၏ ခန္ဓာကိုယ်အတွင်းရှိ ဇီဝသံလိုက်လှိုင်းများနှင့် ကျောက်မျက်များအတွင်းရှိ မြင်နိုင်ရန်ခဲယဉ်းသော စွမ်းအင်သတ္တိထူးများသည် ထူးဆန်းအံ့သြဖွယ်ရာပင် ဆက်သွယ်မှုရှိကြောင်း တွေ့ကြုံ သိရှိခဲ့ကြရသည်မှာ ကြာပြီဖြစ်သည်။ လောကတွင် ရှိနေလျက်၊ သိနေလျက်နှင့် သာမန်မျက်စိဖြင့် မြင်အပ်, မမြင်အပ်သော အရာများရှိသကဲ့သို့ မြင်နိုင်, မမြင်နိုင်သော အရာများလည်း ရှိနေတတ်ခြင်းမျိုးကဲ့သို့ ဖြစ်၏။

တစ်နည်းအားဖြင့် ဆိုရပါက ကျွန်ုပ်တို့အားလုံးသည် အသက်ရှင်ရပ်တည်ရေးအတွက် လေကို ရှူနေကြရသော်သည်း 'လေရှူ'သည်ဟု မသုံးနှုန်းပါ။ 'အသက်ရှူ' သည်ဟု ပြောပါသည်။ လေထဲရှိ အောက်ဆီဂျင်ဓာတ်ကို အဓိက ရှူနေကြရခြင်း ဖြစ်သည်။

လေထဲရှိ အောက်ဆီဂျင်ဓာတ်သည် အသက်ရှင်ရေးအတွက် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်သည်။ သို့သော် လေရှိကြောင်းကို ထိတွေ့ခံစားရသောကြောင့် သိနိုင်မည်ဖြစ်သော်လည်း အောက်ဆီဂျင်ဓာတ် ရှိမှုကို ကျွန်ုပ်တို့၏ သာမန်မျက်စိဖြင့် မြင်နိုင်စွမ်းမည် မဟုတ်ချေ။ ထိုနည်းလည်းကောင်းပင် ကျောက်မျက်များတွင်ရှိ မမြင်နိုင်သော စွမ်းရည်သတ္တိထူးများ၊ တစ်နည်းအားဖြင့် ကျောက်မျက်များအတွင်းရှိ ရုပ်ဂုဏ်သတ္တိထူးများနှင့် ဓာတ်ဂုဏ်သတ္တိထူးများကို သိပ္ပံနည်းကျ တိုင်းတာစစ်ဆေးနိုင်ရန် များစွာ အခက်အခဲရှိနေဦးမည် ဖြစ်သည်။

ထိုကဲ့သို့သော ကျောက်မျက်များအတွင်းရှိ မမြင်နိုင်သော သဘာဝသိဒ္ဓိဝင် အသက်ဓာတ် စွမ်းအင်ထူးများနှင့် လူ၏ခန္ဓာကိုယ် အစိတ်အပိုင်းများရှိ ဇီဝသံလိုက်လှိုင်းတို့သည် ထူးဆန်းစွာပင် ဆက်သွယ်မှုရှိကြောင်း သိခဲ့ကြရသည်မှာ ကြာပြီဖြစ်သည်။

ရှေးခေတ်က အီဂျစ်တွင် တည်ဆောက်ခဲ့သော ပိရမစ်ကြီးများအတွင်း အခန်းများဖွဲ့စည်းထားရာ၌ နေရောင်ခြည်ဝင်ရောက်နိုင်အောင် စီမံထားသော အခန်းများလည်း ပါရှိသည်ဖြစ်ရာ အချို့သော အခန်းများ၌ နေ၏ အဖြူရောင်အလင်းတန်းတွင် ပေါင်းစပ်ပါဝင်နေသော ရောင်စဉ် ခုနစ်ရောင်အနက် တစ်ခန်းကို တစ်ရောင်သာလျှင် ဝင်နိုင်အောင် အလင်းဝင်ပေါက်တွင် အရောင်စစ်ပေးသော မှန်သားသဖွယ်ရှိသည့် ကျောက်မျက်တစ်မျိုးမျိုးကို အသုံးပြု၍ ဆေးကုသခန်း





www.burmeseclassic.com

www.burmeseclassic.com

အဖြစ် အသုံးပြုခဲ့ကြသည်။ ရောဂါကုသခံမည့်သူသည် မိမိရောဂါအတွက် သင့်လျော်သော ကျောက်မျက်ရှိသည့် အခန်းတွင်းသို့ ဝင်ရောက်ပြီး ကျောက်မျက်ကို ဖြတ်၍ဝင်လာသော အရောင်ကို လှုံစေခြင်းဖြင့် ဝေဒနာများမှ သက်သာပျောက်ကင်းစေသော ကုထုံးနည်းဖြစ်၏။ ယနေ့ခေတ် ဓာတ်ရောင်ခြည်ကင်ခြင်းနှင့်တူသော ကုသနည်းဖြစ်၏။

ထို့ကြောင့် ရှည်လျားသော သမိုင်းကြောင်းများနှင့် အတူ လူသားများအပေါ် ကျောက်မျက်ရတနာတို့၏ ထူးခြားဆန်းကြယ်သော ဂမ္ဘီရဆန်လှသည့် အကျိုးထူးသက်ရောက်မှုများ ရှိကြောင်း၊ လွန်စွာ ဆေးဖက်ဝင်သော စွမ်းအားအာနိသင်များလည်း ပါရှိကြောင်း ယုံကြည်ခဲ့ကြမှုများသည် ယနေ့ခေတ် အခါကာလအနေဖြင့် အံ့သြဖွယ်ရာ မဟုတ်တော့ပေ။

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကို ကိုယ်ရောင်ကိုယ်ဝါများက လွှမ်းခြုံထားပါသည်။ ရုရှားလူမျိုး လောကဓာတ် သိပ္ပံပညာရှင် 'ပီတာကီအားလီးယန်း' (Peter Kirlian) တီထွင်ခဲ့သည့် ကီအားလီးယန်း ဓာတ်ပုံပညာဖြင့် ကိုယ်ရောင်ကိုယ်ဝါများကို လက်တွေ့စမ်းသပ်ရိုက်ယူမှုများအရ လူများ၊ တိရစ္ဆာန်များ၊ အပင်များ၊ တွင်းထွက်ပစ္စည်းများနှင့် ပုံဆောင်ခဲများကို ဓာတ်ပုံရိုက်ယူသောအခါ ၎င်းတို့၏ ပတ်ပတ်လည်တွင် လျှပ်စစ်သံလိုက်စက်ကွင်း ဓာတ်ရောင်ခြည်ပုံသဏ္ဌာန် ပုံရိပ်များကို ဖလင်ပြားပေါ်တွင် ဖမ်းယူရရှိနိုင်ခဲ့သည်။

ဓာတ်ပုံများပေါ်တွင် ပေါ်လာသော ပုံသဏ္ဌာန်များသည် သံလိုက်စက်ကွင်းများအတွင်း ရောက်ရှိနေသော ဓာတ်ရောင်ခြည် သံမှုန်ငယ်ကလေးများ၏ ပုံပန်းသဏ္ဌာန်နှင့် ဆင်တူလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့ သံလိုက်ကုထုံးဖြင့် ကုသကြသည့် သမားတော်ကြီးများသည်ပင်လျှင် ကျောက်မျက်ပုံဆောင်ခဲများအတွင်း ဆေးကုသနိုင်သော စွမ်းအားများ 'အောင်းဝင်'နေကြောင်းကို သိရှိယုံကြည်ကြသဖြင့် ၎င်းစွမ်းအားများကိုယူ၍ အသုံးပြုကုသနေကြပြီဖြစ်သည်။

အောင်းဝင်(Inclusion)ဆိုသည်မှာ ဥပမာဆိုရပါက ခရစ္စတယ်တစ်ခုတွင် ဝင်ရောက်ပိတ်မိနေသော သေးငယ်သည့် ငှက်မွေးသဏ္ဌာန် အကွဲကြောင်းလေးများ၊ အရွယ်အစား အမျိုးမျိုးရှိသော လေပူဖောင်းကလေးများ၊ တိရစ္ဆာန်၊ သစ်ပင်တို့၏ အစအနကလေးများ စသည်တို့ကို ခေါ်ဆိုခြင်းဖြစ်သည်။ ခရစ္စတယ်တစ်ခုကို အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်လျှင် အရေးပါလှသော အောင်းဝင်အခြင်းအရာများကို တွေ့ရမည် ဖြစ်သည်။

ကျောက်မျက်ရတနာတို့ဖြင့် ဆေးကုသရာတွင် ဆေးကုသမည့် သမားတော်ဖြစ်သူသည် လူနာတစ်ဦးချင်းစီ၏ လိုအပ်ချက်အပေါ် မူတည်၍ သဘာဝသိဒ္ဓိဝင် စွမ်းအင်များဖြင့် ပြည့်နေသည့် ကျောက်သလင်း ပုံဆောင်ခဲဖြင့်သော်လည်းကောင်း၊ အခြားကျောက်မျက် တစ်မျိုးမျိုးဖြင့်သော်လည်းကောင်း လူ့ခန္ဓာကိုယ်ပေါ်ရှိ 'ချက်ကရ' (Chakra)များပေါ်တွင် တိုက်ရိုက်ထိတွေ့စေခြင်းဖြင့် ကုသကြသည်။

Chakra ဆိုသည်မှာ လူတို့၏ခန္ဓာကိုယ်ပေါ်ရှိ 'စွမ်းအင်ဆုံချက်'များကို ခေါ်ဆိုခြင်းဖြစ်သည်။ သင်္သကရိုက်ဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး 'အလင်းရောင်ရှိသောဘီး' ဟူ၍လည်း အဓိပ္ပာယ်ရပါသည်။

လူတို့၏ခန္ဓာကိုယ်တွင် အဓိကကျသော Chakra နေရာများမှာ (၁) ငယ်ထိပ် (၂) နဖူး (၃) လည်ပင်း (၄) နှလုံး (၅) ရင်ညွန့်နေရာ (၆) ဝမ်းဗိုက် (၇) မြီးညောင်းရိုးနေရာဟူ၍ ခုနစ်နေရာ ရှိပါသည်။

Chakra များအလိုက် အသုံးပြုရမည့် ကျောက်မျက်ရတနာများနှင့် ပတ်သက်၍ အဝါရောင် ဥဿဖရားကျောက်မျက်ကို ရင်ညွန့်တစ်ဝိုက်နေရာတွင် အသုံးပြု ကုသရမည်ဖြစ်သည်။

ရင်ညွန့်တစ်ဝိုက်ရှိ Chakra မှ စုပ်ယူလိုက်သော စွမ်းအင်များသည် အသည်းနှင့် ပန်ကရိယတို့ကို နှိုးဆွပေးနိုင်ပြီး ၎င်းစွမ်းအင်များသည် အခြားသော စွမ်းအင်များနှင့် အပြန်အလှန် မည်ကဲ့သို့ ဖလှယ်ထိန်းချုပ်ရမည်ကိုလည်း လုပ်ဆောင်ပါသည်။ ၎င်းနှင့်ဆက်စပ်နေသော အရောင်မှာ 'အဝါရောင်' ဖြစ်သည်။

ဥဿဖရားကျောက်မျက်တို့တွင် အရှေ့တိုင်းကျောက်မျက်နှင့် အနောက်တိုင်းဥရောပကျောက်မျက် ဟူ၍ အမျိုးအစား နှစ်မျိုးရှိပြီး အရှေ့တိုင်းမှ ကျောက်မျက်အမျိုးအစားများသည် ဥရောပမှ ကျောက်မျက်အမျိုးအစားများထက် အရောင်အသွေးရော၊ မာဆင့်ပါ ပို၍သာပါသည်။

အဝါရောင် ဥဿဖရားကျောက်ကို ဝတ်ဆင် ဆောင်ထားခြင်းအားဖြင့် ဖျားနာခြင်းများမှ ကာကွယ်မှုကိုပေးနိုင်ပြီး ကျန်းမာမှုကို လွန်စွာအထောက်အကူပြုပါသည်။ ထို့ကြောင့်လည်း 'ဥဿဖရား ကျန်းမာ'ဟူ၍ တင်စားပြောဆိုကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ထွက်ရှိသော ဥဿဖရား ကျောက်မျက်များသည် အဝါရောင်သန်းလျက် ရှိပါသည်။

ဥဿဖရားသည် တွင်းထွက်ပုံဆောင်ခဲ ကျောက်မျက် တစ်မျိုးဖြစ်ပြီး ပုံဆောင်ခဲ၏ ထိပ်ပိုင်းကို မာကျောသော ပိရမစ်ပုံသဏ္ဌာန်ထိပ်ဖူးဖြင့် ဖွဲ့စည်းထားသည်။ ၎င်းဥဿဖရား ပုံဆောင်ခဲများတွင် ဖလိုရင်းနှင့် ရေဓာတ်ပါဝင်မှု ပမာဏ အချိုးအစားပေါ်မူတည်၍ အရောင်အမျိုးမျိုး ဖြစ်ပေါ်စေကာ ကိုယ်ပိုင်အလင်းပြန် အရည်အသွေးများ ဖြစ်ပေါ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com

အဝါရောင်၊ ရွှေရောင်နှင့် ဝါညိုရောင်တို့သည် ဥဿဖရားကျောက်တို့၏ စစ်မှန်သော မူလအရောင်များ ဖြစ်ကြောင်း သိရပါသည်။

မြန်မာလို "ဥဿဖရားကျောက်"ကို ရှေးယခင်က ဂရိဘာသာစကားဖြင့် Kreusos(ရွှေ)နှင့် Lithos(ကျောက်) ဟူသော ဝေါဟာရမှ ဆင်းသက်လာသော 'ခရိုင်ဆိုလိုက်' (Chrysolite)ဟု ခေါ်ဆိုကြောင်း သိရသည်။ အစိမ်းရောင်နှင့် စိမ်းဝါရောင် ပြောင်ခေါင်းစိမ်းကျောက်များကိုလည်း Chrysolite ကျောက်မျက်အုပ်စုတွင် ထည့်သွင်းထားသည်။

ရောမခေတ် တိုင်းရင်းဆေး သမားတော်များ၏ အလိုအရ ဥဿဖရားကျောက်ကို မြည်း၏လည်ဆံမွေးနှင့် ဆံပင်တွင် ချည်နှောင်ထားခြင်းဖြင့် ထမင်းလုံးတစ္ဆေ ခြောက်ခြင်းနှင့် မကောင်းသော မစ္ဆရိယစိတ်ထားများကို တွန်းလှန်နိုင်ကြောင်း ဆိုထားပါသည်။

သမားတော်လည်းဖြစ်၊ ဘုန်းတော်ကြီးလည်းဖြစ်သော Marbode (၁၀၆၇-၁၀၈၁)ကလည်း လူရောစိတ်ပါ ကျန်းမာချမ်းသာမှုများကို အထောက်အကူပြုနိုင်စေရန် "ခရိုင်ဆိုလိုက်ကျောက်" များကို ဆွဲသီးများအဖြစ် ပြုလုပ်ဝတ်ဆင်ကြရန် အားပေးတိုက်တွန်းခဲ့သည်။

ရောမခေတ်က သမားတော်အများစုသည် ပုလိပ်ရောဂါသည်များအတွက် ရောဂါစွဲကပ်နေသူများ၏ အရေပြားပေါ်ရှိ အနာများကို ဥဿဖရားကျောက်ဖြင့် ထိကပ်၍ ကုသပေးခဲ့ကြသည်။

ဥဿဖရားကျောက်ကို သမားတော်ကြီးများသည် မျက်စဉ်းဆေးအဖြစ် အသုံးများခဲ့ကြပါသည်။ အထူးသဖြင့် အလယ်ခေတ်မှစ၍ တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြသည်။ မျက်စိအမြင်မှုန်ဝါးခြင်းကို ပြန်လည်ကြည်လင်စေနိုင်ရန် မျက်စဉ်းဆေးကို ဖော်စပ်ရာတွင် ဥဿဖရားကျောက်ကို သုံးည၊ လေးရက်အထိ ဝိုင်အရက်ထဲတွင် စိမ်ထားပြီး ၎င်းအရည်သည် ငါးရက်မြောက်နေ့သို့ ရောက်သောအခါတွင်မှ ဆေးဖက်ဝင်အရည် ဖြစ်ပေါ်လာသည်။

ဝိုင်အရက်ထဲတွင် ဥဿဖရားကျောက်ကို စိမ်ရာတွင် အထူးသဖြင့် လပြည့်ညများတွင် စိမ်သည်ဟု ဆိုပါသည်။ ကုသပုံမှာ မျက်စိအမြင်မှုန်ဝါးသူသည် ညအိပ်ရာမဝင်မီ ဆေးရည်ဖြင့် မျက်လုံးအိမ်ကို ညင်သာစွာ ပွတ်သပ်ပေးပြီး အိပ်စက်ရန် ဖြစ်သည်။

ဥဿဖရားကျောက်၏ အလင်းယိုင်ညွှန်းကိန်း (RI) နှင့် အလင်းရောင်တွင် တဖျပ်ဖျပ်တောက်ပသော 'မီး' ဟုခေါ်သည့် ပွင့်ရည်သည် စိန်ထက်နိမ့်သော်လည်း အရောင်မဲ့ ဥဿဖရားကျောက်များသည် စိန်နှင့် သိပ်သည်းဆ (SG) ခြင်းမှာ ဆင်တူဖြစ်သည်။ အညိုရောင်၊ ပန်းရောင်နှင့် အဝါရောင် ဥဿဖရားတို့သည် အပြာရောင်ဥဿဖရားတို့ထက် သိပ်သည်းဆနှင့် အလင်းယိုင်ညွှန်းကိန်းများ မြင့်မားလေ့ရှိကြောင်း သိရသည်။ တစ်ခါတစ်ရံ 'ဥဿဖရား'ကျောက်နှင့် 'မြ'ကျောက်တို့ကို မှားယွင်းတတ်ကြသည်။ အထူးသဖြင့် အပြာရောင် ဥဿဖရားနှင့် အပြာရောင် မြကျောက်တို့ မှားယွင်းတတ်ခြင်းမျိုး ဖြစ်သည်။

ဥဿဖရား ပုံဆောင်ခဲများကို အိုင်ယာလန်ကျွန်းရှိ မောနဲတောင်တန်းများတွင် တူးဖော်ရရှိနိုင်သည်။ အဓိက ဥဿဖရားထွက်ရှိရာ ကျောက်မိုင်းများကို ဘရာဇီး၊ သီရိလင်္ကာ၊ ဖင်ဘာဘွေ၊ နိုင်ဂျီးရီးယား၊ တောင်အာဖရိကနှင့် အင်္ဂလန်မှ ကွန်းဝေါလ်တို့တွင်လည်းကောင်း၊ အမေရိကမှ ဆန်ဒရီဂိုဒေသတို့တွင်လည်းကောင်း တူးဖော်ရရှိနိုင်သည်။ ထို့အပြင် ရုရှားနိုင်ငံအတွင်းရှိ ယူရေးတောင်တန်းများတွင်လည်း တွေ့ရှိရသည်။

'De Gemmiset Coloribus' စာအုပ်၌ ဥဿဖရားကျောက်တွင် ရှုသွပ်ခြင်းကို ကာကွယ်ကုသနိုင်သော စွမ်းရည်သတ္တိများနှင့် အသိဉာဏ်ပညာကို တိုးတက်ပွားများဖြစ်ထွန်းပေါ်ပေါက်စေနိုင်သော အစွမ်းများပါရှိကြောင်း၊ တစ်ဖန် သတိတရားနှင့် အမြော်အမြင်တို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း Jerome Cardan (1587) က ရေးသားဖော်ပြထားပါသည်။

တစ်ခါတစ်ရံ ဥဿဖရားကျောက်မှ နို့နှစ်ရောင်ကဲ့သို့ အရည်များ စိမ့်ထွက်တတ်ကြောင်း၊ ၎င်းနို့နှစ်ရောင်အရည်များကို စုဆောင်းသိမ်းဆည်းထားပြီး ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးအဖြစ် အသုံးပြုခဲ့ကြောင်း ဆိုက်ပရပ်စ်မှ ဘုန်းတော်ကြီး Epiphanius (AD 315-403)ကလည်း ရေးသားဖော်ပြခဲ့သည်။

လွန်စွာတန်ဖိုးကြီးသော ခရိုင်ဆိုလိုက်ခေါ် ဥဿဖရားကျောက်များကို နေ့အခါများတွင် မမြင်နိုင်ဟု ဒဏ္ဍာရီများတွင် ဆိုထားရာ အီဂျစ်ခေတ်က လွန်စွာ တန်ခိုးထွားခဲ့သော ဖာရိုဘုရင်များကလည်း ဥဿဖရားကျောက်မျက်များကို ညအချိန်များတွင်ပါ တူးဖော် စုဆောင်းပေးနိုင်ရန်အတွက် ကျွန်းသူ၊ ကျွန်းသားများကို သီးသန့်လိုင်စင်များ ထုတ်ပေးခဲ့ကြောင်း ကမ္ဘာ့ရာဇဝင်သမိုင်းကြောင်း အထောက်အထားများအရ သိရပါသည်။

ယနေ့ ကမ္ဘာတွင် အသုံးပြု ဝတ်ဆင်ဆောင်ထားအသုံးများလျက်ရှိကြသော ပန်းရောင်ဥဿဖရား ကျောက်မျက် အားလုံးသည် အပူပေးမီးဖုတ်ပြုပြင်ထားသော ကျောက်များသာဖြစ်ကြောင်း သိရှိရပါသည်။

၁၇၅၀ ပြည့်နှစ်တွင် ပဲရစ်မှ ကျောက်မျက်ကုန်သည်များသည် ဥဿဖရားပုံဆောင်ခဲများကို အပူပေး မီးဖုတ်ပြုပြင်ခြင်းဖြင့် အလွန်လှပသော ပန်းရောင်ဥဿဖရားနှင့် အညိုရောင်ဥဿဖရား ကျောက်များကို ရရှိနိုင်ကြောင်း


www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိခဲ့ကြပြီး ဘရာဇီးနိုင်ငံမှ ထွက်သော အဝါရောင် ဥသဖရားကျောက်မျက်များကို ပန်းရောင်အဖြစ် ပြောင်းလဲခဲ့ကြခြင်း ဖြစ်သည်။

ကျောက်မျက်တို့သည် လူသားများအပေါ် အန္တရာယ်ကာကွယ်နိုင်မှုနှင့် ကောင်းကျိုးချမ်းသာပေးစွမ်းနိုင်မှုအချို့တို့နှင့်ပတ်သက်၍ . . .

ဥသဖရားကျောက်မျက်သည် သွေးထွက်လွန်ခြင်းကို တားဆီးပေးနိုင်ခြင်း၊ ရုတ်တရက်သေဆုံးနိုင်ခြင်းကို ကာကွယ်ပေးနိုင်ခြင်း၊ ထို့အပြင် စုန်း၊ နတ် ဖမ်းစားခံရခြင်းနှင့် ပြုစားခံရခြင်းတို့မှ ဖယ်ရှားပေးနိုင်သည့်အပြင် အနာဂတ်ကြိုတင်ဟောကိန်းများကို နိမိတ်ဖတ် ဟောဆိုရာ၌လည်း များစွာအထောက်အကူပြုပါသည်။

ဥသဖရား ကျောက်မျက်သည် လေထိုးလေအောင့်ခြင်းများမှ သက်သာပျောက်ကင်းစေနိုင်သည်။ တစ်ဖန် စိတ်ဖောက်ပြန်ခြင်း၊ သွေးရူးသွေးတန်းဖြစ်ခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ဝမ်းနည်းပူဆွေးခြင်းနှင့် စိတ်အားငယ်ခြင်း ရောဂါဝေဒနာတို့ကို ကုသရာတွင်လည်း အသုံးပြုသည်။

အသုံးပြုရခြင်း၏ အခြေခံ အဓိကအကြောင်းရင်းတစ်ခုမှာ ဥသဖရားကျောက်ကို ဆူပွက်နေသော ရေထဲသို့ ပစ်ထည့်လိုက်မည်ဆိုပါက ချက်ချင်းဆိုသလိုပင် ရေများအေးသွားစေနိုင်သော အစွမ်းသတ္တိထူးများ ရှိသောကြောင့်ဖြစ်သည်။

တစ်နည်းအားဖြင့် ဥသဖရားကျောက်သည် အပူရှိန်ကို လျော့ကျစေနိုင်သော အပူမီးကို သက်သာပျောက်ကင်းစေနိုင်သော ဂုဏ်သတ္တိများ အထူးပါရှိနေသောကြောင့် ဖြစ်သည်။ စိတ်ကို တည်ငြိမ်အေးချမ်းစေမှုနှင့် စိတ်တန်ခိုးမြင့်စေနိုင်မှုတို့ကို လွန်စွာအထောက်အကူပြုသော 'ကျောက်မျက်' တစ်မျိုး ဖြစ်သည်။

အထူးသဖြင့် ရှေးခေတ်ဂရိလူမျိုး လောကီပညာရှင်များသည် ဥသဖရားကျောက်ကို ဆေးကြိမ်လုံး၏ထိပ်ဖျားတွင် အခြားသော ကျောက်မျက်ရတနာများနှင့် အတူတွဲဖက်ကာ ရွှေဖြင့်ကွပ်၍ တပ်ဆင်ပြီး အနာဂတ်ကြိုတင်ဟောကိန်းများကို နိမိတ်ဖတ်ဟောဆိုရာတွင် အသုံးပြုခဲ့ကြကြောင်း သိရပါသည်။

❒ ဆရာဦးခန့်ထွေး


# ဆရာဦးအောင်ကြည်သန်း

## B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

✪ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့်အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက်အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒိပ် စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်းထိအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။


ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၄၉၂၇၅၀၁၀

ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။




www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့် ဘဝ ကောက်ကြောင်း

ညွန့်မောင်ဦး

ကျွန်တော် ကျောင်းသားဘဝ က ဦးဝိစာရ ကွက်သစ်မှာ နေပါသည်။ ဦးဝိစာရကွက်သစ်မှာ (ယခု တော်လှန်ရေးပန်းခြံ) ပြုလုပ်ထားသော နေရာ ဖြစ်ပါသည်။ ထိုအချိန်က ရန်ကုန်မြို့မှာ ကွက်သစ်အတော်များများ ရှိကြသည့် အနက် ဦးဝိစာရကွက်သစ်မှာ ကွက်သစ်ကြီးဖြစ်ပြီး အိမ်ခြေများ၍ စည်ကားပါသည်။ နောက်တစ်ကြောင်းကလည်း ရွှေတိဂုံစေတီတော်ကြီးနှင့်နီး၍ မြေနီကုန်း-စမ်းချောင်း-ကြည့်မြင်တိုင်-အလုံစသည့်ရပ်ကွက်မှ လူများက ရွှေတိဂုံစေတီတော်ကြီးကို ဘုရားဖူးလာကြလျှင် ဦးဝိစာရလမ်းမှပင် လာကြ၍ ကွက်သစ်ကြီးမှာ နေ့နေ့ညည စည်ကား နေပါသည်။

ထိုအချိန်က ဦးဝိစာရကွက်သစ်ကြီးမှာ ဈေး၊ ဓမ္မာရုံ၊ ဘုန်းတော်ကြီးကျောင်းနှင့် စာဖတ်ခန်း ပါရှိပါသည်။ စာဖတ်ခန်းမှာ အပေါ်ထပ်ကို စာဖတ်ခန်း ပြုလုပ်ထားပြီး အောက်ထပ်မှာ လူငယ်များ အားကစားရုံ ပြုလုပ်ပေးထားပါသည်။ စာဖတ်ခန်းနှင့် အားကစားရုံကို တာဝန်ခံ အုပ်ချုပ်သူမှာ ဆရာဦးဘိုကြည် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုကြည်မှာ လူလွတ်ဖြစ်၍ အပေါ်ထပ်မှာ နေထိုင်ပါသည်။ ဦးဘိုကြည်နှင့်အတူ မိတ်ဆွေနှစ်ယောက်လည်း နေထိုင်ပါသည်။ ထိုမိတ်ဆွေနှစ်ယောက်ထဲမှ တစ်ယောက်မှာ တယောအမြဲထိုးနေ၍ အောက်ထပ်မှ ဝိတ်မ,နေသူများက တယောသံကြားလျှင် "တယ်သာယာပါလား ကိုကြံ့တိုင်းရေ" ဟူ၍ အမြဲလှမ်းနောက်နေကြပါသည်။

ထိုတယောထိုးသူမှာ နောင်အခါမှာ ဒါရိုက်တာသက်လယ် အမည်နှင့် ရုပ်ရှင်လောကကို ရောက်သွားပါသည်။ နောက်တစ်ယောက် ကျွန်တော်တို့ ဝိတ်ရုံမှ ရုပ်ရှင်မင်းသား ဖြစ်သွားသူက မင်းသားကြီး "ဒေဝ" ဖြစ်ပါသည်။ ကိုဒေဝ အမည်ရင်းမှာ ကိုလှသန်း ဖြစ်ပါသည်။ ကိုလှသန်းမှာ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ရုပ်ရည်ချောမောပြီး ကျွန်တော်တို့ ဝိတ်ရုံမှာလည်း ဥက္ကဋ္ဌဖြစ်၍ ညနေတိုင်း ဝိတ်လာကစားနေ၍ လူငယ်များကို ဝိတ်မနည်းများလည်း သင်ပေးပါသည်။ ထိုအချိန်ကပင် ကိုလှသန်းမှာ အိမ်ထောင်နှင့် သမီးလေးတစ်ယောက် ရှိပါသည်။

ကိုလှသန်းက ဝပ်ရှော့ရုံမှာ ကားစက်ပြင်ဆရာတစ်ယောက် ဖြစ်သော်လည်း အလုပ်ကို အချိန်မှန်မှန်မဆင်းဘဲ အားကစားရုံကိစ္စများကိုသာ လုပ်နေပြီး လူငယ်များနှင့်စုပေါင်း၍ သကြံန်အဖွဲ့ထောင်လေသည်။ သကြံန်အဖွဲ့ခေါင်းဆောင်လုပ်၍ သံချပ်တိုင်ပါသည်။ သကြံန်အဖွဲ့အမည်မှာ "ခေတ်လူငယ်" ဖြစ်ပါသည်။

ကျွန်တော်သည် ကိုလှသန်းနှင့် တစ်လမ်းတည်းနေသူဖြစ်၍ "ခေတ်လူငယ်" သကြံန်မှာ အဖွဲ့သားအဖြစ်ပါပါသည်။ အဖွဲ့ခေါင်းဆောင် ကိုလှသန်းမှာ ဟန်ပန်ကောင်းပြီး လူလုံးလူဖန်လည်း တောင့်တင်း၍ ကျွန်တော်တို့ ခေတ်လူငယ်အဖွဲ့ စမ်းချောင်း ကျွန်းတောရပ်ကွက်ရှိ ဆုပေးမဏ္ဍပ်တွင် ဝင်ပြိုင်ရာမှာ ဆုပေးမဏ္ဍပ်၌ အကဲဖြတ်လူကြီး လုပ်နေသော အေဝမ်းဖလင်မှ ဒါရိုက်တာကြီး ဦးချင်းစိန်က ကိုလှသန်းကို သဘောကျ၍ ဆုချီးမြှင့်ပါသည်။

ကျွန်တော်တို့ ခေတ်လူငယ်အဖွဲ့ကို တခြားမဏ္ဍပ်များကလည်း ဆုပေးပါသည်။ ဒီလိုနှင့် နောက်ပိုင်းမှာ ကိုလှသန်း အေဝမ်းရုပ်ရှင်ကုမ္ပဏီနှင့် ဆက်မိသွားပြီး "သားရွှေဒေါင်းတောင်" ဇာတ်ကားရိုက်ရန် စာချုပ်ချုပ်ပါသည်။ သို့သော် ကိုလှသန်းမှာ အလုပ်ဆင်းချိန်များ ပျက်ကွက်၍ "သားရွှေဒေါင်းတောင်" ဇာတ်ကားကို တက္ကသိုလ်ဖော်ဝင်းနှင့် ပြောင်းရိုက်လိုက်ပါသည်။ ကိုလှသန်းလည်း မင်းသားမဖြစ်ဘဲ နောက်လေးငါးနှစ်ကြာသောအခါမှသာ မင်းသမီးသီသီ၏ယောကျ်ား ဒါရိုက်တာလှမင်းက ကိုလှသန်းကို မိမိတို့ကုမ္ပဏီကိုခေါ်ပြီး "ဒေဝ"အမည်ပေး၍ ဇာတ်ကားရိုက်ပါသည်။ ထိုအချိန်မှာ အသက်ကြီးလာပြီဖြစ်၍ မင်းသားမဖြစ်တော့ဘဲ ဇာတ်ပို့ဘဝသာ ရပါတော့သည်။

နောက်တစ်ဦး ကျွန်တော်တို့ ဦးဝိစာရကွက်သစ်မှ ရုပ်ရှင်လောကကို ရောက်သွားသူမှာ အသံဖမ်း (အေဝမ်းမောင်စံ) ဖြစ်ပါသည်။ အေဝမ်းမောင်စံမှာ ကျွန်တော်တို့ သကြံန်အဖွဲ့အတွက် သီချင်းများကို သီချင်းရေးဆရာ အေဝမ်းကြည်အေး (နောင် ဒါရိုက်တာသန်းကျော်ဌေး)ကို ရေးခိုင်းပါသည်။ ကျွန်တော်တို့ဝိတ်ရုံမှ လူငယ်များမှာလည်း ရုပ်ရှင်ရိုက်ရာမှာ ဇာတ်ရံအဖြစ် မကြာခဏ ပါဝင်ကြရပါသည်။

ထိုအချိန်က ကျွန်တော်တို့ ဝိတ်ရုံမှ ထွန်းထွန်းပေါက်ပေါက် ဆုရသွားသူမှာ စန်းမြင့်နောင် ဖြစ်ပါသည်။

စန်းမြင့်နောင်မှာ ၁၉၅၄ ခုနှစ် တက္ကသိုလ် မောင်ပြိုင်ပွဲတွင် အငယ်တန်းမှာ ပထမ၊ အကြီးတန်းမှာ တတိယ ရပါသည်။

*

ကျွန်တော်သည် ယခု ကျွန်တော်တင်ပြခဲ့သူများနှင့်စာလျှင်အသက်ငယ်ပါသည်။ အသက်ပင် ငယ်သော်လည်း ညနေကျောင်းမှပြန်ရောက်သည်နှင့် ဝိတ်ရုံထဲမှာ ဝိတ်မလိုက်၊ အပေါ်ထပ် စာကြည့်ခန်းတက်ပြီး စာဖတ်လိုက် လုပ်နေပါသည်။ ဘယ်ဟာကိုဝါသနာပါမှန်း မခွဲခြားတတ်ပါ။ ဒီလိုနှင့် နွေရာသီ ကျောင်းပိတ်ရက်မှာ အစ်ေ ဝမ်းကွဲတစ်ယောက်က သူမယောကျ်ား အိမ်ကိုလိုက်သွားရာ အဖော်မရှိ၍ ကျွန်တော့်ကိုပါ ခေါ်သွားပါသည်။ ကျွန်တော့် ယောက်ဖမှာ ကျော… မြောင်း သင်္ဂဟလမ်းမှာ အိမ်တစ်လုံးနှင့် တစ်ယောက်တည်းနေပြီး သင့်အ… မဂ္ဂဇင်းတိုက်မှာ ဖိုမင်လုပ်ပါသည်။

ကျွန်တော်တို့ မောင်နှမ နှစ်… ယောက်မှာ နေ့စဉ်ပင် အိပ်လိုက်၊ စား… လိုက်၊ ယောက်ဖကြီးအိမ်မှာ ရှိသော… စာအုပ်များကိုဖတ်လိုက်နှင့် မပျော်သော်လည်း ပျော်အောင်နေနေရပါသည်။ ထိုအချိန်က သင့်ဘဝ ပုံနှိပ်တိုက်မှာ စာအုပ်မရိုက်သေးဘဲ ကားလက်မှတ်များ၊ ကြော်ငြာများလောက်သာ ရိုက်ပါ… သည်။ ပုံနှိပ်စက်ကလည်း ခြေနင်းစက်… ကလေး ဖြစ်ပါသည်။ တိုက်ရှင်မှာ အဖိုး… ကြီးနှင့် တူမလေးတို့ ဖြစ်ပါသည်။

ကျွန်တော့်ယောက်ဖ ခေါ်သွား… ၍ မကြာခဏ ကျွန်တော် တိုက်သို့… ရောက်ပါသည်။ တိုက်ရှင်အဖိုးကြီး… သဘောကောင်း၍ မုန့်ကျွေးပါသည်။ ကျွန်တော့်ယောက်ဖကြီးဆီမှ ကျွန်တော်… ကို တောင်းပါသည်။

"ကိုသန်းကြီး၊ ဒီကောင်လေး… ကျွန်မတို့ကို ပေးမလား. . . အိမ်မှာ… ယောကျ်ားလေးမရှိလို့ မွေးစားမယ်"

"သူက ကျောင်းတက်နေတာ… စာပုံနှိပ်တာ၊ စာစီတာ ကြည့်ချင်တယ်… ဆိုလို့ ခေါ်လာတာ ကျောင်းဖွင့်ရင် ပြန်… မှာပါ"

"စာစီတဲ့ပညာတတ်ချင်ရင် ဒီ… နေဘက်မှာ လာကြည့်ပါ ကောင်လေး… မင်းလာချင်ရင် ကိုကြီးသန်း မပါ… လာပါ၊ မမ စကားပြောဖော်ရတာ…



www.burmeseclassic.com

www.burmeseclassic.com

"အိမ်မှာ သူတို့မောင်နှမ နှစ်ယောက်ကတော့ စာပဲဖတ်နေကြတာ၊ ...စုထားတဲ့ စာအုပ်တွေက များလို့ ...နံမှာ မဟုတ်ဘူး"

"စာဖတ်တာ ကောင်းတာပေါ့၊ ...ဘုသုတလဲရတယ်"

"ဒီကောင်လေးက အနေအေး...တယ်၊ စကားနည်းတယ်၊ မောင်နှမချင်း...တောင် စကားပြောတာ သိပ်မတွေ့ရ...ဘူး"

"ကောင်လေး ပျင်းတဲ့အခါ မမ...ဆီ လာလည်နော်"

"ဟုတ်ကဲ့ လာလည်ပါ့မယ်"

ဒီလိုနှင့် ညနေ အလုပ်ပြီး၍ ...ယောက်ဖကြီး ပြန်လာပြီး ထမင်းစားနေ...ချင် ကျွန်တော် မမမြင့်တို့ တိုက်ကို ...သွားလည်ပါသည်။မမမြင့်က ကျွန်တော့် ...ခေါ်၍ ကျားကွက်သစ်ဘက်မှာ ...ရှိသော မုန့်ဆိုင်တွေမှာ မုန့်သွားစား...ကြပါသည်။ ဒီလိုနှင့် ကျောင်းဖွင့်ချိန် ...ရောက်သောအခါ ကျွန်တော် အိမ်ပြန် ...ခဲ့ပါသည်။ နောက်ပိုင်း လေးငါးနှစ် ...လောက် ကျွန်တော် သင်္ဂဟလမ်းကို ...ရောက်တော့ပါ။ ကျွန်တော့်ယောက်ဖ...ကြီးလည်း ထိုသင်္ဂဟလမ်းပုံနှိပ်စက်မှ ...ထွက်၍ မင်္ဂလာတောင်ညွန့်ပုံနှိပ်စက် ...ကို ပြောင်းသွားပါသည်။

ကျွန်တော်လည်း ၁၉၅၈ ခုနှစ် ...မှာ အလုပ်ဝင်ပါသည်။ ကျွန်တော် ရုံးမှာ ...အလုပ်ဝင်သောအခါ စာဖတ်ဝါသနာ ...လည်း အတော်အသင့် ပါနေပြီးဖြစ်၍ ...ကျွန်တော် ယခင်က ရောက်ဖူးသော ...သင်္ဂဟလမ်း ပုံနှိပ်တိုက်မှ "သင့်ဘဝ" ...ထုတ်ဝေ...ထွက်နေကြောင်း တွေ့ရပါသည်။

မဂ္ဂဇင်းစာအုပ်မှာ ရှုမဝမဂ္ဂဇင်း၊ ...သွေးသောက်မဂ္ဂဇင်းများလို နှစ်ကျပ် ...တန် မဟုတ်ဘဲ တစ်ကျပ်တန် ဖြစ်ပါ...သည်။ အယ်ဒီတာမှာ ဦးလေးကြီး ...ဦးတင်မောင် ဖြစ်ပါသည်။

ကျွန်တော် ကျောင်းသားဘဝ ...က မြင်းပြိုင်ပွဲရှိပါသည်။ မြင်းပြိုင်ပွဲမှာ ...အပတ်စဉ် တနင်္ဂနွေနေ့မှာ ကျင်းပသည်။ မြင်းပွဲကို အကြောင်းပြု၍ ၁၀ ပြားတန် စာစောင်ကလေး သုံးစောင် ထုတ်ဝေပါသည်။ ၎င်းစာစောင် သုံးစောင်မှာ (၁) ဘားမားစတား (၂)ဖလင်စတားနှင့် (၃) ဟာသစာစောင်များ ဖြစ်ပါသည်။ ထိုစာစောင် သုံးစောင်တွင် မြင်းတစ် (မြင်းပြိုင်ပွဲခန့်မှန်းခြေ)များကို အဓိကဖော်ပြထားပြီး ကဗျာကလေးများနှင့် ကာတွန်းကလေးများကိုလည်း ဖော်ပြပေးထားပါသည်။

အထူးသဖြင့် "ဘားမားစတား" စာစောင်မှာ ကာတွန်းဆရာအောင်ရှိန်၏ ဦးလူပေါနှင့် ညဏ်ကျယ်လေး ကာတွန်းမှာ လူကြိုက်အများဆုံးဖြစ်ပါသည်။ နောက်ပိုင်းကာတွန်းကို လူတွေသဘောကျလာ၍ ပေါ်ပြူလာကာတွန်းစာစောင်မှစ၍ ကာတွန်းစာအုပ်များ ခေတ်စားလာပါသည်။ နောက်တစ်ဖန် ၁၀ ပြားတန်စာစောင်မှာ ကဗျာတိုကလေးများ ရေးရာမှ ကဗျာဆရာများလည်း တော်တော်များများ ဖြစ်လာကြသည်ကို တွေ့ရပါသည်။

ဒီလိုနှင့် တော်လှန်ရေးအစိုးရတက်လာပြီး လောင်းကစားဖြစ်သည့် မြင်းပြိုင်ပွဲကို ပိတ်လိုက်သောအခါ ၁၀ ပြားတန် ဘားမားစတားနှင့် ဖလင်စတား စာစောင်များ ရပ်သွားပါသည်။ ဟာသစာစောင်မှာမူ တစ်ကျပ်တန် စာစောင်အဖြစ် ဆက်လက်ထုတ်ဝေနေပါသည်။

တစ်ကျပ်တန်စာစောင်အကြောင်း ပြောရလျှင် တစ်ကျပ်စာစောင်လည်း သုံးအုပ်လောက်ရှိပါသည်။ ထိုသုံးအုပ်မှာ ၁၀ ပြားတန် စာစောင်များ မပေါ်မီ (၁၉၅၃-၁၉၅၄) ခုနှစ်လောက်ကပင် ထွက်နေပါသည်။ ထိုတစ်ကျပ်တန် စာစောင်များထဲတွင် "ချိုတေးသံ" စာစောင်မှာ အရောင်းရဆုံး ဖြစ်ပါသည်။ ချိုတေးသံစာစောင်မှာ ရေဒီယိုမှ လွှင့်သည့် သီချင်းများ၊ တီးဝိုင်းအဖွဲ့များကို ဓာတ်ပုံများနှင့် ဖော်ပြထားပါသည်။ သီချင်းများ၊ ဆောင်းပါးများ၊ သောတရှင် သိလိုရာ အမေးအဖြေများ၊ ဝတ္ထုကဗျာများ စသည်တို့နှင့် ဖော်ပြထားသော တစ်ကျပ်တန်စာစောင် နှစ်စောင်လည်း ပေါ်လာပါသည်။ ၎င်းစာစောင်နှစ်စောင်မှာ "တိုင်းရင်းမေ"စာစောင်နှင့် "ယုဝတီ"စာစောင်တို့ ဖြစ်ပါသည်။ ထိုအမျိုးသမီးစာစောင် နှစ်ခုအနက် "တိုင်းရင်းမေ"စာစောင်မှာ ရောင်းအားကောင်းပါသည်။ ကဏ္ဍလည်း စုံပါသည်။ အထူးသဖြင့် တိုင်းရင်းမေ ကဗျာများမှာ လူကြိုက်များပါသည်။

ထိုအချိန်က တိုင်းရင်းမေကဗျာကဏ္ဍကို ကိုင်သည်မှာ ကဗျာဆရာ ဒေါင်းနွယ်ဆွေဖြစ်ပါသည်။ ကျွန်တော်လည်း ကဗျာလောကကို စ၍ဝင်သည်မှာ တိုင်းရင်းမေ မဂ္ဂဇင်းမှ စပါသည်။

*

စာစောင်များအကြောင်း စာပေအကြောင်းနှင့် ကဗျာအကြောင်းများကို ကျွန်တော်သိမီသမျှ တင်ပြပြီးနောက် ကျွန်တော် စာပေနယ်ထဲ ရောက်လာပုံအကြောင်းကို တင်ပြပါမည်။

ကျွန်တော် ကျောင်းမှထွက်ပြီး ၁၉၅၈ ခုနှစ်မှာ လူဝင်မှုကြီးကြပ်ရေးဌာနမှာ အလုပ်ဝင်ပါသည်။ အလုပ်ဝင်ပြီး တစ်လကျော်ကျော်မှာ စာအလွန်ဖတ်သော သူငယ်ချင်းတစ်ယောက်နှင့် တွေ့မိပါသည်။ ထိုသူငယ်ချင်းမှာ တစ်ရပ်ကွက်တည်းနေ သူချင်းဖြစ်၍ ပို၍ရင်းနှီးသွားပါသည်။

ကျွန်တော်တို့ ရုံးမှာ လုပ်စဉ်က စနေနေ့နံနက် ၁၂ နာရီမှ ၁ နာရီအထိ ထမင်းစားချိန်နှင့် နားချိန်ပေးပါသည်။ ကျွန်တော်သည် နံနက် ၉ နာရီကပင် အိမ်မှ ထမင်းအဝစား၍ ၁၂ နာရီ အနားပေးချိန်မှာ ထမင်းမစား၊ လက်ဖက်ရည်မသောက်ဘဲ သူငယ်ချင်း နှစ်ယောက် စာဖတ်ခန်းကိုသွား၍ စာဖတ်ပါသည်။ ထိုအချိန်က စာဖတ်ခန်း (စာကြည့်တိုက်) မှာ နှစ်နေရာရှိပါသည်။ တစ်နေရာက စာပေဗိမာန်အပေါ်ထပ်



www.burmeseclassic.com

www.burmeseclassic.com

မှာရှိပြီး နောက်တစ်နေရာမှာ ပန်းဆိုးတန်းလမ်းမှာရှိသော ပြန်ကြားရေး စာကြည့်တိုက်ဖြစ်ပါသည်။ကျွန်တော်တို့ ရုံးမှာ ပန်းဆိုးတန်းအလယ်ဘလောက်မှာရှိ၍ စာကြည့်ခန်းကို ငါးမိနစ်ခန့်သာ သွားရပါသည်။ ထိုအချိန်က ကျွန်တော်တို့နှစ်ယောက် လူလွတ်များဖြစ်၍ စိတ်သွားတိုင်းကိုယ်ပါသူများ ဖြစ်ပါသည်။ ဒီလိုနှင့် သူငယ်ချင်းက သူ့ဆန္ဒကို ပြောပါသည်။

“ငါကတော့ ကဗျာဝါသနာပါတယ်၊ ကဗျာပဲရေးမယ်၊ မင်းကတော့ သတင်းစာတွေဖတ်၊ ဝတ္ထုတွေ၊ ဆောင်းပါးတွေ ဖတ်တယ်၊ ဘာရေးမယ်လို့ စိတ်ကူးလဲ”

“ကဗျာကိုလဲ ဝါသနာပါပါတယ်၊ ဒါပေမဲ့ ကဗျာရေးနည်းကို ငါမသိဘူး”

“ဝါသနာပါရင် ကဗျာရေးနည်းတွေ များများဖတ်၊ ငါ့မှာ ဆရာဒေါင်းနွယ်ဆွေ ရေးတဲ့ ‘ကဗျာ့ပုလဲကုံး’ စာအုပ်ရှိတယ်၊ မင်းယူဖတ်ပါ၊ ကဗျာရှည်ကြီးတွေ သိပ်ကောင်းတယ်”

“ဟုတ်တယ်၊ မင်းပြောတဲ့အတိုင်း ကဗျာစာအုပ်တွေ ဖတ်ရမယ်”

“ဆရာ ဦးထွန်းရွှေ ရေးတဲ့ ‘ကဗျာချိန်ခွင်’စာအုပ်နဲ့ ဆရာကြီး ဦးဖိုးငွေရေးတဲ့ ကဗျာဖွဲ့နည်း စာအုပ်တွေ ဖတ်ရင် မင်းကဗျာ ရေးတတ်လာမှာပဲ”

“ငါ့ကို ဆရာတစ်ယောက် ပြောဖူးတယ်၊ ကဗျာရေးတတ်ချင်ရင် ရှင်ဥတ္တမကျော်တောလား ရှင်မဟာရဋ္ဌသာရရဲ့ ဝဏ္ဏပဘာ ကဗျာတွေကို အလွတ်ရအောင်ကျက်ပါ၊ ကဗျာ ရေးတတ်လာလိမ့်မယ်လို့ ပြောတယ်”

“မင်းပြောတာမှန်ပါတယ်၊ သူတို့ကဗျာတွေက အနုအနွဲ့ အလှတွေနဲ့ ကောင်းပါတယ်၊ ဒါပေမဲ့ တချို့စကားလုံးတွေကို ငါ နားမလည်ဘူး၊ ငါကတော့ ပြည်သူတွေနားလည်တဲ့ စကားလုံးတွေနဲ့ပဲ ရေးချင်တယ်”

ဒီလိုနှင့် ကျွန်တော် အလုပ်ဝင်ပြီး တစ်နှစ်အကြာ ၁၉၅၉ ခုနှစ်မှာ ကျွန်တော်တို့နေသော ဦးဝိစာရကွက်သစ်ကြီးကို ဖျက်ပြီး တောင်ဥက္ကလာပမြို့သစ်ကို ပို့ပါသည်။ ကျွန်တော်တို့လိုပင် ရန်ကုန်မြို့မှာရှိသော ကွက်သစ်များကို တောင်ဥက္ကလာပမြို့သစ်၊ မြောက်ဥက္ကလာပမြို့သစ်၊ သာကေတမြို့သစ်နှင့် သုဝဏ္ဏမြို့သစ်များကို ပို့ပေးပါသည်။ ကျွန်တော့် သူငယ်ချင်းလည်း ကျွန်တော် မြေကွက်ရသော (၁၀) ရပ်ကွက်မှာပင် မြေကွက်ရပါသည်။ မြို့သစ်မှာ အိမ်ဆောက်ပြီးသောအခါ သူငယ်ချင်းက သူ့ဆန္ဒကို တင်ပြလာပါသည်။

“သူငယ်ချင်း၊ ငါတို့ကဗျာ အဖွဲ့ထောင်ရအောင်၊ ဒါမှ ငါတို့ ကဗျာရေးဖြစ်မှာ”

“ဘယ်မှာ ထောင်မှာလဲ၊ ငါတို့နှစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား”

“နှစ်ယောက်တည်းနဲ့တော့ မဖြစ်ဘူး၊ ငါလူတွေရှာထားတယ်၊ ငါ သူတို့နဲ့လည်း တွေ့ပြီး ပြောပြီးပြီ”

“ဘယ်က လူတွေလဲ”

“ကဗျာဆရာတွေလေ၊ ရွှေရ-တောင်ကုတ်ရယ်၊ မနုဖြူ-ကျော်ထွန်းရယ်၊ စစ်တွေ-နောင်လတ်ရယ်၊ သူတို့သုံးယောက်နဲ့ တိုင်ပင်ပြီးပြီ”

“သူတို့သုံးယောက်က ဘာပြောလဲ၊ အဖွဲ့နေရာဘယ်မှာထား မှာလဲ”

“အဖွဲ့နေရာကတော့ မင်း အိမ်မှာထားမယ်၊ မင်းက သားအမိ နှစ်ယောက်တည်း ဆိုတော့ အိမ်ကျယ်တယ်”

“မင်းပြောတဲ့ ကဗျာဆရာတွေက ငါ့အိမ်ကို လာမှာလား”

“လာကြလိမ့်မယ်၊ ဆိုင်းဘုတ်ကိုလဲ ငါ ရွှေရ-တောင်ကုတ်နဲ့ တိုင်ပင်ပြီး ရေးထားတယ်၊ နောက်အပတ် တနင်္ဂနွေညနေမှာ ငါတို့အားလုံး ဆုံကြပြီး ဆိုင်းဘုတ်တင်မယ်၊ အဖွဲ့လဲ ဖွဲ့မယ်၊ အဲဒါ မင်းအားလုံးပြင်ထားပါ”

ချိန်းထားသည့်နေ့မှာ မနုဖြူ-ကျော်ထွန်း (အီကြာကွေး)၊ ရွှေရ-တောင်ကုတ်နှင့် စစ်တွေ-နောင်လတ် ရောက်လာကြပါသည်။ ၎င်းတို့ သုံး ယောက်အနက် ရွှေရ-တောင်ကုတ်မှာ ကျွန်တော်တို့ဌာနမှဖြစ်၍ လူချင်းသိ ပါသည်။

သူ့အမည်ရင်း ကိုထွန်းငြိမ်း ဖြ ပြီး ရွှေရ-တောင်ကုတ်အမည်နှင့် “ ရိပ်ကဗျာများ”ကဗျာစာအုပ်ရေးထား ဖြစ်ပါသည်။

မနုဖြူ-ကျော်ထွန်းမှာ ကျွန် တော်နှင့် ဦးဝိစာရကွက်သစ်မှာ နေ ကပင် သိနေကြပါသည်။ မနုဖြူ-ကျော် ထွန်းမှာ အဒေါ်နှင့်လာနေပြီး၊ တောင် ဥက္ကလာပမြို့သစ်ကို ပြောင်းသောအ (၁၂)ရပ်ကွက်မှာ မြေနေရာ ရပါသည် နောက်ပိုင်းမှာ သူ့အကြောင်း ရေး မည်။ စစ်တွေ-နောင်လတ်မှာ ကျွန် တော်နှင့် မသိပါ၊ သူငယ်ချင်းက ခေါ် လာခြင်း ဖြစ်ပါသည်။ ထိုကဗျာဆ သုံးယောက်စလုံး ရှုမဝမဂ္ဂဇင်း၊ ငွေ သောက်မဂ္ဂဇင်းတွေမှာ ကဗျာရေး ကြသည်။

ကျွန်တော် စာပေအကြော ကဗျာအကြောင်း ဘာမှ နားမလ သေးသော်လည်း ထိုနေ့က ကျွန်တော် အိမ်မှာ “မုန်တိုင်းစာပေဝါသနာ အဖွဲ့” ဆိုင်းဘုတ်တင်လိုက်ပြီး ဥက္က (၁)အဖြစ် ရွှေရ-တောင်ကုတ်၊ ဥက္က (၂) မနုဖြူ-ကျော်ထွန်း၊ ဥက္ကဋ္ဌ စစ်တွေ-နောင်လတ် တို့ကို တင်လို ကျွန်တော့်သူငယ်ချင်းက အိမ်မဲ ယဉ် အမည်နှင့် အတွင်းရေးမှူးလုပ် ကျွန်တော်က မောင်ဟေဝန် အမည် ဘဏ္ဍာရေးမှူး လုပ်ပါသည်။ စာပေအ ဖွဲ့ပြီးနောက်မှာ ကျွန်တော်တို့ ကမ်းကြော်ငြာလေးများ ဝေပါသ ကျွန်တော့်သူငယ်ချင်းက လက် ကြော်ငြာများကို ဧရာဝတီတိုင်း နယ်များကိုပင် ပို့ပေးပါသည်။

ကျွန်တော်တို့ ကြော်ငြာ နောက်တစ်ပတ်ခန့်အကြာမှာ ရ ထဲမှ ကျောင်းသားလူငယ် လေး



www.burmeseclassic.com

www.burmeseclassic.com

ယောက်ခန့် အဖွဲ့ဝင်အဖြစ်ရောက်လာကြပါသည်။ ထိုဝင်ရောက်လာသော လူငယ်ဆယ်ယောက်ထဲမှ မောင်ပါကြီး (နောင် မြင့်မိုးဥက္ကလာ)နှင့် မောင်ခင်စော (နောင် ဥက္ကလာခင်စော)တို့ နှစ်ယောက်ကို အသင်းအမှုဆောင်ခန့်လိုက်ပါသည်။ ထိုစဉ်က မောင်ပါကြီးနှင့် မောင်ခင်စောတို့မှာ သတ္တမတန်းကျောင်းသားများ ဖြစ်ပါသည်။ သို့သော် အသင်း၏လှုပ်ရှားမှုများကို ရှေ့တန်းမှ ဆောင်ရွက်နေကြပါသည်။

ကျွန်တော်တို့အဖွဲ့မှာ ညဘက်တွင် ပိုစတာများရေးပြီး လမ်းဘေးအုတ်ခုံတွေမှာ လိုက်ကပ်ကြပါသည်။ ခင်စောမှာ လက်ဝဲစာလုံးအရေးကောင်းသူဖြစ်၍ ပိုစတာများကို ရေးပေးပါသည်။ အဖွဲ့၏ ကုန်ကျငွေများကို အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးက ကျခံပါသည်။

တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါမှာ ဥက္ကဋ္ဌများလာ၍ ကဗျာအကြောင်း ဆွေးနွေးကြပါသည်။ ဆွေးနွေးပွဲမှာ လူမများသဖြင့် ဆွေးနွေးပွဲပြီးတိုင်း ကျွန်တော်တို့ ညထမင်း ချက်စားကြပါသည်။

ထိုသို့ ညထမင်းချက်စားကြရာ တစ်ခါက မောင်ခင်စောနှင့် မောင်မဲတို့ နှစ်ယောက်က ယခုည ထမင်းချက်ရာမှာ ဟင်းအတွက် သူတို့နှစ်ယောက် တာဝန်ယူသည်။ မောင်မဲက ကြက်တစ်ကောင် ယူလာမည်။ မောင်ခင်စောက ဘူးသီးတစ်လုံး ယူလာမည်ဟု ပြောပြီး ပြောသည့်အတိုင်း ယူလာကြပါသည်။ ကျွန်တော် ထမင်းချက်နေစဉ်မှာ ကြက်သားနှင့် ဘူးသီးကို သူတို့နှစ်ယောက် အပင် လုပ်ကိုင်ပေးကြပါသည်။

ကျွန်တော်တို့ ထမင်းဟင်းများ ချက်ပြီးနောက် ဆွေးနွေးပွဲ ပြုလုပ်ကြပါသည်။ ထိုညက ဆွေးနွေးသည်မှာ ရွှေရ-တောင်ကုတ် ဖြစ်ပါသည်။ ဆွေးနွေးပွဲပြီး၍ ထမင်းစားရန် ပြင်ဆင်ကြပါသည်။

"မောင်ခင်စော၊ ထမင်းပွဲပြင်ကွာ၊ မောင်မဲလဲ ဝိုင်းလုပ်ပါ"

"ဟုတ်ကဲ့၊ လူကြီးတွေ ထိုင်နေပါ၊ ကျွန်တော်တို့ လုပ်ပါ့မယ်"

"ဒီည ဘူးသီးနဲ့ကြက်သားဟင်းကတော့ ရှယ်ပဲ"

"ဟုတ်တယ်၊ မောင်ခင်စောနဲ့ မောင်မဲတို့လက်ရာ၊ မောင်မဲက ကြက်၊ မောင်ခင်စောက ဘူးသီး"

"ဘူးသီးနဲ့ ကြက်က ကာလသားတွေ အကြိုက်ပဲ မြန်မြန်ပြင်ပါ၊ ကိုရွှေရက မြောက်ဥက္ကလာကို ပြန်ရမှာ"

"ဟုတ်တယ်၊ ကျွန်တော် စားပြီးတာနဲ့ ပြန်မယ်၊ ဟိုမှာ ကိစ္စတစ်ခုရှိသေးတယ်"

"ဒီည ကိုကျော်ထွန်း မလာဘူး၊ သူလာရင် ရယ်စရာ အမြဲပြောတာ"

ကျွန်တော်က ပန်းကန်တွေ ယူပြီး ထမင်းခူး၊ မောင်ခင်စောက ဟင်းခပ်ထည့်၍ မောင်မဲက ထမင်းပွဲ သယ်ပါသည်။ ဒီလိုနှင့် လူစုံ၍ ထမင်းစားနေစဉ်မှာ လမ်းထဲမှ ဆူဆူညံညံအသံများ ကြားရ၍ ကျွန်တော် ထမင်းဝိုင်းမှ ထပြီး နားထောင်ပါသည်။ ကျန်လူများလည်း ထမင်းကို ဆက်မစားဘဲ နားစွင့်နေကြပါသည်။ ထိုအချိန်တွင် ဆူညံသံများက ကျွန်တော့်အိမ်နှင့် နီးလာပြီး အိမ်ရှေ့မှာ လူအုပ်ကြီးရပ်၍ မောင်မဲကို အော်ခေါ်နေပါသည်။

"ဟေ့ကောင် မောင်မဲ၊ ထွက်ခဲ့စမ်း"

"ခွေးကောင် ကြက်သူခိုး. . . ထွက်ခဲ့"

"ကိုယ့်အိမ်က ကြက်ကိုခိုးပြီး ပထွေးတွေကိုကျွေးတဲ့ကောင်၊ လာခဲ့စမ်း"

အသံတွေက ဆူညံနေပြီး လူတစ်ယောက် နှစ်ယောက်က အိမ်ထဲကို ဝင်လာနေသည်ကိုတွေ့ရ၍ ကျွန်တော်က မောင်မဲကို သွားထွက်တွေ့ရန် ပြောရာ မောင်မဲက ကြောက်၍ အိမ်ရှေ့မထွက်ဘဲ အိမ်နောက်ဖေးကို ပြေးပြီး အိမ်သာထဲ ဝင်ပုန်းနေပါသည်။ မောင်မဲ ပြေးသွားစဉ်မှာ ထမင်းဝိုင်းမှလူများက ထမင်းပွဲကို ဖျာနှင့်အုပ်လိုက်ပြီး အားလုံး မတ်တတ်ရပ်၍ ပြေးကြရန် ဟန်ပြင်နေပါသည်။ ကျွန်တော်လည်း မတတ်သာသည့် အဆုံးမှာ လူအုပ်ကို ထွက်တွေ့လိုက်ပါသည်။ လူအုပ်မှာ မောင်မဲအဖေနှင့် အစ်ကို နှစ်ယောက်၊ အစ်မ နှစ်ယောက် ဖြစ်ပါသည်။ အားလုံး ဒေါသထွက်နေကြပါသည်။

"ကျွန်တော်ပြောပါရစေ ဦးလေး၊ ကျွန်တော်တို့ ကြက်သားဟင်း ချက်စားတာ မှန်ပါတယ်၊ ဒါပေမဲ့ မောင်မဲ ကြက်ခိုးလာမှန်း၊ ဦးလေးတို့ ကြက်မှန်း မသိပါဘူး၊ ခါတိုင်းချက်ရာမှာ ကျွန်တော်ကိုယ်တိုင် ဈေးကဝယ်ပါတယ်၊ ဒီတစ်ခါ သူယူသာပြီလို့ ပြောတာနဲ့ ချက်လိုက်ပါတယ်"

"ဟုတ်ပါတယ် ဦးလေး၊ မောင်မဲက ကြက်ယူလာပြီး မင်း ဘူးသီးရှာပါဆိုလို့ ကျွန်တော်လဲ အိမ်က ဘူးသီး ခူးလာတာပါ"

"ဒါဖြင့် မင်းလဲ သူခိုးပေါ့၊ လက်စသတ်တော့ ဒီအိမ်က လူငယ်လေးတွေမွေးပြီး ခိုးစားနေတာပဲ"

"ကျွန်တော် ပြောပါရစေ. . ကျွန်တော်တို့က လူငယ်လေးတွေကို စာပေဗဟုသုတရအောင် ပြုစုနေတဲ့ အဖွဲ့ပါ၊ ဦးလေးသား ခိုးလာတဲ့ ကြက်တန်ဖိုးကို ကျွန်တော် လျော်ပါ့မယ်"

"ကျွန်တော် တောင်းပန်ပါတယ် ဦးလေးရယ်၊ ကြက်တန်ဖိုးသာ ယူလိုက်ပါ"

"ဟိုကောင် မောင်မဲ၊ ငါ ခေါ်နေတာ ဘာဖြစ်လို့ ထွက်မလာလဲ၊ မင်း သေချင်ပြီလား ထွက်ခဲ့စမ်း"

"မောင်မဲ မရှိတော့ဘူး ဦးလေး၊ ခြံနောက်ဖေးက ထွက်ပြေးသွားပြီ"

"တောက်. . . ဒီကောင် အိမ်ကျမှ သိမယ်"

ကြက်ကိစ္စ ရှင်းပြီးသောအခါ ဘယ်သူမှ ထမင်းမစားကြတော့ဘဲ ဗိုက်





www.burmeseclassic.com

www.burmeseclassic.com

မကောင်းဖြစ်၍ ထပြန်သွားကြပါသည်။ နောက်ပိုင်းမှာ မောင်မဲလည်း မလာတော့ပါ။

ဒီလိုနှင့် ကျွန်တော်တို့ နောက်တစ်ပတ် ပြန်ဆုံကြသောအခါ ကျွန်တော်က မောင်ခင်စောကို မေးပါသည်။

"မင်းတို့အိမ်က ဘူးသီးပျောက်တာ မဆူဘူးလား"

"ကျွန်တော်ခိုးမှန်း မသိဘူး၊ သိရင်ဆူမှာပေါ့"

"မောင်မဲကိစ္စဖြစ်သွားတာ ငါတို့အဖွဲ့ တော်တော်သိက္ခာကျသွားတယ်"

"ဖြစ်ပြီးတာတွေ မတွေးပါနဲ့ အစ်ကိုရာ၊ ကျွန်တော်တော့ ကဗျာရေးတတ်အောင် ကြိုးစားမယ်၊ အစ်ကိုလဲ ကြိုးစားပါ"

ကျွန်တော်တို့ "မုန်တိုင်းစာပေဝါသနာရှင်အဖွဲ့"နောက်ပိုင်းမှာ နယ်က လူငယ်လေးများနှင့် မိန်းကလေးများပါ အဖွဲ့ဝင် အဖွဲ့သားအဖြစ် စာများ၊ ကဗျာများ ပေးပို့၍ အဖွဲ့ဝင်ကြပါသည်။ ကျွန်တော် ဘာမှနားမလည်၍ အတွင်းရေးမှူးက လုပ်ကိုင်နေပါသည်။ အဖွဲ့ဖွဲ့ပြီး တစ်နှစ်ခန့်အကြာမှာ ပါကြီးက (မြင့်မိုးဥက္ကလာ)အမည်နှင့် ကဗျာများ စ၍ ရေးနေပြီး မောင်ခင်စောက (ဥက္ကလာခင်စော)အမည်နှင့် ကဗျာများ စရေးနေကြပါသည်။

ကျွန်တော်တို့မှာ ဘာကဗျာမှ မရေးသေးပါ၊ ရေးလည်း မရေးတတ်သေးပါ။ ထိုအချိန်မှာ အသင်း၏ အလှုပ်ရှားဆုံးဖြစ်သော အတွင်းရေးမှူးမှာ မမျှော်လင့်ဘဲ အိမ်ထောင်ကျပြီး နယ်ကို့ပြောင်းသွား၍ သူပြောင်းသွားပြီး နောက်မှာ အသင်းလည်း ပျက်သွားပါသည်။ အသင်းပျက်သွားပြီးနောက် ကျွန်တော် စာပဲဖတ်နေပါသည်။

*

ထိုအချိန်တွင် ကျွန်တော်တို့ရုံးမှာ ရုံးတွင်းအပြောင်းအရွှေ့လုပ်ရာ ကျွန်တော့်စားပွဲဘေးသို့ ကိုသိန်းအောင်ဆိုသူ ရောက်လာပါသည်။ ကိုသိန်းအောင်မှာ စာပေသမားဖြစ်ပြီး သကြ်န်သံချပ်များ ရေးပါသည်။ ကိုသိန်းအောင် အပေါင်းအသင်းများမှာ ကဗျာသမား၊ သံချပ်သမား ဖြစ်ကြပြီး မကြာခဏ ကိုသိန်းအောင်ဆီ လာကြရာမှ ကျွန်တော်နှင့်ပါ ခင်မင်သွားပါသည်။

ထိုအချိန်က သင်္ကြန်မှာ အလှပြကားများ၊ သံချပ်ထိုးသော ကားများ ခေတ်စားနေကြချိန်ဖြစ်ရာ မြို့နယ်ပေါင်းစုံမှ အလှပြကားများ၊ ရေပက်ခံသံချပ်တိုင်သော ကားများ ထွက်ပါသည်။ ထိုမြို့နယ်ပေါင်းစုံမှ ထွက်သော သင်္ကြန်အလှပြ သံချပ်တိုင်သော ကားများထဲတွင် အမှတ်(၅)နယ်မြေ ကြည့်မြင်တိုင်မှ ထွက်သော သင်္ကြန်ကားများမှာ လူကြိုက်များပါသည်။

မှတ်မိသမျှပြောရလျှင် "သောင်းခြောက်ထောင်" အဖွဲ့ ဟာသသရုပ်ပြအဖွဲ့ခေါင်းဆောင် ကိုတင်ရီ၊ "ဘုရားမကြိုက်သောလူတစ်စု" အဖွဲ့ခေါင်းဆောင် ကိုအေးကြိုင်နှင့် "ပြည်တော်ချစ် မင်းသားကြီး" အဖွဲ့ခေါင်းဆောင် ကိုသိန်းအောင်တို့ ဖြစ်ပါသည်။

၎င်းအဖွဲ့သုံးဖွဲ့မှာ ကြည့်မြင်တိုင် ချင်းချောင်းခြံနှင့် ဟုန်းလမ်းရပ်ကွက်တို့မှ ဖြစ်ပါသည်။ ထိုအချိန်တွင် ဟုန်းလမ်း ရပ်ကွက်နှင့် ချင်းချောင်းခြံ ရပ်ကွက်တို့မှာ အနုပညာသမားအများစု နေထိုင်သော ရပ်ကွက်ဖြစ်ပါသည်။ ဆိုင်းဆရာကြီး စိန်နွဲ့၊ ဦးကြံ့တိုင်း၊ စိန်ဗိုလ်တင့်၊ ဂီတာသိန်းစိုး၊ အငြိမ့် မင်းသမီးကြီး ရွှေလိပ်ပြာ-မအေးကြည်တို့ နေထိုင်ကြပြီး ၎င်းတို့နှင့် ဆက်နွှယ်ပြီး ကဗျာဆရာ၊ သီချင်းရေးဆရာ၊ အဆိုတော်များ ပေါ်ပေါက်ခဲ့ပါသည်။ လူရွှင်တော်များနှင့် အငြိမ့်မင်းသမီးများလည်း ပေါ်ထွက်ခဲ့ပါသည်။

ဥပမာပြရပါလျှင် ဟုန်းလမ်းရပ်ကွက်မှ အဆိုတော်မင်းသား တွံတေးသိန်းတန်၊ ချင်းချောင်းရပ်ကွက်မှ ခင်မာချို "ခင်မာချိုအငြိမ့်"တို့ဖြစ်ကြပြီး ယခုခေတ်နာမည်ကြီးနေသော လူရွှင်တော် အချို့မှာလည်း ထိုရပ်ကွက်မှာ နေသောလူများ ဖြစ်ကြပါသည်။

ထိုရပ်ကွက်မှ ကဗျာသမား၊ စာသမား၊ ဂီတသမားများထဲမှ ကျွန်တော်နှင့် အတွဲများသူများမှာ ကဗျာဆရာ အောင်သက်ထွေး (ကိုသက်ဦး)၊ အောင်ဇော်ထွေး (ကိုသိန်းအောင်)၊ ကျိုက်လတ် တင်လှ (ကိုတင်လှ၊ သီချင်းရေးဆရာ) မြေပြန့်ဆန်းကြည် (စာရေးဆရာ-ဟာသပုံနှိပ်တိုက်ပိုင်ရှင်) နှင့် ကိုအေးကြိုင် (ဘုရားမကြိုက်သော လူတစ်စု)နှင့် ကိုသိန်းတန် (ရုပ်ရှင်မင်းသား အဆိုကျော်) တို့ နှစ်ယောက်လည်း တစ်ခါတလေ လာကြပါသည်။ ထို အလုံမှ ကဗျာဆရာ မြန်အောင်ဇော် လွင်နှင့် ကြည့်မြင်တိုင်မှ ကဗျာဆရာ မောင်မြင့်မို (မြင့်မြင့်ကြည်အေးရိပ်သာ) လည်း လာပါသည်။ ထိုကဗျာသမား စာသမားများအကြောင်းတွေကို နောက် ပိုင်းမှာ အလျဉ်းသင့်သလို ဖော်ပြသွား ပါမည်။

*

ကျွန်တော် ကဗျာစ၍ရေး သည်မှာ အောင်ဇော်ထွေး(ကိုသိန်း အောင်)ကြောင့်ဖြစ်ပါသည်။ ကိုသိန်း အောင်မှာ အနေအေးပါသည်။ လမ်းကွက်သစ်မှာ တွံတေးသိန်းတန် တစ်လမ်းတည်းနေ၍ သင်္ကြန်သံချပ် ရေးပါသည်။ ကျွန်တော်နှင့် ကိုသိန်း အောင်မှာ ဝါသနာတူ ကဗျာ ဖြစ်၍ တစ်နေ့မှာ ကိုသိန်းအောင် ကျွန်တော့်ကို ကဗျာရေးရန် တိုက်တွန်း ၍ စိန်ခေါ်ပါသည်။

"ငါတို့ စာတွေဖတ်နေတာ တော်ကြာပြီ၊ ကဗျာ ရေးကြည့် အောင်"

"ရေးတော့ ရေးချင်တယ် ဘာက စရေးရမှန်းမသိဘူးဖြစ်နေ

"ဒီလို လုပ်ကြရအောင် နှစ်ယောက် ကဗျာတစ်ပုဒ်စီ မဂ္ဂဇင်းတိုက်ကို ပို့ကြရအောင်"

"ဘယ်မဂ္ဂဇင်းတိုက်ကို





www.burmeseclassic.com

www.burmeseclassic.com

"ငါတို့က ရေးခါစဆိုတော့ တစ်ကျပ်တန်မဂ္ဂဇင်း 'တိုင်းရင်းမေ' မဂ္ဂဇင်းတိုက်ကို ပို့မယ်၊ ဘယ်လိုလဲ"

"ကောင်းသားပဲ၊ တိုင်းရင်းမေ မဂ္ဂဇင်းက ကဗျာတွေ လူကြိုက်များတယ်၊ ရေးကြည့်မယ်"

"ကောင်းပြီ၊ ငါတို့ နှစ်ယောက် အလောင်းအစားနဲ့ရေးမယ် ဘယ်လိုလဲ"

"ဘယ်လို အလောင်းအစားလုပ်မှာလဲ၊ ပြောပါဦး"

"တို့နှစ်ယောက် ကဗျာတစ်ပုဒ်စီ ရေးပြီး စာအိတ်တစ်အိတ်တည်း ထည့်ပို့မယ်၊ အရွေးခံရသူကို မခံရသူက လက်ဖက်ရည်နဲ့မုန့် အဝတိုက်ကြေး၊ ဘယ်လိုလဲ"

"ကောင်းတယ်၊ စိန်လိုက်လေ"

"ဒါဖြင့် မင်းတစ်ပုဒ်ရေး၊ နှစ်ရက် အချိန်ပေးမယ်၊ ငါလဲ ရေးမယ်၊ အဲဒီကဗျာနှစ်ပုဒ်ကို ငါကိုယ်တိုင် ပို့ပေးမယ်"

ထိုသို့ အလောင်းအစားလုပ်ပြီး ကိုသိန်းအောင်က အောင်ဇော်ထွေး အမည်နှင့် ကဗျာတစ်ပုဒ် ရေးပါသည်။ ကိုသိန်းအောင်က အောင်ဇော်ထွေး အမည်ယူခြင်းမှာ သူနှင့် တစ်လမ်းတည်း နေသော ကဗျာဆရာအောင်သက်ထွေးနှင့် အမည်ဆင်တူယူခြင်း ဖြစ်ပါသည်။

ကျွန်တော်လည်း ကဗျာတစ်ပုဒ် ရေးပါသည်။ ကဗျာအမည်မှာ "ကွယ်ရင်မေ့ တွေ့ရင်လွမ်း" ဖြစ်ပါသည်။ ကဗျာမှာ နွေရာသီ လက်ပံပွင့်နေချိန်မှာ ဆက်ရက်များ အုပ်စုလိုက် လက်ပံပွင့်တွေကို လာစားကြပြီး လက်ပံပွင့်တွေ ကုန်သွားသောအခါ ဆက်ရက်များ လက်ပံပင်ကို မလာကြသည့်အကြောင်း ရေးပါသည်။

ထိုအချိန်က တိုင်းရင်းမေမဂ္ဂဇင်းမှာ လူကြိုက်များ၍ (၁၅)ရက်တစ်ကြိမ် ထုတ်ဝေပါသည်။ ကျွန်တော်တို့ နှစ်ယောက် ပို့လိုက်သော ကဗျာနှစ်ပုဒ် အနက် ကျွန်တော့်ကဗျာကို ရွေးလိုက်ပါသည်။ ကိုသိန်းအောင် အရွေးမခံရပါ။ နောက်ပိုင်း ကျွန်တော်ရေးသော"ညှော်သည်ဆိုး" တိုင်းရင်းမေမှာ ပါလာသောအခါ ကိုသိန်းအောင် ကဗျာလည်း သွေးသောက်မဂ္ဂဇင်းမှာ ပါလာပါသည်။ ထိုအချိန်ကစ၍ ကျွန်တော်တို့ နှစ်ယောက် ကဗျာသမား ဖြစ်လာပါသည်။ ကျွန်တော်လည်း နောက်ပိုင်းမှာ သွေးသောက်မဂ္ဂဇင်းမှာ အဖွင့်ကဗျာများရလာပြီး ကလောင်အမည်ကိုလည်း ပထမ ကဗျာပို့စဉ်က သေသေချာချာ စဉ်းစားခြင်းမရှိဘဲ လှချော-တောင်စွန်းဟု ရေးလိုက်မိရာ ထိုကလောင်အမည်နှင့်ပင် ဆက်ရေးနေမိပါသည်။

ကဗျာရေးသောအခါ ကဗျာဆရာများနှင့် ရင်းနှီးလာခဲ့ပါသည်။ အပေါင်းအသင်းလည်းဖြစ်လာပါသည်။ ထိုအချိန်က ကျွန်တော်တို့ရုံးကို အမြဲလာသူများမှာ မြန်အောင်-ကျော်လွင်နှင့် အောင်သက်ထွေး ဖြစ်ပါသည်။

သူတို့နှစ်ယောက်မှာ ယောက်လမ်းမှာရှိသော ငွေစာရင်းရုံးမှာ လုပ်နေ၍ ကျွန်တော်တို့နှစ်ယောက်ရှိသော ရုံးကိုလာပြီး ကဗျာပါလျှင် စာမူခ သွားထုတ်ပြီး လက်ဖက်ရည်စုသောက်ကြပါသည်။ မြန်အောင်ကျော်လွင်မှာ ရုပ်ရည်သန့်သန့်နှင့် အနေအေးပါသည်။ သူရေးသော ကဗျာများ ရိုးရိုးစင်းစင်း ရှိသလို လူကလည်းအနေတည်ပါသည်။ သို့သော် ကျွန်တော်တို့နှင့် တွဲနေပြီး တစ်နှစ်ကျော်ကျော်လောက်မှာ ကွယ်လွန်သွားပါသည်။

သူနှင့်တွဲဖက် အောင်သက်ထွေးမှာ သွက်သွက်လက်လက်နှင့် ကဗျာရေးကောင်းပါသည်။ အောင်သက်ထွေးမှာ ရှုမဝမဂ္ဂဇင်းနှင့် သွေးသောက်မဂ္ဂဇင်းမှာသာ ကဗျာများရေးပြီး "နှလုံးသားကျောက်ဖြစ်ရုပ်ကြွင်း" စာအုပ်တစ်အုပ် ရေးပါသည်။

ကျွန်တော့်ကိုလည်း အလွန်ခင်မင်၍ ညဘက် ကျွန်တော်နေသော တောင်ဥက္ကလာပအိမ်ကို သူနေသော ဟုန်းလမ်းရပ်ကွက်မှ လာလည်ပါသည်။

မှတ်မှတ်ရရ တစ်နေ့၊ စနေနေ့ဝက် ရုံးဆင်းချိန်မှာ အောင်သက်ထွေး၊ မြေပြန့်စန်းကြည်၊ မောင်မြင့်မို၊ အောင်ဇော်ထွေးနှင့် ကျွန်တော်တို့ ငါးယောက် ကန်တော်လေးမှာရှိသော "ပျော်တော်ဆက်" မဂ္ဂဇင်းတိုက်ကို သွားကြပါသည်။

ပျော်တော်ဆက် မဂ္ဂဇင်းမှာ ယခင်က မြေပြန့်စန်းကြည်ပိုင် ဟာသပုံနှိပ်တိုက်မှာဖွင့်ပြီး ကန်တော်လေးကို ပြောင်းလာခြင်း ဖြစ်ပါသည်။

မြေပြန့် စန်းကြည်မှာ ပျော်တော်ဆက်မဂ္ဂဇင်းမှာ လုပ်နေသော မိန်းကလေးတစ်ယောက်နှင့် တွေ့လို၍ ကျွန်တော်တို့ကို ခေါ်လာခြင်း ဖြစ်ပါသည်။ သို့သော် စာမူလာပေးသူမှသာ တိုက်ထဲကို ဝင်ရ၍ မြေပြန့်စန်းကြည် ဝင်ရခက်နေပါသည်။

ထိုအခါ အောင်သက်ထွေးက သူ့အကြံကို တင်ပြပါသည်။

"ငါတို့မှာ တစ်ယောက်မှ စာမူ ပါမလာကြဘူးလား၊ ငါတို့အားလုံး လက်ဖက်ရည်ဆိုင်ထဲသွားထိုင်ပြီး ကဗျာရေးကြမယ်၊ စန်းကြည် မင်းက လက်ဖက်ရည်တိုက်"

"တိုက်ပါ့မယ်၊ မင်းတို့ရေးဖို့ စာရွက်ကော ပါကြလား"

"စာရွက်က လွယ်ပါတယ် စတိုးဆိုင်မှာ သွားဝယ်လို့ ရပါတယ်"

"အဲဒါ အရေးမကြီးဘူး၊ ပျော်တော်ဆက်မဂ္ဂဇင်းက ဟာသမဂ္ဂဇင်းဆိုတော့ မင်းတို့ ဟာသကဗျာရေးမှ ဖြစ်မှာ"

"ရပါတယ်၊ အချိန်မရှိဘူး စာရွက်မြန်မြန်သွားဝယ်၊ ကိုယ်ရေးမယ်၊ ရဲဘော်တို့လဲ တတ်သလောက်ရေးကြ"

"ကိုယ် ဟာသမရေးတတ်ဘူး"

"ကျွန်တော်လဲ မရေးတတ်ဘူး"

"ရေးတတ်သလိုရေးပါ စာအုပ်ထဲမပါရင်နေ၊ တိုက်ထဲဝင်လို့ရပြီး စန်းကြည် ကောင်မလေးနဲ့ စကားပြောရဖို့ အဓိကပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ လက်ဖက်ရည်သောက်နေစဉ်မှာ မြေပြန့်စန်းကြည် စာရွက် ဝယ်လာ၍ ကျွန်တော်နှင့် အောင်သက်ထွေး နှစ်ယောက် ဟာသကဗျာများ ရေးပါသည်။

အောင်ဇော်ထွေးနှင့် မောင်မြင့်မိုက မရေးပါ။

စာရွက်ရသောအခါ ကျွန်တော်က "မှားမိသောည"ဟာသကဗျာတစ်ပုဒ် ရေးနေစဉ်မှာ အောင်သက်ထွေးက သူ့အတွက် နှစ်ပုဒ်၊ ကျွန်တော့်နာမည်နှင့် တစ်ပုဒ်ပင် ရေးပေးပါသည်။ ကလောင်အမည်ကို ကျွန်တော်က "အငယ်လေး"ဟုရေးလိုက်ပြီး အောင်သက်ထွေးကလည်း နာမည်တစ်မျိုးနှင့် ရေးပါသည်။

အားလုံး ကဗျာလေးပုဒ် ရသောအခါ ကျွန်တော်တို့ ပျော်တော်ဆက်မဂ္ဂဇင်း အယ်ဒီတာ "ကမ္ဘောဇ မြင့်လွင်" ထံ ကဗျာများ သွားပေးကြပါသည်။

ထိုအချိန်မှာ မြေပြန့်စန်းကြည်က မိန်းကလေးနှင့် စကားသွားပြောနေပါသည်။ ကမ္ဘောဇမြင့်လွင်က ကျွန်တော့်တို့ကို ထိုင်ခိုင်းပြီး ကဗျာများကို ဖတ်ကြည့်ပါသည်။ ထို့နောက် ကဗျာအကြောင်းနှင့် ပတ်သက်သော ဆုံးမစကားများ ပြောပါသည်။

"ကိုယ့်ရဲ့ ကလောင်နာမည်ကလေးကို မွေးထားကြ၊ ဆရာတို့လဲ ဒီလိုပဲ အခက်အခဲကြားက ရုန်းကန်ကြရတာပဲ၊ ကြိုးစားပြီးရေးကြ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လဲ ကြိုးစားနေပါတယ်ဆရာ"

"ဒါနဲ့ မင်းတို့ ဘယ်မဂ္ဂဇင်းတွေမှာ ရေးဖူးလဲ"

"သွေးသောက်၊ ရှုမဝနဲ့ မြဝတီမဂ္ဂဇင်းတွေမှာ ကဗျာတိုကလေးတွေ ရေးဖူးပါတယ် ဆရာ"

"ဒါဆို တော်တော်ရေးတတ်နေပြီပဲ၊ ကောင်းတယ် ဆရာတို့ ပျော်တော်ဆက်မဂ္ဂဇင်းပိုင်ရှင်ကလဲ စာပေသမား အမျိုးသမီးစာရေးဆရာမကြီးပဲ"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"အေး သွားကြ၊ နောင်လဲ ဆရာ့ဆီကို လာလည်နိုင်ပါတယ်"

ကျွန်တော်တို့ ကမ္ဘောဇမြင့်လွင်နှင့် လေပေးဖြောင့်နေသည်မှာ အချိန်ကြာသွား၍ မြေပြန့်စန်းကြည်ပင် ကောင်မလေးနှင့် စကားပြောပြီး၍ အပြင်ဘက်မှာ စောင့်နေပါသည်။

ကျွန်တော်တို့ထဲတွင် အောင်သက်ထွေးမှာ ပျော်ပျော်နေတတ်ပြီး အချင်းချင်းကိုလည်း ပြောင်တတ်နောက်တတ်ပါသည်။ ကျွန်တော်တို့ အပြင်ဘက်အရောက်မှာ အောင်သက်ထွေးက မြေပြန့်စန်းကြည်ကို နောက်ပါသည်။

"မသာကောင်၊ နင့်အတွက် ငါတို့တွေ ကဗျာရေးရ၊ အဘိုးကြီးကို အာလူးပေးရနဲ့ အာခြောက်နေပြီ၊ ငါတို့ကို ညနေကျရင် 'သင်းမာလာ' မှာ ဘီယာတိုက်ရမယ်"

"တိုက်ပါ့မယ်ကွာ၊ ခုပဲ ညနေရောက်တော့မယ်၊ လာ ငါတို့ ရုပ်ရှင်ရုံတွေဘက် သွားရအောင်"

"အေး သွားကြမယ်၊ လှချောနဲ့ အောင်ဇော်ထွေးတို့က စာမူခထုတ်လာတာ၊ ငါတို့ကို လက်ဖက်ရည်တိုက်"

"သေနာကောင်၊ စောစောကပဲ လက်ဖက်ရည်သောက်လာတာ မဝသေးဘူးလား"

"စကားပြောရလို့ ဗိုက်ချောင်သွားပြီ ထပ်သောက်မယ်"

ထိုအချိန်က ပန်းဆိုးတန်းလမ်းထောင့် ယခုကုန်တိုက်နေရာမှာရှိသော "သင်းမာလာ" ဘီယာဆိုင်မှာ နာမည်ကြီး လူသောက်များပါသည်။ ကျွန်တော်တို့အုပ်စု ရုပ်ရှင်ရုံရှေ့ကို ရောက်လာရာ ၃နာရီခွဲ ရုပ်ရှင်လွှတ်ချိန်နှင့်တိုးနေ၍ ဘီယာမသောက်ကြတော့ဘဲ ရုပ်ရှင်ဝင်ကြည့်ကြပါသည်။

ရုပ်ရှင်ရုံမှ ပြန်ထွက်လာကြသောအခါ လူစုခွဲ၍ ကိုယ့်အိမ်ကိုယ်ပြန်ကြပါသည်။ ကျွန်တော်တို့မှာ ရုပ်ရှင်လက်မှတ်ဝယ်စဉ်က ရှိသမျှ ပါသမျှ ငွေကလေးများစုပေါင်းပြီး လက်မှတ်ဝယ်ကြရာ ကျွန်တော့်မှာ အကြွေပြား လေးဆယ်သာ ကျန်ပါသည်။ ထိုအချိန်က ဥက္ကလာပကို ပြန်သောကားခမှာ ပြားသုံးဆယ်သာ ပေးရပါသည်။

ကျွန်တော့်မှာ ရုပ်ရှင်ရုံမှ ထွက်ပြီး ကားမှတ်တိုင်ကို လျှောက်လာရာ အာခြောက်ပြီး ရေသောက်ချင်လာပါသည်။ အာခြောက်လာသောအခါ ရှိသည့် အကြွေထဲမှ ကားခချန်ပြီး ပိုသော အကြွေဆယ်ပြားနှင့် ရေခဲရေသောက်ရန် ရေခဲရေ ရောင်းသူနားကပ်သွားသောအခါ ကျွန်တော့်အဖေအရွယ် အဘွားကြီးက . . .

"အမေ့ကို သနားခဲ့ပါ သားလေးရယ်" ဟုပြောပြီး ခွက်ထိုးခံပါသည်။

ကျွန်တော် အဘွားကြီးကိုကြည့်မိသောအခါ အဝတ်အစားနွမ်းနွမ်းနှင့် အသက်ကြီးနေသော အဘွားကြီး ဖြစ်နေ၍ ရေခဲရေသောက်မည့်ဆယ်ပြား အဘွားကြီးကို ပေးလိုက်ပါသည်။

ကျွန်တော် အိမ်ပြန်ရောက်သောအခါ ထိုအဘွားကြီး ဆင်းရဲမွဲတေပုံနှင့် ကျွန်တော် ရေငတ်ပြီး ရင်တွေပူနေသည့်အကြောင်း ပြန်တွေးမိပြီး "ရင်မအေးခဲ့ပါ" ကဗျာကို ရေးပြီး "ရုပ်ရှင်မျက်မှန်" မဂ္ဂဇင်းကို ပို့လိုက်ရာ လကုန်သောအခါ မဂ္ဂဇင်းမှာ ပါလာပါသည်။

ယခုအခါ ခုနှစ်မသိ၊ စာအုပ်လည်း မရှိတော့ပါ။ ကဗျာဆရာနှင့် မောင်အင်းဝနှင့် အတူပါသည်ကိုတော့ မှတ်မိနေပါသည်။

❐ ညွှန့်မောင်ဦး





www.burmeseclassic.com

www.burmeseclassic.com

# မုဆိုး နှင့် သားကောင်

**လှမိုး (ပညာရေး)**



၁၉၄၁ ခုနှစ် ကျောင်းများ ပြန်ဖွင့်သည့် ဇွန်လဟု ထင်ပါသည်။ ကျွန်တော့်ဖခင်ဖြစ်သူသည် ဗြိတိသျှအစိုးရဝါဒ ဖြန့်ချိရေးဌာန (ယခု ပြန်ကြားရေးဌာန)မှ ထုတ်ဝေသော ကမ္ဘာ့ရုပ်စုံမဂ္ဂဇင်း အသစ်တစ်အုပ်နှင့် ထိုစဉ်က ကျွန်တော်တို့ ကျောင်းသားလူငယ်များ စွဲစွဲလမ်းလမ်းဖတ်ကြသည့် စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး ရေးသော ဝတ္ထုစာအုပ်တစ်အုပ် ကျွန်တော့်အား ပေးခဲ့ပါသည်။

ကမ္ဘာ့ရုပ်စုံမဂ္ဂဇင်းမှာ ဗြိတိသျှအစိုးရဝါဒ ဖြန့်ချိရေးဌာနမှ ထုတ်ဝေသော စာအုပ်ဖြစ်သည့်အတိုင်း ၁၉၃၉ ခုနှစ် စက်တင်ဘာလက ဥရောပတိုက်တွင် စတင်ဖြစ်ပွားခဲ့သည့် ဒုတိယကမ္ဘာစစ်ကြီး သတင်း ... ကို ... ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြလေ့ရှိသော ရုပ်စုံမဂ္ဂဇင်း ဖြစ်ပါသည်။

ဥရောပစစ်မျက်နှာတွင် တိုက်ပွဲဆင်နေသည့် ဗြိတိသျှဘုရင် ကြည်းတပ်နှင့် မဟာမိတ်နိုင်ငံများမှ တပ်များ၏ ဓာတ်ပုံများ၊ ဗြိတိသျှတပ်များ အောင်မြင်စွာ ဆုတ်ခွာနေရသည့် သတင်း၊ စင်ကာပူခံတပ်ကြီးတွင် တပ်ဆင်ထားသော ၁၆ လက်မ အဝေးပစ်အမြောက်ကြီးများဓာတ်ပုံ၊ ဗြိတိသျှဘုရင် တပ်မတော် လေတပ်အဖွဲ့မှ စပစ်ဖိုင်းရာ လေယာဉ်များ ပျံသန်းတိုက်ပွဲဝင်နေပုံ၊ လန်ဒန်မြို့တော်ကြီးအား လေကြောင်းရန်မှ ကာကွယ်ရန် မည်သို့ပြင်ဆင်ထားပုံများကို ဖော်ပြထား၏။

ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ ဝတ္ထုမျက်နှာဖုံးကို မြင်လိုက်မိသည်နှင့် ကျွန်တော့်အဖို့ တအံ့တသြဖြစ်သွားသည်။ ဝတ္ထုစာအုပ်၏အမည်မှာ "ကမ္ဘာ့ရန်သူ" ... ါသည်။ ... အုပ်အဖုံး ပန်းချီ ... နးဆွဲထားသူ ပန်းချီဆရာကြီးမှာ ဦးဘလုံလေးဟု ထင်ပါသည်။ ကောင်းစွာ မမှတ်မိတော့။ မျက်နှာဖုံးတွင် နာဇီဂျာမန် ဂက်စတာပိုဝတ်စုံကို ဝတ်ဆင်ထားသော အမျိုးသားတစ်ယောက်က အမျိုးသမီးငယ်တစ်ယောက်အား ကြာပွတ်ဖြင့် ရိုက်နှက် နှိပ်စက်နေသောပုံ ဖြစ်ပါသည်။

အမှန်အားဖြင့် ကျွန်တော့်အဒေါ်များ၊ ကျွန်တော့်အစ်မများသည် စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏ စာဖတ်ပရိသတ်များ ဖြစ်ကြပါသည်။ ဒဂုန်ခင်ခင်လေး ရေးသားထုတ်ဝေသော ဝတ္ထုစာအုပ်များကို စွဲစွဲလမ်းလမ်း ဖတ်ရှုစုဆောင်းသူများ ဖြစ်သဖြင့် ဆရာမကြီး ရေးသားသော ဂုဏ်မြင့်သူ၊ ဂုဏ်နိမ့်သူ၊ မိန်းမဘဝ၊ တစ်သက်လျာ၊ မေ့သည်းချာ၊ ဖေ့သည်းချာ၊ ရွှေစွန်ညို၊ သားရွှေစွန်ညို စသော စာအုပ်များကို ဝယ်ယူစုဆောင်းထားခဲ့ရာ စာဖတ်တတ်စ ကျွန်တော်မှာ ထိုဝတ္ထုများကို ဖန်တစ်ရာတေအောင် ဖတ်ရှုခဲ့မိ၏။

ထိုဝတ္ထုကြီးများ၏ ဇာတ်ဆောင်အမည်၊ ဇာတ်လမ်းများကိုပါ ယနေ့ထိ မှတ်မိနေခဲ့သည်။ သူ့ဝတ္ထုများသည် အများအားဖြင့် အလွယ်ဝတ္ထုများဖြစ်ကြပြီး သူ့ဇာတ်ဆောင်အများစုမှာလည်း ကံပြုသမျှ နုကြရခြင်းကို ခါးစည်းခံရသူများ ဖြစ်ကြသဖြင့် သူ့ဇာတ်ဆောင်အားလုံးအား စာဖတ်သူများ တသသစွဲ၍ ကျန်ရစ်ခဲ့ကြရသည်။ သူ့ဝတ္ထုများ၏ ဇာတ်သိမ်းခန်းများမှာလည်း ဝမ်းနည်းကြေကွဲခြင်းဖြင့်သာ အဆုံးသတ်လေ့ရှိသည်။

ဤသို့ ဝတ္ထုများကို ဖတ်ရှုလာခဲ့ရသော ကျွန်တော်မှာ "ကမ္ဘာ့ရန်သူ" ဝတ္ထုကို ဖတ်ရှုရသောအခါ ခံစားမှု တစ်မျိုး ဖြစ်လာသည်။ ယင်းဝတ္ထုဇာတ်ဆောင်မှာ ဂျာမနီနိုင်ငံ ဘာလင်မြို့တော် (မှားနိုင်ပါသည်၊ ကောင်းစွာ မမှတ်မိတော့ပါ) မှ ရိုးသားသည့် ပညာတတ်မိ...းစုမှ ဂိုး ... ဘ ကျောင်းသားလူငယ်ကလေး ဖြစ်သည်။ သူသည် မိဘဆွေမျိုးများနှင့် သူငယ်ချင်းများအပေါ် ခင်မင်မြတ်နိုးသူ ဖြစ်၏။

ဂျာမနီ နိုင်ငံတော်၏ အာဏာကို နာဇီပါတီဝင်များက ရရှိခဲ့ပြီး ခေါင်း

www.burmeseclassic.com

ဆောင်ကြီး ဟစ်တလာ၏ အစိုးရအဖွဲ့ တက်လာခဲ့ရာမှ ဂိုးဗလားသည် ဟစ်တလာ လူငယ်အဖွဲ့ဝင် ဖြစ်လာသည်။ နာဇီပါတီနှင့် နာဇီပါတီ ထိပ်သီးခေါင်းဆောင်များကို လေးစားကြည်ညိုသူဖြစ်လာသည်။ ပါတီခေါင်းဆောင်ကြီးများ၏ ထုတ်ဖော်ပြောဆိုချက်များကို တစ်သွေးတစ်သံ တစ်မိန့်ဟု ယူဆလာသည်။

ငယ်စဉ်က ဘာသာရေးကိုင်းရှိုင်းသူ၊ စိတ်ထားနူးညံ့သူ၊ ရိုးဖြောင့်သူ၊ သနားကြင်နာတတ်သူ ဂိုးဗလားမှာ နာဇီတို့၏ ဖက်ဆစ်ဝါဒသာ ပထမဖြစ်လာသည်။ နာဇီဝါဒကို ဆန့်ကျင်သူမှန်သမျှ ခါးခါးသီးသီးမုန်းလာသည်။ သူနှင့် ကစားဖော် ကစားဖက် ဂျူးလူမျိုးသူငယ်ချင်းများ၊ နာဇီဖက်ဆစ်ဝါဒကို ဆန့်ကျင်ပြောဆိုသည့် ဂျာမန်လူမျိုး သူငယ်ချင်းများကိုပါ ရန်သူဟု မြင်လာသည်။ ဖက်ဆစ်ဝါဒ မှိုင်းမိလာသော ဂိုးဗလားသည် သူ့မိသားစုများထဲမှ ခေါင်းဆောင်ကြီး ဟစ်တလာကို ဆန့်ကျင်ပြောဆိုသူများပင် သူ့ရန်သူဖြစ်လာသည်။ လူငယ် ဂိုးဗလား၏ စိတ်မချမ်းမြေ့ဖွယ်ရာ ဇာတ်လမ်းဖြစ်သည်။

နာဇီဖက်ဆစ် ဂက်စတာပိုများ၏ ဂျူးလူမျိုးများအပေါ် ရက်ရက်စက်စက် လူသားမဆန်စွာ နှိပ်စက်ညှဉ်းပန်းမှုနှင့် နာဇီဝါဒကို ဆန့်ကျင်ကြသော ဂျာမန်အမျိုးသားများအား နှိပ်စက်ညှဉ်းပန်းမှုများအား ရေးသားဖော်ကျူးရာတွင် ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ ဝတ္ထုရေးနည်း အတတ်ပညာကြောင့် အသက်ဝင်နေသည်။

အမှန်အားဖြင့် ဆရာမကြီးဒဂုန်ခင်ခင်လေးသည် ဤဝတ္ထုကို စိတ်ကူးဉာဏ် ကွန့်မြူး၍ ရေးသားသည်ဟု ဆိုရမည်ဖြစ်သော်လည်း ထိုစဉ်က အမှန်တကယ် ဖြစ်ပျက်ခဲ့သော ဖြစ်စဉ်များကို မှီငြမ်း၍ ရေးသားခဲ့သဖြင့် ဝတ္ထုဟုဆိုရသော "ကမ္ဘာ့ရန်သူ"မှာ အမှန်တကယ်ဖြစ်ရပ်တစ်ခုကို ဖတ်ရှုရသကဲ့သို့ပင် အသက်ဝင်နေသည်။

မှန်ပါသည်။ ထိုစဉ်က ဥရောပတိုက် နိုင်ငံအသီးသီးတွင် ရာစုနှစ်ပေါင်းများစွာ ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့ကြသော ဂျူးလူမျိုးများ၊ နာဇီဝါဒကို ဆန့်ကျင်ကြသော အပြစ်မဲ့ပြည်သူများအပေါ် ဖက်ဆစ်ဝါဒီ နာဇီဂျာမန် ဂက်စတာပိုများ၏ လူသားမဆန်သော ကြမ်းကြုတ်ရက်စက်မှု၊ လူမဆန်မှုများကို ထိုစာအုပ်တွင် ခရေစေ့တွင်းကျဖော်ပြထားခဲ့သဖြင့် ဖက်ဆစ်ဆန့်ကျင်ရေး စိတ်ဓာတ်များသည် ကျွန်တော်တို့ ကျောင်းသားလူငယ်များ၏ ရင်တွင်း၌ အတော်အသင့် ကိန်းအောင်းဝင်ရောက်လာသည်ဟု ဆိုနိုင်ပါသည်။

သို့ဖြစ်၍ ဆရာမကြီးဒဂုန်ခင်ခင်လေး ရေးသော "ကမ္ဘာ့ရန်သူ"စာအုပ်သည် ထိုစဉ်က ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော အရောင်းရ စံချိန်တင်သည့် စာအုပ်တစ်အုပ်ဖြစ်ခဲ့သည်။ စာပေအကဲဖြတ်သူတို့၏ မှတ်တမ်းအရ ထိုစာအုပ်မှာ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရာ အုပ်ရေတစ်သိန်းကျော် ရောင်းချခဲ့ရသည်ဟု သိရ၏။ ဗြိတိသျှဝါဒ ဖြန့်ချိရေးဌာနကလည်း ထို







www.burmeseclassic.com

www.burmeseclassic.com

စာအုပ်များကို ဝယ်ယူ၍ ကျောင်းများ၊ ရုံများ၊ စာကြည့်တိုက်များကို ပေးလှူခဲ့သည်ဟူ၍လည်း သိရ၏။

မှန်ပါသည်။ အပြစ်မဲ့ လူသားများကို အစုလိုက်အပြုံလိုက်သိန်းသန်းချီ၍ ရက်ရက်စက်စက် လူမဆန်အောင် သတ်ခဲ့သော လူသတ်ရာဇဝတ်သားမျိုးသည်လူ့သမိုင်းတစ်လျှောက်တွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌သာ ဖြစ်ပွားခဲ့ဖူးသည်ဟု သမိုင်းသုတေသီများက ဆိုကြ၏။ ဤလူသတ်သမားများ၏ လူမဆန်သော ရက်စက်မှုများ အကြောင်းကို သားစဉ်မြေးဆက် သိမှတ်ထား၍ ဤအဖြစ်မျိုး နောက်ထပ်မဖြစ်ပွားရန် လိုအပ်ပေသည်။

ယခု ရေးသားဖော်ပြမည့် နာဇီလူသတ်သမားများမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီထိပ်သီးခေါင်းဆောင်များ တည်ဆောက်ခဲ့ကြသော နာမည်လှလှကလေး ပေးထားသည့် ချွေးတပ်စခန်းများအနက် သက်ဆိုးအရှည်ဆုံး၊ အဆိုးရွားဆုံး၊ အဆန်းကြယ်ဆုံးလောကငရဲခန်းဖြစ်သော ဩဇဝစ် ငရဲခန်းမှူး ဇာဒီနန်ဟိုစ်၏ အကြောင်းဖြစ်ပါသည်။

သူသည် ကျွန်တော်တို့စာဖတ်သူများနှင့် မိတ်ဖွဲ့ပေးရန်မလိုသော နာမည်ကျော် လူသတ်သမားငရဲခန်းမှူးကြီး အိုက်ခ်မန်း၏ အားအကိုးရဆုံး ယုံကြည်စိတ်အချရဆုံး အပြောင်မြောက်ဆုံး လူသတ်သမား ဖြစ်ပါသည်။ (အိုက်ခ်မန်းနှင့်ပတ်သက်သော စာအုပ်များ၊ ဆောင်းပါးများကို ကွယ်လွန်သူ စာရေးဆရာကြီး လင်းယုန်မောင်မောင်က ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ အိုက်ခ်မန်းနှင့်ပတ်သက်သော ရုပ်ရှင်ကားများလည်း ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ပြသပြီးဖြစ်ပါသည်။)

အလျဉ်းသင့်သဖြင့် ဩဇဝစ် ငရဲခန်းအကြောင်း အနည်းငယ် ရေးသားဖော်ပြရမည် ဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ဟစ်တလာခေါင်းဆောင်သော နာဇီပါတီ အာဏာရလာခဲ့သည်နှင့် ဂျာမနီနိုင်ငံတွင် နှစ်ပေါင်းများစွာ ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့ကြသော ဂျူးလူမျိုးများအား ဂျာမနီနိုင်ငံမှ ဖယ်ရှားရန် နည်းလမ်းအမျိုးမျိုးသုံးခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ပြီး ဥရောပတိုက်နိုင်ငံ အများအားသိမ်းပိုက်ခဲ့သော နာဇီဂျာမနီနိုင်ငံမှ နာဇီပါတီ ခေါင်းဆောင်များသည် ဥရောပတိုက် နိုင်ငံအသီးသီးတွင် နေထိုင်ခဲ့ကြသော ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက် သုတ်သင်ရှင်းလင်းရန် ကြံစည်ရည်မှန်းထားခဲ့သည်။

သို့ဖြစ်၍ နာဇီဂက်စတာပိုခေါင်းဆောင် ဟင်မလာသည် ဂျူးပြဿနာ ဖြေရှင်းရေးကို အပြီးတိုင်ဆောင်ရွက်ရန် ချွေးတပ်စခန်းဟု နာမည်ပေးထားသော လူသတ်ငရဲခန်းများကို ဂျာမနီနိုင်ငံ အပါအဝင် ဥရောပတိုင်းနိုင်ငံအသီးသီးတွင် တည်ဆောက်ခဲ့ပါသည်။ ယင်းစခန်းများတွင် ဂျူးလူမျိုးများသာမက နာဇီဝါဒကို ဆန့်ကျင်သူများ မဟာမိတ် စစ်သုံ့ပန်းများအားနည်းလမ်းအမျိုးမျိုးနှင့် နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့ကြပါသည်။

ထိုစခန်းများတွင် ဂျူးလူမျိုးတို့အား အစုလိုက် အပြုံလိုက် ဓာတ်ငွေ့လွှတ်၍ သတ်ဖြတ်ခဲ့သည်။ ဤကဲ့သို့လူသားမဆန်သော လုပ်ရပ်များကို ပြည်သူအများ မသိစေရန် ဖုံးကွယ်ထားခဲ့ကြပါသည်။ ထိုစခန်းများတွင် ဆေးဝါးပညာနှင့် ပတ်သက်သော သုတေသနပြုမှု၊ လက်တည့်စမ်းသပ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့ကြ၏။ အစမ်းသပ်ခံရသူများမှာ ထိုအကျဉ်းစခန်းများမှ ဂျူးလူမျိုး ကလေးငယ်များ၊ အမျိုးသား၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ ဖြစ်ကြသည်။

အကျဉ်းသားများ၏ ဦးနှောက်၊ ဝမ်းဗိုက်၊ သရက်ရွက်၊ အူမကြီး စသည်တို့ကို နေ့စဉ်နေ့တိုင်း ထင်သလိုအရှင်လတ်လတ်များကို ခွဲစိတ်ကြည့်ခဲ့ကြသည်ဟု သိရ၏။ ဤသို့သော ငရဲခန်းများတွင် ပိုလန်နိုင်ငံရှိ ဩဇဝစ် ငရဲခန်းမှာ ကမ္ဘာကျော်အောင် နာမည်ကြီးခဲ့သည်။ နာဇီတို့ အာဏာရခဲ့သည့် ခေတ်တစ်ခေတ်လုံး ထိုငရဲခန်းမှာ လူလူချင်းညှဉ်းပန်းသတ်ဖြတ်သည့်နေရာ၊ ဆေးပညာစမ်းသပ်သည့်နေရာတွင် စံတင်လောက်အောင် နာမည်ဆိုးခဲ့သော စခန်းဖြစ်၏။ ထိုငရဲခန်းမှ ငရဲမင်းကြီးမှာ ဤ ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ဇာဒီနန်ဟိုစ် ဆိုသူဖြစ်၏။ သူသည် အရပ်ပုပု ဝင်တိုတိုနှင့် မျက်နှာမှာ ထာဝစဉ်တင်းမာနေသူ ဖြစ်၏။

နာဇီပါတီ အာဏာရလာသည်တွင် နာဇီပါတီဝင် တစ်ဦးဖြစ်လာသည့် သူသည် လူသတ်မှုဖြင့် ဂျာမနီနိုင်ငံ လစ်ပ်အကျဉ်းထောင်ကြီးထဲတွင် နှစ်ပေါင်းများစွာ အကျဉ်းကျခဲ့သူဖြစ်၏။ သို့ဖြစ်၍ လူသတ်ရာတွင် ပွဲတိုးခဲ့ဖူးသော ဟိုစ်ကို နာဇီပါတီခေါင်းဆောင်များက မျက်စိကျလာသည်။ အိုက်ခ်မန်းသာမက ဂက်စတာပိုခေါင်းဆောင် ဟင်မလာကိုယ်တိုင်ကပင် ဟိုစ်မှာ အားထားစိတ်ချရသော ငရဲသား လူသတ်သမားဟု ယူဆထားရာ သူ့အား နာမည်ကျော် ငရဲခန်းတစ်ခန်းဟု လူသိများနေသော ဒါးချောင်းငရဲခန်းတွင် လက်ထောက်ငရဲခန်းမှူးတာဝန် ထမ်းဆောင်ခဲ့ရ၏။ ဤတွင် ဟိုစ်၏ အကျဉ်းသားဂျူးလူမျိုးများအပေါ် ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းမှုများမှာ လူသိများလာတော့သည်။

၁၉၄၁ ခုနှစ်တွင် နာဇီထိပ်သီးခေါင်းဆောင်ကြီးဖြစ်သော ဟင်မလာသည် ဂျူးလူမျိုးများအား မျိုးပြုတ်အောင် အစတုံးစေအောင် စီမံဆောင်ရွက်ရမည့် စီမံကိန်းအား တာဝန်ယူခဲ့ရသူ ဖြစ်လာသည်။ သို့ဖြစ်၍ နာဇီငရဲခန်းများအား သူကိုယ်တိုင် စစ်ဆေးကြည့်ရှုခဲ့သည်။ ဤတွင် ပိုလန်နိုင်ငံရှိ ဩဇဝစ်ငရဲခန်းသို့ ရောက်လာသည်။

ထိုငရဲခန်းမှာ ပိုလန်နိုင်ငံ မြို့တော် ဝါဆောမြို့မှ မိုင် ၁၆၀ ကွာဝေး





www.burmeseclassic.com

www.burmeseclassic.com

သော နေရာတွင် တည်ရှိပြီး လူမသိသူမသိဒေသဖြစ်သည်။ ဂျူးလူမျိုးများ ဇာတ်သိမ်းရေး စီမံချက်ကို အကောင်အထည်ဖော်ရန် အသင့်တော်ဆုံးနေရာဟု ဟင်မလာ မြင်လာသည်။

သို့ဖြစ်၍ ဤဩဇဝစ်ငရဲခန်းအား ဂျူးလူမျိုး မျိုးသုဉ်းပျောက်ကွယ်ရေးအတွက် အဓိကစခန်းအဖြစ် သတ်မှတ်ခဲ့သည်။ ထိုစခန်းအား ချက်ချင်းတိုးချဲ့ ဆောက်လုပ်ခဲ့ပြီး သူ့လက်အောက်ရှိ ယမမင်းများအနက် လက်စွမ်းအထက်ဆုံး အပါးနပ်ဆုံး လူသတ်သမားဟု ယူဆထားသော ဟိုစ်အား ဂျူးလူမျိုးများအား ထောင်ပုံယာပုံစုံပြုံ၍ သတ်ရမည့်တာဝန်ကြီးကို ပေးခဲ့သည်။

ဟိုစ် အစွမ်းကုန်လက်စွမ်းပြနိုင်ရန် သူ့ဆရာအိုက်စ်မန်က လိုအပ်သည့် အကူအညီများပေးခဲ့၏။ (ဒုတိယကမ္ဘာစစ်ပြီး မှတ်တမ်းများအရ ယင်းစခန်းတွင် ဂျူးလူမျိုးပေါင်း သုံးသန်းကျော်အား အစုလိုက် အပြုံလိုက် ဓာတ်ငွေ့ပေး၍ သတ်ခဲ့သည်ဟု သိရ၏။)

သင့်တော်၍၊ ယုံကြည်စိတ်ချရ၍ စင်တော်က ကောက်ခံရသော ဟိုစ်သည် ဩဇဝစ်ငရဲခန်းအား လူသားမဆန်သော အရက်စက်ဆုံး စခန်းအဖြစ် အောင်မြင်ပေါက်ရောက် လူသိများအောင် ပြုလုပ်ခဲ့၏။

ဟိုစ်နှင့် သူ့လက်ထောက်နာဇီယမမင်းများသည် အကျဉ်းသမားများကို စိတ်ကူးရသလို ညှဉ်းပန်းနှိပ်စက်နည်း တစ်နည်းမှာ သူတို့မွေးထားသော စစ်ခွေးများဖြင့် တိုက်ခြင်းဖြစ်၏။ ဂျူးလူမျိုးအုပ်စုအတွင်း ခွေးများကို ကြိုးဖြုတ်လွှတ်လိုက်ခြင်းဖြင့် ဂျူးလူမျိုးများအား ကိုက်သတ်စေသည်။

ဟိုစ်သည် သေနတ်ပစ်ဝါသနာပါသူတစ်ဦးဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် သူသည် မုဆိုးတစ်ဦးဖြစ်၏။ သူ၏သားကောင်များမှာ အကျဉ်းစခန်းမှ အကျဉ်းသားများသာ ဖြစ်ကြသည်။ သူ့အတွက် သေနတ်ပစ်လေ့ကျင့်ရန် သားကောင်များကို ရှာစရာမလို။ နံနက်စောစော အိပ်ရာမှထ၍ နံနက်စာစားသည်နှင့် သူ့အိမ် ဆင်ဝင်ပြတင်းမှာ တစ်နေ့တာ အလုပ်လုပ်ရန် တန်းစီနေသော ဂျူးလူမျိုး အကျဉ်းသမားများ၊ အပြစ်မဲ့ပြည်သူအကျဉ်းသားများ၊ မဟာမိတ်စစ်သုံ့ပန်းများကို သူ့သေနတ်ဖြင့် စမ်းသပ်ပစ်ခတ်လေ့ရှိရာ နေ့စဉ်အကျဉ်းသမား လေးငါးယောက်မှာ သူ့သားကောင်များ ဖြစ်ကြသည်။

မျက်မြင်သက်သေများ၏ ပြောပြချက်အရ ဂျူးလူမျိုးများ မျိုးသုဉ်းရေး အစီအစဉ်ကို အိုက်စ်မန်းက အကြံပေးခဲ့ပြီး အကောင်အထည် ဖော်ခဲ့ရသူမှာ ငရဲခန်းမှူး ဟိုစ်ပင်ဖြစ်သည်။ အကျဉ်းသားများကို ဓာတ်ငွေ့လွှတ်၍ သတ်သော အစီအစဉ်များကို ဟိုစ်ကိုယ်တိုင် စမ်းသပ်၍ ကိုယ်တိုင်ကြပ်မတ်၍ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ဤဆောင်းပါး တစ်နေရာတွင် ဖော်ပြပြီးဖြစ်သကဲ့သို့ ပထမဆုံးစမ်းသပ်သည့်နေ့ ၂၄ နာရီအတွင်း ဂျူးအမျိုးသား သက်ကြီးရွယ်အို ကလေးပေါင်း ၉၀၀၀ ကျော် သေဆုံးခဲ့သည်ဟု သိရ၏။ မှတ်တမ်းအရ ဤငရဲခန်းတွင် ငါးနှစ်အတွင်း လူပေါင်း နှစ်သန်းကျော် အသတ်ခံခဲ့ရသည်ဟု ဆိုသည်။

ဤလူသတ်မှုကြီးသည်၊ ဤအမဲကွက် အစွန်းအထင်းကြီးသည်၊ ဤ ရာဇဝတ်မှုကြီးသည် မယုံကြည်နိုင်စရာဖြစ်သော်လည်း လွန်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်က တကယ်ဖြစ်ပွားပေါ်ပေါက်ခဲ့ကြောင်း မရေတွက်နိုင်သော၊ ခိုင်မာတိကျသော အထောက်အထား အကိုးအကားများက ဝန်ခံခဲ့ကြပါသည်။

သို့သော် ၁၉၄၅ ခုနှစ် မေလတွင် တတိယဂျာမနီ လက်နက်ချအရှုံးပေးခဲ့ရသည်နှင့် တစ်ချိန်က လူသတ်မုဆိုး အက်စ်အက်စ်ဂက်စတာပို အဖွဲ့ဝင်များသည် နည်းလမ်းအမျိုးမျိုးဖြင့် ကိုယ်ယောင်ဖျောက်၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။ တစ်ချိန်က မုဆိုးများသည် သားကောင်ဖြစ်ခဲ့ရသည်။ သူတို့နောက်သို့ မဟာမိတ် စစ်အောင်နိုင်ငံများမှ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ နာဇီလူသတ်သမားများကို တရားဥပဒေအတိုင်း နိုင်ငံတကာ စစ်ခုံရုံးသို့ တင်လို သူများ ဖွဲ့စည်းထားသော နာဇီမနုသ မုဆိုးများသည် နာဇီလူသတ်သမားများ နောက်သို့ ခြေရာခံ၍ လိုက်ခဲ့ကြသည်။

ဩဇဝစ်ငရဲခန်းမှူးကြီး ဟိုစ်မှာလည်း သူ့အလှည့်ရောက်လာသည်နှင့် ထိတ်လန့်ကြောက်ရွံ့ကာ နာမည်အမျိုးမျိုး ရုပ်ပြောင်းရုပ်လွှဲ အမျိုးမျိုးပြုလုပ်၍ ရာဇဝတ်ဘေးမှ ပြေးရှောင်ခဲ့သည်။ ၁၉၄၆ ခု မတ်လ ၁၁ ရက်နေ့တွင် ဩဇဝစ်ယမမင်းအား အမေရိကန်ပြည်ထောင်စု တပ်မတော်စစ်ရဲအဖွဲ့က ဖမ်းဆီးရမိခဲ့သည်။

သူ၏ ရုပ်ပြောင်းရုပ်လွှဲကောင်းမွန်သေမှုကြောင့် အမေရိကန်ပြည်ထောင်စု စစ်ရဲများက လွှတ်ပေးခဲ့ကြသည်။ သို့သော် သူကျူးလွန်ခဲ့သော ရာဇဝတ်မှုများသည် သူ့နောက်မှ အရိပ်ပမာ လိုက်လာခဲ့ပြီဖြစ်သည်။

ထို့နောက် သူ့အား အမေရိကန်ပြည်ထောင်စု စစ်ရဲအဖွဲ့ကပင် ဖမ်းဆီးရမိပြီး စနစ်တကျ စစ်ဆေးခဲ့၍ ဩဇဝစ်လူသတ်သမား ဟိုစ်ဖြစ်သည်ကို တွေ့ရှိကြရသဖြင့် အမေရိကန် အာဏာပိုင်များသည် ပိုလန်အစိုးရအား လွှဲပြောင်းပေးအပ်ခဲ့သည်။

သားကောင်ဖြစ်သွားသော ဟိုစ်အား ပိုလန်အစိုးရသည် ကာရာကော မြို့ စစ်ခုံရုံးတွင် နိုင်ငံတကာ တရားဥပဒေနှင့်အညီ စစ်ဆေးခဲ့ပြီး သေဒဏ်ချမှတ်ခဲ့ပါကြောင်း။

❒ ရှုမိုး(ပညာရေး

ကျမ်းကိုး

(1) Commandant of Auschwitz

(2) Interned






www.burmeseclassic.com

www.burmeseclassic.com

# မြ

စိန်ဝင်းမော်



စူလတန်ဘုရင်၏ မြဖြင့်ပြုလုပ်ထားသော နာရီဘူး

နှောင်းကမ္ဘာတွင် အီဂျစ်၊ ဂရိနှင့် ရောမတို့က ဤဆွဲဆောင်မှုရှိသော အစိမ်းရောင်ကျောက်များကို မြတ်နိုးတန်ဖိုးထားခဲ့ကြသည်။ အိန္ဒိယနှင့် ပါရှား သက်ဦးဆံပိုင်ဘုရင်များက ပွက်လောညံအောင် လိုလားကြသည်။ ကမ္ဘာသစ်တွင်ကား စပိန်များက ကိုလံဘီယာမြများကို သိမ်းယူခဲ့ကြသည်။

ယံနေ့တွင်လည်း လိုလားတောင်းဆိုမှုက ဆက်လက်ရှိနေဆဲပင်။ ၁၅၀၀ ပြည့် နှစ်ဦးပိုင်း၌ စပိန်တို့က တောင်အမေရိကသို့ ရောက်ရှိလာချိန်တွင် မြကမ္ဘာသည် အပြီးအပိုင်ပြောင်းလဲသွားခဲ့၏။ ပထမတွင် ရွှေနှင့်ငွေတို့ကိုသာ လုယက်သိမ်းပိုက်ခဲ့သည်။ မက္ကစီကိုတွင် မြကျောက်ကိုတွေ့ရှိခဲ့ရာမှ ၎င်းရင်းဇာစ်မြစ်ကို ရှာဖွေခဲ့ကြသည်။ ကိုလံဘီယာ၏ တောင်တန်းများထိ တိုက်ခိုက်သိမ်းပိုက်ခဲ့ချိန်တွင်မှ ၁၅၃၇ နှစ်တွင် "ချီဗာ" (Chivor) တစ်ဝိုက်၌ ဒေသခံ အိန္ဒိယလူမျိုးများထံမှ မြကျောက် ၇၀၀ မျှကို လုယက်သိမ်းပိုက်ခဲ့သည်။

"မူဇို" (Muzo) ကား ကမ္ဘာပေါ်ရှိ မည်သည့်မိုင်းနှင့်မျှမတူပေ။ နှစ်ပေါင်းတစ်ထောင်မျှ အကြီးဆုံးနှင့် အကောင်းဆုံးမြများ ထွက်ရှိခဲ့သည်။ ၁၅၅၈ ခုနှစ်ထိ "မူဇို"က ကျူးကျော်သိမ်းပိုက်သူတို့ မသိဘဲ ရှိနေခဲ့သည်။ သို့သော် ထိန်းချုပ်ပြီးသည်နှင့် စပိန်တို့က အိန္ဒိယလူမျိုးများကို အကြီးစားတူးဖော်မှုလုပ်ငန်းအား ကျွန်ပြုလုပ်ကိုင်စေခဲ့ကြသည်။

ပထမတွင် စပိန်ကို ချစ်မြတ်နိုးသော ဥရောပသားများက ကမ္ဘာသစ် မြရတနာများကို လျစ်လျူရှုခဲ့ကြသည်။ သို့သော် အိန္ဒိယ၊ ပါရှား၊ အော်တို၊ မန်အင်ပါယာနှင့် အီဂျစ်တော်ဝင်များက လက်သီးဆုပ်မျှ ကြီးမားသော အစိမ်းရောင်မြကျောက်များကို ဆင်မြန်းလာခဲ့ကြသည်။ ကိုလံဘီယာမြကို သွေးခြင်း၊ ထွင်းထုခြင်း၊ ပုံဖော်ခြင်းများ ပြုလုပ်ကာ ဘူးငယ်များ ပြုလုပ်ကြသည်။

၃၀၀ ကရက်ကျော်မျှ ကြီးမားသော မြကျောက်များကို ထောင်နှင့်ချီ၍ ပါရှားဘုရင် "နဒီယာ"က ၁၇၃၉ ခုနှစ်တွင် နယူးဒေလီကို တိုက်ခိုက်ပြီးနောက် သိမ်းပိုက်ခဲ့သည်။ ထိုကျောက်များနှင့် ကြီးမားသော စိန်တုံးကြီးများက အီရန်ဘုရင်၏ တောက်ပသော ရတနာပျိုးခင်းသို့ ရောက်ရှိလာခဲ့သည်။

(အိန္ဒိယဘုရင်ထံမှ သိမ်းပိုက်ယူခဲ့သော (၁၈) လက်မအရွယ်ရှိ ရတနာစီခြယ်ထားသည့် အလုံးကြီးများကို ပတ္တမြား၊ နီလာနှင့်စိန် စသည့်အခြားကျောက် (၅၁,၀၀၀) မျှဖြင့် ဝန်းရံခြယ်မှုန်းထားသည်။ ထိုဘုရင်ရတနာအလုံးကြီးကို ၁၉၆၀ ပြည့်နှစ်တွင် တီဟီရန်၏ အမျိုးသားဘဏ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ပြည်သူကို ပြသခဲ့သည်။)

မြကျောက်များကို အများဆုံး ထုတ်လုပ်သော နိုင်ငံများမှာ ကိုလံဘီယာ၊ ဇန်ဘီယာ၊ ဘရာဇီးနှင့် ဇင်ဘာဘွေနိုင်ငံတို့ဖြစ်၏။ သို့သော် အိန္ဒိယကား ထိုကျောက်ရိုင်းများကို သွေးရာတွင် ကမ္ဘာ့ထိပ်တန်းဖြစ်၏။ အိန္ဒိယသွေးသော မြများမှာ အမှန်တကယ် အိန္ဒိယမှထွက်သောကျောက်များ ဖြစ်



"အံ့ဩလောက်တဲ့အစိမ်းရောင်ပါ" ဟု ကမ္ဘာကျော် ဟောလိဝုဒ်မင်းသမီး အဲလစ္စဘက်တေလာက မြကို ချစ်ကြောင်းရှင်းပြသည်။ သူမ စုဆောင်းထားသော ရတနာများတွင် စိန်နှင့်မြ လည်ဆွဲ၊ နားဆွဲများ၊ လက်ကောက်နှင့် လက်စွပ်များ ပါဝင်သည်။

www.burmeseclassic.com




၁၇၄၇ ခုနှစ်တွင် တူရကီစူလတန်ဘုရင်က အီရန်ရှားဘုရင်ထံ လက်ဆောင်ပေးပို့သော မြဖြင့်စီခြယ်ထားသည့် ဓားမြှောင်
(အရိုးတွင် မြဖြင့်ပြုလုပ်ထားသော အဖုံးပါ နာရီပါသည်။)

သည်ဟုလည်း အဆိုရှိ၏။ အထက်ပါ မြတူးဖော်ရေးမိုင်းများ အများဆုံးရှိသော နိုင်ငံတို့၏ တွင်းထွက်ကျောက်များကို နည်းအမျိုးမျိုးဖြင့် (သတ်ဖြတ်ရန်လည်းဝန်မလေး) ထက်ဝက်ခန့်မျှကို ပြည်ပသို့ ခိုးထုတ်ယူကြကြောင်းလည်း အဆိုရှိ၏။

ကျောက်ရိုင်းများကို ဓာတ်ခွဲခန်းတွင် ဆေးဖြင့် ပြုပြင်စီရင်သည်။ ပထမဦးစွာ ကျောက်ရိုင်းတုံးများကို ဆူပွက်သော အက်စစ်ဖြင့် ဆေးကြောသည်။ ထို့နောက် ရေဖြင့်ဆေးကာ ရှုလကာရည်ဆန်သော အက်ဆီတစ်အက်စစ်ဖြင့် နှစ်ကြိမ်ကျင်းပြီး လေလုံခန်းထဲတွင်ထည့်ကာ အကြွင်းအကျန်များကို သုတ်သင်ဖယ်ရှားသည်။

ထို့နောက် သစ်ကတိုးရည် ဘူးငယ်များအတွင်း နှစ်မြှုပ်ထားသည့် မြကျောက်များကို ရေပွက်ပွက်ဆူနေသော ဒယ်အိုးတွင်ထည့်သည်။ မြများကို အပူပေးခြင်းဖြင့် လေကို



စူလတန်ဘုရင်၏ မြနှင့်ပတ္တမြားတို့ဖြင့် လက်လက်တောက်နေသော စာရေးကိရိယာထည့်သည့် ရွှေဘူး

ထုတ်ပစ်ပြီး ဆီကိုစိမ့်ဝင်စေသည်။ တစ်ညတာမျှ အအေးခံပြီးသောအခါ ဆီနှင့်မြကျောက်တို့ကို ဖိအားပေး အခန်းတွင်းသို့ ထည့်သည်။ ဖိအားကို တစ်စတုရန်းလက်မလျှင် ပေါင် ၁၀၀ မှ ၅၀၀ ထိ မြှင့်တင်သည်။ ထိုသို့ပြုလုပ်ခြင်းမှာ ကျောက်အက်ကြောင်းများအတွင်းသို့ ဆီများ ပိုမိုနက်ရှိုင်းစွာ ဝင်ရောက်စေရန်ဖြစ်သည်။

ထိုသို့ ပြုလုပ်သည့်တိုင် ဆီက လအနည်းငယ်မှ တစ်နှစ် သို့မဟုတ် နှစ်နှစ်ထက် ပို၍မခံဟု ဓာတ်ခွဲခန်းမန်နေဂျာက ပြောသည်။

(ကိုလံဘီယာတွင် သစ်ကတိုးဆီအပြင် အဆီထု ... ထားသော ဇော်ဆာဖော့သစ်ပင်ဆီ၊ အုန်းဆီနှင့် အ ... ညီ့သော အခြားဆီများကိုပါ သုံးသည်။)

မြကျောက်တူးဖော်ရေးက ဘဝ၏ ကြီးမားလှ ... ဆန့်ကျင် ကွဲလွဲချက်တည်ရှိပုံကို ဖော်ပြသည်။ ကြည် ... တောက်ပသော မြတို့က ဥရောပ၊ အာရှနှင့် ဟောလိဝုဒ် ... မဟာဆန်သော လည်တိုင်များ၊ လက်ကောက်ဝတ်များ ... များ၊ လက်ချောင်းများတွင် ကြော့ရှင်းတင့်တယ်စွာ တန် ... ဆင်ခဲ့ကြသည်။

သို့တိုင် မြကျောက်တို့က မြေကမ္ဘာ၏ မသတ် ... စိတ်မချမ်းမြေ့ဖွယ်သော နေရာများတွင် မြစ်ဖျား ... သဘောမတူ အင်တင်တင်ရှိသော မြေကြီးထဲမှ ဆင်း ... နွမ်းပါးသော သူများက တူးဖော်ရယူခဲ့ကြသည်။ မြ ...

ရောင်းဝယ်ရေးလောက၏ သိမ်မွေ့နူးညံ့သော ပြက်ရယ် ... တစ်ခုမှာကား မြကို ရှာဖွေတူးဖော်ပေးခဲ့ကြသူများ အ ... မြကိုဆင်မြန်းရန် ငွေကြေးလုံလောက်အောင် စုဆော ... မှာ တွေးပင်မတွေးနိုင်သောကိစ္စ ဖြစ်ပေတော့သည်။

❒ စိန် ...

(National Geographic မဂ္ဂဇင်းပါ Fred ... ရေး FEmeralds ကို အတိုချုံး၍ ပြန်ဆိုသည်။)




www.burmeseclassic.com

www.burmeseclassic.com

# အမိမြ မာန်အောင်သင်္ဘောပေါ်မှ ဓာတ်ဆရာ ဦးဦးသာ

## အနောက်တံခါးမှူးမောင်မှူး



စစ်တွေ ဆိပ်ကမ်းအလှ

မာန်အောင်ဆိုသော သင်္ဘောသည် စစ်တွေသို့ ၁၉၆၅ ခုနှစ်ကုန်ပိုင်းလောက်တွင် ရောက်လာသည်။ အရင်က အလောင်းဘုရား၊ ဝေလွင် စသော သင်္ဘောများနှင့် ဘူးသီးတောင်နှင့် စစ်တွေကို ခုတ်မောင်းသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ပိုင် သင်္ဘောများ ဖြစ်ပါသည်။ မာန်အောင်သည် ဝေလွင်ထက် ကြီးပါသည်။ မြန်သည်ဟုလည်း ပြောနိုင်ပါသည်။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့မှ သင်္ဘောကျင်းတွင် ပြန်လည်တည်ဆောက်ထားသော သင်္ဘောဖြစ်၏။ ယခင်က ရေနွေးငွေ့သုံး တာဘိုင်အင်ဂျင်ကိုဖြုတ်၍ ဒီဇယ်အင်ဂျင်ကို ထည့်ထားခြင်းဖြစ်သည်။

သင်္ဘောကိုထိန်းရသော တက်မကိုင်ဘီး စသည်တို့မှာမူ ရေနွေးငွေ့ဖြင့်လည်သော အင်ဂျင်က ပါဝါဖြင့် ထိန်းစေသည်။ သို့အတွက် ပဲ့ထိန်းစနစ်ကို ကိုင်တွယ်ရသည်မှာ အလောင်းဘုရားတို့ ဝေလွင်တို့ကဲ့သို့ မိုးလေပြင်းသော် လူသုံးယောက်ခန့် ထိန်းရသလိုမဟုတ်၊ သက်သာစွာဖြင့် ပဲ့စင်မှ ထိန်းထားနိုင်သည်။ ကောင်း၏ဟု ခေါ်ရပေမည်။ အပြစ်ကား ထိုရေနွေးငွေ့ကို ဖြစ်စေသော ဘွိုင်လာသည် မကြာခဏ မီးလောင်မှုဖြစ်သဖြင့် ခရီးသည်တို့မှာ သတိနှင့်စီးကြရ၏။ သင်္ဘောမှာ အသစ်ပြုပြင်ထားရကား မာန်အောင်စီးရလျှင် အခြားအလောင်းဘုရား၊ ဝေလွင်တို့ထက် နှစ်နာရီခန့်စော၍ လိုရာခရီးသို့ ရောက်နိုင်စွမ်းသောကြောင့်မာန်အောင်သင်္ဘောကို စီးရန် ကြိုးစားရ၏။

သင်္ဘောမာလိန်ကြီး ဦးလှတင်ကလည်း သဘောကောင်း၏။ အထက်တန်းက လိုက်ပါသော် စားလိုသောဟင်းကို မှာစားနိုင်သောကြောင့် ကျွန်ုပ်တို့ အရာရှိများမှာ မာန်အောင်သင်္ဘောနှင့် စစ်တွေအသွားအပြန် သွားလိုက်ရလျှင် အားလပ်ရက်တွင် ခရီးထွက်ရသကဲ့သို့ ဖြစ်၏။

ခရီးသွားရာတွင် ကျွန်ုပ်နှင့်အတူ သွားလာလေ့ရှိသော ရခိုင်ဌာနေအရာရှိငယ်များမှာ ကျွန်ုပ်အတွက် မေးလိုရာမေးရန် သူတို့စုဆောင်းထားသမျှသော ဗဟုသုတများကို မျှဝေခံစားရပါ၏။ သို့နှင့် ၁၉၆၅ ခုနှစ် ဆောင်းလယ်တွင် မာန်အောင်နှင့်အသွားတွင် ကျွန်ုပ်၏ ရဲဘော်များအဖြစ် အလယ်သံကျော်စခန်းမှ ဖိုးသာခင်၊ ငါးခူရမှ ဦးစောလှတို့ကို ခေါ်ယူသွားခဲ့ပါသည်။

ဘူးသီးတောင်သင်္ဘောဆိပ်မှ မာန်အောင်သည် ခါတိုင်းကဲ့သို့ ဖျားရေအတက် ၅ နာရီလောက်တွင် မထွက်နိုင်၊ မြူနှင်းတို့ ပိတ်နေသောကြောင့် ရှေ့ဝါးတစ်ပြန်စာပင် မမြင်နိုင်သောကြောင့် နံနက် ၇ နာရီလောက်မှ ထွက်နိုင်၏။

ပထမဦးစွာ ဆိုက်ကပ်သောရွာမှာညောင်ချောင်းဖြစ်၏။ ညောင်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

တွင် တာဝန်ကျနေသော ဒုလဝကမှူး ဦးသန်းဝင်းတို့အဖွဲ့သည် သင်္ဘောမှဆင်းလေသည်။ ညောင်ချောင်းသည် မောင်တောမြို့နယ် အလယ်သံကျော်ရွာနှင့် ဆက်သွယ်ထားသော တောင်ကျော်လမ်းရှိသည်။ ညောင်ချောင်းမှ စိန်နှင်းပြားလမ်းအတိုင်း ကိုင်းတောကြီး၊ သန္တာရွာ၊ ဝါးချ၊ ကြိန်တလီရွာတို့ ဖြတ်ပြီးသော်အလယ်သံကျော်ရွာရောက်သည်။ အလယ်သံကျော်ရွာ အပြင်မှပတ်၍ မြင်းလွတ်ရွာ၊ သပြေတောရွာတို့ကို ရောက်နိုင်သည်။

သပြေတောရွာနှင့် အလယ်သံကျော်ရွာတို့ကြားရှိ ပင်လယ်ကမ်းခြေမှာ သာယာလှသည်။ သဲများမှာ ကျွဲခြင်းနစ်ခြင်းမရှိ။ ဒုတိယကမ္ဘာစစ်အတွင်းက လေယာဉ်ဆင်းသည်၊ တက်သည်။ ထို့ကြောင့် လေယာဉ်ကွင်းကမ်းခြေဟု ထင်ရှားသည်။ ထိုနေရာမှဖြတ်သော် အရှေ့ပါကစ္စတန်သို့ရောက်ပြီ။ အလယ်သံကျော်တွင် မောင်မှူးတို့ ခြေမြန်ကင်းထားသည်။ အလယ်သံကျော်မှ တစ်မိုင်ခန့် အနောက်မြောက်ဘက် ပင်လယ်ကမ်းစပ်တွင် နတ်ကွန်းထူရွာရှိသည်။ စုပေါင်းကင်း ထားသည်။ အလယ်သံကျော်ရွာတွင် မာမူနူရာမောက် ဖြစ်သည်။ ဈေးခေါင်းကြီးဟုလည်း ခေါ်သည်။ ၁၉၅၀ ပြည့်နှစ်ဆီမှ သူသည် အလယ်သံကျော် ကွန်ဖရင့်ကို ဦးစီးခေါင်းဆောင်ပြုသူ ဖြစ်သည်။

မောင်မှူးရောက်စ အလယ်သံကျော်စခန်းမှနေ၍ ညောင်ချောင်းတောင်ကျော်လမ်းသို့ကင်းထွက်ရသည်။ ကိုင်းတောကြီးရောက်သော် ရှေ့မှသွားသော လမ်းပြက ခြေဖော့ပြန်ပြေးလာသည်။

"ဆရာ ရှေ့မှာဆင်" ဟု ပြောလေသည်။

မောင်မှူးတို့အဖွဲ့မှာ လူသစ်များဖြစ်၍ ဒေသမကျွမ်းကြ။ လမ်းပြစိန်သာပွင့်က ဆင်ဟုဆိုသည်နှင့်တစ်ပြိုင်နက် 'နောက်ကျတဲ့ဖနောင့် သစ္စာဖောက်' ဟု မဆိုသော်လည်း ခြေဖဝါးနှင့် တင်ပါးတစ်သားတည်းကျအောင်ပြေးကြတော့သည်။ ကိုင်းတောကြီး၌ ဆင်ပေါသည်။ ဆင်တစ်အုပ်လျှင် အကောင် ၄၀ မျှပါသည်။ ကျွန်ုပ်တို့၏ လမ်းပြမုဆိုးအလန့်တကြားတာမိန်း စိန်သာပွင့်မှာ ကျွန်ုပ်တို့နောက်မှ အေးဆေးစွာပါလာသည်။ စခန်းမှ သူပြောသည်မှာ 'ဆန်' မှောင်ခိုများ တွေ့သည်ကို ရခိုင်သံနှင့် 'ဆန်'ဟုပြောသည်ကို ကျွန်ုပ်တို့က 'ဆင်' ဟုကြားပြီး ပြေးကြသည်ဟု သိရသည်။

ကိုသန်းဝင်းအဖွဲ့တွင် ဒုလဝကမှူး ကိုသန်းဌေးလည်း ပါသည်။ မာန်အောင်သည် ညောင်ချောင်းမှ ခွာသည်။ သင်္ဘောအထက်တန်းသို့ စေတီပြင်မြို့ပိုင် ဦးဝင်းမောင် ရောက်လာသည်။ သူ့နောက်တွင် တောလိုက်စာရေးလည်း ပါလာသည်။ မောင်မှူး မောင်တောရောက်စက နယ်ခြားအုပ်ချုပ်ရေးရှိသေးသည်။ ထိုစဉ်က ကြိန်ချောင်းမြို့ပိုင်မှာ ဗိုလ်ကြီးသိမ်းဆွေဝင်း၊ အလယ်သံကျော်မှာ ဗိုလ်ကြီးအေးမြင့်၊ စေတီပြင်မှာ ဗိုလ်ကြီးသောင်း၊ တောင်ဘဇာမှာ ဗိုလ်ကြီးမြင့်ဆွေတို့ ရှိကြသည်။ ယခုတော့ သူတို့လည်း တပ်ပြန်ပြီ။

မာန်အောင်သင်္ဘောကြီးသည် ဆက်လက်ခုတ်မောင်းလာရာ မောင်မှူးနှင့်အတူပါလာသူ ဒုလဝကမှူး ဦးစောလှက ပုံညိုလိပ်ရောက်ပြီဟု ဆိုသည်။ ပုံညိုလိပ်မှာ တစ်ဖက်ကစိုင်းတင်ချောင်းနှင့် ဘူးသီးတောင်မှ ကျွန်ုပ်တို့သင်္ဘော စုံလာသော ကုလားပန်းစင်မြစ်တို့ ဆုံရာဒေသဖြစ်၏။ သူ့အပြောအရ ရှေးမှ အတိတ်တို့သည် စစ်၏ အနိဋ္ဌာရုံကို ဆောင်၏။ အင်္ဂလိပ်တပ်များ ဆုတ်ရာတွင် ကြေးစားစစ်သည်တို့ သဏ္ဌာန်အတိုင်း လက်နက်စွန့်၍ အောင်မြင်စွာပြေးကြရာတွင် မဟာရပ်ထလူမျိုး တပ်ရင်းသည် တပ်ဆုတ်ရာတွင် သွေးထိုးပေးခဲ့သဖြင့် လူမျိုးရေးအဓိကရုဏ်းဖြစ်ရာတွင် အိန္ဒိယ ဒီမာပူသို့ ရခိုင်များ သွားရောက်ခိုလှုံခဲ့ရ၏။

ထိုအထဲမှ ရခိုင်စစ်ပြေး...
သည် ဖုန်ညိုလိပ်အရောက် သ...
ကွဲပေါက်၍ ဖျက်စီးဆုံးရှုံးကြရပုံကို ...
ရဖူးပါသည်။ရခိုင်အရေးပိုင်တစ်ဦး...
ထိုနေရာအနီးပင် အစွန်းရောက်...
လက်ချက်ဖြင့် ကွယ်လွန်ရပုံကို...
သက်ကြီးဝါကြီးများက ပုံပြင်သဖွယ် ...
ပြောပြသည်ကို ကြားရဖူးပါ၏။

ဖုန်ညိုလိပ်တွင် သင်္ဘော...
တက်သူ ဆင်းသူများကို လှေသ...
ပြုလုပ်သည်။ သင်္ဘောအထွက်...
ကျသဖြင့် ရေအမီ ခုတ်မောင်းပါ...
စေတီပြင်လည်း မဝင်တော့ဟု ...
သည်။ မြို့ပိုင်ဦးဝင်းမောင်လည်း ...
တောင်မှာ ဆင်းရပါမည်။ ရသေ့...
ကို ထမင်းစားချိန်အမီဆိုက်ပေးပါ...
ရသေ့တောင်တွင် သူငယ်ချင်း ...
အောင်ကြည်၏ ဇနီးမိဘများရှိသ...
သူကြီးက သဘောကောင်းသည်၊ ...
အောင်ကြည်၏ယောက်ဖ ကျော်...
မောင်ကလည်း သဘောကောင်းသ...
သူတို့ထံ နှုတ်ဆက်လိုသော်လ...
သင်္ဘောက အချိန်မရ၊ မြို့ပိုင်ကြီးက ...
ကြွခိုင်ရေးရေဒီယိုကိုပိုက်ကာ ဆင်းသွား...
တော့သည်။

အဘယ်ကြောင့် ရသေ့တောင်...
ခေါ်ပါသနည်းဟုမေးလျှင် ကျွန်ုပ်ကြား...
သမျှကို တင်ပြပါမည်။ ရသေ့တောင်...
ဘုရားဟု လူအများက သိနေသော...
ကင်းတော်ဘုရားအကြောင်း ပါရ...
မည်။ ရသေ့တောင်မြို့နယ်တွင် မြ...
စွာဘုရားရှင်၏ ဗျာဒိတ်တော်ရ တည်...
ထားကိုးကွယ်သော စေတီတော်သုံး...
ရှိသည့်အနက် ကင်းတော်စေတီလည်း...
တစ်ဆူအပါအဝင်ဖြစ်၏။

တတိယညေဝတီခေတ် မင်း...
ခြောက်ဆက်မြောက်ဖြစ်သော (သူရိ...
စက္ကမင်း)သည် ကောဇာသက္ကရာဇ် ၂...
ခုနှစ် ခရစ်နှစ် ဘီစီ ၃၁၆ ခုနှစ်တွင်...
ဓာတ်တော်သမိုင်းစဉ်အရ ဘုရား...
အလောင်းတော် ဆဒ္ဒန်ဆင်မင်းသ...
ထိုစေတီတည်ရာ ရာဇပဗ္ဗတ တောင်...





www.burmeseclassic.com

www.burmeseclassic.com

ဘော်တွင် နေခဲ့သည်။ ထို့ကြောင့် ဗျာဒိတ်တော် ထားရာ၌ . . .

"ငါဘုရားသည် မာလာယုမြစ်အနီး (ရာဇပဗ္ဗတ)တောင်တော်၌ ဆဒ္ဒန်ဆင်မင်းဘဝအဖြစ် ကျင်လည်နေထိုင်ခဲ့သဖြင့် ငါဘုရား ပရိနိဗ္ဗာန် စံလွန်လေသွင် ထိုအရပ်၌ ငါဘုရား၏ ဦးကင်းဓာတ်မာတ် တည်လတ္တံ့" ဟု မိန့်တော်မူခဲ့သည်။

ထိုသို့သော ဗျာဒိတ်တော်ရှိသောကြောင့် သူရိယစက္ကမင်း တည်ထားခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် စေတီတော်ကို ကင်းတောင်စေတီဟု ခေါ်တွင်ခဲ့ရာမှ သူတော်စင်ရသေ့တစ်ပါး ဤတောင်တော်၌ တရားကျင့် သီတင်းသုံးသည်ကို အစွဲပြု၍ ရသေ့တောင်၊ ရသေ့တောင်ဘုရား၊ ရသေ့တောင်မြို့ဟု ခေါ်ကြပြန်ကြောင်း ဟု ကျွန်ုပ်၏ ဌာနေအမာခံ ဦးစောလှက ရှင်းပြ၍ မှတ်သားလိုက်ရပါ၏။

ရသေ့တောင်မြို့မှ ထွက်လာသောအခါ မေယုမြစ်မှာ ကျယ်လာသည်။ ရသေ့တောင်မြို့မှ တစ်ဖက်ကမ်းတွင် လောင်းချောင်းရွာရှိသည်။ လောင်းချောင်းရွာနောက် မေယုတောင်ကို ကျော်လိုက်လျှင် ဆင်ပိုက်ရွာ ရောက်သည်။ ဆင်ပိုက်နှင့် ဒုံးပိုက်ရွာမှာ မဝေးသူ၊ နှစ်နာရီခန့် လမ်းလျှောက်လိုက်သော် ရောက်၏။ လောင်းချောင်းရွာမှ သူကြီးညီအစ်ကို၊ ဒုံးပိုက်ရွာမှ သူကြီးတလေးတို့မှာ လူချစ်လူခင်ပေါသည်။

လောင်းချောင်းတွင် မကဖ(၁၇)မှ ဒုလဝကမှူး စောထွန်းလှအောင်၊ ဒုလဝကမှူး အေးဘော်တို့ရှိသည်။ ရပ်ရွာနှင့် အဆင်ပြေ၍ ဌာနေရခိုင်သောင်းကျန်းသူများကလည်း သူတို့နှင့်မတွေ့အောင်စေရန် ရှောင်ကြသည်ဟု သိရသည်။ မြို့ပိုင်ဦးဝင်းမောင်ရှိသော စေတီပြင်မှသည်း အထက်နန်းရာ၊ အောက်နန်းရာရွာများမှ အင်းဒင်ရွာ၊ သဘော်ကွဲရွာဘက်သို့ကူးသော တောင်ကျော်လမ်းရှိသည်။ ထိုအတွက် ဒုလဝကမှူး တင်အေး၊ ဒုလဝကမှူး တင်ဝင်းတို့ ထားရသည်။ မေယုနယ်ခြားခရိုင်တွင် မကဖ စခန်းပေါင်း ၁၈ ခု ထားသည်။

ရသေ့တောင်မှထွက်၍ မကြာမီ သဘော်ကုန်းပတ်စီး ခရီးသည်များရှိရာသို့ အညောင်းလည်းပြေ၊ အခြေအနေလည်းအကဲခတ်ရန်ထွက်ကြည့်ပါသည်။ သဘော်ပေါ်တွင် ပက်လက်ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေသောသူ တစ်ဦးသည် . . .

"မိုက်နိုင်မှ သောတာပန်၊ မကောင်းကြံလျှင် သမာဓိ၊ ပညာရှိလျှင် ပါယ်၍ထား၊ မုသားမပြောလျှင် လူမိုက်၊ ကုန်းတိုက်လျှင် ကျေးဇူးရှင်၊ အပြောကောင်းလျှင် ကျမ်းဂန်တတ်၊ ရွှေတင်သည့်ဘုရား လူရိုသေ၊ ဂုဏ်သရေရှိတာက သဘင်သမား၊ ဘုရားကြီးက ရွှေခိုး၊ အမျိုးကောင်းသမီးက ပိုက်ဆံရှာ" ဟု သူ၏မှတ်စုစာအုပ်ကြီးကိုဖွင့်၍ စာများကို ကျက်မှတ်နေသည်ကို တွေ့ရသည်။

ဇာတုံးပေါ်တွင် ယခုခေတ် ရှားပါးလှသော ပိုးပဝါပန်းရောင်ကို ပတ်ပေါင်းထားပြီး ယခင်ဒုတိယကမ္ဘာစစ်မတိုင်မီက ဝပ်ဆင်ဝေး၊ မေမန်ရှီး စသည်တို့၌ ချုပ်လုပ်ရောင်းချလေ့ရှိသော ဆတ်ချဲသက္ကလတ်တိုက်ပုံအင်္ကျီတို့ကို ဆင်မြန်းထားသော အသက်(၇၀)ဝန်းကျင်ရှိ လူကြီးတစ်ဦးကို တွေ့မြင်ရ၏။

ကျွန်ုပ်မှ စိတ်ဝင်စားနေသည်ကို အကြောင်းသိသော ဒုလဝမှူးဦးစောလှသည် ထိုသူထံသို့သွား၍ . . .

"ဆြာ ဦးဦးသာ ခင်ဗျား ကျွန်တော်တို့ဆရာ ဦးမှူးနှင့် မိတ်ဆက်ပေးချင်ပါ၍ အထက်တန်းဧည့်ခန်းတွင် လက်ဖက်ရည်သုံးဆောင်ရန် ကြွပါ" ဟု ဖိတ်ကြားလေသည်။

သို့နှင့် ဒုံးပိုက်ရွာသား နက္ခတ်ဓာတ်ဆရာ ဦးဦးသာကို ပထမဦးစွာ သိကျွမ်းရပါကြောင်း။ ဆရာကြီးထံမှ သူရွတ်ဆိုနေသော စာမှာ ကျောက်ရိုးရာဇဝင်ပါ စာသားများဖြစ်ကြောင်း သိရပါသည်။ ငမဲရာဇဝင်၊ ကျောက်ရိုးရာဇဝင်၊ မဟာရာဇဝင်၊ ဦးအောင်သာရာဇဝင်၊ ရမ်းဗြဲတောင်ကျောင်း ဆရာတော်ရာဇဝင် ဟူ၍ ရခိုင်ရာဇဝင်များရှိသည့်အနက် ကျောက်ရိုးရာဇဝင်မှာ အတိတ်တဘောင်၊ စနည်း စသည်တို့ကို အခြေတည်၍ ရေးသားသော စာတမ်းဖြစ်ပါ၏။

ကျွန်ုပ်တို့ မြန်မာပြည်မတွင် ဂဝံပတေ့သိုက်စာ၊ ရွှေတိဂုံဘုရားသိုက်စာ၊ ငမန်ကန်းသိုက်စာ စသည်တို့ရှိသကဲ့သို့ ရခိုင်လူကြီးများ ပြောလေ့ပြောထရှိသော စာတစ်ခုဖြစ်သည့် ဆရာဦးဦးသာထံမှ ရလိုက်ပါသည်။ နက္ခတ်တာရာတို့ကိုကြည့်၍ ဓာတ်စာတွက်ပေးနည်းကို ပေးလိုပါသော်လည်း ကျွန်ုပ်မှာ ဗေဒင်ပညာ လုံးဝမတတ်သောကြောင့် အစွမ်းထက်သော ရခိုင်ဆရာကြီး ဦးဦးသာ၏ ဓာတ်စာကျမ်းကို မရလိုက်ပါကြောင်း။

ကျွန်ုပ်တို့စီးလာသော မာန်အောင်သဘော်သည် ရသေ့တောင်အောက်တစ်မိုင်ကျော်မျှ စုန်ပြီးသည့်နောက် မေယုမြစ်မှ ကျောက်ချောင်းအတွင်းသို့ ဝင်၍ခုတ်မောင်းလေသည်။ သဘာဝ ဘေးအန္တရာယ်များကိုကြောင့် ဒီရေ အတက်အကျနှင့် ခရီး အကွာအဝေးကို တွက်ချက်၍ ရခိုင်ပြည်နယ်အတွင်းရှိ ရေကြောင်းခရီးများတွင် အတွင်းလမ်းခေါ် ဖြတ်လမ်းများ၊ ရေလက်ကြားများ၊ ချောင်းတစ်ခုနှင့်တစ်ခု ကူးပြောင်းပြီး ခုတ်မောင်းရသည်။ ဖိုးသာခင်က အထုပ်အပိုးများ ပြင်သည်။ ကျောက်ချောင်းမှ မိုးစီချောင်း ကူးသော် ဂူတောင်ရွာရောက်မည်။ ဂူတောင်လွန်လျှင် စပါးထားရောက်၊ ညနေ ၅ နာရီဆိုလျှင် စစ်တွေရောက်ပြီ။

အင်းတင်ရွာ ကိုအာကြမ်း၏ ဆတ်သားခြောက်ဖုတ်၊ လက်ဖက်ရည်ကြမ်းနှင့် လိုက်လာသော ဆြာကြီးဦးဦးသာကလည်း သူ့တပည့်ခေါ်၍ အထုပ်ပြင်စေသည်။ သူတို့ကလည်း ဂူတောင်





www.burmeseclassic.com

www.burmeseclassic.com

ရွာမှာ ဆင်းကြမည်။ ကျွန်ုပ်၏တပည့်ကျော် လူပျိုကြီး ဖိုးသာခင်က . . .

"ဆရာ စစ်တွေလိုက်မယ် ထင်နေတာ၊ ဘာအတွက် ဂူတောင်မှာဆင်းရတာလဲ" ဟုမေးသည်။

ဖိုးသာခင်သည် အရွယ်အိုမိခင်ကြီးအား စောင့်ရှောက်နေသူဖြစ်သည်။ ဘုရားတရား ကိုင်းရှိုင်း ည်ကို သိကြသည်။ သို့အတွက် ဖိုးသာခင်ကို စစ်တွေခရီးစဉ်ရှိလျှင် သူ့ကို ဦးစားပေးရသည်။ အမိအိုကို တွေ့ပါစေဟု စေတနာထားကြသည်။ သူရောက်လျှင် အမိကို ဆေးစစ်သည်။ ဒေါက်တာခင်မြဦးကိုပြသည်။ ရခိုင်မာတ်စာ ကျွေးလေ့ရှိသည်။

"ဂူတောင်လို့ ဒီရွာကိုခေါ်တာက မင်းဗာကြီး တည်ဆောက်တော်မူသော ဂူဘုရားများရှိသောကြောင့် ဂူတောင်လို့ ခေါ်ကြသဗျ" ဟု စကားစတော့သည်။ ဆရာဦးဦးသာ၏ ပြောပြချက်အရ . . .

"စစ်တွေကျွန်းမြောက်ဘက်မှာ မိုးစီချောင်းရှိသဗျာ၊ မိုးစီချောင်းက သုံးမိုင်လောက်ပဲ ရှိပါတယ်၊ မိုးစီကျွန်းကတော့ စတုရန်းမိုင် ၅၁ မိုင်ခန့် ရှိပါတယ်၊ ကျွန်းမှာ တောင်ကနေပြီး မြောက်ကို အလျားလိုက် ကျွန်းရဲ့အရှေ့ဘက်ဖျားနားမှာ တောင်တန်းရှိပါတယ်၊ အဲဒီတောင်တန်းထဲမှာ တောင်ပူစာတန်းတစ်ခုက ဥဂ္ဂတောင်တန်းလို့ ခေါ်ပါတယ်၊ ရှေးဝါကြီးများအဆိုအရ မြတ်စွာဘုရားအလောင်းတော် ဖြစ်စဉ်တွေထဲမှာ တစ်ခုသော ဆဒ္ဒန်ဆင်မင်းဘဝမှာ ဤတောဌ် မင်းဖြစ်တော်မူသည် ဆိုပါတယ်၊

တစ်နေ့သောအခါ မိုးရွာသွန်းလေပြင်းများလဲကျရာ အလောင်းတော်ဆင်မင်းဟာ ခိုလှုံရန်နေရာရှာရပါတယ်၊ ဒီကျွန်းရောက်သော် မိုးစဲသည်ကို အစွဲပြုပြီး မိုးစဲကျွန်း (ယခု မိုးစီကျွန်း)ဟု ခေါ်ကြပါတယ်၊ ကျွန်းကြီးမြောက်ပိုင်းရဲ့ အလယ်လောက်မှာ ဂူတောင်ရွာရှိတာပါ။ ကျောက်တောင်ကြီးကို ဂူများ ဘုရားများ ထွင်းထုထားတာတွေရှိလို့ ဂူတောင်ရွာလို့ ခေါ်ပါတယ်"ဟု ဆို၏။

"မြောက်ဦးမင်းဆက်တွေထဲမှာ ထင်ရှားတဲ့ မင်းဗာကြီးဟာ ခရစ်နှစ် ၁၅၃၁ မှာ နန်းတက်တော်မူပါတယ်၊ အကျွန်တို့ ရခိုင်ပြည်ဟာ ဘင်္ဂါသူရကန်ရဲ့ ဩဇာအောက် ကျရောက်ခဲ့ပါတယ်၊ ခရစ်နှစ် ၁၄၃၀ မှာ မြောက်ဦးမြို့ နန်းဆက်တည်တော်မူသော မင်းစမွန်က သူရကန်ဘုရင်ထံ ကတိပြုခဲ့ခြင်းကြောင့် နှစ်စဉ် ပဏ္ဏာဆက်ပြီး နေခဲ့ရတယ်လို့ ဆိုတယ်၊ ဗင်းဗာကြီး နန်းတက်ပြီးနောက် တပ်တော်များဖွဲ့ပြီး ခရစ်နှစ် ၁၅၃၃ မှာ ဘင်္ဂါကို ချီတော်မူပါတယ်၊ ကုလားသူရကန်တို့ကို လက်ဆောင်ပဏ္ဏာပေးခြင်းကို ပယ်တော်မူခဲ့ပါတယ်။

ဦးရစ်တောင်မှာလဲ ရေတပ်ကြီးစွဲပါတယ်၊ မိုးစီကျွန်းမှာလည်း ဂူဘုရားများ တည်ခဲ့ပါတယ်၊ အခု ဖူးတွေ့ရမယ့် ကျောက်ဂူကြီး ခြောက်ခု ရှိပါတယ်၊ လက်ဝဲဘက် လေးခုက မင်းဗာကြီးရဲ့ ကုသိုလ်တော်ပါ။ မင်းဗာကြီးက ဂူသုံးခု အပြင် ဆင်းတုတော် လေးဆူလည်း တည်တော်မူတယ်၊ ဆင်းတုတော်လေးဆူရဲ့နောက် ကျောက်သားနံရံမှာလည်း အပြောက်အမွမ်းနှင့်တကွ မာတ်တော်များကို ထုလုပ်ခဲ့ပါတယ်၊ ယာဘက်က ဂူသုံးခုကတော့ အများပြည်သူတို့ရဲ့ ကောင်းမှုပါ။

ဂူဘုရားများ ဖူးရန်ကတော့ အရင်ဦးစွာ တောင်ခြေမှ ကျောက်လှေကား စောင်းတန်းကြီးနဲ့ တက်ရပါတယ်၊ ဘုရားနားရောက်ခါနီးတော့ စောင်းတန်းလှေကားက ကျဉ်းသွားပါတယ်၊ နည်းနည်းတော့ တက်ရမယ်၊ မူလက တောင်စောင်းမှာ ကျောက်ဆစ်ပန်းပု ထုထားတာ ပေ ၁၇၀ ခန့် ရှိပါသော်လည်း တောင်ပြိုလို့ ပန်းပုရုပ်များ ပျက်စီးသွားပါတယ်၊ ပေ ၁၃၀ ခန့်သာ ရှိပါတော့တယ်၊ ယာဘက်က ဂူသုံးခုမှာ သူကြီးဦးအောင်ကျော်က နှစ်လုံး၊ နောက်တစ်ခုက လောင်းဇင်ရွာက လယ်သမားကြီးဦးရွှေဖူးက တစ်ခု ထွင်းထုလှူဒါန်း ...ကွယ်ကြခြင်းဖြစ်တယ်" ဟုဆိုလေသည်။

"တူ" ဟု ဥဩသံတစ်ချက်သည် ... မာန်အောင်သင်္ဘောမှ ထွက်ပေါ် ... လေသည်။ စပါးသမွန်များ သင်္ဘောသွား... မည့်ရေလမ်းကို ပိတ်နေသောကြောင့် ... ဖယ်ရှားခိုင်းခြင်း ဖြစ်သည်။ တစ်ဆ... တည်း ဂူတောင်ရွာရေဆိပ်ကို လှမ်းမြင် ... ရသည်။ ဆရာဦးဦးသာသည် သူ့အဖေ... များရှိရာသို့ ပြန်ရန်ပြင်ဆင်တော့သည်။ ... ဂူတောင်တွင် ဆင်းမည်။ ဆရာသည် ... ဂူများရှိရာတွင် တရားထိုင်မည်။ ... မြစ်များ ရှာလတ္တံ့ဟု မှတ်ယူရပါသည်။

မာန်အောင်သင်္ဘော ဆိုက်... သောအခါ ဆရာဦးဦးသာနှင့် တ... များသည် ဂူတောင်ရွာ၌ ဆင်းသွားသည် ... ကို တွေ့ရပါသည်။ မာန်အောင်သည် ... စပါးထားကိုကျော်ဖြတ်ပြီးသော် ... တန်မြစ်ကို ဝင်ပါမည်။ ဆတ်နီ... ချောင်းရှိ ပြည်တွင်းရေကြောင်းသ... ဆိပ်တွင် ဆိုက်ကပ်ပါတော့မည်။ ... မှူးတို့အဖွဲ့လည်း ပြင်ဆင်ရတော့သည်။

သင်္ဘောသည် ငြိမ့်ခနဲ တစ်ချ... လှုပ်ရှားသွားသည်။ မာန်အောင်သ... သည် ဆတ်ရိုးကျချောင်း ပြည်တွင်း... ကြောင်းသင်္ဘောဆိပ် ဆိပ်ခံနှင့် ဆို... ကပ်စဉ် ထိတွေ့ခြင်းဖြစ်ပါသည်။ အ... သမားကလေးများ သင်္ဘောပေါ်... တက်လာကြသည်။ စစ်တွေ လ... ပြည်နယ်ရုံးမှ မော်တော်ယာဉ်ဌာန... မှူး ဒုလဝကမှူး ဦးရွှေဘသိန်း ... ရောက်၍ ကျွန်ုပ်တို့ကို ကြိုဆိုသည်။

စစ်တွေရောက်သော် အိုး... ဌာန အိမ်ရာတွင်းရှိ ခရုဖြူထမင်း... မြန်မာထမင်း၊ မြန်မာဟင်းနှင့် ... ကောင်းစွာ စားရလတ္တံ့။

❒ အနောက်တံခါးမှူး ဆော...

(လဝက ငြိမ်းများ ဖြစ်... သူဌေးစောလှ၊ လူပျိုကြီးသာခင် ... သိန်းတို့အား အမှတ်ရလျက်)





www.burmeseclassic.com

www.burmeseclassic.com



# ရှေးဝေစာ အင်းတော်ကြီးမှ အမှတ်တရများ

## ခင်ခင်အေး

ကချင်ပြည်နယ်ရှိ အင်းတော်ကြီးအကြောင်းကို ကြားဖူးသူများစွာရှိသလို အလွန်တန်ခိုးကြီးသော ရွှေမြဇူဘုရားနှင့် အင်းတော်ကြီးသမိုင်းကို လေ့လာရန်စိတ်ဝင်စားသူများလည်းရှိနိုင်ပါသည်။

သို့သော် ယခုတင်ပြမည့် အင်းတော်ကြီးအကြောင်းမှာ ရွှေမြဇူဘုရားသမိုင်းနှင့်မပတ်သက်ဘဲ ထိုနယ်ပယ်မှ လူအများလက်ခံယုံကြည်ထားသည့် အင်းတော်ကြီးအရှင်သခင်၏အကြောင်းဖြစ်ပါသည်။

မြို့ရွာအတော်များများ၌ မြို့တော်ရှင်ရွာတော်ရှင်များကို တလေးတစားမြို့အပြင်၌ နတ်ကွန်းများဆောက်လုပ်ထားပြီး ယုံကြည်သူများက ဝါဝင်ဝါထွက် ကိုယ့်နည်းကိုယ်ဟန်ဖြင့် အစဉ်အလာမပျက် ပူဇော်ပ,သကြပါသည်။ ကြုံရင်ကြုံသလို အမွေးတိုင်၊ ဖယောင်းတိုင်၊ အောင်သပြေပန်းများနှင့် ဝင်ရောက်ပူဇော်ကြသူများလည်းရှိပါသည်။ နတ်ကွန်းရှေ့မှဖြတ်သွားလျှင်ပင် များသောအားဖြင့် ဖိနပ်ချွတ်သွားသူ၊ ကိုယ်ကိုကိုင်းသွားသူများကို ကြုံတွေ့ဖူးပါသည်။

အင်းတော်ကြီးအရှင်၏အကြောင်းကို အစမပျိုးမီ ကျွန်မ၏အဘိုးအကြောင်းကို အနည်းငယ်တင်ပြလိုပါသည်။ အဘယ်ကြောင့်ဆိုသော် အင်းတော်ကြီးအရှင်ကို မျက်ဝါးထင်ထင် ကိုယ်တိုင်မြင်တွေ့ခဲ့ရသူ တစ်ယောက်ဖြစ်သောကြောင့်ပင်။

အဘိုး၏စရိုက်နှင့် စိတ်နေစိတ်ထားမှာ အသွင်တူ၍ အိမ်သူဖြစ်သော အဘွားနှင့် တထေရာတည်းဖြစ်ပြီး စုန်း၊ တစ္ဆေ၊ သရဲ ၁သောပရလောကသားများကို လုံးဝ မကြောက်တတ်ကြပါ။ မယုံကြည်၍မဟုတ်ဘဲ မကြောက်ချင်၍



www.burmeseclassic.com

www.burmeseclassic.com

မကြောက်သဖြင့် ကင်းကင်းရှင်းရှင်း မပတ်သက်အောင်နေမည်ဟု သဘောထားသူများဖြစ်ကြပါသည်။ အိမ်တွင် နတ်အုန်းဆွဲခြင်းမပြုသလို နတ်ပွဲကလျှင် တစ်ခါမျှ သွားမကြည့်ကြပါ။

နှစ်စဉ်အရှင်ကြီးကို ရွာလုံးကျွတ် နီးပါး သွားကန်တော့ကြလျှင်လည်း အဘိုးနှင့်အဘွားက လိုက်ပါခြင်းမပြုကြပါ။ တစ်နည်းအားဖြင့်ပြောရလျှင် လူကြမ်းစိတ်ကြမ်းသူများ ဖြစ်သလို ရေလိုက်ငါးလိုက်မနေတတ်သော လူ့ခွစာများဟု အများကပြောစရာဖြစ်နေကြပါသည်။ သို့သော် အဘိုး၏ကြုံတွေ့ခဲ့ရသောအဖြစ်ကြောင့် လူကြမ်းကို နတ်ကြမ်းက မနိုင်ပါဟု ဆိုသောစကားကို လက်ခံရမလိုဖြစ်ပါသည်။

ကျွန်မပင်လျှင် ယခု အသက် (၈၀) နှစ် ပြည့်ပြီးဖြစ်ပါ၍ အဘိုးနှင့် အဘွား အိမ်ထောင်ကျစအခါသမယမှာ လွန်ခဲ့သောနှစ် ၁၀၀ ကျော်ခဲ့ပြီဟု ခန့်မှန်းနိုင်ပါသည်။

အင်္ဂလိပ်ခေတ်၌ စတီးဘရားသား ဟုခေါ်တွင်သော သစ်လုပ်ငန်းကုမ္ပဏီပင်လျှင်မပေါ်ပေါက်သေးသော အချိန်ကာလတွင် ပုသိမ်ဇာတိ အဘိုးသည် မော်လူးမြို့သူ အဘွားနှင့် အိမ်ထောင်ကျပြီး ဆင်အပိုင် ငါးကောင်နှင့် အင်းတော်ကြီး၌ သစ်လုပ်ငန်းကို စတင်ခဲ့သည်မှာ စိတ်ကူးယဉ်ဆန်သော ဒဏ္ဍာရီတစ်ပုဒ်တော့ မဟုတ်ပါ။

ထိုစဉ်အခါက အင်းတော်ကြီးဒေသသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲရုံမျှမက တောတောင် အလွန်ထူထပ်သဖြင့် ငှက်ဖျားရောဂါ အန္တရာယ်အလွန်ကြီးမားသော အရပ်ဖြစ်ပါသည်။

အင်းတော်ကြီး တစ်ဝိုက်၌ရှိ ရွာများမှ အလွန်ယုံကြည် အားကိုးနေရသော နတ်ထိန်းဟု အသိအမှတ်ပြုရသည့်သက်ကြီးရွယ်အိုအဘိုး တစ်ယောက်ရှိပါသည်။ ထိုပုဂ္ဂိုလ်က သတိပေးစကားပြောလျှင် အားလုံးက ယုံကြည်စွာ လိုက်နာကြပါသည်။ ဥပမာ - နတ်မိကျောင်းကို ခေတ္တကြိုးဖြေ၍ လွှတ်ထားသည်ဟု အသိပေးလျှင် ကလေး၊ လူကြီး မည်သူမျှ အင်းထဲသို့ဆင်းပြီး ရေမကူးရဲကြတော့ပါ။

အရှင်ကြီးသည် မော်ဟန်အရှင်ကြီး၊ ကျောက်ဖြူတောင်အရှင်ကြီးနှင့် လောင်းကစားသဖြင့် ကြက်နိုင်လာပြီဟု သတင်းထွက်လာလျှင် ရွာထဲသို့ တောကြက်များအရောင်စုံ၊ အသွေးစုံ အိမ်ကြက်များနှင့် လာရောက်ရောနှောနေကြသည်ကို မြင်တွေ့ကြရပါသည်။

အရှင်ကြီးက ငါးဖမ်းခွင့်ပြုပြီဟု သိရလျှင် အင်းကြီး၏အလယ်၌ ကြိုးတန်းထားသကဲ့သို့ အစင်းကြီးပေါ်လာပြီး အင်းကမ်းပါးပေါ်၌အစီအရီပေါက်နေသောအပင်များမှ အခေါက်များကို ကျေးဟုခေါ်သော ကြက်တူရွေးနှင့်ဆင်တူသည့်ငှက်များက အုပ်လိုက်လာ၍ အင်းထဲသို့ ခွာချပေးပါသည်။ ထိုအခါ ကြိုးတန်းသဖွယ်ဖြစ်နေသော အင်းရေပြင်မှာ တစ်ဖက်၌ ကြည်နေပြီး သစ်ခေါက် ခွာချထားသောဘက်၌ ရေနောက်ကျိနေပြီး မကြာမီ ငါးများပေါလောပေါ်လာပါသည်။ ထိုအခါတွင် အလွယ်တကူ လှေဖြင့် ငါးများကိုဆယ်ယူကြသည်ဟု ဆိုစမှတ်ပြုခဲ့ကြပါသည်။

အင်းတော်ကြီး အင်းမဖွဲ့မီက အကြောင်းကို ပုံပြင်ဆန်ဆန် စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ် အဘွားပြောပြ၍ သိရှိခဲ့ရပါသည်။ ကျွန်မတို့ငယ်စဉ်က လသာသာဝရန်တာ၌ အိပ်ရာဝင်ခါနီး လူကြီးမိဘများက ကျောကို ပွတ်ပြီး ပြောပြခဲ့သောပုံပြင်များရှိသည့်အနက် အင်းတော်ကြီးအင်းအကြောင်းကို ယခုထိ စွဲစွဲမြဲမြဲ မှတ်မိသတိရနေမိပါသည်။

ယခုခေတ်၌ ကျွန်မတို့၏မြေးများ၏ ကွန်ပျူတာ၊ ဝက်ဘ်ဆိုက်များမှ သတင်း အထူးအဆန်းများနှင့် ရုပ်ပုံ ဓာတ်ပုံအဆန်းများကို တအံ့တသြပြန်ငေးကြည့်ရသောအဖြစ်သို့ ရောက်နေပါပြီ။ ယခု ကျွန်မ ရေးသားသည့် ဒဏ္ဍာရီဆန်သော အင်းတော်ကြီးအကြောင်းကို လက်ခံကြတော့မည် မဟုတ်ပါ။

သို့သော် ၁၉၆၀ ခုနှစ်က အင်းတော်ကြီးသို့ ဘုရားဖူးသွားသောအခါ ရွှေ့မီနောက်မီ အဘိုး အဘွားများထံ ပြောပြ၍ ယခုတိုင် နတ်မိကျောင်းတို့ ချည်သောနွယ်ကြိုးကြီးကို မြင်တွေ့နိုင်ကြောင်း ကြားသိခဲ့ရပါသည်။ အင်းဖွဲ့ရန် နတ်က အိပ်မက်ပေးပြီး ကြိုတင်၍သတိပေးသဖြင့် ရေဘေးလွတ်သွားသော မုဆိုးမနေခဲ့သော တောင်ကုန်းကလေးကို ယခုထိမုဆိုးမကုန်းဟု ခေါ်ကြောင်း၊ အိုးသည်များနေခဲ့သောနေရာ၌ ယခုထိ အိုးကြမ်းပဲ့များကို ကမ်းပါး၌ တွေ့နိုင်ကြောင်းနှင့် မုဆိုးမ သတိပေးသည်ကို မယုံကြည်သဖြင့် အင်းဖွဲ့ရာတွင် ပါသွားသောရွာကြီးမှ အိမ်တိုင်ကြီးများကိုလည်း အင်းအလယ်၌ ရေကျချိန်တွင် တွေ့နိုင်ကြောင်း ကြားသိခဲ့ရပါသည်။

အခြားသော စိတ်ဝင်စားဖွယ် အကြောင်းအရာများ ရှိနေသော်လည်း ယခုခေတ်၌ သိပ္ပံနည်းကျကျ လက်တွေ့ဆန်ဆန်မှသာ လက်ခံယုံကြည်ကြမည် ဖြစ်၍ အချို့ အဖြစ်အပျက်များကို ချန်လှပ်ထားခဲ့ပါသည်။

နှစ်စဉ် အလောင်းအစားပြုလုပ်သည်ဟု ရွာသူရွာသားများက လက်ခံယုံကြည်ပြီး အရှင်ကြီးသည် ကြက်ရှုံးသည်ဟုသတင်းထွက်လာလျှင် ထိုနှစ်၌ တောအနှံ့ တောင်အနှံ့ တောကြက် တစ်ကောင်မှမတွေ့နိုင်လောက်အောင် တောကြက်များပျောက်ကွယ်သွားတတ်ပါသည်။ အင်းတော်ကြီး၌ အနေကြာလာသောအဘိုးသည် တောကြက်များ ရွာထဲသို့ ရောင်စုံ ရောက်လာလိုက် ပျောက်သွားလိုက်နှင့် နှစ်စဉ်လိုလို ကြုံတွေ့သောအခါ ရွာသားများပြောသော စကားကို လက်ခံရမလိုလိုဖြစ်လာသည်။

ထို့ကြောင့် အဘိုးသည် လက်တွေ့စမ်းသပ်ကြည့်ရန် စိတ်ကူးပေါ်လာပြီး ညနေစောင်းချိန် နေဝင်ခါ



www.burmeseclassic.com

www.burmeseclassic.com

ကြက်ဖကလေးတစ်ကောင်ကို ပွေ့၍ အဘွားကိုမတိုင်ပင်ဘဲ ခပ်သုတ်သုတ် အိမ်မှထွက်ခွာလာပါသည်။ အိမ်နီးချင်းများက လှမ်း၍မေးသောအခါ. . .

"ကျုပ်လဲ ကြက်တိုက်ချင်စိတ် ဖြန်းခနဲပေါ်လာလို့ဗျို့"ဟု အော်ပြောသွားပါသည်။

**တစ်မိုင်ခန့်ဝေးသော အရှင်ကြီး** နတ်ကွန်းရှိရာသို့ ရောက်သောအခါ နေရောင်မှိန်စပြုနေပြီဖြစ်၍ သစ်ပင်ကြီးများ ထူထပ်စွာပတ်လည်ဝိုင်းနေသည့် နတ်ကွန်းရှိရာကွင်းပြင်၌ နေပြောက်မထိုးနိုင်ဘဲ ထီးမည်းကြီးများအုပ်မိုးထားသကဲ့သို့ မှောင်မည်းနေပါသည်။ နတ်ကွန်းရှိရာ ကွင်းပြင်မှာ အတော်အသင့်ကျယ်ဝန်းသည့်အပြင် သဲဖြူဖြူလွလွဖြင့် သစ်ရွက်ကြွေ တစ်ခုတလေမှမရှိအောင် သန့်ပြန့်ပြီး သာယာလှပနေပါသည်။

အဘိုးသည် နတ်ကွန်းသို့ရောက်သောအခါ ကြက်ဖကလေးကို နတ်စင်တစ်ခု၏ တိုင်တစ်တိုင်၌ချည်ထားပြီး-

"အရှင်ကြီးက နှစ်စဉ်ကြက်တိုက်တာကိုသိရလို့ ဝါသနာတူချင်း စမ်းရအောင် ဒီကြက်ဖကလေးကို ယူလာပါတယ်၊ ကျုပ်ကတော့ ဒီအနားမှာ တစ်ရေးလောက် မှေးလိုက်ဦးမယ်ဗျို့"

"အရှင်ကြီးနိုင်ရင် ကျုပ်ကြက်ဖကလေးကို ယူလိုက်ပါ၊ ကျုပ်က နိုင်ရင်တော့ ကြက်တစ်ကောင်တော့လာထားပေးပါ၊ များများလဲမလိုချင်ပါဘူး ခင်ဗျာ၊ ဩော် . . . ဒါထက် ကြက်မကလေးဆိုရင်တော့ ပိုကောင်းတာပေါ့ ဟဲဟဲ"ဟု ပြောပြီး သဲပြင်ပေါ်၌ ခေါင်းပေါင်းလာသော မျက်နှာသုတ်ပဝါကိုခင်းပြီးလှဲအိပ်လိုက်သောအခါ တကယ်ပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားပါတော့သည်။

မည်မျှအချိန်ကြာသွားသည်ဟု မသိလိုက်ပါ။ လူတစ်ဦးတစ်ယောက်က ပခုံးကို ခပ်ဖွဖွပုတ်ပြီးလှုပ်ပြီးနှိုးနေသဖြင့် မျက်စိဖွင့်ကြည့်လိုက်သောအခါ မုတ်ဆိတ်မွေး ဖြူဖြူရှည်ရှည်နှင့် အဘိုးအိုတစ်ယောက်က အဘိုးကိုငုံ့ကြည့်ပြီး. .

"ဟဲ့ မောင်ရင်း . . . ထိတော့ ယ တော့ မိုးချုပ်နေပြီ၊ မင်းကြက်ကိုလဲ မလိုချင်ဘူး၊ ပြန်ယူသွား"ဟု မျက်နှာထား ကြည်လင်ပြုံးရွှင်စွာ ပြော၍ မျက်စိရှေ့မှာပင် တဖြည်းဖြည်းမှုန်ဝါးပြီး ပျောက်ကွယ်သွားပါတော့သည်။

အိပ်မှုန်စုံမွှားနှင့် မြင်လိုက်ရသဖြင့် **အရှင်ကြီး၏ ပုံသဏ္ဌာန်ကို** မှတ်မိသရွေ့ ဖော်ပြရလျှင် အရှင်ကြီးသည် ကျန်းမာလန်းဆန်းဆဲဖြစ်သော အဘိုးအိုတစ်ယောက်ဖြစ်ပြီး ထူးခြားချက်မှာ ခေါင်းပေါင်းအဖြူဖြစ်သော်လည်း တစ်ကိုယ်လုံးကို ခြုံထည်ကြီးလိုဝတ်ရုံရှည်ကြီးမှာ ထိုခေတ်က လူကုံထံများသာသုံးနိုင်သော နိုင်ငံခြားနာမည်ကျော်ပါရှင် ကော်ဇောကြီးကဲ့သို့ အဆင်အသွေးစုံသော ပန်းပွင့်ပန်းခက်များဖြင့် အရောင်တောက်ပလျက်ရှိနေပါသည်။

အဘိုးသည် အရှင်ကြီးကို ငေးကြည့်နေရင်း ပျောက်ကွယ်သွားသောအခါ. . .

"ကျွန်တော့်ကြက်ကို မလိုချင်ဘူးဆိုရင်လဲ ပြန်ယူသွားပါတော့မယ်"ဟု ပြောပြီး မှောင်မည်းမည်းတောအုပ်ထဲ၌ ကြက်ဖကလေးကိုပိုက်ပြီး စမ်းတဝါးဝါးနှင့် ရွာသို့ပြန်လာပါတော့သည်။ ကြက်သီးထခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း အလျှင်းမရှိသော်လည်း လရောင်မှုန်ဝါးဝါးကို အားပြုပြီး ကိုင်းတောများကြား၌ လမ်းစရှာမရသောအခါ မြွေကို သတိရပြီး စိုးရိမ်စိတ်ရှိခဲ့ပါသည်ဟု ဝန်ခံပါသည်။

အဘိုးအိမ်သို့ ပြန်ရောက်သောအခါ လှေကားထစ်ပေါ်၌ ရေနံဆီမီးခွက်တိုင်ရှည်ထွန်းပြီး အဘိုးကို စောင့်နေသော အဘွားက. . .

"ဩော် . . . ရှင်က အသက်မသေဘဲပြန်ရောက်လာသေးတယ်နော်၊ အိမ်နီးချင်းတွေကပြောတော့ ခုလောက်ဆို ကျားဆွဲလို့ သေပြီ၊ စောင့်မနေနဲ့တော့၊ မနက်မှသွားရှာကြရအောင်" လို့ ဝိုင်းပြောနေကြတယ်ဟု အော်ပြောရာ

တတ်ဝန်းကျင်မှ လူအများ ဝိုင်းအုံလာပြီး. . .

"ဟဲ့. . . ပြန်လာတာ လူအစစ်မှဟုတ်ရဲ့လား၊ သေပြီးသား အပမှီပြီး ပြန်ထလာတာလား" ဟု တစ်ယောက်တစ်ပေါက်ပြောရင်း လူထူးလူဆန်းသဖွယ် အဘိုးကိုလာကြည့်ကြပါသည်။

အရှင်ကြီးနှင့် အချိန်မတော် ကြက်တိုက်ရန်သွားခြင်းသည် မိုက်ရူးရဲဖြစ်ရုံမက အရှင်ကြီးကို မရိုသေရာရောက်သဖြင့် မကြာမီဘေးအန္တရာယ်နှင့်ကြုံတွေ့မည်ဟု ရွာသူရွာသားများက ဝေဖန်ကြပါသည်။ထို့ကြောင့် ကန်တော့ပွဲနှင့် နတ်ထိန်းကိုခေါ်ပြီး တောင်းပန်သင့်ကြောင်း အဘိုးကို ဝိုင်းဝန်းတိုက်တွန်းကြရာ အင်းမလုပ် အဲမလုပ်နှင့် ခွန်းတုံ့မပြန်ဘဲ နေသဖြင့် အဘွားကို ခြောက်လှန့်စကားများဖြင့် ဖိအားပေးကြပါသည်။ အဘိုးနှင့် အဘွားသည် တိုင်ပင်ထားသည့်အတိုင်း သူတို့အကြံကို လက်မခံဘဲ ခပ်အေးအေးနေကြသောအခါ နောက်ဆုံး လက်လျှော့သွားကြရပါသည်။

အဘိုးသည် ကိုယ်တိုင်လက်တွေ့စိတ်တိုင်းကျဖြစ်သော သုလုပ်ရပ်အတွက် ကျေနပ်နေသလို အဘွားကလည်း အဘိုးကို ကဲ့ရဲ့ပစ်တင်ခြင်း၊ အံ့ဩချီးမွမ်းခြင်းမပြုဘဲနေသဖြင့် ပတ်ဝန်းကျင်မှ ထိုစုံတွဲကို နားမလည်နိုင်အောင် ဖြစ်နေကြပါသည်။

နှစ်ပေါင်းများစွာ နေထိုင်ကြပြီးမှ အင်းတော်ကြီးမှ ထွက်ခွာလာကြသော အဘိုးနှင့်အဘွားသည် စီးပွားပျက်ခြင်း၊ ဖျားနာခြင်း၊ ဘေးအန္တရာယ်တွေ့ခြင်းမျိုး တစ်ကြိမ်မှမကြုံတွေ့ခဲ့ကြသဖြင့် ရတနာသုံးပါးကို ယုံကြည်ပြီး သီလမြဲ၍ ကံကောင်းသည်ဟု ဆိုရမည်လား၊ သို့မဟုတ် အရှင်ကြီးကိုယ်တိုင်က သဘောထားကြီးစွာနှင့် လူ့ခွစာအဘိုးကိုခွင့်လွှတ်လိုက်ခြင်း ဖြစ်လေသလားဟုတွေးတောစရာတစ်ခု ဖြစ်နေပါတော့သည်။

❒ ခင်ခင်ဇေး



www.burmeseclassic.com

www.burmeseclassic.com



ခင်မြူကျွန်း

# အောင်သိန်း

# ထမင်းတစ်စလောင်း ယာဂုတစ်ဇွန်း

တစ်ရံရောအခါ အင်းဝ ဘုရင် ငါးစီးရှင်သည် "ညီတော် စစ်ကိုင်းစား သင်္ယာစောယွမ်းကို လုပ်ကြံချေ" ဟု မင်းချင်းတစ်ယောက်ကို စေလွှတ်လိုက်၏။ ငါးစီးရှင် စေလွှတ်လိုက်သော ယောကျာ်းသည် စစ်ကိုင်းမြို့သို့ရောက်၍ လုပ်ကြံအံ့သောအခွင့်ကို ရှာဖွေသော်လည်း မရသည်နှင့် ခုနစ်ရက်ပတ်လုံး အစားမစား ရဘဲ ပုန်းရှောင်နေရလေ၏။

ခုနစ်ရက်မြောက်သောနေ့၌ အခွင့်သာသည့် အခိုက် ထိုယောကျာ်းသည် မင်းအိမ်သို့ တိတ်တဆိတ် တက်ခဲ့၏။ ထိုအခါ သင်္ယာစောယွမ်းက မဟာဂီရိနတ်ကို ရွှေစလောင်းဝယ် ထမင်းအပြည့် အမဲဟင်းလျာစုံထည့်၍ တင်ထားသည်ကို တွေ့ရလေသည်။

နန်းဦးက မဟာဂီရိနတ်စင်တွင် ရွှေစလောင်းဖြင့် အပြည့်တင်ထားသော ထမင်း၊ အမဲဟင်းလျာများသည် အလွန်မွှေးကြိုင်လှ၏။

ငါးစီးရှင်က စေလိုက်သော မင်းချင်းယောကျာ်းသည် ခုနစ်ရက်ပတ်လုံး အစာမစားရသည်နှင့် ထိုနတ်စာထမင်းကို ကောက်ယူစားပြီးမှ သင်္ယာစောယွမ်း၏ သလွန်ရှိရာသို့ လာခဲ့၏။

ငါးစီးရှင်၏ မင်းချင်းယောကျာ်းသည် သင်္ယာစောယွမ်း၏ သလွန်တော် ခေါင်းရင်းသို့ ဝင်ထိုင်ပြီးလျှင် ဤသို့ကြံ၏။

"သူ၏ ထမင်းကို ငါ စားရလေပြီ၊ ထမင်းရှင်ဖြစ်သောသူကို ငါပြစ်မှားချေသော် ငါ၌ အလွန်ဝန်လေးဘိမည်တကား"

မင်းချင်းယောကျာ်းသည် ထိုင်လျက် ဤသို့ ကြံပြန်၏။

"လုပ်ကြံသာလျက်နှင့် မလုပ်ကြံဘဲ ပြန်ခဲ့ရာသလောဟု ငါ့ရှင် မင်းတရားကြီး မျက်တော်မူ၍ ကွပ်လျှင်လဲ ဤတစ်သက်မျှသာသေအံ့သည်၊ ထမင်းတစ်စလောင်းရှင်ဖြစ်သော ဤမင်းကို ငါပြစ်မှားဘိမူကား ဘဝအဆက်ဆက် လူ့ပြိတ္တာ၊ လူယုတ်မာ ဖြစ်အံ့သည် မချွတ်"

မင်းချင်းယောကျာ်းသည် သင်္ယာစောယွမ်း၏ ခေါင်းရင်းမှာ နေလျက် ဓားကို သွတ်တုံချွတ်တုံပြုပြီးမှ မလုပ်မကြံဘဲ ပြန်သွားချေမူ သံသယဝင်စရာရှိသဖြင့် ခေါင်းရင်းတော်သို့ ရောက်ကြောင်း သက်သေပြစရာကို ရှာဖွေ၏။

"ခေါင်းရင်းတော်ကို ရောက်ခဲ့ကြောင်း ယုံကြည်လောက်သော သက်သေ မပြနိုင်က ယုံတော်မမူရာ"

ထို့ကြောင့် သင်္ယာစောယွမ်း၏ ခေါင်းရင်းတော်သို့ ရောက်ရှိခဲ့ကြောင်းကို ခိုင်လုံသော သက်သေပြစရာ ရှာရ၏။ ယင်းကား အထက်ထ ခမည်းတော် တစ်စီးရှင် သနားတော်မူသော လက်သုံးတော်ပတ္တမြားကော် ဓား ဖြစ်ချေ၏။

www.burmeseclassic.com

မင်းချင်းယောကျ်ားသည် သခ်
...စာစောယွမ်း၏ သလွန်တော်ခေါင်းရင်း
...ပတ္တမြားကျောက်စီဓားကို ယူပြီးပြန်
...ခဲ့၏။ နန်းတော်သို့ ရောက်သောအခါ
ငါးစီးရှင်က . . . "ပြီးခဲ့၏လော"
မေး၏။ မင်းချင်းယောကျ်ား
လည်း အကြောင်းစုံကို
စေ့စုံစွာ နားတော်
လျှောက်၏။

"ဘဝရှင်မင်းတရား ကျွန်တော်
လျှောက်သည်ကို မယုံအံ့စိုးသော
ကြောင့် အထက်က ခမည်းတော် ပေး
သနားတော်မူသော စစ်ကိုင်းဘုရင်၏
လက်သုံးတော် ပတ္တမြားကျောက်စီဓား
ကို လက်ဆောင်တော်အလို့ငှာ ယူခဲ့ပါ
သည် အရှင်"

ငါးစီးရှင်သည် တာဝန်မကျေ
သော အမှုထမ်းကို အမျက်မရှု။

"ငါ့ကျွန်ဟာ သူ့ထမင်း တစ်
စလောင်းသာ စားရဖူးခါမျှနဲ့ များစွာ
သော ဆုလာဘ်ရမည်ကိုလဲ မအောက်
မေ့၊ ငါ့အရှင်က ကွပ်မျက်တော့မှာပဲ
ဆိုတဲ့ သေဘေးကိုလဲ မကြောက်၊
သူ့ကျေးဇူးကို နင် သိတတ်
၏"




ထိုကဲ့သို့ ကောင်း
သောစိတ်ကူး ဝင်ရောက်
နေပြား မင်းချင်းယောကျ်ားမှ
သူ့သခင် ငါးစီးရှင် မမျက်စေရန်
လျှောက်ထား၏။

"သူ့ကျေးဇူးကို သိတတ်ပါမှ
အသက်ရှည်ရာသည်၊ သူခပ်သိမ်းတို့
အချီးအမွမ်းကို ခံရာသည်၊ အဆွေ
ခင်ပွန်းကောင်းကို ပေါင်းဖော်မိရာသည်
ဘုရား"

"သက်သေထုံးပုံ ပြစရာ ရှိ၏
လော"

"မှန်လှပါ၊ ရှိကြောင်းပါ၊ ရှေး
သရောအခါက သိန်းခိုယ်ကျွန်းမှာ သခ်
ဇောမိ အမည်ရှိတဲ့မင်း မင်းပြုတော်
မူစဉ်တုန်းကပါ ဘုရား"

သိန်းခိုယ်ကျွန်းကို သီဟိုကျွန်း
ဟူ၍လည်း စာလုံးပေါင်းကြ၏၊ သီဟိုဠ်
ကျွန်းဟူ၍လည်း ရေးကြသည်။

ထိုသခ်ဇောမိမင်းကို တစ်ရံရော
အခါတွင် ကျည်းလူမျိုးများ လာရောက်
စစ်ပြုကြ၏။ သခ်ဇောမိမင်းလည်း တပ်
တောင်တာ ဗိုလ်ထုဖြင့် လူစုပြီးတိုက်
ခိုက်ငြား မနိုင်ချေ။ စိတ်နှလုံး ပျော့ည့်
သော မင်း၏လက်အောက်ရှိ စစ်သူကြီး
နှင့် စစ်မှူး၊ စစ်ကဲများသည်လည်း ပျော့
ညံ့ရာ စစ်ရှုံးလေတော့၏။

သခ်ဇောမိမင်းလည်း တစ်ကိုယ်
တော်တည်း ထွက်ပြေးလာခဲ့ရာ တော
နက်ထဲသို့ ရောက်ရှိလာ၏။ ရွှေအိမ်နန်း
နှင့် ကြငှန်းလည်း ခံမတ်ပေါင်းရံသော
ရွှေနန်းရှင် ဘုရင်မင်းမြတ်သည် ဤ
ကား စားကောင်းသော သစ်သီး၊
ဤအရာကား မစားကောင်း
သောသစ်သီးဟု မသိ
ပေ။ မသိသောကြောင့်
မစားဘဲ နေရရာ ခုနစ်
ရက်တိုင် သွားလေ၏။

ရှစ်ရက်မြောက်နေ့တွင် ထင်း
ခုတ်သံကို ကြားရ၏။ သခ်ဇောမိမင်း
တိတ်တဆိတ်လာရောက်ပြီး ချောင်း
ကြည့်၏။ သခ်ဇောမိမင်းကို လိုက်လံ
စုံစမ်းရန် ကျည်းမင်းက လွှတ်သူမဟုတ်၊
ထင်းခုတ်သမားအစစ် ဖြစ်ပေ၏။

ထိုသူသည် ထင်းခုတ်သမား
အစစ်ဖြစ်သောကြောင့် ထင်းရရေးကို
သာ အားထုတ်နေသဖြင့် ပုန်းအောင်း
နေရာမှ သခ်ဇောမိမင်း ထွက်လာသည်။

"အမောင် ထင်းခုတ်သမား၊
ထမင်းထုပ် မပါဘူးလား"

"ပါတာပေါ့ဗျာ၊ ဟိုသပြေပင်
ကြီးမှာ ချိတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com

သခ်ဘောဓိမင်း လှမ်းကြည့်၏။ ဝါးပခြုပ်ဖြင့် ထည့်ထားသော ထမင်းထုပ်ကို မြင်ကာမျှဖြင့် သွားရည်ကျ၏။ ထမင်းထုပ်ကို လှမ်းမျှော်ကြည့်သော ထိုသူ၏ မျက်နှာထားသည် ချက်ချင်းပြောင်းလဲသွား၏။ စိုးမိုးသောအကြည့် ရဲရင့်သော အကြည့်တို့သည် အသနားခံခြင်းသို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွား၏။

"အမောင် ငါထမင်းမစားရတာ ခုနစ်ရက်ရှိပြီ"

"ဖြစ်မှ ဖြစ်ရလေဗျာ"

"အဲဒါကြောင့် မင်းထမင်းထဲက နည်းနည်း. . ."

ထင်းခုတ်သမားမှာ ရွှေငွေဥစ္စာ မွဲသော်ငြား စေတနာမမွဲသူ ဖြစ်ဟန်တူ၏။ သပြေကိုင်းတွင် ချိတ်ဆွဲထားသော ထမင်းထုပ်ကိုယူသည်။သခ်ဘောဓိမင်းရှေ့ ချပေး၏။

"ရော့ဗျ၊ စားဗျ၊ ဟင်းတော့ မကောင်းဘူး"

ထမင်းနှင့် ခုနစ်ရက်ဝေးခဲ့သော သခ်ဘောဓိမင်းအတွက် ဟင်းကောင်း၊ မကောင်းသည် အရာမရောက်ပါ။ ထမင်းတွင် ဟင်းပါ၊ မပါသည်လည်း အရေးမကြီးတော့ပါ။

အနံ့မကောင်းသော သိုးကျိုကျိုထမင်းနံ့ကို ရှူရှိုက်လိုက်ရသည်နှင့်ပင် အားရှိလှပြီ။

"စား စား၊ ခင်ဗျားက ခုနစ်ရက်တောင် မစားရတာ"

ထင်းခုတ်သမားက ကြင်နာစွာ ပြောသည်၊ သခ်ဘောဓိမင်းလည်း ဇော်ငိုက်နှင့် စားလိုက်ရာ လေးလုတ်မြောက် စားမိမှ သတိရလေသည်။

"ဒီထင်းခုတ်သမား အတွက် ဒီထမင်းပဲ အားထားရာရှိတယ်"

သတိဝင်လာသော်ငြား ဇော်မွတ်ခြင်းကို သခ်ဘောဓိမင်း ဇက်မသတ်နိုင်ပေ။

"မတော်ဘူး ရပ် ရပ်၊ စေတနာနဲ့ကျွေးတာကို ဒီလိုမလုပ်နဲ့"

အတန်တန် သတိပေးမှ သခ်ဘောဓိမင်း အစားရပ်၏။

ထိုအခါတွင် ထမင်းထုပ်တွင်းမှ ထမင်းမှာ တစ်ဝက်ကျိုးနေပြီ။

"အမောင် ထင်းခုတ်သမား လာပါဦးကွယ်"

"ဟုတ်ကဲ့ လာပါပြီ"

"မင်း ငါ့ကို သေသေချာချာ ကြည့်စမ်း"

"ဟုတ်ကဲ့၊ ဦးကြီးက ရွာဦးကျောင်းက ဘုန်းကြီးရဲ့ ခမည်းတော်နဲ့ ခပ်ဆင်ဆင်ပဲ"

ထင်းခုတ်သမားက ရေသောက်ရင်းပြော၏။

"သခ်ဘောဓိမင်းကို မင်း မြင်ဖူးသလား"

"မမြင်ဖူးဘူး ခင်ဗျ"

"သခ်ဘောဓိမင်းဟာ ငါပဲကွ"

"ဗျာ"

ဆိုကာ ထင်းခုတ်သမား ပက်လက် လန်သွားရာက လက်အုပ်ချီ၏။

"မှန် မှန်လှပါ. . . ကျွန်တော်မျိုး. . ."

"ဟေ့ ထင်းခုတ်သမား၊ မင်းထမင်းကိုစားရတဲ့အတွက် ငါ မသေတော့ဘူးကွ၊ အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့ မင်းကို ကျေးဇူး"

"အရှင်မင်းကြီး သည်းခံတော်မူပါ"

"ထမင်းသခင် ကျေးဇူးရှင်ကို ကျေးဇူးဆပ်ချင်ပေမယ့် ငါ့မှာ လက်ကောက်တို့ လက်စွပ်တို့ မပါလာဘူး အမောင်"

"ကျွန်တော် ဒါတွေမလိုပါဘူး၊ ကျွန်တော်စားမယ့်အထဲက ပေးလိုက်ရတာမဲ ဝမ်းသာလှပါပြီ"

ထိုအခါ သခ်ဘောဓိမင်းက လက်ဝါးကာပြလျက် တားမြစ်၏။

"ဒါပေမဲ့ ငါ့ခေါင်းကို ဖြတ်ပြီး ကျည်းမင်းဆီမှာ သွားရောက်ဆက်သရင် ရွှေတစ်ပိဿာရမယ်၊ ဒီတစ်သက်ချမ်းသာပြီ"

ထိုအခါ ထင်းခုတ်သမား ဒူးထောက်တောင်းပန်၏။

"အရှင်မင်းကြီးရဲ့ ခေါင်းတော် မဖြတ်ပါရစေနဲ့၊ ဆုတော်လာဘ်တော်ကို ကျွန်တော် မလိုချင်ပါဘူး"

သို့သော် သခ်ဘောဓိမင်းသည် သီလရှိသူဖြစ်သည်၊ သီလ အာနုဘော် ကြီးမားသူတို့၏ သစ္စာ အဓိဋ္ဌာန်သည် လည်း ထက်မြက်စူးရှ၏။

သို့အတွက်. . .

"ငါ၏ဦးခေါင်း ပြတ်ပါစေ"

ဟု သခ်ဘောဓိမင်း အဓိဋ္ဌာ[န်]သည့် ခဏတွင် မင်း၏ ဦးခေါင်းတော်သည် တိခနဲပြတ်ကျ၏။ ပြတ်ကျသော ဦးခေါင်းသည် ထင်းခုတ်သမား၏ ထ[...] ထဲသို့ ရောက်နေ၏။

ထိုအချိန်တွင် သိန်းခိုယ်ပြည်[...] ကျူးကျော်လာသော ကျည်းကုလား[...] ရောက်လာကြသည်။ သခ်ဘောဓိမင်း[...] ဦးခေါင်းပြတ်ကို ရင်ဝယ်ပိုက်ထားသော[...] ထင်းခုတ်သမားကို တွေ့ရသည်။

ထို့ကြောင့် ထိုသူကို ကျည်း[...] ထံ ခေါ်ဆောင်သွားကာ ရွှေတစ်ပိ[...] ပေးလိုက်၏။

"သိန်းခိုယ်ကျွန်းက သခ်ဘော[...] မင်းကြီးဟာ အဲဒီလို အသက်သခ[...] ကျေးဇူးရှင်ကို အသက်ပေးပြီး ကျေး[...] ဆပ်တာနဲ့ စာရင် စစ်ကိုင်းမင်း[...] မသတ်ဘဲ ထွက်လာတာဟာ နည်[...] သေးတယ် ကိုယ်တော်"

ငါးစီးရှင်၏ မင်းချင်းယောက်[...] သည် သူ၏အပြုအမူကို ကာတွယ်[...] လျှောက်ထားရာ သူ့သခင်က ခေါ[...] ညိတ်၏။

"ရှိသေးလား"ဟု မေးရွှေ[...]

"အရှင်နားဆင်လိုက ထပ်[...] ပါတယ်"

"တင်စမ်း မောင်မင်း"

ယခု မင်းချင်းယောက်ျား[...] သော အကြောင်းအရာမှာ မြတ်[...] ဘုရား လက်ထက်တော်ကအဖြ[...] အရာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ရာဇဂြိုဟ်ပြည်မှာ ရာမ အမည်ရှိတဲ့ ပုဏ္ဏားတစ်ယောက် ရှိပါတယ် အရှင်မင်းမြတ်၊ အဲဒီပုဏ္ဏားဟာ မိစ္ဆာဒိဋ္ဌိ ဖြစ်ပေမယ့် အသက်အရွယ်ကြီးလို့ မလုပ်နိုင် မကိုင်နိုင်တဲ့အခါမှာ မြတ်စွာဘုရားရဲ့ ရှေ့စက်တော်ရိပ်ကို ခိုလှုံပါတယ် ဘုရား"

ရာမပုဏ္ဏားသည် မိစ္ဆာဒိဋ္ဌိ ဖြစ်၏။ ထိုသူက ယခုမှ မြတ်စွာဘုရား၏ သာသနာတော်ရိပ်ကို ခိုလှုံလာသော အခါ ရဟန်းတော်များက စစ်ဆေးသည်။

"ဒီပုဏ္ဏားဟာ ငယ်ရွယ်နုပျိုတုန်းက မြတ်စွာဘုရား သာသနာတော်ကို ဆန့်ကျင်ခဲ့တာပါ၊ အခု ဘာဖြစ်လို့ ရဟန်းပြုပါရစေ ဖြစ်လာတာတုံး"

"အိုမင်းမစွမ်း ဖြစ်လာပြီလေ၊ ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ဘုန်းကြီးဝတ်နေရင် ထမင်းတစ်လုတ်တော့ စားရမှာပဲဆိုပြီးတော့"

ရာမပုဏ္ဏားသည် စီးပိုးလွန်းသည်။ ရာမပုဏ္ဏားသည် အပါးဝလွန်းသည်။ ငယ်ရွယ်နုပျို သန်မာဖျတ်လတ်စဉ်က မြတ်စွာဘုရား၏ သာသနာတော်ကို ဆန့်ကျင်ပုတ်ခတ် ရွတ်ချတိုက်ခိုက်ခဲ့သူ ဖြစ်၏။

မြတ်စွာဘုရားက အရာအားလုံးမမြဲ "သင်္ခါရာ" ဟု ဟော၏။

ရာမပုဏ္ဏားက "အရာဝတ္ထုတွေ မြဲတယ်၊ မြဲလို့ ရှိနေတာပေါ့" ဟု မလိမ္မာသူတို့ အမြင်မှားအောင် ပြောခဲ့၏။ ယခု မြတ်စွာဘုရား၏ သာသနာ့ဘောင်၌ ထိုပုဏ္ဏားက ရှင်ရဟန်း ဝတ်ပါရစေ ခွင့်တောင်းလာ၏။

"အရှင်ဘုရား၊ တပည့်တော် ရဟန်းပြုပါရစေ ဘုရား"

"သပိတ် သင်္ကန်း ပါရဲ့လား"

"ပါပါတယ် ဘုရား"

သို့သော် ပုဏ္ဏားကို ရှင်ပြုပေးမည့်သူသည် ရဟန်းလောင်းကို သေချာစွာ ကြည့်၏။

"ဟာ ရာမပုဏ္ဏားပဲ၊ သွား သွား"

ပုထုဇဉ် ရဟန်းငယ်များကမူ နှုတ်ဖြင့် "သွား သွား" သာမက လက်ပါ ပါလာကြသည်။

"ငါတို့ မြတ်စွာဘုရားရဲ့ သာသနာတော်ကို လာပြီး တင်စီးတာကွ"

သို့ဖြစ်သဖြင့် ရာမပုဏ္ဏားကို ရိုက်နှက်လွှတ်ကြသည်။ သို့ရာတွင် ရာမပုဏ္ဏားသည် အားမလျှော့ချေ။ ဝါဝါမြင်လျှင် ပြေးပြီးတောင်းပန်မြဲ တောင်းပန်သည်။

"အရှင်ဘုရား၊ တပည့်တော်ကို ရဟန်းပြုပေးတော်မူပါ ဘုရား"

"သပိတ် သင်္ကန်း ပါရဲ့လား"

"ပါပါတယ် ဘုရား"

"အေး. .. လာခဲ့"

ရာမပုဏ္ဏားအတွက် ဝမ်းသာဖွယ် ဖြစ်၏။

မိစ္ဆာဒိဋ္ဌိ ရာမပုဏ္ဏားကို ပြုပေးသူမှာ အခြားသူမဟုတ်၊ ဤသာသနာတော်၌ မြတ်စွာဘုရားမှတစ်ပါး ပညာအကြီးဆုံး လက်ယာတော်ရံ ဓမ္မသေနာပတိ ... ကိုယ်တော်ကြီး ဖြစ်သည်။ သို့ဖြစ်၍ ရှေ့တွင် မပြောဝံ့သဖြင့် ကွယ်ရာမှာ အတင်းပြောသည်။

"ဘယ်သူမှ ရဟန်းပြုမပေးတဲ့ မိစ္ဆာဒိဋ္ဌိ ရာမပုဏ္ဏားကို လက်ယာတော်ရံ ကိုယ်တော်ကြီးက ရဟန်းပြုပေးလိုက်တာဟာ သာသနာတော်ကို ပမာမခန့်ပြုတာပဲ"

လက်ယာတော်ရံ ကိုယ်တော်ကြီးကို တွေ့တွေ့ဆိုင်ဆိုင် မပြောဝံ့စေကာမူ မြတ်စွာဘုရားထံ တိုင်ကြားမည်။ အချင်းချင်း ပြောဆိုကြမည်။ ထင်မြင်ချက် ပေးကြမည်။

သို့ဖြစ်သောကြောင့် မြတ်စွာဘုရား ကိုယ်တော်တိုင် ခေါ်ပြီး မေးရတော့သည်။

"ရဟန်းပြုပေးဖို့ အများက ရှောင်ရှားနေတဲ့ မိစ္ဆာဒိဋ္ဌိ ရာမပုဏ္ဏားကို ရဟန်းပြုပေးတယ်ဆိုတာ မှန်ပါသလား သာရိပုတ္တရာ"

"မှန်လှကြောင်းပါ ဘုရား"

"ဘယ်အကြောင်းကြောင့် ထိုပုဏ္ဏားကို ရှင်ရဟန်း ပြုပေးသနည်း၊ ချစ်သား သာရိပုတ္တရာ"

"ထိုပုဏ္ဏားထံမှ ယာဂုဆွမ်းတစ်ဇွန်း အလှူခံရရှိဖူးသော ကျေးဇူးရှိကြောင်းပါ ဘုရား"

ပုဏ္ဏားသည် မိစ္ဆာဒိဋ္ဌိ ဖြစ်ကြောင်း ရှေ့တွင်ဖော်ပြခဲ့ပြီး ဖြစ်၏။ ထိုပုဏ္ဏားသည်ပင် ရှင်သာရိပုတ္တရာကို ယာဂုတစ်ဇွန်း လောင်းလှူကြောင်း ဖော်ပြပြန်၏။ မည်သို့နည်း။

ရာမပုဏ္ဏားသည် မြတ်စွာဘုရား၏ တရားတော်ကို ဆန့်ကျင်သဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်၏။

သို့ရာတွင် ဘာသာမရွေး ပုဂ္ဂိုလ်မရွေးဘဲ လာလာသမျှ အလှူခံတို့ကို ကား လှူဒါန်းသည်။ ထိုလာသမျှထဲတွင် ရှင်သာရိပုတ္တရာ ပါသွားခြင်း ဖြစ်၏။

ထိုပုဏ္ဏားထံမှ ယာဂုတစ်ဇွန်း ရဖူးသည့် ကျေးဇူးကို လက်ယာတော်ရံ ကိုယ်တော်မြတ်ကြီးက ထုတ်ဖော်သည့် ခဏတွင် သုံးလောကထွတ်ထားသဗ္ဗညု မြတ်စွာဘုရားသည် "သာဓု" သုံးကြိမ် ခေါ်တော်မူ၏။

"အဲဒီလို သူ့ကျေးဇူးကို သိတတ်ခြင်းကို မြတ်စွာဘုရားလဲ ချီးမွမ်းပါတယ် အရှင်မင်းကြီး"

"သာဓု မောင်မင်း၊ ကောင်းလေစွ၊ ကောင်းလေစွ"

ငါးစီးရှင်သည် မင်းချင်းကို ခွင့်လွှတ်တော်မူ၏။ ထမင်း တစ်စလောင်းရှင်၏ ကျေးဇူးကိုပင် ဤမျှသိပါက နှစ်နှင့်ချီပြီး သားမယားနှင့်တကွ ကျွေးမွေးခဲ့သောသူ၏ ကျေးဇူးတစ်ဆုံးကား ပြောဖွယ်မရှိဟု သတ်မှတ်တော်မူသောကြောင့်တည်း။

❒ ဆင်ဖြူကျွန်းအောင်ထိန်း




www.burmeseclassic.com

www.burmeseclassic.com

# သုတစုံပြာ ကျကမ္ဘာ

## နာရီလား စိန်လား



LONGINES နာရီကုမ္ပဏီသည် မကြာသေးမီက ဆန်းသစ်တီထွင်မှုဖြင့် ဖန်တီးထားသော အမျိုးသမီးဝတ်လက်ပတ်နာရီကို ထုတ်လုပ်ရောင်းချရန် စီစဉ်ခဲ့သည်။ ထိုနာရီအတွက် ကြော်ငြာမော်ဒယ်အဖြစ် ရုပ်ရှင်ထူးချွန် (အော်စကာ) ဆုရ မင်းသမီးချော ကိတ်ဝင်းစလက်ကို အသုံးပြုထားသည်။ ၂၆ မီလီမီတာ ကော့တေးလ် ပွဲတက်နာရီကို နှင်းဆီရောင် ၁၀ ကရက် ရွှေနှင့်သံမဏိ ပေါင်းစပ်ထားသော ကိုယ်ထည်တွင် စိန်အလုံးပေါင်း (၆၀) တပ်ဆင်ထားပြီး ယောက်သွားဒိုင်ခွက်ဖြစ်သည်။ ထိုလက်ပတ်နာရီပတ်ထားစဉ် နူးညံ့အီစက်သော အထိအတွေ့ ဖြစ်ပေါ်ခံစားနေရမည်။ ရောင်းချသောဈေးနှုန်းမှာ ယူအက်စ်ဒေါ်လာ ၆၀၃၀ ဖြစ်လေသည်။



## အဟောင်းဆိုတာ ကောင်းမှာပါ

"အသစ် ဘယ်လိုကောင်းကောင်း အဟောင်းတလည်လည်" ဆိုရိုးစကားအတိုင်း မျက်မှောက်ခေတ်တွင် နောက်ဆုံးပေါ် မော်ဒယ်လ် လိက်တက်စ်ဒီဇိုင်း စသဖြင့် ခေတ်စားနေကြသော်လည်း မော်တော်ကားပေါ်ဦးပေါ်ဖျား ပုံစံဟောင်းများသည်လည်း သူ့ပရိသတ်နှင့်သူ စိတ်ဝင်တစားရှိနေကြသည်။ လွန်ခဲ့သော လအနည်းငယ်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဆဋ္ဌမအကြိမ် ကားပြပွဲ "6th MANILA AUTO SALON" ကို မနီလာမြို့၏ ကားလမ်းမကြီးပေါ်တွင် ဖိလစ်ပိုင် မော်တော်ယာဉ်မောင်း အုပ်စုတစ်စုက စီတန်းမောင်း၍ ပြသခဲ့သည်။ ထိုမော်တော်ယာဉ်များထဲတွင် ခေတ်ပေါ်ဒီဇိုင်းသစ် မော်တော်ကားများထက် ပို၍ဆွဲဆောင်နိုင်စွမ်းရှိသည်မှာ လွန်ခဲ့သော ရာစုနှစ်က ရှေးဟောင်းပုံစံ ကားများဖြစ်ပြီး ပရိသတ်က ပိုမိုစိတ်ဝင်စားစွာဖြင့် ကြိဘာပေးခဲ့ကြကြောင်း တွေ့ရှိရလေသည်။



www.burmeseclassic.com


www.burmeseclassic.com



## ဖျော်ဖြေပွဲ

ဖော်ပြပါ ပင်လယ်ဖျံလေးဟာ ဒီဇင်ဘာလကစပြီး မြန်မာနိုင်ငံရှိ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်မှာ ထူးထူးခြားခြား အတတ်ပညာများနဲ့ ဖျော်ဖြေလျက် ရှိပါတယ်။ ကင်းမြီးကောက်ထောင်၍ လမ်းလျှောက်ခြင်း၊ ဘတ်စကက်ဘော ကစားပြခြင်း၊ ရေပြင်မှ ခြောက်ပေခန့် ခုန်တက်၍ ဘောလုံးပုတ်၍ ဆော့ခြင်း စတဲ့ ပြကွက်(၂၀)မျှ အစွမ်းပြခဲ့ပါတယ်။ အဲဒီဖျံတွေကို မူလပေါက်ဖွားနေထိုင်ခဲ့တဲ့ သဘာဝနဲ့ သဟဇာတဖြစ်အောင် ဖန်တီးထားရတယ်လို့ သက်ဆိုင်ရာ တာဝန်ခံက ရှင်းပြပါတယ်။ ပရိသတ်ကို နှုတ်ဆက်ခြင်းနဲ့ သီချင်းဆိုပြခြင်းတို့ကိုလည်း ကျွမ်းကျင်ပါတယ်။ အစာအဖြစ် စင်ကာပူနိုင်ငံမှ ငါးကို အဓိကကျွေးရပါတယ်။ စင်ကာပူငါး တစ်ကီလိုကို အမေရိကန်ဒေါ်လာ ၂၁ ဒေါ်လာလောက် ပေးရကြောင်း၊ ဖျံအမျိုးအစား ခုနစ်မျိုးထဲမှာ ဒီဖျံတွေက တောင်အမေရိကမှ ဖျံများဖြစ်ကြောင်း၊ ဒေသထွက်ငါးများကို နည်းနည်းချင်း ထည့်ကျွေးနေရကြောင်း သက်ဆိုင်ရာ တာဝန်ခံက ပြောပြခဲ့ပါတယ်။ ဖျံဖျော်ဖြေပွဲကို နေ့စဉ် နှစ်ကြိမ်ပြသပြီး စနေ၊ တနင်္ဂနွေနဲ့ အခါကြီး ရက်ကြီးများတွင် တစ်နေ့လျှင် လေးကြိမ် ပြသဖျော်ဖြေလျက်ရှိကြောင်း နေပြည်တော်သတင်းအဖွဲ့က ဖော်ပြထားပါတယ်။

## ရှားရှားပါးပါး



ကမ္ဘာတစ်ဝန်းလုံးရှိ ပင်လယ် သမုဒ္ဒရာများ အတွင်း၌ ကျက်စားနေကြသော ငါးမျိုးစိတ်ပေါင်း များစွာတို့သည် ယခုအခါ လူသားများ၏ အစားအစာနှင့် ဆေးဝါးအဖြစ် အသုံးပြုရန် ဖမ်းဆီးသတ်ဖြတ်ခြင်း လည်းကောင်း၊ ရာသီဥတု ပူနွေးလာသဖြင့် ရေခဲတောင်များ အရည်ပျော်ခြင်းကြောင့် လည်းကောင်း ဂေဟစနစ် အပြောင်းအလဲများတွင် သေကျေပျက်စီး မျိုးသုဉ်းရှားပါးနေလေပြီ။ ဝေလငါး BRYDE အမျိုးအစားသည် ဖော်ပြပါအကြောင်းများကြောင့် ကောင်ရေ ၉၀,၀၀၀ နှင့် ၁၀၀,၀၀၀ အတွင်းသာ ကျန်ရှိတော့သဖြင့် မကြာသော ကာလတွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် အခြေအနေဖြစ်သည်။ ထိုဝေလငါးမှာ သွားလုံးဝမပါဘဲ ကျောပြင်တစ်ခုလုံးမှာ မီးခိုးရောင်၊ ဝမ်းဗိုက် အဖြူရောင်နှင့် အလျားပေ ၄၀၊ လုံးပတ် ၂၅ ပေမျှရှိသည်။ ထိုဝေလငါး အသေတစ်ကောင်ကို မတ်လအတွင်းက ထားဝယ်ဒေသ ပေါင်းလုံမြို့နယ် ကမ်း ပနီကျေးရွာ ကမ်းခြေတွင်လည်းကောင်း၊ ၂၀၁၁ ခုနှစ်အတွင်းက ပုလောမြို့နယ်တွင် ရရှိခဲ့သောကြောင့် မြိတ် တက္ကသိုလ် အဏ္ဏဝါဗေဒဌာနတွင် အရိုးပြသနိုင်ရန် ထိန်းသိမ်းထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ပညာသင်ဆု အတွက်



"QUEEN'S UNIVERSITY BELFAST (QUB)" သည် UK တွင်ရှိသော သုတေသနအဆင့်မြင့်ဆုံး တက္ကသိုလ်ပေါင်း ၂၀ ဖြင့် ဖွဲ့စည်းထားသည့် ရပ်ဆဲလ်အုပ်စုတွင် ပါဝင်သဖြင့် ကမ္ဘာ့အဓိကတက္ကသိုလ်ကြီးဖြစ်သည်။ ဗိတိုရိယဘုရင်မကြီးက ၁၈၅၄ ခုနှစ်တွင် ကိုယ်တိုင်တည်ထောင်ခဲ့သည်။ ထိုတက္ကသိုလ်တွင် ၂၀၁၃ ဇန်နဝါရီလတွင် တက်ရောက်ခဲ့သည့် နိုင်ငံတကာမှ အတော်ဆုံး ရွေးချယ်စေလွှတ်ခဲ့သော ကျောင်းသူ ကျောင်းသားများကို ပညာသင်ဆု၏ ရာခိုင်နှုန်းပြည့်ဖြစ်သည့် စတာလင်ပေါင် ၁၂၄၅၀ ချီးမြှင့်ခဲ့သည်။ ပညာသင်ဆု လျှောက်ထားသူများသည် မိမိတို့၏ ပညာရေးဆိုင်ရာ စာရွက်စာတမ်းများ၊ IELTS အမှတ်စာရင်းများနှင့်အတူ လျှောက်ထားနိုင်သည်။ ပညာသင်ဆုလျှောက်လွှာတွင် လျှောက်ထားလိုသည့် အချက်အလက် PERSONAL STATEMENT ကို စာလုံးရေ ၂၀၀ မှ ၅၀၀ အတွင်း ထည့်သွင်းဖော်ပြရမည်။ အားကစား၊ အနုပညာ၊ လူမှုရေးဆိုင်ရာ အောင်မြင်ထူးချွန်မှုများကိုလည်း တင်ပြနိုင်ရမည်။ လျှောက်လွှာအပြည့်အစုံကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။ အွန်လိုင်းမှ လေ့လာလိုသူများ WWW.QUB.AC.UK မှတစ်ဆင့် လေ့လာနိုင်သည်။



## ကံမကောင်းသူများ

လွန်ခဲ့တဲ့လအတွင်းက အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီးစ် မြို့တော်တွင် မြို့ပတ်ရထားတစ်စင်း အက်ဆီးဒင့်ဖြစ်မှုမှာ အလွန် စိတ်ထိခိုက်ဖွယ်ဖြစ်ကြောင်း ခရီးသည် အစ်ဇီကွာရယ်က ရုပ်သံဌာနကို ပြောပြခဲ့သည်။

"ရထားထဲမှာ ခရီးသည် အပြည့်အသိပ်တင်လာခဲ့ရင် အခုလို အရှိန်အဟုန်ပြင်းပြင်းနဲ့ မမောင်းသင့်ဘူးလို့ ကျွန်ုပ် ထင်ပါတယ်၊ အခုဖြစ်တာက ရထားလမ်းဆုံးမှာ အကာအရံဖြစ်တဲ့ အုတ်နံရံကို အရှိန်အဟုန်နဲ့ ဝင်တိုက်တာပါ"

အနည်းဆုံး လူ ၅၀ ကျော်သေဆုံး၍ ၇၀၀ ကျော် ဒဏ်ရာအကြီးအကျယ်ရခဲ့ကြောင်း၊ ရထားတွဲ အပျက်အစီးများအောက်တွင် တစ်ယောက်ပေါ် တစ်ယောက်ထပ်လျက် ပိတ်မိနေသော ခရီးသည် အများအပြားရှိနေကြောင်း သေသူနှင့် ဒဏ်ရာရသူများထဲတွင် ကလေးငယ်များလည်း ပါဝင်ကြောင်း အရပ်သားလုံခြုံရေးအရာရှိများက သတင်းရှင်းလင်းပွဲတွင် ပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ချစ်ကြသူများ

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်က ဆယ်ကျော်သက် လူပျိုပေါက်တွေ စွဲမက်အားပေးခြင်းခံရတဲ့ မင်းသမီးချောလေးတွေထဲမှာ နံပါတ်တစ် နေရာယူထားသူကတော့ "ဆိုရီဂျင်" ဖြစ်ပါသတဲ့။ သူမ ပါဝင်သရုပ်ဆောင်တဲ့ ဇာတ်ကားတွေကို တရှိုက်မတ်မတ် အားပေးကြတဲ့ ကာလသားတွေဟာ သူမနေထိုင်တဲ့ အိမ်ပတ်ဝန်းကျင်ကို အရောက်သွားပြီး ရိုက်ကွင်းသွားဖို့ ကားနဲ့ထွက်လာချိန် လမ်းဆုံမီးပွိုင့်ကနေ လက်ပြကြတယ်။ ပန်းစည်းလက်ဆောင်တွေပို့ အသံကြားဖို့ အချိန်မရွေး ဖုန်းဆက်လိုဆက်နဲ့ ပရိသတ်တွေထဲမှာ အသက် လေးငါးဆယ် အမျိုးသားကြီးတွေလည်း ပါကြပါသတဲ့။ မကြာသေးမီက မင်းသမီးလေး ဆိုရီဂျင်နဲ့ ပတ်သက်တဲ့ သတင်းတစ်ပုဒ်ကြောင့် အိမ်ကို တယ်လီဖုန်းခေါ်ကြတာ အကြိမ်တစ်ထောင် ကျော်သွားပါသတဲ့။ ကိုရီးယား စီးပွားရေးလုပ်ငန်းရှင် ဘိတ်ဂျွန်ဝမ်နဲ့ လက်ထပ်တော့မယ်ဆိုတာ မှန်ကန်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဖြေလိုက်လို့ ကြေကွဲနေကြပါသတဲ့။

## မြူးထူးတက်ကြွသူ



ဆစ်စတာ ရော့ခ်ပေါ့ဂီတအဖွဲ့ အဆိုတော် "ဘိုရာ" ကို အဖွဲ့ထဲမှရွေးထုတ်၍ တစ်ကိုယ်တော်ကြော်ငြာများ ရိုက်ကူးခဲ့သည်။ သူမသည် ကျန်းမာကြည်လင်သော အသားအရေရှိပြီး ကိုယ်ခန္ဓာမှာလည်း ပြေပြစ်အချိုးကျလှပသူဖြစ်သည်။ သံဓာတ်အားဖြည့်ဆေး "HAEMORN-NIN" ကြော်ငြာအတွက် ရွေးချယ်ရိုက်ကူးခြင်း ဖြစ်သည်။ သံဓာတ် အားဖြည့်ဆေးကတ်ကို ပြုံးရွှင်စွာကိုင်လျက် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်အဝရှိနေသော အသွင်သဏ္ဍာန်ကြောင့် အောင်မြင်မည့် အားဆေးဖြစ်လိမ့်မည်ဟု ယူဆရသည်။ ဘိုရာ ပါဝင်သီဆိုသော ပေါ့ဂီတအဖွဲ့သည် ၂၀၀၂ ခုနှစ်၏ အမြူးထူးဆုံးနှင့် အတက်ကြွဆုံး အဖွဲ့အဖြစ် ဂီတပရိသတ်က အသိအမှတ်ပြု အားပေးလျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## နုပျိုချင်လျှင်



မျက်နှာအလှ ခြယ်မှုန်းခြင်းဆိုင်ရာ ပညာရပ်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ် သုတေသနအဖွဲ့မှ ဖော်ထုတ်ခဲ့ကြသည်။

စိတ်ပညာရှင်ပါမောက္ခ ရစ်ချက်ရပ်ဆယ်လ် ဦးဆောင်သော အဖွဲ့ဝင်များသည် အသက်(၂၀)နှင့်(၇၀)အတွင်းရှိ အမျိုးသမီးများ၏ မျက်နှာအသွင်သဏ္ဌာန်များကို စိစစ်ရွေးချယ်ကာ ကွန်ပျူတာတွင် နှိုင်းယှဉ်၍ သုတေသနပြုလုပ်ခဲ့ကြသည်။ အမျိုးသမီးတို့၏ မျက်လုံး၊ မျက်တောင်နှင့် နှုတ်ခမ်းများကို ဦးစားပေး သုတေသနပြုလုပ်ခြင်းအားဖြင့် တွေ့ရှိချက်မှာ မျက်လုံး၊ မျက်ခုံနှင့် နှုတ်ခမ်းတို့တွင် ခြယ်မှုန်းသော အရောင်ဖျော့ခြင်းကြောင့် ပိုမိုအိုမင်းရင့်ရော်သည်ကို တွေ့ရှိခဲ့ကြသည်။ အရောင်တောက်ပစွာ ခြယ်မှုန်းခဲ့ပါက လက်ရှိအသက်အရွယ်ထက် လေးဆမျှ ပိုမိုနုပျိုငယ်ရွယ်တဲ့ အသွင်သဏ္ဌာန် ဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြခဲ့သည်။



## ထူးထူးခြားခြား

ထူးခြားဆန်းပြားတဲ့ ဝတ်စုံဒီဇိုင်းဟူ၍ ဒီဇိုင်းပညာရှင် အချို့က သတ်မှတ်လက်ခံကြသော်လည်း ပညာရှင်အများအပြားအနေနှင့် ရာနှုန်းပြည့် လက်မခံကြပါချေ။ ထိုသို့သော ဝတ်စုံကို မည်သည့်အမျိုးသမီးက မည်သို့သော ပွဲတက်ဝတ်စုံအဖြစ် ဝတ်ဆင်ပါမည်နည်းဟူ၍ အချေအတင် ထောက်ပြကြသည်။ ထိုဝတ်စုံကို ဖန်တီးရန် စိတ်ကူးဉာဏ်ကွန့်မြူးသူမှာ ပြင်သစ်လူမျိုး ဒီဇိုင်းပညာရှင် နီကိုလာ ဖြစ်သည်။ သူ၏ ဝတ်စုံသစ်ဒီဇိုင်းမှန်သမျှကို ဝတ်ဆင်သော အနုပညာရှင်များထဲတွင် ကမ္ဘာကျော်အဆိုတော် လေဒီဂါဂါသည် ထိပ်ဆုံးမှဖြစ်ကြောင်းနှင့် တေးဂီတဖျော်ဖြေပွဲတွင် အချိန်တိုတိုဖြင့် ထိပ်ဆုံးသို့ ရောက်သွားသော လေဒီဂါဂါ၏ အောင်မြင်မှုတွင် မိမိ၏ထူးခြားဆန်းပြားသော ဝတ်စုံဒီဇိုင်းသည်လည်း အပါအဝင်ဖြစ်ကြောင်း ဒီဇိုင်းပညာရှင် နီကိုလာ ချေပဆွေးနွေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆိုးရွားခြင်း

ပုံထဲမှာ တွေ့ရတဲ့ အမျိုးသမီးရဲ့အမည်က နာဖစ်ဆာတူဒိုင်ယယ်လို ဖြစ်ပါတယ်။ ဒိုင်ဆိုတဲ့အမျိုးသမီးဟာ မထင်မရှားနဲ့ ဟိုတယ်မှာ သန့်ရှင်းရေး ဝန်ထမ်းတစ်ယောက် ဖြစ်ပါတယ်။ သူမနဲ့ ပြဿနာဖြစ်သူက နိုင်ငံတကာ ဝန်းကျင်မှ လူသိများတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တဲ့အတွက် ဒီအမှုဟာ ကြီးကျယ်လာရတာပါ။ ထိုပုဂ္ဂိုလ်ဟာ သူ့နာမည်ကို မပေါ်အောင် ဖုံးထား ပေမယ့် မီဒီယာသမားတွေကြောင့် သူ့ရဲ့အမည်က ဒိုးမနစ်စထရောက် ခန်းဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ ဥက္ကဋ္ဌ တစ်ဦး ဖြစ်ခဲ့ဖူးကြောင်း ပေါ်သွားပါတယ်။ သူတည်းခိုတဲ့ ဟိုတယ်က သန့်ရှင်းရေးဝန်ထမ်းအမျိုးသမီး ဒိုင်ကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု ပြုလုပ်ခဲ့တဲ့အတွက် နယူးယောက်ပြည်နယ် ဘရွန့်စ်ဒေသ တရားရုံးမှာ ညှိနှိုင်းမှု ပြုလုပ်ခဲ့ကြပါတယ်။ ဒိုင်ကို ဒေါ်လာခြောက်သန်းပေးပြီး အမှုကို ပြန်လည်ရုပ်သိမ်းခိုင်းတဲ့အတွက် သံသရာရှည်နေတဲ့အမှုဟာ မကြာသေးမီက ပြီးဆုံးသွားကြောင်း ဒေးလီးမေးလ်သတင်းစာက ဖော်ပြလိုက်ပါတယ်။

## ဘယ်လောက်ကြာမှာလဲ



ဟောလီဝုဒ် ရုပ်ရှင်လောကမှာ မင်းသား မင်းသမီးတွေဟာ ဇာတ်ကားထဲမှာ လူမျိုးစုံနဲ့တွဲသလို အပြင်မှာလည်း ဟိုလူနဲ့ပေါင်းလိုက် ကွာရှင်းလိုက်နဲ့ အလွယ်တကူ အပြောင်းအလဲတွေ ဖြစ်နေကြပါတယ်။ အဲဒီလို ကွာရှင်းပြတ်စဲခြင်းမလုပ်လိုတဲ့ မင်းသား မင်းသမီးတွေကတော့ တရားဝင် လက်မထပ်တော့ဘဲ "Living together" အတူတကွ နေထိုင်ကြစနစ်ကို ကျင့်သုံးကြပါတယ်။ အဲဒီစနစ်ဟာ လက်တွဲဖြုတ် လမ်းခွဲရတာ လွယ်ပါသတဲ့။ ကိတ်ဟတ်ဒ်ဆန် "KATE HUDSON" ကတော့ တခြားမင်းသမီးတွေနဲ့မတူ တစ်မူထူးခြားနေပါတယ်။ သူမဟာ FOX ရုပ်သံလိုင်းရဲ့ ရုပ်သံဇာတ်လမ်းတွဲ GLEE (SEASON 4) စတင်ထုတ်လွှင့်မှု အခမ်းအနားပွဲမှာ . . .

"ကျွန်မရဲ့ ချစ်သူဟာ ကျွန်မအပေါ်မှာ အရာရာကို ခွင့်လွှတ်နားလည်မှုပေးတာဟာ မယုံနိုင်စရာ ကောင်းလောက်အောင် ဖြစ်နေပါတယ်၊ ဒါကြောင့် ကျွန်မနဲ့ ကျွန်မသားသမီးတွေဟာ တက်ကြွစွာနဲ့ စိတ်ချမ်းသာနေပါတယ်" လို့ ပြောပါတယ်။ ကိတ်ရဲ့လင်ယောကျ်ားဟာ MUSE ရော့ခ်ဂီတအဖွဲ့ဝင်ဖြစ်သူ မက်သယူးဘယ်လာမီ ဖြစ်ပါတယ်။ အဲဒီအိမ်ထောင်လည်း ဘယ်တော့လက်တွဲဖြုတ်မှာလဲလို့ မီဒီယာများက ဖွနေကြပါသတဲ့။

ဖိုးရွှေသမင်း


www.burmeseclassic.com

www.burmeseclassic.com

## ရောမလိပ်ကြီး ဘေးမဲ့ပေး



ဩစတြေးလျနိုင်ငံ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေးသမားများနှင့် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများက ရောမလိပ်ကြီး တစ်ကောင် ပင်လယ်တွင်းသို့ လွှတ်ပေးစဉ် ဖြစ်သည်။ အဆိုပါ လိပ်ကြီးကို ဘရစ်စတိန်းမြို့အနီး မိုရီတန် ပင်လယ်ကမ်းခြေ၌ ခြေထောက်တွင် ကျိုးပဲ့ဒဏ်ရာများနှင့် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ တိရစ္ဆာန် ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူစေပြီး ကောင်းမွန်စွာသွားလာနိုင်သည့် အချိန်တွင် ပင်လယ်ပြင်သို့ ဘေးမဲ့ လွှတ်ပေးလိုက်သည်။



## ဘရာဇီးအနုပညာ

ပန်းချီ ပန်းပု စသည့် အန[...] ပညာရပ်သည် နိုင်ငံတိုင်း လူမျိုးတိုင်[...] တွင် တွေ့ရလေ့ရှိပြီး ယုံကြည်[...] ထုံးစလေ့များ သက်ဝင်ကြသည်[...] ဘာသာရေး လူမှုရေး ရိုးရာယ[...] ကျေးမှု စသည်တို့ အကျုံးဝင်သော ခေတ်ဟောင်းခေတ်သစ် လက်ရာများ ဖြစ်သည်။ ဘရာဇီးနိုင်ငံသားတို့၏ ရိုးရာဓလေ့အရ ပေါ်ထွက်လာသော လတ်[...] အနုပညာ ပန်းချီ ပန်းပုအသွင် ရုပ်ပုံလွှာများက စိတ်ဝင်စားဖွယ်ကောင်းပေသည်။ ဂမ္ဘီရဆန်သော ရေးဆွဲထုလုပ်မှု[...] တွေ့ရသည်။ ဖော်ပြပါ သစ်သားရုပ်တုသည် ရိုးရာယုံကြည်မှု သဘောရှိသည်ဟု ဆိုပါသည်။ ထို့အတူ နံရံဆေး[...] ပန်းချီက ဘာသာရေး၊ လူမှုရေး ပုံရိပ်ဖြစ်ကြောင်း တွေ့ရသည်။

## နှစ် ၀၀၀ က ရှေးဟောင်းမြို့ တူးဖော်တွေ့ရှိ



တရုတ်နိုင်ငံ မန်ချူးမင်းဆက်များ လက်ထက်က တည်ဆောက်ခဲ့ပြီး မြေအောက်၌ နစ်မြုပ်ခဲ့သည့် လွန်ခဲ့သည့် နှစ်ရှစ်ရာခန့်က မြို့ဟောင်းကို မကြာမီက တူးဖော်စဉ်ဖြစ်သည်။ လာအိုရှင်မြို့ဟောင်းဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဖြစ် သမိုင်းတန်ဖိုးကို ဖော်ပြခဲ့သည်။ ယခု တွေ့ရှိရသည့်နေရာမှာ တူဂျီယန်ပြည်နယ် အရှေ့ပိုင်းတွင်ဖြစ်ပြီး ယခုအခါ တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



# နှစ် ၁၅၀ မြောက် တဆိုတော် ရာဘင်ဒြာနတ်တဂိုး မွေးနေ့

အိန္ဒိယနိုင်ငံ၏ စာဆိုတော် ကဗျာဆရာကြီး ရာဘင်ဒြာနတ်တဂိုးကို မြန်မာစာဖတ်ပရိသတ်များ ရင်းနှီးပြီး ဖြစ်သည်။ သူ၏ ကဗျာအရေးအသား အတွေးအခေါ်များက အတော်ပင် ဩဇာကြီးသည်။ တဂိုးသည် ၁၈၆၁ ခုနှစ်တွင် မွေးဖွားပြီး ၁၉၄၁ ခုနှစ်တွင် ကွယ်လွန်ပေရာ ယခုနှစ်သည် သူ၏မွေးနေ့နှစ် (၁၅၀) မြောက် ကျင်းပသည့် အခါသမယ ဖြစ်သည်။

သူ့အကြောင်းကို ကမ္ဘာ့စာပေလောကတွင် နေရာအနှံ့တွေ့ရလေ့ရှိသည်။ ကဗျာဆရာ၊ ဒဿနဆရာဖြစ်ပြီး ဘင်္ဂါလီပြည်သူတို့၏ စရိုက်လက္ခဏာများကို ဖော်ပြသည်။ သူ၏လက်ရာများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကြသည်။ ယင်းမှ မြန်မာဘာသာ ပြန်ဆိုမှုလက်ရာ အများအပြားရှိပေသည်။ အနောက်နိုင်ငံများတွင် သူ၏လက်ရာများကို ဘာသာပြန်ဆိုရာ၌ ကျော်ကြားလှသည်။

သူ၏ ဂီတဥ္စလိ ၁၉၁၂ ကဗျာများအတွက် ၁၉၁၃ ခုနှစ်တွင် နိုဘယ်လ်ဆု ရရှိခဲ့သည်။

တဂိုးသည် "GORA" ဂိုရာ ၁၉၁၀ စသည့် ပြဇာတ်များ၊ ဝတ္ထုရှည်များကိုလည်း ရေးသားခဲ့သည်။ ထို့ပြင် အိန္ဒိယ အမျိုးသားရေး၊ လူမှုရေး ပြဿနာများကို ဝေဖန်ခဲ့သော ဝတ္ထုများကို ရေးသားပေသည်။ ၁၉၁၅ ခုနှစ်၌ သူ့ကို ဂုဏ်ပြုသောအားဖြင့် ဗြိတိသျှအစိုးရက 'ဆြာဘွဲ့' ချီးမြှင့်သည်။ သို့ရာတွင် အမ္ဗရစ္စတာ လူသတ်ပွဲ ၁၉၁၉ ခုနှစ် ဖြစ်ပွားပြီး နောက် တဂိုးသည် ဆြာဘွဲ့ကို စွန့်လွှတ်ခဲ့သည်။ အောက်စ်ဖို့ အဘိဓာန်တွင် ပါရှိသော အတ္ထုပ္ပတ္တိ အကျဉ်း ဖြစ်သည်။

စာပေနိုဘယ်လ်ဆုရ စာဆိုတော်တဂိုး၏ နှစ်(၁၅၀)မြောက် မွေးနေ့အခမ်းအနားကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်သည်။ သက်ရှိထင်ရှားရှိစဉ်က သန်း ၂၅၀ မျှရှိသော ဘင်္ဂါလီ ပြည်သူတို့ကို ကိုယ်စားပြုရေးဖွဲ့သော စာပေကဗျာများက အထူးထင်ရှားပေသည်။

သူ့ကို ကာလကတ္တားမြို့၌ မွေးဖွားခဲ့ပြီး နောက်ပိုင်းတွင် ယခုဘင်္ဂလားဒေ့ရှ်ဒေသ၌ ကြီးပြင်းသည်။ အသိပညာလွှံ့ဆော်သည့် စာပေရေးသားမှုဖြင့် ကမ္ဘာတစ်ဝန်း ကျော်ကြားစေခဲ့သည်။ အိန္ဒိယနိုင်ငံရေး ခေါင်းဆောင်များ ဂန္ဒီအပါအဝင် လူထုများသည် သူ၏ရုပ်ပုံလွှာကို ဂုဏ်ပြုကြစဉ် ဖြစ်သည်။

မောင်ကောင်းယဉ်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ကိုယ်ဝန်ဆောင်များနဲ့ စာတော်စာကူထုံးစွေ

ဒေါ်နေနေနိုင်ရည် (တိုင်းရင်းဆေးပညာ)

ကိုယ်ဝန်ဆောင် အမျိုးသမီး အများစုသည် သန္ဓေသားကို လပေါင်းကိုးလကျော်ကျော် ထိန်းသိမ်းစောင့်ရှောက်ထားကြရသည်။ လွယ်လွယ်ကူကူ တွေးကြည့်လျှင် အရေးမကြီးသော သာမန်ဖြစ်ရိုးဖြစ်စဉ် သဘာဝဟု ထင်ရသော်လည်း အလေးအနက် တွေးခေါ်ကြည့်က အင်မတန်အရေးကြီး၍ ခက်ခဲနက်နဲသော ကိစ္စတစ်ခုဖြစ်သည်။

သွေးသားတစ်စက်မှစ၍ လူသားတစ်ယောက်ဖြစ်ဖို့ရာ၊ ဘဝတစ်ခုဖြစ်ဖို့ရာ၊ ရင်သွေးငယ်ကို လွယ်ထားသော မိခင်တိုင်းသိရှိဖို့၊ လိုက်နာထိန်းသိမ်းဖို့ အင်မတန်အရေးကြီးပါသည်။ မိမိရင်သွေးလေး လောကကြီးထဲရောက်ရန်၊ ရောက်လျှင်လည်း ကျန်းကျန်းမာမာနှင့် လူဖြစ်ရန် မိခင်၏ အဓိကတာဝန်ဖြစ်သည်။

ဒါကြောင့် ကိုယ်ဝန်စဆောင်ပြီ ဆိုသည်နှင့် မိမိ၌ အသိနှင့်သတိရှိရန်၊ ကျန်းမာရန်၊ စားသောက်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်တတ်ရန် အရေးကြီးပါသည်။

အမျိုးသမီးများသည် ကိုယ်ဝန်ရှိလာလျှင် ကြုံတွေ့ရသည်များကိုတော့ သိရှိကြပြီ ဖြစ်ပါသည်။ အကြမ်းအားဖြင့် ပျို့အန်ခြင်း၊ ရင်သားပြောင်းလဲခြင်း၊ ဆီးမကြာခဏသွားခြင်းတို့ ဖြစ်တတ်ကြသည်။ ၎င်းအခြေအနေများတွင် မိမိမှာ ကိုယ်ဝန်ရှိကြောင်း အကြမ်းအားဖြင့် သိနိုင်ပါသည်။

ထိုသို့ သိပြီဆိုသည်နှင့် အသွားအလာ အနေအထိုင် အစားအသောက် ကိုယ်စိတ်အမူအရာများကို စောင့်ထိန်းတတ်ဖို့ လိုအပ်ပါသည်။ အများအားဖြင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများသည် ဝမ်းမှန်၊ ဆီးမှန်ဖို့ လိုအပ်ပါသည်။ ကျန်းမာရေးအသိ အနေဖြင့် နံနက်စောစောတွင် ရေကို ဝအောင်သောက်ဖို့ လိုအပ်ပါသည်။

အစာကြေ၍ ဝမ်းမှန်၊ လေမှန်စေသော အစားများကို ရွေးချယ်စားသောက်ရပါမည်။ ဝမ်းချုပ်စေသော ပူ၊ ခါး၊ ဖန် အရသာရှိသော ဆေး၊ အစာများကို မစားသင့်ပေ။ အဆီအစေး လွန်ကဲအစာများကို မစားသောက်အပ်ပေ။ လက်ဖက်၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ငါးပိ၊ ငံပြာရည်၊ ငါးခြောက်၊ အဆီ၊ ဆေးဆိုးထားသော အစားအစာများ၊ အချဉ်ထုပ်မှ မှို၊ မျှစ်၊ တညင်းသီးများကိုလည်း မစားသောက်သင့်ပေ။

ကိုယ်ဝန်ဆောင်နေစဉ် လမ်းလျှောက်ခြင်း၊ ရေမှ များသောက်ခြင်း၊ အသီးအရွက်များများစားခြင်း၊ အသာ များကို အသင့်အတင့်စားသောက်ခြင်း၊ ကြက်ဥနှင့် နို မှန်မှန်စားသောက်သင့်သည်။ အထူးသဖြင့် မုန်လာဥ၊ ဆ ဂျုံ၊ အသည်း၊ အာလူး၊ ဟင်းသီးဟင်းရွက်တို့ကို စားနိုင် သည်။

သင်္ဘောသီးမှည့်၊ ၄က်ပျောသီးဖီးကြမ်း၊ လိမ္မော်သီ ကွဲကောသီး၊ ဝမ်းမချုပ်စေရန် သံပရာရည်၊ ပျားရည်၊ မြင်း ရွက်ရည်၊ ကျောက်ဖရုံယို၊ ကျောက်ဖရုံသီး၊ ဘူးရွက်တို့ စားနိုင်ပါသည်။

တိုင်းရင်းဆေးပညာအရ မိခင်လောင်းများ ကိုယ် သုံးလကျော်ချိန်တွင် ဥဏှတေဇော၊ ဝါယောဓာတ် လွန် ခြင်းကြောင့် အချိုအရသာကို စားသောက်ပေးရသည် ထို့ကြောင့် အချဉ်ဓာတ် အနည်းငယ်သာပါပြီး ချို အရသာရှိသော အစားအသောက်တို့ကို များများစား ရမည်။ ဥပမာ လိမ္မော်သီး၊ ရှောက်ချိုသီး၊ ကွဲကောသီး စားပေးရမည်။

၎င်းအပြင် ငါး၊ ပုစွန်၊ ကန်စွန်းရွက်၊ ဒန့်သလွန်ရွ မန်ကျည်းရွက်၊ ချဉ်ပေါင်ရွက်၊ ဟင်းနုနယ်ရွက်၊ ချိစ်၊ ဒိ အရိုးပါစား၍ရသော ငါးကလေးများ၊ ပဲအမျိုးမျိုး၊ ဟင်း ဟင်းရွက်နှင့် အသီးအနှံ များများစားပေးရသည်။

အကယ်၍ ကိုယ်ဝန်ဆောင်မိခင်သည် ကာ၊ စိတ်၊ ဥ အာဟာရတည်းဟူသော အကြောင်းလေးပါးတို့မှ တစ် အကြောင်းကြောင့် ဝမ်းတွင်းတွင် ပူပြင်းလွန်းသော တေ ဓာတ်အပူ ရောက်ရှိပြီး ဥဇင်္ဂမဝါယောဖောက်ပြန်တတ်သ ထိုအခါ အပူနှင့်လေ အပေါ်တက်ပြီး ပဋိသန္ဓေမငြိမ်ဝ လှုပ်ရှားခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်တွင် နေမထိ မသာ ခက်ခဲပြီး မအိပ်နိုင် မစားနိုင်ဖြစ်တတ်သည်။ ကို ခုနစ်လအရွယ်တွင် ထိုသို့ဖြစ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ထိုအခါ ခံစားမှုသက်သာစေရန် အိမ်သုံးဆား ငါး ကျပ်သားကို ကျက်ကျက်ဖြူအောင်လှော်ပြီး ၎င်းဆားလှော် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို . . .

၁။ ကြာမျိုးငါးပါး

၂။ ကံ့ကော်ဝတ်ဆံ

၃။ မြတ်လေးပန်း

၄။ ကြာစွယ်

တို့ကို အမျှစီယူပြီး ကြက်ဆူသီးအမှုန့်ထည့်ပြီး ကြိတ် ထားသည့် ဆေးတစ်ပဲသားနှင့် ရောစ၍တိုက်ပါ။

၎င်းအပြင် အပူငြိမ်းသွေးဆေးမျိုးကို နံနက်တွင် တိုက်ပြီး ညဘက်တွင် ဆီးဝမ်းမှန်ဆေးတစ်မျိုးမျိုးကို တိုက် သင့်ပါသည်။ ထိုသို့ တိုက်ကျွေးပေးခြင်းဖြင့် မွေးလာသည့် ကလေးငယ်သည် အရိုးဓာတ်၊ အသားဓာတ်နှင့် အာရုံကြော များသန်မာခြင်း၊ ဉာဏ်ပညာ ထက်မြက်ခြင်း၊ မွေးရာပါ နှလုံးရောဂါမဖြစ်ခြင်း၊ မိခင်ရော သန္ဓေသားပါ အသားဝါ၊ အသည်းရောင်ရောဂါ မဖြစ်ခြင်း၊ ကိုယ်ဝန် အဆိပ်သင့်ခြင်း မရှိခြင်း၊ ကိုယ်ဝန်မပျက်စီးခြင်း စသည်တို့မှ ကာကွယ်နိုင် ပါသည်။

ကိုယ်ဝန်ဆောင်များ အနေဖြင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးအား သတိပြုဆင်ခြင် စောင့်ရှောက်တတ် စေရန်နှင့် မိခင်ရောကလေးပါ ကျန်းမာစေရန် တိုင်းရင်းဆေး ပညာရှုထောင့်မှ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

❒ ဒေါ်နေနေနိုင်ရည် (တိုင်းရင်းဆေးပညာ)

---

# အလွယ်တကူအလွယ်လေး အဖုအကျိတ် ပျောက်တဲ့ဆေး

ဦး ကွန်း ဆိုင်

"အဖုအကျိတ်ဆိုလျှင်

ပေါင်ဒါဘူးထဲထည့်လို့ရအောင်

မှုန့်သွားစေရမယ်"

ရေဒီယို၊ တီဗွီတို့မှာ ကြော်ငြာများ ပေါ်လာလေတိုင်း စာရေးသူ ကျေနပ်အားရသည်။

"မြန်မာ့ဆေး အထင်မသေးနဲ့ပေါ့"ဟုလည်း ဇာတိမာန် ဖြင့် ကြွေးကြော်လိုက်ချင်သေးသည်။

အစားမှား၊ အစားတောက်၊ အစာအဆိပ်ဖြစ်လျှင် အနောက်တိုင်းဆေးပညာကုထုံးအရ အန်ဆေး၊ ဝမ်းနုတ်ဆေး ကျွေးရ၊ အဆိပ်ဖြေဆေးထိုးရ၊ ဂလူးကို့စ်ချိတ်ရ၊ နောက်ဆုံး ခွဲစိတ်ရ၊ သွေးသွင်းရ စသည် ကုထုံးတွေ များလှသည်။ လူနာရှင် ငွေကုန်သံပြာ ဖြစ်ရရှာသည်။

အစားမှား၊ အစားတောက်၊ အစာအဆိပ်ဖြစ်က တော ရွာမှာဆိုလျှင် တောက်တာဥ သုံးလေးလုံးကို ထန်းလျက် သင့်ရုံနှင့် သုံးခွက်တစ်ခွက်တင် ကျို၍သောက်က ပျောက် နေကျ။ မြန်မာသမားတော်များဆိုလျှင် ဇာတိဝက် အစာဖျက် ဆေးတစ်ခွက်နှင့် ကုသနေကျ။

"ကင်ဆာရောဂါအစ အဖုအကျိတ်က" ဟု အနောက် တိုင်းဆေးပညာ အယူအဆရှိပေရာ အဖုအကျိတ်ရောဂါ ဖြစ်လာသည်နှင့် လူတို့မှာ မျက်လုံးပြူး မျက်ဆန်ပြာ ဖြစ် လာကြလေတော့သည်။

မြန်မာသမားတော်တို့ကား အဖုအကျိတ်ကို နိုင်သည်။ ကုထုံးကိုလည်း ပိုင်သည်။

ထို့ကြောင့်လည်း "အဖုအကျိတ်ဆိုလျှင် ပေါင်ဒါဘူးထဲ ထည့်လို့ရအောင် မှုန့်သွားစေရမယ်" ဟု ရဲရဲတင်းတင်း ကြွေးကြော်ရဲကြခြင်း ဖြစ်သည်။

မြန်မာ့လူမှုနယ်ပယ်တွင် ပေါင်ရင်းတွင် ပေါက်လျှင် သက်တန်၊ နားနောက်တွင်ပေါက်လျှင် နားရင်းသက်တန်၊





www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

လည် ပင်းတွင်ပေါက်လျှင် တီဘီကျိတ် စသည်ဖြင့် အမျိုးမျိုး ခေါ်ကြသည်။

"ယာဂုနှင့် ထမနဲ အခေါ်လွဲကြသော်လည်း အပြချင်း အတူတူ" ဆိုသော စကားကဲ့သို့ အကျိတ်အဖု မှန်သမျှ အင်္ဂလိပ်-မြန်မာ အခေါ်အဝေါ် လွဲနေကြသော်လည်း အဖု အကျိတ် မှန်သမျှ အပူနာဖြစ်သည်မှာ သေချာသည်။

မြန်မာကုထုံးဖြင့်ဆိုလျှင် "နူလျှင်ကြေ၊ ရင့်လျှင်ပေါက်ပြီး၊ ပေါက်လျှင်ပျောက်ပြီ" ဟုကြွေးကြော်နိုင်သည်မှာ ဧကန် သာဟု စာရေးသူ ရဲရဲတင်းတင်းဆိုဝံ့ပါသည်။

လွန်ခဲ့သော (၃၅)နှစ်ခန့်က စာရေးသူ၏သား ငါးနှစ် သားအရွယ် မောင်ကျော်ကျော်ဆိုင်၏ ယာဘက်နားနောက် တွင် အဖုကြီးပေါက်ခဲ့သည်။ မိသားစု ဆရာဝန်ဒေါ်စိန်တင် နှင့် ဆယ်ရက်ခန့် ကုသော်လည်း အကြောင်းမထူး။

"ကလေး ထွားထွားကျိုင်းကျိုင်းဆိုတော့ တီဘီကျိတ်လို့ ပြောရအောင်လဲ အခက်သား" ဟု မှတ်ချက်ချပေးလေသည်။

အထူးကုဆရာဝန် အမျိုးမျိုးနှင့် ပြောင်းကုသော်လည်း အကြောင်းမထူးပါ။ ကလေးအထူးကု ဆရာဝန်ကြီးအား ပြသသော်လည်း ဆေးကုထုံးနှင့် ပေးသောဆေးမှာ ထိုနည်း လည်းကောင်း။ ရောဂါဝေဒနာမသက်သာ၊ ဒုံရင်းဒုံရင်းသာ ဖြစ်ပါသည်။

နောက်ဆုံး လမ်းမတော်မြို့နယ်မှ နာမည်ကြီး တရုတ် ဆရာဝန်ကြီးကိုပြရာ အားလုံးမကုနိုင်မှ လာပြရသလားဟု ဒေါသူပုန်ထ လေးကင်းပြလေတော့သည်။

စာရေးသူလည်း "အားကိုးတကြီးဖြင့် အဖြစ်မှန် တင်ပြ ပါလျက် ဒေါသထွက်ရကောင်းလား"ဟု ကြက်ခေါင်းဆိတ်မခံ ခွန်းတုံ့ပြန်လေမှ ပတ္တောပိတ်ကာ ငြိမ်ကျသွားလေ၏။

ထိုဆရာဝန်ကြီး ကုထုံးမှာလည်း ထူးမခြားနားပင်။ အခြားဆရာဝန်များပေးသော ဆေးပြားကို ဆုံတွင်ထောင်း၍ အမှုန့်ပြုကာ ပေးခြင်းမျိုးသာ ကွာပါ၏။ ဆေးဖိုးဝါးခမှာမူ ကျပ် ၂၀။ ထိုခေတ်ကာလက ဈေးအလွန်ကြီးလှသည်ဟု ဆိုရပါမည်။

စိတ်ပျက်လက်ပျက်နှင့် အိမ်သို့ပြန်လာသော စာရေးသူ အား ဖခင်ဖြစ်သူ၏ နွားနှစ်ကောင်ဆေးပြင်းလိပ် အလုပ်ရုံမှ ဒေါ်တင်ရွှေက နတ်လမ်းညွှန်သည်။

နောက်တစ်နေ့တွင် အလုံမြို့နယ် ချန်မာဘီလမ်း၊ ကျား ဆေးတိုက်သို့ သွားပြသည်။ အဖုအကျိတ်ရောဂါကို အလွန် နိုင်နင်းသည့် မြန်မာဆေးဆရာကြီးနှင့် တွေ့ဆုံသည်။ ဆရာ ကြီးက သားငယ်အား ကြည့်ကာ သောက်ရန် ငန်းဆေး သုံးရက်စာပေးသည်။ အနာအုံရန် ဆေးအညွှန်းကို စာရေ သူအား မှာကြားသည်။ မကြာမီ ပျောက်သွားမည် ဖြစ် ကြောင်းလည်း အာမခံ ကတိပေးသည်။

ထို့ကြောင့် အိမ်ပြန်ရောက်သည်နှင့် ခွေးတောက်ရွက် လက်တစ်ဆုပ်စာကိုဝယ်ကာ သံဆုံတွင် ညက်အောင်ထောင်း သည်။ ဆားမီးဖုတ်မရှိသဖြင့် ဆားကိုလှော်သည်။ ထိုဆား လှော်ကို ခွေးတောက်ရွက်ထဲသို့ သင့်တော်ရုံထည့်၍ သမ အောင်နယ်သည်။

ထို့နောက် သားငယ်၏ အနာပေါ်တွင် ခပ်များများအုံ၍ ပတ်တီးစည်းပေးထားသည်။ ထိုနေ့တွင် နှစ်ကြိမ် အုံပေ လိုက်သည်။ တစ်ပတ်ကြာသော် အတော်ပင် အခြေအနေ ကောင်းလာသည်။

ဆရာကြီးက ဝါးချွန်အဖျားလေးဖြင့် ပြည်ဖောက်ကာ အသာအယာ ညှစ်ထုတ်သည်။ ထို့နောက် မြန်မာဆေး ဖယောင်းချက် ကပ်ပေးလိုက်သည်။

ကိုးရက်ကြာသော် လုံးဝပျောက်ကင်းသွားသည်။ လူနာ မှတ်တမ်းစာအုပ် ၂၅ ပြား၊ နှစ်ရက်ဆေးစည်းရန် ခွေးတော ရွက်ဖိုး ၂၅ ပြား၊ စုစုပေါင်းကုန်ကျငွေမှာ တစ်ကျပ်ပင် မပြည့်

စေတနာရှင် ဆရာကြီးဦးသန်းရွှေအား စပယ်ရှယ် ဆေးပြင်းလိပ် ၁၀၀ ကန်တော့ခဲ့သည်။

ဆရာကြီးပေးသော ပညာဖြင့် ဇီဝိတဒါနပြုရန် စာရေ သူ စိတ်ကူးနေစဉ် စာရေးသူတို့၏ ခေမာလမ်း တစ်လမ်း တည်းနေ သူငယ်ချင်း၏ သမီးတွင်လည်း လည်ပင်း၌ တီဘီ ကျိတ်ဖြစ်နေသည်ဟု သိရသည်။ ဆရာဝန်နှင့်ပြ၍ ဆေးစာ ဆေးသောက်နေခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း မပျော သဖြင့် ညည်းညူနေသည်ကိုလည်း ကြားရပါပြန်သည်။

ထို့ကြောင့် ဆရာကြီးဦးသန်းရွှေ၏ ကုထုံးအတိုင်း ခွေး တောက်ရွက် လက်တစ်ဆုပ်ကို ထုထောင်း၍ ဆားမီးဖုတ်နှင့် နယ်ကာ နှစ်ကြိမ်အုံပေးရန် အကြံပြုခဲ့သည်။

တစ်လခန့်ကြာသောအခါ ထိုသူငယ်မ၏ အဖုအကျိ များ အတော်အတန်ပင် ပျောက်သွားသည်ကို တွေ့ရသည်

မေးကြည့်ရာ . . .

"ဦးလေးပြောသလိုတော့ ကျွန်မ မလုပ်ဖြစ်ပါဘူး။ တောက်ရွက်ကို မီးကင်ပြီး ကပ်ပေးတာနဲ့ အခုလို သ

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

သွားတာ၊ ဦးလေး ပြောသလိုသာလုပ်ရင် ပျောက်တာ ကြာလှပေါ့” ဟု ဆိုကာပြောပြီး . . .

“ဦးလေး ပြောသလို လုပ်ဦးမယ်”ဟု ပြောကာ ပြန်သွားလေသည်။

နောက်နှစ်လအကြာတွင် ရောဂါရှင်းရှင်းပျောက်ကင်းသွားသည်ကို တွေ့ရ၍ စာရေးသူမှာ ဝမ်းသာလှပါတော့သည်။

စာရေးသူ၏ဇနီး ဒေါ်ခင်မာဝင်းမှာ မိဘများရှိရာ ဓနုဖြူသို့ ခေတ္တပြန်ခဲ့သည်။ ၁၅ ရက်ခန့် ကြာသောအခါ ပေါင်ရင်းတွင် အကျိတ်ပေါက်၍ ဝမ်းကွဲအစ်ကိုဆရာဝန်နှင့် ကုသနေသဖြင့် စိတ်မပူရန် ဖုန်းဖြင့်အကြောင်းကြားပါသည်။

နောက်တစ်ပတ်အကြာတွင် ပေါင်ရင်း သက်တန့်များ ပိုမိုကြီးထွားလာပြီး လမ်းပင်လျှောက်၍မရသောကြောင့် အမြန်လာရန် အကြောင်းကြားလေသည်။

စာရေးသူလည်း ဆွဲဆန့်၍ရသော အကောင်းစားပတ်တီး၊ ဆားလျှော်များ အသင့်စီမံကာ ဓနုဖြူသို့ သင်္ဘောဖြင့် အမြန်သွားရလေတော့သည်။ ဇနီးသည်၏ အကျိတ်ကို ရောက်လျှင်ရောက်ချင်း ကြည့်ရသည်မှာ စိတ်မချမ်းသာစရာပင်။

ပေါင်ရင်းမှ အရှည်နှစ်လက်မရှိ အကျိတ်ကြီးမှာ ညိုမည်းနေပြီး လက်ညိုးလုံးခန့် မို့မောက်ကာ ရောင်နေပါသည်။ အကျိတ်ဝန်းကျင်မှာလည်း ငန်းမန်းလိုက်ကာ ရောင်နေပါသည်။ မကြာမီ ထိုအကျိတ်မှာ ပြည်တည်ပြီးကိုက်ကာ ဇနီးဖြစ်သူမှာ နေ့ညမအိပ်ရတော့ဘဲ အော်ဟစ်ညည်းညူကာ ဝေဒနာခံရပေတော့မည်။

စာရေးသူလည်း ချက်ချင်းဈေးသို့သွားကာ ခွေးတောက်ရွက်ငါးမူးဖိုးဝယ်၊ လက်တစ်ဆုပ်စာ အရိုးအရွက်များကို သံဆုံတွင်ညက်အောင်ထောင်း။ စိတ်ကြိုက် မှုန့်ညက်သော် ဆားလျှော်ကိုသင့်ရုံထည့်၍ ကောလီကျေအောင်နယ်။ အနာပေါ်တွင် ခပ်များများလေးအုံကာ ခွေးတောက်အရွက်ကြီးနှစ်ရွက်နှင့်ကပ်ပြီး အပေါ်က ပတ်တီးနှင့် သေသေချာချာစည်းပေးလိုက်သည်။

နံနက် တစ်ခါ၊ ညအိပ်ရာဝင် တစ်ခါနှင့် သုံးရက်စည်းပေးလိုက်သောအခါ အံ့ဩဖွယ်ရာ ပျောက်ကင်းသွားပါတော့သည်။

ထူးထွေအံ့မခန်း အလွန်စွမ်းသော ဆေးပါတကား၊ စာရေးသူတို့ မိသားစုမှာ များစွာကြည်နူးကြရပါသည်။ ငွေကုန်ကြေးကျ နည်းနည်းကလေးမျှနှင့် အနောက်တိုင်းဆေးဖြင့် ကုရခက်သော အဖုအကျိတ်များကို တစ်ခဏအတွင်း ပျောက်ကင်းချမ်းသာသည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာပင် ဖြစ်ပါသည်။

*“တစ်ခွက်ဆီမီး ရောင်စုံညီး*
*ဆီမီးတစ်ရာ ထွန်းညှိပါ”*

ဆိုသော ဆောင်ပုဒ်ကဲ့သို့ မြန်မာ့ဆေးစွမ်း အံ့မခန်းဖွယ်ရာ နည်းကောင်းအဖြာဖြာတို့ကို တစ်ယောက်မှ တစ်ရာ၊ တစ်ရာမှ တစ်ထောင်၊ တစ်ထောင်မှ တစ်သောင်း၊ တစ်သောင်းမှ တစ်သိန်း ဖြန့်ဝေပေးခြင်းဖြင့် ဇီဝိတဒါနပြုကြပါကုန်။ ကုသိုလ်ပညာ ဖြန့်ဝေကြပါကုန်။ ဇာတိပုည ဂုဏ်မာနကို မြန်မာ့ရှေးအစဉ်အလာ ဆေးပညာအစွမ်းဖြင့် ပြကြပါကုန်ဟု တိုက်တွန်းတင်ပြကာ အကြံပြုလိုက်ရပါတော့သည်။

“အဖုအကျိတ်ပျောက်ဆေး အလွယ်လေး”

- ခွေးတောက်
  ဘေးပျောက်တဲ့ဆေးဘုရင်၊
- အဖုအကျိတ်ဆို ဘယ်မရွေး
  အလွယ်ကလေးပင်၊
- ထုထောင်းလျက် ညက်အောင်ပြင်
  ဆားဖုတ်အစဉ်နယ်ကာထား၊
- နေ့ည နှစ်ဖြာအုံကာပေး
  ပျောက်ရေးမခက်လား. . .။

❒ ဦးထွန်းဆိုင်
(ဘန်ချောင်တောရ-ဓမ္မသုတေသီ)




www.burmeseclassic.com

www.burmeseclassic.com



# ရှေးဆရာတော်တို့၏ ဆေးအညွှန်းကဗျာ

## ဆန်းဝင်း(အောင်မြေ)

အထွေထွေရောဂါများကို ပျောက်ကင်းစေနိုင်သည့် လိမ်းဆေး၊ သောက်ဆေးကို ပြဆိုသော ဇလွန်မြို့ တင့်တယ်သန့်ရှင်း ရွာအဗျင်း၌ နတ်မင်းစီမံ၊ ဘုံဝေယံကျောင်းတော်၌ မွေ့လျော်ရွှင်ပြုံး၊ သီတင်းသုံးငြား၊ ဘုန်းဘုရားသည်၊ အများသတ္တဝါ၊ ဝေနေယျာကို၊ ချမ်းသာပါစေ၊ ဇောစိတ်ဖွေ၍၊ ဝေဝေဖန်ဖန်၊ ဆေးကျမ်းဂန်မှ၊ အမွန်အမြတ်၊ ရွေးထုတ်လတ်၍၊ တပ်အပ်ထင်ထင်၊ ရှုဖွယ်ပင်တည်း၊ လက်တွင်ပတ္တမြား၊ တင်၍ထားသို့၊ စာသားအဓိပ္ပာယ်၊ လွယ်လွယ်ကျဉ်းကျဉ်း၊ အမြင်လင်းအောင်၊ ဝင်းဝင်းအဆီ၊ ရှင်းရှင်းကြည်သည့်၊ ဂမ္ဘီသာရ၊ သြဿမကို၊ ဝေငှတိုက်ကျွေး၊ ဤစာရေးသည်၊ ဘေးဘျမ်းမခအေးစေသောဝ်။

(၁) လွန်စွာအေးလျက် တေဇောဖက်၊ အရွက်ဒန့်သလွန်၊ ကျောက်မှာတင်လျက်၊ ကြိတ်ညက်ညက်၊ လိမ်းချက်လွန်ပျောက်မြန်။ (သီတတေဇော)

(၂) အပြင်ကပူ ထိုသည့်သူ၊ ယူပါမဲဇလီနှင့် ဖျော်လိမ်း၊ ခိုးငွေ့ငြိမ်း၊ ပျောက်ကိန်းဘေးမသီ။

(၃) ဆီးကားချုပ်လစ်၊ ပေါက်အမြစ်၊ သွေးလစ်ဆန်ဆေးရည်၊ လိမ်းသုတ်ကြပါ လွန်ချမ်းသာ၊ ကျန်းမာရွှင်လန်းစေ။

(၄) ဆီးနီကြန်ကြန် ဖြစ်လာပြန်၊ ယူရန်ပေါက်ပန်းဖြူ၊ ဆန်ဆေးရည်သွေး၊ သကြားထွေး၊ ပျောက်ရေးရန်မမူ။

(၅) အော့အန်မူးဝေ ဖြစ်ပြန်ချေ၊ ယူလေမဲဇလီ၊ ဩော်ဒိမံဆေးရေနှင့်သွေး၊ သောက်ရေးရန်မသီ။ (မန်နီဩော်ဒါစာချုပ်ပြာချ၊ ဆန်ဆေးရည်နှင့် တိုက်ခြင်းကို ဆိုသည်)

(၆) ဝမ်းသက် ဝမ်းကျရှိတုံက၊ သုံးကြစေဖို့ရာ၊ စာချုပ်ပြာချတိုက်တုံက၊ သုခချမ်းသာစွာ။ ('ချုပ်' ဟုဆိုသော ပညတ်ကို ယူသည်)

(၇) အဖောရောင်ရမ်း၊ ကန့်မရမ်း၊ လိမ်းစမ်းပျောက်နေကျ။

(၈) နားအူရောဂါဖြစ်လေရာ၊ ယူပါမအူမြစ်၊ ဆီနှင့်သွေးကာ ကျပ်ကြပါ၊ မြန်စွာ ပျောက်ကင်းလစ်။

(၉) ဝါယောများလျှင် လေသိုက်တွင်၊ ထည့်ချင် ထောပတ်စစ်၊ ဒိုတာလာသကြား နှော၍ကာစား၊ ပျောက်ငြား မှန်စင်စစ်။

(၁၀) ဝါယောပြင်းထန် လွန်အော့အန်၊ အံစာမုန့်ကိုစား၊ တစ်နည်းတစ်ဖြာဖဲအံစာ ကျိုကာသောက်တော့လား။

(၁၁) ပလိပ်ကပ်ရောဂါ ဖြစ်ပြန်တာ၊ လွန်စွာ ကြောက်ဖို့အား၊ လိပ်ရိုးသည်းခြေ ဖျော်စပ်မွှေ၊ ထိုလေ မပျောက်လော။

(၁၂) ကိုယ်ယားယံက၊ ယင်းဒုက္ခ၊ နေရအခက်သား၊ ယမ်းကျောက်ချဉ်ဖက် သွေးကာပက်၊ ပျောက်ချက် ဘယ်မမှား။

(၁၃) ငှက်ဖျားရောဂါဖြစ်ပြန်လာ၊ လွန်စွာမခက်လား၊ ဇရုတ်ပိတ်ချင်း၊ သောက်မျိုသွင်း၊ ပျောက်ကင်း ချမ်းသာပွား။

(၁၄) သွေးအန်တုံလစ်၊ သံလွင်မြစ်၊ သွေးလစ်ဆန်ဆေးရည်ဆားအနည်းငယ်၊ ထည့်ကာသွယ်၊ အလွယ်တိုက်သင့်ပေ။

(၁၅) အာပေါ်လွန်နာ၊ ဖြစ်ပြန်လာ၊ ဒုက္ခမရောက်လားကင်းပိတ်မြစ်ရွက်၊ ကျိုသောက်ချက်၊ ကင်းပျက်ရောဂါသွား။

(၁၆) ဝမ်းချုပ်ထက်သန်၊ ဖြစ်တုံပြန်၊ အလွန်မခက်လားသက်ရင်းအမြစ်၊ ပြုတ်တုံလစ်သောက်ရစ်ဘယ်မမှား။

(၁၇) ရာသီမလာ ငုတ်ပြန်ပါ၊ ကျွဲမှာကြွံအသွေး၊ ကျောက်သွေးရောယုက်၊ သောက်မျိုဆက်၊ ဘေးပျက် ရွှောင်ခွာပြေး။

(၁၈) သွေးလွန်သူမှာ လွန်မြစ်ပါ၊ ယူကာ ပျားနှင့်တို့သွေးထိန်သူလည်း ထိန်မြစ်မှီး ထက်နည်းပျားနှင့်ကိုတ်။





www.burmeseclassic.com

www.burmeseclassic.com

(၁၉) လေငန်းမှာမူ၊ မန်ကျည်းဟူ၊ ယူကာ ဆားခါးခွက်၊ ဆတူစေပြား ဆီးကင်းစား၊ ပျောက်ပြေးဘယ်မခက်။

(၂၀) ဆင်ငို၊ ရှောက်ရွက်၊ နနွင်းစွက်၊ ထုတ်ချက် ချေးပေါင်းမှာ၊ အရက်ခရမ်းခါး စပ်၍ထား၊ လိမ်ပြေး တိုက်လေပါ။

(၂၁) ရှောက်ရွက်ကိုပင် လိမ်းပြန်အင်၊ တို့လျှင်စားဖို့ရာ၊ သံပရာရည်၊ တမာမွေး၊ လိမ်းလေလွန်ချမ်းသာ။

(၂၂) သံပရာ ရှောက်မြစ် သွေးကာလှစ်၊ လိမ်းလစ်အပ်သည်သာ၊ ရှောက်မြစ် ပျားရည် သောက်ပြန်ပေး ပျောက်လေ ဝါယောမှာ။

(၂၃) ရင်ဝယ်ပူလစ် ခွေးတောက်မြစ်၊ သစ်သစ်တန် ဆေးရည်၊ သောက်ပါတုံက၊ ယင်းဒုက္ခ ပျောက်ရဘယ် မသွေ။

(၂၄) ရေစီးကမ်းပြို လက်ချားဆို ကျောက်ကိုမီးမှာတင်၊ သစ်ကြမ်းပိုးမှုန် ဖျော်စပ်ပြန်၊ သိပ်ရန်ပွဲတွေ့ပင်။ (လက်ချားကျောက်ချဉ် မီးသင်း၊ သစ်ကြမ်းပိုးမှုန့်စပ်)

(၂၅) နာဖွတ်စအို၊ တန်းနို့ဆို ရှိန်းခိုတောင်ငှက်ခါး၊ ရောမွှေကြိတ်ကာ ရှုလေပါ။ ပျောက်မှာလက်တွေ့ထား။

(၂၆) အာကာသမူ၊ မလင်းသူ၊ ရေယူတစ်ပိသာ၊ အိုးမှာ ထည့်လျက် တုံးကြည်ခွက်၊ မုန့်ညက်ထန်းလျက်ပါ။ ထိုသုံးပါးသည် ငါးမတ်စီ၊ ချိန်ညီတူမျှစွာ၊ အုန်းနို့ တစ်ကျပ်၊ ဆားတစ်မတ်၊ ကျိုလတ်ထည့်၍သာ၊ သောက် လေတုံက အာကာသ၊ လင်းကြမလွဲသာ။ (မုန်နပ်ကျိုပြီး သုံးရက်ဆက်သောက်၊ ချွေးထုတ်)

(၂၇) မန်ကျည်းအမှည့်၊ ပြုတ်ပြန်ဘိ၊ ဖန်၏အရသာ၊ နှမ်းဆီကိုထည့်၊ သောက်ပြန်ဘိ၊ လင်း၏ဇာတ်အာကာ။

(၂၈) ခါးကိုက်မှာမူ ဇာတ်နံ့တူ၊ ပဲ့သကူရတတ်ပါ။ ခါသား၊ ခါချဉ်၊ ငှက်ခါးပင်၊ ဟင်းလျှင်ချက်စားရာ။

(၂၉) ငန်းဖမ်းတုံဘိ၊ လူမချိ၊ ပျောက်၏ဆေးချက်မှာ ဖျော်ရည်မန်ကျည်း၊ နွားမြတ်မှီး၊ သောက်နည်းချမ်းသာရာ။

(၃၀) ပူလျှင်ရေချိုး နှင်းတောတိုး၊ ဆိုရိုးရှေးထုံးပါ။ ချမ်းလျှင်မီးလှုံ ဆောင်ကိုခြုံ မှတ်တုံပေါ်ရာဇာ။

(၃၁) ပူလျှင်ဝါယော၊ ချမ်းတေ့ဇော၊ သဘောဇာတ်သညာ၊ ဓာတ်ကိုပိုင်ပိုင်၊ ပေးသွင်းနိုင်၊ နိုင်းပြိုင်မရှိရာ၊ သွေးတက်သွေးအန်ဖြစ်တုံပြန်၊ မှတ်ရန်မခက်ပါ၊ သပြေခေါက်မြစ်၊ ရွက်သီးနှစ်၊ ပေးလစ်ဆေးဝိဇ္ဇာ၊ ကြံဆကာ လျှင် ဉာဏ်နှင့်ယှဉ်ပေးဆင်ကုမရာ။

အဘယာရာမ၊ ဆရာဖျ၊ ရေးပြစီစဉ်ထား၊ ဆေးနည်းမှတ်စု၊ မပြတ်ရှု၊ ပေးကုရောဂါရှာ၊ အများသတ္တဝါ၊ ဝေနေယျာ၊ ကျန်းမာကြစေသား၊ ဤကုသလ၊ မဂ်ဖလကို တက်ရညာဏ်စဉ်ပွား။

❒ ဆန်းဝင်း(အောင်မြေ)

**စာမှီး** - ဇလွန်မြို့၊ အဖျင်းရွာ၊ နန္ဒဝန်ကျောင်းဆရာတော်ကြီး၏ "ဗဒမကဠမာလာကျမ်း"။




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား
ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

**တွေ့ချိန်** ➽ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

**လိပ်စာ** ➽ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း → ၀၉-၄၃၂၄၂၄၄၂




www.burmeseclassic.com

www.burmeseclassic.com



# စီစီမြင့်

## ဆီးချိုရောဂါရှင်များအတွက် သင့်လျော်သည့် အစားအစာများ

ဆီးချိုရောဂါဟာ ကမ္ဘာပေါ်ရှိ လူသားများရဲ့အသက် အန္တရာယ်ကို စိန်ခေါ်နေတဲ့ ရောဂါဆိုးများအနက် တစ်ခု အပါအဝင်ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အစီရင်ခံစာမှာ "တစ်ကမ္ဘာလုံးရှိ ဆီးချိုရောဂါရှင်ပေါင်း ၁၃၅ သန်းရှိကြောင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်တွင် ဆီးချိုရောဂါရှင်ပေါင်း သန်း ၃၀၀ ကျော်အထိ တိုးတက်များပြားလာလိမ့်မည်"ဟု ခန့်မှန်းထားတာကို တွေ့ရှိရပါတယ်။

ဆီးချိုရောဂါဟာ ရောဂါဖြစ်စ အခြေအနေ၌ ဂရုမပြုဘဲနေလျှင် မသိနိုင်ဘဲ ရောဂါရင့်မှ သိကြရတဲ့အတွက် အချို့သောသူများက "အသံတိတ်လူသတ်သမား" လို့လည်း တင်စားခေါ်ဝေါ်ကြပါတယ်။

ယခုအခါမှာတော့ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ လူအများဟာ ဆီးချိုရောဂါကြောင့် လူသားများရဲ့ ကျန်းမာရေး မည်မျှထိခိုက်ကြောင်း သိရှိလာကြပြီ ဖြစ်ပါတယ်။

### ဆီးချိုရောဂါ ဘာကြောင့်ဖြစ်တာလဲ

ဆေးဘက်ဆိုင်ရာ ပညာရှိကြီးများရဲ့ ရှာဖွေတွေ့ရှိချက်အရ ဆီးထဲတွင် အချိုဓာတ် သို့မဟုတ် ဂလူးကို့စ်ဓာတ်များစွာပါဝင်နေတဲ့အတွက်ကြောင့် ဆီးချိုရောဂါလို့ အမည်ပေးထားခြင်း ဖြစ်ပါတယ်။

ဆီးချိုရောဂါ ဖြစ်ပွားရခြင်းရဲ့ ဇာစ်မြစ်ကို ရှာဖွေတဲ့အခါမှာ ခန္ဓာကိုယ်တွင်း အင်္ဂါဖြစ်တဲ့ ပန်ကရိယဂလင်းမှ ထုတ်ပေးလိုက်တဲ့ အင်ဆူလင်ဟော်မုန်းဟာ အဓိက ပါဝင်နေပါတယ်။ ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ဆဲလ်များအတွက် လောင်စာရရှိဖို့ လိုအပ်ပါတယ်။ ဆဲလ်ထဲကို လောင်စာအဖြစ် ဂလူးကို့စ်ပေးသွင်းမှ "Energy" လို့ခေါ်တဲ့ စွမ်းအင်တွေထုတ်ပေးပြီး လူသားများ နေ့စဉ် လှုပ်ရှားသွားလာနိုင်မှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆဲလ်ထဲကို ဂလူးကို့စ် ဝင်နိုင်ဖို့အတွက် အင်ဆူလင်လိုအပ်ပါတယ်။ အင်ဆူလင်သာ မရှိရင် ဂလူးကို့စ်တွေ ဆဲလ်ထဲမဝင်နိုင်ဘဲ သွေးထဲမှာ စုပုံနေတတ်ပါတယ်။ သွေးထဲမှာ များနေတဲ့ ဂလူးကို့စ်တွေကို ကျောက်ကပ်ကတစ်ဆင့် ဆီးထဲကို စွန့်ပစ်ရပါတယ်။ အမှန်မှာတော့ သွေးထဲက အရင်ချိုပြီးမှ ဆီးချိုတာပါ။ ဒါကြောင့် ဆီးချိုသွေးချိုရောဂါလို့လည်း ခေါ်ကြပါတယ်။ ရိုးရိုးသာမန်လူရဲ့ ဆီးထဲမှာ သကြားဓာတ်လုံးဝမပါဝင်ပါ။ လူတွေဟာ အစာမစားဘဲ အိပ်ပျော်နေတဲ့အခါမှာ အသည်းက ဂလူးကို့စ်တွေ ထုတ်ပေးပြီး သွေးထဲကို ရောက်စေပါတယ်။ အသည်းက ဂလူးကို့စ် မထွက်အောင် တားနိုင်တဲ့အရာကတော့ အင်ဆူလင်ပဲ ဖြစ်ပါတယ်။

## ဓာတ်ခွဲခန်းမှာ အဖြေရှာ

ဆီးချိုရောဂါ ရှိ၊ မရှိ သိရှိနိုင်ရန် ဆီးနှင့်သွေးကို ဓာတ်ခွဲခန်း၌ စစ်ဆေးနိုင်ပါတယ်။ သွေးစစ်ရာတွင် ဓာတ်ခွဲခန်းတွင် စစ်ဆေးနိုင်သလို သွေးချိုတိုင်းကိရိယာ "Gluco meter" နှင့်တိုင်း၍ စစ်ဆေးနိုင်ပါတယ်။ ဆီးချိုရောဂါအတွက် သွေးစစ်ရာမှာ သွေးနှစ်မျိုးနှစ်စား စစ်ဆေးနိုင်ပါတယ်။

"Fasting" ခေါ် ည ၁၀ နာရီနောက်ပိုင်း အစာမစားဘဲ သွေးဖောက်စစ်သည်အထိ နေပြီးမှ သွေးဖောက်စစ်ဆေးခြင်း ဖြစ်ပါတယ်။ သာမန်လူအတွက် သွေး ၁၀၀ မီလီမီတာအတွက် အချိုဓာတ် ၉၀ မီလီဂရမ် ပါဝင်ရပါမယ်။ ဒီထက်ပိုရင်တော့ သွေးချိုရှိနေပြီလို့ မှတ်ယူရပါမယ်။

"Randon Suger" ခေါ် အချိန်မရွေး သွေးစစ်ဆေးခြင်းမှာ သာမန်အားဖြင့် သွေး ၁၀၀ မီလီမီတာအတွက် အချိုဓာတ် ၁၈၀ မီလီဂရမ်ထက် မပိုရပါ။ အချိုဓာတ်ဟာ ဒီထက်ပါဝင်နှုန်း များနေရင် သွေးချိုရောဂါ ရှိနေပြီဟု မှတ်ယူရပါမယ်။

ဆီးချိုရောဂါဟာ သွေးထဲမှာ အချိုဓာတ် ဂလူးကို့စ်ဓာတ် လွန်ကဲစွာပါဝင်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ရောဂါ ဖြစ်ပါတယ်။ ပန်ကရိယာ အကြောင်းကြောင်းကြောင့် ချို့ယွင်းမှု ဖြစ်လာတဲ့အခါ အင်ဆူလင်ဟော်မုန်းဓာတ် ထုတ်လုပ်မှု ချို့ယွင်းခြင်းကြောင့် လည်းကောင်း၊ ဟော်မုန်းဓာတ် အာနိသင် ချို့ယွင်းနည်းပါးလာခြင်းကြောင့် လည်းကောင်း ခန္ဓာအတွင်းရှိ အချိုဆက်များကို ထိန်းချုပ်ရန် ချို့ယွင်းလာတဲ့အတွက် အချိုဓာတ် လွန်ကဲမှုများ ဖြစ်လာပါတယ်။

ဆီးချိုဖြစ်ပွားခြင်းကို အုပ်စု နှစ်စု ခွဲခြားထားပါတယ်။ အဲဒါကတော့ "Primary" နဲ့ "Secondary" တို့ ဖြစ်ပါတယ်။ "Secondary" မှာ "Type (1)" နဲ့ "Type (2)" ဆိုပြီး ထပ်မံခွဲခြားထားပါတယ်။ "Type (1)" ရောဂါဟာ သွေးထဲမှာ သကြားဓာတ်အလွန်များနေခြင်းဖြစ်ပြီး ဒီလိုအလွန်များပြားခြင်းဟာ ခန္ဓာကိုယ်မှ အင်ဆူလင်ဟော်မုန်းဓာတ် မထွက်လို့ ဒီရောဂါ ဖြစ်ရတာဖြစ်ပါတယ်။

"Type (2)" ကတော့ သွေးထဲမှာ သကြားဓာတ်များပြားခြင်းဟာ အင်ဆူလင်ထွက်နှုန်း နည်းခြင်းကြောင့် ဖြစ်ပါတယ်။ ဆီးချိုရောဂါရှင်များအနေနဲ့ ဒီရောဂါဟာ အမြစ်ပြတ်အောင် ကုသနိုင်တဲ့ဆေးဝါး မပေါ်ပေါက်သေးတဲ့အတွက် ကျွမ်းကျင်ဆရာဝန်ကြီးများရဲ့ ညွှန်ကြားချက်ကို လိုက်နာရမှာ ဖြစ်ပါတယ်။ "Type (1)" ရောဂါရှင်များဟာ ရောဂါစဖြစ်ကတည်းက အင်ဆူလင်ထိုးရပါမယ်။ "Type (2)"အမျိုးအစားကတော့ စားဆေးနဲ့ထိန်းလို့မရမှ အင်ဆူလင်ထိုးရမှာ ဖြစ်ပါတယ်။

## ဆီးချိုရောဂါ လက္ခဏာများ

ဆီးချိုရောဂါရှင်များဟာ သကြားဓာတ်က ဆီးထဲသို့ ရောက်လာတဲ့အတွက် ဆီးမကြာခဏ သွားရပါတယ်။ ဆီးသွားခြင်းကြောင့် ရေဓာတ်လွန်ကဲတတ်ပါတယ်။ သွေးထဲမှာ အချိုဓာတ်များတဲ့အတွက် ခန္ဓာကိုယ်မှာ ပိုးမွှားများကပ်ငြိပြီး ပေါက်ဖွားတာကြောင့် အရေပြားယားယံခြင်း ဖြစ်တတ်ပါတယ်။ ပြီးတော့ အနာဖြစ်ရင်လည်း အကျက်နှေးတတ်ပါတယ်။ အချိုဓာတ် တအားလွန်ကဲရင်တော့ ချက်ချင်း သတိလစ်သွားနိုင်ပါတယ်။

ဆီးချိုရောဂါဖြစ်ခြင်း ကြာလာရင် သွေးကြောထဲမှာ အချိုဓာတ်တွေစုလာပြီး သွေးကြောကျဉ်းရာမှတစ်ဆင့် သွေးကြောပိတ်သွားနိုင်ပါတယ်။ အရွယ်မတိုင်မီ မျက်စိအမြင်ဓာတ် လျော့နည်းပြီး တချို့သောလူနာများဟာ မျက်လုံးကွယ်သွားတတ်ပါတယ်။ ကျောက်ကပ်ပျက်စီးခြင်းကြောင့် ခြေချောင်းကလေးများ ပုပ်တဲ့ရောဂါများ ဖြစ်နိုင်ပါတယ်။

## ဆီးချိုရောဂါအတွက် ထိန်းသိမ်းခြင်းနည်းစနစ်များ

(၁) ပုံမှန်လေ့ကျင့်ခန်း

(၂) သင့်တင့်တဲ့ အစားအစာကို စားသုံးခြင်းပဲ ဖြစ်ပါတယ်။

## ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်ခြင်း

ဆီးချိုရောဂါရှင်ဟာ မောပန်းလွယ်တဲ့အတွက်ကြောင့် ပင်ပန်းတဲ့ လေ့ကျင့်ခန်းမျိုးနဲ့ မကိုက်ညီပါဘူး။ အကောင်းဆုံးကတော့ နံနက်တစ်ကြိမ် ညနေတစ်ကြိမ် လမ်းလျှောက်လေ့ကျင့်ခန်း ယူသင့်ပါတယ်။ ထိုက်ကျိုကဲ့သို့သော လေ့ကျင့်ခန်းနဲ့လည်း သင့်လျော်ပါတယ်။

## သင့်တင့်တဲ့ အစားအစာကို စားသုံးခြင်း

အစားအသောက် စားသောက်ရာမှာ နည်းစနစ်မှန်ဖို့ လိုအပ်ပါတယ်။ အစားစားရာမှာ ကြောက်ပြီး အစားရှောင်ခြင်း၊ မကြောက်၍ အစားမရှောင်ခြင်းတို့ဟာ ဆီးချိုရော

ရှင်များအတွက် ကောင်းကျိုးထက် ဆိုးကျိုးကို ပိုပြီးဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် အစားစားရာမှာ စားသင့်သောအစာနှင့် မစားသင့်သောအစာကို သိထားရန် လိုအပ်လှပါတယ်။

နေ့စဉ် စားသုံးတဲ့ အစားအစာများထဲမှာ အဓိကပါဝင်ရမယ့် ဓာတ်များကတော့ . . .

(၁) ကာဗွန်ဟိုက်ဒရိတ် ခေါ် ကစီဓာတ်

(၂) ပရိုတင်း ခေါ် အသားဓာတ်

(၃) ဖတ် ခေါ် အဆီဓာတ်များ ဖြစ်ပါတယ်။

သာမန်လူတစ်ဦးအတွက် အားအင်ပြည့်ပြီး ကျန်းမာရေးနဲ့ ညီညွတ်စေဖို့ . . .

အသားဓာတ် (၁၀-၁၅) ရာခိုင်နှုန်း

အဆီဓာတ် (၃၀-၃၅) ရာခိုင်နှုန်း

ကစီဓာတ် (၅၀-၅၅) ရာခိုင်နှုန်း

ဆီးချိုထိန်းသိမ်းမှုမှာ အဓိကအားဖြင့် ကစီဓာတ်ကို မှန်ကန်စွာ စားသုံးသင့်ပါတယ်။

**ကစီဓာတ်ပါဝင်ပြီး စားသုံးရန် မသင့်လျော်သည့် အစားအစာများ**

လက်ဖက်ရည်၊ ဒိုင်းယက်လက်ဖက်ရည်၊ ကော်ဖီ၊ ဒိုင်းယက်ကော်ဖီ၊ ဟောလစ်၊ အိုဗာတင်း၊ မိုင်လို၊ ရေခဲမုန့်၊ ကိတ်မုန့်၊ အချိုပါသော မုန့်မျိုးစုံ၊ အချိုရည်ပုလင်းနှင့် အချိုရည်ဘူးများ။

**သကြား၊ ထန်းလျက်၊ ကြံသကာနှင့် ပြုလုပ်ထားသည့် မစားသင့်သည့် အစားအစာများ**

ဘိန်းမုန့်၊ ရွှေကြည်၊ နနွင်းမကင်း၊ ဟာလဝါ၊ ထိုးမုန့်၊ လမုန့်၊ ပဲမုန့်၊ အီကြေး၊ ဂျလေဘီ၊ မလိုင်လုံး၊ ဘီစကစ်မျိုးစုံ။

**မစားသင့်သောအသီးများ**

ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ ရှောက်ချိုသီး၊ သရက်သီး၊ ကွဲကောသီး၊ ဆီးသီး၊ မာလကာသီး၊ ငှက်ပျောသီး၊ ပိန္နဲသီး၊ ဖရဲသီး၊ သဘော်သီး၊ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ ဂရိတ်ဖရုသီး၊ စပျစ်သီး။

သွေးချိုများစွာတက်နေပါက လုံးဝ မစားသင့်ပါ။ အကယ်၍ သွေးချိုကျနေပါက ချင့်ချိန်၍ သင့်လျော်ရုံ စားပေးနိုင်သည်။

**စားသုံးသင့်သော ကစီဓာတ်ပါဝင်သည့် ဆန်ဖြင့်ပြုလုပ်ထားသည့် အစားအစာများ**

ထမင်း၊ ဆန်ပြုတ်၊ မြူစွမ်၊ ဆန်များဖြင့်ပြုလုပ်ထားသည့် အချိုမပါသည့် မုန့်များ၊ ကောက်ညှင်းဖြင့်ပြုလုပ်ထားသော အချိုမပါသည့် မုန့်များ။

**စားသုံးသင့်သော ဂျုံဖြင့်လုပ်ထားသည့် အစားအစာများ**

ဂျုံခေါက်ဆွဲ၊ ဂျုံကြာဆံ၊ ချပါတီ၊ နံပြား၊ ပလာတာ

**စားသုံးသင့်သော အသားဓာတ်ပါသည့် အစားအစာများ**

ငါးအမျိုးမျိုး၊ ခေါင်းမပါသည့်ပုစွန်၊ အဆီမပါသော အမဲသား၊ ဝက်သားနှင့် ဆိတ်သား၊ အရေခွံမပါသော ကြက်သား၊ ဘဲသား။

**စားသုံးသင့်သော အဆီများ**

ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ သံလွင်ဆီ၊ ငါးမှရသော အဆီ။

**ရှောင်သင့်သည့် အဆီများ**

အမဲဆီ၊ ဝက်ဆီ၊ ဘဲအရေပြား၊ ကြက်အရေပြား၊ ဝမ်းတွင်းသား၊ အဆီများသည့် ကြက်ဥအနှစ်၊ ပုစွန်ဆီ၊ စားအုန်းဆီ၊ ထောပတ်၊ မာဂျရင်း။

**သွေးတိုးရောဂါရှိသော ဆီးချိုရောဂါရှင်များသည် ရှောင်သင့်သည်။**

ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပုတ်ခြောက်၊ ပုစွန်ခြောက်၊ အချိုမှုန့်။

**စားသုံးသင့်သော ဟင်းသီးဟင်းရွက်များ**

ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ဘူးရွက်၊ ဘူးသီး၊ ပုံလုံသီး၊ ခဝဲသီး၊ ဟင်းနုနယ်၊ မန်ကျည်းရွက်၊ ကင်ပွန်းရွက်၊ ဆလတ်ရွက်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ မုန်လာဥ အဖြူ-အနီ၊ ပိန်းဥ၊ ပဲအမျိုးမျိုး။

ဆီးချိုရောဂါ ကုသရာတွင် အဓိကအားဖြင့် အာဟာရဖြင့်ကုသခြင်းသည် ရောဂါရှင်ကိုယ်တိုင် ပြုလုပ်ရမည့်အချက်ဖြစ်ပြီး ရှောင်သင့်သည်ကို ရှောင်ကာ စားသင့်သည်ကို စားရပါမယ်။

"Diet" ဟူသော အစားအစာမှာ စွမ်းအင်ကယ်လိုရီဓာတ် မများအောင် ပြုလုပ်စီမံထားခြင်းဖြစ်ပြီး ဆီးချိုဝေဒနာရှင်များနှင့် သင့်တော်သည်လို့ အမှတ်မှားနေတတ်ကြပါတယ်။ "Diet" ပါတဲ့ အစားအစာများဟာ ဆီးချိုသမားများအတွက် မစားသုံးသင့်ပါ။

အစားစားရာမှာ အချိန်မှန်မှန် စားသုံးသင့်ပါတယ်။ အဓိကမှာတော့ ကစီဓာတ်ပါဝင်တဲ့ အစားအစာ၊ အသားဓာတ်ပါဝင်တဲ့ အစားအစာနဲ့ အဆီဓာတ်များကို အချိုးကျ စားသုံးသင့်ပါတယ်။ ဒါ့အပြင် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကိုလည်း ယူသင့်ပါတယ်။ ဆီးချိုရောဂါရှင်များဟာ မိမိတို့ရဲ့ ရောဂါအတက်အကျကို အနည်းဆုံး (တစ်ပတ်မှ နှစ်ပတ်လျှင် တစ်ကြိမ်) ကျ စစ်ဆေးသင့်ပါတယ်။

ဆီးချိုဝေဒနာရှင်များဟာ ဆရာဝန်များနှင့် ပြသကာ အင်ဆူလင်ဟော်မုန်းထိုး၍ ကုသခြင်း၊ သွေးအတွင်း သကြားဓာတ်ကျဆင်းစေတဲ့ သောက်ဆေးများနှင့် ကုသခြင်းကို ခံယူရမှာ ဖြစ်ပါတယ်။ ဆေးသောက်ရာမှာလည်း နေ့စဉ်သောက်ဖို့ လိုအပ်ပါတယ်။ ဆေးဖြင့် ကုသခြင်းဟာ ဆရာဝန်များရဲ့ အပိုင်းဖြစ်ပြီး အစားအစာဖြင့် ထိန်းချုပ်ခြင်းဟာ လူနာရှင်ကိုယ်တိုင် ကုသခြင်း ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

❒ ရီရီ

www.burmeseclassic.com



# ဆီးလမ်းကြောင်း ရောဂါများ

ဇော်မြင့် (ငှက်ဖျား)

ငှက်ဖျားရောဂါကဲ့သို့ တက်ဖျား ကျဖျားဖြစ်ခြင်းနှင့် ချမ်းတုန်ခြင်းဖြစ်စေတတ်သော ရောဂါတစ်မျိုးမှာ ဆီးရောဂါဖြစ်ပါသည်။ ဆီးလမ်းကြောင်းရောဂါများ "URINARY TRACTS INFFCTION - UTI" ဆိုသည်မှာ ကျောက်ကပ်၊ ဆီးစုပြွန်၊ ဆီးအိမ်နှင့် ဆီးစွန့်ပြွန် အပါအဝင် မည်သည့်နေရာတွင်မဆို ဖြစ်ပွားသည့် ဗက်တီးရီးယားရောဂါဟု အဓိပ္ပာယ်ရပါသည်။ အဆိုပါ အစိတ်အပိုင်းများသည် ခန္ဓာကိုယ်တွင်းမှ အပြင်သို့ ဆီးစွန့်ထုတ်ရန် ဖြတ်သန်းရသော အစိတ်အပိုင်းဖြစ်ပါသည်။

## ဆီးနှင့်ပတ်သက်၍ သိမှတ်စရာများ

ဆီးအတွင်း မူမှန်မဟုတ်သည်များကို သိရှိရန် စမ်းသပ်စစ်ဆေးခြင်းဖြင့် ခန္ဓာကိုယ်၏ အထွေထွေ ကျန်းမာရေးနှင့် ပတ်သက်၍ တိကျသော အခြေအနေကို သိရှိနိုင်ပါသည်။

ဇီဝဓာတုစမ်းသပ်ချက် "URINALSIS" ဖြင့် ဆီးလမ်းကြောင်းမှ ရောဂါအခြေအနေများ ဖော်ထုတ်နိုင်ပါသည်။ ဥပမာအားဖြင့် ဆီးချိုရောဂါတွင် ဆီးအတွင်းပါနေသော သကြားပမာဏကို စမ်းသပ်ခြင်းနှင့် ကီတုန်း "KETONE" ပါ၊ မပါ စမ်းသပ်ခြင်းတို့ဖြစ်သည်။ ဆီးအတွင်း ပဋိပစ္စည်း စမ်းသပ်ခြင်းသည် ကိုယ်ဝန် ရှိ၊ မရှိ စမ်းသပ်နည်းအများစု၏ အခြေခံဖြစ်ပါသည်။

### မူမှန်ဆီး၏ ရုပ်ပိုင်း သဘာဝများ

**အရောင်**

အရောင်မှာ အဝါဖျော့မှ ပယင်းရောင်အထိ ရှိသည်။ လတ်တလော အစားအစာနှင့် ဆီးတွင်ပါဝင်သော ပျော်ဝင်ပစ္စည်း ပါဝင်မှုပမာဏပေါ် မူတည်၍ အရောင်အနုအရင့် ဖြစ်လာပါသည်။ ရေများများ သောက်ပြီးလျှင် ဆီးကျဲလာပြီး အရောင်ဖျော့သွားပါသည်။ အပြန်အလှန်အားဖြင့် ခန္ဓာကိုယ် ရေဓာတ်လျော့နည်းလာလျှင် ဆီးအရောင် ရင့်လာပေမည်။

**အနံ့**

ပုံမှန်အားဖြင့် လတ်လတ်ဆတ်ဆတ် စွန့်ထားသော ဆီးမှာ အနံ့အနည်းငယ်ရှိပါသည်။ သို့သော် စွန့်ပြီးကြာသော အခါတွင် ဆီးသည် အမိုးနီးယားကဲ့သို့ အနံ့ပြင်းပါသည်။

**အက်စစ်ပမာဏ**

ပုံမှန်ဆီး၏ "pH" ပီအိပ်ချ် ၄ ဒသမ ၆ မှ ၈ အတွင်း ရှိသည်။ အများအားဖြင့် ပီအိပ်ချ် ၆ ပတ်ဝန်းကျင်တွင် ရှိသည်။ ထိုသို့ ကွာခြားမှုမှာ အစားအသောက်ပေါ်တွင် မူတည်ပါသည်။ ဥပမာအားဖြင့် အသားဓာတ်ကြွယ်ဝသော အစားစားလျှင် ဆီးထဲ၌ အက်စစ်ပမာဏ များလာမည်။ သို့ရာတွင် ဟင်းသီးဟင်းရွက် များများစားလျှင် အယ်ကာလီဓာတ် များလာစေပါသည်။

**သိပ်သည်းဆ**

သိပ်သည်းဆကို ရေချိန်သိပ်သည်းဆဟုလည်း ခေါ်သည်။ ရေချိန်သိပ်သည်းဆမှာ တိုင်းတာလိုသော အရာဝတ္ထု၏ အလေးချိန်နှင့် ၎င်းနှင့် ထုထည်တူ ပေါင်းခံရေ၏ အလေးချိန်နှင့် အချိုးချခြင်း ဖြစ်ပါသည်။

**ဆီးအတွင်း ပါဝင်ပစ္စည်းများ**

မူမှန်ဆီး၏ ၉၅ ရာခိုင်နှုန်းသည် ရေပင်ဖြစ်သည်။ ကျန်သော ငါးရာခိုင်နှုန်းမှာ ပျော်ဝင်ပစ္စည်းများ ဖြစ်ပါသည်။ အချို့ပျော်ဝင်ပစ္စည်းများသည် ခန္ဓာကိုယ်တွင်း ကလာပ်စည်းများ၏ ဇီဝဓာတုဖြစ်စဉ်မှ ရလဒ်ဖြစ်ပါသည်။ အခြားပစ္စည်းများမှာ ဆေးဝါးကဲ့သို့ ခန္ဓာကိုယ်ပြင်ပပစ္စည်းများ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆီးလမ်းကြောင်းတွင် ပါဝင်သော အစိတ်အပိုင်းများ

**ကျောက်ကပ်များ (KIDNEYS)**

ကျောက်ကပ်သည် ခါးနားတစ်ဝိုက် ကျောရိုးတစ်ဖက်တစ်ချက်၌ရှိသော ကိုယ်တွင်းအင်္ဂါတစ်ခု ဖြစ်ပါသည်။ ၎င်းတို့သည် အရေးကြီးသော လုပ်ငန်းအများအပြား ဆောင်ရွက်ရပါသည်။ ထိုလုပ်ငန်းများတွင် သွေးအတွင်းမှ အညစ်အကြေးနှင့် ပိုလျှံသောရေများ ဖယ်ထုတ်ခြင်း ပါဝင်ပါသည်။ ထိုလုပ်ငန်းများသည် သွေးဖိအား ထိန်းညှိရန် အရေးကြီးပါသည်။ သွေးအတွင်း သကြားပမာဏနှင့် သွေးဖိအား ပြောင်းလဲမှုက ကျောက်ကပ်များကို ထိခိုက်စေပါသည်။ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့ကြောင့် ကျောက်ကပ် ပျက်စီးနိုင်ပါသည်။

**ဆီးစုပြွန် (URETERS)**

ဆယ်လက်မခန့် ရှည်သော ပြွန်ငယ်နှစ်ချောင်းသည် ကျောက်ကပ်များအတွင်းမှ ဆီးကို ဆီးအိမ်သို့ စီးဆင်းစေပါသည်။

**ဆီးအိမ် (BLADDER)**

ဆီးအိမ်မှာ အိတ်ငယ်နှင့်တူသော အစိတ်အပိုင်းဖြစ်ပြီး ဆီးကိုစုဆောင်းသိုလှောင်ထားပါသည်။ သိုလှောင်ထားသော ဆီးသည် တစ်စုံတစ်ရာသော ပမာဏရောက်သောအခါ စွန့်ထုတ်လိုသောခံစားမှု ဖြစ်လာပါသည်။ ဆီးအိမ်ကို ပိတ်ဖုံးထားသော ကြွက်သားများသည် စိတ်၏ထိန်းချုပ်မှုဖြင့် ကျုံ့ဝင်သွားပြီး ဆီးကိုညှစ်ထုတ်ပါသည်။

**ဆီးစွန့်ပြွန် (URETHRA)**

ဆီးစွန့်ပြွန်သည် ဆီးအိမ်နှင့် ခန္ဓာကိုယ်ပြင်ပ ဆက်စပ်ထားသော ပြွန်ငယ်ဖြစ်သည်။ SPHINCTER ကြွက်သားများသည် ဆီးအိမ်နှင့် ဆီးစွန့်ပြွန်ကို ဆက်သွယ်ထားသည်။ ဆီးအိမ်သည် ဆီးစွန့်ရန် ကျုံ့လိုက်ချိန်တွင် ထိုကြွက်သားက ဖြေလျှော့ပေးရပါသည်။

ရောဂါပိုးဝင်ရောက်မှုများ အပေါ်ပိုင်းသို့ ရောက်လေလေ ရောဂါပြင်းထန်လေလေ ဖြစ်သည်။ ဆီးလမ်းကြောင်းအပေါ်ပိုင်း (UPPER URINARY TRACT) တွင် ဆီးစုပြွန်နှင့် ကျောက်ကပ်ပါဝင်သည်။ ရောဂါအများစုမှာ ကျောက်ကပ်ကို ထိခိုက်စေပါသည်။ ကျောက်ကပ်တွင် ပြည်တည်နာဖြစ်ခြင်း (PYELDNEPHRITIS)၊ ကိုယ်ပူခြင်း၊ ချမ်းတုန်ခြင်း၊ မူးဝေအော့အန်ခြင်း အပြင် အခြားပြင်းထန်သော လက္ခဏာများ ပေါ်ပေါက်ပါသည်။

ဆီးလမ်းကြောင်း အောက်ပိုင်း (LOWER URINARY TRACT) တွင် ဆီးအိမ်နှင့် ဆီးစွန့်ပြွန် ပါရှိပါသည်။ ဆီးစွန့်ပြွန်တွင် ရောဂါပိုးဝင်လျှင် ဆီးစွန့်ပြွန် ရောင်ရမ်းခြင်း (URITHRITIS)နှင့် ဆီးအိမ်တွင် ပိုးဝင်လျှင် ဆီးအိမ်ရောင်ရမ်းခြင်း (CYSTITIS) ဖြစ်ပွားပါသည်။

## ရောဂါလက္ခဏာများ

ဆီးအိမ်သဘာဝ ဆီးစွန့်ပြီးသောအခါ ပိုးအရေ အတွက် အလိုအလျောက် လျော့ကျသွားပါသည်။ ဆီးထဲ တွင် ပိုးများစုမိသောအခါ အဖျားတက်လာတတ်ပါသည်။ ဤနည်းဖြင့် တက်ဖျားကျဖျား ဖြစ်တတ်ပါသည်။ ဆီးအိမ်တွင် ပိုးဝင်လျှင် ဆီးပူတတ်ပါသည်။ ဆီးသွားခြင်း အကြိမ်များတတ်ပါသည်။ ပုံမှန်ကျန်းမာရေးကောင်းသော အမျိုးသမီးများတွင် ရောဂါဖြစ်ပွားလျှင် ငါးရက်ကြာမှ ရောဂါလက္ခဏာ ခံစားရ ပါသည်။ ရောဂါပိုးသည် ဆီးလမ်းကြောင်းအထက်ပိုင်းသို့ ရောက်ရှိလျှင် ပိုမိုနာကျင်ပြီး ကိုယ်အပူချိန်တက်ပါသည်။

ရောဂါလက္ခဏာများသည် အသက်အရွယ်နှင့်ရောဂါ ဖြစ်ပွားရာနေရာအလိုက် ကွဲပြားမှုရှိပါသည်။ ကလေးငယ်များ ရောဂါဖြစ်လျှင် ဝမ်းလျှောခြင်း၊ အစာစားလိုစိတ် မရှိခြင်း အော့အန်ခြင်း၊ ကိုယ်ပူခြင်းတို့ဖြစ်ပြီး အလွန်ငိုတတ်ပါသည်။ အသက်အနည်းငယ်ကြီးသော ကလေးများတွင် ဝမ်းဗိုက် နာကျင်တတ်ပါသည်။ လူကြီးများတွင် ဆီးလမ်းကြောင်း အထက်ပိုင်း ရောဂါဖြစ်လျှင် ဆီးထဲ သွေးပါခြင်းနှင့် ဆီးသွား ရန် ခက်ခဲခြင်းတို့ ဖြစ်တတ်ပါသည်။

ဆီးအိမ်အတွင်း ရောဂါဖြစ်လျှင် ဝမ်းဗိုက်မအီမသာ ဖြစ်ခြင်း၊ မကြာခဏ ဆီးသွားခြင်းနှင့် ဆီးကျဉ်ခြင်းတို့ ဖြစ် တတ်ပါသည်။ ကျောက်ကပ်တွင် ဖြစ်ပွားလျှင်မူ ချမ်းတုန်ခြင်း မူးဝေခြင်း၊ အော့အန်ခြင်းနှင့် ကိုယ်အပူချိန် အလွန်များခြင်း စသော ပြင်းထန်သည့် လက္ခဏာများ ခံစားရပါသည်။

မွေးကင်းစ ကလေးငယ်များတွင် ထိုရောဂါဖြစ်လျှင် အသားဝါခြင်း (JAUNDICE) နှင့် ကိုယ်အပူချိန်လျော့ခြင်း တို့ ဖြစ်တတ်ပါသည်။

## ဆီးလမ်းကြောင်းရောဂါ ဖြစ်ပွားစေသောပိုးများ

ဆီးလမ်းကြောင်းရောဂါ ဖြစ်ပွားစေသော ရောဂါပိုး များစွာရှိပါသည်။ သို့ရာတွင် အဖြစ်အများဆုံးမှာ အစာ လမ်းကြောင်းတွင် ပုံမှန်ရှိနေသော အီးကိုလိုင် (E.COLI ပိုးဖြစ်ပါသည်။ ဆီးရောဂါ ဖြစ်ပွားမှုအားလုံး၏ ၈၀ ရာခိုင်နှုန်း မှာ ထိုပိုးကြောင့်ဖြစ်ရပါသည်။ အခြားတစ်မျိုးမှာ စတက်ဖလို ကိုးကပ် (STAPHLOCOCCUS SAPROPHYTICA ဖြစ်ပါသည်။ ဖြစ်ပွားနှုန်းမှာ ၁၀ မှ ၁၅ ရာခိုင်နှုန်းအထိ ရှိပါ သည်။ ရောဂါပိုးအုပ်စုတွင် အခြားဗက်တီးရီးယားများ၊ မှိုများ (FUNGUS) နှင့် ဗိုင်းရပ်စ်(VIRUS)များလည်း ပါဝင်ပါသည်။

## ရောဂါ ဖြစ်ပွားပုံ

ဆီးသည် ပုံမှန်အားဖြင့် ပိုးကင်းစင် (STERILE) သည်။ ရောဂါပိုးသည် ဆီးအတွင်းဝင်ရောက်ပေါက်ပွားလျှင် ဆီးရောဂါ ဖြစ်ပွားပါသည်။ ရောဂါသည် ဆီးစွန့်ပြွန်အတွ



www.burmeseclassic.com

www.burmeseclassic.com

အစပျိုး၍ ဆီးလမ်းကြောင်း အောက်ပိုင်းသို့ ပျံ့နှံ့သွားပါသည်။

ဆီးလမ်းကြောင်းရောဂါသည် အများအားဖြင့် လူကြီးများတွင် ဖြစ်ပွားတတ်ပါသည်။ ကလေးဖြစ်ပွားနှုန်းမှာ နှစ်ရာခိုင်နှုန်းအထိသာ ရှိပါသည်။ သို့ရာတွင် ကလေးများ၌ ထိုရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်တတ်သဖြင့် သတိမမူ လျစ်လျူရှု၍ မရပါ။

သာမန် ဆီးရောဂါမှာ အခြားအင်္ဂါများသို့ ပျံ့နှံ့ခြင်း မရှိသဖြင့် ဆေးကုသရန် လွယ်ကူပါသည်။

ရောထွေးသော ရောဂါများသည် ခန္ဓာဗေဒဆိုင်ရာ မူမမှန်ခြင်းကြောင့် အခြားအင်္ဂါအစိတ်အပိုင်းများသို့ ပျံ့နှံ့ပါသည်။ ထို့အပြင် ပဋိဇီဝဆေးဝါးများကို ယဉ်ပါးလာမှု ဖြစ်တတ်သဖြင့် ထိုအခြေအနေမျိုးမှာ ကုသရန် ခက်ခဲပါသည်။

ဆီးလမ်းကြောင်းအတွင်း ပိုးဝင်ရန်မှာ စအိုအနီးမှ ဗက်တီးရီးယားများသည် ဆီးပြွန်ထဲသို့ ရောက်သွားပါသည်။ အီးကိုလိုင်ပိုးသည် အူလမ်းကြောင်းတွင် ရောဂါမဖြစ်စေသော်လည်း ဆီးလမ်းကြောင်းထဲ ရောက်သောအခါ ရောဂါဖြစ်ပွားစေပါသည်။

အခြားတစ်နည်းမှာ လိင်ဆက်ဆံခြင်းကြောင့် ဖြစ်ပါသည်။ လိင်ဆက်ဆံခြင်းသည် ဗက်တီးရီးယားပိုးများကို ဆီးလမ်းကြောင်းထဲ ပိုမိုရောက်ရှိစေပါသည်။ အမျိုးသမီးများတွင် ထိုကဲ့သို့ဖြစ်ပွားသော ရောဂါကို "ပျားရည်ဆမ်းခရီး ဆီးအိမ်ရောင်ရမ်းခြင်း" (HONEYMOON CYSTITIS) ဟု နာမည်ပြောင်ပေးထားပါသည်။ အမျိုးသမီးများ၏ ဆီးစပ်သည် စအိုနှင့် ပို၍နီးကပ်သဖြင့် အမျိုးသားများထက် ထိုရောဂါ အဖြစ်များပါသည်။

အမျိုးသားများ၏ ဆီးလမ်းကြောင်းမှာ ရှည်သဖြင့် ရုတ်တရက် ရောဂါဖြစ်ပွားလေ့ မရှိပါ။ သို့ရာတွင် ဆီးကျိတ်ကြီးခြင်း (PROSTATE) စသော အခြေအနေများနှင့် ဆက်နွယ်၍ ရောဂါရတတ်ပါသည်။

ရောဂါဖြစ်လွယ်သော အန္တရာယ် အခြေအနေများမှာ . . .

၁။ အမျိုးသမီးများ

၂။ လိင်ဆက်ဆံမှု အကြိမ်များသူများ

၃။ ဆီးချုပိုက် အသုံးပြုရသော လူနာများ (စနစ်တကျ ပိုးသန့်စင်သော စနစ်အသုံးပြု၍ ကာကွယ်နိုင်ပါသည်။)

၄။ နာတာရှည်ရောဂါသည်များ

၅။ အိပ်ချ်အိုင်ဗွီပိုး ရှိသူများ

၆။ ဆေးရုံမှ အတွင်းလူနာများ

၇။ အခြားအခြေအနေများမှာ ဆီးချိုရောဂါသည်များ၊ တံစဉ်ကွေးပုံ သွေးနီဥ (SICKLE CELL) ရောဂါသည်များနှင့် ဆီးကျိတ်ကြီးနေသူများ ဖြစ်ပါသည်။

## ရောဂါ ရှာဖွေဖော်ထုတ်ခြင်း (DIAGNOSIS)

သမားရိုးကျ ဆီးစစ်ခြင်း (ROUTINE EXAMINATION) တွင် ဆီးထဲအနည်ပါခြင်း၊ ဗက်တီးရီးယားပါခြင်း၊ သွေးနီဥပါခြင်း စသော ပုံမှန်မဟုတ်သည့် သဲလွန်စများ တွေ့ရပါသည်။

ထို့ထက်ကောင်းမွန်သည်မှာ ဆီးစွန့်စဉ် အလယ်ဆီး (MID.STREAM URINE) ကို ပိုးသန့်ထားသော ပုလင်းဖြင့် ခံယူ၍ ပိုးမွေးခြင်း (CULTURE) လုပ်ရန်ဖြစ်ပါသည်။ ထိုအဏုဇီဝနည်းပညာဖြင့် ရောဂါဖြစ်ပွားစေသော ပိုးအမျိုးအစားကို ဖော်ထုတ်နိုင်သည်သာမက မည်သည့်ဆေးနှင့် ထိရောက်မှု ရှိသည်ကိုပါ စမ်းသပ်နိုင်ပါသည်။

အခြားတစ်နည်းမှာ ဆီးလမ်းကြောင်းအတွင်းသို့ ဓာတ်ရောင်ခြည်မဖြတ်သန်းနိုင်သော ဆေးတစ်မျိုးကိုထိုးသွင်းပြီးနောက် ဓာတ်မှန်ရိုက်ခြင်း ဖြစ်ပါသည်။ ဤနည်းဖြင့် ဆီးလမ်းကြောင်းတွင် ပုံသဏ္ဍာန်ပြောင်းလဲမှုများကို သိရှိနိုင်ပါသည်။

အခြားနည်းလမ်းများမှာ တယ်လီဗေးရှင်းဓာတ်မှန်ဟုမြန်မာများခေါ်သော (ULTRA SOUND) ရိုက်ခြင်းနှင့် ဆီးအိမ်အတွင်းသို့ မှန်ပြောင်းဖြင့် ကြည့်ရှုခြင်းတို့ ဖြစ်ပါသည်။ ယခုအခါ ရောဂါရှိ မရှိ အလွယ်သိသော (DIPSTICK) တစ်မျိုးလည်း ပေါ်လာပါသည်။

## ရောဂါ ကုသခြင်း

အများအားဖြင့် ရေများများသောက်၍ ဆီးများများသွားစေလျှင် ဆီးအတွင်းမှာ ရောဂါပိုးများကို လျော့နည်းစေနိုင်ပါသည်။ သို့ရာတွင် ရောဂါပိုး အရေအတွက် များပြားလျှင်လည်းကောင်း၊ ရောဂါပိုးများသည် ဆီးလမ်းကြောင်း အပေါ်ပိုင်းသို့ ရောက်သွားလျှင်လည်း ထိုမျှဖြင့် မရနိုင်ပါ။ တတ်ကျွမ်းသူများနှင့် ကုသရန်လိုအပ်ပါသည်။ အသုံးပြုလေ့ရှိသော ဆေးဝါးများမှာ အမောက်စလင် (AMOXIL)၊ အင်ပစလင် (AMPICILLIN)၊ အိုဖလော့စင် (OFLOXACIN) နှင့် စီပရို (CIPRO) တို့ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ခွဲစိတ်ကုသမှုပင် လိုအပ်ပါသည်။

## ကာကွယ်ခြင်း

အကောင်းဆုံးနှင့် အထိရောက်ဆုံး ရောဂါကာကွယ်နည်းမှာ တစ်ကိုယ်ရေသန့်ရှင်းမှုပင် ဖြစ်သည်။ အချို့ပညာရှင်များက လိင်ဆက်ဆံပြီး သန့်ရှင်းစွာ ဆေးကြောရန်၊ ရေများများသောက်ရန်နှင့် ရေချိုးကန်အစား ရေပန်းအသုံးပြုရန် အကြံညာဏ်ပေးကြပါသည်။

❒ တော်မြင့် (ဖွတ်ဖျား)

Ref : Journal of Hygiene Science. SEP-OCT 2010/



www.burmeseclassic.com

www.burmeseclassic.com

# "Sex Offenders" in Your Medicine Cabinet



# ဖို မ ဆက်ဆံရေး ဘေးပန်းဆိုးကျိုးဖြစ်စေသော ဆေးဝါးများ

လှတိုး(စိတ်ပညာ)

အသက်သုံးဆယ်ကျော်ကျော်ရှိသော ဝန်ထမ်းတစ်ဦး
သည် သွေးတိုးရောဂါရှိသည်ဟု ဆေးစစ်ချက်ရရှိခဲ့သည်။
သို့ဖြင့် ဆရာဝန်က သူ၏ သွေးတိုးရောဂါကို သက်သာစေ
ရန်အတွက် ဆီးရွှင်စေသော သာမန်ဆေးတစ်မျိုးကို ညွှန်
လိုက်သည်။ ထိုဆေးဝါးမှီဝဲပြီး နှစ်နှစ်ခန့်အကြာတွင် ထိုလူ
သည် ပန်းညှိုးစပြုလာသည်။

သို့ဖြင့် သူက ဆရာဝန်ကို အကျိုးအကြောင်း ပြော
ပြသောအခါ ဆရာဝန်က ထိုဆေးမသောက်ရန် ညွှန်ကြား
လိုက်သည်။ ထိုဆေးကို မသောက်တော့သည့် အချိန်မှစ၍
နောက်သီတင်းသုံးပတ်အကြာတွင်မူ သူ၏ ကာမစွမ်းအား
ပုံမှန်ပြန်ဖြစ်လာသည်။

သို့သော် သွေးတိုးရောဂါလည်း ပြန်ဖြစ်လာခဲ့သော
ကြောင့် ဆရာဝန်သည် အခြားလူသုံးများသော သွေးတိုး
ရောဂါပျောက်ဆေးကို ညွှန်ပြလိုက်သည်။ ဤတွင်ပဲ လူနာ
သည် ပန်းညှိုးသည့်အဖြစ် ကြုံရပြန်သည်။ ဆရာဝန်
နောက်ဆေးတစ်မျိုး စမ်းကြည့်ခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင်
မှာတော့ တည့်သွားခဲ့သည်ဟု ဆိုရမည်။ ထိုဆေးဝါးကို စားသုံး
နေသည်မှာ ခုနစ်နှစ်ကြာပြီ ဖြစ်သော်လည်း သူ၏ ကာမစွမ်း
အား ထိခိုက်မှုမကြုံရတော့ချေ။

ကျယ်ကျယ်ပြန့်ပြန့် အသုံးများသော ဆေးဝါးတို့တွင်
ထိုသို့သော ဘေးပန်းပြဿနာ ကြုံလေ့မရှိလှချေ။ ထို့အပြင်
ထိုဆေးဝါးသည်ပင် မူလရောဂါကို ကုသရာတွင် တန်ဖိုးမဖြတ်
နိုင်သော ဆေးဝါးဖြစ်တတ်သည်။ သို့တိုင်အောင် ထို
ဘေးပန်းဆိုးကျိုးရှိသည့် အဖြစ်ကြုံပါလျှင်လည်း မထင်မှတ်
သိုသိုသိပ်သိပ်ဖြင့် ကိစ္စပြီးသွားလေ့ရှိသည်။

"ပန်းသေ ပန်းညှိုးမှုဖြစ်စေတဲ့ သာမန်ဆေးဝါးတွေ
အများကြီးပဲ၊ အဲဒီဆေးဝါးတွေကို ကာမစွမ်းအား ဖျက်ဆေး
တွေလို့ ကျွန်မက ခေါ်တယ်" ဟု လိင်စွမ်းအားဆိုင်ရာ ဆေး
ပါရဂူတစ်ဦး ဖြစ်ရုံသာမက "Sexual pharmacology" စာအုပ်
ကိုပါ ပူးတွဲရေးသားသော စာရေးဆရာမဖြစ်သူ ဒေါက်တာ
ထရီဆာခရန်ရှော့က ဆိုသည်။

ဗဟိုအာရုံကြောစနစ်ကို ဖြေလျှော့ပေးသော ဆေး
များသည် ကာမဆန္ဒနှင့် သွေးကြွမှု လျော့နည်းတတ်စေသည်။
ယင်းသို့ လျော့ကျစေသည့် အချက်များတွင် အမျိုးသမီး
ယောနိအရည်ကြည် မထွက်ခြင်းနှင့် သုက်မပြီးခြင်းတို့ ပါဝင်
သလို အမျိုးသားများတွင် ပန်းညှိုးခြင်းနှင့် သုက်မထွက်ခြင်း
တို့ ပါဝင်သည်။ မိန်းမအများစုအတွက်မူ အရည်ကြည်မထွက်
ခြင်း၊ သုက်မပြီးခြင်းထက် ဆန္ဒကင်းမဲ့ခြင်းက ပို၍ပဓာန
သည်။

ဆရာဝန်အများစုသည် ဤဆေးဝါးများ၏ ကာမစွမ်း
အား ထိခိုက်မှုများကို ပြောပြခြင်းမပြုဘဲ ညွှန်းလေ့ရှိကြ
ထို့အပြင် ထိုဘေးပန်းအဖျက်စွမ်းအား ပေါ်ရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com

လပေါင်းများစွာ သို့မဟုတ် နှစ်ပေါင်းများစွာ ကြာတတ်သည်ဟု အမေရိကန်နိုင်ငံရှိ လိင်၊ ဖိုမနှင့် မျိုးပွားမှု သုတေသနသိပ္ပံ (အင်ဒီယာနာတက္ကသိုလ် ကင်ဆေးသိပ္ပံ)မှ ဘဏ္ဍာထိန်းနှင့် ညွှန်ကြားရေးမှူးဟောင်း တစ်ဦးဖြစ်သူ ဂွန်ရီအင်အစ်ရှ်ကဆိုသည်။

"အဲဒီလို ဘေးပန်းဆိုးချက် အစွမ်းပြလာဖို့ ကြာလာလေလေ ဆရာဝန်နှင့်လူနာက ဆေးဝါးနှင့်ဖြစ်ရပ်ကို ဆက်စပ်မြင်မိဖို့ ခက်လေလေပဲ"

သင်မှီဝဲနေသော ဆေးဝါးများတွင် ထိုသို့သော ဘေးပန်းဆိုးကျိုးများ ဖြစ်စေနိုင်သော ဆေးဝါးများပါရှိပါသလား။ အောက်တွင် ဖော်ပြထားသော ဆေးဝါးစာရင်းကို ကြည့်ပါ။ သို့သော် ဤအချက်နှင့် ပတ်သက်၍ သတိချပ်သင့်သည်မှာ ဆရာဝန်နှင့် ပြသဆွေးနွေးမှုမပြုဘဲ ဆေးဝါးပြောင်းသောက်ခြင်း မပြုသင့်ချေ။

## သန္ဓေတားဆေးများ

အလုပ်သင် သူနာပြု ဆရာမတစ်ဦးသည် သန္ဓေတားဆေးများ သောက်သုံးပြီးနောက်တွင် ကာမဆန္ဒ လျော့ပါးသွားသည့်အဖြစ်ကို ကြုံလာရသည်။ သားဖွားနှင့်မီးယပ် ဆရာဝန်ဖြစ်အောင် ပညာဆည်းပူးနေခဲ့သော သူမ၏ ကြင်ဖော်က မေးလိုက်သည်။

"ငါ့ကြောင့်လား၊ မင်းရဲ့ သန္ဓေတားဆေးတွေကြောင့်လား"

ထိုအကြိမ်သည် ပဋိသန္ဓေတားဆေးနှင့် ကာမဆန္ဒလျော့ပါးမှုကို သူမ ဆက်စပ်ကြားမိသည့် ပထမဦးဆုံးအကြိမ်ပင် ဖြစ်ခဲ့သည်။ သူမသည် သူမ သောက်သုံးနေကျ သန္ဓေတားဆေးကို ပြောင်း၍ အခြားသန္ဓေတားဆေး တစ်မျိုးကို မှီဝဲခဲ့သည်။ ထိုသို့ ဆေးဝါးပြောင်းသောက်ပြီး သီတင်းခြောက်ပတ်အတွင်းမှာပင် သူမ၏ ကာမစိတ် ပြန်လည်ပြည့်ဝလာခဲ့သည်။

အမျိုးသမီးတို့၏ ကာမဟော်မုန်း ဖြစ်ထွန်းမှုကို ထိန်းချုပ်သော ဟော်မုန်းဆိုင်ရာ ဆေးဝါးတိုင်းသည် ကာမဆန္ဒလျော့ပါးစေနိုင်သလို အခြားဘေးပန်း ကာမဆိုင်ရာ ခံစားချက်များကိုပါ လျော့ပါးစေနိုင်သည်ဟု အမေရိကန် လိင်ပညာရှင် အတိုင်ပင်ခံနှင့် သမားတော်များအဖွဲ့ ဥက္ကဋ္ဌနှင့် လိင်ကုထုံးပညာရှင် တစ်ဦးဖြစ်သူ ဂျူဒီဆီဖာက ဆိုသည်။

ဤသည်မှာ သွေးတွင်ရှိသော ကာမဟော်မုန်းအဆင့်များကြောင့် ကာမဆန္ဒ ရှိခြင်း၊ မရှိခြင်း၊ အရှည်ကြည် စိုခြင်း၊ မစိုခြင်းဖြစ်တတ်ပြီး သန္ဓေတားဆေးက ဤအဆင့်များကို ပြုပြင်သည်။ (အချို့ကိစ္စများတွင် သန္ဓေတားဆေး အမျိုးအစား သို့မဟုတ် ဆေးပမာဏ ပြောင်းလဲခြင်းက အထောက်အကူပြုနိုင်သည်။

## စိတ်ငြိမ်ဆေးများနှင့် အိပ်ဆေးများ

"XANAX" ဇာနက် (Alprazolam)၊ "VALIYM" ဗယ်လီယမ် (Diazepam)၊ "LIBRIUM" လစ်ရီအန် (Chlordiazepoxide)၊ "HALCION" ဟယ်စီအွန် (Triazolam)၊ အခြားအိပ်ဆေး ဒါဇင်ပေါင်းများစွာနှင့် စိတ်ငြိမ်ဆေးပေါင်းများစွာသည် ကာမစိတ်ဆန္ဒ လျော့ပါးစေနိုင်ကြောင်း သိရှိသော လူနာများ သိပ်မရှိချေ။

ဤဆေးဝါးများသည် အမျိုးသမီးများ၏ ကာမဆန္ဒ၊ ရာဂအရည်ကြည်ထွက်မှု၊ ရာဂပြီးစွမ်းဖို့ လျော့ပါးစေနိုင်သလို အမျိုးသားများကလည်း ပန်းညိုးမှု သို့မဟုတ် သုက်မထွက်မှုများ ကြုံနိုင်သည်။

## စိတ်ကျရောဂါ တားကွယ်ဆေးများ

"ကျွန်မ အတွေ့အကြုံအရ ပြောရရင် ဒီဆေးဝါးအများစု ဥပမာ "PROZAC" ပရိုဇက် (Fluoxetine hydrochloride) နှင့် "ELAVIL" အီလာဗယ် (Amitriptyline hydrochloride) တို့ကို အမျိုးသမီးတွေကို ညွှန်းလေ့ရှိတယ်၊ တချို့အမျိုးသမီးတွေကျတော့ ကာမအတွေ့အကြုံ သိပ်မရှိတဲ့ မိန်းမပျိုတွေ ဖြစ်ကြတယ်၊ သူတို့ ကာမဆန္ဒ လျော့ပါးသွားရင် ဆေးဝါးကြောင့် ဖြစ်တယ်လို့ ထင်ကြလေ့မရှိဘူး၊ သူတို့ကိုယ်သူတို့ပဲ အပြစ်ဖို့လေ့ရှိကြတယ်၊ သူတို့ ကာမဆိုင်ရာ ပုံမှန်မဟုတ်ဘူးလို့ဘဲ ထင်လေ့ရှိကြတယ်" ဟု ဒေါက်တာ ထရီဆာခရန်ရှောက ဆိုသည်။

## သွေးတိုးတားကွယ်သည့် ဆေးဝါးများ

အသက်လေးဆယ်ကျော်သော အမျိုးသား သွေးတိုးလူနာများကို ကုသရာတွင် "INDERAL" အင်ဒီရယ် (Propranolol)၊ "ALDOMET" အယ်ဒိုမက် (Methyldopa)၊ "CATAPRES" ကာတာပရက်စ် (Clonidine Hydrochloride) စသော ဆေးဝါးများကို အသုံးပြု လေ့ရှိကြသည်။ သို့သော် ဤဆေးဝါးများသည် ပန်းညိုးခြင်း ဖြစ်စေနိုင်သည်။

အမျိုးသမီးများနှင့် ပတ်သက်လျှင်မူ သွေးဆုံးအမျိုးသမီးများကိုသာ သွေးတိုးရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးလေ့ရှိသည်။

ဤဆေးဝါးများသည် ကာမဆန္ဒ လျော့ပါးစေတတ်သည်။ သို့မဟုတ် ရာဂပြီးမြောက်မှု ဖြစ်ထွန်းစေရန် ခက်ခဲတတ်သည်ဟု အချို့ပညာရှင်များက ယူဆသည်။

သွေးတိုးရောဂါ ကာကွယ်ဆေး အမျိုးအစား ပြောင်းသောက်ခြင်းက အထောက်အကူဖြစ်နိုင်သည်။ ထို့အပြင် ခန္ဓာကိုယ် အလေးချိန် လျှော့ခြင်းနှင့် လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် သွေးတိုးရောဂါကို ထိန်းချုပ်ရန် ကြိုးစားသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အနာစိမ်းပျောက်ဆေးများ

၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းကာလမှစတင်၍ အနာစိမ်းကုသရာတွင် "TAGAMET" တာဂါမက်(Cimetidine) ဆေးကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့သည်။ ယင်းဆေးတို့သည် ကာမပိုင်းဆိုင်ရာ ချို့ယွင်းချက်များ ဖြစ်ပွားစေတတ်ကြောင်း လူနာများ သိပ်မသိကြချေ။

"တာဂါမက်က အမျိုးသားတွေမှာ ကာမဆန္ဒ လျော့ပါးစေတတ်သလို ပန်းညှိုးမှုလဲဖြစ်စေတတ်တယ်၊ အမျိုးသမီးတွေမှာလဲ ကာမစိတ်တွေ လျော့ပါးစေတတ်တယ်လို့ ယူဆရတယ်"ဟု ဒေါက်တာထရီဆာခရန်ရှောက ဆိုသည်။

အခြားအနာပျောက်ဆေး တစ်ခုဖြစ်သော "ZAN TAC" ဇန်တက် (Ranitidine Hydrochloride) သည် ဆေးအာနိသင် တူသော်လည်း တာဂါမက်လောက် ဘေးပန်းဆိုးချက် မရှိလှကြောင်း တွေ့ရသည်။ အနာစိမ်း အများစုသည် ဗက်တီးရီးယား ပိုးမွှားသင့်ချက် အကျိုးရလဒ်ပင်ဖြစ်သည်။ ယင်းတို့ကို ပိုးမွှားကာကွယ်ဆေးတို့ဖြင့် ကာကွယ်နိုင်ပြီး ယင်းတို့တွင် ဘေးပန်း ကာမဆိုင်ရာဆိုးကျိုး ကင်းနိုင်သည်။

## ကိုယ်ရေစစ် ဆေးဝါးများ

ပိန်မှလှ ဟုခံယူကြသော ခေတ်ကာလတွင် လူအတော်များများသည် ခန္ဓာကိုယ်အလေးချိန် လျော့ကျစေရန် ဆေးဝါးမှီဝဲလေ့ ရှိကြသည်။ ဥပမာ "PONDIMIN" ပွန်ဒီမင် (Temfluramine Hydrochloride) သည် အစာစားသောက်လိုစိတ် လျော့ပါးစေရုံမက ကာမစိတ်ဆန္ဒကို တစ်ခါတစ်ရံတွင် တိုးမြင့် သို့မဟုတ် လျော့ပါးစေတတ်သည်။

အလွန်အမင်း ဝဖီးနေခြင်း မဟုတ်ပါလျှင် ကိုယ်ရေစစ်ဆေးဝါးများ မှီဝဲမည့်အစား ကိုယ်ရေစစ် ပါရဂူတစ်ဦးနှင့် တိုင်ပင်ဆွေးနွေး အကြံယူသင့်သည်။ ကိုယ်ရေစစ်ဆေးဝါးများ မှီဝဲနေလျှင်လည်း ဆေးဝါးမှီဝဲခြင်း မပြုရသော အဆီလျော့စားခြင်း၊ လေ့ကျင့်ခန်းပြုလုပ်သည့်နည်းကို အခြေခံသည့် ကိုယ်ရေစစ်နည်း ညွှန်ကြားပေးပါရန် ဆရာဝန်ထံ အကူအညီတောင်းခံသင့်သည်။

## ခေါင်းကိုက်ရောဂါ ကာကွယ်ဆေးများ

နာတာရှည် ခေါင်းကိုက်ရောဂါဝေဒနာ ခံစားနေရသော အမျိုးသားနှင့် အမျိုးသမီးများသည် နေ့စဉ် ဆေးဝါးများ မှီဝဲရလေ့ရှိသည်။ အများအားဖြင့် မှီဝဲလေ့ရှိသော ဆေးဝါးမှာ "IDERAL" အင်ဒီရယ် (Propranolal) ဆေးပင် ဖြစ်သည်။ ထိုဆေးသည် သွေးတိုးရောဂါ ကာကွယ်ဆေးလည်း ဖြစ်သည်။ ထိုဆေးသည် ကာမဆန္ဒ လျော့ပါးစေသော ဆေးဝါးဖြစ်သည်။

"သိပ်မကြာခင်က ကျွန်မ လူနာတစ်ဦးနဲ့ စကားပြော ဖြစ်ခဲ့တယ်၊ အိမ်ထောင်သက် ငါးနှစ်အကြာတွင် ကွာရှင်းပြတ်စဲခံခဲ့ရတယ်၊ အဲဒီလို ကွာရှင်းပြတ်စဲရသည့် အကြောင်းတစ်ခုက သူတို့ အိမ်ထောင်ကျပြီးနောက် မကြာမတင်ကာလမှာပဲ သူ့ဇနီးဟာ ကာမစိတ်ဆန္ဒ ကုန်ခန်းသွားခဲ့ခြင်းကြောင့်ပဲ၊ အဲဒီလိုဖြစ်ရတာ သူ့ရဲ့ အိမ်ထောင်သက် တစ်လျှောက်လုံးမှာ ခေါင်းကိုက်ဝေဒနာအတွက် အင်ဒီရယ်ဆေး သောက်နေခဲ့ရတာကြောင့် ကာမဆန္ဒခန်းတာပဲ" ဟု ဒေါက်တာထရီဆာခရန်ရှောက ဆိုသည်။

ခေါင်းကိုက်ဝေဒနာမှာ ကုသရန် အခြားနည်းလမ်းများလည်း ရှိသည်။ ခေါင်းကိုက်ဝေဒနာ သက်သာစေရန် ခေါင်းကိုက်ဝေဒနာ စတင်ဖြစ်ပွားလေ့ရှိသည့် အချိန်ကို ဖော်မှတ်၍ သက်သာအောင် ကြိုတင်ပြင်ဆင်ထားနိုင်သည်။ စိတ်ဖိစီးမှု သက်သာအောင် လေ့ကျင့်မှုလည်း ပြုနိုင်သည်။ CAFERGOT, ERGOSTAT ကဲ့သို့သော ဖန်းဂတ်သတ်ဆေးများနှင့် "IMITREX" အီမီထရက် (Sumatriptan Succinate) ဆေးတို့ဖြင့်လည်း နာတာရှည်ခေါင်းကိုက်ဝေဒနာကို ကုသနိုင်သည်။

## တရားခံဖြစ်နိုင်သော အခြားဆေးဝါးများ

ကာမစွမ်းအား လျော့ပါးစေနိုင်သော အခြားဆေးဝါးများတွင် ဓာတ်မတည့်ရောဂါနှင့် အပူနာများအတွက် ညွှန်းသော "PREDNISONE" ပရက်နီဆုံး ကဲ့သို့သော ဟော်မုန်းဆေးဝါးများ၊ "THORAZINE" သိုရာဇင် (Chlorpromazine)၊ "HALDOL" ဟောလ်ဒေါလ် (Haloperidol)၊ "MELLARIL" မီလာရီလ် (Thioridazine Hydrochloride) ကဲ့သို့သော စိတ်ရောဂါ ကာကွယ်ဆေးများ၊ စိတ်ကယောင်ကတမ်းရောဂါကာကွယ်ရာတွင် အသုံးပြုသော "LITHIUM" လီသီအမ် ဆေးဝါးများ၊ ဝက်ရူးပြန်ကာကွယ်ဆေးများ၊ ကင်ဆာ၊ နှလုံးရောဂါ၊ ခန္ဓာကိုယ်အရည်ခန်းမှု ထိန်းချုပ်ဆေးများ၊ ရောဂါပိုးသတ်ဆေးများ ပါဝင်သည်။

လူမှုဝန်ထမ်းဌာန အလုပ်သမားတစ်ဦးသည် သူ့မ နှလုံးခုန်မမှန်သည့် ဝေဒနာရှိသည်ဟု အသက် (၃၃)နှစ် အရွယ်တွင် သိခဲ့ရသည်။ ထိုရောဂါမှာ မျိုးရိုးလိုက်သင့် ခြင်းဖြစ်သည်။ ဆရာဝန်ညွှန်သည့် ဆေးဝါး သုံးစွဲပြီးနောက် တွင်မူ ကာမဆက်ဆံချိန်တွင် သူမ၏ယောနိသည် မသ မသာ ဖြစ်လောက်အောင် ခြောက်ခန်းနေမှု ကြုံရပြီး သူ ပြီးရန်အတွက် အတော်အခက်ကြုံရသည်။

သူမ မှီဝဲနေရသော ဆေးဝါးသည် အချို့အမျိုးသမီး များတွင် ယောနိအရည်ကြည် နည်းစေကြောင်း သ ဆောင်းပါးတစ်ခု ဖတ်ရှုရသောအခါ ဆေးဝါးလမ်း စာအုပ်တစ်အုပ်ကို ကြည့်ရှုလိုက်ရာ ထိုဆေးဝါးသည်



www.burmeseclassic.com

www.burmeseclassic.com

ပြီးရေး အခက်အခဲဖြစ်စေနိုင်ကြောင်းပါ သိလာခဲ့ရသည်။ သို့ဖြင့် သူမ၏ ဆရာဝန်ကို ပြန်လည်ပြောပြသောအခါ ဆရာဝန်က ဆေးဝါးပမာဏ လျှော့ချလိုက်ရာ ကာမဆိုင်ရာ ဘေးပန်းဆိုးကျိုးများ လျော့ပါးသွားလေသည်။

"ဆရာဝန်က ဆေးဝါးတစ်ခုခု သောက်သုံးဖို့ညွှန်ရင် ဘေးပန်းဆိုးကျိုးတွေ ရှိနိုင်မလားလို့ မေးကြည့်၊ ရှိရင် ဆေးပြောင်းခိုင်း၊ ဒါမှမဟုတ် ဆေးဝါးမပါတဲ့ ကုထုံးများရှိမလားလို့ မေးမြန်းကြည့်"ဟု ဒေါက်တာခရန်ရှောက ဆိုပါသည်။

## အလွတ်ဝယ်၍ရသော ဆေးဝါးများ

လူသုံးများသော ဓာတ်မတည့်ရောဂါ ကာကွယ်ဆေးများတွင် နှာစေးသက်သာစေသလို သွေးသားဆန္ဒ ကုန်ခန်းစေကြောင်း သတိပေးစာတန်းများ မပါရှိချေ။ ထိုဆေးဝါးများတွင် အဓိကပါဝင်သော အမည်များသည် ပုံမှန်အားဖြင့် အိပ်ဆေးများတွင် ပါဝင်လေ့ရှိသော သွေးသားဖြေလျှော့ပေးသည့် အာနိသင်များ ရှိတတ်သည်။ နှာစေး ချောင်းဆိုး ပျောက်ဆေးများတွင် ထိုသဘာဝမျိုးများ ရှိတတ်သည်။

"ဆေးအပတ်မှာ 'အိပ်ငိုက်စေနိုင်သည်' လို့ပါရင် အဲဒီဆေးဟာ ကာမပိုင်းဆိုင်ရာ စိတ်ဆန္ဒနှင့် စွမ်းရည်လျော့ပါးစေနိုင်တဲ့ အနေအထားရှိတယ်၊ ဆေးဝါးတစ်ခုကို ဆရာဝန်လက်မှတ်မလိုဘဲ လွယ်လွယ်ဝယ်နိုင်တာနဲ့ ကာမဆိုင်ရာ ဘေးဥပဒ်ကင်းပြီလို့ မပြောနိုင်ဘူး"ဟု ခရန်ရှောက သတိပေးလေသည်။

တစ်ခါတစ်ရံတွင်မူ ကာမဆိုင်ရာ ဆိုးကျိုးဖြစ်စေသော ဆေးဝါးများသုံးရန် လိုတတ်သည်။

"XANAX ဇာနက်ဟာ စိတ်ကယောက်ကယက်ဖြစ်တာကို ကုသရာမှာ အင်မတန်စွမ်းတယ်၊ ဒါကြောင့် အဓိကရောဂါ သက်သာဖို့ လူနာက ဘေးပန်းဆိုးကျိုးကို လျစ်လျူရှုကောင်း ရှုရလိမ့်မယ်၊ ဒါပေမဲ့ ဒီဆေးမှဒီဆေး ဖြစ်လောက်အောင် ရောဂါမပြင်းထန်ရင် တခြားဆေး ပြောင်းသုံးနိုင်တယ်၊ ဒါမှမဟုတ် ဆေးဝါးမလိုတဲ့ကုထုံး ကျင့်သုံးနိုင်တယ်"ဟု ဒေါက်တာခရန်ရှောက ဆိုသည်။ ရိန်းအင်အက်ရှ်ကမူ အောက်ပါအတိုင်း ဖြည့်စွက်ဆိုသည်။

"ဆေးဝါးတစ်ခုမှာ ကာမဆိုင်ရာ ဘေးပန်းဆိုးကျိုး ရှိနိုင်တယ်လို့ လူနာတစ်ယောက်ကို သတိပေးတဲ့အခါမှာ ဘေးပန်းဆိုးကျိုး ရှိချင်မှလဲ ရှိမယ်လို့ ကျွန်တော် သတိပေးလေ့ရှိတယ်၊ အဲဒီဆေးဝါးကြောင့် ဘေးပန်းထိခိုက်မှု မရှိဘူးဆိုရင် ဘာမှပြောစရာမရှိဘူးပေ့ါ၊ ဒါပေမဲ့ ရှိခဲ့ရင်လဲ ဆေးဝါးကြောင့်ပဲမှန်း သဘောပေါက်ပြီး ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်မှု ကင်းစေတာပေ့ါ"

❒ လှထိုး(စိတ်ပညာ)

Ref : SEX OFFENDERS IN YOUR MEDICINE CABINET BY MICHAEL CASTLEMAN

**အိပ်ထောင်ရေးသောကဒုက္ခများ အမြန်ဆုံးကင်းဝေးစေရအောင်**

- နေ့စဉ်လိုလို တကျက်ကျက် စကားများရန်ဖြစ်နေရလို့ စိတ်ညစ်နေရပါသလား။
- တရားဝင်ကွာရှင်းပေးဖို့၊ ကွာရှင်းစာချုပ် လက်မှတ်ထိုးပေးဖို့ ခဏ ခဏ တောင်းဆိုခံနေရလို့ စိတ်ဓာတ်ကျနေပါသလား။
- မိမိနဲ့လည်း အတူမနေ၊ ဘာမှလည်း မထောက်ပံ့၊ တရားဝင်ကွာရှင်းခွင့်လည်း မပေး၊ အနုနည်းနဲ့ နှိပ်စက်နေသူအတွက် စိတ်ပျက်နေရပါသလား။ (နည်းလမ်းကောင်းတွေ ရှိပါတယ်)။

**ဆရာကြီးဦးအောင်မြိုင်( ဥပဒေဘွဲ့ )**

လက္ခဏာဗေဒင်ပညာသုတေသီ

ယုံကြည်အားကိုးစွာသာ လာခဲ့ပါ

အမှတ်-၇၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၇၆၇၀၄၊ ၀၉-၅၀၆၂၇၄၃၊ ၀၉-၅၁၇၇၇၆၂၂



www.burmeseclassic.com

www.burmeseclassic.com



# အာဒက်ဆိုင်ပွဲကြီး

မောင်မိုး(ပုလဲမြို့သစ်)

စစ်ဘော်ထဲက တပ်ရင်းတစ်ရင်းမှာ တပ်ရင်းအရာခံဗိုလ် ဟူသော တစ်ဦးတည်းသော ရာထူးတစ်ခု ရှိပါသည်။ ၎င်းအား အခေါ်အဝေါ်အမှန်မှာ အာရ်အက်စ်အင်မ် (R.S.M) ဖြစ်ပါသည်။ သို့သော် အားလုံးက တညီတညွတ်တည်း ဆရာကြီး အာဒက်ဆိုင် ဟူ၍ မြန်မာလို ပီပီသသကြီး ခေါ်ကြပါသည်။

မောင်မိုးတစ်ယောက် စစ်တပ်ထဲ အနေကြာတာနဲ့အမျှ အာဒက်ဆိုင်ဆိုတဲ့ ရာထူးကြီးနဲ့အတူ စစ်သည်ရောရဲမေပါ ကလေး မှီခိုသူပါမကျန် အုပ်ချုပ်မှုကိစ္စအဝဝ မောင်မိုးခေါင်းပေါ် ကျရောက်လာပါတော့သည်။ တစ်နေ့တစ်နေ့ ရှင်းလိုက်ရတဲ့ ပြဿနာ တစ်ခုမဟုတ် တစ်ခုတော့ ပေါ်နေတာပဲ။ အေးလေ တပ်ရင်းတစ်ရင်း ဆိုတော့လည်း ရပ်ကွက်တစ်ကွက် ရွာတစ်ရွာလိုပဲပေါ့။

တပ်ရဲတပ်ကြပ်ကြီး အစီရင်ခံစာမှာ ဘယ်တပ်ခွဲက လူပျိုစစ်သည် အချိန်အခါမဟုတ် ဈေးတန်းက အရက်ဆိုင်မှာ မူးနေတယ်တဲ့။ ဘယ်ကောင်ကဖြင့် စစ်ယူနီဖောင်း အပြည့်အစုံ မဝတ်ဘဲ တပ်ပြင်မှာ တွေ့ခဲ့တယ်တဲ့။ ဘယ်ကောင်ကဖြင့် ကင်းကျပါရဲ့နဲ့ မလာဘူးတဲ့။ စသည် စသည် အို စုံလို့ စုံလို့။

အနီးကဲ့သို့ စစ်စည်းကမ်းဖောက်ဖျက်သော စစ်သည်များအား စည်းကမ်း ရှိစေရန် အိမ်သာကျင်းတူးစေခြင်း၊ အင် ကင်းချခြင်း၊ တိုက်ပွဲဝင်ဝတ်စုံ အပြည့် အစုံဖြင့် (About turn) အဘောက်ထမ်း မောင်းခြင်း စသည်တို့ဖြင့် ပြုပြင်ပေး သည်။

ရဲမေများမှာလည်း အနယ်နယ် အရပ်ရပ်မှ ပုံစံအမျိုးမျိုးတွေကို တည် တညွတ်တည်း တစ်ပုံစံတည်းဖြစ်အောင် လုပ်ရသည်မှာ စိတ်ရှည်ရှည်ထား သည်။ အိမ်ထောင်သည်လိုင်းစည်း





www.burmeseclassic.com

www.burmeseclassic.com

များကို တိကျစွာ လိုက်နာရန် ပြောရသည်၊ ဟောရသည်။ ချိုချိုသာသာ ပြောတဲ့အခါ ပြောရသလို မချိုမသာ ပြောရတဲ့အခါလည်း ရှိသည်။ မ တစ်ထောင် သားသမီးတွေကိုး။

တပ်ရင်းတစ်ရင်းမှာ တပ်ရင်းမှူးက အဖေဆိုရင် တပ်ရင်းအရာခံဗိုလ်က အမေလိုပဲပေါ့။ ချော့တန်တာချော့ ခြောက်တန်တာခြောက်။ အဓိကက စည်းကမ်း စနစ်တကျရှိဖို့ တပ်ရင်းမိသားစုနဲ့ လက်ပွန်းတတီးနေတာက တပ်ရင်းအရာခံဗိုလ်လေ။ ညညဆို အိပ်ကောင်းတုန်းပေမယ့် အဘ အဘ ထပါဦးဆိုလည်း ထရပြန်ပြီ။ ဘာကိစ္စများ ဖြစ်လို့လဲဟဲ့နဲ့၊ စိုးရိမ်စိတ်နဲ့ မေးရ မြန်းရ ဖြေရှင်းရနဲ့။

မနေ့ကလည်း ည ၁၁ နာရီခွဲလောက်ရှိပြီ။ တပ်ခွဲ-၁က တပ်သား အေးသောင်မိန်းမ အေးသန်း ငိုကြီးချက်မနဲ့ . . .

"အဘ အဘ ထပါဦး၊ ကျွန်မကို ကိုအေးသောင်က ရိုက်လို့ပါ"

သူ့ဘေးနားမှာတော့ တပ်ရဲ တပ်ကြပ်ကြီး။

"ဟဲ့ ညကြီးသန်းခေါင် ဘာကိစ္စ ရိုက်ရတာလဲ၊ ဒီကောင် မူးနေသလား"

"မူးတော့ သိပ်မမူးပါဘူး အဘ၊ အိပ်နေရင်းက ထပြီး ဘာမပြော ညာမပြော ရိုက်တာပါပဲ အဘရယ်"

"တပ်ရဲတပ်ကြပ်ကြီး သွားခေါ်စမ်းကွာ၊ အဲဒီအေးသောင်ဆိုတဲ့ ကောင်ကို"

တပ်ရဲတပ်ကြပ်ကြီး ထွက်သွားပြီး သိပ်မကြာပါ။ ခေါင်းမွေးစုတ်ဖွားမျက်နှာမသာ်မယာနဲ့ အေးသောင်ဆိုတဲ့ ရဲဘော်က . . .

"အဘ ကျွန်တော်ရောက်ပါပြီ"

ခုကျတော့လည်း သတိအနေအထား အချက်ကြီး ကိုးချက်နဲ့အညီ သတိဆွဲပြီး သတင်းပို့ပါသည်။ မောင်မိုးမလဲ အိပ်ရာကထပြီး ဖြေရှင်းရတာဆိုတော့ စိတ်တော့နည်းနည်းတိုသား။

"ကဲ ပြောစမ်းပါဦး၊ မင်းမိန်းမကို ဘာမပြော ညာမပြော ဘာလို့ ရိုက်ရတာလဲ"

အေးသောင်က ဘာမျှမပြော။ သတိကို အပြည့်ဆွဲထားသည်။

"ဟေ့ကောင် ပြောလေကွာ၊ ဘာကိစ္စရိုက်ရတာတုံး"

မောင်မိုး စိတ်နည်းနည်းတိုလာပြီ။ ဒါတောင်မှ ဒီကောင်က ဘာမျှမပြော။ ခေါင်းကြီးငုံ့ထားပြီး စိတ်ထဲတော်တော်ခံပြင်းနေတဲ့ပုံ။

"ဟေ့ကောင် မင်းမပြောဘူးလား ငါ လက်ပါတော့မယ်နော်"

"ဟုတ်. . . ဟုတ်ကဲ့ ပြောပါ့မယ် အဘ"

ဒီကောင်တွေ လက်ပါမှာတော့ အကြောက်သား။

"ကဲပြော ဘာဖြစ်လို့လဲ"

"အဘ ကျွန်တော် ဒီကောင်မကို မပေါင်းချင်တော့ဘူး"

"ဟေ ဘာဖြစ်လို့ မပေါင်းချင်ရတာလဲ၊ အေးသန်းက ဘာတွေဖြစ်နေလို့လဲ၊ မင်း ခုယူလိုက် ခုမပေါင်းချင်လိုက် လုပ်လို့ရမလားကွ၊ ဒါ စစ်တပ်ကွ"

အေးသန်းကို ကြည့်လိုက်တော့လည်း ဘာမှမသိသလို မျက်လုံးအဝိုင်းသားနဲ့။

"အဘတို့က မသိလို့၊ ကျွန်တော်ကတော့ မပေါင်းနိုင်တော့ဘူး"

"အေး မပေါင်းနိုင်လောက်တဲ့ အကြောင်းက ဘာလဲ၊ မင်းပြောမှ ငါတို့ သိရမှာပေါ့"

အေးသန်းဘက်သို့ လက်ညှိုးထိုး၍ . . .

"သူ . . . သူ လင်ငယ်နေတယ် အဘ"

"ဟေ ဘယ်သူနဲ့တုံး၊ ဘယ်တုံးကလဲ၊ ငါတို့လဲ ဘာမှမကြားရပါလား"

တပ်ရဲတပ်ကြပ်ကြီးကလည်း မောင်မိုးကိုကြည့်ပြီး သူလည်း ဘာမှ မသိရပါလားဟု ပြောပါသည်။ မှန်ပါသည်။ တပ်ရဲတပ်ကြပ်ကြီးသည် အိမ်ထောင်သည် ရဲမေများ စည်းကမ်းစနစ်တကျ ရှိ မရှိကို အမြဲစောင့်ကြည့်နေရသူမို့ ခုကိစ္စ သူ မသိကြောင်း ပြောပါသည်။

"ဟေ့ကောင် အေးသောင် ငါတို့လဲ ဘာမှမကြားရပါလား၊ ဘယ်သူနဲ့တုံး"

"ကျွန်တော်မပြောချင်ဘူးအဘရာ၊ ကွာသာ ကွာပေးပါ"

"ဟေ့ကောင် မပြောချင်လို့မရဘူး၊ မင်းပြောမှ ငါတို့သိရမှာပေါ့"

"နေတိုးနဲ့ဖြစ်တာ အဘ"

"ဘာ နေတိုး ဟုတ်လား၊ ငါတို့ တပ်ထဲ နေတိုးဆိုတာ မရှိပါလား၊ ဘယ်ကလဲ"

"ရုပ်ရှင်မင်းသားနေတိုးပါ အဘ"

"ဘာကွ၊ မင်းရူးနေသလား၊ ရုပ်ရှင်မင်းသား နေတိုးက မင်းမိန်းမကို ဘယ်မှာဖြစ်တာလဲ"

"အိပ်မက်ထဲမှာ အဘ၊ ကျွန်တော် အိပ်မက် မက်တာ၊ နေတိုးက ကျွန်တော့်မိန်းမလက်ကိုဆွဲပြီး ပန်းခြံထဲမှာ ပြေးနေကြတာ၊ အဲဒါနဲ့ ကျွန်တော်လဲ အိပ်ရာကနိုးတော့ ရိုက်မိတာပါပဲ"

"ဟင်း ခွေးမသား အေးသောင် မူးချောင် မူးချောင်နဲ့ ငါ အိပ်ရေးပျက်အောင် လုပ်ရသလား၊ သွား ဒီကောင့်ကို ဒီတစ်ည အချုပ်ထဲထည့်ထားလိုက်၊ အမယ်လေးလေး ကြားကြားဖူးပေါင်ဗျာ၊ အိပ်မက်ထဲ မိန်းမ လင်ငယ်နေလို့ ထရိုက်သတဲ့၊ ပြီးတော့ ရုပ်ရှင်မင်းသား နေတိုးနဲ့တဲ့၊ တပ်ရဲတပ်ကြပ်ကြီး ငါ လက်မပါခင် မြန်မြန်ခေါ်သွား"

အဲသလိုဗျာ မောင်မိုး တော်တော် ခေါင်းစားသွားသည်။

ဒီနေ့တော့ ကိုရီးယားကားကြည့်ပြီးသည်အထိ တပ်ရင်းရဲ့ ရာသီဥတုက သာသာယာယာ။ သတင်းဆက်ပြီး နားထောင်နေတုန်းမှာပဲ ဆူညံ ဆူညံအသံနဲ့အတူ တပ်ရဲတပ်ကြပ်ကြီးရဲ့အသံ ပေါ်လာပြန်ပြီ။

"အဘ . . . အဘ"





www.burmeseclassic.com

www.burmeseclassic.com

"ဟေ ဘာဖြစ်ရပြန်သတုံးဟ"

"ဒီမှာ ရဲမြင့်မိန်းမ မြင့်မြင့်အေးနဲ့ သန်းဆောင်မိန်းမ မိနှင်း ရန်ဖြစ်နေလို့ အဘ၊ ဘာကစဖြစ်တာလဲ မေးတော့လဲ မပြောဘူး အဘ"

ကြည့်လိုက်တော့ ရဲမေ နှစ်ယောက်စလုံး ရှိုးတိုးရှန့်တန့်နဲ့ ခါတိုင်း ရဲမေတွေရန်ဖြစ်တာနဲ့မတူ။ မောင်မိုးမှာ အတွေ့အကြုံ ရင့်နေပြီမို့ သူတို့အရိပ်အကဲကိုကြည့်ပြီး သိလိုက်ပြီ။ ရဲမေတွေ ရန်ဖြစ်ရင် လူကြီးတွေရှေ့ ရောက်လာသည့်တိုင် အရှိန်မသေတတ်။ ခုတော့ ဘာမှမပြော၊ ငြိမ်နေကြသည်။

"နင်တို့ယောကျ်ားတွေ မနေ့က ရှေ့တန်းက ပြန်လာကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် အဘ"

"ကဲ ပြောစမ်းပါဦး၊ ဘယ်လိုက နေပြီး ဘယ်လိုဖြစ်ကြတာလဲ"

သင်းတို့နှစ်ယောက် သူကြည့်ကိုယ်ကြည့် ကြည့်နေကြသည်။ သန်းဆောင်မိန်းမက စပြောသည်။

"သူ မနေ့က ကျွန်မဆီက ပစ္စည်းတစ်ခုငှားပြီး ဒီနေ့ ပြန်တောင်းတော့ မရှိတော့ဘူးလို့ ပြောပါတယ် အဘ"

အဲဒီတော့ မောင်မိုးက ထောက်ပေးလိုက်သည်။

သန်းဆောင်မိန်းမ မပြောခင် ရဲမြင့်မိန်းမက . . .

"ဟုတ်တယ် အဘ၊ သူ့ဆီက ပစ္စည်းတစ်ခု ငှားပါတယ်၊ ဒါပေမဲ့ အဲဒီဥစ္စာ ရှာမတွေ့လို့ နောက်နေ့မှ ဝယ်ပေးမယ်ပြောတာကို ဒီည ရမှဖြစ်မယ်လို့ ပြောနေတာက စဖြစ်တာပါ အဘ"

"ဟဲ့ ဒါ ရန်ဖြစ်စရာလား၊ ပစ္စည်းဆိုတာ ငှားပြီး ပြန်ပေးရမှာပေါ့၊ ရှာမတွေ့လို့ ဝယ်ပေးမယ်ပြောလဲ စောင့်လိုက်ပေါ့ဟာ၊ ပြီးတာပဲဥစ္စာ"

မောင်မိုးက ပြေလည်ရာ ပြေလည်ကြောင်း ပြောရသည်။

"နေပါဦး၊ ရန်ဖြစ်ရလောက်အောင် ဘာပစ္စည်းမို့လဲဟဲ့"

"အဲဒါ. . ."

"ဟို. . ."

"ပြောလေ၊ ဘာပစ္စည်းမို့လဲ"

တုတ်တုတ်မျှ မလှုပ်။

မောင်မိုး စိတ်နည်းနည်းတိုသွားပြီ။ ခါတိုင်းလို လက်ပါလို့ကလည်းမရ။

"ကဲ ရဲတပ်ကြပ်ကြီး သူတို့ရဲ့ယောကျ်ားတွေကို သွားခေါ်ကွာ"

"သူတို့တော့ မခေါ်ပါနဲ့ အဘရယ်၊ ပြောပါ့မယ်"

မချောနှစ်ယောက် ယောကျ်ားတွေ သိစေချင်ပုံ မရ။

"ကဲ ပြော၊ ဘယ်လောက်အရေးကြီးပြီး ဘယ်လောက်တောင် တန်ဖိုးရှိတဲ့ ပစ္စည်းလဲ"

"ကွန်ဒုံးပါ အဘ"

"ဘာ. . ."

"ဟိုလေ အဖော်ပါ အဘ"

"ဟေ့ လူကြားမကောင်း သူကြားမကောင်း နင်တို့နှစ်ယောက်တော့ ကွာ"

တစ်ဆက်တည်းပင် . . .

"တပ်ရဲ တပ်ကြပ်ကြီး သင်းတို့နှစ်ယောက် မနက်ဖြန် ပေါက်ပြားကိုယ်စီနဲ့ ရုံးကိုလာခိုင်းလိုက်၊ ရုံးရှေ့က ပန်းခြံ ရှင်းခိုင်းလိုက်၊ ဒီကိစ္စ ဒီမှာတင်ရပ်၊ ရန်လဲ ထပ်ဖြစ်မနေနဲ့၊ ငါ ဘာသံမှ မကြားချင်ဘူး၊ ဟူး . . ."

မောင်မိုး ခေါင်းစားသွားရပြန်ပြီ။ သူတို့နှစ်ယောက်ကိစ္စ ရပ်သွားသော်လည်း မရပ်သည်က မဒမ်မောင်မိုး. .

"ကျုပ်လဲ နားထောင်နေပါတယ်တော်၊ ဘာမို့လို့ရန်ဖြစ်ရလောက်အောင် ဖြစ်ကြရတာတုံး"

"နို့ နေပါဦး အဖေကြီးရဲ့၊ အဖော်ဆိုလား ဘာဆိုလား၊ အဲဒါက ဘာမို့လို့တုံး"

"ဟာ ဒီအဘွားကြီး ဘုမသိ ဘမသိနဲ့၊ အဲဒါ အဲဒါ ဟာ ဘာမှမဟုတ်ဘူး၊ အိပ်တော့ အိပ်တော့" ဟု ငေါက်လိုက်ရပါတော့သည်။

❐ မောင်မိုး(ပုလဲမြို့သစ်)

---

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

---


စီးပွားရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်း

ပို့မို့တိုးတက်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။


---


အဖြူအမည်း

**တစ်မျက်နှာ**

ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း

**မျက်နှာဝက်**

ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့

လပြည့်ဝန်းမဂ္ဂဇင်း

တိုက်အမှတ် (၇၂၄)၊

အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း

(၁၇×၁၈)လမ်းကြား၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com




အသက်တစ်နှစ် ကြီးလာလေလေ ဘွားဘွားကို သတိရလေလေပါပဲ။ ဘွားဘွား ဘဝတစ်ပါး ပြောင်းသွားခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော်လောက် ရှိခဲ့ပြီဆိုပေမယ့် ဘွားဘွားနဲ့ပတ်သက်သမျှတွေက ကျွန်တော့်အတွက် အမှတ်တရတွေ ဖြစ်နေဆဲပါ။

ကိုယ့်ကိုယ်ကိုယ် စာရေးဆရာဖြစ်လောက်ပြီလို့ ယုံကြည်ဘဝင်လေဟပ်ပြီး စာမျိုးစုံ တရစပ်ရေးနေခဲ့မိတာ အမေ့အကြောင်း၊ အစ်ကို့အကြောင်း၊ မိန်းမအကြောင်း၊ သားသမီးနဲ့ သူငယ်ချင်း မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်မကျန် အလျှဉ်းသင့်သလို စာတစ်ပုဒ်ဖြစ်အောင် ရေးနေရာက အခုတစ်ခါ သေသွားတဲ့ အဘွားပါမချန် အကြံအဖန် လုပ်နေပြန်ပဟေ့ ထောမနာပြုကြတော့မယ်။

သို့သော်လည်းပေါ့လေ အဘွားပြောခဲ့ဖူးတဲ့ စကားတွေကို နားနဲ့ဆတ်ဆတ် ပြန်ကြားရမှ ရလာတဲ့ အတွေးဇစ်စ ဆွဲဆန့်ပြီး ဒီစာစုကို ရေးသားလိုက်ရပါတယ်။

ပြောရရင် ကျွန်တော့်အဘွားက စာလုံးဝ မတတ်ဘူး။ ဘယ်တတ်ပါ့မလဲ အပျိုဖော်ဝင်စကတည်းကနေ ကလေးခြောက်ယောက် မိခင်ဘဝတိုင်အောင် စစ်အတွင်းမှာ ဟိုဟိုဒီဒီ အသက်လုပြီး တစ်ပြေးတည်း ပြေးနေခဲ့ရတာ။ နယ်ချဲ့ခေတ်၊ ဖက်ဆစ်ခေတ်၊ ပြည်တွင်းသောင်းကျန်းမှုခေတ်တွေမှာ ကျွန်တော်တို့ အမေကို လူ မဖြစ်ဖြစ်အောင် ကျွေးမွေးစောင့်ရှောက် ကာကွယ်ပေးနေခဲ့ရတာ မဟုတ်လား။ စစ်ဘေးဒဏ်တွေနဲ့ ဘယ်လောက်ပဲကြုံကြုံ ဗုံးခိုကျင်းတွေထဲကနေ သားသမီးခြောက်ယောက် စလုံးကို မဖိတ်မစင်နဲ့ စာတတ် ပေတတ်တွေဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ အာဂအမျိုးသမီးကြီး တစ်ဦးပဲ ဖြစ်ပါတယ်။

အဘွားက စာသာ မတတ်တာ၊ ဘုရားရှိခိုးဆိုရင် သူ မရတဲ့ ဘုရားရှိခိုး မရှိဘူး။ ဘုရားစာ မှန်သမျှကို ငယ်ငယ်ကတည်းက နှုတ်တိုက်အာဂုံဆောင်ခဲ့သူပါ။

မှတ်မိသေးတယ်။ ကျွန်တော်တို့ အဘွား ဘုရားရှိခိုးရင် အခုခေတ် ဗီဒီယိုကား တစ်ကားစာလောက် ကြာတယ်။ ဘယ်လောက်ထိအောင် ဘုရားရှိခိုးသလဲ ဆိုရင် မဗ္ဗစကြာတို့ ရေကြည်တော်ဝတ် အသင်းတို့မှာ သံပြိုင်ရွတ်ရတဲ့ ဘုရားရှိခိုးကအစ မချန်ဘူး။ ရှိခိုးတာကလည်း တိုးတိုးသက်သာ မဟုတ်ဘူး။ အသံကျယ်ကြီး။ ပြီးတော့ အဆွဲအငင် အဖြတ်အတောက် သံစဉ်အနိမ့်အမြင့်နဲ့ ခင်ဗျ။

ကျွန်တော်တို့မိသားစု တောင်ဥက္ကလာကို စရောက်တော့ အဘွားက သိမ်ကြီးဈေးမှာ ဈေးရောင်းနေရတာနဲ့ သူ့ရဲ့ အငယ်ဆုံးသမီး မုဆိုးမ ပုပ္ပနွေးနွေးကို စိတ်မချလို့ဆိုပြီး ကျွန်တော်တို့ အိမ်မှာ လာနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းက ကျွန်တော့်အမေက အသက် သုံးဆယ်မပြည့်သေးဘူး။ သူ့ခမျာ မုဆိုးမဘဝ ရောက်ခဲ့ရပြီး အဘွားကတော့ အငြိမ်းစား ပင်စင်စား လင်ယောက်ျားနဲ့ ကွဲတာမဟုတ်ဘဲ ဘာသိဘာသာ နေနေတာပါ။ အသက်က ခြောက်ဆယ်နီးပါး။ အိမ်မှာနေတော့ သားအမိနှစ်ယောက် အဆင်ပြေပြေ ရှိနေပေမယ့် အဘွားက ငြိမ်နေတတ်တာ မဟုတ်ဘူး။

သူက ဈေးရောင်းနေရမှ နေသာထိုင်သာရှိတာ။ အမေက သူ့အမေကို ဈေးမရောင်းခိုင်းတော့ဘဲ အိမ်မှာနေစေပြီး အေးအေးလူလူ တရားလေး ဘာလေး လုပ်စေချင်တယ်။ အဘွားခမျာ နေမထိ ထိုင်မသာ ဖြစ်ရပါလေရော။ သိမ်ကြီးဈေးက သူနဲ့အတူ ရောင်းဖော်ရောင်းဖက်တွေကို တမ်းတမ်းတတ တဖျစ်တောက်တောက် လုပ်နေတော့ အမေနဲ့ သိပ်ပြီး သဟဇာတ မဖြစ်တော့ဘူး။ ပြီးတော့ အဘွားက ရှေးရိုးစွဲလူကြီး ပီပီ သူ့မျက်စိထဲ အမြင်မတော်တာတွေ့ရင် ပါးစပ်ကနေ တတွတ်တွတ်နဲ့ မြည်တွန်တောက်တီးနေတတ်တယ်။

အမေနဲ့ အဘွား မနက်တိုင်း ဖြစ်ရတဲ့ပြဿနာက ဘုရားရှိခိုးတဲ့ ကိစ္စပဲ။ ဒီလိုအရပ်ဒေသမှာ အခြေချနေထိုင်ရပြီဆိုတော့ ဘေးပတ်ဝန်းကျင်ကို စာနာပြီး မိုးမလင်းမီ သူတစ်ပါးမထသေးခင် ဘုရားရှိခိုးတာကို အသံလျှော့ဖို့ ပြောတယ်။ အဘွားက အကျင့်ပါနေတော့ သမီးကိုကြောက်ပြီး ကြိုးစားအသံလျှော့ပါတယ်။ မရဘူး။ ဘုရားစာထဲမှာ အာရုံဝင်သွားရင် အဘွားရဲ့အသံဟာ ကျယ်သည်ထက် ကျယ်လာရစမြဲ။

ဒီတော့ အမေနဲ့ အဘွားဟာ ဘုရားရှိခိုးတဲ့ကိစ္စနဲ့ ပြဿနာတက်ရတော့တယ်။ ဒီတော့ အဘွားဟာ စိတ်ထက်ရာ နာမည်ကြီးတဲ့ သူ့ရဲ့အငယ်ဆုံးသမီးလေးကို အလျှော့ပေးပြီး ဘုရားရှိခိုးတာ အသံတောင်မထွက်တော့ဘဲ ရှိခိုးရှာတော့တယ်။ အဘွားဟာ ဘာမှ မသိတတ်သေးတဲ့ မြေးဖြစ်သူကျွန်တော့် ခေါင်းကလေးကို ပွတ်သပ်ပေးရင်း မချိတင်ကဲ ပြောရှာတယ်။

"အမာစိန်ရယ် ညည်း တစ်နေ့ဝဋ်မလိုက်ပါစေနဲ့" တဲ့ဗျာ။

ကျွန်တော့်အမေရဲ့ နာမည်ကို တပ်ပြီး အဲဒီလို ပြောရှာတယ်။

(အဘွားပြောသလို အမေဟာ တစ်နေ့နေ့ တစ်ချိန်ချိန် ဝဋ်လည်ခဲ့ပါတယ်။ ဝဋ်ဆိုတာ ဘဝမကူးဘဲ လက်ငင်းအကျိုး ပြန်ပေးတတ်ပါတယ်။ အမေလုပ်နေတဲ့ ဘာသာရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ လူမိုက်ညီအစ်ကိုနဲ့ ပဋိပက္ခ ဖြစ်ခဲ့ရတာဟာ အထင်ရှားဆုံး သာဓက တစ်ခုပါ။)

"နင်တို့အဘွားကို ငါပြောခဲ့သမျှတွေ ဝဋ်ပြန်လည်တာပဲ" တဲ့။

အမေက အဲဒီလို ဖွင့်ဟဝန်ခံခဲ့ရှာတယ်။ (ကျွန်တော်လည်း အဲဒီ လက်ငင်း ဝဋ်ဝိပါက် အကျိုးတရားကို ဘယ်တော့ ကြုံတွေ့ ခံစားရမလဲ မသိဘူး။)

ပြောရရင်တော့ဗျာ အဘွားဟာ ကျွန်တော်တို့အိမ်မှာ နေရတာ မလွတ်လပ်ဘူး။ ချုပ်ချယ်တယ်ဆိုတဲ့ ဆင်ခြေနဲ့ သူ့သမီးကြီးအိမ်ကို ပြောင်းသွားခဲ့တယ်။ ပြီးတော့ သူသိပ်ရောင်းချင်နေတဲ့ သိမ်ကြီးဈေးမှာ သစ်သီးဝလံတွေ သွားရောင်းတယ်။

တစ်ခါတလေ ကျွန်တော်တို့ ညီအစ်ကိုကို သတိတရနဲ့ စပျစ်သီး၊ ဩဇာသီးတွေ အိမ်မှာဝင်ပေးတတ်တယ်။ အဘွားဟာ သူလုပ်ချင်တဲ့ အလုပ်တွေကို လုပ်ရမှ အသက်ရှင် နေထိုင်ရကျိုးနပ်တယ်လို့ ထင်နေတဲ့သူဆိုတော့ သူ့သမီးကြီးရဲ့ အိမ်မှာပဲ ခေါင်းချသွားခဲ့ပါတယ်။

အခု ကျွန်တော် ပြောပြမယ့် ဇာတ်လမ်းလေးက အဲဒီအိမ်မှာ အစပြုခဲ့တာပါ။

ကျွန်တော့်အစ်မဝမ်းကွဲတွေ ပြန်ပြောပြလို့ သိခဲ့ရခြင်း ဖြစ်ပါတယ်။

❁

အထက်မှာ ကျွန်တော်ပြောခဲ့သလိုပဲ အဘွားရဲ့ဝသီက သူ့မျက်စိထဲ အမြင်မတော်ရင် ထော်လော်ကန့်လန့်ဖြစ်လာရင် စိမ်းစိမ်းကျက်ကျက် နေရာမရွေး လူမရွေး အချိန်မရွေး တဖျစ်တောက်တောက် ပြောတတ်သူဆိုတော့ ကာ သူ ရောက်နေတဲ့ သမီးကြီးအိမ်မှာက မြေးတွေချည်းပဲ ၁၁ယောက်ရှိတယ်။ တစ်ဒါဇင် မွေးခဲ့ပေမယ့် အငယ်ဆုံးလေးဟာ ငယ်ငယ်ကတည်းက ဝမ်းပျက်ပြီး တိမ်းပါးသွားခဲ့ရှာတယ်။

အဲဒီမြေး ၁၁ ယောက်ထဲမှာ ယောက်ျားလေးက လေးယောက်ပဲပါတယ်။ ကျန်တာတွေက မိန်းကလေးတွေချည်းပဲ။ အဲဒီမြေးမတွေက ကြီးစဉ်ငယ်လိုက် အပျိုပေါက်တွေဆိုတော့တာ အဘွားခမျာမှာ ပါးစပ်ကို.အနားမပေးရတော့ဘူး။ ဘဲအုပ်က တစ်ရာ နှစ်ဆာဆိုသလို သူ့ခမျာမှာ အမြင်မတော်တာတွေ့.တိုင်း အမြဲ့ပ်တစီစီကျအောင်ကရားရေလွှတ် ပြောနေရရှာတယ်။ "ပြောပါများရင် မလေးစား" ဆိုသလို ခေတ်ကာလသားသမီးတွေပီပီ မြေးတော် မြေးတော်မတွေက အဘွားပြောသမျှကို မကြားချင်ဟန်ပြုပြီး ရှောင်တိမ်းတတ်ကြတယ်။

ဇရာက စကားပြောလာတော့ သူ သိပ်ချစ်တဲ့ သိမ်ကြီးဈေးက သီးနှံတန်းကို ကျောခိုင်းပြီး သမီးအိမ်မှာ အချိန်ပြည့်နေရတဲ့အတွက် အဘွားခမျာ မှာ ပါးစပ်သေနတ်ကို မနားစတမ်း ပစ်ခတ်နေတော့တယ်။ အသက်ကြီးလာလေ သူ့ဝသီက ပိုဆိုးလာလေပေါ့ ခင်ဗျာ။ သူပြောတာ နားထောင်သလား မထောင်သလား၊ ပြုပြင်သလား၊ မပြုပြင်သလား ဆိုတာထက် အဘွားကတော့ ပြောနေရမှကို ကျေနပ်တတ်သူ ဆိုတော့ကာ ဂျာအေးသူ့အမေရိုက် ထုံးချာကိုလိုက်လို့။

တစ်နေ့မှာပေါ့။ ရင်ခုန်တတ်စ မသဘာဝ မြေးအငယ်မတစ်ယောက် ဟာ အရွယ်မတိုင်သေးဘဲ ဆယ်စား





www.burmeseclassic.com

www.burmeseclassic.com

ခါနေတာကို အဘွားက မမြင်ချင်ဘဲ မြင်နေရတယ်။ ထုံးစံအတိုင်းပြောတော့လည်း အဘွားစကား နားမထောင်ဘဲ လျှာတစ်လစ်လစ်နဲ့လှောင်ပြောင်သေးသတဲ့။ သူ့မြေးမကလေးက မိန်းကလေးတန်မဲ့ အိမ်ရှေ့မျက်စောင်းထိုးက ကောင်လေးကို ဟန်မူပိုပို ခရာနွဲ့တဲ့ လုပ်နေတာကို မြင်ရတော့ အဘွားခမျာ ကြီးစွာသော စိတ်၏ဆင်းရဲခြင်း ဖြစ်ရတယ်။ ဒါနဲ့ပဲ သူ့သမီးကြီးကို တိုင်တော့တာပေါ့။

"အမေရယ် ဒါဟာ လူငယ် သဘာဝပဲဥစ္စာ၊ အမေလဲ ငယ်ရာက ကြီးလာတာပဲ မဟုတ်လား၊ သူတို့ဘာသာ သူတို့ အသိတရားနဲ့ ပြင်သွားပါလိမ့်မယ်၊ အမေသာ ပင်ပန်းရှုံရှိတာပေါ့"

"ဟဲ့ နင်ကပါ သမီးဆတ်စလူး ဘက်က အလိုတူ အလိုပါ အားပေးအားမြှောက်လုပ်နေတယ်၊ ဘာသဘာဝလဲ၊ ဒီလောက် မိန်းမတန်မဲ့ လက်လက်ထနေတာ ကြည့်ကောင်းနေကြသလား၊ ဘယ်လိုအမေမျိုးပါလိမ့်အေ"

အဘွားက အဲဒီလိုပြောတော့ ကျွန်တော့်ကြီးတော်က သူ့အမေရဲ့ ဒေါသကိုသိလို့ စကားနည်းရန်စဲလုပ်ပြီး အသာလစ်ထွက်သွားတယ်။ အဘွားခမျာ မြေးမနိုင် သမီးပြောမရနဲ့ ဆွေ့ဆွေ့ခုန်ပြီး ကျန်ခဲ့တော့တာပေါ့။

ကျွန်တော်တို့အဘွားက ခေသူမှ မဟုတ်တာ။ လွယ်လွယ်နဲ့ဘယ်အလျှော့ပေးပါ့မလဲ။ မိမှန်တဲ့ တစ်မှန်တည်းရှိတယ်။ အဘွားဟာ သူ့မြေးတော်မချုတ်တော်မူခန်းအတွက် နည်းမျိုးစုံသုံးပြီး အကြံထုတ်တယ်။

တစ်နေ့ကျတော့ အဘွားဟာ ဥပုသ်နေ့မို့ သူ ဥပုသ်ယူနေကျ ကျိုက္ကဆံ ရွှေကျင်ကျောင်းတိုက်မှာ တရားနာ သီလယူပြီးအပြန် ဆရာတော်ဟောတဲ့ တရားကနေ ရလာတဲ့ ဖျတ်ခနဲအကြံနဲ့ ဝမ်းသာသွားတယ်။ သူဟာ အဲဒီရလာတဲ့အကြံနဲ့ ကျိုက္ကဆံသုသာန်ထဲ ဝင်လာခဲ့တယ်။

(ယခု ထိုနေရာ မရှိတော့ပါ။)

ညပိုင်း အိမ်မှာ လူစုံတက်စုံရှိနေပြီဆိုတော့မှ အဘွားဟာ သုဂုက်ပြီးယူလာခဲ့တဲ့ ပစ္စည်းကို မြေးတွေရှေ့မှာ ထုတ်ပြလိုက်တယ်။ အဘွားလက်ထဲက အရာကိုတွေ့တော့ တစ်အိမ်လုံး အံ့သြသွားကြတာပေါ့။ မြေးတွေဆိုရင် ရွံလွန်းကြောက်လွန်းလို့ ပွက်ပွက်ညံကုန်ကြတယ်။ သူ့အမေရဲ့ အပြုအမူကို နားမလည်နိုင်ရှာတဲ့ ကျွန်တော့်ကြီးတော်က မေးတော့ အဘွားက "ငါဟဲ့ သိပြီလား" ပုံစံနဲ့ ရင်ကော့ပြီး ပြောလိုက်တယ်။

"ဒီအရိုးခေါင်းခွံဟာ ငယ်ငယ်နဲ့ သေသွားခဲ့ရတဲ့ ကောင်မလေး တစ်ယောက်ရဲ့ ဦးခေါင်းခွံပဲတဲ့၊ စဏ္ဍာလတွေဆီက ခက်ခက်ခဲခဲ တောင်းလာခဲ့ရတာဟဲ့"

"ထို့ . . . အဘွားကလဲ ကျက်သရေမရှိ မင်္ဂလာမရှိ ဘာလို့ ဒါကြီးကို အိမ်ပေါ်တင်လာရတာလဲ၊ ရွံစရာကြီး"

"ဘာရွံစရာကြီးလဲ၊ နင်တို့မှာလဲ ဒီလိုခေါင်းခွံ ရှိကြတာချည်းပဲ၊ သေရင် ညည်းတို့ သိပ်လှပါတယ်၊ သိပ်ချောပါတယ် ပြောပြောနေတဲ့ရုပ်က ဒီလိုဖြစ်သွားမှာ၊ အားလုံး ဒီလိုမျိုးချည်းပဲဟဲ့၊ ဒါနဲ့များအေ ကိုယ့်ကိုယ်ကိုယ် ပြင်ကြဆင်ကြ လိမ်းကြခြယ်ကြ တစ်ဖက်သားမကျ ကျအောင် ဟန်ရေးပြ ကြပစ်ကြနဲ့၊ အဲဒါမှ ရွံဖို့ကောင်းတာ၊ တရားသဘောနဲ့ ပြန်ကြည့်ရင် ဒါဟာ နောက်ဆုံးအဖြစ်ပဲ၊ ဘာလို့ ဒီခေါင်းခွံကြီး ငါယူလာခဲ့သလဲ သိလား"

"ဟင့်အင်း"

"နင်တို့ ကမြင်းချင်စိတ်တွေ လျှော့သွားအောင် ပျောက်သွားအောင် တရားသဘောနဲ့ ဆင်ခြင်ပြီးနေတတ်အောင် ယူလာတာဟဲ့၊ ဒါပဲနော် . . . ကောင်မတွေ ဒီခေါင်းခွံကြီးကို လွှင့်ပစ်မယ် မကြံနဲ့၊ လွှင့်ပစ်ရင် ငါ ဒီအိမ်ကနေ ထွက်သွားမယ်၊ ညည်းတို့ အလှပြင်နေတဲ့ မှန်တင်ခုံပေါ်မှာ ငါတင်ထားမယ်၊ ဒါကို နေ့တိုင်း ကြည့်နေရမှ နင်တို့ရဲ့ ရာဂပိုးတွေ သေကုန်မှာ"

အဘွားရဲ့ ပြင်းထန်လွန်းလှတဲ့ တစ်ချက်လွှတ်အမိန့်ကြောင့် ဘယ်သူမှ ဘာမှမပြောနိုင်တော့ဘဲ မျက်နှာမသာမယာဖြင့် အလျိုလျိုထွက်သွားကြသည်။

စစ်နိုင်သူအပြုံးဖြင့် ခါးထောက်ကာ ကျန်ခဲ့သူက ကျွန်တော်တို့ရဲ့ ဇာတ်လိုက်ကျော်ကြီး အာဂအွားအွားပါပဲ။

မျက်နှာပျက်သွားတဲ့ မြေးတွေထဲမှာ သိသိသာသာ မျက်နှာပျက်သွားသူကတော့ အဘွား အဓိကပစ်မှတ်ထားတဲ့ ဆတ်စလူး မြေးမလေးပါပဲ။ ဒါကိုမြင်တော့ အဘွားက ကျေနပ်စွာ ပြုံးနေလိုက်တယ်။

"နင်တို့လောက်တော့ဟယ် . . ဟင်း မိမှန်တဲ့ တစ်မှန်တည်းရှိတယ်"

❀

"အမယ်လေး ကောင်းကြသေးရဲ့လား အီး ဟီး ဟီး . . . "

တစ်နေ့မနက်မှာ ကျွန်တော့်ကြီးတော် အလန့်တကြား ထအော်ပြီး ငိုလိုက်တဲ့ အသံကြောင့် အိမ်ထဲရှိ မိသားစုဝင်တွေဟာ ပွက်လောရိုက်ကုန်ကြတယ်။

ဘုရားရှိခိုးဖို့ အရှိန်ယူနေတဲ့ အဘွားက ကမန်းကတန်းနဲ့ သူ့သမီးကြီး အိပ်ခန်းထဲ ဝင်သွားတော့ စာရွက်တစ်ရွက်ကို လက်ကကိုင်ရင်း အားပါးတရ ငိုနေတဲ့ သမီးကြီးကို တွေ့လိုက်ရတယ်။

"ဟဲ့ ဟဲ့ မိုးမလင်းသေးဘူးဟယ်၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ ပြောစမ်းပါအေ၊ ငါ ရင်တွေတုန်လိုက်တာ"

"ဘာရမှာလဲ အမေရဲ့၊ အမေ့ရဲ့ မြေးမလေး အမေကြည့်မရတဲ့ အချစ်ဆုံး မြေးမလေးလေ"

"အေးလေ အဲဒါဘာဖြစ်လို့လဲ"

"လင်နောက်လိုက်သွားပြီ အမေရဲ့၊ ဟောဒီမှာ စာရေးထားခဲ့တယ်"

"အလို ဘုရားရေ ဟုတ်ပါ့မလား အေ"

"မဟုတ်ဘဲ အရှက်ရအောင် အော်ငိုနေပါ့မလား အမေရဲ့၊ ဒါ ကဏ္ဍး





www.burmeseclassic.com

www.burmeseclassic.com



တာမှ မဟုတ်တာ၊ ဟောဒီမှာ အမေ့မြေး ရေးခဲ့တဲ့စာ"

"ပြစမ်းဟာ၊ ငါမှ စာမဖတ်တတ်တာ၊ ဘာများရေးထားလဲ၊ ဖတ်ပြကြစမ်း"

"သို့ ဘွားဘွားနဲ့ မေမေ၊ သမီး ရှိသေစွာ စာရေးခဲ့တယ်၊ သမီးမိုက်ကို ခွင့်လွှတ်ကြပါ၊ သမီးလေ မနေနိုင်တော့တာနဲ့ အိမ်ရှေ့က ကိုလင်း ခေါ်ရာနောက် လိုက်သွားခဲ့ပါပြီ၊ ဒီအတွက် အဘွားကိုကျေးဇူးတင်ပါတယ်"

"အလိုတော် သူလင်နောက်လိုက်သွားတာ ဘယ့်နှယ် ငါ့ကို ကျေးဇူးတင်ရတာလဲ"

"စာကို ဆုံးအောင် ဖတ်ပြပြီးမှ အမေပြော"

"အဘွားရဲ့ ကျေးဇူးကြောင့်သမီး အချိန်မီ အသိတရားရသွားခဲ့တာပါ၊ အဘွားယူလာပြီး တင်ထားတဲ့ လူအရိုးခေါင်းခွံကြီးကိုကြည့်ပြီး သမီး သံဝေဂရမိတယ်၊

ငါလဲ ဒီလိုဖြစ်ရမှာ၊ သေခြင်းတရားဆိုတာ အရွယ်သုံးပါးနဲ့ ကာလအချိန်ရွေးတာ မဟုတ်ဘူး၊ တစ်နေ့ကျရင် မလွဲမသွေ သေကြရမယ့်အတူတူ သီးကင်းပြိုက်ပြိုက် အချိန်မတန်ဘဲ မသေချင်ဘူး၊ လောကရဲ့ သုခတွေကို အားပါးတရ ခံစားသွားချင်သေးတယ်၊ ဒါကြောင့် မသေခင် ဒီလိုအရိုးခွံဘဝ မရောက်ခင် အချိန်ရှိတုန်း လူ့ဘဝရဲ့ သုခချမ်းသာကို မြန်မြန်ခံစားမှဆိုတဲ့ အသိတရားရပြီး အခုလို ကောက်ကာငင်ကာ သူခေါ်ရာနောက် လိုက်သွားခဲ့တာပါ၊

ဘွားဘွား အချိန်မီ ညွှန်ပြခဲ့လို့ သမီး အခုလို ဆုံးဖြတ်ချက်ချဖြစ်ခဲ့တာမို့ အဘွားကို အမိကထား ကျေးဇူးတင်ရခြင်း ဖြစ်ပါတယ်၊

ဘွားဘွားရေ တာ့ တာ . . . ဂွတ်ဘိုင် . . ." တဲ့။

သမီးကြီး၏ စာအဆုံးတွင်မူကား ဘွားဘွားဒေါ်မှုန်သည် ဘာမှ မပြောနိုင်တော့ဘဲ တဂစ်ဂစ်ဖြင့် အမြှုပ်တစီစီထွက် တက်ချက်ကာ လဲကျမေ့မြောသွားပါလေတော့သတည်း။

❁

ထိုနေ့ နေ့လယ်မှာပင် အဘွားသည် အိတ်တစ်လုံးကိုဆွဲ၍ ထွက်သွားပါလေတော့သည်။

မိုးစုံးစုံးချုပ်မှ အိမ်သို့ လက်ချည်းဗလာ ပြန်လာခဲ့သည်။

ထိုနေ့ ထိုရက်မှစ၍ အဘွားကွယ်လွန်သည့်နေ့တိုင်အောင် အဘွားကောက်ယူလာခဲ့သော သတိသံဝေဂသင်္ကေတ လူ့အရိုးခေါင်းခွံကိုသော်လည်းကောင်း၊ အဘွားထံမှ မြည်တွ[illegible] တောက်တီး ဆုံးမသြဝါဒ စကားတို့[illegible] သော်လည်းကောင်း မြေးဆယ်ယော[illegible] တို့သည် တစ်လုံးတစ်ပါဒမျှ မကြား[illegible] တော့ပါဟု ဆိုပါသည်။

ပစ်ချက်မှားသွားသော အဘွား[illegible] အား သတိတရဖြင့် မြေးဖြစ်သူ [illegible] တော်မှ အမှတ်တရ မှတ်တမ်း[illegible] လိုက်ရပါသတည်း။


❐ စောနိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးချင်စရာ ဟာသများ




ရွှေကြည်ကို

## အကျိုးကျေးဇူး

အရက် လုံးဝမသောက်တတ်သော ပက်အား မစ်ကီက ပြောသည်။

"အရက်ဆိုတာ တစ်ခွက် ဝင်သွားတာနဲ့ ၁၀ နှစ်လောက်ငယ်သွားတယ်လို့ ခံစားရတယ်ကွ"

ထိုအခါ ပက်က . . .

"ဒီဆိုရင် နှစ်ခွက်လောက် ဝင်သွားရင်ကောကွာ"

"နှစ်ခွက်ဆိုရင်တော့ လူသစ်တစ်ယောက်လို ဖြစ်သွားတယ်လို့ ခံစားရမယ်"

"သုံးခွက်ဆိုရင်ကောကွာ"

"ကလေးငယ်လေး ဘဝကို ရောက်သွားတယ်လို့ ခံစားရမယ်"

ထိုနေ့ ညနေတွင် ပက်သည် အိမ်အရောက် ဝမ်းလျားထိုး၍ ပြန်သွားလေတော့သည်။

*

## ကျန်သေးတယ်

ရှေ့နေတစ်ယောက်သည် ပြစ်မှုကြီးတစ်ခုနှင့် မကြာခင်ကမှ ထောင်ဒဏ်တစ်သက် ချမှတ်ခံရသော အမှုသည်ကို ထောင်ဝင်စာသွားတွေ့သည်။

ရှေ့နေက သူ့အမှုသည်အတွက် သူကြိုးပမ်းဆောင်ရွက်ခဲ့သမျှကို အခုလို ရှင်းပြသည်။

"ကျွန်တော် အောက်ရုံးမှာ အသနားခံလွှာ တင်ခဲ့တယ်၊ ဒါပေမဲ့ အပယ်ခံရတယ်၊ ပြီးတော့ ပြည်နယ်တရားရုံးမှာ အသနားခံလွှာ ထပ်တင်တယ်၊ အဲဒီမှာလဲ ပယ်ချခံရတယ်၊ ပြီးတော့ တရားရုံးချုပ်မှာ အသနားခံလွှာတင်တယ်၊ အပယ်ခံရတာပဲ၊ နောက်ဆုံး အနေနဲ့ လွန်ခဲ့တဲ့ အပတ်ကလဲ တရားလွှတ်တော်ချုပ်မှာ အသနားခံလွှာ တင်ခဲ့တယ်၊ ဒါပေမဲ့ အဲဒီမှာလဲ ပယ်ချခံခဲ့ရတယ်"

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

တုန်လှုပ် ချောက်ချားနေတဲ့ အကျဉ်းသားက . . .

"ဒါဆို ကျွန်တော့်အတွက်လဲ လုပ်ပေးနိုင်တာက တစ်ခုခုတော့ ကျန်ဦးမှာလားဗျာ"

ရှေ့နေက ခပ်တိုးတိုးပြောလိုက်သည်။

"လုပ်စရာ တစ်ခု ကျန်သေးတယ်"

ပြီးတော့ သူ့ရဲ့ လျှို့ဝှက်စွာ ယူဆောင်လာခဲ့သောသံဖြတ်လွှကလေးကို သတိကြီးစွာနှင့် ထုတ်ယူလိုက်ပြီး အကျဉ်းသားဆီကို ထိုးပေးလိုက်ရင်း တိုးတိုးပြောလိုက်သည်။

"နောက်ဆုံးလုပ်ပေးဖို့ ကျန်တဲ့ ကိစ္စကတော့ ခင်ဗျား အချုပ်ခန်းထဲက သံတိုင်တွေပဲ"

*

## တကယ့်ယာဉ်မောင်း

နိုင်ငံရေး ခေါင်းဆောင်ကြီး 'ဂေါ်ဘာချက်'သည် နာရီကို တကြည့်ကြည့် လုပ်နေသည်။ သူ့ဒရိုင်ဘာကမူ ကားကို ဖြည်းဖြည်းမှန်မှန် မောင်းနေသည်။ ထို့ကြောင့် 'ဂေါ်ဘာချက်'သည် ဒရိုင်ဘာကို သူ့နေရာမှာ လာထိုင်စေပြီး သူကိုယ်တိုင် ကားမောင်းတော့သည်။ အရေးကြီးသော အစည်းအဝေးမမီမှာ စိုးသောကြောင့် ကားကို အမြန်မောင်းလာသည်။

မိုင်ပိုမောင်းသောကြောင့် တစ်နေရာအရောက်တွင် ရဲအရာရှိက ကားကိုတားစေပြီး ကားဒရိုင်ဘာကို ဒဏ်ငွေဆောင်စေရန်အတွက် တပည့် တစ်ယောက်အား ကားဆီ လွှတ်လိုက်လေသည်။ တပည့်က ကားနားကို လျှောက်သွားပြီး ဘာမှမလုပ်ဘဲ ပြန်လှည့်လာသည်။ ရဲအရာရှိက . . .

"ဘယ်လိုဖြစ်တာလဲကွ"

"ဒီလိုပါဆရာ၊ ကားပိုင်ရှင် ဟာ တကယ့်ကိုအရေးပါ အရာရောက်ပုံရတဲ့ ပုဂ္ဂိုလ်ကြီး ဆရာရဲ့"

"မင်းက အဲဒီလို ဘာကြောင့် ထင်ရတာလဲ၊ အဲဒီလူက ဘယ်သူမို့လို့လဲ"

"အဲဒီလူက ဘယ်သူလဲဆိုတာတော့ ကျွန်တော် မသိဘူးဆရာ၊ သူ့ဒရိုင်ဘာကတော့ ခေါင်းဆောင်ကြီး 'ဂေါ်ဘာချက်' ကိုယ်တိုင်ပဲ ဆရာရဲ့"

*

## ဆုတောင်းနေတာ

နိုင်ရိုဘီ တော်ဝင်ဂေါက်ကွင်းတွင် ဂေါက်ရိုက်ဖို့ဆိုသည်မှာ ဂေါက်သမားများအဖို့ အတော်ကြီး စွန့်စားရသည်။ အဘယ်ကြောင့်ဆိုသော် သုံးဖက်သုံးတန်ကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့ကြိုးဝိုင်းများက ပတ်ဝိုင်းထားလေရာ တောရိုင်းတိရစ္ဆာန်များသည် ဂေါက်ကွင်းအတွင်း ဝင်ပြီး သဘာဝအလျောက် နှစ်သက်ရာ အစားအစာဖြစ်သော မြက်ကိုသော်လည်းကောင်း၊ လူကိုသော်လည်းကောင်း စားသောက်တတ်သောကြောင့် ဖြစ်သည်။

ဘာသာရေး ကိုင်းရှိုင်းလှသော ပုဂ္ဂိုလ်တစ်ဦးက ဂေါက်သီးကို လွဲရိုက်လိုက်ရာ ထောင်တက်ပြီး တောထဲကို ဝင်သွားတော့သည်။ တွေ့ပါစေဟု ဆုတောင်းရင်း ဂေါက်သီးကို လိုက်ရှာရာ တွေ့ရသည်။ ဆာလောင်နေရသော ခြင်္သေ့ကြီး တစ်ကောင်၏ ရင်ဘတ်အောက်မှာ ဖြစ်သည်။

ဂေါက်သီးသမားက တုန်တုန်ယင်ယင်ဖြင့် ဒူးထောက်ကာ ဘုရားရှိခိုးပြီး ဆုတောင်းသည်။ အံ့သြဖွယ်ရာပင် ခြင်္သေ့ကြီးကလည်း ဂေါက်သမားလိုလိုက်၍ ဒူးထောက်သည်။

ဂေါက်သမားက ဝမ်းသာအားရဖြင့် . . .

"ကျေးဇူးတော်ကြီးပါပေ့၊ ခြင်္သေ့ကြီးကလဲ ဘာသာရေးသမားကိုး"

"ဝေါင်း. . . တိတ်တိတ်နေစမ်း ငါက အစာမစားခင် ဆုတောင်းနေတာ"

*

## သူ့အပိုင်

မူးနေသော လူတစ်ယောက်သည် အရက်ဆိုင်တစ်ခုသို့ ဝင်သွား... ကာ. . .

"ကျုပ်ကို ဝီစကီ နှစ်ပက်"

"ခင်ဗျား မူးနေပြီပြန်တော့" ဟု ကောင်တာစာရေးက ပြောလိုက်သည်။

အမူးသမားသည် ဆိုင်ထဲမှ ပြန်ထွက်သွားပြီး မကြာခင် ထိုဆိုင်ကို ပြန်ရောက်လာပြန်သည်။ ထုံးစံအတိုင်း . .

"ကျုပ်ကို ဝီစကီ နှစ်ပက်"

"ခင်ဗျား မူးနေပြီ ပြန်တော့" ဟု ကောင်တာစာရေးက ဆိုပြန်သည်။

ထိုအခါ အမူးသမားက. . .

"နေစမ်းပါဦး၊ ဒီတစ်မြို့လုံးက အရက်ဆိုင်တွေအားလုံး ခင်ဗျား တစ်ယောက်တည်း ပိုင်တာလားဗျ"

*

## မျက်လုံးပါတယ်

အလွန်ဆော့တတ်သော သား... ငယ်သည် အမေဖြစ်သူ၏ ဆံပင်များ... ဖြေချကာ တစ်စုံတစ်ခုကို သဲကြီးမဲကြီး ရှာဖွေနေသဖြင့် မိခင်က. . .

"ဟဲ့ သား ဘာရှာနေတာလဲ မေမေ့ခေါင်းမှာ သန်းမရှိပါဘူး"

"ဟာ မေမေကလဲ သား သန်း ရှာနေတာ မဟုတ်ဘူး၊ မျက်လုံးရှာနေတာ၊ ခေါင်းနောက်မှာ ရှိတယ်ဆိုလို့"

"ပေါက်ပေါက်ရှာရှာ သားရယ် ဘာလို့ ခေါင်းနောက်မှာ မျက်စိရှိရမှာလဲ"

"ဟာ မေမေကလဲ သားကို ထိန်းနေတဲ့ အစ်မကြီးကို ဖေဖေ ပြောနေတာ ကြားလိုက်တယ်၊ နင့်အစ်မ နောက်စေ့မှာ မျက်လုံးပါတယ်၊ သတိထား၊ သူမရှိဘူးသေချာမှ ငါ့အခန်းထဲ လာခဲ့လို့ ပြောလို့ပါ"

□ နီထွေး...



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

## ဗစ်တိုးရီးယားဘုရင်မ၏ အဖြေ



အင်္ဂလန်နိုင်ငံ၏ ဘုရင်မကြီး ဗစ်တိုးရီးယားသည် သူမ၏ ကြင်ရာတော် မင်းသားကြီး အလ်ဘတ်ကို ဒေါသထွက်မိသည်။ မင်းသားကြီး အလ်ဘတ်သည် မည်သို့မျှ နှုတ်တုံ့ပြန်ခြင်းမပြုဘဲ သူ၏အခန်းသို့သွားပြီး အခန်းထဲဝင်၍ တံခါးကို ပိတ်ထားလိုက်သည်။ ဒေါသဖြစ်နေသော ဗစ်တိုးရီးယားဘုရင်မသည် သူ့နောက်သို့ ဘောက်ဘောက် ဘောက်ဘောက်ဖြင့် လိုက်သွားပြီး တံခါးကို ထုလိုက်သည်။

"ခုချက်ချင်း တံခါးဖွင့်စမ်း"

ဘုရင်မကြီးက အမိန့်ပေးလိုက်သည်။ အထဲမှ တုံ့ပြန်သံ ပေါ်မလာချေ။ သူမက တံခါးကို ခပ်ဆတ်ဆတ်ထပ်ခေါက်လိုက်သည်။

"ဘယ်သူလဲ"

မင်းသားကြီး အဲလ်ဘတ်က အထဲမှပြန်အော်သည်။

"အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီး"



ဗစ်တိုးရီးယားဘုရင်မက ဖြေလိုက်သည်။ တံခါးက ပိတ်မြဲပိတ်လျက်။ ဤ တစ်ကြိမ်တွင်မူ ဘုရင်မကြီးက ခပ်ရွရွ ခေါက်လိုက်သည်။ သို့တိုင်အောင် အထဲမှ ပြန်မထူးသေး။ အတော်လေးကြာမှ သူမက ညင်သာတီးတိုးစွာ ပြန်ပြောလိုက်သည်။

"ရှင့်မယား တံခါးခေါက်နေတယ်လေ အဲလ်ဘတ်ရဲ့"

မင်းသားကြီးအဲလ်ဘတ် တံခါးကို ချက်ချင်းဖွင့်လိုက်သည်။ သူ့မျက်နှာမှာ စပ်ဖြဲဖြဲဖြင့်။

ကိုတိုး (ရန်ကင်း)

## ဂျွန်ဘယ်ရီမိုး

ဂျွန်ဘယ်ရီမိုးသည် သရုပ်ဆောင်မင်းသားအဖြစ် စတင်အောင်မြင်လာချိန် တွင် နယူးယောက်မြို့ ဂရင်းဝိခ်ရပ်ကွက် တိုက်ခန်းတစ်ခန်းငှားရမ်း၍ ပရိဘောဂ များ ဖြည့်တင်းခဲ့သည်။ သူသည် တိုက်ခန်း၏ ခေါင်မိုးထက်တွင် ဥယျာဉ်လေး တစ်ခုပင် တည်လိုက်သေးသည်။ ထိုသို့ ဥယျာဉ်တည်နိုင်ရန်အတွက် ခေါင်မိုးထက် သို့ မြေကြီး တန်ပေါင်းများစွာ တင်ခဲ့ရသည်။ ထိုသို့ ဥယျာဉ်တည်ပြီး မကြာခင်မှာမှ ထိုကိစ္စကို အိမ်ပိုင်ရှင်က သိသွားသည်။



"ခင့်ဗျား ဘယ်လိုလုပ်တာလဲ၊ ဒီခေါင်မိုးက ဒီလောက်အလေးဒဏ်ကို မခံနိုင် ဘူး ပြိုကျလိမ့်မယ်"

အိမ်ရှင်က ထိတ်လန့်တုန်လှုပ်စွာ ပြောလိုက်သည်။

"ခင်ဗျား သေချာရဲ့လား"

"သေချာတာပေါ့ဗျ၊ ခင်ဗျား ဒီကိစ္စ ဘယ်လိုလုပ်မလဲ"

ဤတွင် ဘယ်ရီမိုးက ပြတ်ပြတ်သားသား တုံ့ပြန်လိုက်သည်။

"ဘယ်လိုလုပ်ရမှာလဲဗျ၊ ကျုပ် ပြောင်းမှာပေါ့၊ ဒီလိုအန္တရာယ်ရှိတဲ့ အဆောက် အအုံမှာ ကျုပ် ဆက်နေရမလားဗျ"

ကိုတိုး (ရန်ကင်း)



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ပါဟား ဟာသများ



## ဘယ်လိုဘင်ရေပို့

ကားမောင်းသင်တန်း တစ်ခုတွင် . . .

ဆရာ - လူလေး ဒါက ဂီယာလီဗာ၊ အောက်မှာ ဘရိတ်၊ ဟိုဘက်က အရှိန်မြှင့်ခလုတ်၊ အပေါ်ကဟာက ကလပ်၊ ကဲ . . . မှတ်မိပြီလား။

သင်တန်းသား - ဆရာ ကျွန်တော့်ကို ကားမောင်းရင် တစ်ကြိမ်မှာ တစ်မျိုးသာ သင်ကြားပေးပါ ဆရာ။

မောင်ခေတ်ထွန်း



## ကောင်းလိုက်တဲ့အဖြေ

ပေါင်မုန့်ဖို တစ်ခုတွင် . . .

ဖိုမင် - ဟိုမှာကြည့်စမ်း၊ ပေါင်မုန့်ဗန်းတွေကို မုန့်ဖုတ်ဖိုဆီ နှစ်ခုစီ နှစ်ခုစီ သယ်သွားနေကြတယ်၊ မင်းက ဘာဖြစ်လို့ တစ်ဗန်းတည်း သယ်တာလဲ။

အလုပ်သမား - အဲဒီလူတွေက လူပျင်းတွေပါ၊ နှစ်ကြိမ် နှစ်ခါသွားရမှာကို ပျင်းလို့ တစ်ကြိမ်တည်းနဲ့ နှစ်ခုစီ သယ်သွားနေကြတာပါ။

မောင်ခေတ်ထွန်း

## လွဲချက်ကနာ

သင်္ချာဘာသာ သင်တန်းတစ်ခုတွင် . . .

ဆရာ - တပည့် . . . တပည့်မှာ ငွေနှစ်ပေါင်ရှိပြီး တပည့်က တပည့်အဖေဆီမှာ နှစ်ပေါင်တောင်းရင် တပည့်မှာ ဘယ်နှပေါင်ရှိလာမလဲ။

တပည့် - နှစ်ပေါင် ရှိမှာပါ။

ဆရာ - လေးပေါင် ရှိမှာပေါ့။

တပည့် - ကျွန်တော့်အဖေအကြောင်း ကျွန်တော် သိပါတယ်ဆရာ။ ကျွန်တော့်အဖေက မုန့်ဖိုး နှစ်ခါထပ်မပေးပါဘူး။

မောင်ခေတ်ထွန်း



## သူပြောလို့ပါ

ဆိုင်ပိုင်ရှင် - စားသုံးတဲ့သူနဲ့ အငြင်းမပွားရဘူးဆိုတာ မသိဘူးလား။ ဒီမှာ ချမှတ်ထားတဲ့မူကို သိတယ်နော်။ စားသုံးသူဆိုတာ အမြဲမှန်ကန်တယ်။

ဝန်ထမ်း - ကျွန်တော် သိပါတယ်။ သူက သူမှားပါတယ်လို့ အတင်းပြောနေလို့ပါ။

မောင်ခေတ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# အောင်မေတ္တာစိတ် ကူညီလိုစိတ်

# ပရိတ်တော်များရွတ်ကြစို့

မင်းကြော့ရှိန်



ဒုတိယစစ်အတွင်း ဂျပန်ခေတ် မူလတန်းကျောင်းသား လူမမည်ဘဝ၌ ဘုန်းကြီးကျောင်းသားအဖြစ် ရောက်ရှိသည်မှာ စာရေးသူတို့အဖို့ ဘာသာသာသနာ အခြေခံရရှိခဲ့သည်ဟု ယူဆပါသည်။

စစ်အတွင်း အစိုးရကျောင်းများ မဖွင့်တော့ဘဲ အ၊ အိ၊ အု၊ အဲ၊ နော ဟူသော ဂျပန်ဘာသာသင်ကျောင်းများ စတင်ဖွင့်လှစ်ရာတွင် စာရေးသူ၏ ကျေးရွာရှင် မိဘများက ဂျပန်စာသင် ကျောင်းများ၌ မထားဘဲ ရွာဦးကျောင်း ဆရာတော် ဦးမာလာလင်္ကာရ၏ ဘုန်းတော်ကြီးကျောင်း၌ထား၍ စာသင်ကြားစေပါသည်။

ထိုအချိန်က ဘုန်းတော်ကြီးထံတွင် ရှိသော ဆယ်စောင်တွဲ စာအုပ်ကို လက်ကိုင်ပြု၍ သင်ကြားခဲ့ရပါသည်။ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိနှင့် ပရိတ်တော်များ ပါရှိသော စာအုပ်ဖြစ်ပါသည်။ ၎င်းတို့ကို အလွတ်ကျက်၍ ဆရာတော်ထံတွင် အာဂုံပြန် ရွတ်ဆို လျှောက်ထားရပါသည်။

လေးငါးခါမျှ ထစ်အ,နေ၍ ဆရာတော်က ထောက်ပေးရလျှင် မရသေးဟုယူဆကာ ထပ်မံကျက်မှတ်ရပါသည်။

အထောက် အမ, မရှိမှ ရှေ့ဆက်တက်ရပါသည်။

ဆယ်စောင်တွဲစာအုပ်မှ ပရိတ်တော်သုတ်များအရောက်တွင် အထစ်အငေါ့မရှိဘဲ ရွတ်ဆိုနိုင်သူ ကျောင်းသားများကို ဆရာတော်မှ ဆုချလေ့ ရှိပါသည်။ တစ်ခါတစ်ရံ ကျောင်းတွင် အလှူအတန်းများရှိ၍ ပရိသတ် အများအပြား လာရောက်ချိန်တွင် ရေစက်ချတရားမနာမီ ပရိတ်တော်များ အလွတ်ရသော ကျောင်းသားများကို ခေါ်ယူ၍ ပရိတ်တော်များ ရွတ်ဆိုစေပြီး ပရိသတ်ထံမှ ဆုများ ပေးစေပါသည်။

ဒီအခါတွင် ပရိတ်ကြီး (၁၁) သုတ်ကိုအလွတ်ရနေသော စာရေး သူ မူလတန်းအရွယ်ကျောင်းသား လေးမှာ ပရိသတ်ရှေ့မှောက်တွင် မကြာခဏ ရွက်ဆိုခဲ့ရပါသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓ၏ ပရိတ်တော်များနှင့် စာရေးသူ စွဲလမ်းခဲ့ရပါသည်။

ငယ်ရွယ်စဉ်အခါက ပရိတ်တော်များ ရွတ်ဆိုခဲ့စဉ် ဆရာတော်ဘုန်းကြီး သင်ကြားခဲ့သည့်အတိုင်းသာ ရွတ်ဆိုခဲ့သော်လည်း ပရိတ်တော်များ၏ အနက်အဓိပ္ပာယ်တို့ကို (အနက်ပြန်ကို အရကျက်မှတ်ရသည့်တိုင်) သေချာဂနမသိခဲ့ပါ။ ဒီအတိုင်းသား ရွတ်ဆိုခဲ့ပါသည်။

ဆယ်စောင်တွဲတွင် ပါရှိသော ပရိတ်တော်များကို အရကျက်မှတ်ခဲ့ရသည့်အတိုင်း အသက်အရွယ်ရသည့်တိုင် စိတ်တွင် စွဲမြဲမှတ်မိနေပါသည်။ အလွတ်ရ၍ မှတ်မိရွတ်ဆိုရသည်ကိုပင် နှစ်သက် အားရဝမ်းသာ ကြည်ညိုရပါသည်။

သို့ရာတွင် အသက်အရွယ် တဖြည်းဖြည်းရလာပြီး ဘာသာရေး





www.burmeseclassic.com

www.burmeseclassic.com

စာပေများ လေ့လာဖတ်ရှုသောအခါ တွင် ပရိတ်တော်များကို ရွတ်ဆိုကြည် ညိုရာ၌ အနက်အဓိပ္ပာယ်များကို သိရှိ သဘောပေါက်နှလုံးသွင်းခြင်းနှင့် သတိ ကပ်၍ ရွတ်ဆိုခြင်းတို့ အရေးပါကြောင်း သိလာရပါသည်။

ထို့ပြင်လည်း ပရိတ်တော် ရွတ် ဆိုသူ၌ အင်္ဂါသုံးပါး ပြည့်စုံခြင်းနှင့် ပရိတ်တော် နာယူ ကြည်ညိုသူတို့၌ အင်္ဂါသုံးပါးတို့ ပြည့်စုံရမည်ကိုလည်း သိရှိလာပါသည်။

ပရိတ်ရွတ်သူ၌ ရှိရမည့် အင်္ဂါ များကို အမျိုးမျိုး ပြခဲ့ကြသော်လည်း ပါတိကအဋ္ဌကထာ အာဋာနာဋိယသုတ် (၁၄၉) တွင် အောက်ပါအတိုင်း ပါရှိ ပါ၏။

(၁) အနက်သဒ္ဒါကို သုတ်သင်၍ ကောင်းစွာသင်ယူထားခြင်း။

(၂) ပုဒ်ဗျည်းတို့ကို မယုတ်စေရ ပြည့်စုံအောင် လေ့လာ ကျက် မှတ်ထားခြင်း။

(၃) လာဘ်လာဘကိုမငဲ့ မေတ္တာ ရှေ့ထား၍ ရွတ်ဆိုခြင်း။

အထက်ဖော်ပြပါ အချက်သုံး ချက်ဖြင့်ပင် ပရိတ်တော်ရွတ်ဆိုသူ၏ အင်္ဂါရပ်များ ပြည့်စုံမှုကြောင့် ပရိတ် တော်၏ အကျိုးအာနိသင် ရရှိမည် ဖြစ်ပါသည်။

ပရိတ်တော်ရွတ်ဆိုသူ၏ အင်္ဂါ ရပ်များ ပြည့်စုံရသကဲ့သို့ ပရိတ်တော် နာယူသူများလည်း အောက်ပါ အင်္ဂါရပ် များ ပြည့်စုံသင့်သည်ဟူ၍ မိလိန္ဒပဉှာ (၁၅၅)တွင် ပါရှိသည်။

(၁) ပဉ္စာနန္တရိယ ကံမရှိခြင်း။

(၂) နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း။

(၃) ပရိတ် တန်ခိုးကို ယုံကြည်ခြင်း။

ပရိတ်တော် ရွတ်ဆိုသူများနှင့် နာယူသူများသည် ဖော်ပြပါ အင်္ဂါရပ် များနှင့် ပြည့်စုံပါက ပရိတ်တော်၏ အကျိုးကျေးဇူးများ ထင်ရှားစွာ ခံစား ရရှိကြမည် ဖြစ်ပါသည်။

ပရိတ္တ ဟူသော ပါဠိစကားမှ ပရိတ်ဟူသော စကားဖြစ်လာပြီး အရံ အတားဟု အနက်ရပါသည်။

သို့ဖြစ်ရာ ဘေးရန်အန္တရာယ် အသွယ်သွယ်ကို ကာကွယ်တားဆီးပြီး စိတ်နှလုံးချမ်းမြေ့မှုကို ပေးစွမ်းနိုင်ပါ သည်။

သို့ရာတွင် ပရိတ်တော်များ ရွတ်ဖတ်ခြင်း၊ နာယူခြင်းနည်းလမ်း တကျ မရှိပါက ရရှိနိုင်သော အကျိုး ကျေးဇူးများ ဖြစ်ထွန်းမည် မဟုတ်ပါ ချေ။ ဆိုခဲ့သည့်အတိုင်း ရွတ်ဆိုသူ နာယူ သူတို့ အင်္ဂါရပ်များ ပြည့်စုံခြင်းနှင့်အတူ ပရိတ်တော်များ၏ အနက်အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝ သိရှိကြပြီး ရွတ်ဆိုနာယူ နေစဉ် အတောအတွင်း အသိတရား ကပ်ပါပြီး ဗုဒ္ဓကို အာရုံပြု ကြည်ညို ပါက မချွတ်မလွဲ အကျိုးအာနိသင်များ ရရှိမည် ဖြစ်ပါသည်။

မိလိန္ဒပဉှာ အဘေဇ္ဇဝဂ် ပစ္စုပါ သမုတ္တိပဉှာတွင် ပရိတ်ရွတ်ခြင်း၏ အကျိုးကို အောက်ပါအတိုင်း ဖော်ပြ ထားပါသည်။

* ပရိတ် အရံအတားပြုထားသော သူကို ကိုက်လိုသော မြွေသည် မကိုက်ဝံ့။
* ဟင်းလင်းပွင့်သော မြွေခံတွင်း သည် ပိတ်၏။
* ခိုးသူတို့၏ မြှောက်ချီရွယ်မိုး ထားသောတင်းပုတ်သည်လည်း (ရိုက်ပုတ်ရန်) မဖြစ်မြောက်နိုင်။
* ထိုတင်းပုတ် ကိုင်သူတို့သည် တင်းပုတ်ကို လွှတ်ချကုန်ပြီး လျှင် ချစ်ခင်ကြကုန်၏။
* အမျက်ထွက်သော ပြောင်ကြီး သည်လည်း (ထိုးအံ့သောငှာ) လာပြီး၍ ကြဉ်ဖဲလေ၏။
* ပြောင်ပြောင်တောက်သော မီးပုံ ကြီးသည်လည်း အနီးသို့ရောက် လာ၍ ငြိမ်း၏။
* ခဲစားအပ်သော လတ်တလော သေစေတတ်သော အဆိပ် အတောက်သည်လည်း ဆေး ဖြစ်၍ အာဟာရ အကျိုးငှာ ပျံ့နှံ့၏။
* သူသတ်တို့သည် သတ်လိုကုန် သည်ဖြစ်၍ အနီးသို့ ရောက် လတ်သော် ကျွန် အဖြစ်သို့ ရောက်လတ်ကုန်၏။
* နင်းမိသော ကျော့ကွင်းသည် လည်း မဖွဲ့မိ။

ဤသို့ဆိုလျှင် ပရိတ် အရံ အတားပြုကြသူ ပရိတ်တော်များ ရွတ် ဆိုသူ နာယူကြည်ညိုသူများအတွက် ယုံကြည် အားရဖွယ်ရာ အချက်များ ဖြစ်ပါသည်။

ပရိတ်တော်များကို ရှေးရှေး သော ဆရာတော်ကြီးများက "ဗုဒ္ဓမန္တန်" ဟူ၍လည်း အမိန့်တော်များရှိခဲ့ပါသေး သည်။

မြတ်စွာဘုရားသခင် ထင်ရှား ရှိစဉ်ကစ၍ ခေတ်အဆက်ဆက် ရွတ် ဖတ်သရဇ္ဈာယ်ခဲ့သော ဗုဒ္ဓမန္တန် ဓမ္မကွန် ပရိတ်တော်များသည် ရောဂါဘေးဆိုး အမျိုးမျိုးသော အန္တရာယ်တို့ကို ကာ ကွယ်တားဆီးသည်သာ ဖြစ်ပါသည်။ ရွတ်ဆို သရဇ္ဈာယ်ရုံမျှမက ကျင့်ကြံ အားထုတ်ကြရမည်ဖြစ်သော တရား အဆီအနှစ်လည်း ဖြစ်ပါသည်။

သို့ဖြစ်ရာ ကောင်းမှုကုသိုလ် ရရှိစေသောအကြောင်း ဟိတ်ကုသိုလ် စိတ် အရင်းခံ၍ မေတ္တာအရင်းခံ နှလုံး သွင်း မှန်ကန်စွာဖြင့် ဗုဒ္ဓပရိတ်တော် များကို ရွတ်ဆိုကြည်ညိုကြပါစို့ ဟူ၍ တိုက်တွန်းအပ်ပါသည်။

❐ မင်းကြော့ရှိန်



www.burmeseclassic.com

www.burmeseclassic.com

# ဥစ္စာ စီးပွား ကြီးပွားတိုးတက်ကြောင်း ဂါထာ

မောင်သိဒ္ဓိ

တစ်နေ့ ကျွန်ုပ်ထံ မသီတာမြင့် ရောက်လာသည်။ မသီတာမြင့်သည် အသက်(၄၀)ကျော်ခန့်ရှိပြီး ရန်ကုန်မြို့ ဘုရားတစ်ဆူတွင် ပန်းရောင်းနေသူဖြစ်သည်။ ကျွန်ုပ်နှင့် တစ်ရပ်ကွက်တည်းသားများ ဖြစ်ကြသည်။

သူမသည် ဘာသာရေးလိုက်စားသည်။ ကိုယ်တိုင်လည်း ဒါန၊ သီလ စသည့်ကုသိုလ်ကောင်းမှုများ မကြာခဏ ဆိုသလို ပြုလုပ်နေသူ ဖြစ်သည်။ သူမရဲ့အိမ်တွင် အလှူတစ်ခုခုပြုလုပ်တိုင်း ကျွန်ုပ်အား အမြဲဖိတ်သည်။ ဘာသာရေးဆိုင်ရာ စာပေများကိုလည်း လေ့လာလိုက်စား ဖတ်ရှုသည်ကို ကျွန်ုပ် သိရှိရသည်။ သိချင်တာရှိရင်လည်း ကျွန်ုပ်အား မေးလေ့ရှိသည့်အပြင် မည်သူမဆိုကိုလည်း (ရဟန်းသံဃာ အပါအဝင်) မေးတတ်သည်။

သူမသည် ဘုရားမှာ ပန်းရောင်းရင်း စားဝတ်နေရေးအတွက် ခင်ပွန်းအား အထောက်အကူပြုနေသူလည်း ဖြစ်သည်။

"ဒိဝါတပတိ" သဗ္ဗဇယမင်္ဂလာဂါထာကိုလည်း တစ်နေ့နှစ်ကြိမ် ရွတ်ဖတ်ပူဇော်သည်ကို သူမ၏အိမ်တွင် အလှူတစ်ခု ပြုလုပ်သဖြင့် ကျွန်ုပ်သွားသည့် အချိန်က ပြောပြထားဖူး၍ သိရှိခဲ့သေးသည်။

မသီတာမြင့်သည် ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်ရင်း-

"ဦးလေးဆီ သမီးလာတာ မရှင်းတာလေးတစ်ခုရှိလို့ မေးပါရစေ"

"မေးပါ မသီတာမြင့်၊ ဘာတွေများလဲကွဲ့"

"တခြား မဟုတ်ပါဘူး ဦးလေး၊ ရှေးရှေးက ဆရာတော်ကြီးတွေကော ခုခေတ်ရဟန်းရှင်လူ တော်တော်များများ ရွတ်ဆိုနေကြတဲ့ "ဒိဝါတပတိ" သဗ္ဗမင်္ဂလာ ဂါထာပေါ့။ ဆရာတော်တစ်ပါး အမိန့်ရှိလို့ မှတ်ထားတာနဲ့ အခုရေးကြ ပြောကြတာနဲ့ မတူဘဲဖြစ်နေလို့"

"အေးအေး ဒီဂါထာကို ဆရာတော်က ဘယ်လိုအမိန့်ရှိလို့တုံး၊ ပြောပါဦး"

"ဆရာတော်က ဒီဂါထာဟာ မဟာကပ္ပိနမထေရ်ကို အကြောင်းပြုပြီး ဟောတဲ့ဂါထာလို့ အမိန့်ရှိဖူးပါတယ်"

"ဒါ ဘာမှန်တယ်လေ၊ ဘာဖြစ်လို့တုံး"

"ဒါပေမဲ့ ဒီဂါထာနဲ့ ပတ်သက်လို့ အရှင်ကာဠုဒါယီ၊ ကောသလမင်းကြီးတို့နဲ့တွဲပြီး ပြောကြ ရေးကြတာကို တွေ့တွေ့နေရလို့ ဆရာတော်အမိန့်ရှိတဲ့ အရှင်မဟာကပ္ပိနမထေရ် ဆိုတာ အမှတ်မှားပြီး မိန့်တော်မူလေသလားလို့ပါ"

"ဪ ဒါလား၊ ဒါဆိုရင် သမီးမှတ်ထားနော်၊ မဟာကပ္ပိနမထေရ်ဆိုတာ မှန်ပါတယ်၊ တရားတစ်ပုဒ် ဂါထာတစ်ပုဒ်ဟာ တစ်ဦးတစ်ယောက် တစ်နေရာတည်းမှာ ဟောတယ်လို့ ပုံသေမှတ်လို့ မရဘူးကွဲ့၊ သဘာဝလဲ မကျဘူးပေါ့။ ခုနက ဆရာတော်အမိန့်ရှိတဲ့ မဟာကပ္ပိနမထေရ်အကြောင်းက 'နိဒါနသံယုတ်' ပါဠိတော်မှာ ပါရှိတယ်၊ အရှင်ကာဠုဒါယီနဲ့ ကောသလမင်းကြီးအကြောင်းက ဓမ္မပဒမှာ ဟောတော်မူတာ ဖြစ်တယ်၊ နှစ်ခုစလုံး မှန်ပါတယ်"

"ဟုတ်လား ဦးလေး"

"အေး. . . ဟုတ်တယ်၊ အဲဒီသံယုတ်အဌကထာမှာပဲ ဒါနဲ့စပ်လို့ မှတ်သားဖို့ကောင်းတဲ့ ဒိဝါတပတိ ဇာတ်လမ်း တစ်ပုဒ်လဲ ပါသေးတယ်၊ အဲဒါက ဒိဝါတပတိ တစ်ထောင်တန်ဂါထာ ဖြစ်တယ်"

"ဟုတ်လား ဦးလေး၊ ပြောပြပါဦး၊ စိတ်ဝင်စားဖို့ အလွန်ကောင်းတဲ့အပြင် ဗဟုသုတလဲ ရတာပေါ့"

"ဟုတ်တာပေါ့ သမီး၊ တစ်ခါက သီဟိုဠ်ကျွန်းမှာ မဟာစေတီတော်ကြီးအနီး ဘာတိကမင်းတရားကြီး (နောင်တော်ကြီး)က သံဃာတော်တွေကို ပင့်ဖိတ်ပြီး အလှူဒါန ပြုလုပ်နေတဲ့အခိုက် နေကလဲဝင်စ လကလဲ ထွက်ပေါ်စဖြစ်ချိန် မင်းကြီးက သတိပြုမိပြီး သူရဲ့အနီးအနားမှာရှိတဲ့ ပညာရှိအမတ်ကြီးကိုခေါ်ပြီး ပိဋကတ်သုံးပုံထဲက ရတနာသုံးပါးစလုံးလဲပါတဲ့ ဇယမင်္ဂလာ အောင်ခြင်းဂါထာတစ်ပုဒ်ကို ရွတ်ဆိုခိုင်းလို့ အမတ်ကြီးက ဒိဝါတပတိဂါထာကို ရွတ်ဆိုလျှောက်လိုက်တော့ မင်းကြီးက အတော်နှစ်သက် သဘောကျပြီး လက်အုပ်ချီ ရွတ်ဆိုကန်တော့နေတဲ့ အမတ်ကြီးလက်ထဲ ဆုတော်ငွေ တစ်ထောင်ထည့်ပြီး ချီးမြှင့်လိုက်သတဲ့"

"ဟယ် ဝမ်းသာစရာကြီးနော် ဦးလေး"

"ဟုတ်တာပေါ့၊ သူတော်ကောင်းတွေ ပညာရှိတွေ လုပ်လိုက်မှဖြင့် မှတ်သားအတုယူလောက်ပါတယ်ကွယ်"

"အချိန်အခါ အခြေအနေနဲ့လိုက်အောင် ရွတ်ဆိုပူဇော်နိုင်တဲ့ အမတ်ကြီးပဲနော် ဦးလေး"

"ဟုတ်ပါတယ်၊ အမတ်ကြီးထက် အချိန်အခါ အခြေအနေကို သတိရလို့ ရွတ်ဆိုခိုင်းပြီး ဆုတော်ချတဲ့ မင်းကြီးက ဓမ္မပူဇာ၊ အာမိသပူဇာ ပညာရော ဒါနရော ပြုလုပ်ချီးမြှောက်နိုင်တယ် ဆိုတော့ ပိုပြီးချီးကျူးစရာပါပဲလို့ ဦးလေး ပြောချင်





www.burmeseclassic.com

တယ်၊ အဲဒီဂါထာကို သံယ[illegible] [illegible]တယ်၊ သံသယမရှိတော့ဘူး

www.burmeseclassic.com

ဂါထာ အရာခပ်သိမ်း လောကီ လောကုတ္တရာ ကျက်သရေ မင်္ဂလာ ဥစ္စာစီးပွား ကြီးပွားတိုးတက်ကြောင်း ဘေးရန်ကင်းကြောင်း ကောင်းမြတ်သောဂါထာလို့ မှတ်ချက်ရေးထားတာပဲ၊ ယခုအခါ ဒီဂါထာကိုရွတ်လို့ ဘေးရန်ကင်းတယ်၊ စီးပွားလာဘ်လာဘ တိုးတက်တယ်ဆိုပြီး ပြောဆိုနေကြတဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေလဲ အများကြီးရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဦးလေး၊ ဒါက တခြားမကြည့်နဲ့၊ သမီးကိုယ်တိုင် ဘုရားမှာ ပန်းသွားမရောင်းခင် မနက် သက်စေ့တစ်ခေါက်၊ ည သက်စေ့တစ်ခေါက် ဘုရားမှာ နေ့စဉ်ပုံမှန်နှစ်ခေါက်ရွတ်ဆို ပူဇော်တယ်၊ မပျက်ကွက်ဘူး၊ ဒါကြောင့် ထင်တယ်၊ ပန်းရောင်းရတာ အဆင်ပြေတယ်၊ တစ်နေ့ရောင်းတဲ့ပန်း တစ်နေ့ကုန်တယ်၊ အိမ်စရိတ် တစ်ဖက်တစ်လမ်းက အထောက်အကူရတော့ စိတ်ချမ်းသာတယ်၊ ဘာအကြွေးမှလဲ မရှိဘူး ဦးလေး"

"အေးအေး အခုလို ဦးလေးကြားရတာ ဝမ်းသာတယ်ကွာ၊ ဒီဝတ်ကိုမပျက်စေနဲ့ လုပ်သွားပေ့ါ၊ ဒါနဲ့ ဒီ ဒိဝါတပတိဂါထာအကြောင်း ထပ်ပြီး နိဂုံးချုပ်ပြောရရင် သမီးအနေနဲ့ သေသေချာချာ မှတ်ထားပေ့ါ၊

ပထမအချက်အနေနဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရားနဲ့ သံဃာတော်များ သီတင်းသုံးခိုက် မဟာကပ္ပိနမထေရ်ကို အကြောင်းပြုပြီး ဒိဝါတပတိဂါထာကို ရွတ်ဆိုဟောတော်မူတယ်၊ ဒါက နိဒါနသံယုတ်ပါဠိတော်မှာ ပါရှိတယ်၊

ဒုတိယအချက်အနေနဲ့ မြတ်စွာဘုရားဟာ မိဂါရမာတာ ပြာသာဒ်ကျောင်းတော်တွင် သီတင်းကျွတ်လပြည့်နေ့ ညချမ်းအချိန်မှာ သံဃာတော်များ မဟာပဝါယနာပြုဖို့ ရှိနေစဉ် ကောသလမင်းကြီးလဲ ရှိနေတယ်၊ သံဃာတွေကြားမှာ အရှင်ကာဠုဒါယီမထေရ်လဲ ရှိနေတယ်၊ အဲဒီအချိန်မှာ နေဝင်ပြီး လကထွက်ဆဲ ဖြစ်နေတုန်း အရှင်အာနန္ဒာမထေရ်က ဒါကို သတိပြုမိတယ်၊ ဒီလိုနဲ့မြတ်စွာဘုရားကိုလျှောက်တော့ မြတ်စွာဘုရားက ဒိဝါတပတိဂါထာကို ရွတ်ဆိုဟောတော်မူတယ်၊ ဒါက ဓမ္မပဒမှာ ပါရှိတယ်၊

တတိယအချက်အနေနဲ့ သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ)မှာ မဟာစေတီအနီး ဘာတိမင်းကြီးက သံဃာတော်များကိုပင့်ပြီး အလှူဒါနပြုခိုက် နေလဲဝင်စ လလဲထွက်ပေါ်ဆဲ မင်းကြီးက သတိပြုမိပြီး ပညာရှိအမတ်ကို ရွတ်ဆိုပူဇော်ခိုင်းတာ ပညာရှိအမတ်က အချိန်အခါ အခြေအနေကို ကြည့်ပြီး ဒိဝါတပတိဂါထာကို ရွတ်ဆိုပူဇော်လိုက်တယ်၊ ဒါက သံယုတ်အဋ္ဌကထာမှာ ပါရှိတယ်"

"စိတ်ဝင်စားဖို့ အတော်ကောင်းတယ်နော် ဦးလေး၊ အခုလို စိတ်ရှည်ရှည်နဲ့ ရှင်းပြတော့မှ သမီးလဲ ကွဲကွဲပြားပြား ဦးလေးကိုလဲ သမီး အထူးကျေးဇူးတင်မိတယ်" လို့ဆိုပြီး ကျွန်ုပ်အား မသီတာမြင့်က ထိုင်ကန်တော့လိုက်ပါသည်။

ကျွန်ုပ်လည်း ဆုပေး မေတ္တာပို့လိုက်သည်။ ပြီးမှ မသီတာမြင့်က ကျွန်ုပ်အား သမီး ပန်းရောင်းရမှာဖြစ်လို့ ပြန်တော့မယ်ဦးလေးလို့ ဆိုပြီး နှုတ်ဆက်ပြန်သွားပါတော့သည်။

## သဗ္ဗမင်္ဂလာ ဂါထာ

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယောတပတိ၊
ဈာယီတပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါတပတိ တေ ဇ သာ။

## မြန်မာပြန်

၁။ ဒိဝါတပတိ အာဒိစ္စော = ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းသည် နေ့အခါ၌သာလျှင် ထွန်းလင်းတောက်ပ၏။

၂။ ရတ္တိမာဘာတိ စန္ဒိမာ = လမင်းကြီးသည်လည်း ညဉ့်အခါ၌သာလျှင် ထွန်းလင်းတောက်ပ၏။

၃။ သန္နဒ္ဓေါ ခတ္တိယောတပတိ = ပြည့်ရှင်မင်းသည်လည်း မင်းမြောက်တန်ဆာ ဝတ်ဆင်မှသာလျှင် မင်းတို့ကျက်သရေ ထွန်းလင်းတောက်ပနိုင်စေ၏။

၄။ ဈာယီတပတိ ဗြာဟ္မဏော = ကိလေသာကုန်ခန်းသည့် ရဟန္တာအရှင်မြတ်သည်ပင်လျှင် အာရုံလက္ခဏာသဘောပတ် ဝင်စား၍နေမှသာလျှင် ရဟန်းတို့ကျက်သရေ ထွန်းလင်းတောက်ပနိုင်ပေ၏။

၅။ အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါတပတိ တေ ဇ သာ = ထိုမှတစ်ပါး မြတ်စွာဘုရားရှင်သည်သာလျှင် နေ့ရောညပါ အခါခပ်သိမ်း ပညာ၊ သီလ၊ ဂုဏ်၊ ဓမ္မနှင့် ပုည ငါးမျိုးသော အာနုဘော်တို့ဖြင့် စိန်ရွှေမြရောင် နေအရောင် လအရောင်တို့ထက် အထူးပင် ထွန်းလင်းတောက်ပတော်မူပါပေ၏။

❐ ဓောင်ဆို့

ကျမ်းကိုး
ခရီးဖော် (ဓမ္မာစရိယ ဦးဒွေးလှိုင်)





www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူ့ အိမ်ထောင်ဖက် ဆိုးလွန်းနေလျှင်

အောင်လံထူ ဆရာဟိန်း

အချို့ ချစ်သူဘဝတွင်ပင် ကိုယ်ထိလက်ရောက် (သို့မဟုတ်) နှုတ်သီးကောင်းလျှာပါးဖြင့် လူပုံအလယ်တွင် အရှက်တကွဲ အကျိုးနည်း ကြုံရလောက်အောင် မိမိတို့ချစ်သူများ ဆိုးလွန်းနေပါသည်။ ချစ်လွန်းလို့ သည်းခံပြီး ငြိမ်နေကြရပေမယ့် အတိုင်းအတာတစ်ခုကို ကျော်လွန်သွားရင်တော့ နောက်ဆုံး လမ်းခွဲပြတ်စဲကြရပါမယ်။

အိမ်ထောင်သည်များတွင်လည်း ချစ်လို့ပဲညားညား၊ မိဘက ပေးစားလို့ပဲညားညား ညားပြီးရင်တော့ အတူတကွ ငြိမ်းချမ်းစွာ မိသားစုဘဝကို တည်ထောင်လိုကြပါသည်။ သို့သော် တစ်ဦးဦးမှ မကျေမနပ်ဖြစ်ကာ အပြစ်မြင် ငြိုငြင်ရင်တော့ အိမ်ထောင်ရေးသောက ဒုက္ခတွေနှင့် တနင့်တပိုး ဝေဒနာတွေ တိုးကြရပါမယ်။

ချစ်သူဖြစ်ဖြစ်၊ အိမ်ထောင်သည်ဖြစ်ဖြစ် ပြောမရဆိုမရနဲ့ အလွန်သောင်းကျန်းဆိုးသွမ်းနေရင် ၎င်းတို့အပေါ် အကောင်းဆုံး ထိန်းချုပ်နိုင်ဖို့ အချိန်မီလိုအပ်ပါတယ်။ အချိန်လွန်မှဆိုရင်တော့ မလိုလားအပ်တဲ့ ပြဿနာတွေ များလာတတ်ပါတယ်။ ဒါကြောင့် အဆိုပါ လူဆိုးလူသွမ်းတွေကို ထိန်းချုပ်ပြုပြင်နိုင်တဲ့ လောကီဂမ္ဘီရ နည်းလမ်းတစ်ခုကို ဖော်ပြပေးသွားပါမယ်။

ဆိုးသွမ်းနေသော မိမိချစ်သူ အိမ်ထောင်ဖက်၏ အမည်နှင့် အရင်းရောအဖျားပါ တူသော နံတူ သစ်ရွက် သစ်ညွန့်ကို အနီးဆုံး ရှာဖွေရပါမယ်။ ရှာဖွေပြီးတာနဲ့ သက်ဆိုင်ရာချစ်သူ အိမ်ထောင်ဖက်က ထိုသစ်ရွက်ပေါ်တွင် လှိုရာဆန္ဒရေးပြီး ဆပွတ်သားဖြင့် ထုထားသော ဘုရားဆင်းတု အောက်တွင် ထားပါ။ ထို့နောက် မိမိချစ်သူ အိမ်ထောင်ဖက်အား စိတ်အာရုံညွတ်ကာ မေတ္တာသုတ် တစ်ခေါက်ရွတ်ပွားပေးပါ။

ဥပမာ - အင်္ဂါသား ဇော်ဝင်းဆိုပါက ဇော်ဝင်းနှင့် အရင်းရော အဖျားပါ နံတူသော ဇီဇဝါရွက်ပေါ်တွင် ဇော်ဝင်း ပြောစကား နားထောင်စေ၊ လိမ္မာရေးခြား ရှိလာပါစေဟု မိမိတို့၏ ချစ်သူအိမ်ထောင်ဖက်မှ ဘောပင်ဖြင့် ရေးသား၍ အုန်း (သို့မဟုတ်) အင်သားဖြင့် ထုထားသော ဘုရားဆင်းတု အောက်တွင် ထားပေးရပါမယ်။ ပြီးတာနဲ့ ကိုဇော်ဝင်းကို စိတ်အာရုံပြုပြီး မေတ္တာသုတ် တစ်ခေါက်ရွတ်ပေးရပါမယ်။ မကြာမကြာ လုပ်ပေးရပါမယ်။

အောင်ကျော် ဆိုသောသူအား အင်ကြင်းရွက်၊ အကျော်ရွက်၊ ကျော်စိုး ဆိုသောသူအား ကန်စွန်းရွက်၊ စိုးကလျာ ဆိုသောသူအား ဇလပ်ရွက်၊ ဝါဝါမောင် ဆိုသောသူအား လိမ္မော်ရွက်၊ မျိုးချစ် ဆိုသောသူအား မာလကာရွက်၊ သိန်းယု ဆိုသောသူအား သရက်ရွက်၊ ထွန်းကြည် ဆိုသောသူအား တရုတ်စံကားရွက်၊ ဒန်းကြီးရွက် စသည်ဖြင့် နာမည်နှင့် သစ်ရွက်တို့အား ညှိနှိုင်းစဉ်းစားပေးရပါမည်။ သစ်ရွက်နှင့် နေ့နံကိုက်ညီပြီးပါက ဘုရားဆင်းတုထုရန် ဆပွတ်နေ့နံသားများကို ဇယားဖြင့် ဖော်ပြပေးလိုက်ပါသည်။

| နေ့နံ | ဘုရားဆင်းတုထုရန်ဆပွတ်သား |
|---|---|
| တနင်္ဂနွေ | သီး၊ သီဟိုဠ် |
| တနင်္လာ | ထိမ်၊ ထန်း၊ ထနောင်း၊ ဒန်း |
| အင်္ဂါ | အုန်း၊ အင် |
| ဗုဒ္ဓဟူး | ကံ့ကော် |
| ကြာသပတေး | ဆီး၊ ညောင် |
| သောကြာ | လင်းလွန်း၊ ဝါး |
| စနေ | ပျဉ်းမ၊ ပေါက် |

တိတိကျကျ လုပ်ဆောင်ပါက ရက်အနည်းငယ်အတွင်းတွင် သင့်ချစ်သူ အိမ်ထောင်ဖက်၏ ပြောင်းလဲလာမှုကို အံ့ဩဘနန်း တွေ့ရှိရမှာဖြစ်တာကြောင့် လုပ်ဖြစ်အောင် လုပ်ပါလို့ တိုက်တွန်းလိုက်ပါတယ်။


❒ အောင်လံထူ ဆရာတိုး



www.burmeseclassic.com

www.burmeseclassic.com

# ညီဇ၏ သုံးရောင်ခြယ်



## ပယင်းကျောက်

စိန်နဝရတ်

ကျွန်ုပ်မှာ ကျောက်မျက်ရတနာ ကုန်သည်တစ်ဦးဖြစ်ခြင်းကြောင့် ရွှေဘုံသာ ကျောက်မျက်ဈေးကွက်အတွင်း၌ ဆိုင်ကလေးဖွင့်ကာ ရတနာမျိုးစုံရောင်းဝယ်မှုပြုကာ မိသားစုနှင့် ပျော်ရွှင်စွာ နေထိုင်နေလေ၏။ ကျွန်ုပ်၏ ဆိုင်အား ကျွန်ုပ်၏ ကလောင်နာမည်ဖြစ်သည့် 'စိန်နဝရတ်'ဟုအမည်တပ်ကာ ကျောက်မျက်မျိုးစုံ ရောင်းဝယ်၏။

တစ်နေ့. . . ထိုနေ့ကား အများသူငါ အားရက်၊ အလုပ်ပိတ်ရက် ဖြစ်သဖြင့် ကျွန်ုပ်၏ဆိုင်ကလေး ထိုနေ့ပိတ်လေ၏။ ထို့ကြောင့် ကျွန်ုပ်မှာ အရောင်းအဝယ်ပြုလုပ်ခြင်း မရှိသည့်အတွက် အိမ်၌အေးအေးလူလူ စာဖတ်နေချိန်၌ ကျွန်ုပ်၏ မိတ်ဆွေ ကိုပေါက်စ ဆိုသူ ရောက်ရှိလာကာ ဤသို့ပြောလေ၏။

"ကိုစိန်သောင်းကတော့ အေးအေးလူလူ နေနိုင်လိုက်တာ၊ ကျုပ်မှာတော့ ခေါင်းခြောက်စရာတွေပဲ ကြုံနေတော့တယ်" ဟုပြောဆိုသဖြင့် . . .

ကျွန်ုပ်က. . .

"ခင်ဗျားက ဘာ ဦးနှောက်ခြောက်စရာရှိနေလို့လဲ"

"ဒီလိုဗျ၊ ကျွန်ုပ် တစ်နေ့က ကျောက်စိမ်းခဲကလေးဝယ်ပြီး ခွဲလိုက်တာ မအောင်ဘူး၊ ရှုံးသွားတယ် ကိုစိန်သောင်းရဲ့" ဟု ပြောလေသော် ကျွန်ုပ်က . . .

"ဒီလိုပါပဲ ကိုပေါက်စရယ်၊ ခင်ဗျားတို့ ကျောက်စိမ်းလောကက လူတွေရဲ့ရောင်းဝယ်မှုပုံစံဟာ နည်းနည်းတော့ လောင်းကစားဆန်တယ်လို့ ကျုပ်ပြောရင် ကိုပေါက်စ ကျုပ်ကိုစိတ်ဆိုးမှာလား" ဟု ပြောသော် ကိုပေါက်[illegible] မျက်နှာ အနည်းငယ်ပျက်သွားသည်[illegible] ကျွန်ုပ် သတိပြုမိ၏။

ကိုပေါက်စသည် ဗင်း၏မှုတ်[illegible] ကိုင်၍ ကျွန်ုပ်အား ဤသို့ ပြောလေ[illegible]

"ကိုစိန်သောင်းပြောသလို ကျ[illegible] တို့အလုပ်က နည်းနည်းတော့ လော[illegible] ကစားဆန်တယ်ဗျ၊ အထဲမှာ အနည်[illegible] (ကျောက်အရည်)ရှိမရှိမသိဘဲ အပြ[illegible] ဘန်းက ကျောက်ပေါ်မှာဖြစ်တည်[illegible] တဲ့ 'အောင်းဝင်သင်္ကေတ'တွေကိုကြည့်[illegible] ပြီး လုပ်ကိုင်ရတယ်ဆိုတော့ နည်းနည်း တော့ လောင်းကစားဆန်တယ် ကိုစိန် သောင်းရဲ့၊ အဲ. . . ဒါပေမဲ့ ကျုပ်ထင် တိုင်း ဖြစ်ရင်တော့ ထောကျောပေါ့ဗျာ"

ဟု ရယ်ကျဲကျဲဖြင့် ပြန်ပြော[illegible] ၏။ ထို့နောက် ကွမ်းယာထုပ်ကလေး[illegible] ကွမ်းယာတစ်ယာ ယူ၍စားသောက်[illegible] လေ၏။ ကိုပေါက်စကား ကွမ်းအလွန်[illegible] ကြိုက်သူဖြစ်ခြင်းကြောင့် သွားလာ[illegible] ဗင်းနှင့်အတူ ကွမ်းထုပ်အမြဲပါ၏။

ထို့နောက် ကျွန်ုပ်မှ ကိုပေါက်[illegible] အား ကျွန်ုပ်၏ကျောက်ကလေးများ[illegible] ထည့်ထားသည့် အိတ်ကလေးထဲမှ 'ညို[illegible] နီဝါ ဝါညိုရောင်သန်းနေသည့် ကျောက် တစ်ပွင့်'ကို ထုတ်ပြရင်း ဤသို့ မေးလိုက် လေ၏။

"ဒါ ဘာကျောက်ကလေး[illegible] ကိုပေါက်စ"

ဟု ပြောလေသော် ကိုပေါက်[illegible] က ကျောက်ကလေးကို ယူကြည့်၍ အတန်ကြာမှ ဤသို့ပြန်ပြောလေ၏။

"ကျောက်ကလေးက ချစ်စ[illegible] လေးဗျာ၊ အရောင်ကလဲ သုံးရောင်ခြယ် ကလေးဗျ၊ ကျုပ်အထင်တော့ဒီကျောက် ကလေးဟာ ရှားပါးတန်ဖိုးရှိတဲ့ 'သုံး[illegible] လှ' ကျောက်ကလေးမဟုတ်လား"

ဟု ပြောကာ ကျောက်က[illegible] အား ဖင်ပြန် ခေါင်းပြန် အသေအ[illegible] ကြည့်နေလေ၏။

အတော်လေးကြာမှ ကျ[illegible] ဤသို့ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ ကျောက်ကလေးကို 'ပယင်း' ကျောက်လို့ ခေါ်တယ် ကိုပေါက်စရဲ့"

"ဗျာ. . . ဒီကျောက်ဟာ ပယင်းကျောက် ဟုတ်လား ကိုစိန်သောင်း"

"ဟုတ်ပါ့ဗျား၊ ပယင်းကျောက်ပါ"

"ဒါဆိုရင် ဒီပယင်းကျောက်က မိုးကုတ်မြေထွက်ပေါ့"

"မဟုတ်ဘူး ကိုပေါက်စရဲ့၊ ဒီလို ပယင်းကျောက်မျိုးကို 'မြန်မာပြည် အထက်ပိုင်း ဟူးကောင်းတောင်ကြား ဒေသ'၊ 'ရွှေဘိုခရိုင် နံ့သာရွာ'၊ 'ပခုက္ကူခရိုင် ဆိပ်ခွေရွာ'၊ 'သရက်ခရိုင် မီးပေါက်ရွာ'မှာ များများစားစား တူးဖော်ရှာဖွေနိုင်တယ် ကိုပေါက်စရဲ့၊ မြေအောင် ပေ နှစ်ဆယ်၊ ပေလေးဆယ်လောက် တူးလိုက်ရင် ဒီလိုပယင်းကျောက်မျိုး များများစားစား တွေ့နိုင်တယ်ဗျ" ဟုဆိုကာ အိမ်ရှင်မ လာချပေးသည့် 'ချင်း လက်ဖက်ရည်'ကို ကိုပေါက်စနှင့် ကျွန်ုပ်တို့ သောက်ကြလေ၏။ သောက်ပြီးသော် ကိုပေါက်စက. . .

"ဒီကျောက်က တန်ဖိုးရှိသလား ကိုစိန်သောင်း" ဟုမေးသော် ကျွန်ုပ်က-

"ကျောက်မျက်ရတနာအနေနဲ့ ဒီကျောက်က တန်ဖိုးသိပ်မရှိပေမယ့် 'ဆေးဘက်ဆိုင်ရာ ကျန်းမာရေး'ဘက်မှာ လူတွေအတွက်အားထားရတဲ့ ဆေးဖက်ဝင် ကျောက်တစ်မျိုးဖြစ်လို့ တန်ဖိုးရှိ တယ်လို့ ကျုပ်တော့ ဆိုချင်တယ်ဗျာ"

"ဗျာ၊ ဒီကျောက်က လူတွေ အတွက် ဆေးဖက်အသုံးဝင်တယ် ဟုတ်လား ကိုစိန်သောင်း၊ ဘယ်လိုအသုံးဝင် တာလဲဗျ"

"ဒီလိုဗျို့ ရှေးတုန်းက တရုတ်ပြည်မှာ သိပ်ချမ်းသာတဲ့ မင်းစိုးရာဇာတွေ၊ သူဌေးသူကြွယ်တွေဟာ သူတို့ အိမ်ကိုလာကြတဲ့ ဧည့်သည်တွေကို ဒီလိုမျိုး ပယင်းကျောက်ကိုမီးဖုတ်၊ ထွက်လာတဲ့ အငွေ့တွေနဲ့ ဧည့်ခံကြတယ်ဗျ၊ ထွက်လာတဲ့ ပယင်းကျောက်အငွေ့ကို ဧည့်သည်တွေ ရှုရှိုက်တော့အခါ 'ခေါင်းနာမှု တွေ'ပြေပြီး၊ 'ခေါင်းကိုက်တဲ့ရောဂါ'၊ 'ချွေလက် မသယ်ချင်တဲ့ရောဂါ'တွေ ပျောက်ကုန်တယ်ဗျ၊ ခေါင်းအမြဲမူးတဲ့ လူတွေ အတွက် ဒီပယင်းကျောက်အငွေ့ကို အမြဲရှူရင် 'ခေါင်းမူးရောဂါ'အမြစ်ပျက် ပျောက်ကုန်တဲ့ ဂုဏ်သတ္တိစွမ်းတွေ ရှိလေတော့ ဒီအကြောင်းတွေသိတဲ့လူ တွေကတော့ ပယင်းကျောက်တွေကို အိမ်မှာ အမြဲဆောင်ထားကြတယ်ဗျ ကိုပေါက်စရဲ့" ဟုပြောဆိုကာ ချင်းလက်ဖက်ရည်ကို သောက်နေလေ၏။

ထို့နောက် ကိုပေါက်စအား ဤသို့ ပြောပြန်၏။

"ခုခေတ်မှာတော့ သိပ္ပံနည်း တိုးတက်လာတဲ့အတွက် ဒီပယင်းကျောက်ကို 'အဆီ'ထုတ်ပြီး 'လီနမင်အကိုက်အခဲ လိမ်းဆေး'၊ 'ရေမွှေးအနံ့ဖော်စပ်ရေး' ဘက်တွေမှာတွင်တွင်သုံးနေပြီ ကိုပေါက်စရဲ့" ဟု ပြောဆိုသော် ကိုပေါက်စက-

"ဒီပယင်းကျောက်ဟာ မြေက တူးဖော်ရရှိတဲ့ 'ကျောက်'ဆိုတော့ တော်တော်မာမှာပဲနော်" ဟု ပြော၏။

ကျွန်ုပ်က. . .

"ဒို့ပြင်ကျောက်တွေလို မမာဘူး ဗျ၊ ကျောက်က အသားပွပြီး အလိုး အဖြတ်၊ အသွေးမခံဘဲ ကြွေမွကွဲပျက် လွယ်တယ်ကိုပေါက်စရဲ့၊ ကျောက်သွေး ဆရာက စိတ်ရှည်ရှည်နဲ့ချော့ပြီးသွေးရ တယ်၊ ဒီပယင်းကို ကျောက်လို့သာဆိုရ တယ် အမှန်ကတော့ ဒီကျောက်မျိုးဟာ 'သစ်စေး'က ဖြစ်ပေါ်လာတဲ့ ကျောက်ပါ ဗျာ"ဟု ပြောသော် ကိုပေါက်စ အံ့ဩ သော အမူအရာဖြင့် ဤသို့ပြောလေ၏။

"ဗျ၊ ဒီပယင်းဟာ သစ်စေးက ဖြစ်တည်လာတဲ့ကျောက် ဟုတ်လား"

"ဟုတ်တယ် ကိုပေါက်စရဲ့၊ ပယင်းကျောက်ဆိုတာဟာ ထင်းရှူးပင် ရဲ့ 'အစေး'တွေဟာ ရနံ့သင်းပြီး အလွန် ကပ်တယ်ဗျ၊ အဲ့ဒီအနံ့ကိုကြိုက်တဲ့ ပိုး ကောင်ငယ်ကလေးတွေဟာ ထင်းရှူး စေးမှာ ဝိုင်းအုံနားခိုကြတော့ အဲ့ဒီအစေး နဲ့တွယ်ငြိပြီး မပုံနိုင်ကြတော့ဘူး အဲ့ဒီ အတောင်ငယ်ကလေးတွေနဲ့ ကပ်ငြိနေ တဲ့ သစ်စေးဟာ မြေပေါ် ကျသွားပြီး ကျောက်၊ သစ်ကိုင်းသစ်ခက် သစ်ရွက်တွေနဲ့ ရောသွေးလုံးပြီး နှစ်ကာလကြာလာတဲ့ အခါ မြေအောက်ရောက်ပြီး ဖိအား ကြောင့် ကျောက်ဖြစ်တုန်ကြတာဗျ အခု ခင်ဗျားကိုပြတဲ့ ပယင်းကျောက် ကလေးကို ခင်ဗျား မှန်ဘီလူးနဲ့ သေသေ ချာချာကြည့်" ဟုပြောသော် ကိုပေါက်စ ရင်း၏ ကျောက်ကြည့်မှန်ဘီလူးဖြင့် ကြည့်သော် အံ့ဩသွားကာ ကျွန်ုပ်အား ဤသို့ ပြောလေ၏။

"ဗျို့ ကိုစိန်သောင်း၊ ခင်ဗျားရဲ့ ကျောက်ကလေးထဲမှာ 'ခြင်ကောင် ကလေးတစ်ကောင်'နဲ့ 'ယင်ကောင် ကလေး နှစ်ကောင်' တွေ့ရတယ်ဗျ၊ အံ့ဩဖို့ကောင်းလိုက်တဲ့ ကျောက်ပယင်း ကလေးဗျာ၊ ကျုပ်ကို ဒီကျောက်ကလေး ရောင်းဗျာ"

"ဆောရီးကိုပေါက်စ၊ ဒီကျောက် ကလေးဟာ ရောင်းမယ့်ပစ္စည်းမဟုတ် ပါဘူး၊ ခင်ဗျားလဲ ကျုပ်အကြောင်းသိပါ တယ်၊ ကျုပ်က 'ဆန်းကြယ်တဲ့ ကျောက် မျိုး'တွေရရင် ပြန်မရောင်းဘဲသိမ်းဆည်း ထားတတ်တဲ့ အကျင့်ရှိတယ်လေဗျာ၊ ဒါကြောင့် ဒီကျောက်ကို ပြန်မရောင်း တာပါ"ဟု ပြောဆိုသဖြင့် ကိုပေါက်စ လည်း သွားစရာရှိသေးသည်ဟု ပြောဆို ကာ ကျွန်ုပ်အား နှုတ်ဆက်၍ ထက်သွား လေတော့၏။

ကျွန်ုပ်မှာ ခြင်ကောင်ကလေး တစ်ကောင်နှင့် ယင်ကောင်ကလေး နှစ်ကောင်ပါသည့် ပယင်းကျောက် ကလေးအား အဝတ်ဖြူကလေးနှင့် အသေအချာသုတ်ကာ ကျွန်ုပ်၏ ကျောက်အိတ်ကလေးထဲသို့ ထည့်ထား လိုက်လေ၏။

❑ စိန်နဝရတ်



www.burmeseclassic.com

www.burmeseclassic.com



# ထူးထူးခြားခြား (လေး) ဂဏန်းများ

## ဦးအေးကို (ဖယ်ရိုးဘ)

ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော အရှင်တော်မြတ်ဘုရားများသည် လေးဆူ ရှိတော်မူသည်။ (၁) ကကုသန် (၂) ကောဏာဂုံ (၃) ကဿပ (၄) ဂေါတမ ဟူ၍ရှိတော်မူ၏။

ဂေါတမမြတ်စွာဘုရားရှင် သိဒ္ဓတ္ထမင်းသားဘဝက သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးပါးမြင်၍ သံဝေဂ ရပြီး တောထွက်တော်မူခဲ့၏။

"သန္ဓေတောထွက် ဓမ္မစက် နှုတ်မြွက်သံချို လဝါဆို" (၁) ပဋိသန္ဓေနေတော်မူခြင်း (၂) တောထွက်တော်မူခြင်း (၃) တရားဦး ဓမ္မစကြာဟောတော်မူခြင်း (၄) ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူခြင်းဆိုသည်နှင့်အညီ လေးလီ ရှိ၏။ ကျွန်ုပ်တို့ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် စွယ်တော် လေးဆူ၊ သွားတော် လေးဆယ် ရှိတော်မူခြင်း၊ ဗုဒ္ဓဂေါတမ ပွင့်တော်မူရာ အရပ်သည် မဇ္ဈိမဒေသ (လုမ္ဗိနီ၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ကုသိနာရုံ) ဖွားပွင့်ဟောစံ သံဝေဇနိယ လေးဌာနနှင့် အဝိဇဟိတ မစွန့်သော နေရာကား (လုမ္ဗိနီ၊ ဗုဒ္ဓဂယာ၊ သာဝတ္ထိ၊ သင်္ကဿနဂိုရ်) လေးနေရာရှိခြင်း၊ ဘုရားရှင်၏ ဗုဒ္ဓနေ့သည် (၁) ဆုပန်သောနေ့ (၂) ဖွားတော်မူနေ့ (၃) ပွင့်တော်မူနေ့ (၄) ပရိနိဗ္ဗာန်စံတော်မူနေ့ ဟူ၍ ကဆုန်လပြည့် ဗုဒ္ဓနေ့ လေးနေ့ ရှိတော်မူ၏။

ဗုဒ္ဓဘုရားရှင်သည် သာသနာ ငါးထောင် ထားတော်မူ၏။ ယခု ကျွန်ုပ်တို့သည် သာသနာနှစ်ထောင့်ငါးရာတွင် လူ့ဘဝမှာ လူရယ်ဟု ဖြစ်လာကြသော သတ္တဝါတို့သန္တာန်၌ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးကြောင့် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် ဟူ၍ လေးမျိုး ရုပ်ခန္ဓာ နာမ်ခန္ဓာ ဖြစ်တည်လာကြ၏။

ဤသည်ကို အကြောင်းပြု၍ ခန္ဓာ၊ အာယာတန ဓာတ်၊ သစ္စာ ပဋိစ္စသမုပ္ပာဒ်တရား လေးပါးနှင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ပရမတ္ထတရား လေးပါးရှိ၏။ ဤသည်က လမ်းတစ်သွယ်။

ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟ အဂတိတရား လေးပါး။ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ၊ ဒိဋ္ဌာသဝ အာသဝေါတရား လေးပါး။

(၁) သီလဝိပတ္တိ = သီလပျက်စီးခြင်း (၂) ဒိဋ္ဌိဝိပတ္တိ = အယူပျက်စီးခြင်း (၃) အာစာရဝိပတ္တိ = အကျင့်ပျက်စီးခြင်း (၄) အာဇီဝဝိပတ္တိ = အသက်မွေးမှု ပျက်စီးခြင်း ဟုဆိုအပ်သော ဝိပတ္တိတရား လေးပါးနှင့်တကွ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံက လမ်းဝတစ်သွယ်။ ဤလမ်း နှစ်သွယ်သို့ ရောက်နေသော အသင် ပုထုဇဉ်လူသား



www.burmeseclassic.com

www.burmeseclassic.com

အဘယ်လမ်းကို ရွေးချယ်သွားမည် နည်း။ လမ်းမှားမရောက်ဖို့ အရေးကြီးသည်။

အသင်လူသား အသင်ရထားသည့် ရုပ်ခန္ဓာက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော အခြေပြုဓာတ်ကြီး လေးပါးနှင့် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ အထောက်အကူပြုဓာတ် လေးပါးနှင့်တကွ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူသော နာမ်တရားက လေးပါး၊ ဤရုပ်ခန္ဓာ နာမ်ခန္ဓာ အစုအပေါင်း ကို သင်တွယ်တာနေမှာလား၊ နှစ်သက်နေသလား၊ ကြိုက်စရာ ဟု ထင်မှတ်နေသလား၊ တွယ်တာစွဲလမ်း နှစ်သက်စရာ သဘောကျနေသော ကိလေသာတရားက မဂ်လမ်း၊ ဖိုလ် လမ်း၊ အမှန်လမ်းကို မရောက်နိုင်၊ ပညတ်သဘောအရ နှစ် သက်စရာဟု ထင်မှတ်သော်လည်း ပရမတ်သဘောအားဖြင့် အနှစ်သာရမရှိသည်က ထင်ရှားနေသည်။

အို. . . အသင်လူသား အသင်ဟာ လူ့ဘဝ ရရှိလာ သည့် အချိန်လေးသည် တိုတောင်းလှ၏။ ကွေးသောလက် မဆန့်ခင် ဆန့်သောလက် မကွေးခင် ခန္ဓာအစဉ်က ဖြစ်ပျက် မြင်နေ၏။ ဒီတော့ သတိသမ္ပဇဉ်ဉာဏ်ယှဉ်ပြီး မဂ်လမ်း၊ ဖိုလ် လမ်း ရောက်ဖို့ရာ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာ နုပဿနာ သတိပဋ္ဌာန် စတဲ့ သတိပဋ္ဌာန်လေးပါးက အသင် လူသားကို အပါယ်လေး စိတ်အေးရအောင် ဖေးမကယ်တင် နေပါသည်။ အသင် သတိပြု ဉာဏ်ယှဉ်ပါလော့။ တရား လတ်လွတ် ငှက်တောင်ကျွတ် မဖြစ်ပါစေနှင့်။ ဘဝရင်းစား မဆုံးရှုံးပါစေနှင့်။

မိမိအားသန်ရာ သတိပဋ္ဌာန်တရား လေးပါးမှ တစ်ပါး ပါးကို ကျင့်ကြံအားထုတ်လျှင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟုဆိုအပ်သော သစ္စာလေးပါး မြတ် တရားကို ပိုင်းခြားထင်ထင် သိမြင်ပါက သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် ဟူသော မဂ်ဖိုလ် လေးပါးက ကျွန်ုပ်တို့၏ အားထားရာ နိဗ္ဗာန်ခရီးလမ်း ရောက် ရန် မလွဲဧကန်ဖြစ်ပေ၏။

အသင် အမြင်ကြည်ကြည်လင်လင် သိပါလော့။ အထုံ ပါရမီ ရင့်သန်ပြီး အလီလီသော ဝိပဿနာ စရဏတရားက မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရမည်က အမှန်။ အထုံပါရမီ နုစဉ် ရင့် သန်မှုမရှိသေးပါက မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်မရောက်နိုင် သေးလျှင် ကျင့်စဉ်က ပါရမီအဟုန် အထုံများစွာ ရလတ္တံ့။

ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သော ကုသိုလ်၏ အနု အရင့် ဖြစ်စဉ်လိုက်၍ အကျိုးပေးမည်က အမှန်။ မဂ်ဖိုလ် နိဗ္ဗာန် လောကုတ္တရာအကျိုး မပေးနိုင်သေးလျှင် ပစ္စုပ္ပန်တည့် တည့် လောကအကျိုး ရရှိခံစား စံစားဖြစ်စေလိုလျှင် စရဏ တရားဖြင့် ၂၄ ပစ္စည်း ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ယုံယုံ ကြည်ကြည် လေးလေးစားစား သတိထားပြီး ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ စေတီတော်လေး ရပ်နှင့် အရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ် ကြီး၏ အရှေ့ဘက်တွင်ရှိသော (၁) ဘုရားသုံးဆူတန်ဆောင်း (၂) ဆံတော်တွင်းတန်ဆောင်း (၃) သူတော်စင်တန်ဆောင်း (၄) ကျိုက်ဝိုင်းဘိုးဘိုးကြီးတန်ဆောင်း ဟုဆိုအပ်သော လေး ဌာနတွင်လည်းကောင်း။

တစ်နည်း (၁) ကကုသန်ဘုရားရှင်၏ တောင်ဝေး တော် (၂) ကောဏာဂုံဘုရားရှင်၏ ရေစစ်တော် (၃)ကဿပ ဘုရားရှင်၏ ရေသနုပ်တော် (၄) ဂေါတမဘုရားရှင်၏ ဆံ တော် လေးဆူကိန်းဝပ်တော်မူသော လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ တန်ဆောင်းလေးသွယ်တွင် အာရုံ ကျရာ တန်ဆောင်း၌လည်းကောင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရတရား လေးပါး လက် ကိုင်ထားပြီး အဓိဋ္ဌာန်ယူ၍ ရွတ်ဆိုပါ။

ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာ ဟုဆိုအပ်သော အပါယ်ပိတ်တရားများကို လျှုဒါန်း၊ ဆောက်တည်၊ ပွားများ၊ အားထုတ်ပါက အသင်အလိုရှိအပ်သော လောကအကျိုး စီးပွား ရရှိမည်။

(၁) ပဋ္ဌာန်းဒေသနာတော် (၂) မင်္ဂလသုတ် (၃) မေတ္တ သုတ် (၄) ပုဗ္ဗဏှသုတ် လေးမျိုးကို ယုံယုံကြည်ကြည် ရွတ်ဆို အားထုတ်ပါက အသင်အလိုရှိအပ်သော လောကီ အကျိုး စီးပွား ရရှိမည်။

လောကုတ္တရာအကျိုးကို ရရန် ငါမဟုတ်၊ သူ မဟုတ်၊ ယောက်ျား မဟုတ်၊ မိန်းမ မဟုတ် ခန္ဓာအရုပ် အကောင်ပုပ် က ဖောက်ပြန်ပျက်စီးနေသည်ဟု (၁) အနတ္တကို ဆင်ခြင် (၂) အနိစ္စထင် (၃) ဒုက္ခခွင်မှ (၄) ပရမတ္ထမြင်ရန် အသိ အရှိကို ဟုတ်တိုင်းမှန်စွာ ပညာဉာဏ်ဖြင့် ခန္ဓာအစဉ်ကို ဆင်ခြင်ပါလော့။ ဒီဘဝ ဒီခန္ဓာဇာတ်သိမ်း ငြိမ်းပါလိမ့်မည်။

အို. . . သူတော်စင် အပေါင်းတို့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ်တဲ့ မဇ္ဈိမပဋိပဒါကျင့်စဉ် က ခန္ဓာဉာဏ်ရောက် သဘောပေါက်ကြမည် ဆိုပါလျှင် ဒီဘဝ ဒီခန္ဓာ ချုပ်ငြိမ်းပြတ်၍ ဇာတ်သိမ်းမည်မှာ အမှန်ဧကန် ဖြစ်ပါကြောင်း ထပ်လောင်း ဆုတောင်း ပတ္ထနာပြုအပ်ပါ သည် ယောဂီသူတော်စင် အပေါင်းတို့ခင်ဗျာ . . . ။

ကျွန်ုပ်သည် ကျမ်းတတ် ပညာရှင် မဟုတ်ပါ။ မိမိ လက်လှမ်းမီသရွေ့ တွေးတောဆင်ခြင် မှတ်သားပြီး ရေးသား ပူဇော်ခြင်းသာ ဖြစ်ပါသည်။ အမှားရှိ ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။


ဓမ္မောဟဝေ ရက္ခိတ ဓမ္မစာရီ

❒ ဦးအေးထို (ထန်းနှာ)



www.burmeseclassic.com

www.burmeseclassic.com



## မင်းဟန် (သန့်လျှင်)

# ရာဟုဖြတ်အမှောင်ကာလများ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မင်္ဂလာညွှန့်ခံပွဲ ဖိတ်ကြားလွှာတစ်စောင် ရောက်လာ၏။ ရက်အချိန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မင်္ဂလာနေ့ရက် - ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်။
၉. ၃. ၁၃ (စနေနေ့)
နံနက် ၇ နာရီမှ နေ့ ၁၂ နာရီထိ။

အမှန်စင်စစ် အမှောင်ကာလ ရာဟုဖြတ်ချိန် နံနက် ၉ နာရီမှ ၁၀ နာရီခွဲထိဆိုတော့ လုံးလုံးလျားလျား ရာဟုဖြတ်ချိန် ဝင်နေ၏။

ကျွန်ုပ်တို့ နေထိုင်သော ကမ္ဘာကြီးတွင် ကောင်းသောရက်၊ မကောင်းသောရက်၊ ကောင်းသောအချိန်၊ မကောင်းသောအချိန် ဟူ၍ အမျိုးအစား အမျိုးမျိုးကွဲပြားခြားနား၏။ တစ်နည်းဆိုရလျှင် ကောင်းသောအချိန်မှာ ကောင်းသောအမှုကို ပြုလုပ်လျှင် လွန်စွာကောင်းပြီး မကောင်းသောအချိန်မှာ မကောင်းမှုကို ပြုလုပ်လျှင် သဲထဲရေသွန် ဖြစ်တတ်၏။

တချို့ တချို့သော လူပုဂ္ဂိုလ်တို့က စကားကပ်ကာ ရှိတဲ့အချိန်အားလုံး ကောင်းတာပါပဲဟု ဆိုကြ၏။ ရက်ရာဟု၊ ပြဿဒါးဆိုတာ မရှိဘူး၊ ဒါတွေက ဝေါဟာရတွေပါဟု ဆိုပြန်သည်။ အဲဒါဆိုရင် အားလုံး သူတော်စင်ပဲ မွေးဖွားပါလား။ ဘာဖြစ်လို့ သူယုတ်တွေ ဒုနဲ့ဒေး တည်ရှိနေပါသလဲ လို့ မေးခွန်းထုတ်စရာ ရှိနေ၏။

ကျွန်ုပ်တို့ ရပ်တည်နေသော ယုဂ်သည် ကလိယုဂ် ဖြစ်၏။ ကလိယုဂ်၏ သဘောကား သူတော်ကောင်းတစ်ပုံ သူယုတ်မာသုံးပုံ ဖြစ်သည်။ အဲဒီတော့ ပိုလို့ပင် သတိထား စရာ ဖြစ်လာပါသည်။

အမှန်စင်စစ် နက္ခတ္တဗေဒ ပညာရပ်တွင် အချိန်ကို များစွာတန်ဖိုးထားကြ၏။ အချိန်ဖြင့် အဆုံးအဖြတ် ပေးကြ သည်။ သို့ဖြစ်၍ ကာလ၊ ဒေသ၊ ပုဂ္ဂလကို မသိလျှင် လူမိုက် ဟုဆိုသည်။ သူတော်စင်တစ်ဦးသည် မကောင်းသောရက် မကောင်းသောအချိန်မှာ ခိုးသားငါးရာနှင့် တွေ့ကြုံဆုံရလျှင် ကြီးမားသော ဘေးအန္တရာယ်များ မလွဲဧကန် ကျရောက်တော့ မည် ဖြစ်သည်။ ဒီခေတ်ထဲမှာ ပို၍ပင် များပြားလွန်းလှသည်။

ယခု လက်ရှိအချိန် တူရာသီတွင် စနေရာဟု တ ရာသီတည်း တည်ရှိနေ၏။ တစ်နည်းဆိုရလျှင် တူရာသီတွင် နဂါး၏ဦးခေါင်းဖြစ်ပြီး အမြီးမှာ မိဿရာသီတွင် တည်ရှိသည်။ ပါပဂြိုဟ် နှစ်လုံးပူးယှဉ်သဖြင့် ပါပသဘောအတိုင်း ခက်ထ ခြင်း၊ မာကျောခြင်း၊ ပူလောင်ခြင်း၊ အက်ကွဲခြင်း၊ ရှန်းထွ ခြင်း၊ မုန်တိုင်းထန်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ဆ ခြင်း၊ ဒေါသကြီးခြင်း၊ မနာလိုဝန်တိုမှုများ ဖြစ်ပေါ်ခြင်း ပျ

www.burmeseclassic.com

ကန့်ကြားနားခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ စိတ်မတည်ငြိမ်ခြင်း၊ အပြောင်းအလဲမြန်ခြင်း၊ မရေရာသောအတွေးများဖြင့် ဘဝကို တည်ဆောက်နေခြင်း စသော သက်ရောက်မှုများ ဖန်တီးဖြစ်ပေါ်စေပါသည်။ မီးဇာတ်နှင့် လေထုဓာတ်ကို ဆပွားစေကာ ကမ္ဘာကြီး အပူရှိန်မြင့်တင်စေ၏။

ရာဟုသဘောကို လှစ်ဟပြောလိုက်ချင်ပါသည်။

ရာဟုဂြိုဟ်ကို မျက်ခြည်ပြတ်ခံလို့ မရ။

ရုပ်ဝတ္ထု အကောင်အထည် မရှိသော်လည်းဘဲ ဇာတာတိုင်းတွင် ရာဟုဂြိုဟ်ကို ထည့်သွင်းကြသည်။ လက်ရှိ လက်ဆန်းတိုင်း ရာဟုဂြိုဟ်ပါစမြဲ။ ဟိန္ဒူအရှေ့တိုင်းကျမ်းများတွင် ရာဟုဖြတ်အမှောင်ကာလများသည် ဂြိုဟ်များအား မကောင်းဆိုးဝါးများ စီးနင်းထားသဖြင့် အောက်ပါ လုပ်ငန်းကိစ္စများ ရှောင်ရှားသင့်သည်ဟု ဆို၏။

- ❖ ပင်လယ်ကူးသင်္ဘောကြီးများ၊ စက်လှေများ ရေချခြင်း။
- ❖ အိမ်မွေးတိရစ္ဆာန်များ ရောင်းဝယ်ပြုလုပ်ခြင်း။
- ❖ အနုပညာလုပ်ငန်းသစ်များ စတင်လုပ်ကိုင်ခြင်း။
- ❖ ရုပ်ရှင်၊ ဗီဒီယို ဇာတ်ကားသစ် စတင်ရိုက်ကူးခြင်း၊ ဖြန့်ချိခြင်း။
- ❖ လိုက်ဖ်ရှိုးပွဲများ ပြခြင်း။
- ❖ တိုင်းရင်းဆေး၊ နိုင်ငံခြားဆေးဝါးသစ်များ ဈေးကွက်သို့ စတင်ဖြန့်ချိခြင်း။
- ❖ စာနယ်ဇင်း မိတ်ဆက်ပွဲများ ပြုလုပ်ခြင်း။
- ❖ ဆိုင်သစ်ဖွင့်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်း၊ မီဒီယာများမှ ကြေညာခြင်း။
- ❖ အလုပ်အကိုင် အသစ်များအတွက် လျှောက်လွှာတင်ခြင်း၊ အင်တာဗျူးဝင်ခြင်း။
- ❖ လူငယ်များ မေတ္တာရေးရာ၊ ချစ်မှုရေးရာ အစပျိုးခြင်း။
- ❖ ငွေကြေးကိစ္စများ ပြုလုပ်ခြင်း၊ စာချုပ် ချုပ်ဆိုခြင်း။
- ❖ ဆင်းတုတော်ထုဆစ်ခြင်း၊ ဘုရား အနေကဇာတင်ခြင်း။
- ❖ လက်ထပ်မင်္ဂလာ၊ ရှင်ပြု၊ နားသ၊ ဆံသ အလှူမင်္ဂလာများ ပြုလုပ်ခြင်း။
- ❖ ကုမ္ပဏီလုပ်ငန်း၊ အစုစပ်လုပ်ငန်းများ စတင်ခြင်း။
- ❖ ကျောက်မျက်ရတနာ၊ ရွှေ အရောင်းအဝယ် ပြုလုပ်ခြင်း၊ စတင်ဝတ်ဆင်ခြင်း။
- ❖ အိမ်ခြံမြေ ရောင်းဝယ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း။
- ❖ အဝတ်အထည်ဖက်ရှင်၊ ဒီဇိုင်းသစ်များ စတင်ရက်လုပ်ဖြန့်ချိခြင်း။
- ❖ မြေသန့် ပန္နက်တင်မင်္ဂလာအချိန် ပြုလုပ်ခြင်း။
- ❖ ဂျင်းတူး၊ အုတ်မြစ်စီ၊ တိုင်ထူ၊ အိမ်တက်၊ အိမ်ပြောင်း မင်္ဂလာပြုလုပ်ခြင်း။
- ❖ နာမည်ရွေးခြင်း၊ နာမည်ပြောင်းခြင်း၊ နာမည်ပေးခြင်း။
- ❖ ဘဏ်တွင် ငွေစာရင်းအသစ်များ စတင်ဖွင့်လှစ်ခြင်း။

အားလုံး အားလုံးကို ရာဟုဖြတ် အမှောင်ကာလလွတ်ကင်းမှသာ ဆောင်ရွက်သင့်ပါသည်။ လောကတွင် အကောင်းများပြီး အဆိုးနည်းမှသာ၊ အဆိုးများပြီး အကောင်းနည်းလျှင် လူတွေလည်းပျက်စီး၊ လောကကြီးလည်း ကြေမွပျက်သုဉ်းမည်သာတည်း။ သတိထား ဆင်ခြင်ကြပါလေ။

ရာဟုဖြတ် အမှောင်ကာလများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ❖ တနင်္ဂနွေနေ့ ညနေ ၄ နာရီခွဲမှ ညနေ ၆ နာရီထိ။
- ❖ တနင်္လာနေ့ နံနက် ၇ နာရီခွဲမှ နံနက် ၉ နာရီထိ။
- ❖ အင်္ဂါနေ့ ညနေ ၃ နာရီမှ ညနေ ၄ နာရီခွဲထိ။
- ❖ ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီခွဲထိ။
- ❖ ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီ။
- ❖ သောကြာနေ့ နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီထိ။
- ❖ စနေနေ့ နံနက် ၉ နာရီမှ နံနက် ၁၀ နာရီခွဲ။

လူသားအားလုံး အမှောင်ကင်း၍ အလင်းဆောင်နိုင်ကြပါစေ။

❒ မင်းတန် (ဆန်ရှော့ပ်)


# လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အပြုံအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အပြုံအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား လသာမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com



# ပန်းချစ်သူများအတွက် ပန်းယဉ်ကျေး



**အောင်ဘုန်းပြင့် (ကချင်ပြ**

ကမ္ဘာလောကကြီး၌ အလှပဆုံး လူသားတို့၏ အချစ်ဝိညာဉ်ကို အဆွဲဆောင်နိုင်ဆုံးနှင့် အရောင်မျိုးစုံဖြင့် စီခြယ်ထား၍ အလှကုဋေကြွယ်သော သဘာဝ ပစ္စည်းများထဲတွင် ပန်းနှင့် ကျောက်မျက်ရတနာများသည် ထိပ်ဆုံးက ဖြစ်လေ၏။ ပန်းများ၏ မှော်ဝင်အလှများကို မည်သည့်အလှတရားကမှ မမီနိုင်သလို ပန်းမန်တို့၏ သဘာဝမွှေးရနံ့များကိုလည်း မည်သည့်အနံ့အဆင်းများကမှ မီနိုင်မည် မထင်ပါ။ ပန်းများသည် လူသားတို့၏ နှလုံးသားအချစ်ကို အများဆုံး ညှို့ယူနိုင်သော အရာဖြစ်သည်။

ပန်းများကို လူသားတို့ နှစ်သက်မြတ်နိုးလာခဲ့သည်မှာ ရှေးမဆွ ကမ္ဘာဦးမှ ယခုကာလတိုင် ဖြစ်လေ၏။ နတ်ဒေဝတာတို့ကို ကိုးကွယ်ခဲ့စဉ်က နတ်အပေါင်းတို့ကို ပန်းများဖြင့် ပူဇော်ခဲ့ကြသလို ဘာသာ သာသနာဘက်သို့ ကူးပြောင်းလာသည့်အခါ၌လည်း ပန်းမန်များကို ဘုရားပန်းအဖြစ် ဆက်ကပ်လှူဒါန်းကြရ၏။ အကြီးအကဲများကို ဂုဏ်ပြုသည့်အခါ ပန်းဆက်သရသလို ချစ်သူများကို နှလုံးသား အသိအမှတ်ပြုရာ၌လည်း ပန်းဖြင့် ငြိမ်းဆင်တံတားခင်းကြရ၏။ လောကီ၊ လောကုတ္တရာ ဘဝသံသရာတစ်ခုလုံးတွင် ပန်းသည် လူတို့၏အနီးစပ်ဆုံးအဖော်မွန်ဖြစ်သည်။

ပန်းတို့၏ မမြင်မတွေ့နိုင်သော သဘာဝစွမ်းအားသည် အဆင်းကိုလှစေ၍ ဂုဏ်သတင်းကို ထင်ပေါ်ကျော်စေစေနိုင်၏။ ကောင်းသတင်းများကို မွှေးကြိုင်ပျံ့လွင့်စေနိုင်ပြီး စိတ်နှလုံးကို ရွှင်လန်းချမ်းမြေ့စေနိုင်၏။ လာဘ်လာဘ ပွင့်စေ၍ ခနဉ်စွာချမ်းသာခြင်းကို ရစေနိုင်ပြီး နာမည်ဂုဏ်သတင်းကို ကျော်ကြားစေနိုင်၏။ ဘဝကို နုပျိုလန်းဆန်း တက်ကြွစေပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေနိုင်သည်ဟု ယုံကြည်ကြလေသည်။

သို့ဖြစ်၍ လူမျိုးဘာသာတိုင်းသည် ပန်းမန်များကို ချစ်မြတ်နိုးကြ၏။ အထွတ်အမြတ်ထားကြ၏။ ယုယပိုက်ထွေးတတ်ကြ၏။ အမျိုးမျိုး အဖုံဖုံ စုံလင်အောင် အသုံးပြုတတ်ကြ၏။ ဘာသာရေးအခမ်းအနားများ၌ လည်းကောင်း၊ မင်္ဂလာအခမ်းအနားများ၌ လည်းကောင်း၊ ဂုဏ်ပြုမင်္ဂလာခမ်းမင်းနားများ၌ လည်းကောင်း။ အောင်ပွဲခံ ဂုဏ်ပြုအခမ်းအနားများ၌ လည်းကောင်း၊ လူ့ဘဝအစပြုသော မွေးဖွားစဉ် မင်္ဂလာအချိန်မှအစပြု၍ ကွယ်လွန်ချိန် ဈာပနကိစ္စ ဆောင်ရွက်ရချိန်အထိ လူ့ဘဝတစ်လျှောက်လုံး ပန်းသည် ပဓာနကျသော အခန်းကဏ္ဍမှ ပါဝင်ရစမြဲ ဖြစ်လေ၏။ လူမှုရေးရာတိုင်း၌ ပန်းနှင့်ကင်းကွာ၍ ဆောင်ရွက်ရသည့် ကိစ္စဟူ၍ မရှိနိုင်ပါ။

လူတို့သည် ပန်းများ၏ သဘာဝအလှအပများကို ရှုထောင့်အမျိုးမျိုး ရှုမြင်ခံစားတတ်ကြပြီး နှစ်သက်မြတ်နိုးသော အဓိပ္ပာယ်အမျိုးမျိုးကို ဖွင့်ဆိုကြ၏။ ထိုသို့ အဓိပ္ပာယ် ဖွင့်ဆိုကြရာ၌ နှင်းဆီပန်းသည် အလှပရိယာယ်ကြွယ်သည်။ မြို့ဆန်ပြီး မာန်ဝင့်တတ်သည်ဟု ခံယူတတ်ကြပြီး စံပယ်ပန်းသည် တစ်ရောင်တည်းခြယ်ပြီး ကြယ်ပွင့်ပမာလှသည်။ ဖြူစင်လှပပြီး တောခလေ့ဆန်သည်။ မာယာပရိယာယ်မကြွယ် ရိုးစင်းပြီး ချစ်ခြင်းမေတ္တာ ဂဟေပေါင်းထုံတံတားကို ခိုင်မြဲအစွန့်ရှည်စေသည်ဟု ယုံကြည်မှတ်ယူကြ၏။ မြတ်ပန်းသ ကိုမူ မြင့်မြတ်တော်ဝင်သည် မင်းထိုင် စိုးကြိုက်အထွတ်အမြတ်ပန်းဖြစ်သည် ကတော်ဆယ်ပါးတို့၏ ဂုဏ်ယူနှစ်သ ပန်ဆင်ရာ အလှသင်္ကေတပန်းဖြစ်သည် ဟုဆိုသည်။

ကြာမျိုးငါးပါးကို ကိုးကွယ်မှုဆိုင် ရာ ပန်းအဖြစ်နှင့် မေတ္တာရှင် မယ်တော် အပေါင်းတို့နှင့် ဆက်နွယ်သက်ဆိုင် သော ပန်းအဖြစ် မှတ်ယူကြသည်။

ငုဝါ နှင့် ချယ်ရီပန်းများ ရိုးသားပွင့်လင်းဟန်၊ ပျိုမျစ်နုနယ် လန်းဆန်းတက်ကြွဟန်ရှိသည် ဖြစ်လေ၏။ ပိတောက်ပန်းများ ရက်ကောင်းရက်မြတ် အခါ





www.burmeseclassic.com

www.burmeseclassic.com

ရွေးချယ်ပွင့်တတ်ပြီး ပိတောက်ပွင့်လျှင် အခြားပန်းများကို ပန်ဆင်သူမဲ့၍ နေရာဖယ်ပေးရကာ ဈာန်လျှော့ရသဖြင့် ပန်းကြောက်ပန်းဟု ခေါ်ကြ၏။ ပိတောက်ပန်းကို ကတိသစ္စာစကားတည်စေသောပန်းဟု ယုံကြည်ကြ၏။

ထို့ကြောင့် မိမိတို့နှစ်နှစ်ကာကာ ချစ်မြတ်နိုးသူတို့ကို နှုတ်စကားနှင့် ချစ်ရေးမဆိုဝံ့လျှင် အချစ်စကားရဲ့ကိုယ်စားပန်းပိတောက်ကို အချစ်လက်ဆောင်ပေးလိုက်လျှင် မေတ္တာရေး၌ ထူးထူးခြားခြား နီးစပ်အဆင်ပြေသွားနိုင်သည်ဟု လက်ခံယုံကြည်ထားကြသည်။

*ကမ္ဘာနှင့်ပန်း*

ကမ္ဘာပေါ်တွင် ပန်းမျိုးရင်းပေါင်းသောင်းနှင့်ချီ၍ အရောင်အဆင်း စုံလင်စွာရှိသည့်အနက် နှင်းဆီပန်းနှင့် သစ်ခွပန်းသည် လူသိအများဆုံးနှင့် အသုံးအများဆုံးဖြစ်လေ၏။ ငွေကြေး မပေးရဘဲ ခူးဆွတ်ယူနိုင်သည့် သဘာဝပန်းမျိုးစုံရှိသလို ကျောက်သံပတ္တမြား အစရှိသော ရတနာများနှင့် တန်ဖိုးသင့်၍ ဝယ်ယူရသော ရှားပါးအဖိုးတန်ပန်းများလည်း ရှိပါသည်။

၂၀ ရာစု အစပိုင်းအထိ ကမ္ဘာ့ပန်းကုန်သွယ်မှုကို ဗြိတိသျှတို့က စိုးမိုးထားနိုင်ခဲ့၏။ လန်ဒန်မြို့ကြီးသည် ကမ္ဘာ့ပန်းရောင်းဝယ်မှု၏ အချက်အချာ ဘူမိနက်သန် ဖြစ်ခဲ့သည်။

၂၁ ရာစုထဲ ဝင်ရောက်လာချိန်တွင် ခေတ်မီ တိုးတက်လာမှုနှင့်အညီ ပန်းလောက လွှမ်းစွာကျယ်ပြန့်ကြီးထွားလာသဖြင့် နောက်ဆုံးပေါ် ဂျက်လေယာဉ်ကြီးများနှင့် ဖြန့်ချိရောင်း ဝယ်ရသည်ထိ တိုးတက်များပြားလာ၏။ နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံ၏ အထိမ်းအမှတ်ပန်းများရှိကြရာ မြန်မာနိုင်ငံ၏ တော်ဝင်ပန်းသည် သဇင်ပန်းဖြစ်ပြီး ယိုးဒယားနိုင်ငံ၏ အထိမ်းအမှတ်ပန်းသည် သစ်ခွပန်းဖြစ်သည်။ အင်္ဂလိပ်လူမျိုးတို့ အနှစ်သက်ဆုံးပန်းသည် နှင်းဆီပန်းဖြစ်ပြီး ဂျပန်လူမျိုးတို့၏ အမှတ်တရပန်းသည် ချယ်ရီပန်းဖြစ်လေ၏။ ထို့အတူ ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ ကိုယ်ပိုင် အမျိုးသားပန်းများ ကိုယ်စီရှိကြသည်။ အချို့နိုင်ငံများသည် မိမိတို့ နိုင်ငံတော်အလံများတွင် အမျိုးသားပန်းများဖြင့် ပုံဖော်ထားကြသည်လည်း ရှိကြသည်။ ပန်း၏ အခန်းကဏ္ဍသည် ဆက်လက်ကြီးထွားနေဆဲ ဖြစ်ပါသည်။

ပန်း၏အလှကို ချစ်မြတ်နိုးတတ်သော လူသားတို့သည် ပန်းများ၏ အစဉ်ထာဝရ စိုးမိုးထားခြင်းမှ ရုန်းထွက်နိုင်မည် မဟုတ်ပါ။ ကမ္ဘာ့လူသားတိုင်း၏ ဝင်ငွေထဲမှ နှစ်ရာခိုင်နှုန်းနှင့် သုံးရာခိုင်နှုန်းခန့်အထိသည် ပန်းအတွက် ကုန်ကျနေကြသည်ဟု စီးပွားရေး ပညာရှင်များက ခန့်မှန်းထားကြလေ၏။ လူသည် မွေးဖွားသန့်စင်လာစဉ်က ပန်းနှင့်ကြိုဆိုခြင်း ခံကြရပြီး ကွယ်လွန်သွားချိန်၌လည်း ပန်းမန်များဖြင့် နှုတ်ဆက်ပို့ဆောင်ခံရသဖြင့် လူသည် ပန်းနှင့် ထာဝရကင်းကွာနိုင်မည် မဟုတ်ပါပေ။

*မြန်မာနှင့်ပန်း*

ပြင်ဦးလွင်မြို့တော်သည် မြန်မာနိုင်ငံ၏ ပန်းမြို့တော်ဖြစ်ပြီး နိုင်ငံ၏ ပန်းလိုအပ်ချက် အံများဆုံးကို စိုက်ပျိုးဖြန့်ဖြူးပေးသောမြို့ဖြစ်သည်။ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးအား ပုဂံလူစွမ်းကောင်း ဗျတ္တသည် နေ့စဉ်ပန်းဆက်သခဲ့ခြင်းကို ထောက်ရှုခြင်းဖြင့် ရှေးမြန်မာမင်းတို့သည် ပန်းကို မည်မျှ အလေးတန်ဖိုးထားကြသည်ကို ခန့်မှန်းနိုင်၏။ မြန်မာ့သဘာဝ မြေခံရေခံတွင် တောပန်း တောင်ပန်း စုံလင်စွာ ဖူးနိုင်ပွင့်နိုင်သည်မှာ ထူးမြတ်သော ဝိသေသဖြစ်လေ၏။ ထို့ပြင် စိုက်ပျိုးယူရသောပန်း တိုင်းတစ်ပါးမှ ကူးယူရသောပန်း ပန်းချင်းစပ်၍ ပျိုးယူရသောပန်း ဟူ၍ စုံလင်များပြားစွာ ဖြစ်ထွန်းလျက်ရှိ၏။

နက္ခတ်ရာသီ စက်ဝန်းအလိုက် ရာသီနှင့်အညီ မြန်မာ့မြေပေါ်တွင် အချိန်မှန်ပွင့်တတ်သော ပန်းများကို အလျဉ်းသင့်၍ တင်ပြရလျှင် တန်ခူးမိဿရာသီတွင် ကံ့ကော်၊ ရင်ခတ်၊ ငုဝါ၊ စိန်ပန်း၊ ပိတောက်ပန်းများ။ ကဆုန်ပြိဿရာသီတွင် စံကားပန်း၊ ပေါက်လဲပန်းများ။ နယုန် မေထုန်ရာသီတွင် စံပယ်၊ မြတ်လေးပန်းများ။ ဝါဆိုကရကဋ်ရာသီတွင် ရင်ခတ်၊ ပုန်းညက်ပန်းများ။ ဝါခေါင် သိဟ်မွန်ရာသီတွင် ခတ္တာပန်း။ တော်သလင်း ကန်ရာသီတွင် ယင်းမာပန်း။ သီတင်းကျွတ် တူရာသီတွင် ကြာမျိုးငါးပါး။ တန်ဆောင်မုန်း ဗြိစ္ဆာရာသီတွင် ခဝဲပန်း။ နတ်တော် ဓနုရာသီတွင် ဂမုန်း၊ သဇင်ပန်းများ။ ပြာသိုမကာရရာသီတွင် ခွာညိုပန်း။ တပို့တွဲကုံရာသီတွင် ပေါက်လဲပန်း။ တပေါင်းမိန်ရာသီတွင် အင်ကြင်း၊ သရဖီပန်းများ အသီးသီး ဖူးပွင့်ဝေဆာ အလှဆင်ကြလေ၏။

မြန်မာ့အနုပညာနှင့် စာပေပညာရှင်တို့သည် ပုဂံခေတ်ဦးမှသည် ယခုကာလတိုင်အောင်ပင် သဘာဝပန်းမန်တို့၏ အနုအရွ အလှအပ မျိုးစုံတို့ကို ရှုထောင့်ပုံစံမျိုးစုံဖြင့် ရှုမြင်ခံစားကြပြီး ပန်းချီအလှ စာပေအလှ ကဗျာအလင်္ကာအလှဟူ၍ လှမျိုးစုံလင်စွာနှင့် အမျိုးမျိုးအဖုံဖုံ တင်စားတန်ဆာဆင်မက်မပြေနိုင်အောင် ရေးသားသီကုံးဖွဲ့ဆို အမွှမ်းတင်ထားခဲ့သည်မှာ ဂုဏ်ယူစရာဖြစ်ပေ၏။ မြန်မာ့ဓလေ့၌ ပန်ဆင်ရမည့်ပန်း မပန်ဆင်အပ်သည့်ပန်း မင်္ဂလာအခမ်းအနားမျိုး၌ သုံးရမည့်ပန်း၊ နာရေးကိစ္စများ၌ သုံးရမည့်ပန်းဟူ၍ ဆောင်ရန် ရှောင်ရန် ပန်းများလည်း ရှိလေသည်။ ဥပမာ- သဇင်ပန်းသည် မင်္ဂလာပန်းဖြစ်ပြီး ခေါင်ရန်းပန်းသည် အမင်္ဂလာပန်းဖြစ်လေ၏။

ရှေးအခါက လွတ်သဘင်တရားစီရင်ရာ၌ မိဖုရားသည် ခေါင်ရန်းပန်းကို ပန်ဆင်ထားလျှင် သေစေဟူသော အဓိပ္ပာယ်ဖြစ်ပြီး သဇင်ပန်းကို ပန်ဆင်ထားပါက လွတ်စေဟူသော အဓိပ္ပာယ်ကို ဆောင်သည်ဟူ၏။ မည်သို့ပင်ဆိုစေကာမူ ပန်းသည် ရတနာဆယ်ပါးထဲတွင်

www.burmeseclassic.com

မပါဝင်သော်လည်း လူတို့အတွက် အမှန်တကယ် မရှိမဖြစ် လိုအပ်လှသော ရတနာပစ္စည်းတစ်ပါး ဖြစ်သည်ဟု အသိအမှတ်ပြုကြရမည်သာ ဖြစ်သည်။

***ပန်းတို့၏သိဒ္ဓိစွမ်းအားအကျိုး***

ပန်းမြတ်မာလာတို့၌ လွန်စွာထူးခြားဆန်းကြယ်သော တန်ခိုးသိဒ္ဓိများ ကိန်းဝပ်နေသည်ဟု ဘက်စုံပညာရှင်တို့က လက်ခံ အသိအမှတ်ပြုထားကြလေ၏။ ပန်းများတွင် မဖြစ်နိုင်သေးသော အရာများကို ဖြစ်လာအောင်၊ မရရှိနိုင်သော အရာများကို ရရှိလာအောင်၊ မအောင်မြင်နိုင်သည့် အရာများကို အောင်မြင်လာအောင် ဆောင်ကြဉ်းပေးနိုင်သော ဝိဇ္ဇာမဟာဒိဗ္ဗစွမ်းအားများရှိ၏။ ထို့ပြင် မုန်းသူကို ချစ်လာအောင်၊ စီးပွားလာဘ်လာဘတိုးအောင် ပွားစီးပေးနိုင်သည်။

သို့ဖြစ်သောကြောင့် မြတ်သော ပန်းအလှတို့ကို မြတ်စွာဘုရားရှင်အား လှူဒါန်း ပူဇော်လျှင် အသံကောင်း အဆင်းလှ၍ လိုရာဆန္ဒများ ပြည့်စုံစေနိုင်၏။ ဝဏ္ဏနာ ကံနာ ဘေးဘယာများ ကင်းပစေ၍ ရာထူး ဌာနန္တရများ တိုးတက်စေနိုင်၏။ ရန်သူမျိုးငါးပါးနှင့် ကပ်သုံးပါးတို့မှ ကျော်နင်း ချမ်းသာရစေနိုင်၏။

ပန်းကို သိကြားဗြဟ္မာ နတ်ကောင်း ဒေဝတာ အပေါင်းတို့အား ပူဇော်လျှင် အလုပ်အကြံ ခရီးလမ်းများ လွယ်ကူအောင်မြင်စေနိုင်ပြီး အခက်အခဲ အနှောင့်အယှက် ဒုက္ခဆင်းရဲ ပြဿနာတို့မှ လွတ်ငြိမ်းစေနိုင်၏။

သူရဿတီ၊ စန္ဒီ၊ ကာလီ၊ ကွမ်ယင် အစရှိသော မေတ္တာရှင်မယ်တော်တို့နှင့် ဘုန်းကံ တန်ခိုးကြီးမားသော ဒေဝါဒေဝီ အပေါင်းတို့အား ပန်းဖြင့်တင်လှူ ဆုတောင်းလျှင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ လောကီ လောကုတ္တရာရေးရာများတွင် အောင်မြင် ချမ်းမြေ့သာယာဖြောင့်ဖြူးစေနိုင်၏။

[illegible] ပန်းလက်ဆောင်ပေးလျှင် အချစ်ကို ခိုင်မြဲအဓွန့်ရှည်စေနိုင်ပြီး အကြီးအကဲများကို ပန်းခြင်းပေး၍ ကန်တော့လျှင် လိုရာဆန္ဒပြည့်ဝစေနိုင်သည်။ အလုပ်အကြံအစည်များ အောင်မြင်စေနိုင်သည်။ အရာရာတိုင်း၌ မှော်ပဒ္မလက်ကဲ့သို့ ရေကန်အသင့် ကြာအသင့်ဖြစ်စေ၍ အရာအားလုံး ပြီးမြောက်စေနိုင်ပါလိမ့်မည်။

အပေါင်းအသင်းများကို ပန်းလက်ဆောင်ပေးလျှင် ချစ်စကို ရှည်စေနိုင်ပြီး နေအိမ် အခန်းအနားများ၌ အလှအပအဖြစ် မွှမ်းမံပြင်ဆင် အလှပြုပြင်ထားလျှင် စိတ်နှလုံးကို သာယာချမ်းမြေ့စေ၍ အလှကျက်သရေဂုဏ်ကို မြင့်မားထည်ဝါစေနိုင်၏။ ပန်း၏ အလှဂုဏ် မွှေးရနံ့ကြောင့် မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံစေနိုင်၏။

ပန်းကို ခေါင်းမှာပန်ထားလျှင် အလှကျက်သရေ တိုးပွားစေ၍ လာဘ်ကောင်း ကံပွင့် စန်းတက်စေကာ မျက်နှာပန်းလှစေနိုင်၏။ ပန်းသည် ရုပ်အဆင်းအင်္ဂါနည်းသူကို ယဉ်စေနိုင်ပြီး ရုပ်အဆင်းလှသူကို အလှပေါ် အလှဂုဏ်ဆင့်၍ တောက်ပြောင် လင်းလက်ကြော့ရှင်း ပန့်သင့်စေနိုင်၏။ ထင်ပေါ်တင့်တယ်စေနိုင်၏။ သို့ဖြစ်၍ ပန်းသည် လူမှုရေးရာ အဖြာဖြာတို့၌ အောင်အတိတ် အောင်နိမိတ် ဆောင်သော ရတနာတစ်ပါး ဖြစ်လေသည်။

***ပန်းယတြာ***

ခုနစ်ရက် သားသမီးများသည် လွန်စွာကြီးမားသော ဘေးဒုက္ခအခက်အခဲမျိုးနှင့် ရင်ဆိုင်တွေ့ကြုံရပြီး ကယ်တင်ပေးမည့် အားကိုးအားထားမရှိ ဖြစ်နေလျှင် (သို့) ဘာကိုပဲ လုပ်ရလုပ်ရ မအောင်မမြင် အချည်းနှီး ဘဝမျိုးနှင့် မထင်မရှား ဖြစ်နေရလျှင် ပန်းကိုးမျိုး အရောင်စုံကိုးမျိုးကို အနေတော်ပန်းကုံး ကိုးကုံး ပြုလုပ်သီကုံးပါ။ လပြည့်နေ့ မကျော်မီ မိမိတို့၏ မွေးနေ့ နေတက်မြန်မာတွင် ဘုရားကိုးဆူ တစ်ဆူချင်းကို နေ့ချင်းပြီး လှူဒါန်းပူဇော်ပြီး မိမိတို့ အလိုရှိသော ဆုကို စိတ်ထဲက လေးလေးနက်နက် ယုံကြည်စွာဖြင့် သစ္စာအဓိဋ္ဌာန်ပြု၍ ဆုတောင်းပတ္ထနာပြုပါ။ လိုရာဆန္ဒများ ပြည့်စုံ ရရှိစေနိုင်ပါလိမ့်မည်။

ပညာရေးအတွက် ဖြစ်လျှင် သူရဿတီမယ်တော်၌ အဖြူရောင် ပန်းခုနစ်ပွင့် ပူဇော်ပါ။ စီးပွားရေးအတွက် ဖြစ်လျှင် လက်ချိုမီးမယ်တော်၌ နှင်းဆီပန်း အနီရောင် ခုနစ်ပွင့် ပူဇော်ပါ။ ကျန်းမာရေးအတွက်ဖြစ်ပါက ကာလီမယ်တော်ထံ၌ အောင်သပြေပန်း ခုနစ်ခက် ပူဇော်ပေးပါ။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ကောင်းလာလိမ့်မည်။ မင်္ဂလာအချစ်ရေး၊ အိမ်ထောင်ရေးကိစ္စ ဖြစ်လျှင် စန္ဒီမယ်တော်၌ ပန်းမျိုးစုံ အရောင်မျိုးစုံ ကပ်လှူပူဇော်ပါ။ မင်္ဂလာကိစ္စနှင့် အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေ ချောမွေ့စေနိုင်မည်။

အပြောင်းအရွှေ့ မပြုလိုပါက ကြာပန်းတစ်ပွင့်ကို နေကြာပန်း ခုနစ်ပွင့်ရံ၍ ဘုရားကပ်လှူထားပါ။ (ပလတ်စတစ်ပန်း အသုံးပြုနိုင်သည်) ပစ္စည်းပျောက်ပါက ပျောက်သောပစ္စည်းနံပန်းကို အိမ်ဘုရားတွင် ကပ်လှူပူဇော်ထား၍ ရှာဖွေပါ။ ကြွေးတောင်း၊ စာမေးပွဲ အင်တာဗျူး၊ အခြား အရေးကြီးကိစ္စများ ဆောင်ရွက်ရန် သွားလာရပါက မိမိ၏ အညွှန့်နံပန်း ဥပမာ တနင်္ဂနွေသားသမီး ဖြစ်လျှင် တနင်္လာနံပန်း- ကံ့ကော်ပန်း၊ ငွေပန်း၊ ဂမုန်းပန်း၊ ကြာပန်း၊ ခရေပန်း တစ်မျိုးမျိုးကို ဆောင်၍ဖြစ်စေ ပန်၍ဖြစ်စေ သွားရောက်ဆောင်ရွက်ပါက လိုရာကိစ္စများ ပြီးမြောက်အောင်ပန်းဆင်နိုင်ပါလိမ့်မည်ဟူ၍ ပန်းအကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ. . .

❑ အောင်ဘုန်းမြင့် (ထချုပ်ငြေ)





www.burmeseclassic.com

www.burmeseclassic.com

# ခမည်းဘယ်လိုပေးမှာလဲ

## ဂမ္ဘီရဆရာပွင့်

အနေကြာလာတော့လည်း ဒီရပ်ဒီရွာ ဟူသည် ကိုယ့်ဇာတိချက်မြှုပ် မဟုတ်လင့်ကစား ကိုယ့်ရပ် ကိုယ့်ရွာပမာ ခင်တွယ်နေမိပြီဖြစ်၏။ အသက်အရွယ် ကြီးရင့်လာပြီဖြစ်သည့် ကျွန်ုပ်အား ရွာသူ၊ ရွာသားတွေက ရိုသေလေးစားကြသလို ကျွန်ုပ်ကလည်း သူတို့အပေါ်၌ တူသားမြေးမြစ်ပမာ ကရုဏာယိုဖိတ်မိပြီ ဖြစ်၏။ သူတို့ သူတို့သည် ဘာချက်ချက် စားဦးစားဖျားလေးများကို လာရောက်ပို့တတ်ကြပြီး လောကီရေးရာ အစီအမံများနှင့် ပတ်သက်၍ အခက်အခဲ ကြုံလာပါက အကူအညီ လာရောက်တောင်းခံတတ်ကြ၏။

ယခုလည်း အသက်အရွယ် ထောက်ပါမှ ဖူးစာကံ စန်းထသည့် မောင်ရွှေပန်းတစ်ယောက် ခင်ရန်ရှင်းနှင့် ဂဟေဆက်ပြီး ပေါက်ဖွားလာသည့် ဝဲထူဂျုတ်ထူသားကလေး မောင်ကျွဲသိုးအတွက် စိတ်သောကရောက်ရပေပြီ။ ဘာလုပ်လုပ် ဘာကိုင်ကိုင် စိတ်ထဲမဖြောင့်။ ခုတလော မောင်ကျွဲသိုးသည် ခဏခဏ မကြာမကြာဆိုသလို နေထိုင်မကောင်း ဖြစ်တတ်၏။ ဒီ့အတွက် ရွာထဲရှိ ဗိန္ဒောဆရာကြီး ဦးခိုင်ခန့်နှင့် ပြကြည့်၏။ အကောင်းစားဆေးဝါးတွေ ဖော်စပ်တိုက်ကျွေးသော်ငြား ဆေးကမတိုး။

"ကူညီပါဦး ဆရာပွင့်ရယ် . . . ကျွန်တော့်မှာ တွယ်တာရမယ့်သူဆိုလို့ ဒီသားကလေး မောင်ကျွဲသိုးပဲ ရှိတာ"

"မင့်မိန်းမ ခင်ရန်ရှင်းကရော"

"အလကားဟာမပါ ဆရာပွင့်ရယ်၊ ကလေးကို ဂရုမစိုက်ဘူး၊ အားအားရှိ အရပ်တကာလှည့်ပြီး အတင်းလည်ချဖို့လောက်သာ သိတဲ့မိန်းမ"

ရင်းတို့ ဇနီးမောင်နှံတား ညားခါစတုန်းကလို မဟုတ်။ ဟိုတုန်းက တည့်လိုက်သမှ ခုကျတော့လည်း တစောင်းစေးနှင့် ဟိုသင်းချေးလို ဖြစ်ရလေပြီ။

"အင်း မင်းကလေးရဲ့ လက္ခဏာကြည့်ရတာ ခမည်းလိုနေတဲ့ သဘောပဲကွဲ့"

"ခမည်းဟုတ်လား၊ ဆရာပွင့်ပဲ ကြည့်လုပ်ပေးပါ"

"လုပ်ပေးရတာပေါ့ကွယ်၊ မင့်ကောင်က ဘယ်နေ့သားလဲ"

"တနင်္လာသား ဆရာပွင့်ရဲ့"

"ဒါဆို ဝက်တစ်ကောင်လောက်ဝယ်ပြီး ခမည်းပေးလိုက်"

"ပေးမယ် ဆရာပွင့် ပေးမယ်၊ သားလေးအတွက်ဆို ဘာပဲလုပ်ရ လုပ်ရ ရွှေပန်းတို့က မမှုဘူးဆရာပွင့်၊ ဒီညနေပဲ သုဝဏ္ဏက ပြောင်းလာတဲ့ ကိုကျော်စိန်ရဲ့ ဝက်ခြံက ဝက်ပေါက်လေးတစ်ကောင် သွားဝယ်မယ် ဆရာပွင့်"

"အေး ကောင်းတယ်၊ ဒါပေမဲ့ ခဏနေဦး၊ ကလေးကို ခမည်းပေးရမယ့်သူက မိတ်ဓာတ်ကျဖို့ လိုတယ်၊ အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း- မိတ်ဖက်ချင်း ဆိုတဲ့အတိုင်း မင့်သားရဲ့ မိတ်ဓာတ်က ဗုဒ္ဓဟူး၊ မင်းတို့ လင်မယားနှစ်ဦးစလုံးနဲ့ မိတ်ဓာတ်ကျပေမယ့် မင်းတို့က နေ့ရှိသရွေ့ တကျက်ကျက်ဖြစ်နေတယ်ဆိုတော့ကာ ခမည်းပေးလို့မရဘူး"

"ဟင် ဒါဆို ဘယ်လို လုပ်ရပါ့မလဲ ဆရာပွင့်ရယ်"

"ကိစ္စမရှိပါဘူးကွာ၊ သက်ကြီးရွယ်အိုထဲက မိတ်ဓာတ်ကျသူတစ်ဦးဦး ပေးခိုင်းရင် ရပါတယ်၊ အဲလိုမှ မဟုတ် ရင်လဲ ငါ ဇယားလေးတစ်ခုရေးပေး လိုက်မယ်၊ အဲဒါကြည့်ပြီး 'ပေးပေါ့၊ ငါ လဲ နောက်တစ်ပတ်လောက်ကျရင် ခရီးထွက်စရာရှိတယ်၊ အဲဒီတော့ ခမည်းကိစ္စနဲ့ ပတ်သက်ရင် အကူအညီပေးလို့ ရအောင် ဇယားလေးကို သိမ်းသာထား ဟုတ်ပလား"

"ဟုတ် . . . ဟုတ်ကဲ့ဆရာပွင့်"

သို့နှင့် ကျွန်ုပ်လည်း အပူသည် မောင်ရွှေပန်းသာမက မောင်ရွှေပန်းကဲ့သို့ ကလေးဒုက္ခခံစားနေရရှာသည့် ကလေးရှင်မိဘများ ရွှေရင်အေးစေဖို့ ခမည်းပေးရမည့် ဇယားလေးအား တစ်ဖက်ပါအတိုင်း ရေးပေးလိုက်ပါတော့သတည်း။

| ကလေးနံ | ခမည်းပေးရမည့်ပစ္စည်း | ကလေးကိုပေးရမည့်သူ |
|---|---|---|
| တနင်္ဂနွေ | မြ၊ မြေ၊ ပုတီး၊ ဗုဒ္ဓဆင်းတုတော် | အင်္ဂါသား |
| တနင်္လာ | ရွှေ၊ လှေ၊ ဝက်၊ လယ်၊ ရေကန် | စနေသား |
| အင်္ဂါ | ပုလဲဖြူ၊ ပုလဲ၊ လက်ဖွဲ့အဆောင် | တနင်္ဂနွေသား |
| ဗုဒ္ဓဟူး | သွား၊ မဟူရာ၊ ကြက်ဖအဖြူ၊ စာကလေး | ဗုဒ္ဓဟူးသား |
| ကြာသပတေး | အိုး၊ အိမ်၊ စက်၊ ဆေးတံ၊ ရွှေလက်စွပ် | သောကြာသား |
| သောကြာ | ဆေးလိပ်၊ ဆင်၊ စက်ပစ္စည်း | ကြာသပတေးသား |
| စနေ | ကြက်ဖြူ၊ ခြံရေတွင်း၊ အဖြူရောင်ဝတ်စုံ | ဗုဒ္ဓဟူးသား |

❒ ဂမ္ဘီရ ဆရာပွင့်

www.burmeseclassic.com



# အဂ္ဂမျိုး ပြည့်သူ့တကာ ဘိနိုင်ယုမြာ

နေသည် ထန်းတစ်ဖျားသို့ ရောက်ရှိချိန်ဖြစ်သည်။

အမှတ် - ၂၀/၂၅၅၊ မြင့်မိုရ်လမ်း၊ ရွှေပေါက်ကံမြို့ ကျွန်တော်၏အိမ်တွင် ကျွန်တော်တစ်ယောက်တည်း ရှိနေချိန်လည်း ဖြစ်လေသည်။ ဗေဒင်လက္ခဏာ ဟောပြောခြင်း နားသည့်ရက်ဖြစ်သည့်အလျောက် နားနားနေနေဖြင့် မနောမယဂျာနယ်ဟောင်းပုံထဲမှ စာဟောင်းအချို့ကို ဖတ်လျက်ရှိလေသည်။ ညီမဖြစ်သူ မခင်ဌေးနှင့် သူ၏သမီး မြမြမိုးတို့ ရောက်လာကြသည်။ သူတို့က ကျွန်တော့်အကြိုက် ဝက်သားနှင့် တညင်းသီးဟင်း၊ ဆိတ်သားခြောက်ဆီဆမ်းတို့ ယူလာပေးကြသည်။ ကျွန်တော်ကလည်း လက်ဖက်ရည်နှင့်ကိတ်မုန့်တို့ဖြင့် ပြန်ဧည့်ခံခဲ့လေသည်။ ညီမဖြစ်သူက စ၍ . . .

"အစ်ကိုလေးကို မေးစရာရှိလို့ပါ။ အစ်ကိုလေးရဲ့ တူမောင်ဇာ ကုမ္ပဏီတစ်ခုမှာ အလုပ်လျှောက်ထားဆဲပါ။ မကြာခင်မှာ လူတွေ့စစ်ဆေးတော့မှာ၊ အဲဒါလေး အဆင်ချောအောင် လုပ်ပေးပါဦး၊ နောက် အစ်ကိုလေးတူမ မြမြမိုးကလဲ မယ်လိုဒီဝေါမှာ သီချင်းဆိုပြိုင်ပွဲဝင်ဖို့ လျှောက်လွှာပုံစံဖြည့်တင်ထားတာ၊ အရွေးခံရဖို့နဲ့ အမှတ်ကောင်းရဖို့လဲ လုပ်ပေးဦး"

"နင်တို့ဟာက တယ်လဲ လောဘကြီးတာကိုး၊ နဂိုရှိပါမှ နကိုင်းထွက်မှာ၊ ပင်ကိုအခြေခံကလဲ ရှိဖို့လိုတယ်မဟုတ်လား၊ ကိုယ့်ဘက်ကလဲ စွမ်းသလောက် လေ့လာအားထုတ်ကြဦး"

ထိုအခါ တူမတော် မြမြမိုးက . . .

"ဟုတ်ပါတယ် အဘရယ်၊ သမီးတို့လဲ ကြိုးစားနေပါတယ်၊ မောင်လေးဆိုရင်လဲ လူတွေ့ စစ်ဆေးခံနိုင်ဖို့ ကျန်းမာရေးလဲ လိုက်စားနေတယ်၊ လုပ်ငန်းဆိုင်ရာ ဘာသာရပ်တွေလဲ လေ့လာနေပါပြီ အဘရယ်"

"အေးအေး . . ကောင်းပြီလေ၊ ငါကိုယ်တိုင်လဲ အမြဲရွတ်ဖတ်နေတဲ့ ဂါထာတစ်ပုဒ် ပေးလိုက်မယ်၊ အပိုဒ်ကတော့ လေးပိုဒ်ရှိတယ်ကွဲ့၊ ကြည်ညိုသဒ္ဓါပွားနိုင်ဖို့ အနက်အဓိပ္ပာယ်ကိုပါ ရွတ်ပြပေးမယ့် မင်းတို့အတွက်ရော လိုအပ်သူတွေအတွက်ပါ ရည်ရွယ်ပြောပြလိုက်ပါ့မယ်၊ မြမြမိုးက လိုက်ပြီး ရေးမှတ်ယူသွား၊ မမီတဲ့နေရာ မရှင်းတဲ့ အဓိပ္ပာယ်ကို ချက်ချင်း ပြန်မေးပါ"

ကျွန်တော် ရေနွေးတစ်ခွက်ငှဲ့သောက်ပြီး ဆက်၍-

"အခု ငါပေးလိုက်မယ့် ဂါထာတော်ကို ပညာအရာဘုန်းကံအရာတို့မှာ ပြိုင်ဘက်ရှားတဲ့ မကာရလောပ၊ မအဏ္ဏရာကျော၊ မသိတာမရှိ၊ မဖြစ်တာမရှိ ဘွဲ့ထူး ဂုဏ်ထူးရတဲ့ ဆရာတော်ခင်ကြီးဖျော် အသုံးပြုခဲ့တဲ့ ဂါထာတွေဖြစ်တယ်ကွဲ့၊ ဂါထာရဲ့အဓိပ္ပာယ်ကို မင်းတို့ရဲ့စိတ်ထဲမှာ အာရုံထဲမှာ ထင်ရှားအောင် စူးစူးစိုက်စိုက် မှတ်ယူရွတ်ဖတ်ရမယ်၊ ရွတ်ဖတ်တဲ့သူဟာ ငါးပါးသီလ လုံရမယ်၊ တစ်နေ့ကို ၁၈ ခေါက်ရွတ်ရမယ်၊ အချိန်မှန်မှန် ရွတ်ရမယ်၊ ယုံယုံကြည်ကြည်နဲ့ ရွတ်၊ ရွတ်ဖတ်သလောက် အကျိုးပေးတန်သကွဲ့"

ညီမနှင့် မြမြမိုးတို့ နှစ်ယောက်စလုံးမှ မှတ်စုစာအုပ်ကိုယ်စီဖြင့် ကျွန်တော်ရွတ်ဆို ပြောပြသမျှ ရေးမှတ်ယူကြလေတော့၏။ သူတို့က မမီသည့်နေရာ စာသားနှင့် မရှင်းသည့် အဓိပ္ပာယ်တို့ကို ပြန်၍မေးကြ၏။ ကျွန်တော်က သူတို့ နားလည်သဘောပေါက်သည်အထိ ရှင်းပြခဲ့လေ၏။

ကျွန်တော် ရွတ်ပြ ရှင်းလင်းပြခဲ့သော "အစိန္တေယျ လေးပါး ဂါထာတော်ကြီး" အား သိရှိလျက် လိုအပ်သူများ ရွတ်ဖတ်နိုင်ရန် ရေးသားဖော်ပြလိုက်ရလေ၏။

(၁) ဝါစာ အစိန္တေယျ ဂါထာ

ဝါစာ ဝါစာ ဝိလာသဂ္ဂ ဝါစာစိန္တေယျ သံယုတ္တံ ဝဒ္ဓေသာရ ဂုဏောပေတံ တေနမှာ တုလဝါစကော။

အနက်မှာ. : . ဝါစာ ဝါစာ ဝိလာသဂ္ဂ ဝါစာစိန္တေယျ သံယုတ္တံ = ပြကတေ့သောစကား၊ မြတ်သောစကား၊ အရွှ



www.burmeseclassic.com

www.burmeseclassic.com

တင့်တယ်သောစကား၊ မကြဲစည်နိုင်သောစကားနှင့် ပြည့်စုံတော်မူသော၊ သာရ ဂုဏောပေတံ = ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ = အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ = ရှိခိုးပါ၏၊ တေန = ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်၊ အတုလဝါစကော = အတုမရှိသော စကားနှင့် ပြည့်စုံသည့်အမှီ ဖြစ်ရပါလို၏။

(၂) ရူပ အစိန္တေယျ ဂါထာ

ရူပ ရူပ ဝိလာသဂ္ဂ ရူပစိန္တေယျ သံယုတ္တံ ဝန္ဒေ သာရ ဂုဏောပေတံ တေနမှာ တုလရူပဝါ။

အနက်မှာ . . . ရူပ ရူပ ဝိလာသဂ္ဂ ရူပစိန္တေယျ သံယုတ္တံ = ပြကတေ့သောအဆင်း၊ မြတ်သောအဆင်း၊ အလွန်တင့်တယ်သောအဆင်း၊ မကြဲစည်နိုင်သောအဆင်းနှင့် ပြည့်စုံတော်မူသော၊ သာရဂုဏောပေတံ = ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ = အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ = ရှိခိုးပါ၏၊ တေန = ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်၊ အတုလရူပဝါ = အတုမရှိသော အဆင်းနှင့် ပြည့်စုံသည့်အမှီ ဖြစ်ရပါလို၏။

(၃) ဉာဏ အစိန္တေယျ ဂါထာ

ဉာဏ ဉာဏ ဝိလာသဂ္ဂ ဉာဏစိန္တေယျ သံယုတ္တံ ဝန္ဒေ သာရ ဂုဏောပေတံ တေနမှာ တုလဉာဏဝါ။

အနက်မှာ. . . ဉာဏ ဉာဏ ဝိလာသဂ္ဂ ဉာဏစိန္တေယျ သံယုတ္တံ = ပြကတေ့သောဉာဏ်၊ မြတ်သောဉာဏ်၊ အလွန်တင့်တယ်သောဉာဏ်၊ မကြဲစည်နိုင်သောဉာဏ်နှင့် ပြည့်စုံတော်မူသော၊ သာရဂုဏောပေတံ = ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ = အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ = ရှိခိုးပါ၏၊ တေန = ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်၊ အတုလဉာဏဝါ = အတုမရှိသော ဉာဏ်နှင့် ပြည့်စုံသည့်အမှီ ဖြစ်ရပါလို၏။

(၄) ဣဒ္ဓိ အစိန္တေယျ ဂါထာ

ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ ဣဒ္ဓိစိန္တေယျ သံယုတ္တံ ဝန္ဒေ သာရ ဂုဏောပေတံ တေနမှာ တုလဣဒ္ဓိမာ။

အနက်မှာ. . . ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ ဣဒ္ဓိစိန္တေယျ သံယုတ္တံ = ပြကတေ့သောတန်ခိုး၊ မြတ်သောတန်ခိုး၊ အလွန်တင့်တယ်သောတန်ခိုး၊ မကြဲစည်နိုင်သောတန်ခိုးနှင့် ပြည့်စုံတော်မူသော၊ သာရဂုဏောပေတံ = ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ = အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ = ရှိခိုးပါ၏၊ တေန = ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်၊ အတုလဣဒ္ဓိမာ = အတုမရှိသော တန်ခိုးနှင့် ပြည့်စုံသည့်အမှီ ဖြစ်ရပါလို၏။

❒ အဝ္ဇမျိုး


**အိမ်ထောင်ရေးသောကဒုက္ခများ အမြန်ဆုံးကင်းရှင်းစေရအောင်**

- မိမိကိုပစ်ထားပြီး တခြားတစ်ယောက်နဲ့ သွားပေါင်းသင်းနေသူက သူ့အမှားတွေအတွက် နောင်တရပြီး မိမိထံကို စိတ်ရောလူပါ အမြန်ဆုံးပြန်ရောက်လာစေဖို့။
- အပျော်အပါး၊ အသောက်အစား၊ လောင်းကစား စတဲ့ အမူအကျင့်ဆိုးတွေ အမြန်ဆုံး ကင်းပြတ်သွားပြီး အလုပ်အကိုင် စီးပွားရေးကို စိတ်ဝင်စားသူ ပြန်ဖြစ်လာစေဖို့။
- လက်ရှိအိမ်ထောင်ရေး မပြိုကွဲ မပျက်ပြားရဘဲ ဆက်လက်သာယာပျော်ရွှင် ခိုင်မြဲဖို့။ (နည်းလမ်းကောင်းတွေ ရှိပါတယ်)။

ဆရာကြီးဦးအောင်မြင့်( ဉပဒေဘွဲ့ )

လက္ခဏာဗေဒင်ပညာသုတေသီ

ယုံကြည်အားကိုးစွာ လာခဲ့ပါ

အမှတ်-၇၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၇၆၇၀၄၊ ၀၉-၅၀၆၂၇၄၃၊ ၀၉-၅၁၇၇၆၂၂




www.burmeseclassic.com

www.burmeseclassic.com

# ဗြိတိန်နိုင်ငံ ကိန်းဘရေ့ချ်မြို့စား ရင်သွေး ဘာလေးလဲ

ဆရာကြီးဦးအောင်မြိုင်



လင်မယားစုံတွဲတို့ရဲ့ ပထမဆုံး မွေးမယ့်ကလေးဟာ ယောကျ်ားလေးလား၊ မိန်းကလေးလားဆိုတာ ကြိုတင်တွက်ချက်ကြည့်ရတဲ့ တွက်နည်းကလေးက အတော်စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဖခင်လောင်းနဲ့ မိခင်လောင်းတို့ရဲ့ လူခေါ်များ၊ လူသိများတဲ့ နာမည်စာလုံးရဲ့ ထိပ်ဆုံးအက္ခရာကို တနင်္ဂနွေမှ စနေအဆုံး နေ့နံတွေရဲ့ နံသင့်ဂဏန်းနဲ့ ဖလှယ်ပြီး ပေါင်းလဒ်ကို ကြည့် ဆုံးဖြတ်ရခြင်း ဖြစ်ပါတယ်။

ဥပမာ - ဦးစိုးခင်နဲ့ ဒေါ်ဝင်းရီတို့ရဲ့ ပထမဆုံးကလေး ဘာမွေးမလဲ ဆိုရင် စိုး=အင်္ဂါ=၃ ဂဏန်းနဲ့ ဝင်း=ဗုဒ္ဓဟူး=၄ ဂဏန်းတို့ကို ပေါင်းရပါမယ်။ ၃+၄=၇ ဂဏန်းရရှိတယ်။

ဂဏန်းပေါင်းလဒ် (၂၊ ၃၊ ၄၊ ၆၊ ၉၊ ၁၀၊ ၁၁၊ ၁၃၊ ၁၆) တစ်မျိုးမျိုးရရင် ယောကျ်ားလေးဖြစ်ပြီး. . .

ဂဏန်းပေါင်းလဒ် (၅၊ ၇၊ ၈၊ ၁၂၊ ၁၄၊ ၁၅) တစ်ခုခုရရင် မိန်းကလေး ဖြစ်တတ်ပါတယ်။

အောက်ပါ ဇယားလေးကို ကြည့်ပါ။

| အက္ခရာ | နေ့နံ | ဂဏန်း |
|---|---|---|
| အ၊ ဥ၊ ဧ၊ ဉ | တနင်္ဂနွေ | ၁ |
| က၊ ခ၊ ဂ၊ ဃ၊ င | တနင်္လာ | ၂ |
| စ၊ ဆ၊ ဇ၊ ဈ၊ ည | အင်္ဂါ | ၃ |
| ယ၊ ရ | ဗုဒ္ဓဟူး | ၄ |
| ပ၊ ဖ၊ ဗ၊ ဘ၊ မ | ကြာသပတေး | ၅ |
| သ၊ ဟ | သောကြာ | ၆ |
| တ၊ ထ၊ ဒ၊ ဓ၊ န | စနေ | ၇ |
| လ၊ ဝ | ရာဟု | ၈ |

ဗြိတိန်နိုင်ငံ အိမ်ရှေ့မင်းသား ချားလ်ရဲ့ သားတော်တစ်ပါးဖြစ်တဲ့ ကိန်းဘရေ့ချ်မြို့စား ဝီလျံမင်းသားနဲ့ ကြင်ရာတော် ကိတ်တို့ရဲ့ ပထမဆုံးရင်သွေးကို ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ မွေးဖွားဖို့မယ်လို့ ပြည်ပသတင်းတစ်ပုဒ်မှာ တွေ့ရှိရပါတယ်။ ဘာလေးမွေးမယ်ဆိုတာတော့ မသိကြသေးပါဘူးတဲ့။ တွက်ကြည့်ရအောင် . . .

ဝီလျံ = ရာဟု = ၈

ကိတ် = တနင်္လာ = ၂        ၈ + ၂ = ၁၀

ဇယားမှာပြန်ကြည့်ရင် ယောကျ်ားလေးမွေးမယ်လို့ အဖြေထွက်ပါတယ်။ ဒီတွက်နည်းမှာ ခြွင်းချက်အချို့ ရှိပါတယ်။

ခြွင်းချက်များ

(၁) အိမ်ထောင်ဦးစီး အမျိုးသားက စိတ်တို၊ စိတ်မြန်၊ ဒေါသကြီးသူ ဖြစ်ရင် ပထမကလေးဟာ (သားယောကျ်ားကလေး) ဖြစ်တတ်တယ်။

(၂) ခန္ဓာကိုယ်သေးကွေး၊ စိတ်အေးစိတ်ပျော့၊ အပြောချိုနူးညံ့သော ယောကျ်ားနဲ့ ထက်မြက်သွက်လက်၊ လွှမ်းမိုး၊ ဆရာလုပ်ချင် ပင်ကိုဗီဇရှိတဲ့ မိန်းမတို့ရဲ့ အိမ်ထောင်မှာ ပထမကလေးဟာ သမီးမိန်းကလေး ဖြစ်တတ်တယ်။ မွေးသမျှ သမီးများဖြစ်တတ်တယ်။

(၃) လင်မယားနှစ်ဦးစလုံး ထက်မြက်သွက်လက်၊ ကြံ့ခိုင်တောင့်တင်း၊ စိတ်တို စိတ်မြန်ဆိုရင် မွေးသမျှကလေး သားယောကျ်ားလေးများသာ ဖြစ်တတ်တယ်။

(၄) ဇနီးကသာ အရာရာလွှမ်းမိုးဦးဆောင်လွန်းပြီး လင်က အေးလွန်းတဲ့ အိမ်ထောင်၊ မယားကြောက်လင် ရှိတဲ့မိသားစုမှာ မွေးသမျှကလေးဟာ သမီးများသာ ဖြစ်တတ်တယ်။

(၅) အမျိုးသားရော၊ အမျိုးသမီးပါ ရုပ်ရည်ချောမောလှပသူများ၊ လူချစ်လူခင်ပေါများသူများ ဖြစ်ရင်လည်း ပထမဆုံးမွေးတဲ့ကလေးဟာ သမီးမိန်းကလေး ဖြစ်တတ်တယ်။

အထက်ပါ ခြွင်းချက်မျိုးတွေသာ မရှိခဲ့ရင် မင်းသား ဝီလျံနဲ့ ကိတ်တို့ရဲ့ ပထမဆုံးမွေးမယ့် ကလေးဟာ ယောကျ်ားလေးဖြစ်ပါလိမ့်မယ်။ ဇူလိုင်လမှာ မွေးဖွားမယ့် ဗြိတိန်နိုင်ငံရဲ့ နန်းညွှန့်နန်းလျာဟာ သားလား၊ သမီးလား စောင့်ကြည့်ကြရင်း ကိုယ့်ပတ်ဝန်းကျင်က ဇနီးမောင်နှံ စုံတွဲတွေကိုလည်း ပထမကလေး ဘာလေးမွေးမလဲလို့ တွက်ချက်သုတေသနပြုကြပါလို့ အကြံပြုလိုက်ပါတယ်။

❒ ဆရာကြီးဦးအောင်မြိုင်



www.burmeseclassic.com

www.burmeseclassic.com

## ခု နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ

# ဟောစာတမ်းနှင့်ယတြာ

**ဦးညွန့်လှိုင်(ကြို့ပင်ကောက်)**



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဋ္ဌာန နှစ်ပါးစလုံးတွင် ဘုန်းကံတောက်ပနေဆဲဖြစ်ရာ ဇာတာရှင်အနေဖြင့် သာမန်အခက်အခဲများသာ ရှိတတ်၏ဆိုသော် အိမ်နှင့် တကွ မိသားစု ဆွေမျိုးသင်္ဂဟတို့၏ ကျန်းမာရေးများ အတွက် သောကရှိနိုင်၏။ တနင်္လာနံနှင့် ငွေကြေး ကဏ္ဍတို့တွင် ကောင်း၏။ မင်္ဂလာ အလီလီရှိမည်။ လုပ်ငန်းဆောင်တာအချို့ အေးစက်စက်ရှိသည်မှ တစ်ပါး အန္တရာယ်မရှိပါ။ တနင်္လာနံ ဝင်ကိန်းရှိ၏။ သို့သော် လူလိမ်များ မိမိအား လှည့်စားတတ်၏။ ပြည်ပရေးရာကိစ္စများ အားနည်း၏။ ဝန်ထမ်းများ လုပ်ငန်းပုံမှန်ရှိမည်။ ကျောင်းသူ ကျောင်းသားများ ပညာရေးတွင် ထိရောက်မှုမရှိသေးပါ။

ယတြာ - လမ်းတံတားပြင်ခြင်းနှင့် ကုသိုလ်ကောင်းမှုများကို ပျိုးထောင်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ပူညံ ပူညံရှိမည်။

(ဂ) **ကျန်းမာရေး** - အရိုးနှင့်ပတ်သက်၍ ဥပဒ်ရှိပြီး အနာများပေါက်တတ်၏။

ယတြာ - ရေလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္လာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၂)ဂဏန်းနှင့် တနင်္လာနေ့ ကောင်းပြီး (၃)ဂဏန်းနှင့် အင်္ဂါနေ့သည် ညံ့၏။

***မှတ်ချက်။*** ပြုလုပ်ပြီးဒါနမှုကို ပြန်လည်အာရုံပွားပါ။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလဋ္ဌာနတွင် ကောင်းအားများသော်လည်း ပဝတ္တိဋ္ဌာနတွင် ဆိုးအားအသင့် အတင့်ရှိ၏။ ထို့ကြောင့် လုပ်ငန်းလည်ပတ်မှုတွင် အရှုံးပေါ်တတ်ပြီး အကြံအစည်များ နှောင့်နှေးလျက်ရှိရာ အခြေပစ္စည်းအချို့ကို ပေါင်နှံခြင်း၊ ထုခွဲခြင်းများ ပြုလုပ်ရတတ်၏။ ငွေပူသင့်တတ်၏။ အကြီးအကဲ ဆွေမျိုးများ၏ အကူအညီရတတ်၏။ ထိပေါက်တတ်၏။ အိမ်၊ အိမ်ခန်း၊ တိုက်ခန်းအတွက် သောကရှိ၏။ စနေနံ ဝင်မည်။ အကျိုးပေးမည်။ ခရီးအဝေး၊ အနီး သွားရာတွင် အထူးဂရုပြုပါ။ ဝန်ထမ်းများ ရာထူးတက် ပြောင်းကိန်းရှိ၏။ ကျောင်းသားများ အလည်မကြူးသင့်ပါ။

ယတြာ - အဆောက်အအုံ အလှူခံဋ္ဌာနတွင် လှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တာဝန်အရ အတူမနေရဘဲ တစ်နေရာစီ ခွဲနေရတတ်၏။

(ဂ) **ကျန်းမာရေး** - ဝမ်းဗိုက်နှင့်အစာအိမ်တွင် ဥပဒ်ရှိ၏။

ယတြာ - ရဟန်း၊ သံဃာ၊ သီလရှင်များအား ထီး၊ ဖိနပ် လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

***မှတ်ချက်။*** စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ နှစ်ဌာနစလုံးတွင် ဆိုးအား များနေ၏။ သို့ဖြစ်၍ အကြံအစည်များ ဆိတ်သုဉ်းနေ၏။ ကြံသမျှ အလိုမကျ ဖြစ်နေတတ်ပြီး ငွေကြေးကိစ္စ အရှုပ်အရှင်းများရှိရာ အမှုအခင်းဖြစ်တတ်၏။ စွပ်စွဲခံရတတ်၏။ သောကြာနံ ကိစ္စကြောင့် ပြဿနာမျိုးစုံ တွေ့ရတတ်၏။ မိမိစကား များယွင်းမှုကြောင့် ရှင်းလင်းရတတ်၏။ အစွပ်စွဲ ခံရတတ်၏။ လုပ်ငန်းတစ်ခု ရတတ်၏။ မမြဲပါ။ အိမ်မြေတို့အတွက် အမှုအခင်း ရှိ၏။ ဝန်ထမ်းများ အမှားတစ်ခုခုကြောင့် အရေးယူခံရတတ်၏။ ပညာသင်ဆဲ လူငယ်များ အပေါင်းအသင်း မှားတတ်၏။

ယတြာ - ဒီဗွီဒီ တရားခွေများ လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။


(ဂ) **ကျန်းမာရေး** - လေရောဂါ၊ လေဖြတ်ခြင်း၊ ရောင်ရမ်းခြင်း ဖြစ်တတ်၏။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့ ကောင်းပြီး (၆)ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

***မှတ်ချက်။*** ခန္တီတရား လက်ကိုင်ထားပါ။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိဌာန၏ ကောင်းအားကို မူလဌာန၏ ဆိုးအားက ဒုက္ခပေးလျက်ရှိရာ ဇာတာရှင်အဖို့ လုပ်ငန်းအကြံအစည်များတွင် ထင်သလောက် ခရီးမရောက်ဖြစ်တတ်လျက် မိမိ၏အညွှန့်များကို တစ်ပါးသူက ချိုးယူသွားခံရတတ်၏။ စိတ်လေလွင့်မှု၊ ယိမ်းယိုင်မှုများ ဖြစ်တတ်ရာ ကျန်းမာရေး ထိခိုက်သည်အထိ ဖြစ်တတ်၏။ သို့သော် တနင်္လာနံ သက်ရှိ သက်မဲ့များ၏ အထောက်အကူဖြင့် ဆက်လက်လျှောက်လှမ်းနိုင်လိမ့်မည်။ အမှတ်မထင် ငွေကြေးအကူအညီရတတ်၏။ တနင်္လာနံ ဝင်မည်၊ ဗုဒ္ဓဟူးနံ ထွက်မည်။ ဝန်ထမ်းများ စိတ်ဖိစီးမှုဒဏ် ခံရတတ်၏။ ကျောင်းသားများ ကျောင်းပြေးတတ်၏။

ယတြာ - တနင်္လာနံ ပစ္စည်းများ လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - စနေနံသားသမီးကြောင့် အိမ်တွင်းရေးတွင် ပြဿနာပေါ်တတ်၏။

(ဂ) **ကျန်းမာရေး** - သွေးအဆိပ်သင့်တတ်၏။

ယတြာ - ဆေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္လာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၂) ဂဏန်းနှင့် တနင်္လာနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

***မှတ်ချက်။*** ဆင်ခြင်တုံတရား လက်ကိုင်ထားပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားများကို ပဝတ္တိဌာနက ဆိုးကျိုးပေးလျက်ရှိရာ အခြေခံပစ္စည်းများ၊ ပိုင်ဆိုင်ပစ္စည်းများ ထုခွဲရောင်းချရတတ်၏။ အာမခံကြွေးများအတွက် စိုက်၍ပေးလျော်ရတတ်၏။ စိတ်ဆင်းရဲမှု အလီလီအလာလာ တွေ့မည်။ လုပ်ငန်းတွင် အပြိုင်အဆိုင်များမည်။ မိမိအား နာမည်ဖျက်ခံရတတ်၏။ စနေနံကို အားကိုးအားထားပြုရန်အကြောင်းရှိ၏။ ဆွေမျိုးမိဘ မင်းစိုးရာဇာများ၏ အကူအညီကို ရယူပါ။ ဝန်ထမ်းများ အကျပ်အတည်းတစ်ခုခုအတွက် သောကရှိတတ်၏။ လူကြီးမိဘ၏ အကြံဉာဏ် ရယူဖြေရှင်းပါ။ ကျောင်းသားများ စိတ်လေလွင့်တတ်၏။

ယတြာ - လူသွားလမ်း တံမြက်လှည်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ပူညံ ပူညံရှိမည်။

(ဂ) **ကျန်းမာရေး** - အကြော ကျောက်ကပ်တွင် ဥပဒ်ရှိ၏။

ယတြာ - တနင်္လာနံ သတ္တဝါကို အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

***မှတ်ချက်။*** မိမိ၏ သိက္ခာ သမာဓိကို တန်ဖိုးထားပါ။



www.burmeseclassic.com

www.burmeseclassic.com



## သောကြာသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိကောင်းအားကို မူလဌာန၏ ဆိုးကျိုးကြောင့် လုပ်ငန်းတွင် အတိုက်အခံပေါ်တတ်၏။ ဆွေမျိုးရင်းချာနှင့် မိတ်ဟောင်းဆွေဟောင်းများ၏ သောကရှိ၏။ အကြံတူ ရန်သူဖြစ်တတ်၏။ ကံကောင်းထောက်မသဖြင့် လုပ်ငန်းအကြံအစည်အချို့ မထင်မှတ်ဘဲ အသက်ပြန်ဝင်လာတတ်၏။ အကြံကောင်းတစ်ချက်ကြောင့် အကြံအစည်များဆက်လက်တည့်မတ်သွားလိမ့်မည်။ တနင်္လာနံ သင့်၏။ ဝန်ထမ်းများ အလုပ်ထွက်လိုစိတ် ပေါ်တတ်၏။ မှားမည်။ မထွက်သင့်ပါ။

ယတြာ - ဆောက်လုပ်ဆဲဖြစ်သော သာသနိကအဆောက်အအုံအတွက် အလှူငွေထည့်ဝင်ပါ။ သို့မဟုတ် ကာယဒါနတစ်စုံတစ်ခုပြုပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - ခြေ၊ လက်၊ အရိုးတွင် ဥပဒ်ရှိ၏။

ယတြာ - သင်္ကန်း၊ အဝတ်အထည် လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္လာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၂) ဂဏန်းနှင့် တနင်္လာနေ့ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

*မှတ်ချက်။* ဖွဲလုံ့လ ဝီရိယ အားတင်းပါ။



## စနေသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဘုန်းကံ တောက်နေ၏။ နာမည် ကျော်ကြားမည်။ အခြေအရံ များမည်။ မိတ်ကောင်းဆွေကောင်းများ ရရှိမည်။ ဩဇာ ရှိမည်။ လုပ်သမျှ အောင်မြင်မည်။ ထူးချွန်ထက်မြက်မည်။ အလုပ်လုပ်ငန်းတို့ တိုးချဲ့ရတတ်၏။ ငွေကြေးများ လုပ်ငန်းသစ်တွင် ရင်းနှီးမြှုပ်နှံရကိန်းရှိ၏။ စနေနံကြောင့် ကံကောင်းမည်။ ထီပေါက်တတ်၏။ ၇ အစ ၂ အဆုံး ထီထိုးပါ။ ဝန်ထမ်းများ ရာထူးတက်ခြင်း၊ နာမည်ကောင်းလက်မှတ်ရခြင်းများနှင့် ကြုံရမည်။ ကျောင်းသားများ ပျော်ရွှင်ကြည်လင်သောကာလဖြစ်မည်။

ယတြာ - ဘုရားကျောင်းဆောင် သန့်ရှင်းရေးလုပ်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - စိတ်နှစ်ခွဖြစ်တတ်၏။ အိမ်တွင်းရေး သစ္စာရှိဖို့လိုသည်။

(ဂ) **ကျန်းမာရေး** - အူ၊ အစာအိမ်တွင် ဥပဒ်ရှိ၏။

ယတြာ - လူသွားလမ်း အုတ်ခင်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့တို့ အကျိုးပြု၍ (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့တို့ ညံ့၏။

*မှတ်ချက်။* ဘဝ မမေ့အပ်၊ အောက်ခြေ မလွတ်သင့်။


**မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။**

**ဦးညွန့်လှိုင် (ကြို့ပင်ကောက်)**

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၅၀၀၉၃၃

နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

(ယတြာအတွက် သီးခြားပေးရန် မလိုပါ။)

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊*

*ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*

ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ် ရာသီခွင်နှင့် ဇူလိုင်လဟောကိန်းများ

ဆရာဦးခန့်ကျော်
(အဘိဓာန်ကျမ်းပြုပညာရှင်)



## CAPRICORN
## မကာရရာသီ

**(ဒီဇင်ဘာ - ၂၂ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)**
**(မြန်မာလို ပြာသိုလမွေး)**

ယခုကာလအတွင်း ပြည်ပနှင့်ဆက်သွယ်လုပ်ကိုင်ထားသော စီးပွားရေးလုပ်ငန်းမှ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်တတ်မည်။ ကြီးကြီးမားမား အပြောင်းအလဲများလည်းရှိမည်။ ကောင်းသောပြောင်းလဲခြင်းမျိုး ဖြစ်မည်။ ပြောဆိုထားသော အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ကိစ္စများ အဆင်ပြေလိမ့်မည်။ မထင်မှတ်ဘဲ အလှူအတန်းများ ပေးရလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးအတွက် မင်္ဂလာကိစ္စများ ဆောင်ရွက်ပေးရလိမ့်မည်။ မကာရရာသီဖွားများ ထီထိုးမည်ဆိုပါက (၂၊ ၀၊ ၈၊ ၄)ဂဏန်းများပါသော ထီကိုထိုးပါ။ ငယ်ရွယ်သူများ အချစ်ရေးစန်းပွင့်မည်။ ရောက်ရာအရပ်တွင် ချစ်သူရည်းစား ရလိမ့်မည်။ သို့သော် စနေသားသမီး (သို့) နာမည်တွင် စနေနံ (တ၊ ထ၊ ဒ၊ ဓ၊ န)ပါသူများအား သတိထား ဆက်ဆံပေါင်းသင်းသင့်သည်။ မလိုလားအပ်သော နောက်ဆက်တွဲဆိုးကျိုးများ ပေါ်လာတတ်မည်။ ကျန်းမာရေးမှာ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ပညာရေးတွင် မိမိ၏ရည်ရွယ်ချက်များ တစ်ကြိမ်တစ်ခါတည်းနှင့် အဆင်ပြေတတ်ခြင်းမရှိဘဲ အခက်အခဲလေးများနှင့် ကြုံရပြီးမှ အဆင်ပြေရတတ်မည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ လက်ရှိအရပ်ဒေသမှ အခြားအရပ်ဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းမျိုးများ ရှိမည်။



## AQUARIUS
## ကုံ့ရာသီ

**(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)**
**(မြန်မာလို တပို့တွဲလမွေး)**

စီးပွားရေးလုပ်ငန်းကို တစ်မျိုးတည်းလုပ်ကိုင်ခြင်းထက် နှစ်မျိုး၊ သုံးမျိုးပြိုင် လုပ်ကိုင်ခြင်းဖြင့် စီးပွားဝင်ငွေအထူးကောင်းလိမ့်မည်။ မိမိကဉာဏ်ရှိသလောက် လုပ်ငန်းများချဲ့ထွင်လုပ်ကိုင်ခြင်းဖြင့် ပိုမိုအောင်မြင်မည်။ သို့သော် ယခုကာလအတွင်း လောင်းကစားဆန်သော အလုပ်များမှလည်း ငွေကြေးများရရှိတတ်မည်ဖြစ်သော်လည်း ထိုပုံစံမျိုးဖြင့်ရရှိသော ငွေကြေးများသည် လက်ထဲတွင် ကြာကြာမခံဘဲ သူ့အလိုလိုပြန်ထွက်သွားတတ်မည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းဌာနမှ အခြားလုပ်ငန်းဌာနသို့ ပြောင်းလဲလုပ်ကိုင်လိုသောဆန္ဒများ ပြင်းပြနေလိမ့်မည်။ အထက်လူကြီးများ၏ အကူအညီပေးမှုကြောင့် အစစအရာရာ အဆင်ပြေလိမ့်မည်။ ကုံ့ရာသီဖွားများ ထီထိုးမည်ဆိုပါက(၁၊ ၅၊ ၄၊ ၉)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ သင့်အိမ်တွင် ဆရာတော်၊ သံဃာတော်ကြီးများအား သိက္ခာထပ်ခြင်း၊ အလှူကြီးအတန်းကြီး ပေးရတတ်ခြင်းများလည်း ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မူးခြင်း၊ မောခြင်း၊ ရုတ်တရက်မူးလဲခြင်းများ မကြာခဏ ဖြစ်တတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးဆိုင်ရာ ပြည်ပခရီးထွက်ရခြင်းများ ရှိမည်။ အချစ်ရေးတွင် ကံကောင်းမှုများရှိမည်။ ချစ်သူမရှိသေးသူများ ချစ်သူရမည်။ ချစ်သူရှိပြီးသူများ အချစ်ရေးကိစ္စများ အဆင်ပြေနေလိမ့်မည်။



## PISCES
## မိန်ရာသီ

**(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)**
**(မြန်မာလို တပေါင်းလမွေး)**

မိန်ရာသီဖွားများ အစားအသောက်အမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက ယခုကာလအတွင်း စီးပွားဝင်ငွေ အထူးကောင်းလိမ့်မည်။ သို့သော် လက်အောက်ငယ်သား(သို့)အလုပ်သမား ပြဿနာများ ပေါ်ပေါက်တတ်မည်။ လူအပြောင်းအလဲများ ဖြစ်တတ်ခြင်း၊ သင့်အိမ်တွင် လူအဝင်အထွက်များခြင်းများ ဖြစ်တတ်မည်။ သင့်အနေဖြင့် အရာရာအပေါ် မေတ္တာစိတ်၊ သည်းခံစိတ် မွေးခြင်းဖြင့် အနိုင်ယူလိုက်ပါ။ မိန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၅၊ ၀၊ ၃၊ ၇ ) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ ပြည်ပသွားရန် ကြိုးစားထားမှုများရှိပါက အကြောင်းတစ်ခုခုကြောင့် ပျက်သွားရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအလှူအတန်း ကုသိုလ်များ ပြုရခြင်းရှိမည်။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများ ငွေကြေးပြဿနာ ရှုပ်ထွေးမှုများဖြစ်တတ်မည်။ ယခုကာလအတွင်း မိမိ၏ အခက်အခဲများအား ကူညီဖြေရှင်းပေးမည့်သူ ပေါ်ပေါက်လာတတ်သည်။



www.burmeseclassic.com

အထူးသဖြင့် လိင်မတူသူများထံမှ အကူအညီပေးမှုများ ရရှိတတ်မည်။ ငယ်ရွယ်သူများအနေဖြင့် လူချစ်လူခင်ပေါများတတ်၍ သွားလေရာ မျက်နှာပွင့်လန်းနေမည်။ လက်ဆောင်ပစ္စည်း သို့မဟုတ် ငွေကြေးများ ဝင်ကိန်းရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဦးခေါင်းပိုင်းတွင် ပြင်းပြင်းထန်ထန် ခံစားရမှုများ ဖြစ်တတ်မည်။



## ARIES
## မိဿရာသီ

**(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)**
**(မြန်မာလို တန်ခူးလမွေး)**

ပဲအမျိုးမျိုးနှင့် မုန့်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်း၊ ရေနှင့်ရေထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ စီးပွားဝင်ငွေကောင်းနေမည်။ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍လည်း ပြည်တွင်း(သို့)ပြည်ပခရီးများ သွားရလိမ့်မည်။ ယခုကာလအတွင်း ပြောင်းရွှေ့ခြင်း၊ ခရီးသွားခြင်း၊ လုပ်ငန်းကိစ္စ အကောင်အထည်ဖော်ခြင်းကို တနင်္ဂနွေနေ့တွင် စတင်လုပ်ကိုင်ခြင်း မပြုသင့်ပါ။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက(၅၊ ၁၊ ၀၊ ၄)ဂဏန်းများပါသော ထီကိုထိုးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ ဖောက်ပြန်မှုကို သတိရှိပါ။ အရင်ကထက်ပို၍ သူ့အပေါ် ကြင်နာယုယမှုများ ပေးသင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် အေးချမ်းမှုရှိမည်။ ချစ်သူနှင့်အတူ အပျော်ခရီးများသွားရလိမ့်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးဘက်တွင် အားနည်းနေပြီး ပညာရေးထက် အပျော်အပါးကို ပို၍စိတ်ဝင်စားမှု များနေတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အာရုံကြော အားနည်းခြင်းများ ဖြစ်တတ်မည်။ ဤကာလအတွင်း မိဿရာသီဖွားများ အဆိုးများမှ အကာအကွယ် ဖြစ်စေပြီး ကံကုသိုလ်ကောင်းစေရန်အတွက် 'ပုလဲ'ကို ဝတ်ဆင်ခြင်း(သို့) ဆောင်ထားခြင်း ပြုသင့်သည်။



## TAURUS
## ပြိဿရာသီ

**(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ကဆုန်လမွေး)**

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆေးနှင့်ဆေးဝါးပစ္စည်းရောင်းချသူများ အနေဖြင့် မိမိမျှော်မှန်းထားသည်ထက် ပိုမိုသော အမြတ်အစွန်းများ ရရှိနိုင်မည်။ သို့သော် ကျောက်မျက်ရတနာနှင့် ရွှေထည်ပစ္စည်း အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများအတွက် ရောင်းမှားဝယ်မှားများဖြစ်တတ်ခြင်း၊ အထင်မှား အမြင်မှားများ ဖြစ်တတ်ပြီး ပြဿနာအမှုအခင်း ဖြစ်ရတတ်ခြင်းများ ရှိမည်။ ပြိဿရာသီဖွားများအနေဖြင့် ထီထိုးမည်ဆိုပါက (၆၊ ၄၊ ၀၊ ၉)ဂဏန်းများပါအောင် ထိုးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အသားများယားယံခြင်း၊ သွေးမသန့်ခြင်းများ ဖြစ်တတ်မှုနှင့် ခြေ၊ လက်တို့တွင် မတော်တဆ ထိခိုက်ဒဏ်ရာ၊ သွေးထွက်သံယို ဖြစ်တတ်ခြင်းများ ရှိမည်။ ယခုကာလအတွင်း သန္တာကျောက်ကို ဝတ်ဆင်(သို့)ဆောင်ထားခြင်းဖြင့် ကံကုသိုလ်ကောင်းမှုများကို ဖြစ်စေနိုင်သည်။ ငယ်ရွယ်သူများ အချစ်ရေးကံကောင်းမည်။ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ၊ မင်္ဂလာကိစ္စများ အထမြောက် အောင်မြင်လိမ့်မည်။ ပညာရေးလိုက်စားသူများ အစစအရာရာ အကူအညီပေးမည့်သူ ပေါ်ပေါက်လိမ့်မည်။ အလုပ်အကိုင် ရှာဖွေသူများ လတ်တလောအလုပ်တစ်ခု ရရှိတတ်မည်။ အိမ်ထောင်ရှင် ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် ခွဲခွာနေရတတ်မှုများမှ လွတ်ကင်းပြီး အတူတကွ ပြန်လည်နေရတတ်မည်။



## GEMINI
## မေထုန်ရာသီ

**(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နယုန်လမွေး)**

လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းမှလွဲ၍ ငွေကြေးမြောက်မြားစွာ ထည့်ဝင်လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းများကို ထပ်မံ၍ မလုပ်ကိုင်သင့်သေးပါ။ နိုင်ငံခြားနှင့် ဆက်သွယ်ထားသော လုပ်ငန်းကိစ္စများ အဆင်ပြေချောမွေ့မှုများ ရှိလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ပြင်ပစီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် စိတ်အားထက်သန်နေလိမ့်မည်။ သင့်ထံတွင် ငွေကြေး အကူအညီ တောင်းခံမည့်သူများ ပေါ်လာလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားကောင်း၊ သမီးကောင်း ထွန်းကားလိမ့်မည်။ ယခုကာလအတွင်း မင်္ဂလာသတင်းစကားများ ကြားရခြင်း၊ ငွေကုန်ကြေးကျ များရခြင်းများလည်း ရှိတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကံ မကောင်းသေးပါ။ အချစ်ရေးကို စိတ်မဝင်စားသင့်သောကာလ ဖြစ်သည်။ ချစ်သူရှိပြီးသူများလည်း အကြောင်းအမျိုးမျိုးကြောင့် စိတ်ဆင်းရဲရတတ်မည်။ မေထုန်ရာသီဖွားများ ထီထိုးခြင်း၊ ကံစမ်းခြင်းပြုမည်ဆိုပါက (၂၊ ၆၊ ၀၊ ၃)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ လည်ပင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊ နားပြည်ယိုခြင်း ဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်မည်။ ပညာရေးလိုက်စားသူများအနေဖြင့် ပညာရေးနှင့်ပတ်သက်ပြီး အစစအရာရာ အကူအညီပေးမည့်သူနှင့် တွေ့ရတတ်မည်။ မိမိဆန္ဒရှိသည်များ အကောင်အထည်ဖော်နိုင်ခွင့် ရရှိလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလုံ ဝါဆိုလမွေး)

ယခုကာလအတွင်း လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းမှ အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းလဲလုပ်ကိုင်သင့်သည်။ ပြည်ပနှင့်ဆက်သွယ်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများလည်း ပေါ်ပေါက်လာမည်။ မိတ်ကောင်း ဆွေကောင်းများ တိုးပွားမည်။ မည်သည့် အရေးကြီးလုပ်ငန်းကိစ္စအတွက်ကိုမဆို စနေသား ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ‌တိုင်ပင်လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေအကျိုးပေးမှုများ ခံစားရတတ်မည်။ ကရကဋ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၆၊ ၀၊ ၃) ဂဏန်းများပါသော ထီကို ထိုးပါ။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ အပြောင်းအရွှေ့ရှိမည်။ လာဘ်လာဘများ ဝင်မည်။ သို့သော် ကျန်းမာရေး အထူးဂရုစိုက်သင့်သည်။ အလုပ်ဒဏ်၊ ပင်ပန်းဒဏ်များ ခံစားရတတ်မည်။ အစာအဆိပ်ဖြစ်ခြင်း၊ သွေးအဆိပ်ဖြစ်တတ်ခြင်းများ ရှိမည်။ ပညာရေးနှင့်ပတ်သက်၍ မိမိမျှော်မှန်းသလောက် မဖြစ်တတ်ပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာများလည်း တွေ့ရတတ်သည်။ ငယ်ရွယ်သူများ၏ အချစ်ရေးတွင် အချစ်မရှိသေးသူများ ချစ်သူရတတ်မည်။ စေ့စပ်ရန်၊ လက်ထပ်ရန် ရည်ရွယ်ထားသူများလည်း တကယ်လက်တွေ့ အကောင်အထည်ဖော်နိုင်လိမ့်မည်။ ပြည်ပနေ ဆွေမျိုးများထံမှ သတင်းစကားများ ရရှိခြင်းနှင့် ပြည်ပသွားရန်အကြောင်းများ ပေါ်ပေါက်တတ်မည်။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခုကာလအတွင်း တစ်ဦးတစ်ယောက်ထံတွင် ရှယ်ယာထည့်ဝင်လုပ်ကိုင်ခြင်း၊ အများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းမျိုးကို ရှောင်ပါ။ မိမိတွင် ဆုံးရှုံးနစ်နာမှုများသာ ဖြစ်ရတတ်မည်။ မိမိကိုယ်တိုင် ဦးဆောင်လုပ်ကိုင်မည်ဆိုပါက မည်သည့်လုပ်ငန်းမျိုးကိုမဆို လုပ်ကိုင်နိုင်မည်။ အထူးသဖြင့် အအေးနှင့် ဖျော်ရည်မျိုးစုံ ရောင်းဝယ်ရေး လုပ်ငန်းမျိုးဖြင့် ပိုမိုအကျိုးဖြစ်ထွန်းမှုများ ရှိမည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၆၊ ၇၊ ၁၀၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၉၊ ၂၄၊ ၂၅၊ ၂၉ ) ရက်များသည် သင့်အတွက် ကံကောင်းစေနိုင်သောရက်များဖြစ်၍ အရေးကြီးကိစ္စများ ဆောင်ရွက်ခြင်း၊ ထီထိုးကံစမ်းခြင်းများအတွက် အထက်ပါရက်များနှင့် တိုက်ဆိုင်ပြီး ဆောင်ရွက်သင့်သည်။ ထီကို (၅၊ ၇၊ ၄၊ ၃)ဂဏန်းများဖြင့် ကံစမ်းနိုင်သည်။ ယခုကာလအတွင်း ကျောက်နီ (သို့) ပတ္တမြားလေးကို မိမိနှင့်အတူ ဆောင်ထားပေးခြင်းဖြင့် လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာ၌ ကံကောင်းခြင်းများကို ဖြစ်စေနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးတစ်ဦးကြောင့် စိတ်ချမ်းသာ၊ ပျော်ရွှင်ရမှုများ ရှိမည်။ ဒုလုပ်အကိုင် ရှာဖွေသူများ အခက်အခဲအချို့ ရှိနိုင်မည်။ ကျန်းမာရေးမှာ သွေးအားနည်း၊ လေအားနည်း၊ သွေးလေ မမှန်၊ အပူအအေး မမျှခြင်း၊ ကိုယ်, လက်ကိုက်ခဲခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ယခုကာလအတွင်း ကန်ရာသီဖွားများ အနေဖြင့် စီးပွားဝင်ငွေ အနည်းငယ် ညှံ့နေလိမ့်မည်။ စီးပွားရေးနှင့် ပတ်သက်၍ အပြိုင်အဆိုင်၊ အတိုက်အခံများလည်း များပြားနေတတ်မည်။ သို့သော် အတိတ်ဘဝ၏ ကုသိုလ်ကောင်းမှုများ အကျိုးပေးခြင်းကို ခံစားရဦးမည်ဖြစ်၍ ဝါသနာပါသည် ဖြစ်စေ၊ ဝါသနာ မပါသည်ဖြစ်စေ၊ ထီထိုးခြင်း၊ ကံစမ်းခြင်း များကို ပြုပေးသင့်သည်။ ထီထိုးမည်ဆိုပါက (၉၊ ၇၊ ၀၊ ၁) ဂဏန်းများ ပါပါစေ။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များ (၁၊ ၃၊ ၅၊ ၈၊ ၁၅၊ ၁၉၊ ၂၂၊ ၂၇) ရက်များသည် သင့်အတွက် ကံကုသိုလ်ကောင်းစေသောရက်များဖြစ်၍ အဆိုပါရက်များ နှင့်တိုက်ဆိုင်ပြီး ကိစ္စအဝဝတို့ကို လုပ်ကိုင်ပါ။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်မပြေမှုများဖြစ်တတ်မည်။ တစ်ပါးသူ၏ သံသယဖြစ်ခြင်း၊ အထင်အမြင်လွဲမှားခြင်းကိုလည်း ခံရတတ် သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေးအဆင်ပြေမည်။ တကွဲတပြားစီဖြစ်နေသော သားသမီးများနှင့် ပြန်လည် ဆုံ စည်းရုံးရုံး ပျော်ရွှင်ရမှုများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းရောင် အသားဝါခြင်း၊ နှလုံးအားနည်းခြင်း စသည့် ဝေဒနာများဖြစ် ပေါ်ခံစားရတတ်သည်။ အလုပ်အကိုင် ရှာဖွေသူများ မထင်မှတ်ဘဲ အလုပ်တစ်ခုရနိုင်မည်။ ငယ်ရွယ် သူများ မိမိချစ်သူနှင့်အတူ အပျော်ခရီးထွက်ရတတ်မည်။





www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

ယခုကာလအတွင်း ငွေကြေးကိစ္စနှင့် အခြားကြိုးစားထားသောကိစ္စများ အဆင်ပြေမည်။ မိမိ၏ အရေးကြီးကိစ္စများကို ကြာသပတေးသား အကြီးအကဲပုဂ္ဂိုလ်နှင့် တိုင်ပင်ပြောဆို အကြံဉာဏ်ယူ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေအောင်မြင်မှု ပိုမိုရရှိနိုင်မည်။ အရာရာကို မိမိကသာ ဦးဆောင်လုပ်ကိုင်ရခြင်းရှိမည်။ အများ၏ ရိုသေလေးစားမှုကို ခံရတတ်မည်။ လိင်တူ၊ လိင်ကွဲများ၏ စိတ်ဝင်စားမှုကို ခံရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ မိသားစု အလှူအတန်းကုသိုလ်များလည်း ပြုရတတ်မည်။ ရပ်ဝေးနေ ဆွေမျိုးများလည်း သင့်အိမ်သို့ အလည်အပတ် ရောက်လာလိမ့်မည်။ တူရာသီဖွားများ ထီထိုးမည်ဆိုပါက (၃၊ ၅၊ ၀၊ ၈) ဂဏန်းများပါပါစေ။ ကျန်းမာရေးနှင့်ပတ်သက်၍ အာရုံကြောအားနည်းခြင်း၊ ထုံနာကျဉ်နာဖြစ်ခြင်းတို့အတွက် အထူးသတိထားပါ။ ပညာသင် ကျောင်းသားဖြစ်ပါက ပညာရေးကံ အသင့်အတင့်ရှိမည်။ ငယ်ရွယ်သူများ အချစ်အတွက် စွန့်စားရမှုများရှိမည်။ ပြဿနာကြီးငယ် ပေါ်ပေါက်တတ်မည်။ ချစ်သူနှင့် အနေဝေးရမှုများလည်း ဖြစ်တတ်မည်။ ဝန်ထမ်းဖြစ်ပါက မထင်မှတ်ဘဲ ကံကောင်းတတ်မည်။ ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ ဝင်ငွေတိုးခြင်း၊ အိုးအိမ်ပိုင်ဆိုင်ရခြင်းများ ရှိမည်။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

ယခုကာလအတွင်း ဗုဒ္ဓဟူးသားသမီးများနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက် ဖြစ်ရတတ်ခြင်း၊ ငွေကြေးအကုန်အကျများရတတ်ခြင်းများရှိမည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေအသင့်အတင့် ရှိတတ်မည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းကို လိင်မတူသူများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မှုကို ရရှိနိုင်မည်။ ဗြိစ္ဆာရာသီဖွားများ ကံကုသိုလ်ကောင်းသော အချိန်အခါဖြစ်၍ အမွေအနှစ်များရရှိခြင်း ထီပေါက်ခြင်း၊ (သို့) ထီပေါက်သကဲ့သို့ ငွေကြေးအလုံးအရင်းနှင့် ဝင်တတ်ခြင်းများ ရှိမည်။ ကံကုသိုလ်များ ပိုမိုကောင်းပြီး အစစအရာရာ အဆင်ပြေအောင်မြင်မှုများ ရရှိရန်အတွက် ပယင်းကျောက်ကလေးကို ဝတ်ဆင်ခြင်း၊ ဆောင်ထားခြင်း ပြုသင့်သည်။ ထီထိုးမည်ဆိုပါက (၁၊ ၇၊ ၀၊ ၅) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်ပြေမည်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်မည်။ အချစ်မရှိသေးသူများလည်း ချစ်သူရည်းစားရတတ်မည်။ ကျန်းမာရေးမှာ အရိုးအဆစ်များနာကျင်ကိုက်ခဲခြင်း၊ ဦးခေါင်းပိုင်းတွင် ပြင်းပြင်းထန်ထန်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်ခြင်းများ ရှိတတ်မည်။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ဓနုရာသီဖွားများအနေဖြင့် လက်ရှိစီးပွားရေးလုပ်ငန်းသည် ဝင်ငွေလျော့နည်းသော်လည်း လုပ်ငန်းသစ်တစ်ခုကို အခက်အခဲများကြားမှ အကောင်အထည်ဖော် လုပ်ကိုင်နိုင်မည်။ ပြည်ပသွားရန်ကိစ္စများလည်း အားလုံး အဆင်ပြေနိုင်မည်။ ယခုကာလအတွင်း မြုပ်နေသော ငွေကြေးများ ပြန်လည်ပေါ်လာခြင်း၊ ရင်ဆိုင်နေရသော အမှုအခင်းများ အောင်မြင်ပြီးပြတ်သွားခြင်း ရှိမည်။ ကံကုသိုလ်ကောင်းနေချိန်ဖြစ်၍ မိဘကျေးဇူး ဆပ်နိုင်လိမ့်မည်။ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုပေးနိုင်သလောက် ကောင်းမည်။ ထီထိုးမည်ဆိုပါက (၇၊ ၁၊ ၈၊ ၀)ဂဏန်းများပါသော ထီကိုထိုးပါ။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၈၊ ၁၄၊ ၁၇၊ ၂၂၊ ၂၆၊ ၂၈)ရက်များသည် သင့်အတွက် ကံကုသိုလ်ကောင်းစေသော ရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စအဝဝတို့ကို လုပ်ကိုင်သင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် ဝေခွဲရခက်နေတတ်မည်။ မိမိထက်အသက်ကြီးသူ(သို့)အလွန်ငယ်သူ လူမျိုးကွဲ၊ ဘာသာကွဲ သူတို့၏ စိတ်ဝင်စားခြင်း၊ လက်ထပ်ခွင့်တောင်းခံခြင်းများ ရှိနေမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး သာယာမည်။ ကျန်းမာရေးမှာ ချောင်းဆိုးခြင်း၊ အအေးမိခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊(၉)ရပ်ကွက်၊
သခင်လမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
✆ ၀၉-၅၁၃၉၈၂၄၀၊ ၀၉-၄၂၁၀၇၅၇၆၆၅၊



www.burmeseclassic.com